
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

စိတ်ကူးချိုချိုစာအုပ်

# သာရ
# ဒါတာ

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ
နှစ်တွဲပေါင်း ဒုတိယအကြိမ်
(ပထမအကြိမ် - စာသဘင် ၊၁၉၇၈/ဖေဖော်ဝါရီ )

www.burmeseclassic.com

www.burmeseclassic.com

အတာ၁

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၇၀၀၅၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၅၁၀၅၁၂ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို htun win aung ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို၊ ၈၅၊ ၁၆၄ လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က နှစ်တွဲပေါင်း ဒုတိယအကြိမ်အဖြစ် စောင်ရေ ၅၀၀ နှိပ်နှိပ်ကာ ၂၀၀၆ ခု ဖေဖေါ်ဝါရီလတွင် တန် 2700 K ဖြင့် ဖြန့်ချိသည်။

# စိစဉ်သူ၏ အမှာစာ

ဤဝတ္ထုကို ဖတ်ရသူတိုင်း မျက်ရည်စို့ပြီး ရင်နင့်အောင် ခံစားခဲ့ကြရပါသည်။ ထို့ကြောင့် စာဖတ်သူအချို့က တကယ့်အဖြစ်အပျက်ကိုများ အခြေခံထားလေသလားဟု ထင်မှတ်ခဲ့ကြပါသည်။ တချို့ကလည်း တကယ့်လက်တွေ့ဘဝမှာ ဒီလောက် ပုံပြင်ဆန်သော အဖြစ်အပျက်မျိုး ရှိနိုင်ပါ့မလားဟု ထောက်ပြကြပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍

ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၄ ဒီဇင်ဘာနှင့် ၁၉၈၅ ဇန်နဝါရီ၊ နှစ်လဆက်တိုက် ဖော်ပြခဲ့သော ဆရာသာဓုနှင့် တွေ့ဆုံမေးခြင်း (အင်တာဗျူး) ကဏ္ဍတွင် တာဝန်ခံတင်ဆက်သူ ဆရာဝင်းငြိမ်းက

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်တို့ ငယ်ငယ်က ဖတ်ခဲ့ရဖူးတဲ့ အတာဝတ္ထုဟာ ဆရာ့ ဘဝအကြောင်းလို့ ပြောကြပါတယ်၊ ဟုတ်ပါသလား ဆရာ'

ဟု မေးမြန်းခဲ့ရာ ဆရာသာဓုက

'ဟုတ်ပါတယ်၊ အတာ ဝတ္ထုက ဆရာ့အကြောင်း ကိုးဆယ်ရာနှုန်းလောက် ပါတယ်၊ တစ်ခုတော့ရှိတယ်၊ အတာနဲ့ ပတ်သက်ပြီး ဝေဖန်ခံရတာရှိတယ်၊ အမေအရင်းက သားအရင်းပေါ်မှာ ဒါလောက်တောင်မှ စိတ်သဘောထား၊ စေတနာ မေတ္တာ မဲ့ရသလား၊ ဒါလောက်တောင် မေတ္တာမဲ့နိုင်ပါ့မလား၊ ဆိုးနိုင်ပါ့မလားလို့ ဝေဖန်ကြတယ်၊ ဆရာ့ကိုလည်း မေးကြတယ်၊ ဆရာက တစ်ခွန်းတည်းပဲ ပြောလိုက်တယ်၊ ဒီထက် ဆိုးတာတွေတောင် ရှိသေးတယ်၊ ရေးမကောင်းလို့၊ ရေးမဖြစ်လို့ မရေးတာလို့၊ တစ်ခုတော့ ရှိတယ်၊ အမေအရင်းက ကိုယ့်သားသမီးအပေါ်မှာ ဒါလောက်တောင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးလေလားဆိုတာက ဒီသားသမီးရဲ့ အကုသိုလ်က ဘယ်လောက်တောင်မှ ကြီးခဲ့ခန်းမှ သေတာ၊ ဝင့်ခံရတာပါလို့၊ သဘောကတော့ အဲဒါပါပဲ'
ဟု ဆိုခဲ့သည်။

ဆရာသာခုသည် ဤဝတ္ထုကိုရေးရာတွင် မိခင်အပေါ် နာကြည်းသည့် သဘောမျိုးမဟုတ်ဘဲ ဘဝအဆက်ဆက်က ပါလာခဲ့သော မိမိ၏ အကုသိုလ် အကျိုးဆက်ကို ခံစားရခြင်းသာဖြစ်ကြောင်း၊ ဝဋ်ကြွေးရှိလျှင် ဤဘဝမှာပင် ကျေပါစေတော့ ဟူ၍ ခွင့်လွှတ်စိတ်ဖြင့် ရေးခဲ့ခြင်းဖြစ်ကြောင်းကို ဖတ်ကြည့်လျှင် နားလည် သဘောပေါက်လာကြလိမ့်မည်ဟု ယူဆပါသည်။

ဤဝတ္ထုသည် ဆရာသာခု ရေးခဲ့သော လုံးချင်းဝတ္ထုများထဲတွင် လက်ရာအမြောက်ဆုံးဟု စာပေပညာရှင်များက သတ်မှတ်ခဲ့ကြသလို ဆရာသာခုကိုယ်တိုင်လည်း အနှစ်သက်ဆုံး ဖြစ်ခဲ့ပါသည်။

ဝတ္ထုတစ်ပုဒ်အနေဖြင့် ခွဲခွဲမက်မက် ဖတ်ကောင်းရုံမျှသာမက ကလေး လူငယ်များရော လူကြီး မိဘများအတွက်ပါ သင်ခန်းစာယူစရာ အကြောင်း အရာများစွာ ပါဝင်သော အကျိုးပြု စာအုပ်တစ်အုပ်ဖြစ်သဖြင့် ပြန်လည် ထုတ်ဝေတင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

(ဤစာအုပ်ကို ပထမတွဲ ဒုတိယတွဲအဖြစ် နှစ်အုပ်ခွဲ၍ ၁၉၅၅ ဒီဇင်ဘာတွင် ပထမအကြိမ်၊ ၁၉၇၀ ဩဂုတ်တွင် ဒုတိယအကြိမ် ထုတ်ဝေ ခဲ့ပါသည်။ ၁၉၇၈ ဖေဖော်ဝါရီတွင် စုပေါင်းပုံနှိပ်ခြင်း ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ ထို့ကြောင့် ယခု ထုတ်ဝေခြင်းမှာ စတုတ္ထအကြိမ် သို့မဟုတ် စုပေါင်းပုံနှိပ်ခြင်း ဒုတိယအကြိမ် ဖြစ်ပါသည်)

**စိဝဉ်သူ**

'ဒီမှာ ကိုတာကြီး'

အသက်အရွယ်ကိုစစ်သော်

ဆယ့်ခြောက်နှစ်ထက် ပိုပုံမရသေးသော လူငယ်တစ်ဦးသည်သို့လျှင် ခေါ်လိုက်သော အသံကြောင့် ဈေးထဲသို့လှမ်းလုလု ဖြစ်နေသည့် ခြေလှမ်းသည် ရုတ်တရက် တန့်သွားရာမှ ချာခနဲ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်၌ ဘုတ်တုတ်ဝဝနှင့် အပျိုဖော်ဝင်စ မိန်းကလေးတစ်ယောက်ကို ပြုံးစေ့စေ့အသွင် ဖြင့် မမျှော်လင့်ဘဲ မြင်လိုက်ရသောကြောင့် လူငယ်တွင် ရုတ်ခြည်း မျက်နှာပျက် သွားကာ တစ်စုံတစ်ရာ ပြောတော့မည်ပြုစဉ်

'ဘယ်သွားမလို့လဲ ကိုတာကြီး' ဟူ၍ပင် မချိုမချဉ်မျက်နှာထားဖြင့် မိန်းကလေးက ထပ်ဆင့် မေးလိုက်ပြန်သောကြောင့်

'ငါ ဟိုဘက်ဈေးမှာ မုန့်ဟင်းခါးသွားစားမလို့၊ ဒါနဲ့ နေစမ်းပါဦး၊ နင် ဘာပြုလို့ ငါ့နောက်လိုက်လာတာလဲ'

လူငယ်သည် တောင်မြောက်လေးပါးသို့ စိုးရိမ်တကြီး မျက်လုံးကစား ရင်းက မေးလိုက်သည်ကို

'ပြောစရာရှိလို့ပေါ့'

'ပြောစရာရှိရှိ ဘာဖြစ်ဖြစ်၊ နင် ဒီလိုလိုက်လာတာ မကောင်းဘူး၊ လမ်း ထဲက အသိတစ်ယောက်ယောက် မြင်သွားရင် နင့်ကို ဘယ်လိုထင်မလဲ၊ ငါ့အဖို့ မကောင်းဘူး'

လူငယ်သည် အရွယ်နှင့်မလိုက်အောင် တည်ငြိမ်သော မျက်နှာထားဖြင့် သို့ပြောလိုက်သည့်တိုင်အောင်

'အမယ် ကျုန်မက အကောင်းပြောမလို့ဟာ'

'နားမလည်ဘူး သွား၊ ငါ အခုပြန်လာမှာပဲ၊ လမ်းထဲရောက်မှ ပြော နင် နောက်ကို ဘယ်တော့မှ ဒီလို လိုက်မလာနဲ့၊ လူမြင်မတော်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဝိုဆိုပြောပြောပင် လူငယ်လည်း စကားကို ဤတွင်ဖြတ်၍ ခတ်သုတ်သုတ် လှည့်ထွက်သွားသောကြောင့် မိန်းကလေးတွင်အကြောင်းသားငေးကျန်ရစ်ခဲ့တော့၏၊

ထို့နောက် မိနစ်လေးဆယ်ခန့်အကြာတွင် အဆိုပါလူငယ်သည် သိမ်ကြီးဈေး ဈေးရုံဘက်မှ ခပ်မှန်မှန်လျှောက်လာသည်ကို တွေ့ရပြီး နာရီစင်အောက် အရောက်တွင် လက်ဝဲဘက်သို့ ချိုးကွေ့ကာ လမ်းကျယ်ကြီးတစ်ခုထဲသို့ လှည့်ဝင်သွား၏၊

လမ်းထဲသို့ ပြန်ဝင်လာသော ထိုလူငယ်၏ ယခု အမူအရာကိုကြည့်ရသည်မှာ ထွက်သွားစဉ်ကနှင့်မတူဘဲ တစ်စုံတစ်ယောက်ကို ရှာသည့်နှယ် ဝဲယာနှစ်ဘက်သို့ မျက်လုံးတလည်လည်ရှိနေသည်ကို တွေ့ရ၏။

သူတွေ့လိုသူကို မမြင်ရသောကြောင့်လော မသိ၊ ထိုလူငယ်လည်း နောက်ဆုံးအကြိမ်အနေဖြင့် ထိုထိုဤဤ ကြည့်လိုက်ပြီးမှ ကုလားလက်ဖက်ရည်ဆိုင်အားရှိ လှေကားပေါ်သို့ ခြေလှမ်းကြဲဖြင့် လှမ်းတက်သွားတော့၏။

ချက်ချင်းဆိုသလို ထိုကုလားလက်ဖက်ရည်ဆိုင်အပေါ်ထပ်ရှိ ဝရန်တာသို့ လူငယ်သည် စူးစမ်းရှာဖွေသော မျက်လုံးများဖြင့် ရောက်လာသည်ကို တွေ့ရပြန်၏။

ယခုအကြိမ်တွင်မူ လူငယ်၏ မျက်လုံးများသည် မျက်စောင်းထိုးရှိ တိုက်ခန်းတစ်ခုဆီတွင်သာ အာရုံစူးစိုက်နေသည်ကိုတွေ့ရပြီး သုံးလေးမိနစ်ခန့် အကြာတွင် ဘာကိုမြင်လိုက်ရသည်မသိ၊ သုတ်သုတ်ပျာပျာ လှည့်ဆင်းသွားပြန်လျက် တစ်စုံတစ်ယောက်အား စောင့်ကြည့်သလိုဖြင့် လှေကားရင်းတွင် ရပ်ရင်း လမ်းတစ်ဖက်သို့ စူးစိုက်နေ၏။

စောစောက သူ အာရုံစူးစိုက်နေခဲ့သော မျက်စောင်းထိုး တိုက်ခန်း၏ လှေကားဆီမှ မိန်းကလေးတစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရသည်နှင့် လူငယ်သည် ခပ်သွက်သွက်ကူးသွားကာ

'ကဲ အေးချို၊ နင် ငါ့ကို ဘာပြောချင်သလဲ၊ ခု ပြောနိုင်တယ်'

လှေကားရင်း၏ အပြင်ဘက်သို့ ခြေနှစ်လှမ်းလောက် လှမ်းမိနေပြီဖြစ်သော အဆိုပါမိန်းကလေးအား လူငယ်က မျက်နှာချင်းဆိုင်ရပ်ရင်း ဣန္ဒြေရရပင် ပြောလိုက်၏။

ခပ်စောစော ဈေးဝတွင်တွေ့စဉ်က မိန်းကလေး၏ အမူအရာ ရဲတင်းဖျတ်လတ်ခဲ့သလောက် ယခုမူ ရှက်အမ်းအမ်းဖြစ်နေ၏။

'ပြောလေ အေးချို၊ နင် ဘာပြောမလို့လဲ ငါ့ကို'

မိန်းကလေးသည် တစ်စုံတစ်ရာကို စိုးရိမ်ကြောင့်ကြသလိုဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်နေပြန်သဖြင့်



'ကိစ္စမရှိပါဘူး ဟဲ့၊ ဒီနေ့ သောကြာနေ့ပါ၊ ကုလားဆိုင်တွေ ပိတ်တာပဲ'

လူငယ်သည် ၎င်းတို့ရပ်နေရာ လှေကားတစ်ဖက်တစ်ချက်ရှိ ပိတ်ထားသော ကုလားကုန်တိုက် နှစ်တိုက်ကိုကြည့်ရင်း ပြောလိုက်မှ မိန်းကလေးလည်း ရဲရဲတင်းတင်း ပြောတော့မည်ကဲ့သို့ နှုတ်ခမ်းပြင်တဲ့ကာ

'တခြားအကြောင်းတော့ မဟုတ်ပါဘူး ကိုတာရဲ့၊ မမစိုးကလေ'

ဟူ၍ အေးချိုက စကားစလာသည့် မှန်သော်လည်း ရှေ့မဆက်သေးဘဲ ဤမျှနှင့်တန့်သွားပြီး တစ်စုံတစ်ခုကို စဉ်းစားသလို တွေနေပြန်၏။

အတာတွင်လည်း မမစိုး ဟူသော အမည်နာမကို ကြားလိုက်ရသည်နှင့် ထူးထူးခြားခြား မျက်နှာထားပြောင်းသွား၏။

သူတို့ရပ်ကွက်ထဲမှ ကာလသားများသာမက ရန်ကုန်မြို့၏အစွန်အဖျားဖြစ်သော ကမာရွတ် အင်းစိန် စသည်တို့မှ လူပျိုပရိသတ်သည်ပင် တကူးတထောက် လာရောက်ပိုးပန်းရလောက်အောင် ချောသော ခင်စိုးလှ။ ချော၍ လှပြီး လှသလောက် ကျက်သရေရှိသော ခင်စိုးလှ၏ မျက်နှာကလေးကို အတာသည် ချက်ချင်း မြင်ယောင်လာ၏။

'အင်း၊ ဘာပြောသလဲ၊ နင့် မမစိုးက'

သို့ အတာက မေးလိုက်မှပင် အေးချို၌ လှုပ်လှုပ်ရှားရှားဖြစ်လာကာ ပြောင်စီစီကလေး ပြုံးတဲ့ပြီးမှ

'မမစိုးက ပြောနေတယ်၊ ဒီလမ်းထဲက လူပျိုတွေဆိုရင် သူ့ကို အားလုံးစာပေးဖူးတာချည့်ပဲတဲ့၊ ကိုတာတစ်ယောက်သာ'

ဤလိုစကားမျိုးကြားရလိမ့်မည်ဟု အဘယ်သောအခါကမျှ မျှော်လင့်မထားခဲ့၍လော မသိ၊ အတာတွင် မျက်ဆံတပြူးနှင့် အေးချိုအား စူးစိုက်ကြည့်နေမိသည်မှအပ ဘာတစ်ခွန်းမှ မပြောနိုင်ရှိနေ၏။

'နို့ ကိုတာကကော မမစိုးကို ဘာလို့ စာမပေးတာလဲ ဟင်'

'ဒါ နင်နဲ့ ဘာဆိုင်သလဲ'

ဤတွင် အတာက ခပ်သွက်သွက် ပြန်မေးလိုက်၏။

'ကျွန်မနဲ့တော့ မဆိုင်ပါဘူး၊ မမစိုးက မေးခိုင်းလို့ပါ'

'ဘာ ခင်စိုးလှက မေးခိုင်းတယ်ဟုတ်လား၊ ဘာမေးခိုင်းတာလဲ'

'ကိုတာက သူ့ကို ဘာလို့ စာမပေးတာလဲတဲ့'

ယိုစကားကို ရုတ်တရက် မဖြေ၊ အတာသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီးမှ

'ငါ သူ့ကို ဘာဖြစ်လို့ စာပေးရမှာလဲ၊ သူ့ကို ငါမှ မကြိုက်တာ'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြပင် အေးချိုက ရေရွတ်ရင်း အတာအား မော်ကြည့်နေ၏။

'အေး၊ နင့်ကိုမေးရင် ငါဒီလိုပဲပြောတယ်လို့ ပြောလိုက်'

'ကိုတာ မမစိုးကို မချစ်ဘူး၊ ဟုတ်လား'

အတာက ခပ်တင်းတင်းပင် ခေါင်းခါပြလိုက်သောကြောင့်

'တကယ်ပဲ မချစ်ဘူးလား ဟင်၊ မမစိုး ဘယ်လောက်လှသလဲ'

'သူ လှတာနဲ့ ငါကချစ်ရမှာလား၊ ကဲ နင်ဘယ်သွားမလို့လဲ၊ သွားတော့'

စကားကို ဤတွင်ဖြတ်၍ အတာလည်း သူ့အိမ်ဘက်သို့ ကူးလာခဲ့၏။

အိမ်ပေါ်ရောက်၍ မိနစ်ပိုင်းလောက်မျှ မထိုင်ရသေးမီ လမ်းမဆီမှ လေချွန်သံတစ်ခု ပေါ်လာသည်နှင့် အတာလည်း ဝရန်တာသို့ အပြေးကလေး လှမ်းထွက်လာ၏။

'ဟေ့ အတာကြီး၊ လာလေကွာ မလိုက်ဘူးလား'

ရွယ်တူလူငယ်တစ်ဦးက အောက်မှနေ၍ လှမ်းခေါ်နေသည်ကို

'သွားနှင့်ကြတော့ကွာ၊ ငါလိုက်လာခဲ့မယ်'

ထိုအဖြေကို အောက်မှလူငယ်က ကျေနပ်ပုံမရဘဲ တစ်စုံတစ်ရာထပ်ပြောတော့မည်ရှိစဉ်မှာပင် အတာလည်း ချာခနဲ လှည့်ဝင်လာခဲ့တော့၏။

'ဘာလို့ စာပေးရမှာလဲ၊ ငါမှ သူ့ကို မကြိုက်တာ'

ဤလို ခပ်ပြတ်ပြတ်ပြောခဲ့သော အတာသည် ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ်ထိုင်ရင်း ထိုပြဿနာကိုပင် စဉ်းစားခန်းဝင်နေသည် ထင်ရ၏။

\+ \+ \+

လွန်ခဲ့သော တစ်နှစ်ကျော်ကျော်လောက်က ခင်စိုးလှနှင့် ပတ်သက်၍ ကြုံတွေ့ခဲ့ရဖူးသော အဖြစ်ကလေးတစ်ရပ်ကို အတာသည် အမှတ်တရ မြင်ယောင်လာ၏။

အတာသည် ဆယ်နှစ်သားအရွယ်လောက်ကပင်စ၍ ကွမ်းကို ကောင်းကောင်းကြီး စားတတ်နေခဲ့၏။ ဤသည်မှာ စင်စစ် အတာ၏ မိုက်တွင်းနက်မှုကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် ဆေးလိပ်သောက်တတ်နေခြင်း မဟုတ်၊ အဒေါ် အစ်မများက အတာကလေး လေးငါးခြောက်နှစ်သားအရွယ်ကပင် ဆေးလိပ်ညှိခိုင်းလေ့ရှိသောကြောင့် တစ်စတစ်စနှင့် သောက်တတ်သွားခြင်း ဖြစ်၏။

သို့တိုင်အောင် မိဘများကမူ အတာအား ကွမ်းစားခွင့်ကို လုံးဝ မျက်နှာသာမပေးဘဲ တင်းတင်းကျပ်ကျပ် တားမြစ်ထား၏။ အတာ့တွင်သော်ကား ဆေးလိပ်ကို သရေစာသဖွယ် အရသာခံတတ်နေပြီဖြစ်သည့်အတိုင်း မိဘကွယ်ရာ



တွင် မြိန်မြိန်ရှက်ရှက် စားလေ့ရှိခဲ့၏။

တစ်ခါက အတာသည် ကွမ်းဝယ်ရန် လမ်းထဲရှိ ကွမ်းယာဆိုင်သို့ လျှောက်သွားစဉ်

'ထွီ' ခနဲ တံတွေးထွေးလိုက်သော အသံကြောင့် အတာတွင် ရုတ်တရက် ခြေလှမ်းတန့်သွားကာ အသံလာရာဆီသို့ လှည့်ကြည့်လိုက်သည်၌ ခင်စိုးလှနှင့် ဘကွသော မိန်းမပျိုတစ်စုကို တွေ့ရ၏။ ၎င်းတို့ထိုင်နေကြသည်မှာ အတာ ကွမ်းဝယ်ရန်သွားသည့် ကွမ်းယာဆိုင်နှင့် ကပ်လျက်ရှိသော ပိုးထည်ဆိုင် တစ်ဆိုင်၏ မျက်နှာစာတွင်ဖြစ်သောကြောင့် အတာသည် အားလုံးသော မိန်းမပျိုလေးများ၏ အမူအရာကို ပြတ်ပြတ်သားသား အကဲခတ်မိ၏။ တခိုခိုနှင့် ပါးစပ်တွင် လက်ဝါးကိုယ်စီအုပ်၍ ရယ်နေကြသည့်အသံကိုလည်း ကြားရ၏။

'ငါလာတာမြင်လို့ ဟမင်ထွေးတဲ့ တံတွေးများလား'ဟု အတာသည် ခပ်သုတ်သုတ် တွေးလိုက်သေး၏။ ချက်ချင်းဆိုသလိုပင် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဟူသကဲ့သို့လည်း ဖြစ်နိုင်သည်ကို တွေးမိပြန်သည့်အတိုင်း သူ မူတည်လာရာ ကွမ်းယာဆိုင်သို့ပင် ဣန္ဒြေမပျက် လှမ်းထွက်သွားတော့၏။

ကွမ်းတစ်ရာဝယ်၍ ပြန်လာရာ၌ အတာသည် အဆိုပါ မိန်းမပျိုတစ်သိုက် ထိုင်နေကြသော ပိုးထည်တိုက်ရှေ့မှပင် ဖြတ်လျှောက်လာခဲ့၏။ ဤတွင်လည်း ဘစ်ဖန် 'ထွီ'ခနဲ ထွေးလိုက်သော တံတွေးသံကို ကြားလိုက်ရပြန်၏။

ဤအကြိမ်တွင်မူ အတာသည် အဟော်ကလေး ဒေါသဖြစ်သွားပုံရ၏။ မိန်းမပျိုတစ်စုထိုင်နေရာ ခုံတန်းရှည်လေးအနီးတွင်ပင် အတာသည် ခြေစုံရပ်လျက် တင်းမာသော မျက်နှာထားဖြင့် စိန်းစိန်းစားစား ကြည့်မိ၏။

အတာ၏ မာတင်းလှသော အမူအရာကို တွေ့ရသောကြောင့်လား မသိ၊ မိန်းမပျိုတစ်စုသည် ပထမအခေါက်ကကဲ့သို့ လှောင်ရယ် ရယ်သံများ ပေါ်မလာတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ယောင်ပေပေဖြစ်နေတော့၏။

ဤလို ထွီခနဲ ထွေးလိုက်သော တံတွေးသံသည် မည်သူ၏အသံဖြစ်ကြောင်း အတာသည် ကောင်းကောင်းကြီးသိ၏။ ပျက်ပြားနေသော မိန်းမပျိုတစ်စု၏ ဣန္ဒြေအရလည်း ထိုတံတွေးမှာ သူ့အားရည်ရွယ်၍ ထွေးလိုက်ခြင်းဖြစ်သည်ကို သူသဘောပေါက်၏။ သို့သော် အတာသည် ဘာတစ်ခွန်းမှ မပြောဘဲ 'ဒါ ဘာလုပ်တာလဲ' ဟူသော သဘောမျိုးဖြင့်သာ စောင်းကြည့်၍ ထွက်လာခဲ့၏။

အတာလည်း သို့လျှင် မဖွယ်မရာ ကြုံလိုက်ရသည့်အဖြစ်ကြောင့် ဆင်သွားသည့်စိတ်ဖြင့် မကျေမချမ်း လျှောက်လာခဲ့ပြီး ထိုမိန်းမပျိုတစ်သိုက်ထိုင်နေသည့် တိုက်ခန်းနှင့် သုံးတိုက်ခန့်အကွာ ဂိုဒေါင်တစ်ခုရှေ့တွင် စကားပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသော လုလင်ကာလသားတစ်စုနှင့် ရောချ်ထိုင်လိုက်၏။

'ဟော့ အတာကြီး၊ ဘာဖြစ်လာတာလဲကွ၊ မျက်နှာကြီး မှုန်ကုပ်ကုပ်နဲ့'

အတာ၏ အမူအရာကို သတိထားမိသူ လူငယ်တစ်ယောက်က သို့လျှင် ဆောက်ကာင်ကာ လှမ်းမေးလိုက်သဖြင့်

'ဟိုငတိမပေါ့ကွ၊ ငါ့ ကွမ်းသွားဝယ်တာ ငါ့ကိုစောင်းပြီး တံတွေးနဲ့ ထွေးတယ်'

ထိုစကားကြောင့် တဒေါင်ဒေါင်နှင့် မယ်ဒလင်ခေါက်နေသူရော သီချင်းဆိုနေသည့် လူငယ်များပါ အဆိုအတီးရပ်သွားပြီး အတာ့စကားတွင် အာရုံစိုက်လာကြ၏။

'ဘယ်သူလဲ၊ ခင်စိုးလှလား'

ပထမ စ၍ မေးသူကပင် ဆက်လက်မေးခွန်းထုတ်လိုက်သောကြောင့်

'အေးပေါ့ မောင်မောင်၊ သူ့အပြင် ဘယ်သူရှိဦးမှာလဲ၊ အားလုံးထဲမှာ ဒီငတိမ အကဲဆုံးပဲ၊ တောက်'

အတာသည် သို့ပြောရင်း တောက်တစ်ချက်ကိုပင် ခပ်ပြင်းပြင်းခေါက်လိုက်၏။

ဤတွင် မောင်မောင်မှအပသော အခြားလူငယ်များကမူ တစ်ယောက်ကို တစ်ယောက် လက်တို့၍လည်းကောင်း၊ အတာအား မသိမသာ မေးငေါ့သူက ငေါ့၍ မဲ့ပြသူက ပြကြ၏။

'အဲဒီတော့ သူ့ကို မင်း ဘုမှုတ်ခဲ့ရောလား' ဟု မောင်မောင်က မေးသဖြင့်

'ဘာမှမပြောခဲ့ဘူးကွ၊ ငါ့ကို စောင့်ပြီး ထွေးတာရယ်လို့ အတပ်စွပ်စွဲရမှာကလဲ'

အတာလည်း စကားကို ရှေ့မဆက်သေးဘဲ စဉ်းစားသလိုတွေနေပြီးမှ

'ဒါပေမဲ့ အသွားရောအပြန်ရော သူတို့ရှေ့ကို ငါရောက်မှချည်းထွေးတယ်ဆိုတော့၊ ဒါ ရှင်းနေတာပဲကွ'

မကျေနပ်နိုင်သလို အံတကြိတ်ကြိတ်နှင့် ပြောနေရာမှပင် အတာသည် ထိုင်ရာမှ ထရပ်တဲ့ပြီး၊

'တစ်ခေါက်ထပ်သွားဦးမယ်ကွာ၊ ဒီတစ်ခါထွေးရင်တော့ သေချာပြီ၊ ငါ့ကို စောင်းထွေးတာ ဖြစ်မှာပဲ'

ပြောပြောဆိုဆိုပင် ကွမ်းကို ဟန်မပျက်စားရင်း လှမ်းထွက်သွားသောကြောင့် လူငယ်တစ်စုတွင် အကြောင်သားငေးရင်း ကျန်ရစ်ခဲ့ကြ၏။ သို့လျှင် လူငယ်ကာလသားတစ်စုက ပွဲကြီးပွဲကောင်းတစ်ခုကို တွေ့ရတော့မည်ကဲ့သို့ ရင်တလှပ်လှပ်ဖြင့် အတာသွားရာသို့ ငေးကြည့်နေကြသကဲ့သို့ပင် မိန်းမပျို



တစ်သိုက်ကလည်း အတာလျှောက်လာသည်ကို မြင်ရသည်နှင့် တစ်ယောက်ကို တစ်ယောက် လက်တို့သူကတို့၍ အချို့ကလည်း ခင်စိုးလှအား မြှောက်ထိုးပင့်ကော်လုပ်ပေးသည့် လက္ခဏာမျိုးဖြင့် တီးတိုးပြောဆိုနေကြ၏။

သို့နှင့် အတာလျှောက်လာခဲ့၍ ထိုအပျိုတစ်သိုက်ရှေ့ရောက်သည်ဆိုလျှင်ပင် ထွီခနဲ ထွေးလိုက်သော တံတွေးသံသည် စောစောကအတိုင်း ပေါ်လာပြန်၏။

အတာကမူ တစ်စုံတစ်ရာ ဘာမျှမပြောသေး၊ တစ်ချက်မျှသာလှည့်ကြည့်ပြီး ကွမ်းယာဆိုင်သို့ လျှောက်သွားကာ ကွမ်းတစ်ရာထပ်ဝယ်၍ အိတ်ထဲထည့်ပြီး ပြန်ထွက်လာခဲ့၏။

'ထွီ'

ထိုတံတွေးသံသည် စောစောကထက်ပင် ကျယ်လောင် ပြတ်သားစွာ ပေါ်လာပြန်၏။

ဤတစ်ကြိမ်တွင်သော်ကား အတာသည် ထိုမိန်းမပျိုတစ်စုနှင့် ထိလုနီးပါးကပ်သွားပြီး လက်ထဲမှ ကွမ်းကို ခပ်ဆောင့်ဆောင့် ပေါက်၍ လွှင့်ပစ်လိုက်ပြီးမှ ခါးကို တင်းတင်းကလေး ထောက်တဲ့ကာ ခင်စိုးလှတစ်ဦးတည်းကိုသာ ခပ်စူးစူးစိုက်ကြည့်နေသဖြင့် ကျန် မိန်းမပျိုတစ်စုတွင် ရင်ကလေးတဒုဒုခုန်ကာ ကြုံလာမည့်အရေးကို အထိတ်တလန့် စိတ်စောနေမိကြ၏။

'နင် ဘာလူဝါးဝတာလဲ ခင်စိုးလှ ဟင်၊ နင့်ကို ငါ ဘာလုပ်လို့ ဒီလို တံတွေးနဲ့ စောင်းထွေးလား ဘာလား လုပ်ရတာလဲ'

အတာသည် ပြတ်သားပီသလှသော အသံဖြင့် မေးလိုက်၏။ ခင်စိုးလှထံမှမူ ရုတ်တရက် အဖြေထွက်မလာသေး။ စောစောက တံတွေးထွေးရဲခဲ့သလောက် ယခုမူ ကွဲအက်တုန်လှုပ်နှင့် ရပ်ပျက်ဆင်းပျက် ဖြစ်နေ၏။

'ဒါဟာ သိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အပြုအမူ မဟုတ်ဘူးသိလား'

'ရှင့်ကို ကျွန်မ ကျွန်မ ဘာ ဘာလုပ်လို့လဲ'

ယခုမူ ခင်စိုးလှတွင် မနေသာတော့သည့်အတိုင်း စကားလုံးများသည် သို့လျှင် အထစ်ထစ်အငေါ့ငေါ့ ထွက်လာ၏။

'ဟဲ့ ဘာဖြစ်ကြတာတုံး'

မိန်းမပျိုများထိုင်နေရာ ပိုးထည်တိုက်အတွင်းမှ အသက်ငါးဆယ်ခန့်အရွယ် အဒေါ်ကြီးတစ်ယောက်သည် ထိုမေးသံနှင့်အတူ ရုတ်တရက် ထွက်လာ၏။

ထိုအချိန်၌ လူပျိုတစ်သိုက်သည်လည်း ထိုအခင်းနှင့် မလှမ်းမကမ်းသို့ ရောက်လာကြလျက် မောင်မောင်နှင့် အခြားတစ်ယောက်သော လူငယ်သားငှင်

www.burmeseclassic.com

www.burmeseclassic.com



အတာ့အနီးသို့ထိအောင် ချဉ်းကပ်လာကြ၏။

'ကျွန်တော် ရှင်းပြပါ့မယ်၊ ကျွန်တော် လွန်တယ်ထင်ရင် ကျွန်တော့်ကို ရိုက်ပြီးဆုံးမပါ'

အတာက သို့လျှင် စကားပလ္လင်ခံနေသည်ကို

'ဟဲ့ ဒါတွေပြောနေဖို့တောင် မလိုဘူး အတာ၊ မင့်အကြောင်း တို့သိသားပဲဟာ၊ ကဲ ဆိုစမ်းပါဦး ဘာဖြစ်တာလဲ'

'ဒီလိုပါ ဒေါ်ဒေါ်မေ၊ ခုန ကျွန်တော့်ဟာ ကျွန်တော် ကွမ်းလာဝယ်တာကို ခင်စိုးလှက တံတွေးနဲ့ လှမ်းထွေးတယ်'

'ဟော ဟုတ်လား၊ မင်း ဘယ်နေရာပေသွားသလဲ'

ထိုမေးခွန်းကြောင့် ဝါးခနဲ ပွဲကျသွားတော့၏။ အတာတွင်လည်း ရှက်ပြုံးကြီး ဖြစ်သွားရာမှ

'ဒါက စကားအဖြစ်ပြောတာပါ ဒေါ်ဒေါ်မေ၊ ဆိုလိုတာက ကျွန်တော့်ကို စောင်းပြီး တံတွေးထွေးတာကို ပြောတာပါ'

'ဩ ဩ'

'အဲဒါ တစ်ခါမဟုတ်ဘူး ခင်ဗျ၊ အသွားရော အပြန်ရော နှစ်ခါစလုံး ဒီနားရောက်တိုင်း ကျွန်တော့်ကို စောင်းပြီး တံတွေးနဲ့ထွေးတယ်၊ ဒါပေမဲ့ ကြုံကြိုက်သွားလို့ ဖြစ်မှာပဲဆိုပြီး ကျွန်တော် ဘာမှ မပြောဘူး၊ နောက်တစ်ခေါက် ကွမ်းလာဝယ်တော့လဲ သူ အသွားရော အပြန်ပါ နှစ်ခါစလုံး ဒီလိုပဲ တံတွေးနဲ့ စောင်းထွေးလို့ ကျွန်တော် စိတ်ဆိုးပြီး ဘာလို့ ဒီလိုလုပ်ရသလဲမေးတော့'..

'အေး ခင်စိုးလှက ဘာပြောသလဲ'

'ကျွန်မ ဘာလုပ်လို့လဲတဲ့ ပြောင်လိမ်တယ်'

'နို့ သူက မင်းကိုထွေးတာမဟုတ်ဘူးလို့ ပြောသလား'

'ဒီလိုတော့ မပြောဘူး၊ တံတွေးထွေးတာတော့ သူ အမှန်ပဲ၊ ဒါပေမဲ့ တံတွေးအကြောင်း ထည့်မပြောဘူး၊ ဒီကတည်းက သူ မှုမမှန်လို့ဖြစ်မှာပဲ'

ဤတွင် ဒေါ်ဒေါ်မေက ခင်စိုးလှဘက်သို့ လှည့်ကြည့်လိုက်ရင်း

'ဟဲ့ အတာပြောတာ ဟုတ်သလား ခင်စိုးလှ၊ ဟင်'

'မ မဟုတ်ပါဘူး'

ခင်စိုးလှလည်း သို့လျှင် ရှက်အမ်းအမ်း အမူအရာဖြင့် ထစ်တငေါ့ငေါ့ ဖြေလိုက်စဉ်

'တံတွေးတော့ ထွေးမိတယ်ဆိုပါတော့၊ ဟုတ်လား'

'ဟင့်အင်း မထွေးပါဘူး၊ ကျွန်မ'...

'နင် အလကားမိန်းမပဲ၊ အမှန်ကို ဝန်ခံရဲတဲ့သတ္တိ မရှိဘူး'



အတာလည်း ခင်စိုးလှအား ဤသို့ ခပ်ဆတ်ဆတ်ပြောလိုက်ပြီးမှ ဒေါ်ဒေါ်မေဘက်သို့ လှည့်ကာ

'ဒီမှာ ဒေါ်ဒေါ်မေ၊ သူ့ကိုမေးလို့တော့ ဖွတ်ငြင်းနေမှာပဲ၊ ဒါပေမဲ့ ကျွန်တော် သိတယ်၊ သူထွေးတာ အမှန်ပဲ၊ ခု ဒီမှာ ထိုင်နေကြတဲ့ မိန်းကလေးတွေဟာ အားလုံးလိုလိုပဲ ကျွန်တော့်ကို ခင်မင်ကြတယ်၊ လေးစားကြတယ်၊ ခင်ခင်မင်မင် မရှိတောင် သူ့လိုတော့ မိုက်မိုက်ရိုင်းရိုင်းလုပ်မဲ့ မိန်းကလေး တစ်ယောက်မှ မပါဘူး၊ ခင်စိုးလှတစ်ယောက်သာ ကျွန်တော့်ကို မျက်မုန်းကျိုးနေတယ်၊ ဘာကြောင့်ဆိုတာတော့ ကျွန်တော်လဲ မသိဘူးခင်ဗျ'

အတာသည် ဒေါ်ဒေါ်မေအား မျက်နှာမူရင်း ပြောနေရာမှ ဤတွင် စကားကို ရုတ်တရက်ရပ်၍ ခင်စိုးလှဘက် တစ်ချက်လှည့်ကြည့်လိုက်သေး၏။ အတာ့နည်းတူပင် ဒေါ်ဒေါ်မေကပါ အကဲခတ်သလိုဖြင့် ခင်စိုးလှဘက်သို့ မျက်လုံးရောက်သွားသည့်တွင်

မျက်နှာမမော့ ခေါင်းလည်းမဖော်ဘဲ လက်သည်းချင်းကုတ်၍ မလှုပ်မရှက် ငြိမ်သက်နေသော ခင်စိုးလှ အမူအရာမှာ အတာ၏ စွပ်စွဲချက်ကို ရာလုံးပြည့် ဝန်ခံသကဲ့သို့ ရှိနေ၏။

'အေး၊ မင်းကို သူက မျက်မုန်းကျိုးနေတယ်ဆိုတာ အကြောင်းတော့ ရှိလိမ့်မယ်ထင်တယ်၊ မင်းကများ ခင်စိုးလှကို'...

ဒေါ်ဒေါ်မေ စကားမဆုံးမီပင်

'ပေးချင်တဲ့သစ္စာပေးပါ ဒေါ်ဒေါ်မေ၊ ဒီလမ်းထဲ ကျွန်တော်ရောက်တာ ရှစ်နှစ်ရှိပါပြီ၊ ကနေ့အထိ ခင်စိုးလှကို စကားလဲ မပြောဖူးပါဘူး၊ သူ့ကို နောက်ဖို့ပြောင်ဖို့ ဆိုတာလဲ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါဘူး၊ မယုံရင် မျက်နှာစုံညီ ခုပဲ မေးကြည့်ပါ'

'ကဲ ကဲ သွားတော့ အတာ၊ ဒေါ်ဒေါ်မေ ကြည့်ဆုံးမမယ်၊ ဒီကောင်မလေးတွေကလဲ တော်တော်ခက်တာပဲ' ဟု ဒေါ်ဒေါ်မေက ညည်းညည်းညူညူ ပြောလိုက်သဖြင့် အတာလည်း ဒေါ်ဒေါ်မေအား ခပ်ရို့ရို့ နှုတ်ဆက်ပြီး ထွက်လာခဲ့၏။

ဤကိစ္စ ဖြစ်ပျက်ခဲ့ပြီးနောက် သုံးရက်မြောက်သောနေ့တွင် ခင်စိုးလှတို့၏ အခိုင်းအစေတစ်ဦးဖြစ်သော အေးချိုမှတစ်ဆင့် အတာ့ထံသို့ စာတစ်စောင် ရောက်လာ၏။

**ကိုတာ**

ဟိုတစ်နေ့က ဒေါ်ဒေါ်မေတို့ဆိုင်ရှေ့မှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်လို့ မှန်တဲ့အတိုင်းပြောရရင် ကျွန်မ တော်တော်ပဲ ရှက်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုတာ စွပ်စွဲတဲ့အတိုင်း ဟိုနေ့က တံတွေးထွေးတယ်ဆိုတာ မှန်ပါတယ်၊ ကျွန်မပါပဲ။ ပြီးတော့ ကိုတာပြောသွားသလို ကျွန်မ ကိုတာ့ကို မျက်မုန်းကျိုးနေတယ်ဆိုတာလဲ ကျွန်မ မငြင်းပါဘူး။ ဒါပေမဲ့ အလကားသက်သက်မဲ့ မျက်မုန်းကျိုးတာ မဟုတ်ဘူးဆိုတာ သိစေချင်ပါတယ်။

တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့စကားလိုပေါ့၊ ကျွန်မ မျက်မုန်းကျိုးတာဟာ ကိုတာက ကျွန်မကို ကြည့်လို့မရဘူး၊ မျက်စိနောက်တယ်၊ ပုံတန်တန် နန့်တန့်တန့်နဲ့ မိန်းမ မပီသဘူး ဘာညာနဲ့ ကွယ်ရာမှာ ပြောတယ်မဟုတ်လား၊ ကိုတာပြောသမျှစကားတွေ ကျွန်မ အကုန်ကြားပါတယ်ရှင်။

အမှန်အတိုင်းထုတ်ပြောရရင် ကျွန်မအကြောင်းကို ကွယ်ရာမှာ ကိုတာက ဘာပဲပြောပြော ဘယ်လိုပဲပုတ်ခတ် ပုတ်ခတ် အဲဒီစကားတွေ ကိုဘဆွေက အကုန်လာလာပြောတာပဲ။

အဲဒီလို ကိုတာက ကျွန်မကို ပုံသလေး နန့်သလေး မျက်စိနောက်သလေးနဲ့ ပြောပြောနေတယ်ဆိုတော့ ကျွန်မကကော ကိုတာ့ကို မျက်မုန်းမကျိုးဘဲ နေမလား၊ ကိုတာပဲ စဉ်းစားကြည့်ပါဦး၊ ကဲ။

ကျွန်မရေးချင်တာကတော့ ဒါပါပဲ၊ ကျွန်မ ကိုတာ့ကို မျက်မုန်းကျိုးနေတယ်ဆိုတာ အဲဒီလိုအကြောင်းကြောင့်ပဲလို့ ကိုတာ သိစေချင်တာနဲ့ ဒီစာကို ရေးလိုက်တာပါပဲ။

ကိုတာက အဲသလိုပြောတယ်ဆိုတာကော ဟုတ်ပါသလား၊ ကျွန်မ သိချင်ပါတယ်၊ မဟုတ်ပါစေနဲ့လို့လဲ ကျွန်မ ဆုတောင်းပါတယ်။

ကျွန်မလဲ ကိုတာ့ကို မျက်မုန်းမကျိုးချင်ပါဘူး၊ ကျွန်မကိုလဲ ကိုတာက ပုံတန်တန် နန့်တန့်တန့်အစားထဲကလို့ မထင်စေချင်ဘူး၊ ပြောလဲ မပြောစေချင်ဘူး။

(ဒီစာကို ဘယ်သူ့မှ မပြပါနဲ့လို့ တောင်းပန်ပါတယ်။)

ခင်မင်စွာဖြင့်
ခင်စိုးလှ

ထိုစာကို အတာသည် နှစ်ကြိမ်တိုင်တိုင် ပြန်ဖတ်၏။ ပြီးလျှင် စာရွက်ကလေးကို အသာခေါက်၍ အိတ်ထဲ ထည့်လိုက်ပြီးမှ တွေတွေဝေဝေနှင့် တစ်စုံတစ်ရာကို စိတ်ရှည်လက်ရှည် စဉ်းစားနေပြန်၏။



မှန်သည်။ ခင်စိုးလှရေးလိုက်သည့်အတိုင်း အတာသည် ခင်စိုးလှအား မြင်ပြင်းကပ်ခဲ့၏။ ဤသည်မှာ အခြားကြောင့်မဟုတ်။ ရပ်ကွက်ထဲရှိ မိန်းမပျိုများအနက် ခင်စိုးလှနှင့် အခြားသော မိန်းကလေး တစ်ယောက် နှစ်ယောက်လောက်သာ ဂါဝန်ဝတ် သီလရှင်ကျောင်းတွင်နေကြပြီး ကျန်ဆယ်ယောက်သော မိန်းကလေးများမှာမူ မြို့မမိန်းကလေးကျောင်း စသည့်ကျောင်းများတွင် မှုနေကြ၏။ ဂါဝန်ဝတ်ကျောင်းတွင်နေကြသည့် မိန်းကလေးသုံးယောက်အနက်တွင်လည်း နှစ်ယောက်မှာ ဆယ်နှစ် ဆယ့်နှစ်နှစ်ရွယ် ကလေးများသာဖြစ်လျက် ခင်စိုးလှတစ်ဦးတည်းသာလျှင် ဆယ့်ခြောက်နှစ်ရွယ်ဖြစ်၏။

ကျောင်းကလည်း ဘိုကျောင်း၊ စကားလည်း ဘိုလိုသာပြောရသောကြောင့် တစ်ကြောင်း၊ ခေတ်ကလည်း ဘိုကို အထင်ကြီးနေကြသောကာလဖြစ်သည့် အားလျော်စွာ ခင်စိုးလှမှာလည်း ကျောင်းသူချင်းတည်းဟူသော ပတ်ဝန်းကျင်၏ ရောင်ပြန်ဟပ်မှု (ဝါ) တံငါနားနီးတံငါ ဟူသကဲ့သို့လည်းကောင်း၊ အသက်အရွယ်ကလည်း ငယ်သေးသူဖြစ်သည်နှင့်အမျှ မိန်းမသားလည်းဖြစ်သောကြောင့် ရုပ်နှင့် အထင်ကြီးခံလိုမှုတွင် ယစ်မူးနေသဖြင့်လည်းကောင်း၊ ချမ်းသာကြွယ်ဝသော မိဘနှစ်ပါး၏ တစ်ဦးတည်းသော သမီးကလေးဖြစ်သည့်အတိုင်း အလိုလိုက် အကြိုက်ဆောင်ခြင်းကို ခံယူနေရသဖြင့်လည်းကောင်း၊ ကျောင်းတက်သည့်အချိန်များတွင်သာမဟုတ် ကျောင်းမှ ပြန်လာသည့်အခါ၌လည်း ဘိုဝတ်စုံကို မချွတ်၊ ဂါဝန်ကလေးတကားကားဖြင့် ဥဒဟို လမ်းသလားနေတတ်၏။

ဤမျှလောက်ဖြင့်ဆိုလျှင် အတာသည် ခင်စိုးလှအား ဘာမျှ မြင်ပြင်းကတ်ရောမလို၊ အတာကလည်း မြင်ပြင်းကတ်လိမ့်မည် မဟုတ်ပေ။

ထိုစဉ်အချိန်က လက်ရှိခေတ်မှာကဲ့သို့ ဒူးပေါ် ပေါင်ပေါ် ရေကူးဝတ်စုံဝတ်၍ လူပရိသတ်အလယ်တွင် မယ်အရွေးခံဝံ့ရန် မဆိုထားဘိ၊ မိန်းမပျိုများအဖို့ သလုံးသားကလေး ပေါ်သွားမည်ကိုပင် အတော်ကြီးစိုးရိမ် ရှက်ကြောက်တတ်သော ခေတ်ဖြစ်၏။

ယင်းသို့သော ခေတ်မျိုးတွင် ဂါဝန်ကလေးတိုနန့်နန့်နှင့် သွားလာနေတတ်သော ခင်စိုးလှကိုကြည့်ရသည်မှာ ခေတ်အခြေအနေအရ မျက်စိနောက်စရာဖြစ်နေ၏။ ကျောင်းတက်ရာတွင် ဝတ်ဆင်ရန်အတွက် ကျောင်းက သတ်မှတ်ပေးသည်မှာ နက်ပြာရောင်ဂါဝန်တစ်မျိုးတည်းသာ ဖြစ်သော်လည်း ခင်စိုးလှမှာ ဂါဝန်ကို မျိုးစုံအောင် ချုပ်ထား၏။ ကျောင်းသွားစဉ် နက်ပြာ[illegible]၍ ကျောင်းပြန်ချိန်နှင့် အခြားသော ပိတ်ရက်များတွင်မူ မြန်မာပီပီဝတ်ဆင်ထားသော မိန်းမပျိုများထဲတွင် ခင်စိုးလှတစ်ဦးကသာ ဂါဝန်ရောင်စုံတညီလဲဖြင့် မျက်စိနောက်စရာ တကားကား ဖြစ်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်ိုးလှသည် ချိုင်းအိုးကိုပါအတိုင်းသားမြင်ရတတ်သော ဂါဝန်လက်ပြတ်တို့လည်း ဝတ်ဆင်တတ်သေး၏။ ထိုင်ရာတွင်လည်း ဘိုစတိုင် ဘိုမများကဲ့သို့ ခြေချိတ်၍ ထိုင်တတ်ပြန်သောကြောင့် ဝတ်ထားသည့် တိုနန့်နန့်ဂါဝန်နှင့် ဆိုသော် အဘယ်လိုကြည့်၍မျှ အမြင်မလျော် ဖြစ်နေပြန်၏။ ဤသည်ကို အတာ စက်ဆုတ်၏။

တစ်ဖန် ခင်စိုးလှသည် ဣန္ဒြေမရ ခြေတစ်ဖက်ဆတ်တောက်နှင့် ဘောက်ဆတ်ဆတ်ပြေးရင်း သွားတတ်၏။ လွှားခနဲ ကားခနဲ ခုန်ဆပါက်၍ တက်တတ်၏။ အတာ အမုန်းဆုံးသော အပြုအမူမှာ အခြေအနေ နိမ့်ပါးသူများကို အဖက်မတန်သလို ဆက်ဆံတတ်သော ခင်စိုးလှ၏ အမူအရာပင်ဖြစ်၏။

ထိုထိုသော အကြောင်းများကြောင့်ပင် အတာသည် ခင်စိုးလှအား ကြည့်မရနိုင် ဖြစ်နေခဲ့၏။ ကစားဖော် ယောက်ျားသူငယ်ချင်းများနှင့် စကားစပ်မိတိုင်းလည်း

'ဒီငတိမလေးတော့ ငါ့မျက်စိထဲမှာ နည်းနည်းမှ ကြည့်လို့မရဘူး'

'ကြည့်လို့သာမရတာ မင်း သူ့ကိုရရင်တော့ ယူမှာပဲမဟုတ်လား' ဟု တစ်ယောက်သော သူငယ်ချင်းက မေးလိုက်သည်ကို

'စိတ်ချပါ ဘဆွေ၊ ခင်စိုးလှကိုတော့ ငါ ပိုးလဲ မပိုးဘူး၊ ရအောင်လဲ မကြိုးစားဘူး၊ ငါနဲ့လဲ မတန်ပါဘူးကွာ၊ မင်းသာ မိနစ်ပိုင်းရှိသလောက် စိတ်ချလက်ချ ပိုးပါ၊ သူ့ကိုပိုးတဲ့အထဲမှာတော့ ငါမပါဘူးဆိုတာ စိတ်သာချ'

ခင်စိုးလှ၏ ပေးစာထဲ၌ ကွယ်ရာမှာ ကိုတာက ကျွန်မအကြောင်းတွေ ဘာပဲပြောပြော ဘဆွေက ကျွန်မဆီ သတင်းလာပေးတာပဲ၊ ဘဆွေဟူသော စာပိုဒ်တစ်ပိုဒ် ပါလာသည်ဖြစ်ရာ ဤမည်သော ဘဆွေသည်ပင် ခင်စိုးလှအား သဲသဲမဲမဲ ပိုးပန်းနေသူဖြစ်ဟန်ရှိလျက် သူသည်ပင် အတာပြောသမျှစကားများကို ခင်စိုးလှအား မျက်နှာလိုမျက်နှာရ ဖော်ကသည်ချနေဟန်တူ၏။

မည်သို့ပင်ဖြစ်စေ ခင်စိုးလှ၏စာကို ဖတ်ပြီးသည်၏အဆုံး၌မှ အတာသည် သူ့အမှားကို သူသတိရလာ၏။

အကယ်တိ ခင်စိုးလှသည် ထို့ထက်မက ကာယိန္ဒြေမဲ့ ဝတ်ဆင်နေသည်ဖြစ်စေ၊ ပျံချင်တိုင်းပျံ၍ နန့်ချင်တိုင်း နန့်နေစေကာမူ အတာသည် မြင်ပြင်းကတ်ကမကြည့်ဘဲနေရုံသာရှိသည်။ ဝစီကံမြောက် မှိုချိုးမျှစ်ဖွဲ့ ကဲ့ရဲ့စရာ ဘာမျှ အကြောင်းမရှိ။ ယင်းသည့်အချက်ကို အတာသည် ကွက်ခနဲ တွေးမိလာ၏။ ဤသည်မှာလည်း ခင်စိုးလှ၏စာရမှပင် ဖြစ်၏။

သို့နှင့် အတာသည် စာတစ်စောင်ကို ချက်ချင်းပင် ကောက်ရေးတော့၏၊



မခင်စိုးလှ

ပေးစာကိုရတဲ့အတွက် ကိုယ် အတော်ပဲစိတ်မကောင်းဖြစ်သွားမိတယ်။ မခင်စိုးလှ ရေးလိုက်တဲ့အတိုင်းပဲ ကိုယ်ပြောမိဆိုမိတာတွေကို ဝန်ခံပါတယ်။

မခင်စိုးလှကို ကြည့်လို့မရဘူး၊ မျက်စိနောက်တယ်လို့ ကိုယ်ပြောမိတာတွေဟာလဲ အမှန်ကတော့ မခင်စိုးလှရဲ့ အနေအထိုင်ရော ဝတ်ပုံစားပုံတွေပါ ဣန္ဒြေမရဘူးလို့ ထင်တဲ့အတွက် ပြောမိဆိုမိတာပဲ၊ အဲဒါ ကိုယ်မှားတယ်။

မခင်စိုးလှရေးလိုက်သလို တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုတဲ့စကားဟာ အင်မတန်မှ မှန်ကန်လေးနက်တဲ့စကားဆိုတာ ခု ကိုယ်သေသေချာချာ သိပါပြီ၊ ဟုတ်တယ်၊ မခင်စိုးလှရေးလိုက်သလိုပဲ ကိုယ်က မခင်စိုးလှကို ပုတ်ခတ်တဲ့စကားတွေ ပြောမိတာကို မခင်စိုးလှကြားရရင် ဘယ်ကျေနပ်လိမ့်မလဲ၊ အမှန် ဒေါသဖြစ်မှာပဲ၊ ဒါကြောင့် မခင်စိုးလှကလဲ ကိုယ့်ကို မျက်မုန်းကျိုးတာ ဖြစ်မှာပေါ့။

အဲဒါ ကိုယ်က မေတ္တာမဲ့လို့ မခင်စိုးလှကလဲ ကိုယ့်အပေါ် မေတ္တာမရှိတာ ဖြစ်မှာပဲ၊ ဟုတ်လိမ့်မယ်၊ ကိုယ်ငယ်ငယ်က ကိုယ်တို့အဘိုး ပြောပြဖူးတဲ့ မေတ္တာအကြောင်းကို မခင်စိုးလှရဲ့စာရမှပဲ ပြန်ပြီးသတိရမိသေးတယ်။

ဘယ်လိုလဲဆိုတော့ ရှေးတုန်းက တောကြီးမျက်မည်းထဲမှာ တရားအားထုတ်နေတဲ့ ဦးသီလဆိုတဲ့ ဘုန်းတော်ကြီးတစ်ပါးနဲ့ တပည့်ဘိုးသူတော်တို့ဟာ တစ်ညတော့ ချမ်းလွန်းအားကြီးတာနဲ့ မီးလှုံနေကြသတဲ့။ အဲဒီအခိုက်မှာ ကျားကြီးတစ်ကောင်ကလဲ မီးလာလှုံသတဲ့။ အဲဒီကျားကြီးဟာ မီးလှုံရင်းနဲ့ သူ့ပါးစပ်ကြီး ဖြဲဖြဲပြီးသမ်းတာကို ဘိုးသူတော်ကကြည့်ပြီး 'တယ် ဒီကောင်ကြီး အလကားသမ်းသမ်းနေတယ်၊ ပါးစပ်ထဲမီးစကြီးထိုးထည့်လိုက်ရ' လို့ စိတ်ထဲက ရေရွတ်လိုက်မိတာကို ကျားကြီးက ဘိုးသူတော်ကိုကြည့်ပြီး သွားတဖြဲဖြဲနဲ့ မာန်ဖီပြသတဲ့။

အဲသလို ကျားက မာန်ဖီတာဟာ ဘိုးသူတော်က အရင် စိတ်နဲ့ မတရားပြစ်မှားလို့ ဆိုတာကို ဘုန်းတော်ကြီးက သိသတဲ့၊ ဒါနဲ့ ချက်ချင်းပဲ 'ဟဲ့ သူတော်၊ စိတ်ကိုငြိမ်ငြိမ်ထားမှပေါ့' လို့ ဘုန်းတော်ကြီးက မိန့်တော်မူသတဲ့။

ခု ကိုယ်ရေးလိုက်တဲ့အတိုင်း စိတ်နဲ့ မေတ္တာမဲ့တာတောင် အဲသလို အကျိုးယုတ်ရင် ဝစီကံမြောက် ကိုယ်ပြောမိ ပုတ်ခတ်မိတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မခင်စိုးလှ စိတ်ဆိုးမယ်ဆို ဆိုးစရာပေါ့။

နောက်ဆုံးမှာ မခင်စိုးလှ ဘယ်လို ဝတ်စားလို့ ဘယ်လောက်ပဲ အနေအထိုင် မိန်းမ မပီသနဲ့ဦး၊ ကိုယ် ဒီလို မပုတ်ခတ်သင့်ဘူး၊ အမြင်မတော်ရင် မျက်နှာလွှဲနေရုံပဲရှိတယ်၊ အဲဒီတော့ ကိုယ့်အမှားကို ဝန်ခံပါတယ်၊ ပြောမိဆိုမိတာတွေလဲ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ၊ နောက်နောင်ကို ကိုယ်မပြောတော့ပါဘူး၊ ကတိပေးပါတယ်။

ခင်မင်စွာပါပဲ

အတာ

သို့လျှင် လွန်ခဲ့သော တစ်နှစ်ကျော်ကျော်လောက်က ခင်စိုးလှနှင့် ပတ်သက်၍ ကြုံတွေ့ခဲ့ရသော အဖြစ်သနစ်များကို အတိုချုပ် အကျဉ်းရုံး၍ အလေသုံးဆယ် တွေးလိုက်၏။ သို့ တွေးနေရာမှပင် စောစောက အေးချိုကလေး ပြောလိုက်သောစကားကို ယုတ္တိရှိ မရှိ သုံးသပ်နေမိပြန်၏။

အတာသည် အရပ်ထဲရှိ မိန်းမပျိုကလေးများအပေါ်၌ ဖြူစင်သောစိတ်ထားဖြင့် ခင်မင်သည်၊ သန့်သန့်ရှင်းရှင်း ဆက်ဆံသည်။

'ဒီကောင်လေးဟာ မိန်းကလေးတွေနဲ့ပတ်သက်ရင်တော့ အင်မတန်ရိုးသားတဲ့သူငယ်ပဲ' ဟူသော ရပ်မိရပ်ဘများ၏ ထောမနာချက်ကို လေးလေးနက်နက် တန်ဖိုးထား၍ ခံယူခဲ့သူဖြစ်၏။ ထိုဂုဏ်ကိုလည်း သူ အလွန်မြတ်နိုး၏။

ခင်စိုးလှ၏ မိဘ မောင်ဘွားများကပါ စကားစပ်မိတိုင်း အတာ့ဂုဏ်ပုဒ်ကို ထုတ်ဖော်ချီးကျူးခဲ့ကြရ၏။ ခင်စိုးလှအဖို့၌လည်း ထိုချီးကျူးသံကို နားငြီးမတတ် ကြားပြီးရင်း ကြားနေခဲ့ရ၏။ သို့သော် ဆိုခဲ့ပြီးသော အကြောင်းကြောင်းတို့ကြောင့် အတာ့အပေါ်၌ မျက်မုန်းကျိုးနေသော ခင်စိုးလှအဖို့၌ ထိုချီးမွမ်းသံကို အရသာခံ၍ ရချင်မှ ရပေလိမ့်မည်။ အတာ့အား သူ အမုန်းကြီးမုန်းနေခဲ့သည် မဟုတ်ပါလော။

နောက်ဆုံး အပြန်အလှန်ပေးစာအရ ခင်စိုးလှနှင့် အတာတို့ ကျေရာကျေကြောင်းနှင့် ကောင်းမြတ်သောဆက်ဆံရေးသို့ ရှေ့ရှုခဲ့ကြပြီမှန်သော်လည်း အတာသည် အများသော အရပ်ထဲမှကာလသားများနည်းတူ ခင်စိုးလှအပေါ်၌ ကြိုက်သောစိတ်မျိုး မမွေးခဲ့။ ချစ်ရေးဆိုရန်လည်း ယောင်၍မျှ ထည့်စဉ်းစားမိခြင်း မရှိ။

သို့လျှင် ချစ်ရေးငင်သော အမူအရာမျိုးဖြင့်သော်မှ ခင်စိုးလှအား မကြည့်ခဲ့ဘူးပါလျက်

'ကိုတာကကော မမစိုးကို ဘာ့ကြောင့် စာမပေးတာလဲတဲ့၊ မမစိုးက



မေးခိုင်းတယ်' ဟူသော စကားမျိုးကို ကြားလိုက်ရသည်၌ အတာတွင် အတော်ကလေး ဗျာများသွားတော့၏။ သို့ကလို ဗျာများသွားရသည်မှာလည်း စင်စစ် အေးချိုပြောစကားကို ကြားရခဲ့ပြီးသည့်နောက် အိမ်ပေါ်ရောက်၍ ကရွတ်ကင်းလျှောက် တွေးနေမိမှသာလျှင် ဦးနှောက်ခြောက်မတတ် အစဉ်းစားရကြပ်နေခြင်း ဖြစ်၏။

အမှန်အားဖြင့်ဆိုသော် ဤလိုစိတ်အိုက်၍ ဘာမျှ ခေါင်းငိုက်စိုက်နှင့် တွေးနေစရာမလို၊ သူ၏ ပင်ကိုသဘောကို အေးချိုအား ပြောခဲ့ပြီးပြီဖြစ်၏။

'ငါ ဘာပြုလို့ စာပေးရမလဲ၊ သူ့ကိုမှ မကြိုက်တာ'

အကယ်တိ အတာသည် ခင်စိုးလှအပေါ်၌ လူပျိုဘာဝ မရိုးသားသည့် စိတ်မျိုး အရိပ်အရောင်မျှ ရှိလျှင်ပင် ဤကဲ့သို့သော စကားဖြင့် ပြတ်ပြတ်သားသား ပြောလိမ့်မည်မဟုတ်။ သို့ပြောခဲ့သည့်အတိုင်းပင် အတာသည် ခင်စိုးလှအပေါ်၌ ရိုးသားခဲ့၏။ ရိုးသားသည်ဆိုရာတွင်ပင် သာမန် ရိုးသားပုံမျိုးမဟုတ်ဘဲ ခင်စိုးလှအား အခြားသော မိန်းမပျိုတစ်ယောက်နှင့် ယှဉ်၍ ကြိုက်ရာကို ရွေးခိုင်းအံ့။ အတာသည် လှသော ချောသော ခင်စိုးလှကို ပယ်၍ အရုပ်ဆိုးသော်ဆိုးစေ၊ အခြားသော မိန်းကလေးကိုသာ ရွေးမည်ဖြစ်၏။

ဆိုခဲ့ပြီးဖြစ်သော အကြောင်းကြောင်းတို့ကြောင့်ပင် အတာသည် ခင်စိုးလှအပေါ်၌ ချစ်ကြိုက်သောစိတ်မျိုး လုံးဝ မွေးမြူခဲ့ခြင်းမရှိသဖြင့် ရိုးသားသည်ဆိုသော စကားထက်ပင် အတာသည် ခင်စိုးလှအပေါ်၌ ပြတ်သား၏။ ထို့ကြောင့်ပင်

'သူ့ကို ငါ ချစ်မှ မချစ်ဘဲ၊ နင့် မမစိုးက မေးရင်လဲ ဒီလိုပဲ ပြောတယ်လို့ ပြောလိုက်' ဟု တိကျသောအဖြေကို ဝမ်းထဲရှိသည့်အတိုင်း ပေးခဲ့ပြီးဖြစ်ပါလျက် အတာသည် အဘယ်သို့သောအကြောင်းကြောင့် ခေါင်းရှုပ်ခံ၍ စဉ်းစားနေရပါဘိသနည်း။

ခင်စိုးလှသည် လမ်းထဲရှိ မိန်းမပျိုများအထဲတွင် အချောဆုံး အလှဆုံး ဖြစ်၏။ ထို့ကြောင့်ပင် ကာလသားထုက သူ့အား (ရပ်ကွက်၏အလှဘုရင်မ) ဟူသော ဂုဏ်ပုဒ်ဖြင့်ပင် ခေါ်ဝေါ်သမုတ်နေကြ၏။ ဤလို ချောသော လှသော ငွေကြေးလည်း ချမ်းသာသော မိန်းမပျိုတစ်ယောက်က အံ့ဩဖွယ်ဘနန်း ချစ်စကား ဟမ်းလှမ်းလာသည့် သတင်းမျိုးကို ကြားရသည်၌ အတာသည် အနည်းငယ် အမှား တုန်လှုပ်မိပေမည်သာ။

အထူးသဖြင့် အရပ်ထဲရှိ ကာလသားအပေါင်းတို့၏ ပေးစာကို ကြားခသာ ပူးနေပါလျက်နှင့် ခင်စိုးလှသည် မည်သူ့ကိုမျှ ချစ်တုံ့မပြန် ဟန်ဆောင် နေနိုင်ခဲ့ပြီး အတာနှင့်ကျကာမှ သူကပင် စတင်၍ ချစ်ရေးကို ငင်လာသည်မှာ

www.burmeseclassic.com



အတာ့အဖို့ စဉ်းစားစရာဖြစ်နေ၏။

ခဉ်းလည်း စဉ်းစား၏။ အတာသည် အတန်ကြာအောင် တွေးနေပြီးမှ ဘင်္ဂုံတစ်ရာကို အတိအကျ ဆုံးဖြတ်လိုက်သည့်ပမာ ကြည်ကြည်သာသာကြီး ပြုံးလိုက်၏။

'သူဟာ ငါလိုအကောင်နဲ့ မတန်ပါဘူးလေ'

နှုတ်ဖျားမှပင် အသံထွက်လာအောင် အတာသည် ပီပီသသကြီးရေရွတ်လိုက်ရင်း ထိုင်ရာမှထ၍ ဦးထုပ်ပျော့ကလေးဆွဲဆောင်းကာ အိမ်ပေါ်မှဆင်းသွားတော့၏။

+ + +

မဟာဗန္ဓုလပန်းခြံ အနောက်တောင်ဘက် အပေါက်မှ ခပ်သုတ်သုတ် လှမ်းဝင်လာသော အတာကို မြင်လိုက်ရသည်နှင့် ပန်းခြံအတွင်း၌ ကရစ်ကက်ရိုက်ကစားနေကြသော လူငယ်တစ်စုသည် ရုတ်တရက် အကစားရပ်ရင်း အတာဆီသို့ စုပြုံပြေးလာကြပြီး

'တို့ဖြင့် မင်းမပါလို့ ကစားရတာ စိတ်တောင်မရှိဘူး' ဟူ၍လည်းကောင်း

'အေးကွ၊ အတာ မပါတော့ ပျင်းကပ်ကပ်ကြီး၊ မင်းက ဘာလို့လိုက်မလာတာလဲ အတာကြီး၊ ဟင်' ဟူ၍လည်းကောင်း

'ကဲ လာကွာ၊ တို့ဘက်က ဝင်ကစား'

'ဟေ့ ဒီလိုဘာရမလဲ၊ အတာကြီးက တို့ဘက်က အမြဲကစားနေကျ၊ တို့ဘက်ကပဲ ကစားရမှာပေါ့' ဟူ၍လည်းကောင်း

တစ်ယောက်တစ်ပေါက်ပြောရင်း အတာအား ဝိုင်း၍ ဆွဲနေကြသောကြောင့် အတာတွင် ဘာပြောရမည်မသိဘဲ ပြုံးကာရယ်ကာနှင့်ပင် ဝိုင်းဆွဲနေကြသော သူငယ်ချင်းနှစ်စု အကြားတွင် ထိုဘက် ဤဘက် တစ်ပြန်စီ ယိမ်းနေတော့၏။

'မင်းတို့ တစ်ဖက် လေးယောက်စီ လူညီနေပြီပဲကွာ၊ ငါ အားကထိုင်ကြည့်ပါ့မယ်၊ မင်းတို့ဟာ မင်းတို့ပဲ'

'ဟာ မရဘူး၊ တို့ဘက်က ငါ ထွက်ပေးမယ်၊ မင်း ဝင်ကစား' ဟု မောင်မောင်က ပြောလိုက်သည်နှင့်

'ဒီလိုဆို တို့ဘက်ကလဲ ငါထွက်ပေးမှာပေါ့' ဟု လှမောင်ကလည်း အားကျမခံ ပြောလိုက်ပြန်သဖြင့် အတာတွင် ရုတ်တရက် မကြံတတ်အောင် ဖြစ်နေရပြန်၏။

'ဒါဖြင့် ဒီလိုလုပ်ကွာ၊ ငါဝင်ကစားတဲ့ဘက်က လေးယောက်ပဲထား



ဟိုဘက်ကို ငါးယောက်ပေးကစားရမယ်၊ သဘောတူမလား'

'တူတယ်၊ လာ တို့ဘက်ကို အတာကြီးလာ၊ ဟိုဘက်က ငါးယောက်ကစား'

ဤတွင်လည်း နှစ်ဖက်စလုံးကပင် အတာကိုသာ မရအရ ဆွဲနေကြပြန်သဖြင့်

'ကဲ ဒီလိုဆိုရင် မင်းတို့နှစ်ဖက် မျောက်ပန်းလှန်ကြကွာ၊ နိုင်တဲ့ဘက်က ငါပါမယ်'

ဤသည်မှာ အတာ၏ ဝါဒဖြစ်၏။ နှစ်ဖက်စလုံးက ကျေနပ်အောင် ဤလိုနည်းမျိုးသုံးခဲ့ရသည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် ဖြစ်၏။ ထို့ကြောင့်ပင်လျှင် အတာအား သူငယ်ချင်းများက ချစ်ခင်လေးစားကြ၏။

အတာပါသောဘက်မှ လေးယောက်နှင့် အခြားတစ်ဖက်မှ ငါးယောက်တို့ ယှဉ်ပြိုင်ကစားကြပြီး၍ ပွဲသိမ်းသောအခါ၌ အတာတို့ဘက်မှပင် ဗိုလ်သာသာ အနိုင်ရရှိခဲ့၏။ ဤသည်မှာလည်း အတာ၏ ကျွမ်းကျင်မှုကြောင့် ဖြစ်၏။

အတာမှာ အဘယ်သို့သော ပါရမီနှင့် မွေးဖွားလာခဲ့သည်မသိ။ အစစ အရာရာ၌ ရွယ်တူချင်းယှဉ်လိုက်လျှင် သူကသာ အရည်အချင်းသာနေတတ်၏။ ရုပ်ရည်ရူပကာ သဏ္ဌာန်ကို ဆိုသော်ကား ယောက်ျားဆိုင်ရာ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသည် ပြည့်စုံလေစွ။

နေမွန်းတည့်ချိန် ကစားပွဲသိမ်း၍ ပြန်ခဲ့ကြရင်း ရောက်တတ်ရာရာ ပြောဆိုလျှောက်လာကြရာမှ

'ဟေ့ အတာကြီး၊ မနက်က အေးချိုနဲ့ စကားပြောနေတာ ဘာကိစ္စလဲကွ၊ အချစ်ပြဿနာလား' ဟု မောင်မောင်က ကောက်ကာငင်ကာ မေးလိုက်သောကြောင့်

'ခဲယဉ်းသားပဲကွာ၊ ခင်စိုးလှနဲ့ ငါနဲ့ဆိုတာ ဘယ်လိုမှ မျက်နှာချင်းဆိုင်မရတာ မင်းတို့လဲ အသိသားနဲ့'

အတာသည် နံနက်က အေးချိုနှင့် လမ်းလယ်ကောင်တွင် စကားပြောခဲ့ကြစဉ်ကတည်းက တစ်ယောက်ယောက်သော သူငယ်ချင်း၏ အမေးကိုခံရသော် ဤသည်ဟု တွက်မိထားသည့်အတိုင်း မည်သို့ဖြေရမည်ကို ကြိုတင်ပြင်ဆင် ထားခဲ့၏။ ထို့ကြောင့်ပင် ယခု သူ သွက်သွက်လက်လက် အဖြေပေးနိုင်ခဲ့၏။

'အေး အဲသလို တစ်ယောက်နဲ့ တစ်ယောက် မကြည့်ချင်အောင် မုန်းနေတဲ့ အပျို လူပျိုဟာ တစ်နေ့ ချစ်မိရင် အသည်းစွဲ ဖြစ်သွားတတ်တယ်ကွာ'

'တော်စမ်းပါ မောင်မောင်ရာ၊ အေးချိုနဲ့ပြောတဲ့စကားက ဒီနေ့ ညနေ မဟုတ်လား၊ အဲဒါ ဒေါ်ဒေါ်အေးတို့ ည ဘုရားသွားကြမှာမို့ သုံးခေါ်အောင်

www.burmeseclassic.com



ခင်းကျွား ငါ့ကို ပန်းဝယ်ပေးဖို့ လာပြောတာပါ'

ဤတွင်မှ မောင်မောင်ရော အခြားလူငယ်များပါ အတာ့အပေါ် သံသယကင်းသွားကြ၏။ အတာသိမ့်လိုက်ပုံကလည်း အချက်ပိုင်လှတော့၏။ ရပ်ကွက်ထဲတွင် အတာသည် အသွက်လက် အချက်ချာဆုံးသော လူငယ်တစ်ယောက်ဖြစ်သည့်အတိုင်း တစ်စုံတစ်ရာကိစ္စရှိလျှင် အတာ့ကိုသာ ခေါ်လေ့ရှိကြ၏။

အဘယ်သို့သောပစ္စည်းမျိုး ဝယ်လိုသနည်း၊ အတာသည် အနည်းဆုံးဈေးဖြင့် အကောင်းဆုံးရအောင် ဝယ်ပေးနိုင်၏။ မည်သည့်အရပ်သို့ စိုင်းမည်နည်း၊ အိမ်နံပါတ်ပင် ပြောစရာမလို၊ လူအမည်နှင့် အလုပ်အကိုင် နေသည့်လမ်း ပြောရုံဖြင့် မရအရ ကိစ္စပြီးအောင် ဆောင်ရွက်တတ်၏။

ခင်စိုးလှနှင့် အတာတို့သည်သာ တစ်ယောက်နှင့်တစ်ယောက် သူဘု ငါဘောက် ဖြစ်နေကြသော်လည်း ခင်စိုးလှ၏မိခင် ဒေါ်ဒေါ်အေးအဖို့၌မူ အတာသည် လက်စွဲတော်ဖြစ်၏။

ဒေါ်ဒေါ်အေးသည် သို့လျှင် မီးဖိုဆောင်ပစ္စည်း ဝယ်ခြမ်းသည်ကအစ အတာ့အား ပထမဆုံး စုံစမ်းသေး၏။ အတာကလည်း မရ ရအောင်စုံစမ်း ဝယ်ယူပေးလေ့ရှိ၏။ ဤသည်ကို မောင်မောင် အစရှိသော သူငယ်ချင်းများက သိ၍လည်း အတာ၏ အကြောင်းပြချက်ကို ယုံကြည်သွားကြ၏။

'ပြောမှဲ့သာ ပြောတာပါကွာ၊ တကယ်လို့များ မင်းနဲ့ ခင်စိုးလှနဲ့သာ ခွဲသွားကြရင် ကိုယ်တို့တော့ ကျွမ်းပစ်ပြီးတော့ ဝမ်းသာမှာပဲ'

မောင်မောင်ကပင် စကားစ လာပြန်သဖြင့်

'အေး ရန်ကုန်မြစ်ကြီးသာ ခန်းပြီးခြောက်ရင် ခြောက်သွားမယ်၊ ခင်စိုးလှနဲ့ ငါ မျက်နှာကြောတည့်ဖို့ကတော့ အိုကွာ၊ ငါ ကုန်ကုန်ပြောမယ် မောင်မောင်၊ သူက စပြီး ချစ်ပါရစေလို့ပြောတောင် ငါက မချစ်ပါရစေနဲ့လို့ တောင်းပန်မှာပဲ၊ သူဟာ ငါလိုအကောင်နဲ့ မတန်ပါဘူး'

'သူကလဲ ချစ်ပါရစေလို့ ပြောမှာမဟုတ်ပါဘူးကွာ'

ရယ်ရယ်မောမောနှင့် ဘဆွေက သို့လျှင် ဝင်၍ ပြောလိုက်သဖြင့် အတာလည်း ဘဆွေအား ချာခနဲ လှည့်ကြည့်လိုက်၏။ အဘယ်သို့သော စိတ်ထားဖြင့် ဘဆွေ ပြောလိုက်သည်ကို အတာသိ၏။ သို့သော် အပြုံးမပျက်၊ ရွှင်ရွှင်ချိုချို မျက်နှာထားနှင့်ပင်

'ဟုတ်ပါတယ် ဘဆွေရာ၊ သူကလဲ ချစ်ပါရစေလို့ စပြောမှာ မဟုတ်ပါဘူး၊ ငါဟာ သူလို ဥစ္စာပေါ ရုပ်ချောနဲ့ တန်တဲ့အကောင်မှ မဟုတ်ဘဲ၊ ဒါလဲ ဒါဝန်ခံထားပြီးပါရောလားကွာ'

အကယ်၍ ဤနေရာ၌ အတာ မဟုတ်ဘဲ အခြားတစ်ယောက်ယောက်



သာ ဖြစ်ပါက ခင်စိုးလှ၏ စကို ထုတ်ပြကာ အရသာကို မြိန်မြိန်ရှက်ရှက် ခံရင်း မျက်နှာထား တင်းတင်းနှင့် အနိုင်ယူမိမည်မှာ သေချာသလောက် ဖြစ်၏။

ယင်းသို့သောအပြုအမူ စိတ်နေသဘောထားမျိုး မရှိသောကြောင့်ပင် အတာ သည် ထူးခြားနေ၏။ အရွယ်နှင့်မလိုက်အောင် လူကြီးဆန်သောကြောင့် တစ်နည်းအားဖြင့် အချို့သော လူကြီးများထက်ပင် သိုသိုသိပ်သိပ်နှင့် စိတ်ကို ထိန်းနိုင်သောကြောင့် အတာသည် ပို၍ ထူးခြားသော သတ္တဝါကလေးလို ဖြစ်နေတော့၏။

\+ \+ \+

အတာသည် အဘယ်သို့သောအကြောင်းကြောင့် ခင်စိုးလှနှင့် ပတ်သက်သည့် အကြောင်းခြင်းရာ ပြဿနာပေါ်လာတိုင်း 'ငါလိုကောင်နဲ့ မတန်ပါဘူး' ဟူသော စကားမျိုးကို ပြောလေ့ရှိနေသနည်း။

အကြောင်းသည် ရှိ၏။

အတာမှာ အနောက်နိုင်ငံသားပိုင် ကုန်တိုက်တစ်တိုက်မှ သာမန်စာရေး တစ်ယောက်၏ သားဖြစ်လျက် သူ့အားမွေးဖွားခဲ့သည်မှ သုံးနှစ်သားလောက် အရွယ်အထိ သူ့အား တိုက်ကျွေးခဲ့ရသော ဆေးများကိုသာ စုပေါင်းချိန်တွယ် ထားခဲ့မည်ဆိုလျှင် သူ့ကိုယ်အလေးချိန်ထက်ပင် အတော်များများ ပိုနေဖွယ်ရာ အကြောင်းရှိ၏။

သို့လျှင် စိတ်ပျက်စရာကောင်းလောက်အောင် ရောဂါအမယ်မယ် ကပ်ရောက်၍ အနာမျိုးစုံ ပေါက်ခဲ့သည်နှင့်အမျှ မိဘများမှာလည်း ရသမျှ ငွေကြေးကို အတာ့အတွက် ဆေးဖိုးတွင်သာ အများဆုံးသုံးနေကြရသဖြင့် ဝင်ငွေ မလုံလောက်သော အိမ်ထောင်သည်တို့၏ သဘာဝအတိုင်းပင် ကြာသော် အတာ ကလေးအပေါ်၌ပင် သူ့မိဘများ ငြိုငြင်စ ပြုလာတော့၏။

အတာသည် ထူးခြားသော သတ္တဝါကလေးတစ်ယောက်ဖြစ်လာရန် အကြောင်းရှိခဲ့၍ပင် ထင်၏။ လူမှန်း မသိတသိအရွယ် သုံးလေးနှစ်သားလောက်က သူ့အတွက် ဆေးဖိုးဖြင့် လုံးလည်လိုက်ခဲ့ရသော သူ့မိခင်၏ ညည်းညူသံကို ယနေ့တိုင် မှတ်မိနေ၏။

'ဒီမသာလေးကလဲ သေ မသေနိုင်ဘူး' ဟူသော သူ့မိခင်၏ [illegible] နိုင်တော့သလို ရေရွတ်သံကို အကြောင်းဆိုက်တိုင်း အတာသည် [illegible] သာ၏။ တစ်ခါတစ်ရံ စေ့စေ့တွေးမိတိုင်းလည်း လိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အနွဲ့သားနှင့် ဝမ်းနည်းနေတတ်သေး၏။

သို့ မျက်ရည်လည်ရွဲနှင့် ဝမ်းနည်းမိသည်မှာ စင်စစ် သူ့မိခင်သည် သူ့အား 'ရက်စက်လေခြင်း' ဟူသော မကျေမချမ်းစိတ်ဖြင့် ဝမ်းနည်းခြင်းမျိုး မဟုတ်ဘဲ သူ့မိခင်သည် သူ့အား (ချစ်မှ ချစ်ပါလေစ) ဟူ၍ စိတ်ထိခိုက်သော ကြောင့်သာ ကျရသော မျက်ရည်မျိုးဖြစ်၏။

လေးနှစ်ကကျော်သည်နှင့် အတာသည် အကော်ကလေး အသားအရည် စိုပြေလာ၏။ ရောဂါဘယလည်း ဝေးလာ၏။ ဆေးဖိုးနှင့် ဆရာခြေကြွအတွက် ထွက်ငွေကလေး သက်သာခဲ့၍မျှ သုံးလမရှိတရှိအချိန်တွင် အတာ့ ဖခင်မှာ လေဖြတ်သောရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားတော့၏။

အသက်အားဖြင့် အစိတ်နှင့် သုံးဆယ်၏ အလယ်ပတ်ဝန်းကျင်တွင်သာ ရှိသေးသော အတာ၏ မိခင်မှာ သို့လျှင် ငယ်ငယ်ရွယ်ရွယ် မုဆိုးမဘဝသို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရသည်၌ ရှေ့ရေးကို အဘယ်ပုံစ၍ အဘယ်နည်းဖြင့် စခန်းသွားရမည်ကို ရုတ်တရက် စဉ်းစား၍မမြင်။ ချစ်လင်တစ်ယောက်လုံး ဆုံးပါးသွား၍ စိတ်ထိခိုက်သည်တစ်ဒုက္ခ၊ အတာနှင့် အမာ တည်းဟူသော ကလေးနှစ်ယောက် အရေးကလည်း ပြဿနာတစ်ရပ်လို ဖြစ်နေသည်တွင် အဘယ်မည်သော ဆုံးဖြတ်ချက်ဖြင့် ဟူ၍မသိ အသုဘကိစ္စပြီးသည်နှင့် အတာ ရော အမာကိုပါ ဘွားအေကြီးရှိရာ မော်လမြိုင်သို့ ပို့ထားလိုက်၏။

ယင်းသည့်နောက်ပိုင်းတွင် အတာ့မိခင်သည် ရန်ကုန်၌ အဘယ်ပုံစခန်း သွားနေသည်ကို မသိ၊ မိခင်ကိုလွမ်း၍ ကြည့်ချင်မြင်ချင်ပါသော်လည်း အတာတို့ မောင်နှမနှစ်ယောက် မာတာမိခင်ကို အရိပ်သော်ပင် မမြင်ရဘဲ ဘွားအေ အဒေါ်နှင့် ဦးလေးများအလယ်တွင် ရယ်တစ်ခါ မဲ့တစ်ကြိမ် မပျော်တပျော်နှင့်ပင် အချိန် ကုန်ခဲ့ကြရရှာ၏။

မော်လမြိုင်မှ ရန်ကုန်သို့ ကုန်ဝယ်နှင့် အလည်အပတ်သွားကြသော အိမ်နီးချင်းများ ပြန်ရောက်လာတိုင်း အတာနှင့် အမာသည် သူ့မိခင်အကြောင်းကို စုံစမ်း မေးမြန်းလေ့ရှိ၏။

'အေး မင်းတို့အမေကိုတွေ့ခဲ့တယ်လေ၊ ကုလားကြီးတစ်ယောက်နဲ့ သိမ်ကြီး ဈေးမှာ ဆိုင်ထွက်နေတယ်၊ ဘကြီးတို့ကမေးကြည့်တော့ အဲဒီကုလားကြီးဟာ သူ့ယောကျ်ားတဲ့' ဟူ၍ ကလေးများကို ကျီစားလျက် အချို့သော ကရုဏာသက် သူများကမူ

'ကလေးတို့မေမေလေ သိမ်ကြီးဈေးမှာ အထည်ဆိုင်ကြီး ဖွင့်ထားတယ် ကွဲ့၊ နောက် လေးငါးရက်ကြာရင် မင်းတို့ဆီ လာမယ် ဆိုပြီးတော့လေ အရုပ် တွေတောင် မင်းတို့ဖို့ ဝယ်ထားတာ စုံနေတာပဲ၊ ကြီးကြီးကိုတောင် ထုတ်ပြလိုက်



သေးတယ်'

ဤမျှနှင့်ပင် အတာတို့ ကျေနပ်ကြရရှာ၏။ တစ်လလည်းမဟုတ်၊ နှစ်လ လည်းမက လေးငါးခြောက်လမျှသော အချိန်တွေသာ ကုန်လွန်ခဲ့သည်။ အတာ့ အမေကား မော်လမြိုင်သို့ တစ်ခေါက်တလေပင် ပေါ်မလာခဲ့။

အတာ့မေမေဘက်မှ တော်စပ်သော ဘွားအေကြီးတွင်လည်း ချောင်ချောင် လည်လည်ရှိသူများ မဟုတ်သောကြောင့် ဝမ်းရေးအတွက် ဈေးရောင်းရင်း အသက် ဆက်နေရသည်ကတစ်မှု၊ သူ့သမီးက လာထိုးထားသော မြေးနှစ်ယောက်ကိုကြည့်ရှု စောင့်ရှောက်နေရသည်ကတစ်ဖက်ဖြင့် ဘွားအေကြီးတွင်လည်း လက်မလည်နိုင်အောင် ရှိနေရှာ၏။

'ဟဲ့ မနှင်းခိုင်၊ ညည်း ရန်ကုန်သွားတာ သိန်းမေတစ်ယောက်များ မတွေ့ ခဲ့ဘူးလား၊ ဟေ'

အတာနှင့် အမာသာ မဟုတ်၊ သူတို့အဘွားမှာလည်း ရန်ကုန်မှပြန်လာသူ တွေ့တိုင်း ကွယ်ရာသို့လက်တို့ခေါ်ကာ သို့လျှင် သမီးအရေးကို မေးမြန်းစုံစမ်း လေ့ရှိ၏။ အချို့က မတွေ့ကြောင်းပြော၍ အချို့ကမူ

'တွေ့ခဲ့သားပဲ ဒေါ်ဒေါ်ယု၊ သိမ်ကြီးဈေးမှာ ထီးတို့ ဖိနပ်တို့ရောင်းနေတယ်၊ ကျွန်မတောင် ပုသိမ်ထီးတစ်လက် မသိန်းမေဆီကပဲ ဝယ်ခဲ့သေးတယ်'

'ဟန်ဟန်ပန်ပန်ရှိရဲ့လားကွဲ့'

'ဆိုင်ကြီး ကန္တားကြီးနဲ့တော့ မဟုတ်ဘူးပေါ့ ဒေါ်ဒေါ်၊ ဒါပေမဲ့လဲ'

'အေးလေ လူမြင်လို့ တင့်တယ်တဲ့ အခြေကလေးရှိရင် ပြီးတာပါပဲ၊ နို့ ကလေးတွေအကြောင်းကော ဘာမှ မမေးဘူးလား၊ ညည်းနဲ့တွေ့တော့'

'ဟုတ်ကဲ့ မေးပါတယ်ဒေါ်ဒေါ်၊ အတာတို့ အမာတို့ နေထိုင်ကောင်းကြ ရဲ့လားတဲ့၊ သူလဲ လာမယ်လာမယ်နဲ့ဟာ ဆိုင်မှာ လူခွဲကမရှိသေးတာနဲ့'

'တယ် ငါပြောလိုက်ရ မကောင်းဘဲနေတော့မယ်၊ တစ်နေ့တလေ ဆိုင် ပိတ်ပြီးလာတော့ ဘာဖြစ်သတဲ့လဲ၊ ကလေးတွေတော့ ဒီမှာ လာထိုးထားပြီး သူကတော့၊ တောက်'

ကြီးဒေါ်ယုသည် သူ့သမီး ပြုမူပုံ သဘောမကျနိုင်သည့်အတိုင်း ဘော် ဘခေါက်ခေါက် ဖြစ်နေပြီးမှ

'ညည်းတို့သိတဲ့အတိုင်းပဲ၊ ဒေါ်ဒေါ်အဖို့မှာတော့ မထူးပါဘူး၊ သ[illegible] သမီးတွေ ချွေးမတွေရော လူတစ်ကျိပ်လောက် ကျွေးထားရတာပဲ၊ ဒီ[illegible] ပိုလာလို့ ဘာမှ တာဝန်မကြီးပါဘူး၊ အေး တကယ်ဆိုရင် တ[illegible] ဖြစ်စေ မျက်နှာကလေးတော့ လာပြပို့ကောင်းတယ်၊ ဘယ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလဲ ကလေးတွေဟာ၊ မေမေ ဘယ်တော့လာမလဲဘွားဘွား ဆိုတာ နေ့ရှိသလောက် မေးနေကြတာပဲ၊ ဟင်း သူကတော့ တစ်ယောက်ထဲ ရန်ကုန်မှာ အချိုလှုပ်နေထင်ပါရဲ့'

ကြီးဒေါ်ယုတွင် ရန်ကုန်မှ ပြန်လာသူတွေ့တိုင်း မေ့ရ ခံကြရလွန်းသဖြင့် အမောသာ အဖတ်တင်ခဲ့သည်။ သူ့သမီး (ဝါ) အတာတို့မေမေ မသိန်းမေကား လေးငါးရှစ်လသို့ တိုင်ခဲ့သည် တစ်ခေါက်တလေမှ ပေါ်မလာခဲ့ပေ။

တစ်ရံတစ်ခါ အတာနှင့် အမာအတွက် အင်္ကျီစကလေးများ လူကြုံပါး လိုက်ဆော်ကား ရပေသေး၏။ သို့တိုင်အောင် ကြီးဒေါ်ယုသည် ဝမ်းပန်းတသာ လက်ခံလေ့မရှိ။

'ဒါက ဘာလုပ်ရမှာလဲ၊ ငါ့မြေးတွေအတွက် ဒီ့ထက်ကောင်းတာ ငါ ဝယ်ပြီးဆင်နိုင်တယ်၊ ကိုယ့်သားသမီးရယ်လို့ မျက်နှာကလေးမှ လာမပြနိုင်အောင် ဘယ်လောက်များ အလုပ်ရှုပ်နေလို့လဲလို့ မေးခဲ့စမ်း၊ မိသိန်းမေကို'

တစ်ယောက်သော သားဖြစ်သူ ရန်ကုန်မှပြန်လာစဉ်ကလည်း ကြီးဒေါ်ယုသည် ဤလို တဖျစ်တောက်တောက် မြည်တွန်နေခဲ့သေး၏။ သို့နှင့် ဆယ်လနီးပါးခန့်ကြာသော် သတင်းတစ်ခုသည် ထူးထူးခြားခြား မမျှော်လင့်ဘဲနှင့် ဘွားခနဲ ရောက်လာ၏။ ထိုသတင်းမှာ အတာတို့မေမေ နောက်ယောကျ်ား ယူလိုက်ပြီဟူသော သတင်းပင်ဖြစ်၏။

ကြီးဒေါ်ယုတွင်လည်း ထိုသတင်းကို ကြားလိုက်ရသည်နှင့် လူမမယ် မြေးကလေးနှစ်ယောက်အတွက်သာ ဦးစားပေးသော ဝမ်းနည်းခြင်းဖြင့် ရုတ်တရက် ဘာမျှမပြောနိုင်အောင်ပင် အငိုင်ကြီး ငိုင်သွားတော့၏။

'ဘာအလုပ် လုပ်သတဲ့တုံး၊ သူယူတဲ့ယောကျ်ားက'

'ရုံးစာရေးလို့ ပြောတာပဲ၊ ကြည့်ရတာ မသိန်းမေထက် နည်းနည်းငယ်ပုံရတယ်၊ လူကတော့ လူချောပဲ ဒေါ်ဒေါ်ယုရဲ့'

'ဒါတွေက အကြောင်းမဟုတ်ပါဘူးကွယ်၊ စိတ်ကောင်းရှိရင် ပြီးတာပါပဲ'

မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နားစွင့်နေခဲ့သော ကြီးဒေါ်ယုတွင် ရုတ်တရက် ရောက်လာသော မသိန်းမေတို့စုံတွဲကို တွေ့လိုက်ရမှ သက်ပြင်းချရင်း ထိုသတင်းကို အတည်ပြုလိုက်ရတော့၏။

\+ \+ \+

အတာတို့မောင်နှမ ရန်ကုန်ပြန်ရောက်၍ သူတို့ချစ်သော မေမေနှင့် အတူနေရသည်ပင် နှစ်လမပြည့်သေးမီ မသိန်းမေတို့နေသောအိမ်ကို ဖျက်၍ တိုက်သစ်ဆောက်မည်ဖြစ်သဖြင့် အိမ်ငှားအားလုံး ဖယ်ရှားပေးရန် အကြောင်းနှင့် ကြုံလာပြန်သဖြင့် အခြေအနေမှာ တစ်မျိုးတစ်မည် ဖြစ်သွားပြန်တော့၏။



ထိုခေတ်က ရန်ကုန်မြို့တွင် လမ်းတိုင်းလိုလို၌ အိမ်ခန်းအားများ ငှားရန် အသင့်ရှိနေခဲ့သော်လည်း မသိန်းမေတို့ကဲ့သို့ ယနေ့လုပ်မှ ယနေ့စားရသူများအဖို့၌ လုံးခန်းတင်ရမည့် စပေါ်ငွေမှာ ပြဿနာတစ်ရပ် ဖြစ်နေ၏။

တိုက်ခန်းဆိုလျှင် တစ်လအစိတ် အနည်းဆုံးပေးရ၏။ စုတ်စုတ်ချာချာ ဖျဉ်ထောင်အိမ်ပင် လခအားဖြင့် အနည်းဆုံး နှစ်ဆယ်ပေးမှ ရနိုင်၏။ ထိုထက် ပေါသော အိမ်ခန်းများကား မြို့ထဲတွင်မရှိ၊ မြို့စွန်မြို့ဖျားတွင်သာ ရနိုင်သောကြောင့် မသိန်းမေအဖို့ အရောင်းအဝယ်လုပ်ငန်းနှင့် ခရီးကွာဝေးလွန်းနေပြန်၏။

စုစုပေါင်းမှ ငွေကလေး လေးငါးခြောက်ဆယ်နှင့် အရင်းတည်၍ ရောင်းဝယ်နေရရှာသော မသိန်းမေအဖို့ ထိုအရင်းအနှီးထဲမှ ငွေအစိတ်နှုတ်၊ အိမ်ခန်းအတွက် စပေါ်အဖြစ် ပေးလိုက်ရန်မှာ အတော်စဉ်းစားရမည့် စီးပွားရေးပြဿနာလိုဖြစ်နေသည့်အတိုင်းပင် မသိန်းမေလည်း သီးသန့်အခန်းတစ်ခု ငှားနေရန်ကိစ္စကို လုံးဝ စဉ်းစားခြင်း မပြုတော့ဘဲ အခြားသော အိမ်ထောင်စုတစ်ခုခုဖြင့် စပ်တူငှားနေကြရန် အမြန်ဆုံး နိုင်းပြင်းရတော့၏။

နောက်ဆုံးတွင် ရပ်ကွက်လည်းကောင်း၍ ဈေးလည်းနီးသော မောင်ခိုင်လမ်း (ယခု ဗိုလ်ရွဲလမ်း) ထဲရှိ အိမ်ခန်းတစ်ခု၏ အထပ်ခိုးပေါ်တွင် ဆယ်ပေပတ်လည်ခန့်ရှိသောနေရာ တစ်ခုရ၏။ အခကြေးငွေမှာလည်း စပေါ်မတင်ရ၊ တစ်နေ့လျှင် တစ်မတ်ကျပေးရမည်ဖြစ်သောကြောင့် မသိန်းမေတို့အဖို့ ဆိုင်ချင်တုန်း ချော်လဲသလိုအတော်ပဲဖြစ်နေ၏။ သို့သော် နေရာထိုင်ခင်းမှာ ကျဉ်းမြောင်းလွန်းလှသဖြင့် ယခင်က အတာတို့ အမာတို့အား ကြည့်ရှုရန်ခေါ်ထားသော မသိန်းမေ၏ ညီမဝမ်းကွဲတစ်ယောက်ပါနှင့် စုစုပေါင်း ငါးဦးအတွက် နေရာမှာ မလုံးသာ မလိမ့်သာ ဖြစ်နေပြန်၏။

နောက်ဆုံးတွင်မူ မသိန်းမေလည်း အတာတို့မောင်နှမကို မော်လမြိုင်ပို့၍ ညီမဝမ်းကွဲကို နေရပ်ပြန်လွှတ်ခြင်းအားဖြင့် ထိုပြဿနာကို ဖြေရှင်းလိုက်တော့၏။

တစ်ဖန် စိတ်ကူးပေါက်လာလျှင် အတာတို့မောင်နှမကို ရန်ကုန်ပြန်ခေါ်၍ စိတ်မထင်လျှင်လည်း မော်လမြိုင်သို့ ပြန်ပို့တတ်သော မသိန်းမေ၏ စိတ်ထားနှင့် အပြုအမူကို ကြီးဒေါ်ယုနှင့် တကွသော မသိန်းမေ၏ အစ်ကိုများ မောင်ညီမများကပါ သဘောမကျနိုင် ရှိနေခဲ့ကြ၏။

'ဒီတစ်ခါ မမလာရင် မထည့်လိုက်နဲ့တော့ အမေ၊ ဒီကလေးနှစ်ယောက်ကို ကျွန်တော်တို့ပဲ မွေးမယ်'

အတာတို့ ဦးလေးတော်များက ကရုဏာဒေါသဖြင့် ပြောကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ သူ့သားသမီးနဲ့ သူ့အမေပဲဟာ လာခေါ်ရင် ထည့်ရမှာပေါ့၊ သားသမီး ကိုးယောက်ရှိတဲ့ ငါတောင် မိသိန်းမေတစ်ယောက်ပဲပြီး ရန်ကုန်ရောက်နေတာ ငါ မကျေနပ်ဘူး၊ ပြောမရလို့သာပေါ့၊ မိဘဆိုတာ ကိုယ့်သားသမီးကို ကိုယ့်မျက်စိအောက်မှာပဲ ရှိနေစေချင်တာပေါ့ကွဲ့၊ ဘယ်သူဖြစ်ဖြစ်'

'အလကားပါဗျာ၊ အမေ့သမီးက အမေ့လိုမိဘမျိုး မဟုတ်ပါဘူး'

ကြီးဒေါ်ယုကမူ ဤသို့ သဘောမထားနိုင်။ သူ့သားသမီးများကို သူ အလွန်ချစ်သကဲ့သို့ မသိန်းမေသည်လည်း အတာတို့အား ချစ်လိမ့်မည်။ မလွှဲသာ၍သာ ယခုလို တကွဲတပြား ထားရသည်ဟူ၍သာ ယူဆ၏။

တစ်နေ့သော် မသိန်းမေတို့ ဇနီးမောင်နှံ မော်လမြိုင်သို့ ရုတ်တရက် ရောက်လာ၏။

'ဘာတုံး သိန်းမေ၊ ကလေးတွေကို လာခေါ်ပြန်တာလား'

'ဟုတ်တယ်အမေ၊ သူတို့အဖေက ကလေးတွေကို ကျောင်းထားချင်လို့တဲ့'

ဟု မသိန်းမေက သူ့ခင်ပွန်းဖြစ်သူအား မေးငေါ့ပြရင်း ပြောလိုက်သောကြောင့်

'အေး ခေါ်ချင်လဲ ခေါ်သွား၊ ဒါပေမဲ့' ဟူသော ကြီးဒေါ်ယု၏ စကားမှ မဆုံးသေးမီ

'ဟဲ့ သိန်းမေ၊ ကလေးတွေကို တကယ်ကျောင်းထားမယ် ဆိုမှလဲခေါ်သွားနော်၊ ခေါ်သွားလိုက် ပြန်ပို့လိုက်တော့ မလုပ်နဲ့၊ ခုထိ ကလေးတွေ ယောင်ချာချာပဲ၊ ဒီက စည်းကမ်းကတစ်မျိုး၊ နင်တို့စည်းကမ်းတစ်မျိုးနဲ့ တော်ကြာ ကလေးတွေ အပိုးသေမှာမဟုတ်ဘူး'

ခပ်လှမ်းလှမ်းတွင် ဆေးပြင်းလိပ်ဖွာနေသော အတာတို့ဘိုးဘိုးက သို့လှမ်းပြောလိုက်ပြီးမှ

'ဒီမှာ ထွန်းအောင်၊ ငါကတော့ ခပ်ရှင်းရှင်းပဲ ပြောတတ်တယ်၊ သိန်းမေကိုတော့ ငါ နည်းနည်းမှ မယုံဘူး၊ အဲဒီတော့ ဒီကိစ္စကို မင်းပြောကွာ၊ မင်းပြောရင် တို့ယုံမယ်' ဟု အဘိုးကြီးကပင် မေးခွန်းထုတ်လိုက်ပြန်သောကြောင့်

'ကျွန်တော် တာဝန်ယူပါတယ် ဦးရဲ့၊ ခု ကလေးတွေကို လာခေါ်တာ ဟာလဲ အမှန်အတိုင်းပြောရရင် မသိန်းမေအနေနဲ့ဆို ခေါ်ဖြစ်မှာမဟုတ်ဘူး၊ ဒီကလေးတွေရဲ့ နောင်ရေးအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်ဆိုတာ နားလည်လို့ လာခေါ်တာပါ၊ ပြီး ကျွန်တော်ကလည်း ကလေးဆိုရင် ချစ်တတ်ပါတယ်'

သို့နှင့် အတာလည်း ရန်ကုန်သို့ ပါသွားရပြန်တော့၏။ အမာမှာမူ

'ဟင့်အင်း အမာတော့ မလိုက်ဘူး၊ ဒီမှာပဲ ညီမလေးနဲ့ နေမယ်'

ဦးလေးတော်တစ်ယောက်၏ မွေးကင်းစဖြစ်သော ကလေးကိုချစ်နေသည်



နှင့် မလိုက်လိုကြောင်း ငြင်းဆန်နေသည်တွင် မသိန်းမေကလည်း ကလေးတစ်ယောက်ဆိုလျှင် တစ်ယောက်နှင့်အမျှ သိသိသာသာ တာဝန်ပေါ့မည်ဖြစ်သည့်အတိုင်း အမာကို ဘွားအေများနှင့်ပင်ထားခဲ့ပြီး အတာတစ်ယောက်တည်းကိုသာ ခေါ်၍ ပြန်သွားကြ၏။

\+ + +

'ဒီလုံချည်တွေက ဘာလို့ထုတ်ထားတာလဲ ကိုထွန်းအောင်'

အတာတို့ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့ညနေပိုင်း မသိန်းမေ ဆိုင်သိမ်း၍ ပြန်လာလျှင် လာချင်း အိပ်ရာလိပ်ပေါ်တွင် ဆန့်ဆန့်ရန့်ရန့် ခေါက်တင်ထားသော ပိုးလုံချည်နှစ်ထည်ကို ယူကြည့်ရင်း မေးသောကြောင့်

'သွားပေါင်မလို့လေ'

အဝတ်အစားလဲနေရာမှ ကိုထွန်းအောင် ဤသို့ဖြေလိုက်သည်ကို

'ဘာလုပ်ဖို့ ပေါင်မှာတုန်းရှင့်၊ ပြောစမ်းပါဦး' ဟု မသိန်းမေက အနီးသို့ ကပ်လာရင်း မေးလိုက်ပြန်သဖြင့်

'ဖိန်းနွဲ့ခါ တနင်းလာနေ့မဟုတ်လား၊ အဲဒါ ကောင်လေးကို ကျောင်းအပ်ဖို့ အဆင်သင့်ဖြစ်အောင်လို့ပါ'

'ဖြစ်ရလေရှင်၊ လဆုတ်တဲ့နေ့ကျမှပဲ သွားအပ်တော့ကော မပြီးဘူးလား'

'ဟာ ဒီနေ့မှ ရှစ်ရက်နေ့ပဲရှိသေးတာ၊ လဆုတ်တဲ့နေ့အထိ စောင့်နေရင် တစ်လနီးပါး ကျောင်းနောက်ကျနေမှာပေါ့၊ ခုနေအပ်ရင်တောင် ဒီကောင် စာ အတော်လိုက်နေရမှာ'

မသိန်းမေလည်း အတန်ကြာတွေနေပြီးမှ

'နေပါဦးရှင့်၊ သူ့ကျောင်းအပ်ဖို့က ဘယ်လောက်လောက် ကုန်မှာလဲ'

'ကျောင်းအပ်တဲ့ စရိတ်ကတော့ ဒီလောက်မများပါဘူး၊ ကျောင်းစဖွင့်ခဲ့တဲ့ လတွေအတွက်ပါ ပေးရမှာမို့ ဆယ့်လေးငါးကျပ် နှစ်ဆယ်လောက်တော့ ကျလိမ့်မယ် ထင်တာပဲ'

'နို့ ရှင့် ဒီလုံချည် နှစ်ထည်ပေါင်တော့ ဘယ်လောက်ရမှာလဲ၊ အရေးကန် ခုနစ်ကျပ်အပြင် ပိုရမတဲ့လား၊ လိုတဲ့ငွေကကော'

ထိုအမေးကို ကိုထွန်းအောင် ရုတ်တရက်မဖြေ။ အတန်ကြာ သူတွေနေပြီး

'ကျုပ်ကို မဆူနဲ့ဦးနော်၊ ကျုပ် အတာကို ကျောင်းထားမယ်ဆိုပြီး သွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ကြားပေါက်ရတဲ့ ငွေကလေး စုထားခဲ့တာ နှစ်ဆယ်လောက်ရှိသေးတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ဤလို ကြားပေါက်ရသော ငွေကို အခြားသောအကြောင်း ဖြင့် ကြံ၍ နေခဲ့သည်ဆိုလျှင် ပွက်လောရိုက်အောင် ဆူတော့မည်မှာ မသိန်းမေ အဖို့ သေချာ၏။ ယခုမူ အခြားသော အကြောင်းမဟုတ်ဘဲ ရည်ရွယ်ချက် ကောင်းနေသည်နှင့် ဘာမျှမပြောသာဘဲ ရှိနေတော့၏။

'ဒါဖြင့်လဲ ရှင့်ဆီရှိတဲ့ ငွေနှစ်ဆယ်နဲ့ ပြီးသားပဲ မဟုတ်လား၊ ဒီလုံချည်တွေ ဘာလို့ ဆပါင်တော့မှာလဲ'

'ငွေက နည်းနည်းလိုဦးမယ်လေ၊ ကျုပ်ဆီရှိတဲ့ငွေက ကျောင်းအပ်စရိတ်နဲ့ ထုန်မှာပဲ၊ နောက်ပြီး ကောင်လေးအတွက် အင်္ကျီလေး ဘာလေးလဲ ဝယ်ပေးရ ဦးမှာ မဟုတ်လား'

ထိုစကားအတွက် မသိန်းမေ ဘာမျှ စောဒကမတက်နိုင်။ အတာတွင် ကျောင်းသွားကျောင်းပြန် ဝတ်နိုင်သည့် သင့်သင့်ကော်တော် အဝတ်အစားဆို၍ တစ်ထည်တလေမျှပင် မရှိ။ သို့နှင့် ကိုထွန်းအောင်၏ ကောင်းမြတ်သောအစီအစဉ် ကို မသိန်းမေ ဘာမျှ ဝင်မပြောသာတော့သည့်အတိုင်းပင် ကျေနပ် ခွင့်ပြုလိုက်ရ တော့၏။

အတာတွင်လည်း ကျောင်းနေရတော့မည့်အရေးကိုတွေး၍ ဝမ်းအသာကြီး သာနေသည်သာမက ဓါတိုင်းကဲ့သို့ပင် ဆင်းမကစားတော့ဘဲ မော်လမြိုင်မှ ပါလာသော သူငယ်တန်း ဖတ်စာအုပ်ကလေးဖြင့်သာ အိမ်ပေါ်တွင် ကုပ်၍ အပြန်ပြန်အလှန်လှန် ဖတ်ရှုရင်း အချိန်ကုန်နေတော့၏။

နောက်တစ်နေ့နံနက် ၉ နာရီလောက်အချိန်တွင် ရုံးတက်ရန်ခေါင်းဖြီး နေသော ကိုထွန်းအောင်အနီးသို့ မသိန်းမေ ရောက်လာကာ

'ဒီမှာ ကိုထွန်းအောင်၊ကယ်မလဲ ဟိုပိုက်ဆံ ကျွန်မကို ခဏပေးစမ်းပါ'

သို့ မသိန်းမေက ပြောသည်နှင့်ပင် ကိုထွန်းအောင်၌ ရုတ်တရက် မျက်နှာပျက်သွားကာ

'ဘာလုပ်ဦးမလို့လဲ မသိန်းမေ'

'ဘာလုပ်လုပ်ပေါ့ရှင်၊ ကျွန်မ ပြန်ပေးမှာပေါ့'

'ဘာလဲ၊ ခင်ဗျား ဒီနေ့ မြင်းပွဲသွားဦးမှာမဟုတ်လား'

'သွားမှာပေါ့၊ ဒါများ အဆန်းလုပ်မေးနေပြန်ပြီ'

'မဟုတ်ပါဘူး၊ မြင်းပွဲသွားတာက သွားပေါ့၊ ဒါပေမဲ့ ဒီပိုက်ဆံကိုတော့'

'ကျွန်မ ပြန်ပေးရင် ပြီးတာပဲမဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီကောင်လေး ကျောင်းအပ်ဖို့ ပိုက်ဆံကိုတော့ မလုပ်စေချင်ဘူး မသိန်းမေ'

'ပေးမှာသာပေးပမ်းပါ ကိုထွန်းအောင်၊ မြင်းပွဲသွားခါနီး စိတ် အနှောင့်



အယှက်ဖြစ်အောင် မလုပ်စမ်းပါနဲ့၊ တနင်းလာနေ့မနက် ကလေးကျောင်းအပ်အမီ ရှင့်ပိုက်ဆံ ပြန်ပေးမယ်လို့ ပြောနေပြီပဲဟာ'

မသိန်းမေလည်း စောစောကထက် မျက်နှာကိုတင်းပြီး အသံကိုပါ အနည်းငယ် မာ၍ ပြောလိုက်သောကြောင့် ကိုထွန်းအောင်တွင် နောက်ထပ် ငြင်းချက်မထုတ်နိုင်တော့ဘဲ အတာကလေး ကျောင်းအပ်ရန်ဟု ရည်စူး၍ ကျစ် ကျစ်ပါအောင် စုထားခဲ့သော ငွေအပြင် မနေ့က လုံချည်နှစ်ထည် ပေါင်ထားသော ငွေခြောက်ကျပ်ပါ စုစုပေါင်း နှစ်ဆယ့်ခုနစ်ကျပ်ကို ကြီးစွာသော စိတ်မချမ်းသာ ခြင်းနှင့်ပင် အကုန်ပေးလိုက်ရတော့၏။

မသိန်းမေ၏ မျက်နှာထား၊ လေသံနှင့် စကားပြောပုံ အသုံးအနှုန်းကို ထောက်ရှုခြင်းအားဖြင့် ကိုထွန်းအောင်အပေါ်၌ အတော်ကလေး ဩဇာညောင်း နေသည်မှာ ထင်ရှား၏။

ထိုအချိန်က အတာကလေး အိမ်ပေါ်တွင်မရှိ၊ မြင်းပွဲသွားလျှင်ဝတ်ရန် အတွက် မသိန်းမေ၏ ရှန်သားအင်္ကျီကို မီးပူတိုက်ရန် ပင်မင်းဆိုင်သို့ ခိုင်းထား သဖြင့် ထိုထိုအရေးအခင်းကို ဘာမျှ မသိ။ သူ ကျောင်းနေရတော့မည့် အရေး အတွက်သာလျှင် ပျော်တပြုံးပြုံးနှင့်ရှိနေပြီး ပင်မင်းဆိုင်မှ ပြန်ရောက်လာလျှင် လာခြင်း

'လူကြီးကော မေမေ၊ ရုံးသွားပြီလား ဟင်'

'သွားပြီပေါ့၊ ဘာလုပ်မလို့လဲ'

မသိန်းမေက သို့လျှင် ပြန်မေးလိုက်သော မျက်နှာထားမှာ မိမိရင်သွေး ဖြစ်သော သားကလေးတစ်ယောက်ကို မေးသည့်အသွင်မျိုးမရှိဘဲ မျက်နှာထား ကလည်း တင်း၊ အသံက ပြတ်ပြတ်နှင့် ခပ်ဆတ်ဆတ် မေးလိုက်သည်ဖြစ်သော ကြောင့် အတာမှာ ပြောလိုသည့်စကားပင် ရုတ်တရက် မထွက်ဝံ့တော့သလို မျက်နှာကလေး ညှိုသွားရှာ၏။

'အတာ၊ ငါမေးတာ မကြားဘူးလား၊ နင် ဘာလုပ်ဖို့မေးတာလဲ ကိုထွန်းအောင်ကို' ဟု မသိန်းမေက ခပ်ငေါက်ငေါက် ပြန်မေးလိုက်မှပင်

'သူက သူက အတာ့ကို ပြောထားတယ်၊ ဒီနေ့ နေ့တစ်ဝက် ရုံးက ပြန်လာမယ်၊ ဝေးဝေး လျှောက်မကစားနဲ့တဲ့၊ သူပြန်လာရင် အတာ့ကို အင်္ကျီ လိုက်ချုပ်ပေးမယ် ပြောထားလို့'

အတာက ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ပြောနေပါလျက် အဘယ်ကြောင့် ဟူ၍ မသိ၊ မသိန်းမေသည် စောစောကထက်ပင် ပို၍ မျက်နှာထားတင်းလိုက်ပြီ

'လာဦး ဒီနားကို' ဟု ခေါ်လိုက်သဖြင့် အတာတွင် ရုတ်ချည်းဘင် ကြက်သီးမွေးညှင်းထသွားတော့၏။ သူ့မေမေ စိတ်ဆိုးလျှင် ရိုက်တတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းနည်းဘု နားရင်းပူအောင် အုပ်လေမည်လားဟူသော စိုးရိမ်စိတ်ကလေးဖြင့် ဘသိဘိထိတ်ကပ်သွား၍ လက်လှမ်းမမှီတမှီတွင် မရဲတရဲ ရပ်လိုက်သည်နှင့်

'သေသေချာချာ မှတ်ထားနော်၊ ကိုထွန်းအောင် နေ့လယ်ပြန်လာရင် ထွန်းဆော့ကို အကျႌဝယ်ပေးမယ်ဆို ဘာ ညာနဲ့ နင် ဘာမှမပြောရဘူး၊ သူက အင်္ကျီသွားဝယ်မယ် လာဆိုမှ လိုက်သွား၊ နင်က စပြီး ဘာတစ်ခွန်းမှ မပူဆာရဘူး ကြားရဲ့လား'

'ဟုတ်ကဲ့ ကြားပါတယ် မေမေ'

'အေး ငါပြန်လာလို့ နင် ဘာဘာညာညာ ပြောတယ်ကြားရင်တော့ သေမဲ့သာပြင် ဒါပဲ မြဲမြဲမှတ်ထား'

'ဟုတ်ကဲ့'

အဘယ်သို့သောအကြောင်းကြောင့် သူ့မေမေက ဤလိုမှာသည်ကို အတာ မသိ။ သို့သော် တွေးကား တွေးကြည့်မိသေး၏။ ဘာအဓိပ္ပာယ်ဟူ၍ကား လုံးလုံးသဘောမပေါက်။ ခြောက်နှစ်သာသာမျှသာ ရှိသေးသောအရွယ်ကလေးဖြင့် တွေးဖော်ရသည်ပင် တော်လှပေပြီ။

မသိန်းမေ ထွက်သွားသည်နှင့် အတာလည်း မြူးတူး ခုန်ပေါက် အိပ်ရာလိပ်ပေါ်တွင် ကျွမ်းသုံးလေးပတ်လောက် တိုးလိုက်ပြီးမှ သူ့ခေါင်းအုံး အောက်တွင် တရိုတသေ သိမ်းထားသော သူငယ်တန်းဖတ်စာအုပ်ကလေး ဆွဲထုတ်၍ နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် ရွတ်အံနေတော့၏။

သွားချေပြန်ချေပင် ဖြစ်သော်လည်း မော်လမြိုင်တွင် အတာနေခဲ့ရသည့် နေ့ရက်များကို ပေါင်းလိုက်လျှင် နှစ်နှစ်နီးပါးမျှ ဖြစ်၏။ ထိုရက်များအတွင်း မနေတတ်သော အဒေါ်နှင့် ဦးလေးအချို့၏ သင်ပြပေးမှုကြောင့် အတာသည် သင်ပုန်းကြီးနှင့် ဒေါင်းတံဆိပ် သူငယ်တန်းဖတ်စာကို 'အတော်ကလေး နိုင်နိုင် နင်းနင်း ခေါက်မိခဲ့၏။

'အတာ မင်း သူငယ်တန်းစာအုပ်ကို သေသေချာချာ ကျက်ထားနော် ကျောင်းသွားအပ်တဲ့နေ့ကျရင် မင်းကို အဲဒီစာတွေ မေးလိမ့်မယ်'ဟု ကိုထွန်းအောင်က သတိပေးသဖြင့်

'ဟုတ်ကဲ့ ကျွန်တော် အလွတ်တောင် ဆိုတတ်ပါတယ်'

'ပြီးတော့ တစ် နှစ် သုံးကော'

'ကျွန်တော် တစ်ရာအထိ ဆိုလဲ ဆိုတတ်တယ်၊ ရေးလဲ ရေးတတ်ပါတယ်'

'အေး အဲဒါတွေမေးလို့ပဲ မင်းဖြေနိုင်ရင် သူငယ်တန်းထက်ကြီးတဲ့ ပထမတန်းမှာ နေရမှာသိလား'

'ဟုတ်ကဲ့'



ဤအရွယ်ကလေးကစ၍ အတာသည် သူငယ်တန်းထက် ပထမတန်းကို မက်မောသောစိတ်မျိုး ရှိနေ၏။ ထိုနေ့မှစ၍ စာကိုချည့် ဖိ၍ ကျက်နေတတ်၏။ ယနေ့လည်း မသိန်းမေ ထွက်သွားသည်မှစ၍ တကြော်ကြော်နှင့် စာကို အော်ဖတ်နေသည်မှာ အဘယ်မျှကြာသွားသည်ဟူ၍ သူပင်မသိ။

'ဟဲ့ကောင်လေး တိုးတိုးဖတ်၊ ဒီမှာ ကလေးအိပ်နေတယ်'

အောက်ထပ်မှ သံပြတ်နှင့် ဝေါက်လိုက်သော အဒေါ်ကြီးတစ်ယောက် အသံကြားမှပင် သူ့အသံကလေး တိမ်သွားတော့၏။

အတာတို့နေရသော အိမ်မှာ ပေအစိတ်ခန့်ရှိသော အိမ်တစ်ဆောင်၏ အပေါ်ထပ်တွင် တစ်ဆင့်တင်ထားသော အထပ်ခိုးကလေးတွင်ဖြစ်၏။ ထိုအထပ်ခိုးမှာလည်း အိမ်၏ အတွင်းပိုင်းကျကျတွင် အနံ ၁၀ ပေ သာသာမျှသာရှိပြီး အလျားမှာမူ ပေအစိတ်ပြည့် ဖြစ်၏။ သို့သော် ထိုပေအစိတ်ကိုပင် နှစ်ခန်း ခွဲ၍ ခွဲခြမ်းထားပြန်သောကြောင့် ကြားထရံနှင့် ဘေးအကာအကွယ် ပုပ်သွားသောနေရာများကို နုတ်လိုက်သော် တစ်ခန်းလျှင် ၁၀ ပေ ၁၁ ပေ ခန့်သာ ရှိ၏။ တစ်ခန်းတွင် အတာတို့နေ၍ အခြားတစ်ဖက်တွင် တရုတ်လင်မယား ရှိ၏။

ထိုအခန်းကို ခြံ၍ ငှားထားသူမှာ ပေအစိတ် ပေခြောက်ဆယ်ရှိသော အောက်ထပ်၏ တစ်ဝက်တွင်နေ၍ ကျန်တစ်ဝက်ကို ဆွေနီးမျိုးစပ် အပျိုညီအစ်မ တစ်စုကို လခဖြင့် ငှားထား၏။ လခပင်ဆိုသော်လည်း ထိုငွေအတွက်ကျကို နေ့စဉ်ပေးရ၏။

အိမ်ခန်းကို ခြံ၍ ငှားထားသူမှာ နေ့ပြန်တိုးနှင့် ငွေချေးစားသူ ပွဲစား အတော်တစ်ဦး ဖြစ်သည့်အတိုင်း အလွန်စေ့စပ်၏။ ငွေကြေးနှင့်ပတ်သက်လာလျှင် ညီသူ့မျက်နှာမျှ မထောက်ဘဲ ပက်ပက်စက်စက် ပြောတတ်သောကြောင့် သူ့ [illegible]းစပ်ကို လူတိုင်းကြောက်၏။

အတာဆိုလျှင် ထိုပွဲစားကတော်အား မော်၍ပင် ကြည့်ဝံ့သူ မဟုတ်သောကြောင့် စောစောက အော်ထားသည့် အရှိန်ဖြင့် အတာမှာ အိမ်သာတက်နှင့် [illegible]ကိုပင် အောက်ထပ်သို့ ဆင်းမလာရဲဘဲ ရှိနေရှာ၏။

'ဩ ငါ့မောင်လေး စာဖတ်နေသလား ဟေ'

သို့ပြောရင်း တက်လာသူမှာ ပွဲစားကတော်ကြီး၏ ဆွေမျိုးစပ်[illegible] တစ်ယောက်သော မိန်းမပျိုဖြစ်၏။

'ဟုတ်ကဲ့ ကျွန်တော် သူငယ်တန်းဖတ်စာတွေ ကျက်နေတယ်[illegible] ထွန်းဆော့ကို တနင်းလာနေ့ ကျောင်းထားမယ်ဆိုလို့'

မိန်းမပျိုလည်း ဘာတစ်ခွန်းမှ နှောက်ထပ် မ[illegible] အတာ

www.burmeseclassic.com

www.burmeseclassic.com



ကလေး၏ ဘိုကေကို တယုတယသပ်နေပြီးမှ

'အတာ၊ နင် ကိုထွန်းအောင်ကို လူကြီးလို့ခေါ်တယ် ဟုတ်လား'

'ဟုတ်ကဲ့၊ သူ့ရှေ့မှာတော့ ဒီလိုမခေါ်ပါဘူး'

'နို့ သူ့ရှေ့ကျတော့ ဘယ်လိုခေါ်သလဲ'

'ဒီမှာ လို့ ခေါ်တာပေါ့'

မိန်းမပျိုလည်း အတာ၏ပါးကလေးကိုဆွဲရင်း နှစ်နှစ်ခြိုက်ခြိုက် ရယ်နေပြီးမှ

'သူ မင်းအမေယောက်ျား ဖြစ်နေပြီပဲဟာ မင်းအဖေပေါ့၊ အဖေလို့ပဲ ခေါ်ပါလား'

အတာ ရုတ်တရက်မဖြေ၊ ခေါင်းကလေးငုံ့၍ တွေနေပြီးမှ

'ကျွန်တော် ရှက်တယ်ဗျာ'

ဤတွင်တစ်ကြိမ်၊ မိန်းမပျိုလည်း ပါးကလေး ခွက်လိမ်သွားသည်အထိ ရယ်နေရာမှ

'ဒါနဲ့ အတာ၊ မင်းစာဖတ်နေတာ ၁၀ နာရီလောက်ကတည်းက မမသက် စပြီး ကြားနေရတယ်၊ ခု ၁၂ နာရီ ထိုးပြီ၊ ထမင်းကော စားပြီးပလား'

'ဟင့်အင်း မစားရသေးဘူး'

စာထဲတွင် စိတ်ဝင်စားနေမိသော အတာသည် မမသက်ဆိုသူက ယခုလို မေးလိုက်မှပင် ထမင်းမစားရသေးသည့်အဖြစ်ကို သတိရလာ၏။ ဆာသလိုလိုလည်း ရင်ထဲတွင် ဟာသွား၏။

'ဘာဟင်းချက်သလဲကွဲ့၊ ထုံးစံအတိုင်း အမဲသားကြော်ပဲလား အတာ'

'ဒီနေ့ ဘာမှမချက်ဘူးလေ၊ မေမေ မြင်းပွဲသွားစရာရှိလို့ အဲဒါ ကျွန်တော့်ကို ပိုက်ဆံတစ်ပဲ ပေးသွားတယ်'

'ပိုက်ဆံတစ်ပဲ ဟုတ်လားအတာ၊ အဲဒါက ဘာလဲ၊ ထမင်းဖိုးလား'

'ဟုတ်ကဲ့'

မမသက်သည် မျက်စိမျက်နှာပျက်၍ စိတ်မသက်သာသလို တွေသွား၏။ ထိုခေတ် ထိုအချိန်က တစ်ပဲဆိုသော ပိုက်ဆံမှာ ကလေးတစ်ယောက်အဖို့ ထမင်းနှင့်တန်းတူ စားနိုင်သော မည်သည့်မုန့်ပဲသရေစာမဆို စားနိုင်လောက်သော တန်ဖိုးရှိသည်မှန်သော်လည်း ထမင်းအနေဖြင့် အပေါဆုံးဆိုင်တွင် ဝင်၍ထိုင်သည့် တိုင်အောင် ထမင်းနှစ်ပြား ဟင်းတစ်ပဲသည် အနည်းဆုံးနှုန်း ဖြစ်၏။

ဤသည်ကို သဘောပေါက် တွေးမိ၍လော မသိ၊ မမသက်က

'ဒီပိုက်ဆံတစ်ပဲနဲ့ နင် ဘယ်လိုလုပ် ထမင်းစားမလဲ အတာ'



'မနေ့ညကတောင် ပိုက်ဆံတစ်ပဲနဲ့ပဲ သွားစားပြီးပြီလေ၊ ထိပ်ဝက နှစ်ပြား လက်ဖက်ရည်ဆိုင်မှာပေါ့၊ အစတော့ ထမင်းနဲ့ပဲဟင်းပဲရမယ်တဲ့၊ ဒါနဲ့ ကျွန်တော်က ဘာကာကြီးရယ် ဆလိပေးပါတယ်၊ ထမင်းနဲ့ အမဲသားဟင်း နည်းနည်းပေးပါလို့ ပြောတော့မှ ကျွန်တော့်ကို သနားလို့ဆိုပြီး ဟင်းနဲ့ပဲ တစ်ပဲဖိုး ကျွေးလိုက်တယ်၊ ခုလဲ ဒီဆိုင်သွားစားမှာပေါ့'

အတာကမူ ပိုက်ဆံတစ်ပဲနှင့် ထမင်းရောဟင်းပါရပြီး သူ့အစွမ်းအစ ကြောင့် ဝခဲ့သည့်အနေဖြင့် ဂုဏ်ယူသလို ဟန်နှင့်ပန်နှင့် ရယ်ကာမောကာ ပြောနေနိုင်သလောက် မမသက်တွင်မူ မျက်ရည်ကလေးပင် ဝဲလာသည်အထိ မချိတရိနှင့် အတာအား ငေးကြည့်နေမိတော့၏။

ရွံ့နှင့်လုပ်သည့် ကြောင်ပင်ဖြစ်စေ ကြွက်သေသည်သာ မူလ ဟူသော စကားသည် မြန်မာတွင်ရှိ၏။ သို့သော် ထိုရွံ့နှင့် လုပ်ထားသော ကြောင်ရုပ် ကလည်း ရွံ့ပုပ်စော်မနံဖို့ အရေးကြီး၏။

ထိုသဘောမျိုးပင် မည်သို့သောနည်းဖြင့် ထမင်းဝခဲ့သည်ဖြစ်စေ အတာလို လူမမယ်ကလေးတစ်ယောက်အဖို့ ဆိုင်သို့သွားပြီး ကုလားထည့်ပေးသမျှ စားရ သည့်အဖြစ်မှာ အမြင်အားဖြင့် ရုပ်ပျက်ဆင်ပျက် နိုင်လှတော့၏။ စင်စစ် အတာတို့မေမေမှာ ဤအခြေထိ ဣန္ဒြေပျက်လောက်အောင် နွမ်းပါးသူမဟုတ်သေး။ ဆိုင်းမေ၏ ပြီးစလွယ်နိုင်မှု (ဝါ) သားသမီးအပေါ်၌ အကြင်နာကင်းမဲ့မှုကြောင့် သာလျှင် သို့ အထင်အမြင်သေးစရာ ဖြစ်နေတော့၏။

'မမသက် ဘာလို့ ဒီနေ့ဆိုင်မထွက်တာလဲ ဟင်၊ နေမကောင်းလို့လား'

ထိုထိုဤဤ တသီကြီးတွေးနေသော မမသက်မှာ အတာ၏ မေးသံ ပေါ်လာမှ ရုတ်တရက် လှုပ်ရှားလာပြီး

'အေး မမ နေမကောင်းလို့ ဆိုင်မထွက်တာပေါ့၊ လာ အတာ ထမင်းမစားရသေးရင် မမကျွေးမယ်၊ အောက်ကိုလိုက်ခဲ့'

ထိုစကားကြားလိုက်ရနှင့် အတာလည်း ဝမ်းသာအားရ ပြုံးလိုက်ပြီးမှ သူ့အိတ်ကို နှိုက်၍ ပိုက်ဆံတစ်ပဲကို ထုတ်ကြည့်ရင်း ကြည်နူးနေသည်တွင်

'အေး အဲဒီပိုက်ဆံကို မင်း မုန့်ဝယ်စားပေါ့ ဟုတ်လား၊ ထမင်း မမကျွေးမယ်'

'ဟင့်အင်း ဒီပိုက်ဆံ ကျွန်တော် သိမ်းထားမယ်၊ တနင်းလာနေ့ ကျောင်း ဖွင့်တော့ ကျောက်တံတို့ ဘာတို့ဝယ်ဖို့၊ ဟုတ်တယ်နော် မမ ကျွန်တော် သွားမယ်'

ထိုစကားကြောင့် မမသက်တွင် ရင်ထုမနာနှင့် အတာအား ကြည့်၍ပင် ငေးနေမိပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အတာလည်း မမသက်၏ ကောင်းမှုကြောင့် ထမင်းကောင်းဟင်းကောင်းဖြင့် မြိန်မြိန်ရှက်ရှက်ကြီး နံနက်စာအတွက် မြက်မြက်ကလေး ကိစ္စပြီးခဲ့၏။ ထိုနေ့မှာ ကျောင်းပိတ်ရက်ဖြစ်သည့်အတိုင်း ပွဲစားကတော်ကြီး၏သားများက ထစားရန် ခေါ်သည်ကိုပင် အတာသည် ခေါင်းတွင်တွင်ခါ၍ အိမ်ပေါ်သို့ပြန်တက်သွား၏။

သုံးလက်မခန့်သာရှိသော ခဲတံတိုကလေးဖြင့် အထည်ဆိုင်သုံး စာအိတ်တစ်ခု၏ ကျောဘက်တွင် ၁၊ ၂၊ ၃ အစရှိသော အင်္ဂလိပ်နှင့် မြန်မာ ဂဏန်းများကို တစ်လုံးချင်း အရေးကျင့်နေစဉ်မှာပင် ရုံးမှ နေ့တစ်ဝက်ဆင်းလာသော ကိုထွန်းအောင် ရောက်လာ၏။ မြင်လျှင် မြင်ချင်းပင် အတာသည် ကိုထွန်းအောင်အား အပြုံးနှင့် နှုတ်ဆက်လိုက်ရာမှ

'ကျွန်တော့်ပို့ အကျႌဝယ်ပေးမယ်ဆို'

အတာသည် ဤသို့မေးလိုက်ချင်သည်မှာ ပါးစပ်တယားယားဖြစ်နေ၏။ ဆလာလောဆယ်၌ တစ်မတ်နှစ်ပြားတန် စွပ်ကျယ်ဖြင့်သာ နေ့ရှိသလောက် အချိန်ကုန်ခဲ့ရပြီး အကောင်းဆုံးဆို၍ ငါးမူးတစ်ပဲတန် ဈေးချုပ် ရှပ်အကျႌတစ်ထည်သာ ရှိသော အတာသည် ကျောင်းသားတစ်ယောက်အနေဖြင့် ဝတ်ဆင်ရတော့မည်ဖြစ်သော ဝတ်ကောင်းစားလှကလေးကို အဘယ်မှာလျှင် အတာသည် ငမ်းငမ်းတက် မလိုချင်ဘဲ ရှိပါလေမည်နည်း။

သို့သော် သူ့မေမေ မှာခဲ့သည့်စကားက ရှိနေသဖြင့် ထိုအကြောင်းနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှ မမေးဝံ့၊ စိတ်ထဲမှာသာ 'အကျႌသွားဝယ်ဖို့ ခေါ်ပါစေတော့' ဟု ကြိတ်၍ ဆုတောင်းရင်း ကိုထွန်းအောင်၏ လှုပ်ရှားမှုကို အရိပ်တကြည့်ကြည့် ရှိနေရှာ၏။

အတော် တောင့်တချက်ကား လုံးဝ တွက်ခြေမကိုက်။ ကိုထွန်းအောင်အဝတ်အစားလဲ၍ ပက်လက်ကုလားထိုင်တွင် လှဲအိပ်ပြီး မျက်လုံးများပါ မှိတ်လိုက်သောကြောင့် အတာလည်း စိတ်ပျက်လက်ပျော့ကာ မျက်တောင်ကော့ကလေးဖြင့် တွေးရင်း ငေးကြည့်နေမိရှာတော့၏။

ထိုထွန်းအောင်၏ မျက်လုံးများမှာလည်း မှိတ်မြဲ မှိတ်ထားသည်ကိုသာ တွေ့ရသောကြောင့် အတာသည် သူ့မျက်နှာကလေးကို ဖြည်းဖြည်းချင်း လှည့်လာပြီး ရေးလက်စ ဂဏန်းများကို ဆက်လက် အရေးကျင့်နေပြန်၏။

စင်စစ် ကိုထွန်းအောင်မှာ ပျော်အောင် အိပ်တော့မည်ကဲ့သို့ မျက်လုံးကို မှိတ်ထားခြင်းမဟုတ်ဘဲ အမောပြေ မှိန်းနေသည်သာဖြစ်သောကြောင့်လောမသိ။ မကြာမီပင် မျက်လုံးများသည် ကြည်ကြည်လင်လင် ပွင့်လာသည်ကိုတွေ့ရ၏။



သို့ မျက်လုံးများ ပွင့်မိလျှင် ဖွင့်မိခြင်း ကိုထွန်းအောင်သည် အတာဆီသို့ အာရုံစိုက်သွားတော့၏။ ခဲတံလေးကို ကျစ်ကျစ်ပါအောင် ကိုင်ဆုပ်၍ တလှုပ်လှုပ်နှင့် ရေးနေသော အတာ၏ ကြိုးစားမှု၊ လုံ့လဝီရိယရှိမှု၊ ပညာကိုလိုလားမှု အစရှိသော ချစ်စရာ အရည်အချင်းကလေးများကို တွေးမိတိုင်းနှစ်ထောင်းအားရနှင့် သဘောကျနေမိသလောက် နံနက်ပိုင်းက မသိန်းမေအားပေးအပ်လိုက်ရသည့် ငွေများကို တွေးမိသည်နှင့် ကိုထွန်းအောင်တွင် စိတ်အမောကြီးမောကာ တဟောဟော သက်ပြင်းချနေမိတော့၏။

'ဘုရားသိကြားမလို့ မသိန်းမေ နိုင်လာပါစေ'

အလောင်းအစားကို လားလားမျှ ဝါသနာမပါသော ကိုထွန်းအောင်သည် မသိန်းမေအား ပြောမရနိုင်၍သာ မြင်းပွဲသွားသည်ကို ကြည့်နေခဲ့ရသော်လည်း အဘယ်သောအခါကမျှ ဤလို 'နိုင်လာပါစေ' ဟူ၍ ဆုတောင်းဖူးသည် မရှိခဲ့။ လောင်းကစားမှုဖြင့် ရသောငွေဖြင့်လည်း သုံးလို စားလိုသူ မဟုတ်။ ယနေ့သော် ထူးထူးခြားခြား ဆုတောင်းနေမိ၏။

သို့ ဆုတောင်းမိသည်မှာလည်း စင်စစ် သူ့အတွက်မဟုတ်။ ကျောင်းနေရတော့မည်ဟု မျှော်လင့်တကြီး ဝမ်းသာနေရှာသော အတာကလေးအတွက်သာလျှင် ဖြစ်၏။ နောက်ဆုံး အနိုင်မရှိသည့်တိုင်အောင် ပါသွားငွေကလေးအရှုံးမရှိဘဲ ပြုံးပြုံးရွှင်ရွှင် ပြန်လာသော မသိန်းမေကို ကိုထွန်းအောင်သည် အထူးတလည် မျှော်နေမိ၏။

သို့နှင့် ၆ နာရီခွဲလောက်တွင် မသိန်းမေ ရောက်လာ၏။ ထိုထွန်းအောင် မျှော်လင့်သော အမူအရာမျိုး မတွေ့ရ။ မျက်နှာထားတင်းတင်း ခြေသံပြင်းပြင်းနှင့် တက်လာ၍ အပေါ်ထပ်သို့ရောက်သည် ဆိုလျှင်ပင်

'ရှင် ဘယ်အချိန်က ပြန်ရောက်သလဲ ကိုထွန်းအောင်'

'တစ်ချက်တီးလောက်ကလေ'

'ထမင်းကော ချက်ထားသလား'

'ဘယ်ချက်ထားမလဲ၊ ခင်ဗျားအစီအစဉ်က ဘယ်လိုမှန်းမှမသိတာ'

ထိုအဖြေကို မကျေနပ်သလိုဖြင့် မသိန်းမေသည် လုံချည်လဲနေရာမှ ဆတ်ခနဲ လှည့်လိုက်၏။

'ထမင်းချက်တာတောင် အစီအစဉ်ရှိရဦးမှာလားဟင်၊ ပြောစမ်းပါဦး'

'ဒီမှာ မသိန်းမေ၊ ဆူဆူပူပူတော့ မလုပ်နဲ့ဗျာ၊ ချက်ဆိုရင်လဲ ခုသွားပြီး'

'ဘာလဲ ခုမှချက်ပြီး ဘယ်အချိန်စားရမှာလဲ၊ ဟင်း သိပ်စိတ်ညစ်စရာကောင်းတယ်၊ အဟုတ်ပဲ'

ဤအပြောအဆိုနှင့် ဟန်အမူအရာကို မတွေ့ရသေးမီ မသိန်းမေ အိမ်ပေါ်

www.burmeseclassic.com



ရောက်စကတည်းက မျက်နှာထားကြည့်ရုံမျှဖြင့် မြင်းရှုံးလာပြီကို ကိုထွန်းအောင် အတပ်သိလိုက်၏။ ဤလို မြင်းရှုံးလာပြီဆိုလျှင် တစ်ခုခုကိုရမယ်ရှာ၍ ဤအတိုင်း ဆူဆူညံညံ လုပ်တတ်သည်မှာ ကိုထွန်းအောင်အဖို့ ရိုးသလောက် ရှိနေပြီဖြစ်၏။

ယခု ထမင်းတစ်လုံးလောက်မှ ချက်မထားရကောင်းလား ဟူသော အကြောင်းပြချက်ဖြင့် အပြစ်ဖို့နေသည်၌ ကိုထွန်းအောင်တွင် နောက်ထပ် အဖြေပေးရန် အချက်အလက် အများပင်ရှိ၏။

မသိန်းမေမှာ ထမင်းကို မှန်မှန်ချက်စားလေ့ရှိသူ မဟုတ်။ စိတ်ပါသော နေ့တွင်သာ ချက်၍ ဆိုင်ထွက်စားတတ်သည်ကများပြီး တစ်ခါတစ်ရံ ထမင်း ချည်း ချက်၍ ဟင်းကို ဝယ်စားတတ်ပြန်သေး၏။ သူ့အလုပ်မှာ ဈေးသည်ဖြစ်သည့် အတိုင်း နံနက် ခြောက်နာရီလောက် ထွက်သွားပြီး ညနေတွင် အစောဆုံး ခြောက်နာရီလောက်မှ ပြန်လာတတ်၏။

'ကိုထွန်းအောင် ညနေ ရုံးကပြန်လာရင် ထမင်းတစ်လုံးချက်ထားနော်။ ကျွန်မ ဈေးထဲက ဆိတ်ကာလီစာဟင်း ဝယ်လာမယ်'

ကိုထွန်းအောင်တွင် ထမင်းချက်ရသောအလုပ်သည် ယောကျ်ားအလုပ် မဟုတ် ဟူသော စိတ်မျိုးမထား၊ မသိန်းမေကို ချစ်မြတ်နိုးသည်နှင့်အမျှ အတတ်နိုင်ဆုံး အကူအညီပေးလေ့ရှိ၏။ ထမင်းချက်ရန်သာ မဟုတ်။ ငရုတ်သီး ထောင်းခိုင်းလျှင်လည်း သူ ငြင်းလေ့မရှိ။

သို့တိုင်အောင် ယနေ့ ထမင်းချက်ရန်မှာ၍ နောက်တစ်နေ့ပါဆက်ချက် ထားလျှင် ဖြစ်စေ၊ ယနေ့မခိုင်းသဖြင့် နောက်နေ့တွင်လည်း မချက်ဘဲနေလျှင် ဖြစ်စေ ထိုအခါမျိုးနှင့် မသိန်းမေ အရောင်းအဝယ် အပေါက်အလမ်းမတည့်သည့် အခိုက်အတန့် (ဝါ) မြင်းပွဲရှုံးလာသည့် အချိန်အခါမျိုးနှင့် တိုက်ဆိုင်နေခဲ့သော် ဤအတိုင်းပင် ရမယ်ရှာ၍ ဆူလားပူလား လုပ်တတ်၏။

ဤအချက်အလက်များကို အကြောင်းပြ၍ အဖြေပေးပြန်လျှင်လည်း ထိုထက် ကဲတော့မည်ကို သိထားသည့်အတိုင်း ကိုထွန်းအောင်တွင် နောက်ထပ် ဘာမျှမပြောဘဲ ငြိမ်နေလိုက်ရတော့၏။

'တစ်အိမ်လုံးလဲ ဖုန်တွေကို ပွနေတာပဲ၊ တံမြက်စည်းလေး ဘာလေး လှည်းထားတာမဟုတ်ဘူး၊ ဒီမအေ လေးကကော တစ်နေ့လုံး ဘာလုပ်နေသလဲ'

ကြောက်လွန်းသဖြင့် နံရံတွင်ကပ်၍ ပုမတတ် ငြိမ်နေသော အတာ ကလေးအား မေးမေးကန်ကန်ပင် ဆတ်ခနဲ ကန်လိုက်သောကြောင့်

'မသိန်းမေ၊ ခင်ဗျား ကောင်ကလေးကိုတော့ မလုပ်နဲ့ဗျာ၊ သူ ကလေး အိမ်မှုရေးရာ ဘာသိမှာတုံး'

လုံးဝ အဓိပ္ပာယ်မရှိသော မသိန်းမေ၏ အပြုအမူကို သည်းမခံနိုင်တော့



သည့်အတိုင်း ကိုထွန်းအောင်လည်း ရုတ်တရက် ထသွားကာ အတာ့ရှေ့မှ ဆီးကာ ပိတ်ရပ်လိုက်ပြီးမှ

'ဒါ သက်သက် အပြစ်ရှာတာပဲ၊ ခုနပဲ ကျုပ် တစ်ခါလှည်းထားပြီးပြီ သိလား'

ဤတွင်မှပင် မသိန်းမေကလည်း အတာ့အနီးမှ လှည့်ထွက်သွားတော့၏။

'အရက်သမားဟာ မူးလာရင် အေးအေးမနေဘူး၊ ဟိုရမ်း ဒီရမ်းလုပ်သလို ခင်ဗျားတို့ မြင်းသမားလဲ အတူတူပဲ၊ မြင်းရှုံးလာရင် ဟိုမဲ ဒီမာန်နဲ့'

ထိုစကားကြောင့် မသိန်းမေလည်း ထဘီတစ်ထည် လဲဝတ်နေရာမှ ကိုထွန်းအောင်အား မျက်စောင်းနှင့် လှည့်ကြည့်တဲ့ပြီး

'မြင်းရှုံးလာတယ်လို့ ရှင့် ဘယ်သူပြောသလဲ'

'ခင်ဗျား အိမ်ပေါ်တက်လာကတည်းက ကျုပ် သိတယ်၊ နို့ နိုင်ကော နိုင်လာသလား'

'ဒါ ရှင်နဲ့မဆိုင်ဘူး'

ထိုအခိုက်တွင် အတာ၏ မမသက် ရုတ်တရက် အိမ်ပေါ်သို့ ရောက် လာပြီး

'လာ အတာ၊ မမနဲ့ ခဏလိုက်ခဲ့စမ်း ထိပ်ဝကို' ဟု ပြောရင်း မမသက် ဆွဲခေါ်နေသည်ကို အတာ၏ ကိုယ်ကလေးသည် ဆွဲရာသို့မပါ၊ မသိမသာ ရှန်းနေရာမှ မသိန်းမေအား မရဲတရဲ လှမ်းကြည့်လိုက်၏။ ဤတွင် အကင်းပါး လှသော သူ့မမသက်က

'ဒီမှာ ဒေါ်ဒေါ်၊ အတာ့ကို ခဏခေါ်သွားမယ်၊ လမ်းထိပ်မှာ မုန့်သွား စားချင်လို့ နော်'

'အေး ခေါ်သွားလေ မခင်သက်'

မသိန်းမေ၏ ခွင့်ပြုသံ ကြားလိုက်ရသည်နှင့် အတာလည်း မမသက် အနွဲ့ကိုပင် မစောင့်တော့ဘဲ ဆတ်ခနဲ ထ၍ ဆင်းလိုက်သွားတော့၏။ အမှန် အားဖြင့် မခင်သက်က အတာအား တက်ခေါ်သွားသည်မှာ မသိန်းမေအကြောင်းကို သိ၍ အတာကလေး အချောင်အရိုက်ခံရမည် စိုးသောကြောင့် ဉာဏ်ဆင်သွားခြင်း ဖြစ်သည်ကို ကိုထွန်းအောင်ကမူ ကောင်းကောင်း ရိပ်မိလိုက်၏။

နာရီဝက်သာသာခန့်အကြာ မခင်သက်တို့ပြန်လာ၍ အတာတစ်ယောက် တည်း အထပ်မိုးပေါ်သို့ တက်လာသောအခါတွင်မူ ကိုထွန်းအောင်ရော မသိန်းမေ ပါ မရှိတော့သည်ကို တွေ့ရသဖြင့် အတာလည်း သူ့ခဲတံတိုတလေးနှင့် စာအိတ်ကို တရိတသေ သိမ်းဆည်းထားပြီးမှ သူ့ခေါင်းအုံး သယ်ယူ၍ ဖျာကလေး တစ်ချပ် ဆွဲခင်းကာ အစင်းသား လှဲအိပ်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းလည်း မချက်၊ ဟင်းကလည်း မရှိ၊ မသိန်းမေတို့လည်း အဘယ်သို့ ထွက်သွားမှန်း မသိလေရာ အကယ်တိ မခင်သက်ကသာ သူ့အား ခေါ်သွားပြီး ညစာဟင်း၌ မုန့်ဟင်းခါး ဝယ်မကျွေးခဲ့လျှင် အတာအတွက် ညစာအရေးသည် တွေးငွေ့စရာပင် မရှိတော့ပေ။

ကြီးစွာသော မျှော်လင့်ခြင်းဖြင့် စောင့်စားနေခဲ့သော တနင်းလာနေ့သည် ယခု ရောက်လာပြီဖြစ်၏။ ကျောင်းသွားအပ်မည်ဆိုသောနေ့ ဖြစ်သည့်အတိုင်း အတာသည် နံနက် ၅ နာရီလောက်ကတည်းက ထ၍ ရေနံဆီမီးခွက်ကလေး ထွန်းကာ သူငယ်တန်းဖတ်စာကို တတွတ်တွတ်ရွတ်နေ၏။ ခြောက်နာရီထိုးသည်နှင့် ထိုစာအုပ်ကိုသိမ်းကာ ခဲတံတို စာအိတ်စုတ်ဖြင့် တလှုပ်လှုပ် ရေးခြစ်နေပြန်၏။

မကြာမီပင် မသိန်းမေတို့ နိုးလာ၏။ ကိုထွန်းအောင်လည်း တကုန်းကုန်း ရေးနေသော အတာကို မြင်လိုက်ရသည်နှင့် စိတ်မကောင်း ဖြစ်သွားတော့ကာ

'မင်း ဘယ်အချိန်က နိုးနေသလဲ အတာ'

'ကြာလှပြီ၊ ကျွန်တော်နိုးတော့ မိုးမလင်းသေးဘူး၊ စာအုပ်လဲ ကျွန်တော် ဖတ်ပြီးပြီ၊ ခု ကကြီး ခကွေး ရေးနေတယ်'

ကိုထွန်းအောင်တွင် အတော်ကလေး စိတ်ထိခိုက်သွားသည့်ပမာ ချာခနဲ မျက်နှာ လွှဲပစ်လိုက်၏။

'ဟဲ့ကောင်၊ ရော့ လက်ဖက်ရည်သွားဝယ်'

မူးစေ့ကလေးတစ်စေ့ပစ်ပေးရင်း ပြောလိုက်သော မသိန်းမေ၏အမူအရာမှာ ကိုထွန်းအောင်နှင့် အပြတ်အသတ် ကွာနေတော့၏။ ယနေ့သည် အတာကလေး ကျောင်းအပ်ရမည့်နေ့ဖြစ်သည်ကိုလည်းကောင်း၊ သို့လျှင်ကျောင်းနေရတော့မည့်အရေးကြောင့် မိုးမလင်းမီထ၍ စာကျက်နေသော ချစ်စရာအတာ့လုံ့လကို လည်းကောင်း မသိန်းမေသည် ဘာမျှ ထည့်သွင်းစဉ်းစားမိဟန်မတူ။ ကိုထွန်းအောင် ရင်ထဲတွင် ပူနေသလောက် မသိန်းမေကမူ ခပ်အေးအေးပင် လက်ဖက်ရည် ဝယ်ခိုင်းလိုက်၏။

လက်ဖက်ရည်ချိုင့်ကလေးဆွဲကာ အတာဆင်းထွက်သွားသည်နှင့် ကိုထွန်းအောင်လည်း သနပ်ခါးလိမ်းနေသော မသိန်းမေအနီးသို့ မလှမ်းချင်လှမ်းချင်နှင့် လျှောက်သွားကာ

'မသိန်းမေ၊ ဘယ့်နှဲ့လဲ ကောင်လေးကို ကျောင်းအပ်ဖို့ပိုက်ဆံ ဒီနေ့ ရမလား'

ကိုထွန်းအောင် ဤသို့မေးလိုက်သည်နှင့် မသိန်းမေလည်း သနပ်ခါးလိမ်းရင်း တန်းလန်းက ပါးတစ်ဖက်ပေါ် လက်တင်လျက်သား မော်ကြည့်ကာ



'ပေးနိုင်တဲ့နောက် ညကတည်းက ရှင့်ကို ပေးထားမှာပေါ့၊ ဘယ့်နှဲ့လဲ စောစောစီးစီး ရှင် တော်တော်အလိုက်မသိတဲ့လူပါလား ကိုထွန်းအောင်'

'ဩ၊ ကျုပ်က အလိုက်မသိဘူး ဟုတ်လား၊ ကဲ ကဲ ရှိပါစေတော့၊ အမှန်က ကောင်လေးအတွက်မို့ ပြောတာပါ၊ ဘုရားစူးရစေရဲ့၊ ဒိပြင်ကိစ္စအတွက်ဆိုရင် ယောင်လို့တောင် ကျုပ် မတောင်းဘူး မသိန်းမေ၊ ယုံပါ'

'ဘယ်သူ့အတွက်ဖြစ်ဖြစ်လေ၊ ကျွန်မက ဈေးသည်ရှင့် နားလည်လား၊ ဈေးသည်ဆိုတာ စောစောစီးစီး အကြွေးတောင်းတာကို နည်းနည်းမှမကြိုက်ဘူး၊ နို့ နေပါဦး၊ ဒီလောက်တောင် ရှင်ဖြစ်နေရတာက ဘယ်လိုလဲ၊ ဒီ ကျောင်းထားဖို့က ဒီလောက်ပဲ အရေးကြီးနေသလား၊ ဟင်'

ကိုထွန်းအောင်လည်း အသက်ရှူကျပ်သွားသလို မတ်တတ်က ထိုင်ချလိုက်ရင်း

'ကဲ တော်ပါတော့ဗျာ၊ ခင်ဗျား ပေးချင်မှပဲ ပေးတော့၊ ကျုပ် မတောင်းတော့ဘူး၊ ဟုတ်လား'

'ဘာလဲ ရှင် ကျွန်မကို ငေါ့တာလား၊ နို့ ဒီကျောင်းကကော ဒီနေ့ အအပ်ရင် မရတော့ဘူးတဲ့လား'

တစ်ယောက်က နံ့သာနီတောင်ဆိုနေပါလျက် တစ်ဖက်က ဘီလူးဆိုင်းတီးသလိုစည်းဝါးမကိုက်ဖြစ်နေသည်နှင့် ကိုထွန်းအောင်လည်း နောက်ထပ်ဘာတစ်ခွန်းမှ မပြောတော့ဘဲ မျက်နှာသုတ်ပဝါကိုဆွဲ၍ သက်ပြင်းချရင်း ဆင်းသွားတော့၏။

မရေးမနှောင်းမှာပင် လက်ဖက်ရည်ချိုင့်နှင့်အတူ အတာကလေး အိမ်ပေါ် ရောက်လာ၏။

'အတာ လာဦး ဒီကို'

အတာလည်း လက်ဖက်ရည်ချိုင့်ကို အသာချ၍ မသိန်းမေအနီးသို့ ခပ်ရို့ရို့ ကပ်လာ၏။

'နင့်ကို ဒီနေ့ ကျောင်းမအပ်ဖြစ်ဘူး ကြားလား၊ ကိုထွန်းအောင်ကို အမှ မမေးနဲ့နော်၊ ခုလဲ မမေးနဲ့၊ နောင်လဲ မမေးနဲ့၊ သူက ကျောင်းသွားအပ်မယ် လိုက်ခဲ့ဆိုမှ လိုက်သွား၊ နားလည်လား ငါပြောတာ'

အတာလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှပင် 'ဟုတ်ကဲ့ အမေ' ဟု ဖြေရင်း ခေါင်းကလေးငုံ့၍ တွေသွားရှာ၏။

စနေနေ့ နေ့တစ်ဝက် ရုံးမှပြန်လာလျှင် အင်္ကျီလိုက်ဝယ်ပေးမည်ဟု ကိုထွန်းအောင် ပြောခဲ့သဖြင့် အတာက သူ့အမေမေအား မေးမိရာတွင်လည်း ၌အတိုင်းပင် ပိတ်ပင်ခြင်းခံခဲ့ရ၏။ အင်္ကျီလည်း မရခဲ့။ ယခုတစ်ဖန် ကျောင်းအပ်မည့်ကိစ္စနှင့်လည်း ထိုနည်းနှင်နှင် တားမြစ်လာပြန်ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အတာလည်း အကျီကိစ္စနှင့် ကြုံခဲ့ရသောအသိဖြင့် ယနေ့ ကျောင်းအဝ်မည်ဆိုသည့် အရေးလည်း ပျက်ကွက်ပေတော့မည်ဟု ဆက်စပ်တွေးဖြင့် တွေးမိရှာ၏။ အကျီမဝယ်ဖြစ်စဉ်က မျက်နှာကလေး ညိုရုံသာ ညိုသွားသော အတာသည် ယခုသော် မျက်ရည်များပင် တဝေဝေလည်လာတော့၏။ ပါးပြင်ပေါ်သို့ ဒလဟော စီးကျမလာမီပင် အတာသည် သူ့မေမေအနီးမှခွာပြီး အိမ်သာတက်ချင်လိုဟန်ဖြင့် အောက်ထပ်သို့ ခပ်သုတ်သုတ် ပြေးဆင်းသွားတော့၏။

အောက်ထပ်ရှိ အိမ်သာမှာ ရန်ကုန်ထုံးစံအတိုင်း ရေချိုးခန်းနှင့်တစ်ဆက်တည်းဖြစ်သောကြောင့် မူထားမမှန် ဟန်ပျက်လာသော အတာအား တွေ့လိုက်ရသည်နှင့် ကိုထွန်းအောင်လည်း ရေချိုးနေရာမှ အတာကလေး အိမ်သာပေါ်အတက်တွင် ရုတ်တရက် လှမ်းဆွဲလိုက်၏။

'အတာ မင်း ဘာလို့ငိုလာတာလဲ ဟင်၊ မသိန်းမေ ရိုက်လို့လား'

သို့ ကိုထွန်းအောင်က လက်မောင်းတစ်ဖက်ကို လှမ်းဆွဲထားရင်း မေးလိုက်မှပင် အတာမှာ ပို၍ ဝမ်းနည်းသွားသလို ရှိုက်ကြီးတငင် ဖြစ်လာတော့၏။

'ပြောလေ ဘာဖြစ်လို့လဲ မင့်အမေ ရိုက်သလား'

အတာက ခေါင်းကို သွက်သွက်ကလေး ခါပြလိုက်၏။

'နို့ ဘာကြောင့် ငိုလာတာလဲ'

'ဗိုက် ဗိုက်နာလို့ပါ'

သို့ပြောရင်းပင် အတာသည် ကိုထွန်းအောင်လက်ထဲမှ အားကလေးနိုက်၍ ရုန်းနေ၏။ နောက်ထပ်မေး၍လည်း ရတော့မည်မဟုတ်ဟု တွေးမိ၍လားမသိ၊ ကိုထွန်းအောင်လည်း အတာအား အလိုက်သင့်ပင် လွှတ်ပေးလိုက်၏။

ထိုအချိန်က ကိုထွန်းအောင်သည် ဆပ်ပြာကိုင်စသာ ရှိသေး၏။ လောလောဆယ် ကြုံလိုက်ရသောအဖြစ်ကြောင့် ရင်နင့်သွား၍လော မပြောတတ်၊ ရေကိုပင် အဆုံးသတ်အောင် မချိုးတော့ဘဲ ဆပ်ပြာတုံးကို ဆတ်ခနဲ ပစ်ချကာ ပျာပျာသလဲ ပြန်တက်လာခဲ့၏။

ကိုထွန်းအောင် တက်လာချိန်၌ မသိန်းမေတွင် ဆိုင်ထွက်ရန် ဖြီးလိမ်းပြင်ဆင်ပြီးနေပြီဖြစ်၏။ သကြားကလေးဖြူးထားသော နံပြားထောပတ်သုတ်နှင့်လက်ဖက်ရည်သည်လည်း အသင့်ရှိနေလျက်

'ကဲ လာ ကိုထွန်းအောင်' ဟု လှမ်းခေါ်လိုက်သည်နှင့်

'ခင်ဗျားကောင်လေးကို ဘာလုပ်လိုက်ပြန်တာလဲ မသိန်းမေ'

ထိုမေးခွန်းမှာ အသံအနေဖြင့် ထွက်မလာ၊ ကိုထွန်းအောင်၏ လည်ချောင်းထဲတွင်ပင် တိမ်မြုပ် ပျောက်ကွယ်သွားသည်သာဖြစ်၏။ မေးသော်ကာ မေးလိုက်ချင်လှ၏။ သို့သော် မေး၍မဖြစ်။ အကယ်တိ အတာ ငိုသွားသည်မှာ အရိုက်ခံရ၍ဟု



မှန်ခဲ့လျှင် အရေးမကြီး၊ အခြား ဝမ်းနည်းဖွယ်ရာသော အကြောင်းတစ်ခုခုကြောင့်ငိုခြင်းဖြစ်မူ မသိန်းမေက 'မရိုက်ဘဲနှင့် ငိုရကောင်းလား'ဟု အပြစ်ဖို့၍ ရိုက်ချေဦးမည်။ သို့မဟုတ် အဘယ်ကြောင့် ငိုသည်ကို မရမကမေး၍လည်း ရိုက်ချင်ရိုက်နေပေမည်။

ဤသည်ကို တွေးမိသောကြောင့်ပင် ကိုထွန်းအောင်လည်း ဘာမျှမေးလားမြန်းလား မလုပ်တော့ဘဲ လက်ဖက်ရည်နှင့် မုန့်ကိုပင် စားချင်စိတ်မရှိတော့ပါပဲလျက်

'ဒါက ဘာဖြစ်ရပြန်တာလဲ' ဟူသော မသိန်းမေ၏ ခုနစ်အိမ်ကျော်ကကြားရမည့်အသံမျိုးဖြင့် အော်လိုက်မည်ကို လန့်၍သာ ခပ်သုတ်သုတ်စား၍သောက်ရပ်တဲ့ကာ

'ဒီမှာ မသိန်းမေ၊ ဒီနေ့ ကျုပ် ရုံးကိုစောစောသွားရလိမ့်မယ်၊ အမှုသည်တစ်ယောက်နဲ့ချိန်းထားလို့ ကြားပေါက်ကလေးဘာလေး အနည်းအကျဉ်းရမှာပဲ'

ဤလို ငွေရပေါက်မျိုးနှင့် အကြောင်းပြမှသာ ကိုထွန်းအောင်တွင် ချောချောရှုရှု သွားခွင့်ရ၏။ သို့မဟုတ်ပါက

'ဘယ်မယားငယ်နဲ့ ချိန်းထားပြန်ပလဲ' ဟူသော အပြောမျိုးဖြင့် စကားကြော ရှည်နေဦးမည် ဖြစ်၏။

အမှန်အားဖြင့် ကိုထွန်းအောင်သည် အတာနှင့် ပတ်သက်၍ စိတ်ထိခိုက်သွားသောကြောင့် မသိန်းမေအား မကြည့်ချင်သလို အတာအားလည်း မမြင်ရက်နိုင် ဖြစ်သွားသည့်အတိုင်း လွတ်ရာသို့ ထွက်သွားခြင်းသည်သာ အကောင်းဆုံးဟု ဆုံးဖြတ်ပိုင်းဖြတ်လိုက်ဟန်တူ၏။

သို့နှင့် အပေါ်အကျီဝတ်နေစဉ်မှာပင်

'ဘယ်ထွက်သွားပြန်မလဲ မသိဘူး၊ ဒီကောင်လေး'

'လာပါလိမ့်မယ်ဗျာ၊ အရမ်းကာရော အော်ခေါ်မနေပါနဲ့ဦး၊ ကောင်လေးဗိုက်နာလို့တဲ့ အိမ်သာတက်နေတယ်'

'အင်း ခိုင်းမယ်မှ မကြံရသေးဘူး၊ သေးပေါက်ရတာနဲ့ ချီးယိုရတာနဲ့'

ကိုထွန်းအောင်တွင် ထိုစကားအတွက် အတော်ကလေး စိတ်ဆိုးသွားသည့်မှာ အံတကြိတ်ကြိတ်ဖြင့် လှည့်ကြည့်နေပြီးမှ

'တယ်လဲခက်ပါလား မသိန်းမေ၊ ချီးက ပါတိုင်း ထွက်တာမဟုတ်ဘူးဗျ၊ ဘယ်သူက အိမ်သာနဲ့ခံပြီး အလကားထိုင်နေချင်မှာတုံး'

'ရှင် ဘာသိလဲ၊ ဒီကောင်လေး သောက်ကျင့်ကို မကောင်းဘူး'

မသိန်းမေက သူနားလည်သောအသိဖြင့် မလျှော့တမ်း ပြောလိုက်ပြန်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



'ကဲဗျာ ဒါတွေ ပြောမနေနဲ့တော့ အတာကို ဘာခိုင်းမလို့လဲ ပြော၊ ကျုပ်ပဲ လုပ်ပေးခဲ့မယ်'

'ရှင့်ဟာရှင် သွားမှာသာ သွားတော့၊ မနက်တိုင်း သေးအိုးသွန်ရတယ် ဆိုတာ သိရဲ့သားနဲ့ အိမ်သာသွားတာ တစ်ခါတည်းယူမသွားလို့ မေးနေတာရှင့်'

ကိုထွန်းအောင်လည်း စိတ်မောလူမောဖြစ်သွားကာ အတန်ကြာတွေနေမိပြီးမှ

'ကဲ ခင်ဗျားကော ဈေးသွားတော့မယ်မဟုတ်လား၊ လာလေ ကျုပ်နဲ့ပဲ လန်ခြားနဲ့ လိုက်ခဲ့ပြီး ဈေးကျတော့ ခင်ဗျား ဆင်းနေရစ်ပေါ့'

အတာ့အပေါ်၌ မသိန်းမေ၏ ငြိုငြင်စကလေး ရှိနေသေးသည်နှင့်အမျှ ကိုထွန်းအောင်သည် အတာ့အတွက် စိတ်မချနိုင်ဖြစ်နေသေး၏။ သို့အလျောက်လည်း မသိန်းမေအား တစ်ပါတည်းပါအောင် ပရိယာယ်ဖြင့်ခေါ်သည်ကို ကံအားလျော်စွာ မသိန်းမေကလည်း မငြင်းမပယ် အလွယ်နှင့် ထလိုက်သွားတော့၏။

ကိုထွန်းအောင်တို့ ဆင်းသွားကြသည့်အချိန်ထိ အတာသည် အိမ်သာထဲ၌ အလိုက်သည်းဖို့ ငို၍မဝနိုင်အောင် ရှိနေရှာသေး၏။

'ဟဲ့ အိမ်သာထဲမှာ ဘယ်သူလဲ'

ရုတ်တရက်သော် ထိုမေးသံကြောင့် အတာတွင် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ နောက် အသံကို ကျက်မိလိုက်သည်တွင်မှ

'ကျွန်တော်ပါ မမသွယ်' ဟု ဖြေလိုက်ပြီးမှ ဆက်လက်၍

'မေမေတို့ သွားပြီလား မမသွယ်'ဟု အိမ်သာထဲမှပင် အသံအုပ်အုပ်ကလေးဖြင့် မေးလိုက်သောကြောင့်

'နင့်မိထွေးလား၊ သွားပြီ ကဲ ထွက်တော့'

သို့ပြောလိုက်သော မခင်သွယ်မှာ မခင်သက်၏ အထွေးဆုံးညီမဖြစ်လျက် မသိန်းမေအား အတာနှင့်ပတ်သက်၍ နှလုံးနာနေသူဖြစ်၏။ ထို့ကြောင့်ပင် 'နင့်မိထွေး' ဟူသော ဘွဲ့ထူးဖြင့် အငေါ်ကလေးတူး၍ ပြောလိုက်ခြင်းဖြစ်ဟန်တူ၏။

တံခါးကို အသာဖွင့်၍ မရဲတရဲနှင့် ဆင်းလာသော အတာကလေးကို မြင်လိုက်ရသည်နှင့်

'အင်း နင့်မလဲ စောစောစီးစီး အရိုက်ခံရလား ခံရရဲ့၊ ဒုက္ခပဲ၊ မော်လမြိုင်မှာပဲ နင့်အဘွားဆီ သွားနေပါတော့ အတာရယ်၊ ဒီမိန်းမကြီးနဲ့နေလို့တော့ နင် ဒီလိုပဲ တစ်သက်လုံး ဒုက္ခရောက်နေမှာပဲ'

အိမ်သာဝမှဆီး၍ အတာ့ ခေါင်းကလေးကို ပွတ်ရင်း ပြောလိုက်သောကြောင့်

'ကျွန်တော့်ကို ကျောင်းထားမယ်ဆိုပြီး ခေါ်လာတယ် မမရဲ့၊ ဒီနေ့



ကျောင်းအပ်ပေးမယ်ပြောပြီး မေမေက ဒီနေ့ မအပ်ဖြစ်ဘူးတဲ့'

အတာတွင် မျက်ရည်ကလေး လည်လာပြန်၏။

'အေး နင့်အမေလား၊ သုံးဆယ့်ခြောက်ကောင် ထိုးဖို့တောင် ပိုက်ဆံ လောက်နိုင်ဘူး၊ နင့်ကို ကျောင်းထားပေးဖို့ဆိုတာတော့ ဝေးပါသေးရဲ့'

ထိုအခိုက်တွင် အတာ့ မမသက် ရောက်လာပြီး

'မိခင်သွယ် ကလေးကို စိတ်ဆင်းရဲအောင် ပြောမနေပါနဲ့အေ၊ သူ့အမေ ထားလဲ သူ့အဖေက ထားပေးမှာပေါ့၊ ဟုတ်တယ် အတာ ကိုထွန်းအောင်က ပြောသွားတယ်၊ သုံးလေးရက်နေရင် မင့်ကို ကျောင်းအပ်ပေးမတဲ့'

သို့ပြောနေရင်းကပင် မခင်သက်က သူ့ညီမအား မျက်စိမှိတ်ပြလိုက်၏။

\+ + +

ကိုထွန်းအောင်လည်း မသိန်းမေကို သိမ်ကြီးဈေးတွင် ချပေးခဲ့ပြီး လန်ခြားကို ဆက်လက်စီးသွားရာ၌ လမ်းတစ်လျှောက်လုံးပင် အတာ့ပြဿနာကိုသာတွေး၍ ငေးငေး လိုက်ပါသွားတော့၏။

အတာကလေး အိမ်သာတက်စဉ်က ငိုသည်မှာ ဗိုက်နာ၍ဟု အကြောင်းပြသော်လည်း ကိုထွန်းအောင် မယုံကြည်ခဲ့။ အကြောင်းတစ်ခုခုကား အမှန်ပင် ရှိလိမ့်မည်ဟု တွေးနေမိ၏။ သို့နှင့် သူစီးလာသော လန်ချားကို မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) သို့ အရောက်တွင် ရုတ်တရက် ပြန်ကွေ့ခိုင်းလိုက်၏။

လန်ခြားခပေးပြီး အပြေးကလေးတက်လာ၍ အိမ်ပေါ်သို့ရောက်သည်နှင့် တံစာအုပ်ကလေးကိုင်ကာ လှေကားဘက်သို့ကျောခိုင်း၍ ငိုင်နေသော အတာကို တွေ့ရသည်တွင်

'ဟေ့ အတာ'

ကြင်နာမှုအပြည့်ပါသောအသံဖြင့် ခေါ်လိုက်သည်ကို ရုတ်တရက် ကြားလိုက်ရသည်နှင့် အတာလည်း ချာခနဲ လှည့်ကြည့်မိ၏။ ထိုအချိန်၌ ကိုထွန်းအောင်မှာ အတာ့အနီးသို့ ရောက်လာပြီဖြစ်လျက်

'ဒီမှာအတာ ငါမေးမယ်၊ မင်း မှန်တာကို ပြောနော်၊ မကြောက်နဲ့၊ မင့်အမေကို ငါ ပြန်မပြောဘူး၊ ဟုတ်လား'

ဤသို့ ကတိပေးရင်း မေးလိုက်သည်ကိုပင် အတာသည် သွက်သွက် ဆက်လက် မရှိလှဘဲ၊ အတော်ကြာအောင် စဉ်းစားသလို ငေးနေပြီးမှ လေးလေးကြီး ခေါင်းညိတ်လိုက်၏။ ထို့မှနှင့်ပင် အတာသည် မသိန်းမေအား အဘယ်မျှလောက် ကြောက်နေရသည်ကို အကဲခတ်နိုင်ပြီဖြစ်၏။

'စောစောက မင်း ဘာဖြစ်လို့ငိုတာလဲအတာ၊ ဟင် ပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com



အတာသည် အင်းမလှုပ် အဲမလှုပ်နှင့် ငုတ်တုတ်ကြီးပင် ငြိမ်နေပြန်သောကြောင့်

'ပြောဝါကွ၊ ငါ မင့်အမေကို မတိုင်ပါဘူး၊ ကဲ ပြောစမ်း အတာ'

ထိုခုမှ အတာသည် အသာအယာ မော့လာ၏။

'မင့်အမေက ဘာပြောသလဲ၊ ငါ မတိုင် ပါဘူးကွ၊ ရဲရဲသာ ပြောစမ်းပါ'

'ဟုတ်ကဲ့၊ မနက်က ကျွန်တော် လက်ဖက်ရည်ဝယ်ပြီး ပြန်လာတော့ အမေက ပြောတယ်၊ ဒီနေ့ နင့်ကို ကျောင်းမအပ်ဖြစ်ဘူးတဲ့'

ပြောနေရင်းကပင် အတာလည်း မျက်ရည်ကလေး ဝေလာပြန်၏။

'အင်း ပြီးတော့ကော'

'အဲဒါ အဲဒါ'

အတာသည် ကိုထွန်းအောင်အား ဤကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောရန် မသိန်းမေက မှာထားခဲ့ကြောင်း ပြောကြားလို၏။ သို့သော် ကိုထွန်းအောင်အား အဖေဟူ၍လည်း မခေါ်၊ လူကြီးဟူ၍လည်းကောင်း၊ ဦးလေးဟူ၍လည်းကောင်း ထုတ်ဖော် ခေါ်ဝေါ်ရမည်လည်း အခက်နှင့် ရုတ်တရက် စကားလုံးရှာ၍မထွက်နိုင် ရှိနေရှာ၏။

ဤသည်ကို တွေးမိသောကြောင့်ပင် ထင်၏။ ကိုထွန်းအောင်လည်း မသိမသာ ပြုံးမိပြီးမှ

'အေး ပြီးတော့ ကိုထွန်းအောင်ကိုလဲ ဘာမှမပြောရဘူးလို့ မှာသွားသေးသလား'

'ဟုတ်ကဲ့ ကျောင်းအပ်ဖို့စကားကို ဒီနေ့လဲမပြောနဲ့၊ နောက်လဲ မပြောရဘူး၊ သူက ကျောင်းသွားအပ်မယ် လိုက်ခဲ့ဆိုမှ လိုက်သွားတဲ့'

ကိုထွန်းအောင်တွင် အတော်ကြီး စိတ်မကောင်းဖြစ်သွားတော့၏။

'နို့ ငိုတာက ဘာဖြစ်လို့လဲ'

'ကျွန်တော် ကျောင်းနေချင်တယ်၊ အောက်ထပ်က ဝင်းမောင်တို့လို ကျွန်တော်လဲ ကျောင်းနေချင်တာကို မေမေက မထားသေးဘူးပြောတာနဲ့'

စကားပင် ရှေ့မဆက်နိုင်။ အတာတွင် မျက်ရည်ဖြိုင်ဖြိုင် ကျလာသောကြောင့် ကိုထွန်းအောင်လည်း ထိမိုက်သွားသောစိတ်ဖြင့် အိတ်ထဲမှ လက်ကိုင်ပဝါ ဆွဲထုတ်၍ သုတ်ပေးရင်း

'ကဲဟါကွာ ငိုမနေပါနဲ့တော့၊ နောက် လေးငါးရက်ကြာရင် ငါ ကျောင်းအပ်ပေးပါမယ် ဟုတ်လား၊ မင်းအမေကို ဘာမှ မပြောနဲ့နော်၊ ငါလဲ မပြောဘူး'

မျက်ရည်ကြောင်းများဖြင့် ကြည့်မကောင်းအောင် ဖြစ်နေသည်မှန်သော်



လည်း ယခု မော်လာသော အတာ၏ မျက်နှာကလေးတွင် ဝမ်းမြောက်ရွှင်လန်းသွားသော အရိပ်အရောင်ကလေး ပေါ်လာ၏။

'နောက် လေးငါးရက်ကြာရင် ကျောင်းထားပေးမယ် ဟုတ်လား'

'အေးပေါ့ကွာ၊ မင်း စာကိုသာ ကြိုးစားဖတ်နေနော်'

'ဟုတ်ကဲ့၊ ကျွန်တော် သုံးရက်ရှိပြီ၊ အောက် ဆင်းမကစားတော့ဘူး၊ စာကျက်နေတယ်'

'အေး မင်းက လိမ္မာတာကိုး၊ ဒါပေမဲ့ အတာ တစ်နေ့လုံး စာချည်းထိုင်ဖတ်မနေနဲ့၊ အောက်ကိုလဲ ဆင်းကစားပေါ့၊ ခဏဖြစ်ဖြစ် ဟုတ်လား၊ အိမ်ပေါ်မှာချည့် ထိုင်နေရင် ညောင်းပြီး နေမကောင်းဖြစ်လိမ့်မယ်၊ နေမကောင်းတော့ မင်း ကျောင်းသွားနိုင်မှာ မဟုတ်ဘူး၊ ကြားလား'

'ဟုတ်ကဲ့'

'နောက်ပြီး သေးလဲ ဆင်းဆင်းပေါက်ဦးနော်၊ အောင့်မထားနဲ့၊ အောင့်ထားတာ မကောင်းဘူး၊ ဖျားတတ်တယ်ကွ'

'ဟုတ်ကဲ့'

'ဒါနဲ့ အတာ၊ ညက ထမင်းမစားရဘူး ဟုတ်လား'

'မုန့်ဟင်းခါးစားရတယ်လေ၊ မမသက်က ဝယ်ကျွေးတယ်'

ယမန်နေ့ညက မသိန်းမေနှင့် စကားများနေရသည်နှင့် အတာ့အတွက် ထမင်းကိစ္စကိုပါ မေ့နေခဲ့ပြီး သူတို့နှစ်ယောက် ထမင်းဆိုင်ထိုင်မိမှ အတာ့ကို သတိရလာပြီး

'ခင်ဗျား ဆူပူနေတာနဲ့ ကျုပ်ကလဲ မေ့တယ်၊ ခင်ဗျားကလဲ သတိရဘူး'

'ဘာကိုလဲ'

'အတာလေ၊ သူ ထမင်းမစားရသေးဘူး မဟုတ်လား'

'နေပေ့စေ၊ ပြန်သွားမှ တစ်ခုခု ဝယ်ကျွေးလိုက် ပြီးတာပဲ'

ဤသည်မှာ ထမင်းမစားရသေးသော ခုနစ်နှစ်သားခန့်အရွယ် လူမမယ်ကလေးအတွက် မသိန်းမေတည်း ဟူသော မိခင်က ပြောလိုက်သည့် စကားဖြစ်၏။ ကိုထွန်းအောင်တွင်မူ စကားများနေဦးမည်စိုးသည့်အတိုင်း ညတွင်ပင် စကားကိုဖြတ်၍ သက်ပြင်းကိုသာ ကြိတ်၍ ချခဲ့ရတော့၏။ နေ့ပြော်ညတို့ ပြန်ရောက်လာသောအခါတွင်မူ အတာမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီဖြစ်၍ အတာ့အတွက် ထမင်းပြဿနာ ပေါ်မလာတော့ဘဲ ရှိခဲ့၏။

ယခု မခင်သက်က မုန့်ဟင်းခါးကျွေးသည်ဟု အတာပြော၍ သိရခြင်း အနည်းငယ် စိတ်သက်သာရာ ရသွားတော့လျက်

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ခုမနက်စာအတွက် မင်းအမေဆီ လိုက်မသွားနဲ့တော့၊ မင်းဟာ မင်း ဝယ်စား ရော့'

ပြောပြောဆိုဆို ထရင်း မုန့်ဖိုးတစ်စေ့ ပစ်ပေးလိုက်ပြီးမှ ကိုထွန်းအောင် ဆင်းသွားတော့၏။

\+ + +

ထိုနေ့တစ်နေ့လုံး ကိုထွန်းအောင်တွင် ဖြောင့်ဖြောင့်တန်းတန်း အလုပ်လုပ်၍ မရ။ သူ့စိတ်မှာ အတာကလေး၏ ကျောင်းအပ်နိုင်ရေး ပြဿနာတွင်သာ တဝဲလည်လည် ဝင်စားနေတော့၏။ နောက်တစ်နေ့တွင်လည်း ထိုအတူ သုံးရက်မြောက်သောနေ့၌လည်း ဤနည်းနှင်နှင်ပင် အတာ့အတွက် စိတ်လက်မကောင်း ဖြစ်နေတော့၏။

စတုတ္ထမြောက်နေ့တွင်မူ ဖြစ်လိုရာဖြစ်ဟူသော သဘောဖြင့် ကိုထွန်းအောင်သည် ငှင်းလုပ်သောရုံးမှ ဒရဝမ်ကုလားတစ်ယောက်ထံ မျက်နှာငယ်ခံ၍ တစ်ဆယ်လျှင် နှစ်ကျပ်တိုးဖြင့် ငွေသုံးဆယ်ကို မျက်စိမှိတ် ချေးယူလိုက်တော့၏။

ချေးငွေမှာ သုံးဆယ်ဖြစ်သောကြောင့် ပေးရမည့်အတိုးမှာလည်း ခြောက်ကျပ် ဖြစ်၏။ ထိုခေတ်ထိုအခါက ခြောက်ကျပ်ဆိုသောငွေမှာ ကိုထွန်းအောင်လို စာရေးတစ်ယောက်အဖို့ ရသောလခ၏ ခုနစ်ပုံ တစ်ပုံခန့် ဖြစ်၏။ မန္တလေး ပိုးလုံချည် ကောင်းကောင်းတစ်ထည်နှင့် ရှပ်အင်္ကျီချောချောတစ်ထည် အလွယ်နှင့် ဝယ်နိုင်သော ငွေဖြစ်၏။

သို့တိုင်အောင် ထိုပေးရမည့်အတိုးကို မနှမြောနိုင်။ လွယ်လွယ်နှင့် ချေး၍ ရသဖြင့် အတာအား ကျောင်းအပ်နိုင်တော့မည့်အရေးကို တွေးမိတိုင်း ထိုနေ့အဖို့ မိနစ်ပိုင်းနှင့်အမျှ ကိုထွန်းအောင်တွင် ဝမ်းသာမဆုံး ရှိနေတော့၏။

ဤလို မွန်မြတ်သော စိတ်ထားကြောင့်လေလော မသိ။ မခင်သက်တို့ အသိုက်က ပထွေးဖြစ်သော ကိုထွန်းအောင်အား ဖအေရင်းဟူ၍လည်းကောင်း၊ မသိန်းမေကိုမူ မိထွေးဟူ၍လည်းကောင်း၊ တစ်ဦးကို ဂုဏ်ပြုပြီး တစ်ယောက်ကို လှောင်သရော်သလို ခေါ်ဝေါ်သုံးနှုန်းစပင် ပြုလာကြဟန်တူ၏။

မသိန်းမေရန်ကို ကြောက်ရသေးသည့်အတိုင်း သုံးဆယ်သော ငွေအသပြာကို ကျစ်ကျစ်ပါအောင် သိုဝှက်၍ တက်လာသော ကိုထွန်းအောင်လည်း အဆင်သင့်ပင် အတာတစ်ယောက်တည်းကိုသာ သူ့စွပ်ကျယ်ကလေး သူ့ဘာသာလျှော်၍ လှမ်းနေသည်ကို တွေ့ရသောကြောင့်

'အတာ မင်း ရေချိုးပြီးပလား'



'ဟင့်အင်း မချိုးရသေးဘူး၊ အင်္ကျီပဲ လျှော်ရသေးတယ်'

'သွား ရေမြန်မြန်ချိုးချေ၊ မင့်အမေပြန်မလာခင် အင်္ကျီသွားဝယ်ရအောင်'

အတာလည်း မမျှော်လင့်သောစကားကို ကြားလိုက်ရသကဲ့သို့ ဝမ်းသာအယ်လဲနှင့် ရုတ်တရက် ကြောင်ကြည့်နေပြီးမှ

'ကျွန်တော့်ဖို့လား ဟင်'

'အေးပေါ့ကွ၊ ခု မင်းဖို့ အင်္ကျီနဲ့ လုံချည် သွားဝယ်ပေးမယ်၊ နက်ဖြန်ကျတော့လဲ ကျောင်းသွားအပ်မယ် ဟုတ်လား၊ အဲဒါ မင့်အမေပြန်လာရင် ဘာမှ မပြောနဲ့ဦးနော်'

'ဟုတ်ကဲ့၊ ဘုရားစူး ကျွန်တော် မပြောပါဘူး'

မသိန်းမေ သိသွားလျှင် ဤအရေးကိစ္စ ပျက်ပြားသွားပေဦးမည်ဟု အတာကိုယ်တိုင်က လန့်နေဘိသကဲ့သို့ ကတိပေးရာ၌ပင် ပို၍ လေးနက်သွားစေရန် ကျိန်ကာတွယ်တာနှင့် ပြောရင်းကပင် ကသောကမြော ပြေးဆင်းသွားတော့၏။

အသင့်ချုပ်ပြီးသားပင်ဖြစ်သော်လည်း သပ်သပ်ရပ်ရပ်နှင့် အတော်ကလေးကောင်းသော ရှပ်အင်္ကျီနှစ်ထည်နှင့် ပလေကပ်လုံချည် နှစ်ထည်ကို ခပ်သုတ်သုတ်ဝယ်၍ ပြန်လာကြသော အတာတို့သားအဖသည် ခြောက်နာရီခွဲလောက်တွင်မှ အိမ်ရောက်သော်လည်း မသိန်းမေ ပြန်မလာသေးသည့်နှင့်

'ကဲ အတာ၊ မင့်အင်္ကျီနဲ့ လုံချည်တွေကို ဖွက်ထားဦးနော်၊ မင့်အမေ သိစေနဲ့'

အတာလည်း တစ်ခုံတစ်ရာ ဘာမျှမပြောနိုင်၊ ပြုံးပြုံးပျော်ပျော်နှင့်ပင် ယူလာသော အင်္ကျီထုပ်ကလေးကို ပိုက်လျက် ဝှက်ရမည့်နေရာကို အလောသုံးဆယ် ရှာနေတော့၏။ သူတို့ မိသားစုသုံးယောက်တွင် အိမ်ထောင်ပရိဘောဂဟူ၍ သံသေတ္တာနှစ်လုံး၊ ကြောင်အိမ်ကလေးတစ်ခုနှင့် အိပ်ရာလိပ်သာလျှင်ရှိ၍ အခန်းကလည်း ဆယ်ပေမျှသာဖြစ်ရာ အတာတွင် သူ့အင်္ကျီထုပ်ကလေးထားရန် နေရာရှာမရနိုင်အောင် ဟိုလှမ်းသည်ပြေးဖြင့် အမောကလေးသာ ဆိုက်တင်နေတော့၏။

ဤလို ဗျာများနေရှာသော အတာကိုကြည့်ရင်း ကိုထွန်းအောင်မှာ စိတ်လည်း ထိခိုက်ဖွယ်၊ ရယ်စရာလိုလည်း ဖြစ်နေတော့ကာ မချင့်မရဲကြီးပြုံးလိုက်ပြီးမှ

'ကဲပါကွာ၊ ဖွက်မနေပါနဲ့တော့၊ မင့်အမေ ဒီနေ့ မသိလဲ နက်ဖြန်တော့ သိမှာပါပဲ၊ မင်းထားချင်တဲ့နေရာမှာပဲ ထားပါတော့'

သို့ပြောလိုက်မှပင် အတာ၌ အသက်ရှူချောင်သွားသလို ချစ်စရာကလေး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြရင်း

'ဒါဖြင့် ကျွန်တော် ဝတ်ကြည့်ဦးမယ်နော်'

ကိုထွန်းအောင် ခေါင်းညိတ်ပြလိုက်သည်နှင့် အတာလည်း ရှပ်အင်္ကျီကို ထဘွားကသီဆွဲစွပ်၍ လုံချည်ကလေးကိုပါ ဝတ်ကြည့်ရင်း တရွှင်ရွှင် ကြည်နူး နေရှာတော့၏။

'ညကျရင် လမ်းထိပ်မှာ ကျွန်တော် ဖိနပ်တစ်ရံ သွားဝယ်မယ်'

အင်္ကျီကိုလည်းကောင်း၊ လုံချည်ကိုလည်းကောင်း အပြန်ပြန်အလှန်လှန် ကြည့်နေပြီးမှ ရုတ်တရက် နီဒါန်းကလေးမှ မဆင့်တော့ဘဲ ဝမ်းမြောက်သံ အနင့်သားနှင့် ကောက်ကာငင်ကာ ပြောလိုက်သောကြောင့် ကိုထွန်းအောင်တွင် အင်္ကျီနှင့် လုံချည်သာ ဝယ်ပေးမိပြီး ဖိနပ်ကိုမူ အတာ ယခုပြောမှ သတိရ လာ၏။ ဝယ်ပေးရန်လည်း ရည်ရွယ်ရင်းရှိပြီး ဖြစ်၏။ သို့သော် အတာက 'သွားဝယ်မယ်' ဟူ၍ ကျော့ကျော့ပိုင်ပိုင်ကလေး ပြောလိုက်သည်မှာ အဘယ်လို သဘောနှင့်ဟု သိလိုသောကြောင့်

'ဖိနပ်သွားဝယ်မယ် ဟုတ်လားကွ၊ မင်းမှာ ပိုက်ဆံရှိလို့လား'ဟု မေးလိုက်သည်တွင်

'ရှိတယ်လေ၊ မေမေပေးတဲ့ ထမင်းဖိုးရော၊ သူ'

ရှက်အမ်းအမ်း အမူအရာကလေးဖြင့် ကိုထွန်းအောင်အား လက်ညှိုးကလေး ညွှန်နေပြီးမှ ခေါင်းကလေးငုံ့သွားသောကြောင့် ကိုထွန်းအောင်က ပြုံး၍

'ကဲ ထားပါတော့ကွာ၊ ငါပေးတဲ့ မုန့်ဖိုးရယ်၊ အဲဒါတွေ မင်းစုထားတာ ရှိသလား'

'ဟုတ်ကဲ့၊ ကျွန်တော်စုထားတာ သုံးမူးတောင်ရှိတယ်'

'နို့ ဒီသုံးမူးထဲနဲ့ မင်း ဘာဖိနပ်ဝယ်မှာလဲ အတာ'

'ကျွန်တော် မေးကြည့်တယ်၊ ဘုံဘိုင်ရေဖိနပ်က သုံးမူးတစ်ပဲတဲ့၊ ခု ကျွန်တော့်ဆီမှာ သုံးမူးရှိတယ်၊ ညကျရင် ထမင်းဖိုးတစ်ပဲရတော့ သုံးမူးတစ်ပဲ ဖြစ်ရော၊ အနီရောင် ကတ္တီပါကလေးနဲ့ ဘုံဘိုင်ရေဖိနပ်ကလေး သွားဝယ်မယ်၊ ပြီ

ကလေးများ ဝမ်းသာအားရရှိသောအခါတွင် စကားအဆုံးသတ်၌ ထွက် လာတတ်သည့် 'ပြီ' ဟူသော လျှာစုတ်သံကလေးနှင့်ပင် အတာက စကားဖြတ် လိုက်၏။ တစ်မျက်နှာလုံးလည်း ပြုံးနေတော့၏။ ကိုထွန်းအောင်တွင်မူ အတာ၏ အပြုံးတောက်ရော ကြည်နူးမှုပါ တစ်စုတစ်ဝေးကြီး ကူးစက်သွားသည်နှင့် အားပါးတရ ရယ်မိရာမှ

'ခုညရမဲ့ ထမင်းဖိုးပါ ဖိနပ်ဝယ်လိုက်ရင် မင်း ဘာနဲ့ ထမင်းစားမလဲ ကွဲ'



'မစားတော့ဘူးပေါ့၊ ညကျရင် ရေအများကြီးသောက်ပြီး အိပ်လိုက် မှာပေါ့၊ ဟိုတစ်နေ့ကလဲ မေမေ ထမင်းဖိုးမပေးခဲ့လို့ ဒီလိုပဲ ကျွန်တော် အိပ် လိုက်တာပဲ၊ ကိစ္စမရှိဘူး၊ ဖိနပ်ပဲဝယ်မယ်၊ ရေတွေအများကြီးသောက်ပြီး အိပ် လိုက်ရင် ဝတာပဲ'

နှစ်လိုဖွယ် ထိုထိုအပြောအဆိုကလေးများကြောင့် အတာ့အပေါ်၌ သက်ရောက်နေသော ကိုထွန်းအောင်၏ ကရုဏာမှာ ပွားသည်ထက်သာ ပွားနေ ရှာတော့၏။

'ကဲပါကွာ၊ မင့်အမေက ထမင်းဖိုးပေးရင်လဲ ထမင်းဝယ်စား၊ စုထားတဲ့ သုံးမူးလဲ မင်းပဲသိမ်းထားပေါ့၊ ဖိနပ်ကို ငါဝယ်ပေးမှာပေါ့၊ ဟုတ်လား အတာ'

'ဟုတ်ကဲ့' ဟု ပြန်ပြောရင်း တစ်စုံတစ်ခုကို အလုအယက် စဉ်းစား သလို တွေနေပြန်ပြီးမှ

'ဒါဖြင့် အဲဒီ ပိုက်ဆံသုံးမူးနဲ့ လွယ်အိတ်ကလေး ဝယ်မယ်၊ ဟောဒီ အောက် သေးသေးလေးဟာ တစ်ခုငါးပဲတဲ့၊ လမ်းထိပ်က ထီးဆိုင်မှာ ကျွန်တော် မေးကြည့်တယ်'

'ကဲပါ အတာ၊ မင့်ပိုက်ဆံ မင့်ဟာမင်း သိမ်းထားစမ်းပါ၊ အားလုံး ငါဝယ်ပေးပါ့မယ်၊ လွယ်အိတ်ရော စာအုပ်ရော ကျောက်သင်ပုန်း ကျောက်တံ အစုံ ငါဝယ်ပေးပါ့မယ်ကွာ'

ထိုအခိုက်တွင် အောက်ထပ်မှ တက်လာသော ခြေသံတစ်ခုနှင့်အတူ မသိန်းမေ၏ ကိုယ်တစ်ပိုင်းကို ပထမဆုံး မြင်လိုက်ရ၏။ သို့ မြင်လိုက်ရသော မျက်နှာထားမှာ တစ်စုံတစ်ရာ အပေါက်အလမ်းမတည့်သည့် အခါများကကဲ့သို့ပင် မှုန်တင်းတင်းနှင့် တွေ့ရသောကြောင့် အတာလည်း ဝတ်ထားသော လုံချည် ကလေးကို ယောင်ချာချာဖြင့် ချွတ်နေမိတော့၏။

မသိန်းမေက အတာအား တစ်ချက်မျှသာ လှမ်းကြည့်တဲ့ပြီး ကိုထွန်း အောင်ဆီသို့ မျက်နှာမူလိုက်သည်နှင့် ကိုထွန်းအောင်ကပင် စ၍

'ခင်ဗျားသားကို ကြည့်ပါဦး၊ ရှပ်အင်္ကျီနဲ့ လုံချည်လေးရလို့ သိပ်ဝမ်းသာ နေတယ်'

'ဘာလဲ ရှင်ဝယ်ပေးတာလား'

'အင်းပေါ့၊ ခုနပဲ သူ့ပါခေါ်ပြီး သွားဝယ်လာခဲ့တယ်'

(ဒါတွေဝယ်လာတာ မင့်အမေ မသိစေနဲ့ဦး) ဟူသော စေ့စေ့က ကိုထွန်းအောင် စကား'ကြောင့် အတာတွင် အတော်ကလေး ရင်ဖိုနေ၏။ ဆူဆူ ဆူ ဖြစ်နေဦးမည်လား ဟူ၍လည်း တွေး၍ ကြောက်နေ၏။ သို့သော် ဤ အခြေသို့ မသိန်းမေက ဘာတစ်ခွန်းမျှ မပြောသေးသည့်တိုင်အောင် အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



လဲရင်း လှုပ်ရှားနေသော မသိန်းမေအား အတာသည် အရိပ်တကြည့်ကြည့်ဖြင့် ငေးနေမိရှာ၏။

'ဘာတုံး ကိုထွန်းအောင်၊ ဒီနေ့ ရှင် ကြားပေါက်ရလာသလား'

'မဟုတ်ပါဘူး၊ ကျုပ် တစ်ဆယ်နှစ်ကျပ်တိုးနဲ့ ဈေးလာတယ်၊ ကောင်လေး ကျောင်းအပ်ဖို့ရော အဝတ်အစားလေးဝယ်ဖို့ပါ ဆိုပါတော့၊ ငွေသုံးဆယ် ဈေးလာတယ်'

'အင်း'

သို့လျှင် နီဒါန်းပျိုးလိုက်သော မသိန်းမေ၏ 'အင်း' သည် သူလိုငါလို အင်းမျိုး မဟုတ်။ တစ်စုံတစ်ရာ အပြစ်ရှာလိုသော အခါတွင်ဖြစ်စေ၊ မကျေနပ်မှု တစ်ခုခုရှိလာလျှင်ဖြစ်စေ ဤလို အင်းမျိုးမှပင် စတတ်သည်ကို ကိုထွန်းအောင် သိ၏။

သို့စေကာမူလည်း ကိုထွန်းအောင်သည် ဤတစ်ကြိမ်၌ မည်သို့သော အရေးအခင်းနှင့်ပင် ကြုံလာစေ ရင်ဆိုင်ရန် အသင့်ကဲ့သို့ မသိန်းမေ ပြောလာမည့် စကားကိုသာ နားစွင့်နေ၏။

'နို့ ဒီ ဈေးလာတဲ့ပိုက်ဆံက ဘယ်လိုဆပ်မှာတုံး'

'ကျုပ် လခထုတ်တော့ ဆပ်လိုက်ရင် ပြီးတာပဲ'

ကိုထွန်းအောင်၏ အသံသည် မာမာကလေးပင် ထွက်လာ၏။

'လခထုတ်တော့ ဆပ်လိုက်ရင်ပြီးတာပဲ ဟုတ်လား၊ ဒါဖြင့် လခထုတ်တဲ့ အခါ ဒီအကြွေးကိုဆပ်ပြီးလို့ ပိုတာမှ ကျွန်မ ရမယ်ဆိုပါတော့'

ထိုစကားကြောင့် ကိုထွန်းအောင်တွင် စိတ်မောလုမော ဖြစ်သွားကာ ဟောခနဲ သက်ပြင်းကြီး မှုတ်ထုတ်တဲ့ပြီးမှ

'နည်းနည်းပါးပါးလဲ စဉ်းစားဦး မသိန်းမေ၊ ခင်ဗျားလုပ်ပုံရော ပြောပုံပါ တော်တော်တရားလွန်နေပြီ သိလား၊ လခထုတ်တဲ့အခါ အဲဒီကြွေးဆပ်လို့ လျော့သွားမှာသာ ခင်ဗျားမြင်နေတယ်၊ ဟိုနေ့က မြင်းလောင်းဖို့ ယူသွားတဲ့ ငွေကိုတော့ ခင်ဗျား ထည့်မပြောဘူး၊ ဟိုနေ့က ခင်ဗျားယူသွားတဲ့ ပိုက်ဆံ ပြန်ပေးပါဆိုတော့လဲ ခင်ဗျား စကားများတယ်၊ ဘယ့်နှယ့်ဟာလဲ'

'ရှင် ကျွန်မကို အော်မပြောပါနဲ့၊ ရှင့်ကိစ္စက အတိုးနဲ့ ဈေးရလောက် အောင် အရေးကြီးနေသလား၊ ကဲ ပြောစမ်းပါဦး'

'ဒီစကားမျိုးမပြောနဲ့ မသိန်းမေ၊ ဒါ ကျုပ်ကိစ္စလဲ မဟုတ်ဘူး၊ ကျုပ်သားအရင်းအတွက်လဲ မဟုတ်ဘူး၊ ခင်ဗျားသားကိစ္စ သိရဲ့လား၊ ခင်ဗျား ပြောသလို စကားမျိုးကို ပထွေးဖြစ်တဲ့ ကျုပ်တောင် ပြောမထွက်ဘူး'

ကိုထွန်းအောင် ဤလိုပြောလိုက်မှပင် မသိန်းမေ ရှက်အမ်းအမ်းဖြစ်သွား



ဆတော့၏။

'ရှင်လိုရာ ဆွဲမပြောနဲ့၊ ဒါကို ကျွန်မ ဆိုလိုတာမဟုတ်ဘူး၊ ငွေတစ်ဆယ် နှစ်ကျပ်ဆိုတဲ့ အတိုးဟာ နည်းသလား ဟင်၊ ခု သုံးဆယ်ဆို ငွေခြောက်ကျပ်၊ အဲဒါ သက်သက်ပေးရမှာမို့ နှမြောလို့ပြောနေတာ သိရဲ့လား'

မသိန်းမေကလည်း သူ့အမှားကို သူသိသောကြောင့် စကားကို အဖျား ချိုးပစ်လိုက်တော့၏။ ဤလို စကားမျိုးကိုသာ သူပြောသည်။ သူ့ကိုယ်၌သော် ကား တစ်ခါတစ်ရံ ငွေတစ်ဆယ် နှစ်ကျပ်ခွဲတိုးနှင့်ပင် ဈေး၍ မြင်းလောင်း တတ်သည်ကို ကိုထွန်းအောင် သိ၏။ သို့သော် ကိုထွန်းအောင် ဆင်ခြင်၏။ ဤတွင်ပင် ထိုကိစ္စ စကားပြတ်စရာရှိနေ၍ နောက်ထပ် မဆက်။ ထိုအကြောင်း နှင့်လည်း စောဒကမတက်တော့ဘဲ

'ကဲ မသိန်းမေ၊ ခင်ဗျားက ဒီအတိုးကို နှမြောတယ်ဆိုရင် ကျုပ်ရတဲ့ လခထဲက မပေးဘူး၊ တခြားက ရှာကြံပြီး ကျုပ်ဆပ်မယ်၊ ပြီး ခင်ဗျားကို ပေးရမဲ့ ကျုပ်လခ လေးဆယ့်နှစ်ကျပ်ထဲက ခင်ဗျား ဟိုနေ့ကယူတဲ့ နှစ်ဆယ့် ခုနစ်ကျပ်ပဲ နုတ်မယ်၊ ကျန်တာအကုန်ပေးမယ်၊ ကဲ ဒီလိုဆို ခင်ဗျား ကျေနပ် လောက်ပြီ ဟုတ်လား'

'ကျွန်မက ဘာကိုမျှ မကျေနပ်ဘူးလို့ ပြောမိပါလိမ့်'

'အေးလေ မပြောပါဘူး၊ စကားလဲ များမနေပါနဲ့တော့ဗျာ၊ ခု ကောင်လေးက သိပ်ပျော်နေတာ၊ သူ စိတ်ညစ်သွားပါ့မယ်၊ တော်ပါတော့'

ယခုသော် မသိန်းမေ၏ မျက်နှာထားသည် ကြည်လင်စ ပြုလာပြီ ဖြစ်၏။

'ကဲ ခင်ဗျားသားကို ကြည့်စမ်းပါဦး၊ ဟော့ အတာ ဝတ်ပြလိုက် အင်္ကျီနဲ့ လုံချည်' ဟု ကိုထွန်းအောင်က တစ်ဆက်တည်း ပြောလိုက်သည်နှင့် အလိုလိုက မိဘများနှင့် ပျော်ပျော်ရွှင်ရွှင် နေချင်နေသော အတာလည်း ကပျာကယာ ဆုပ်၍ လုံချည်နှင့် ရှပ်ကို ဆွဲထုတ်လျက် သွက်သွက်ကလေး ဝတ်ပြနေ၏။

အဝတ်အစား အသစ်ကလေးများ နှစ်မျိုးရလျှင် နှစ်မျိုးစလုံးပင် ဝတ်ဆင်ကြည့်လိုသော ကလေးတို့၏ သဘာဝအတိုင်းပင် ယခု အတာဝတ်ဆင် ပြနေသော ရှပ်နှင့် လုံချည်မှာ စောစောက ကိုထွန်းအောင်ရှေ့တွင် ဝတ်ကြည့် သော အဆင်အသွေး မဟုတ်သည်ကို ကိုထွန်းအောင် သတိထားမိ၏။ အတာ ကလေး အဘယ်မျှ ပျော်မြူးနေသည်ကိုလည်း အကဲခတ်မိ၏။

'လာဦး ဒီနားကို'

မသိန်းမေလည်း ချိုချိုသာသာပင် အတာကလေးကို လှမ်းခေါ်လိုက်ပြီး 'ဟိုဘက်လှည့်စမ်း၊ ဒီဘက်လှည့်စမ်း' နှင့် အဝတ်သစ် အစားသစ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထသွေးတာရွှေဖြစ်နေသော အတာအား အမိန့်အမျိုးမျိုးပေးရင်း ကြည့်နေစဉ် မှာပင်

'တဲ မသိန်းမေ၊ ခင်ဗျားကော ထမင်းစားခဲ့ပြီးပလား'

'ဘယ်စားရဦးမလဲ'

'လာ ဒါဖြင့် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) မှာ ဒန်ပေါက်ထမင်း သွားစားရအောင်၊ ဒီညတော့ ကျုပ်ကပဲ ကျွေးပါ့မယ်'

နံနက်ရော ညစာထမင်းပါ မသိန်းမေ၏ တာဝန်ဖြစ်သော်လည်း ကိုထွန်းအောင်တွင် အတာနှင့် အတူရောရှ၍ ပျော်နေသောကြောင့်ပင် ထင်၏။ ထိုညကို ရွှင်ရွှင်ကြည်ကြည်ကလေး အရသာခံလိုသည်နှင့် သို့ပြောလိုက်သောကြောင့်

'ဒါဖြင့် လာလေ သွားစို့'

မသိန်းမေလည်း ပြောပြောဆိုဆို ထရပ်ရင်း ဘော်လီအိတ်ကို နှိုက်နေသည်နှင့်

'ဘာလုပ်ဖို့ ပိုက်ဆံနှိုက်နေတာတုံး မသိန်းမေ'

'ဒီကောင်ကို ထမင်းဖိုးပေးခဲ့မလို့'

'အိုဗျာ၊ သူ့ပါခေါ်သွားတာပေါ့၊ တစ်ခါတလေ စားပါစေ၊ ဒန်ပေါက်ထမင်း' ဟု ကိုထွန်းအောင်က ပြောလိုက်သည်နှင့် အတာလည်း မသိန်းမေ၏ အရိပ်အကဲ မသိမသာ မော်ကြည့်နေ၏။

'ခေါ်ချင်လဲ ခေါ်လေ' ဟူသော မိခင်၏ ခွင့်ပြုချက်ကိုရသည်နှင့်

'ကျွန်တော် ဒီလိုပဲ လိုက်ခဲ့ရမလား မေမေ'

အတာလည်း ဝတ်ထားပြီးဖြစ်နေသော အင်္ကျီနှင့် လုံချည် အသစ်ကလေးကို ငုံ့ကြည့်ရင်း မေးလိုက်၏။

'ဝတ်ခဲ့ပေါ့ကွာ၊ လာ ဒီလိုပဲလိုက်ခဲ့၊ လမ်းထိပ်ရောက်မှ ဖိနပ်လဲ ဝယ်ပေးဦးမယ်'

\+ \+ \+

မော်လမြိုင်တွင် နေခဲ့သည့် အချိန်ကာလကလွှဲ၍ ထိုညသည် အတာ့အဖို့ အပျော်ဆုံးသောည ဖြစ်၏။ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ဒန်ပေါက်ထမင်းဆိုင်ရောက်သည်အထိ မသိန်းမေက လက်ကလေးဆွဲ၍ ရပ်ရယ်မောမောနှင့် တယုတယခေါ်သွားသည့် အရသာကို အတာသည် မြိန်မြိန်ရှက်ရှက် ခံစားရင်း လိုက်ပါသွားရသည့်အဖြစ်ကို အသည်းနှင့်အောင် ကြည်နူးသွားခဲ့၏။

ယနေ့လည်း ကိုထွန်းအောင်က ကျောင်းအပ်ရန် လန်ခြားဖြင့် တင်ခေါ်ခဲ့ရာ၌ အတာ့ တစ်ချက်နှာလုံးမှာ (သူ့တစ်သက်တာအဖို့ ဝမ်းအသာဆုံးနေ့)



ဟူသော စကားထက်ပင် ပိုမိုလေးနက်သော အသွင်မျိုးပါသည့် အပြုံးဖြင့် ဖုံးလွှမ်းနေတော့၏။

ကျုံးကြီးလမ်းရှိ ဗုဒ္ဓဘာသာ မိန်းကလေးကျောင်းဝင်းအတွင်းမှ ကိုထွန်းအောင် ပြန်ထွက်သွားပြီးနောက် နာရီဝက်သာသာအကြာတွင်ပင် ကျောင်းတက်ခေါင်းလောင်း ထိုးတော့၏။

အတာလည်း ဆရာမညွှန်ကြားသည့်အတိုင်း အခြားသော ကလေးများနှင့် ရောနှောစီတန်းကာ အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ ထိုကျောင်းမှာ အင်္ဂလိပ်အမျိုးသမီးကြီးတစ်ဦး အုပ်ချုပ်သော ကျောင်းပင်ဖြစ်လင့်ကစား ဗုဒ္ဓဘာသာ အယူဝါဒအတိုင်း မြန်မာလိုပင် ရှိခိုးကြရ၏။

ကျောင်းတက်၍ ဘုရားရှိခိုးပြီးသည်နှင့် ကိုယ့်အတန်း ကိုယ်ပြန်၍ ကိုယ့်နေရာကိုယ် ထိုင်ကြသည်တွင် လူသစ်ဖြစ်နေသော အတာ၌ အဘယ်နေရာ ဝင်ထိုင်ရမည် မသိသလို ယောင်ချာချာရှိနေသည်နှင့် အတန်းပိုင် ဆရာမက ရုတ်တရက် လှမ်းခေါ်ပြီး ရှေ့ဆုံးတန်းမှ ကလေးတစ်ယောက်ကို နောက်ပိုင်းရှိ ခုံလွတ်တစ်ခုတွင် အထိုင်ခိုင်းလျက် အတာကိုမူ ရှေ့ဆုံးတန်း နေရာပေးလိုက်၏။ ဆရာမသည် သုံးလခန့် စာနောက်ကျနေပြီဖြစ်သော အတာအား နီးနီးနားနားနှင့် ပိုမိုမိမိ ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှေ့ဆုံးတန်း၌ နေရာချပေးလိုက်ဟန်တူ၏။

ညနေ ၃ နာရီခွဲ၍ ကျောင်းလွှတ်ချိန်၌ အတာတွင် အခြားသော ရွယ်တူ ကလေးများနည်းတူ လာရောက်ကြိုဆိုမည့်သူ မရှိ။ ၁၇ လမ်းမှသည် မောင်ခိုင်လမ်း (ယခု မိုလ်ရွှေလမ်း) အထိ တတ်ရထား၊ ဘတ်စ်ကား အစရှိသော ယာဉ်အမျိုးမျိုး၏ အန္တရာယ်ကို အရွယ်နှင့်မလိုက်အောင် ရှောင်တိမ်းဖြတ်သန်း၍ ပြန်လာခဲ့ရ၏။

မောင်ခိုင်လမ်း (ယခု မိုလ်ရွှေလမ်း) သို့ရောက်ရန် ပေသုံးဆယ်မျှလိုသော တိုက်တန်းလျားသို့ ရောက်သော် အတာသည် တစ်ဦးတစ်ယောက်ကို ရှာသကဲ့သို့ သူ့မျက်လုံးများသည် ဝိုင်းဝိုင်းလည်အောင် ထိုထိုဤဤကြည့်ရင်း လျှောက်လာသည်ကို တွေ့ရ၏။

တစ်ခုသောတရုတ်ကုန်စုံဆိုင်ရှေ့သို့ ရောက်သည်နှင့် အတာ့မျက်လုံးများသည် အဆိုပါ ကုန်စုံဆိုင်ဆီတွင် စူးစိုက်သွားပြီး ချက်ချင်းပင် စိုးရွံ့သော အမူအရာကလေးဖြင့် မျက်နှာလွှဲပစ်လိုက်၏။

ယင်းသည့်အခိုက်အတန့်မှာပင် ထိုတရုတ်ကုန်စုံဆိုင်ထဲမှ အသက် ကိုးနှစ်ခန့်အရွယ် မြန်မာလူငယ်တစ်ယောက် ထွက်လာပြီး အတာ့အနီးသို့ ကပ်သွားကာ ခုံးတစ်ဖက်ကို ဆတ်ခနဲ ဆွဲလှည့်လိုက်ရင်း

'ဟေ့ကောင် မင်း ဘယ်ကလာသလဲ'

သို့လျှင် ထိုလူငယ်က အပြုံအမှုကြမ်းကြမ်းနှင့် ခပ်ရမ်းရမ်းကလေးမေး

www.burmeseclassic.com



လိုက်သောကြောင့် အတာတွင် တုန်လှုပ်ချောက်ချားသော အမူအရာဖြင့် မရဲတရဲ ခေါ်ကြည့်လိုက်ပြီးမှ

'ကျောင်းက ပြန်လာတာပါ'

'အောင်မာ မင်းအခု ကျောင်းနေသလား'

ကြောက်ကြောက်လန့်လန့် အမူအရာဖြင့် အတာက ခေါင်းညိတ်လိုက်သည်ကို ထိုလူငယ်က ခပ်မဲ့မဲ့ကြည့်ရင်း အတာ၏နောက်စေ့ကလေးကို ဖတ်ခနဲ ရိုက်လိုက်ပြီးမှ

'မင်း ငါ့ကို ကြောက်ရဲ့လား'

'ကြောက်ပါတယ်'

'ဒါဖြင့် သွားတော့'

ထိုအမိန့်သံကြားရမှ အတာလည်း ထိုလူငယ်အနီးမှ ထွက်လာဝံ့တော့၏။ သို့တိုင်အောင် ထိုလူငယ်က နောက်မှလိုက်၍ ဖက်ပိုးကို အုပ်လေမည်လားဟုလည်း အတာ့တွင် တထိတ်ထိတ်နှင့် လျှောက်လာခဲ့ရရှာ၏။ လှည့်၍လည်း မကြည့်ဝံ့။

ဤသို့အဖြစ်မျိုးနှင့် အတာကြုံခဲ့ရသည်မှာ ဤလမ်းထဲသို့ ပြောင်းလာခဲ့သည့်နေ့မှအစ ယနေ့တိုင်အောင်ဖြစ်၏။ ထိုလူငယ်မှာ ၎င်းတရုတ်ကုန်စုံဆိုင်မှ ခေါ်ယူမွေးစား ခိုင်းစေထားသော မြန်မာမိဘမဲ့ကလေးဖြစ်လျက် အတာတစ်ဦးတည်းကိုသာမဟုတ်၊ ပတ်ဝန်းကျင်ရှိ ရွယ်တူရော ၎င်းထက် ငယ်သူကလေးများအပေါ်တွင်ပါ အမြဲတမ်း အနိုင်ကျင့်လေ့ရှိ၏။ သူ့အား ကြောက်သည်ဆိုရ သဘောကျ၏။

တစ်ခါတစ်ရံ စောစောက အတာအား ပြုမူသကဲ့သို့ ကြောက်သည်ဆိုရုံဖြင့် မကျေနပ်သေးဘဲ ထိပ်ပုတ်ခေါင်းရိုက်နှင့် ထိုးလိုက် ကြိတ်လိုက်လည်း လုပ်တတ်သေး၏။ ထို့ကြောင့်ပင် အတာသည် သူ့မေမေက ကြာဆံ၊ ပဲငါးပိ အစရှိသည်တို့ အဝယ်ခိုင်းမည်ကို အလွန်ကြောက်၏။ မလွဲသာ၍ သွားဝယ်ရပြန်ပါလျှင်လည်း ထိုကုန်စုံဆိုင်မှ ထိုလူငယ်နှင့် အမြဲတမ်းရင်ဆိုင်ရပြီး ရင်ဆိုင်မိတိုင်းလည်း အနည်းဆုံး ထိပ်အပုတ်ခံရတတ်၏။

တစ်နေ့သော် လမ်းထိပ်၌ ကလေးတစ်ယောက် မော်တော်ကားတိုက်ခံ သဖြင့် အခြားသော ကလေးများနည်းတူ အတာလည်း ထိုအခင်းဖြစ်ပွားရာ လမ်းထိပ်သို့ ရောက်သွား၏။ သို့သော် လူအများ ဝိုင်းအုံကြည့်နေရာသို့ပင် မရောက်သေးမီ ကုန်စုံဆိုင်မှ လူငယ်ကို မြင်လိုက်ရသည်နှင့် အတာသည် ထိုနေရာသို့ မသွားဝံ့တော့ဘဲ ပြန်ကွေ့ခဲ့ရ၏။

'ကားတိုက်ခံရတဲ့အကောင်သာ ဘခွေးဆိုရင် ဘယ်လောက်ကောင်းမလဲ'



ဟူ၍ပင် အတာသည် ဝမ်းထဲမှ ဆုတောင်းမိ၏။ ထိုမျှလောက်ပင် အတာသည် ကုန်စုံဆိုင်မှ ဘခွေးဆိုသူကို မုန်း၏။ ကြောက်လည်း ကြောက်၏။

ယနေ့လည်း ထိပ်တစ်ချက်အပုတ်ခံရပြီး ကြောက်ကြောက်နှင့်ပင် ပြန်ခဲ့ရသော အတာသည် အိမ်အပေါ်ရောက်၍ ရေမိုးချိုးပြီးနောက် မကြာမီပင် ကိုထွန်းအောင် ပေါက်လာတော့၏။

'ဟေး အတာ ဘယ့်နှဲ့လဲ၊ မင်း ကျောင်းမှာ ပျော်ရဲ့လားကွ'

'ဟုတ်ကဲ့ ကျွန်တော် သိပ်ပျော်တာပဲ၊ အစတော့ ကျွန်တော့်ကို သူငယ်တန်း ခေါ်သွားတယ်၊ နောက်ပြီး ဆရာမက စာတွေမေးတယ်၊ ဖတ်ခိုင်းတယ်၊ ရေးလဲ ရေးခိုင်းတယ်၊ ကျွန်တော်က လှလှကလေးရေးပြပြီး ဖတ်လဲ ဖတ်ပြတာနဲ့ ကျွန်တော့်ကို ပထမတန်းကို ပို့ပေးတယ်၊ ဆရာမက ပြောသေးတယ်၊ မင်း သိပ်တော်တာပဲတဲ့'

ဝမ်းသာအယ်လဲနှင့် အောင်ပွဲတစ်ခု ဆွတ်ခူးခဲ့သည့်ပမာ အတာသည် ရယ်ကာမောကာ အမူအရာပါပါ ပြောပြလျက်ရှိ၏။

'အေး ကြိုးစားနော်၊ စာမတတ်ရင် မင်း ဘာဖြစ်မလဲ သိလား'

'ဟို လမ်းထိပ်က ကုန်စုံဆိုင်က ဘခွေးလို ကုလီဖြစ်မှာပေါ့'

'ခု မင်း စာတွေ အများကြီးနောက်ကျနေတယ် သိလား၊ အဲဒီတော့ ခင်းအများကြီးကြိုးစားမှ စာမေးပွဲအောင်မယ်၊ အရင်သင်ပြီးသားစာတွေလဲ ဆရာမကို မေးနော်'

'ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ်'

'အေး စာမေးပွဲအောင်လို့ နှစ်တန်းကိုတက်ရရင်'

ကိုထွန်းအောင်သည် စကားကို ရှေ့မဆက်တော့ဘဲ ဤတွင်ပင် ရပ်၍ ချက်တရက် တွေသွား၏။ အမှန်အားဖြင့် သူဆက်ချင်သည့် စကားမှာ သားသမီးကို ပညာကြိုးစားစေလိုသော မိဘတိုင်းက အားပေးတတ်သည့် 'စာမေးပွဲအောင်ရင် စက်ဘီးဝယ်ပေးမယ်၊ ရွှေကြယ်သီးလုပ်ပေးမယ်' အစရှိသည့် ကတိစကားမျိုးကို ပြောလိုဟန်တူ၏။

သို့သော်လည်း ကိုထွန်းအောင်မှာ သူရသောလခငွေကိုပင် သူမပိုင်၊ ဇနီးမိန်းမအား တစ်ပြားမကျန် အပ်ရမည်ဖြစ်၏။ ကြားပေါက်ငွေဆိုသည်မှာသည်း မတရားလာဘ်စားတတ်သူအဖို့သာ လွယ်လွယ်နှင့် မျှော်လင့်ချက်ထားနိုင်သော်လည်း စေတနာသန့်သန့်နှင့် ကူညီတတ်သော ကိုထွန်းအောင်လို စာရေးတစ်ယောက်အဖို့သော်ကား အလိုက်သိစွာနှင့် ပေးကမ်းသူရှိမှ ရ၏။

သို့လျှင် သေချာပေါက် မျှော်လင့်ချက်မရှိသောကြောင့် အတာအား 'စာမေးပွဲအောင်ရင် ဘာဝယ်ပေးမယ်' ဟူသော ကတိမျိုးကိုပေးရန် ခက်နေသည်

www.burmeseclassic.com



ထင်ရှာ၏။ သို့နှင့် ကိုထွန်းအောင်လည်း အတန်ကြာ တွေနေမိပြီးမှ

'အေးကွာ မင်းစာမေးပွဲအောင်လို့ နှစ်တန်းကိုတက်ရရင် ပါရှင်းလုံချည်တလေး ဝယ်ပေးမယ်နော်'

နောက်ဆုံးတွင်မူ ကိုထွန်းအောင်လည်း အတာမှ အားတက်ပါစေတော့ဟူသော သဘောဖြင့် သူအတတ်နိုင်ဆုံးသော ကတိကို ပေးဖြစ်အောင်ပေးလိုက်ချေသေး၏။

အတာတို့ အရွယ်ဝတ်ဆိုလျှင် ထိုခေတ်က မန္တလေး ပိုးလုံချည်တစ်ထည် အများဆုံး သုံးကျပ်သာပေးရ၏။ သို့တိုင်အောင် ထိုလုံချည်မျိုးကို ကိုထွန်းအောင် ကတိမပေးဝံ့။ သုံးကျပ်ဆိုသော ငွေမှာ သူ့ခေတ်နှင့်သူ အလွန်တန်ဖိုးရှိ၏။ လူတစ်ယောက်အဖို့ ထိုသုံးကျပ်သည် လဝက်တိတိ ထမင်းစားနိုင်၏။

ထို့ကြောင့်ပင် ပါရှင်းလုံချည် ဝယ်ပေးမည်ဟူသော ကတိပေးဝံ့၏။ ၎င်းပါရှင်းလုံချည်ဆိုသည်မှာ ပိုးစစ်ပင် မဟုတ်သော်လည်း မန္တလေးလုံချည်နှင့် တန်းတူ အသွေးအရောင် ပြောင်၏။ နာနတ်ချည်ကဲ့သို့သော ပိုးတုကို ရက်လုပ်ထားသော လုံချည်ဖြစ်လျက် ထိုခေတ်ထိုအခါကဆိုလျှင် ထိုပါရှင်းလုံချည်သည် တောသူတောင်သား လယ်သမားများနှင့် အတာတို့ကဲ့သို့ ငွေရေးကြေးရေး နွမ်းပါးသူတို့အဖို့ ပွဲလမ်းသဘင်၌ ဝတ်ဆင်ရန် အကောင်းဆုံးဟု သဘောထားရသော ပိုးလုံချည်ဖြစ်၏။ လူကြီးဝတ်တစ်ထည်မှ ငါးမတ်ထက် ပိုမပေးရ။ အတာတို့ အရွယ်ဝတ်ဆိုလျှင် သုံးမတ်လောက်နှင့် ကိစ္စပြီးနိုင်၏။

ဤမျှလောက် ဈေးပေါသော ပါရှင်းလုံချည်ကိုပင် တစ်သက်နှင့်တစ်ကိုယ် အတာသည် တစ်ခါမျှ မဝတ်ဘူးခဲ့။ ရော်ဘာမျှော့ကြိုးတပ် သုံးပဲတန် ဘောင်းဘီနှင့် ကုလားပြည်မှလာသော အလံတံဆိပ် ငါးပဲတန် ချည်ကြမ်းလုံချည်တို့ဖြင့်သာ ယနေ့ထိ အချိန်ကုန်ခဲ့ရသဖြင့် စာမေးပွဲအောင်က ကိုထွန်းအောင် ဝယ်ပေးမည်ဆိုသော ပါရှင်းလုံချည်ကိုပင် အတာသည် စိတ်ကူးဖြင့် အဆင်ရွေး နေမိရှာ၏။

\+ \+ \+

အတာသည် ကျောင်းနေခွင့်ရသွားသောကြောင့် အလွန်အကျူး ပျော်နေ၏။ သူ့အား ကျောင်းထားလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေသူမှာ ကိုထွန်းအောင်ဖြစ်လျက်၊ ကိုထွန်းအောင်နှင့် တန်းတူပင် အားရကျေနပ်နေသူနှစ်ဦး ရှိသေး၏။ ထိုသူတို့ကား မခင်သက်နှင့် မခင်သွယ်တို့ ညီအစ်မတစ်တွေ ဖြစ်၏။

လူတစ်ဦးတစ်ယောက်၏ အမူအရာကို ကြည့်ခြင်းအားဖြင့် သူ၏ အတွင်းသဘောကို ခန့်မှန်းရသည်မှာ ကြာရှိုးကြာစွယ်ကိုကြည့်၍ ရေ၏



အတိမ်အနက်ကို မှန်းဆရသလောက် မလွယ်ကူလှပေ။

သို့အလျှောက်လည်း အတာကလေးအား ကျောင်းအပ်လိုက်သည့်ကိစ္စနှင့် ပတ်သက်၍ ပထွေးဖြစ်သူရော ဘေးလူများပါ ကြည်နူးဝမ်းမြောက်ရှိနေကြသလောက် သူ၏ မိခင်အရင်းခေါက်ခေါက်ဖြစ်သူ မသိန်းမေ၏ အတွင်းသဘောကိုကား စောကြောတွက်ဆ မှန်း၍မရနိုင် ရှိနေတော့၏။

'အတာကလေး ကျောင်းအပ်လိုက်ပြီဆို၊ ကောင်းပါလေ့ရှင်၊ နို့မို့ဆိုရင် လတ်လျားလတ်လျားနဲ့ တေလေဖြစ်သွားမှာပဲ'

အသိမိတ်ဆွေနှင့်တွေ့၍ ဤသို့ မေးလားပြောလား လုပ်လာသောအခါများတွင်

'ဟုတ်တယ်လေ၊ မရှိမဲ့ရှိမဲ့နဲ့ပဲ သူ့ကို ကျောင်းအပ်လိုက်ရတယ်'

မသိန်းမေကလည်း သို့လျှင် ဝမ်းမြောက်ကျေနပ်သံဖြင့် အပြေပေးတတ်လျက် ကြိုးကြိုးပမ်းပမ်းနှင့် စာကိုသာ အငမ်းမရ ကျက်နေတတ်သည့်အတာကို မြင်သောအခါ၌လည်း တစ်ခါတစ်ရံ ရှင်လန်းအားရ သဘောကျသော မျက်နှာမျိုးဖြင့် ကြည့်တတ်၏။

သို့သော် တစ်ခါတစ်ရံတွင်မူကား ပေးနေကျ ကျောင်းမုန့်ဖိုးကို မပေးဘဲ မသိန်းမေ ဆင်းသွားသောအခါမျိုး၌ အတာသည် ခပ်သုတ်သုတ်ကလေး ပြေးဆင်းလိုက်သွားပြီး 'မေမေ မုန့်ဖိုး' ဟု တောင်းသည့်အခါများ၌

'ဒီသောက်မုန့်ဖိုးကလဲ ဒုက္ခတစ်ခု' ဟူသော ရေရွတ်သံနှင့် ဆောင့်ဆောင့်အောင့်အောင့် ပေးလေ့ရှိ၏။

အတာကလေး ကျောင်းသားဘဝအရောက်တွင်မှ ရနေကျဖြစ်သော ထမင်းဖိုး တစ်ပဲအပြင် မုန့်ဖိုးအဖြစ် နှစ်ပြား ပို၍ရ၏။ အကယ်၍ ညကပိုသော ထမင်းနှင့်ဟင်း ရှိနေလျှင်သော်လည်းကောင်း၊ ထမင်းကြမ်း ကျန်လျှင်သော်လည်းကောင်း ပဲပြုတ်ဆီဆမ်းနှင့် စားသွားရပြီး မုန့်ဖိုးနှစ်ပြားသာ ပေး၏။

ထိုခေတ်က ဘတ်(စ်)ကား နှစ်ပြားခရီးမျှ ဝေးသော ကျောင်းသို့ ခြေကျင်သွားပြီး ကုန်းကြောင်းပြန်ရ၏။ သို့တိုင်အောင် အတာသည် ရွှေစေ့လောက်သော်မျှ ညည်းညူခြင်းမရှိဘဲ ကျောင်းသားအဖြစ်၏ အရသာကို ပျော်ပျော်ကြီး ခံယူလျက်ရှိ၏။

အတာကလေးပင် ကံကောင်းစပြုလာ၍လော မသိ။ သူ့အား ကျောင်းအပ်ခဲ့ပြီးသည်မှ ပထမတန်း၏ အတန်းတင်စာမေးပွဲ စစ်လုနီးသောအခါသို့ ရောက်ခဲ့သည်အထိ မသိန်းမေတွင် မြင်းပွဲလေးပတ် ကစားက သုံးပတ်လောက်သည် အနိုင်နှင့်ချည်း ပြန်လာရသည်ဖြစ်သောကြောင့် အတာတို့ မိသားစု၏ အခြေအနေသည် အတော်ကလေး ပြောင်းလဲလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှင်မှ လူရှင်သည်ဟူသော စကားသည် မှန်၏။ သို့သော် ခေတ်သဘော အားဖြင့် စိတ်ရှင်ရန်အရေးမှာ ငွေရှင်မှသာ ဖြစ်နိုင်သည်က များ၏။

အတာတို့အမေမှာ ဆိုခဲ့သည့်အတိုင်း မြင်းကလည်း မကြာခဏနိုင်ပြီး ၃၆ ကောင်ထီကပါ ရက်ခြားလိုလို ပေါက်နေပြန်သောကြောင့် မသိန်းမေတွင် ငွေရှင်နေသည်နှင့်အမျှ စိတ်ရောကိုယ်ပါ လိုလေသေးမရှိအောင် ရှင်နေခဲ့၏။

သို့ မသိန်းမေတွင် ငွေနှင့် စိတ်ရောကိုယ်ပါ ရှင်နေခဲ့သည်က များသော ကြောင့် ဆူဆူပူပူလုပ်ရန် အချိန်မရနိုင်ရှိခဲ့၏။ အတာကလေးမှာလည်း သူ့မေမေ စိတ်ရှင်ကိုယ်လန်း ရှိခဲ့သလောက် အကန်အကျောက် အဆူအပူနှင့် ကင်းဝေး ခဲ့၏။ အကြွေမရှိလျှင် မုန့်ဖိုးကိုပင် အအမ်းနိုင်းပြီးမှ ခြောက်ပြားအထိသာ မုန့်နှင့် ထမင်းဖိုးပေးလေ့ရှိခဲ့ရာမှ ယခုသော်မူ ရက်ခြားလောက်လိုလိုပင် မုန့်ဖိုး ကလေး ပစ်ပေးပြီး

‘သွားမအမ်းနဲ့တော့၊ တစ်မူးပဲယူသွား’ ဟူ၍ပင် မသိန်းမေ ကရုဏာသံ နှော၍ ရက်ရက်ရောရော ပေးတတ်၏။

ထူးခြားသည်မှာ အတာကလေး၌ အဝတ်အစားနှင့်ပတ်သက်၍ သူတစ်ထူး အိမ်တွင် နိုင်းထားသော အစေခံတစ်ယောက်၏ အဆင့်အတန်းလောက်တွင်သာ ရှိနေသေးခြင်းဖြစ်၏။ ယခင်က မသိန်းမေတွင် ငွေရေးကြေးရေး ကြပ်တည်း၍ ဟူသော အထောက်အထားဖြင့် ခွင့်လွှတ်နိုင်သေး၏။ စင်စစ်သို့ ငွေကြေးကြပ်တည်း သည်မှာလည်း လောင်းကစားမှုဘက်တွင် အဖြုန်းများခဲ့သောကြောင့်သာဖြစ်ရာ ဤလိုပင် အကြံအစည် အပေါက်အလမ်းမတည့်၍ဟု ညာညာတာတာ သဘော ထားနိုင်ကြသေး၏။

ယခုသော် မြင်းရော ၃၆ ကောင် ထီပါ မကြာခဏ နိုင်နေရုံမကဘဲ အရောင်း အဝယ်ကလည်းကသိုလ်လိုက်၍ငွေကလေး ဖောဖောသီသီ သိုက်မြိုက် နေပါလျက် အတာတွင် ထိုက်ထိုက်တန်တန် မဝတ်ရ မဆင်ရ၊ စုစုပေါင်းမှ ကိုထွန်းအောင် ဝယ်ပေးသော ရှပ်လက်တိုနှစ်ထည်မျှနှင့်ပင် ယနေ့တိုင် စခန်းသွားနေ ရရှာ၏။

မခင်သက်တို့နှင့်တကွသော အခြားပတ်ဝန်းကျင်ရှိ မိတ်ဆွေများက အတာကလေးအား ဝတ်ကောင်းစားလှကလေးများ ဝယ်ပေးရန် တိုက်တွန်း စကား ပြောကြားလျှင်

‘ညည်းတို့ မသိပါဘူး၊ ရှင်တို့ မသိပါဘူး၊ ဒီကိစ္စ နောက်ကိုမပြောကြနဲ့’

မသိန်းမေသည် ဤသို့သောစကားမျိုးဖြင့် တစ်ကြိမ်ထက် နှစ်ကြိမ် မထပ်အောင် တိတိပြတ်ပြတ် ပိတ်ပြောလေ့ရှိ၏။ ဤသည်ပင် အားလုံးအရို နားမလည်နိုင်သော မသိန်းမေ၏ သဘောထားဖြစ်၏။

ဂျပန်ဆေးရိုက် အစင်းနှင့် အကွက်ဖြစ်သော ရှပ်နှစ်ထည်သာ အတာ



ကလေး၏ အတန်းတင်စာမေးပွဲစစ်သောအချိန်၌ အရောင်အဆင်း ပျက်ပြုန်း၍ လုံးလုံးလျားလျား ဖြူနေသည်သာမက ပခုံးစောင်း ချုပ်ရိုးအနီးမှပင် ရိပြဲစ ပြုနေခဲ့သည်။ အသစ်ဆို၍ကား တစ်ထည်မျှ မရရှာသေး။

ဤလိုနှင့်ပင် အတာတို့စာမေးပွဲကြီးပြီးခဲ့သည်။ အတာလည်း အမှတ်အများ ဆုံးဖြင့် ပထမစွဲ၍ စာမေးပွဲအောင်ခဲ့သည်။ အတာ ပျော်သလောက် ကိုထွန်းအောင် ဝမ်းမြောက်၍ မခင်သက်တို့ ညီအစ်မတစ်စုက ဆုအဖြစ် စပို့ရှပ်ကလေးတစ်ထည် ဝယ်ပေး၏။ မသိန်းမေတွင်မူကား ထူးထူးခြားခြား ဘာအမူအရာမျှ မမြင်ရ။

‘မေမေ အတာ စာမေးပွဲအောင်တယ်၊ အားလုံးထဲမှာလေ အတာ ပထမရတယ်’

‘အေး’

မသိန်းမေ၏ အဖြေကား ထိုမျှသာဖြစ်၏။ အဘယ်သဘောဟူ၍ကား ဆောကြောတွက်ဆ မှန်းမရနိုင်အောင် ရှိလှ၏။

\+ \+ \+

အသက်ကလေး တစ်နှစ်လောက် ကြီးလာသည်နှင့်အမျှ အတာ၏ အသိဉာဏ် ကလေးသည်လည်း သိသိသာသာ တိုးတက်လာ၏။ တစ်နေ့လျှင် ခြောက်ပြား ရခဲ့သည့် ကျောင်းနေစမှသည် ယခု နွေရာသီ ကျောင်းပိတ်ရက်သို့တိုင်အောင် ဘတ်နိုင်သမျှ စုဆောင်းထားခဲ့သည်မှာ ငွေလေးကျပ်နှင့် ခြောက်မူး ဖြစ်၏။

အခြားသော ကလေးများနည်းတူ လိုလေသေးမရှိအောင် မိဘများ၏ ရှုစိုက်ခြင်းကိုသာ ခံခဲ့ရမူ အတာတွင် အနည်းဆုံး ငွေရှစ်ကျပ်မျှ စုမိနေလိမ့်မည်။ ယခုမူ အတာ၌ ကျောက်တံမရှိသည်ကိုပင် သူ့မိဘအား မပြောဝံ့၊ တစ်ခါတစ်ရံ ကျောင်းသွားရန် မုန့်ဖိုးတောင်းရာ၌ပင် ဆောင့်ဆောင့်အောင့်အောင့် ပေးတတ် သော သူ့မေမေအားသာ၍ပင် မပြောရဲဘဲရှိခဲ့၏။ ကိုထွန်းအောင်ကိုကား ပြောရဲ ဆိုဝံ့ရှိသည် မှန်သော်လည်း

‘မတောင်းတော့ပါဘူးလေ၊ ကျောက်တံက တစ်ပြားဖိုးဝယ်ရမှာ ငါ့မုန့်ဖိုး နဲ့ပဲ ဝယ်လိုက်ပါတော့မယ်’

ဤလို ထူးခြားသော အတွင်းစာတ်ခံစိတ်ကလေးကြောင့်လည်း ကျောက်သင် ပုန်းကို ကျောင်းရာသီကုန်သည်အထိ သူ့မုန့်ဖိုးနှင့်ပင် သူဝယ်၍ သုံးခဲ့၏။ တစ်ကြိမ်ကမူ ကျောက်သင်ပုန်း လက်မှလွတ်ကျ၍ ကွဲသွားသဖြင့် အိမ်ရောက် နောက်ချင်း ပြောတော့မည်ကြံပြီးမှ ကျောက်သင်ပုန်းကို ကွဲအောင်ကိုင်ရကောင်း လားဟု သူ့မေမေ၏ ကြိမ်းမောင်း ရိုက်နှက်ခြင်းကို ခံရမည်စိုးသည်နှင့်ပင်

www.burmeseclassic.com



အတာသည် သူစုထားသော ပိုက်ဆံထဲမှပင် အောင့်အောင့်အည်းအည်းနှင့် တော့တက်သင်ပုန်းတစ်ချပ် တစ်မတ်ပေး၍ ဝယ်လိုက်ရရှာ၏။

ဤသို့ တိုတိုထွာထွာ အသုံးစရိတ်ကလေးများကို သူ့အိတ်ထဲမှပင် စိုက်၍ ထုန့်ခဲ့ရသောကြောင့် လေးကျပ်နှင့် ခြောက်မူးလောက်သာ အဖတ်တင်ခဲ့၏။ ထိုငွေကလေးကား ယခု အစုလိုက်အခဲလိုက် သုံးစွဲလိုက်ရတော့မည့်အခြေသည် ပေါ်လာပြီဖြစ်၏။

နွေလ ကျောင်းပိတ်ရက်ပင် ကုန်လုလုရှိနေပြီဖြစ်သည့်အတိုင်း မကြာမီ အတာသည် ကျောင်းပြန်တက်ရပေတော့မည်။ သူ့တွင် အင်္ကျီဝတ်စရာ မရှိတော့ပေ။ ရှိသည့်နှစ်ထည်မှာလည်း အတော်ကလေးညံ့သော အမျိုးအစားဖြစ်သည့်တွင် ထိုနှစ်ထည်ကိုသာ လျှော်ကာဖွတ်ကာဖြင့် ကျောင်းတစ်ရာသီပင် ဝတ်ခဲ့ရသောကြောင့် ရီစုတ်နေပြီဖြစ်၏။

သူ့အား ကြည်ကြည်ဖြူဖြူ အင်္ကျီလုံချည်ကလေးအစ ဝယ်ပေးမည့်သူ ဆို၍ ကိုထွန်းအောင်တစ်ယောက်ကိုသာ အတာမြင်၏။ သို့သော် ကိုထွန်းအောင် အား အပူကပ်ရမည်ကို အတာလန့်နေ၏။ တစ်ခါက အတာအတွက် ငါးမတ်တန် ပတ္တူနောက်ပိတ် ဖိနပ်ကလေးတစ်ရံ ဝယ်ပေးခဲ့သည်ကို မသိန်းမေက ပွက်လောရိုက်အောင် ဆူခဲ့ဖူး၏။ မည်သို့သောနည်းဖြင့် ငွေပိုရခဲ့သည်ဖြစ်စေ သူ့ကို ပထမအပ်ရမည်ဟု မသိန်းမေက အရေးဆို၏။ သူကမှတစ်ဆင့် အတာ့အတွက် ဖြစ်စေ မည်သူ့အတွက်ဖြစ်စေ လိုသောပစ္စည်းကို ဝယ်ပေးမည်။ သူသိခွင့်မရဘဲ ကိုထွန်းအောင် သဘောအတိုင်းလုပ်သည်မှာ ရှာလွန်ရှုက်တိုက်ရာရောက်သည်ဟု မသိန်းမေက အရေးဆိုရင်း အပြင်းအထန် ဆူပူခဲ့၏။ နောက်ဆုံး၌ နားအေးပါးအေးနေတတ်သော ကိုထွန်းအောင်ကပင် အော်ကြီးဟစ်ကျယ်သမား မသိန်းမေ ကို လက်လျှော့ သဘောတူခဲ့ရတော့၏။ ထိုအခါမှစ၍ အတာလည်း ကိုထွန်း အောင်ထံမှ ဘာမျှ မမျှော်လင့်နိုင်ခဲ့တော့ပေ။

ယခု အင်္ကျီဝတ်စရာ မရှိတော့သည့်တွင်လည်း အားကိုးတစ်ခုအနေဖြင့်သာ ကိုထွန်းအောင်ကို မြင်မိသော်လည်း အတာ့တွင် ပြောရမည်ခက်နေ၏။ မျှော်လင့်ချက်လည်း မရှိသည်ကို သိသည်နှင့် သူစုထားသော ငွေကလေးဖြင့် သူကြိုက်ရာ အဆင်ရွေးပြီး သူကိုယ်တိုင်ပင် မေးဝယ်တော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် သိမ်ကြီးဈေးဘက်သို့ ထွက်လာခဲ့၏။

သိမ်ကြီးဈေးအပေါ်ထပ်ရှိ ရှပ်အင်္ကျီဆိုင်တန်းသို့ ရောက်လာပြီးမှပင် အတာလည်း တစ်စုံတစ်ခုကို တွေးမိလာ၏။

'နင် ငါ့ကို ဘာပြုလို့ မပြောသလဲ'

သို့လျှင် မေးခွန်းထုတ်၍ ရိုက်လားပုတ်လားလုပ်ခဲ့သော် ဟု တွေးမိသည်နှင့်



ပင် အတာလည်း မသိန်းမေရှိရာ ဈေးနာရီစင်အောက်သို့ ပြန်ဆင်းလာခဲ့ပြီး စုထားသမျှသော ငွေကလေး လေးကျပ် ခြောက်မူးဖြင့် သင့်တော်သော လုံချည်နှင့် အင်္ကျီကလေးဝယ်ပေးရန် သူ့မမေအား ပြောရင်း တထိတ်ထိတ်ဖြင့် ပုံအပ်လိုက်ရတော့၏။

'သွား၊ နင်ပြန်တော့ ငါ ဝယ်လာခဲ့မယ်'

အတာတွင် ဘာတစ်ခွန်းမှ မဟဝံ့ဘဲ တွန့်ဆုတ်ကလေး ဆုတ်၍ ပြန်ခဲ့ရ၏။ သူ့ငွေနှင့်သူပင် သူကြိုက်ရာအဆင်ကလေးကို ရွေးခွင့်မရ။ 'ဝယ်မှ ဝယ်လာပါ့မလား' ဟု တွေးရင်း ရင်တလေးလေးဖြင့် လျှောက်လာခဲ့ရ၏။

ဤတစ်ကြိမ်၌မူ အတာကလေး ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ ညနေ ဈေးမှ ပြန်လာသော မသိန်းမေ လက်ထဲတွင် စက္ကူအိတ်ကလေးနှစ်လုံး ပါလာ၏။ အတာအား ပစ်ပေးလိုက်သဖြင့် အလောသုံးဆယ် ဖြေကြည့်လိုက်ရာ၌ အတာ နှစ်ခြိုက်သော အဆင်အကွက်ပါသည့် ရှပ်နှစ်ထည်နှင့် လုံချည်ကလေး နှစ်ဝတ်စာကို ဝမ်းမြောက်ဝမ်းသာ တွေ့ရ၏။ အမျိုးအစားမှာမူ ကိုထွန်းအောင် ဝယ်ပေးဖူးသော ခပ်ညံ့ညံ့ထဲကပင် ဖြစ်၏။

နောက်တစ်နေ့နံနက် သူ့မမေ ဈေးထွက်သွားသည်နှင့် အတာလည်း အသစ်ဖြစ်သော လုံချည်နှင့် အင်္ကျီများကို အမျိုးမျိုးဝတ်ကြည့်ရင်း ပီတိတွေဖြာနေ တော့၏။ ကျေနပ်လောက်မှ အင်္ကျီရော လုံချည်ပါ ခေါက်၍ နေထားတကျ သိမ်းနေရင်းကပင် ထိုအဝတ်အစားလေးမျိုးသည် အဖိုး အဘယ်မျှကျသည်ဟု အတာ သိချင်လာ၏။ သူပေးထားသော ငွေနှင့် မလောက်၍ သူ့မမေက နောက်ထပ်စိုက်၍ ဝယ်ခဲ့ရသည်ဆိုလျှင် သူ့မမေအား သူ ကျေးဇူးတင်လို၏။ အကယ်၍ သူ့ငွေက ပိုနေလျှင်လည်း သူပြန်လိုချင်၏။

အကယ်၍ သူ့ငွေပိုသည်တိုင်အောင် ပြန်ရရန် လမ်းမရှိတော့သည်ကိုလည်း အတာ သိ၏။ သို့တိုင်အောင်လည်း ကလေးတို့၏ သဘာဝအတိုင်း အမြတ်တနိုး နှင့်အင်တော်ခံ၍ စုဆောင်းထားခဲ့ရသည်ဖြစ်၍ နှမြောသလိုလိုရှိနေရှာ၏။ ပြန်ရရန် အစ မျှော်လင့်ချက်မရှိတော့သည့်တိုင်အောင် အဘယ်မျှလောက် သူ့ငွေပိုလိမ့် မည်ကို မှန်းဆတွက်ချက်နေမိပြန်၏။

ကိုထွန်းအောင်နှင့်အတူ သူပါလိုက်သွား၍ ပထမအကြိမ် သွားဝယ်ကြ သည်က ဈေးနှုန်းကို အတာသည် ကောင်းကောင်းကြီးမှတ်မိနေ၏။ ထိုတန်ဖိုးဖြင့် အား၍တွက်သော် နှစ်ကျပ်ကျော် ပိုလိမ့်မည်ဟု ခန့်မှန်းမိ၏။ သို့တွေးမိလေ [illegible] ဖြင့် မျက်ရည်ကလေးပင် မသိမသာ ဝေလာရှာတော့၏။ ချက်ချင်းပင် [illegible] စိတ်ကူးပေါက်လာသည်မသိ ရုတ်တရက် အိမ်ပေါ်မှဆင်းသွားပြီး သိမ်ကြီးဈေး ဘက်သို့လျှောက်သွား၏။ သူ့မမေ မမြင်စေရန် ဟိုကွယ်သည်ကွယ်ဖြင့် ရှပ်ဆိုင်တန်း

www.burmeseclassic.com



လုံချည်တန်းအနံ့ လျှောက်သွားကာ မသိန်းမေ ဝယ်လာသော အဆင်တူ အသားတူများကိုရွေး၍ ဈေးမေး စုံစမ်းပြီးမှ ခပ်သုတ်သုတ် ပြန်လာခဲ့၏။

စောစောက သူခန့်မှန်းသည့်အတိုင်းပင် သူ့ငွေမှာ နှစ်ကျပ်တစ်မတ်လုံးလုံး ဝိုသည်ကို သိခဲ့ရ၏။

'နှစ်ကျပ်ဆိုရင် ငါ သုံးလလောက်စုတောင်ရချင်မှရမှာ'ဟူ၍လည်းကောင်း၊

'နောက်ထပ် ရှပ်အင်္ကျီတစ်ထည်နဲ့ လုံချည်တစ်ထည် ဝယ်မယ်ဆို ဒီပိုက်ဆံနဲ့ လောက်ရဲ့သားနဲ့ မေမေ ဝယ်မလာဘူး' ဟူ၍ တစ်ဖုံ၊

'ငါ မေ့လို့ မေမေ့ကို ဝယ်ခိုင်းမိတယ်၊ ငါ့ဘာသာငါ ဝယ်ပြီးမှ အရိုက်ခံလိုက်ရတာက ကောင်းသေးတယ်၊ ခုတော့ ငါ့ပိုက်ဆံ နှစ်ကျပ်တစ်မတ်တောင်' ဟူ၍ တစ်မျိုး အသံကလေးများပင် ခပ်တိုးတိုးထွက်လာသည်အထိ ရေရွတ်ရင်း တွေးရင်းနှင့်ပင် စိတ်ညစ်သွားသောကြောင့်လားမသိ ခါတိုင်းကဲ့သို့ စာပင်မကျက်နိုင်တော့ဘဲ ရုတ်တရက် အိပ်ပျော်သွားရှာတော့၏။

\+ \+ \+

ယနေ့သည် အတာ ကျောင်းသွားရမည့်နေ့ အတန်းတက်ရမည့်နေ့ဖြစ်၏။ လုံချည်သစ် အင်္ကျီသစ်နှင့် သူ့ဘာသာသူ ဆေးဖြူကလေးသုတ်ထားသော ပတ္တူဖိနပ်ကိုစီး၍ ပျော်တပြုံးပြုံး ထွက်လာခဲ့ရာမှ လမ်းထိပ်သို့ရောက်သည်နှင့် အတာ့မျက်နှာကလေးမှာ သိသိသာသာ ညှိုးသွားရှာ၏။

တောင်ကြည့်မြောက်ကြည့် သတိနှင့်လျှောက်လာခဲ့ရာမှ သူအလွန်မုန်းသော ဘခွေးရှိရာ ကုန်စုံဆိုင်ရှေ့သို့ရောက်သည်နှင့် အတာလည်း ဆိုင်ထဲ၌ ဘခွေး ရှိ မရှိကို တစေ့တစောင်း အကဲခတ်လိုက်၏။ ဘခွေး၏အရိပ်အယောင်ကို မတွေ့ရမှပင် စိတ်ချလက်ချ လျှောက်သွားတော့၏။

ကျောင်းသွားတစ်ကြိမ် ကျောင်းပြန်တစ်ကြိမ် ထိုနှစ်ကြိမ်စလုံး ဤဆိုင်ရှေ့ရောက်တိုင်း အတာ စိတ်ထိခိုက်၏။ ဘခွေးကလည်း အတာ့ကို မြင်လိုက်သည်နှင့် အနီးသို့ကပ်လာကာ ပခုံးချင်းတိုက်လိုတိုက် ထိပ်ပုတ်ခေါင်းရိုက်လုပ်လိုလုပ်နှင့် အမျိုးမျိုး ရန်စလေ့ရှိ၏။

'မင့်ကို ငါကြောက်ပါတယ်လို့ ပြောထားသားပဲ၊ ငါ့ကို မစပါနဲ့ကွာ' ဟု မျက်နှာငယ်ကလေးဖြင့် တောင်းပန်သည့်တိုင်အောင်

'ကြောက်ရင်ရှိခိုး' ဟု ဘခွေးက ကဲလာပြန်၏။

အေးအေးလူလူနေတတ်သော အတာကမူ အနှောင့်အယှက်ကင်းကင်းနှင့် သွားရလာရလျှင် ကျေနပ်ပြီဟူသော သဘောဖြင့် ဘခွေးအား လက်အုပ်ကလေးချီ၍ ကန်တော့ခဲ့ဖူး၏။ ထိုအထိ လိုက်လျောခဲ့သည့်တိုင်အောင် အတာတွင်



အနှောင့်အယှက်ကား မလွတ်။ ဘခွေးသည် အတာ့အား ရင်ဆိုင်မိသည်နှင့် အနိုင်ကျင့်လိုက်သည်သာ ဖြစ်၏။

လူမုန်းသူမုန်း သိတတ်သည့် အရွယ်မှစ၍ အရင်းနှီးဆုံးဖြစ်သော သူ့မေမေ ကိုပင် မော့မကြည့်ဝံ့အောင် ကြောက်နေခဲ့ရသည်ဖြစ်သောကြောင့် အတာ တွင် အားငယ်နေ၏။ ကြောက်တတ်သော စိတ်ကလည်း သူ့အား လွှမ်းမိုးနေ၏။ သို့ အလျောက်ပင် ဘခွေးက အနိုင်ကျင့်လျှင်လည်းခံရ၏။ ကျောင်းရောက်၍ အခြား သော ကလေးများက ထိုးလားကြိတ်လား ရန်စလား လုပ်လျှင်လည်း ခံရ၏။

ယနေ့လည်း အတာသည် ဘခွေးရန်ကိုကြောက်၍ တထိတ်ထိတ်နှင့် လျှောက်လာခဲ့ရာမှ ဘခွေးကို မတွေ့ရတော့သည်နှင့် စိတ်အေးလက်အေးပင် လျှောက်လာခဲ့၍ ကုန်စုံဆိုင်နှင့် တစ်ဆိုင်ကြားလောက်အရောက်တွင် တစ်စုံ တစ်ဦးက နောက်မှနေ၍ ချေချိတ်လိုက်သောကြောင့် လက်ထောက်လျက်သား ထဲကျသွားတော့၏။

အတာလည်း ချက်ချင်းပင် အလူးအလဲထ၍ လှည့်ကြည့်လိုက်သည်၌ ဟားတိုက်၍ ရယ်နေသော ဘခွေးကို တွေ့ရ၏။ ပထမသော် ကြောက်ရွံ့သော အမူအရာဖြင့် အသနားခံသလိုကြည့်၍ လှည့်ထွက်သွားတော့မည်ကဲ့သို့ ခြေလှမ်း ပြင်လိုက်တွင် တစ်စုံတစ်ရာ ထူးခြားသော ထိတွေ့မှုကို ခံစားလိုက်ရသည့် မှာ အတာသည် ပျာပျာသလဲ ငုံ့ကြည့်မိ၏။ လက်ယာဘက်ခြေသလုံးနှင့် တည့်တည့်ရှိ လုံချည်အနားမှာ တစ်ထွာသာသာခန့် စုတ်ပြဲသွားသည်ကို တွေ့ လိုက်ရသည်နှင့် တစ်မျက်နှာလုံး ဖြန်းခနဲ နီလာ၏။ မျက်ရည်လည်း ဝေလာ၏။

ဘခွေးနှင့် ရင်ဆိုင်မိတိုင်း ကေသရာဇာ ခြင်္သေ့မင်းရှေ့ရောက်နေရသော သမင်ငယ်ကလေးအသွင်သာ ရှိနေခဲ့ဖူးသော အတာလည်း ယခုမူ ခြင်္သေ့မင်း ကိုပင် သုတ်သင်ချေမှုန်းတော့မည်ကဲ့သို့သော ဆင်ပြောင်ကြီး၏ အသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားရာမှ အတာလည်း လွယ်အိတ်တဲရှိ ပေတံကို ဆွဲထုတ်တဲ့ကာ ဘာတစ်ခွန်းမျှမပြောတော့ဘဲ တဟားဟားရယ်နေသော ဘခွေး အား ရုတ်တရက် လှမ်းရိုက်လိုက်၏။

ကြောက်ကန် ကန်သူတို့၏ ဓမ္မတာအတိုင်းပင် အတာသည် တစ်ချက်နှင့် လည်း အားမရ၊ နှစ်ချက်နှင့်လည်း တင်းမတိမ်နိုင်ဘဲ သဲသဲမဲမဲ ဖိ၍ရိုက်နေတော့၏။ ဘခွေးတွင်မူ အတာအား ပြန်လှန် ထိုးကြိတ်မည့်လက္ခဏာမျိုး မမြင်ရ။

'ဟေ့ကောင် အတာ တော်တော့ကွ၊ ငါကြောက်ပြီ' ဟူသော တောင်းပန်သံ နှင့်အတူ လက်နှစ်ဖက်မြှောက်၍ ကာကွယ်ရင်းနှင့်ပင် နောက်ဆုံး အော်ငိုရ သည်အထိ ဘခွေး အရေးနိမ့်သွားတော့၏။

သို့တိုင်အောင် အတာက အရိုက်မရပ်သေး။ အားပါးတရ ရိုက်နှက်လျှော

www.burmeseclassic.com



ဝင် ရှိနေသေးသည့်အခိုက် ကုန်တိုက်ထဲမှ တရုတ်တစ်ယောက် ပြေးထွက်လာပြီး ဘခွေးကို ဆွဲ၍ ကြားဝင်လိုက်မှ အတာ အရိုက်ရပ်တော့၏။

သူ့ဆိုင်မှလူကို ရိုက်ရကောင်းလားဟု ထိုတရုတ်က ရန်မူမည်စိုးသည်နှင့် အတာလည်း ချက်ချင်းဆိုသလိုပင် စုတ်သွားသော သူ့လုံချည်ကလေးကို ငုံ၍ ကိုင်ပြရင်း

'ပေါက်ဖော်ကြီး ဒီမှာကြည့်ပါ၊ သူလုပ်လို့ လုံချည်စုတ်သွားပြီ၊ အိမ်ပြန်ရင် ကျွန်တော့်အမေ ကျွန်တော့်ကို သေအောင်ရိုက်မှာဗျ သိလား၊ ဒါကြောင့် ကျွန်တော် သူ့ကို' ဟူသော အတာ့စကားမှ မဆုံးသေးမီပင်

'အေး ငါသိတယ်လေ၊ ဒီကောင် အားကြီးဆိုးတယ်၊ သူ ခဏခဏ ဒီလိုပဲလုပ်တယ်၊ မင်းကိုလဲ လုပ်တယ်၊ တခြားကလေးတွေကိုလဲ သူအားကြီး နိုင်ချင်တယ်၊ ခု မင်း သူ့ကိုချတယ်နော်၊ အများကြီးကောင်းတယ်'

ထိုတရုတ်လည်း သို့ပြောရင်းကပင် တရှုံ့ရှုံ့ငိုနေသော ဘခွေး၏ထိပ်ကို တခေါက်ခေါက်ခေါက်၍ ဆွဲခေါ်သွားရင်း

'ကောင်လေး၊ မင်းသွားတော့' ဟူ၍ပင် ချိုသာစွာ လှည့်၍ ပြောသွားသေးတော့၏။

အတာလည်း စုတ်သွားသော လုံချည်နှစ်စကို ခေါက်တုံ့ တုတ်၍ချည်လိုက်ပြီးမှ ကျောင်းဘက်သို့ ဆက်၍ လျှောက်သွား၏။ သုံးလေးလှမ်းမျှသာ လှမ်းရသေးသည် ထုံးချည်ထားသော လုံချည်အောက်ပိုင်းနှင့် လမ်းလျှောက်ရသည်မှာ ခိုးလိုးခုလုရှိလှသောကြောင့် ချည်ထားသောအထုံးကိုဖြေလျက် အပေါ်နှင့်အောက် လှန်၍ ဝတ်လိုက်၏။

ခေါင်းငိုက်စိုက်နှင့် လျှောက်သွားသော အတာလည်း စုတ်သွားသော လုံချည်အတွက် သူ့မေ့မေသိက ရိုက်လားနှက်လား လုပ်တော့မည်ကို တွေးမိ တိုင်း စိတ်လေးနေမိသော်လည်း သူ မော်မကြည့်ဝံ့အောင် ကြောက်ခဲ့ရသော ဘခွေးက 'မှင်းကို ငါကြောက်ပါပြီ' ဟု လက်မြှောက် အရှုံးပေးသည်အထိ အောင်ပွဲခံခဲ့ရသည့်အဖြစ်ကို ပြေးမိပြန်သောအခါ၌ သူ့မေမေ ရိုက်တော့မည့်ကိစ္စသည်ပင် အရေးမကြီးတော့သလို မေ့ပျောက်သွားတော့၏။

ယခုထက်ထိသော အတာ၏ တစ်သက်တာအဖို့၌ ယနေ့လောက် ပျော်သောနေ့သည် မရှိခဲ့ပေ။ သူ့အား ကျောင်းစအပ်သည့်နေ့က ပျော်သော ပျော်ခြင်း မျိုးနှင့် မတူ။ ယနေ့ သူဝမ်းမြောက်သည်မှာ အရသာတစ်မျိုးလို ဖြစ်နေ၏။

အတာမှာ ဘခွေးကို နှိမ်နင်းခဲ့ရသော ပြဿနာကြောင့် သူကျောင်းရောက် ချိန်၌ ဘုရားပင် ရှိခိုးပြီးနေကြပြီဖြစ်၏။ နေ့လယ် မုန့်စားလွှတ်လိုက်သည်



ဆိုလျှင်ပင် အတာလည်း ယနေ့အဖို့၌ အောင်ပွဲရခဲ့သည်နှင့်အမျှ အပျော်ကြီး ပျော်နေသောကြောင့် ယခင်နည်းတူ တစ်ပဲစား၍ နှစ်ပြားစုရန်ပင် သတိမရ တော့ဘဲ ခေါက်ဆွဲသုပ်ရော မုန့်ဟင်းခါးအပြင် ရေခဲပေါက်စီပါ ခြောက်ပြားဖိုး လုံး တပြုံးပြုံးနှင့် သုံးပစ်လိုက်တော့၏။

စားသောက်ပြီး၍ အတန်းထဲသို့ ဝင်သွားချိန်၌ အခြားအတန်းသားများ သည် ထိုင်ခုံများအပေါ်တွင် ပြေးကာလွှားကာဖြင့် 'သူခိုးပြာတာ' ကစားနည်းမျိုး ကစားနေကြ၏။ သူခိုးလုပ်သူရော ပြာတာလုပ်သူပါ လက်ထဲတွင် ပေတံကိုယ်စီ ဖြင့် ဓားခုတ်သလို ယှဉ်ခုတ်နေကြ၏။

'ဟေ့ အတာ မင်းပေတံ ခဏပေးစမ်း'

ယခင့် ယခင်ကဆိုလျှင် မည်သူက တောင်းသည်ဖြစ်စေ အတာသည် ပေးချင်ပါဘဲ သူ့ပေတံကို ထုတ်ပေးခဲ့ရသည်သာ ဖြစ်၏။ မပေးပြန်လျှင်လည်း အထိုးအကြိတ် ခံရ၏။ ပေးလိုက်လျှင်လည်း ပေတံတစ်ခုလုံး ပိန်ချိုင့်ပျက်စီး ရ၏။ သို့ ပျက်စီးခဲ့သောကြောင့်လည်း သူ့မုန့်ဖိုးနှင့် အသစ်ဝယ်ခဲ့ရသည်မှာ လေးကြိမ်ထက်မနည်း ရှိခဲ့ပြီဖြစ်၏။

ယခုလည်း အသစ်လောက်နီးနီး ကောင်းသောပေတံကို သူငယ်ချင်း တစ်ယောက်က လာ၍တောင်းပြန်လေပြီ။ သို့သော် အတာကား ဤတစ်ကြိမ်၌ အညံ့မခံ။ ဘခွေးကောင်းမှုကြောင့် ကြောက်စရာရှိလျှင် ပြုံး၍ ခြောက်တတ်သည့် သဘောကို သိလာပြီဖြစ်သော အတာလည်း ခပ်မာမာပင်။

'ဘာလို့ပေးရမှာလဲကွ' ဟု ပြောလိုက်သည်နှင့် ထိုသူငယ်က အတာ၏ အင်္ကျီရင်ဘတ်ကို ဆတ်ခနဲဆွဲကိုင်ရင်း

'ပေးမလား မပေးဘူးလား၊ မင်း ဒါပဲပြော'

မသုံးရသေးသောကြောင့် သံချေးတက်သလို ရှိနေခဲ့ပြီး၊ ဘခွေးအပေါ်တွင် ယနေ့ သုံးခဲ့ရ၍ ထက်နေပြီဖြစ်သော သတ္တိကို အတာသည် တစ်ဆက်တည်း ပြလိုက်ချင်၏။ သို့နှင့် အတာလည်း သူ့ရင်ဘတ်ကို ဆုပ်ကိုင်ထားသော ထို သူငယ်၏ လက်ကို ခပ်သွက်သွက် ပုတ်ချလိုက်ပြီးမှ

'မပေးဘူးကွာ၊ မင်း ဘာလုပ်မလဲ'

သို့မေးရင်းကပင် အတာသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ချိန်ရွယ်ထားတင်းတင်းနှင့် မေးလိုက်မှ ထိုသူငယ်လည်း ချာခနဲ လှည့်ထွက်သွား တော့၏။

ယနေ့သည် အတာ့အဖို့ ထူးခြားသော နေ့ဖြစ်၏။ ကြောက်တတ်လျှင် ပြုံး၍ခြောက်တတ်သည့် သဘောတရားကို နားလည်လာ၏။ သူ့င်းတိုင်းခံလျှင် ဆိုင်း ညှင်းတတ်သည်ကိုလည်း သဘောပေါက်လာ၏။

www.burmeseclassic.com



'မင်းတို့ ငါ့ကို ရန်မစနဲ့နော်၊ ငါ ဟိုတုန်းက အတာမဟုတ်ဘူးကွ၊ မင်းတို့ကိုလဲ ငါ ဘာမှမလုပ်ဘူး၊ ငါ့ဟာငါ အေးအေးနေရင်လဲ မင်းတို့ ငါ့ကို အနိုင်မကျင့်နဲ့ ဒါပဲ' ဟူ၍ပင် မျက်နှာထားတင်းတင်းဖြင့် ပြောဝံ့လာသည်အထိ အတာတွင် အသိတရား တိုးနေ၏။

ထိုနေ့မှစ၍ နောက်ပိုင်းရက်များတွင်မူ အတာအား အမြဲတမ်းအနိုင်ကျင့်သူများပင် မလေးမခန့် မလုပ်ဝံ့။ ဘခွေးသည်ပင် အတာ့ကို မြင်လိုက်ရသည်နှင့် မျက်လွှာချ၍ အဝေးမှ ရှောင်သွားလေ့ရှိ၏။ သို့သော် အတာကမူ ရန်စခြင်း၊ အနိုင်ကျင့်ခြင်း၊ လုံးဝမရှိ။ ခပ်အေးအေးပင် ဘာသိဘာသာ သွားလာနေခဲ့၏။

ကျောင်းပိတ်သော နေ့တစ်နေ့၊ အတာကလေး လမ်းထိပ်သို့ထွက်လာ ခိုက် ကွမ်းယာဆိုင်ဘေးတွင် ထိုင်၍ မှိုင်နေသော ဘခွေးကို တွေ့ရသည်နှင့်

'ဟေ့ ဘခွေး' ဟု ခေါ်လိုက်သည်ကို ဘခွေးလည်း ပြူးပြူးပျာပျာ မော်ကြည့်ရာမှ ကြောက်ရွံ့သောအမူအရာဖြင့်

'မင့်ကို ငါ ဘာလုပ်လို့လဲကွ'

'အေးပါ၊ မင်းကမှ ဘာမှမလုပ်ဘဲ ငါကလဲ ဘာမှ မလုပ်ပါဘူး၊ ဘာဖြစ်လို့ မင်းမှိုင်နေတာလဲ' ဟု အတာက ကရုဏာသံဖြင့်မေးရင်း ပြုံးပြလိုက်မှပင်

'ငါတို့ထောင်ကဲက ရိုက်လို့ပါကွာ' ဟု ပြောရင်း ဘခွေးက ကျောကို လှည့်၍ပြ၏။ မြင်ရသောအရှိုးများမှာ ကြောက်စမန်းလိလိ ပေါက်ပြဲလုနီးပါး ညိုမည်း ဖောင်းရောင်နေသည်ကို တွေ့ရသောကြောင့် စိတ်ထိခိုက်သွား၍လော မသိ၊ အတာ့မျက်နှာကလေးမှာ သိသိသာသာပင် ညှိုးကျသွားတော့၏။

'ဘာဖြစ်လို့ ရိုက်တာလဲကွ'

'မနက်က ငါ့ကို ဈေးထဲခိုင်းလိုက်တာကို ငါက ခတ်ရထား လျှောက်ခိုစီးနေတာ မိသွားတာနဲ့ ငါ့ကို ရိုက်လဲရိုက်တယ်၊ မနက်စာလဲ ထမင်းမကျွေးဘူးတဲ့ကွ'

'ဟင် ဒါဖြင့် မင်း ထမင်းစားရသေးဘူးပေါ့၊ ဟုတ်လား'

'အေးကွ၊ ငါ သိပ်ဆာတာပဲ၊ ဒါကြောင့် ငါ စိတ်ညစ်ပြီး ဒီမှာ လာထိုင်နေတာ'

အတာလည်း ဘခွေးအား သနားသွားသည့်အမူအရာဖြင့် အတန်ကြာ တွေကြည့်နေပြီးမှ

'ဒါဖြင့် မင်း မြေပဲကြော်နဲ့ ဆန်ပြုတ် သွားသောက်ပါလားကွ၊ နှစ်ပြား ဖိုးဆို ဝတာပဲ၊ ငါလဲ တို့အမေက ထမင်းဖိုးပေးရင် အဲဒီဆန်ပြုတ်ပဲ သွားသောက်တယ်'

'ငါ့မှာမှ ပိုက်ဆံမရှိဘဲကွ'

'ငါပေးမယ်လေ၊ ရော့'



ပြောပြောဆိုဆို အတာလည်း မုန့်စားမည်ဟု ယူ၍ ထွက်လာသော ပိုက်ဆံနှစ်ပြားကို ဘခွေးအား လှမ်းပေးလိုက်တော့၏။ တစ်ကြိမ်က သူ့အား အကြီးဆုံးသော အနှောင့်အယှက်ပေးခဲ့သည့် ရန်သူတစ်ယောက်ဟူ၍ ဘခွေးအပေါ်တွင် သဘောမထားတော့ဘဲ အလွန်ခင်မင်သော သူငယ်ချင်းတစ်ယောက်ပမာ ဤသို့ပင်သဒ္ဒါရက်ရောစွာဖြင့်သူမုန့်စားမည့်ပိုက်ဆံနှစ်ပြားကိုပေးလိုက်ချေသေး၏။

အတာတွင် ဤကဲ့သို့ နှစ်လိုဖွယ်ရာသော စိတ်ထားကလေးများ ရှိနေသည်မှာ ယခုမှမဟုတ်။ လူမှန်းသိစအချိန်ကတည်းကပင် ခွေးကလေး ကြောင်ကလေးများကို နီးနီးကပ်ကပ် တွေ့ရသောအချိန်နှင့် သူ တစ်စုံတစ်ရာ စားနေခိုက် ကြုံလျှင် ရက်ရက်ရောရော ကျွေးပစ်တတ်၏။

တစ်ခါကလည်း ပြင်ပမှ ကလေးတစ်ယောက် လောက်လေးနှင့်ပစ်လိုက်သဖြင့် ရင်အုပ်ကိုထိမှန် ဒဏ်ရာရလာသော စာကလေးတစ်ကောင်သည် သွေးရူးသွေးတန်းနှင့် အတာတို့အိမ်ထဲသို့ စွတ်ဝင်လာကာ မီးဖိုဆောင်ထဲတွင် တဖျပ်ဖျပ် လူးလဲနေသည်ကို အိမ်သာတက်ရန်အလာတွင် အတာကတွေ့သဖြင့် ပျာပျာသလဲ ကောက်ယူပြီး တဖဲသလောက် မှတ်သလောက် ထုံး နနွင်း စသည်တို့ဖြင့် ပြုစုကုသပေးကာ ကောင်းစွာ ပျံသန်းနိုင်သည်အထိ သုံးရက်လုံးလုံး အစာရေစာပါ တိုက်ကျွေးသောအားဖြင့် အသက်တစ်ချောင်းကို ကယ်ခဲ့ဖူး၏။

ထိုမျှသာမက အသေးအမွှားဖြစ်သော ပုရွက်ဆိတ်၊ ပိုးဟပ် အစရှိသော သက်ရှိသတ္တဝါကလေးများ၊ ရေဇလုံ ရေစည် စသည်တို့ထဲသို့ ကျနေသည်ကို တွေ့လျှင်လည်း တယုတယဆယ်၍ ဘေးကင်းရာသို့ ပို့လွှတ်ပေးတတ်၏။ လမ်းဘေး ရေမြောင်းများထဲ၌ သေလုမြောပါး ရေနစ်နေသည့် ကြွက်ကလေး များကိုလည်း အတာ မကြာခဏ တွေ့တတ်သေး၏။ ဤသို့ တွေ့တိုင်းလည်း အတာသည် ညေ်မှုပင် နံစော်နေသော ရွှံ့ပုပ်များဖြင့် ရွှံ့စရာကောင်းနေသည် ဖြစ်စေ သူတစ်ထူး၏ အသက်ကို မရအရ မြောင်းထဲဆင်း၍ ကယ်ခဲ့သည်သာ ဖြစ်၏။

ဤသို့ သက်ရှိသတ္တဝါသာ မဟုတ်၊ သက်မဲ့ဖြစ်သော သစ်ပင် ပန်းပင်ကလေးများ ညှိုးနွမ်းနေသည်ကိုတွေ့လျှင် အတာ စိတ်မကောင်းဖြစ်တတ်၏။ သူတို့၏ အိမ်ရှင်ဖြစ်သော ပွဲကတော်ကြီး စိုက်ပျိုးထားသည့် ပန်းပင်ကလေးများ ညှိုးခြောက်နေသည်ကိုမြင်လျှင် အတာ မနေတတ်၊ ရေခပ်၍ လောင်း၏။ မြေကြီးရှာ၍ ဖြည့်ပေးတတ်၏။

သို့လျှင် ကြင်နာတတ်သောစိတ်၊ သနားတတ်သောစိတ်၊ ကိုယ်ချင်းစာတတ်သော မွန်ပြတ်လှသည့် အတာ့စိတ်ကလေးများကြောင့်ပင် အတာအား ကြီးစွာသော ကောင်းကျိုးချမ်းသာသည် အမှန်မုချ ပေးလိမ့်မည်ဟု အတာ့စိတ်ထားကို သိသူတိုင်းက သို့လျှင် နိမိတ်ဖတ်ကြ၏။

www.burmeseclassic.com



အတာကလေး ဒုတိယတန်းသို့ရောက်ခဲ့၍ ဆယ်ရက်မျှပင် မကြာသေးမီ ဆရာမက အတာ့အား မော်နီတာ ခန့်လိုက်တော့၏။ အတာ အတန်းတက်စက ဒုတိယတန်းတွင် စာမေးပွဲကျ၍ ကျန်ရစ်ခဲ့သော ကျောင်းသားနှစ်ယောက်နှင့် မောင်သူ မိန်းကလေးတစ်ယောက် ရှိ၏။ ထိုအထဲတွင် အသက် ဆယ့်တစ်နှစ်ခန့်အရွယ် ကျောင်းသားတစ်ယောက်ပါလျက် သူသည် မူလကတည်းက အတန်းမော်နီတာ ဖြစ်၏။

ဆရာမက အသက်ကြီးသည်ကို အကြောင်းပြု၍ မော်နီတာခန့်ထားသော်လည်း ဆရာမသည် လူဟောင်းလည်းဖြစ်၊ အသက်လည်းကြီးသော သူငယ်အစား ထိုသူငယ်ထက် အသက် လေးနှစ်နီးပါးငယ်သော အတာ့အား ရွေး၍ မော်နီတာခန့်လိုက်သဖြင့် ထိုသူငယ်သည် ဆရာမအားလည်းကောင်း၊ အတာ့အားလည်းကောင်း မကျေမနပ် ဖြစ်ခဲ့၏။

အတာတွင် ထူးခြားသော စိတ်ထားကလေးတစ်ခု ရှိ၏။ မျက်စိထဲ၌ အမြင်မတော်သည်ကို တွေ့လျှင် သူနှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ဝင်၍ လုပ်ကိုင် ပြုပြင်တတ်၏။ နံနက် ကျောင်းကိုရောက်သည်နှင့် ကျောက်သင်ပုန်းကြီး၌ ပေနေလျှင်ဖြစ်စေ၊ လွန်ခဲ့သောရက်က ရေးထားသည့် မလိုတော့သောစာများ ရှိနေလျှင်ဖြစ်စေ၊ အတာသည် ဆရာမ၏ အံဆွဲထဲမှ ဒတ်စတာ (ဘောဖျက်) ကို ထုတ်၍ ပြောင်သွားသည်အထိ ပွတ်တိုက် သုတ်သင်လေ့ရှိ၏။ အတန်းသားများ၏ စားပွဲကုလားထိုင်များ ရွဲ့စောင်းနေလျှင်လည်း နေသားတကျ ဖြစ်အောင် စီရွေ့ထားတတ်၏။

စိန်လှဆိုသူ ယခင် မော်နီတာဟောင်းမှာမူ အတာလောက် လာဘ်မမြင်၊ ခိုင်းမှသာ လုပ်လေ့ရှိသောကြောင့် အလိုက်သိ၍ အကင်းပါးပြီး သွက်လက်ချက်ချာ ရှိလှသော အတာအား မော်နီတာအဖြစ် ဆရာမက မြှောက်စားလိုက်ခြင်းဖြစ်၏။

မိန်းကလေးကျောင်း ဖြစ်သောကြောင့်လည်း သောကြာနေ့တိုင်း ညနေဘက် နေ့တစ်ဝက်သည် မိန်းကလေးများ အပ်ချုပ်ပန်းထိုး သင်ကြားရသော အချိန်အဖြစ် သတ်မှတ်ထားသည်ဖြစ်ရာ သို့ မိန်းကလေးများ အပ်ချုပ်ပန်းထိုး သင်ကြားနေကြသည့် အချိန်ပိုင်းတွင် ယောကျ်ားကလေးများက ဆရာမ ပေးထားသည့် ကျောင်းစာတစ်ခုခုကို ရေးသား ဖတ်ရှုနေကြရ၏။

အတာတို့အတန်းတွင်မူ မုန့်စားလွှတ်ချိန်ရောက်သည်နှင့် ဆရာမသည် အတွက်ပုစ္ဆာရော အဖြေပါ အသင့် ရေးသားထားသည့် စာရွက်တစ်ခုကို အတာ့အား ပေးအပ်ထား၏။ ကျောင်းပြန်တက်သည်နှင့် ဆရာမသည် ယောကျ်ားကလေးတိုင်းကို

'မင်းတို့အားလုံး အတာ့စကား နားထောင်ရမယ်၊ သူရေးခိုင်းတာကို ရေး၊ သူဖတ်ခိုင်းတဲ့စာကို ဖတ်ကြ၊ အတာ့စကားကို နားမထောင်တဲ့လူကို မမတော့ နားမထောင်တဲ့လူလိုပဲ သဘောထားပြီး မမ ခေါ်ရိုက်မယ်၊ မှတ်ထားကြ' ဟူသော ဩဝါဒဖြင့် ရှိသမျှ ယောကျ်ားကလေးများကို အတာနှင့် လွှဲထားခဲ့ပြီး ဆရာမကမူ အတန်း၏ ထောင့်တစ်နေရာသို့ မိန်းကလေးများကို ခေါ်သွားပြီး စာထိုး ပန်းချုပ် သင်ပေးလေ့ရှိ၏။

စာသင်ခန်း၏ အခြားသော ထောင့်တစ်နေရာတွင် ကျန်ရစ်ခဲ့သော ယောကျ်ားကလေးများမှာကား အတာကိုယ်တိုင် ကျောက်သင်ပုန်းကြီးတွင် ရေးပေးထားသည့် အတွက်များကို တကုန်းကုန်း ထိုင်၍ တွက်နေကြ၏။ အတာကိုယ်တိုင်ကသော် ဘာမျှမလုပ်ရဘဲ ထိုယောကျ်ားကလေးများကို ထိုင်ကြည့်ရင်း စကားမများရန်၊ အတွက်ခိုးမချရန်၊ မဆော့ရန်ကိုသာ ထိန်းသိမ်းဆုံးရ၏။

'ဟေ့ အတာ၊ အတွက်နံပါတ် ၄ က အဖြေဘယ်လောက်လဲကွ ဟင်၊ ငါ့ကို ပြောပြပါလား' ဟု အချို့သော ကျောင်းသားများက ခက်သောပုစ္ဆာအတွက် အတာ့အား ချော့၍အဖြေတောင်းကြ၏။ သို့သော် အတာက မပေး။ သူ့အချစ်ဆုံး သူငယ်ချင်းများကိုပင် ပြမပေးဘဲ

'သူတို့တော့ အဖြေရအောင်တွက်ပြီး မင်းကို အဖြေမှန်ပြပေးမယ်ဆိုရင် ဘယ့်တရားမလဲကွ၊ သူတို့လို ရအောင်တွက်ပေါ့' ဟု ပြောရင်း မှားလာလျှင် ကြက်ခြေခတ်ပစ်သည်သာ ဖြစ်၏။ သို့လျှင် အတာသည် တည်ကြည်၏၊ ပြောင့်မတ်၏။ မည်သူ့ကိုမျှ မျက်နှာမလိုက်ဘဲ တရားသဖြင့်သာ လုပ်လေ့ရှိ၏။

ငယ်ငယ်ရွယ်ရွယ်နှင့် စိတ်ရင်းကောင်းသူကလေး ဖြစ်သည့်အတိုင်းလည်း ကာန်းသချာညံ့သော ကျောင်းသားကလေး သုံးယောက်ကိုမူ တစ်နေ့ရာသို့ သီးသန့်ခေါ်ယူပြီး အတာကိုယ်တိုင် တွက်ပုံတွက်နည်းများကို စိတ်ရှည်လက်ရှည် သင်ပြပေးတတ်၏။ အတာသည် ဤလို ရှေ့ဆောင်ရှေ့ရွက်လုပ်ရသောအဖြစ်ကို အလွန်ပျော်၏။ စိတ်ဝင်စား၏။ ဝါသနာလည်းပါ၏။

ယင်းကဲ့သို့ အတာကလေး ကျောင်းတွင်ပျော်သလောက် အိမ်ပြန်ရောက်လျှင်မူ ဟက်ဟက်ပက်ပက် ပျော်လှသည်ဟူ၍ တစ်ခါမျှ ရှိခဲ့ဖူးသည်မရှိ။ တစ်ခုမဟုတ် တစ်ခုသောအကြောင်းကြောင့် စိတ်ညစ်ရ၏။

တစ်ခါတစ်ရံ အတာကလေး ကျောင်းမှပြန်ရောက်ပြီးနောက် ည ခုနစ်နာရီ ရှစ်နာရီ ထိုးသည့်တိုင်အောင် ကိုထွန်းအောင်ရော ခသိန်းမေပါ အိမ်သို့ ပြန်မရောက်သေးဘဲ ရှိတတ်သောကြောင့် အတာတွင် ထမင်းဆာသော်လည်း ဘာမျှမတတ်နိုင်။ သူ့မေမေတို့ ပြန်အလာကိုသာ လည်ပင်းတရှည်ရှည်ဖြင့် မျှော်နေရရှာ၏။ မသိန်းမေတို့ ဓနီးမောင်နှံ ညနေ ခြောက်နာရီပွဲ ရုပ်ရှင်ကြည့်လိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် အိမ်သို့ ပြန်မလာတော့ဘဲ ကိုထွန်းအောင် ရုံးမှအပြန် ဈေးသို့ ဝင်ရန် မှာထားပြီး ဈေးမှပင် တစ်ခါတည်း ဆိုင်သိမ်း၍ ရုပ်ရှင်သို့တစ်ဆက်တည်း သွားတတ်ကြသည်ဖြစ်ရာ အတာမှာလည်း ည ကိုးနာရီခွဲလောက်အထိ မသိန်းမေတို့ ပြန်မလာသည့်တိုင်အောင် အဆာခံ၍ စောင့်နေရ၏။

ရံဖန်ရံခါဆိုသလိုလည်း ရုပ်ရှင်မှအပြန် တစ်ဆိုင်ဆိုင်ဝင်၍ ထမင်းစားသောက်ပြီးမှ ပြန်သောရက်များတွင်မူ ဆယ်နာရီသာသာလောက်တွင်မှ ပြန်ရောက်တတ်၏။ ထိုအချိန်ထိမူ အတာ စောင့်နိုင်သည်ကနည်းပြီး ဆာဆာနှင့်ပင် သူ ပြောလေ့ရှိသည့်အတိုင်း ရေအဝသောက်၍ အိပ်ချလိုက်သည်က များ၏။

ကျောင်းသားဘဝ ရောက်သည်မှစ၍ အတာတွင် အနည်းဆုံး တစ်မတ်ငါးပဲလောက်ကား အမြဲစုထားပြီးသား ရှိတတ်သော်လည်း ဆာလွန်းမက ဆာသည့် နေ့များမှတစ်ပါး သူ့ပိုက်ဆံနှင့်သူ ထမင်းစားရမည်ကို သူအလွန်နှမြော၏။ သူ ပိုက်ဆံစုသည်မှာ ထမင်းနှင့် မုန့်စားရန် မဟုတ်။ ကျောက်တံခဲတံမှအစ အင်္ကျီ လုံချည် ဖိနပ် ဤမည်သော သူ့တွင် လိုအပ်သော ပစ္စည်းများ ဝယ်ရန်သာ စုဆောင်းခြင်းဖြစ်၏။

ထို့ကြောင့်ပင် အငတ်ခံ၍ စုခဲ့သော ပိုက်ဆံဖြင့် ဝယ်မစားဘဲ ထပ်၍ အငတ်ခံပြီး ထိုပိုက်ဆံကိုပင် ပြန်၍စုသလို ဖြစ်နေတော့၏။

မနေနိုင် မထိုင်နိုင်လောက်အောင် ဆာသောအခါများတွင်သာ အတာသည် ဘခွေးအား တစ်ခါက ပြောခဲ့ဖူးသည့်အတိုင်း မြေပဲကြော် ဆားဖြူးနှင့် ဆန်ပြုတ်အဖြူထည်ကို နှစ်ပြားဖိုး အလွန်ဆုံးသာ ဝယ်စားလေ့ရှိ၏။ ဆာလွန်းမက ဆာ၍ သို့ သူ့ပိုက်ဆံနှင့် သူဝယ်စားပြီးတိုင်းလည်း

‘ငါမှေလို့ ဝယ်စားမိတယ်၊ ရေသောက်ပြီး အိပ်လိုက်ရကောင်းသား၊ ခု ငါ့မတ်စေ့လေး ပျက်သွားပြီ၊ နှစ်ပြား လျော့သွားပြီ’ စသဖြင့် တွေးတောရေရွတ်ရင်း တဖျစ်တောက်တောက် နှမြောနေတတ်ပြန်၏။ ဤလိုသူ့ပိုက်ဆံနှင့်သူ စားရ၍သာ နှစ်ပြားထဲ သုံးသည်မဟုတ်။ မသိန်းမေ ကိုထွန်းအောင်တို့ တစ်ဦးဦး အချိန်မီ ပြန်ရောက်၍ ထမင်းဖိုးတစ်ပဲပေးလျှင်လည်း အတာသည် မြေပဲကြော်နှင့် ဆန်ပြုတ် အီကြာကွေးနှင့်ဆန်ပြုတ် ဖောဖောသီသီရသော တရုတ်ဆိုင်သို့သာ ဦးတည်ပြေးလေ့ရှိ၏။ စားလျှင်လည်း နှစ်ပြားဖိုးပင်။ ပိုသော နှစ်ပြားကို အမြတ်တစ်နိုးထား၍ စု၏။ လက်ရှိ သုံးမူးနှင့် ခြောက်ပြားတွင် ထိုနှစ်ပြားထည့်လိုက်၍ ငါးမူးဖြစ်သွားလျှင်သူအလွန်ပျော်၏။ ပျော်သလောက်လည်း ထိုအထဲမှပဲ့သွားမည်ကိုကြောက်၏။

မသိန်းမေက သားအရင်းဖြစ်သော အတာကလေးအပေါ်တွင် မည်သို့ သဘောထားသည်ကို ယခုတိုင် မှန်းဆ၍ မရနိုင်သေး။ ဘေးလူအနေဖြင့် မြင်ရသည်မှာမူ သည်းအူ နာလောက်အောင်ပင် ကြင်နာမှုကင်းမဲ့သလို ဖြစ်နေတော့၏။



ဆိုခဲ့သည့်အတိုင်း အတာတွင် သူလို လူမမယ်ကလေးတစ်ယောက်အဖို့ ညစာ ထမင်းတစ်နပ်သည် ပြဿနာလိုဖြစ်နေ၏။

‘မသိန်းမေ၊ ကောင်လေးကို ထမင်းဖိုး ပေးလိုက်ဦးလေဗျာ’

ကိုထွန်းအောင် အိမ်တွင်ရှိက ဤလို သတိပေးဖော်ရသဖြင့် တော်သေး၏။ မသိန်းမေ တစ်ယောက်တည်းသာရှိပြီး တစ်ဦးတလေနှင့် စကားကောင်းနေခိုက်နှင့် ကြုံနေသော် အတာ အဘယ်မျှ ဆာနေစေကာမူ ထမင်းဖိုး မတောင်းဝံ့။ ယောင်မလည် ကိုယ်ယောင်ပြရင်းသာလျှင် အချိန်ကုန်နေတတ်၏။ မသိန်းမေ သတိရ၍ ပေးမှသာ အပြေးကလေး သွားဝယ်စားရ၏။

တစ်ကြိမ်ကမူ မသိန်းမေတို့ ဘယ်သွားနေကြသည်ဟူ၍ မသိ။ ကိုးနာရီ ထိုးသည့်တိုင်အောင် ပြန်မရောက်ကြသေးသော ညတစ်ည၊ မခင်သက်တို့ ညီအစ်မတစ်သိုက် ထမင်းစားနေကြခိုက်နှင့် အိပ်တော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် အတာ နောက်ဖေးထွက်ခိုက် ကြုံကြိုက်သွားသည်တွင်

‘ဟဲ့ အတာ၊ နင့်မိထွေးကော ပြန်မလာသေးဘူးလား၊ အသံလဲ မကြားရဘူး’

‘ဟုတ်ကဲ့၊ မလာကြသေးဘူး မမသက်’

‘နို့ နင်ကော ထမင်းစားပြီးပလား’

သို့ မခင်သက် မေးလိုက်သည်ကို အတာ ရုတ်တရက် မဖြေ။ ယောင်တွေတွေ လုပ်နေသောကြောင့်

‘လာခဲ့ လာ၊ မမတို့နဲ့ ဝင်စားလိုက်၊ နင့်မိထွေးက ဘယ်အချိန်မှ ပြန်လာမယ် သိတာမဟုတ်ဘူး၊ အင်း တော်တော်ခက်တဲ့ မိန်းမကြီးပဲ၊ သားသမီးရယ်လို့ နည်းနည်းကလေးမှ ဂရုမစိုက်ဘူး’

ဤလို တစ်ဆက်တည်း ညည်းညူရင်း အတာအား ထမင်းခေါ်ကျွေး၏။ ထမင်းစား၍ အတာကလေး ပြန်တက်သွားပြီးနောက် အိပ်ပျော်သွားသလောက် အချိန်တွင်မှ မသိန်းမေတို့ ပေါက်လာသဖြင့်

‘အင်း ဒေါ်ဒေါ်တို့လုပ်ပုံ သိပ်ကောင်းတာပဲ’ ဟု မခင်သက်က မနေနိုင်လွန်းသည်နှင့် ဤလိုစကား စလိုက်သောကြောင့်

‘ဘာတုံး မခင်သက်ရဲ့၊ ညည်းဥစ္စာက အလန့်တကြားကြီးပါလား’

‘ဟုတ်ပါဘူး၊ ဒေါ်ဒေါ်တို့ ခုလို သွားချင်ရာသွားပြီး ပြန်ချင်မှ ပြန်ချင်လဲ ကလေးကို ထမင်းဖိုးလေး ဘာလေး ပေးထားခဲ့ဖို့ကောင်းတယ်’

‘အေး ငါလဲ အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာတာနဲ့ အိမ်ကောင် ပြန်လာနိုင်ဘူး၊ ဘယ်မလဲ အတာကော’

ပြောလိုက်သောစကားတွင်သာ ဝန်ခံသလိုနှင့် ရှောင်တရှားအောင်

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ယ်မျိုး ဆောင်နေသော်လည်း မျက်နှာထားမှာမူ သိသိသာသာပျက်နေ၏။ နောက်ထပ် မခင်သက်က ဘာမျှ ဆက်မပြောနိုင်မီပင် မသိန်းမေလည်း ခပ်သုတ်သုတ် လှည့်တက်သွားတော့၏။

'ကဲ အခုလိုပြောခဲ့ရတော့ ကောင်းသလား ဟင်၊ ကျုပ် အတန်တန် ပြောတယ်၊ အိမ်မပြန်ဘဲနဲ့ ဟိုသွား ဒီသွား သွားချင်ရင်လဲ တစ်ခါထဲ ကိစ္စပြီးအောင် ကောင်လေးကို ညစာအတွက်ပါ ပေးပေးထားပါလို့'

အထပ်နိုးပေါ်ရောက်သည်နှင့် ကိုထွန်းအောင်က သို့လျှင် နှစ်ကိုယ်ကြားသံဖြင့် အပြစ်တင်လိုက်သည်ကို

'တော်တော့ ကိုထွန်းအောင်၊ ဒီအကြောင်း နောက်ထပ် မဆက်နဲ့တော့'

'အဖြစ်က ဆိုးလွန်းလို့ ပြောတာဗျ၊ ခင်ဗျားအဖို့တော့ ဘာအရေးလဲ မအေအရင်းမို့၊ ပြောစရာရှိတော့ ပထွေးကို ထိခိုက်လာမယ်၊ ကျုပ်ကို ပြောကြမှာဗျ၊ သိလား'

'တော်တော့လို့ ကျွန်မ ပြောနေတယ်နော်၊ ဘာလဲ မိုးကြိုးချုပ်မှ ရန်ဖြစ်ချင်သလား၊ ဟုတ်လား'

မသိန်းမေ၏ မျက်နှာထားတွင် ခုနစ်အိမ်ကြား အော်တော့မည့်ကဲ့သို့သော အရိပ်အရောင် ပေါ်လာသည်တွင်မူ ကိုထွန်းအောင်လဲ သက်ပြင်းရှည်ချ၍ စကားစ ဖြတ်လိုက်ရတော့၏။

ဤကိစ္စကို ဤမျှနှင့် ဤမှာပင် ပြီးစေချင်သလောဟု မသိန်းမေ၏ ဆန္ဒကို ကိုထွန်းအောင် အကဲခတ်မှားခဲ့၏။

နံနက် မိုးလင်း၍ ထုံးစံအတိုင်း အတာကလေး လက်ဖက်ရည်ဝယ်ပြီး ပြန်လာသည်နှင့်ပင် မသိန်းမေလည်း တစ်စုံတစ်ရာကို သတိရသည့်မျက်နှာထားဖြင့် အတာအား သူ့အနီးသို့ ခေါ်ယူလိုက်၏။

'ညက နင် ထမင်းဘယ်မှာစားသလဲ'

မသိန်းမေက အံကြိတ်သံနှင့် မေးလိုက်သောကြောင့် အတာတွင် အတော်ကြီး ထိတ်လန့်သွားရှာ၏။

'မမသက်တို့က ခေါ်ကျွေးလို့ အတာ ဆာတာနဲ့'

'နင့်ကို ငါ ဘာမှာထားသလဲ၊ ဘယ်သူက ဘာကျွေးကျွေး ငါမသိဘဲ မစားရဘူးလို့ ဘယ်နှစ်ခါရှိပလဲ ငါပြောထားတာ၊ ဟင်'

မှန်၏။ သူတစ်ထူးစားနေသည်ကို မမျှော်ရ၊ ကျွေးတိုင်းလည်း မစားရဟူသော ပညတ်ချက်ဖြင့် မသိန်းမေက အတာအား ဆုံးမထားဖူး၏။ သို့သော် ထမင်းဆာနေချိန်၌ ခေါ်ကျွေး၍စားသည်မှာမူ အပြစ်မရှိဟု အတာက ယူဆ၏။

'ဒါဖြင့် နောက်ကို အတာ ဘယ်တော့မှ မစားတော့ပါဘူး မေမေ'



'ခုမှ မစားတော့ပါဘူးလား'

မသိန်းမေလည်း သို့မေးရင်းကပင် အတာ၏ပေါင်တွင်းကြောကို ဆွဲလိမ်လိုက်၏။ တစ်ချက်တည်းသာ လိမ်ရုံမဟုတ်ဘဲ ဆွဲလိမ်လျက်သားပင် ကိုင်ထားပြီးမှ

'ငါ့အရှက်ကိုခွဲတဲ့ အမျိုးယုတ် ဟင်၊ နင် နောက်ကို ဘယ်သူ ဘာကျွေးကျွေး စားဦးမလား'

'မစားပါဘူး မေမေ'

နာလွန်းသဖြင့် မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာရာမှ အတာသည် ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြန်ဖြေလိုက်သည်ကို

'တိုးတိုးပြော ကာလနာလေး၊ အသံမထွက်နဲ့' ဟု ပိတ်ပင်ရင်း မလွှတ်သေးသော ပေါင်တွင်းကြောကို ထပ်လိမ်လိုက်ပြန်သဖြင့် အတာကလေးတွင် အသက်အောင့်၍ ကြိတ်ကာ မျက်စိစုံမှိတ် အနာခံနေရရှာ၏။

ထိုအပြုအမူအတွက် ဝင်စွက်ရကောင်းနိုးနိုးဖြင့် မျက်စိပျက် မျက်နှာပျက် စိတ်လက်မကောင်းဖြစ်နေသော ကိုထွန်းအောင်လည်း ယခုမူမနေနိုင်တော့သည့်အတိုင်း

'မသိန်းမေ၊ ခင်ဗျား တယ်ခက်ပါလား ဟင်'

'ရှင် ဝင်မပြောနဲ့၊ မပြောနဲ့ဆို ဘာမှ မပြောနဲ့၊ ဒါ ကျွန်မ ဆုံးမနေတာ'

'ဘာလဲ မှားတာက ခင်ဗျားဗျ သိလား၊ ကလေးကို ဆုံးမဖို့ မလိုဘူး၊ ခင်ဗျားကိုယ် ခင်ဗျား ဆုံးမ'

မသိန်းမေက စကားအနေဖြင့် ဘာမျှ မပြောတော့ဘဲ မျက်ဆံတပြူးနှင့် ရှူးရှူးရှဲရှဲ လှည့်ကြည့်လိုက်သောကြောင့်

'ကဲ ခင်ဗျား ဆုံးမတာဆိုရင်လဲ ပါးစပ်နဲ့ပြောဗျာ၊ ပေါင်တွင်းကြောဆွဲထားတဲ့ လက်ကိုလွှတ်လိုက်၊ ကလေးအသား နနုကလေး ဘယ်ခံနိုင်မှာလဲဗျ' ဟု စိတ်ကို မထိန်းနိုင်တော့သည့်အလား ကိုထွန်းအောင်လဲ အနီးသို့ကပ်သွားပြီး မသိန်းမေ၏လက်ကို ဆွဲဖယ်လိုက်၏။ ကိုထွန်းအောင် စိတ်ဆိုးနေသည်လည်းသိ၊ ပတ်ဝန်းကျင်ကလည်း အတာ့ငိုသံကို မကြားစေလိုသောကြောင့် မသိန်းမေလည်း အသာတကြည်ပင် အလျှော့ပေးလိုက်ပြီးမှ

'သေသေချာချာ နားထောင်၊ နောက်ကို ဘယ်သူပဲမေးမေး၊ ထမင်းစားပြီးပလား ဆိုရင် စားပြီးပြီး မပြီးပြီး ပြီးပြီလို့ ပြောရမယ်၊ ခေါ်ကျွေးရင်လဲ ဘယ်တော့မှ ဝင်မစားရဘူး၊ ကြားရဲ့လား'

'ဟုတ်ကဲ့'

'ဒါပဲ၊ နောက်တစ်ခါ ဒီထမင်းကိစ္စနဲ့ ငါ့အရှက်ခွဲရင်တော့ နင့်ကို ဘယ်လိုလုပ်ပြမယ်ဆိုတာ ကြည့်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ညစာထမင်းဖိုးကိုပါ မနက်ကတည်းက ပေးထားခဲ့ပါလား မေမေရဲ့'

အကယ်၍ မသိန်းမေသာ သားသမီးကို ကြင်နာ ယုယတတ်သည့် အခြားသော မိခင်မျိုးဖြစ်လျှင် (ဝါ) သားသမီးအား ရင်းရင်းနှီးနှီး တီတီတာတာ ဆက်ဆံခွင့်ပေးသူဖြစ်လျှင် အတာသည် အထက်ပါအတိုင်း ပြောလိုက်မိမည်သာ ဖြစ်၏။ ဤသည်မှာလည်း စင်စစ် မိဘကို အာခံသည့် သဘောမျိုး မဟုတ်။ တရားနည်းလမ်းမကျသည့် မသိန်းမေ၏ အကြင်နာကင်းမဲ့လှသော အပြုအမူနှင့် အပြောအဆိုအတွက် အချက်ပိုင်ပိုင်ကလေး ပြောလိုခြင်းသာ ဖြစ်၏။

ဤလို ပေါင်တွင်းကြောကလေး ပွန်းလုမတတ် ဆွဲလိမ် ကြိမ်းမောင်းကာ လုံးဝ အဓိပ္ပာယ်မရှိသော စည်းကမ်းချက်များဖြင့် ချုပ်ချယ် မာန်မဲလိုက်ပြီးမှ အဘယ်သို့သော စိတ်မျိုး ဝင်လာပြန်သည်မသိ၊ မသိန်းမေလည်း ကုတ်ကုတ်ကလေး ထိုင်၍ မျက်ရည်သုတ်နေသော အတာကလေးအား အတန်ကြာ တွေကြည့်နေပြီးမှ မုန့်ဖိုးကလေးတစ်စေ့ ပစ်ပေးလိုက်ရင်း

'သွားမအမ်းနဲ့တော့၊ တစ်မူးလုံးပဲယူ'

မသိန်းမေလည်း အတာအား သနားသွားဟန်တူ၏။ ပေးနေကျထက် နှစ်ပြားပို၍ ပေးကာ ကြည်ကြည်သာသာပင် ညနေ ကျောင်းမှ ပြန်လာက ဘုရားညောင်ရေအိုးများ ဆေးကြောထားရန် မှာရင်း ဈေးထွက်ရန် ဆင်းသွားတော့၏။ မသိန်းမေ၏ သဘောထားမှုမှန်ကို အကဲခတ်ရန်အတွက်မှာ ယခုထိ ခက်နေသေး၏။

\+ \+ \+

ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း အတာသည် နံနက်တိုင်း မုန့်နှင့် ထမင်းဖိုးအဖြစ် ရသော ခြောက်ပြားအနက်မှ တစ်နေ့လျှင် နှစ်ပြားမှန်မှန်စုခဲ့၏။ ပထမတန်းတွင် နေရစဉ်က ကျောက်တံ ခဲတံ စသည်များကို တစ်ပြားစ နှစ်ပြားစသာ သူစုထားသည့် ပိုက်ဆံထဲမှ ရက်ဝေးဝေးခြားပြီး ထုတ်နုတ် သုံးစွဲခဲ့ရသောကြောင့် သူ့ပိုက်ဆံ လျော့သွားသည်မှာ မသိသာလှသော်လည်း ယခု ဒုတိယတန်း အရောက်တွင်မူ ပထမတန်းတုန်းကထက် အကုန်အကျကလေး ပိုလာ၏။

လေ့ကျက် ရေးသားရသည့် သင်ခန်းစာ ဘာသာရပ်ဦးရေက တိုးလာသည်နှင့်အမျှ အမျိုးမျိုး အမယ်မယ် ရေးရသည်ဖြစ်ရာ ကျောက်တံရော ခဲတံပါ ပို၍ ကုန်လေ၏။ ထိုနှစ်မျိုးသာမဟုတ်။ မကြာခဏဆိုသလို ကော်ပီစာအုပ်ကလည်း ဝယ်ရသေး၏။ ကော်ပီစာအုပ်မှာ နှစ်ပြားတန်မှ အများဆုံး တစ်မူးအထိသာ တန်သည့် အမျိုးအစားကို သုံးရသည်ဖြစ်သောကြောင့် ကိုထွန်းအောင်ကို



ပြောလျှင် တစ်နည်းနည်းဖြင့် ဝယ်ပေးမည်သာ ဖြစ်သည်ကို အတာ သိ၏။ သို့သော်လည်း သူ ကိုထွန်းအောင်အား ပြောရမည်ကို အားနာသလိုဖြစ်နေ၏။

လဆန်း ၁ ရက်နေ့ ညနေတိုင်း ကိုထွန်းအောင်သည် ရုံးမှ ပြန်လာသည်နှင့် ကျောင်းလခအတွက် ငွေနှစ်ကျပ်ကို အတာအား ဦးဦးဖျားဖျားပေးထားလေ့ရှိ၏။ ဤသည်ကို ကိုထွန်းအောင်က လွယ်လွယ်ပင် ပေးသလော၊ ရှားပါးသော ငွေအဖြစ် သဘောထား၍ ပေးသလောဟု အတာမသိသော်လည်း အတာကိုယ်၌ကမူ နှစ်ပြားစီလီ၍ စုနေရသူဖြစ်သည့်အတိုင်း နှစ်လကျော်ကျော်စုမှ ရမည့်ငွေအဖြစ် ရောမတန်ဖိုးဟုယူဆ၏။ သို့လျှင် အတာ့အဖို့ နှစ်လကျော်စုမှ ရမည့်ငွေကို ကိုထွန်းအောင်က လစဉ်မှန်မှန် ပေးနေသည် ဖြစ်သောကြောင့် ကော်ပီစာအုပ်ဖိုး ခဲတံဖိုး စသဖြင့် နောက်ထပ် တောင်းရန်မှာ အားနာ လျှာလေးဖြင့် အတာတွင် ပြောမထွက်နိုင်အောင် ဖြစ်နေ၏။

'ကိုထွန်းအောင် ပိုက်ဆံတစ်မူးလောက် ခဏပေးစမ်းပါ၊ လန်ခြားခ ပေးချင်လို့' မသိန်းမေက တစ်ခါတစ်ရံ တောင်းတတ်၏။

'တစ်မူးမရှိဘူး မသိန်းမေ၊ ဒီနေ့အဖို့တော့ ကျုပ် တစ်ပဲပဲ ချမ်းသာတယ်'

ဤသို့ ကိုထွန်းအောင်က ပြန်ပြောတတ်သည်ကို အတာသည် မကြာခဏ ကြားရဖူး၏။ သို့ဖြစ်လျှင် ငယ်ငယ်ရွယ်ရွယ်နှင့် အကင်းပါး၍ အလိုက်သိတတ်သော အတာ့အဖို့၌ ကိုထွန်းအောင်ထံမှ ကော်ပီစာအုပ်ဖိုး တစ်ပဲ တစ်မူး တောင်းရန် အဘယ်မှာ လျှာသွက်နိုင်ပါတော့အံ့နည်း။

'တစ်လ နှစ်ကျပ်၊ နှစ်ကျပ်တောင် ငါ့အတွက် သူ့ကျောင်းလခ ပေးရတာ နည်းတာမဟုတ်ဘူး' ဟူသော သိတတ်မှုကလေးဖြင့် အတာသည် ထိုထိုလိုအပ်သမျှ ကျောင်းသုံးပစ္စည်း ကလေးများကို သူ့စုငွေထဲမှပင် ထုတ်၍ ဝယ်လေ့ရှိ၏။ သို့အလျောက်လည်း သူ့စုငွေမှာ အဝင်နှေးသလောက် အထွက်က သွက်နေတော့၏။ ဤအရေးထဲတွင် အတန်းသား သူငယ်ချင်း တစ်ယောက်တလေက ပါလာသော မုန့်ဖိုးပိုက်ဆံ ကျပျောက်သွားသည်ဟု အတာသိလျှင်လည်း မနေတတ်၊ တစ်ပြားခ နှစ်ပြားစ ဖဲ့၍ မုန့်ဝယ်ကျွေးတတ်သေး၏။

တစ်ခါတစ်ရံ ဆရာမက ရှာလပတ်ရည် မှာခိုင်းပြီး ပိုက်ဆံပေးရန် မေ့နေသောအခါများ၌လည်း အတာသည် သူ့အိတ်ထဲမှ စိုက်ထုတ်ပေးရတတ်သေးလေ၏ ဆရာမက လုံးလုံး သတိမရလျှင် ထိုပိုက်ဆံ ဆုံးရ၏။ သူကမူ ဆရာမအား သတိလည်း မပေး၊ ပြန်လည်း မတောင်းတော့ပေ။

နေ့စဉ်ရသော ခြောက်ပြားအနက်မှ အတာသည် ယခင်က နှစ်ပြားသာ စုသော်လည်း ယခုမူ သုံးပြားမှ တစ်ပဲအထိ မရ ရအောင် စု၏။ နံနက်မုန့်ဖိုး ငွေမှန်ကို လုံးဝ ဝယ်မစားဘဲ နေ့လယ်မုန့်စားလွှတ်မှပင် များများရသော ငွေ

www.burmeseclassic.com



ချောက်မှုန့် ဖြူးထားသည့် ခေါက်ဆွဲကြော် သို့မဟုတ် အာလူးဟင်းနှင့် ပလာတာ အစရှိသော အဆာခံသည့် သရေစာများကိုသာ နှစ်ပြားဖိုးမျှနှင့် အဝစားလေ့ရှိ၏။ ပိုက်ဆံစုချင်သည့်စိတ်က ပြင်းထန်လွန်းသောကြောင့် စနေ တနင်္ဂနွေ၊ ကျောင်းနှစ်ရက်ပိတ်သည်ကိုပင် စိတ်ထဲမှ မကျေမနပ်ချင်သလို ဖြစ်လာ၏။ ကျောင်းနှစ်ရက်ပိတ်သောကြောင့် သူ့တွင် မုန့်ဖိုးတစ်ပဲ လျော့သွားသည် မဟုတ်ပါလော။

ညဘက်တွင်လည်း သူ့မေမေပေးသော ထမင်းဖိုးတစ်ပဲအနက်မှ တစ်ပြားလောက်ဖြစ်စေ၊ မရအရ စုလိုက်ချင်သေး၏။ ကံစွပ်သွား၍ သူ့ထမင်းဝယ်မစားရသေးမီ မခင်သက်တို့ ညီအစ်မအနက် တစ်ယောက်ယောက်က အတာအား လမ်းထိပ်ခေါ်သွားပြီး တစ်ခုခု ဝယ်ကျွေးလိုက်သည်ဆိုလျှင် ထိုညအဖို့ ထ၍ ကျွမ်းထိုးတော့မလောက် အတာ ဝမ်းမြောက်သွားလေ့ရှိ၏။ ဤညလိုမျိုးနှင့် ကြုံလာမှ အတာ တစ်ပဲလုံး စုမိသွားတော့၏။

တစ်ခါတစ်ရံ မသိန်းမေ စိတ်ကူးပေါက်၍ ထမင်းရော ဟင်းပါ ချက်သည့်နေ့တွင်မူ အတာ ဝဝလင်လင်စားခွင့်ကြုံ၏။ သို့စားရသည့်အခိုက်တွင်သာ တဝတပြဲနှင့် ပျော်ပျော်ကြီး စားလိုက်ကာ စား၍ပြီးသည်နှင့်

ထမင်းဖိုးရတော့မည် မဟုတ်သည်ကိုလည်းကောင်း၊ ထိုညအဖို့ သူစုမည့်အထဲမှ တစ်ပြား နှစ်ပြား လျော့သွားတော့မည်ကို တွေးမိလျက် စိတ်ကလေး မသက်မသာ ရှိနေရာတတ်ပြန်၏။

သို့လျှင် အစားထက် အစုဘက်တွင်သာ စိတ်ပြင်းထန်ခဲ့သည့်အလျောက် မစားရက် မသောက်ရက်ဘဲ ကျစ်၍ စုခဲ့သည်ဖြစ်ရာ ကြာသော် အတာတွင် အာဟာရခေါ်တယုတ်လာ၏။ အင်အားလည်း ဆုတ်လာ၏။ အသားအရည်လည်း ပိန်ခြောက် ကြုံလှီလာတော့၏။ အိပ်ရာထဲလဲ၍ နာဖျားမကျန်း မဖြစ်သေးသည်ပင် အတာ့အဖို့ ကံကောင်းသည်ဟု ဆိုရမည်ကဲ့သို့ ရှိနေတော့၏။

အတာသည် စိတ်ကောင်းနှလုံးကောင်းရှိသူကလေး ဖြစ်သည့်အတိုင်း ကောင်းသောအကျိုးသည် အမှန်မုချ သူ့ကို ပေးလိမ့်မည်သာဖြစ်၏။

'မမ ဘာစားမလဲ ဟင်၊ ကျွန်တော် မှာပေးမယ်လေ'

အတာသည် နေ့လယ် မုန့်စားလွှတ်တိုင်း အခြားသော ကျောင်းသားများကဲ့သို့ မုန့်တန်းရှိရာသို့ ကဆုန်ပေါက်မပြေးဘဲ ရှေးဦးစွာ သူ့ဆရာမအနီးတွင် ရပ်၍ သို့လျှင် ကူညီလိုသောစိတ်ထားဖြင့် မေးလေ့ရှိ၏။ ဆရာမ မှာခိုင်းသည့် အစားအစာကို ပျာပျာသလဲ ပြေး၍ ယူလာတတ်၏။ ဆရာမ ဖြစ်သူ စားသောက်ပြီး၍ ပန်းကန်ခွက်ယောက်များ ပြန်ပို့ပြီးစီးမှ သူ့ဝမ်းအတွက် မုန့်တန်းသို့ သွားစားလေ့ရှိ၏။ ညနေ ကျောင်းလွှတ်လျှင်လည်း ဆရာမ၏



လွယ်အိတ်၊ ကော်ဖီဘူး စသည်တို့ကို အတာကိုယ်တိုင် သယ်ပိုး၍ ကားဆိပ်အထိ လိုက်ပို့ပေးလေ့ရှိ၏။

ဤသို့ ကူညီသည်မှာလည်း အတာသည် ဆရာမထံမှ ဘာမျှ အလိုရှိ၍ မဟုတ်။ မွန်မြတ်သော ဓာတ်ခံ စိတ်မှသာ ပေါက်ဖွားလာတတ်သည့် တစ်ဖက်သားအား ကူညီလိုခြင်း၊ အလိုက်သိခြင်း၊ ရိုသေထိုက်သူကို ရိုသေလေးစားတတ်ခြင်း အစရှိသော လူမှုရေးရာကို စေတနာကောင်းဖြင့် ဆောင်ရွက်နေခြင်းသာ ဖြစ်၏။ စေတနာသည် အကျိုးပေးတတ်၏။ ကောင်းသော စေတနာရှိသူကို ကောင်းသောအကျိုး ပေးတတ်၏။

သို့ကြောင့်ပင် စေတနာကောင်းသော အတာ၊ တစ်ဖက်သားကို ကူညီလိုစိတ် ရှိသည့်အတာ၊ အလိုက်သိတတ်သော အတာအား ဆရာမသည် တစ်နေ့တခြား ချစ်လာ၏။ ချစ်သည်နှင့်အမျှလည်း

'အတာ အဲဒီပိုတဲ့ ပိုက်ဆံထဲက မင်း နှစ်ပြားယူ၊ မုန့်ဝယ်စား' ဟူ၍ လည်းကောင်း၊

'ကဲ အတာရေ၊ ဒီနေ့တော့ မမ မုန့်ဟင်းခါးစားမယ်၊ ဘူးသီးကြော်နဲ့ တစ်ခွက် ယူခဲ့နော်၊ မင်းလဲ တစ်ခွက်စား၊ ပိုက်ဆံ မမပေးမယ် ဟုတ်လား' ဟူ၍ တစ်မျိုး။

အတာ၏ သန့်ရှင်းရိုးသားသော စေတနာသည် အတာကလေးအား အကျိုးပေးလျက် ရှိ၏။ ဤကဲ့သို့ ဆရာမက ပေးကမ်း ကျွေးမွေးလေ မုန့်ဖိုး ကုန်အကျသက်သာလေဖြစ်၍ အတာတွင် စုငွေကလေး တိုး၍ တိုး၍ လာတော့၏။

သို့ သူစုသော ပိုက်ဆံကလေး တစ်နေ့တခြား တိုးလာသလောက် ကုန်စရာအပေါက်အလမ်းကလည်း ပေါ်၍ ပေါ်၍ လာပြန်၏။ ရာသီမှာ ဆောင်းဝင်ခဲ့ပြီဖြစ်သောကြောင့် အတာတွင် နံနက်စောစော ကျောင်းသွားရင်း ဝတ်ရန် အနွေးထည်ကလေး လိုလာ၏။ အမှန်လည်း လို၏။ အတာကိုယ်၌လည်း အခြားသော အတန်းသားများနည်းတူ ဘလေဇာကုတ် အင်္ကျီ မဝယ်နိုင်သည့်တိုင်အောင် ဆွယ်တာလေးတစ်ထည်လောက်ကိုမူ ဝတ်ချင်၏။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသကဲ့သို့ အချမ်းလည်းလုံ အများသူငါကဲ့သို့လည်း ဆွယ်တာကလေးနှင့် လှလှပပ ကျောင်းတက်ချင်ရှာ၏။

ဤတစ်ကြိမ်တွင်မူ မသိန်းမေအား ပိုက်ဆံအပ်၍ အဝယ်မခိုင်းတော့ဘဲ သူ့ကိုယ်တိုင်ပင် စွပ်ကျယ်ဆိုင်တန်းသို့သွားကာ အပေါစား ဂျပန်လုပ် အနွေးခံ ဆွယ်တာတစ်ထည်ကို သူကြိုက်ရာအဆင်ရွေးပြီး ငါးမတ်တိတိ ပေးဝယ်ခဲ့၏။ ဝယ်ခဲ့သော် ထိုဆွယ်တာအင်္ကျီကို အိမ်အရောက် တစ်ပါတည်း ယူမလာ။

'ဒီဆွယ်တာလေး ၂၅ လမ်းထဲက ကျွန်တော့်ဟာကျွန်တော် သွားဝယ်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်၊ အဲဒါမမသက် ယူထားလိုက်ပါနော်၊ မေမေတို့ ပြန်လာမှ ကျွန်တော့်ဖို့ မသက်က ဝယ်ပေးတာဆိုပြီး မေမေတို့ရှေ့မှာ ခေါ်ပေးပါ၊ ဟုတ်လား၊ နို့မို့ဆိုရင် မေမေက သူ့ကို အသိမပေးဘဲ ဘာလို့ ဝယ်ရသလဲဆိုပြီး ကျွန်တော့်ကို ရိုက်နေလိမ့်မယ်'

မခင်သက်တို့ ဆိုင်ဝင်၍ အတာသည် ဤသို့ပြောရင်း ဆွယ်တာအကျႌကလေးကို ပေးအပ်ခဲ့ရသေး၏။

ဤမျှသော အသက်အရွယ်နှင့် ဤသို့ အသိတရားရှိပြီး ဤသို့လျှင်အရွယ်နှင့်မမျှအောင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနေသူ လူလိမ္မာကလေးတစ်ယောက်ဖြစ်ပါလျက် ဤကဲ့သို့ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ဝယ်ဝတ်သည်ကိုပင် ဤမျှလောက်သူ့မေမေကို ကြောက်နေရသည်မှာ တရားလွန်သည်ထက်ပင် မကောင်းလေခြင်းဟု မခင်သက်တို့တစ်စုက ရင်ထုမနာ ဖြစ်မိကြ၏။

'ခုလို မင်းဟာမင်း ပိုက်ဆံစုပြီး ကိုယ့်ဟာကိုယ် ဝယ်ဝတ်တယ်ဆိုတော့ မမသက်သာ မင့်အမေဆိုရင် မျက်ရည်ကျမတတ် ဝမ်းသာမိမှာပဲ အတာရယ်၊ အင်း မင်းဖြစ်ပုံများနှယ် မကောင်းလိုက်တာ'

လှိုက်လှိုက်လှဲလှဲ ညည်းညူမိရင်း မခင်သက်လည်း အတာ့ဆွယ်တာထုပ်ကလေးကို မျက်ရည်လည်ရွှဲနှင့် ယူထားလိုက်ရတော့၏။

တစ်နေ့သော် သူရသည့် မုန့်ဖိုးခြောက်ပြားအနက်မှ နှစ်ပြားကို အိမ်တွင်စုထားခဲ့သဖြင့် သူ့အိတ်ထဲတွင် ပဲစေ့တစ်စေ့သာ ပါလာ၏။ ထိုနေ့ကလည်း အတန်းပိုင်ဆရာမ နေမကောင်းသဖြင့် ခွင့်ယူထားသောနေ့ဖြစ်ရာ မုန့်စားလွတ်သည်နှင့် သူ့ဆရာမအတွက် ဘာမှဝယ်ပေးစရာမလိုသည့်အတိုင်း ခေါက်ဆွဲကြော်ဆိုင်သို့ ဦးတည်ထွက်လာခဲ့ပြီး အသင့်ထုပ်ထားသော ခေါက်ဆွဲကြော်ထုပ် တစ်ထုပ်ကိုယူ၍ ဆိုင်ရှင်အဒေါ်ကြီးအား ပဲစေ့ကလေးကို လှမ်းပေးလိုက်၏။

ကျောင်းလွှတ်စ ဖြစ်သည့်အတိုင်း ဆိုင်ဟူသမျှတွင် ကျောင်းသူကျောင်းသားများဖြင့် ရှုပ်ယှက်ခတ်နေ၏။ ခေါက်ဆွဲကြော်ဆိုင်တွင်လည်း ဆယ့်လေးငါးယောက် ဝိုင်းအုံ ရှုပ်ထွေးနေသဖြင့် ဆိုင်ရှင်သည် အတာပေးသော ပဲစေ့ကိုမူးစေ့အထင်ဖြင့် ပိုက်ဆံခြောက်ပြား ပြန်အမ်းလိုက်၏။

ပထမသော် အတာသည် ပိုက်ဆံခြောက်ပြားကို ကြောင်တွေတွေ ကြည့်နေမိ၏။ သူပေးလိုက်သည်မှာ ပဲစေ့ဖြစ်လျက် အဒေါ်ကြီးက မှား၍ ပိုအမ်းလိုက်သည်ကို အတာ သေသေချာချာ သိ၏။ ပိုသောပိုက်ဆံကို ပြန်ပေးရကောင်းနိုး၊ ယူသွားရကောင်းနိုးဖြင့် သူ့တွင် ချီတုံချတုံ ဖြစ်နေပြီးမှ

'တစ်ပဲဆိုရင် ငါ နှစ်ရက်လောက်စုမှရမှာ ကိစ္စမရှိဘူး၊ ငါ ယူသွားမယ်



ဒါ ခိုးတာမှ မဟုတ်ဘဲ'

ပိုက်ဆံရှားသည်ကိုလည်းကောင်း၊ မက်မောရမည်ကိုလည်းကောင်း ကောင်းကောင်းကြီး သိနေသော အတာလည်း ပိုက်ဆံခြောက်ပြားကို အိတ်ထဲသို့ ခပ်သုတ်သုတ်ထည့်ရင်း ခေါက်ဆွဲဆိုင်အနီးမှ လှည့်ထွက်လာခဲ့၏။

လူအေးကလေး အတာသည် အေးအေးနေ၍ အေးအေးစားတတ်သူဖြစ်သည့်အတိုင်း ခေါက်ဆွဲထုပ်ကလေးကို ကိုင်၍ သူစားနေကျနေရာဖြစ်သော ဆောင်တော်ကူးပန်းပင်အောက်သို့ လျှောက်လာပြီး ခေါက်ဆွဲထုပ်ကို ဖြေလိုက်၏။ ယခင်ယခင် အခါများကကဲ့သို့ အတာသည် သွက်သွက်လက်လက် မရှိလှဘဲ တစ်စုံတစ်ရာအတွက် သူ့စိတ်ထဲတွင် လေးနေသလို ထင့်နေသယောင်ဖြင့် ခုနေရာမှာ ကြောင်တွေတွေရှိလှတော့၏။

ထိုတစ်စုံတစ်ရာအတွက် ဆိုသည်မှာ အခြားမဟုတ်။ ခေါက်ဆွဲသည် အဒေါ်ကြီးက ပို၍အမ်းလိုက်သော ပိုက်ဆံတစ်ပဲပင် ဖြစ်၏။ ထိုပိုက်ဆံတစ်ပဲကို အဒေါ်ကြီး ပို၍အမ်းလိုက်စဉ်က အတာသည် သိလျက်နှင့်ပင် လိုချင်သောကြောင့် ယူလာခဲ့၏။ နှစ်ရက်တိတိ မုန့်လျှော့စား၍ စုမှ ရမည်ဖြစ်သော ပိုက်ဆံတစ်ပဲကို ယခုလို လွယ်လွယ်ကလေးရသဖြင့် သူဝမ်းသာသလိုလိုလည်း ရှိခဲ့ပြီးမှ ယခုမူ အဘယ်သို့သော အကြောင်းကြောင့် ထိုပိုက်ဆံအတွက် စိတ်ထင့်နေရလေသနည်း။

နံနက် ကျောင်းတက်၍ ဘုရားရှိခိုးပြီးတိုင်း တာဝန်ကျသူ ဆရာမက ဆုံးမ ဩဝါဒပေးလေ့ရှိ၏။ ထိုထိုဩဝါဒ တရားစကားများထဲတွင် သူတပါး၏ ပစ္စည်းကို မခိုးရ၊ သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိဘဲနှင့် တိတ်တဆိတ် မယူရ၊ ကျောက်တံ ခဲတံ စသည်များ ကောက်ရလျှင်ပင် မိမိတို့ဆိုင်ရာ အတန်းဆရာမကို ပေးအပ်ရမည် အစရှိသော ဆုံးမစကားများကို အမြဲတမ်း ထည့်ပြောလေ့ရှိ၏။

အတာလည်း ယခု ခေါက်ဆွဲ တမြုံ့မြုံ့စားနေရင်းကပင် ထိုထိုဩဝါဒစကားများကို နားထဲတွင် ကြားယောင်လာပြီး တစ်ဆက်တည်းဆိုသလိုပင် အတာ တွေးနေမိ၏။

ခေါက်ဆွဲသည် အဒေါ်ကြီးက ပိုအမ်းလိုက်သော ပိုက်ဆံတစ်ပဲကို သူယူခဲ့သည့် တစ်စုံတစ်ဦး၏ ပိုက်ဆံကို ခိုးရာရောက်သလော၊ သို့မဟုတ် ပိုင်ရှင်မသိဘဲနှင့် တိတ်တဆိတ် ယူရာရောက်သလော စသဖြင့် သူ၌ အပြစ် ရှိ မရှိကို သူ တွေးကြည့်၏။ သူ့အတွေးတွင် ပေါ်လာသော အဖြေကား ရှင်းနေ၏။ အတာသည် ထိုပိုက်ဆံတစ်ပဲကို လိုချင်သောကြောင့်ပင် ယူလာခဲ့ သည်ဖြစ်၍ သူ အပြစ်ကင်းမည့်ဘက်ကိုသာ လှ၍ တွေး၍ အပြစ်မရှိဟု သူ ဆုံးဖြတ်၏။

သူသည် ခေါက်ဆွဲသည် အဒေါ်ကြီးထံမှ ခိုးခြင်းလည်းမဟုတ်၊ မသိဘဲနှင့် တိတ်တဆိတ် ယူလာခြင်းလည်း မဟုတ်ဘဲ အဒေါ်ကြီးကပင် ကျေကျေနပ်နပ်

www.burmeseclassic.com

www.burmeseclassic.com



မှား၍ အမ်းလိုက်ခြင်းသာဖြစ်သောကြောင့် သူနှင့်ထိုက်၍ သူရသည်ဟု အဖြေထုတ်၏။

သို့လျှင် သူ၌ လုံးဝ အပြစ်မရှိဟု အဖြေထုတ်၍ ဆုံးဖြတ်ပြီးသော်လည်း သူ့စိတ်ထဲတွင် စောစောကကဲ့သို့ ကြည်ကြည်လင်လင် မရှိလှဘဲ ထိုပိုက်ဆံတစ်ပဲအတွက်ပင် သူ့ရင်ထဲ၌ လေးနေ၏။ ထိုကိစ္စကိုသာ ထပ်ခါတလဲလဲ တွေးနေမိ၏။ ကျောင်းတက်၍ အတန်းထဲရောက်သည့်တိုင်အောင် သူ့စိတ်မှာ ရှင်းရှင်းလင်းလင်း မရှိသေးဘဲ အဆိုပါ ပိုက်ဆံတစ်ပဲကို ထုတ်ကြည့်လိုက် တွေးလိုက်ဖြင့် တစ်ခါတစ်ရံလည်း အတန်ကြာအောင် ငေးနေမိ၏။

'မကောင်းဘူး မကောင်းဘူး၊ ဒီပိုက်ဆံတစ်ပဲဟာ ငါ့ကို အလကား စိတ်ညစ်အောင် လုပ်နေတာပဲ'

အတာသည် ဤသို့လည်း ဝမ်းထဲမှကြိတ်၍ ရေရွတ်နေမိ၏။ ထိုပိုက်ဆံတစ်ပဲကို ထုတ်ကြည့်လိုက် တွေးလိုက်ဖြင့် တစ်ခါတစ်ရံလည်း အတန်ကြာအောင် ငေးနေမိ၏။

'ဒီလို ငါယူလာတာ ငါ့မှာ အပြစ်ရှိမှာပဲ၊ ဒါကြောင့် ငါ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာ ထင်ပါရဲ့၊ ဟုတ်မှာပဲ၊ ဒီပိုက်ဆံတစ်ပဲ ငါ့အိတ်ထဲရောက်ကတည်းက ငါ မပျော်ဘူး၊ စိတ်ညစ်နေသလိုပဲ'

အတာသည် ဝမ်းထဲမှပင် သူ့ကိုယ်သူ ပြောနေပြန်၏။ ပစ္စည်း တစ်ခု တစ်ခု ကောက်ရလျှင်ပင် ပိုင်ရှင်ကို ရအောင်ရှာ၍ ပြန်ပေးရမည်။ သို့မဟုတ် မိမိတို့ဆိုင်ရာ ဆရာမကို ပေးအပ်ရမည်ဟူသော ဆုံးမစကားကို အတာ သတိရလာပြန်၏။ ဘုရားရှိခိုး၍ ပြီးတိုင်းလည်း တာဝန်ခံဆရာမသည် ကျောင်းသားပေါင်းစုံ ကောက်ရ၍ ပေးအပ်ထားသော ကျောက်တံ၊ ခဲတံ၊ စာအုပ်၊ ရင်ထိုး ဆံညှပ်၊ ဖောင်တိန် အစရှိသော ပစ္စည်းများကို စားခြင်းတစ်ခုဖြင့် ထည့်ယူလာပြီး ပစ္စည်းပျောက်သူများ လာယူကြရန် မကြာခဏဆိုသလို ကြေညာလေ့ရှိသည်ကိုလည်း အတာ မြင်ယောင်လာ၏။

'ဟုတ်တယ်၊ ကောက်ရတဲ့ပစ္စည်းတောင် ပိုင်ရှင်ကို ရှာပြီး ပြန်ပေးရတာဆိုတော့ မသိလို့ မှားပြီးအမ်းတဲ့ ပိုက်ဆံကိုလဲ ပြန်ပေးရမှာပဲ၊ ပိုင်ရှင်ကိုလဲ ငါ သိတယ်၊ ရှာစရာတောင် မလိုဘူး၊ ငါ ပြန်ပေးမယ်'

ဤပုံစိတ်ကူးကလေး ပေါက်လာသည်နှင့် အတာသည် ငေါက်ခနဲ ထလာတဲ့ကာ အတန်းစောင့်ဆရာမအား ခွင့်တိုင်၍ ထွက်သွားတော့၏။

ကျောင်းတက်ပြီး၍ ဆယ်မိနစ်မျှသာ ရှိသေးသောကြောင့် ဈေးသည်များ မပြန်ကြသေး။ တစ်ယောက်မုန့်နှင့် တစ်ယောက် လဲလှယ်စားရင်း လက်ဆုံကျနေကြခိုက် အတာ ရောက်သွားပြီး ခေါက်ဆွဲသည် အဒေါ်ကြီး



တွင် ထိုင်လိုက်သဖြင့်

'ဘာလဲ ကလေး၊ ခေါက်ဆွဲလား၊ ကုန်သွားပြီကွယ်၊ နက်ဖြန်မှပဲ စားတော့ ဟုတ်လား' ဟု အဒေါ်ကြီးက ပျော့ပျောင်း ချိုသာသော အသံဖြင့် ပြောနေသောကြောင့်

'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် ခေါက်ဆွဲစားမလို့ လာတာမဟုတ်ပါဘူး၊ စောစောက ကျွန်တော် စားပြီးပါပြီ'

'သြော် သြော်၊ နို့ ခုလာတာက ဘာပြောချင်လို့လဲ ကလေးရဲ့'

'ခုန ကျွန်တော် လာဝယ်တုန်းက ကြီးကြီး ကျွန်တော့်ကို ပိုက်ဆံတစ်ပဲ မှားပြီး အမ်းလိုက်တယ်၊ ကျွန်တော် ပေးတာက ပဲစေ့၊ အဲဒါ ကြီးကြီးက မူးစေ့ ထင်ပြီး ခြောက်ပြား ပြန်အမ်းလိုက်လို့ ပိုနေတဲ့ပိုက်ဆံတစ်ပဲ ပြန်ပေးမလို့ပါ'

အတာလည်း ပြောပြောဆိုဆိုပင် အသင့်ကိုင်လာသော ပဲစေ့ကလေးကို အဒေါ်ကြီးအား လှမ်းပေးလိုက်သည်ကို ခေါက်ဆွဲသည်က ရုတ်တရက် လက်မခံသေးဘဲ

'နေပါဦးကွဲ့၊ ဒီပိုက်ဆံက ကြီးကြီး မှားအမ်းတာမှ ဟုတ်ရဲ့လား၊ မင်း ဒီဖြင့် ဘာဝယ်စားသေးသလဲ' ဟု အဒေါ်ကြီးက မေးနေပြန်သဖြင့်

'ဒီနေ့ ကျွန်တော် ခေါက်ဆွဲပဲ စားပါတယ်၊ ကျွန်တော့်ဆီမှာလဲ ပဲစေ့ တစ်စေ့ပဲ ရှိပါတယ်၊ ကြီးကြီး မှားပြီးအမ်းတာပါ၊ ကျွန်တော် မှတ်မိပါတယ်၊ အစတော့ ကျွန်တော် ယူတော့မလို့ဘဲ၊ နောက်တော့ ငရဲကြီးမှာ ကြောက်တာနဲ့ လာပြန်ပေးတာပါ'

အတာလည်း မကွယ်မဝှက် ခပ်သွက်သွက်ပင် ဝန်ခံလိုက်သောကြောင့် ဈေးသည်တစ်စုလည်း သူ့ငါကြည့် ငါ့သူကြည့်ဖြင့် ပြုံးနေမိကြရာမှ အားလုံးပင် အတာဆီသို့ မျက်လုံးရောက်သွားကာ အတာကလေးအား ချီးကျူးသော အမူအရာဖြင့် ကြည့်နေကြစဉ်မှာပင်

'သိပ်လိမ္မာတဲ့ ကလေးပဲနော်၊ ငယ်ငယ်လေးရှိသေးတယ်၊ ပိုအမ်းလိုက်တဲ့ ပိုက်ဆံတောင် ပြန်ပေးရမှန်း သိနေပြီ'

'ဟုတ်ပါရဲ့၊ အရွယ်နဲ့တောင် မလိုက်ဘူး၊ ရိုးသားလိုက်တာ'

'အင်း၊ ကျွန်မဖြင့် ဒီကလေးကို ကျွန်မသားလေးပဲ ဖြစ်လိုက်ပါတော့လို့တောင် ဆုတောင်းမိတယ်'

ဤသို့လျှင် ဈေးသည်များက တစ်ယောက်တစ်မျိုးစီ ချီးမွမ်းနေကြရာ

'ကဲ ကဲ ငါ့တူလေးက စိတ်ကောင်းလဲရှိတယ်၊ ရိုးလဲ ရိုးသားတယ်၊ ဒါကြောင့် အဲဒီတစ်ပဲကို ကလေးပဲ ယူတော့နော်၊ မုန့်ဝယ်စား၊ အဒေါ်ကြီးကြီးက ဝမ်းသာလို့ ပေးတာကွဲ့၊ ငရဲမကြီးတော့ပါဘူး' ဟု ခေါက်ဆွဲသည်က ပြုံးရွှင်စွာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြောလိုက်သည်ကိုပင် အတာသည် ခေါင်းကလေးတခါခါနှင့် ရမ်းနေရာမှ

'တင့်အင်း၊ ဒီပိုက်ဆံ ကျွန်တော် မလိုချင်ဘူး ကြီးကြီး၊ ကြီးကြီးပဲ ပြန်ယူပါ' ဟု ပြောရင်းဆိုရင်းကပင် အတာလည်း အဆိုပါပဲစေ့ကလေးကို ခေါက်ဆွဲဇုန်းထဲ ထည့်ခဲ့ပြီး ခပ်သုတ်သုတ် ပြန်ထွက်လာ၏။

အတန်းထဲသို့ ပြန်ရောက်လာပြီဖြစ်သော အတာသည် ယခုမှ သူ့စိတ်ကလေး ရှင်းသွားတော့၏။ သူတစ်ထူး၏ ပိုက်ဆံကို ပြန်ပေးလိုက်ရသဖြင့်လည်း စိတ်ထဲတွင် ပျော်သလိုလို ရှိနေ၏။ တစ်ဖန် သူ ဤကဲ့သို့ စိတ်ကောင်းကလေးထား၍ ရိုးသားစွာ ပြန်ပေးသည့်ကောင်းမှုကြောင့် အဒေါ်ကြီးက မုန့်ဖိုးအဖြစ် ပြန်ပေးသည်ကိုလည်းကောင်း၊ အခြားဈေးသည်များက ချီးကျူး လိုက်သည်ကို လည်းကောင်း၊ အတာသည် တအံ့တသြ ဝမ်းသာသွား၏။ ရိုးသားမှုသည် အဘယ်မျှလောက် တာသွား၍ အဘယ်မျှထိအောင် တန်ဖိုးရှိသည် ဟူ၍ အတာ မမှန်းဆတတ်သော်လည်း သစ္စာရှိခြင်း၊ ရိုးသားခြင်းသည် အလွန် ပျော်စရာကောင်းသော အလုပ်တစ်ခုဟူ၍ကား သူဉာဏ်မီသလောက် နားလည်လိုက်၏။

ထိုနေ့ လွန်မြောက်ခဲ့၍ နောက် နှစ်ရက်ခြားလောက်တွင် နေ့လယ်မုန့်စားလွှတ်၍ သူ့ဆရာမကိစ္စများ လုပ်ဆောင်ပြီးစီးခဲ့သည်နှင့် အတာလည်း မုန့်စားရန် ထွက်လာခဲ့၏။ ပိုက်ဆံကလေး အကြွေနှစ်ပြားကို ခေါက်ဆွဲသည် အဒေါ်ကြီးအား လှမ်းပေးလိုက်ပြီးမှ ခေါက်ဆွဲတစ်ထုပ် ကောက်အယူတွင်

'နေဦး ကလေး' ဟု ပြောရင်း အဒေါ်ကြီးသည် အတာ့လက်ထဲမှ ခေါက်ဆွဲထုပ်ကို ပြန်ယူပြီး နောက်ထပ် နှစ်ပြားဖိုးစာလောက်နီးပါး အပိုထည့်ပေးလိုက်ပြီးမှ အတာ့အား လှမ်းပေးရင်း

'မင့်နာမည် ဘယ်လိုခေါ်သလဲ ကလေး'

'အတာလို့ ခေါ်ပါတယ်'

'အေး အေး၊ နောက်ကို ပိုက်ဆံမရှိပေမဲ့ စားချင်ရင် လာယူနော်၊ ကြီးကြီးကျွေးမယ်၊ ဟုတ်လား'

'ဟုတ်ကဲ့'

'ပိုအမ်းလိုက်သော ပိုက်ဆံတစ်ပဲ ပြန်ပေးခဲ့သည့်နေ့မှစ၍ အတာသည် ရိုးသားလိမ္မာစွာ သစ္စာရှိသော ကလေးတစ်ယောက်ဟူ၍ အားလုံးသောဈေးသည်များက အသိအမှတ်ပြုကာ အတာ တစ်ခုခုလာဝယ်တိုင်း မေးဆွဲပါးဆွဲဖြင့် ချစ်ခင် ယုယတတ်သည်သာမက စားစရာများလည်း ပေးကမ်းကျွေးမွေးလိုက်ကြသေး၏။

ဤသို့ဖြင့် အတာသည် ဆရာမကပေး၊ ဈေးသည်များက ကျွေးဖြင့် အတော်ကလေး စားလမ်းဖြောင့်နေတော့၏။ သို့သော် အတာသည် ဆရာမဖြစ်သူ



ကျွေးသောပေးသောအခါတွင် စိတ်ဆိုးမည်ကြောက်၍ မငြင်းမပယ် လက်ခံစားသောက်ခဲ့သော်လည်း ဈေးသည်များပေးတိုင်း ကျွေးတိုင်းကိုမူ သူစားလေ့မရှိ။

တစ်ခါက မသိန်းမေသည် စိတ်လိုလက်ရ ဈေးသိမ်းအပြန် ဝယ်လာသော ပဲမြစ်များကို ကြောင်အိမ်ထဲတွင် ထည့်ထားပြီး အတာအား စားလိုက ယူစားရန် ခွင့်ပြုခဲ့သဖြင့် အတာလည်း စားကောင်းကောင်းရှိသည်နှင့် ပဲမြစ် လေးငါးခြောက်ခုလောက် ယူစားမိ၏။ နောက် မသိန်းမေတို့ပြန်လာ၍ ကိုထွန်းအောင်နှင့်အတူ ပဲမြစ်ယူစားကြသည်တွင် သိသိသာသာကြီး လျော့နေသဖြင့်

'ဟဲ့ကောင်၊ နင် ဘယ်နှစ်ခုစားသလဲ'ဟု အတာအား မေးသဖြင့်

'အတာ ငါးခု ခြောက်ခုလောက်စားတယ် မေမေ'

'ကဲ ကျွန်မပြောတော့ ရှင်က ကာဆီးကာဆီးနဲ့၊ ခုကြည့်စမ်း၊ ပဲမြစ်ယူစားချင်စားလို့ နည်းနည်းအလိုလိုက် လိုက်တာနဲ့ တစ်ခါထဲ ထင်သလိုယူစားပစ်တာပဲ'ဟု မသိန်းမေက ကိုထွန်းအောင်အား လှည့်ပြောလိုက်သည်နှင့်

'သူ ကလေးပဲဗျ၊ ဘာသိမှာလဲ၊ ကလေးဆိုတာ စားလို့ လွှတ်ပေးလိုက်ရင် အဝစားမှာပဲ၊ အဲဒီတော့ ခင်ဗျားက သီးသန့်ပြီး ပေးချင်သလောက် ပေးခဲ့ပါလား'

'ပြောပြန်ပြီ ကာဆီးကာဆီးနဲ့'

'ကောင်လေးဘက်က ကျုပ် ကာကွယ်တာ မဟုတ်ဘူးဗျ၊ လမ်းအတိုင်းပြောတာ'

'လမ်းအတိုင်းမကလို့ ဘာဖြစ်ဖြစ် ဒီကောင်လေးကို အကျင့်မကောင်းဘူး၊ အလကားရမယ်ဆိုရင် ရေတောင် အသေသောက်မဲ့အကောင်'

မသိန်းမေ ပြောလိုက်သောစကားများ အဘယ်မျှလောက် အဓိပ္ပာယ်မဲ့၍ ဘာမှကမနိုင်နေသည်ကိုမူ အတာ မတွေးတတ်။ သူနားလည်လိုက်သည်ကား ဝယ်လာသော စားစရာပင်ဖြစ်စေ ပိုက်ဆံမပေးရတိုင်း များများစားခြင်းသည် အပြစ်ရှိသည်ဟူ၍ပင် ဖြစ်၏။ အထူးသဖြင့် သူ့နားထဲစွဲသွားသည်မှာ (အလကားရမယ်ဆိုရင် ရေတောင် အသေသောက်မဲ့ အကောင်)ဟူသော စကားပင်ဖြစ်၏။

အတာမှာ လူမမယ်မျှသာရှိသေးသောကြောင့် ဤသို့သော စကားမှုံများ၏ အဓိပ္ပာယ် သဘောသွားကို သူဉာဏ်မမီနိုင်။ သူ့အရွယ်နှင့် လျော်ညီစွာသာ သဘောပေါက်၏။ ရေသည် အလကားရသော အဟာရပင် ဖြစ်သော်လည်း အားရပါးရ တဝကြီးသောက်က အပြစ်ရှိလေသလောဟု အတာသည် သံသယဖြစ်ခဲ့ဖူး၏။ သို့ကြောင့်လည်း ထမင်းစား၍ ရေသောက်စဉ် သူ့မေမေ[illegible]ကို သတိရသောအခါများ၌ ရေကိုပင် အဝ မသောက်ဝံ့ဘဲ ရှိနေခဲ့ရှာ၏။

မကောင်းသော အပြုအမူ အပြောအဆိုတစ်ခုခုကို [illegible] အပြစ်ဖြစ်၏။ အပြစ်ဆိုသည်မှာ ငရဲကြီးခြင်းကို ခေါ်၍ ထိုငရဲကြီးခြင်းဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆီမှုထဲတွင် ကြော်လှော်ခြင်း ခံရသည်ကို ခေါ်ကြောင်း၊ ကျောင်းတွင် သင်ကြားရ၏။ မခင်သက်တို့ကလည်း ဘုရားခေါ်သွားတိုင်း ပြောပြရုံ မဟုတ် ဆွဲချိတ်ထားသော ငရဲခန်း ပုံကားများကိုပါ ပြတတ်သောကြောင့် အတာ အလွန်ကြောက်၏။

မသိန်းမေ ပြောဖူးသည့် ထိုမည်သော 'အလကားရရင် ရေတောင် အသေသောက်မဲ့အကောင်' ဟူသည့် စကားကို အမိပွာယ်ကောက် မှားခဲ့သော အတာသည် ကျောင်းရှိ ဈေးသည်များက ၎င်း၏ ရိုးသားမှုကို ဂုဏ်ပြု ချစ်ခင်သောအားဖြင့် မုန့်ပဲ သရေစာများ အခမဲ့ ခေါ်ကျွေးကြသည်ကိုပင် အတာသည် ရဲရဲ မစားဝံ့သလို ရှိခဲ့၏။

'ရော့ ဒီခေါက်ဆွဲတစ်ထုပ်ကိုတော့ မင်း စားရမယ်၊ မစားရင် ကြီးကြီး စိတ်ဆိုးမှာပဲ'

တစ်ခါက ခေါက်ဆွဲသည် အဒေါ်ကြီးသည် အတာပေးသော ပိုက်ဆံ နှစ်ပြားကို အိတ်ထဲပြန်ထည့်ပေးပြီး အတာ့လက်ကို ဆွဲထားရင် အတင်းအကျပ် ပြောသောကြောင့် အတာလည်း မငြင်းသာတော့ဘဲ ဆိုင်အနီးမှာပင် ထိုင်၍ စားလိုက်ရတော့၏။

ထိုနေ့က အိမ်ရောက်ရောက်ချင်း အတာသည် ခေါက်ဆွဲသည်ကြီးက ပိုက်ဆံ ပိုအမ်းသည်ကို သူပြန်ပေးသည်မှအစ ဇာတ်ကြောင်းလှန်၍ ကိုထွန်းအောင် အား ပြောပြ၏။

'အဲသလို အဒေါ်ကြီးက ခေါက်ဆွဲအတင်းကျွေးလို့ ကျွန်တော် စားမိတာ အပြစ်ရှိသလား ဟင်' ဟု စိုးရိမ်သံကလေးဖြင့် ကိုထွန်းအောင်အား အတာက မေး၏။

'မရှိပါဘူးကွာ၊ သူက မင့်ကို ချစ်လို့ ကျွေးတာပဲဥစ္စာ၊ မခင်သက်တို့အ ကျွေးသလိုပေါ့'

'ဒါပေမဲ့ မမသက်တို့ ကျွေးတာကိုတော့ မေမေက မုန့်ဟင်းခါးတို့ ဘာတို့ဆိုရင် စားတဲ့၊ ထမင်းကျွေးရင်တော့ မစားရဘူးတဲ့'

'အေးလေ မင်းကို ခေါက်ဆွဲသည်ကြီးက ထမင်းကျွေးတာမှ မဟုတ်တာ ခေါက်ဆွဲကျွေးတာ ချစ်လို့ပဲ၊ စားပေါ့ကွာ၊ ဒါပေမဲ့ ခဏခဏ ကျွေးတိုင်း မစားနဲ့ ဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်တော် မစားပါဘူး၊ တစ်ခါတလေ ပိုက်ဆံ မယူဘူးဆိုပြီး အတင်းကျွေးပေမဲ့ ကျွန်တော်လေ ပိုက်ဆံနှစ်ပြားကို ဗန်းထဲထည့်ခဲ့ပြီး အတင် ထွက်ပြေးတာပဲ'

ထိုစကားကို ကြားလိုက်ရသည်နှင့် ကိုထွန်းအောင်လည်း အတာ၏



ခေါင်းကလေးကို လှမ်းကိုင် ပွတ်သတ်နေပြီးမှ

'အေး မင်း လိမ္မာသလောက် မင့်အမေ မိုက်လုံးကြီးနေတော့တာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ သိသလား'

အတာက ခေါင်းကလေးကို ညင်ညင်သာသာ ခါပြလိုက်သဖြင့်

'မင့်အမေဟာ စာမတတ်ဘူးကွ၊ ဒါကြောင့် ဒီလောက်ဆိုးနေတာ'

အတာလည်း အတန်ကြာ တွေနေပြီးမှ

'မေမေ ငယ်ငယ်က ဘာလို့ ကျောင်းမနေတာတဲ့လဲ ဟင်'

'မိုက်လို့ပေါ့ကွ၊ မင်းတို့ မော်လမြိုင်က ဘွားဘွားက ပြောဖူးတယ်၊ ကျောင်းထားပေမဲ့ မင့်အမေဟာ ကျောင်းမတက်ဘဲ ကျောင်းရှေ့မှာထိုင်ပြီး ငိုနေတာပဲတဲ့၊ ဘယ်လိုရိုက်ရိုက် အနာခံတယ်၊ ကျောင်းမတက်ဘူးတဲ့၊ ဒါနဲ့ သူ့ကို ကျောင်းကထုတ်လိုက်ရသတဲ့'

အတာလည်း စိတ်ဝင်တစားနားထောင်နေရင်းကပင် တစ်စုံတစ်ရာကို မေးသင့် မမေးသင့် စဉ်းစားသလို တွေနေပြီးမှ

'မေမေဟာ စာမတတ်လို့ ဆိုးတာမိုက်တာဆိုတော့ ဒေါသကြီးတာလဲ စာမတတ်လို့ပေါ့နော်'

'အေးပေါ့ကွာ' ဟု ကိုထွန်းအောင်က ပြီးမှ ပြီးစေတော့ဟု ဖြေလိုက် သည်ကို

'ဒါဖြင့် မေမေက ကျွန်တော့်ကို မချစ်တာကော စာမတတ်လို့ပဲလား ဟင်'

ထိုမေးခွန်းကို အဖြေရကြပ်သွားသည်ထက် ကိုထွန်းအောင်တွင် ရင်ထုမနာ နှင့် အတာကလေးအား သနားစိတ်က ပို၍ ဖြာသွားတော့၏။

'မင့်အမေက မင့်ကို ချစ်သားပဲကွ'

မေးခွန်းကို တိုက်ရိုက်မဖြေဘဲ သို့လျှင် သာမန်အားဖြင့် ပြောလိုက်သည်ကို အတာ ကျေနပ်ပုံမရ။

'မေမေ ကျွန်တော့်ကို မချစ်ပါဘူး၊ ကျောင်းက လက်သုပ်သည် အဒေါ်ကြီးက ကျွန်တော့်ကို ဒီကလေးသာ ကျွန်မသားဆို သိပ်ကောင်းမှာပဲတဲ့၊ မေမေ ကတော့ ကျွန်တော့်ကို သေစေချင်နေတာပဲ၊ ဒီ မအေ လေး မြန်မြန်သေမှ အေးမယ်တဲ့၊ ခဏခဏပြောတယ်၊ ဒါ ကျွန်တော့်ကို မချစ်လို့ပေါ့'

ယခုမူ ကိုထွန်းအောင်၌ ရင်ထုမနာသာ မဟုတ်တော့ဘဲ အသည်းပါ ကြေမတတ် ရင်ထဲတွင် အောင့်သွားတော့၏။

'ဒါ အလကားပြောတာပါကွာ၊ စိတ်ဆိုးရင် ဒီလိုပဲ ပြောတာပေါ့၊ မင့်ကို ဘယ်သေစေချင်ပါ့မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဆိုးလို့ပြောတာ ဟုတ်လား ဟင်'

အတာလည်း သူ့မေမေ သူ့အား ချစ်သည်ဆိုသည့် မျှော်လင့်ချက်ကလေး ဝင်လာသည့်အသွင် ရုတ်တရက် ရွှင်လာရာမှ မျက်နှာကလေး ညှိုးသွားပြန်ကာ

'မေမေဟာ စိတ်ဆိုးလို့ ကျွန်တော့်ကို ကျိန်ဆဲတယ်၊ ဆူတယ်၊ ရိုက်တယ်၊ ဒါပေမဲ့ စိတ်မဆိုးတဲ့အခါလဲ ကျွန်တော့်ကို တစ်ခါမှ ရယ်ပြီးတော့ စကားမပြောဘူး၊ မေမေ ရယ်တာကို ကျွန်တော် သိပ်ကြည့်ချင်တာပဲ'

ကိုထွန်းအောင်လည်း အတာ ဘာဆိုလိုသည် မသိသလို ရုတ်တရက် တွေသွားရာမှ

'ရယ်သားပဲကွ၊ မင်း ဘာကိုပြောနေတာလဲ ဟေ'

'သူများတွေနဲ့တော့ ရယ်ပြီး စကားပြောတယ်လေ၊ ကျွန်တော် မြင်သားပဲ၊ ကျွန်တော် ပြောတာက ကျွန်တော့်ကို ကြည့်တဲ့အခါ ဘယ်တော့မှ မရယ်ဘူး၊ မျက်နှာကြီးက အမြဲစိတ်ဆိုးထားတယ်၊ ကျွန်တော့်ကို မချစ်သလိုပဲ ကျွန်တော်ကတော့ မေမေ့ကို သိပ်ချစ်တာပဲ၊ ဘုရားစူး မေမေ ပြုံးနိုင်လာရင် ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ ၃၆ ကောင်တိုက်ရင်လဲ ပျော်တာပဲ၊ မေမေ ရယ်ပြီးတော့ စကားပြောနေရင် ကျွန်တော် သဘောကျတယ် မိုးကြိုးပစ်'

'ကွာ ကျိန်မနေစမ်းပါနဲ့ ငါယုံပါတယ်၊ ကဲ သွားကစားချေဦး'

မူထားမမှန် နဂိုသံမဟုတ်၊ ကိုထွန်းအောင်၏စကားသည် တုန်တုန်လှုပ်လှုပ် ထွက်လာ၏။ စိတ်ထဲတွင်လည်း မနည်းကြီး ထိခိုက်သွား၍လားမသိ၊ စကားပြတ်သွားစေရန် အတာအား အကစားဆင်းခိုင်းလိုက်ရတော့၏။

ဆိုခဲ့သည့်အတိုင်း ကျောင်းရောက်လျှင် ဆရာမကပေး၊ ဈေးသည်တွေက ကျွေး၍ အိမ်တွင်လည်း ရံဖန်ရံခါဆိုသလို မခင်သက်တို့က အစားအသောက်ကလေးများဖြင့် ယုယတတ်ပြန်သောကြောင့် အတာတွင် တစ်နေ့ နှစ်ပြားသုံးပြားမှသည် တစ်ပဲခြောက်ပြားအထိ စုနိုင်ခဲ့၏။

'ရလေလိုလေ အိုတစ္ဆေဆိုပြီး မင့်အမေကို ငါ ခဏခဏ ပြောတာကြားတယ်မဟုတ်လား၊ အတာ'

'ဟုတ်ကဲ့'

'အဲဒါ အဓိပ္ပာယ်ကော သိသလား'

'ဟင့်အင်း'

'ငါ ပြောပြမယ်၊ သေသေချာချာ နားထောင် ဟုတ်လား၊ မင့်အမေဟာ သူ့ဆီ ပိုက်ဆံဘယ်လောက်ရှိရှိ နောက်ထပ်လိုချင်တာပဲ၊ ဘယ်လိုများများပေးပေး မလောက်ဘူး၊ ရရင် လိုချင်တာပဲ၊ ဒါကြောင့် ရလေလိုလေ အိုတစ္ဆေလို့ပြောတာ



လူတွေဟာ အဲသလို ရတိုင်းလိုချင်တဲ့လူ ပေးတိုင်း ကျွေးတိုင်း စားတဲ့လူကို တစ္ဆေလို့ပဲ မှန်းတယ်'

'တစ္ဆေတွေဟာလဲ ဘယ်လောက်ရရ နောက်ထပ် လိုချင်တာပဲလား၊ ဟင်'

'အေး တစ္ဆေသရဲဆိုတာ သူတို့ကို သနားလို့ တစ်ခါကျွေးမိရင် ခဏခဏ ကျွေးရတယ်၊ မကျွေးရင် ခြောက်တာပဲ၊ ကျွေးလို့လဲ ဘယ်တော့မှ မဝဘူး၊ ပြီးတော့ တစ္ဆေဆိုတာ လူတွေကို ဘာမှ အကူအညီပေးတာ မဟုတ်ဘူး၊ ဒါကြောင့် တစ္ဆေသရဲကို လူတွေက မုန်းတာပေါ့၊ အဲဒါ မင်းမှတ်ထား၊ မင်းတို့ ကျောင်းက ဈေးသည်တွေက မင်းကိုချစ်လို့ အလကားကျွေးပေးမဲ့ ခဏခဏ ကျွေးတိုင်း မစားရဘူး၊ ကျွေးတိုင်း ပေးတိုင်းစားရင် ကြာတော့ မင့်ကို တစ္ဆေလို့ပဲ မုန်းသွားလိမ့်မယ်'

လွယ်လွယ်နားလည်နိုင်သောနည်းဖြင့် ကိုထွန်းအောင်က သွန်သင်ဆုံးမဖူးသည်ကို အတာ မည်သည့်အခါမှမမေ့။ စွဲမှတ်ထား နာယူထားသည့်အတိုင်း အတာသည် ယခင်ကထက် ပို၍ ဆင်ခြင်လာ၏။ ဆရာမကျွေးသည်ကိုပင် ယခင်က စိတ်ဆိုးမည်ကြောက်၍ မငြင်းခဲ့သော်လည်း ယခုမူ 'ကျွန်တော် ဆောဘူး မမ' ဟူသော အကြောင်းပြချက်ဖြင့် တစ်ခါတစ်ရံသာ စား၏။ ကျောင်းရှိ ဈေးသည်များက ပေးကမ်းကြလျှင်လည်း တစ်ခါတစ်ရံသာ လက်ခံ၍ များသောအားဖြင့် ပိုက်ဆံ အတင်းပေးပြီး ထွက်ပြေးလေ့ရှိ၏။

'ဒီကလေးဟာ တစ်မျိုးပဲနော်၊ ဒီလို ထူးခြားတဲ့ကလေးမျိုး ကျွန်မဖြင့် တစ်ခါမှ မတွေ့ဖူးဘူး'

'အတာလား၊ ဒီကောင်လေးလိုဟာမျိုးတော့ ရှားပါတယ်၊ အရွယ်နဲ့ မလိုက်ဘူး၊ သိတတ်လိုက်တာ လွန်နေတာပဲ'

'အေးလေ တချို့ကလေးတွေများ ပါတာနီ နှိုက်ပြေးတာနဲ့၊ မုန့်ဟင်းခါး စားပြီး ပိုက်ဆံမပေးဘဲ မယောင်မလည်လစ်ပြေးတာနဲ့ သိပ်ဆိုးတယ်၊ အတာ ကတော့လဲ ပေးတိုင်းမယူ ကျွေးတိုင်းလဲ မစားဘူး၊ သိပ်လိမ္မာတဲ့ ကလေး'

'ဒါကြောင့် ကျွန်မသားလေးပဲ ဖြစ်လိုက်ပါတော့လို့ ပြောတာပေါ့၊ တစ်နေ့ကလဲ ကျွန်မ စေတနာနဲ့ အတင်းကျွေးပြီး ပိုက်ဆံကို အတင်းပြန်ပေးတာ မရဘူး၊ နောက်ကနေပြီး အလစ်မှာ ပစ်ပေးပြီး ပြေးတာပဲ'

'ဟုတ်တယ်ဗျ၊ ကျွန်တော်လဲ အိမ်ပြန်ရောက်တိုင်း ကျွန်တော့်မိန်းမကို အတာ့အကြောင်း ပြောပြရတာ အမောပဲ၊ မနက်က ကျွန်တော့်မိန်းမ ကိုယ်တိုင်တောင် အဲဒါပေါ့၊ ကျွန်တော် ပြောအားကြီးလို့ အတာကို ကြည့်ချင်တယ်ဆိုပြီး လိုက်လာတာတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အင်း အတာလို ကလေးမျိုးသာ ရမယ်ဆိုရင် ကျွန်မဖြင့် အိမ်မှာရှိတဲ့ အလေးသုံးကောင်နဲ့တောင် လဲလိုက်ချင်တယ် အဟုတ်ပဲ၊ သူ ရိုးသားလို့ အရင်က နှစ်ပြားဖိုးလောက်ကျွေးချင်တာ ခုလို သိတတ်တယ်ဆိုတော့ သူ စားချင်သလောက် စားပစေ၊ ကျွန်မတော့ ကျွေးမှာပဲ'

အတာကလေး၏ ကောင်းသတင်းမှာ ယခုလို ရွှန်းရွှန်းဝေအောင် ပွဲတင်သံ ထပ်နေတော့၏။ ကျောင်းတွင် အတာကလေး အခွင့်အရေးသာ သလောက် အိမ်ရောက်သည်နှင့် ပိုက်ဆံမပေးရသော ရေချိုးမှုကိစ္စတွင်ပင် 'မချိုးနဲ့ဦး' 'မြန်မြန်ချိုး' နှင့် အမျိုးမျိုးသော ချုပ်ချယ်မှုတွေ ပတ်လည်ဝိုင်း နေတော့၏။

ဤသို့နှင့်ပင် အတာကလေး၏ ခြောက်လပတ် ဒုတိယတန်း စာမေးပွဲ သည် တဖြည်းဖြည်း နီးကပ်လာခဲ့၏။ စာမေးပွဲ ဖြေရတော့မည်ကို အတာ ပျော်နေသလောက် စာမေးပွဲဖြေဆိုရာ၌ ကုန်ကျရမည့် အဖြေစက္ကူနှင့် ခဲတံဖိုး အတွက် စိတ်ထဲတွင် ထင့်နေ၏။

သုံးလပတ် အစမ်းစာမေးပွဲစစ်စဉ်က မြန်မာစာရေးဖြေနေစဉ် ရုတ်တရက် ခဲတံကျိုးသွားသောကြောင့် အတာတွင် မျက်ရည်ယိုတော့မလောက် ဦးနှောက် ခြောက်သွားဖူးလျက် ဆရာမက သူ့ခဲတံကို ချွန်ပေးသောကြောင့်သာ သက်သာရာ ရသွား၏။ သို့သော် နှစ်ကြိမ်တိတိ ခဲတံချွန်နေရသည်နှင့်ပင် အချိန်လျော့သွား သည်ဖြစ်ရာ အတာလည်း မေးခွန်းတစ်ခုကို မဖြေလိုက်ရဘဲ အချိန်စေ့သွား ခဲ့၏။

'နောက်တစ်ခါ စာမေးပွဲစစ်ရင်တော့ ခဲတံကို သုံးချောင်းလောက်ဝယ်ပြီး ချွန်ထားမယ်'

အတာသည် ကိုယ်တွေ့ကြုံလိုက်ရသော အခက်အခဲတစ်ရပ်ကို အသည်း စွဲအောင် မှတ်ရင်း သို့လျှင်ပင် ရေရွတ်လိုက်ချေသေး၏။

သို့ စိတ်ကူးရသည့်အတိုင်းပင် အတာသည် ယခုစစ်လတ္တံ့သော ခြောက်လပတ်စာမေးပွဲ၌ ခဲတံသုံးချောင်းလောက် ဝယ်ချင်၏။ ဂျပန်လုပ်ခဲတံ မှာ ဈေးပေါ၍ နှစ်ပြားသာပေးရသော်လည်း မကြာခဏ ကျိုးတတ်၏။ ရေး၍ လည်း မကောင်းလှ။ အခြားသော အချိန်တွင်မူ ထိုခဲတံမျိုးကိုသုံး၍ အရေး မကြီးလှသော်လည်း စာမေးပွဲအချိန်၌ တထောက်ထောက်ကျိုးနေမည်ကို စိုးရိမ် သည့်အတိုင်း ဂျာမဏီလုပ် ငန်းတံဆိပ် အကောင်းစားခဲတံကို အတာ ဝယ်ချင် ၏။ အနည်းဆုံး သုံးချောင်းလောက် အသင့်ဝယ်၍ ချွန်ထားချင်၏။ တစ်ချောင်း တစ်ပဲပေးရမည်ဖြစ်၍ ဈေးမသက်သာလှ။ သူ့အဖို့ ခဲတံဖိုး သုံးပဲအပြင် အဖြေ စာရွက်ဖိုးကလည်း ကုန်စရာရှိနေသေးသည်ဖြစ်ရာ စုစုပေါင်း သုံးမူးလောက်



ကုန်မည်ဟု အတာ ခန့်မှန်းထား၏။

ခါတိုင်းအချိန်ဆိုလျှင် ထိုသုံးမူးကို သူ မနေ့မြောဘဲ ရက်ရက်ရောရောပင် သုံးမည် ဖြစ်၏။ ယခုသော် စာမေးပွဲပြီး၍ ကျောင်းပိတ်လျှင် သီတင်းကျွတ် ပွဲတော်ဖြစ်မည်။ ထိုပွဲတော်ရောက်လျှင် သူ့မမသက်တို့က ဘုရားသို့ခေါ်သွား ပြီး တိရစ္ဆာန်ရုံဝင်၍ ပျော်ပွဲစားကြမည်ဟု အတာအား ပြောထားသဖြင့် သူ အလွန်ဝမ်းသာနေ၏။ တိရစ္ဆာန်ရုံကို သူတစ်ခေါက်တလေမျှ မရောက်ဖူးသော ကြောင့်လည်း အလွန့်အလွန် ပျော်နေ၏။

ဤလို တပျော်တပါး သွားကြရသောအချိန်၌ အိမ်ရှင် ပွဲကတော်ကြီး၏ သားနှင့် သမီးများလည်း ပါတတ်လျက် လှလှပပ ဝတ်စားထားသော ပွဲကတော် ကြီး၏ သားက

'ဟေ့ အတာ၊ မင့်ဆီမှာ ငါ့လို ပိုးလုံချည်မျိုးရှိသလား' ဟု လှောင် သရော်သလို မေးလေ့ရှိသောကြောင့် အတာ ရင်အောင့်ခဲ့ရသည်မှာ သုံးလေး ကြိမ်ထက်မနည်း ရှိခဲ့ပြီဖြစ်၏။ ကုန်လွန်ခဲ့ပြီဖြစ်သော ဝါဆိုလပြည့်နေ့ကလည်း

'ဟေ့ ကောင်လေးတစ်ယောက် ရှက်ပါတယ်၊ ပိုးလုံချည်လဲမရှိဘူး' ဟု အခင်နည်းတူ အနောက်အပြောင် ခံခဲ့ရသဖြင့်

'သီတင်းကျွတ်ပွဲတော်ကျရင်တော့ ငါ ပိုးလုံချည်တစ်ထည် ဝယ်ဝတ် ပြလိုက်မယ်၊ ကြည့်' ဟု စိတ်ထဲမှ ကြိတ်၍ ကြုံးဝါးခဲ့၏။ လုံချည်ဈေးကိုလည်း မေးထားပြီးဖြစ်၏။ သူကြိုက်သော အဆင်နှင့် အသားမှာ မန္တလေးပိုးဖြစ်လျက် အရုပ်အမောင်းကောင်းသော အတာအတွက် ၃၆ လက်မ အနံမှသာ လုံလုံ လောက်လောက် ရှိမည်ဖြစ်၍ အဖိုးမှာ သုံးကျပ်မတ်တင်းဟု ဆို၏။

ယခု အတာကလေးသည် ငါးလအတွင်း ငါးကျပ်နှင့်တစ်မတ် စုမိပြီ ဖြစ်၍ လုံချည်ဝယ်ရန် လုံလောက်သည်ထက် ပို၍ပင်နေသော်လည်း ပွဲကတော် ကြီးသားကဲ့သို့ ပေါ်ပလင် တိုက်ပုံလေးလည်း ချုပ်ချင်၏။

သူ့တစ်သက်တာ၌ ကိုထွန်းအောင်ဝယ်ပေးသော ကင်းဘတ်ဖိနပ်နှင့် ငွေဖြင့် သူဝယ်ဝတ်သော ဘုံဘိုင်ရေဖိနပ်သာ စီးဖူး၏။ ထိုခေတ်ကဆိုလျှင် ခုကဲ့သို့ လေယာဉ်ပျံ ငြိမ်းချမ်းရေး စသော ဖိနပ်များ မပေါ်သေး။ ကျိုက်ထို ဖိနပ်ခေါ် ယခုခေတ် လေယာဉ်ပျံဖိနပ်ပုံစံနှင့် ခပ်ဆင်ဆင်တူသော သစ်သား အောက်ခံခုံတွင် ကတ္တီပါ သဲကြိုးတပ်ထားသော ဖိနပ်မျိုးဖြစ်၏။ ဘုံဘိုင် ဖိနပ်မှာမူ ဘုန်းတော်ကြီးစီး ဖိနပ်မျိုးပင်ဖြစ်လျက် ကတ္တီပါသဲကြိုး တပ်ထား သည်သာ ခြားနား၏။ ကျိုက်ထိုဖိနပ်ကိုလည်း တစ်ရန်သုံးပဲနှင့် သူ ဝယ် စီးဖူး၏။

ယခု သီတင်းကျွတ် ပွဲတော်တွင်မူ သူတစ်ကြိမ်မျှ မစီးဖူးသေးသော

www.burmeseclassic.com

www.burmeseclassic.com



သားရေကွင်းထိုးဖိနပ်ကို သူ စီးချင်၏။ ထိုခေတ်က သားရေကွင်းထိုးဖိနပ်သည် ယခုခေတ် လေယာဉ်ပျံဖိနပ်ကဲ့သို့ပင် ပွဲတိုးသည်ဖြစ်သောကြောင့် ၎င်းဖိနပ်မျိုး တစ်ရန် ဝယ်ဝတ်ရန်လည်း အတာ ရည်ရွယ်ထားသည်ဖြစ်ရာ သူ့တွင်ရှိသော ပိုက်ဆံနှင့်ဆိုလျှင် သူဝယ်ချင်သောပစ္စည်းနှင့် လောက်ရုံသာ ရှိမည်ဖြစ်၏။

ထို့ကြောင့်လည်း စာမေးပွဲစစ်ရာတွင် ကုန်ကျရမည့် ငါးမူးမျှသော ပိုက်ဆံအတွက် သူစိတ်ပျက်နေရှာ၏။ စိတ်ပင်ပျက်သော်လည်း နောက်ဆုံး၌ မတတ်နိုင်။ သူ့ပိုက်ဆံနှင့်ပင် စာမေးပွဲစရိတ်ကို သုံးတော့မည်ဟု ဆုံးဖြတ်ရင်း မည်သို့မည်ပုံ ချွေတာက ပိုက်ဆံအကုန်သက်သာမည်ကိုလည်း တစ်ဖက်က နည်းလမ်းရှာနေသေး၏။

လိုလျှင်ကြံဆ နည်းလမ်းရ ဟူသော စကားအတိုင်းပင် ပိုက်ဆံအကုန် သက်သာမှုကို ကြံဆစဉ်းစားခဲ့သော အတာသည် ဝမ်းမြောက်ဝမ်းသာစွာပင် နည်းလမ်းရလာတော့၏။

မူလက သူသည် ခဲတံကို အနည်းဆုံး သုံးချောင်းလောက် ဝယ်မည်ဟု ရည်ရွယ်ထားခဲ့ရာမှ ယခုမူ တစ်ချောင်းတည်းသာ ဝယ်၏။ ထို့ကြောင့်သူ့တွင် ပိုက်ဆံတစ်မူး သက်သာသွား၏။ နောက် အတာသည် ထိုခဲတံကို အလယ် တည့်တည့်မှ တစ်ဝက်ဖြတ်လိုက်သဖြင့် တစ်ချောင်းသည် နှစ်ချောင်းဖြစ်သွား၏။ ဤသို့လျှင် သူ့ဉာဏ်ကလေးကို လိမ္မာပါးနပ်စွာသုံး၍ စာမေးပွဲဖြေခဲ့ရာ၌ ထက်ပိုင်းဖြတ်ထားသော ထိုခဲတံကလေးနှစ်ချောင်းထဲနှင့်ပင် ချောချောမောမော ကိစ္စပြီးခဲ့၏။

\+ + +

စာမေးပွဲလည်း ပြီးဆုံးခဲ့လေပြီ။ ကျောင်းကိုလည်း သီတင်းကျွတ်ပွဲတော်အတွက် ဆယ့်တစ်ရက်တိတိ ပိတ်လိုက်လေပြီ။ ကျောင်းပိတ်လိုက်သည့် တတိယမြောက် နေ့မှာပင် အတာသည် သူရည်မှန်း မျက်စိကျခဲ့သည့် ပိုးလုံချည်ကို သုံးကျပ် တစ်မတ်တင်းနှင့်ပင် ဝယ်တော့မည်ဟု သိမ်ကြီးဈေးရှိ ပိုးထည်တန်းသို့သွားကာ ထိုခေတ်က နာမည်ကျော်ဖြစ်သော ဟုမ္မရှူး ဦးကြင် ပိုးထည်ဆိုင်သို့ ဝင်လျက် အတိအကျ တွက်ယူလာသော မူးစေ့ မတ်စေ့ကလေး သုံးကျပ်မတ်တင်းကို ဆိုင်ရှင်အား တရိုတသေ လှမ်းပေးလိုက်ရင်း

'ဟိုတစ်ခါက ကျွန်တော်မေးတဲ့ လုံချည်လေး ရှိသေးတယ်မဟုတ်လား ဘကြီး ဟင်၊ အဲဒီလုံချည်လေး ကျွန်တော့်ကို ပေးပါ' ဟု ပြောလိုက်သောကြောင့်

'အေး အေး၊ မင်းလာမေးကတည်းက ဘယ်သူ့မှ မရောင်းဘူး၊ ဘကြီး



သိမ်းထားပါတယ်ကွာ' ဟု ဆိုင်ရှင်က ပြောရင်း အတာအား သဘောကျသလို ပြုံးပြုံးကြီးကြည့်နေပြီးမှ ပိုက်ဆံအကြွေများကို ရေတွက်ကြည့်ရှုနေ၏။

မသိန်းမေမှာ ဆိုင်ပိုင်နှင့် စတိုင်ကျကျ ရောင်းနိုင်သူမဟုတ်ဘဲ ဆီး၊ ဆော်လီ၊ ကောကောလုံချည် စသောပစ္စည်းများကို နံနက်တွင် အကြွေးယူ၍ ရောင်း၊ ညနေတွင် အရင်းရော ပစ္စည်းပါ ပြန်အပ်ရပြီး အမြတ်အစွန်းကလေးမျှသာ စားရသော လမ်းဘေးဈေးသည်မျှသာ ဖြစ်၏။ မသိန်းမေဆိုလျှင် တစ်ဈေးလုံးက မသိသူမရှိ။ အဆိုပါ ဟုမ္မရှူး ဦးကြင် ဒေါ်ငွေမှင်နှင့် အခြားဆိုင်နီးချင်း ဦးကုန်သည်ကြီး ဒေါ်ရင်ဆိုသူတို့မှာ မသိန်းမေအဖို့ အရင်းနီးဆုံးသော အားကိုးရာ သမ္ဘယ် ဖြစ်ခဲ့သည့်အတိုင်း အတာကိုလည်း ရင်းရင်းချာချာ သိနေကြ၏။

'ဟော့ အတာ၊ ဒီပိုက်ဆံတွေက ဘာလဲ၊ မင်းစုထားတဲ့ ပိုက်ဆံတွေလား'

'ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော်ရတဲ့ ကျောင်းမုန့်ဖိုးထဲက'

'အမယ်၊ မင်းက တယ်လိမ္မာပါလားကွ ဟေ၊ သိန်းမေလာမှ ပြောပြဦးမယ်'

ထိုစကားကြောင့် အတာကလေး မျက်လုံးပိုင်းသွားတော့၏။

'ဟင့်အင်း မပြောပါနဲ့ဘကြီး၊ မေမေ့ကို ကျွန်တော်လုံချည်လာဝယ်တာ မပြောပါနဲ့' ဟု ပျာပျာသလဲ တောင်းပန်နေသည်နှင့်

'ဘာပြုလို့တုန်းကွ'

'မေမေက သူမသိဘဲ ဝယ်ရမလားဆိုပြီး ကျွန်တော့်ကို ရိုက်လိမ့်မယ်'

ဆိုင်ရှင်လည်း အတာကလေး တုန်တုန်လှုပ်လှုပ် ဖြစ်နေသည်ကို သနားစဖွယ်နှင့် ရယ်စရာအသွင်သဘောလို နှစ်မျိုးရောနေသည့် အမူအရာဖြင့် ကြည့်နေပြီးမှ

'ဒါဖြင့် သိန်းမေကို ဝယ်ခိုင်းပါလားကွ၊ မင်းဟာ မင်း ဘာလို့လာဝယ်သလဲ၊ အရိုက်ခံရမှာ ကြောက်ရင်'

'ဒီလိုဆိုတော့လဲ မေမေက ပိုက်ဆံယူထားပြီး ဝယ်ပေးချင်မှ ပေးမှာ ဘကြီးရဲ့၊ ဟိုတစ်ခါလဲ စပို့ရှပ်ဝယ်ပေးပါဆိုပြီး ကျွန်တော် စုထားတဲ့ ပိုက်ဆံ ငါးမူးပေးလိုက်တာ ခုထက်ထိ ဝယ်မပေးသေးဘူးခင်ဗျ'

မသိန်းမေအကြောင်းကို သိတန်သလောက် သိနေဟန်တူသော ဆိုင်ရှင် နှင့် သူ့ဇနီးကပါ အတာအား သနား ကြင်နာသလို အတန်ကြာ ကြည့်နေမိ ရာမှ

'ဒါဖြင့် ဒီလုံချည်ဝယ်သွားလို့ မင့်အမေကမေးရင် ဘယ်လိုပြောမလဲ အတာ' ဟု ဆိုင်ရှင်အဒေါ်ကြီးက လှမ်းမေးလိုက်သည်ကို

'ဟို ဟိုဘက်ရုံထဲက လိပ်မွှဲဘီးတို့ ကြယ်သီးတို့ရောင်းတဲ့ မမခင်သက်

www.burmeseclassic.com

www.burmeseclassic.com



တို့ သိတယ်မဟုတ်လား၊ သူတို့ ဝယ်ပေးတာလို့ ပြောမှာပေါ့'

သို့ ပြောလိုက်သည်နှင့် အဒေါ်ကြီးလည်း အတာ့ ပါးကလေးကို အသာအယာ ဆွဲလိမ်တဲ့ပြီးမှ

'ကဲ ကိုကြင်၊ ကောင်လေးကို တစ်မတ် ပြန်ပေးလိုက်ပါ'

အတာအား မြင်ရတွေ့ရ စကားပြောရလျှင် မချစ်သူဟူ၍မရှိ။ တစ်မတ်တိတိ ပြန်ပေးလိုက်သောကြောင့် အတာလည်း အူမြူးဝမ်းမြောက်နှင့် မခင်သက်တို့ဆိုင်ရှိရာ ကဆုန်ပေါက်ပြေးသွားပြီး ဆွယ်တာကလေး ဝယ်စဉ်ကကဲ့သို့ပင် ပိုးလုံချည်အိတ်ကို အရိပ်တကြည့်ကြည့်နှင့် အပ်ထားခဲ့၏။

'ဟို ဟို ဗီရိုထဲထည့်ထားပါ မမသက်နော်၊ ပြန်လာရင်လဲ ဆက်ဆက်ယူ'

'အေးပါ အတာရယ်၊ နင့်လုံချည် မပျောက်စေရပါဘူး၊ မမ တစ်ခါထဲ ချုပ်ယူလာခဲ့ပါ့မယ်'

မခင်သက်က လုံချည်ထုပ်ကို ဗီရိုအောက်တွင် ခေတ္တချထားသောကြောင့် စိတ်မချနိုင်သလို အတာက တတွတ်တွတ် မှာခဲ့သေး၏။

\+ \+ \+

ထိုနေ့မှာ သီတင်းကျွတ်လပြည့် ဘုရားပွဲတော်နေ့ ဖြစ်သော်လည်း မသိန်းမေတွင် ဘုရားဖူးသွားရန်သော်လည်းကောင်း၊ ဥပုသ်သီလ ဆောက်တည်ရန်သော်လည်းကောင်း လုံးဝသတိမရ။ ဈေးသည်ဖြစ်သည့်အတိုင်း ဤလို ဘုရားပွဲတော်ရက်များတွင် တောနယ်မှ ဘုရားဖူးလာကြမည်၊ လာလျှင်လည်း ဘုရားဖူးပြီး အပြန်အသုံးအဆောင် ပစ္စည်းကလေးများ ဝယ်သွားတတ်ကြသည်ဖြစ်ရာ ထိုလိုနေ့သည် ဈေးသည်များအဖို့ ရောင်းကောင်းသည့်နေ့ ဖြစ်သည့်အားလျော်စွာ မသိန်းမေသည် မိုးလင်းသည်နှင့် ဈေးရောင်းရန် ထွက်သွား၏။

အတာလည်း မသိန်းမေဆင်းသွားသည်နှင့် အသင့်ပြင်ထားသော ပိုးလုံချည်နှင့် နံ့သာ့ရောင် ပေါ်ပလင် တိုက်ပုံအင်္ကျီလေးကို ပျာယီးပျာယာကောက်ဝတ်ရင်း တပြုံးပြုံးရွှင်နေ၏။ ကိုထွန်းအောင်တွင်မူလည်း အတာ၏ လှုပ်ရှားမှုကို ကြည့်ရင်း သဘောကျနေရာမှ

'အတာ၊ လာဦး ဒီနားကို' ဟု ခေါ်လိုက်သဖြင့် ပိုးလုံချည်ကို ဝတ်နေမကျသေးသော အတာသည် ကိုးတိုးကွတနှင့် လျှောက်လာပြီး ကိုထွန်းအောင်၏ ပက်လက်ကုလားထိုင်အနီးတွင် ထိုင်လိုက်သည်နှင့်

'ထပါဦးကွ၊ မင့် အပေါ်အင်္ကျီ ဘယ်လောက်ပေးရသလဲ' ဟု ကိုထွန်းအောင်က အတာ့ အပေါ်အင်္ကျီလေးကို ကိုင်ကြည့်ရင်း မေးလိုက်သည်နှင့်

'အားလုံး ချုပ်ခရော ဘာရော တစ်ကျပ်ခွဲနဲ့ တစ်ပဲ၊ လှတယ်နော်'



'အေး လှပါတယ်ကွာ၊ နို့ ဒီအင်္ကျီဝယ်တာ မင့်အမေ သိပြီးပလား'

'ဟင့်အင်း ရိုက်မှာကြောက်လို့ ကျွန်တော် မပြောသေးဘူး၊ ဒီနေ့ ဘုရားသွားပြီး ပြန်လာမှ မေမေက မြင်လို့မေးရင်လဲ မှန်တဲ့အတိုင်း ပြောလိုက်မယ်၊ ဒီနေ့ ကျွန်တော်ဝတ်ရရင် တော်ပြီ၊ ရိုက်ချင်လဲ ရိုက်ပစေတော့'

အတာ့အဖို့၌ ယနေ့ ဘုရားသွားရာတွင် ပွဲကတော်ကြီး၏ သားနှင့်တန်းတူ မဟုတ်သည့်တိုင်အောင် 'ငါ့မှာ ပိုးလုံချည်လဲရှိတယ်၊ အပေါ်အင်္ကျီလဲ ရှိတယ်ကွ' ဟု ဝတ်ပြရလျှင် ကျေနပ်ပြီဖြစ်၏။ နောက်နေ့များတွင် အရိုက်ခံရသော်မှ ခံရစေ။ ယနေ့သည်သာ သူ့အဖို့ အရေးအကြီးဆုံး ဖြစ်နေ၏။

'အင်း အတာ အတာ၊ မင့်အမေ သားသမီးအုပ်ထိန်းပုံ မဟုတ်လို့ မင်းလဲ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ လိမ်တတ်ညာတတ် ဉာဏ်များတတ်နေပြီ'

ထိုစကားကြောင့် အတာ့ရင်နုနုကလေးမှာ ဒုခနဲ တုန်သွားရှာ၏။

'ကျွန်တော် လိမ်တတ်တယ် ညာတတ်တယ် ဟုတ်လား၊ ဘယ်တုန်းက ကျွန်တော် ညာလို့လဲ ဟင်'

အတာလည်း မျက်ဆန်ပြူးကြည့်ရင်း မေးလိုက်မိ၏။

'မခင်သက်တို့က ငါ့ကို ပြောပြီးပြီကွ၊ အဲ့ဒီ ပိုးလုံချည်လဲ မင်းဝယ်တာပဲ မဟုတ်လား၊ အဲဒါကို မခင်သက်က ဝယ်ပေးတဲ့အနေနဲ့ မင်း ဉာဏ်များတာကို ငါသိပြီးပါပြီ၊ ဆွယ်တာတုန်းကလဲ ဒီလိုပဲလုပ်တယ်မဟုတ်လား၊ ဒါ လိမ်တတ်ညာတတ်တယ် ခေါ်တာပေါ့ကွ'

အတာတွင် ဘာတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ မျက်ရည်ကလေးသာလျှင် တဝေဝေ ဝဲနေ၏။

'ဒါပေမဲ့ ငါ မင်းအမေကို မပြောပါဘူး၊ ငါကလဲ မင်းကို မဆူပါဘူးကွ၊ အေး ဟိုတုန်းက မင်း မလိမ်တတ်ဘူး၊ ခုတော့ မင့်အမေ မကောင်းလို့ လိမ်တတ်ညာတတ်နေပြီ'

'အဲဒါ အပြစ်ရှိသလား ဟင်၊ ကျွန်တော် ငရဲကြီးမလား'

အတာသည် ထိုကိစ္စကို အရေးတကြီး သဘောထားကာ ပျာပျာသလဲ မေးလိုက်၏။

'လိမ်တတ် ညာတတ်တယ်ဆိုတာကတော့ မကောင်းဘူးပေါ့ကွာ၊ ဒါပေမဲ့ ခုလို မင့်အမေ ဆိုးပုံမျိုးနဲ့ ဆိုရင်တော့ ဒီလိုပဲ လိမ်ရညာရမှာပေါ့၊ အပြစ်မရှိပါဘူး၊ မင်းကလိမ်တာမှမဟုတ်တဲ့မခင်သက်တို့ကလိမ်တာမဟုတ်လားမင်းငရဲမကြီးပါဘူး'

'ဒါဖြင့် မမသက်တို့ ငရဲကြီးမှာပေါ့နော်'

အတာသည် သူ့အတွက်နှင့် တစ်ဖက်သား ငရဲကြီးမည်ကိုလည်း တွေး၍ ပူလိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်သက်တို့လဲ ငရဲမကြီးနိုင်ဘူးပေါ့ကွာ၊ ဥပမာ လူဆိုးတစ်ယောက်က ငါ့ကိုသတ်ချင်လို့ လာရှာတယ် ဆိုပါတော့၊ ငါကလဲ ကြောက်တာနဲ့ ဗျာလိပ်ထဲ ပုန်းနေတယ်၊ ဒီအခါမှာ လူဆိုးက မင်းအဖေ ဘယ်သွားသလဲလို့ မင့်ကိုမေးရင် ခင်ဘယ်လိုပြောမလဲ၊ ဗျာလိပ်ထဲမှာ ပုန်းနေတယ်လို့ ပြောမလား အတာ၊ ဟင်'

'ဟာ ဘယ်ပြောမလဲ၊ ပြောရင် လူဆိုးက သတ်သွားမှာပေါ့'

'နို့ အဲဒါ လိမ်ပြောပြတာပဲ မဟုတ်လား'

ထိုအမေးကြောင့် အတာကလေး ငေးသွား၏။

'ဟုတ်ကဲ့၊ သတ်မှာစိုးလို့ လိမ်ပြောရတာပေါ့'

'ဘာပဲဖြစ်ဖြစ်လေ လိမ်တာဟာ လိမ်တာပဲ မဟုတ်လား'

အတာက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီးမှ

'အဲဒါကော အပြစ်ရှိတာပဲလား ဟင်'

'ရှိတာပေါ့၊ ဒါပေမဲ့ အဲသလို လိမ်ပြောလိုက်တဲ့အတွက် ငါအသတ်မခံရဘူး မဟုတ်လား၊ ဒါဟာ လူတစ်ယောက်ရဲ့အသက်ကို ကယ်ဆယ်ရာရောက်လို့ အများကြီး ကုသိုလ်ရတယ်၊ အဲသလို ကုသိုလ်ကများတော့ လိမ်တဲ့အပြစ်ဟာ ပျောက်သွားတာပေါ့ကွ၊ ငရဲမကြီးဘူးပေါ့'

ဥပမာ လွယ်လွယ်ပေးကာ အတာ နားလည်နိုင်မည့်နည်းဖြင့် ပြောပြလိုက်မှ အတာကလေး သဘောကျသွားတော့၏။

'မမသက်ကို ကျွန်တော် မှာထားတယ်၊ မေမေတို့ကို မပြောပါနဲ့ဆိုတာ အလကားသွားပြောတယ်'

ကိုထွန်းအောင်အား မခင်သက်တို့က လုံချည်ကိစ္စ ပြောရကောင်းလားဟု အတာက သဘောမကျသံကလေးဖြင့် ပြောလိုက်သဖြင့်

'မင့်အမေ မသိပါဘူးကွ၊ ငါ့ကိုသာ ပြောတာပါ၊ အဲဒါ မင်း ဘယ်လောက် လိမ္မာတယ်ဆိုတာကို ငါသိအောင်လို့ သူတို့က ပြောပြတာလေ၊ ငါသိတော့ ဝမ်းသာရတာပေါ့'

ကိုထွန်းအောင်လည်း စကားကို ဤတွင် ရုတ်တရက် ရပ်လိုက်ပြီးမှ ခေါင်းတယမ်းယမ်းခါတဲ့ကာ

'မင်း စာမေးပွဲအောင်ရင် ပါရှင်းလုံချည် ဝယ်ပေးမယ်လို့ ငါ ကတိပေးထားဖူးတယ်နော်၊ ဒါပေမဲ့ ငါဝယ်မပေးရသေးဘူး၊ အဲဒါဘာကြောင့်လဲ မင်းသိသလား'

'ကျွန်တော် ဘယ်သိမလဲ'

'မင့်အမေပေါ့ကွ၊ ရသမျှပိုက်ဆံ အကုန်သူယူတာပဲ၊ သူ့ကို အသိမပေးဘဲ ဝယ်ပြန်ရင်လဲ ရန်ဖြစ်ဦးမယ်၊ ငါ နားပူမခံနိုင်ဘူး အတာ၊ ငါပြောထားတဲ့အတိုင်းပဲ မင်း စာမေးပွဲအောင်တယ်ဆိုတော့ လုံချည်ဝယ်ဖို့ မင့်အမေကို ပိုက်ဆံအပ်



လိုက်တယ်၊ အဲ့ဒါလဲ သူသုံးပစ်တာပဲကွ၊ အေး မင်းကမှ ဉာဏ်ကောင်းသေးတယ်၊ ခင်သက်တို့ ဝယ်ပေးတဲ့အနေမျိုး လုပ်လိုက်လို့ အဆူမခံရဘူး၊ ဝတ်ချင်တာလဲ ဝတ်ရတယ်'

သို့ပြောရင်း ခေါင်းတညိတ်ညိတ်နှင့် အတာအား စိုက်ကြည့်နေပြီးမှ

'ဒါနဲ့ လုံချည်တော့ မခင်သက်တို့ ဝယ်ပေးတာလို့ ပြောခိုင်းပြီး အဲဒီ အပေါ်အင်္ကျီကျတော့ မင့်ဟာမင်းဝယ်တာလို့ မင်းအမေကို ပြောမလား အတာ၊ တော်ကြာ ရိုက်နေရင်'

'မဟုတ်ဘူး၊ အစတော့ မမသက်တို့ဝယ်ပေးတာလို့ ပြောပါဆိုပြီး ကျွန်တော် မမသက်ကိုပြောတော့ သူက ကိစ္စမရှိပါဘူး၊ ဒါလောက်တော့ နင့်ဟာ နင် ဝယ်တာလို့ပဲပြောတဲ့၊ ဒီလို ကိုယ့်ဟာကိုယ် မုန့်ဖိုးစုပြီးဝယ်တာနဲ့မှ ရိုက်မယ် ဆိုရင် တို့မခံနိုင်ဘူး၊ ဗိုင်းပြောမယ်တဲ့'

အတာလည်း သို့လျှင် ရေရေလည်လည် ရှင်းပြလိုက်ပြီးမှ တဖန် ဆက်လက်၍

'နောက်ပြီး မမသက်က ပြောတယ်၊ မင်း ပိုက်ဆံတွေ ဘာတွေ စုတတ်တာကို မင့်အမေသိတယ်တဲ့၊ အဲဒီတော့ တစ်နေ့ကျလို့ စုထားတဲ့ပိုက်ဆံတွေ ဘယ်ရောက်ကုန်သလဲလို့ မေးရင် မင်းဘယ်လို ဖြေမလဲတဲ့၊ အဲဒီတော့ ဒီအင်္ကျီ ချုပ်လိုက်တယ်လို့ ပြောတဲ့၊ မမသက်က သင်ပေးတယ်'

အတာနှင့် မမသက်တို့ အကွက်ချေချေကလေး စီမံလိုက်ပုံ ပီရိသလောက် ကြားရသူ ကိုထွန်းအောင်လည်း အတော်ကြီးဝမ်းမြောက်သွားတော့၏။

'အတာရေ လာဟေ့ သွားကြစို့'

ရုတ်တရက် ခေါ်လိုက်သော မခင်သက်၏အသံကို ကြားလိုက်ရမှပင် အတာတို့သားအဖ စကားစ ပြတ်သွားတော့၏။

'ကျွန်တော် သွားတော့မယ်နော်'

'အေး သွား သွား'

\+ \+ \+

ခင်သက်တို့ ညီအစ်မတစ်သိုက်နှင့်အတူ အတာသည် ရွှေတိဂုံ၊ ငါးထပ်ကြီးနှင့် ဘီရွှောန်ရုံအနံ့ တစ်နေကုန် လည်ပတ်ခဲ့ရသည်ဖြစ်၍ ပျော်လိုက်သည်မှာ ပြောစရာပင်မရှိ။ ယခုတစ်ခေါက်တွင် ပေါ်ပလင်တိုက်ပုံအင်္ကျီနှင့် မန္တလေးပိုးကို အသစ်စက်စက်ကလေး ဝတ်သွားရသဖြင့် အတာမှာ ပို၍ မြူးခဲ့၏။

မိမိရင်သွေးဖြစ်သော သားကလေး လူမမယ်သည် အရွယ်နှင့်လိုက်အောင် ဘိမ္မာလှပါတကား။ မိဘကို အပူမတတ် ကိုယ့်မုန့်ဖိုးကိုယ်စု၍ ကိုယ့်အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝယ်ဝတ်ရှာသည့် သားလိမ္မာကလေးပါတကား။ အကျီလုံချည် သစ်သစ်လွင်လွင်ကလေးနှင့် ချစ်ချင်စရာ အသွင်ဆောင်နေသော အဖိုးတန်ရတနာကလေးပါတကား။

ယင်းကဲ့သို့ သဘောထား၍ မသိန်းမေသည် အတာကလေးအား

'လာစမ်းပါဦးသားရယ်၊ သားလေး သွားနေလိုက်တာ မေမေဖြင့် တစ်နေ့လုံး အောက်မေ့နေတာပဲ၊ ပိုးလုံချည်ကလေးနဲ့ တိုက်ပုံအကျီနဲ့ဆိုတော့ သားက လူပျိုကြီးကျနေတာပဲ၊ အင်း မေမေ့သား အလိမ္မာတုံးလေး၊ ကိုယ့်ပိုက်ဆံ ကိုယ်စုပြီး အဝတ်အစားဝယ်ဝတ်တတ်တဲ့ မေမေ့အသည်းကလေး။ ဒီလို လိမ်မာတာကလေးတွေကြောင့် ဒီပြင်လူတွေက သားကို ချီးမွမ်းတော့ မေမေဖြင့် ဘယ်လိုဝမ်းသာမှန်း မသိဘူး'

ဤသို့သောစကားဖြင့် မျက်နှာထားချိုချို မသိန်းမေက အတာအားဆီးကြိုခဲ့သော် အတာကလေး မည်မျှလောက် ဝမ်းမြောက်ရှာလေမည်နည်း။ ယခုသော် ဘုရားအနှံ့လည်၍ တိရစ္ဆာန်ရုံတွင် ပျော်မြူးခဲ့သလောက် အိမ်ပြန်ရောက်သည်နှင့် ရှစ်ခေါက်ချိုး မျက်နှာထားကို အတာကလေး ရင်ဆိုင်လိုက်ရတော့၏။

ယနေ့သည် ဘုရားပွဲတော်နေ့တောဘုရားဖူးများရန်ကုန်တွင်အပြည့်အကျပ်ရောက်နေသည့်နေ့ ဖြစ်သည့်အတိုင်း ရန်ကုန် အရောင်းအဝယ်လောကသည် အတော်ကလေး ငွေလှိုင်နေသောနေ့ ဖြစ်၏။ မသိန်းမေသည်လည်း ယနေ့အဖို့၌ ငွေ လေးငါးခြောက်ကျပ် ခေါက်မိခဲ့၏။ ယခင်ရက်များက တစ်နေ့တစ်ကျပ် မြတ်လျှင်ပင်အသက်ရှူချောင်သောနေ့ဟုယူဆခဲ့သော မသိန်းမေအဖို့၌ ယနေ့ ခြောက်ကျပ်လောက် ဝင်ငွေဖြောင့်ခဲ့သည်နှင့်အမျှ တဝကြီးရွှင်နေဖို့ပင်မဟုတ်ပါလော။

သို့သော် သူ့အမူအရာတွင် လုံးဝ ကြည်လင်သည့် အရိပ်အရောင်မျိုးမတွေ့ရဘဲ သူ့မျက်နှာထားသည် 'ကျွန်တော့်ကိုကြည့်ရင် မေမေဟာ အမြဲ စိတ်ဆိုးနေတာပဲ' ဟူသော အတာပြောဖူးသည့် အသွင်မျိုးဖြင့်သာ အတာကလေး ရင်ဆိုင်လိုက်ရ၏။ သူ့တွက်ကိန်းအတိုင်းပင် မသိန်းမေသည် အတာအား ကြိမ်မောင်း ဆူပူကာ သူမသိဘဲ အကျီဝယ်ရကောင်းလားဟု တဖျစ်တောက်တောက် ပြောရင်း ထိပ်တစ်ချက်ခေါက်သွားသေး၏။

နောက်တစ်နေ့နံနက် မသိန်းမေ ဈေးထွက်သွားသည်နှင့် အတာတို့သားအဖလည်း ရွှင်သောပြုံးခြင်းဖြင့် မျက်နှာချင်းဆိုင်မိကြကာ

'မင့်စိတ်သဘောထားနဲ့ မင့်အမေနဲ့ကတော့ တခြားစီပါပဲလား အတာဟင်'

ကိုထွန်းအောင် စလိုက်သော စကားမှာ အတာ့အဖို့ ယောင်ချာချာဖြစ်နေလျက် အဓိပ္ပာယ်အကျယ်အနက်ကိုလည်း ရုတ်တရက် သဘောမပေါက်သင်



ဘိုးစားနေမိစဉ်

'မင်းက လိမ္မာတယ်၊ စိတ်ကောင်းရှိတယ်၊ ရိုးသားတယ်၊ လူတစ်ဖက်သားကို သနားတတ်တယ်၊ အပြစ်ဖြစ်မဲ့အလုပ်ကို မင်းကြောက်တယ်၊ အေး မင့်အမေကတော့ မင်းနဲ့ ဆန့်ကျင်ဘက်ချည်းပဲ'

အတာသည် ယခုမှ ကိုထွန်းအောင် ဘာဆိုလိုသည်ကို သဘောပေါက်သတ၏။ သို့သော် နောက်ဆုံးဝါကျကို သူ နားမရှင်းသလို ရှိနေသည်နှင့်

'ဆန့်ကျင်ဘက်ဆိုတာက ဘာလဲဟင်'

'မင်းလိမ္မာသလောက် မင့်အမေ မိုက်တယ်၊ မင့်စိတ်ကောင်းရှိသလောက် မင့်အမေ စိတ်ကောင်းမရှိဘူး၊ အဲ့ဒါတွေကို ဆန့်ကျင်ဘက်လို့ ခေါ်တာပေါ့'

သူ့မေမေက သူ့အပေါ်ဆိုးသည် မှန်သော်လည်း သို့ ကိုထွန်းအောင်က သိန်းမေတွင် စိတ်ကောင်းမရှိဟု နှိမ့်ချပြောသည်ကိုမူ အတာ မကျေနပ်နိုင်သလို ဖြစ်သွား၏။ သူ့မေမေကို သူချစ်သည် မဟုတ်ပါလော။

'မေမေဟာ စိတ်ကောင်းမရှိဘူးလား ဟင်'

'အေး မင့်အမေဟာ ပိုက်ဆံသာရမယ်ဆိုရင် ဘာမဆိုလုပ်တာပဲ၊ အပြစ်ရှိဘာရော ဘာရော သူ ဘာမှ မကြောက်ဘူး၊ အဲဒါ စိတ်ကောင်းမရှိလို့ပေါ့ကွ'

ထိုစကားကို အတာ လုံးဝ လက်မခံနိုင်။

မသိန်းမေသည် မြင်းနိုင်လာလျှင်ဖြစ်စေ၊ ၃၆ ကောင်ပေါက်လျှင်ဖြစ်စေ ဆန်ရုံခါဆိုသလို အမဲဈေးသို့ ကိုယ်တိုင်ပြေးကာ ဆိတ်ကလီစာ အမဲအူစုံသည်များကို တတောင်းတမောက် ဝယ်လာပြီး ကိုယ်တိုင်ပင် ချက်၏။ ပြီးလျှင် ကိုယ်တိုင်ပင် ထွက်သွားကာ သုံးပြားတန် အထူးစပယ်ရှယ် နံပြားများ တပွေ့ဘိုက် ဝယ်လာပြီး ပွဲကတော်ကြီး မိသားစုကအစ မခင်သက်တို့တစ်စုတစ်ပြုံလုံးပါ စားကြသောက်ကြနှင့် ဝ အီသွားသည်အထိ စေတနာအတိဖြင့် ကျွေးတတ်သည်ကို အတာ ကိုယ်တွေ့သိ၏။

ဤသည်မှာစိတ်ကောင်းရှိ၍ကျွေးမွေးခြင်း မမည်လေသလော။ အတာသည် ... လျှင် ခပ်သုတ်သုတ်တွေး၍ ထိုအဖြစ်ကို ကိုထွန်းအောင်အား ရှင်းပြလိုက်ပြီးမှ

'ကဲ အဲဒါကတော့ မေမေ စိတ်ကောင်းရှိလို့ မဟုတ်လား၊ အားလုံးကို ... ကျွေးတာပဲ' ဟု အတာက စောဒကတက်လိုက်ရင်း

'နောက်ပြီး တစ်ခါတလေ မေမေ ဈေးကပြန်လာတဲ့အခါ ပြောင်း... တွေ ဝယ်လာတယ်၊ ပဲမြစ်တွေ ဝယ်လာတယ်၊ အားလုံးကို ကျွေး... တစ်ခါတစ်ခါလဲ အုန်းထမင်းနဲ့ အမဲနှပ်ဟင်းချက်ပြီး တစ်အိမ်လုံး ကျွေး... ဒါ စိတ်ကောင်းရှိလို့ မဟုတ်လား၊ ကဲ'

ကိုထွန်းအောင်တွင် ရုတ်တရက် အဖြေရခက်သွား၏။ သို့ အဖြေရ

www.burmeseclassic.com



ကြစ်သွားသည်မှာ သူဆိုလိုရင်းအဓိပ္ပာယ်နှင့် အတာ တွေးသည့် သဘောပေါက်မှု မှာ တစ်ခုနှင့် တစ်ခု လမ်းလွဲနေသောကြောင့်ပင် ဖြစ်၏။

'အေး မင်းပြောလဲ မှန်တယ်၊ ဒါပေမဲ့ မင့်အမေရဲ့ စိတ်သဘောထားဟာ ဘယ်လိုရယ်လို့ ငါတောင် အကဲမခတ်တတ်အောင် ဖြစ်နေပြီ' ဟု စကား ဆိုလိုက်ပြီးမှ ထိုစကားသည်လည်း အတာ၏ ဦးနှောက်နှင့် ဉာဏ်မမီနိုင်လောက် အောင် လေးနက်နေပြန်သောကြောင့်

'ကဲကွာ၊ မင်းပြောသလို မင့်အမေဟာ ပိုက်ဆံကလေး ဖောဖောသီသီ ရှိလာတာနဲ့ ခေါက်ဆွဲတွေကြော်ပြီး တစ်အိမ်လုံးကို အဝကျွေး၊ မီးကျလက်ဖက် တွေသုပ်ပြီး ပျော်ပွဲစားလိုစား၊ ပလာတာနဲ့ ဟင်းနဲ့ လေးငါးကျပ်ဖိုး အကုန်ခံ ဝယ်ပြီး မခင်သက်တို့ရော ဒေါ်သီတို့ရော တစ်အိမ်လုံးကို မင့်အမေက ကျွေးလားမွေးလားလုပ်တာဟာ စိတ်ကောင်းရှိလို့ဆိုတာတော့ မှန်တယ်လေ၊ ဒါပေမဲ့ အဲသလို ဒီပြင်လူတွေ ဖောဖောသီသီ စားရသလောက် မင့်ကိုကော မင့်မေမေက ဝဝလင်လင် ကျွေးရဲ့လားအတာ ဟင်'

ဤတွင်မှ အတာကလေး ငိုင်ကျသွားတော့၏။

မသိန်းမေသည် ဆိုခဲ့သည့်အတိုင်း သူစိမ်းတစ်ရံဆံများအပေါ်တွင် စေတနာဗလဝနှင့် ကျကျနန ကျွေးတတ်သလောက် အတာကလေးဆိုလျှင် သူတို့စားနေရာသို့ အနားပင် မသီရ။ အောက်ထပ်တွင် စားနေကြသည်ဖြစ်က အတာသည် အပေါ်ထပ်ခိုးတွင် ကုပ်၍ မလှုပ်ဝံ့အောင်ငြိမ်နေရ၏။

'အတာရေ လာဟေ့'

စား၍ မြိုမကျနိုင်သော မခင်သက်တို့က လှမ်းခေါ်လိုက်သည်ကိုပင်

'မခေါ်နဲ့ သူ့ဖို့ အပေါ်မှာ ခွဲပေးခဲ့ပြီးပြီ'

မသိန်းမေက ထိုစကားမျိုးဖြင့် ဟန့်တားတတ်၏။ သို့သော် ခွဲပေးခဲ့ပြီးပြီ ဆိုသော စကားမှာ မုသာဝါဒမျှသာ ဖြစ်၏။ သူတို့တစ်တွေ ပျော်တပြုံးပြုံးနှင့် မြိုးမြိုးမြက်မြက် စားနေကြခိုက် အတာမှာ လျှာတပြင်ပြင်နှင့် အပေါ်ထပ်တွင် ကုပ်နေရ၏။ သူတို့ မစားနိုင်၍ ပိုလျှံမှ အတာစားရ၏။ တစ်ခါတစ်ရံ မနပ်၍ ဖယ်ထားသော ပလာတာအလယ်သားနှင့် အရိုးအရင်း ဟင်းကပ်ကလေးသာ စားရလျက် များသောအားဖြင့်မူ ဝယ်လာသမျှ တက်တက်စင် ပြောင်သွားတတ် သောကြောင့် အတာတွင် အာခေါင်အခြောက်သားနှင့်ပင် စားကြွင်းစားကျန် ပန်းကန်ခွက်ယောက်များဆေးရင်း

'ငါ့ကိုတော့ ဘာလို့မကျွေးပါလိမ့်' ဟူသော အတွေးဖြင့်သာ နိဂုံးချုပ်ခဲ့ ရ၏။ ဤသည်ကို အတာ တွေးမိလာ၏။

'ဟုတ်တယ်နော်၊ သူများတွေတော့ စားချင်သလောက်စားရပြီး၊ ကျွန်တော့်



ကိုတော့ ဝအောင်မကျွေးဘူး၊ တစ်ခါတလေကျ လုံးလုံးမစားရဘူး၊ အဲဒါ သူများတွေကို စိတ်ကောင်းရှိပြီး မေမေဟာ ကျွန်တော့်အပေါ်မှာတော့ စိတ်ကောင်း မရှိဘူး၊ နော်'

ကိုထွန်းအောင်လည်း ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ

'ဒါကြောင့် ငါပြောတာပေါ့ကွ၊ မင့်အမေကို ငါ ဘယ်လိုနားလည်ရမှန်းကို မသိဘူးလို့၊ သူများအပေါ်မှာ ရက်ရောသလောက် မင့်အမေဟာ မင့်အပေါ်ကျတော့ စိတ်ကောင်းမရှိဘူး'

အတာကလေး တွေသွား၏။ ကိုထွန်းအောင်လည်း အတာစိတ်မကောင်း ဖြစ်သွားသည်ကို ချက်ချင်း သတိထားလိုက်မိကာ

'အဲဒါ ဘာဖြစ်လို့လဲ မင်းသိသလား အတာ၊ မင့်အမေဟာ ဒီပြင်လူတွေ အပေါ် သဘောကောင်းပြီး မင့်အပေါ်မှာတော့ ဘာလို့ စိတ်ကောင်းမရှိသလဲ ဆိုတာ ဘာကြောင့်လို့ ထင်သလဲ'

'ကျွန်တော့်က ကံဆိုးလို့ပေါ့'

ပက်လက်ကုလားထိုင်တွင် နောက်ကိုမှီ၍ထိုင်နေသော ကိုထွန်းအောင် သည်း အတာ့အဖြေကို ကြားလိုက်ရသည်နှင့် ထုထုထောင်ထောင် ကိုယ်မတ်၍ ထိုင်မိသည်အထိ အံ့အားသင့်သွားရာမှ

'ဘာပြောတယ်ကွ၊ မင်းကံဆိုးလို့ ဟုတ်လား'

'မမသက်တို့က ပြောတာပဲ၊ နင့်အမေအရင်းခေါက်ခေါက်က နင့်အပေါ် ဒီလောက် ရက်စက်တယ်ဆိုတာဟာ နင်ကံဆိုးလို့ပဲ အတာတဲ့၊ နင့်ကံဆိုးလို့ ဒီမိန်းမကြီးသား လာဖြစ်ရတာတဲ့'

မခင်သက်တို့က ပြောလိုက်သည်မှာ အတာ့စကားအရ အပေါ်ယံမျှဖြစ် သည်ကို ကိုထွန်းအောင် သတိထားမိလိုက်၏။

'နေဦး၊ မင်း သေသေချာချာ နားလည်အောင် ငါပြောပြမယ်၊ မခင်သက် တို့ ပြောသလို မင်းကုသိုလ်ဆိုးလို့ မင့်အမေက မင့်အပေါ်မှာ ရက်စက်နေတာ မှန်ပဲကွ၊ အဲဒါ ဘာကြောင့်လဲဆိုတော့ မင်း ဟိုဘဝက တစ်ဦးတစ်ယောက် အပေါ်မှာ ဒီလိုပဲ ရက်စက်ခဲ့၊ ဆိုးခဲ့ဖူးလို့ ဒီဘဝမှာ မင်း ခုလိုခံရတာပဲ၊ ငါ ပြောတာ နားလည်ရဲ့လား အတာ'

အတာလည်း မရှင်းသေးသလို တွေနေပြန်သောကြောင့်

'ဒီမှာအတာ၊ မင်း ဟိုတစ်လောက ငါ့ကို ပြောပြတယ် မဟုတ်လား ဆိပ်ထိပ်က ဘာခွေးအကြောင်းလေ'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အေး အဲဒီဘခွေးကို မင်းပေတံနဲ့ ဘာပြုလို့ရိုက်သလဲ၊ သူက မင်းကို အာခွမလုပ်ရင် မင်းရိုက်မလား'

အတာလည်း ခေါင်းကလေးကို အသာခါပြရင်း

'သူက ကျွန်တော့်ကို အနိုင်ကျင့်လို့ ရိုက်တာပေါ့'

'အဲဒီလိုပေါ့ကွ၊ လူတစ်ယောက်ဟာ ဒီပြင်လူတစ်ယောက်ကို မတရားနှိပ်စက်ရင် တစ်နေ့ကျတော့ သူလဲ ပြန်ပြီး အနှိပ်စက်ခံရတတ်တယ်၊ ကဲ မင်းဟိုတုန်းက ဘခွေးကို သိပ်ကြောက်ရတာပဲဆို၊ ခုတော့ သူက မင်းကိုပြန်ပြီး ကြောက်နေရတယ်လို့ မင်းပြောဖူးတယ်၊ ဟုတ်ရဲ့လား'

'ဟုတ်ကဲ့၊ ကျောင်းက ကောင်တွေလဲ အရင်ကလို အနိုင်မကျင့်ရဲတော့ဘူး'

'အေး ဒီသဘောမျိုးပေါ့ကွာ'

ကိုထွန်းအောင်က စကားမဆုံးသေးမီပင်

'ဘခွေးက ကျွန်တော်အနိုင်ကျင့်တာလဲ ဒီဘ၀၊ သူ ကျွန်တော့်ကို ပြန်ကြောက်ရတာလဲ ဒီဘ၀ပဲ၊ မေမေနဲ့ ကျွန်တော်ကျတော့ ဘာပြုလို့ ဟိုဘ၀ ဒီဘ၀ ဖြစ်နေတာလဲ ဟင်'

ကိုထွန်းအောင်လည်း အတာ မေးလိုက်သော ကတ်သီးကတ်သတ်အတွေးကြောင့် ရုတ်တရက် မဖြေတတ်အောင် ယောင်တွေတွေ ဖြစ်သွားတော့၏။ အတော်ကလေး အချိန်ယူစဉ်းစားနေမိပြီးမှ

'ဒါက ဒီလိုလေကွာ၊ မင်းနဲ့ ဘခွေးတို့က ရွယ်တူ ကလေးချင်း အနေနဲ့ အနိုင်ကျင့်တာ ရန်စတာမျိုးမဟုတ်လား၊ ဒီတော့ ဒီဘ၀မှာတင် ဝဋ်လည်တာပေါ့ကွ၊ မင်းနဲ့ မင့်အမေက သားအမိအနေမျိုးနဲ့ဆိုတော့ ဥပမာ ဟိုဘ၀တုန်းက မင့်အမေဟာ မင့်သမီး ဒါမှမဟုတ် သား တစ်ခုခုပေါ့ကွာ၊ မင်းက သူ့အမေ ဒါမှမဟုတ် အဖေ၊ ဒါမှမဟုတ်လဲ မိထွေး၊ ပထွေး တစ်ခုခုဖြစ်လိမ့်မယ်၊ အဲ ဟိုဘ၀တုန်းက သူ့ကို မင်း အမျိုးမျိုးနှိပ်စက်ခဲ့လို့ ဒီဘ၀ကျတော့ မင်းက သူ့သားလာဖြစ်ပြီး သူက မင်းကိုနှိပ်စက်သလို လုပ်နေတာ ဖြစ်မှာပဲ'

ယခုမူ အတာသည် အတော်အတန် သဘောပေါက်နေပြီကဲ့သို့ ခပ်တွေတွေကလေး နားစွင့်နေ၏။

'ဒီလိုဆိုရင် နောက်တစ်ခါဘ၀ကျတော့ မေမေက ကျွန်တော့်ကလေးလာဖြစ်ပြီး ကျွန်တော်က ပြန်ပြီး နှိပ်စက်ရဦးမလား ဟင်'

ပေါက်ပေါက်ရှာရှာ အတာလည်း သို့လျှင် ကောက်ကာငင်ကာ မေးလိုက်သောကြောင့် ကိုထွန်းအောင်က တစ်စုံတစ်ခုကို ရုတ်တရက် သတိရသလိုဖြင့်

'ကဲ အတာ၊ ငါ မေးမယ်၊ ခု မင်းအမေဟာ မင်းအပေါ်မှာ အတော့်ကို ဆိုးတယ်နော်၊ အဲဒါ မင်း သူ့ကို စိတ်မဆိုးဘူးလား၊ မမုန်းဘူးလား'



'ဟင့်အင်း၊ ကျွန်တော် စိတ်မဆိုးဘူး၊ ချစ်တယ် မေမေ့ကို ကျွန်တော် သိပ်ချစ်တယ်၊ နောက်ဘ၀ ကျွန်တော့်ကလေးဖြစ်လာရင်လဲ ကျွန်တော် ချစ်မှာပဲ၊ မနှိပ်စက်ဘူး၊ ရိုက်လဲ မရိုက်ဘူး၊ အော်လဲ မအော်ဘူး၊ မုန့်တွေဘာတွေအများကြီး ဝယ်ကျွေးမယ်၊ အင်္ကျီလှလှလေးတွေ ဝယ်ပေးမယ်၊ ပြီးတော့' . . .

'တော်ပါတော့ အတာရယ်၊ မင်း မင်း'

ကိုထွန်းအောင်မှာ ဆက်၍ ပြောရန်ပင် စကားစ ရှာမရနိုင်တော့ဘဲ အတာ့ ပါးကလေးနှစ်ဖက်ကို လက်ဝါးနှစ်ခုဖြင့် စုအုပ်ဆွဲခါလျက် ကြင်နာအရိပ်အယောင်ကိုပြရင်း ပြုံးလိုက်မိ၏။ ကိုထွန်းအောင်တွင် အဘယ်မျှလောက်ကြည်နူးဝမ်းမြောက်သွားသည် မသိ။ မျက်လုံးများထဲတွင် ရေကြည်ကလေးသန်းလာသည်အထိ အတာအား တွေကြည့်နေမိပြီးမှ

'မင်းဟာ လူဆန်းကလေးပါလား အတာရယ် ဟင်၊ မင်း သိပ်ထူးခြားတဲ့ ကလေးပဲ'

ကိုထွန်းအောင်လည်း မချင့်မရဲကြီးကြည့်ရင်း အာလုတ်သံဖြင့် ပြောလိုက်ကာ ခေါင်းတညိတ်ညိတ်နှင့် အမြိန့်သား ဝမ်းမြောက်နေ၏။

'အင်း ဒီကောင်လေး ပြောလိုက်တဲ့ စကားကဖြင့် ဒီဘ၀ ဒီမျှနဲ့ကြေပါစေဆိုတဲ့ သဘောမျိုးပဲ၊ အရွယ်နဲ့မတန်အောင် မြင့်မြတ်လိုက်တဲ့ စကားနှယ်'

ဤသို့လည်း ဝမ်းထဲမှ ရေရွတ်နေမိ၏။

'ဒီကလေးပြောတဲ့ စကားတွေသာ သူ့အမေကြားရရင် အို ကြားလဲ အပိုပါပဲ၊ ကြီးကြီးကျယ်ကျယ် ပြောတယ်ဆိုပြီး ထရိုက်ချင် ရိုက်နေမှာ ခက်တယ်၊ လောကမှာ တမတတ်တာလောက် လူဖြစ်ရှုံးတာ မရှိတော့ဘူး' ဟူ၍လည်း မသိန်းမေအတွက် စိတ်ပျက်လက်ပျက် ညည်းညူနေမိ၏။

'အေး ငါ့သားက လိမ္မာတယ်'

'ငါ့သား' ဟူသော အသုံးအနှုန်းဖြင့် ပြောလိုက်သည်မှာ ကိုထွန်းအောင်အဖို့ ဤတစ်ကြိမ်သည်ပထမဖြစ်၏။ ထို့အရင်ကမူ သူသုံးချင်၏။ သို့သော် သိတတ်နေပြီဖြစ်သော အတာကလေးအနေကြုံ့ရမည်စိုးသောကြောင့်သာ 'မင်း မင်း' နှင့်ခေါ်ဝေါ်ပြောဆိုခဲ့ရာမှ ယခုမူ သူ့စိတ်ထဲ၌ မချုပ်တည်းနိုင်လောက်အောင်ပင် အတာ့အပေါ်၌ ကရုဏာအနှစ်ဖြင့် အချစ်ကြီး ချစ်မိသွားသည့်အတိုင်း သို့လျှင် 'ငါ့သား' ဟူ၍ သုံးလိုက်သည်ဖြစ်ရာ အတာကလည်း သာယာသွားသလို အပြုံးဖြင့်လက်ခံနေ၏။

'မင်း နောင်ကိုလဲ ဒီလိုပဲ စိတ်ထဲမှာထားနော်၊ မင့်အမေဟာ ခုလိုနေခဲ့ မင်းက သူ့အပေါ်မှာ မုန်းတဲ့စိတ်မျိုးမထားဘဲ မင်း ခုနပြောသလို သူ့ကို ဘယ်လိုပဲဆဲဆဲ ရိုက်ရိုက် ချစ်တဲ့စိတ်သာ အမြဲထားရင် တစ်နေ့ကျ သူကောင်းလာမှာပဲ၊ သိလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တဲ့၊ ကျွန်တော်လေ ဘုရားရှိခိုးရင်လဲ မေမေ ကျွန်တော့်ကို ချော်ပါစေလို့ အမြဲဆုတောင်းတယ်'

အတာ့စကားမှာ ကိုထွန်းအောင်၏ ဩဝါဒထက်ပင် ပိုသွားသောကြောင့် အတာ့ခေါင်းကလေး ဆွဲပွတ်ကာ အသွတ်အနူး သဘောကျနေမိတော့၏။

'ဟို မနေ့တုန်းကလေ မေမေ ဈေးရောင်းတာ ပိုက်ဆံအများကြီးမြတ်တယ်တဲ့၊ မနက်က မမသက်တို့ အောက်မှာပြောနေကြတယ်၊ ဟုတ်လား ဟင်၊ ကျွန်တော် သိပ်ဝမ်းသာတာပဲ'

အတာက ပြုံးပြုံးကလေး မော်ကြည့်ရင်း မေးလိုက်သောကြောင့်

'အေး ဒါပေမဲ့ မင်း ဝမ်းမသာနဲ့ အတာ၊ အဲဒါ မတရားရတဲ့ပိုက်ဆံတွေကွ'

'ဟင်၊ ဈေးရောင်းလို့ မြတ်တာ မဟုတ်ဘူးလား'

'ဈေးရောင်းလို့ မြတ်တာတော့ မှန်တယ်လေ၊ ဒါပေမဲ့ မသန့်ရှင်းဘူးကွ၊ ကဲ မင်းနားလည်အောင် ငါပြောပြမယ်၊ ဥပမာ ဆိုပါတော့ကွာ၊ ထီးတစ်လက်ကို တစ်ကျပ် အရင်းကျတယ်၊ အဲဒါ ငါးမတ်နဲ့ရောင်းတော့ ဘယ်လောက်မြတ်သလဲ'

'တစ်မတ်မြတ်တာပေါ့'

'အေး၊ အဲဒီတစ်မတ်ဟာ သန့်ရှင်းတဲ့ အမြတ်လို့ ခေါ်တယ်'

'ကဲကွာ၊ မင်းက ဆိုင်တစ်ဆိုင်မှာ ပိုးလုံချည်တစ်ထည် သွားဝယ်တယ် ဆိုပါတော့၊ အဲဒါ ဆိုင်ရှင်က ပိုးအတုလုံချည် ငါးမတ်လောက် တန်တာကို ပိုးအစစ်ဆိုပြီး မင့်ကို နှစ်ကျပ်ခွဲနဲ့ လိမ်ရောင်းတယ် ဆိုပါတော့၊ အဲဒီတော့ ဆိုင်ရှင် ဘယ်လောက်မြတ်မလဲ'

'ငါးမတ်တန်ကို နှစ်ကျပ်ခွဲနဲ့ရောင်းတော့ ငါးမတ်တောင် မြတ်မှာပေါ့'

'အေး အဲဒါ မသန့်ရှင်းဘူး၊ ပိုးအစစ်မဟုတ်ဘဲနဲ့ မတရားလိမ်ရောင်းတာမို့ အမြတ်များများရပေမဲ့ အပြစ်ဖြစ်တယ်၊ မသန့်ရှင်းတဲ့အမြတ်လို့လဲခေါ်တယ်'

ဤတွင် အတာလည်း ဘာကို သတိရလိုက်သည်မသိ။ တန်းပေါ်တွင် လွှားလျက်သားပင်ရှိနေသေးသော သူ့ပိုးလုံချည်ကလေးကို ပြေးယူလာပြီး

'ကြည့်ပါဦး၊ ဒါကော ပိုးအစစ် ဟုတ်ရဲ့လား ဟင်' ဟု စိုးရိမ်သွားသလို အမူအရာကလေးဖြင့် မေးနေသောကြောင့် ကိုထွန်းအောင်တွင် အားပါးတရ ရယ်နေမိရာမှ

'မင့်လုံချည်က ပိုးစစ်ပါတယ်ကွ၊ ငါ ခုန ငါပြောတာ ဥပမာပြောတာပါ၊ ဒါနဲ့ ဒီလုံချည်ဝယ်တော့ မင့်ကို တစ်မတ်ပြန်ပေးလိုက်တယ်ဆို'

'ဟုတ်တယ်၊ သုံးကျပ်မတ်တင်း ရောင်းတာကို ကျွန်တော်မို့ မှန့်ဖိုး



တစ်မတ် လျှော့ပေးတာတဲ့'

'အေး ဒါဆို အရင်းအတိုင်းလောက်ပဲရှိမယ်၊ သုံးကျပ်မတ်တင်းရောင်းမှ သူတို့ တစ်မတ်လောက်ပဲ မြတ်မယ်၊ အဲသလို ပိုးစစ်ဆို အစစ်၊ အတုဆို အတု ပြောပြီး မှန်မှန်ကန်ကန်နဲ့ အသင့်အတင့် အမြတ်ယူတာကတော့ အပြစ်မရှိဘူး၊ ကဲ တကယ်လို့ မင်းဝယ်လာတဲ့ လုံချည်ဟာ အတုဖြစ်နေရင် မင့်ကို လိမ်ရောင်းလိုက်တာဆိုရင် မင်း ဘယ်လိုနေမလဲ၊ အတာ ပြောစမ်း'

'ကျွန်တော် စိတ်ဆိုးမှာပေါ့'

'အေး စိတ်လဲဆိုးမယ်၊ ဒီလုံချည်မြင်တိုင်းလဲ မင်းစိတ်ချမ်းသာမှာ မဟုတ်ဘူး၊ အဲဒီတော့ လိမ်ပြီးရောင်းတာ ကောင်းသလား'

'ဘယ်ကောင်းမလဲ၊ ဒါ မတရားလုပ်တာပေါ့ နော်'

'အေး၊ မင့်အမေ မနေ့က ပိုက်ဆံ အများကြီးမြတ်တယ် ဆိုတာအဲသလိုပဲကွ၊ ဘုရားဖူးလာတဲ့ တောသူတောင်သားတွေကို လိမ်ပြီးရောင်းလို့ အများကြီး မြတ်တာပေါ့'

'ဘာရောင်းတာတဲ့လဲ ဟင်'

'အိန္ဒိယနိုင်ငံကလာတဲ့ ဘာဘူ ဘန်ကောက်လုံချည်ကို ယိုးဒယား ဘန်ကောက်အစစ်ဆိုပြီး လိမ်ရောင်းတာပေါ့ကွ'

'ဟင် သူတို့ကကော အစစ်နဲ့ အတုကို မသိဘူးလား'

'နို့ မင်းကော၊ မင့်လုံချည် ပိုးစစ်လား အတုလားဆိုတာ သိလို့လား'

'ကျွန်တော်က ကလေးပဲဟာ'

လူကြီးမှန်ရင် သိရမည်ဟူသည့် အတွေးဖြင့် အတာက မေးလိုက်သောကြောင့် ကိုထွန်းအောင် ပြုံးမိသွား၏။

'အေး ပေါ့ကွာ၊ တောသူတောင်သားဆိုတာ လူကြီးပေမဲ့ ရိုးတယ်၊ အတယ်၊ ဒါကြောင့် ဝယ်သွားတာပေါ့'

'သနားပါတယ်နော်'

အတာလည်း ညည်းညည်းညူညူပင် ရေရွတ်လိုက်၏။

'အဲဒါ သူတစ်ထူးကို လိမ်ရောင်းလို့ မတရားရတဲ့ပိုက်ဆံမဟုတ်လား'

သွက်သွက်ကလေး အတာက ခေါင်းညိတ်လိုက်၏။

'အေး အဲသလို မတရားရတဲ့ ပိုက်ဆံဟာ ဘယ်တော့မှ လက်ထဲမှာ ကြာကြာမနေဘူးကွ၊ ခဏလေးနဲ့ ကုန်တာပဲ'

'ဘာပြုလို့လဲ ဘယ်လိုကုန်တာလဲ ဟင်'

'မင့်အမေ ကြည့်ပါလား၊ မနေ့က ငွေခြောက်ကျပ် ခုနစ်[illegible]

ဘယ်၊ အဲဒါ သူတစ်ထူးကို မတရားလိမ်ရောင်းလို့ ရတဲ့ပိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကောင်ထိုးနဲ့ တစ်နေ့ထဲရှစ်ကျပ်ရှုံးလို့ သူ့အိတ်ထဲကတောင်တစ်ကျပ်ပါသွား သေးတယ်'

အတာကလေး စဉ်းစားသလို တွေနေပြန်၏။ ကိုထွန်းအောင်ကလည်း အတာကလေး တွေနေသည့် အမူအရာကိုကြည့်ရင်း 'ဘာတွေ ကတ်သီးကတ်သတ် မေးဦးမှာပါလိမ့်' ဟူသော အတွေးဖြင့် အကဲခတ်နေခိုက်မှာပင်

'တကယ်လို့ မေမေ ၃၆ ကောင် မထိုးရင်တော့ ဒီပိုက်ဆံကို မေမေ သုံးရမှာပဲ မဟုတ်လား'

ကိုထွန်းအောင် ထင်သည့်အတိုင်းပင် အတာ၏ ရှာရှာဖွေဖွေ မေးသံ ပေါ်လာတော့၏။

'၃၆ ကောင် မထိုးလဲ ဒီလို မတရားရတဲ့ပိုက်ဆံဟာ တခြားနည်းနဲ့ ကုန်မှာပဲကွ'

သို့ပြောလိုက်ပြီးမှ ကိုထွန်းအောင်က ဆက်လက်၍

'ဒီမှာ အတာ၊ မင်းမှတ်ထား သူခိုးတို့ ခါးပိုက်နှိုက်တို့ဆိုတာ တစ်ခါ တစ်ခါခိုးရင် အများကြီးရတယ်ကွ၊ တချို့များ အိမ်တစ်အိမ်ဝင်ပြီး စားပြတိုက်ရင် ငါးရာ တစ်ထောင်ရတယ်၊ ဒါပေမဲ့ သူတို့ဟာ ဘယ်တော့မှ မချမ်းသာဘူး၊ ကြာကြာလဲ မစားရဘူးကွ၊ အဲဒါ ဘာပြုလို့လဲဆိုတော့ သူခိုး စားပြမှန်ရင် အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ ဒီတော့ သူတို့ခိုးလို့ တိုက်လို့ရတဲ့ ပိုက်ဆံ ဟာလဲ အရက်သောက် ဖဲရိုက်တာနဲ့ ကုန်တာပဲ၊ ကုန်တော့ ထပ်ပြီး ခိုး၊ ခိုးလို့ ရတော့ တစ်ခါ အရက်သောက် ဖဲရိုက်နဲ့ ကုန်ပြန်ရော'

အတာလည်း စဉ်းစဉ်းစားစား နားစွင့်နေ၏။

'အဲဒါပဲကွ၊ မတရားရတဲ့ ပိုက်ဆံဟာ မကောင်းတဲ့ အလုပ်နဲ့ပဲ ကုန် တတ်တယ်၊ ခုန ပြောသလိုပေါ့ကွ၊ သူခိုး စားပြမှန်ရင် အရက်သောက် ဖဲရိုက် တတ်တဲ့ လူချည်းပဲ၊ အဲဒါ ဘာပြုလို့လဲ သိလား၊ သူတို့ခိုးလို့ တိုက်လို့ရတဲ့ မတရားပိုက်ဆံတွေ မြန်မြန်ကုန်ဖို့ အလိုလိုဖြစ်တာပဲ၊ မင်း ဟိုတစ်ခါပြောဖူး တယ် မဟုတ်လား အတာ၊ ခေါက်ဆွဲသည် အဒေါ်ကြီးရဲ့ ပိုက်ဆံတစ်ပဲကြောင့် မင်း သိပ်စိတ်ညစ်နေပြီး ပြန်ပေးလိုက်တော့မှ စိတ်အေးသွားတယ်ဆိုတာလေ အဲဒီလိုပဲပေါ့ကွ၊ သူများကို မကောင်းကြံရင် ကိုယ်လဲ မကောင်းဖြစ်မှာပဲ၊ မင်း ခေါက်ဆွဲသည်ကို ပိုက်ဆံပြန်ပေးလိုက်တော့ မင့်ကို ချစ်သွားကြတယ် မဟုတ် လား၊ အေး ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ အဲဒါ မြဲမြဲမှတ်ထား'

'ဟုတ်ကဲ့ ကျွန်တော် မှတ်ထားပါ့မယ်'

'ကဲ ကဲ မင်းအင်္ကျီတွေဖွပ်မယ်ဆို သွားဖွပ်ချေတော့၊ ငါလဲ တစ်ရေး လောက် အိပ်လိုက်ဦးမယ်'



ဤတွင် အတာလည်း အထပ်ခိုးဝရန်တာမှ အောက်ထပ်ရှိ နာရီကို သွမ်းကြည့်လိုက်၏။ လက်တံတိုက ၁၁ ကို ပြ၍ လက်တံရှည်ကမူ ၂ နှင့် ၃ အကြားတွင် ရှိနေသောကြောင့်

'ဟင်၊ ဟိုမှာ ၁၁ နာရီတောင် ထိုးပြီးနေပြီ၊ ရုံးမသွားတော့ဘူး လား'

အတာက အမှတ်မဲ့ နေတတ်သူ မဟုတ်သည့်အတိုင်း သို့ မေးလိုက် သောကြောင့် ကိုထွန်းအောင်တွင် ရုတ်တရက် မျက်နှာညှိုးသွား၏။ အတန်ကြာ တွေနေပြီးမှ ခေါင်းကို ခပ်လေးလေးခါရင်း

'ဒီနေ့ ရုံးပိတ်လို့ပေါ့ကွာ'

'ဟင် တနင်္ဂနွေနေ့လဲ မဟုတ်ဘဲနဲ့'

'အိုကွာ ဘုရားပွဲတော်အတွက် ပိတ်တာပေါ့၊ သွား သွား အဝတ်သွား လျှော်ချေတော့'

အတာလည်း ကျေနပ်ပုံ မရလှသေး။ သို့သော်လည်း ကိုထွန်းအောင်က မျက်စိကို စုံမှိတ်၍ မှိန်းချလိုက်သောကြောင့် ဘာမျှ မမေးသာတော့ဘဲ အတာ အောက်သို့ ဆင်းခဲ့ရတော့၏။

လူမှန်းမသိတသိအရွယ်ကစ၍ ကိုယ့်အဝတ်အစား ကိုယ်လျှော်ဖွပ်၍ တတ်ခဲ့ရသော အတာသည် ယခုအချိန်၌ အလျှော်အဖွပ် ကောင်းသော မိန်းကလေး ခပ်ကြီးကြီးတစ်ယောက်လောက်ပင် ကျင်ကျင်လည်လည် လျှော်တတ်နေပြီ ဖြစ်၏။

ယနေ့ သူလျှော်ရသည်မှာ သူ့အဝတ်အစားသာ မဟုတ်။ မသိန်းမေ၏ အင်္ကျီနှစ်ထည်အပြင် ဘော်လီသုံးထည်လည်း ပါသေး၏။ ကိုထွန်းအောင် ကား သူကိုယ်တိုင်လည်း မဖွပ်အား၊ အတာကိုလည်း မခိုင်းရက်သည်နှင့် အောက်ထပ်ရှိ ကုလားပင်းမင်းဆိုင်သို့သာ တွင်တွင်ပို့၍ ဝတ်ခဲ့၏။ အဝတ်အစား သေသူဖြစ်သည့်အတိုင်းလည်း ရှပ်တစ်ထည်ကို အနည်းဆုံး သုံးရက်လောက် ဝတ်သောကြောင့် ဒိုဘီခမှာ တစ်နေ့တစ်ပြားလောက်သာ ကျ၏။

အတာမှာကား အလိုက်သိတတ်သူကလေး ဖြစ်သည့်အတိုင်း ခိုင်းနေ စောင် မလို။ တန်းပေါ်တွေ့သော အဝတ်ဟောင်းဟူသမျှ ဆွဲယူလျှော်ဖွပ်ထား တတ်၏။ ဤလို သိတတ်မှုကြောင့်လည်း ကိုထွန်းအောင်က အသည်းစွဲနေ၏။ ရသော တစ်ခါတစ်ခါ ဆပ်ပြာဖိုးအတွက် သူ့စုငွေကလေးထဲမှ ထုတ်ရသော ကြောင့် စိတ်ပျက်သလိုလို ရှိလာတတ်သေး၏။ သို့တိုင်အောင်လည်း စိတ်ထောင်း ကိုယ်ကလေးပီပီ 'အို ဒါလဲ ကုသိုလ်ရတာပဲ' ဟူသော ဖြေဖျောက်မှုကလေးဖြင့် ကျေနပ်နပ်ပင် သူ့ဆပ်ပြာသုံးဝယ်၍ မိဘများ အထည်အဝတ်တို့ကို ဖွပ်ပေး

www.burmeseclassic.com



ခင်ခင် လျှော့ဖွပ်ထားတတ်၏။

ယနေ့လည်း သူ ခါတိုင်းနည်းတူ လျှော်ဖွပ်နေ၏။ သို့သော် ယခင့်ယခင် နေ့များ အကြိမ်များကဲ့သို့ သီချင်းတအေးအေးဖြင့် ပျော်ပျော်ရွှင်ရွှင်ကလေး မဟုတ်တော့ဘဲ တစ်စုံတစ်ရာကို စဉ်းစားသလို တွေတွေကလေး ငုံ့ရင်း တလှုပ်လှုပ် ဖွပ်နေ၏။ ကြည့်ရသည်မှာ စိတ်ပါလက်ပါ မရှိလှ။

မှန်၏။ သူ စိတ်ပါလက်ပါ မရှိနိုင်။ 'အိုကွာ ဘုရားပွဲတော်အတွက် ရုံးပိတ်တာပေါ့'

သို့ ပြောလိုက်သော ကိုထွန်းအောင်၏ စကားနှင့် မျက်နှာထားအမူအရာ ကို သူ သတိထားမိခဲ့၏။ ဤသို့ပြောလိုက်စဉ်က ကိုထွန်းအောင် မျက်နှာပျက် သွားသည်ကိုလည်းကောင်း၊ စိတ်ညစ်သွားသည့် လက္ခဏာမျိုး ပေါ်လာသည်ကို လည်းကောင်း သိသိသာသာ တွေ့ခဲ့ရသောကြောင့် အတာ့စိတ်တွင် မကောင်း နိုင်သလို ဖြစ်သွား၏။

'ကျုပ် အလုပ်က အမြဲတမ်းမဖြစ်သေးဘူး မဟုတ်လား၊တစ်နေ့နေ့လူလျှော့ မယ်ဆိုရင် အမှန်မုချ ကျုပ်ပြုတ်မှာပဲ၊ ဒါပေမဲ့ ကျုပ်မကြောက်ပါဘူး မသိန်းမေ'

'ဒီအလုပ်ပြုတ်တော့ ဒီ့ပြင်အလုပ် ရှာပေါ့ရှင်'

'ခုခေတ်မှာ ဘယ်လွယ်မလဲဗျ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ပြောနေ တာပေါ့၊ ဒီပြင်အရောင်းအဝယ်တစ်ခုကို စဉ်းစားပါလို့၊ ကျုပ်ပါ ဝင်ပြီးကူလုပ်နိုင် ဝိုင်းရောင်းနိုင်တဲ့ အလုပ်မျိုးပေါ့'

'အင်း၊ ရှင်က ပြောတော့ လွယ်လိုက်တာ၊ ဘယ်မလဲ အရင်းအနှီး ပိုက်ဆံ'

'အေးလေ၊ ဒါကြောင့် ကျုပ်က ကြိုကြိုတင်တင် ပြောနေတာပေါ့ ... တကယ်လို့သာ ခင်ဗျား ခုလို အလောင်းအစားတွေ ဘာတွေ မလုပ်ဘဲထားမယ် ဆိုရင်'

'ပိုက်ချွဲစုတဲ့စကား ကျွန်မကို မပြောနဲ့၊ ဒီနေ့ရရင် ဒီနေ့ သုံးမှာပဲ နက်ဖြန်အတွက် နက်ဖြန်မှရှာမယ်၊ ကျွန်မတို့အမျိုးဟာ ဂေါ်ရင်ဂျိကုလား ... ပိုက်ဆံကို ခါးကြားလိမ်ပြီး မစားရက် မသောက်ရက် စုတဲ့အမျိုး မဟုတ်ဘူး'

မသိန်းမေသည် သူတစ်ယောက်တည်းအနေဖြင့် အသုံးအဖြုန်းကြီး... မိုက်တွင်းနက်သည်ကို မပြောဘဲ ဆွေမျိုးပါ ထည့်၍ အဖော်ညှိလိုက်ချေသေး၏။

ဤသို့ ကိုထွန်းအောင်တို့ မကြာခဏပြောတတ်ကြသည်ကို အတာ ကြား ဖူး၏။ သို့အလျောက်ပင် အသိအမြင်ထက်မြက်လှသော အတာလည်း ထိုစကား များနှင့် ယခု ကိုထွန်းအောင်ရုံးမသွားဘဲ အမူအရာပျက်နေသည့်အဖြစ်ကိုဆက်စပ်... တွေးနေမိ၏။ ဆူ သေသေချာချာ နားလည်သည်ကား ကိုထွန်းအောင်တို့ရုံးသည်



... နေ နေ့တစ်ဝက်၊ တနင်္ဂနွေ တစ်နေ့လုံးနှင့် ဘုရားပွဲ လပြည့်နေ့များနှင့် သကြန် ရက်များတွင်သာ နှစ်ရက်သုံးရက် ဆက်ပိတ်သည်ကို အတာမှတ်မိ၏။

သိမထား၍လည်း မဖြစ်ပေ။ သူ့အား အရေးလုပ် လက်ခံစကားပြောမည့် သူဆို၍ ကိုထွန်းအောင်နှင့် မခင်သက်တို့ ညီအစ်မသာရှိရာ ကိုထွန်းအောင် ရုံးပိတ်လျှင် အတာ အလွန်ပျော်၏။ ထို့ကြောင့်လည်း ကိုထွန်းအောင် ရုံးပိတ် ရက်ကို အတာတွက်၍ မှတ်ထားခဲ့သည်ဖြစ်ရာ ယနေ့ ရုံးပိတ်သည်ဆိုရာ အတာ စဉ်းစား၍မရ။ အခါကြီးရက်ကြီးဖြစ်သော လပြည့်နေ့သာ ရုံးပိတ်လျက် သပြည့်ကျော်တစ်ရက်တွင် ပိတ်လေ့မရှိသည်ကို အတာ သိ၏။

သို့နှင့် ထိုအကြောင်း ဤအကြောင်းများ ပေါင်းစပ်တွေးတောရင်း တလှုပ်လှုပ် အဝတ်လျှော်နေရာမှ

'လူကြီးကို ရုံးက အလုပ်ဖြုတ်လိုက်ပြီထင်ပါရဲ့' ဟူ၍ပင် စိတ်ထဲမှ ကြိတ်၍ ရေရွတ်နေမိရှာ၏။

အတာမှာ တစ်စုံတစ်ရာကို သိလိုစိတ် ပြင်းထန်လာလျှင် မသိန်းမေက ... ၍ မည်သူ့ကိုမဆို ရဲရဲတင်းတင်း မေးတတ်၏။ ယခုလည်း ကိုထွန်းအောင်က အဘယ်ကြောင့် ရုံးမသွားသည်ကို သူသိချင်၏။ သာမန် ရုံးမသွားခြင်းလောက် ... သာ သိချင်သည်မဟုတ်ဘဲ အလုပ် ပြုတ် မပြုတ်ကို ပို၍ သိချင်လာ၏။ သို့နှင့် အဝတ်များကို ခပ်သုတ်သုတ်လျှော်၍ ရေအမြန်ဆုံးချိုးကာ အပေါ်ထပ်သို့ ... တက်လာခဲ့၏။ သို့သော် ထိုအချိန်၌ ကိုထွန်းအောင်မှာ နှစ်နှစ်ခြိုက်ခြိုက် ... ပျော်နေသည်ဖြစ်၍ သူ့ဆန္ဒကို စိတ်ကလေးမောသွားခြင်းဖြင့်ပင် အဆုံးသတ် ... ကိုက်ရရှာတော့၏။

\+ + +

... အတာက မမေးရဘဲနှင့်ပင် နောက်တစ်နေ့နံနက် လက်ဖက်ရည်ဝယ်၍အပြန်တွင် ... ခင်သက်တို့ ပြောပြချက်အရ ကိုထွန်းအောင် အလုပ်ပြုတ်သွားပြီဖြစ်ကြောင်း ... အတာကလေး ဝမ်းနည်းစွာသိလိုက်ရ၏။ တစ်သက်နှစ့်တစ်ကိုယ် ဤလိုစိတ်မချမ်း ... ဖြစ်ရသည့်အကြိမ်သည် အတာ့အဖို့ ဤတစ်ကြိမ်သည် ပထမဖြစ်၏။

အမှတ် ၁ အနေဖြင့် အတာ တွေးပူလိုက်သည်မှာ သူ့အတွက် ကျောင်း ... ဖြစ်၏။ ယခု ကိုထွန်းအောင် အလုပ်ပြုတ်သွားလေပြီ။ ကိုထွန်းအောင် ... နိုင်လျှင် သူ့မေမေက ပေးရတော့မည်ကို အတာသည် လွယ်လွယ်ပင် ... သောပေါက်ခဲ့၏။ မုန့်ဖိုးကလေး ခြောက်ပြားကိုပင် ဆောင့်၍ ဆောင့်၍ ... နှင့် မာန်နှင့် မျက်နှာကြီး ရှစ်ခေါက်ချိုးထားပြီးမှ ပေးတတ်သော ဒေါ်သိန်းမေ ... ငွေနှစ်ကျပ်တည်းဟူသော အတော်များသည့် ကျောင်းလခကို ကြည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြူ ပေးပါမည်လော။

အတာ သံသယဖြစ်နေ၏။ ထိုအပူသည် သူ့ရင်ထဲတွင် ကမ္ဘာမီးတမျှ ကြီးကျယ်စွာ တောက်လောင်နေ၏။

ယင်းသည့်အထဲတွင် ကိုထွန်းအောင် အလုပ်ပြုတ်ခဲ့သည်မှစ၍ မသိန်းမေ၏ ဆူအောင့်မှုမှာ ပို၍ ပြင်းထန်လာတော့၏။ သို့ ဆူပူမှုအကြိမ်များများ ဖြစ်လာလေ မြေစာပင်ဖြစ်သော အတာကလေး အနေရကြပ်လေ အကြောင်းမဲ့ မာန်မဲ ရိုက်နှက်ခံရလေ ဖြစ်နေတော့၏။

အိမ်ထောင်တစ်ခု၏ ပျော်ရွှင်ရေးမှာ ထိုအိမ်ထောင်၏ ဝင်ငွေအပေါ်တွင် အများဆုံးတည်၏။ စီးပွားရေးချောင်လည်မှ ထိုအိမ်ထောင်လည်း ကြည်လင်ရွှင်လန်းနိုင်မည်ဖြစ်၏။ မသိန်းမေတို့တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်ရာ ယခု ကိုထွန်းအောင် အလုပ်ပြုတ်ခဲ့သည်နှင့် တစ်လ လေးဆယ်ခန့်သောဝင်ငွေသည် ဆုတ်ယုတ်သွားတော့မည် ဖြစ်၏။ သို့နှင့်အမျှ သူတို့တစ်တွေ၏ သာယာမှုသည်လည်း လျော့ပါးစ ပြုနေပြီဖြစ်၏။

အတာ့အဖို့တွင်သော်ကား မသိန်းမေ၏ စီးပွားရေးတိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် ပတ်သက်၍ အကျိုးခံစားခွင့်သည် ဘာမျှမရှိ။ မသိန်းမေ၌ ဝင်ငွေကလေး ဖြောင့်လာလျှင် အဆူအရိုက်ခံရမှု သက်သာ၍ မသိန်းမေ မြင်းရှုံးလာက အကြောင်းမဲ့ အကန်အကျောက် အကြိမ်းအမောင်း ခံရသည်သာ ခြားနား၏။

ယခင်ကဆိုမူ သုံးရက်တွင် နှစ်ရက်လောက်က သာသာယာယာနှင့် အိပ်ရာဝင်နိုင်ခဲ့ကြရသော်လည်း ယခု ကိုထွန်းအောင် အလုပ်ပြုတ်ခဲ့သည်မှစ၍ နေ့ရှိသလောက်ဆိုသလို သူတို့လင်မယား မျက်နှာချင်းဆိုင်မိသည်နှင့် စကားများကြ၏။ ဆူဆူပူပူ ဖြစ်တတ်ကြ၏။

'ကျုပ်လဲ နေ့စဉ်နဲ့အမျှ အလုပ်ရှာနေတာပဲဗျ၊ မရတာတော့ ဘယ့်နှယ်မှ မတတ်နိုင်ဘူး၊ ဒါကြောင့် ကျုပ်ပြောတယ်မဟုတ်လား၊ ဒီပြင်အရောင်းအဝယ် တစ်ခုခုလုပ်ပါ၊ ကျုပ်လဲ ဝိုင်းရောင်း ကူညီလုပ်မယ်လို့၊ ဒီလိုဆိုတော့လဲ ခင်ဗျား အရင်းအနှီးရှိတောကို ပြောဦးမယ်၊ ခုလိုသာ အလောင်းအစားကို ခင်ဗျား မစွန့်လွှတ်နိုင်ရင်တော့ ဘယ်တော့မှ လူမွေးလူတောင် ပြောင်မှာမဟုတ်ဘူး'

'ဒါကို ထည့်မပြောနဲ့၊ ကျွန်မ မြင်းလောင်းတာ ၃၆ ကောင်ထိုးတာ စီးပွားရှာတာရှင့်၊ သိရဲ့လား'

'အင်း၊ ခင်ဗျားလက်ထက်ကျမှပဲ ကြားဖူးတော့တယ်၊ မြင်းလောင်းတာသာ စီးပွားရှာတာတဲ့၊ အေး အဲသလိုသာ စီးပွားရှာနေ ဘယ်တော့မှ ဒီအခြေက တက်မှာ မဟုတ်ဘူး'



ကိုထွန်းအောင် အလုပ်ပြုတ်ခဲ့ပြီးသည့် ဆယ်ရက်လောက်အတွင်း၌ ဤလိုစကားများသံကို ရှစ်ကြိမ်ထက်မနည်း အတာ ကြားခဲ့ရပြီဖြစ်၏။ စိတ်ညစ်လိုက်သည်မှာလည်း ပြောစရာမရှိ။

လွန်ခဲ့သော လေးငါးဆယ်လလောက်က ကုသိုလ်ကံသည် မသိန်းမေထံသို့ အဖော်အပေါင်းနှင့် ရောက်လာသည်ဟု ဆိုရမလောက် ၃၆ ကောင်လည်း ပေါက်၊ မြင်းကလည်းနိုင် အရောင်းအဝယ်ကပါ မြိုင်ခဲ့သောကြောင့် မသိန်းမေတွင် ဝင်ငွေ အတော်ကလေးလျှံခဲ့၏။

ယခုတစ်ဖန်အကုသိုလ်ကံက အဖော်တွေနှင့် လာပြန်ချေပြီ။ မြင်းရော ၃၆ ကောင်ပါ အမြဲလိုလိုရှုံး၍ အရောင်းအဝယ်ကလည်း နေရာမကျ၊ ဤအထဲတွင် ကိုထွန်းအောင်ကပါ အလုပ်ပြုတ်ရပြန်၏။

မသိန်းမေ ဝင်ငွေဖြောင့်ခဲ့စဉ်က အလှူကြီးပေးသလို ဘေးလူများအား အမျိုးမျိုးအမည်မည် ကျွေးမွေးခြင်း ရက်ရက်ရောရော အကုန်အကျခံခဲ့သလောက် အတာတွင် အကြွင်းအကျန်များသာ မဝတဝစားခဲ့ရ၏။ တစ်ခါတစ်ရံ လုံးလုံးပင် မမြင်လိုက်ရ။ မသိန်းမေတွင် ငွေအဘယ်မျှပေါခဲ့သည်ဖြစ်စေ အတာကလေး ကျောင်းနေသည်မှ ယခုထိ ဆယ်ပြားတန် စွပ်ကျယ်တစ်ထည်တလေမျှ ဝယ်ပေး ဖူးသည်မရှိခဲ့။

သို့လျှင် မသိန်းမေ ငွေကြေးချောင်လည်သော အခါများ၌ အတာတွင် ဘာမျှ အကျိုးခံစားခွင့်မရသော်လည်း ယခုကဲ့သို့ ဝင်ငွေရလမ်း ဆုတ်ယုတ်လာသောအခါတွင်မူ ထိုဒဏ်ကို အတာကလေးပါ ဝင်၍ခံရ၏။

လွန်ခဲ့သော လေးငါးခုနစ်ရက်ခန့်ကစ၍ မနက်တစ်ပဲ ညတစ်ပဲမျှသော ထမင်းဖိုးပင် မှန်မှန်မရ။ နံနက်ဘက်တွင် ထမင်းဖိုးမပေးခဲ့သောနေ့များ၌ အတာသည် အချိန်ကျ၍ ဆာမှသာလျှင် သူ့မေမေရှိရာ ဈေးသို့သွားလျက် မယောင်မလည်နှင့် ကိုယ်ယောင်ပြရ၏။ စိတ်လိုလျှင် လွယ်လွယ်ထုတ်ပေး၍ စိတ်နှင့် အခန့်မသင့်သော နေ့များတွင်မူ

'ဘာလဲ' ဟု အော်မေးရင်း မသိန်းမေက မျက်လုံးပြူးပြလိုက်သည်နှင့် တစ်ကိုယ်လုံး တုန်သွားသော ထိတ်လန့်ခြင်းနှင့်အတူ သူကလေး လှည့်ပြန်ခဲ့ရ၏။ ကျောင်းကလည်း ပိတ်ထားသည်ဖြစ်၍ သူ့တွင်မုန့်ဖိုးမှန်မှန်မရသော ကြောင့်လည်း ပြီးဆောင်းပြီး ပိုက်ဆံမရှိ။ ယင်းသည့်နေ့များကဲ့သို့ မသိန်းမေ အော်လိုက်လျှင်သော်လည်းကောင်း၊ မသိန်းမေ မြင်းပွဲထွက်သွားပြီဖြစ်၍ မမီလိုက်သော [illegible] နှင့် ကြုံခဲ့လျှင်သော်လည်းကောင်း အတာသည် တစ်ခါတစ်ရံ ကြိတ်မှိတ်၍ [illegible] ခံရ၏။ မဟာန်နိုင်လွန်းလောက်အောင် ဆာလာသောအခါများတွင်မူ သူ့ [illegible] ရှိရာ သိမ်ကြီးဈေး ဘီရိုဘက်သို့သွား၍ တစ်ပြားစ နှစ်ပြားစ [illegible]

www.burmeseclassic.com



'ဘာလုပ်ဖို့လဲ အတာ၊ နင် ထမင်းကော စားပြီးပြီလား'

အမှန်အတိုင်း မစားရသေးကြောင်းနှင့် ပြောပြလျှင် မမသက်တို့က ထမင်းသော်လည်း ဝယ်ကျွေးမည်၊ စားလောက်အောင်လည်း တစ်ပဲမျှကို အနည်းဆုံး ပေးလိမ့်မည်ဟု အတာသိ၏။ သို့သော် သူ မပြောဝံ့။ မသိန်းမေ၏ ခြိမ်းခြောက်ထားချက်ကိုလည်း တစ်ဖက်က ကြောက်နေရသေးသောကြောင့်

'ကျွန်တော် မုန့်ဆာလို့ပါ' ဟူသော သာမန် အကြောင်းပြချက်ကလေး ဖြင့်သာ တစ်ပြား နှစ်ပြားစ တောင်း၍ သူ့ဖောက်သည်ဖြစ်သော အဖြူထည် ဆန်ပြုတ်ဆိုင်သို့ သုတ်ခြေတင်ရရှာ၏။ တစ်ခါတစ်ရံ ထိုဆန်ပြုတ်မှာ သူ့အဖို့ ရှိနေပြီဖြစ်သောကြောင့် စားလိုစိတ်မရှိသည့်အခါများတွင် ဘယာကြော်တစ်ခု အာလူးကြော်တစ်လုံးဖြင့် သူ့နံနက်စာကို ကိစ္စတုံးလိုက်ရရှာ၏။

အတာ့အဖြစ်မှာ လုပ်ကြံ ဖန်တီးထားသော ဒဏ္ဍာရီ ဝတ္ထုဖြစ်လေသလော ဟု၍ပင် ယုံမှားသံသယ ရှိလောက်အောင် သူကလေး၌ နံနက်နှင့် ညစာထမင်းပင် စိတ်မချရ။

တစ်ခါတစ်ရံ နံနက်စာ ထမင်းဖိုးအဖြစ် မသိန်းမေက ကြည်ကြည်ဖြူဖြူ ပိုက်ဆံကလေးတစ်ပဲ ပေးသွားသောအခါများ၌ပင် အတာသည် ထိုပိုက်ဆံတစ်ပဲ လုံးကို သုံးမပစ်ဝံ့။ သူ အလွန်ကြိုက်သော ကုလားဆိုင်မှ အမဲသားနပ်နှင့် ထမင်းဝယ်စားလျှင် ထိုတစ်ပဲသည် တက်တက်စင် ပြောင်သွားမည် ဖြစ်၏။

ထိုတစ်ပဲသည်ပင် ထမင်းဖိုးအဖြစ်နည်းနေသေးပါလျက် အတာ အဘယ် ကြောင့် ကုန်အောင် မသုံးရက် မစားရက် ဖြစ်နေပါဘိသနည်း။ ယခင်နည်း တူပင် သူပိုက်ဆံစုလို၍လော၊ မှန်၏။ အကယ်ပင် ပိုသောပိုက်ဆံကလေးကို စုထားလို၏။

သို့ စုထားလိုသည်မှာ ယခင်ကကဲ့သို့ သူ့အတွက်လိုအပ်သော အသုံး အဆောင်ကလေးများ ဝယ်ရန်အတွက် မဟုတ်တော့။ သူ့အတွက် ရသော ထမင်းဖိုးမှာ အရမှန်၊ တစ်ခါတစ်ရံ တစ်နပ်စာသာရ၏။ နောက်ထပ်လည်း သူမတောင်းဝံ့။ သို့နှင့် အတာသည် နံနက်စာရသော တစ်ပဲကို ကုန်သွားအောင် စားမပစ်ရဲ။ ညဘက်တွင် ရမည် မရမည် မသေချာသောကြောင့် ထိုတစ်ပဲထဲမှ နှစ်ပြားသာ သူ သုံးဝံ့၏။ အကယ်၍ ညဘက်တွင် မရပါက ပိုသောနှစ်ပြားဖြင့် ညစာအတွက် အသက်ဆက်ရဦးမည် မဟုတ်ပါလော။

အတာကလေး၏ ဖြစ်အင်သည် သို့ မကြားဝံ့လောက်အောင်ပင် ဆိုးဝါးနေသည့်အထဲက တစ်ခါတစ်ရံ

'ဟဲ့ကောင် ရော့ အကြွေမရှိဘူး၊ သုံးပြားပဲယူ'

မသိန်းမေက သူ့လက်ဝါးပေါ်တွင် ဖြန့်တင်၍ ရွေးနေရာမှ မတ်စေ့



နှင့် မူးစေ့များကို အိတ်ထဲပြန်ထည့်ပြီး အကြွေ သုံးပြားမျှသာ ပေးခဲ့သောအခါ များ၌

'ညစာအတွက်ပါ မူးစေ့ကလေးပေးခဲ့တော့ ဘာဖြစ်သွားမှာတဲ့လဲ' ဟူ၍ အတာသည် စိတ်ထဲမှ ရေရွတ်ရင်း မကျေမနပ်ဖြစ်ရင်းနှင့် ကျန်ရစ်ခဲ့သည် မှာလည်း အကြိမ်ကြိမ်။

ဤလို သုံးပြားမျှသာ ပေးသွားသောနေ့မျိုး၌ အတာတွင် အတော်ကလေး အသုံးရခက်၏။ ညဘက်တွင် ထမင်းဖိုးရ မရကလည်း မသေချာသောကြောင့် ထိုသုံးပြားအနက်မှ ညစာအတွက်လည်း ချန်ရဦးမည် ဖြစ်၏။ သို့နှင့် အတာ သည် သိမ်ကြီးဈေး ဈေးချိုထိပ်သို့သွားကာ ပါတာနီ၊ မြေပဲလှော် သို့မဟုတ် ကုလားပဲခြမ်း စသည့် တစ်ခုခုကို တစ်ပြားဖိုး ဝယ်၏။ ထိုဆိုင်မှာ လက်ကား ရောင်းသော ဆိုင်ဖြစ်၍ တစ်ပြားဖိုးဆိုလျှင် ကလေးတစ်ယောက်စာ တဝစား နိုင်လောက်အောင် ပေါပေါများများရ၏။

ထိုပါတာနီဆိုင်မှာ ညဘက်တွင် ဆိုင်ပိတ်သောကြောင့် မနက်စာ ထမင်းအတွက်ကို အဆိုပါ ကုလားပဲခြမ်းလှော်၊ ပါတာနီ တစ်ခုခုဖြင့် ကိစ္စပြီး အောင် စီမံရပြီး ညဘက်တွင်မှ ကျန်သောနှစ်ပြားကို ထမင်းနှင့် တန်းတူ အာသာပြေသည့် အစာ တစ်မယ်မယ်ကို ဝယ်စားရ၏။

တစ်ခါတစ်ရံ မုန့်ဟင်းခါးဟင်းရည် တစ်ပြားဖိုးဝယ်၍ နံပြားတစ်ခြမ်း နှင့် ကိစ္စပြီးရ၏။ တစ်ခါတစ်ရံတွင်လည်း များများရသော အဖြူထည်ဆန်ပြုတ် ဆက် အရသာရှိသော ငါးရံ့ဆန်ပြုတ်ကို ဝယ်စား၏။ သို့သော် ထမင်းနှင့် ဟင်း စားရသကဲ့သို့ အာသာပြေရုံသာရှိ၏။ ဝကား မဝရှာပေ။

\+ \+ \+

ယနေ့သည် အတာတို့ ကျောင်းဖွင့်သောနေ့ ဖြစ်၏။ အတာလည်း ထုံးစံ အတိုင်းပင် သူတို့ သားအမိ သားအဖသုံးယောက် သောက်ပြီးခဲ့ပြီဖြစ်သော သက်ဖက်ရည်ချိုင့်နှင့် ပန်းကန်များ ဆေးကြော၍ ပြန်တက်အလာတွင်

'ဟင်၊ မေမေသွားပြီလား'

'အေး၊ ခုပဲ ဆင်းသွားတယ်' ဟု ကိုထွန်းအောင်က ပြောလိုက်သည်နှင့် အတာတွင် မသိမသာ မျက်နှာလေးပျက်သွားရာမှ

'ကျွန်တော့်ဖို့ ကျောင်းမုန့်ဖိုးရော ပေးမသွားဘူးလား ဟင်'

'ဟာ၊ မင်းကလဲ သတိပေးမထားတော့ ငါလဲ မေတ္တာလိုက်ဘူး ... မင်း ကျောင်းသွားတော့ ဈေးကိုဝင်ပြီး တောင်းသွားပေါ့ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

အတာလည်း ဤသို့လျှင် 'ဟင်' အရှည်ကြီးဖြင့် ညည်းညူလိုက်ပြီးမှ

'ကျွန်တော် ဈေးကိုတော့ လိုက်သွားပြီး မတောင်းချင်ဘူး၊ တော်ကြာ ဆူနေဦးမယ်'

ဤစကားမှန်သည်ကို ကိုထွန်းအောင် မငြင်းနိုင်။ သို့နှင့်ပင်

'ကဲ ဒီလိုလုပ်၊ မင်းတို့ကျောင်း နေ့လယ် ဘယ်အချိန် မုန့်စားလွှတ်သလဲ'

'၁၂ နာရီ'

'အေး၊ ၁၁ နာရီခွဲလောက် ငါ လာပို့မယ်၊ မင့်အမေဆီ ငါပဲသွားတောင်းပြီး လာပို့မယ်၊ ဟုတ်လား'

ဤလို အထစ်ထစ်အငေါ့ငေါ့ ကိစ္စကလေးများနှင့် အမြဲတစေ ရင်ဆိုင်နေရသော အတာကလေး၌ ပညာသင်ရသည်မှာ အဘယ်သို့လျှင် ရွှင်ရွှင်လန်းလန်း ရှိနိုင်ပါတော့မည်နည်း။

သို့သော် ထူးခြားသော အတာသည် ဤလို စိတ်မချမ်းမြေ့ဖွယ်ရာသော ဒုက္ခတွေကြားထဲမှပင် စာကို ကြိုးကြိုးစားစား လေ့ကျက်၏။ ဂရုတစိုက် မှတ်သား၏။ စာသင်ချိန်တွင် စိတ်ကို အတတ်နိုင်ဆုံး ကြည်ကြည်လင်လင်ထား၏။

ဤလိုနှင့် ကိုထွန်းအောင် အလုပ်ပြုတ်ခဲ့ပြီးနောက် အရက် ၂၀ လောက် အရတွင် ကိုထွန်းအောင်လည်း မသိန်းမေ ခွင့်ပြုချက်အရ ကျောက်ထိုးအတတ် ပညာသင်တန်းတက်ရန် ယနေ့ညပင် မိတ္ထီလာသို့ ခရီးထွက်ရမည်ဖြစ်၍ ရှိစုမဲ့စု အဝတ်အစားကလေးများကို သံသေတ္တာတစ်လုံးတွင် တရိုတသေထည့်ရင်း အလုပ်ရှုပ်နေ၏။ ထိုအချိန်နှင့် အတာကလေး ကျောင်းမှပြန်လာခိုက် ကြုံကြိုက်နေသည်တွင် အတာလည်း ကိုထွန်းအောင်၏ အပြုအမူများကို မြင်လိုက်ရသည်နှင့် စိတ်ထိခိုက်သလို တွေနေရာမှ

'မိတ္ထီလာကို သွားတော့မလို့လား ဟင်'

သို့ အတာက အနီးတွင် လာထိုင်ရင်း မေးလိုက်သည်တွင် ကိုထွန်းအောင်က ရုတ်တရက် မဖြေ၊ အတာအား ကြင်နာလှသော အမူအရာဖြင့် တွေကြည့်နေပြီးမှ

'အေးကွာ၊ ငါ ဒီညပဲ သွားရလိမ့်မယ်'

ကိုထွန်းအောင်က ဝမ်းနည်းသံကြီးနှင့်ပင် ပြောရင်း အတာ့ကိုယ်ကလေးကို စုမ့်ကဆွဲယူတဲ့ကာ

'မကြာခင် ငါပြန်လာမှာပါကွာ၊ ငါ မိတ္ထီလာကပြန်လာရင် ကျောက်ထိုးဆရာဝန် အလုပ်ရမယ်၊ ဒီတော့မှ လခလဲ များများရမယ်၊ အဲဒီအခါကျတော့မှ မင့်ကိုလဲ အဝတ်အစားတွေ ဘာတွေ ကောင်းကောင်းဝယ်ပေးနိုင်မှာကွ၊



သိလား'

အတာတွင် မျက်ရည်လည်ရွဲနှင့် ဝမ်းနည်းနေရှာ၏။ ကိုထွန်းအောင်တွင်လည်း စိတ်မကောင်းနိုင်။ သူသွားနေသည့် ရက်၊ လ အပိုင်းအခြားအတွင်း၌ အတာကလေး ကြုံတွေ့နေရမည့် ပြဿနာကို မတွေးဝံ့အောင်ပင်ရှိနေ၏။

'ဟိုရောက်ရင် ကျွန်တော့်ဆီကို စာရေးပါနော်'

'ရေးမှာပေါ့ကွာ၊ မင်းကလဲ ငါ့ဆီကို စာရေး ဟုတ်လား'

'ဟုတ်ကဲ့ ကျွန်တော်တော့ ခဏခဏ ရေးမှာပဲ'

ထိုအခိုက်တွင် မသိန်းမေ၏အသံ ကြားလိုက်ရသည်နှင့် အတာလည်း ကိုထွန်းအောင် အနီးမှ ခပ်သုတ်သုတ် ဆုတ်ခွာလိုက်ရတော့၏။

\+ \+ \+

နောက်တစ်နေ့ မိုးလင်းသည်နှင့် မသိန်းမေလည်း ရှော့ရှော့ရှူရှူပင် အတာအား နေ့ဖိုးခြောက်ပြား ပေးပြီးမှ ဈေးသို့ထွက်သွား၏။ အတာ၌ မုန့်ဖိုးအတွက် စိတ်မထင့်ရဘဲနှင့် လွယ်လွယ်ရလိုက်သောကြောင့် ရုတ်တရက် ဝမ်းသာသွားပြီးမှ ခါတိုင်းကဲ့သို့ လက်ဖက်ရည်နှင့် နံပြားထောပတ်သုတ် ဝယ်မခိုင်းတော့သဖြင့် သူ့တွင် နံနက်စောစောအတွက် ဘာမျှမစားရတော့ဘဲ ဝမ်းအဟာသား ကျန်ရစ်ခဲ့တော့၏။

ယမန်နေ့ညကလည်း ကိုထွန်းအောင် မိတ္ထီလာသွားရေးကိစ္စဖြင့် အလုပ်ရှုပ်နေသောကြောင့် မသိန်းမေက ထမင်းဖိုးပေးရန် မေ့သွားသဖြင့် အတာတွင် နေ့ခင်းက ချန်ထားခဲ့သော ပိုက်ဆံနှစ်ပြားဖြင့် ညစာ ပြီးခဲ့ရသောကြောင့် ဆာလောင်မှုနှင့် သိသိသာသာကြီး ဆာနေ၏။ သို့နှင့် မသိန်းမေ ပေးခဲ့သော ကျောင်းမုန့်ဖိုးခြောက်ပြားထဲမှပင် ပိုက်ဆံနှစ်ပြားနုတ်၍ ခပ်သုတ်သုတ် ထွက်သွားကာ အီကြာကွေးနှင့် ဆန်ပြုတ်ကို တစ်ပြားဖိုးစီ ရောထွေး၍ ဝမ်းအောင် မြို့ခဲ့ရ၏။

သူတို့နေရသည့် မောင်ခိုင်လမ်း (ယခု ဗိုလ်ရွှေလမ်း) မှာ တရုတ်ရပ်ကွက်လိုဖြစ်နေသည်နှင့်အညီ စားသောက်ဖွယ်ရာဆို၍လည်း တရုတ်အစားအစာဆိုင်သာ များ၏။ မြန်မာအစားဆို၍လည်း မုန့်ဟင်းခါးနှင့် ကြာဆံကြီးကလွဲ၍ ဘာမျှမရှိ။ မုန့်ဟင်းခါးမှာလည်း အနည်းဆုံး တစ်ပန်းကန် နှစ်ပြား၊ ဘူးသီးကြော် စသော အကြော်တစ်ခုခုနှင့်ဆိုမှ သုံးပြား ပေးရ၏။ ကလေးဖြစ်၍ မုန့်တစ်ပြား အကြော်တစ်ပြားဖိုး စားလျှင် ရနိုင်သော်လည်း အီကြာကွေးနှင့် ဆန်ပြုတ်လောက် မများမရ၊ ဝလည်း ဝမည်မဟုတ်သောကြောင့် အတာ့အဖို့တွင် အရသာရှိသော

www.burmeseclassic.com

www.burmeseclassic.com



အစားအစာထက် ဗိုက်တင်းမည့်အစာကိုသာ ဦးစားပေး၍ ရွေးရရှာ၏။

ကိုထွန်းအောင် ထွက်သွားပြီးနောက် လေးရက်မြောက်သောနေ့တွင် စာတစ်စောင် ရောက်လာ၏။ စာအိတ်ထဲတွင် စာ ၂ စောင် ပါလာ၏။ တစ်စောင်မှာ မသိန်းမေအတွက်ဖြစ်ပြီး အခြားတစ်စောင်မှာ အတာ့ထံ ရေးလိုက်သောစာဖြစ်၏။ နှစ်စောင်စလုံးကိုပင် အတာက ဖတ်ပြရ၏။

မသိန်းမေအား ပေးစာတွင် သူ မိတ္ထီလာသို့ ချောချောမောမောရောက်ကြောင်း ကံအားလျော်စွာ သူနှင့် ငယ်ရွယ်စဉ်က အလွန် ရင်းနှီးခဲ့ဖူးသော မိတ်ဆွေတစ်ဦး မိတ္ထီလာတွင် အိမ်ထောင်ကျ၍ ကြီးပွားနေသဖြင့် သူ့အဖို့ အစစ အကူအညီရနိုင်ကြောင်းအပြင် ကျောက်ထိုးပညာသည် လာဘ်မြင်တတ်သော သူ့အဖို့၌ ခဲယဉ်းမည်မဟုတ်၍ လွယ်လွယ်နှင့် တတ်မြောက်အောင်မြင်မည်ဖြစ်ကြောင်းများကို ရေးသားထား၏။

အတာ့ထံ ပေးစာတွင်မူ

သားလေး အတာ

ငါ မိတ္ထီလာကို ကောင်းကောင်းမွန်မွန်ပဲ ရောက်တယ်၊ မင်း ပညာကို ကြိုးစားပါ၊ လိမ်လိမ်မာမာနေပါ၊ ခု တန်ဆောင်တိုင်ပွဲမှာ လမ်းထဲ အငြိမ့်တွေ ဘာတွေခံလိမ့်မယ် မဟုတ်လား၊ ညဥ့်နက်အောင် မကြည့်နဲ့၊ အိပ်ပျက်မယ်၊ နေထိုင်မကောင်းရင် ကျောင်းပျက်မယ်၊ ငါ မကြာခင် ပြန်လာခဲ့မယ်၊ မင်း အားမငယ်နဲ့၊ စာကိုသာ ကြိုးစားကွာ

အဖေထွန်း

အရေးတယူပို့လိုက်သော ပေးစာတစ်စောင်ဖြင့် အတာ့အဖို့၌ ပထမဆုံးအကြိမ် ဖတ်လိုက်ရသောကြောင့် အတာသည် ချာချာလည်သွားမလောက် အူမြူး ဝမ်းမြောက်နေ၏။ လူကြီးတစ်ယောက် ဖြစ်သွားသကဲ့သို့လည်း သူ့ကိုယ်သူ အထင်ရောက်သွား၏။

ချက်ချင်းဆိုသလိုပင် သူ့မေမေ ရေးခိုင်းသော ပြန်စာနှင့်အတူ သူကလည်း ကိုထွန်းအောင်ထံ သီးသန့်စာတစ်စောင်ကို လှလှပပကလေး ရေးလိုက်သေး၏။

\+ \+ \+

တန်ဆောင်တိုင်ပွဲတော်လည်း ပြီးစီးခဲ့လေပြီ။ အတာသည် ကိုထွန်းအောင် ရေးသားဆုံးမလိုက်သည့်အတိုင်း လမ်းထဲရှိ တရုတ် ဗုဒ္ဓဘာသာအသင်းက ခင်းကျင်းကပြသော သူ အလွန်သဘောကျသည့် လူရွှင်တော် ဒန်ပေါက်နှင့်



ညုပ်ကြီးတို့ပါသော အငြိမ့်ကိုပင် အတာသည် ပွဲသိမ်းသည်အထိ မကြည့်ဘဲ လက်ထောက်မင်းသမီး အပြီး ည ၁၀ နာရီလောက်တွင် အိမ်ပြန်အိပ်၏။

နောက်တစ်နေ့ အတာကလေး အိပ်ရာမှအနိုးတွင် ဈေးသွားရန် လှေကားထိပ်သို့ ရောက်နေပြီဖြစ်သော မသိန်းမေကို မြင်လိုက်သည်နှင့် အတာလည်း အလူးအလဲထကာ

'မေမေ ကျွန်တော် ဒီနေ့ ကျောင်းသွားရမယ်' ဟု အတာက မဝံ့တဝံ့နှင့် အရဲစွန့်ပြောလိုက်သည်ကို

'အဲဒါ ဘာဖြစ်လဲ'

မသိန်းမေက မျက်နှာထားတင်းတင်းနှင့် အတာအား သမင်လည်ပြန် လှည့်ကြည့်ရင်း မေးလိုက်၏။

အတာကလေး ဘာဆိုလိုသည်မှာ မသိန်းမေ သိ၏။ သို့ သေသေချာချာ သိပါလျက်နှင့် ဤလိုမေးခွန်းမျိုး ထုတ်လိုက်သည်ကို အတာ မည်သို့ဖြေရည်နည်း။

'ကျောင်းသွားတော့ ဈေးကိုဝင်ခဲ့'

ယခုမှပင် လိုရင်းစကားကို မသိန်းမေ ပြောလိုက်တော့၏။ ခက်သည် ခက်သည်မှာ သာမန်ခက်ပုံမျိုး မဟုတ်။ ကိုထွန်းအောင် ပြောဖူးသည့်အတိုင်း 'မင်းအမေကို ငါ ဘယ်လိုနားလည်ရမှန်း ခုထိ မသိသေးဘူး' ဟူသကဲ့သို့ပင် သိန်းမေ၏ စိတ်နေစိတ်ထားကို အကဲခတ်ရ ခက်နေတော့၏။

'ကျွန်တော် ဒီနေ့ ကျောင်းသွားရမယ် မေမေ'

'အေး မုန့်ဖိုး ဈေးမှာလာယူ'

အဖြေသည် ဤအတိုင်းသာ ဖြစ်သင့်ပါလျက် အဘယ်သို့သောစိတ်ထားဖြင့် 'အဲဒါ ဘာဖြစ်သလဲ' ဟူသော စကားမျိုးကို သုံးလိုက်သည်မသိ။ စင်စစ်ထိုစကားသည် သားသမီး၏ ပညာရေးကို လျစ်လျူရှု၍ ဥပေက္ခာထားလိုက်သည့် သဘောမျိုး သက်ဝင်ရုံသာမက ဘေးလူအနေဖြင့်လည်း ကြား၍ မလျော်သည့် အတော် ကမောက်ကမနိုင်သော စကားမျိုး ဖြစ်သည်ကို မသိန်းမေကိုယ်တိုင်သော်မှ သိပါလေ၏လော။

အတာကလေးအပေါ်၌ ဂရုတစိုက်ရှိလှသည့် ကိုထွန်းအောင်၏ အပြောအဆို အပြုအမူကို သက်သေထူ၍ 'အဲဒါ ပထွေး' ဟု ပြောလျှင် ယုံနိုင်စရာ မရှိသကဲ့သို့ မသိန်းမေ၏ အမူအရာ လက္ခဏာမှာလည်း 'အမေ အရင်းပါ' ဟု ကျိန်တွယ်၍ ပြောစေကာမူ အကြောင်းမသိက ယုံကြမည်ပင် မဟုတ်သော့ပေ။

အတာလည်း ရေမိုးချိုး၍ ကျောင်းလွယ်အိတ်ကို အသင့်ပြင်သော

www.burmeseclassic.com

www.burmeseclassic.com



ရွှစ်နာရီထိုးသည်နှင့် အိမ်မှ ထွက်ခဲ့၏။ မောင်ခိုင်လမ်း (ယခု ဗိုလ်ရွှဲလမ်း)နှင့် သိမ်ကြီးဈေးမှာ ဝေးလှသည် မဟုတ်။ ပေသုံးရာသာသာမျှသာ ရှိသော်လည်း ထိုခရီးကို အတာသည် လေးငါးမိနစ်မျှ အချိန်ယူ၍ လျှောက်နေ၏။ သူ့မမေသည် ကျောင်း မုန့်ဖိုးကို အေးအေးလူလူမှ ပေးပါလေမည်လော။ မျက်လုံးမျက်ဆံ ပြူးပြူးဖြင့် 'ဘာလဲ' ဟု အော်လိုက်သော် ခက်ရချည့်ဟူသော အတွေးဖြင့် ရင်တလေးလေး လှမ်းလာခဲ့၏။ မသိန်းမေ ထိုင်၍ ရောင်းလေ့ရှိသောနေရာသို့ ရောက်သည်နှင့် အတာသည် ရင်ထဲတွင် 'ဒိတ်' ခနဲ ထိတ်သွားရှာ၏။ ဈေးဗန်းကိုသာ တွေ့ရပြီး မသိန်းမေကိုမူ အရိပ်အယောင်မျှ မမြင်ရသောကြောင့်

'မေမေ ဘယ်သွားလဲ ဟင်'

အတာလည်း ဆိုင်နီးချင်း ဘီးသည်တစ်ဦးအား မေးလိုက်သည်တွင်

'ပြောတတ်ဘူးအတာ၊ ခုလေးတင်ပဲ ပုလိပ်တစ်ယောက်နဲ့ထွက်သွားတယ်'

ထိုစကားကြားလိုက်ရသည်နှင့် အတာကလေး တွေသွား၏။ အချိန် အကန့်အသတ်မရှိ၊ အဘယ်အခါတွင်မှ ပြန်လာမည်လည်း မသိသောကြောင့် 'ကျောင်းမှ မီပါ့မလား' ဟူသော စိုးရိမ်မှုကလေးဖြင့် အတာသည် လူကြီး တစ်ယောက်ကဲ့သို့ပင် သက်ပြင်းကလေးကို ဟင်းခနဲ ချလိုက်မိရှာ၏။

နာရီ၏ စက္ကန့်သံနှင့်အတူ အတာ၏ ရင်ကလေးသည် တဒုဒုခုန်လျက် ရှိ၏။ တခေါင်ခေါင်နှင့် ကိုးချက်တိတိ တီးလိုက်သော သိမ်ကြီးဈေး နာရီသံ ကြောင့် အတာတွင် အဘယ်ပုံ စိတ်ထိခိုက်သွားသည် မသိ။ မျက်ရည်ကလေးပင် တဝေဝေလည်လာကာ တောင်မြောက်လေးပါးသို့ မျက်လုံးကစားရင်း သူ့မမေကို ရှာနေမိ၏။

ကိုးနာရီထိုးပြီးသွားပြီဖြစ်၍ အတာတွင် ပို၍ လှုပ်ရှားလာ၏။ ကျောင်း သည် ကိုးနာရီခွဲတိတိတွင် တက်သည်ဖြစ်သောကြောင့် ခြေကျင်လျှောက်သွား ရမည့် အချိန်နှင့်ဆိုလျှင် ယခုသွားပါမှ အချိန်မီရုံသာ ရှိမည်ဖြစ်၏။ သာမန် ကျောင်းသားတစ်ယောက်ဖြစ်က ကျောင်းတက်မှ ရောက်သည့်တိုင် အရေးမကြီး လှသော်လည်း အတာမှာမူ မော်နီတာ ဖြစ်နေသည့်အလျောက် သူများထက် စောစောရောက်ရမည်၊ ကျောင်းသင်ပုန်း သုတ်ရမည်၊ အတန်းကို သပ်ရပ်အောင် ရှင်းလင်းထားရမည် ဖြစ်၏။

သို့တွေးမိလေ အတာတွင် နေမထိထိုင်မထိ ရှိလေဖြင့် မုန့်ဖိုးကိုပင် စောင့် မတောင်းတော့ဘဲ ထွက်သွားရကောင်းနိုးနိုး၊ သူ့တွင်လည်း စုပြီးဆောင်းပြီးပိုက်ဆံ မရှိ၍ သူ့မမေလာသည်အထိပင် စောင့်နေရကောင်းနိုးနိုးဖြင့် စိတ်မောလှစွာ ဖြစ်နေရှာ၏။

'ဟဲ့ကောင်၊ မသွားသေးဘူးလား ကျောင်းကို'



သို့လျှင် ဈေးကြားထဲမှ ထွက်လာရင်း မသိန်းမေ အော်မေးလိုက်မှ အတာလည်း ချာခနဲ လှည့်ကြည့်မိတော့၏။ မုန့်ဖိုးမရသေး၍ လာစောင့်နေ သည်ကို သိသင့်ပါလျက် မသိန်းမေသည် ဤလို ကမောက်ကမ မေးခွန်းကိုပင် ထုတ်လိုက်ပြန်ချေသေး၏။

'သွားမယ် မေမေ၊ ကျွန်တော် ခု ကျောင်းသွားမလို့ပဲ'

အတာလည်း သို့လျှင် အဖြေပေးရင်း သူ့မေမေ အနီးသို့ မရဲတရဲ ကပ် သွား၏။ မသိန်းမေကမူ မုန့်ဖိုးပိုက်ဆံကို ရုတ်တရက် ထုတ်မပေးသေး။ ဈေး ဗန်းကို ဖုန်ခါလိုက် ဗန်းထဲရှိ ပစ္စည်းများကို ဟိုရွှေ့ သည်ရွှေ့ နေရာပြင်လိုက် ဖြင့် သူ့ကိစ္စတွင်သာ တလှုပ်လှုပ် စိတ်ဝင်စားနေပြီးမှ

'ရော့' ဟူသော အသံနှင့်အတူ ပိုက်ဆံတစ်ခု ပစ်ပေးလိုက်၏။

အတာလည်း ပျာပျာသလဲ ကုန်းကောက်၍ လက်ထဲရောက်မှပင် မတ်စေ့ ကလေး ဖြစ်နေသည်ကို တွေ့ရသည်နှင့်

'သွားအမ်းရမလား မေမေ'

'ဘာလဲ၊ မအမ်းလို့ အကုန်ယူသွားချင်သေးသလား၊ သွားအမ်း'

ကျောင်းသွားရန် အချိန်မရှိသလောက် နည်းနေပြီဖြစ်သော အတာ့အဖို့၌ ပိုက်ဆံ လျှောက်အမ်းရမည့် အလုပ်တစ်ခု ပိုလာပြန်တော့၏။ သို့သော် အတာ ဘာကိုမျှ မစဉ်းစားနိုင်။ မတ်စေ့ကလေးတကိုင်ကိုင် နီးရာဈေးသည်များထံ အကြွေ ပိုက်ဆံ လည်အမ်းရတော့၏။ မုန့်ဟင်းခါးသည်ကလည်း သူ့တွင်အကြွေများများ မှ သူ့အဖို့ ထအမ်းရမည့်ဒုက္ခမှကင်းမည်ဖြစ်၍ အတာ့ကိုမအမ်းနိုင်။ သတင်းစာ သည် ကုလားကလည်း ထို့အတူ၊ ရှာလပတ်ရည်ဆိုင် ကလည်း ခေါင်းခါပြ၏။ ဆေးလိပ်ခြောင်း ကြယ်သီးသည်ကလည်း ဈေးဦးပင်မပေါက် သေးဟု ပြောလိုက်သော ကြောင့် နောက်ဆုံး၌ အတာလည်း သူ့အားယားရာ ဖြစ်သော မမသက်ဆိုင်သို့ ပြေးကုန်သုတ်ရတော့၏။

အကြွေကား ရခဲ့၏။ သို့သော် ကျောင်းချိန်မှာ အတော်ကလေး နောက်ကျသွားပြီဖြစ်၍ အတာလည်း ပိုက်ဆံ မနှမြောနိုင်တော့ဘဲ ကျောင်းသို့ အမြန်ရောက်စေရန် တစ်ပြားအကုန်ခံ၍ ဘတ်စ်ကား စီးသွားရတော့၏။ ထိုခေတ်က သိမ်ကြီးဈေးနှင့် မော်တင်ကို အာအီးတီပိုင် ဘတ်စ်ကားများက နှစ်ပြားယူသော်လည်း မြန်မာပိုင် ဘတ်စ်ကားများက တစ်ပြားနှင့် ပို့၏။ သို့ ကြောင့်လည်း အတာတွင် တစ်ပြားသက်သာသွားတော့၏။

အတာကလေးအဖို့၌ အနှောင့်အယှက်သည် လက်မလာနိုင်အောင် များနေတော့၏။

ကျောင်းရောက်သည့်အချိန်၌ တစ်ကျောင်းလုံးပင် ဘုရားရှိခိုးစာဆိုနေ

www.burmeseclassic.com

www.burmeseclassic.com



ကြပြီဖြစ်၍ အတာလည်း ဘုရားရှိခိုးရန် တက်လိုက်မသွားတော့ဘဲ ကျောက်သင်ပုန်းသုတ်၊ အတန်းရှင်းဖြင့် သူ့ဝတ္တရားကို သူကျေပွန်လျက်ရှိ၏။

ဘုရားရှိခိုးပြီးကြ၍ ဆရာမနှင့်အတူ အတန်းသားများ ရောက်လာပြီး နောက် မကြာမီပင် ဆရာမက

'ကျောင်းလခ ယူလာတဲ့လူ လာပေးကြ'

သို့လျှင် ဆရာမပြောလိုက်မှ ကျောင်းလခကို အတာ သတိရလာတော့၏။ ယခင်ယခင် လများကမူ အတာသည် ကျောင်းလခပေးရမည့်ရက်ကို ထူးထူးထွေထွေ မှတ်သားမထားခဲ့မိဘဲ လဆန်း ၁ ရက်နေ့ညနေတိုင်း ကိုထွန်းအောင်က ပေးအပ်ထားလေ့ရှိသောကြောင့် နောက်တစ်နေ့တွင် သူက ဆရာမကို ပေးလိုက်ခြင်းဖြင့် လွယ်လွယ်ပင် ကိစ္စပြီးခဲ့၏။

ဆရာမသည် လဆန်း ၁ ရက်နေ့တိုင်း အတန်းသားများကို ဤလို သတိပေး တောင်းဆိုဖူး၏။ ထိုစဉ်က အတာ မတုန်လှုပ်ခဲ့။ နှစ်ရက်နေ့တွင် ပေးနေကျဖြစ်သောကြောင့် စိတ်အေးလက်အေးဖြင့်ပင် နောက်တစ်နေ့မှ ပေး၏။ မှန်မှန်လည်း ပေးနိုင်ခဲ့၏။

သို့သော် ယနေ့သည် လဆန်း ၁ ရက်နေ့ မဟုတ်။ ပွဲတော်ရက်များ ခံနေသောကြောင့် ယနေ့ တနင်းလာနေ့သည် လဆန်း ၄ ရက်ပင် ရှိခဲ့ပြီဖြစ်၏။ သူကျောင်းလခ မပေးနိုင်သေး။ နောက်တစ်နေ့တွင် ပေးနိုင်လိမ့်မည်ဟူ၍လည်း အတာ မျှော်လင့်ချက် မထားနိုင်။ ကျောင်းလခအတွက် အားထားရာဖြစ်သော ကိုထွန်းအောင်သည်လည်း တစ်ရပ်တစ်ကျေး အဝေးသို့ ရောက်နေ၏။

ထိုကျောင်းလခနှင့်ပတ်သက်၍ အတာသည် အခြား အားကိုးဖွယ်ရာ မတွေ့တော့သည်တွင်မှ မလှဲသာ မရှောင်သာ သူ့မေမေကို မြင်လာရတော့၏။ သို့ သူ့မေမေကို မြင်လာသည်မှာလည်း ကေန်မုချ သူလိုနေသော ကျောင်းလခကို ရလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် မြင်ခြင်းမျိုးကား မဟုတ်။ နောက်ဆုံး ဖြစ်သော အားကိုးရာအနေဖြင့် ရလိုရငြား မျှော်လင့်ချက်ကလေး ထားမိခြင်းသာ ဖြစ်၏။

'မုန့်ဖိုးကလေးတောင် ဆဲဆိုပြီးမှ ပေးတာ၊ ခုလို ငွေနှစ်ကျပ်တောင်ဆိုတော့'

အတာ ဆက်မတွေးဝံ့။ ထိုနေ့တစ်နေ့လုံးအဖို့ သူ့ ကျောင်းလခပြဿနာကိုသာ တွေးရင်း စိတ်မောရင်း ရှိနေခဲ့ရသောကြောင့် သူလုပ်သမျှမှာ အားလုံး လိုလိုပင် အမှားမှား အယွင်းယွင်း ဖြစ်နေတော့၏။

'အတာ ဒီနေ့ မင်းဘာဖြစ်နေသလဲ၊ ခါတိုင်းဆိုရင် ဘယ်လိုခက်တဲ့ပုစ္ဆာဖြစ်ဖြစ် မင်း အားလုံးမှန်အောင် တွက်နိုင်တယ်၊ ပထမဆုံးပြီးတယ်၊ ခု အင်မတန် လွယ်တဲ့အတွက်ကျမှ မင်း ဘာဖြစ်နေသလဲ၊ ကြည့်စမ်း၊ အားလုံး အမှားချည်းပဲ'



အတာတွင် မျက်နှာပင် မဖော်ဝံ့အောင် ရှက်သွားရှာ၏။

'ဘာလဲ မင်း နေမကောင်းဘူးလား အတာ'

'ကောင်းပါတယ် မမ'

'မဟုတ်ဘူး၊ မင်းတစ်ခုခုတော့ ဖြစ်ပြီ၊ မင့်ကြည့်ရတာလဲ မျက်နှာ မသာမယာနဲ့၊ သွား မျက်နှာသွားသစ်ချည်၊ ပြီးမှ ပြန်တွက်'

နေ့လယ် မုန့်စားလွှတ်၍ သူ့ဆရာမကိစ္စ ပြီးစီးခဲ့သော်လည်း အတာသည် မုန့်ဆိုင်တန်းသို့မသွားဘဲ တစ်ခုသော သုံးပန်လှပင်ကလေးအောက်တွင် ထိုင်ရင်း ငိုင်နေပြန်၏။ ကျောင်းလခအတွက် ရင်မအေးနိုင်သည်နှင့်အမျှ အတာ့တွင် သောကဖြင့်သာ တွေးနေတော့၏။

ထိုနေ့အဖို့ အတာ ဘာလုပ်လုပ် ကပေါက်ကချာနှင့် ဆရာမ၏ အဆူကိုပင် မခံရစဖူး ခံခဲ့ရတော့၏။ ကျောင်းလွှတ်၍ ဆရာမအား ထုံးစံအတိုင်း ကားဆိပ်လိုက်အပို့တွင်

'ဒီနေ့ မင်း ဘာဖြစ်တယ်မသိဘူး၊ အားကြီးညံ့တာပဲ၊ နက်ဖြန် ဒီလို မဖြစ်စေနဲ့နော်'

'ဟုတ်ကဲ့ မမ၊ ဒီနေ့ ကျွန်တော် ခေါင်းနည်းနည်းကိုက်လို့ပါ' ဟု မလိမ်ဖူး လိမ်လိုက်မိ၏။

'မနက်က မမ မေးတော့ ဘာမှမဖြစ်ဘူးဆို၊ အေး နက်ဖြန် နေမကောင်းရင် မလာနဲ့'

ထိုစကားအတွက်မူ အတာ ဘာမျှ ပြန်မဖြေသေးဘဲ ခေါင်းကလေး ငုံ့ကာ ငြိမ်နေပြီးမှ

'မနက်ဆို ကျွန်တော် နေကောင်းသွားမှာပဲ'

ထိုအခိုက်တွင် ဘတ်စ်ကားလည်း ထိုးဆိုက်လာသဖြင့် ဆရာမ ကားပေါ် တက်၍ မော်တော်ကားထွက်သွားမှ အတာလည်း အိမ်ဘက်သို့ လျှောက်လာခဲ့၏။

မသိန်းမေသည် ပြင်ပကိစ္စ သွားစရာရှိသည့်တိုင်အောင် ဆယ်ကြိမ်တွင် ရှစ်ကြိမ်လောက်က အိမ်သို့ပြန်လာပြီးမှ ကိုထွန်းအောင်နှင့်အတူ ပြန်ထွက် သွားတတ်သော်လည်း ယခုမူ ကိုထွန်းအောင် မရှိတော့သောနေ့မှစ၍ မသိန်းမေ သည် ညနေ ဆိုင်သိမ်းပြီးသည့်တိုင်အောင် ညဦးပိုင်းတွင် အိမ်ပြန်လာလေ့မရှိ တော့ဘဲ ည ဆယ်နာရီ ဆယ့်တစ်နာရီလောက်တွင်မှ အိပ်သည်ဆိုရုံ ပြန်လာ၏။

မသိန်းမေသည် အိမ်ခင်တတ်သူ (ဝါ) အိမ်ကို ကိုယ့်လင်တို့သားနှင့် ပျော်ပျော်ပါးပါး အပန်းဖြေရာ ရိပ်သာတစ်ခုဟူ၍ သဘောထားသူ မဟုတ်လေ ရော့သလား မသိ။ အိမ်ကို နေချင့်စဖွယ် တန်ဆာဆင်လေ့မရှိ၊ သူထိုင်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



လည်း အိမ်တွင် အချိန်ကြာကြာ မနေဘဲ မိုးလင်းသည်နှင့် ဆိုင်ထွက်၍ ဆိုင်သိမ်းပြီးသော်လည်း အိမ်သို့မပြန် ထမင်းကို ကြုံရာတွင်ဝယ်စား၏။ ညဆယ်နာရီ ဆယ့်တစ်နာရီ အထိသော အချိန်များကို လမ်းထိပ်ရှိ လက်ဖက်ချင်းသုပ်ဆိုင် ဆေးလိပ်ဆိုင် နွှင်းမကင်းဆိုင် ထမင်းဆိုင် စသည်တို့တွင် တစ်လှည့်စီထိုင်ရင်း စကားပြောရင်းနှင့် အချိန်ကုန်တတ်၏။

သို့ အိမ်ကိုမခင် အိမ်နှင့် တူအောင်လည်း မွှမ်းမံလေ့မရှိစေကာမူ မသိန်းမေတွင် ထူးခြားချက်တစ်ရပ် ရှိ၏။ မြင်သူတိုင်း ခတ်သိသူတိုင်းက လက်ဖျားတခါခါ ချီးကျူးရသော မသိန်းမေ၏ ထူးခြားချက်မှာ အိမ်ကိုသာ ယေယျာလကန် ထားသော်လည်း ဘုရားပန်းကိုမူ အဘယ်သောအခါမျှ အပြတ် မခံ အညှိုးအနွမ်းမခံဘဲ သုံးရက်တစ်ကြိမ်ဆိုသလို ပန်းသစ်လဲ၍ အမြဲဆည်းကပ် ပူဇော်လေ့ရှိ၏။ မသိန်းမေ၏ စိတ်ထား သဘောကား ဩချယူရလောက် အောင်ပင် ဆန်းနေချေ၏။

အတာ ကျောင်းမှပြန်ရောက်၍ ရေမိုးလည်း ချိုးခဲ့ပြီးပြီ၊ ကျောင်းစာများ လည်း ရေးသားလေ့ကျက်ပြီးခဲ့ပြီ။ အချိန်သည် ခုနစ်နာရီပင် ကျော်ခဲ့ပြီဖြစ် သော်လည်း မသိန်းမေ ပေါ်မလာသေး။ လမ်းထိပ် မုန့်ဟင်းခါးဆိုင်တွင်ပင် ထိုင်၍ စကားကောင်းနေသလော ဟူသော အတွေးဖြင့် အတာသည် လမ်းထိပ်သို့ ထွက်လာခဲ့၏။

ကံအားလျော်စွာပင် ရယ်ကာမောကာနှင့် စကားလက်ဆုံကျနေသော မသိန်းမေကို လက်သုပ်ဆိုင်တွင် တွေ့ရသောကြောင့် အတာလည်း မယောင် မလည် အနီးသို့ ချဉ်းကပ်သွား၏။

ရယ်လိုက်မောလိုက်နှင့်ဟားတိုက်ရင်း စကားပြောနေသောမသိန်းမေလည်း အတာကလေးကို မြင်လိုက်သည်နှင့် ရုတ်တရက် မျက်နှာထားပြောင်း သွားကာ

'ဘာလဲ ထမင်းမစားရသေးဘူးလား၊ သွားစားချည် ဟိုဆိုင်မှာ'

မပြုံးမရယ် တည်လှသောမျက်နှာပေးဖြင့် တစ်နေရာဆီသို့ မေးငေါ့ ပြရင်း ပြောလိုက်ပြီးမှ

'မပုလေးရေ၊ ဒီကောင်ကို ထမင်းကျွေးလိုက်စမ်းပါ၊ ပိုက်ဆံ ကျွန်မ ပေးမယ်' ဟု ခပ်လှမ်းလှမ်းရှိ ထမင်းဆိုင်သို့ လှမ်းအော်ပြောလိုက်ရင်း

'သွားလေ သွားစားချေ'

သို့လျှင် မသိန်းမေက ထပ်၍ ပြောလိုက်မှ အတာလည်း ခပ်လောလော ကလေး ထမင်းဆိုင်သို့လျှောက်သွားကာ ထောင့်တစ်နေရာ ခုံလွတ်တွင် ရှိနေ သော အမှုအရာကလေးဖြင့် ထိုင်ချလိုက်မိ၏။

'ဟဲ့ ဘာဟင်းနဲ့ စားမလဲ'



ထမင်းသည်က သို့မေးလိုက်သောကြောင့် အတာသည် ဟင်းထည့်ထား သော ဇလုံပန်းကန်များကို တစ်ခုစီကြည့်နေမိ၏။ အဆီတဝင်းဝင်းထနေသော ဝက်သားဟင်းကိုလည်း သူစားချင်၏။ ငါးမြင်းရင်းသား ချဉ်ရည်ကိုလည်း မျက်စိကျနေမိ၏။ 'ကြက်သားဆီပြန်နဲ့များ စားလိုက်ရရင်' ဟူ၍လည်း စိတ် ထဲမှ ရေရွတ်နေမိ၏။

သို့သော် သူစားလိုသော ထိုထိုဟင်းလျာများကား ဈေးကြီးလှဘိ၏။ ဟင်း ချည်းသက်သက် တစ်ခါပြင် တစ်ပန်းကန်လျှင် တစ်မူးယူသည်ကို အတာသိ၏။ ထမင်းပါဆိုလျှင် တစ်ပွဲပြင် သုံးပဲကျသောကြောင့် အတာသည် ဤဆိုင်မျိုးကို ကောပ်နိုင်ခဲ့၊ ကုလားဆိုင်တွင်သာ ထမင်းနှစ်ပြား ဟင်းနှစ်ပြားဖြင့် ကိစ္စပြီးခဲ့ရ၏။

ယခု သူ့မေမေက သွားစားချည် ဟု ကန့်သတ်ချက်မပါဘဲ ခွင့်ပြုလိုက် သည်တိုင်အောင် အတာသည် ဘာနှင့် ဘယ်လောက်ဖိုးစားရမည်ကို မမှန်းဆ တတ်အောင် ဖြစ်နေ၏။

'တစ်ခါတလေမှ ဒီလိုစားရတာ၊ ငါ ကြက်သားဟင်းနဲ့ပဲ အဝတွတ် လိုက်မယ်' ဟု စိတ်ထဲမှ ရေရွတ် ဆုံးဖြတ်မိပြီးမှ မတော်တဆ သုံးပဲတစ်မတ် လောက်ကျသွားရင် ဟူသော အတွေးက ပေါ်လာပြန်ကာ

'သုံးပဲဆို နမြောစရာကြီး' ဟု ချီတုံချတုံ ရှိနေစဉ်မှာပင်

'ပြောရင်လဲ ပြောပါဟဲ့၊ ဘာဟင်းနဲ့ စားမှာလဲ'

'ဟုတ်ကဲ့ အမဲနှပ်ဟင်းပဲ ပေးပါ'

ဆိုင်ရှင်လည်း အခြားသော ထမင်းစားသူများကဲ့သို့ ဟင်းကို သီးသန့် ပန်းကန်နှင့်ပင် မပေးတော့ဘဲ ထမင်းပေါ်တွင် ပုံထည့်လိုက်၏။

စားသောက်ပြီးစီး၍ အထတွင် အတာက

'ခု ကျွန်တော်စားတာ ဘယ်လောက်ကျသလဲ ဒေါ်ဒေါ်ပု၊ ဟင်'

'ထမင်းတစ်ပဲ ဟင်းတစ်ပဲ၊ တစ်မူးပေါ့'

အတာ၌ စိတ်ကလေးမောလောက်အောင်ပင် နမြောသွားရှာ၏။ တစ်မူး ဆိုသည်မှာ သူ့အဖို့ ထမင်းနှစ်နပ်စာ ဖြစ်၏။ ထိုနှစ်နပ်စာ ပိုက်ဆံသည် ယခု တစ်နပ်တည်းနှင့် ကုန်သွားသည်သာမက သူ့တွင်လည်း တစ်ပြားမှ စိုက်ရသည့်အတွက် အတော်ကလေး စိတ်ပျက် ဝမ်းနည်းသွား၏။

ညစာအတွက်ကား ပြီးစီးခဲ့ပြီဖြစ်သော်လည်း အတာတွင် အကြီးဆုံးသော ပြဿနာတစ်ခု ရှိနေသေး၏။ ထိုသည်မှာ အခြားမဟုတ်၊ ယနေ့အဖို့ တစ်နေ့လုံး ကြုံတွေ့ခဲ့ရသည့် ကျောင်းလခဖြစ်၏။ ထမင်းဆိုင်မှ မသိမသာ ခွာလာသော အတာလည်း သူ့မေမေထိုင်နေရာ လက်သုပ်ဆိုင်ဆီသို့ မရောက်သေးသည် အတွင်းလာကာ ကျောင်းလခကိစ္စကို ပြောသင့် မပြောသင့် ချင့်နေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်မူ 'အိမ်ပြန်လာမှပဲ ငါပြောတော့မယ်' ဟူသော ဆုံးဖြတ်ချက် ကလေးဖြင့် ထိုကိစ္စကို မသိန်းမေအား ဘာမျှမပြောတော့ဘဲ 'ကျွန်တော် ပြန်တော့မယ် မေမေ' ဟူသော စကားမျှဖြင့်သာ အတာ လှည့်ပြန်ခဲ့၏။

မသိန်းမေ ပြန်ရောက်လာသော ည ဆယ်နာရီခွဲလောက်တွင်မူ အတာ အိပ်ပျော်နေရှာပြီဖြစ်လျက် နောက်တစ်နေ့ နံနက် အတာ အိပ်ရာမှ နိုးသော အချိန်တွင်လည်း မသိန်းမေ အိမ်တွင် မရှိတော့သည်နှင့် မနေ့ကနည်းတူ ဈေးသို့ပင် လိုက်သွားရတော့၏။

မသိန်းမေကို အဆင်သင့်ပင် တွေ့ရ၏။ သူ့မုန့်ဖိုးလည်း အလွယ်တကူပင် ထုတ်ပေးသော်လည်း အတာ ဝမ်းမသာနိုင်သေး။ သူရင်လေးနေသော ကျောင်းလခအတွက်ကို မပြောလျှင်လည်း ပြီးတော့မည် မဟုတ်သည်နှင့်

'မေမေ ကျွန်တော့်အတွက် ကျောင်းလခပေးရတော့မယ်၊ အဲဒါ'

တထိတ်ထိတ်နှင့်ပင် မသိန်းမေ၏ အရိပ်အခြည်ကိုကြည့်ရင်း အတာက ပြောလိုက်သည်နှင့်

'ဒီနေ့မှ ဘယ်နှစ်ရက်ရှိသေးလို့လဲ'

'လဆန်း ၅ ရက် ရှိပြီ မေမေ'

'သွား ၁၀ ရက်နေ့မှ ပေးမယ်လို့ပြော'

ရပင် မရသည့်တိုင်အောင် အော်လားငေါက်လား မလုပ်ဘဲ ဤလိုပြောဖော် ရသည်ကိုပင် အတာ့အဖို့ ဝမ်းသာ၍မဆုံးနိုင် ရှိသွားတော့၏။ လဆန်း ၁၀ ရက်နေ့တွင် ပေးနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ကလေး ရသွားသည့်အတိုင်းလည်း ကျောင်းတက်သည်မှ ညနေ ကျောင်းပြန်လွှတ်သည်အထိ ယခင် စံချိန်အတိုင်းပင် သွက်လက်ချက်ချာနှင့် အတာကလေး ရွှင်နေပြန်တော့၏။

အတာ ပြောဖူးသည့်အတိုင်း သူပင် ကံဆိုး၍လော၊ သို့တည်းမဟုတ် မသိန်းမေသည်ပင် သားသမီးအပေါ်၌ အကြင်နာတရား ခေါင်းပါးလွန်း၍လော မသိ။ အတာ့ဘဝလေးတွင် တစ်ခုမဟုတ်လျှင် တစ်ခု စိတ်မချမ်းမြေ့ဖွယ်ရာသည် သူ့အလှည့်နှင့်သူ ဆိုသလို ပေါ်၍ပေါ်၍ လာတတ်၏။

ကျောင်းလခအရေးနှင့်ပတ်သက်၍ အတာသည် အလွန်အမင်း စိတ်ညစ်ခြင်းကြီးစွာဖြင့် ညစ်ခဲ့ရာမှ မသိန်းမေ ၁၀ ရက်နေ့ ချိန်းသဖြင့် ထိုကိစ္စအတွက် နေသာထိုင်သာ ရှိသွားသော်လည်း ညစာ ထမင်းအတွက် မသိန်းမေကို ရှာရသည်မှာ အတာ့အဖို့၌ ဒုက္ခတစ်ခုလို ဖြစ်လာပြန်တော့၏။

အိမ်သို့လည်း ရောက်မလာသေး၊ ညဈေးတန်းထွက်ရှာသော်လည်း မရှိ၊ အဘယ်သို့သွားနေသည်လည်း မသိ။ နေ့ရှိသမျှလိုလိုပင် အတာသည် ညစာ အတွက် မသိန်းမေကို မျှော်နေခဲ့ရ၏။



'ဘာလဲ ထမင်းလား၊ သွားစားချည်လေ မပုလေးဆိုင်မှာ၊ ပိုက်ဆံ ငါ ဆပ်လိမ့်မယ်လို့ ပြော'

ယခုနေ့ပါနှင့်ဆိုလျှင် မပုလေးဆိုင်သို့ ညွှန်ကြားအစားခိုင်းသည်မှာ လေးကြိမ် တိတိရှိပြီဖြစ်၏။ သို့သော် အတာ ထမင်းဆိုင်သို့ ဝင်ထိုင်လိုက်တိုင်း ဆိုင်ရှင်သည် သုန်သုန်မှုန်မှုန်နှင့် နှုတ်ခမ်းတစူစူ ဖြစ်နေတတ်သည်ကို အတာ အကဲခတ်မိ၏။

'ကဲ ပြော၊ ဘာဟင်းနဲ့စားမှာလဲ'

'ချဉ်ပေါင်ကြော်ပဲ ပေးပါ မမ'

အတာသည် ပထမဆုံးအကြိမ် စားစဉ်ကကဲ့သို့ ဟင်းရွေးနေစရာမလို တော့ပေ။ ထမင်းတစ်ပွဲ ဟင်းတစ်ပွဲနှင့် တစ်မူးဖိုးတိတိ စားခဲ့မိသည့်ညက အတာသည် တော်တော်နှင့် အိပ်မပျော်။ ထိုတစ်မူးကို နှမြော၍ မပြီးနိုင်အောင် တမျှော်တခေါ် တွေးနေခဲ့မိ၏။ နောက်တစ်နေ့ ထိုမပုလေးဆိုင်တွင်ပင် စားရန် အမိန့်ကျခဲ့စဉ်ကမူအတာသည် ထမင်းကို နှစ်ပြားဖိုးမှစ၍ ထည့်ခိုင်းခဲ့၏။ အမဲနှပ်ဟင်း တစ်ပွဲဖိုးတွင် လက်နှစ်လုံးပတ်လည်ခန့် အတုံးကလေး နှစ်တုံး ရသည်ကို အတာ မှတ်မိခဲ့သည်ဖြစ်ရာ ဒုတိယနေ့၌

'ဒေါ်ဒေါ် အမဲသားတစ်တုံးပဲပေးပါ' ဟု တစ်တုံးချွေတာလျှင် နှစ်ပြား သက်သာမည်ဟူသော ရည်ရွယ်ချက်ဖြင့် လျှော့စားမည် ကြံခဲ့ပါသော်လည်း

'နှစ်ပြားဖိုး မရောင်းဘူး' ဟူသော ငြင်းချက်နှင့်အတူ တစ်ပွဲဖိုးပင် ထည့်ပေး သာကြောင့် ပထမနေ့ထက် ပိုက်ဆံ နှစ်ပြားသာ သက်သာခဲ့၏။ သို့သော် နှစ်ပြား ဖိုးသော ထမင်းမျှဖြင့် အတာ မဝခဲ့။ ကုလားဆိုင်မှ ထမင်း နှစ်ပြားဖိုးဆိုလျှင် တစ်ခါတစ်ရံ သူ ကုန်အောင်ပင် မစားနိုင်။ အတော်ကလေး များများရ၏။ အမဲသားဟင်း နှစ်ပြားဖိုးသည်လည်း မပုလေးဆိုင်မှ တစ်ပွဲဖိုးနှင့် တန်းတူလောက် ရ၏။ ကုလားဆိုင်မှ ဆန်ညှပ်၍ အမဲသားကလည်း အရွတ်များသည်ကို အတာ ခေါ်စား။ သူ့အဖို့ ဈေးပေါပေါနှင့် ဝဝစားရသည်သာ အဓိက ဖြစ်၏။

တတိယနေ့မှစ၍ အတာသည် ဟင်းပြောင်း၍ စားခဲ့၏။ ထမင်းတစ်ပွဲနှင့် ချဉ်ပေါင်ကြော် နှစ်ပြားဖိုးသည် ထမင်းနှစ်ပြား အမဲနှပ် တစ်ပွဲဖိုးထက်ပို၍ ဝ၏။ သို့သော် ချဉ်ပေါင်ကြော်နှင့် စားရသည်မှာ ခြောက်ကပ်ကပ်ရှိလှ၍ မျိုမကျနိုင်သဖြင့် ဆိုင်ရှင်က ဟင်းချိုနည်းနည်းတောင်း၍ သောက်ရ၏။ ဟင်းချိုမှာ တစ်ခါပြင်သုံးပဲဖိုး [illegible] အနည်းဆုံးစားသူများကိုသာ ထည့်ပေးလေ့ရှိသောကြောင့် အတာ ကလေးလည်းဖြစ်လျက် ခြောက်ပြားဖိုးမျှသာစားသူကို ဟင်းချိုပေးချင်ဟန် [illegible]

'ဟင်းချိုက အလကားပေးတာမဟုတ်ဘူးကွဲ့' ဟူသော မှတ်[illegible] သာ၍ ပေးရသကဲ့သို့ လေးခွန်းလောက်မျှသာ ထည့်ပေး၏။

ယနေ့သော် အတာသည် ဟင်းချိုမတောင်းတော့ဘဲ ထမင်းကို ချဉ်ပေါင်

www.burmeseclassic.com



ကြော်ငြာ အားပါးတရနယ်ကာ ဟင်းချိုအစား ရေတစ်ခွက်သောက်တွင် ချ၍ ထိုညအဖို့ ညစာ ပြီးလိုက်ရတော့၏။

'ကျွန်တော် သွားတော့မယ်နော် မမ'

လက်ဆေးသုတ်သင်ပြီးသည်နှင့် အတာက သို့ နှုတ်ဆက်လိုက်သည်ကို

'ထမင်းဖိုးကော'

ဆိုင်ရှင်မိန်းမပျိုက သို့လျှင် ဣန္ဒြေတင်းတင်းနှင့် မေးလိုက်သောကြောင့် အတာတွင် ရှက်ကိုးရှက်ကန်းနှင့် တစ်မျက်နှာလုံး အမ်းထူသွားကာ ရုတ်တရက် အဘယ်ပုံဖြေရမည်ပင် မသိတော့သလို တွေသွားရှာ၏။ အတန်ကြာမှပင် နင်နေသောတံတွေးကို မျိုချလိုက်ရင်း

'မေမေက သူပေးမယ်တဲ့'

'အင်း သူကတော့ အမြဲတမ်း ပါးစပ်ကပေးနေတာပဲ၊ ခု မင်းသုံးလေးရက် စားတဲ့ ပိုက်ဆံဆို တစ်ပြားမှ ရသေးတာမဟုတ်ဘူး၊ အရင် သူတို့စားထားတဲ့ အကြွေးတွေလဲ'

'ဟဲ့ ဘာတုံး မြမြ'

သို့ ပြောနေသူ ဆိုင်ထိုင် မိန်းမပျို၏ စကားမဆုံးမီပင် ခပ်လှမ်းလှမ်းရှိ အဒေါ်ကြီးတစ်ယောက်က ဤသို့မေးလိုက်သောကြောင့်

'ဟုတ်ဘူး မေမေ၊ ဒီကောင်လေး ထမင်းလာစားပြီး ပိုက်ဆံလဲမပေးဘူး မေမေပေးလိမ့်မယ် မေမေပေးလိမ့်မယ်နဲ့ အရင်ပိုက်ဆံတွေလဲ ခုထိမရသေးဘူး'

'အို သမီးရယ် သူက ကလေးပဲ၊ သူ့ပြောလို့ အပိုပေါ့၊ ကဲ အတာ သွားသွား၊ နောက်တစ်ခါ လာစားရင်တော့ ပိုက်ဆံပါယူခဲ့နော်'

ထမင်းစားနေသူ လူလေးငါးယောက်ကလည်း ဝိုင်းကြည့်နေကြသောကြောင့် အတာတွင် မျက်နှာမထားတတ်အောင် ဖြစ်နေရှာ၏။ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးလောက်အောင်လည်း သူ အရှက်ကြီးရှက်သွားမိ၏။ သူ့မေမေ အကြွေးထူသည့်မှာ အတာ့အဖို့ ဆန်းလှသည်မဟုတ်။ လမ်းထဲရှိ ကျူလယာဆိုင်မှ ရေနံဆီကြွေး၊ ဆီကြွေး၊ ဆန်ကြွေးနှင့် အခြားသော ဒိုဘီကြွေးများပါ အတာအား မကြာခဏ ပြော၍ တောင်းခိုင်းတတ်ကြ၏။

ဤသို့ အကြွေးကိစ္စများ အတာ့အဖို့ ရိုးနေသလောက် ယခုကဲ့သို့ ထမင်းကြွေးကိစ္စနှင့်ပတ်သက်၍ အပြောခံရသည်တွင်မူအတာသည် မျက်နှာပင် မဖော်နိုင်လောက်အောင် ရှက်သွားရှာ၏။ မျက်ရည်စက်လက်နှင့် လမ်းထဲသို့ ပြန်ဝင်ခဲ့သော အတာလည်း ခါတိုင်းကဲ့သို့ တအောင့်တနား ထိုင်၍ သူ့မမသက်တို့နှင့်ပင် ထိုထိုဤဤ မပြောနိုင်တော့ဘဲ အထပ်ခိုးပေါ် ပြေးတက် ခေါင်းအုံးထက်တွင် မျက်နှာမှောက်၍ တရှုံ့ရှုံ့ ဖြစ်နေရှာတော့၏။



'သွား မပုလေးဆိုင်မှာ သွားစားချည်၊ ပိုက်ဆံ ငါပေးလိမ့်မယ်လို့ပြော'

ဤသို့ လွယ်လွယ်ကလေး ညွှန်ကြား အစားခိုင်းပြီး ပိုက်ဆံကိုမူ မပေးဘဲ သွားတတ်သော မသိန်းမေကား အဘယ်ဆီသို့ ရောက်နေသည်မသိ။

\+ + +

မသိန်းမေက ၁၀ ရက်နေ့တွင် ကျောင်းလခပေးမည်ဟု ပြောခဲ့သည့်နေ့မှစ၍ အတာသည် ပြက္ခဒိန်ကို နေ့စဉ် ကြည့်၏။ ထိုနေ့မှာ ၈ ရက်နေ့ သောကြာဖြစ်သောကြောင့် မသိန်းမေပြောသော ၁၀ ရက်သည် ကျောင်းပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့နှင့် ဆုံနေသောကြောင့် ကျောင်းလခကို ယနေ့ပင် တောင်းရကောင်းလေမည်လားဟု စဉ်းစားနေမိ၏။

သို့သော် သူ မတောင်းဝံ့။ နက်ဖြန် စနေနေ့၊ သူ့မေမေ မြင်းပွဲသွားမည်ဖြစ်ရာ သူ့တွင် စောင့်စည်းရမည့် ဝတ္တရားက ရှိနေ၏။ ထိုဝတ္တရားသည်ကား အခြားမဟုတ်။ စနေနေ့တိုင်း သူ့မေမေ မြင်းပွဲသွားတတ်သောကြောင့် ထိုနေ့မနက်တွင် ထမင်းဖိုးကို ပေးမှ ယူရ၏။ သတိမေ့၍ မပေးခဲ့စေကာမူ မေးလိုက်၍ မတောင်းရ။ မြင်းပွဲသွားမည့်နေ့တွင်ဖြစ်သောကြောင့် ပိုက်ဆံတောင်းခြင်းသည် လာဘ်မကောင်းဟု မသိန်းမေက ယူဆ၏။ ဝါတွင်း၌ အတာတို့ကျောင်းသည် တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့တွင် ကျောင်းပိတ်လေ့ရှိသည်ဖြစ်ရာ စနေနေ့တွင် ကျောင်းသွားရမည့်နေ့နှင့် ကြုံစေကာမူ ကျောင်းသွားရမည့်နေ့တွင် စနေနေ့နှင့် ကြုံသော်လည်း ထိုနေ့သည် မသိန်းမေ မြင်းပွဲသွားမည့်နေ့ဖြစ်သည့်အတိုင်း ကျောင်းမုန့်ဖိုးကိုပင် ပေးမှ ယူရ၏။ လိုက်မတောင်းရ။

တစ်ကြိမ်သော စနေနေ့ကမူ အတာသည် သူ့တွင် ပိုက်ဆံစုပြီးသားလည်း မရှိ၊ ခဲတံကလည်း ကုန်နေသောကြောင့် မသိန်းမေ မုန့်ဖိုးမပေးဘဲ ဆင်းသွားမည်ကို စိုးရိမ်ပြီး ကြိုကြိုတင်တင်ကလေးပင်

'ဒီနေ့ ကျောင်းမပိတ်ဘူး မေမေ' ဟု သွယ်ဝိုက်သောနည်းဖြင့် သတိပေးလိုက်မိ၏။

စနေနေ့ဖြစ်သည့်အတိုင်း မုန့်ဖိုးအဖြစ် တိုက်ရိုက်တောင်းလျှင် မေးရသည့်သာမက အကန့်အကွက်ပင် ခံရတတ်သောကြောင့် သို့ကလို ပရိယာယ်ကလေးဖြင့် ပြောလိုက်သည့်တိုင်အောင် အတာကလေး မသက်သာ

'မြင်းပွဲသွားမဲ့နေ့မှာ ပိုက်ဆံမတောင်းရဘူးဆိုတာ သိရက်သားနဲ့ [illegible] သက်မလောက်ရှိသေးတယ်၊ ပရိယာယ်တွေ မာယာတွေနဲ့ [illegible] အကောင်၊ လာစမ်း ဒီနားကို'

www.burmeseclassic.com

www.burmeseclassic.com



နားရင်းတွေ ထူပူသွားသည်အထိ ဘယ်ပြန်ညာပြန် အရိုက်အနက်ခံရဖူးသည်ကို အတာ မမေ့နိုင်။ ထို့ကြောင့် စနေနေ့ဆိုလျှင် အထူး သတိထားရ၏။ မသိန်းမေသည် လူတစ်မျိုးလိုဖြစ်နေသည့်အတိုင်း တစ်ခါတစ်ရံ သောကြာနေ့ ၌ပင်ဖြစ်စေ ပင်းမင်းဆိုင်က အကြွေးတောင်းကြောင်း ပြောမိလျှင်ပင်

'နက်ဖြန် မြင်းပွဲသွားမဲ့နေ့ဆိုတာ နင် မသိဘူးလား ဟင်၊ အမျိုးယုတ်အလေး'

ဤသို့လည်း မေးမေးပြောပြောနှင့် အတာ့ ကျောနနကို တအုန်းအုန်း ထုတတ်သေး၏။ ထို့ကြောင့်လည်း အတာသည် သောကြာနေ့ကိုပင် မသိန်းမေ မြင်းပွဲသွားမည့် အကြိုနေ့အဖြစ် အပြောအဆို အထူး ဆင်ခြင်ရ၏။

သို့ တွေးမိသည့်အတိုင်းလည်း အတာသည် ကျောင်းလခကိစ္စ အကြံအစည်ကို ချက်ချင်းပင် ရပ်သိမ်းလိုက်မိတော့၏။ သို့သော် မုန့်ဖိုးမရသေးသည့် ကိစ္စက ရှိနေသေးသည်နှင့် အတာလည်း ခုနစ်နာရီခွဲလောက်တွင် အိမ်မှ ထွက်၍ ဈေးဘက်သို့ လျှောက်လာခဲ့၏။

လွန်ခဲ့သော တနင်္လာကနည်းတူပင် မသိန်းမေကို မတွေ့ရ။ သူ့ဆိုင်နေရာတွင် အညာစောင်တစ်ထည်ဖြင့်လွှမ်းအုပ်ထားသော သန့်စင်ပန်းများထည့်ထားသည့် ဗန်းကိုသာမြင်ရသဖြင့်အတာလည်းအနီးရှိလိပ်ခွံဘီးသည်တစ်ဦးအားမေးရတော့၏။

'နင့်အမေလား အတာ၊ အေး အခုပဲ လန်ခြားကုလားတစ်ယောက် ကားတိုက်ခံရလို့ ဆေးရုံသွားပို့လေရဲ့'

ဤစကား ကြားလိုက်ရသည်နှင့် အတာတွင် စိတ်ပျက်လက်ပျက်နှင့် ကျောင်းသွားရန်ကိစ္စ အနှောင့်အယှက် ဖြစ်ရပြန်တော့၏။

မသိန်းမေသည် အတာ့အပေါ်၌ အတော်ဆိုး၏။ ဆိုးသည်မှာ သာမန်ဆိုးပုံမျိုးမဟုတ်။ 'တုတ်သည် မောင်ဘကို ရိုက်သည်' ဟူသော ဝါကျကဲ့သို့ ဘာမျှ အဓိပ္ပာယ်ဆက်စပ်၍ မရလောက်အောင်ပင် မိဘဝတ္တရား ခေါင်းပါးစွာဆိုးခဲ့၏။

သို့သော် မသိန်းမေသည် အိမ်ကို အိမ်နှင့် တူအောင် သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ် မထားတတ်စေကာမူ ဘုရားပန်းကိစ္စကား အနှမ်းမခံဘဲ အမြဲတမ်း အသစ်လဲလေ့ရှိသည့်နည်းတူပင် သူ့၌ အခြားသော ချီးကျူးဖွယ်ရာကလေးလည်း ရှိချေသေး၏။

မသိန်းမေသည် အတာနှင့် ကိုထွန်းအောင်အပေါ်၌ ဆိုးသလောက် အခြားသောသူများအဖို့တွင် အလွန်ကောင်းသော မိတ်ဆွေတစ်ယောက်ကဲ့သို့ အားကိုးရသူဖြစ်၏။ လူတစ်ဖက်သား ဒုက္ခရောက်လျှင် ကူညီတတ်၏။ တစ်ဦးတစ်ယောက်က တစ်စုံတစ်ဦးကို အနိုင်ကျင့်လျှင် အနိုင်ကျင့်ခံရသူဘက်မှ ကူညီကာကွယ်လေ့ရှိ၏။ ယခု လန်ခြားကုလားတစ်ယောက် ကားတိုက်ခံရ၍ ဆေးရုံပို့လိုက်သည်ဆိုသည်မှာ အတာ့အဖို့ မဆန်းတော့ပေ။ ဤလို တစ်ဦးတစ်ယောက် ဒုက္ခနှင့်တွေ့နေလျှင် မသိန်းမေ ဤအတိုင်း ကူညီအကျိုးဆောင်တတ်သည်မှာ မသိန်းမေ၏ ဝါဒပင် ဖြစ်သည်ကို အတာ သိ၏။ ထိုကဲ့သို့သော ကိစ္စမျိုးနှင့် ကြုံ၍ မသိန်းမေက ကိုယ်ထိလက်ရောက် လိုက်ပါကူညီဆောင်ရွက်ပြီဆိုလျှင်လည်း အစအဆုံး ဆောင်ရွက်ပြီးစီးမှ ပြန်လာတတ်သည်ဖြစ်သောကြောင့် အတာတွင် သူ့ကိုစောင့်ရ အခက် မစောင့်ရအခက်နှင့် စိတ်ပျက်သလို ရတက်ကလေး ပွေနေရှာတော့၏။

'နင့်အမေကတော့ ဒီအတိုင်းပဲ အတာ၊ ဘယ်လိုမှ ပြောလို့မရဘူး၊ ကိုယ်နဲ့ မဆိုင်ဘဲနဲ့ ကိုယ့်အလုပ်ပျက်ခံပြီး ဒီလိုသွားသွားနေတာ ဘယ်လို ဝါသနာလဲ မပြောတတ်ဘူး'

ခွေးခြေကလေးတစ်ခုတွင် ထိုင်၍ အငိုင်သားစောင့်နေသူအတာကလေးအား လိပ်ခွံဘီးသည်က ပြောလိုက်ပြန်သဖြင့်

'ဟုတ်ပါရဲ့' ဟု အတာလည်း စိတ်ထဲမှ ရေရွတ်မိပြီးမှ သူ တစ်စုံတစ်ရာကို သတိရလာ၏။

'မင်းတို့တစ်တွေ ကျောင်းကို လာတဲ့အခါမှာ ဖြစ်စေ၊ အိမ်ပြန်တဲ့အချိန်မှာဖြစ်စေ ဘယ်လိုအခါမျိုးမှာပဲဖြစ်ဖြစ် လူတစ်ဦးတစ်ယောက်မှာ အကူအညီလိုနေတာတွေ့ရင် အမြဲ ကူညီရမယ်၊ ဥပမာ ဈေးသည်တစ်ယောက်ဟာ သူ့ဈေးဗန်းကို မနိုင့်တနိုင် မနေတယ် ဆိုပါတော့ အဲ့သလိုအခါမှာ ဝင်ပြီး ကူညီရမယ်၊ ပိုင်းပင့်ပေးရမယ်၊ ပင့်ပေးတယ်ဆိုတာ သိကြသလား၊ ပင့်တယ်ဆိုတာ မ,ပေးတာကို ခေါ်တယ်၊ နောက်ပြီး အဘိုးအို အဘွားဘိုတို့ မျက်စိမမြင်တဲ့လူတို့ ကိုယ့်ထက်ငယ်တဲ့ ကလေးတို့ လမ်းတွေ ဘာတွေ ဖြတ်ကူးတဲ့အခါမှာ ယောင်နာချာ ဖြစ်နေရင် သူတို့ လမ်းဖြတ်မကူးတတ်ဘူးဆိုတာ နားလည်ရမယ်၊ အဲဒီအခါမှာ မင်းတို့က တတ်နိုင်သလောက် ကူညီရမယ်၊ မင်းတို့က လမ်းဖြတ်ကူးတတ်ရင် မကူးတတ်တဲ့ လူကို လက်တွဲပြီး လိုက်ပို့ပေးရမယ်၊ လူတစ်ဦးတစ်ယောက် မတော်တဆ ချော်လဲတာတွေ့ရင် ချက်ချင်း ပိုင်းထူပေးရမယ်၊ ဒဏ်တွေ ဘာတွေပေရင် ခါပေးရမယ်၊ လူတစ်ယောက် ချော်လဲတာမြင်ရင် ရယ်တော့မှ မရယ်ရဘူး၊ ကိုယ် မတော်တဆ လဲကျလို့ သူများတွေက ဝိုင်းရယ်ရင် ရှက်တယ် မဟုတ်လား၊ အဲသလိုပဲ သူများချော်လဲရင်ဖြစ်စေ၊ ခလုတ်တိုက်မိရင်ဖြစ်စေ ဘယ်တော့မှ မရယ်ရဘူး၊ ရယ်တဲ့လူဟာ လူလိမ္မာ မဟုတ်ဘူး၊ လူလိမ္မာမဟုတ်ရင် ဘာလဲ သိကြလား'

'လူမိုက်ပါ မမ'

'အေး မှတ်ထားကြ၊ ခုန မမပြောတာမျိုးတွေ လူတစ်ဦးတစ်ယောက် အကူအညီလိုနေတာမျိုးတွေ မြင်ရင် ကိုယ်နဲ့မဆိုင်ဘူးလို့ သဘောမထားရဘူး'



www.burmeseclassic.com

www.burmeseclassic.com



သို့လျှင် အခါအားလျော်စွာ ဆရာမက သင်ကြားဆုံးမ ဩဝါဒပေးခဲ့ရှာသည်ကို အတာ သတိရလာ၏။ ထို့ကြောင့်လည်း 'ကိုယ်နဲ့လဲမဆိုင်ဘဲနဲ့' ဟူသော လိပ်ခွံဘီးသည်အဝေါ်ကြီး၏ စကားကို အတာသည် မကျေမနပ်ဖြစ်သွားမိ၏။

'တကယ်လို့ မေမေသာ လန်ခြားကုလားကြီးကို ဆေးရုံမပို့ရင် သေသွားမှာပေါ့'

မုန့်ဖိုးအတွက် ရတက်မအေးနိုင်သော အတာလည်း ရက်ခြည်းပင် လူတစ်ဖက်သားအား ကူညီတတ်သည့် သူ့မေမေ၏ အပြုအမူကို သဘောကျသလို ပြုံးနေမိ၏။ သို့နှင့် ရှစ်နာရီခွဲလျှင် ခွဲချင်း လန်ခြားတစ်စီးနှင့် မသိန်းမေ ရောက်လာသည်ကို တွေ့ရသည်နှင့် အတာလည်း ကြောက်ရလန့်ရမည်ကိုပင် သတိမရနိုင်တော့ဘဲ မသိန်းမေဆီသို့ အပြေးကလေး လှမ်းသွားကာ

'လန်ခြားကုလားကြီး မသေဘူးဟုတ်လား မေမေ' ဟု စိုးရိမ်တကြီးဆီး၍ မေးလိုက်၏။

'ဒါ နင့်အရာလား'

ဤလိုစကားမျိုးဖြင့် ယခင်ယခင် အခါများကဲ့သို့ မျက်နှာထားသုန်သုန်မှုန်မှုန်နှင့် ငေါက်လားငမ်းလား မလုပ်ဘဲ ခပ်ပြုံးပြုံး အမူအရာနှင့်ပင်

'မသေပါဘူး' ဟု ကြည်ကြည်လင်လင် ပြန်ဖြေလိုက်ပြီးမှ အနီးရှိ ရောင်းဖော် ရောင်းဖက်များဆီသို့ မျက်လုံးကစားရင်း

'ဒဏ်ရာက အတော်ကြီးတယ်ရှင့်၊ ကျွန်မ သွားပို့ပေလို့သာပေါ့၊ ဆေးရုံကားကိုသာ စောင့်နေရင် သွေးလွန်တာနဲ့ ကုလားသေမှာပဲ၊ ဒါတောင် ခုထက်ထိ စကားမေးမရဘူး'

လူတစ်ဦးတစ်ယောက်၏ အသက်ကို အောင်မြင်ထမြောက်စွာ ကယ်ဆယ်သည်နှင့်တန်းတူ ကူညီခဲ့ရသဖြင့် မသိန်းမေတွင် အတော်ကလေး ရွှင်နေ၏။ အတာအားလည်း ယခင်ကလို မှင်သေသေ မျက်နှာထားကြီးဖြင့် မကြည့်တော့။

'ရော့ ကျောင်းသွားတော့' ဟူသော ချိုအေးသည့် အသံနှင့်အတူ အတာ့လက်ထဲသို့ မုးစေ့ကလေး ထည့်ပေးလိုက်၏။

အတာလည်း သုံ့ ရနေကျမှာ ခြောက်ပြားမျှသာဖြစ်သောကြောင့် မုးစေ့ကို အမ်းရန်ဟူသော ရည်ရွယ်ချက်ဖြင့် မလှမ်းမကမ်းရှိ ကွမ်းယာဗန်းကလေး လွယ်ထားသော ကုလားရှေ့တွင် ရပ်လိုက်သည်နှင့်

'အတာ မအမ်းနဲ့တော့လေ၊ အားလုံး ယူသွားတော့'

သူ့တစ်ထုးအတွက် ရက်ရက်ရောရော အကျိုးဆောင်ခဲ့ရသဖြင့် ခံစားနေရသော မသိန်းမေ၏ ကြည်နူးမှုသည် အတာသို့ပင် ကူးစက်သွားတော့၏။



ယနေ့သည် အတာကလေးအဖို့ ကံကောင်းသောနေ့ဖြစ်၏။ မုန့်ဖိုးကို လွယ်လွယ်ကူကူသာ မဟုတ်ဘဲ နှစ်ပြားပင် အပိုရခဲ့သေးသည်ဖြစ်ရာ သူ့တစ်မျက်နှာလုံးမှာလည်း ကျောင်းရောက်သည်အထိ တပြုံးပြုံး ဖြစ်နေတော့၏။

ယခုတလောအတွင်း၌ အတာသည် နံနက်မုန့်ဖိုးကိုလည်း မှန်မှန်မရ။ ညစာအတွက်လည်း မပုလေးဆိုင်တွင်သာ စားနေရသောကြောင့် သူ့တွင် စုမိသည်ဟူ၍ မရှိခဲ့။ ယနေ့မှ သူ၏မေမေ စိတ်လိုလက်ရ တစ်မူးလုံး ပေးလိုက်သဖြင့် အားလုံးကိုပင် စုတော့မည်ဟု အတာ ဆုံးဖြတ်ချက် ချလိုက်၏။ ယနေ့အဖို့၌ အတာသည်ပင် ဆက်တိုက် ကံကောင်းချင်၍လော မသိ။ သူကျောင်းဝင်းထဲ အဝင်လိုက်နှင့် ပါတာနီသည်ကုလားလည်း ဈေးရောင်းရန်အလာ ကျောင်းဝင်းတံခါးဝတွင် ဆုံမိသွားကြ၏။

ပါတာနီကုလားလည်း အတာအား မြင်သည်နှင့် အတာ့လွယ်အိတ်ကလေးကို လှမ်းပုတ်ရင်း ရယ်ပြသွားသဖြင့် အတာကလည်း ချစ်စဖွယ်လေး ပြုံးလိုက်၏။ နောက် အတန်းထဲရောက်၍ လွယ်အိတ်ကို ပခုံးမှဖြုတ်ပြီး ခုံထဲထည့်မည်အလုပ်တွင်မှ လွယ်အိတ်ထဲတွင် ခိုးလိုးခုလုဖြစ်နေသည်ကို သတိထားမိသည်နှင့် အတာလည်း လွယ်အိတ်နှုတ်ခမ်းဝကလေး ဟ၍ ကြည့်လိုက်မိ၏။ ချက်ချင်းပင် ထိုခိုးလိုးခုလုဖြစ်နေသော အရာဝတ္ထုကို ဆွဲထုတ်ဖြေကြည့်လိုက်သည်၌ စက္ကူကတော့ကလေးဖြင့် အပြည့်အကျပ်ထည့်ထားသော မြေပဲလှော်ထုပ်ကလေး ဖြစ်နေသည်ကို တွေ့ရ၏။

စောစောက ပါတာနီကုလား လွယ်အိတ်ကို ပုတ်သွားသည်ဟု အထင်ရှိခဲ့သည်မှာ လွယ်အိတ်ကို ပုတ်ခြင်းမဟုတ်ဘဲ မြေပဲလှော်ထုပ်ကလေး ထည့်သွားခြင်းဖြစ်သည်ကို ယခုမှ သိလိုက်ရတော့၏။ နံနက် အိပ်ရာမှ နိုးကတည်းကဘာမှ မစားခဲ့ရသေးသော အတာသည် မုန့်ဖိုးရခဲ့သော်လည်း မုးစေ့ ပျက်မည်စိုး၍ ဆားတော့ဟုဆုံးဖြတ်ကာ အငတ်ခံတော့မည် ကြံခဲ့ရာမှ ယခုကဲ့သို့ စားရက်ကြုံလိုက်ရသဖြင့် အတာလည်း အနင့်သား ပျော်သွားရှာတော့၏။

နေ့လယ် မုန့်စားလွှတ်သော အချိန်တွင်လည်း သူ့ကံသည် မမိုက်သေး။

'ကဲ အတာရေ ရော့၊ ဟောဒီပေါင်မုန့်ထောပတ်သုတ် နှစ်ခုကို မင်းပဲ စားလိုက်တော့ နော်၊ မမဖို့ လက်ဖက်သုပ်ပဲ မှာပေး ဟုတ်လား၊ ကြက်သွန်ဖြူ ... သေးတော့ မမေ့ခဲ့နဲ့ဟော့'

နေ့လယ်ဘက်တွင်လည်း အတာသည် လျှာကလေးမြက်သွားသေး၏။ ပေါင်မုန့်သာမက ပိုသော ကော်ဖီတစ်ခွက်ကိုလည်း ပေါင်မုန့်နှင့် မိတ်ဖက်၍ ဆိမ့်သက်သက်ကလေး သောက်လိုက်ရ၏။ ဆရာမ စားသောက်၍အပြီး လက်ဖက်သုပ်သည်ထံ ပန်းကန်များသွားအပို့တွင်လည်း 'မင်း ငါ့သားလေးပဲ

www.burmeseclassic.com



ခြင်လိုက်ပါတော့' ဟု အမြဲတမ်း ပြောလေ့ရှိသော အဆိုပါ လက်ဖက်သုပ်သည်က အတာ့ လက်တစ်ဖက်ကို ဆုပ်ဆွဲထားပြီး ပဲလုံးကြော်နှစ်ခုကို ပါးစပ်ထဲ အတင်းသွတ်၍ မစားမနေရ ခွံ့လိုက်ပြန်သောကြောင့် ထိုနေ့အဖို့ အတာ့ကံကလေးမှာ ညှိုးသည်ထက် ညှိုးသွားပြန်တော့၏။

ညနေဘက်တွင် ကျောင်းလွှတ်ခေါင်းလောင်းတီး၍ လေးမိနစ်သာသာပင် ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း သူ၏ ဆရာမသည် အိမ်ပြန်ရန်အတွက် ဘာမှ ပြင်ပြင်ဆင်ဆင် မရှိသေးဘဲ စားပွဲတွင် ထိုင်မြဲ ထိုင်နေသောကြောင့် ကားဆိပ်အထိ လိုက်ပို့ရမည့်တာဝန် ရှိနေသေးသည့် အတာတွင်လည်း သူ့ခုံတွင်ပင် ထိုင်၍ ဆရာမ အရိပ်အကဲကို ကြည့်နေရရှာ၏။

ခါတိုင်းဆိုလျှင် ၃ နာရီခွဲရန် ၅ မိနစ် အလိုလောက်ကစ၍ ဆရာမသည် လွယ်အိတ်၊ ကော်ဖီဘူး၊ ထီးစသည်တို့ကို အရံသင့်ပြင်ထားတတ်ပြီး ခေါင်းလောင်းထိုး၍ ကလေးများကုန်သည်နှင့် သူ့ပါ ထွက်လေ့ရှိခဲ့ပါလျက် ယနေ့မှ အဘယ်ကြောင့် သူ့ဆရာမ ထိုင်ရာမှမထသေးသည်ကို အတာ အတွေးရ ကြပ်နေ၏။

'အတာရေ ခဏနေဦးနော်၊ မမ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့ သူလာမှ သွားကြရအောင်'

'ဟုတ်ကဲ့ မမ'

သူ့ဆရာမ မထသေးသည်မှာ 'ဒါကြောင့်ကိုး' ဟု ယခုမှ အတာ ရှင်းသွား၏။

အတာလည်း တောင်ငေးမြောက်ငေးနှင့် ငေးနေမိရာမှ စာအုပ်တစ်အုပ်ကို ဆွဲထုတ်ကာ ပါးစပ်တလှုပ်လှုပ် နှုတ်ခမ်းတရွရွဖြင့် တစ်ရွက်ပြီး တစ်ရွက် လှန်လှော ဖတ်ရှုနေ၏။ စာအုပ်ကို သူ့ခုံပေါ်တင်၍ ဖတ်နေရာမှ ရုတ်တရက် သူ့ကိုယ်လေးကို နောက်သို့မှီရင်း စာအုပ်ကြားထဲမှ စာရွက်ခေါက်ကလေး တစ်ခုသည် သူ့ပေါင်ပေါ်သို့ ကျသွား၏။

အတာလည်း ထိုစာရွက်ခေါက်ကလေးကို ပျာပျာသလဲ ကောက်ကာ 'ဘာပါလိမ့်' ဟူသော အမူအရာဖြင့် ဖြန့်၍ ကြည့်နေမိပြီးမှ နောက် အားပါး တရကလေး ရယ်လိုက်၏။

အတန်းထဲတွင် သူတို့နှစ်ယောက်မှလွဲ၍ အခြား မည်သူမျှမရှိ။ ဆရာမ တွင်လည်း သူချိန်းထားသည်ဆိုသော မိတ်ဆွေကို စောင့်ရင်း ပျင်းနေဟန်တူ၏။ သို့နှင့် တစ်ခုတည်းသော အာရုံစိုက်စရာ ရှုခင်းအဖြစ် ဆရာမသည် အတာကို သာလျှင် စိုက်ကြည့်နေမိလျက် အတာ၏ လှုပ်ရှားမှုကို အစမှ အဆုံး တပြုံးပြုံးနှင့် အကဲခတ်နေမိ၏။

နောက်ဆုံးလှုပ်ရှားမှုဖြစ်သော စာကလေးတစ်စောင်ကို ဖတ်၍ သဘော



ကျနေသည့် အတာ့ အမူအရာကို ဆရာမသည် မသင်္ကာသောအသွင်ဖြင့် ပြုံးရွှင်နေရာမှ မှင်သေသေ မျက်နှာထားသို့ ပြောင်းလိုက်ပြီး

'အတာ လာဦး ခဏ'

သို့ ခေါ်လိုက်သော ဆရာမအသံကြားသည်နှင့် အတာလည်း စာရွက်ကလေးကို စာအုပ်ကြားတွင်ပင် ပြန်၍ ညှပ်ပြီး အထလိုက်တွင်

'ခုန မင်းဖတ်နေတဲ့ စာပါယူခဲ့'

ဆရာမသည် ကလေးကျောင်းသားနှင့် လားလားမျှမဆိုင်သင့်သော စာများဖြစ်နေလေမည်ဟူသည့် သံသယမျက်နှာထားဖြင့် ပြောလိုက်သောကြောင့် အတာလည်း ထိုစာရွက်ခေါက်ကလေးကိုပါ စာအုပ်ကြားမှ ယူ၍ သုတ်သုတ် ကလေး လှမ်းလာခဲ့၏။

'အဲဒါ ဘာစာလဲ'

'မဟုတ်ပါဘူး၊ ဟို'

သို့ပြောရင်း အထစ်ထစ် အငေါ့ငေါ့ဖြင့် မသိမသာ မျက်နှာကလေးပျက်နေသောကြောင့်

'ပေး မမကို ပြစမ်း' ဟု ဆရာမလည်း အတာ့ဆီသို့ လက်ဖြန့်၍ တောင်းလိုက်သောကြောင့် အတာတွင် မငြင်းသာ မပယ်သာတော့ဘဲ စာရွက်ခေါက်ကလေးကို လှမ်းပေးလိုက်ရတော့၏။

စာရွက်မှာ ကျောင်းသုံးကော်ပီ စာအုပ်ထဲမှ ဆုတ်၍ ခဲတံဖြင့် ရေးသားထားသော စာဖြစ်လျက်၊ စာမှာ နည်းနည်းနှင့်ကျဲကျဲ ရေးထားသည်ကို တွေ့ရ၏။ လက်ရေးမှာလည်း အရေးတကြီး သော့ရေးထားဟန်ရှိသဖြင့် ဆရာမတွင် တစ်လုံးချင်း ဂရုစိုက်၍ ဖတ်နေရ၏။ သုံးလေးကြောင်းမျှသော စာကို ဖတ်၍ ပြီးသည်နှင့် ဆရာမလည်း သိသိသာသာကြီး ပြုံးလာ၏။

'ဒါက ဘာလုပ်တာတုံး အတာ' ဟု ဆရာမက အတာအား သူ့အနီးသို့ ဆွဲယူရင်း မေးလိုက်သည်နှင့် အတာတွင် ရှက်အမ်းအမ်း အမူအရာကလေးဖြင့် မဝံ့တဝံ့ ပြုံးတဲ့ပြီးမှ

'ဟို တန်ဆောင်တိုင်ပွဲတော်တုန်းက ကျွန်တော်တို့ လမ်းထဲမှာ အငြိမ့်ခံ တယ်ခင်ဗျ'

'အင်း ဘာအတွက်တဲ့လဲကွဲ့၊ မင်္ဂလာဆောင်လား အလှူလား၊ ဘာအငြိမ့်လဲ'

ဆရာမလည်း လိုက်လိုက်လျှောလျှော အမူအရာဖြင့် အတာ၏ ပခုံးကလေး ပေါ်လက်တင်ထားရင်း သို့မေးလိုက်သဖြင့်

'တရုတ်ဗုဒ္ဓဘာသာအသင်းက နှစ်တိုင်း ဒီလိုပဲ အငြိမ့်ခံတယ် ခင်'

'ဩ ဩ၊ ပွဲတော်အတွက် ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ အငြိမ့်က အိုင်စီအက်စ် မတင်ရွှေဆိုလား၊ ကျွန်တော် ခွေနေပြီ ခင်ဗျ၊ လူပြက်တွေတော့ သိတယ်၊ ဒန်ပေါက်နဲ့ ညှပ်ကြီး'

'အေး ပြောပါဦး၊ အဲဒီတော့'

ထိုအငြိမ့် ကသည့်နေ့က အတာသည် ထိုထွန်းအောင်၏ ဆုံးမစာအရ ညှိနက်အောင် မကြည့်ဘဲ ပွဲဦးထွက် မင်းသမီးအသိမ်းတွင် အတာ အိမ်ပြန်အိပ်သည်ကို ဖော်ပြခဲ့ပြီးဖြစ်၏။

ထိုနေ့ကဆိုလျှင် သူ့မမသက်ကပါ အငြိမ့်ကြည့်ချင်သည်ဆို၍ အတာလည်း ရတတ်သမျှသော ကုလားထိုင်နှင့် ခွေးခြေများကို သူကိုယ်တိုင်သယ်ပိုး၍ အကောင်းဆုံးနေရာတွင် အစီအရီ ချထားခဲ့၏။

လက်ထောက်မင်းသမီး ထွက်လုလုအချိန် ရောက်သည်နှင့် မခင်သက်တို့ ညီအစ်မတစ်စုအပြင် ပွဲကတော်ကြီး သမီးနှစ်ယောက်ပါ ပွဲခင်းရှိ အတာ ယူထားသော နေရာသို့ ရောက်လာကြ၏။

အငြိမ့်ထုံးစံအတိုင်းပင် လူရွှင်တော်များဖြစ်သော ဒန်ပေါက်နှင့် ညှပ်ကြီးတို့လည်း ခေါင်းပေါင်း ပေါင်း၍ တောင်ရှည်ပုဆိုးများလဲပြီး ပွဲခင်းဘက်သို့ ထ၍ မျက်နှာမူလိုက်သည်နှင့် အတာလည်း ထိုင်ရာမှထကာ လက်ခုပ် တဖျောင်းဖျောင်း တီးနေတော့၏။

'ဟဲ့ကောင်လေး'ဟု မခင်သွယ်က ဟန့်လိုက်မှပင် အတာ့လက်ခုပ်သံ တန့်သွားလျက်

'ကိုယ့် မမတွေနဲ့ ကြည့်တဲ့အခါမှာ ဒီလို မလုပ်ရဘူး အတာရဲ့၊ ရှက်စရာကြီး'

မခင်သက်ကမူ ဤသို့ ဖျောင်းဖျောင်းဖျဖျ ပြောလိုက်၏။

'ဟုတ်ကဲ့၊ ကျွန်တော် နောက်ကို မလုပ်တော့ပါဘူး'

စင်စစ် သို့ကလို အတာ လက်ခုပ်ထ၍ တီးလိုက်သည်မှာ ပျော်သောကြောင့်သာ ဖြစ်၏။ သူသည် အငြိမ့်ကို အလွန်ကြိုက်၏။ အတာ အငြိမ့်ကြိုက်သည်မှာ မင်းသမီး ကသည်ကို ကြိုက်ခြင်းမဟုတ်။ အကကောင်းမကောင်းကိုလည်း သူနားမလည်။ လူရွှင်တော် (ဝါ) လူပြက်ကိုသာ သူသဘောကျခြင်း ဖြစ်၏။ ဒန်ပေါက်၊ ညှပ်ကြီး၊ မာတ်ဆီ၊ မာတ်ဆံနှင့် ဦးဖေဒါ၊ ကျင်ခဲဆိုလျှင် သူ့အသည်းစွဲများ ဖြစ်၏။

ပွဲစတော့မည် ဖြစ်သည့်အတိုင်း လူရွှင်တော်များလည်း တစ်ဦးက တေးထပ်၊ တစ်ယောက်က လေးချိုး စသဖြင့် တစ်မျိုးစီ သီဆို နှုတ်ခွန်းဆက်လိုက်ပြီးမှ ယခုကဲ့သို့ ဂုဏ်သရေရှိ လူကြီးများရှေ့တွင် လာရောက်ကပြ အသုံးတော်ခံရသဖြင့် ဝမ်းမြောက်ကျေးဇူးတင်ကြောင်း အစရှိသဖြင့် ပဏာမ ခံလိုက်သေး၏။



'ဘယ့်နဲ့ ကိုညှပ်ကြီးရေ၊ ခု ကြွရောက်လာကြတဲ့ ပရိသတ်ကိုကြည့်ရတာ ဖြင့် အမျိုးသားထက် အမျိုးသမီးပရိသတ်က ပိုများနေတာ တွေ့ရပါလား ဗျာ ဟင်'

'ဟုတ်ပေါ့ ကိုဒန်ပေါက်ရဲ့၊ ကျွန်တော်တို့ အငြိမ့်ကို အာသီသထားလို့မို့ အားပေးတဲ့အနေနဲ့ ခုလို လာရောက် ချီးမြှင့်ကြတာ ဝမ်းသာစရာ မကောင်းပါလားဗျာ'

'ဝမ်းမြောက်စရာပဲပေါ့၊ အဲသလို အမျိုးသမီးတွေက ကျွန်တော်တို့အငြိမ့်ကို ခုလို လာရောက်ပြီး စေတနာရှေ့ထားလို့ အားပေးအားမြှောက် ပြုကြတယ် ဆိုတော့ ကျွန်တော်တို့ကလဲ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရပေလိမ့်မဗျ'

'မှန်သပေါ့၊ ဒါမှလဲ ကျွန်တော်တို့ဘက်က ဝတ္တရား ကျေပွန်ပေမှာပေါ့ ကိုဒန်ပေါက်ရဲ့'

'အဲ နောက်ပြီးတော့ ခု ကြွလာတဲ့ ပရိသတ်ထဲကြည့်ရတာ ငယ်ငယ် ရွယ်ရွယ် အမျိုးပရိသတ်ကလဲ အတော်များတာ တွေ့ရတော့ သူတို့ ခုလိုလာပြီး ချီးမြှင့်တာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်က နည်းကောင်းကလေး တစ်ခုလောက်ပေးရရင် မကောင်းဘူးလား ကိုညှပ်ကြီးရေ'

'အလို ဘယ်လို နည်းကောင်းများပါလိမ့်'

'သြော် အမျိုးသမီးများအဖို့ အသုံးဝင်တဲ့နည်းပေါ့၊ မိန်းမတို့ဘုန်း ဆံထုံးလို့ ဆိုသမဟုတ်လားဗျ'

'မှန်ပေပေါ့ဗျာ၊ နို့ ကိုဒန်ပေါက်က ဘယ်လိုနည်းနဲ့များ ပေးချင်လို့ ပါလိမ့်'

'အမျိုးသမီးများအဖို့မှာတော့ အမြတ်တနိုးထားပြီး အလှပြင်ရတာရယ်လို့ ဆံထုံးဆံပင်နဲ့ မျက်နှာပဲ ရှိတယ်မဟုတ်လား၊ အဲဒီတော့ ကျွန်တော် ဆံပင်ရှည်တဲ့ နည်းကောင်းလေးတစ်ခုတော့ ပေးခဲ့ချင်သဗျ'

'သြ သြ၊ ကျေးဇူးဆပ်တဲ့အနေမျိုးဆိုပါတော့၊ ကောင်းပေါ့ဗျာ ကောင်းပေါ့ ကောင်းပေါ့'

ဤတွင် လူရွှင်တော် ကိုဒန်ပေါက်က ပရိသတ်ဘက်သို့လှည့်၍

'ကဲ ဆံပင်ရှည်တဲ့နည်းကို အလိုရှိကြတဲ့ အမျိုးသမီးများ သေသေချာချာ နားထောင်ကြပေတော့၊ အဟမ်း'

သို့လျှင် အစချီလိုက်သဖြင့် မြန်မာရော တရုတ်အမျိုးသမီးများပါ မိန်းကလေးများ နားစွင့်လာကြတော့၏။

'ကိုင်း ပြောတော့မယ်နော်၊ သြော် ဒါနဲ့ အမျိုးသမီးတော့ စိတ်ထဲမှ မှတ်ထားရလို့ မတော်တဆ မေ့သွားမှာလဲ စိုးရသေးတယ် ပေါ်ပါရဲ့၊ အဲ အဲဒီ

www.burmeseclassic.com



တော့ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ စာရွက်ကလေးတစ်ခုမှာ ရေးပြီး မှတ်ထား ကြရအောင်လေ နော်၊ ကဲ ကဲ၊ ခဲတံတို့ ဖောင်တိန်တို့ စက္ကူတို့ နီးစပ်ရာမိတ်ဆွေ ကာလသားများဆီက ဓဏှငှားကြပေါ့ ဟုတ်လား၊ ရေးမှတ်ထားတာက ပိုကောင်းပါတယ်'

ကိုဒန်ပေါက်က ဤလိုစကားကို ပြင်ပြောလိုက်သည်နှင့် အမျိုးသမီး ပရိသတ်မှာ ပို၍ လှုပ်လှုပ်ရွရွ ဖြစ်သွားတော့၏။ လက်လှမ်းမီရာ အမျိုးသားများထံမှ ဖောင်တိန်ငှားသူငှား ကလေးများကို ခဲတံနှင့် စက္ကူ ပြန်အယူခိုင်းသူက ခိုင်းဖြင့် ပွဲခင်းတစ်ခုလုံး မငြိမ်မသက် ယောက်ယက်ခတ်နေတော့၏။

'သွား အတာ၊ ခဲတံနှင့် စက္ကူတစ်ရွက် သွားယူချည်နော်၊ သွားပါဟဲ့ မြန်မြန်လုပ်ပါ'

မခင်သက်က သို့ပြောရင်း အပူတပြင်းခိုင်းနေသည်နှင့်

'အလကားပါ မမသက်ရာ၊ လူပြက်တွေပြောတဲ့စကားများ မမက ယုံနေသလား' ဟု အတာက ထိုင်ရာမှ မထသေးဘဲ ငြင်းလိုက်သည်ကို

'ဟဲ့ သူ မဟုတ်တာပြောပါ့မလား၊ တကယ်မို့သာ ခဲတံတွေ ဘာတွေနဲ့ ရေးမှတ်ခိုင်းတာပေါ့၊ သွားပါ ၊ ထလေ သွားယူချည်ပါ ခဲတံနှင့် စက္ကူ'

အတာလည်း မခင်သက်၏ ဖွတ်အတင်း နားပူမှုကြောင့် အမြန်ဆုံး အိမ်ပြန်၍ ခဲတံနှင့် စက္ကူကို ကမန်းကတန်းယူ၍ ဆင်းလာခဲ့ရ၏။

ကိုဒန်ပေါက်လည်း ပရိသတ်အကဲကို သေသေချာချာ ခတ်နေပြီးမှ

'ကဲ ရေးမှတ်ထားကြနော်၊ ပြောတော့မယ်' ဟု နိဒါန်းပျိုးလိုက်ကာ (မြင်လေလျှင် ရှုကာမက်စေဖို့) 'ကဲ၊ ရေးကြနော်၊ ထပ်ဆိုဦးမယ်၊ ဖြည်းဖြည်းပဲ လိုက်ရေးကြ' (မြင်လေလျှင် ရှုကာမက်စေဖို့)

ဤတွင် ကိုဒန်ပေါက်လည်း ပရိသတ်အရေးကို စောင့်သကဲ့သို့ အတန်ကြာ နားနေသေး၏။ အမျိုးသမီးများလည်း သူ့အသိုက် သူ့အအုပ်ဖြင့် တလှုပ်လှုပ်ရေးရင်း အလုပ်ရှုပ်ထွေးနေကြတော့၏။

'ဟဲ့ အတာ သေသေချာချာ လိုက်ရေးနော်၊ ပြစမ်း၊ မှန်ရဲ့လား' ဟု မခင်သက်က အတာ့လက်ထဲရှိ စာရွက်ကို ဆွဲယူဖတ်ကြည့်လိုက်သေး၏။

'မှန်ပါတယ် မမရဲ့ ပေးပါ၊ ဟိုမှာ ပြောတော့မယ်' ဟု အတာက စာရွက်ကလေးကို ပြန်တောင်းလိုက်သည့်အခိုက်မှာပင်

'ကဲ ပထမအပိုဒ်တော့ ပြီးလောက်ကြရောပေါ့နော်၊ မှတ်ရတာ လွယ်အောင် လင်္ကာကလေးလို စပ်ထားတာမို့ မခက်ပါဘူးနော်၊ ကဲ ဆက်ရေးလိုက်ကြပါဦး၊ ခုန အပိုဒ်ကို ပြန်စပြီး ဆက်ပြောမယ်'

လည်ချောင်းရှင်းသလို အဟမ်းဟု ဟန့်လိုက်ပြီးမှ



'(မြင်လေလျှင် ရှုကာမက်စေဖို့) ပြီးပြီနော်၊ ကဲ ဆက်ကြဦး၊ (မြင်လေလျှင် ရှုကာမက်စေဖို့၊ (ခင် ဆွေ တင် နု မာ သက်တို့ရဲ့) ကိုင်း၊ ပြန်ဆိုဦးမယ်နော်၊ (ခင် ဆွေ တင် နု မာ သက်တို့ရဲ့'

စောစောကနည်းတူ ကိုဒန်ပေါက်လည်း စကားကိုရပ်၍ ပရိသတ်အား အကဲခတ်နေ၏။ အမျိုးသမီးများသည်လည်း ရှုပ်ယှက်ခတ်မျှ ရေးမှတ်နေကြ၏။

'အတာ လိုက်ရေးနော်'

'အင်းပါ မမရဲ့' ဟု ဖြေရင်း သူ့ရေးသားချက် မှန်မမှန်ကို ပြန်ဖတ်နေ၏။

'ပြီးကြပြီနော်၊ ကဲ လိုက်ရေးထားတာ မှန် မမှန် ပြန်စစ်ကြဦး ဟုတ်လား၊ (မြင်လေလျှင် ရှုကာမက်စေဖို့၊ ခင် ဆွေ တင် နု မာ သက်တို့ရဲ့) ကဲ မှန်ကြရဲ့နော်၊ ခု နောက်ဆုံးတစ်ပိုဒ်ပဲ ကျန်တော့တယ်'

ကိုဒန်ပေါက်လည်း အလွန် ခံ့ထည်သော မျက်နှာထားဖြင့် မှင်သေသေ ပြောလိုက်ပြီးမှ

'ကိုင်း၊ ကိုယ်ရေးထားတာ ကိုယ်ပြန်ကြည့်ကြဦးနော်၊ မှားနေလဲ ပြင်ပေါ့၊ နောက်ဆုံးကျန်တဲ့အပိုဒ်ကိုပါ ဆက်ပြောတော့မယ်၊ အဟမ်း'

'မြင်လေလျှင် ရှုကာမက်စေဖို့၊ ခင် ဆွေ တင် နု မာ သက်တို့ရဲ့၊ ဆံပင်ရှည်ချင်ရင် ဆံစုသာ ဆက်ကြပေတော့'

ဤသို့လျှင် အဆုံးသတ်လိုက်သည်နှင့် ပွဲခင်းတစ်ခုလုံး တဝုန်းဝုန်း တအုတ်အုတ်နှင့် ပတ်တုတ်၍မစဲအောင် တဟဲဟဲ ပွဲကျသွားတော့၏။

စာရွက်စကလေးများတွင်လည်းကောင်း၊ စီးကရက်ဘူးခွံလွတ်ကလေးများတွင်လည်းကောင်း အကောင်းထင်၍ ရေးခြစ် မှတ်သားနေကြသော အပျိုစု အပျိုသိုက်မှာလည်း ခေါင်းငိုက်စိုက်နှင့်သာ ရယ်နေကြရတော့၏။ ပရိသတ်၏ အဝါးဝါးအသံ မစဲသေးသည်နှင့်အမျှ မခင်သက်တို့တွင်လည်း ခေါင်းမဖော်ဝံ့ကြသေးဘဲ မျက်နှာကို လက်ဝါးဖြင့်ကာလျက် ရှက်ရှက်နှင့်ပင် ရယ်နေကြရတော့၏။

'ကဲ ကျွန်တော် မပြောဘူးလား' ဟု အတာသည် သူ့တွက်ကိန်း မှန်သွားသောကြောင့် ဟန်ကလေးကျော့ကျော့ဖြင့် မေးလိုက်သေး၏။

အတာလည်း ယင်းသည့်အဖြစ်အပျက်ကို သူ့ဆရာမအား သွက်သွက်ကလေး ရှင်းပြလိုက်၏။ ဆရာမတွင်လည်း လက်ကိုင်ပဝါလေးထုတ်၍ မျက်ရည်သုတ်ယူရသည်အထိပင် ရယ်မောနေမိပြီးမှ

'သြော် ဒီစာက အဲဒီလို ပြက်ပြောတာကို လိုက်ရေးထားတာပေါ့ တော့'

ဆရာမလည်း စောစောက အတာ့စာရွက်ကလေး၏ ဟန်ပေးရာကို သာကပြုရင်း မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် မမ'

'အဲဒီလို လူပြက်က ပြက်တာကို မင်း သိပ်သဘောကျတာပဲလား အတာ'

'ဟုတ်ကဲ့၊ ကျွန်တော်လေ ရယ်ရတဲ့ လူပြက်ဆိုရင် သိပ်ကြိုက်တာပဲ'

'နို့ အဲသလို လူပြက်က ဆံပင်ရှည်ချင် ဆံစုသာ ဆက်ကြပေတော့လို့ အဆုံးသတ်လိုက်တော့ အဟုတ်ထင်ပြီး မင့်ကိုရေးခိုင်းနေတဲ့ မင်းတို့မမ ဘယ်သူ'

'မမသက်'

'အဲ အဲဒီ မင့်မမသက်ရော ဒီပြင် ခဲတံတို့ ဖောင်တိန်တို့နဲ့ စာရွက်ပေါ် ကူးရေးနေတဲ့ မိန်းမပျိုလေးတွေ ရှက်မသွားကြဘူးလားကွယ်'

'ရှက်သွားတာပေါ့၊ ကျွန်တော်တို့ မမသက်ဖြင့် အိမ်ကို ချက်ချင်း ပြန်ပြေးတာပဲ'

'အေး အဲဒါ သိပ်ရှက်သွားလို့ပေါ့ကွဲ့'

'ကျွန်တော်ကတောင် ပြောသေးတယ် မမရဲ့၊ ဒီ လူပြက်တွေဟာ အကောင်းဘယ်တော့မှ မပြောဘူး၊ မမတို့ မယုံပါနဲ့လို့၊ အဲ့ဒါ မရဘူး ကျွန်တော့်ကို ဖွတ်ပဲ ခဲတံနဲ့စက္ကူ ယူခိုင်းတယ်၊ အဲ့ဒါ မမသက်တို့အပြစ်ပေါ့၊ သူတို့က ယုံတာကိုး'

'ဒီလိုလဲ ဘယ်ဟုတ်မလဲ အတာရဲ့၊ လူပြက်က အတည်နဲ့ပြောတော့လဲ ယုံမိတာပေါ့၊ တကယ်လို့ မမပါ အဲ့ဒီပွဲမှာရှိရင် ယုံချင်ယုံမိမှာပဲ၊ ဒါပေမဲ့ လူပြက်တွေက ပွဲကြည့်ပရိသတ်ကို ခဲတံယူခိုင်းလား၊ စက္ကူရှာခိုင်းလားနဲ့ ဣန္ဒြေပျက်အောင်လုပ်ဖို့ မကောင်းဘူးပေါ့ကွယ်'

'ဒါဖြင့် လူပြက်က အဲသလို ရယ်စရာလုပ်တာ မကောင်းဘူးပေါ့နော် မမ'

'ရယ်စရာလုပ်တာ၊ ပြက်လုံးထုတ်တာကတော့ ကောင်းသားပဲ၊ ရယ်လဲ ရယ်ရပါတယ်၊ ဒါပေမဲ့ အတည်ပေါက်ကြီးနဲ့ ခဲတံတွေ ဘာတွေ ရှာခိုင်းငှားခိုင်းတာတော့ မကောင်းဘူးကွဲ့၊ ဒါဟာ ပွဲကြည့်ပရိသတ်ကို မလေးစားရာရောက်တာပေါ့ကွယ်'

ထိုထိုဝေဖန်ချက်များမှာ စင်စစ် အတာ့အဖို့ မြင့်လွန်းနေသည်။ ဥာဏ် မမီနိုင်အောင်ရှိနေသည် မှန်သော်လည်း ဆရာမသည် ထိုအချက်ကို မစဉ်းစားမိ။ သူ့စိတ်ထဲရှိသည့်အတိုင်း ပွဲကြည့်ပရိသတ်အပေါ် မတော်မလျော် ကာယိန္ဒြေပျက်အောင် အရိုအသေတန်ရကောင်းလားဟူသော မကျေနပ်ချက်ဖြင့် ပြောနေမိဟန်တူ၏။

'ဟေး မြင့်မြင့်၊ စောင့်နေရတာ အတော်ကြာသွားလို့ ပျင်းနေထင်ပါရဲ့'



ဟုတ်လား' ဟူသော နှုတ်ဆက်သံနှင့်အတူ ဆရာမနှင့် မတိမ်းမယိမ်းအရွယ် မိန်းမပျိုတစ်ဦး အတန်းထဲသို့ ဝင်လာသည်နှင့် ဆရာမလည်း အတာ့စာရွက်ကလေးကို လှမ်းပေးလိုက်၏။

'ကိုယ်လဲ လာတော့ အချိန်မီလာတာပဲ သူငယ်ချင်းရဲ့၊ အရေးထဲကားက ဆက်ဘာဖြစ်လို့ရယ် မသိပါဘူး၊ လမ်းမှာရပ်ပြီး ပြင်နေတာနဲ့ ခုလို ကြာသွားတာ၊ ကိုယ် သိပ်အားနာတာပဲ'

အဆိုပါ ဧည့်သည် မိန်းမပျိုကပင် ဆက်လက်၍ ပြောနေသောကြောင့်

'ဒီလိုပေါ့ အဆင်မသင့်တဲ့အခါ၊ ကဲ ထိုင်လေ'

'မထိုင်တော့ဘူး၊ လာ ကားနဲ့ပဲ မြင့်မြင့်ကို အိမ်အထိ လိုက်ပို့မယ်၊ ပြောစရာရှိတာလဲ လမ်းမှာပဲ ပြောသွားကြတာပေါ့ နော်'

ဆရာမကလည်း ဤအစီအစဉ်ကို သဘောတူလိုက်ကာ ခပ်လှမ်းလှမ်းတွင် ထိုင်နေသော အတာကလေးကို အနီးသို့ခေါ်ယူပြီး

'ကဲ မင်းပြန်တော့နော်၊ မမ သူ့ကားနဲ့ပဲ လိုက်သွားတော့မယ်'

'ဟုတ်ကဲ့'

သို့တိုင်အောင် ရုတ်တရက် မပြန်သေးဘဲ သူ့ဆရာမ ကားပေါ်တက်သွားမှပင် ကျောင်းဝင်းအပြင်သို့ အတာ ထွက်လာတော့၏။

\+ \+ \+

ထိုနေ့သည် စနေနေ့ဖြစ်သည့်အတိုင်း ကျောင်းအားသည်နှင့် အတာလည်း စောစောစီးစီးပင် သူ့အဝတ်အစားကလေးများကို ခပ်သုတ်သုတ်လျှော်ကာ ရေချိုးပြီးသည်နှင့် သူ့မေမေရှိရာ ဈေးသို့ ထွက်လာခဲ့၏။ ထိုအချိန်၌ မသိန်းမေ လည်း ဈေးဗန်းကို သူ့ရှေ့တွင်ချရင်း သန့်စင်ပန်းများကို အကောင်းအညံ့များ သီးသန့် ခွဲဖယ်နေသောအချိန်ဖြစ်၍ အတာကလေးအဖို့ အခွင့်ကောင်းကြုံသွားတော့၏။

အကယ်၍သာ အတာကလေးအား ခပ်လှမ်းလှမ်းမှ ကြို၍မြင်ရမည်ဆိုလျှင် 'ဘာလဲ၊ ဒါ ထမင်းစားချိန်လား' ဟူသော စကားမျိုးဖြင့် အမှန်ပင် အတာ အခေါက်ခံရမည်ဖြစ်၏။ ယခု အတာရောက်လာသည်မှာ ရုစ်နာရီသာသာရှိသေးသောကြောင့် အတော်ကြီး စောနေ၏။ သို့သော် သူ့ ထမင်းဆာ၍ လာခြင်း မဟုတ်။ ထမင်းဖိုးတောင်းရန်လည်း မဟုတ်။ ဤလို စနေနေ့မျိုး၌ ဈေးကို စောစောစီးစီး ပိုက်ဆံလာတောင်းလျှင် အဘယ်သို့သော ဘေးဒဏ်နှင့် တွေ့ရမည်ကို လည်း သူသိ၏။ ယခုလာသည်မှာ ကောင်းသောရည်ရွယ်ချက်နှင့် လာခြင်းဖြစ်၏။

ယနေ့သည် စနေနေ့ဖြစ်သည့်အလျောက် မသိန်းမေလည်း ၁၁ နာရီ

www.burmeseclassic.com

www.burmeseclassic.com



လောက်တွင် မြင်းပွဲသွားမည်ဖြစ်၏။ သို့ မြင်းပွဲသွားတိုင်းလည်း သူ့ဈေးဇန်းကို ဆိုင်နီးချင်းများ အပ်ထားခဲ့ပြီး

'ကြည့်ရောင်းလိုက်ကြပါနော်' ဟု မှာထားခဲ့တတ်၏။ ဤသည်ကို အတာ သိ၏။

ယနေ့နံနက်က အိပ်ရာမှနိုးနိုးချင်း အတာ စိတ်ကူးရခဲ့သည်မှာ သူ့မမေ မြင်းပွဲသွားနေသည့် အချိန်အတွင်း သူ့မမေဆိုင်ကို သူထိုင်၍ ရောင်းပေးမည် ဆိုက သူလည်းမျက်နှာကောင်းရမည်၊ သူ့မမေလည်း ရောင်းသင့်သလောက် ရောင်းရမည်ဟု သူတွေးမိ၏။ ကြိုးစား၍လည်း ရောင်းရအောင် ရောင်းမည်။ နောက်ဆုံး သူ့မမေ၏ လိုက်လျောဖော်ရွေမှုဖြင့် ခွင့်ပြုလျှင်ပင် သူအလွန် ဝမ်းမြောက်မည်ဖြစ်၏။

ထိုရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့၍ ပန်းများကို ငုံ့ရွေးနေသော မသိန်းမေ အနီးသို့ ရောက်သည်နှင့်

'မမေ မြင်းပွဲသွားရင် ကျွန်တော် ဒီပန်းတွေ ထိုင်ရောင်းနေမယ်နော်'

အတာလည်း မရဲတရဲနှင့်ပင် ပြောရင်း သူ့မမေ ရှေ့တွင် ထိုင်ချလိုက် ၏။ ဤတွင်မှ မသိန်းမေက မော့ကြည့်တဲ့ပြီး

'နင် ရောင်းတတ်လို့လား'

'ဘယ်အထုပ်က ဘယ်လောက်ရောင်းရမယ်ဆိုတာ မမေပြောခဲ့ရင် ကျွန်တော် ထိုင်ရောင်းနေမှာပေါ့' ဟု အတာကလည်း သွက်သွက်ကလေး ပြန် ဖြေလိုက်၏။

သနပ်စင်ပန်းများမှာ တစ်ရာထုပ်၊ ငါးဆယ်ထုပ် စသဖြင့် အခက်များ ရေတွက်၍ ငှက်ပျောဖက်များဖြင့် ထုပ်ရောင်းကြသည်ဖြစ်သောကြောင့် အထုပ်လိုက် ဈေးနှုန်းပြောရောင်းလျှင် ဘာမျှခဲယဉ်းစရာမရှိ၊ ဤသည်ကို အတာကလည်းသိ၏။

'အေး၊ ဒါဖြင့် နင် အိမ်မပြန်နဲ့တော့'

ထိုစကား ကြားလိုက်ရသည်နှင့် အတာ့တစ်မျက်နှာလုံးမှာ ပီတိဖြင့်ဖုံးသွား တော့၏။ ယနေ့အဖို့ သူထမင်းမစားရသော်လည်း အရေးမကြီး။ ယခုခံစားလိုက် ရသော ကြည်နူးမှုအရသာနှင့်ပင် သူ တင်းတိမ်မည်ဖြစ်၏။ ထိုမျှလောက် အတာ ပျော်သွား၏။

'အတာ နင် မခင်သက်တို့ဆိုင် သိတယ်မဟုတ်လား၊ အဲဒီဆိုင်က လမ်းကနေပြီး ဟိုဘက်ရုံထဲကို တည့်တည့်ကြီးဝင်သွားရင် ငှက်ပျောဖက်ရောင်း ဆိုင်တွေ တွေ့လိမ့်မယ်'

'ဟုတ်ကဲ့၊ ကျွန်တော်သိတယ် မမေ၊ သရက်သီးသနပ်ရောင်းတဲ့ဆိုင် နားမှာဟုတ်လား'



'အေး သွား၊ ငှက်ပျောဖက်တစ်မတ်ဖိုး သွားဝယ်ချည်၊ ကောင်းကောင်းဟာ ဆေးပါလို့ ပြော'

ဓောင်းထဲမှလွှတ်လိုက်သောမြင်းကလေးပမာ အတာလည်း တစ်ဟုန်တည်း ပြေးတော့၏။ ပြန်ရောက်သောအခါ၌မူ သူ့ရင်ညွန့်ကလေးမှာ တလှုပ်လှုပ် ရှုနှင့် လှိုင်းထသလို မောနေ၏။ သို့သော် မျက်နှာထားမှာ အပြုံးမပျက် ရွှင်ကြီး ရွှင်လျက်ပင်ရှိ၏။

မသိန်းမေလည်း ပန်းများကို အနွမ်း အသန့် ရွေးရင်း ဝယ်သူကိုရောင်းရင်း သစ် ဖက်ဟောင်း လဲထုပ်ရင်းဖြင့် ၁၀ နာရီလောက်တွင်

'လာဦး အတာ၊ သေသေချာချာ မှတ်ထားနော်၊ ဒီဘက်က ငါးဆယ်ထုပ်က ခြောက်မူး ရောင်း၊ ဒီတစ်ရာထုပ်တွေက တစ်ကျပ်စီ၊ ဟောဒီအထုပ်တွေက နှစ်ရာစီပဲရှိတယ်၊ ဒါပေမဲ့ နည်းနည်းညှံ့လို့ ပြောရောင်း၊ သုံးမတ်စီ၊ အဲဒါ ဘယ်ဟာမှ ဒီဈေးထက် မလျှော့နဲ့ မှတ်မိရဲ့လား'

'မှတ်မိပါတယ် မမေ'

'ကဲ ငါသွားမယ်၊ ရော့ ထမင်းဖိုးယူထား၊ ဆာရင် မလှတို့ကို ခဏ ကြည့်ခိုင်းထားခဲ့ပြီး သွားစားချည်'

ဤလို ချိုသာသော မျက်နှာထားဖြင့် မသိန်းမေက စကားရှည်ရှည် ပြောခဲ့မှုသည်မရှိသောကြောင့် အတာတွင် မကြုံဘူးအောင် ဝမ်းမြောက်နေ တော့၏။

'မမေလဲ မြင်းနိုင်လာမယ်၊ ငါလဲ ဒီပန်းတွေ ကုန်သွားအောင်ရောင်း မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ' ဟူ၍ပင် အတာသည် သားရွှေအိုး သဘောမျိုးဖြင့် ရည်စူးရင်း စိတ်ကူးကလေး ယဉ်နေရှာ၏။

မသိန်းမေ ထွက်သွားသည့်အချိန်မှ ညနေ ၂ ချက်တီးလောက်အထိ ကျပ်နှင့် ခြောက်မူးဖိုးတိတိ အတာ ရောင်းရ၏။ အတာ့ဆုတောင်းကား ချက် ပြည့်သွားလေပြီ။

'ကြည့်စမ်း၊ ငါ ခဏလေးရောင်းတာ ငါးကျပ်နဲ့ခြောက်မူးတောင်ရတယ်။ များ မမေက ဘာလို့ မြင်းပွဲသွားချင်ရတာလဲ မသိဘူး၊ မြင်းပွဲဆိုတာတ ရှုံးမှာ ၊ ဒီမှာ ဈေးထိုင်ရောင်းတာကမှ ကောင်းသေးတယ်'

အတာသည် သူရောင်းရသောပိုက်ဆံများကို မကြာခဏဆိုသလို ရေတွက် ၏။ သို့ ရေတွက်ပြီးတိုင်းလည်း သုံးနာရီမျှ ရောင်းရုံဖြင့် ငွေ ခြောက်ကျပ် ဖြစ်ရာ ထိုအထဲမှ အနည်းဆုံး တစ်ကျပ်လောက်မြတ်မည်ဟု အတာတွက် ၏။ ထိုတစ်ကျပ် မြတ်သည်မှာ သေချာသောအလုပ် ဖြစ်လျက် မြတ်သည် အောင်လည်း အရှုံးမရှိ။ ယနေ့မရောင်းရသော် နက်ဖြန် ရောင်းနိုင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမည်သော သန့်စင်ပန်းများမှာ ထားတတ်လျှင် သုံးလေးရက်အထိ မညှိုးမနွမ်းဘဲ လတ်လတ်ဆတ်ဆတ် ရှိတတ်သည်ကို အတာ သိ၏။ မသိန်းမေသည် ပန္နည်းတစ်ခုကို အမြဲစွဲ ပုံသေရောင်းလေ့မရှိ။ ဒူးရင်းသီးပေါ်ချိန်တွင် ဒူးရင်းသီးရောင်း၍ မိုးရာသီဆိုလျှင် ထီး ဆိုသလို ပေါ်ပင်လိုက်၍ ရောင်းတတ်သောကြောင့် မည်သည့်ပန္နည်းကို မည်သည့်ရာသီတွင် ရောင်း၍ အဘယ်ပန္နည်းကို မသိန်းမေ အဘယ်သို့ ပြုပြင်တတ်ကြောင်း အတာ ကောင်းကောင်းသိ၏။

အတာလည်း သူ့ထိုင်ရောင်းနေသော သန့်စင်ပန်းထုပ်များကိုကြည့်ရင်း ပန်းတစ်ထုပ် ရောင်းရလျှင် တစ်မူးတည်းသာ မြတ်သည်ထားဘိဦး၊ ဆယ်ထုပ်ရောင်းရက ငါးမတ်မြတ်မည်ဖြစ်၏။ မြင်းပွဲဆိုသည်မှာ တစ်ခါတစ်ရံ သူ့မေမေ နှစ်ဆယ် အစိတ် ရှုံးခဲ့သည်ဟု ကြားဖူးသဖြင့် မြင်းပွဲဆိုလျှင် အတာ အလွန်မုန်း၏။

'ဘာအသုံးကျသလဲ၊ ခင်ဗျားမြင်းပွဲက ဟင်၊ ကစားဖို့ ဝင်တယ်ဆိုကတည်းက ဝင်ခ နှစ်ကျပ် ရှုံးနေပြီ'ဟု ကိုထွန်းအောင် မကြာခဏပြောဖူးသည်ကို အတာ အမှတ်ရလာ၏။

'ငါ မုန့်ဖိုးတွေစုသလိုသာ မေမေလဲ ဒီမြင်းရှုံးမယ့် ပိုက်ဆံတွေသာ စုထားရင် သူများတွေလို ဆိုင်ကြီးတစ်ခုတော့ ဖွင့်နိုင်မှာပဲ'

သို့လျှင် သူ့မေမေအတွက် တစ်ဖက်က တွေးလိုက်၊ ပတ်ဝန်းကျင်ရှိ ဈေးသည်များကို ကြည့်ကာ မည်သို့ပြော၍ မည်သို့ရောင်းပြီး ဝယ်သူကို မည်သို့ ခေါ်ပုံများကိုပါ အတာသည် ဂရုတစိုက် လေ့လာနေမိ၏။

သူ့ထံသို့ ငွေတစ်ကျပ်တန် လာအမ်းသော ပရုပ်လုံးရောင်းသည့် ကုလားကလေးကိုလည်း အတာသည် သူ့အနီးသို့ခေါ်၍ မေးလားမြန်းလားဖြင့် စုံစမ်းသမှု ပြုနေသေး၏။

'မင်း တစ်နေ့ကို ပရုတ်လုံး ဘယ်လောက်ဖိုးလောက် ရောင်းရသလဲကွ'

'တစ်ခါတလေ တစ်ကျပ်ခွဲရတယ်၊ ရောင်းကောင်းတဲ့နေ့မှာနော် နှစ်ကျပ်သုံးကျပ်ဖိုး ရောင်းရတယ်'

အတာနှင့် ရွယ်တူလောက်ရှိသော ပရုတ်လုံးသည် ကုလားကလေးက အတာအား စိတ်ရှည်လက်ရှည် ပြောပြ၏။

'ဒါဖြင့် တစ်နေ့ကို အမြတ်တွေ အများကြီးရမှာပေါ့နော်'

'အများကြီးမရဘူး၊ တစ်ကျပ်ဖိုးရောင်းရရင်နော် သုံးမူးလောက် မြတ်တယ်'

အတာလည်း နောက်ထပ် ဘာမျှမမေးနိုင်တော့ဘဲ သူ့တွက်ကိန်းနှင့်သူ စဉ်းစားခန်းဝင်နေမိ၏။

'တစ်ကျပ်ဖိုးရောင်းရရင် သုံးမူးမြတ်တယ်ဆိုတော့ တစ်နေ့ကို တစ်ကျပ်ခွဲဖိုး ရောင်းရတောင်'ဟု လက်ကလေးချိုး၍ ရေတွက်နေပြီးမှ



'တစ်နေ့ကို ငါးမူးတစ်ပဲ မြတ်မယ်၊ မနက်တစ်ပဲ ညတစ်ပဲ ထမင်းစားလိုက်ရင် အိုလေ တစ်နေ့သုံးပဲဖိုး စားတောင် သုံးမူးစုနိုင်မှာပဲ၊ တစ်နေ့ သုံးမူးဆိုတော့ တစ်လကြာရင်'

အတာတွင် သူ့စိတ်ကူးနှင့်သူ မြတ်ပြီး ဆိုင်ကြီးတွေပါ အတွေးနှင့်ဘည်နေတော့၏။ အရောင်းအဝယ်ကိုလည်း သူစိတ်ဝင်စားလာ၏။ ကျောင်းသာကို အမြတ်တနိုး လိုလားသည် မှန်သော်လည်း မုန့်ဖိုးကအစ ဆိုသလို အထစ်ထစ်အငေါ့ငေါ့ ရှိနေသောကြောင့် အတာ စိတ်ပျက်ခဲ့သည်မှာ ကြာပြီဖြစ်သည့်အတိုင်း စောစောက ကုလားကလေးကဲ့သို့ ဈေးရောင်းရလျှင် ကောင်းလေမည်လားဟု စိတ်ကူးလေးယဉ်နေမိ၏။

'မင်းကြီးလာရင်ကော ဘာလုပ်မလဲ အတာ'

'ကျွန်တော် ဝတ်လုံလုပ်မယ်' ဟု အတာသည် ကိုထွန်းအောင် အမေးကို ခပ်သွက်သွက် အဖြေပေးခဲ့ဖူး၏။

စနေနေ့ ကျောင်းအားရက်များတွင် ကိုထွန်းအောင်သည် အတာအား မကြာခဏဆိုသလို ရုံးသို့ ခေါ်သွားဖူး၏။ ပုလိပ်ရုံးပေါ်တွင် သွားလာနေကြသော ဝတ်လုံကြီးများ ရှေ့နေများကို အတာ အလွန်သဘောကျ၏။ သူ့မျက်စိထဲ၌ ဝတ်လုံကြီးများ ဝတ်ဆင်သည့် ဝတ်ရုံနက်ကြီးများသည် အလွန် ခန့်ညားထည်ဝါ၍ အကျက်သရေရှိသည်ဟု သူယူဆ၏။ သူကိုယ်တိုင်လည်း ဝတ်ချင်လာ၏။

'အဲဒီ ကွတ်အင်္ကျီအနက်တွေနဲ့ လူကြီးတွေက ဘာလဲ ဟင်'

ထိုထိုဝတ်လုံများကို ပထမဆုံးအကြိမ် မြင်ဖူးစဉ်က အတာသည် ကိုထွန်းအောင်အား ဤလို မေးခဲ့၏။

'အဲဒါ ဝတ်လုံခေါ်တယ်ကွ' ဟု ကိုထွန်းအောင်က သာမန်မျှဖြေလိုက်သည်ကို

'သူတို့က ဘာလုပ်ရသလဲ၊ ဒီရုံးက စာရေးတွေလား'

'မဟုတ်ဘူးလေကွာ၊ သူတို့က အမှုဖြစ်တဲ့လူတွေကို အမှုကလွတ်အောင် ပြောပေးရတဲ့ လူတွေပေါ့ကွ'

'ဘယ်လိုလဲ၊ သူတို့ပြောပေးရင် ဘာမှုမဆို လွတ်တာပဲလား'

ထိုမေးခွန်းအတွက် ကိုထွန်းအောင် အတော်ကလေး ဦးနှောက်ခြောက်သွားခဲ့ရ၏။

'ဒီလို ဘယ်ဟုတ်မလဲကွ၊ မတရားသဖြင့် အထင်မှားပြီး အနိုင်ခံရတဲ့ သူတွေကိုသာ လွတ်အောင်လုပ်ပေးတာပေါ့'

'သူတို့ကိုကော လွတ်အောင်ပြောပေးတဲ့အတွက် ပိုက်ဆံပေးရလား ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ပေးရတာပေါ့'

အတာကလေး ရုတ်တရက် တွေသွားရာမှ

'မတရား အဖမ်းခံရတဲ့လူတွေက ကိုယ့်ဟာကိုယ် လွတ်အောင် ပြောလို့ မရဘူးလား၊ ဟင်'

'ဟာ ဒီကောင်လေး' ဟု ကိုထွန်းအောင်လည်း အတာ့ မေးခွန်းကို သဘောကျသွားသလို ပါးကလေးဆွဲလိမ်ရင်း ရေရွတ်လိုက်ပြီးမှ

'တချို့က ကိုယ့်ဟာကိုယ် မပြောတတ်ဘူးကွ၊ ဒါကြောင့် သူတို့ကို ငှားပြီး ပြောခိုင်းရတာပေါ့၊ ဒီမှာ အတာ၊ မင်းနဲ့ ပွဲကတော်ကြီးသား ဝင်းမောင်နဲ့ ဘယ်သူက စကားတတ်သလဲ'

'မမသက်တို့က ပြောတော့ ကျွန်တော် စကားတတ်တယ်တဲ့'

'အေး အဲသလိုပေါ့ကွ၊ ဒီဝတ်လုံဆိုတဲ့ လူတွေက သိပ်စကားတတ်တယ်၊ ဒါကြောင့် သူတို့ကို အပြောခိုင်းရတာပေါ့၊ ကဲ အတာ၊ မင်းကော ကြီးလာရင် ဘာလုပ်မလဲ'

'ဝတ်လုံလုပ်မယ်'

'ဘာဖြို့လို့လဲကွ'

'ဝတ်လုံဆိုတာ ဒုက္ခရောက်နေတဲ့ လူတွေကို ကယ်ဆယ်ရတယ် မဟုတ်လား၊ ကုသိုလ်လဲရတယ်၊ ပိုက်ဆံလဲရတယ်၊ ပြီးတော့ သူတို့ ကွတ်အကျႌကြီးတွေက သိပ်လှတာပဲ'

'အေး၊ ဒါဖြင့် မင်း ပညာကို ကြိုးစားပြီးသင် ဟုတ်လား'

ဤသည့် နောက်ကြောင်းကလေးများကို တွေးမိပြန်သော အခါ၌လည်း အတာသည် ပရမ်လုံး ကုလားကလေးကဲ့သို့ ဈေးရောင်းချင်သော စိတ်များပျောက်ပျက်သွားပြန်တော့၏။ သို့ အရွယ်နှင့်မမျှအောင် နောင်ရေးအတွက် ပူပင်သောက တွေများပြီး အားငယ်စွာ တွေးရင်းနှင့်ပင် ညနေ ငါးနာရီထိုးခဲ့ပြီ ဖြစ်သဖြင့် သူများနည်းတူပင် ဈေးဗန်းကို ကူလီနှင့် သယ်၍ အိမ်သို့ပြန်ခဲ့၏။

ည ၇ နာရီထိုးသည့်တိုင်အောင် မသိန်းမေပြန်ရောက်မလာသေး။ နံနက်ပိုင်းက သူ့မေမေပေးခဲ့သော ပိုက်ဆံတစ်ပဲမှာ နံနက်စာဝယ်စားခဲ့၍ ကုန်ပြီဖြစ်ရာ ညစာအတွက် အခုထိ သူမစားရသေး။ ဈေးရောင်းထားသော ပိုက်ဆံများ လက်ထဲ၌ ရှိသည် မှန်သော်လည်း ထုတ်နုတ်သုံးစွဲရန်သူမဝံ့။ မပုလေးတို့ဆိုင် သွားစားရမည်မှာလည်း 'နောက်တစ်ခါ လာစားရင် ပိုက်ဆံယူခဲ့နော်' ဟူသော စကားအရ သွားစား၍မဖြစ်။ သူ့တွင် ယမန်နေ့က စုထားခဲ့သော ပိုက်ဆံတစ်မူးထဲမှ စိုက်ထုတ်စားထားနှင့်ပြီး သူ့မေမေပြန်လာ၍ ထမင်းဖိုးပေးမှ ပြန်ဖြည့် လိုက်လျှင်လည်း ပြီးနိုင်သည်ဟု အတာသည် ဆာဆာနှင့် ဤလို အကြံရစေကာမူ



'အို ဒီလိုလဲ မဖြစ်သေးပါဘူး၊ တော်ကြာ မေမေက ထမင်းဖိုးမပေးဘဲ ဒေါ်ပုလေးတို့ဆိုင် သွားစားချည်ဆိုမှဖြင့်'

အတာလည်း သူ့ပိုက်ဆံကလေး အချောင်ဆုံးရမည့် ဘေးကိုလည်း တွေးပူမိသဖြင့် အဆာခံ၍ပင် သူ့မေမေအား မျှော်မိနေတော့၏။

အတာကလေး အိမ်ပေါ်တွင် စာကျက်နေခိုက် ၈ နာရီလောက်တွင်မှ မသိန်းမေ ပေါက်လာကာ

'ဘယ်မလဲ အတာ၊ ရောင်းရတဲ့ပိုက်ဆံတွေပေး' ဟု အေးအေးလူလူ အမူအရာဖြင့်ပင် မသိန်းမေက တောင်းလိုက်သောကြောင့် ခြောက်ကျပ်တစ်မတ်တိတိသော ရောင်းရငွေများကို အတာလည်း ရောင်းရသည့် ပန်းထုပ်အရေအတွက်နှင့်တကွ ပေးအပ်လိုက်၏။

'မေမေ နိုင်လာတယ်ထင်ပါရဲ့'

စူစူအောင့်အောင့် မဟုတ်သော သူ့မေမေ၏ အမူအရာကိုကြည့်လျက် ဤလို မှတ်ချက်ချလိုက်၏။ သို့သော် သူ မမေးဝံ့။

'ဒေါ်ဒေါ်၊ ဒီည ဘာစားရမှာလဲ၊ ဒေါ်ဒေါ် တွဲပွဲတိုက်လာတယ်ဆို'

အောက်ထပ်မှ လှမ်းမေးလိုက်သော မခင်သွယ်၏ အသံကြောင့်

'တွဲပွဲတိုက်တာသာ နာမည်ကြီးတာပါအေ၊ လျော်တော့ ငွေကလေး ဆယ့်ရှစ်ကျပ်ရယ်'

'ဒါ ခြောက်ဆယ်လောက် နိုင်တယ်ဆို'

'တောက်တီးတောက်တဲ့အေ၊ စုစုပေါင်းမှ သုံးဆယ့်ငါးကျပ်လောက်ပဲ နိုင်တာပါ'

ထိုစကားအရ သူ့မေမေ နိုင်လာသည်ကို အတာ အသိအမှတ်ပြုလိုက်၏။ သူ့တွက်ကိန်းလည်း ကိုက်သွားသောကြောင့် ဝမ်းသာအားရနှင့် ပထမဆုံး သူသတိရသည်မှာ

'ဒီလိုဆို တနင်းလာနေ့တော့ မေမေ ကျောင်းလခပေးနိုင်မှာပဲ' ဟူ၍ပင် ဖြစ်၏။

'နင် ထမင်းစားပြီးပလား'

'မစားရသေးဘူး မေမေ၊ ကျွန်တော့်ဆီ ပိုက်ဆံမှ မရှိဘဲ'

'ဒါဖြင့် သွား မပုလေးဆိုင်မှာ သွားစားချည်'

အတာ ကြိုတင် ထင်မြင်ခဲ့သည့်အတိုင်းပင် မပုလေးဆိုင်သို့ [illegible] ပြန်လေပြီ။ အတာကား မသွားလိုကြောင်း ပြောပြရန်မှာ ယနေ့သည် အခွင့်အသာဆုံး ဖြစ်သည့်အတိုင်း

'မနေ့တုန်းက ကျွန်တော် ထမင်းသွားစားတော့လေ'

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို အစချို၍ အတာလည်း ယမန်နေ့ညက ကြုံရသည့်အဖြစ်ကို ရှင်းပြလိုက်၏။

'ဟင် သူတို့က ဒီလိုပဲ ပြောသလား၊ နေပေစေ၊ ငါ ထိပ်ဝသွားမှဒင်းတို့ သိမယ်' ဟု စိတ်ဆိုးသွားသလို ရေရွတ်လိုက်ပြီးမှ အတာအား မုန့်စေ့ကလေး တစ်စေ့ကို ပစ်ပေးရင်း

'သွား နင့်ဟာနင် စားချင်တာ သွားစား၊ ပြန်မပေးနဲ့တော့'

အတာလည်း ထနုန်မိတော့မလောက် ဝမ်းမြောက်သွားရှာ၏။ အပျော်တမျိုး ဆင်းလာခဲ့သော အတာလည်း လမ်းထိပ်သို့ ရောက်သည့်တိုင်အောင် သူ့ ဘာစားရမည်ကို ဝေခွဲမရသေး။ နောက်ဆုံး၌ ယခုအတောအတွင်း သူ့စုဗူး မှာ ကျေနပ်အားရဖွယ် ကောင်းလောက်အောင် မရှိသေးသည်ကို တွေးမိသည်၌ အတာလည်း ဝက်ရိုးဝက်ခေါက်တို့ဖြင့် ဗုန်းပေါ်လအောာ ကျိုထားသည့် ဆန်ပြုတ် နှစ်ပြားဖိုးနှင့်ပင် ထိုညအဖို့ ထမင်းကိစ္စ ပြီးလိုက်တော့၏။

မနေ့က သူ့မေမေ မြင်းပွဲသွားစဉ် ဈေးရောင်းခဲ့သော အတွေ့အကြုံ နှင့် ပတ်ဝန်းကျင်၏ အရောင်းအဝယ်ကိစ္စများကို စိတ်ဝင်စားခဲ့သော အတာ သည် ယနေ့ တနင်္ဂနွေနေ့တွင်လည်း ခပ်စောစောပင် သူ့မေမေရှိရာ ဈေးသို့ ထွက်လာခဲ့၏။

မနေ့က သူ့မေမေ မြင်းပွဲသွားစဉ် ဈေးရောင်းခဲ့သော အတွေ့အကြုံနှင့် ပတ်ဝန်းကျင်၏ အရောင်းအဝယ်ကိစ္စများကို စိတ်ဝင်စားခဲ့သော အတာသည် ယနေ့ တနင်္ဂနွေနေ့တွင်လည်း ခပ်စောစောပင် သူ့မေမေရှိရာဈေးသို့ ထွက်လာ ခဲ့၏။

ထိုခေတ်ကဆိုလျှင် ကုန်တိုက်ဖြစ်စေ၊ ဈေးဆိုင်ဖြစ်စေ ဖွင့်ချင်သော နေ့တွင် ဖွင့်ရောင်းနိုင်၏။ ပိတ်ချင်သောနေ့တွင် ပိတ်နိုင်၏။ ထို့ကြောင့်ပင် တနင်္ဂနွေနေ့ဖြစ်သော်လည်း သိမ်ကြီးဈေးနှင့်တကွ ပတ်ဝန်းကျင်ရှိ အထည်တိုက် ကြီးများပါမကျန် အားလုံးလိုလိုပင် ဖွင့်လှစ်ရောင်းချနေကြ၏။

တနင်္ဂနွေနေ့ဖြစ်၍ ရုံးအလုပ်သမားများ အားလပ်ခွင့်ရသောကြောင့် လည်း ဈေးမှာ ခါတိုင်းနေ့များထက် ပို၍ စည်ကားနေ၏။

တစ်ဖန် ထိုခေတ် ထိုအခါကဆိုလျှင် ယခုကာလမှာကဲ့သို့ လူအများ လမ်းလျှောက်၍ မရနိုင်လောက်အောင် ပလက်ဖောင်းများပေါ်တွင် ဆိုင်များ တည်ခင်း ရောင်းချရန်မဆိုထားဘိ။ ဗန်းကလေးတစ်ခုမျှပင် လူသွားစင်္ကြံပေါ်၌ ချ၍ မရောင်းရ၊ ရောင်းလျှင် မြူနီစီပယ်ပုလိပ်များက ဖမ်း၏။

တနင်္ဂနွေနေ့၌မူ ရုံးများပိတ်သဖြင့် မြူနီစီပယ်ပုလိပ်များလည်း အလုပ် ပိတ်သောကြောင့် ဈေးသည်များမှာ ထိုနေ့တစ်နေ့တည်းပင် လူသွားပလက်ဖောင်း



များတွင် ချ၍ ရောင်းနိုင်ကြ၏။ သို့တိုင်အောင် စိတ်အေးလက်အေး မရောင်းရ။ အလစ်အလစ်တွင် မြူနီစီပယ်ပုလိပ်က လာ၍ ဖမ်းတတ်သောကြောင့် သတိနှင့် ရောင်းကြရ၏။ မြူနီစီပယ်ပုလိပ်များလာလျှင် ကိုယ့်ပစ္စည်း ကိုယ်သယ်၍ ထွက်ပြေးကြရ၏။

ယနေ့လည်း တနင်္ဂနွေနေ့ဖြစ်သည့်အတိုင်း သိမ်ကြီးဈေးတစ်ဝိုက်ရှိ လူသွားစင်္ကြံများမှာ ဈေးသည်မျိုးစုံဖြင့် ပြည့်ကျပ်နေတော့၏။

'တစ်ကိုက်တစ်မတ်စီ လျှော့ဈေး၊ တစ်ကိုက်တစ်မတ်' ဟု တကြော်ကြော် အော်နေသည့် ရှပ်ဖျင်ရောင်းသော ကုလားများအသံသည်လည်းကောင်း၊

'ငါးမူးစီ ငါးမူးစီ ကြိုက်တာယူ တစ်ထည်ငါးမူး' ဟူသော မြန်မာလုံချည် သည် အသံများကိုလည်းကောင်း၊

'ခြောက်ပြားစီ ခြောက်ပြားစီ' ဟု အော်ရင်း ထင်းရှူးပြားတစ်ချပ်ပေါ်တွင် ဖန်ခွက်ဖင်ပိုင်းကို ရိုက်ပြနေသံများကိုလည်းကောင်း

ကော်စမတစ်၊ ပေါင်ဒါ၊ ရေမွှေး၊ သွားပွတ်တံ၊ ကော်ဘီး၊ မှန် စသည့် ပစ္စည်းအမျိုးပေါင်း နှစ်ဆယ်ကျော်လောက်ကို ဖြန့်ကြဲ ခင်းကျင်းထားပြီး 'လိုချင်တာယူပါ ဆယ်ပြား၊ ကြိုက်တာယူပါ ဆယ်ပြား၊ လက်ပတ်ကြိုးလဲ ဆယ်ပြား၊ ပုလဲပုတီးလဲ ဆယ်ပြား' စသဖြင့် အမျိုးမျိုး ဟစ်အော် ရောင်းချ နေသော အသံများကိုလည်းကောင်း

အတာသည် အလွန့်အလွန် သဘောကျသော အမူအရာဖြင့် နားစွင့်လျက် ရှိ၏။ မျက်လုံးကလည်း အငြိမ်မနေ တောင်မြောက်လေးပါးကို အကဲခတ်ရင်း အရောင်းအဝယ်လုပ်ငန်းတွင် အတော်ကလေး စိတ်ဝင်စားနေ၏။ သူ့စိတ်ထဲတွင် ပျော်စရာကောင်းသော အလုပ်ဟူ၍လည်း မှတ်ချက်ချမိ၏။

မနေ့က ဈေးကူရောင်းပေးခဲ့သော အရှိန်ကြောင့်လား မသိ၊ အတာကလေး ဈေးသို့လိုက်လာ၍ သို့လျှင် ပူးပူးကပ်ကပ် ရှိနေသည်ကို မသိန်းမေလည်း တစ်စုံတစ်ရာ ဘာမျှ မပြောဘဲ ကြည်ကြည်ဖြူဖြူ ခွင့်ပြုထားရာမှ

'အတာ ရော့၊ ဟောဒီ လက်မှတ်တွေ ကြည့်စမ်း' ဟု ပြောရင်း မသိန်း မေက အပေါင်လက်မှတ် သုံးလေးစောင်ကို လှမ်းပေးလိုက်၏။

အတာကလေး ကျောင်းရောက်၍ ပထမတန်းတွင် လေးငါးလ သင်မိသည် ဆိုလျှင်ပင် ဇန်နဝါရီ၊ ဖေဖော်ဝါရီ စသော အင်္ဂလိပ်လအမည်များကို သွက်သွက် ရွတ်ဆိုနိုင်ခဲ့သည်သာမက စာလုံးပေါင်းကိုလည်း ကျင်လည်စွာ ရေးနိုင် ခဲ့၏။ အိမ်တွင်လည်း လေ့ကျက် ရွတ်ဆိုနေတတ်သောကြောင့် သူ့အတတ် ပညာကို မသိန်းမေသည် အပေါင်ဆိုင်လက်မှတ် နေ့စွဲ ကြည့်ခိုင်းခြင်းအားဖြင့် ချေးဦးစွာ အသုံးချလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အတာသည် အပေါင်လက်မှတ်များကိုကြည့်၍

'ဒါက ဩဂုတ်လ ခြောက်ရက်နေ့က ပေါင်တာမေမေ၊ ဒီနေ့ ဒီဇင်ဘာလ ဆယ်ရက်ဆိုတော့ လေးလ ကျော်ပြီ'

'ဒါဖြင့် ငါးလတွက် ပေးရမှာပေါ့၊ အဲဟို တစ်စောင်ကကော' စသဖြင့် မသိန်းမေက မေးလိုက်၊ အတာက တွက်ပေးလိုက်ဖြင့် နောက်ဆုံးတွင် အပေါင်လက်မှတ် လေးစောင်နှင့်အတူ ငွေဆယ့်ရှစ်ကျပ်ကို အတာ့လက်အပ်ရင်း

'ကဲ အဲဒါ သွားရွေးချည်'

အတာလည်း လက်မှတ်နှင့် ပိုက်ဆံများကို ဂရုတစိုက် ဆုပ်ကိုင်ကာ မောင်ခိုင်လမ်း (ယခု ဗိုလ်ရွှေလမ်း) ထိပ်ရှိ အပေါင်ဆိုင်ဘက်သို့ လျှောက်လာခဲ့၏။

'ဒီလုံချည်တွေ ခုရွေးပြန်ပြီ၊ တော်ကြာ မြင်းပွဲသွားစရာရှိရင် ပေါင်ဦးမှာပဲ' ဟု ညည်းညည်းညူညူ ရေရွတ်ရင်းပင် အပေါင်ဆိုင်ထဲသို့ လှမ်းဝင်သွားတော့၏။

ထိုခေတ်ကဆိုလျှင် မည်သည့်ကုန်တိုက် ဈေးဆိုင်မဆို မည်သည့်အချိန်ဖွင့်၍ မည်သည့်အချိန် ပိတ်ရမည်ဆိုသော စည်းကမ်းသတ်မှတ်ချက်မျိုး မရှိ။ အပေါင်ဆိုင်များပင်လျှင် နံနက် ခုနစ်နာရီလောက်တွင် ဖွင့်၍ ည ရှစ်နာရီမှ ပိတ်၏။ တနင်္ဂနွေနေ့ပင် ဖြစ်စေ တစ်နေ့လုံး ဖွင့်ထားပြီး ည ရှစ်နာရီမှပင် ပိတ်၏။

အပေါင်ဆိုင်စည်းကမ်းတွင် အပေါင်ရော အရွေးပါ ကလေးများကိုလက်မခံရသော်လည်း မသိန်းမေမှာ ဖောက်သည်လိုဖြစ်နေသည်နှင့် မသိန်းမေ၏ မှာကြားထားချက်အရ အတာကို သိနေကြ၏။ ပေါင်ပေါင် ရွေးရွေး လက်မနေးဘဲပေးလိုက်တတ်သည်ဖြစ်သောကြောင့် အတာလည်း သူ့မေမေ မှာသည့်အတိုင်းပင် ရွေးလာသော လုံချည်ခြောက်ထည်ကို အိမ်တွင် ဝင်ထားခဲ့ပြီးမှ သူ့မေမေထံပြန်လာ၏။

ပိုလာသော အကြွေ များကို အတွက်ကျ ပြန်အပ်သည်နှင့် မသိန်းမေက ပဲစေ့တစ်စေ့ ပြန်ပေးပြီး ထမင်းအစားခိုင်းလိုက်သောကြောင့် ဈေးချိုဘက်သို့ ထွက်သွားကာ ခေါက်ဆွဲကြော် နှစ်ပြားဖိုးမျှသာ စားပြီး ပြန်လာခဲ့၏။ ထိုနေ့အဖို့ အတာလည်း မရမက နှစ်ပြားမျှကိုပင် ရအောင် စုလိုက်ချေသေး၏။

တကြော်ကြော် အော်ဟစ်ရောင်းချနေသော ဈေးတန်းတစ်လျှောက် လျှောက်လာခဲ့ရာမှ အတာသည် ဆိုင်တစ်ဆိုင်ရှေ့တွင် ရုတ်တရက် တန့်သွားကာ အတန်ကြာသည့်တိုင်အောင် တွေကြည့်နေမိ၏။

ထိုဆိုင်မှာ လူကြီးဝတ်စွပ်ကျယ်အင်္ကျီများက တစ်ပုံ၊ ကလေးဝတ်များက တစ်ပုံ၊ မျက်နှာသုတ်ပဝါများက တစ်ပုံ စသဖြင့် သူ့အပုံနှင့်သူ ခင်းထားပြီး 'တစ်မတ်စီ၊ သုံးပဲစီ' စသဖြင့် ဟစ်အော် ရောင်းချနေသော စွပ်ကျယ်ဆိုင်



ဖြစ်၏။ အတာ၏ မျက်လုံးများသည် သုံးပဲစီဆိုသော ကလေးဝတ်စွပ်ကျယ်များဆီတွင် အာရုံစိုက်နေ၏။

အတာ သဘောကျမည်ဆိုကလည်း ကျစရာပင်။ ထိုကလေး စွပ်ကျယ်များမှာ အတာတို့အရွယ်ဝတ် ခေါင်းစွပ် လက်စကဖြစ်လျက် လက်ဖျားနှင့် လည်ပင်းအကွပ်များမှာ အနီ၊ ချော့ကလက်၊ အစိမ်း၊ အပြာ စသည်ဖြင့် ရောင်စုံ ဆိုးထားသည်ဖြစ်သောကြောင့် ကိုယ်ထည်အဖြူနှင့် အလွန်ပနံရလှ၏။ အထူးသဖြင့် ကလေးကြိုက် အဆင်ကလေးများ ဖြစ်သည့်အတိုင်းလည်း အတာသည် ထိုစွပ်ကျယ်ဆိုင်နားမှ မခွာနိုင်အောင် ဖြစ်နေတော့၏။

ကြည့်၍ ဝသလောက်ရှိမှ အတာလည်း ထိုဆိုင်အနီးမှ ထွက်အလာတွင် လှမ်းမကမ်း၌ ပစ်ထားသော စွပ်ကျယ်သေတ္တာအလွတ်များကို မြင်သည်နှင့် အတာလည်း ကလေးတို့သဘာဝအတိုင်းပင် သေတ္တာလွတ်များကို ကောက်ရန် စွပ်ကျယ်ဆိုင်ဘေးမှ ကွေ့သွားပြီး

'အရာကြီး ဟိုသေတ္တာတွေ ပစ်ထားတာလား ဟင်' ဟု ဆိုင်ရှင်အား မေးလိုက်သေး၏။

'အေး၊ မင်းလိုချင်ရင် ယူသွား' ဟု ဆိုင်ရှင်ကုလားက ခွင့်ပြုလိုက်သည်နှင့် အတာလည်း တမွေ့တပိုက်ပင် သူနိုင်သလောက် ရွေးကောက်ယူသွား၏။

အတာလည်း ထိုသေတ္တာအလွတ်ကလေးများကို မသိန်းမေရှိရာသို့ ယူသွားဘဲ 'အိမ်ရှုပ်တယ် မယူသွားရဘူး' ဟု တားမြစ်မည်ကိုလည်း စိုးရိမ်ရသေးသည်နှင့် မသိန်းမေ မမြင်နိုင်သည့် လမ်းတစ်ဖက်မှ ကွေ့ယူသွား၏။ မောင်ခိုင်လမ်း (ယခု ဗိုလ်ရွှေလမ်း) ထိပ်သို့ ရောက်သည်နှင့်

'ဟေ့ကောင်လေး အဲ့ဒီသေတ္တာ ရောင်းမယ်လား' ဟု တရုတ်ဖိနပ်ဆိုင်မှ ခေါ်မေးသဖြင့် အတာက ဝမ်းမြောက်ဝမ်းသာ ခေါင်းညိတ်ပြလိုက်၏။

'ဘယ်လောက်လဲ ကောင်လေး'

'ကျွန်တော် မသိဘူး၊ ထောင်ကဲ ပေးချင်သလောက်ပေးပါ'

အတာသည် ရသလောက်အမြတ်ပဲဟု သဘောထားကာ ရိုးရိုးပင် ပြောလိုက်၏။ ဖိနပ်ဆိုင်မှ တရုတ်လည်း ရှစ်လုံးမျှသော စွပ်ကျယ်သေတ္တာများကို ယူထားပြီး အတာအား မုန့်ဝယ်စားဟုဆိုကာ ပိုက်ဆံနှစ်ပြား ပေးလိုက်၏။

'နောက်ထပ် ယူဦးမလား ထောင်ကဲ၊ ကျွန်တော် သွားယူခဲ့မယ်'

'အေး သွားယူလာ၊ များများရတယ်နော် များများမုန့်ဖိုးပေးမယ်' ဟုပြောလိုက်သည်နှင့် အတာလည်း စွပ်ကျယ်ဆိုင်နားဆီသို့ သုတ်ချေတင်ပြေးတော့၏။ သို့သော် အတာကလေး ထိုဆိုင်နား မရောက်တရောက်မှာပင် ဒိုင်း သေတ္တာလွတ်များကို ကျကျနန ကြိုးဖြင့် စည်း၍ ထမ်းလာသော တရုတ်သိန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရသည်နှင့် အတာတွင် အကြီးအကျယ် စိတ်ပျက်သွားရှာတော့၏။

'တောက် ငါ နည်းနည်းကလေးနောက်ကျသွားတယ်' ဟု မချင့်မရဲ ရေရွတ်မိပြီးမှ

'ဒီဘိန်းစား ကောက်လာတာ ဟိုဆိုင်နားကမှ ဟုတ်ရဲ့လား မသိဘူး' ဟူသော သံသယကလေးဖြင့် အတာသည် အပြေးကလေး သွားကြည့်လိုက်မိသေး၏။ သေတ္တာလွတ်ဆို၍ အစုတ်အပြဲ တစ်လုံးတလေပင် မတွေ့ရတော့မှ လက်မှိုင်ချ၍ အတာ ပြန်လာခဲ့တော့၏။

'ခုန ဘိန်းစား သယ်သွားသလောက်ဆိုရင် အနည်းဆုံး တစ်ပဲလောက်တော့ ရမှာပဲ'

ဤသို့လည်း အားမလိုအားမရဖြင့် ရေရွတ်လိုက်မိသေး၏။

'ဟဲ့ အတာ လာစမ်း'

စိတ်ပျက်လက်ပျက်နှင့် လျှောက်လာခဲ့၍ မသိန်းမေတို့ဆိုင်နှင့် မျက်စောင်းထိုး နေရာသို့အရောက်တွင် ဆိုင်တစ်ဆိုင်မှ ခေါ်လိုက်သဖြင့်

'ဘာလဲကြီးကြီး ဟင်'

'လာဦး၊ ဒီမှာ ခဏထိုင်ရောင်းနေစမ်း၊ ကြီးကြီး အိမ်သာခဏသွားချင်လို့နော်၊ တစ်ထည်ကို ခြောက်မူး၊ သိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ ဒါပေမဲ့ မေမေ့ကို ပြောပါဦး'

'သြော် အေး၊ ဟေ့ မသိန်းမေ ညည်းသားကို ခဏစောင့်ခိုင်းထားမယ်နော်'

မသိန်းမေ ခေါင်းညိတ်ပြလိုက်မှ အတာလည်း ရဲရဲဝံ့ဝံ့ ထိုင်လိုက်တော့၏။ ပထမသော် အတာသည် အော်၍ရောင်းရမည်ကို ရှက်နေသဖြင့် ရီးရီးပင်ထိုင်နေ၏။ သို့သော် ပတ်ဝန်းကျင်ရှိ ဆိုင်တိုင်းလိုလိုကပင် တကြော်ကြော် အော်ဟစ်ရောင်းချနေသဖြင့် သူ တဖြည်းဖြည်း စိတ်ပါလာကာ

'လုံချည်လေးတွေ ခြောက်မူးစီ' ဟု အစမ်းသဘောမျိုး အော်ကြည့်၏။ ရှက်သလိုလိုရှိနေသောကြောင့် အသံမှာ တုန့်ခါခါဖြစ်နေ၏။ တစ်ကြိမ်မှ နှစ်ကြိမ် စသည်ဖြင့် လေးငါးကြိမ်လောက် အော်မိသောအခါ အတာ ရဲလာ၏။ လျှာကလေးပါ သွက်နေပြီး

'ဟောဒီမှာ အင်းလေးဆင် လင်မနစ်လုံချည်ကလေးတွေ၊ ခြောက်မူးစီ လျှော့ဈေးနဲ့ ရောင်းနေပြီနော်' ဟူ၍ပင် အော်ဝံ့ဟစ်ဝံ့သည်အထိ လျှာရဲအာရဲ ဖြစ်လာတော့၏။ ဆိုင်ရှင်ဖြစ်သူ ပြန်ရောက်လာသည့် ဆယ်မိနစ်လောက်အတွင်း၌ အတာသည် လုံချည်သုံးထည်တိတိ ရောင်းလိုက်၏။

'အမယ် ငါ့တူက အဟုတ်ကြီးပဲ၊ ကဲ မင်း အားနေတာပဲမဟုတ်လား



အတာ၊ ထိုင်ရောင်းနေနော်၊ ကြီးကြီး ဟိုဘက်ဈေး ခဏသွားလိုက်ဦးမယ်'

ထိုဆိုင်ရှင် ထွက်သွား၍ လေးငါးမိနစ်ပင် မရသေးမီ ဘတ်စ်ကားတစ်စီးဖြင့် အပြည့်ရောက်လာသော မြူနီစီပယ်ပုလိပ်များက ပလက်ဖောင်းပေါ်ရှိ ဈေးသည်များကို တွေ့မရှောင် လိုက်ဖမ်းသောကြောင့် ဤအဖြစ်မျိုး ကြုံဖူးနေပြီဖြစ်သော အတာလည်း ခင်းထားသော ဖယောင်းပုဆိုးကို ထောင့်လေးစသိမ်းဆွဲပြီး ဈေးထဲသို့ ပြေးဝင်သွားတော့၏။

မိသူမိ၊ ပြေးသူပြေးနှင့် ရှုပ်ထွေးနေစဉ်မှာပင် လုံချည်သည်ရောက်လာကာ သူ့လုံချည်တွေပင် ဖမ်းသည့်အထဲ ပါသွားလေပြီလား ဟူသော စိုးရိမ်မှုဖြင့် အတာအား ပျာပျာသလဲ လိုက်ရှာ၏။

'ဒီမှာ ကြီးကြီး' ဟု လှမ်းခေါ်လိုက်သော အတာကလေးအား ဖယောင်းပုဆိုးဖြင့် သပ်ရပ်စွာထုပ်ထားသော လုံချည်များနှင့်အတူ တွေ့လိုက်ရမှ

'အမယ်လေး အတာရယ်၊ ကြီးကြီးဖြင့် တစ်ကိုယ်လုံးကို ထူပူသွားတာပဲ၊ ငါ့တူက အတော်လည်တာပဲပါလား၊ ဟော'

ဝမ်းသာအားရပြောရင်း အတာ့ကိုပါ ဖက်၍နမ်းလိုက်ပြီးမှ

'ရော့ မင်းမုန့်ဝယ်စား' ဟု ပြောရင်း လုံချည်သည်က အတာ့လက်ထဲ ထည့်ပေးလိုက်သည်မှာ ငွေမတ်စေ့ကလေးဖြစ်သောကြောင့် အတာတွင် အံ့သြဝမ်းမြောက်သွားသော မျက်နှာကလေးဖြင့် မော်ကြည့်နေမိရှာ၏။

'ကဲ အတာ၊ ပြန်တော့'

'ဟင် ကြီးကြီး မရောင်းတော့ဘူးလား၊ မြူနီစီပယ်ပုလိပ်တွေက ခု ပြန်သွားကြမှာပဲ'

'နေပစေတော့၊ ကြီးကြီးလဲ သွားစရာရှိသေးတယ်၊ နောက်တနင်္ဂနွေနေ့ သူတော့လဲ မင်း လာဦးနော်၊ ကြီးကြီးနဲ့ ဝိုင်းရောင်းရအောင် ဟုတ်လား'

\+ \+ \+

ထိုနေ့ကဆိုလျှင် သူ့မေမေပေးသော ထမင်းဖိုးနှင့် သေတ္တာအလွတ်ရောင်းရသော မိုက်ဆံအပြင် လုံချည်သည်အဒေါ်ကြီးက ပေးသွားသော မုန့်ဖိုးနှင့် စုစုပေါင်း သုံးမူးလောက် အတာ စုမိသွား၏။

'နောက်တနင်္ဂနွေနေ့ကျရင် ချောကလက်ရောင် အနားကွပ်ထားတဲ့ ဦးထုပ်ကလေးတစ်ထည် ဝယ်မယ်၊ ကြီးကြီးမေကလဲ ငါ့ကို လုံချည်ဝိုင်းရောင်းခိုင်း ခေါ်ထားသေးတော့ မုန့်ဖိုးလဲရဦးမှာပဲ၊ ပြီးတော့ သေတ္တာလွတ်တွေလဲ သိမ်းထားပြီး အောင်ကောက်ထားမယ်၊ အဲဒါကလဲ တစ်ပဲတစ်မူးလောက်တော့ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



လာမည့်တန်ဂူးနေ့အတွက် ဤလို အကွက်ချတွေးနေရသည်နှင့်ပင် အတာသည် ထိုညက ၁၀ နာရီလောက်တွင်မှ အိပ်ပျော်ရာတော့၏။

နံနက်မိုးလင်း၍ ကျောင်းတက်ရန် ထွက်လာခဲ့ပြီးနောက် သူ့မေမေထံ ရောက်သည်နှင့် မသိန်းမေလည်း အလွယ်တကူပင် မုန့်ဖိုးခြောက်ပြားထုတ်ပေးလိုက်၏။ သို့တိုင်အောင် အတာ့မျက်နှာသည် သာယာသွားခြင်း မရှိလှသေးဘဲ တစ်စုံတစ်ရာကို စဉ်းစားသလို တွေးနေပြီးမှ

'မေမေ ကျောင်းလခ ဒီနေ့' ဟူသော အတာ့စကားကလေးမှ မဆုံးသေးမီ

'ပေးနိုင်သေးဘူး၊ သွား ၁၅ ရက်နေ့မှ ပေးမယ်လို့ပြော'

မသိန်းမေ၏ အမူအရာမှာ စနေ တနင်္ဂနွေနေ့များက မျက်နှာထားမျိုး မဟုတ်တော့ဘဲ ခပ်တင်းတင်းပင် ဖြစ်လာပြန်သောကြောင့် အတာတွင် နောက်ထပ် ဘာတစ်ခွန်းမျှ မပြောဝံ့တော့ဘဲ ခြေလှမ်းကျဲဖြင့် ထွက်ခဲ့ရတော့၏။

ဘုရားရှိခိုးပြီး၍ အတန်းထဲရောက်ကြသည်ဆိုလျှင်ပင် ဆရာမသည် အတာအား လှမ်းခေါ်လိုက်ပြီး

'မင်း ကျောင်းလခ ပါသလား အတာ' ဟု မေးလိုက်သောကြောင့် အတာတွင် မျက်နှာမထားတတ်အောင် ဖြစ်သွားရှာ၏။

'ကျွန်တော်တို့မေမေက ၁၅ ရက်နေ့မှ ယူပါတဲ့'

'အေး အေး၊ နို့ ခါတိုင်းဆိုရင် မင်း အစောကြီး ပေးနေကျပဲ၊ ဒီလ မှာတော့ ဘာဖြစ်လို့ နောက်ကျတာလဲကွဲ့'

'ကျွန်တော်တို့ဖေဖေ အလုပ်ပြုတ်သွားလို့ပါ၊ ခါတိုင်းဆို ကျွန်တော်တို့ ဖေဖေက သူ့လခထုတ်လာရင် ချက်ချင်းပေးတာပဲ'

'အို'

ဆရာမလည်း စိတ်မကောင်းဖြစ်သွားသလို ညည်းညူလိုက်ပြီးမှ

'ခု မင့်အဖေ အလုပ်မရသေးဘူးပေါ့'

'မရသေးဘူး၊ ခု သူ့ မိတ္ထီလာမှာ ကျောက်ထိုးတဲ့ ကျောင်းသွားတက်တယ်၊ ပြန်လာရင် လခများများရမယ် ပြောတာပဲ'

'မင့် အမေကကော ဘာမှ မလုပ်ဘူးလား'

'ဈေးရောင်းပါတယ် မမ၊ ဒါပေမဲ့ မေမေက အားကြီး မြင်းလောင်းတာပဲ ၃၆ ကောင်လဲ ထိုးတယ်'

'ဟင်'

အတာ့စကား ကြားလိုက်ရသည်နှင့် ဆရာမတွင် 'ဟင်' ခနဲ စိတ်ပျက်သွားတော့၏။ ပညာရေးတွင် ထူးချွန်သလောက် အဖက်ဖက်တွင် သွက်လက် ဖျတ်လတ်၍ လိမ္မာရေးခြားရှိလှသော အတာလို ကလေးတစ်ယောက်သည်



တိုင်းပြည်၏ နောင်ရေးအတွက် အထူးမျှော်လင့်အားထားလောက်သည် မဟုတ်ပါလော ဟူ၍ ဆရာမသည် ခေတ်ပညာတတ်တစ်ယောက် အနေမျိုးဖြင့် မြင်၏။

သူမြင်သလို မမြင်ရကောင်းလားဟု ဆရာမသည် အတာ့မေမေအား အရှုံအာဒေါသ ဖြစ်မိ၏။ သားသမီး၏ နောင်ရေးကို ဂရုစိုက်ရကောင်းမှန်း သိတဲ့ အတာ့စကားအရဆိုလျှင် အတာ့မေမေသည် ကျောင်းလခပင် ပေးချင်စိတ် ရှိဟန် မတူကြောင်း (ယနေ့ထိ မပေးသည်ကို အထောက်အကူပြု၍) ဆရာမသည် သိသိသာသာ ရိပ်မိလိုက်၏။

မိမိတို့၏ သားသမီးများအပေါ်တွင် စိတ်ဝင်စားရကောင်းမှန်း မသိ။ ပညာရေးဘက်တွင်လည်း ဖိဖိစီးစီး သင်ကြား အားပေးရကောင်းမှန်းမသိသော မိဘများရှိနေသေးသမျှ မြန်မာပြည်၏ နောင်ရေးသည် တွေးဝံ့စရာပင် မရှိတော့ လောက်အောင် ဆရာမသည် သူ့ အသိ သူ့ အမြင်ဖြင့် ရင်လေးသွားမိ သော့၏။

'အေး အေး၊ သွားတော့ အတာ၊ ၁၅ ရက်နေ့ကျတော့ ကျောင်းလခ ယူခဲ့နော်'

အတာကလေး သူ့နေရာ ပြန်ရောက်သွားသည့်တိုင်အောင် ဆရာမသည် ရုတ်တရက် စာမသင်နိုင်ဘဲ အတာနှင့် ပတ်သက်သည့် အတွေးလက်စကို ပြန်ကောက်ရင်း ရောက်တတ်ရာရာ တွေးနေမိပြန်၏။

နောက်တစ်ဖန် အတာအား သူ့အနီးသို့ ခေါ်လိုက်ပြန်ကာ

'မင့်မှာ ညီအစ်ကို မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ'

'ကျွန်တော်နဲ့ ကျွန်တော့်ညီမလေး နှစ်ယောက်ထဲပဲ ရှိပါတယ် မမ'

'မင့် ညီမလေးကော ကျောင်းမနေဘူးလား'

'သူ ရန်ကုန်မှာ မဟုတ်ဘူး၊ မော်လမြိုင်က ဘွားဘွားတို့ဆီမှာ'

ဆက်လက်၍ ဆရာမသည် အတာ၏ နေရေးထိုင်ရေးနှင့် စားသောက်ရေး ပြဿနာများကို စေ့စေ့စပ်စပ်ကလေး မေးမြန်းနေမိ၏။ အတာကလည်း ခြွင်းချန် အမှန်ကိုသာ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သဖြင့် ဆရာမတွင် ကြည်သော မျက်ရည်ကလေး လည်သယောင်ရှိလာပြီး

'အေး မင်းကတော့ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဒုက္ခရောက်နေရတယ်နော် ... ကတော့ ငယ်ငယ်ကဆို သိပ်ချမ်းသာတာပေါ့ကွယ်၊ ဒါပေမဲ့ မမတို့... ...ညည်းလောင်းပြီး ရှိသမျှပစ္စည်းတွေ ဖြုန်းပစ်လို့ ခုတော့ မမတို့ ဆင်းရဲသွားပြီ ...၊ အင်း မင်းနဲ့ မမနဲ့ဟာ အဖြစ်ချင်း တူနေလို့ မမဖြင့် နည်းနည်းမှ ...ကောင်းဘူး၊ တကယ်လို့သာ မမတို့ဖေဖေ မြင်းတွေသာတွေ လောင်း

www.burmeseclassic.com



တတ်ရင် ခုနေဆို အနည်းဆုံး ကိုယ်ပိုင်ကားနဲ့တော့ ကျောင်းတက်နိုင်မှာပဲကွဲ့'

အတာကမူ ဆရာမစကားနှင့်ပတ်သက်၍ အဆင်ပြေအောင် မည်သို့ပြန်ပြောရမည်မသိ။ ယောင်ချာချာနှင့် တွေကြည့်ရင်းသာ ငြိမ်နေရတော့၏။ ဆရာမလည်း ဤတွင် စကားကိုဖြတ်၍ အတာကိုလည်း သူ့နေရာသူ ပြန်ရန်ပြောလိုက်ပြီး လူတွေအား ဒုက္ခပေးနေသော မြင်းပွဲပြဿနာကို အထပ်ထပ် အခါခါ တွေးနေမိ၏။

သို့လျှင် တဝကြီး တွေးနေပြီးမှ ဆရာမလည်း ကျောင်းသင်ခန်းစာကို စတော့၏။ အချိန်မှာ ဂဏန်းသင်္ချာချိန်ဖြစ်သည့်အတိုင်း ကျောက်သင်ပုန်းကြီးပေါ်တွင် အောက်ပါပုစ္ဆာတစ်ပုဒ်ကို စိတ်ပေါက်ပေါက်နှင့် ထိပ်ဆုံးမှ ရေးချလိုက်တော့၏။

၁။ ရှုံးစားရေးတစ်ယောက်သည် မြင်းလောင်းကစားရန် ငွေ ၂၀ ကျပ် အိတ်ထဲ ထည့်၍ ထွက်သွား၏။ မြင်းပွဲသို့ရောက်သော် ဝင်ခ ၂ ကျပ် ပေး၍ ဝင်သွားကာ ကျန်ငွေဖြင့် တစ်နေ့လုံး လောင်းကစားပြီး အိမ်သို့ ပြန်လာသောအခါ ငွေ ၁၈ ကျပ် ပါလာ၏။ သို့ဖြစ်လျှင် ထိုစာရေး သည် မည်မျှ ရှုံး၍ မည်မျှ နိုင်သနည်း။

ကျန်ပုစ္ဆာများမှာမူ ရိုးရိုးပင်ဖြစ်လျက် ကလေးများ တွက်ချက်ပြီးစီး၍ အသီးသီး လာပြကြသောအခါ၌ အတာနှင့် အခြား သုံးလေးယောက်သာလျှင် အမှတ် ၁ ပုစ္ဆာ အဖြေ၌

| | ကျပ် | ပဲ | ပိုင် |
|---|---|---|---|
| ရှုံးစာရေးယူသွားသောငွေ | ၂၀ | ၀ | ၀ |
| ဝင်ခပေးရသောငွေ | ၂ | ၀ | ၀ |
| ကျန်ငွေ | ၁၈ | ၀ | ၀ |
| အိမ်ပြန်လာသောအခါ၌ ပါလာငွေ | ၁၈ | ၀ | ၀ |
| | ၀ | ၀ | ၀ |

သို့ဖြစ်၍ ထိုစာရေးသည် ရှုံးလည်း မရှုံး၊ မြတ်လည်း မမြတ်ပါ။

သို့သော် သွားစဉ်က ၂၀ ကျပ် ယူသွားပြီး ပြန်လာသောအခါ ၁၈ ကျပ်သာ ပြန်ပါလာသဖြင့်

| ကျပ် | ပဲ | ပိုင် |
|---|---|---|
| ၂၀ | ၀ | ၀ |
| ၁၈ | ၀ | ၀ |
| ၂ | ၀ | ၀ |



ထိုအတိုင်းတွက်၍ ပြကြ၏။ အတာတစ်ယောက်မှုသည်းကသာ (ငွေ နှစ်ကျပ် ရှုံးခဲ့ပါသည်) ဟု တိကျစွာ အဖြေတွင် ရေးလိုက်၏။

ကျန် အခြားသော ကလေးများအနက် အတော်များများက မရှုံးပါ မမြတ်ပါဟု ဖြေကြပြီး အချို့ကမူ လုံးလုံး မတွက်တတ်သလို ရှိနေကြ၏။

ဆရာမလည်း မှားလာသူများကို ခါတိုင်းကဲ့သို့ပင် အချိန်စေ့သည်အထိ ပြန်မတွက်နိုင်းတော့ဘဲ ကျောက်သင်ပုန်းကြီးအနီးသို့ လာ၍ ဝိုင်းရန် ကလေးများကို ခေါ်လိုက်၏။ နောက် အတာအား အမှတ် ၁ ပုစ္ဆာကို ချန်၍ ကျန်အားလုံးကို အဖျက်ခိုင်းပြီးမှ အတာအား သူ့နည်းအတိုင်း ကျောက်သင်ပုန်းကြီးတွင် အတွက်ခိုင်းလိုက်၏။

'ဒီဂဏန်းပုစ္ဆာဟာ ခါတိုင်း မင်းတို့ကို ပေးတာမျိုးမဟုတ်လို့ အမှားများကြတာကို မမ စိတ်မဆိုးဘူး၊ ဒါပေမဲ့ ဒီအတွက်ဟာ အလွယ်ကလေးပဲ၊ အတာ တွက်ပြတာကို ကြည့်၊ ဘာမှ မခက်ဘူး'

ဆရာမက သို့ပြော၍ရင်း ကြိမ်လုံးဖြင့် ထောက်ပြကာ သေချာသည်ထက် သေချာအောင် ရှင်းပြလိုက်ပြီးမှ

'ကဲ နားမလည်သေးရင် မမကို မေးနိုင်တယ်၊ ဘယ်သူမေးချင်ကြသလဲ'

တစ်ယောက်သော မိန်းကလေးက လက်ညှိုးထောင်ပြသဖြင့်

'အေး မစွမ်းကြည်က ဘာသိချင်သလဲ'

'အဲဒီ ရှုံးစာရေးဟာ ဝင်ခ ၂ ကျပ် ပေးပြီး ဝင်သွားတော့ ၁၈ ကျပ် ကျန်တယ်မဟုတ်လား မမ၊ အဲဒီ ၁၈ ကျပ်နဲ့ကစားတာ ပြန်လာတော့ ၁၈ကျပ်ပဲ ပြန်ပါလာတယ်၊ ဒီလိုဆို ဘယ်မှာ ၂ ကျပ် ရှုံးလို့လဲ၊ အရင်းပဲပေါ့ မမရဲ့'

'ကဲ အတာက မစွမ်းကြည် နားလည်အောင် ရှင်းပြလိုက်စမ်း' ဟု ဆရာမက ပြောလိုက်သည်နှင့်

'နင် သေသေချာချာမှ ပုစ္ဆာကို မကြည့်ဘဲ၊ သူ ယူသွားတာက ငွေ ၂၀ ကျပ် မဟုတ်ဘူးလား၊ ပြန်လာတော့ ၁၈ ကျပ်ပဲ ပါလာတယ်ဆိုတော့ နှစ်ကျပ် ရှုံးတာပေါ့ဟ'

'ဟို နှစ်ကျပ်က ဝင်ခပေးရတာပဲ၊ အဲဒါက ကစားလို့ရှုံးတာမှ မဟုတ်တာ'

မစွမ်းကြည်ကလည်း အလျှော့မပေးသေးဘဲ အတာအား ရန်တွေ့သလို မျက်နှာထားကလေးဖြင့် ပြောလိုက်သောကြောင့် ဆရာမတွင် သဘောကျသဖြင့် ပြုံးပြုံးကြီး ဖြစ်သွား၏။

'ဟ ဝင်ခပေးရတာလဲ ပိုက်ဆံပဲ၊ ဘယ်လိုဖြစ်ဖြစ် သူ သွားတုန်းက ယူသွားသလောက် ပြန်ပါမလာရင် အဲဒါ ရှုံးတာချည်းပဲပေါ့၊ တို့အမေ ခဏခဏ ပြောဖူးတယ် သိလား'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ်'

'ဘာ အောင်မယ်လဲ၊ တို့မေမေက အပတ်တိုင်း မြင်းပွဲသွားနေတာ နားလည်လား၊ ဒါတွေ နင့်ထက် ငါပိုသိတယ်'

အတာကလေးနှင့် မစွမ်ကြည်တို့မှာ ဆရာမကိုပင် သတိမရတော့သလို အချီအချ ပြောနေကြ၏။ ဆရာမကလည်း ရယ်ကာမောကာဖြင့် အကဲခတ်နေပြီးမှ

'ကဲ တော်ကြတော့၊ မစွမ်ကြည်ပြောတာ နည်းနည်းတော့ မှန်တယ်၊ ဒါပေမဲ့ စာမေးပွဲမှာဆိုရင် အမှတ်ရမှာမဟုတ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ဒီပုစ္ဆာက လိမ္မော်သီး ၁၉ လုံးကို တစ်ကျပ်နဲ့ဝယ်ပြီး တစ်လုံးကို တစ်ပဲနဲ့ ပြန်ရောင်းတော့ ဘယ်လောက်မြတ်သလဲဆိုတဲ့ မေးခွန်းလို မလွယ်ဘူး၊ နည်းနည်း ဉာဏ်ထုတ်ပြီး စဉ်းစားရတဲ့ ပုစ္ဆာမျိုးကွဲ့၊ နို့မို့ဆိုရင် မျက်စိလည်သွားတယ်'

ဆရာမလည်း စိတ်လိုက်မာန်ပါ မြင်းပွဲဆိုသည်ကို စိတ်ဒုက္ခနှင့် ဤလို ပုစ္ဆာမျိုးကို ပေးလိုက်မိပြီးမှ သူ့ပြဿနာကို သူအတော် ဖြေရှင်းနေရတော့၏။

'ခုပုစ္ဆာကို မမပေးတာဟာ တခြားကြောင့် မဟုတ်ဘူးကွဲ့၊ မြင်းလောင်းတာတို့၊ ဖဲရိုက်တာတို့ဆိုတဲ့ လောင်းကစားခြင်းဟာ မကောင်းတဲ့အကြောင်းကို မင်းတို့သိအောင်လို့ပဲ၊ ကဲ ခုန မြင်းလောင်းဖို့သွားတဲ့ ရုံးစာရေးဟာ ငွေ ၂၀ ကျပ် ပါသွားပေမဲ့ ဝင်ခ ၂ ကျပ် ပေးလိုက်ရတော့ ဘယ်လောက်ကျန်သလဲကွဲ'

'၁၈ ကျပ် ကျန်ပါတယ် မမ'

'အေး အဲဒီ ၁၈ ကျပ်နဲ့ ကစားလို့ နောက်ဆုံး အိမ်ပြန်လာတော့ ၁၈ ကျပ်ပဲ ပြန်ပါလာတာကို မင်းတို့က ရှုံးလဲ မရှုံးဘူး၊ နိုင်လဲ မနိုင်ဘူးလို့ အဖြေပြုတယ်၊ မစွမ်ကြည်ကတော့ အရင်းပဲလို့ ခုနပြောတယ်၊ အမှန်တော့ အတာ ပြောသလို နှစ်ကျပ် ရှုံးခဲ့တာပေါ့ကွဲ့၊ ဘာကြောင့်လဲဆိုတော့ ပါသွားတာက ငွေနှစ်ဆယ် ပြန်လာတော့ ဆယ့်ရှစ်ကျပ်ထဲ ပါလာတာကိုး၊ ရှင်းရဲ့လား မမပြောတာ'

'ရှင်းပါတယ် မမ'

'အေး ဒါတောင် လမ်းစရိတ်တွေဘာတွေနဲ့ဆို ရှုံးတာနှစ်ကျပ်မကတော့ဘူး ပေါ့ကွယ်၊ အေး ဖဲရိုက်တာတို့ ဘာတို့လဲအတူတူပဲကွဲ့၊ ဥပမာ လူ လေးယောက်ဟာ ငွေ တစ်ယောက် တစ်ဆယ်စီကိုင်ပြီးဖဲရိုက်ကြတယ်ဆိုပါတော့၊ အဲဒါဖဲဝိုင်းထောင်တဲ့အိမ်က တစ်လှည့်ကို တစ်မတ် အကောက်ကောက်တယ် ဆိုပါတော့ကွယ် အဲ သေသေချာချာနားထောင်နော်၊ မမမေးမယ်၊ ခုနပြောသလို အဲဒီ လူလေးယောက်ဟာ တစ်ကြိမ်ကို တစ်မတ်ကောက်ပေးပြီး အကြိမ်ပေါင်းနှစ်ဆယ် ကစားတယ် ဆိုပါတော့၊ နောက်ဆုံး ဖဲဝိုင်းပြီးတော့ ဒီလူလေးယောက်လက်ထဲမှာ ပိုက်ဆံညီညီမျှမျှ ကျန်တယ်ဆိုတဲ့၊ ကဲ အဲဒီတော့ လူတစ်ယောက်မှာ ဘယ့်လောက်စီရှိမယ်



ဤပုစ္ဆာကိုမူ အလွန်တော်သော အတာပင် ယောင်ချာချာဖြစ်သွားတော့၏။ သို့လျှင် အဖြေထုတ်နိုင်မည့်သူ ပေါ်မလာသဖြင့် ကိုယ်တိုင်ပင် ကျောက်သင်ပုန်းတွင် ရေးခြစ်ပြရပြီး

'ခု မမတွက်ပြထားတဲ့အတိုင်း တစ်ကြိမ်ကို အကောက်တစ်မတ်ပေးရတော့ အကြိမ်နှစ်ဆယ်ကို ငါးကျပ်ပေးရမယ် မဟုတ်လား၊ အဲဒီတော့ ဒီငါးကျပ်ကို ဘယ်သူက ပေးရတယ်ထင်သလဲ'

'ကစားတဲ့ လူလေးယောက်က ပေးရပါတယ် မမ'

'အဲ ဟုတ်ပြီ၊ ဒီတော့ ခုန လူလေးယောက်ဆီက ငွေတွေပေါင်းလိုက်ရင် ၄၀ ကျပ် ရမယ်နော်၊ ဒီ ၄၀ ကျပ် ထဲက ငါးကျပ်နှုတ်လိုက်တော့ ၃၅ ကျပ် ကျန်မယ် မဟုတ်လား၊ ဒီတော့ အဲဒီငွေ ၃၅ ကျပ်ကို အညီအမျှခွဲလိုက်စမ်း၊ လူလေးယောက်အတွက် တစ်ယောက် ဘယ်လောက်ရမလဲကွယ်'

အတန်ကြာ ငြိမ်သက်နေပြီးမှ

'ဆယ့်ရှစ်ကျပ် နှစ်ပဲစီ ရမယ်မမ'

ထိုအဖြေကို အတာပင် ပထမဆုံး ပြောလိုက်၏။

'အဲဒီတော့ လေးယောက်ကစားတာ တစ်ယောက်မှ မနိုင်ဘူးမဟုတ်လား'

'အားလုံးပဲ ငါးမတ်စီ ရှုံးတာပေါ့နော် မမ'ဟု မစွမ်ကြည်က ဖျတ်ခနဲ ဆေးလိုက်သေး၏။

'အေး ဘယ်နိုင်မလဲကွဲ့၊ အကောက်တွေ ပေးလိုက်ရတာကိုး၊ ဘယ်လောင်း ကစားတာပဲဖြစ်ဖြစ် အကောက်အခွန်ဆိုတာ ရှိတာပဲ၊ ဒီတော့ လေးယောက် ကစားကစား၊ ဆယ်ယောက် ကစားကစား စကစားထဲက အကောက်ပေးလိုက် ရလို့ ရှုံးနေတာပဲ၊ ဒါကြောင့် မင်းတို့ ကြီးလာတဲ့အခါ အလောင်းအစားနဲ့ ကစားတာမှန်ရင် ဘယ်တော့မှ မလုပ်ကြနဲ့၊ ကိုယ့်ပိုက်ဆံလဲ မပေးနဲ့၊ သူများ ပိုက်ဆံလဲ မလိုချင်နဲ့၊ သူများပိုက်ဆံ လိုချင်ရင် ကိုယ့်ပိုက်ဆံလဲ ပေးရတတ် တယ်၊ နားလည်ကြရဲ့လား၊ မမ ပြောတာကို'

'နားလည်ပါတယ် မမ'

'ကဲ အရှင်းဆုံးဥပမာနဲ့ မမပြောမယ်၊ တကယ်လို့ အတာ့မှာ ငွေတစ်ကျပ် ရှိတာကို သူက လောဘကြီးပြီး နှစ်ကျပ်ဖြစ်ချင်တာနဲ့ ကစားဝိုင်းတစ်ခုမှာ သွားလောင်းတယ် ဆိုပါတော့၊ အဲဒီ လောင်းတယ်ဆိုကတည်းက သူ့ငွေတစ်ကျပ်ကို ချပြီး လောင်းရမယ်နော်၊ ကဲ မနိုင်ဘဲနဲ့ ဒိုင်က စားသွားပါပြီတဲ့ကွယ်၊ အတာ့ ပိုက်ဆံတစ်ကျပ်ဟာ နှစ်ကျပ် ဖြစ်လာပါ့မလား'

'ဘယ်ဖြစ်မလဲ မမ၊ ရှုံးသွားပြီပေါ့'

အတာကပင် ပျာပျာသလဲ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲကွယ်၊အတာက သူ့ဆီရှိတဲ့တစ်ကျပ်ကို နှစ်ကျပ်ဖြစ်ချင်တဲ့ လောဘလဲ မရှိဘူး၊ ကစားလဲ မကစားဘူးဆိုပါတော့၊ အဲဒီတစ်ကျပ်ဟာ ဘယ်ရောက်သွားမလဲ'

'အတာ့ဆီမှာပဲ ရှိမှာပေါ့ မမရဲ့'

မစွမ်းကြည် ဖြေလိုက်သဖြင့်

'အေး၊ အဲသလို လောဘမကြီးဘဲ မကစားဘဲနေလို့ ဒီတစ်ကျပ်ဟာ လျော့မသွားဘူးကွဲ့၊ လောဘကြီးလို့ ကစားရင်တော့ နိုင်ချင်နိုင်မပေါ့ကွယ်၊ ဒါပေမဲ့ လက်ထဲရှိပြီးသား တစ်ကျပ်လောက် မသေချာဘူး၊ ရှုံးချင်လဲ ရှုံးနိုင်တယ်၊ ဒါကြောင့်'

ဆရာမသည် စကားကို ဤတွင်ဖြတ်၍ တစ်နေရာသို့ ဆတ်ခနဲ လှမ်းကြည့်လိုက်ပြီးမှ

'ဟော့ စံဝင်း၊ မင်း မုန့်ဈေးတန်းကို ငေးနေတာ ဘာလဲ ဆာလှပြီလားဟင်'

သို့ ဆရာမ လှမ်းမေးလိုက်မှပင် စံဝင်းဆိုသူကလေးလည်း မုန့်ဈေးတန်းဘက် မျှော်ငေးကြည့်နေရာမှ ပြုံးပြုံးပျာပျာ လှည့်လာတော့၏။

'ဘယ်စာပဲ မေးလိုက်မေးလိုက် မင်း နောက်ဆုံးကချည့်ပဲ၊ ဒါနဲ့လဲ မကြိုးစားချင်ဘူး၊ ဆရာမ သင်ပြနေလဲ မင်းငေးနေမယ်၊ ဆော့နေမယ်၊ သူများကို နောက်ပြောင်နေမယ်၊ ဒါပဲ မင်းတတ်တယ်၊ လာဦး ဒီနားကို'

စံဝင်းသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဆရာမအနီးသို့ ကပ်လာ၏။

'စံဝင်း ဒီအတိုင်းသာဆို ခက်သေးတယ် သိလား၊ ကဲ မင်းကြီးလာရင် ပညာမတတ်ဘဲနဲ့ ဘာလုပ်စားမလဲ၊ ဟင်'

'ကျွန်တော် ဂျော်ကီလုပ်မယ် မမ'

ဆရာမတွင် သက်ပြင်းချရင်း ဟင်းခနဲ မောသွားတော့၏။

'ဘာပြောတယ် စံဝင်း၊ မင်း ဂျော်ကီလုပ်မယ်'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ဦးလေးက မြင်းပွဲမှာ ပြိုင်မြင်းတွေမွေးထားတယ် ခြောက်ကောင်တောင်၊ အဲဒါ ဦးလေးကပြောတယ်၊ မင်းကြီးလာရင် မြင်းစီးတဲ့ ဂျော်ကီလုပ်ရမယ်တဲ့'

ထိုစကား ကြားလိုက်ရသည်နှင့် ဆရာမလည်း အသက်ရှူကြပ်သွားသည် မတ်တတ်မှ ထိုင်ချရင်း စိတ်ပျက်သလို ငိုင်သွားတော့၏။

'ကဲ၊ ကိုယ့်နေရာ ကိုယ်ပြန်ကြတော့၊ မြန်မာစာအုပ်ထုတ်ပြီး ဖတ်နေကြ တော်ကြာ မမ အလွတ်မေးမယ်'

ဆရာမလည်း စိတ်မောလှမော ရှိနေလျက်ကပင် ထိုပြဿနာကို ဦးခေါင်းထဲမှ ထုတ်မပစ်နိုင်သေး။ လက်ရှိ ကျောင်းသားမိဘများအတွက် စိတ်အပျက်ကြီး



ပျက်နေမိတော့၏။

မိမိတို့ သားသမီးများသည် မည်သည့်အတတ်ကို ဝါသနာပါ၍ အဘယ် ဘာသာရပ်ကို စိတ်ဝင်စားကြောင်း စူးစမ်းမှုမရှိ။

'မင်းကြီးလာရင် ဂျော်ကီလုပ်၊ မင်း ဆယ်တန်းအောင်ရင် ငါ့လက်အောက်မှာ စာရေးဝင်လုပ်၊ မင်းက ဆရာဝန်လိုင်းလိုက်၊ မင်းကတော့ အင်ဂျင်နီယာဘက်ကိုသွား' စသဖြင့် မိမိတို့ကြိုက်ရာပုံကိုသာ ဖွတ်အတင်း သွင်းနေကြသောကြောင့် လောကဓာတ် ပညာဘက်တွင် စိတ်ဝင်စားသူက ဝတ်လုံဖြစ်နေရ၏။ အင်ဂျင်နီယာဘက်၌ စိတ်ထက်သန်သူမှာ ဆရာဝန်ကြီးအဖြစ် စခန်းသွားနေရသည်နှင့်ပင် မြန်မာထဲမှ ကမ္ဘာကျော်လောက်အောင် ဘာတစ်ခုမျှ ထူးထူးချွန်ချွန် ပညာရပ်တစ်ခု မပြနိုင်ဘဲရှိခဲ့သည်ကို ဆရာမသည် ကြိတ်၍ အသည်းနာနေတော့၏။ သူကိုယ်တိုင်ပင်လျှင် ဆရာဝန်ဘက်ကို စိတ်သန်ခဲ့ပါလျက် ဖခင်ပညာဝန်ထောက်၏ အခမ္ဘပုံသွင်းချက်ကြောင့် စိတ်ဝင်စားမှုမရှိပါဘဲလျက် ကျောင်းဆရာမ ဖြစ်နေရသည်ကိုလည်း တွေးမိတိုင်း ဝမ်းနည်းမဆုံး ဖြစ်နေရ၏။

သို့ တွေးရင်း စိတ်ထိခိုက်ရင်းနှင့်ပင် စာကိုသော်မျှ ဆက်မသင်နိုင်တော့ဘဲ မုန့်စားခေါင်းလောင်းထိုးသည်အထိ ဆရာမသည် တွေးမိတွေးရာ တွေးနေဆဲပင် ရှိသေး၏။

'မမ ဘာစားမလဲ ဟင်'

ဝတ္တရားအတိုင်း အတာကလေး လာမေးမှပင် ဆရာမတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး

'အေး မမဖို့ အုန်းထမင်းနဲ့ ဆိတ်သားပြုတ်ကြော် တစ်ပန်းကန်မှာနော်၊ ဘိုးပဲတီချဉ်နဲ့ ငါးပိချက်ကို ပန်းကန်တစ်ချပ်နဲ့ သပ်သပ်ထည့်ပေးပါလို့ပြော၊ မင်းလည်း စားချင်တာ ယူစားပေါ့၊ မမ ပိုက်ဆံပေးမယ်'

ဆရာမအတွက် လိုလေသေးမရှိအောင် မှာပေးပြီးသည်နှင့် သူ့ပိုက်ဆံနှင့် သူပင် ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်စား၏။ အတာ၏ ရိုးသားမှုကြောင့် ချစ်နေပြီ ဖြစ်သော ခေါက်ဆွဲသည် အဒေါ်ကြီးက နှစ်ပြားဖိုးနီးနီးလောက် အောက်ထပ် အပိုထည့်ပေးလိုက်သည်နှင့် အတာတွင် နှစ်ပြားဖိုးမျှမြင့် အီသွားတော့၏။

နေ့လယ် ကျောင်းပြန်တက်သည်နှင့်ပင် ကျောင်းဒရဝမ်က စာလာပေး[illegible] သဖြင့် ဆရာမလည်း လိပ်စာကိုဖတ်ကြည့်ကာ ချက်ချင်းပင် [illegible] ခေါ်ပေးလိုက်၏။

'ဒီစာပို့တဲ့လူက ကိုထွန်းအောင် မိတ္ထီလာတဲ့၊ အဲဒါ မင်း[illegible]

www.burmeseclassic.com



လား အတာ’

‘ဟုတ်ပါတယ် မမ’

‘အေး အေး သွား၊ မင့်နေရာကို ယူသွားပြီး ဖောက်ဖတ်ချည်’

သူ့ခုံရှိရာပြန်ရောက်သည်နှင့် အတာလည်း ဝမ်းမြောက်ဝမ်းသာ ဖောက်၍ ကြည့်လိုက်၏။ ထုံးစံအတိုင်းပင် သူ့မမေအတွက် စာတစ်စောင်နှင့် သူ့အတွက် စာတစ်စောင် ပါလာသည်ကို တွေ့ရ၏။

သားလေး အတာ

မင်း ထည့်ရေးပေးလိုက်တဲ့စာကို ဖတ်ရလို့ ငါ ဝမ်းသာမိတယ်၊ မင့်အတွက် စာများများတော့ ရေးစရာမရှိဘူး၊ မင်းစာကိုသာ ကြိုးစား သင်ဖို့ပဲ၊ ငါ နောက် နှစ်လကြာရင် ပြန်လာခဲ့မယ်။

ဒါနဲ့ မင့်အမေ ဒီလအတွက် ကျောင်းလခပေးရဲ့လား၊ အဲဒါ ငါ့ဆီ စာရေးလိုက်ဦး ဟုတ်လား။

ခု စာကို မင်းကျောင်းလိပ်စာနဲ့ထည့်လိုက်တာဟာ ဒီစာကို မင့်အမေက ဒိပြင်လူကို ဖတ်ခိုင်းမှာစိုးလို့ပဲ၊ တကယ်လို့ မင်းကို ဖတ် ခိုင်းရင်လဲ ကျောင်းလခအကြောင်းကို ထည့်ပြီးဖတ်မပြနဲ့၊ (နောက် နှစ်လကြာရင် ငါ ပြန်လာခဲ့မယ်) ဆိုတဲ့အထိပဲ ဖတ်ပြပေါ့ကွာ။

အဖေထွန်း

အတာလည်း ထိုစာကို သုံးကြိမ်တိတိဖတ်လိုက်ပြီးမှ စာအိတ်ထဲ ပြန် ထည့်ကာ ‘ဒါ တို့အဖေဆီက ရေးလိုက်တဲ့စာကွ သိလား’ ဟု အနီးရှိ သူငယ် ချင်းများကို ရင်တကော့ကော့နှင့် ကြွားနေတော့၏။

ဆရာမ၏ မျက်လုံးများသည် အတာ့ဆီတွင်သာရှိနေပြီး အတာ့စာရွက်ကို ခေါက်၍ စာအိတ်ထဲထည့်လိုက်ပြီးမှပင် သင်စရာရှိသည်ကို အစပြုတော့၏။

\+ \+ \+

တစ်နေ့တစ်နေ့နှင့် မသိန်းမေက ကျောင်းလခပေးမည်ဟု ချိန်းဆိုထားသောနေ့သို့ ရောက်လာခဲ့ပြီဖြစ်သည်။ မနေ့ကတည်းက နေ့ရက်ကို တွက်ထားခဲ့သော အတာသည် ယနေ့ နံနက်မိုးလင်းသည်နှင့် သူ့ကျောင်းလခ ပြဿနာသည် ခေါင်းထဲတွင် စွဲနေ၏။

မုန့်ဖိုးတောင်းရန် ဈေးဘက်သို့လျှောက်လာခဲ့၍ မသိန်းမေရှိရာသို့ ရောက်လုလုမှာပင် အတာသည် တစ်စုံတစ်ရာကို သတိရလာ၏။ ကျောင်းလခကို စိတ်ထဲတွင် စွဲလမ်းနေရသည်နှင့် သူ့ဆရာမမှာလိုက်သော ကျောက်ဆူးတံဆိပ် စာလုံးချည်ဝယ်ရန်ပင် မေ့နေတော့မလိုရှိကာ ယခုမှ သတိရသည်နှင့် ၂၅ လမ်း



ကြားတွင် သုတ်သုတ်ကလေး သွားဝယ်ခဲ့ရ၏။

‘ဟင် ဒီနေ့ မိန်းကလေးတွေ အချုပ် ချုပ်ရမဲ့နေ့ဆိုတော့’

ယနေ့သည် သောကြာနေ့ဟူ၍ အတာသည် ယခုမှ သတိထားမိတော့၏။ ယနေ့ သောကြာဖြစ်သောကြောင့် နက်ဖြန်ဆိုလျှင် သူ့မမေ မြင်းပွဲသွားမည်။ သို့ဆိုက ယနေ့ သူ ကျောင်းလခတောင်း၍ ဖြစ်ပါမည်လော။ အဆူအရိုက်ခံ၍ သောင်းသည့်တိုင်အောင် ရလျှင်ကား တော်သေး၏။

စနေကို မဆိုထားဘိ၊ သောကြာနေ့တွင်ပင် အကြွေးလာတောင်းက မသိန်းမေ အော်ဖောင်းလွှတ်တတ်သည်ကို အတာ သိ၏။ သို့ဖြစ်သည့်အတိုင်း လည်း ယနေ့ ကျောင်းလခတောင်းလျှင် ပေးလိမ့်မည်မဟုတ်သာမက လောလော ဆယ် အရိုက်အနက်ခံရရုံမျှဖြင့် မပြီးသေးဘဲ မုန့်ဖိုးကိုပင် ထိခိုက်သွားစရာ ရှိလျက် နက်ဖြန် မြင်းရှုံးပါကလည်း ‘နင့်ကြောင့်’ ဟူ၍ နောက်ဆက်တွဲ အကန်အကျောက်ခံရမည်မှာ သေချာ၏။

သို့ တမျှော်တခေါ် တွေးမိလိုက်သည်နှင့် အတာလည်း ‘သူပေးမှပဲ ယူတော့မယ်လေ’ ဟူသော အားလျှော့မှုကလေးဖြင့် သူ့မမေအနီးသို့ အရိပ် အခြည်ကြည့်ရင်း ကပ်သွား၏။

ယနေ့လည်း အတာသည် ကုသိုလ်ကောင်း၏။ မုန့်ဖိုးကို မသိန်းမေက အကျေအနပ်နပ်နှင့်ပင် ထုတ်ပေးလိုက်၏။ သို့သော် ကျောင်းလခနှင့်ပတ်သက်၍မူ ဘာတစ်ခွန်းမျှ မပြော၊ သတိပင် ရဟန်မတူသလို ခပ်အေးအေး အမူအရာဖြင့် ဈေးဖန်ကို ပြင်နေသောကြောင့် အတာတွင်လည်း ယောင်၍မျှ စကားမဟဝံ့သည့် အတိုင်း ကြာကြာပင် မဆိုင်းဘဲ ထွက်လာခဲ့ရတော့၏။

ယနေ့သော် အတာသည် ဆရာမ ခေါ်မေးသည်ကိုပင် မစောင့်တော့ဘဲ ဆရာမ စားပွဲတွင် သွားရပ်ကာ

‘ကျွန်တော်တို့မမေက ကျောင်းလခကို ၁၅ ရက်နေ့ပေးမယ် ပြောပြီး ဒီနေ့လဲ မပေးလိုက်သေးဘူး မမ’

‘ဟေ ဘယ်နေ့ပေးမယ်လို့ကော မပြောဘူးလား’

‘ဘာမှကို မပြောလိုက်ဘူးခင်ဗျ၊ ကျွန်တော်လဲ မမေးရဲဘူး၊ ရိုက်မှာ ကြောက်တာနဲ့’

‘ဖြစ်ရလေကွယ်၊ မင့်မမေက ကျောင်းလခတောင်းတာကိုပဲ ရိုက်ရသေး သတဲ့လား’

သောကြာနှင့် စနေများတွင် ပိုက်ဆံတောင်းခြင်းနှင့် ပတ်သက်၍ သူ ဆောင်စည်းရသော ဝတ္တရားများကို အတာက ရှင်းပြလိုက်သည်၌ ဆရာမ တွင် စုတ်တသတ်သတ်ဖြင့် စာစာကထက်ပင် စိတ်မကောင်း ဖြစ်သွားရ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

အတာကလေး သူ့နေရာသူပြန်ရောက်၍ မကြာမီပင် ဆရာမသည် စားပွဲကို ကြိမ်လုံးဖြင့် သုံးလေးချက် ရိုက်လိုက်ခြင်းအားဖြင့် အတန်းသားများ သူ့ဆီသို့ အာရုံစိုက်စေလျက်

'ကျောင်းသွားကျောင်းပြန် ဘတ်စ်ကားစီးဖို့ စာရင်းပေးထားတဲ့လူတွေ သေသေချာချာ နားထောင်ကြ၊ ဒီနေ့ညနေ ကျောင်းလွှတ်ချိန်ကစပြီး အဲဒီစာရင်း ပေးထားတဲ့လူတွေကို ဘတ်စ်ကားနဲ့ ပို့ပေးလိမ့်မယ်၊ အဲဒီတော့ ညနေ ကျောင်း လွှတ်ရင် ကိုယ့်အတန်းထဲမှာပဲ ကိုယ်ထိုင်နေကြရမယ် ကြားရဲ့လား'

'ကြားပါတယ် မမ'

အသွားအပြန် ကျောင်းကားစီးမည်ဟု စာရင်းပေးထားသော ကလေး များက ဝမ်းသာအားရသို့လျှင် ဖြေလိုက်ကြ၏။

'နောက်ပြီး နက်ဖြန်ကျရင်လဲ မင်းတို့ကို ကျောင်းကားနဲ့ လာကြိုလိမ့် မယ်၊ မနက် ရှစ်နာရီတိတိမှာ မင်းတို့အဆင်သင့် ပြင်ထားရမယ်နော်၊ အဆင် သင့် လုပ်မထားတဲ့လူကို ကျောင်းကားက စောင့်နေမှာမဟုတ်ဘူး၊ မှတ်မိရဲ့လား'

'မှတ်မိပါတယ် မမ'

'အေး ကျောင်းကားအတွက် တစ်လကို သုံးကျပ်ပေးရလိမ့်မယ်ဆိုတာ မင်းတို့ သိပြီနော်၊ ဒီနေ့ ၁၅ ရက်ဆိုတော့ တစ်လရဲ့ တစ်ဝက်၊ အဲဒီတော့ လဆန်းရင် မင်းတို့ လဝက်ခပဲ ပေးရမယ်၊ လဝက်တွက်ဆိုတော့ ဘယ်လောက် ကျမလဲဟေ့'

'တစ်ကျပ်ခွဲပါ မမ'

'အဲဒီတော့ လဆန်းလို့ ကျောင်းလခယူလာတဲ့နေ့မှာ ကျောင်းကားအတွက် တစ်ကျပ်ခွဲကိုပါ ယူခဲ့ကြရမယ်'

ကျောင်းသားမိဘများ၏ တောင်းဆို နားပူချက်အရ ကျောင်းအုပ်ကြီး တွင် ကျောင်းဘတ်စ်ကားထားရန်အတွက် အပူတပြင်း စီမံရတော့ကာ အလွယ် ကူဆုံးနှင့် အမြန်ဆုံးဖြစ်သွားစေရန် ခရီးသည်တင်ကားအဖြစ် သွားလာနေသော ဘတ်စ်ကားတစ်စင်းကိုပင် ခပ်သုတ်သုတ်ဝယ်လိုက်ရတော့၏။ ဈေးသက်သက် သာသာနှင့်လည်း ရ၊ ကျောင်းသားမိဘများလည်း ကျေနပ်မှုရသွားစေရန် ကျောင်းအုပ်ကြီးသည် လကုန်အထိပင် မစောင့်တော့ဘဲ ၁၅ ရက်နေ့မှပင် စတင်၍ ကားဖြင့်ပို့ပေးရန် စီမံလိုက်တော့၏။

လဆန်းစလောက်ကပင် စတင်ကြေငြာ၍ စာရင်းသွင်းစေခဲ့ရာ၌ ကျောင်း ကားဖြင့် ကျောင်းတက်ရန် အတာတို့အတန်းမှ ကိုးယောက်စာရင်းပေး၏။ ထို အထဲတွင် စံဝင်းနှင့် ရာမာဆိုသူ ဂေါ်ရင်ဂျီကုလားကလေးတစ်ယောက်ယှည်



ပါ၏။

အခြားသော ကလေးတို့မှာ များသောအားဖြင့် ကျောင်းပတ်ဝန်းကျင် အနီးအနားတွင်သာနေကြသောကြောင့် ကျောင်းကားကို စီးရန်မလို။ အတာကလေး အဖို့တွင်မူ ကျောင်းနှင့်အတော်ကလေး အလှမ်းဝေးသည်ဖြစ်၍ ကျောင်းကားစီးရန် လိုအပ်သည်မှန်သော်လည်း ကျောင်းလခပင်အနိုင်နိုင်ဖြစ်နေသောကြောင့် အတာမှာ သောင်၍မျှ စိတ်မကူးဝံ့ခဲ့ဘဲ ဆရာမက အိမ်ရှိလူကြီးများအား မေးမြန်းခဲ့ရန် ဆိုသည်ကိုပင် အတာသည် မမေးခဲ့။ ကျောင်းကားကိစ္စနှင့်ပတ်သက်၍ သူ့ အမေကို ဘာတစ်ခွန်းမျှ စကားရိပ် မသန်းခဲ့၊ သို့သော် သူ စီးချင်ရှာ၏။

သို့ စီးချင်သည်မှာလည်း စင်စစ် ကျောင်းတက်ကျောင်းပြန် ခြေကျင် ညှို သွားလာနေရ၍ ညောင်းညာပင်ပန်းသောကြောင့်မဟုတ်။ ကလေးတို့ သဘာဝ အတိုင်းပင် အညှံမခံလိုစိတ် အများနည်းတူ စီးလိုသည့်စိတ်ကြောင့်သာ ဖြစ်၏။

ရာမာဆိုသူ ဂေါ်ရင်ဂျီကုလားကလေးမှာ ကျောင်းနှင့် ငါးမိနစ်လောက် လျှောက်လျှင် ရောက်နိုင်သည့် ဘုန်းကြီးလမ်းတွင် နေ၏။ အတာ့အဖို့မူ သုတ်သုတ်သွားနိုင်ပါမှ ဆယ့်သုံးလေးမိနစ်ကြာ၏။

ရာမာတို့နှင့် အခြေအနေချင်း နှိုင်းယှဉ်လိုက်သော်အတာတို့ကသာ၏။ ရာမာ၏ အဖေမှာ တစ်နေ့တစ်ကျပ်ပင် မနည်းကြီးဝင်အောင် ကြိုးစားရသော သင်္ဘောကြီးကူလီ ဖြစ်၏။ ရာမာ၏အမေက မဆလာကြိတ်ရောင်းခြင်းဖြင့် ဝင်ငွေတစ်လမ်း ရှာ၏။

ဂေါ်ရင်ဂျီကုလားတို့မည်သည် သားသမီးများကို အင်္ဂလိပ်ကျောင်းထား၍ ပညာသင်ပေးသည်မှာ ရှာမှ ရှား၏။ သို့သော် ရာမာ၏ဖခင်မှာမူ အခြားသော ဂေါ်ရင်ဂျီကုလားများကဲ့သို့ မိမိက ကူလီဆိုလျှင် သားကိုလည်း ကူလီလုပ်ခိုင်းလျက် မိမိက လန်ခြားဆွဲလျှင် သားသည်လည်း အရွယ်ရောက်သည်နှင့် လန်ခြားဆွဲ ခိုင်းချင်သော စိတ်မျိုးမရှိ။

'ကျွန်တော်နော် သင်္ဘောကြီးမှာ လုပ်တယ်၊ အများကြီး ဒုက္ခများတယ် သိလား အများကြီး ပင်ပန်းတယ်၊ ရာမာနော် ဒီလိုမလုပ်ရဘူး၊ အင်္ဂလိပ်စာ ... စာတတ်တယ်နော် တစ်လကို နှစ်ဆယ်သုံးဆယ် ရပစီ တော်ပြီ၊ သူ ... ထိုင်စားဖို့ရမှာပဲ၊ ကရာနီအလုပ်လေ စာရေးအလုပ်နော် အများကြီးကောင်းတယ် ... အလုပ် အများကြီးသက်သာတယ်၊ ကူလီ အလုပ်နော် အလကား...

ရာမာ၏ ဖခင် ကုလားကြီးကိုယ်တိုင် ဆရာမထံသို့ မကြာခဏလာ... ... သို့လျှင် သူ့ဘဝကို ပြောပြတတ်၏။ သူ့သားအပေါ်၌ အဘယ်မျှ ... ... ကို အစီရင်ခံရင်း ရာမာ စာမကြိုးစားက သွေးထွက်အောင် ရိုက်သည့်...

www.burmeseclassic.com

www.burmeseclassic.com



သူစိတ်ဆိုးမည်မဟုတ်ကြောင်း တောင်းတောင်းပန်ပန်နှင့် သူ့သားအား ဂရုစိုက် သင်ကြားပေးရန် မေတ္တာရပ်ခံလေ့ရှိ၏။ ထို့ကြောင့်လည်း အတာသည် ရာမာတို့၏ အခြေအနေကို ရေရေလည်လည် သိခွင့်ရခဲ့၏။

အတာ့မေမေနှင့် ရာမာတို့မေမေ ဝင်ငွေချင်း သိသိသာသာ ခြားနား၏။ ကိုထွန်းအောင်သည် တစ်လ လေးဆယ့်နှစ်ကျပ် မှန်မှန်ရ၏။ ရာမာတို့ အမေ မှာမူ တစ်လ သုံးဆယ်ပင် မသေချာ။

သို့သော် ရာမာတည်းဟူသော ဓေါ်ရင်ကိုကုလားကလေးသည် အတာထက် အစစအရာရာတွင်သာ၏။ ရာမာသည် နံနက် ကျောင်းတက်တိုင်း ခေါက်ရိုးမကျိုး သော ဒိုဘီကျ ရှပ်အင်္ကျီ အကောင်းစားကို ထည်လဲနှင့် လာတတ်၏။ မိုးရာသီ တွင် မိုးကာအင်္ကျီနှင့် ဆောင်းဦးပေါက်လျှင် သက္ကလတ်ကွတ် သက္ကလတ်ဆွယ်တာ နှင့်ဆိုသလို ဘာမျှ လိုလေသေးမရှိအောင် သူ့မိဘများက ဆင်ပေးလေ့ရှိ၏။ မုန့်ဖိုးအနေဖြင့်လည်း အိမ်တွင်အဝ နံနက်စာကို ကျကျနနစားခဲ့ရသည့်အပြင် တစ်မူးတိတိ အိတ်ထဲတွင် ပါလာချေသေး၏။ တစ်ခါတစ်ရံ အတာ့ကိုပင် တစ်ပဲမှ တစ်မူးဖိုးအထိ ဖောဖောသီသီ ဝယ်ကျွေးနိုင်လောက်အောင် တစ်မတ် ငါးမူး ပါလာတတ်သေး၏။

'တို့အဖေကလေ ငါ ကျောင်းမနေတော့ဘူးဆိုရင် တစ်ခါထဲဒိုတာပဲကွ မင်း ကျောင်းမနေရင် ငါလိုပဲ ကူလီဖြစ်တော့မှာပဲဆိုပြီး တစ်ခါထဲအော်ဒိုတာပဲ တို့အဖေက ငါ ကူလီဖြစ်မှာ သိပ်ကြောက်တာပဲ၊ ဒါကြောင့် ငါ ပိုက်ဆံပိုလိုချင် ရင် ကျောင်းမသွားတော့ဘူးလို့ ပြောလိုက်ကာပဲ၊ အဲသလိုဆိုရင် ငါတောင်း သလောက် ပေးတယ်ကွ၊ ဒီနေ့လေ ငါ ငါးပဲတောင်ရတယ် ဆရာ'

အကြောင်းဆိုက်တိုင်း ရာမာသည် အတာ့အား ဤသို့ပြောပြလေ့ရှိ၏။

ယခုလည်း ရာမာသည် ကျောင်းတက် ကျောင်းပြန် ကားနှင့်သွားရတော့ မည်ဖြစ်၍ အတာထက် သာသွားပြန်လေပြီ။ သို့သော် အတာသည် ရာမာ့အပေါ် မနာလိုစိတ်မရှိ။ ရာမာသည် ဂဏန်းသင်္ချာနှင့် မြန်မာစာမှလွဲလျှင် အားလုံးသော ဘာသာ၌ ညံ့သူဖြစ်သောကြောင့် အတာသည် သူ့အား သနား၏။ အမြဲလိုလို အားလပ်ချိန်ရတိုင်း အတာက စာပြပေးလေ့ရှိ၏။ သို့ကြောင့်လည်း ရာမာက အတာအား ချစ်၏။ အတာကလည်း ချစ်၏။

'ဟေ့ ရာမာ၊ မင့်ဖိနပ် ဘယ်လောက်ပေးရသလဲကွ'

တစ်နေ့သော် ရာမာစီးလာသည့် ပန်းရှူးခေါ် ဖဲကြိုးတပ် သားရေဖြော ဖိနပ်အသစ်ကလေးကို ကြည့်ရင်း အတာကမေးသည်ကို

'လေးကျပ်လေ၊ စပယ်ရှယ် မှာချုပ်တာပေါ့၊ ဒီဖိနပ်မျိုး ငါစီးချင်နေတာ ကြာပြီကွ၊ တို့အဖေက ဈေးများတယ်ဆိုပြီး ချုပ်မပေးဘူး၊ ဟိုစနေနေ့ကတော့



ငါလဲ သိပ်စီးချင်တာနဲ့ ဒီဖိနပ်ချုပ်မပေးရင် ကျောင်းထွက်တော့မယ်လို့ ပြောတာနဲ့ တို့အဖေက သူ စုထားတဲ့ ပိုက်ဆံဘူးကလေးဖောက်ပြီး လိုက်ချုပ်ပေးတယ်ကွ၊ ကောင်းတယ်နော်'

'အေး သိပ်လှတာပဲ'

'မင်းကော တစ်ရန်ချုပ်ပါလားကွ'

ရာမာက လွယ်လွယ်ကလေး ပြောလိုက်သလောက် အတာတွင်မူ စိတ်ရော ကိုယ်ပါ မောသွားတော့၏။

'ငါ မချုပ်နိုင်ပါဘူး ရာမာရာ'

အတာတွင် ထိုမျှသာ ပြန်ပြောနိုင်၏။

'မင်း လိုချင်ရင် ဒီဖိနပ်ယူလေ၊ ငါ တို့အဖေကို ဖိနပ်ပျောက်သွားပြီ ဆိုပြီး အသစ်ထပ်ချုပ်ခိုင်းမယ်'

ထိုစကားအတွက် အတာကလေး ငိုင်သွား၏။

'ဟေ့ကောင် မင်း ဒီလိုမလုပ်နဲ့ကွ၊ မင်းတို့အဖေဟာ ဘယ်လောက်လောက် သနားဖို့ကောင်းသလဲ၊ မင်း ပူဆာရင် ဘာမဆို ဝယ်ပေးတာပဲ မဟုတ်လား၊ ဒီလို သဘောကောင်းတဲ့ အဖေ အမေကို ခဏခဏ စိတ်ညစ်အောင်လုပ်ရင် မင်း ငရဲကြီးလိမ့်မယ်ကွ၊ နားလည်လား'

'ဒီလိုဆိုလဲ မင့်စကားကို ငါ နားထောင်မှာပေါ့ကွာ၊ ငါကတော့ မင့်ကို ချစ်လို့ ဒီဖိနပ်ပေးချင်တာပါ'

ရာမာ၏ မိဘများသည် သားကို ပညာတတ်စေလိုသောဇောနှင့် မေတ္တာ ကြောင့် ဤမျှ အလိုလိုက် ယုယသည်နှင့်ပင် မပြီးသေး။ တစ်ခါတစ်ရံ ပိုးပေးပြီး ဖြစ်ပါလျက် နေ့လယ် မုန့်စားလွှတ်သော အခါများ၌ ရာမာ၏ ကြီး ရောက်လာကာ ဝယ်လာသော ဖွယ်ဖွယ်ရာရာ မုန့်ကလေးများကို သွား ကျွေးသွားတတ်သေး၏။

သို့လျှင် ဂရုတစိုက်ရှိပုံကို အတာသည် သူ့မေမေနှင့် နှိုင်းယှဉ်ကြည့်မိ မှ တစ်ခါတစ်ခါသော်

'ငါသာ ရာမာတို့အမေဝမ်းထဲ ဝင်စားမိရင် ကောင်းမှာပဲ' ဟူ၍ပင် ယောင်ကတမ်း ရေရွတ်မိရှာ၏။

အချိန်မှာ ညနေကျောင်းလွှတ်ရန် ၁၀ မိနစ်ခန့်သာ လိုတော့သော အချိန် ဖြစ်၏။ ဆရာမသည် မိန်းကလေးများကို ခေါင်းအုံးစွပ် ပန်းထိုး ပြ ပေးနေ၏။ အတာမှာမူ ယောကျ်ားလေးတစ်သိုက်နှင့် အတူ ထိုင် နေရာတွင် မြန်မာဖတ်စာအုပ်တစ်အုပ်ကိုင်၍ ဆရာမ ရင်း အမိပ္ပာယ်ရှင်းပြရင်းဖြင့် အလုပ်ရှုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် ကျောင်းဝင်းထဲသို့ မောင်းဝင်လာသော ဘတ်စ်ကားကြီးနှင့် အတူ စက်သံသည် တစ်ကျောင်းလုံး ဆူညံသွားတော့၏။ ဤတွင် ကျောင်းကား နှင့် ပြန်ကြရမည်ဖြစ်သော ယောကျ်ားလေးများ၏ ဝမ်းမြောက်ပျော်မြူးသံမှာ ထိန်းမရအောင် ညံနေသည်နှင့်

'အတာ မင့်ဘက်က ဘာလို့ ဒီလောက်ဆူနေသလဲ၊ ပြောလို့မရရင် ရိုက်လို့ မမ မှာထားတယ်မဟုတ်လား' ဟု ဆရာမက လှမ်းပြောလိုက်မှ စကားဖြင့်သာ ပျောင်းပျောင်းဖျဖျ ပြောလေ့ရှိ၏။

'မင်းတို့ ငါ့ကိုချစ်ရင် မဆူကြနဲ့ကွာ'

ထိုစကားသည် အတာ၏ လက်သုံးစကားဖြစ်၏။ ယခုတစ်ကြိမ်မှာမူ သူတို့စီးရတော့မည့် ဘတ်စ်ကားကြီးရောက်လာသောကြောင့် ပျော်ရွှင်ဝမ်းမြောက်သံ ဖြင့် ဆူညံသွားခြင်းဖြစ်လျက် အတာကိုယ်တိုင်ပင် ထိုကားကြီးကိုကြည့်၍ အလိုလို ကြည်နူးသွားမိသေး၏။

ကျောင်းလွှတ်လိုက်လေပြီ။ ဘတ်စ်ကားတစ်စင်းလုံး ကလေးများဖြင့် ပြည့်ကျပ်၍ တစုန်းဝုန်းဖြစ်နေတော့၏။ ရုတ်တရက် စီမံလိုက်သည်ဖြစ်၍ ထုံးစံ အတိုင်း ကလေးများကိုလာကြိုနေသော မိဘနှင့်အုပ်ထိန်းသူများမှာ ယောင်ချာချာ ဖြစ်ကုန်တော့၏။

သို့ရှိနေစဉ်မှာ အသင့်ရောက်လာသော လက်ထောက်ကျောင်းအုပ်ကြီးက ဤသို့ ရုတ်တရက်စီစဉ်သည်မှာ အခြားကြောင့်မဟုတ်။ ကလေးရော လာကြိုသူများ ကိုပါ တွဲ၍ ကားနှင့်ပို့ရင်း ဒရိုင်ဘာနှင့် အဖော်တို့အား မိမိတို့ နေထိုင်ရာအခန်း များကို အသေအချာ ပြထားရန်ဖြစ်ကြောင်း ရှင်းပြပြီးမှ ကလေးနှင့် လာကြိုသူ များကို နှစ်သုတ်ခွဲ၍ ပို့ပေးလိုက်၏။

အတာလည်း တရုန်းရုန်းနှင့် ခုန်ပေါက် မြူးပျော်နေသော ကားကြီး ပေါ်မှ သူငယ်ချင်းများကို ကြည့်ရင်း သူတို့နည်းတူ ပျော်နေမိ၏။

'ဟေ့ အတာ၊ ဘာလဲကွ မင်းကော ကျောင်းကားနဲ့ ပြန်မလို့လား'ဟု ပခုံးကိုလာဖက်ရင်း မေးလိုက်သောကြောင့် အတာက လှည့်ကြည့်တဲ့ကာ

'ဟာင် ကျော်ကျော်၊ မင်းကော မပြန်သေးဘူးလား'

'တို့အိမ်က လာမကြိုသေးလို့ စောင့်နေတာကွ၊ ဘာလဲ မင်း ကျောင်းကားနဲ့ ပြန်မှာလား' ဟု ကျော်ကျော်က ထပ်မေးလိုက်သဖြင့်

'မဟုတ်ပါဘူးကွ၊ ငါတို့က ဆင်းရဲတာပဲ မစီးနိုင်ပါဘူးကွာ' ဟု အတာက အားငယ်သွားသည့် အမူအရာဖြင့် ပြောလိုက်ပြီးမှ

'ဒါနဲ့ မင်းတို့က သူဌေးမဟုတ်လားကွ၊ ကျောင်းကားနဲ့ ပြန်ပါလား၊ မင်းတို့က ပိုက်ဆံလဲ ချမ်းသာရက်နဲ့'



'အေးပါကွာ၊ ခု ငါ ခါတိုင်းလို လန်ခြားနဲ့ မပြန်ရတော့ဘူး၊ တို့အိမ်က မြင်းလှည်းတစ်စီး ဝယ်ထားပြီကွ၊ ကြည့် တော်ကြာ လာကြိုလိမ့်မယ်'

'ဟုတ်လားဟေ့ ဒီလိုဆို ဟန်ကျတာပေါ့နော်' ဟု ပြောရင်း အတာသည် တစ်စုံတစ်ခုကို အလုအယက် တွေးနေမိ၏။

'ဟေ့ ကျော်ကျော် မင်းတို့နေတာက ၂၂ လမ်း၊ ငါက မောင်ခိုင်လမ်း (ယခု ဗိုလ်ရွှေလမ်း) ဆိုတော့ လမ်းချင်းကပ်နေတာပဲ မဟုတ်လားကွ'

'ဒါ ဘာဖြစ်သလဲကွ၊ မင်းကလဲ ဒါများ အဆန်းလုပ်ပြီး ပြောနေပြန်ပြီ'

အတာလည်း ခပ်သုတ်သုတ်ကလေး တဲတွေးကို မျိုချလိုက်ပြီးမှ

'ဟုတ်ဘူးလေကွာ၊ မင်းတို့ပြန်ရင် မင်းတို့မြင်းလှည်းနဲ့ ငါလိုက်ချင်လို့ကွ၊ လိုက်ရဘူးလား ဟင်၊ မင်းတို့အိမ်ရောက်တော့ ငါဆင်းပြီးလျှောက်သွားမှာပေါ့'

'အေး လိုက်လေ၊ ဒါပေမဲ့ တို့အမေကို မေးကြည့်ဦးမယ်နော်'

သို့နှင့် သုံးမိနစ်ခန့်အကြာတွင် အသစ်စက်စက်ဖြစ်သော ကျော်ကျော်တို့ မြင်းရထားကြီး ရောက်လာတော့၏။

'ကျော်ကျော် မင်းတို့မေမေကို ပြောပါကွ နော်၊ ငါလဲ လိုက်ပါရစေ'

ကျော်ကျော်ကလည်း သွက်လက်စွာပင် ခေါင်းညိတ်ပြရင်း မြင်းရထား ဆီသို့ ပြေးသွားကာ ရုတ်တရက် အပေါ်မတက်သေးဘဲ အသင့် ဖွင့်ထားသော ရထားတံခါးကိုကိုင်ရင်း ဖြူဖြူဝဝ အဒေါ်ကြီးတစ်ယောက်အား တီးတိုး ပြော လိုက် အတာအား လှည့်ကြည့်လိုက်ဖြင့် အမူအရာအမျိုးမျိုး ဖြစ်နေ၏။

အတာတွင်လည်း ထိုရထားနှင့် လိုက်ခွင့်မရသည့်တိုင်အောင် လမ်း လျှောက်ပြန်ရ၍ ဘာမျှ ဝန်လေးစရာ မရှိပါဘဲလျက် ရင်ကလေးတထိတ်ထိတ် ဖြင့် ငေးကြည့်နေမိ၏။

မြင်းရထားပေါ်မှ အဒေါ်ကြီး၏ မျက်နှာထားမှာ မကျေနပ်သည့် အမူအရာဖြင့် တစူစူ တခါခါ ဖြစ်နေ၏။

ကျော်ကျော်ကလည်း သူ့သူငယ်ချင်းအား ရထားဖြင့် တင်ခေါ်သွားလို ကြောင်း မရမက နားပူနေသည့်အသွင် ခြေကလေးတဆောင့်ဆောင့်ဖြင့်ပြောနေ၏။ နောက်ဆုံး၌ ကျော်ကျော်လည်း လိုလားချက်ရသွားသည့်ပမာ အတာအား အပြုံးနှင့် လှည့်ကြည့်ရင်း လက်ယပ်ခေါ်လိုက်၏။

အတာလည်း ကျောင်းဝင်းဝမှ ကဆုန်ချပြေးသွား၏။ ကျော်ကျော်[illegible] တက်နှင့်သဖြင့် အတာကလည်း ရထားပေါ် လိုက်တက်မည်အပြုတွင် [illegible] ကြီးသည် တံခါးကို ရုတ်တရက် ဆွဲပိတ်လိုက်ပြီး

'ဟဲ့ကောင်လေး သွားနောက်မြီးကထိုင်'ဟုမျက်နှာထားတင်း[illegible] ပေးလိုက်သောကြောင့် အတာတွင် ယောင်ချာချာ ဖြစ်သွားတော့၏။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်းသူ့အမေ၏အပြုအမူကို သဘောမကျသကဲ့သို့ တစ်စုံတစ်ရာ ပြုတော့မည် မှာဝင်'

'ဟော့ ဂါရီဝါလား' ဟု ရထားမောင်းသည့် ကုလားကိုခေါ်ကာ

'ဒီကောင်လေးကို နောက်မှာတင်ပေးလိုက်၊ ဟဲ့ကောင်လေး သေသေ ချာချာ ကိုင်ပြီးထားနော်'

သို့လျှင် တစ်ဆက်တည်း အမိန့်ပေးလိုက်သည်နှင့် ရထားကုလားသည် အတာအား ရထားနောက်မြီးရှိ တစ်ယောက်စာ ထိုင်ခုံကလေးပေါ်တွင် တင်ပေးကာ လက်ကလည်း မြဲမြဲဆုပ်ကိုင်ထားရန် သတိပေးပြီးမှ ရထားပေါ်တက်၍ မောင်းထွက်သွားတော့၏။

ရထားမှာ ကိုယ်ပိုင်အလုစီးရန် လုပ်ထားသည်ဖြစ်ပြီး မြင်းကိုလည်း အကောင်းဆုံး အပြေးဆုံးကို ဝယ်တပ်ထားသောကြောင့် ရထားထွက်သည်နှင့် မြင်းလည်း တလှစ်လှစ်ပြေးတော့၏။

အတာမှာ တစ်ကြိမ်တစ်ခါမျှပင် အချို့သော ကလေးများကဲ့သို့ မြင်းလှည်း ခိုးစီးခြင်း စသည့်ဆော့ကစားမှုမျိုး ပြုလုပ်ခဲ့ဖူးသည် မရှိသောကြောင့် ယခုကဲ့သို့ အဟုန်နှန်းပြေးနေသော မြင်းလှည်းနောက်မှ ထိုင်လိုက်ရသည်မှာ အတာ့အဖို့ ရောမ စွန့်စားမှုကြီးလို ဖြစ်နေတော့၏။ ကြောက်လိုက်သည်မှာလည်း ပြောစရာမရှိ။ အဘယ်ကိုကြည့်ကြည့် တရိပ်ရိပ်နှင့် ထိတ်စရာဖြစ်နေသောကြောင့် နောက်ဆုံး၌ မျက်လုံးကို စုံမှိတ်ကာ အသည်းတထိတ်ထိတ်နှင့်ပင် လိုက်ပါခဲ့ရတော့၏။

၂၂ လမ်းရှိ ကျော်ကျော်တို့အိမ်ရှေ့တွင် ရထားဆိုက်သည်နှင့် အတာလည်း ချွေးသီးနေသော မျက်နှာကလေးဖြင့် အမောတကြီး ခုန်ဆင်းလိုက်၏။

'ဟင်း မေ့လို့ ငါစီးလာမိတယ်' ဟူ၍လည်း ညည်းညည်းညူညူ ရေရွတ်လိုက်မိ၏။

'ဟော့ ကျော်ကျော် ငါ ပြန်တော့မယ်နော်'

အဒေါ်ကြီးနှင့်အတူ ရထားပေါ်မှဆင်းလာသော ကျော်ကျော်အား အတာက ဤသို့ သွားရောက်နှုတ်ဆက်လိုက်သည်ကိုပင် သဘောမကျနိုင်သလို အမူအရာဖြင့် အဒေါ်ကြီးသည် ကျော်ကျော်အား လှေကားပေါ်သို့ တွန်းပို့ရင်း

'ဟဲ့ကောင်လေး ပြန်တော့လေ' ဟု မျက်နှာထားမောက်မောက်နှင့် ခပ်ဝေါက်ဝေါက် ပြောလိုက်သောကြောင့် အတာတွင် ဝမ်းနည်းသွားသည့်အသွင်သို့ ရုတ်ချည်းပင် ပြောင်းလဲသွားကာ ဘာတစ်ခွန်းမျှမပြောတော့ဘဲ ချာခနဲ လှည့် ထွက်ခဲ့၏။

\+ \+ \+



ထိုနေ့သည် စနေနေ့ဖြစ်သည့်အတိုင်း ယခင်တစ်ပတ်ကနည်းတူ အတာလည်း စောစောစီးစီးပင် သူ့မေမေဆိုင်သို့ လျှောက်လာခဲ့၏။ အတာကလေးရောက် လာသည်နှင့် ကောက်ကာငင်ကာ သူ့မေမေသည် ထူးထူးခြားခြား အသင့်ချန် ထားသော နံပြားနှင့် ဟင်းပန်းကန်လှလှကို အတာ့ရှေ့သို့ ချပေးလိုက်၏။

အတာတွင်လည်း မယုံကြည်နိုင်လောက်အောင် အံ့သြသွားပြီးမှ ဝမ်းမြောက်ဝမ်းသာ ဆာဆာနှင့် စားလိုက်သည်မှာ သူ့ပါးစပ်ကိုပင် အနားပေးရမှန်း မသိအောင် အရသာတွေ့ အိသွားတော့၏။

မသိန်းမေမှာ ပေါ်ပင်ကိုသာတင်၍ ရောင်းသူဖြစ်သည့်အတိုင်း ယနေ့သော် သူ့ဗန်းပေါ်၌ သန့်စင်ပန်းမရှိတော့ဘဲ အလုံးအဖန်လှ၍ ပွပွနှင့်ဝင်းနေသော လိမ္မော်သီးများကို တွေ့ရ၏။

အချိန်ကျသည်နှင့် မသိန်းမေလည်း လွန်ခဲ့သော အပတ်က နည်းတူပင် လိမ္မော်သီးများကို သုံးပုံသုံးစားခွဲ၍ မည်သည့်အစားကို မည်သည့်ဈေးရောင်းရန် သေဖြင့် အတာအား မှာကြားထားခဲ့ပြီး မြင်းပွဲသို့ ထွက်သွားတော့၏။

ထိုစဉ်က မြူနီစီပယ်စည်းကမ်းမှာ လူသွားစင်္ကြံပေါ်တွင်ရောင်းမှ ဖမ်းသည် မဟုတ်ဘဲ ရောင်းကုန်ဖြစ်စေ၊ အခြား မည်သည့်ပစ္စည်းပင်ဖြစ်စေ၊ ရေမြောင်းများ အပေါ်တွင် ထားပါက ဖမ်းနိုင်၏။ ဈေးပတ်ဝန်းကျင်၌သာ မဟုတ်၊ လူနေရပ်ကွက် များတွင်လည်း ရေမြောင်းပေါ်၌ မည်သည့်ပစ္စည်းကိုမျှ ထားခွင့်မရ။

မသိန်းမေတွင် ဆိုင်ဟူ၍ အတည်တကျမရှိ။ သို့သော် ဗန်းတစ်ချပ်စာ နေရာရလျှင် ကိစ္စပြီး၏။ ဈေးအဝင်အထွက်ပေါက်ရှိ ရွှေဆိုင်ဘေးတွင်ကပ်ကာ မြောင်းပေါ်တစ်ဝက်၊ ဈေးပိုင်နက်မြေတွင်တစ်ဝက် စသည်ဖြင့် ဈေးဗန်းကို နယ်နိမိတ် တစ်ဝက်စီချ၍ မြူနီစီပယ်ပုလိပ်လာလျှင် ဈေးဘက်သို့ ဗန်းကို ဆုတ်လိုက်၏။ ဈေးမန်နေဂျာက စကားများမည်ကြံလျှင်လည်း ဈေးဗန်းကို အပြင်ဘက်သို့ ရွှေ့လိုက်ရုံဖြင့် ကိစ္စပြီးသွား၏။ ဤပရိယာယ်ကို အတာကလည်း ကျင်လည်နေပြီဖြစ်၍ မသိန်းမေ စိတ်ချလက်ချ မြင်းပွဲသွားနိုင်ခြင်းဖြစ်စေ။

ထိုနေ့က အတာ့ရောင်းရငွေမှာ စုစုပေါင်း ခုနစ်ကျပ်ခွဲဖြစ်၏။ အတာ ကလေးဘက်က အရောင်းအဝယ် ဟန်ကျသလောက် မသိန်းမေတွင်မူ ပါသွားသော ငွေနှစ်ဆယ်ကျော် တက်တက်စင် ပြောင်ခဲ့ရုံသာမက နီးစပ်ရာ မြင်းသမားချင်း ထံမှ ချေးယူကစားခဲ့သော ငွေငါးကျပ်ပင် အကြွေးအဖြစ်တင်ခဲ့သေး၏။

သို့သော် ယခင့်ယခင် မြင်းရှုံးခဲ့စဉ် အချိန်များကကဲ့သို့ အတာလေး အဆူအကြိမ်းမခံရ။ သူရောင်းထားသဖြင့် ဟန်ကျခဲ့သော ငွေခုနစ်ကျပ်ကြောင့် အဓာန်အမဲခံရမှုမှ သက်သာရာရသွားတော့၏။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် အတာ အထူးမျှော်လင့်ခဲ့သော တနင်္ဂနွေနေ့ ဖြစ်သည့်အတိုင်း မသိန်းမေ မထသေးမီပင် အတာ အိပ်ရာမှ နိုးနေပြီး သူ့မေမေလုပ်လေ့ရှိသည့်အတိုင်း လက်သုတ်ပဝါကို ရေဆွတ်၍ လိမ္မော်သီးများကို တစ်လုံးစီ ပွတ်သုတ်နေ၏။ လေးငါးဆယ်လုံးမျှသာ ကျန်တော့သောအချိန်တွင် မသိန်းမေ နိုးလာပြီး မျက်နှာသစ် အဝတ်အစားလဲဖြင့် ဈေးထွက်ရန် အသင့်ရှိလောက်နေပြီကို တွေ့ရသည်နှင့် အတာလည်း ရုတ်တရက် ထိုင်ရာမှ ထကာ

'လိမ္မော်သီးတွေအားလုံးသုတ်ပြီးပြီ မေမေ၊ လန်ခြားသွားခေါ်ရတော့မလား'

ကလေးတို့သဘာဝအတိုင်း မျက်နှာလိုမျက်နှာရ အမူအရာကလေးဖြင့် မေးလိုက်သည်ကို မသိန်းမေကလည်း ကြည်ကြည်သာသာပင် ခေါင်းညိတ်လိုက်၏။ သားအမိနှစ်ယောက် လန်ခြားနှင့်ထွက်လာခဲ့၍ ဈေးရောက်သည်နှင့် မသိန်းမေက လက်ဖက်ရည်ကုလားတစ်ယောက်ကိုခေါ်ကာ လက်ဖက်ရည် နံပြားနှင့် မလိုင် တစ်ပန်းကန်ကို မှာလိုက်၏။

မကြာမီ လက်ဖက်ရည်ကုလား ရောက်လာကာ မသိန်းမေမှာသမျှကို ချပေးသွားသည်တွင်

'အတာ လာစား'

မိဘ တစ်ခုခုစားနေလျှင် ဝေးဝေးသို့ ရှောင်ရှားနေရသည့်ထုံးစံအတိုင်း မလှမ်းမကမ်းတွင် သွား၍ရပ်နေသော အတာအား သို့လျှင် မသိန်းမေကခေါ်လိုက်သောကြောင့် အတာတွင် အပျော်ကြီး ပျော်သွားရ၏။ သို့ ပျော်သွားသည်မှာ စားရတော့မည်ဟူသော စိတ်မျိုးဖြင့် မဟုတ်။ 'ငါ့မေမေက အရင်လိုမဟုတ်တော့ဘူး၊ ငါ့ကို နည်းနည်းချစ်လာပြီ' ဟူသော ဝမ်းမြောက်မှုကြောင့် အလုအယက် ပျော်သွားခြင်းသာ ဖြစ်၏။

အချိန်မှာ ၇ နာရီခွဲသာသာမျှသာ ရှိသေးသောကြောင့် သိမ်ကြီးဈေး တစ်လျှောက်ရှိ ဆင်ဝင်အောက်တွင် လူသွားလူလာနည်းသေးသလောက် ဈေးသည်များလည်း စုံစုံလင်လင် ရောက်မလာကြသေး။ တစ်ဦးစ နှစ်သည်စ လောက်သာ တံမြက်စည်းလှည်း၊ ဖယောင်းပုဆိုးခင်းဖြင့် ပြင်တုန်းဆင်တုန်းရှိကြသေး၏။

အတာ့မျက်လုံးများမှာမူကား သူ့အတွက် ရပေါက်ရလမ်းရှိသော စွပ်ကျယ်ကုလားများအလာကိုသာမျှော်ငေးရင်း သူ့အတွေးနှင့်သူ စိတ်ကူးဖြော့နေတော့၏။

'ဒီနေ့တော့ စွပ်ကျယ်သေတ္တာအလွတ်တွေ အကုန်လုံး ငါရအောင်ကောက်ထားမယ်၊ အားလုံး စုထားပြီး ညနေကျ သွားရောင်းရင် တစ်မူးလောက်တော့ ရမှာပဲ'

သို့တွေးနေခိုက်မှာပင် မသိန်းမေတို့ဆိုင်နှင့် မလှမ်းမကမ်းနေရာလွတ်



တစ်ခုတွင် စွပ်ကျယ်သည်တစ်ဦး ရောက်လာသဖြင့် အတာတွင် သိသိသာသာ သဘောကျသွား၏။

ဤလိုနေ့မျိုး၌ ဆိုင်ခင်းကြရာတွင် သူ့နေရာ ကိုယ့်နေရာဟူ၍ သတ်မှတ်ထား၍ မရ။ ဦးရာလူက ကြိုက်ရာနေရာတွင် တည်ခင်းရောင်းချတတ်၏။ ယခင် တနင်္ဂနွေနေ့ကဆိုလျှင် စွပ်ကျယ်ဆိုင်များမှာ အတာတို့နှင့် အတော်ကလေး အလှမ်းဝေးဝေးတွင် ရောင်းကြ၏။ ယနေ့မူ ဆယ်ပေလောက်ကွာသောနေရာတွင် လာခင်းသဖြင့် အတာလည်း နီးနီးနားနားပင် သေတ္တာလွတ်များ ကောက်ရပေတော့မည်ဟု အတော်ကလေး ဝမ်းသာသွား၏။

သို့နှင့် ကိုးနာရီခွဲလောက်အရောက်တွင် စွပ်ကျယ်ဆိုင်မှာ သုံးဆိုင်ဆက်၍ တည်ခင်းပြီးဖြစ်သွားသောကြောင့်

'ငါတော့ ပွတာပဲ၊ ဒီနားမှာ သုံးဆိုင်တောင်ဆိုတော့ သေတ္တာတွေ အများကြီးရမှာပဲ' ဟု စိတ်ကူးနှင့် ရေရွတ်နေစဉ်မှာပင်

'အတာရေ' ဟု လှမ်းခေါ်လိုက်သောအသံကြောင့် အတာ လှည့်ကြည့်လိုက်သည်တွင် သူ့အား မုန့်ဖိုးတစ်မတ်ပေးခဲ့သော လုံချည်သည် ကြီးကြီးမေကို တွေ့ရသည်နှင့် အပြေးကလေး လှမ်းသွားကာ လန်ခြားပေါ်မှ အထည်ထုပ်များကို ကူညီသယ်ချပေးရင်း

'ဘယ်နေရာမှာ ခင်းမလဲ ကြီးကြီး'

'နီးနီးနားနားမှာ အဲဒီစွပ်ကျယ်ကုလားဘေးမှာပဲ ခင်းပေါ့ကွယ်'

အတာလည်း ဖုန်များကို ဖယောင်းပုဆိုးနှင့်ပင်ရိုက်ခါလိုက်ပြီးမှ စန့်စန့်ပြန့်ပြန့် ခင်းလိုက်၏။ လိုလေသေးမရှိ အစစပြည့်စုံအောင် ခင်းကျင်းပြီးသည်နှင့်ပင်

'ကဲ အတာ မင်းက လာဘ်ကောင်းတယ်၊ မင်းပဲ စပြီး ဈေးဦးပေါက်အောင် ရောင်းပေတော့ ဟုတ်လား၊ ကြီးကြီး ကုန်တိုက်သွားပြီး အထည်ကလေး ထပ်သွားအောင် ဝယ်ချည်ဦးမယ်'

ကြီးကြီးမေက ဤလိုမှာ၍ ထွက်သွားသည်မှာ သုံးလေးလှမ်းမျှသာ ရောက်သေးသည်။

'ဟောဒီမှာနော် သေသေချာချာထိုင်ကြည့်၊ သေသေချာချာ ကိုင်ကြည့် ကြိုက်မှဝယ်ပါ၊ ဇင်းမယ်ဆင် လင်နမစ်လုံချည်ကလေးတွေ တစ်ထည်မှခြောက်မူး ...' ဟူသော အတာ့အသံ စူးစူးကလေးသည် ပွဲဦးထွက်ပေါ်လာတော့၏။

အတာသည် အခြားသော ဈေးသည် တစ်ဦးတစ်ယောက် အော်ရောင်းသည်ကို ကြားခဲ့ရ၍လော၊ သို့တည်းမဟုတ် သူ့ပါးစပ်မှ အလိုလျောက် ထွက်ပေါ်လာခြင်းလော ဟူ၍မသိ။ (ထိုင်ကြည့်၊ ကိုင်ကြည့်) စသော ... ရောင်းပြီးသည့်

www.burmeseclassic.com



စကားလုံးများပင် ညုပ်၍ အော်တတ်နေပြီဖြစ်၏။

'လာ လာ လာ အဆင်ကလေးတွေ ကောင်းတယ်၊ လျှော့ဈေးလဲ ရောင်းတယ် ခင်ဗျနော်' ဟူ၍လည်းကောင်း

'အင်းလေးဆင်ယူမလား၊ ဇင်းမယ်ဆင်ယူမလား၊ ကျေးတစ်ရာ၊ မြစ်ကြာ ကြိုက်ရာအဆင်ယူ၊ တစ်ထည်ခြောက်မူး၊ တစ်ကျပ်တန်ပေးရင် သုံးမူးပြန်အမ်း မယ်ခင်ဗျ' ဟူ၍လည်းကောင်း

'ခြောက်မူးထဲနော်၊ တစ်ထည်မှ ခြောက်မူးထဲ၊ ခြောက်မူးဆိုပေမဲ့ မူးစေ့ ငါးမူးထဲပေးရင်လဲ ရောင်းပါတယ်ခင်ဗျာ' ဟူ၍လည်းကောင်း အတာသည် ပြက်လုံးကလေးပင် ညုပ်၍ ရွတ်နေလိုက်သေး၏။

အမှတ်မဲ့အားဖြင့်ဆိုသော် ကလေးမျှသာဖြစ်သော အတာ၏စကားကို ကြားရသူတို့က ရယ်စရာအဖြစ် ပြုံးသွားကြ၏။ အချို့က သဘောကျသလိုလို ရှိ၍ ဝယ်သွားကြ၏။

အကယ်၍သာ အယူအဆ ပြောင်းမြောက်ပြီး စေ့စေ့ပေါက်ပေါက် တွေးတတ်သော သတင်းစာဆရာ တစ်ဦးတလေသာ ထိုအနား ရောက်လာ၍ အတာ အော်သံကြားခဲ့လျှင် မျက်နှာမည်းစာလုံးကြီးဖြင့် အတာ့စကားအကြောင်းကို ခေါင်းပုံပါဖော်ပြ၍ ရေးကောင်း ရေးပေလိမ့်မည်။

'ခြောက်မူးဆိုပေမဲ့ မူးစေ့ ငါးစေ့ပေးရင်လဲ ရပါတယ်'

ထိုစကားကို အတာကိုယ်၌က ရယ်စရာသဘောမျိုး သုံးလိုက်ဟန်တူသည် မှန်သော်လည်း ခြောက်မူးဟု ခေါ်၍ သုံးသော တန်ဖိုးထဲ၌ စင်စစ် မူးစေ့ငါးစေ့သာ ရှိပါတကားဟူ၍ အတာ အတွေးပေါက်ခဲ့သည်ပင်။ အရွယ်နှင့်မမျှအောင် အံ့စရာ အံ့စရာ ဖြစ်နေတော့၏။ တစ်နည်းအားဖြင့်လည်း မူးစေ့လေးစေ့ကို ငါးမူးဟု အမည်တပ်လျက် မူးစေ့ငါးစေ့ကိုလည်း ခြောက်မူးဟူ၍ ခေါ်ဆို သုံးနှုန်းနေကြသည့် မူးပဲစံနစ်ကို ကလေးမျှသာ ဖြစ်သော အတာက ဟာသနှင့် သရော်လိုက်သလို ရှိနေတော့၏။ သို့သော် ထိုအချက်ကို နက်နဲသည့်စကား တစ်ခုအဖြစ် မည်သူမျှ သတိမထားမိ။ အတာကိုကြည့်၍ ပြုံးကာ ပြုံး၍သာလျှင် ကြည့်သွားကြ၏။

အတာသည် ဤသို့ တကြော်ကြော်အော်၍ ရောင်းနေရာမှပင် စွပ်ကျယ်ဆိုင်များဘက်သို့လည်း တစ်ချက်တစ်ချက်လှည့်ကြည့်ရသေး၏။ သေတ္တာအလွတ်တစ်ခု ပစ်လိုက်သည်နှင့် အတာလည်း အအော်ရပ်၍ ဆတ်ခနဲ ပြေးကောက်လိုက်၏။

ဟစ်ကာအော်ကာဖြင့် အတော်ကလေး အာသွက်နေသော အတာလည်း ဆိုခဲ့သည့်အတိုင်းအော်ပုံခေါ်ပုံ သုံးလေးမျိုးကိုသာလျှင် တစ်လှည့်စီရေရွတ်နေရာမှ

'လာ လာ လာ အဆင်ကလေးတွေ ကောင်းတယ်' ဟူသော ဝယ်သူ



ခေါ် ဝါကျကလေးကို အတာ လျှာတွေ့နေ၏။ သူ့ဟာသူလည်း အတော် သဘောကျနေပြီး အတန်ကြာသော် တစ်စုံတစ်ရာကို အတာ စိတ်ကူးရလာ၏။ ထိုရလာသော စိတ်ကူးမှာ အခြားမဟုတ်။ သူရွတ်နေခဲ့သော ထိုဝါကျကလေးကို သီချင်းအဖြစ် စပ်ဆို၍ အော်ရသော် ပိုကောင်းမည်ဟု တွေးမိလာ၏။

ထိုစဉ်အချိန်က အတာတို့ ပါးစပ်ဖျားတွင် ခေတ်စားခဲ့ဖူးသော သီချင်း တစ်ပုဒ် ရှိ၏။ ထိုသီချင်းမှာ

'တလည်လည် ပျိုအောက်မေ့တယ်၊ အို ကိုဟောင်းကြီးရယ်၊ မွေးရင်ပန် နံ့တော့ပစ်မှာ အလွန်စိုးတယ်၊ ကိုကိုရယ် ကြည်ကြည်ကို မေ့ပါနဲ့လို့ မောင်မောင် ရယ်၊ မေ့ပါနဲ့လို့ ပျိုပျိုတစ်မယ် ချစ်တယ် ကြိုက်တယ် ချစ်ပရစေကွယ်' ဟူသော ကြင်စဦး အငြိမ့်သီချင်း ဖြစ်၏။

စောစောက သူအော်ခဲ့သော 'လာ လာ လာ လျှော့ဈေးရောင်းမယ်' ဟူသော စကားလုံးများကို ပထမ ရိုးရိုးပင် အော်ဟစ် ရွတ်ဆိုခဲ့သော်လည်း ကြာသော် အသံနေအသံထားနှင့် ဖြစ်လာ၏။ သို့နှင့်ပင် အလိုအလျောက်အားဖြင့် ထို 'လာ လာ လာ လျှော့ဈေးရောင်းမယ်' ဟူသော စကားမှာ 'တလည်လည် ပျိုအောက်မေ့တယ်' ဟူသည့် တေးသွားလို ဖြစ်လာ၏။

ဤတွင် နဂိုအခံ ဉာဏ်ကလည်း ထက်လှသောအတာသည် သီချင်း တစ်ပုဒ်မှ စာသားစကားလုံးများကို ဖြုတ်၍ အခြားသော စကားလုံးများကို အဆင်ပြေအောင် ဖြည့်စွက်လိုက်လျှင် ကိုယ်အလိုရှိသော အကြောင်းအရာပါ သည့် သီချင်းတစ်ပုဒ်ကို ဖြစ်လာနိုင်သည် ဟူသော အသိကလေး ဝင်လာ၏။

သို့ စိတ်ကူးကလေး ရခဲ့သည့်အတိုင်း အတာလည်း ကြီးကြီးမေ၏ အရင်း စာအုပ်ကြားမှ ခဲတံကိုဆွဲယူပြီး ချက်ချင်းပင် စွပ်ကျယ်သေတ္တာကျောဘက်၌ ရေးခြစ်ရင်း သီချင်းတစ်ပိုဒ်ကို ကတိုက်ကရိုက် ရေးစပ်နေတော့၏။

ရေးလိုက် ဖျက်လိုက် ပြင်လိုက် ခြစ်ပစ်လိုက်နှင့်ပင် သူလိုချင်သော သီချင်းတစ်ပိုဒ်သည် အထိုက်အလျောက် ပြီးစီးသွားတော့၏။

'လာ လာ လာ လျှော့ဈေးရောင်းမယ်၊ လာပါ အဆင်ကလေးကောင်း သည်၊ ကောင်းပေသည်၊ ဒီအဆန်းကလေးကို အလွန်ကြိုက်တာ လိုချင်သည်။ ကိုကိုရယ် ဝတ်ချင်လှပြီ၊ မောင်မောင်ရယ် ဝတ်ချင်လှပြီ၊ လိုချင်သည်။ ကောင်းသည်၊ ရောင်းမည်၊ တစ်ထည်ခြောက်မူးပါ'

အတာလည်း သူ့သီချင်းကို သူ တိုးတိုးနှင့် ဆိုကြည့်ရင်း ပွဲမလေခင် အပြင်က ကျင်းပနေ၏။ သို့ လေးငါးခြောက်ကြိမ်လောက် ဆိုကြည့်နေပြီး ရဲရဲတင်းတင်းကလေး ထရပ်တဲ့ကာ

'လာ လာ လာ လျှော့ဈေးရောင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအပိုဒ်သည်သာ အသံနေအသံထားနှင့် ထွက်လာ၏။ နောက်ထပ် ဆက်ရမည့် စကားလုံးများကို ရုတ်တရက် မေ့သွားသောကြောင့် အတာလည်း ကြောင်အမ်းအမ်းကလေး ဖြစ်သွားကာ သူရေးထားသော သေတ္တာအလွတ်ကို ဆတ်ခနဲ ကောက်ယူလိုက်ရသည်။

မထူးတော့ပြီ ဖြစ်သည့်အတိုင်း အတာသည် စောစောကကဲ့သို့ အလွတ် မဆိုတော့ဘဲ ရေးစပ်ထားသော စာကိုပင်ကြည့်ကာ တစာစာအော်၍ ဆိုနေ တော့၏။ သီချင်းအစအဆုံးထိ သုံးလေးခေါက်လောက် ဆိုမိသည့်တွင်မှ အတာကလေး အရှိန်ရလာ၏။ လေယူလေသိမ်းရော အဖြတ်အတောက်ပါ အဆင်ပြေလာ၏။

သို့လျှင် အတန်ကြာ အော်ဆိုပြီးမှ အတာလည်း တစ်စုံတစ်ရာ သတိရ လာသလို စွပ်ကျယ်ဆိုင်များဘက်သို့ လှည့်ကြည့်လိုက်၏။ စွပ်ကျယ်သေတ္တာလွတ် ဆို၍ တစ်ဘူးတလေမျှ မတွေ့ရသောကြောင့် အတာတွင် အတော်ကလေး စိတ်ပျက်သွားတော့၏။ သူ သီချင်းရေးစပ်နေခဲ့သည်မှ ယခုထိဆိုလျှင် အချိန်သည် တစ်နာရီမျှ လစ်ဟင်းသွားသည်ဖြစ်၍ သေတ္တာပေါင်း အဘယ်မျှလောက် အခြားသူများ ကောက်သွားလေပြီနည်းဟု အတာ တွေးနေမိ၏။

သို့သော် သူ့တွင် ကြာကြာတွေးခွင့်မရ၊ ငယ်ငယ်ရွယ်ရွယ်နှင့် လည်လည် ပတ်ပတ် အော်တတ်ပြောတတ်နေသည်ကို သဘောကျနေ၍လောမသိ၊ ဝယ်သူ များမှာ အတာ့ဆိုင်တွင်သာ ရုတ်ရက်ခတ်နေသောကြောင့် ပြောရဆိုရ၊ ဝယ်သော လုံချည်ကို စာအိတ်ထဲ ထည့်ပေးရဖြင့်သာ အလုပ်ရှုပ်နေရှာ၏။

လူအနည်းငယ် ရှင်းသွားသည်နှင့် အတာလည်း စွပ်ကျယ်ဆိုင်များသို့ ပြေးသွားကာ

ဒီမှာ အရာကြီး၊ ဒီသေတ္တာအလွတ်ကို လွှင့်မပစ်ပါနဲ့နော်၊ ဒီနားမှာပဲ ချထားပါ၊ ဟုတ်လား၊ ကျွန်တော် လာယူပါ့မယ်' ဟု သုံးဆိုင်စလုံးကို အတာက တောင်းပန်သံကလေးဖြင့် ပြောလိုက်၏။

'မင်း ဘာလုပ်မလဲ၊ ကစားဖို့လား'

'မဟုတ်ပါဘူး၊ ရောင်းစားမယ်၊ ဟိုတစ်ခါလေ သေတ္တာရှစ်ခု ရောင်းတာ နှစ်ပြားရတယ်'

စောစောက အတာကလေး တကြော်ကြော် အော်ရောင်းခဲ့သည်တို့ ပရိသတ် ပွဲကျသလောက် ထိုကုလားများကလည်း သဘောကျ မျက်မှန်းတန်းမိ နေသည်တစ်ကြောင်း၊ ယခုကဲ့သို့ ရိုးရိုးမှန်မှန်ပင် 'ရောင်းစားမလို့'ဟု ပွင့်လင်းစွာ ဝန်ခံသည်ကို နှစ်သက်သွားသဖြင့်တစ်ကြောင်း၊ သုံးဆိုင်စလုံးသော စွပ်ကျယ် ကုလားများက သေတ္တာများကို လွှင့်မပစ်ဘဲ သိမ်းထားပေးမည်ဖြစ်ကြောင်း



ခေါ်ဆွဲပါးဆွဲဖြင့် ပြောလိုက်ကြ၏။

ဤတွင် အတာလည်း သူလိုချင်နေသော သေတ္တာများအတွက် တစ်ဖက်က စိတ်အေးသွားရပြီဖြစ်သည်နှင့်အမျှ လုံချည်ကိစ္စတွင်သာ စိတ်ဝင်စားခွင့်ရလာ သောကြောင့် အတာသည် စောစောကထက် အော်၍ ပျော်ပျော်ကြီး ရောင်း တော့၏။ ဆိုင်ရှင်ဖြစ်သူ ကြီးကြီးမေ ရောက်လာသောအချိန်၌ အတာသည် စုစုပေါင်း လုံချည်ခုနစ်ထည်မျှ ရောင်းခဲ့ရပြီး ဖြစ်၏။

ဈေးအတွင်းမှ ထမင်းစားထွက်လာကြသော အထည်ဆိုင်အသီးသီးမှ အရောင်းစာရေးများလည်း အတာ သီချင်းတအေးအေးနှင့် ဆိုရောင်းနေသည်ကို တွေ့ရသည်နှင့် ဝိုင်းအုံ ရပ်ကြည့်ရင်း သဘောကျနေရာမှ

'ဟော့ မသိန်းမေသားက အလာကြီးပါလား'

'အသံတွေ ဘာတွေလဲ မခေဘူးဗျ၊ လေယူလေသိမ်းကလဲ အတော်ပိုင်တဲ့ ငတိလေးပဲ'

သို့လျှင် တစ်ယောက်တစ်မျိုး ချီးကျူးနေကြ၏။ ထိုအချိန်နှင့် မသိန်းမေက ကြီးကြီးမေထံ အကြွေလာအမ်းနိုက် ကြုံကြိုက်နေသည်ဖြစ်၍

'ဘယ့်နဲ့ မသိန်းမေ၊ ခင်ဗျားသားက တယ်လုပ်နေပါလားဗျ'

'အစစ်ပဲ ဒီကောင်ကို ကောင်းကောင်းမွေးပါဗျာ၊ ခင်ဗျား တစ်နေ့ အားကိုးရမယ်'

ထိုထို ဂုဏ်ပြုသံများကို မသိန်းမေက အပြုံးဖြင့် လက်ခံရင်း

'အင်း ဒါကြောင့် ကျွန်မတော င် စိတ်ကူးနေမိသေးတယ်၊ ဒီကောင်ကို ကျောင်းထုတ်ပြီး ဈေးရောင်းခိုင်းရ ကောင်းမလားလို့'

ထိုစကား ကြားလိုက်ရသည်နှင့် စာရေးအားလုံးလိုလိုပင် 'ဟာ'ခနဲ ရေရွတ်လိုက်မိကြလျက်

'ခင်ဗျား တော်တော်ခက်တဲ့ မိန်းမကြီးပဲကိုးဗျ၊ ခု ပညာသင်ချိန်မှာ သင်ပစေဦးပေါ့ဗျ' ဟု တစ်ယောက်က ပြော၍

'ကျွန်တော်တို့ဆိုလိုတာက ဒီကောင်လေး သွက်သွက်လက်လက်နဲ့ လူစွမ်းလူစရှိလို့ ကြီးလာရင် ထူးချွန်မယ်ဆိုတဲ့ သဘောမျိုး ပြောတာပါ'ဟု တစ်ဦးက ရှင်းပြကာ

'နင်ကတော့ ဒါပဲ သိန်းမေ၊ ပိုက်ဆံသာရမယ်ဆိုရင် ဘာမှ မစဉ်းစား တော့ဘူး ဟုတ်လား၊ ဒီအရွယ်ကလေးကို ကျောင်းကထုတ်ပြီး ဈေးရောင်းခိုင်းရင် ကြီးလာရင် နလပိန်းတုံး ဈေးသည်ပဲဖြစ်မှာပေါ့ဟ၊ ပညာကို ကောင်းကောင်း တတ်ပြီးမှ အရောင်းအဝယ်ခိုင်းချင် ခိုင်း၊ အဲသလိုဆိုမှ ပညာတတ်ကုန်သည်ကြီး ဖြစ်လာမှာ၊ ကဲ နင့် ဟိုမှာ ဝယ်သူစောင့်နေတယ်၊ ပိုက်ဆံသွားအမ်းချေဦး'

www.burmeseclassic.com



ဤသို့ အပြစ်တင်ကြိမ်းမောင်းလိုက်သူမှာ အသက်ငါးဆယ်ကျော် ဖြူဖြူခန့်ခန့် ယောကျ်ားကြီးတစ်ဦးဖြစ်၏။ ကြည့်ရသည်မှာ အထည်ဆိုင်ရှင်တစ်ယောက်နှင့်တူပြီး ကြည်သိုလေးစားဖွယ်သော မျက်နှာထားမျိုးတွင် ဩဇာရှိသည့်အသွင်ပါ ဆောင်နေသောကြောင့် မသိန်းမေက ဘာတစ်ခွန်းမှ ပြန်မပြောဝံ့ဟန်တူ၏။

'ဟေ့ အတာ၊ ခုန မင်းဆိုတဲ့သီချင်းကို ဘယ်သူရေးပေးတာလဲကွ၊ ဟေ' ဟု တစ်ယောက်သော စာရေးက မေးလိုက်သည်တွင်

'ကျွန်တော့်ဟာ ကျွန်တော် စပ်တာလေ'

အတာက ရင်ကလေးကော့၍ ကြော့ကြော့မော့မော့ ဖြေလိုက်သဖြင့် အားလုံးပင် ဝါးခနဲ သဘောကျသွားရာမှ

'မင်း တကယ်ပြောတာလား အတာ၊ ဟေ'

'ဘုရားစူးရစေရဲ့၊ ဒီမှာ ကြည့်ပါလား'

အတာသည် ပြောပြောဆိုဆို သူကိုယ်တိုင် ခဲတံကလေးဖြင့် ရေးခြစ်ထားသော သေတ္တာကလေးကို ကုန်းယူ၍ ပြလိုက်သဖြင့် စာရေးအားလုံးနှင့် ဖြူဖြူခန့်ခန့် လူကြီးပါ စိတ်ဝင်တစား ဝိုင်းကြည့်လိုက်ကြ၏။

'တယ်ဟုတ်တဲ့ကောင်ပါလား အတာ၊ ဟေ'

'အေးဗျာ၊ ဒီကောင်လေး ခုမှ သူ့အသက် ဘာရှိဦးမှာလဲ၊ သီချင်းတွေ ဘာတွေတောင်မှ စပ်တတ်နေပြီ'

'ဒါတော့မပြောနဲ့လေဗျာ၊ သူကငယ်ငယ်လေးမေမဲ့ ခေတ်ကိုကတရားဟော မောင်ထွန်းကြိုင်တို့ခေတ် မဟုတ်လား၊ ကလေးပညာတတ် ထွန်းကားရေပေါ့'

သို့လျှင် ဝမ်းသာအားရ သဘောကျသွားကြသည်နှင့်အမျှ အတာကလေးအား ထိပ်ပွတ်သူပွတ်၊ မေးဆွဲသူဆွဲ၊ ပါးလိမ်သူက လိမ်ဖြင့် တရုန်းရုန်းဖြစ်သွားကြတော့၏။

ထိုအချိန်ထိဆိုလျှင် လုံချည်သည်ပေါင်း ငါးဦးလောက်ရှိသည့်အနက် အတာတို့ ကြီးကြီးမေဆိုင်သည် ရောင်းအကောင်းဆုံးဖြစ်နေတော့၏။ သို့နှင့် တစ်ချက်တီးသာသာလောက်တွင် အရပ်ဝတ်အရပ်စားဖြင့် မြူနီစီပယ်ပုလိပ် တစ်ယောက်သည် မသိန်းမေအနီးတွင် ရုတ်တရက် ထိုင်လိုက်သောကြောင့်

'အမယ်၊ ငါ့ လူတွေဘာတွေမှားလို့၊ ဘာလဲလုမောင်၊ ဒီနေ့ မြူနီစီပယ်တွေ လာဦးမှာလား'

'အဲဒါ ကျွန်တော်လာပြောတာပဲ၊ ဒီနေ့ ၂ ချက်တီးလောက်မှာ လာဖမ်းကြလိမ့်မယ်၊ ကျွန်တော့်ပါ ခေါ်ထားလို့၊ ခု ရုံးကိုသွားရမှာပဲ၊ အဲဒါ ဈေးသည်တွေကို အစ်မကြီး ကြည့်သာပြောလိုက်ပါတော့နော်၊ ကျွန်တော် သွားမယ်'

အကယ်၍ မြူနီစီပယ် လာဖမ်းရာ၌ မိသွားပါက ဆိုင်တစ်ဆိုင်လျှင်



တစ်ကျပ်မှ ငါးကျပ် တစ်ဆယ်အထိ ဆိုင်အကြီးအငယ်အလိုက် ဒဏ်ရိုက်လေ့ရှိသည်ဖြစ်ရာ ဈေးသည်များသည် ဤသို့ စေတနာကောင်းဖြင့် လာရောက်သတင်းပေးသူများကို ကျေးဇူးတင်စွာဖြင့် တစ်ပဲမှ တစ်မတ်အထိဆိုသလို စု၍ လက်ဖက်ရည်ဖိုးအဖြစ် ကျေးဇူးဆပ်တတ်ကြ၏။

လာရောက်သတင်းပေးသူကလည်း ဈေးသည်များအပေါ် သနားကြင်နာသော စိတ်ထားဖြင့် သတင်းပေးသွားခြင်းဖြစ်သောကြောင့် အလိုက်သိတတ်သော မသိန်းမေကလည်း အတာကောက်ထားသော သေတ္တာလွတ် တစ်ခုကိုယူ၍ ထိပ်ဆုံးဆိုင်မှစ၍ အကျိုးအကြောင်းရှင်းပြရင်း လက်ဖက်ရည်ဖိုး အလှူခံတော့၏။ ဆိုင်များသည်လည်း နှစ်ပြား၊ တစ်ပဲစ စေတနာရှိသလောက် ထည့်ပြီးသည်နှင့် သူတို့ဆိုင်များကို ခပ်သုတ်သုတ် သိမ်းဆည်း ထုပ်ပိုးလိုက်ကြတော့၏။

သို့နှင့် နာရီဝက်လောက်အတွင်းမှာပင် ဆိုင်အားလုံးလိုလို သိမ်းသွားပြီး ပြန်သူပြန်၊ ချောင်ကပ်သူကပ်ဖြင့် တစ်တန်းလုံး ရှင်းသွားတော့၏။

အတာကလေးတစ်ယောက်သာလျှင် စွပ်ကျယ်သုံးဆိုင်မှ ပေးထားခဲ့သော စက္ကူသေတ္တာအလွတ်များကို ရကာသိမ်းကာဖြင့် အလုပ်ရှုပ်နေ၏။ ဘူးလွတ်များမှာ စုစုပေါင်း အလုံးနှစ်ဆယ်ခန့် ဖြစ်သောကြောင့် တစ်ခေါက်တည်း သယ်သွားရန် မဖြစ်နိုင်သည်နှင့် အကြီးနှင့် အသေး သပ်သပ်စီပြန်ရွေးနေရပြန်၏။

သို့ရွေး၍ အသေးသေတ္တာချင်းထပ်နေခိုက်တွင် အတာသည် ရုတ်တရက် အံ့အားသင့်သလိုတွေသွား၏။ လက်ထဲတွင် ကိုင်လျက်သားဖြစ်နေသော သေတ္တာကိုလည်း ချိန်ဆသလိုတလှုပ်လှုပ်ရှိနေရာမှ ချက်ချင်းပင်သေတ္တာကိုဖွင့်ကြည့်လိုက်၏။

အတာလည်း အတန်ကြာသည်တိုင်အောင် ကြောင်သွား၏။သေတ္တာကိုသာ ငေးကြည့်နေမိ၏။ နောက် ပြုံးလာ၏။ ထို့နောက် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ထူးထူးခြားခြား ဝမ်းမြောက်သွားရာမှ ဘေးပတ်ဝန်းကျင် မြင်သွားမည်စိုးသကဲ့သို့ သေတ္တာကလေးကို ပြန်ပိတ်လိုက်၏။

သေတ္တာထဲတွင် တွေ့လိုက်ရသည်မှာ လွန်ခဲ့သော တနင်္ဂနွေနေ့က အတာ မျက်စိအကျကြီးကျခဲ့သော စွပ်ကျယ်အင်္ကျီကလေးများဖြစ်သောကြောင့် အတာ ဤမျှလောက်ဝမ်းသာသွားခြင်းဖြစ်၏။ သူ့ပိုက်ဆံနှင့်ပင် သူ သုံးပဲပေး၍ ဝယ်တော့မည်ဟု ဆုံးဖြတ်ခဲ့သည့် သူ အလွန်နှစ်ခြိုက်နေခဲ့သော ချော့ကလက်ရောင် အကွက်ကလေးနှင့် အင်္ကျီမှာ ဆိုက်ဆိုက်မြိုက်မြိုက် အင်္ကျီအထပ်လိုက်၏ အပေါ်ဆုံးတွင် တွေ့ရလျက် အောက်ပိုင်းသို့ လက်ညှိုးကလေးဖြင့် မြေ... သည်၌လည်း အရောင်စုံပါနေသည်ကို တွေ့ရပြန်သောကြောင့် ... မျက်ရည်လည်မတတ်ပင် ရင်တလှုပ်လှုပ်နှင့် အူမြူးနေတော့၏။

သို့ပါသော်လည်း ရွှင်နေသော အတာ၏ မျက်နှာ...လေးသည် အချိန်

www.burmeseclassic.com



ကြာကြာ မကြည်လင်နိုင်ဘဲ ရုတ်တရက်ဆိုသလို ငိုင်သွားပြန်၏။

'ဘာပစ္စည်းပဲ ကောက်ရကောက်ရ ပိုင်ရှင်ကို ပြန်ရှာပြီး ပြန်ပေးရမယ်' အစရှိသော ဘုရားရှိခိုးတိုင်း ဆရာမပေါ့ပြောသည့် ဩဝါဒကို အတာ ကြား ယောင်လာ၏။

'လူလိမ္မာဆိုတာ သူများပစ္စည်းကို ခိုးလဲ မခိုးဘူး၊ လိမ်ပြီးတော့လဲ မယူဘူး၊ ကောက်ရလို့ရှိရင်လဲ ဖွက်မထားဘူး'

ထိုထိုဆုံးမစကားများအရ အတာသည် လူမိုက်ဖြစ်ရမည်ကိုအလွန်ကြောက် ၏။ ငရဲခံရမည် ဆိုသည်ကိုလည်း သူလန့်၏။ အထူးသဖြင့် တစ်ခါကသူအလွန် နှစ်သက်၍ ငါးပြားတိတိ ပေး၀ယ်ထားသော ခဲတံအဆန်းကလေး တစ်ချောင်းသည် ၀ယ်သည့်နေ့မှာပင် ကျပျောက်သွားခဲ့သောကြောင့် သူသည် မျက်ရည်တယိုယိုနှင့် ငိုမိသည်အထိ နမြောခဲ့မိ၏။ နောက်တစ်နေ့ ဘုရားရှိခိုး အပြီးတွင် ပစ္စည်းပျောက် သူများ လာကြည့်ရန် ဆရာမက ကြေညာသဖြင့် သေသေချာချာ ထကြည့်ခဲ့၏။ သူပျောက်သော ခဲတံဟူ၍ ဆင်တူပင်ပါသည်ကို မတွေ့ရသောကြောင့် ထိုနေ့ ကလည်း ၀မ်းပန်းတနည်းနှင့် သူမျက်ရည်ဝဲခဲ့ရရှာသေး၏။

ဤသည်တို့ကို အစီအရီ တွေးမိလာသောကြောင့်သာ အတာ ယခုလို ငိုင်သွားခြင်း ဖြစ်ဟန်တူ၏။

'ဟုတ်တယ်၊ ငါခဲတံပျောက်တုန်းက ဘယ်လောက် ၀မ်းနည်းခဲ့သလဲ၊ မျက်ရည်တောင်ကျတယ်၊ သုံးလေးငါးရက် ငါ စိတ်ညစ်သွားတယ်ဆိုတော့ စွပ်ကျယ်တစ်သေတ္တာလုံး ပျောက်သွားတဲ့ ကုလားဆိုရင် ပိုပြီးစိတ်ညစ်မှာပဲ၊ သူဘယ်လောက် နမြောမလဲ၊ ငါ့လိုနေမှာပေါ့'

အတာသည် ငိုင်ငိုင်တွေတွေ စဉ်းစားနေရာမှ သို့လျှင် ရေရွတ်မိ၏။

'ငါ မယူဘူး၊ ဒီအင်္ကျီတွေ ငါမယူတော့ဘူး၊ ခေါက်ဆွဲသည် ကြီးကြီးတုန်း က ပိုက်ဆံပြန်ပေးသလို ဒီအင်္ကျီတွေလဲ ဥစ္စာရှင်ကို ပြန်ပေးလိုက်တော့မယ်'

အတာသည် လူလိမ္မာကလေး ဖြစ်လိုသူပီပီ သို့လျှင် တိကျပြတ်သားစွာ ဆုံးဖြတ်လိုက်၏။ ဤလို ဆုံးဖြတ်လိုက်သဖြင့်လည်း ခေါက်ဆွဲသည် မှား၍ အမ်းလိုက်သည့် ပိုက်ဆံတစ်ပဲကို ယူထားခဲ့စဉ်ကကဲ့သို့ပင် သူ့ရင်ထဲလေးနေရာမှ တစ်ခါတည်း ယူပစ်လိုက်သလို ပေါ့သွားတော့၏။ စိတ်ကလေးလည်း ရှင်းသွား၏။

သို့နှင့် အတာလည်း ကြည်ကြည်လင်လင်အမူအရာကလေးဖြင့် အကြီး အသေး သေတ္တာများကိုရွေး၍ တစ်မျိုးတစ်ထပ်စီ စည်းလိုက်၏။ ပြီးသည်နှင့် ထိုသေတ္တာနှစ်စီးကို သူ့မေမေဆိုင်အနီးရှိ ရွှေဆိုင်ဘေးတွင် ကပ်ထားလိုက်စဉ်

'ဟဲ့ကောင်၊ ဒါက ဘာတုံး၊ အိမ်ကို သယ်သွားဦးမလို့လား'ဟု မသိန်းမေက လှမ်းမေးလိုက်သဖြင့်



'ဟုတ်ပါဘူးမေမေ၊ လမ်းထိပ်က ဖိနပ်ဆိုင်ကို ရောင်းမလို့ပါ'

'ဒါဖြင့် ပြီးရော၊ လာဦး ဒီမှာ ခဏထိုင်ရောင်းစမ်း'

မသိန်းမေလည်း အတာ့ကို ဆိုင်တွင်ထားခဲ့ပြီး ခပ်လှမ်းလှမ်းရှိ နားဆောင်း ကြယ်သီးဆိုင်တစ်ဆိုင်ရှေ့ ထိုင်ချလိုက်၏။ ကြယ်သီးဆိုင်က မိန်းမကြီးကလည်း တစ်စုံတစ်ရာ ဘာမှမပြောရဘဲနှင့်ပင် မသိန်းမေ၏ခေါင်းမှ ဆံထုံးကို ဖြေချကာ ဟိုရှာသည်စမ်းဖြင့် သန်းဥကောက်နေတော့၏။

အတာလည်း စွပ်ကျယ်သေတ္တာကလေးကို ပေါင်ကြားထဲဝှက်၍ ရုတ် တရက် ဖွင့်ကြည့်လိုက်ပြန်၏။ လေးဘက်လေးချက် ပိုးကြိုးကလေးဖြင့် ချည်တုပ် ထားသော လက်ရာပင်မပျက်သေးဘဲ စုစုပေါင်း ၁၂ ထည်တိတိပါသည်ကို အတာသည် သုံးကြိမ်မျှ ရေတွက်ကြည့်ခြင်းအားဖြင့် သေသေချာချာသိလိုက်၏။

'တစ်ထည် သုံးပဲဆိုတော့ ဆယ့်နှစ်ထည်ဆိုရင် နှစ်ကျပ်နဲ့တစ်မတ်ဖိုးတောင် ရှိတယ်၊ နည်းတာမဟုတ်ဘူး'

အတာသည် အသက်ရှူမောမတတ် နမြောသွားရှာ၏။ သို့ နမြောသွား သည်မှာ ပြန်မပေးလိုသောကြောင့်မဟုတ်၊ ပစ္စည်းရှင်ဘက်မှနေ၍ ကိုယ်ချင်းစာ သောစိတ်ဖြင့် နမြောသွားခြင်းသာ ဖြစ်၏။

'ငါ ပြန်ပေးလိုက်ရင် ဥစ္စာရှင်တော့ သိပ်ဝမ်းသာသွားမှာပဲ'

ပျောက်သောပစ္စည်း ပြန်ရသဖြင့် ဆိုင်ရှင်ကုလားက ၀မ်းသာသွားသည်ကို မြင်လာ၏။ ထို့အတူ အတာကိုယ်၌လည်း ပျော်သွား၏။ ခေါက်ဆွဲသည်၏ ပိုက်ဆံတစ်ပဲကို ပြန်စဉ်းစားကာ အတာသည် အရသာတစ်မျိုးဖြင့် ပျော်ခဲ့ဖူးသည် မဟုတ်ပါလော။

စိတ်မချသလို စွပ်ကျယ်သေတ္တာကလေးကို ဖင်ခုထိုင်ရင်း သို့ တွေးနေ ခဲ့နေရာမှ အဘယ်ကြောင့်ဟူ၍ မပြောတတ်။ ရုတ်တရက်ဆိုသလို အတာ့ မျက်နှာတွင် တစ်စုံတစ်ရာ ဝေခွဲမရသည့် အသွင်ကလေး ပေါ်လာပြန်၏။

'ကဲ စွပ်ကျယ်တွေ ငါပြန်ပေးပါပြီတဲ့၊ ဘယ်သူ့ကို ပေးရမလဲ၊ ဥစ္စာရှင်က ဘယ်ကုလားလဲ'

အတာတွင် ပြဿနာတစ်ရပ် ပေါ်လာပြန်၏။ သူကောက်ယူခဲ့သော သေတ္တာပေါင်း အလုံး ၂၀ မှာ တစ်ဆိုင်တည်းမှ ရသည်မဟုတ်ဘဲ ဆိုင်သုံးဆိုင်စလုံး အပေးခြင်းဖြစ်သောကြောင့်ထိုအထဲတွင်ပါလာသောစွပ်ကျယ်သေတ္တာမှာမည်သူ့ ပစ္စည်းဖြစ်သည်ကို အတာ မသိ။ သို့အလျောက်လည်း မည်သူ့အား ပြန်ပေးရ မည်ကို အတာတွင် စဉ်းစားမရနိုင်အောင် ရှိနေရှာတော့၏။ သို့ စဉ်းစားမရ၍ မည်သူ့ကိုမျှ ပြန်ပေးရန် မလို။ သူ့ပင် ရတော့မည်ဟူ၍လည်း သူ မခံစားသေး။

သို့လျှင်တွေး၍ အတော်ကလေး အကြံရကျပ်နေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ငါ ဉာဏ်ရပြီ၊ ကျောင်းမှာ ပစ္စည်းပျောက်တဲ့လူတွေကို ဆရာမက ခေါ်ကြည့်ခိုင်းပြီး ပြန်ပေးသလို ငါလဲ အဲဒီစွပ်ကျယ်ဆိုင်ရှင်ကုလားတွေကို ခေါ်ပြီး ဒါ ဘယ်သူ့ဟာလဲလို့ မေးမယ်၊ ဒီလိုမေးပြီး ပြန်ပေးလိုက်ရင် ပြီးတာပဲ'

ဦးနှောက်ခြောက်မတတ် အကြံရကျပ်ခဲ့ရာမှ ယခုမှ သူအဖြေရလာပြန်ပြီ ဖြစ်၏။ သို့နှင့်အမျှလည်း သူ့မျက်နှာကလေး ရွှင်ကာ ကြည်ကြည်လင်လင် ဖြစ်နေပြန်၏။

'ဒီလိုလဲ မဖြစ်သေးပါဘူး၊ ဒီကုလားသုံးဆိုင်စလုံး ဒါမျိုးတွေချည်း ရောင်းတာဘဲ၊ အဲဒီတော့ ငါမေးရင် တစ်ယောက်ကလဲ သူ့ဟာ၊ တစ်ယောက်ကလဲ သူ့ဟာလို့ ပြောမှာပဲ၊ ဒီလိုဆို ဘယ့်နဲ့လုပ်မလဲ'

သူ့ဟာသူ တွေး၍ သူ့ကိုယ်သူ မေးနေပြန်၏။ ဤသည်မှာ သူတွေး၍ ရသမျှသော နောက်ဆုံးပြဿနာဖြစ်လျက် စောစောက စဉ်းစားရသော ကိစ္စများထက်လည်း အတာ့အဖို့ ခက်သလိုလို ရှိနေ၏။ စင်စစ်သော် နက်နဲသလောက်လည်း ခက်ခဲသည်သာဖြစ်၏။ ပထမပိုင်းက ပြဿနာများသည် အတာအား ဦးနှောက်ခြောက်မတတ် အကြံရကျပ်စေခဲ့၏။

ယခုပြဿနာမှာမူ သူ့အား ဦးနှောက်ခြောက်မတတ် မဟုတ်တော့ဘဲ ဦးနှောက်တွေပင် ခဲကုန်လုနီးပါး အတာတွင် မစဉ်းစား မတွေးတော့တတ်အောင် စိတ်ရှုပ်သွားစေတော့၏။

'ဒီလိုဆိုရင်တော့ ငါ ဘယ်သူ့မှ ပြန်ပေးဖို့မလိုတော့ဘူး ထင်ပါရဲ့'

အဖြစ်ကိုကြောက်တတ်သော အတာသည် မဝံ့တဝံ့နှင့် ဤသို့ အရဲစွန့်၍ တွေးလိုက်မိပြန်၏။ သို့သော် ဤအတွေးမှန်သည်ဟူ၍ကား (ပြန်ပေးရန် သင့်သည်ဟု ယူဆစဉ်ကကဲ့သို့) သွက်သွက်လက်လက် မဆုံးဖြတ်ရဲသလို သူ့ရင်ကလေး ဖိုနေရှာ၏။

'ဟေ့ အတာ'

ရုတ်တရက် အနီးကပ်ခေါ်လိုက်သော အသံကြောင့် အတာတွင် တစ်ကိုယ်လုံး တုန်သွားသည်အထိ လန့်သွားရာမှ ချာခနဲ လှည့်ကြည့်မိလိုက်သည်တွင် နေ့လယ်ပိုင်းက သူရေးသည့် သီချင်းနှင့်ပတ်သက်၍ ဟက်ဟက်ပက်ပက် ချီးကျူးသွားသော ဈေးထဲမှ အထည်ဆိုင်စာရေးတစ်ဦး ဖြစ်နေသည်ကို တွေ့ရပြီး အတာက ဘာမျှ မမေးရသေးမီပင်

'ဘယ်မလဲကွ၊ ခုန မင်းရေးထားတဲ့ သီချင်းကော၊ ဦးလေးကို ပြစမ်းပါဦး' ဟု ပြောရင်း အတာ့အနီးတွင် ထိုင်လိုက်၏။

အတာကလည်း အမြတ်တနိုး သီးခြား ဖယ်ထားသည့် အဆိုပါသီချင်း ရေးထားသည့် သေတ္တာကလေးကို ဈေးဗန်းအောမှ ယူပေးလိုက်သဖြင့် စာရေး



လည်း သီချင်းတစ်ပိုဒ်လုံး ဂရုတစိုက် ဖတ်ရှုနေပြီးမှ ဖောင်တိန်ကို အသာဖြုတ်လျက်

'ဒီမှာ အတာ၊ မင်းစပ်ထားတာလေး ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ နည်းနည်းပြင်လိုက်ရင် ပိုကောင်းသွားမယ်ကွာ၊ ဦးလေး ပြင်ပေးမယ်နော်'

'ဟုတ်ကဲ့'

အတာကလည်း ဝမ်းသာအားရပင် သဘောတူလိုက်သောကြောင့် ထိုစာရေးလည်း အတာ့သီချင်းထဲမှ ထောက်နေသော စကားလုံးကလေးများနှင့် ကာရန်လွတ်နေသည့် စာသားကလေးများကို စိတ်ရှည်လက်ရှည် ပြင်ပေးလိုက်သဖြင့် အတာ့သီချင်းကလေးမှာ

'လာ လာ လာ အဆင် ကလေးကောင်း၊ လာ လျှော့ဈေးရောင်းမည် ကောင်းပေသည် ဒီအသွေးကို ဖျိုကြိုက်သည် လိုချင်သည် ကိုကိုရယ်၊ ဝတ်ချင်လှပြီ၊ မောင်မောင်ရယ် ဝတ်ချင်လှပြီ၊ ဝတ်ပါအတည် ကောင်းသည် ရောင်းမည် တစ်ထည် ခြောက်မူးစီ' ဟူ၍ အနည်းငယ် ပြေပြေပြစ်ပြစ် ဖြစ်လာတော့၏။

အတာကလည်း ပြင်ပေးသည့်အတိုင်း ဆိုကြည့်ရာ၌ မူလ သူစပ်ထားသည်ထက် အဆိုရသွက်လာသောကြောင့် အတော်ကလေး သဘောကျသွားကာ

'သိပ်ကောင်းတာပဲ ဦးလေး၊ ခုမှ ဆိုလို့ ပိုကောင်းတယ်'

သို့ ပြောနေရာမှ အတာလည်း တစ်စုံတစ်ရာ တွေးမိသဖြင့် စာရေးဖြစ်သူအား တစ်မျိုးမျက်နှာထားကလေးဖြင့် မော်ကြည့်တဲ့ကာ

'ဒါနဲ့လေ ဦးလေး၊ ဥပမာဆိုပါတော့၊ ကျွန်တော်လမ်းသွားရင်း ငွေတစ်ကျပ်ကောက်ရတယ်ဆိုပါတော့၊ အဲဒါ ကျွန်တော်က ငရဲကြီးမှာ ကြောက်လို့ မယူဘဲနဲ့ ဟောဒီမှာ ငွေတစ်ကျပ်ကောက်ရတယ်ဗျို့၊ ဥစ္စာရှင် ဘယ်သူလဲ ပျောက်တဲ့လူ လာယူကြပါလို့ အော်ပြောတယ်ဆိုပါတော့၊ အဲဒီတော့ လူသုံးယောက် ဘ ကျွန်တော့်ဆီလာပြီး တစ်ယောက်ကလဲ သူ့ဟာ၊ နောက်တစ်ယောက်ကလဲ သူ့ဟာနဲ့ သုံးယောက်စလုံးက သူ့ဟာလို့ ပြောတယ်ဆိုပါတော့၊ အဲဒါ ကျွန်တော် ဘယ်သူ့ကို ပေးရမလဲ'

စာရေးတွင် ရုတ်တရက် ခေါင်းရှုပ်သလို တွေ့သွားတော့၏။

'နေပါဦးကွ၊ မင်းဟာက ဥပမာတွေ ဘာတွေနဲ့၊ ဘာဖြစ်လို့ ဒါကို မေးရတာလဲ'

'ဟုတ်ပါဘူး၊ ကျွန်တော်တို့ကျောင်းက ဆရာမကပြောတယ်၊ သူများ ပစ္စည်းတွေ ဘာတွေ ကောက်ရလို့ရှိရင် ဥစ္စာရှင်ရှာပြီး ပြန်ပေးရမယ်တဲ့၊ အဲဒါကြောင့် ခုနလိုဆို ဘယ့်နဲ့လုပ်မလဲ ဦးလေးဟင်'

'ခု မင်းကော ဘာကောက်ရလို့လဲကွ' အတာတွင် မျက်နှာကလေး ဆေးမသာ ပျက်သွား၏။ သို့သော် ပြန်ပေးတော့မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အတာကလည်း မှန်သည့်အတိုင်းပင် ပြောပြရင်း စွပ်ကျယ်သေတ္တာကလေးကိုပါ ထုတ်၍ပြလိုက်ပြီးမှ

'အဲဒါ ကျွန်တော် ဘယ်ကုလားကို ပြန်ပေးရမလဲဟင်'

ထိုစာရေးလဲ တအံ့တသြပင် အတာကို တွေကြည့်နေပြီးမှ သူ့ရိုးသားတည်ကြည်မှုကို ဂုဏ်ပြုသောအားဖြင့် အတာ့ပါးကလေးနှစ်ဘက်ကို ရက်ရက်ရောရော ပွေ့ဖက် နမ်းရှုံ့လိုက်ပြီးမှ

'မင်း သိပ်လိမ္မာတဲ့ကောင်လေးပါလား၊ အတာ ဟင်' ဟု အားမလိုအားမရနှင့်ပြော်ရင်း အတာ့လက်မောင်းကလေးနှစ်ဖက်ကိုင်၍ လှုပ်နေပြန်သေး၏။

'အေး မင်းမေးတာကို ဦးလေးပြောပြမယ် ဟုတ်လား၊ ခုန မင်းမေးသလိုဆိုရင် စိတ်ကောင်းမရှိတဲ့လူ မရိုးသားတဲ့လူက သူတို့ပိုက်ဆံလို့ပြောမှာပဲ၊ တကယ် ပိုက်ဆံပျောက်တဲ့လူက မင်းမေးတဲ့အချိန်မှာ ရှိချင်မှ ရှိတော့မယ်၊ အဲဒီ သဘောမျိုးပဲကွ၊ ခုန မင်းကောက်ရတဲ့ စွပ်ကျယ်တွေကိုလဲ ဘယ်ကုလားမေးမေး သူ့ဟာလို့ ပြောမှာပဲ'

အတာလည်း မျက်မှောင်ကလေးကြုတ်၍ တွေနေရာမှ

'ဒါပေမဲ့ ဒီစွပ်ကျယ် သေတ္တာကတော့ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်ဟာတော့ အမှန်ပဲမဟုတ်လား ဦးလေးရယ်၊ ဟင်'

ဤ စာရေးလည်း ဟင်းခနဲပင် သက်ပြင်းချလိုက်မိလျက်

'မင်းတွေးပုံနဲ့ မင့်အသက်အရွယ်နဲ့ဆို ဘာမှ မဆိုင်တော့ပါလားအတာဟေ အေး၊ တစ်ယောက်ယောက်ရဲ့ ပစ္စည်းဆိုတာတော့ မှန်တယ်လေ၊ ဘယ်သူ့ဟာရယ်လို့ မင့်သိသလား၊ ကဲ'

အတာက ယောင်ချာချာကလေး ခေါင်းခါလိုက်၏။

'ဒီတော့ ဒီပစ္စည်းဟာ မင်းနဲ့ထိုက်လို့ ရတာပေါ့ကွ၊ ဘယ်သူ့မှ ပေးစရာလဲ မလိုဘူး၊ ပြန်ပေးဖို့လဲ မလိုတော့ဘူး၊ မင်းပဲယူပေါ့'

အတာ့မျက်နှာကလေးသည် ဤတွင်ထင်ထင်ရှားရှားကလေးကြည်လာ၏။

'ကျွန်တော်ယူရမယ်၊ ဟုတ်လား'

'အေးလေ၊ မင်းကံကောင်းလို့ ရတာပဲ၊ မင်းပဲဝတ်ပေါ့ကွ'

'ဒီလိုဆို ကျွန်တော် အပြစ်မရှိဘူးလား ဦးလေး ဟင်'

စာရေးလည်း အတာ့ပါးကလေးနှစ်ဖက်ကို အသာဆွဲလိမ်ကာ နဖူးကိုနမ်းလိုက်ပြီးမှ

'အပြစ်လဲ မရှိဘူး၊ ငရဲလဲ မကြီးဘူး၊ မင်းဘာမှ မဖြစ်ပါဘူးကွ၊ မင်း



ဘိုလ်နဲ့ မင်းရတာပဲ'

'ဟာ ဒါဖြင့် ပွတာပဲ'

'အေး မင်းပွတာပေါ့ကွ၊ ကံကောင်းတာကိုး၊ ကဲ၊ ဦးလေးသွားမယ်နော်'

ထိုစာရေးထွက်သွားပြီးနောက် မရှေးမနှောင်းမှာပင် မသိန်းမေ ရောက်လာ၏။

'ဒီမှာကြည့်စမ်း မေမေ၊ ကျွန်တော် ကောက်ရတယ်၊ စွပ်ကျယ်အင်္ကျီတစ်ဒါဇင်တောင်မှ'

အတာလည်း ဝမ်းသာအားရ မသိန်းမေကို သေတ္တာကလေး ဖွင့်ပြရင်း ပြောလိုက်သဖြင့်

'ဟင် ဘယ်က ကောက်ရတာလဲ'

ကုလားများကို သေတ္တာလွတ်များစု၍ပေးရန် ပြောထားသဖြင့် ပေးသွားကြောင်း အတာက ရှင်းပြလိုက်သည့်တိုင်အောင်

'ခုပြောတာ အမှန်အတိုင်းပဲလား၊ ငါ့ကို လိမ်မပြောနဲ့နော်၊ ငါ့အကြောင်းသိတယ်မဟုတ်လား၊ သူများပစ္စည်းကို မဟုတ်တာလုပ်တာ ငါ နည်းနည်းမှ ကြိုက်ဘူးနော်' ဒါပဲ'

'ဘုရားစူး မေမေ၊ အတာ လိမ်မပြောပါဘူး၊ တကယ်ပါ'

'ဒါဖြင့် ပြီးရော'

မသိန်းမေ စကားမှန်၏။ သူသည် ဈေးရောင်းရာ၌ တစ်မတ်တန်ကို ငါးကျပ်နှင့် လိမ်ရောင်းသော် ရောင်းမည်၊ သူတစ်ထူး၏ ပစ္စည်းဥစ္စာကိုကား ယုံသည့်အခါကမျှ ပြစ်မှားခဲ့သည်ဟူ၍ မရှိခဲ့။ ဤလိုကိစ္စမျိုးတွင်မူ အလွန်သားသူဖြစ်၏။ သို့သော် ပစ္စည်းတစ်ခုကို အကြွေးယူ၍ ရောင်းပြီးလျှင်မူ အလွယ်သေးသမျှ မဆပ်ဘဲ နေတတ်ပြန်၏။ မသိန်းမေ၏ စိတ်ထားကား ဤသို့လျှင် ရှာမှရှားလောက်အောင် ကမောက်ကမနှင့် နားအလည်ရခက်လှသော်၏။

'ရော ဝတ်ကြည့်စမ်း'

တစ်ဒါဇင်သော စွပ်ကျယ်ကလေးများအနက်မှ မသိန်းမေသည် တစ်ထည်ကို ထုတ်၍ အတာအား ဝတ်ခိုင်းလိုက်သဖြင့် အတာလည်း သူဝတ်ထားသော ရှပ်ကလေးကို ချွတ်ပြီးမှ ထိုစွပ်ကျယ်ကလေးကို စွပ်လိုက်၏။

'အတော်ပဲ မေမေ နော်'

'အင်း၊ ကဲ ပြန်ချွတ်'

အတာက ပြန်ချွတ်ပေးလိုက်သည်ကို မသိန်းမေလည်း သေသေချာချာ ခေါက်၍ သေတ္တာကလေးထဲ ပြန်ထည့်လိုက်ပြီး

www.burmeseclassic.com



'ကဲ သွား နင်ပြန်တော့၊ နင့်သေတ္တာအလွတ်တွေ ယူသွား'

သို့ အမိန့်ပေးလိုက်သည်နှင့် အတာလည်း သူ့သေတ္တာအလွတ်ကလေး နှစ်စီးကို တစ်ဖက်စီကိုင်၍ သူ့မေမေရှေ့တွင် ရပ်တဲ့ကာ

'အဲဒီသေတ္တာကော မေမေ'

အတာလည်း မရဲတရဲ အမူအရာကလေးဖြင့် မသိန်းမေပေါင်ပေါ်တင်ထားသည့် စွပ်ကျယ်သေတ္တာကလေးကို ကြည့်ရင်း မေးလိုက်သည်ကို

'ဒါ ငါယူလာခဲ့မယ်'

အတာတွင် ဘာမျှ ထပ်မပြောဝံ့တော့ဘဲ သူသီချင်းရေးထားသည့် သေတ္တာလွတ်ကလေးကိုသာ ကုန်းယူ၍ ချိုင်းတွင်ညှပ်လိုက်ပြီး အခြားသေတ္တာနှစ်စီးကိုင်ကာ သူ့အင်္ကျီသေတ္တာကလေးကို ကိုယ်တိုင် ယူမလာရ၍ မကြည်မသာနှင့်ပင် ပြန်လာခဲ့၏။

ထိုညအဖို့ အတာမှာ ဝမ်းမြောက်သင့်သလောက် ပြည့်ပြည့်ဝဝ ဝမ်းမြောက်ရွှင်လန်းခွင့် မရရှာသေး။ သူ့အမေ ပြန်အလာကိုသာ တငေးငေးဖြင့် မျှော်နေရှာ၏။ မသိန်းမေကား ည ရှစ်နာရီ ထိုးသည့်တိုင်အောင် ပေါ်မလာသေး ထမင်းကိုပင် မအောင့်နိုင်လွန်းသောကြောင့် သူ့ပိုက်ဆံနှင့်ပင် သူစိုက်၍ စားလိုက်ရရှာ၏။

တစ်နေကုန်သည်အထိ တကြော်ကြော်အော်၍ သီချင်းလည်းဆို ပြောလည်းပြောနှင့် အမောကြီးမောခဲ့ရသောကြောင့် အတာလည်း ရှစ်နာရီခွဲလောက်တွင် အိပ်ပျော်သွားတော့၏။

အသက်အရွယ် နုနယ်သေးသည်နှင့်အမျှ မနေ့က ပင်ပန်းခဲ့ရသည့်အထောကြောင့် အတာသည် ရှစ်နာရီလောက်မှ အိပ်ရာကနိုးတော့၏။ နိုးသည်ဆိုလျှင်ပင် အတာလည်း သူ့စွပ်ကျယ် သေတ္တာကလေးကိုသာ အရေးတကြီးထား၍ လိုက်ရှာတော့၏။ သူ့ဖာကလေးထဲတွင်လည်း မတွေ့၊ အိပ်ရာအောက် တွင်လည်း မမြင်နေရာအနှံ့ရှာသော်လည်း မရှိသဖြင့် မချိတရိထိုင်ကာ မျက်ရည်ကလေးဖြင့် ငိုင်သွားရှာတော့၏။

'အတာရေ'

သို့ခေါ်ရင်း အပေါ်ထပ်သို့တက်လာသော သူ့မမသက်အသံကိုကြားသောကြောင့် အတာလည်း မျက်ရည်များကို ပျာပျာသလဲသုတ်၍ 'ခင်ဗျာ' ဟု ထူးလိုက်သည့်အချိန်တွင် မခင်သက် အပေါ်ရောက်လာပြီဖြစ်လျက်

'မမသက်ကို သွေးဆေးတစ်ထုပ် ဝယ်ပေးစမ်း အတာနော်'

'ဟုတ်ကဲ့'

သို့ပြောရင်း အတာကလေး ထရပ်ကာ မခင်သက်ဆီသို့ မျက်နှာမူလိုက်



သည်နှင့်

'ဟင် မင်းဘာဖြစ်သလဲ အတာ၊ မျက်ရည်တွေနဲ့၊ ဘာလဲ မင့်မိထွေးက ခေါက်သွားပြန်ပလား' ဟု မခင်သက်က အတာ့အနီးသို့ ကပ်လာရင်း မေးလိုက်၏။

'မဟုတ်ပါဘူး၊ မေမေ မရိုက်ပါဘူး'

'နို့ ဘာပြုလို့ မင်းငိုနေတာလဲ'

'ဟို မနေ့တုန်းက'

ဤသို့ အစချီတဲ့ကာ အတာလည်း သူ့စွပ်ကျယ်သေတ္တာကောက်ရသည့်ဖြစ်စဉ်ကလေးကို ရှင်းပြလိုက်ပြီးမှ

'ခု အဲဒီစွပ်ကျယ်သေတ္တာ မရှိတော့ဘူး မမရဲ့'

'အို ရှိမှာပေါ့ အတာရဲ့၊ မင်း သေသေချာချာ ရှာပြီးပလား'

'ရှာပြီးပြီ မမ၊ လေးငါးခါရှိပြီ မတွေ့ဘူး'

'ဟဲ့ ဟိုဘုရားစင်ပေါ်က သေတ္တာကလေး မဟုတ်လား' ဟု ပြောပြော မေးငေးလှမ်းယူလိုက်သဖြင့် အတာတွင် အသည်းခိုက်အောင် ဝမ်းသာသွားတော့၏။

အတာလည်း မခင်သက်ပေးသည်ကိုပင် မစောင့်နိုင်တော့ဘဲ သေတ္တာကလေးကို သူ့မမသက်လက်ထဲမှ ဆတ်ခနဲဆွဲယူကာ ပြုံးပြုံးပျာပျာနှင့် ဖွင့်လိုက်၏။

'ဟင် နှစ်ထည်ပဲ ရှိတော့တယ် မမ'

တုန်တုန်လှုပ်လှုပ် ပြောလိုက်သော အတာကလေးတွင် ယခု ဒုတိယအကြိမ်မျက်ရည်ကလေး ဝေလာပြန်၏။

'ဟဲ့ မင်းအကုန် ဝတ်ပစ်မှာစိုးလို့ မင့်အမေက သူ့သေတ္တာထဲ သိမ်းထားသလားမှ မသိဘဲ'

မခင်သက်က ဤသို့ထင်မြင်ချက်ပေးလိုက်မှပင် အတာလည်း အနည်းငယ်စိတ်သက်သာသွားသလို သော့ခတ်ထားသော သူ့မေမေ၏ သံသေတ္တာကို လှည့်ကြည့်လိုက်မိ၏။

'ပိုက်ဆံပေးလေ မမသက်၊ သွေးဆေးသွားဝယ်မယ်'

သွေးဆေးတစ်ထုပ် ခပ်သုတ်သုတ်ဝယ်ပေးပြီးမှ ဈေးဘက်သို့ ကတိုက်ကရိုက် ထွက်လာသော အတာသည် သူ့မေမေဆိုင်တွင် ထိုင်မိသည်နှင့် ကောင်းသော မုန့်ဖိုးသော အဘယ် 'သော'ကိုမျှ ဦးစားမပေးနိုင်ဘဲ စွပ်ကျယ်ကိုသာ အရေးတကြီးထား၍

'မေမေ ကျွန်တော့်စွပ်ကျယ်တွေကော'

ပြင်းထန်နေသော မကျေနပ်မှုကြောင့် ကြောက်စိတ်ကိုပင် နေရာမပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘဲ သို့လျှင် အတာက ဝံ့ဝံ့စားစား မေးလိုက်သည်ကို

'မတွေ့ခဲ့ဘူးလား၊ ဘုရားစင်ပေါ်မှာ'

မသိန်းမေအသံက ထန်ထန်နှင့် မာလာတော့၏။ ဤတစ်ကြိမ်တွင်မူ အတာသည် ကြောက်ရပ်ဖြင့် နောက်ဆုတ်သွားမည့် အမူအရာမပြ။ မကျေနပ်မှုသည် လူကို သွေးဆူအောင် ဆွပေးတတ်သည့်အတိုင်း

'နှစ်ထည်ထဲတွေ့တယ်၊ ဟို ကျန်တဲ့ ဆယ်ထည်ကို'

'ငါ ရောင်းပစ်လိုက်ပြီ'

အတာတွင် ပါးစပ်အဟောင်းသားနှင့် ငိုင်သွားရာမှ မျက်ရည်လည်း ဖြိုင်ဖြိုင်ကျလာတော့၏။

'ငိုတာက ဘာဖြစ်လို့လဲ ဟင်၊ နင့်နှမ သေလို့လား'

ဤတွင် အတာလည်း စိတ်ထိခိုက်သွားသော အမူအရာကလေးဖြင့် မော့လာ၏။

'ကျွန်တော့်ညီမသေလို့ မဟုတ်ဘူး၊ မေမေ ကျွန်တော့်အင်္ကျီတွေ ရောင်းပစ်လိုက်လို့'

အတာသည် သူ့ညီမလေးကိုထိ၍ မချိအောင် နာသွားသည့်အလား အူလှိုက်သည်းလှိုက် ရှိုက်၍ငိုနေရာမှပင် ဤသို့ပြောလိုက်သောကြောင့်

'ဟင် ဘာပြောတယ်၊ နင် ငါ့ကို ပြန်ပက်သလား' ဟု ပြောပြော မေးမေး အတာ့ပါးကလေးကို ဖျန်းခနဲ ရိုက်လိုက်သောကြောင့် အတာ သူ့ကိုယ်သူ မဟန်နိုင်ဘဲ လက်ယာဘက်သို့ ယိုင်ခနဲ ဖင်ထိုင်လဲကျသွားရာ၏။

မကျေနပ်မှုကြောင့် သွေးဆူနေသော အတာသည် သူ့မေမေ၏ အပြော အဆိုနှင့် အပြုအမူကြောင့် သူပို၍ မကျေနပ်ဖြစ်လာ၏။ သို့နှင့်အမျှလည်း သွေးသည် ပို၍ ဆူလာ၏။ သို့သွေးဆူလာလျှင် လူသည် ကြောက်ရလန့်ရမှန်း မသိ ဖြစ်လာ၏။ အတာသည်လည်း လူဖြစ်သောကြောင့် ထိုအတွေ့ ခံစားမိ၍ လား မသိ၊ သူ့မေမေအား တွေတွေကြီးစိုက်ကြည့်နေပြီးမှ

'မေမေ မတရားဘူး၊ မေမေကဖြင့် ဝယ်မပေးဘဲနဲ့ ကျွန်တော်ဟာ ကျွန်တော် ကောက်ရတော့လဲ ရောင်းစားပစ်တယ်' ဟု ပြောလိုက်သည်နှင့်

'ဟင် ခုမှ တစ်မိုက်လောက်ရှိသေးတယ်၊ ခြေရာချင်း တိုင်းသလား၊ ဒါ အဲဒါ မတရားတာပဲ၊ ကဲ ကဲ'

ဒေါသတကြီးနှင့် အတာ့ပါးကလေးကို နှစ်ချက်တိတိ ဆင့်ရိုက်လိုက်ပြန် သဖြင့် အတာလည်း ခွေလျက်သား ကျသွားရာမှ အလူးအလဲထရပ်လိုက်၏။ ပို၍ ယိုကျစီးထွက်လာသော ပါးစပ်မှ သွေးများကို လွယ်အိတ်လက်ကိုင်ဖြင့်



သုတ်ရင်း ရုတ်ခနဲ လှည့်ထွက်သွားတော့၏။

ပါးစပ်မှ တစိမ့်စိမ့်ထွက်နေသော သွေးများကို တပျစ်ပျစ်ထွေးလျက် မျက်ရည်ကိုလည်း လက်တစ်ဖက်ကသုတ်ရင်း လျှောက်လာသော အတာသည် ကျုံးကြီးလမ်းထိပ်သို့ရောက်သော် ခါတိုင်းနည်းတူ ကျောင်းဘက်သို့မကွေ့တော့ဘဲ ခြေဦးတည့်ရာ ရွှေတိဂုံစေတီတော်ဘက်သို့ ခေါင်းငိုက်စိုက်ဖြင့် လေးလေးမှန်မှန် လှမ်းနေတော့၏။ ကျောင်းဘက်သို့ မကွေ့သည်မှာ သတိပင်မေ့၍လော၊ သို့တည်းမဟုတ် ယခုကြုံခဲ့ရသော စိတ်ဒုက္ခနှင့် နာကြည်းမှုကြောင့် ရောက်ရာ ပေါက်ရာပင် သွားတော့မည်ဟု ခြေဦးတည့်ရာ ထွက်လာခြင်းလေလောဟူ၍ကား ခွဲခြား အကဲခတ်၍ မရ။

\+ \+ \+

နှုတ်ခမ်းပေါက်ပြီနှင့် ပါးစပ်မှ သွေးထွက်လာသည်အထိ သူ့မေမေက ရိုက်လိုက်သောကြောင့် အတာလည်း ခေါင်းငိုက်စိုက်နှင့် လျှောက်ခဲ့၍ ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်လမ်း)ထိပ် အစိုးရဟိုက်စကူးကျောင်းထောင့်သို့ ရောက်မှပင် သူ လမ်းမှားလာခဲ့သည့်အဖြစ်ကို သတိရတော့၏။

သို့သော် ရုတ်တရက် ပြန်မလှည့်သေးဘဲ ဆေးကျောင်းထောင့် (ယခု ဗဟို ဈေးကွက်လပ်) ရှိ မန်ကျည်းပင်အောက်တွင် ရပ်၍ ခပ်တွေတွေ စဉ်းစားနေ၏။

အတာ၌ ပညာကို အလွန်လျှင် လိုချင်တပ်မက်မောသော စိတ်ကလေး ပြင်းထန်ခဲ့သည့်အတိုင်း အတန်းသားချင်း ယှဉ်လိုက်လျှင် အညံ့ဆုံးသော အဝတ် အစားဖြင့်သာ ကျောင်းတက်နေရလင့်ကစား အတာမငြီးငြင်။ မုန့်ဖိုး မမုန့်တမုန့် နှင့် ထမင်းရက်ချန် စားခဲ့ရသည့်တိုင်အောင် အတာ ကျောင်းတက်ရသည်ကို စိတ် မပျက်။ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် စိတ်ညစ်စရာဟူသရွေ့ အတာ အကုန်မေ့သွား၏။ ထိုမျှလောက် ကျောင်းကိုခင်ကာ ပညာကိုလိုလားခဲ့၏။

ယနေ့သော်မှ အတာသည် ကျောင်းသို့ပင် သွားချင်စိတ်မရှိတော့လောက် အောင် သူ့တွင် စိတ်ကလေး ထိခိုက်နေ၏။ စိတ်မချမ်းသာ ဖြစ်မည်ဆိုကလည်း ဖြစ်စရာပေပင်။

အတာ ကျောင်းစ၍နေခဲ့သည်မှ ယခုအထိသော တစ်နှစ်ခွဲလောက် အတွင်း ၌ အတာ့မေမေသည် အဝတ်အစားဆို၍ သုံးပံတန် စွပ်ကျယ်ပင် တစ်ထည်တလေမျှ ဝယ်မပေးခဲ့သည်မရှိဘဲ ကံအားလျော်စွာ တစ်ဒါဇင်မျှသော စွပ်ကျယ်များကို သေသွား လိုက် အတာကလေး ကောက်ရသည်တွင်လည်း ဆယ်ထည်လုံးကို ရောင်းစား၍ သုံးပစ်လိုက်ပြန်၏။

ဤသည့်အပြုအမူကို အတာကဲ့သို့သော မိမိပစ္စည်းကို မက်မောတတ်သည့်

www.burmeseclassic.com



ငယ်သည့်ကလေးပင်ဖြစ်စေ သဘာဝအတိုင်း ကျေနပ်လိမ့်မည်မဟုတ်၊ အတာ ကလည်း မကျေနပ်နိုင်။ သို့ မကျေနပ်နိုင်၍ မျက်ရည်ကလေး အိုင်မိသည်ကိုပင် မသိန်းမေက အပြစ်တစ်ခုကဲ့သို့ ယူဆကာ ရိုက်မောင်းပုတ်မောင်းလုပ်သဖြင့် အတာကလေးတွင် ပို၍ မကျေနပ် ဖြစ်လာ၏။

သူ့မေမေက ရိုက်မောင်းပုတ်မောင်းလုပ်သည်ဆိုရာ၌လည်း သာမန် အားဖြင့် ကလေးကို တော်ရုံသင့်ရုံ ဆုံးမသည့် သဘောမျိုးမဟုတ်ဘဲ ပါးစောင် အတွင်းသားကလေးပင် ပေါက်ပြဲသွားသည်အထိ ရိုက်လိုက်သည်ဖြစ်သော ကြောင့် အတာကလေးတွင် ရိုးရိုးမကျေနပ်မှုမှ ကြီးစွာသော စိတ်ထိခိုက်ခြင်း ဖြစ်ခဲ့ရ၏။

'သူကဖြင့် တစ်ထည်မှ ဝယ်မပေးဘဲနဲ့၊ ငါ့ဟာငါ ကံကောင်းလို့ကောက်ရ တော့လဲ ရောင်းစားပစ်တယ်၊ ဒါ တရားသလား၊ ပြီးတော့လဲ ပါးစပ်က သွေး ထွက်အောင် ရိုက်သေးတယ်'

ပေါက်ပြဲသွားသော ပါးစပ်အတွင်းမှ ဒဏ်ရာကို လျှာဖျားကလေးဖြင့် တို့ကာထိကာဖြင့် မချိတရိ စိတ်ထဲမှ ရေရွတ်နေမိ၏။ အတန်ကြာသော် မျက်ရည်ကလေး ဝေကျလာရာမှ

'ငါ ကျောင်းနေလို့လဲ အလကားပါပဲ၊ ခုထိလဲ ကျောင်းလခ မပေးရ သေးဘူး၊ နောက် ငါအတန်းကြီးသွားလို့ ကျောင်းလခလဲများလာမယ်၊ စာအုပ် ဖိုးတွေ ဘာတွေလဲ ပိုကုန်မယ်ဆိုရင်'

အတာကလေးတွင် အရွယ်နှင့်မလိုက်အောင် ရင်လေးသွားရှာတော့ ၏။ အမှန်ပင်။ မသိန်းမေသည် နှစ်ကျပ်မျှသော ကျောင်းလခကို ယနေ့တိုင် မပေးခဲ့သေး။ မပေးနိုင်၍လည်း မဟုတ်။ စနေနေ့တိုင်း တစ်ဆယ်မှ နှစ်ဆယ် အစိတ်အထိ အရှုံးခံ၍ မြင်းကစားနိုင်သူတစ်ယောက်အဖို့ နှစ်ကျပ်မျှသော ကျောင်းလခသည် ဘာမျှ ခဲယဉ်းစရာမရှိ။ သို့သော် မသိန်းမေ မပေး။ သို့မပေး သေးသည် မှာ အဘယ်ကြောင့်ဟူ၍ကား မသိန်းမေသာလျှင် အသိဆုံးဖြစ်ပါ လိမ့်မည်။

ယခု အတာကလေး တွေးခဲ့သည့်အတိုင်းပင် အတန်းကြီးလာ၍ ကျောင်း လခပါမြင့်ပြီး စာအုပ်ဖိုးပါ တရင်းတနှီးပေးဝယ်ရမည့် အခြေမျိုးဆိုက်လာသော် သာ၍ပင် လက်ခက်ချေတော့မည်။

'ဟုတ်တယ်၊ ငါ ကျောင်းကထွက်ပြီး ပရုပ်လုံးတို့ ဘာတို့ လည်ရောင်း တာပဲ ကောင်းမယ်၊ ဒီလိုဆို ကျောင်းလခလဲ မပူရဘူး၊ မုန့်ဖိုးတွေ ထမင်းဖိုးတွေလဲ အဆဲအဆိုခံပြီး ငါမတောင်းတော့ဘူး၊ ငါ့ဟာငါ ဈေးရောင်းပြီး ငါရတဲ့အမြတ် နဲ့ပဲ ငါဝယ်စားမယ်၊ ငါ့အဝတ်အစား ငါဝယ်ဝတ်မယ်၊ ဒါပဲကောင်းတယ်၊ ငါ



ကျောင်း မ နေ တော့'

အတာသည် နောက်ဆုံးဖြစ်သော စကားငါးလုံးကို ရေရွတ်ရာ၌သွက်သွက် လက်လက် မရှိ၊ တစ်လုံးချင်း လေးလေးကြီး ထွက်လာရုံသာမက 'ဘူး'ဟူ၍ပင် အဆုံးမသတ်နိုင် ဖြစ်သွားရှာ၏။

ဤအတိုင်းပင် ဖြစ်ရပေမည်။ အကြောင်းသော်ကား အတာသည် ကျောင်း အလွန်ပျော်သူကလေး ဖြစ်၏။ ပညာကိုလည်း မက်မက်မောမော လိုချင်သူ ဖြစ်သည့်အတိုင်း ကျောင်းမှ ထွက်ရန်မဆိုထားဘိ၊ ကျောင်းတစ်ရက်ပျက်မည် ကိုပင် သေရတော့မလောက် အတာကလေး ကြောက်၏။ တစ်ခါတစ်ရံ ကျောင်း ရက်ရှည်ပိတ်လိုက်သည်ကိုပင်

'ကျောင်းတွေကလဲ ဘာပြုလို့ ဒီလောက်အများကြီး ပိတ်တာလဲ မသိ ပါဘူး မမသက်ရယ်၊ ခုလဲ ပိတ်လိုက်ပြန်ပြီ ဆယ့်ခြောက်ရက်တောင်'ဟု အတာသည် သူ့မမသက်အား ညည်းညည်းညူညူ ပြောခဲ့ဖူး၏။

'ဟဲ့ ကျောင်းပိတ်တာ မင်းက ဝမ်းမသာဘူးလား အတာ'

'မသာပါဘူး မမရယ်၊ အိမ်မှာ အလကားပဲ၊ အဲသလို ကျောင်းကို ခဏ ခဏ ပိတ်မဲ့အစား ကျောင်းဖွင့်ပြီး စာတွေများများသင်၊ ဟော နောက်တော့ ခြောက်လတစ်ခါ စာမေးပွဲကြီးစစ်ပြီး အတန်းတင်ပေးရင် ဘယ်လောက်ကောင်း မလဲ၊ အဲသလိုဆို ခုနေ ကျွန်တော် စတုတ္ထတန်းရောက်နေပြီ၊ ကဲ'

ဤသို့ထိအောင် အတာသည် ပညာရေး၌ လောဘကြီး၏။ ကျောက်တံ ကအစ အဝတ်အစားပါမကျန် ကိုယ့်မုန့်ဖိုး ကိုယ်စု၍ အငတ်အပြတ်ခံကာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနေရသည့်တိုင် အတာ၌ စိတ်ငြိုငြင်ခြင်း မရှိခဲ့သော် လည်း ယနေ့ ကြုံခဲ့ရသော သူ့မေမေ၏ အပြုအမူကြောင့် အတာတွင် စိတ် ကလေး နော်က်သွားမတတ် ထိခိုက် ဝမ်းနည်းနေ၏။ ထို့ကြောင့်လည်း ကျောင်းတက်ရမည်ပင် အတာ စိတ်ပျက်သလို ဖြစ်သွားရှာသေး၏။

သို့သော်

'ဟဲ့ အတာ၊ စာမတတ် ဘာမတတ်နဲ့ အရောင်းအဝယ်လုပ်ရင် နလပိန်းတုံးဈေးသည်ပဲ ဖြစ်မှာပေါ့၊ ပညာကောင်းကောင်းသင်ပြီး တတ်မြီး အရောင်းအဝယ်လုပ်မှ ပညာတတ် ကုန်သည်ကြီးဖြစ်မှာ'

တစ်ခါက သိမ်ကြီးဈေးအတွင်းရှိ အထည်ဆိုင်ရှင်တစ်ဦးသို့ ပြောသွား သည်ကို အတာ ကြားယောင်လာ၏။

တစ်ဖန်လည်း သူ့အလွန် သဘောကျသော ဝတ်လုံကြီးဝတ်သော ဖြစ်လာနိုင်ရေးမှာလည်း ပညာတတ်ရန်သည်သာ အဓိကဟူ၍ ဘိုးအွန်းအောင် ဆုံးမ ပြောကြားခဲ့သည့် အားပေးစကားများကိုလည်း အတာ ကြားယောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အလွန်လျှင် ခံ့ညား၍ ကျက်သရေရှိလှသော ဝတ်လုံကြီးများကိုလည်း သူ့မျက်စိထဲတွင် မြင်ယောင်လာ၏။

သို့လျှင် ကြားယောင် မြင်ယောင်လာသည်နှင့်အမျှ အသိတရားလည်း ရလာ၏။ သတိတရား ဝင်လာသည်နှင့်အမျှ အမြင်လည်း မှန်လာ၏။

'ငါ ကျောင်းကိုပဲသွားမယ်၊ စာတတ်အောင်သင်မယ်၊ ဟုတ်တယ်၊ အကြီးသို့ပြောတာ မှန်တယ်၊ စာမတတ်ဘဲနဲ့ ဈေးရောင်းရင် ပရုပ်လုံးသည်ပဲ ဖြစ်မှာပဲ၊ စာတတ်မှ ငါ ကုန်သည်ကြီးဖြစ်မှာ'

ဤဆုံးဖြတ်ချက်နှင့်အတူ ကျောင်းတက်ရန် ရည်ရွယ်ချက်ဖြင့် ခြေကလေး အသာလှမ်းလျက် မန်ကျည်းပင်အောက်မှ ထွက်လာရင်း အတာသည် ရုတ်တရက် ငိုလိုက်၏။ သို့သော် ယခင်ကလောက် ဟက်ဟက်ပက်ပက် မရှိလှ။ ဤသည်မှာ ကျောင်းတက်ရန် စိတ်မပါ့တပါ ရှိနေသေးသောကြောင့် မဟုတ်။ သူ့မေမေ ရိုက်သော ဒဏ်ချက်ကြောင့် ပေါက်သွားသည့် အတွင်းပါးစောင်နှင့် ရောင်နေသော ပါးကလည်း တင်းနေ နာနေ၍သာ အားရပါးရ မပြုံးနိုင် ဖြစ်နေဟန်တူ၏။

\+ + +

အတာ ကျောင်းရောက်ချိန်မှာ ၉ နာရီနှင့် မိနစ် ၂၀ မျှသာ ရှိသေးသဖြင့် သူ့တာဝန်ဖြစ်သော ကျောက်သင်ပုန်းသုတ်ရန် စားပွဲ ကုလားထိုင် ရှင်းလင်းရန် အစရှိသော ကိစ္စများ ဆောင်ရွက်ရန်အချိန်ရသေးသောကြောင့် စိတ်ညစ်ခဲ့ရသော ပြဿနာများပင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတော့လျက် သွက်သွက်လက်လက်နှင့် ပျော်ရွှင်စွာပင် ခါတိုင်းနည်းတူ သူ့တာဝန်ကို သူ ကျေကျေပွန်ပွန် ထမ်းဆောင်နေဆဲမှာပင် သူ့ဆရာမ ရောက်လာပြီး

'ဘယ့်နဲ့ ငါ့မောင်က ဒီနေ့ နောက်ကျတယ် ထင်ပါရဲ့၊ ဟုတ်လား အတာ'

အလွန်ဆုံး ကိုးနာရီဆိုလျှင် အတာ လုပ်ဆောင်ဖွယ်ရာဟူသမျှ ပြီးစီးနေတတ်သည်သာ ဖြစ်သောကြောင့် ယနေ့အတာ နောက်ကျသည်ကို ဆရာမက အတတ်သိလိုက်၏။

'ဟုတ်ကဲ့၊ ကျွန်တော် ဒီနေ့ နည်းနည်းနောက်ကျသွားတယ် မမ၊ ဟို'

'ဟင် အတာ'

ဆရာမသည် အတာ့စကားမှ မဆုံးသေးမီပင် သို့လျှင် အံ့သြသံနှင့် ရေရွတ်ရင်း အတာ့အနီးသို့ ကပ်လာကာ မေးကလေးကို အသာကိုင်၍ ငှဲ့တဲ့ပြီး၊



'မင့်ပါး ဘာဖြစ်တာလဲ အတာ၊ ကြည့်ရတာ ရောင်နေသလိုပဲပါလား၊ ပြီးတော့လဲ နီလို့'

ဆရာမက သို့လျှင် တယုတယကိုင်၍ မေးလိုက်သည်နှင့် ရွှင်နေသော အတာ့မျက်နှာကလေးမှာ သိသိသာသာ ညှိုးသွားပြန်လျက် မေ့မေ့ပျောက်ပျောက် ဖြစ်နေသော သူ့မေမေ၏ အပြုအမူကိုလည်း ချက်ချင်းဆိုသလို မျက်စိထဲတွင် မြင်လာမိ၏။မနက်က ကြုံရသော နောက်ကြောင်းကို ပြန်ပြောင်း၍ တွေးနေမိသည်နှင့် ဆရာမအမေးကို ရုတ်တရက် မဖြေနိုင် ရှိနေဆဲမှာပင်

'ကြည့်စမ်း၊ မင့်အကျီ ကော်လာမှာလဲ သွေးစက်ထင်ပါရဲ့၊ ဟုတ်လား အတာ၊ မင်း ဘယ်သူနဲ့ ရန်ဖြစ်သလဲ'

'မဖြစ်ပါဘူး မမ'

အတာသည် ဆရာမ၏ နောက်ဆုံးမေးခွန်းကို သို့လျှင် ခပ်သုတ်သုတ် ဖြေလိုက်၏။ ကျောင်းသားချင်း ရန်ဖြစ်သည်မှာ လူ လိမ္မာတို့၏ အလုပ်မဟုတ်ကြောင်းနှင့် ဆရာမက မကြာခဏ ဆုံးမခဲ့ဖူးသည်ဖြစ်၍ အတာက ပျာပျာသလဲ ငြင်းဆိုလိုက်ခြင်းဖြစ်လျက် ရှေ့ဆက်ရမည့်စကားကမူ အလုအယက်ရှာနေဆဲ ဝင် ရှိသေး၏။

'နို့ ဘာဖြစ်တာလဲ'

'မနက်က ဟို အိပ်ရာကထတာ နေမြင့်သွားတာနဲ့ ကျောင်းနောက်ကျမှာ စိုးလို့ ကမန်းကတန်း ထွက်လာတာ လန်ခြားနဲ့တိုက်မိပြီး'

'ဖြစ်ရလေ အတာရယ်၊ ကျောင်းနောက်ကျတော့ကော ဘာပြုသလဲ'

အတာက မဖြေ၊ တွေတွေကလေး ငုံ့နေ၏။

'အေး နောက်ကို ဒီလို ဘယ်တော့မှ မလုပ်နဲ့ သိလား၊ မင်းနဲ့ တိုးမိတာက လန်ခြားမို့ပေါ့၊ မော်တော်ကားသာဆို မခက်သေးဘူးလား ဟင်၊ ကျောင်းနောက်ကျချင် ကျပစေပေါ့ကွဲ့၊ နောက်ကို မှန်မှန်သာလာ၊ လမ်းတွေ ဘာတွေ သတိထားကူး ဟုတ်လား၊ နို့ ဒီကော်လာက သွေးက ဘယ်ကထွက်တာလဲ၊ ခေါင်းကိုကော ထိသွားသေးသလား အတာ'

'ခေါင်းကို မထိပါဘူး မမ၊ ပါးကိုပဲ ခိုက်မိပြီး ပါးစပ်ထဲမှာ နည်းနည်း ပေါက်သွားတာပါ'

ထိုအခိုက်မှာပင် ကျောင်းတက်ခေါင်းလောင်း တီးလိုက်သဖြင့် ဆရာမ အမေးကို အဖြေပေးရင်း ရင်လေးနေသော အတာတွင် ခေါင်းလောင်းသံကြောင့်မှ သူ သက်သာရာ ရသွားတော့၏။

အတာ ရင်လေးသည်မှာ အခြားမဟုတ်။ လိမ်လည် ပြောဆိုခြင်းသည် အပြစ်ဟူ၍ နားလည်ထားသော အတာသည် ယခု ဆရာမအား လိမ်ပြောခဲ့ပြီးသည်ပင်

www.burmeseclassic.com

www.burmeseclassic.com



လိမ်ပြောနေမိသဖြင့် ထိုအတွက် အပြစ်ဖြစ်တော့မည်ကို တွေး၍ ရင်လေးနေမိခြင်းဖြစ်၏။

မည်သည့်အခါကမျှ သူ့ဆရာမကို အတာလိမ်ညာ၍ မပြောခဲ့ဖူးပေ။ ယခုလည်း အမှန်အားဖြင့် သူ မလိမ်ချင်။ သို့သော် အတာ့တွင် အမှန်ကို ပြောရမည် ခက်နေ၏။ သူ့မေမေက ဤမျှလောက် ရက်ရက်စက်စက်ရိုက်လိုက်သည်ကို အမှန်အတိုင်းဖွင့်ပြောလိုက်ချေက ဆရာမသည် သူ့မေမေအား မိန်းမဆိုးတစ်ယောက်အဖြစ် ယူဆ မုန်းတီးသွားမည်ကို အတာစိုးရိမ်၏။ တစ်ဖန် သူ့မေမေက သူ့အား မချစ်၍သာ ဤမျှလောက် ပြင်းပြင်းထန်ထန် ရိုက်ခြင်းဖြစ်မည်ဟု ဆရာမက ထင်မှတ်သွားမည်ကိုလည်း အတာ မခံလို။ ထို့ကြောင့်ပင် အတာ လိမ်ပြောမိခြင်းဖြစ်လျက် ဤလို လိမ်ပြောမိသည့်အတွက် လည်း သူ့တွင် တစ်ဖက်က ဖြစ်လာမည့်အပြစ်ကို ကြောက်နေမိပြန်၏။

ထိုနေ့အဖို့ အတာကလေး စာသင်ရသည်မှာ ကြည်ကြည်လင်လင် လုံးဝမရှိ။ ဆရာမကို လိမ်မိသည့်အပြစ်နှင့် သူ့မေမေ၏ အပြုအမူ၊ ထိုနှစ်ခုသည်သာ သူ့အတွေးထဲတွင် ချာချာလည်နေ၏။ မတွေးဘဲ နေလည်းမရ၊ တစ်ခါတစ်ခါတွင်မူ စာထဲ၌ ဖွတ်မိုတ်၍ စိတ်ဝင်စားလိုက်သဖြင့် မေ့ပျောက်သလောက်ရှိသွားပြီးမှ ပါးစပ်အတွင်းရှိ ဒဏ်ရာကလေးကို လျှာဖြင့် ထိလိုက်မိသည်ဆိုလျှင်ပင် သူ့မေမေကို သတိရလာ၏။

သို့ သတိရမိသည်နှင့် အတာ ဆက်မတွေးဘဲ မနေနိုင်တော့ပေ။ မော်၍မျှ မကြည့်ဝံ့လောက်အောင် ကြောက်နေခဲ့သူဖြစ်ပါလျက် နံနက်ကမူ အတာသည် မပြောစဖူး သူ့မေမေအား ခွန်းတုံ့ပြန်၍ ပြောမိခဲ့သည်ဖြစ်ရာ ဒေါသကြီးသော သူ့မေမေသည် ညနေ ကျောင်းမှ အပြန်၌ သူ့အား အခဲမကျေဘဲ အသေအလဲ ထပ်၍ ရိုက်နေလေမည်လားဟု အတာသည် စိတ်တလေးလေးနှင့် တွေးပူနေ၏။ မသိန်းမေသည် စိတ်မထင်က အိမ်ပေါ်မှပင် နှင်ချချင် ချမည်ဖြစ်၏။

သို့လျှင် အမြဲတစ်တန်း တွေးနေခိုက် မုန့်စားလွှတ်ခေါင်းလောင်းတီးလိုက်သဖြင့် ထိုအတွေးပျောက်သွားကာ အတာလည်း ဆရာမအနီးသို့ ရောက်လာ၏။

'မင်း နေကောင်းရဲ့လား အတာ'

ကျောင်းတက်ချိန်မှစ၍ အတာ့အရိပ်အကဲကို မသိမသာ ဂရုစိုက်နေခဲ့သည်ဖြစ်သောကြောင့် အတာ၏ ငိုင်တွေတွေ အမူအရာကို ဆရာမသည် ကောင်းကောင်းကြီး သတိထားမိ၏။ သို့ကြောင့်လည်း ဤလို မေးလိုက်ခြင်းဖြစ်ဟန်တူ၏။

'ကောင်းပါတယ် မမ၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး'

'အေး မင်းကသာ ဘာမှ မဖြစ်ဘူးပြောတယ်၊ မင့်ကြည့်ရတာတော့



တမှိုင်မှိုင်နဲ့၊ နေမှကောင်းရင့်လဲ ပြန်ရလေ'

'ကိစ္စမရှိပါဘူး မမ၊ ဘာစားမလဲ ဟင်'

ဆရာမက ရုတ်တရက် ဘာမျှမပြောသေးဘဲ သနားကြင်နာသော အမူအရာဖြင့် အတာအား စိုက်ကြည့်နေပြီးမှ

'မင့်ကိုကြည့်ရတာ မမဖြင့် စိတ်မကောင်းပါဘူးကွယ်၊ ဒီနေ့တင် မဟုတ်ဘူး၊ နေ့တိုင်းလိုလိုပဲ၊ မင်းဟာ တစ်ခုခုကို တွေးတွေးပြီး ပူနေတယ်လို့ မမ ထင်တယ်၊ ဟုတ်ကဲ့လား အတာ'

ထိုစကားကြောင့် အတာတွင် မျက်ဆံတပြူး အံ့အားသင့်သွားတော့၏။ 'မမ ဘယ်လိုသိနေပါလိမ့်' ဟူ၍လည်း စိတ်ထဲမှ ရေရွတ်မိလျက် ရုတ်တရက် ဘာမျှမဖြေတတ်အောင် ရှိနေစဉ်မှာပင်

'ဘာလဲ အတာ၊ မင့်ကျောင်းလခအတွက်ကို မင်း တွေးပူနေတယ် ထင်ပါရဲ့၊ ဟုတ်လား'

ထိုစကားမှာ သူ့အတွက် ဆရာမကပင် တမင်ဖြေပေးသလို ရှိသွားသောကြောင့် အတာလည်း သွက်သွက်ကလေး ခေါင်းညိတ်လိုက်မိ၏။

အတာလည်း ထိုစကားကို ကြားလိုက်ရသည်နှင့် အထူးဝမ်းမြောက်သွားကာ ကျေးဇူးတင်သော အမူအရာဖြင့် ဆရာမအား မော်ကြည့်မိရှာ၏။

'ကဲပါ အတာရယ်၊ ခုလို ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ ဒီလောက်မှုပင် သောကတွေ များနေရတယ်ဆို ဘယ်ကောင်းတော့မလဲ၊ ဒီတော့ ခုလမှာ မပေးရသေးတဲ့ ကျောင်းလခကို မမပဲ စိုက်ပေးလိုက်မယ်၊ ဟုတ်လား အတာ'

အတာတွင် သိသိသာသာ ပြုံးလာသလောက် မျက်လုံးထဲတွင်လည်း မျက်ရည်ကလေး ဝေလာ၏။ သို့ မျက်ရည်ကလေး ဝေနေရာမှ တဖြည်းဖြည်း ဝဲယိုကျလာသည်မှာ ဝမ်းသာလွန်းမက ဝမ်းသာသွားသောကြောင့် ကျရသည့် မျက်ရည်မျိုးဖြစ်သည်ကို ဆရာမကလည်း သိ၏။ ပီတိလည်းဖြစ်သွား၏။

'အေး အရင်တစ်ခါ မမပြောဖူးတဲ့အတိုင်းပဲ အတာ၊ မမတို့လဲ သိပ်ချောင်လည်တာမဟုတ်ဘူးကွဲ့၊ မမရဲ့ မောင်တစ်ယောက် ညီမတစ်ယောက်ရဲ့ ကျောင်းစရိတ်ကအစ မိဘတွေရဲ့ စားဝတ်နေရေးတာဝန်ကိုပါ မမတစ်ယောက်ထဲ ထမ်းနေရတယ်အတာ၊ ဒီတော့ ဒီတစ်လပဲ မမ စိုက်ပေးနိုင်မယ်၊ နောက်လတွေ ကျရင်တော့ မင့်မိဘဆီက ရအောင်တောင်းပေါ့ကွယ်၊ နော်'

'ဟုတ်ကဲ့ မမ'

အတာလည်း ဝမ်းမြောက်လွန်းအားကြီး၍ ယိုစီးလာသော မျက်ရည်များကို အင်္ကျီလက်ခုံကလေးဖြင့် အလောတကြီး သုတ်ရင်းကပင် ပြုံးပြုံးကလေး ပြောလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သိပ်ကျေးဇူးတင်တာပဲ မမရယ်၊ ခုဆို ကျောင်းလခအတွက် ကျွန်တော် စိတ်မညစ်ရတော့ဘူး'

'အေး နောက်လကျရင်တော့ ရအောင် တောင်းခဲ့နော်' ဟု ဆရာမက ယခုလအတွက်သာ တာဝန်ယူနိုင်မည် ဟူသည့် သဘောကို အတာ ပို၍ နားရှင်းသွားအောင် ထပ်၍ ပြောလိုက်ပြီးမှ

'ကဲ အတာ မမဖို့ ပုစွန်ခွက်ကြော် တစ်ပန်းကန်ပဲ မှာပေးတော့၊ မင်းလဲ စားချင်တာ ယူစား'

ယနေ့အဖို့၌ အတာသည် သူ့စွပ်ကျယ်ကိစ္စနှင့် ဗျာများပြီး အိမ်မှ ကမန်းကတန်း ထွက်လာခဲ့ရသောကြောင့် ခြေစောင့် လက်စောင့် သဘောမျိုးဖြင့် ခါတိုင်းနည်းတူ သူစုထားသော ပိုက်ဆံထဲမှ တစ်ပြားတစ်ချပ်ပင် ယူလာရန် သတိမရ။ သူ့မမေကလည်း မုန့်ဖိုးမပေးလိုက်သောကြောင့် ဆရာမပိုက်ဆံနှင့်ပင် ခေါက်ဆွဲစားမည် ကြံပြီးမှ

'ဒီလိုဆို ငါ ဘယ်တရားတော့မလဲ၊ မမက ကျောင်းလခလဲ ငွေနှစ်ကျပ် တောင် စိုက်ပေးရဦးမယ်ဆိုတော့ ရှုပ်ပါတယ်လေ၊ မမပိုက်ဆံနဲ့ ငါ မစားဘူး' ဟူသော ဆုံးဖြတ်ချက်ကလေးဖြင့် ခေါက်ဆွဲကြော်ဆိုင်ရှေ့တွင် ရပ်တဲ့ကာ

'ကြီးကြီး ကျွန်တော် ဒီနေ့ မုန့်ဖိုးမပါလာလို့ အဲဒါ ခေါက်ဆွဲနှစ်ပြားဖိုး အကြွေးရောင်းပါနော်' ဟု မပွင့်တပွင့်ကလေး ပြောလိုက်သည်ကို

'အကြွေးဆိုရင်တော့ ကြီးကြီး မရောင်းဘူး အတာ၊ စားချင်ရင် စား ကြီးကြီး အလကားကျွေးမယ်' ဟု ပြောလိုက်သောကြောင့် အတာတွင် ရှက်အမ်းအမ်းကလေး ဖြစ်သွားတော့၏။

ဤတွင် ခေါက်ဆွဲဆိုင်နှင့် ကပ်လျက်ရှိသော လက်သုပ်သည်အဒေါ်ကြီးက

'ဘာလဲသားလေး၊ လာ သူ့ခေါက်ဆွဲမစားနဲ့ မေမေ့ လက်သုပ်လာစားလှည့်၊ လာ' ဟု ပြောပြောဆိုဆို ထလာပြီး အတာ၏ လက်တစ်ဖက်ကို ဆွဲခေါ်နေသည်နှင့်

'အောင်မယ်၊ ဒီက ပြောင်ပြောနေတာကို ဘာလဲ ရှင်က လွတ်ပါ၊ ဒါ ကျွန်မသားရှင့်' ဟု ခေါက်ဆွဲသည်ကြီးကပါ အားကျမခံ ထတဲ့ပြီး အပြန်အလှန် ဆွဲနေကြသောကြောင့် ဈေးတန်းတစ်ခုလုံး တရုန်းရုန်း ပွဲကျနေတော့၏။

ရိုးသားမှု လိမ္မာရေးခြားရှိမှု သွက်လက်ပေါ့ပါးမှု အလိုက်သိတတ်မှု ကလေးများကြောင့် အတာဆိုလျှင် အလုအယက် ကျွေးချင်ကြ၏။ ယခုလည်း လက်သုပ်သည်နှင့် ခေါက်ဆွဲသည်တို့ သူကျွေးမည် ငါကျွေးမည်နှင့် သဲသဲမဲမဲ အတာကို ဆွဲကျွေးနေကြရာမှ နောက်ဆုံးတွင် ပုစွန်ခွက်ကြော်သည်၏ ဖြန်ဖြေချက် အရ ခေါက်ဆွဲတစ်ဝက် လက်သုပ်တစ်ဝက် စသည်ဖြင့် မျှ၍ ကျွေးကာ



ထိုကိစ္စကို ပျော်စရာကြီး ကျေအေးလိုက်ကြသောကြောင့် အတာတွင်လည်း သော်ကလေး မြက်သွားကာ ရှလပတ်ရည် ကုလားကပါ စေတနာထွက်လာပြီး ကျောက်ကျောတစ်ခွက် ပေးသွားသည်နှင့် အတာ ဗိုက်ကလေး နင့်သွား၏ ဖြစ်သည်။

\+ \+ \+

ကျောင်းတက်ခဲ့ပြီး၍ ဘာသာရပ်တစ်ခုသင်ချိန်ပင် ကုန်လွန်ခဲ့သည်တိုင်အောင် ဆရာမသည် ဘာမျှ မသင်သေးဘဲ ထိုအချိန်နှင့်ဆိုင်သော ကျန်းမာခြင်းစာအုပ်ကိုသာ တစ်တန်းလုံး အဖတ်နိုင်းထား၏။

စာအုပ်ပင် လှန်ထားသော်လည်း အတာသည် တွေးမိတွေးရာ တွေးနေ သကဲ့သို့ ဆရာမသည်လည်း တစ်စုံတစ်ရာကို စဉ်းစားရင်း ငေးမိငေးရာ ငေးနေ၏။

ဆရာမနှင့် အတာတည်းဟူသော သူတို့ နှစ်ယောက် တွေးနေသည့် အကြောင်းအရာမှာ တစ်ခုနှင့်တစ်ခု တူပုံမပေါ်စေကာမူ ပူပင်သောကခြင်းကား ခြားနားဟန်မရှိ။

ဆရာမသည် အတာကလေးအား မကြာခဏဆိုသလို လှမ်း၍ ငဲ့၍ သိမသာ အကဲခတ်သကဲ့သို့ပင် အတာကလေးကလည်း ကျောင်းလခ တစ်လ အတွက် စိုက်ပေးမည်ဆိုသော လတ်လတ်ဆတ်ဆတ် ကျေးဇူးကြောင့် ကြည်ညို လေးစားသော အမူအရာကလေးဖြင့် ဆရာမအလစ်တွင် လှမ်း၍ မျှော်၍ ကြည့် နေ၏။

အတာတွေးနေမိသည်မှာ ညနေ ကျောင်းလွှတ်၍ အိမ်ပြန်လျှင် သူ့မမေ နှင့် အဘယ်ပုံ ရင်ဆိုင်ရပြီး အဘယ်သို့သော ပြဿနာမျိုးဖြင့် ကြုံရမည်ကို တွေးရင်း ရင်ကလေး လေးနေရှာသော်လည်း သူ့ဆရာမ ဘာတွေတွေး၍ အဘယ် သောကကြောင့် တငေးငေးတငိုင်ငိုင် ဖြစ်နေသည်ကိုကား အတာ မသိ။

'ကဲ ကျန်းမာခြင်းစာအုပ်တွေ သိမ်းလိုက်ကြတော့'

စားပွဲတွင် တဖျတ်ဖျတ်ရိုက်လိုက်သော ကြိမ်လုံးသံနှင့်အတူ ဆရာမက အမိန့်ပေးလိုက်ပြီး

'ဟိုတစ်ပတ်က မမ ပြူစောထီးအကြောင်း ပြောခဲ့တယ်နော်၊ ဒီနေ့ တပင်ရွှေထီးအကြောင်း မမ ပြောပြမယ်၊ သေသေချာချာ နားထောင်ကြ'

ဆရာမလည်း ပြောပြောဆိုဆို ထလာကာ အတန်းသားများအား မျက်နှာမူလျက် စားပွဲဘက်တွင် ခပ်မှေးမှေး မှီ၍ ရပ်လိုက်၏။

'တပင်ရွှေထီးဆိုတာ ကြားဖူးကြတယ်မဟုတ်လား ဟော့'

www.burmeseclassic.com

www.burmeseclassic.com



'ကြားဖူးပါတယ် မမ'

'အေး၊ သူရသတ္တိနဲ့ပြည့်စုံတဲ့ မြန်မာရှင်ဘုရင်တွေထဲက တပင်ရွှေထီးလဲ တစ်ယောက် အပါအဝင်ပေါ့ကွယ်၊ စစ်တိုက်တဲ့နေရာမှာလဲ အင်မတန် ကျွမ်းကျင်တယ်'

ဆရာမသည် သို့ပြောနေရင်းကပင် အတန်းသားများဆီသို့ ဂရုတစိုက် နားထောင် မထောင် အကဲခတ်လျက်ရှိ၏။ စံဝင်းနှင့် ရာမာသည် ဆရာမသင်ကြား နေသည်ကို လုံးဝ စိတ်ဝင်စားခြင်းမရှိဘဲ ရယ်ကာမောကာဖြင့် ပြောနေကြသည်ကို တွေ့ရသည်နှင့် ဆရာမသည် ရာမာတို့နှစ်ယောက်ကို ကြည့်နေရာမှ မျက်မှာ လွှဲရင်း ကြိမ်လုံးသံပေးလိုက်၏။ ဤတွင်မှ စံဝင်းတို့နှစ်ယောက် ကြောက်လန့် တကြား ဆရာမဆီသို့ အာရုံစိုက်လာကြ၏။ သို့သော် ဆရာမက မမြင်ဟန် ဆောင်ကာ ဆက်လက်၍

'အဲဒီ ဘုရင်ကို မင်းတရားရွှေထီးလို့လဲ ခေါ်တယ်ကွဲ့၊ တပင်ရွှေထီးလို့ပဲ မှတ်ထားကြပေါ့ကွယ်၊ အဲဒါက မှတ်လို့လွယ်တယ်နော်'

ဆရာမသည် စကားကို ခေတ္တဖြတ်၍ စံဝင်းတို့ဆီ မျက်လုံးကစားလိုက် ပြန်၏။ ရာမာရော စံဝင်းပါ ငြိမ်ငြိမ်ဆိတ်ဆိတ် နားထောင်နေသည်ကိုတွေ့ရ

'အဲဒါ တပင်ရွှေထီးမင်းမှာ ထူးခြားတာက ဘယ်လိုလဲဆိုရင် သူဟာ အသက်ငယ်ငယ်ကလေးနဲ့ ဘုရင်အဖြစ်ကို ရသတဲ့ကွဲ့၊ သူ ၁၅ နှစ်သားလောက် မှာ သူ့ရဲ့ ခမည်းတော်ကြီး နတ်ရွာစံတော်မူသွားတာနဲ့ အဲ နတ်ရွာစံတယ်ဆိုတာ သိကြတယ်မဟုတ်လား'

'သိပါတယ်မမ၊ ရှင်ဘုရင်သေတာကို နတ်ရွာစံတယ်လို့ ခေါ်ပါတယ်'

'အေး ခမည်းတော်ဆိုတာကော'

'အဖေ ပါ မမ'

'အေး အဲသလို ခမည်းတော်ကြီးက တပင်ရွှေထီး ၁၅ နှစ်သား အရွယ် လောက်မှာ နတ်ရွာစံသွားတာနဲ့ တပင်ရွှေထီးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ နန်းတက် ရတာပေါ့၊ ဟော့ ခင်ခင် ထစမ်း၊ မင်း မမပြောတာကို နားမထောင်ဘူး အလကား စကားများနေတယ်' ဟု တစ်ဆက်တည်းပင် ခင်ခင်ဆိုသူကျောင်းသူ ကလေး တစ်ယောက်အား မတ်တတ်ရပ်ခိုင်းလိုက်ပြီး

'ကဲ ပြောစမ်း၊ တပင်ရွှေထီး ဘယ်အရွယ်မှာ သူ့ခမည်းတော်ကြီး နတ်ရွာစံသလဲ'

ခင်ခင်တွင် ရုတ်တရက် ယောင်ချာချာလေး ဖြစ်သွား၏။ သို့သော်အနီး မစွမ်ကြည်က ခြေဖျားကလေးဖြင့်တို့ရင်း အသံခပ်အုပ်အုပ်ထောက်ပေးလိုက်

'၁၅ နှစ်အရွယ်ပါ မမ'



'ဒါဖြင့် သူ ဘယ်နှစ်နှစ်သားအရွယ်မှာ နန်းတက်ရသလဲ'

ထိုမေးခွန်းကိုမူ ခင်ခင်အားထောက်ပေးသူ မစွမ်ကြည်ပင် မျက်စိလည်သွား တော့၏။ ခင်ခင်တွင်လည်း ပါးစပ်အဟောင်းသားဖြင့် ငေးနေမိရာမှ မစွမ်ကြည် အား ငုံ့ကြည့်ရင်း မျက်စပစ်၍ မေးလိုက်သည်။

'ကဲ ထိုင်တော့၊ မမ ပြောနေတာကို သေသေချာချာနားထောင်၊ ဒီတစ်ခါ စကားများနေရင် ခုံပေါ်တက်ပြီး မတ်တတ်ရပ်နေရမယ် ဟု အားလုံး ကိုပါ သတိပေးလိုက်ပြီးမှ

'၁၅ နှစ်သားမှာ ခမည်းတော် နတ်ရွာစံတယ်ဆိုတော့ သူ ၁၅ နှစ်သား မှာပဲ နန်းတက်ရတာပေါ့ကွဲ့၊ ဘယ်လောက်ထိအောင် သူ သတ္တိကောင်းသလဲ ဆိုတော့ တပင်ရွှေထီးဟာ နန်းတက်ပြီးလို့ နှစ်နှစ်လောက်အကြာမှာ နားထွင်းဖို့ အချိန်တော်ပါပြီလို့ မှူးကြီးမတ်ကြီးတွေက လျှောက်ထားကြတယ်ကွဲ့၊ နားထွင်း တယ်ဆိုတာက မမတို့ မင်းတို့ မိန်းကလေးတွေ နားဖောက်ကြသလိုပေါ့'

ဤတွင် အတာက လက်ညှိုးကလေးထောင်၍ တစ်စုံတစ်ရာ မေးလိုသည့် အထိမ်းအမှတ်ပြလိုက်သောကြောင့် ဆရာမက မေးခွင့်ပြုသည်နှင့်

'တပင်ရွှေထီးဟာ ယောကျ်ားမဟုတ်လား မမ၊ ဘာဖြို့လို့ မိန်းမတွေလို နားထွင်းရတာလဲ ဟင်'

'အေး ဒါက ဒီလိုကွဲ့၊ ရှေးတုန်းကဆိုရင် ယောကျ်ားတွေလဲ နားထွင်း လေ့ရှိကြတယ်၊ နားဒောင်းလဲ ပန်ကြတာပဲ၊ ကြည့်ပါလား၊ အရင်လတုန်းက မမ သင်ခဲ့တဲ့ ဟို ပျို့လေးတို့အိမ်ဦး ဆပ်သွားဖူးက တစ်ရုံနှစ်ရုံ ဆိုတာလေ၊ မှတ်မိကြတယ် မဟုတ်လား'

'မှတ်မိပါတယ် မမ'

'ကဲ မသင်းရီ ထဆိုစမ်း' ဟု ဆရာမက ကြိမ်လုံးဖြင့် ညွှန်ပြရင်း ပြောလိုက်သည်နှင့်

ပျို့လေးတို့အိမ်ဦး၊
ဆပ်သွားဖူးက တစ်ရုံနှစ်ရုံ၊
ကျေးတွေကအုံ၊
မအုံပါနှင့် ကိုရွှေကျေး၊
ပျို့တို့မောင် ရှင်လိင်ပြန်တော့၊
နားပန်ဖို့လေး။

ကျောင်းသူကလေး မသင်းရီက သို့လျှင် ခပ်သွက်သွက်လေး ဆို၍ အဆုံးသတ်လိုက်သည်တွင်

'အေး အဲဒီ အခိုဖွာယ်အားလုံးလဲ မမ ပြောပြခဲ့ဖူးပြီနော်၊ ကဲ ဆောင်း

www.burmeseclassic.com



ထိုင်၊ ခွေကင်း ထစမ်း'

တရုတ်ကပြားမ ကျောင်းသူကလေး ထရပ်လိုက်သည်နှင့်

'ရှင်လိင်ပြန်တော့ဆိုတာ ဘာလဲ'

'သက်န်းဝတ်ပြီး လူထွက်လာတာကို ခေါ်ပါတယ်မမ'

'အေး၊ အဲဒီတော့ ပျိုတို့မောင် ရှင်လိင်ပြန်တော့ နားပန်ဖို့လေး၊ ဆ ကတည်းက ရှင်းနေပြီမဟုတ်လားကွယ်၊ ဘယ်သူ့နားမှာ ပန်ဖို့လဲ မောင်ချစ်အောင် ဟု ရှေ့ဆုံးတန်းမှ ကလေးတစ်ယောက်ကို လှမ်းမေးလိုက်သဖြင့်

'အဲဒီ ရှင်လူထွက်က ပြန်လာတဲ့ ငတိလေး ပန်ဖို့ပေါ့'

ချစ်အောင်က တိုတိုပြတ်ပြတ်ပင် သို့ကလို ဖြေလိုက်သောကြောင့် တစ်တန်းလုံး ဝါးခနဲ ပွဲကျသွားတော့၏။ ဆရာမတွင်လည်း ဣန္ဒြေမဆည်နိုင် နှစ်နှစ်ခြိုက်ခြိုက် ရယ်နေမိရာမှ

'ကဲပါကွယ်၊ မင်းပြောတဲ့ ငတိလေးပဲ ထားပါကွယ်၊ အဲဒါ ယောကျ်ား လား မိန်းမလား'

'ယောကျ်ားလေးပေါ့ မမရဲ'

'ကဲ ဒီလောက်ဆို မင်းတို့ ရှင်းလောက်ရောပေါ့ကွယ် နော်၊ ရှေးတုန်းက ယောကျ်ားလေးတွေလဲ နားထွင်းတဲ့ အလေ့အထ ရှိတယ်၊ ဒါကြောင့် နားပန်ဖို့လေး လို့ စပ်ဆိုထားတာပေါ့၊ ပြီး မမပြောတာကို မမေ့ရဘူးနော်၊ ရေးတော့'

'အမှန်'

'ဖတ်တော့ကော'

'အသံ'

'အဲဒါ မှတ်ထားကြ၊ ဆိုတော့ ဆပ်သဖူး ဟုတ်လား၊ ရေးတဲ့အခါကျတော့ ဆပ်သွားဖူးလို့ ရေးရတယ်၊ သေသေချာချာ မှတ်ထားကြနော်၊ ကိုင်း ခုနအကြောင်း မမဆက်ပြောမယ်၊ ရှေးတုန်းက ရှင်ဘုရင်တွေဟာလဲ သူ့အချိန်ကျရင် နားထွင်း တယ်ကွဲ့၊ ဥပမာ ဆိုပါတော့၊ ခုခေတ် အမှုဖြစ်ရင် အစိုးရုံးတွေမှာ အမှုနိုင်အောင် ဆောင်ရွက်ရတဲ့ ဝတ်လုံတို့ ရှေ့နေတို့ဆိုတာ ရှိတယ်ကွဲ့၊ အဲ ဝတ်လုံဆိုရင် ဝတ်လုံ အဝတ်အစားကို ဝတ်ရတယ်၊ ဒါမှ သူဟာ ဝတ်လုံအင်္ဂါနဲ့ ညီညွတ်တယ် ဒီသဘောမျိုးပေါ့၊ ရှေးတုန်းက ဘုရင်တွေဟာလဲ ဘုရင့်အင်္ဂါနဲ့ ညီညွတ်အောင် နားထွင်းရတယ်၊ ဦးသျှောင်ထုံးရတယ် ဆိုတဲ့ စည်းကမ်း ထုံးစံတွေရှိတယ်'

ဆရာမပေးသော ဥပမာမှာ ဒုတိယတန်းကလေးများအဖို့ အတော်ကလေး မြင့်နေ၏။ ဝတ်လုံဟူသည်ကိုလည်းကောင်း၊ အဝတ်အစားကိုလည်းကောင်း သိသူမြင်ဖူးသူမှာ အလွန်နည်းလှ၏။ မည်သို့ဖြစ်စေ၊ အတာတွင်သော်ကား အလွန့်အလွန် သဘောကျသွားတော့၏။



'ဝတ်လုံဆိုတာ မြင်ဖူးကြသလားဟော့'

အတာနှင့်တကွ အခြားသော သုံးလေးယောက်ကသာ မြင်ဖူးကြောင်း အဖြေပေး၏။

'အေး မမြင်ဘူးသေးတဲ့ မင်းတို့အတွက် နက်ဖြန်မှ မမ ဓာတ်ပုံယူလာပြီး ပြမယ်၊ ဟုတ်လား'

သို့ ဆရာမက ပြောနေခိုက်တွင် အတာသည် သူ့သောအရှိ သူငယ်ချင်းအား သူ ကြီးလာက ဝတ်လုံလုပ်မည့်အကြောင်း ဝတ်လုံဆိုသူများ ဝတ်ဆင်သည့် အဝတ်အစားသည် မည်မျှခံ့ညား၍ မည်သို့မည်ပုံ လှကြောင်းများကို အားပါး တရ ပြောပြလျက်ရှိစဉ် ဆရာမက ကြိမ်သံပေးလိုက်မှ အတာ ငြိမ်သွား တော့၏။

'အေး၊ အဲသလို နားထွင်းဖို့ကိစ္စ ပေါ်လာတော့ တပင်ရွှေထီးဟာ ဘယ် လောက် သတ္တိကောင်းသလဲဆိုတော့ မွန်ဘုရင်တစ်ပါးအုပ်စိုးနေတဲ့ ပဲခူးမြို့မှာရှိတဲ့ ရွှေမောဓောဘုရားကုန်းတော်ပေါ်မှာ နားထွင်းမယ်လို့ မိန့်တော်မူသတဲ့။ အဲဒါကို မှူးတော် မတ်တော်တွေက သူတစ်ထူးရဲ့ တိုင်းပြည်ထဲမှာဝင်ပြီး နားထွင်းလို့ မသင့်တော်တဲ့အကြောင်း တောင်းပန်ကြတာကို တပင်ရွှေထီးက နားမထောင်ဘဲ ငါကဲ့သို့သော ဘုန်းတန်ခိုးနဲ့ ပြည့်စုံတဲ့မင်းကို သူတို့ ဘာလုပ်ဝံ့မှာလဲဆိုပြီး သတ္တုရဓေယျဆိုတဲ့ အင်မတန် အပြေးကောင်းတဲ့ မြင်းကိုစီးပြီး လက်ရွေးစင် စစ်သည်တော် ငါးရာနဲ့ ပဲခူး ရွှေမော်ဓောဘုရားဆီကို ချီတက်ရောကွဲ့'

ထိုအချိန်တွင် မစွမ်ကြည်က လက်ညှိုးကလေးယမ်းရင်း ထရပ်တဲ့ကာ

'တပင်ရွှေထီးက ဘယ်တိုင်းပြည်ကဘုရင်လဲ မမ၊ ဟင်'

'ဩော် အေး၊ မမ စကားကျန်သွားတယ်၊ ကေတုမတီလို့ခေါ်တဲ့ တောင်ငူ ဘုရင်ပေါ့ကွယ်၊ တောင်ငူကနေပြီး ရွှေမော်ဓောဘုရားမှာ လာပြီး နားထွင်းတယ် ပေါ့ကွယ်၊ အဲသလို တောင်ငူဘုရင် တပင်ရွှေထီးက ရွှေမော်ဓောကို ဘုရားရင်ပြင် တော်ပေါ်မှာဘုရားဖူးရင်း နားထွင်းနေတယ်ဆိုတဲ့ သတင်းလဲကြားရော ပဲခူးဘုရင် သုရှင်တကာရွတ်ပိက သူ့ရဲ့စစ်သည်တော်တွေကို လွှတ်ပြီး တပင်ရွှေထီးကို ချက်ချင်း ဖမ်းစေလို့ အမိန့်ထုတ်လိုက်သကွဲ့'

စံဝင်းတို့လူစုနှင့် မိန်းကလေးတစ်သိုက်တို့ စကားများနေကြပြန်သော ကြောင့် ကြိမ်လုံးဖြင့် စာပွဲကိုရိုက်၍ သတိပေးလိုက်ပြီးမှ

'ဒါနဲ့ သုရှင်တကာရွတ်ပိ အိုကွယ် ဒီနာမည်က မင်းတို့ အခေါ်ခက်တော့ ပါတယ်၊ ပဲခူးဘုရင်လို့ပဲ မှတ်ထားကြပေါ့ကွယ်၊ ဟံသာဝတီမင်းလို့လဲ ခေါ်နိုင် တယ်၊ ဒီဘုရင်အုပ်ချုပ်တဲ့ နယ်အားလုံးကို ဟံသာဝတီပြည်၊ ရုံးစိုက်တဲ့မြို့က ပဲခူး၊ အဲသလို မှတ်ထားပေါ့၊ အေး အဲဒီ ပဲခူးဘုရင်ရဲ့ အမိန့်အတိုင်းပဲ စစ်သည်

www.burmeseclassic.com



သူရဲကောင်းတွေဟာ တပင်ရွှေထီးကို ဖမ်းမယ်ဆိုပြီး ရွှေမော်ဓော ဘုရားခြေရင်းမှာ လာဝိုင်းထားကြတာကိုး၊ အဲဒါကို တပင်ရွှေထီးရဲ့ ဘက်သားတွေက သိတော့ ချက်ချင်းပဲ လာပြောကြတာကို တပင်ရွှေထီးက နည်းနည်းမှမတုန်လှုပ်ဘဲ ငါ့နားတော်ကိုသာ တည့်တောင် ထွင်းကြ၊ ဒီကောင်တွေကို ငါတိုက်ပြမယ်လို့ ခပ်အေးအေးပဲ ပြောသတဲ့၊ ဘယ်လောက် သတ္တိကောင်းသလဲကွယ် နော်'

ရာမာနှင့် စံဝင်းမှလွဲ၍ အားလုံးပင် စိတ်ဝင်တစား နားစွင့်နေကြ၏။ ဆရာမလည်း ရာမာတို့အား ကြိမ်သံပေးလိုက်ပြီးမှ

'အဲ နားလဲထွင်းပြီးရော ဘာပြောကောင်းမလဲ၊ အင်မတန် ခွန်အားဗလနဲ့ ပြည့်စုံပြီး သိပ်အပြေးကောင်းဟဲ့ သတ္တရဖေယျ မြင်းကိုစီးပြီး တပင်ရွှေထီးကွ၊ မင်းတို့ ငါ့ကို ယှဉ်ပြိုင်ဝံ့ကြသလားလို့မေးပြီး ထွက်လာတော့ ဘုရားကိုဝိုင်းထားတဲ့ ပဲခူးဘုရင်ရဲ့ စစ်သည်တော်တွေဟာ တပင်ရွှေထီးကို မြင်တာနဲ့ တစ်ခါတည်း လမ်းဖယ်ပေးကြရသတဲ့၊ ကြောက်လို့ပေါ့ကွယ်၊ ဘယ်သူမှ အနားတောင်မကပ်ဝံ့ဘဲ အံ့သြပြီး ငေးကြည့်နေမိကြသတဲ့၊ တပင်ရွှေထီးက သတ္တိလဲရှိ ဘုန်းတန်ခိုးကလဲ ကြီးတာကိုးကွဲ့၊ ဓားခုတ်၊ လှံထိုးလဲတော်၊ မြင်းစီးကလဲ သိပ်ကောင်းဆိုပဲ၊ ဒါကြောင့်မို့လို့ ဟံသာဝတီမင်းရဲ့ စစ်သားတွေက မဖမ်းဝံ့တာပေါ့'

စံဝင်းနှင့် ရာမာမှာမူ တစ်ယောက်နှင့် တစ်ယောက် ထိပ်ပုတ် ခါးထိုးဖြင့် အမျိုးမျိုး ဆော့နေဆဲပင်ဖြစ်၏။ သို့သော် အခြားသော ကလေးများ အာရုံပြတ်သွားမည်စိုး၍ ဆက်လက်ကာ

'အဲဒီ တပင်ရွှေထီးမင်းရဲ့ ခမည်းတော်ဟာ မင်းကြီးညိုလို့လဲ ခေါ်တယ်၊ မဟာသီရိ ဇေယျသူရလို့လဲ ခေါ်တယ်၊ မင်းကြီးညိုဆိုတာက အမှတ်ရလွယ်တာပေါ့ကွယ် နော်၊ သူ့မယ်တော်ကတော့ မင်းမျိုး မင်းနွယ်ထဲက မဟုတ်ဘူး၊ သာမန် ဆင်းရဲသား ငွေယ်ကုန်းသူကြီးရဲ့ သမီးတဲ့ကွဲ့၊ ဒါပေမဲ့ အဆင်းအင်္ဂါ လက္ခဏာနဲ့ ပြည့်စုံတာနဲ့ မင်းကြီးညိုက သဘောကျပြီး ယူလိုက်တာကိုး၊ တစ်ခါတော့ တပင်ရွှေထီးကို မမွေးသေးခင်ပေါ့ကွယ်၊ သူ့မေမေက မင်းကြီးညိုနားမှာ အိပ်ပျော်နေတုန်း လန့်ပြီး ထအော်သတဲ့ကွဲ့၊ ဒါနဲ့ မင်းကြီးညိုက ဘာဖြစ်တာလဲလို့ မေးတော့ တပင်ရွှေထီးရဲ့ မေမေက သူအိပ်ပျော်နေတုန်းမှာ ကောင်းကင်ပေါ်က နေမင်းကြီးဟာ သူ့ဆီကိုဆင်းလာပြီး သူ့ဗိုက်ထဲခွဲဝင်သွားတယ်လို့ အိပ်မက်မက်တာနဲ့ လန့်အော်မိတာပါလို့ လျှောက်ထားတော့ မင်းကြီးညိုက ဒါဖြင့် မင်းမွေးဖွားမဲ့ကလေးဟာ နေမင်း လမင်းလို ဘုန်းတန်ခိုးထွန်းလင်း မှာ အမှန်ပဲဆိုပြီး သိပ်ဝမ်းသာသွားသတဲ့၊ နောက် မွေးဖွားလာတဲ့ကလေးဟာ ခုန မမပြောတဲ့ တပင်ရွှေထီးပဲ ပေါ့ကွယ်၊ ဟော့ စံဝင်း မတ်တတ်ရပ်၊ ရာမာလဲ ထ'

ဆရာမလည်း တစ်ချိန်လုံး စကားများ၍ ဆော့နေသော သူတို့နှစ်ယောက်



အား ခပ်စပ်စပ်ကလေး ရိုက်တော့မည်ကဲ့သို့သော အမူအရာဖြင့် စိုက်ကြည့်နေပြီးမှ

'စံဝင်း၊ တပင်ရွှေထီးရဲ့ အမေနာမည် ဘယ်သူလဲ ပြောစမ်း'

ဆရာမလည်း ကြိမ်တဆတ်ဆတ်လှုပ်ကာ အနီးသို့ လျှောက်သွားရင်း မေးလိုက်သည်ကို ကြောက်လန့် တုန်လှုပ်နေသော စံဝင်းက

'လှမောင်ကြီး'

သို့လျှင် လွတ်ခနဲ ဖြေလိုက်သောကြောင့် တစ်တန်းလုံးပင် တဝုန်းဝုန်း ဆူသွားတော့၏။ ဆရာမလည်း ဟန်မဆောင်နိုင် ပါးစပ်တွင် လက်တစ်ဖက် အုပ်လျက် တစ်ကိုယ်လုံး လှုပ်ခါသွားသည်အထိ ရယ်နေမိတော့၏။ အတန်ကြာမှပင် ဆူနေသော ရယ်သံများကို ကြိမ်ချက်ဖြင့် ငြိမ်သွားအောင် သတိပေးလိုက်ပြီးမှ စံဝင်း ဤသို့ပြောသည်မှာ သူ့အဖေနာမည်ကို မေးသည်ထင်၍ ဖြေလိုက်လေသလောဟု သံသယဖြစ်သွားသည်နှင့် ဆရာမက

'ဘာလဲ စံဝင်း၊ ကိုလှမောင်ကြီးဆိုတာ မင်းအဖေနာမည်လား'

မျက်နှာကိုချိုချိုပြင်ထား၍ အနားကပ် မေးလိုက်သည်တိုင်အောင် စံဝင်းတွင် အကြောက်မပြေသေးဘဲ

'မဟုတ် မဟုတ်ဘူး မမ၊ ရာမာတို့အဖေ'

စံဝင်းက သို့လျှင် အလန့်တကြားနှင့် အမှားမှားအယွင်းယွင်း ဖြေလိုက်သောကြောင့် ဤတွင်လည်းတစ်ဖန် ဝါးခနဲ ဆူသွားပြန်၏။

'အလကားပြောတာ မမ၊ ကျွန်တော့်အဖေနာမည် လှမောင်ကြီး မဟုတ်ဘူး၊ စွပ်ပရား'

ရာမာကပါ ကယောင်ကတမ်းနှင့် လှမ်း၍ ငြင်းဆိုလိုက်ပြန်သောကြောင့် ရယ်ကြောမှာ အတောမသတ်နိုင်အောင် ရှည်သွားတော့၏။

ဆရာမကိုယ်တိုင်ပင် ကြိမ်ရိုက်၍ သတိမပေးနိုင်။ ကိုယ်ကလေးနွဲ့ယိုင်နှင့် တခစ်ခစ်ရယ်နေမိတော့၏။ အတန်ကြီးကြာမှပင် ရယ်ရလွန်းသဖြင့် လည်၍စီးနေသော မျက်ရည်ကို လက်ကိုင်ပဝါကလေးဖြင့်တို့ရင်း ကြိမ်သံပြင်းပြင်းကလေး ဆတ်လိုက်ပြီးမှ

'တစ်ချိန်လုံး မမ ကြည့်နေတယ်၊ မင်းတို့နှစ်ယောက် အကဲဆုံးပဲ၊ စာသင်တာကို နားမထောင်ဘူး၊ ဘာတွေပြောပြီးသဘောကျနေကြတာလဲ ဟင်'

နှစ်ယောက်စလုံး မလှုပ်၊ ခေါင်းငုံ့လျက်သား ငြိမ်နေကြ၏။

'ပြောစမ်း ရာမာ၊ စံဝင်း ဘာတွေပြောနေသလဲ'

'သူ ဘိုင်စကုပ်အကြောင်း ပြောတယ်မမ၊ ကမ္ဘာကျော်ဇာတ်ကားအကြောင်း သူကပြောတယ်'

'အင်း သူကပြောတယ်၊ မင်းကတော့ ဘာမှ မပြောဘူးလား'

www.burmeseclassic.com



'မပြောဘူး မမ၊ ကျွန်တော် နားထောင်နေတာပါ'

ဤတွင်တစ်ဖန် ခစ်ခစ်သံက ညံသွားပြန်၏။ ဆရာမတွင်ပါ ပြုံးမိလျက်။ ယခုမှ စံဝင်းပြောသည့် လှမောင်ကြီးမှာ အခြားမဟုတ်ဘဲ ထိုခေတ်က ရုပ်ရှင်လောကတွင် နာမည်ကြီးလှသည့် မင်းသားဘတင့်နှင့် လူကြမ်းလှမောင်ကြီးတို့ ပါဝင်သောဇာတ်ကားအကြောင်း ပြောနေကြရာမှ အယောင်ယောင်အမှားမှားနှင့် စံဝင်းဖြေကြားခြင်းဖြစ်သည် ဟူ၍ ဆရာမ သဘောပေါက်သွားတော့၏။

'အေး မင်းတို့နှစ်ယောက် ခုံပေါ်တက်မတ်တတ်ရပ်နေ၊ အတာ ဒီကိုလာခဲ့'

ခပ်သွက်သွက်ပင် ဆရာမအနီးသို့ အတာ ရောက်လာသဖြင့်

'မင်းက သူတို့နှစ်ယောက်ကို တပင်ရွှေထီးအကြောင်း ပြန်ပြောလိုက်၊ ကဲ တော်ကြာကျရင် မင်းတို့နှစ်ယောက်ကို မမ ခေါ်မေးမယ်၊ မဖြေနိုင်ရင် ညနေကျ မပြန်ရဘူး၊ ဒါပဲ၊ ကဲ ဒီပြင် ကျန်တဲ့လူတွေအားလုံး လက်ရေးလှစာအုပ်ထုတ်၊ တစ်မျက်နှာပြည့်အောင် လှလှကလေး ရေးကြ'

သို့ပြောလိုက်ပြီးသည်နှင့် ဆရာမလည်း စာပွဲတွင် ပြန်ထိုင်ကာ စောစောကနည်းတူ တစ်စုံတစ်ရာတွေးရင်း တငေးငေးတငိုင်ငိုင် ရှိနေပြန်၏။ သို့နှင့်ပင် ကလေးများ လက်ရေးလှရေး၍အပြီး ဆရာမထံလာပြသည်နှင့် စိတ်မပါ့တပါ ကြည့်ရှုရင်း မှားယွင်းသည်တို့ကို ပြင်ဆင်ပေးနေခိုက်မှာပင် ကျောင်းလွှတ်ခေါင်းလောင်းသံပေါ်လာသည်နှင့် အတာမှအပ တစ်တန်းလုံးကို ပြန်ခွင့်ပြုလိုက်၏။

'ဟို သောကြာနေ့က မမ ပြောတယ်မဟုတ်လား၊ ဒီနေ့ညနေကစပြီး ကျောင်းကားနဲ့ ပို့မယ်၊ နက်ဖြန်မနက်လဲ အသင့်ပြင်ထားရမယ်ဆိုလို့ ကျွန်မတို့ စောင့်နေတာ၊ ကျွန်မတို့ဖေဖေက ဟဲ့ ဒီနေ့ စနေနေ့ ကျောင်းပိတ်တယ်မဟုတ်လားလို့ ပြောမှ ကျွန်မလဲ'. . .

'အေးကွယ်၊ မမလဲ သတိမေ့ပြီး အမှတ်မဲ့ပြောလိုက်မိတယ်'

သောကြာနေ့က ဆရာမပြောခဲ့သည့်အမှားကို မစ္စမ်ကြည်က ရယ်ကာမောကာ ပြောလာသည်နှင့် ဆရာမကလည်း ထိုမျှသာ ဝန်ခံ၍ လှည့်ထွက်သွားပြီးစာအုပ်များကိုသပ်သပ်ရပ်ရပ်လွယ်အိတ်ထဲထည့်၍သိမ်းနေသောအတာ့အနီးတွင်ရပ်လိုက်ပြီး

'ဟိုတစ်ခါ ကားနဲ့လာတဲ့ မမသူငယ်ချင်းကို အတာ မှတ်မိတယ်မဟုတ်လား ဟင်'

'ဟုတ်ကဲ့ မမ' ဟု အတာက ရိုရိုသေသေ ထရပ်ရင်း ဖြေလိုက်သည်ကို

'အေး ဒီနေ့လဲ သူ့မမချိန်းထားတယ်၊ မင်းခဏစောင့်နေဦး အတာ၊နော်'

'ဟုတ်ကဲ့ စောင့်ပါ့မယ်'

'မြင့်မြင့်ရေ'

ပြောဆဲဆိုတုန်းမှာပင် ဆရာမ သူငယ်ချင်းသည် ဤသို့ အသံပြုရင်း ဖြုန်းခနဲ ရောက်လာ၏။ ဆရာမနှင့် သူ၏ သူငယ်ချင်းတို့ စကားပြောနေကြ



သည်မှာ မိနစ်လေးဆယ်နီးပါးခန့် ကြာ၏။

အတာသည် အခြားသော အတန်းသားများ လက်ရေးလှရေးနေစဉ် သူ ကိုယ်တိုင်က ရာမာနှင့် စံဝင်းတို့အား တပင်ရွှေထီးအကြောင်း ပြန်၍ပြောပြနေရသည်နှင့် လက်ရေးလှမရေးနိုင်ရှိခဲ့ရသောကြောင့် ဆရာမနှင့် ဧည့်သည်တို့ စကားပြောနေသည့်အချိန်၌ လက်ရေးလှစာအုပ်ကိုထုတ်၍ တကုတ်ကုတ် ရေးနေ၏။

အတာလည်း သို့ရေးနေရင်းကပင် ဆရာမတို့ စကားပြောနေသည်ကို မသိမသာ လှမ်း၍ ငဲ့၍ အကဲခတ်မိသည်၌ သူ့ဆရာမတွင် အသွင်အမျိုးမျိုး ပြောင်းနေသည်ကို အတာ ကောင်းကောင်းသတိထားမိ၏။ သို့ပြောင်းနေသော ဆရာမ၏အသွင်မှာ ကြည်လင်သည့် အမူအရာကနည်းလျက် စိတ်ထဲတွင် ရွှင်ရွှင်ပျပျမရှိသော လက္ခဏာမျိုးသာလျှင် အမည်မည်ပြောင်းနေသည်ကို တွေ့ရ၏။ တစ်ခါတစ်ရံ ပြုံးလိုက်သော ဆရာမ၏ဟန်ကို ကြည့်ရသည်မှာလည်း မချိသောနှလုံးဖြင့် ရယ်လိုက်ရ၍လော မသိ။ ပြုံးသော်လည်း မရွှင်သလိုဖြစ်နေသည်ကို အတာ သတိထားမိလိုက်၏။

ဆိုခဲ့သည့်အတိုင်းပင် မိနစ်လေးဆယ်ခန့်ကြာသော် ဆရာမရော ဧည့်သည်ပါ ထိုင်ရာမှ ထ ရပ်လိုက်ကြ၏။

'လာဟေ့ အတာ'

ဆရာမ ခေါ်လိုက်သဖြင့် အတာလည်း ရုတ်ခြည်းပင် အနီးသို့ရောက်လာ၏။

'လာပါ မြင့်မြင့်ရဲ့၊ ကိုယ်လိုက်ပို့ပါမယ်လို့ ပြောနေမှပဲ'

'မလိုက်ပါရစေနဲ့ သူငယ်ချင်းရယ်၊ ဟိုဘက်ရက်တွေကုန်းကတော့ အရေးမကြီး၊ ခုဆိုရင် ပြောစရာဖြစ်နေလိမ့်မယ်၊ မကောင်းဘူး'

သို့ အချီအချ ပြောနေသော စကားများကို အတာသည် ယောင်ချာချာ ငြင့်သာ တစ်လှည့်စီကြည့်ရင်း နားစွင့်နေမိ၏။ ဘာအဓိပ္ပာယ်ဟူ၍ကား အတာ လုံးလုံးမသိ။

ပြောမရသည့်အဆုံး၌ ဧည့်သည်မိန်းမပျိုသည် ပြုံးကာရယ်ကာနှင့်ပင် ဆရာမအား နှုတ်ဆက်၍ ကားပေါ်တက် ထွက်ခွာသွားတော့၏။

'လာ သွားကြစို့ အတာ'

ဆရာမနှင့် အတာတို့လည်း ကျုံးကြီးလမ်းဘက်မှ စဉ်းအိုးတန်းလမ်းအဆိုင်း ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) ဘက်သို့ လျှောက်လာခဲ့ကြရာ အတာသည် တစ်လမ်းလုံးတွေးလာ၏။ နေ့လယ်ဘက်ကလည်း ဆရာမသည် ကြည်ကြည်လင်လင်မရှိ။ ဧည့်သည်နှင့် စကားပြောကြစဉ်ကလည်း မရွှင်မပျ ယခုတိုင်အောင် ဆရာမ၏ မျက်နှာထား အမူအရာ သာယာခြင်းမရှိသော ကြောင့် အတာ စိတ်မကောင်းဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာမ၌ စိတ်လက် မကြည်မသာ ရှိနေသည်မှာ အဘယ်အတွက်ဟု အတာ သိလို၏။ သို့သော် မေးရမည် ခက်နေရာမှ တစ်စုံတစ်ခု စိတ်ကူးရသလိုဖြင့်

'မမ နေမကောင်းဘူးလား ဟင်' ဟု သွယ်ဝိုက်သောနည်းဖြင့် အတာက မေးလိုက်သောကြောင့် ဆရာမ၏ မျက်နှာထားသည် ထူးထူးခြားခြား ကြည်လင်လာ၏။

'နေကောင်းပါတယ်ကွယ်၊ ဘာပြုလို့ မေးတာလဲအတာ'

'ဟုတ်ပါဘူး၊ ဒီနေ့တစ်နေ့လုံး မမ မျက်နှာမကောင်းလို့၊ နောက်ပြီး မမ မှိုင်နေတယ်'

ထိုစကားကြားလိုက်ရသည်နှင့် ဆရာမလည်း အတာ့ခေါင်းကလေးကို အသာကိုင်၍ ပွတ်နေရာမှ အားပါးတရ ပြုံးလိုက်ပြီး

'အဲဒါ မင်း ဘယ်လိုသိသလဲ အတာ'

'ကျွန်တော် မမကိုကြည့်တိုင်း မမဟာ စိတ်မကောင်းသလိုပဲ၊ မမမှိုင်နေတယ်၊ ခုန မမသူငယ်ချင်း လာတုန်းကလဲ ဒီလိုပဲ'

ဤတွင် ဆရာမက အတာ့ပါးကလေးကို ကြင်နာယုယစွာ ဆွဲလိမ်လိုက်ပြီးမှ

'အေး အဲသလို မမမှိုင်နေတာတွေ့တော့ မင့်စိတ်ထဲ ဘယ်လိုဖြစ်သွားသလဲ အတာ'

'ကျွန်တော် စိတ်မကောင်းဘူးပေါ့ မမရဲ့'

ဆရာမလည်း နှစ်နှစ်ခြိုက်ခြိုက်ကလေး ပြုံးလိုက်ပြီးမှ

'ဒါဖြင့် နောက်ကို မမ မမှိုင်တော့ဘူးနော်'

အတာ့ ပခုံးကလေးကိုဖက်၍ သူ့ပေါင်နှင့် ထိလုမတတ်ဆွဲကပ်ရင်း ပြောလိုက်မှ အတာ သဘောကျသလို ငြိမ်သွားတော့၏။ လမ်းတစ်လျှောက်လုံးပင် ဆရာမလည်း အတာကလေးအား တငုံ့ကြည့်ကြည့်ဖြင့် သဘောကျလျက်ရှိ၏။ အတာကလေး၏ အမှတ်တမဲ့မနေတတ်သော သဘောထားနှင့် အလိုက်သိ အကင်းပါး၍ ကြင်နာတတ်သောစိတ်ကို ဝမ်းထဲမှ ကြိတ်၍ ချီးမွမ်းရင်း အတာကလေးအား မေးဆွဲပါးဆွဲနှင့် လျှောက်လာခဲ့ရာ၌ ပတ်ဝန်းကျင်က သဘောကျသလို ကြည့်၍ ပြုံးသွားသည်ကိုပင် ဆရာမ သတိမထားမိနိုင်ဘဲ စောစောကနှင့် စာသော် သာသာယာယာကြီး ကြည်နူးနေသည်ကို တွေ့ရ၏။

\+ \+ \+

ထိုနေ့ညအဖို့၌ စိတ်လေးလေးနှင့် ပြန်လာခဲ့ရသော အတာသည် သူ့မေမေပင် ရောက်နေနှင့်လေမည်လော ဟူသော အတွေးဖြင့် တထိတ်ထိတ် တက်လာခဲ့၏။ သို့သော် ထုံးစံအတိုင်း သူ့မေမေနှင့်တူသည့် ဖြူဖြူအရိပ်ပင် မမြင်ရသည့်တွင်



အတာကလေး စိတ်သက်သာရာ ရသွားတော့၏။

သို့တိုင်အောင်လည်း အတာသည်ခါတိုင်းနည်းတူ ကျောင်းမှအပြန် ရေမိုးချိုး၍ ကျောင်းမှပေးလိုက်သောအိမ်စာကို သူ မလုပ်နိုင်။ သူ့မေမေနှင့် ရင်ဆိုင်ရမည်ကိုသာ တွေး၍ ကြောက်နေ၏။ ယင်းသို့ပင် ရင်တဖိုဖိုနှင့်ရှိနေခဲ့ရာမှ အတာသည် သူ့မေမေနှင့် တွေ့ရမည်ကို စိုးရွံ့နေသည်နှင့်အမျှ ညစာကိုပင် မစားတော့ဘဲ စောစောပင် အိပ်လိုက်ရ ကောင်းလေမည်လားဟု ခပ်သုတ်သုတ် စဉ်းစားလိုက်၏။

ထိုအကြံမှာ ကောင်းသည်မှန်သော်လည်း ဤတစ်ညမျှသာ စိတ်သက်သာရာ ရမည်ဖြစ်လျက် နံနက်မိုးလင်းခဲ့သော် မုန့်ဖိုးကိစ္စနှင့် ရင်ဆိုင်ရဦးမည်ကို တွေးမိပြန်သည်နှင့် ထိုအကြံကို အတာ လက်လျှော့လိုက်ရ၏။ အဟန်ကလေး ကြာသည့်တိုင်အောင် အမျိုးမျိုးအထွေထွေ စဉ်းစားနေပြီးမှ

'ငါ အိမ်ပေါ်မှာမနေဘဲ မမသက်တို့နဲ့ ဆင်းပြီးထိုင်နေမယ်၊ ဆယ်နာရီအထိ စောင့်လို့ ပြန်မလာမှ ငါတက်အိပ်မယ်'

ယခင့်ယခင်ရက်များက ညစာအတွက် သူ့မေမေကိုရှာ၍ ထမင်းဖိုးတောင်းတတ်သော အတာသည် ယနေ့ညအဖို့ ထွက်ရှာရန်မဆိုထားဘိ၊ သူ့မေမေ ရောက်လာမည်ကိုပင် ကြောက်နေရှာ၏။

သူ့အကြံနှင့်သူ အောက်ထပ်သို့ ဆင်းလာကာ သူ့မမသက်တို့အနီးတွင် ထိုင်၍ စကားတွေလှိုင်နေစဉ်မှာပင် မသိန်းမေ ရောက်လာ၏။

'အမယ် ဒီနေ့တော့ ဒေါ်ဒေါ်ပြန်လာတာ တယ်စောပါလား' ဟု မခင်သက်က လှမ်း၍ပြောလိုက်၏။ အတာတွင်မူ ယောင်၍မျှ မော်မကြည့်ဝံ့ဘဲ ကြောက်ရွံ့သောစိတ်ကလေးဖြင့် တထိတ်ထိတ်ရှိနေရှာ၏။

'အေး'

မသိန်းမေလည်း မခင်သက်အား ထိုမျှသာအဖြေပေးလိုက်ပြီး အတာ့ဆီသို့ မျက်လုံးရောက်သွားကာ

'အတာ ရော့ ထမင်းသွားစားချည်'

အလွန်ချိုသာလှသော အသံဖြင့်ပြောရင်း မတ်စေ့ကလေးတစ်စေ့ကို ပစ်ပေးလိုက်သောကြောင့် အတာတွင် တထိတ်ထိတ်ဖြစ်နေသော စိတ်ကလေး ဆိုပါသွားကာ ပျာပျာသလဲ သူ့မေမေအား မော့ကြည့်မိ၏။

'ပြန်မပေးနဲ့တော့ နင်အကုန်ယူ'

ဤတွင်တစ်ဖန် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြသွားရပြန်၏။ ချိုသာသောစကားနှင့် မျက်နှာထား ကြည်ကြည်လင်လင်ကို အတာ မြင်ရသော်၏။

'မနက်တုန်းက ငါ့ကို ရိုက်မိလို့ ခု မေမေ ငါ့ကိုသနားသွားတာပေါ့ရဲ့' ဟူ၍လည်း အတာသည် သွက်သွက်ကလေး စိတ်ထဲမှ တွေးလိုက်မိ၏။ မသိန်းမေလည်း အတာအား ပိုက်ဆံပေးပြီးသည်နှင့် အပေါ်ပင်တက်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဆစ်ခါတည်း လှည့်ဆင်းသွားပြန်၏။

ဆယ်နာရီထက်စော၍ ပြန်လာလေ့မရှိသော မသိန်းမေသည် ယခု ရှစ်နာရီပင် မထိုးသေးမီ ရောက်လာရာ၌ စင်စစ်သော် အပြီးသတ်ပြန်လာခြင်း မဟုတ်ဘဲ အတာအား ထမင်းဖိုးပေးရန်သာ ဖြစ်သည်ကို အတာ သိလိုက်သော ကြောင့် အလွန်အမင်း ဝမ်းသာသွားရှာ၏။ ယခင်ကဆိုလျှင် အမောတပန်း လိုက်ရှာ၍ ထမင်းဖိုး တောင်းရသည်သာမက တွေ့ပြန်လျှင်လည်း အေးအေး ဆေးဆေး ထုတ်ပေးသည်ထက် ဆူဆူအောင့်အောင့် လုပ်တတ်သည်ကများသော မသိန်းမေသည် ယနေ့သော် အိမ်သို့ပင် အရောက်လာ၍ ချိုချိုသာသာနှင့်ပိုက်ဆံ ပို့ပေးသွားသည်မှာ အတာထင်သည့်အတိုင်းပင် နံနက်က လက်လွှန်ခဲ့လွန်း ရိုက်မိသည်ကို သနားသွား၍သာ ဖြစ်တန်ရာ၏။

နောက်နေ့နံနက်တွင်လည်း အတာသည် ထုံးစံအတိုင်း မုန့်ဖိုးတောင်းရန် ဈေးဘက်သို့ ထွက်ခဲ့၏။ ရောက်လျှင်ရောက်ခြင်း သူ့အတွက်ပင် ချန်ထားဟန် တူသော ပဲနှင့် ဆိတ်သားဟင်းကို နံပြားတစ်ခြမ်းနှင့်အတူ အတာအားချ၍ပေးရင်း

'ပြစမ်းအတာ၊ မနေ့က ဘယ်နေရာမှာ ပေါက်သွားတာလဲ'

လုံးဝ မမျှော်လင့်ခဲ့သော မေးခွန်းမျိုးဖြင့် မသိန်းမေက အတာ့ပါးကလေးကို အသာကိုင်မေးရင်း တယုတယ မေးလိုက်သောကြောင့် ချက်ချင်းဆိုသလိုပင် အတာ မျက်ရည်ကလေးလည်လာတော့၏။ သို့သော် ဝမ်းနည်းတစ်ဝက် ဝမ်းသာ တစ်ဝက်ကြောင့် ထွက်လာသည့် မျက်ရည်ဖြစ်သည့်အတိုင်း ထိုမျက်ရည်သည် ဝေကျလာခြင်းမရှိဘဲ အလိုအလျောက် မကြာမီပင် ပျောက်သွား၏။ ဤသည့် အဖြစ်ကို သူ့မေမေကလည်း ရိပ်မိလိုက်၏။

'ပါးစပ်ဟစမ်း'

'နည်းနည်းလေးပါ မေမေ'

သို့ပြောရင်းပင် အတာက ပါးစပ်ကလေး ဟပြလိုက်၏။ သူ့မေမေ စိတ်မကောင်းဖြစ်သွားမည်စိုးသောကြောင့်လား မသိ၊ 'နည်းနည်းလေးပါ'ဟု အတာက ပြောလိုက်သော်လည်း ပေါက်သွားသောဒဏ်ရာမှာ လက်မဝက်ခန့်ရှိ သည်ကို တွေ့ရသောကြောင့် မသိန်းမေတွင် စိတ်မကောင်းဖြစ်သွားရသေး၏။

စားသောက်ပြီးသည်နှင့် မသိန်းမေသည် ကျေကျေနပ်နပ်ပင် ပဲဇေတစ်ဆေ့ အကြွေလေးပြားထုတ်၍ ပေးနေကျထက် နှစ်ပြားပိုပေးလိုက်သေး၏။

'နင့်ဆရာမကိုပြော၊ ကျောင်းလခကို နောက်လမှပဲ နှစ်လတွက်ပေါင်းပေး ပါ့မယ်လို့၊ ဟုတ်လား'

'ဟုတ်ကဲ့ မေမေ'

ရတ်တရက်သော် အတာသည် ယခုလအတွက် သူ့ဆရာမက စိုက်ပေး လိုက်ပြီဖြစ်ကြောင်းကို ပြောပါရန် ပါးစပ်ပြင်မိသေး၏။



'နေပစေ မပြောဘူး၊ နောက်လ မေမေ နှစ်လတွက်ပေးရင် မမပိုက်ဆံ နှစ်ကျပ် ပြန်ပေးလိုက်မယ်'

သို့လျှင် အတွေးပေါက်လာသည်နှင့် အတာလည်း ဘာမျှမပြောတော့ဘဲ ထွက်လာခဲ့၏။

ခါတိုင်းနှင့်မတူ ထိုနေ့တစ်နေ့လုံး အတာသည် တပြုံးပြုံးနှင့်ပျော်နေသော ကြောင့် သူ့အား မယိမသာ အကဲခတ်နေမိသော ဆရာမပင် တအံ့တသြဝမ်းသာနေ မိ၏။ အတာကလည်း သူချစ်သောဆရာမသည် ယမန်နေ့ကလိုပင် တမှိုင်မှိုင်ရှိနေ ဦးလားဟု စိုးရိမ်မကင်းသော အမူအရာကလေးဖြင့် မကြာခဏ လှမ်းကြည့်မိ၏။

ဆရာမတွင်လည်း ယနေ့အဖို့၌ ချိုချိုပြုံးပြုံး ဖြစ်နေသည်ကိုတွေ့ရမှ အတာ သဘောကျသွား၏။ စင်စစ် အတာကလေးရွှင်နေ၍ ဆရာမပါ ကြည်လင် နေသည့်အဖြစ်ကိုကား အတာ မသိ။

ဆရာမသည် တစ်ချိန်ကလေးမျှမနားဘဲ ယနေ့အားရပါးရစာပြလျက်ရှိ၏။ ယနေ့စာသင်ရသည်မှာဆရာမရွှင်သလောက် အတာလည်းပျော်နေ၏။အခြားသော ကလေးများတွင်မူကား ယနေ့အဖို့၌ ဆရာမ စာအသင်သွက်လာသည်ကိုလည်း ကောင်း၊ ကြည်ကြည်လင်လင်ရှိနေသည်ကိုလည်းကောင်း ထူးထူးထွေထွေသတိ ထား မိကြဟန်မတူ။ ကျောင်းသူကျောင်းသားပေါင်း လေးဆယ်ကျော်ရှိသော ထိုအတန်း၏ ယနေ့အခြေအနေမှာ အတာနှင့် ဆရာမ ထိုနှစ်ဦးမျှနှင့်သာဆိုင်သော နေ့တစ်နေ့လို ဖြစ်နေတော့၏။

မုန့်စားလွှတ်ခဲ့လေပြီ။

'ဘယ့်နဲ့ ငါ့မောင်ကိုကြည့်ရတာ ဒီနေ့ တယ်ရွှင်ပါကလားကွဲ့၊ ဟေ'

ဝတ္ထုရားကျေပွန်စွာဖြင့် မုန့်မှာပေးရန် အသင့်ရောက်လာသော အတာအား ဆရာမက မေးလိုက်၏။

'မနေ့ကလေ ကျွန်တော် မမကို လိမ်ပြောမိတယ်၊ ကျွန်တော့်ကို စိတ် ဆိုးပါနဲ့နော်'

အလွန်လျှင် ရွှင်နေသောမျက်နှာကလေးဖြင့် ပြောလိုက်ရင်း ရုတ်တရက် ဆင့်ကြောင့်ထိုင်ကာ အတာက ကန်တော့နေသည်နှင့် ဆရာမတွင် ဘာအဓိပ္ပာယ် ဟူ၍ စဉ်းစားမရအောင် အံ့အားသင့်သွားရာမှ အတာ့လက်မောင်းကလေးကို ဆွဲထူတော့ကာ

'မင်း ဘာတွေပြောနေတာလဲ အတာ၊ မမ နားမလည်ဘူး'

'ဒီလိုလေ မမ၊ မနေ့တုန်းက မမကို ကျွန်တော်ပြောတယ်မဟုတ်လား ... အခြားအတိုက်ခံရတယ်လို့ အဲဒါ ကျွန်တော် လိမ်ပြောတာ၊ လန်ခြားတိုက်တာ မဟုတ်ဘူး မမ၊ ကျွန်တော့်မေမေက ရိုက်လိုက်လို့'

ထိုစကားကြောင့်ဆရာမတွင်'အို'ခနဲ စိတ်လက်မကောင်း ...

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါလေ မနေ့ညက မေမေ ကျွန်တော့်ကိုရိုက်မိတာ သနားသွားလို့လား မသိဘူး။ ပိုက်ဆံလဲတစ်မတ်တောင်ပေးတယ်၊ ပြီးတော့ ကျွန်တော့်ကို ဘယ်နေရာ နာသွားသေးလဲတဲ့၊ ပါးကို ကိုင်ကြည့်ပြီး မေးတယ်၊ မေမေက ကျွန်တော့်ကို သိပ်ချစ်တာ မမရဲ့'

အတာသည် အာလုတ်သံကလေးဖြင့် ဝမ်းသာအယ်လဲ ပြောပြနေ၏။ ငင်စစ် ယနေ့နံနက် မသိန်းမေ ယုယလိုက်သော အပြုအမူမှာ အခြားသောကလေး များအဖို့၌ ရိုးနေလိမ့်မည်ပင်ဖြစ်သော်လည်း အတာတွင် သော်ကား ဤသို့လျှင် ဂုဏ်ယူပြောကြားရမည့် ထူးခြားချက်လို ဖြစ်နေတော့၏။

အတာက တရွှင်ရွှင်တပြုံးပြုံးပြောနေသောကြောင့် ဆရာမကပါ ပြုံးကာ ရယ်ကာ နားစွင့်နေရသော်လည်း ရင်ထဲတွင်မူ အတာကလေး စကားအတွက် စိတ်လက်မကောင်း ဖြစ်နေရရှာ၏။

'ဩ ဩ ဒါကြောင့် မင်းသိပ်ပျော်နေတာကိုး ဒီနေ့၊ ဟုတ်လား အတာ'

'ဒါတင်မကသေးဘူး မမရဲ့၊ နောက်လကျရင် ကျောင်းလခ နှစ်လတွက် စလုံး မေမေကပေးမယ်တဲ့၊ အဲဒါ မမစိုက်ပေးထားတဲ့ ငွေနှစ်ကျပ်ကို ကျွန်တော် ပြန်ပေးမယ်နော် မမ'

ထိုစကားကြောင့် ဆရာမတွင် အတော်ကလေး စိတ်ထိခိုက်သွားကာ မျက်ရည်ပင် မသိမသာလည်လာရာမှ

'ပြန်ပေးစရာမလိုပါဘူး ငါ့မောင်ရယ်၊ မမက စေတနာနဲ့စိုက်ပေး တာပဲ ဟာ' ဟု ပြောရင်း အတာ၏ ခေါင်းကလေးကို အသာအယာပွတ်သပ် နေပြီးမှ

'အေး တကယ်လို့ မင့်မေမေက နှစ်လတွက်ပေးရင် ယူလာပါကွယ် တစ်ခါထဲ နှစ်လတွက်ပေးထားလိုက်ပေါ့ ဟုတ်လား၊ ကဲ မမ ဒီနေ့ ဘာစား ကောင်းမလဲ မသိဘူး'

ထိုစကားကို ဤတွင်ဖြတ်၍ အစားအသောက်ဘက်သို့ အာရုံပြောင်းရင်း တွေးနေ၏။ အတာကလည်း ဆရာမအတွက် အဆန်းဖြစ်သော စားသောက်ဖွယ် တစ်ခုခုကို ဝိုင်းကူစဉ်းစားနေရာမှ

'ကော်ပြန့်လိပ် စားမလား မမ၊ ကျွန်တော် သွားဝယ်ပေးမယ်လေ၊ ဟို ၁၆ လမ်းထိပ်မှာ ပူပူနွေးနွေးရတယ်'

'ဟေ ကောင်းသားပဲ၊ ကဲ အဲဒါပဲ သွားဝယ်ချည်အတာ၊ ဂရုတ်ချဉ်ရည် များများတောင်းခဲ့နော်၊ မင်းလဲဝယ်စားခဲ့' ဟု ပြောရင်း ဆရာမက မူးစေ့ကလေး တစ်စေ့ ထုတ်ပေးလိုက်၏။

အတာလည်း ပိုက်ဆံကို လက်တွင်ဆုပ်၍ ၁၆ လမ်းထိပ်သို့ သုတ်ခြေတင် ခဲ့၏။



'ဒီမှာ စားမယ်လား ကောင်လေး'

'မဟုတ်ဘူးလေ၊ ဆရာမစားဖို့ ကျောင်းကိုယူသွားမယ်၊ နှစ်ခုပေးပါ'

'မင်း ဘာနဲ့ယူသွားမလဲ' ဟု ကော်ပြန့်သည် တရုတ်မေးလိုက်မှ အတာတွင် ထည့်စရာပါမလာသည့်အဖြစ်ကို သတိရတော့၏။ 'လက်သုပ်သည် အဒေါ်ကြီးဆီက ပန်းကန်တစ်ချပ်လောက် ငှားခဲ့ရအကောင်းသား'ဟု တွေးနေမိစဉ်

'ဖက်နဲ့ထုပ်ပေးမယ်လေ၊ ဟုတ်လား ကောင်လေး' ဟု ကော်ပြန့်သည်က မေးသည်နှင့် အတာက ခေါင်းသွက်သွက်ခါပြတဲ့ပြီး

'ပန်းကန်နဲ့ပဲ ထည့်ပေးပါ၊ ကျွန်တော် အခု လာပြန်ပေးမှာပေါ့'

သို့သော် ကော်ပြန့်သည်က ပန်းကန်နှင့် မပေးနိုင်ကြောင်း ငြင်းဆန်လိုက် သဖြင့်

'ထောင်ကဲ မယုံဘူးလား၊ ရော့ ပိုက်ဆံတစ်မတ် ယူထားလေ၊ ပန်းကန် ယူလာမှ ပြန်ပေး'

သို့တိုင်အောင် တရုတ်က ခေါင်းခါနေပြန်သည်နှင့်

'ကဲဗျာ၊ ရော့ ကျွန်တော့်အင်္ကျီပါ ယူထားလိုက်' ဟု သူ့ရှပ်အင်္ကျီကိုချွတ်၍ အပေါင်သဘောမျိုး ပေးလိုက်မှ တရုတ်လည်း တိုက်ပန်းကန်တစ်ချပ်နှင့် ကော်ပြန့်ကြော်နှစ်လိပ် ထည့်ပေးလိုက်တော့၏။

'ဟဲ့ အတာ၊ မင်း ဘယ်လိုဖြစ်လာတာလဲ'

အင်္ကျီမပါ ပလာကိုယ်လုံးဖြင့် ဖြန်းခနဲရောက်လာသော အတာအား ဆရာမက အံ့အားတသင့် မေးလိုက်သဖြင့် အတာက အလုံးစုံပြောပြကာ

'ဒါနဲ့ ကျွန်တော်က အင်္ကျီကို ချွတ်ပေးထားခဲ့တာပေါ့'

'ဖြစ်ရလေကွယ်၊ ဒီတိုင်း ဖက်နဲ့ထုပ်ယူလာရောပေါ့'

'ဟာ ဘယ်ကောင်းမလဲ မမရဲ့၊ ဂရုတ်သီးရည်တွေနဲ့ စိုပြီး ပွကုန်မှာပေါ့'

အတာမှာ သူ့ မမသက်တို့က စားစရာအမျိုးမျိုးကို ဝယ်ပုံဝယ်နည်းနှင့် တကွ သင်ပြ ဝယ်ခိုင်းလေ့ရှိခဲ့သောကြောင့် ဤကိစ္စတွင် အတော်ကလေး ကျွမ်းကျင်နေပြီဖြစ်၏။ မုန့်ဟင်းခါးဝယ်ခိုင်းလျှင် ဂရုတ်သီးမှုန့်နှင့် နံနံပင်ကို မုန့်နှင့်မရောဘဲ သီးခြားသတ်သတ် အထုပ်ခိုင်းရသည်ကအစ စနစ်တကျ နား သည်နေသည်ဖြစ်၍လည်း အတာက ဤသို့ပြောလိုက်ခြင်းဖြစ်၏။

ဆရာမတွင်မူ ဘာတစ်ခွန်းမှ ထပ်၍မပြောနိုင်တော့ဘဲ အတာ၏ကျွမ်းကျင် နှံ့စပ်မှုကိုသာ စိတ်ထဲမှ ချီးကျူးရင်း အနူးအညွှတ် သဘောကျနေတော့၏။

ကျောင်းပြန်တက်ခဲ့ပြီးသည့်နောက် နှစ်နာရီသာသာလောက်ကြာသော် ဆရာမသည် သင်လက်စ စာကို ရုတ်တရက် ရပ်နားလိုက်ပြီး အလုံးစုံသော ကျောင်းသူကျောင်းသားများကို သူ့စားပွဲတွင် ဝိုင်း၍ ရပ်စေလျက်

'မနေ့တုန်းက မမသင်ခဲ့တဲ့ တပင်ရွှေထီးအကြောင်းကို မှတ်မိကြရဲ့

www.burmeseclassic.com



မဟုတ်လား'

'မှတ်မိပါတယ် မမ'

'အေး အဲဒါမဆုံးသေးဘူး၊ နည်းနည်းကျန်တာ မမထပ်ပြောဦးမယ်၊ စံဝင်းနဲ့ ရာဇာ သေသေချာချာနားထောင်နော်၊ မနေ့ကလို လှမောင်ကြီးမလုပ်နဲ့ဦး'ဟု ဆရာမက အပြုံးနှင့် သတိပေးလိုက်သောကြောင့် အားလုံးပင် တရှန်းရှန်း ဖြစ်သွားကြ၏။

'အေး အဲဒီတပင်ရွှေထီးမင်းဟာ အင်မတန် သတ္တိကောင်းတယ်၊ စစ်တိုက်ကျွမ်းကျင်တယ်၊ ဒါကြောင့် သူစစ်တိုက်ထွက်ပြီဆိုရင် နိုင်တာကများတာပဲကွဲ့၊ ဒီတော့ကာ ဘုန်းတန်ခိုးလဲ သိပ်ကြီးလာတာပေါ့၊ ဒါပေမဲ့ နောက်ဆုံးကျတော့ သူ့ရဲကောင်းကြီးတပင်ရွှေထီးဟာ သေရည်သေရက်ကိုပဲ အမြဲသောက်စားမူးယစ်ပြီး ကိုယ်ကျင့်တရားတွေ ဖောက်ပြားလာပါလေရော့ကွဲ့၊ မင်းတို့လဲ မှတ်ထားကြနော်၊ အရက်သေစာဟာ လူကိုဘယ်တော့မှ ကောင်းကျိုးမပေးဘူး၊ မင်းတို့အားလုံး အရက်မူးသမားကို မြင်ဖူးကြတယ်မဟုတ်လားကွယ်'

တစ်သံတည်းပင် မြင်ဖူးကြောင်း ဝန်ခံကြ၏။

'ကဲ တချို့အရက်သမားတွေဟာ ကျွတ်နေတဲ့လုံချည်တောင် မဝတ်နိုင်တော့ဘူးလေ၊ ဒယိမ်းဒယိုင်နဲ့ လျှောက်သွားပြီး ဟိုနေရာလဲလိုက် ဒီနေရာလဲကျလိုက်နဲ့ ဘယ်လောက်ရှက်စရာကောင်းသလဲကွယ်၊ နော်'

'ဟုတ်တယ် မမ၊ အရက်မူးသမားတွေဟာ အားကြီးရန်ဖြစ်တာပဲ၊ တစ်ခါတုန်းက အရက်မူးသမားတစ်ယောက်ပေါ့၊ ကျွန်တော်တို့လမ်းထဲမှာ မိန်းမတစ်ယောက်ကို လိုက်ဆွဲလို့ ဝိုင်းရိုက်တာ သေရော'

'အေး၊ အရက်သောက်မိပြီဆိုရင် ဘာမှ မသိတော့ဘူး၊ အရူးလိုဖြစ်သွားတာပဲကွဲ့၊ နည်းနည်းမှ မကောင်းဘူး၊ ဒါကြောင့်လဲ တပင်ရွှေထီးမင်းဟာ စွမ်းရည်သတ္တိနဲ့ပြည့်စုံပြီး အင်မတန် ဘုန်းတန်ခိုးကြီးတဲ့ သူ့ရဲကောင်းဘုရင်ဖြစ်ပေမဲ့လဲ အရက်သောက်လွန်းအားကြီးတာနဲ့ ရန်သူတွေက သူအရက်မူးနေတုန်းတောထဲကို လိမ်ခေါ်သွားပြီး သတ်ပစ်လိုက်ကြသတဲ့ကွဲ့၊ အဲဒါ အရက်သောက်လို့ တွေ့ရတဲ့ ဒုက္ခပဲ၊ ကဲ မမရှုတ်ပြမယ် လိုက်ဆိုကြနော်'ဟု ပြောလိုက်ပြီးမှ

'သေရည်သေရက် လူကိုဖျက် အရှက်ရမည်ကြောက်၊ ကိုင်း ဆိုကြစမ်း'

ဆရာမလည်း လေးကြိမ်တိတိ သံပြိုင်ဆိုနိုင်းလိုက်ပြီးမှ

'ကဲ တော်ပြီ၊ ဒါနဲ့ မနေ့တုန်းက မမပြောတယ်နော်၊ ဝတ်လုံဆိုတာ ဝတ်လုံအစ်ကိုနှီညီညွှတ်အောင် အဆောင်အယောင်ဖြစ်တဲ့ ဝတ်လုံအင်္ကျီဝတ်ရတယ်ဆိုတာ မှတ်မိကြရဲ့မဟုတ်လား၊ အေး ဝတ်လုံအင်္ကျီဆိုတာကို မမပြမယ်၊ အတာ ရော့ ဒီဓာတ်ပုံကို တစ်ယောက်စီလိုက်ပြ'

ဆရာမ၏အမိန့်အတိုင်း အတာလည်း လူအားလုံးစေ့သွားသည်အထိ



ဆရာမပေးသောဓာတ်ပုံကို လိုက်လံပြသရင်း အတာသည် သူမြင်ဖူးခဲ့သည့်ဝတ်လုံ၊ ကြားဖူးခဲ့သည့် ဝတ်လုံတို့၏ လုပ်ငန်းဆောင်တာများကိုပါ တတွတ်တွတ် ပြောပြလိုက်ချေသေး၏။

မကြာမီ ကျောင်းလွှတ်လိုက်၍ ဆရာမနှင့် အတာ နှစ်ယောက်တည်းသာ ကျန်ခဲ့သည်တွင် ကားဆိပ်လိုက်ပို့ရန် အသင့်စောင့်ရပ်နေသော အတာအား အမူအရာတစ်မျိုးဖြင့် စိုက်ကြည့်နေပြီးမှ စောစောကဓာတ်ပုံကိုထုတ်ကာ အတာအား လှမ်းပေးရင်း

'အဲ့ဒီဓာတ်ပုံထဲက လူဟာ ဘယ်သူနဲ့ တူသလဲ သေသေချာချာ ကြည့်စမ်း'

ဆရာမက သေသေချာချာ ကြည့်စမ်းဟုဆိုသော်လည်း အတာသည် ကြာကြာမကြည့်ရဘဲနှင့်ပင် ရုတ်တရက် သိလိုက်သလိုဖြင့်

'မနေ့ကလာတဲ့ မမသူငယ်ချင်းနဲ့ သိပ်တူတာပဲနော်၊ သူတို့မောင်နှမတော်သလား မမ ဟင်'ဟု ဖျတ်ခနဲ မေးလိုက်သောကြောင့်

'မင်းဟာ နေရာတကာ အကင်းပါးတဲ့ကောင်လေးပါပဲလား အတာ'

နှစ်ထောင်းအားရသံဖြင့် သဘောအကျကြီး ကျသွားသလို ပြောလိုက်ပြီးမှ

'မင်း ပြောတာမှန်တယ် အတာ၊ အဲဒါ မမ သူငယ်ချင်းရဲ့ အစ်ကိုတော်တယ်၊ သူ'

ဆရာမသည် စကားကို ရုတ်တရက် ဆက်မပြောဘဲ အတန်ကြာအောင် ဆွဲသွား၏။ အပြုံးနှင့်ပြောနေရာမှ အဘယ်ကြောင့်ဟူ၍မသိ။ ချက်ချင်းဆိုသလို မျက်နှာထား အသွင်ပြောင်းသွားကာ အတာအား တွေကြည့်နေပြီးမှ

'အေးကွယ်၊ မင်းကိုတော့ မမ ပြောပြရမှာပဲ၊ မင်း ဝမ်းမနည်းနဲ့နော် အတာ'

'ဝမ်းမနည်းနဲ့နော်' ဟူသည့် စကားကြောင့် အတာ့မျက်နှာ၌ ဝမ်းနည်းသွားသည့် အရိပ်အယောင်ကလေး သန်းလာ၏။ ဤသည်ကို သူ့ဆရာမကလည်း အကဲခတ်မိသည့်တိုင်အောင် စကားက စမိနေပြီဖြစ်သည်နှင့်

'အဲဒါ ဒီလကုန်ရင် မမနဲ့ လက်ထပ်မယ့်လူပဲ အတာ'

ဆရာမသည် သို့ ပြောသင့်သည် မပြောသင့်သည်ကိုပင် မချင့်ချိန်နိုင်ဘဲ ယောဇဉ်ရင့်နေသည်နှင့်အမျှ အတာ့အပေါ်တွင်လည်း လူကြီးတစ်ယောက်ကို ရင်ဖွင့်တိုင်ပင်ဖက် သူငယ်ချင်းကလေးအဖြစ် စွဲမှတ်ယုံကြည်ထား၍လော၊ သို့တည်းမဟုတ် ဤအကြောင်းကို အတာသိသင့်သည်ဟု ယူဆ၍လော မသိ။ ဆရာမသည် သို့လျှင် တိုးတိုးကလေး ပြောချလိုက်သဖြင့် အတာ့တွင် ဘာပြန်ပြောရမည်ပင် တွေးမရသော ချောင်ပိတ်အနေအထားကလေး ဖြစ်နေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်းက သဘောမတူဘူးလား၊ ဒီလူနဲ့ ဟင်၊ မမကိုပြောစမ်း'ဟု ဆရာမက ရယ်သွမ်းသွေး၍ မေးလိုက်မှပင် အတာ လှုပ်လှုပ်ရှားရှားဖြစ်လာလျက်

'တူတာပေါ့၊ သူက ဝတ်လုံနော် မမ'

ဆရာမက ခပ်ပြုံးပြုံးပင် ခေါင်းညိတ်လိုက်၏။

'ဝတ်လုံဆိုရင် ကျွန်တော်က သိပ်သဘောကျတာ မမရဲ့၊ ကျွန်တော်လဲ ကြီးလာရင် ဝတ်လုံလုပ်မယ်၊ ဒီအင်္ကျီမျိုး ကျွန်တော် သိပ်ဝတ်ချင်တာပဲ'

'ဒါဖြင့် မင်း စာကိုကြိုးစားသင်ပေါ့၊ ဟုတ်လား'

အတာက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်ပြီးမှ ရုတ်တရက် မျက်နှာကလေး ညှိုးသွားကာ

'ဒီလကုန်ရင် မမတို့လက်ထပ်မယ် ဟုတ်လားမမ၊ ဟင်'

'အေး၊ ဒီလကုန်ရင် မမ ကျောင်းက'

ဆရာမလည်း တစ်စုံတစ်ရာကို ချက်ချင်း သတိရလိုက်သည့်ပမာ အတာအား စိုက်ကြည့်နေပြီးမှ

'မမလေ ဒီလကုန်ရင် ကျောင်းက ခွင့်ခဏယူမယ်၊ လေးငါးရက်ဆိုပါ တော့ကွယ်'

ထိုစကားကြားလိုက်ရမှ အတာ့တွင် မျက်နှာထား ကြည်လာနိုင်တော့ကာ

'ကျောင်းမထွက်ဘူး ဟုတ်လား မမ ဟင်' ဟု အလောတကြီး မေးလိုက်သည်နှင့်

'မထွက်ပါဘူးကွဲ့'

သို့သော် ထိုအဖြေနှင့် ဆရာမ အမူအရာမှာ သိသိသာသာ ခြားနားနေ၏။ အမှန်အားဖြင့် ဆရာမသည် ယခုလကုန်တွင် ကျောင်းထွက်ရန် ရည်ရွယ်ပြီးဖြစ်နေပေမည်။ ထို့ကြောင့်ပင် သူချစ်မြတ်နိုးသော အတာကလေးအား ကြိုကြိုတင်တင် အသိပေးလိုသည့်ဆန္ဒဖြင့် ပြောပြရန် ကြံခဲ့ပြီးမှ အတာကလေး စိတ် မကောင်းဖြစ် သွားမည်စိုး၍သာ စကားကို အဖျားရှူးပစ်လိုက်ခြင်း ဖြစ်လိမ့်မည်။ သို့သော် အတာကား ဤအချက်ကိုတစ်စက်ကလေးမျှမရိပ်မိလိုက်ဘဲရွှင်မြူးပင်ရွှင်နေတော့၏။

ထိုနေ့ညနေဘက်တွင်လည်း ဆရာမ၏ သူငယ်ချင်း ရောက်လာသေး၏။ သို့သော် ယမန်နေ့ကလောက် မကြာလှဘဲ ခဏမျှသာ တီးတိုးပြောဆိုပြီး ပြန်ထွက် သွား၏။

\+ + +

ထိုနေ့မှာ လဆန်း ၁ ရက်နေ့ ဖြစ်သည့်အတိုင်း အတာသည် ကျောင်းလခ အတွက် ရင်တလေးလေးနှင့်ပင် ကျောင်းသို့ ထွက်လာခဲ့၏။ သို့စေကာမူလည်း ၁၀ ရက်နေ့လောက်အထိ ရက်ချိန်း ရွှေ့နိုင်သည်ကို တွေးမိသည်နှင့် ရင်လေး



ပေါ့သွားကာ ခြေလှမ်းပါ သွက်လာ၏။ ရှစ်နာရီသာသာလောက်တွင် ကျောင်းသို့ ရောက်ခဲ့၍ အတန်းထဲဝင်ထိုင်လိုက်မိသည်နှင့်

'ဟာ ကျော်ကျော်၊ မင်း ဒီနေ့ အစောကြီး ရောက်နေတယ်'

အတာလည်း ကျောင်းသို့ ဤလိုအချိန် ရောက်လေ့မရှိဘူးသူတစ်ယောက် ကို အံ့အားသင့်စွာ မြင်လိုက်ရသလို အသံမျိုးဖြင့် မေးလိုက်သည်ကို ကျော်ကျော် ဆိုသူ ဖြူဖြူသေးသေး ကျောင်းသားကလေးက

'အေးပေါ့၊ ဒီနေ့ တို့မမ အလုပ် စဆင်းတဲ့နေ့မို့ စောစောလာတာကွ'

အတာလည်း ကျော်ကျော်က ဘာဆိုလိုသည်ကို ကွဲကွဲပြားပြား နားမလည် လိုက်သောကြောင့်

'ဟေ့ ကျော်ကျော်၊ ဘာလဲကွ၊ မင်းတို့မမက ဘာအလုပ် ဆင်းတာလဲ'

'ဒီကျောင်းမှာ တို့မမ အလုပ်ရသွားပြီကွ၊ ကျောင်းဆရာမ အလုပ်ပေါ့၊ တို့အတန်းထဲမှာပဲ စာသင်ရလိမ့်မယ်လို့ ပြောတာ'

'ဟင်'

အတာလည်း သို့လျှင် ပါးစပ်အဟောင်းသားနှင့် ရေရွတ်လိုက်မိပြီးမှ

'တို့အတန်းမှာ မင်းတို့မမက စာသင်လိမ့်မယ် ဟုတ်လား၊ ဒါဖြင့် တို့အရင်မမကော'

'တို့မမကပြောတော့အရင်ဆရာမက ကျောင်းထွက်သွားပြီတဲ့ကွ၊ ဒါကြောင့် ငါတို့မမ အလုပ်ရတာပေါ့၊ အရင်ဆရာမက ယောကျ်ားယူသွားပြီလို့ ပြောတာပဲ'

ထိုစကား ကြားလိုက်ရသည်နှင့် အတာလည်း လွယ်အိတ်ကို ဝုန်းခနဲ ပစ်ချရင်း စိတ်ရောကိုယ်ပါ နုံးသွားသလို ကပိုကရိုကြီး ထိုင်ချလိုက်တော့၏။ အတန်ကြာသည့်တိုင်အောင် ကြက်သေ သေနေသော အတာတွင် မသိမသာ မျက်ရည်ဝေလာ၏။

'ငါချစ်တဲ့မမ ငါ့ကိုချစ်တဲ့ မမ'

အတာတွင် ထိုမျှသာ ရေရွတ်နိုင်၏။ ဝေနေသော မျက်ရည်များ ယိုကျ လာစေရန် သို့ မြည်တမ်းရင်းကပင် အံကလေးကြိတ်၍ စိတ်ကို တင်းထားရ ရှာ၏။ အတာတွင် ကျော်ကျော်ပြောလိုက်သော စကားကို ကြားရသည့်အချိန်မှ စ၍ အလွန်အမင်း ညှိုးငယ်နေ၏။ ဝတ္တရားရှိသည့်အတိုင်း ကျောက်သင်ပုန်း သုတ်၍ စားပွဲ ကုလားထိုင်ရှင်းရသည်ပင် စိတ်မပါတော့သလို ဖြစ်နေ၏။ နောက်ကျောင်းတက်၍ ဘုရားရှိခိုးပြီးသည်အထိ သူ့စိတ်တွင် မကြည်လင်နိုင် သေး။ အတွေးပေါင်းချုပ်ဖြင့် စိတ်ရှုပ်နေရှာ၏။

ဘုရားရှိခိုးပြီးကြ၍ ကိုယ့်အတန်းရှိရာ ကိုယ်အသီးသီးပြန်ခဲ့ကြသည့် အတာတို့လည်း အတန်းထဲဝင်လိုက်သည်နှင့် ကျော်ကျော်ပြောသည့် အတိုင်း သူ ချစ်သောမမကို မတွေ့ရတော့ဘဲ အခြားဆရာမအသစ်တစ်ဦး ထိုင်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ငြင်လိုက်ရသဖြင့် အတာတွင် ပို၍ ဝမ်းနည်းသွား၏။ မျက်ရည်လည်းဝေကျလာ၏။

'ဒီအတန်းထဲက မော်နီတာ ဘယ်သူလဲ၊ လာစမ်းဟော့၊ ဒီကိုခဏ'ဟု အတန်းသားများ ကိုယ့်နေရာကိုယ် မရောက်သေးမီပင် ကြိုကြိုတင်တင် ခေါ်လိုက်သောကြောင့် အတာကလေးတွင် ရုတ်တရက် မျက်ရည်သော်မျှ မသုတ်နိုင်ရှာဘဲ ဖျာဖျာသလဲ စားပွဲရှေ့တွင် ရပ်လိုက်ရတော့၏။

'မင်း မော်နီတာလား'

'ဟုတ်ကဲ့'

ယခုမှပင် အတာ ဤသို့ဖြေရင်း မျက်ရည်သုတ်ရန် သတိရတော့၏။

'မင့်နာမည်က ဘယ်လိုခေါ်သလဲ'

'အတာလို့ ခေါ်ပါတယ်မမ'

ဆရာမ၏ အမူအရာတွင် ပြုံးပြုံးရွှင်ရွှင်မတွေ့ရ။ မေးပုံလေသံမှာလည်း ယခင်ဆရာမနှင့်စာသော် အနည်းငယ် မာသည်ဟု ထင်ရ၏။

'မင်း ဘာပြုလို့ ငိုနေတာလဲ'

သို့ မေးလိုက်မှ အတာတွင် ပို၍ ဝမ်းနည်းသွားသလို မျက်ရည်သည် ဒလဟော ယိုကျလာ၏။ ထိုဆရာမကလည်း အတာ ဘာ့ကြောင့်ငိုသည်ကို ရိပ်မိလိုက်၍လောမသိ။

'ဘာလဲ ကျောင်းထွက်သွားတဲ့ မင်းတို့ဆရာမဟောင်းကို သတိရလို့ ငိုတာလား'

အဖြေရခက်နေသော အတာသည် ယခု ထိုစကားကိုကြားရမှ အသက်ရှူကလေး ချောင်သွားသလိုဖြင့် ခေါင်းညိတ်ပြရင်း

'ကျွန်တော် ဟိုမမကို အောက်မေ့လို့ပါ ခင်ဗျာ'

ထိုစကားကို လားလားမျှ မကျေနပ်သလို အမူအရာမျိုးဖြင့် ဆရာမသည် အတာအား တွေစိုက်ကြည့်နေပြီးမှ

'ဒီမမ အသစ်ရောက်လာတာ မင်းသဘောမကျဘူးလား'

ထိုအမေးကြောင့် အတာ သုတ်သုတ်ကလေး မော်လာပြီး

'ဟုတ်ပါဘူး မမ၊ ကျွန်တော် မမကိုလဲ သဘောကျပါတယ်၊ ဟိုမမ ကျောင်းထွက်သွားတယ်ဆိုလို့ ဝမ်းနည်းပြီး'

'အေး နောက်ကိုမငိုနဲ့၊ အတန်းထဲမှာငိုတာ မမ မကြိုက်ဘူး'

မျက်နှာထားတင်းတင်းနှင့်ပင် ဆရာမသည် တစ်လုံးချင်းပြောလိုက်၏။ ဆရာမတို့မည်သည် ဤသို့ သဘောထားသေးရန်မဟုတ်။ ဤသို့မေးခွန်းမျိုးလည်း ထုတ်ရန် မလိုလားအပ်ပါဘဲလျက် နှစ်သက်ဖွယ် မဟုတ်သော စကားအပြောအမူဖြင့် သူသည် ပွဲဦးထွက် နှုတ်ဆက်လိုက်ချေ၏။

တစ်နံနက်ခင်းတစ်ချိန်လုံးပင် ဆရာမသည်အတာကိုသာလျှင်တစ်ယောက်



ညည်းသော အာရုံစူးစိုက်စရာသဖွယ် မကြာခဏအကဲခတ်လျက်ရှိတော့၏။ အတာတွင်လည်း ယနေ့အဖို့၌ မပျော်နိုင် မရွှင်နိုင်နှင့် တရှိုင်မှိုင်သာလျှင် ငေးနေမိ၏။

နေ့လယ် မုန့်စားလွှတ်ခဲ့လေပြီ။ အတာတွင်မူ အသစ်အဟောင်းမခွဲခြား၊ တွေ့ရာရှိခဲ့ဖူးသည့်အတိုင်းပင် ဆရာမစားပွဲတွင်လာရပ်လျက်

'ဘာစားမလဲ မမ၊ ကျွန်တော် သွားမှာပေးမယ်လေ'

အလွန်ပင် မျက်နှာလိုချင်နေသော အမူအရာကလေးဖြင့် အတာက ပြောလိုက်သည်ကိုပင်

'နေပေ့စေ'ဟု ဣန္ဒြေတည်တည်ဖြင့် ပြောရင်း သူ့မောင်ဖြစ်သူ ကျော်ကျော်အား လှမ်းခေါ်လိုက်၏။ ဆရာမသည် သူ့ကို အလိုမရှိ။ သူ့မောင် ကျော်ကျော်ကိုသာ ခိုင်းမည်ဟူသော ဆရာမ၏ဆန္ဒကို ရိပ်မိလိုက်သည်နှင့် စိတ်မကောင်းဖြစ်သွားကာ မသိမသာ ထွက်ခွာသွားရတော့၏။

သို့တိုင်အောင် မနေတတ်သော အတာသည် ကျော်ကျော်ထွက်သွားရာသို့ လှမ်းမကမ်းမှ စောင့်ကြည့်နေ၏။ လက်သုပ်ပန်းကန်နှင့် ဟင်းခါးပန်းကန်၊ ဒိုနှစ်ခုကို ကျော်ကျော်သည် မကိုင်တတ်မတွယ်တတ်နှင့် တုန်တုန်လှုပ်လှုပ်ရှိနေသောကြောင့် အပြေးကလေး လှမ်းသွားကာ

'ကျော်ကျော် ဟင်းခါးပန်းကန် ငါ့ကိုပေး၊ မတော်လို့ ဖိတ်ကျရင် အပူဆောင်လိမ့်မယ်၊ ငါ့ကိုပေး၊ ငါကိုင်လာခဲ့မယ်'

သို့နှင့် ရှေ့ဆင့်နောက်ဆင့် ဝင်လာခဲ့ကြ၍ ဆရာမစားပွဲပေါ် အသီးသီးချပေးပြီးသည်နှင့်

'ကျွန်တော်တစ်ယောက်ထဲ မနိုင်လို့ အတာပါ ပိုင်းသယ်လာတယ် မမ'

အတာကလေးဆီသို့ တစ်မျိုးအမူအရာဖြင့် မော်ကြည့်နေသူ ဆရာမအား ကျော်ကျော်က သို့လျှင် ပြောလိုက်ပြီးမှ

'မမ အတာလေ စာတွေဘာတွေ သိပ်တော်တာပဲ၊ နောက်ပြီး ဘာမဆို ဝိုင်းလုပ်တတ်တာပဲ၊ ဒါကြောင့် ဟိုဆရာမက သူ့ကို သိပ်ချစ်တာပဲ၊ သူကလဲ ချစ်တယ်၊ မနက်ကတောင် ကျွန်တော့်ကို ပြောသေးတယ်၊ ဟို ဆရာမ ကျောင်းထွက်သွားတာ သူသိပ်ဝမ်းနည်းတာပဲတဲ့'

ကျော်ကျော့်စကားကြောင့် အတာတွင် အနေရခက်သွား၏။

'ပြီးတော့လေ ကျွန်တော်တို့ကိုလဲ အတာက အားကြီးချစ်တယ်၊ စာတွေ ဘာတွေ မရရင်လဲ သူပြပေးတယ်'

'အေး သွားကြတော့'

ဆရာမက သို့လျှင် တိုတိုပြတ်ပြတ် ပြောလိုက်သောကြောင့် [illegible]ယောက် [illegible]လုံးပင် ဆရာမအနီးမှ ထွက်ခွာလာခဲ့ကြ၏။ အတာတွင် စိတ်လ[illegible]ကြည်သော [illegible]သလောက် ကျော်ကျော်တွင်မူ အတော်ကလေး ပျော်နေဟန်တူ၏။ အတာအား

www.burmeseclassic.com

လည်ပင်းကလေးကို ဖက်၍ ထွက်လာကြရာမှ

'ဟေ့ အတာ၊ မင်းမုန့်စားပြီးပလား'

ကျော်ကျော်မေးသည်ကို အတာ ရုတ်တရက် မဖြေ။ စားချင်စိတ်လည်း မရှိတော့စေကာမူ ဗိုက်ထဲမှ ဆာဆာရှိသည်နှင့် သူ့အလွန်ကြိုက်သော ခေါက်ဆွဲကြော်ဆိုင်ရှေ့တွင်ပင် ရပ်တဲ့ကာ

'ငါတော့ ခေါက်ဆွဲကြော်ပဲစားမယ်၊ မင်းကော'

'အေး ငါလဲ မင်းစားတာပဲ စားမှာပေါ့'

ခေါက်ဆွဲကြော် တစ်ထုပ်စီဝယ်၍ အတာ စားနေကျ နေရာဖြစ်သော ဆောင်တော်ကူးပင်အောက်သို့ လျှောက်လာကြ၏။

'ဟေ့ အတာ၊ မင်း တို့မမကို သတိထားနော်၊ အားကြီးဆိုးတယ်ကွ၊သိလား'

ခေါက်ဆွဲစားနေရင်း ကျော်ကျော်က ဤသို့ သတိပေးနေသောကြောင့် အတာ စိတ်ဝင်စားလာပြီး

'ဟုတ်လားကွ ဟင်၊ သူက ဘယ်လိုဆိုးတာလဲ'

'တို့အိမ်မှာ ခု ဒီမမရယ်၊ သူ့ထက်အကြီး မမရယ်၊ ငါရယ်၊ ငါတို့ ညီမလေးရယ် အားလုံး လေးယောက်ရှိတယ်၊ ခု ဒီမမဟာ ဘယ်သူနဲ့မှ မတည့်ဘူး၊ ငါနဲ့ပဲ တည့်တယ်ကွ၊ ငါ့ကိုတော့ သူသိပ်ချစ်တာပဲ'

ကျော်ကျော့် စကားများမှာ ကျောင်းကိစ္စနှင့် ပတ်သက်ခြင်းမရှိသောကြောင့် အတာတွင် စောစောကလောက် စိတ်မဝင်စားတော့ဘဲ သာမန်အားဖြင့်သာ ခေါင်းညိတ်နားထောင်နေလိုက်၏။

'ခု ဒီမမဟာ သိပ်ရယ်စရာကောင်းတာပဲကွ၊ ငါ့ညီမလေးနဲ့လဲ သူရန်ဖြစ်ချင် ဖြစ်တာကွ၊ ဒါကြောင့် ဖေဖေတို့ကလေ သူ့ကို နင်ဟာ ကလေးလိုပဲတဲ့၊ နင် ကျောင်းဆရာမလုပ်လို့ ဖြစ်ပါ့မလားတဲ့၊ တော်ကြာ ကျောင်းက ကလေးတွေနဲ့ ဖက်ပြီး ရန်ဖြစ်မနေနဲ့ဦးတဲ့၊ ခဏခဏ သူ အဆူခံရတယ်ကွ'

ဤတွင်တစ်ဖန် အတာကလေး စိတ်ဝင်စားလာပြန်၏။

'မင့်ကိုတော့ ချစ်တယ်ဆို'

'ဟား ဟား ငါက ညာပြီးတုပ်နေတာကွ၊ အိမ်မှာဆိုရင် ငါ့ညီမလေးနဲ့ ငါ့ကို အမြဲမေးတယ်ကွ၊ သူနဲ့ အစ်မကြီးကို ဘယ်သူ့ပိုချစ်သလဲတဲ့၊ ညီမလေးကတော့ အစ်မကြီးကို ပိုချစ်တယ်ပြောလို့ သူနဲ့ မတည့်ဘူး၊ ငါကတော့ ခု ဒီမမကို ပိုချစ်တယ်ဆိုပြီး ညာနေတာ၊ မုန့်တွေဘာတွေ ဝယ်ဝယ်ကျွေးတယ်ကွ ဒါပေမဲ့ သူစိတ်ဆိုးလာရင် အားကြီးရိုက်တာပဲကွ၊ ငါ မုန်းတယ်၊ ပြီး မေမေက သူ့ကို မချစ်ဘူးလို့ပြောရင် တစ်ခါတည်း အော်ငိုတာပဲကွ၊ သိပ် ဒေါသကြီးတာပဲ'

အတာ ချက်ချင်း သတိရလာ၏။ နံနက် ကျောင်းတက်စက ယခု ဆရာမ အကြောင်းနှင့် ပတ်သက်၍ ပြောခဲ့သည်တွင် ယခုဆရာမ မျက်နှာထား



ကြည်သည်မှာ ဤသို့သောအကြောင်းကြောင့်ပင်ဟု အတာသည် ယခု သဘောပေါက်သွားပြီ ဖြစ်၏။

ညနေ ကျောင်းလွှတ်ရန် ဆယ်မိနစ်ခန့်သာလိုတော့သောအချိန်တွင် ဒရဝမ်အဘိုးကြီး စာလာပေးသဖြင့် ဆရာမသည် ကျောင်းအုပ်ကြီးရှိရာအပေါ်ထပ်သို့ တက်သွား၏။ ဆရာမကပင် မှာကြားတာဝန်မပေးခဲ့သော်လည်း အတာသည် ဆရာမထွက်သွားသည်နှင့် ထိုင်ရာမှထလာကာ စားပွဲအနီးတွင် ရပ်လျက် အတန်းမဆူအောင် ထိန်းနေ၏။

မကြာမီပင် ဆရာမ ပြန်ဆင်းလာသည်ကို တွေ့ရသည်နှင့် အတာလည်း သူ့နေရာသို့ပြန်ရန် ခြေလှမ်းကလေး ပြင်လိုက်သည်နှင့်

'ဟေ့ ဘာလာလုပ်သလဲ ဒီစားပွဲနားကို'

'မမ အပေါ်တက်သွားလို့ အတန်းကို စောင့်နေတာပါ'

ဤတစ်ကြိမ်တွင်မူ ဆရာမ အမူအရာသည် ပျူပျူငှာငှာဖြစ်လာသည်ကို တွေ့ရသောကြောင့် အတာ ဝမ်းအသာကြီး သာသွား၏။

'အေး အေး သွား'

အပြုံးကလေးပါနှော၍ ဆရာမက ပြောလိုက်သောကြောင့် အတာတွင်ပါ ရွှင်လျက် ကြည်ကြည်လင်လင် ဖြစ်သွားတော့၏။

+ + +

ထိုနေ့သည် အသစ်ဖြစ်သော ဆရာမရောက်လာသည့် ၄ ရက်မြောက်နေ့ဖြစ်၏။ သွက်လက်ချက်ချာ၍ ပေါ့ပေါ့ပါးပါးရှိလှသော အတာ၏ အရည်အချင်းကို ကောင်းကောင်းသိသွားပြီဖြစ်သော ဆရာမလည်း တတိယမြောက်နေ့မှာပင် စတင်၍ အတာ့ကိုသာလျှင် စားသောက်ဖွယ်ရာများ အမှာခိုင်းခဲ့၏။ ယနေ့လည်း ကိစ္စငသုံ့ အကုန်ဆောင်ရွက်ပေးခဲ့ပြီး၍ အတာသည် ကျော်ကျော်၊ ရာဇာ၊ ချစ်အောင်တို့နှင့် အတူ ကစားနေ၏။

ပထမသော် အေးအေးလူလူပင် ဆောင်တော်ကူးပင်အောက်၌ ခဲလုံးကြီးကြီးတစ်ခုကို ခဲလုံးသေးသေးကလေးများဖြင့် သူထိငါထိ ပေါက်၍ ကစားနေရာမှ ကျော်ကျော်သည် ရုတ်တရက် ထသွားကာ ဆောင်တော်ကူးပင်ပေါ် တက်၍ အကိုင်းတစ်လက်တွင် တွဲလောင်းခိုချလိုက်သဖြင့် ကျော်ကျော့်ခြေ[illegible]သည် ထိုင်နေသော အတာ့ခေါင်းကို ခတ်မိသွား၏။

'ဟေ့ကောင်'

အတာလည်း သို့လျှင် ရေရွတ်လိုက်ပြီးမှ ဖိနပ်နှင့် ထိ[illegible]သော သူ့ခေါင်းမှ ဖုန်များကိုခါရင်း နာပင်မနာစေကာမူ ကလေးကို[illegible]

www.burmeseclassic.com



ကလဲ့စားချေသည့်သဘောမျိုးဖြင့် တွဲလောင်းကျနေသည့် ကျော်ကျော့်ခြေနှစ်ဖက်တို နောက်ပိုင်းမှ စုံ၍ဖက်ကာ ရှေ့တိုးနောက်ငင်လုပ်ရင်း

'ဟော့ ကျော်ကျော်၊ ကြောက်ပလား မင်း ဟင်'

'ကြောက်ပါပြီကွ၊ လွှတ်ပါ၊ ငါလိမ္မာကျလိမ့်မယ်၊ ဟော့ အတာ လွှတ်ပါကွ'

ကျော်ကျော်မှာ အတာဆွဲရာသို့ ယိမ်းထိုးပါနေရာမှပင် ကြောက်လန့်တကြား အော်၍ တောင်းပန်လျက်ရှိ၏။ အတာကလည်း ကစားသည့်သဘောမျိုးဖြင့် ရယ်ကာမောကာပင် ဆွဲထားသော ကျော်ကျော်၏ ခြေနှစ်ဖက်ကို မလွှတ်သေးဘဲ ရှေ့တိုးနောက်ငင် ဆွဲလျက်ပင် ရှိနေရာမှ

'ကျော်ကျော် မင်း ငါ့ခေါင်းကို ကန်ဦးမလား ပြော'

'မကန်ပါဘူးကွ၊ ငါ တမင်ကန်တာ မဟုတ်ပါဘူး၊ မတော်လို့ပါကွာ လွှတ်ပါ ငါ ကျလိမ့်မယ်'

သို့ပြောနေဆဲမှာပင် တွဲလောင်းခိုနေရသည်မှာ ကြာပြီဖြစ်သည့်အတိုင်း ကျော်ကျော်တွင် လက်ကြာကြာမမြဲနိုင်တော့ဘဲ အတာက နောက်သို့အဆွဲလိုက်တွင် ကျော်ကျော်မှာ တစ်ခါတည်း မှောက်လျက်သား လွှတ်ကျသွားတော့၏။

လက်ပင်ထောက်လိုက်သည် မှန်သော်လည်း စောစောက သူ့ကိုယ်ကို ထိန်းခဲ့ရသောကြောင့် လက်အံပင်သေနေ၍လော၊ သို့တည်းမဟုတ် ကျသည့် အရှိန်ပင် ပြင်း၍လော မသိ၊ ကျော်ကျော်၏ နဖူးတင်းတင်းလေးမှာ ကျောက်ခဲ စွန်းတစ်ခုဖြင့် ဆောင့်မိပြီး ချက်ချင်းပင် သွေးများ စီးပြာကျလာတော့၏။

အတာတွင်လည်း ရုတ်တရက်ဖြစ်သောကြောင့် ဘာလုပ်ရမည်မသိ ရှိနေစဉ် ကျောင်းသားကြီးကြီးတစ်ယောက် ပေါက်လာကာ ကျော်ကျော်အား ပွေ့ချီလျက် ကျောင်းအပေါ်ထပ်သို့ ပြေးတက်သွားတော့၏။

ကျောင်းအုပ်ကြီးအခန်းသို့ ရောက်သည်နှင့် အင်္ဂလိပ်လူမျိုး ဒုတိယ ကျောင်းအုပ်ဆရာမကြီးသည် ကော်ဖီသောက်နေရာမှ ပျာပျာသလဲ စားပွဲလွတ် တစ်ခုပေါ်တွင် ပက်လက်လှန်၍ တင်စေလိုက်ပြီးမှ ရေနွေး၊ ဂွမ်း၊ ဆေးပုလင်း ပတ်တီး အစရှိသည်တို့ဖြင့် အတော်ကလေး အလုပ်ရှုပ်သွားတော့၏။

မည်သူမှပြော၍ သတင်းကြားလေသည်မူသိ။ ကျော်ကျော်၏ မမသည် မျက်စိပျက် မျက်နှာပျက်ဖြင့် အခန်းထဲသို့ ရောက်လာကာ ဒဏ်ရာအခြေအနေကို လက်ထောက်ကျောင်းအုပ်ကြီးအား အင်္ဂလိပ်ဘာသာဖြင့် မေးနေသဖြင့် ကျောင်းအုပ် ကြီးကလည်း ကျော်ကျော်၏ ဦးခေါင်းကို ပတ်တီးကြိုးချည်ပေးနေရာမှ ဒဏ်ရာ မှာ အနည်းငယ်ကြီးသော်လည်း စိုးရိမ်စရာ မရှိသည့်အကြောင်း ပြောလိုက်၏။

သို့တိုင်အောင် ဆရာမ၏ အမူအရာသည် တုန်တုန်ခါခါ ဖြစ်နေ၏။ မျက်နှာတွင်လည်း အလွန်လျှင် ဒေါသဖြစ်နေသည့်အသွင်မျိုး ဆောင်နေသော ကြောင့် အခန်းထောင့်တွင် မှီရပ်နေသူ အတာကလေးမှာ ဆရာမကိုပင်



ကြောက်ရွံ့ရသည့်အောင် ဖြစ်နေရှာ၏။

'ကျော်ကျော် မောင်လေး၊ ဘယ်နဲ့နေသလဲ ဟင်'

ဆရာမသည် အသံကလေးတုန်တုန်ဖြင့် စားပွဲပေါ်တွင် မှိန်းနေသော ကျော်ကျော်အား ပခုံးကလေး လှုပ်ရင်း မေးလိုက်၏။

'မူးတယ် မမ၊ မူးတယ် ခေါင်းထဲက'

မျက်စိမဖွင့် တအင့်အင့် ညည်းရင်း ကျော်ကျော် ဤသို့ဖြေလိုက်မှပင် ဆရာမ၌ ပို၍ မျက်နှာကြီးနီလာ၏။ အသားတွေလည်း တဆတ်ဆတ်တုန်လာ၏။ သို့လျှင် ဖြစ်ပျက်နေသော ဆရာမ၏ လှုပ်ရှားမှုကို နှစ်ယောက်စလုံးသော ကျောင်း အုပ်ကြီးများနှင့်တကွ ခုနစ်တန်းမှ ဆရာမပါ မသိမသာ အကဲခတ်လျက်ရှိ၏။

အတန်လေးကြာမှပင် လက်ထောက် ကျောင်းအုပ်ကြီးက အတာအား အနီးသို့ခေါ်ယူလျက် ဖြစ်ပျက်ပုံကို စတင်စစ်မေးတော့၏။ အတာကလည်း မလိမ်မညာဘဲ မှန်သည့်အတိုင်းပင် ပြောပြလျက် တစ်ခါးဝတွင် ပြူတစ်ပြူတစ် နှင့် ချောင်းကြည့်နေကြသော စံဝင်းနှင့် ချစ်အောင်ကိုပါ လက်ညှိုးညွှန်ပြလျက်

'သူတို့လဲ အနားမှာ ရှိပါတယ် တီချာ၊ မယုံရင် ခေါ်မေးကြည့်ပါ' ဟု အတာက သက်သေပြလိုက်သေး၏။

သို့သော် ချစ်အောင်တို့အား ခေါ်မေးရန်ပင် မလို။ ကာယကံရှင်ဖြစ်သော ကျော်ကျော်ကိုယ်၌က အတာပြောသည့်အတိုင်း မှန်ကြောင်းဝန်ခံ၏။

'ဟုတ်ပါတယ် တီချာကြီး၊ ကျွန်တော်တို့ ကစားနေတာပါ၊ အတာက တမင်လုပ်တာမဟုတ်ပါဘူး၊ မတော်တဆ ဖြစ်တာပါ'

ဤတွင် ကျောင်းအုပ်ကြီးက ဆရာမဘက်သို့ လှည့်ကြည့်တဲ့ကာ

ယခု ဖြစ်ပျက်ရသောကိစ္စနှင့် ပတ်သက်၍ ကျောင်းအုပ်ကြီးသည် သိုက်လိုက်လှဲလှဲ ဝမ်းနည်းကြောင်း၊ သို့သော် မည်သူကမျှ ဤလိုစိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်စေလို၍ တမင်လုပ်ခြင်းမဟုတ်သည်မှာ ဆင်ရှားနေပြီ ဖြစ်သည့် အတိုင်း အားလုံးပင် ဘာမျှ မတတ်နိုင်။ ကံအကြောင်းသာလျှင်ဟု ယူဆ၍ ခွင့်ရန်သာရှိတော့သည် စသည်ဖြင့် ကျောင်းအုပ်ကြီးက ရှင်းလင်းပြောပြနေ၏။

အင်္ဂလိပ်ဘာသာ စကားဖြင့် ပြောနေခြင်း ဖြစ်သောကြောင့် အတာ ဘာမျှမသိ။ တစ်လုံးစ နှစ်လုံးစလောက်သာလျှင် မတောက်တခေါက် အဓိပ္ပာယ် ဖားလည်လိုက်၏။

သို့လျှင် ကျောင်းအုပ်ကြီးက ကျေရာကျေကြောင်း ဖျောင်းဖျ ပြောနေ သည်ကိုပင် ဆရာမတွင် ခွင့်လွှတ်သည့် အမူအရာမျိုး ပေါ်မလာသေး သို့ အခဲကျေရှိနေသေးသည့် အဖြစ်ကို ရိပ်မိ၍လောမသိ။ လက်ထောက်ကျောင်းအုပ် ပါ ဆက်လက်၍ မတော်တဆဖြစ်သော ကိစ္စများသည် တစ်ခါတစ်ရံ အသေအ ဆုံးရှုံးတတ်ကြောင်း၊ ယခုမူ အနည်းငယ် ပေါက်ပြဲသွားသည်သာရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထဲကောင်းသည်ဟုပင် ဆိုနိုင်ကြောင်း၊ မည်သို့ဆိုစေ ကာယကံရှင်ကိုယ်တိုင်က မတော်တဆ ဖြစ်ရကြောင်း ဝန်ခံထားသဖြင့် ခွင့်လွှတ်ရန်မှအပ အခြားဘာမျှ မရှိကြောင်းတို့ကိုပါ အတော်ကလေး ရှည်လျားစွာ ပြောဆိုပြီးမှ

'ဆရာမကို တစ်ခုတော့ တောင်းပန်ချင်တယ်၊ အဲဒါ တခြားတော့ မဟုတ်ပါဘူး၊ ခု ဖြစ်ပျက်ရတဲ့ကိစ္စကို လုံးလုံး မေ့ပျောက်လိုက်ဖို့ပါပဲ' ဟူ၍ အင်္ဂလိပ်စကားနှင့်ပင် လေးလေးနက်နက် မေတ္တာရပ်ခံသလို လက်ထောက် ကျောင်းအုပ်က ပြောလိုက်၏။

စကားမှာ ရိုးရိုးကလေးပင် ဖြစ်သော်လည်း အဓိပ္ပာယ်အနက်အကျယ်ကို ဆရာမသည် အကွက်လည်အောင် သိလိုက်၏။

မိမိ မောင်သည် အတာ့ကြောင့် ယခုကဲ့သို့ ထိပ်ပေါက်ခေါင်းပြဲဖြစ်ရသည်ဟူ၍ အတာအား ရိုက်နှက်ခြင်းမပြုရန်၊ အပြစ်မထားရန်အပြင် ပညာသင်ပြ ရေး၌လည်း လျစ်လျူမရှုဘဲ အများနည်းတူ ဂရုတစိုက် ရှိစေလိုသော ရည်ရွယ် ချက်ဖြင့် လက်ထောက်ကျောင်းအုပ်က သတိပေးစကားပြောကြားခြင်းဖြစ်ကြောင်း ဆရာမသည် ကောင်းကောင်း နားလည်၏။

သို့တိုင်အောင်လည်း အမှုအရာတွင် သိသိသာသာ စိတ်ပြေသွားသည့် အသွင်မျိုး မပြင်ရ။ သို့သော် စောစောကနှင့်စာလျှင်မူ ပြုံးဖော်ရယ်ဖော်ရလာ သည်ဖြစ်သောကြောင့်

'ကဲ ဒီကလေးကို ဒီမှာပဲ ခဏနေပါစေဦး၊ နည်းနည်းအမူးပြေမှခေါ်ရင် ကောင်းမယ်'

'ဟုတ်ကဲ့၊ ကိစ္စမရှိပါဘူး၊ ကျောင်းလွှတ်မှပဲ ကျွန်မ လာခေါ်ပါ့မယ်'

ဆရာမသည် ပြောပြောဆိုဆိုပင် အခန်းထဲမှ လှည့်ထွက်သွား၏။ သူ့ အတန်းသားလည်းဖြစ်၊ ယခုကိစ္စနှင့်လည်း ပတ်သက်နေသော အတာကလေး ကိုပင် ဆရာမသည် တစ်ပါတည်း ခေါ်သွားရန် သတိမရ။ ဟန်လောက်သော် ကြင်နာမှုမပြုနိုင်ဘဲ အံကလေးခဲ၍ ဆင်းသွားသော ဆရာမအား ကျောင်းအုပ် များသည် စိတ်မကောင်းဖြစ်သွားသော အမူအရာဖြင့် ခေါင်းတညိတ်ညိတ်ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

နောက် ထိုနှစ်ယောက်သော ကျောင်းအုပ်များနှင့် ခုနစ်တန်းပြ မြန်မာ ဆရာမတို့လည်း အင်္ဂလိပ်စကားဖြင့်ပင် တီးတိုး ရေရွတ်နေကြပြီးမှ အတာအား နောင်သောအခါတွင် ဤလိုအန္တရာယ်ဖြစ်စေနိုင်မည့် နည်းမျိုးဖြင့် မကစားစေ သတိပေး ဆုံးမပြီး ပြန်လွှတ်လိုက်၏။

\+ + +



နောက်တစ်နေ့၌ ကျော်ကျော်သည် ဒဏ်ရာကြောင့် ကျောင်းမတက်နိုင်ဘဲရှိသည်ကို သိလိုက်ရသည်နှင့် အတာတွင် အလွန်အမင်း စိတ်ထိခိုက်သွား၏။ နံနက်ပိုင်း နေ့တစ်ဝက်လုံးပင် အတာ စာကို စိတ်မဝင်စားနိုင်ဘဲ မိမိကြောင့် ကျော်ကျော် မူးကွဲသွားရသည်ကိုလည်းကောင်း၊ ကျောင်းမတက်နိုင် ဖြစ်ရသည်ကိုလည်း ကောင်း၊ ဤနှစ်လီကိုသာ တွေးရင်း စိတ်ကလေးညစ်နေရှာ၏။

'ဒီမမက သူ့မောင်လေး ဒီလိုဖြစ်ရတာ ငါ့ကြောင့်ဆိုပြီး ငါ့ကိုများ မုန်းသွားမလား'

ဤသည်မှာ အတာ အစိုးရိမ်ဆုံးသော အချက်ဖြစ်၏။ ကြီးငယ်မဟူ ညီသူပင်ဖြစ်စေ သူ့ကို ချစ်စေချင်၏။ သူကလည်း ချစ်အောင်လုပ်တတ်၏။ ကျော်ကျော်တို့မမ ကျောင်းသို့ရောက်စနေ့တွင် အတာအား ဆရာမဟောင်းနှင့် ပတ်သက်၍ ငြိုငြင်သယောင်ရှိသွားခဲ့သည်ဖြစ်ရာ နှစ်ရက်လောက်အတွင်း ဆရာမ အသစ်၏ ချစ်ခင်ခြင်းကိုခံရအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့၏။ အောင်မြင်သလောက်ရှိကာမှ ယခုကဲ့သို့သော အဖြစ်မျိုးနှင့် ကြုံလိုက်ရသောကြောင့် အတာတွင် မူးနောက်သော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသလို ဖြစ်သွား ခဲ့၏။ ယမန်နေ့ညကလည်း ယင်းသည့်ကိစ္စကိုသာ တွေးရင်း အိပ်ရေးတစ်ဝက် လောက် ပျက်ခဲ့ရ၏။ ဆိုခဲ့သည့်အတိုင်းလည်း အတာသည် ထိုကိစ္စနှင့်ပတ်သက်၍ ဆရာမက သူ့အား မုန်းနေမည်ကိုသာ သူ စိုးရိမ်၏။

သို့သော် အတာသည် အားမလျှော့။

'ဒီမမ ငါ့ချစ်အောင် ငါ ကြိုးစားမယ်၊ အပြစ်လွှတ်အောင် ရှိခိုးပြီး တောင်းပန်မယ်'

သို့လျှင် သူ့စိတ်ကလေး တင်းထားပြီး နေ့လယ် မုန့်စားလွှတ်လိုက်သည် နှင့် ဆရာမအနီးသို့ မရဲတရဲ ချဉ်းကပ်သွားကာ ကျုံ့ကျုံ့ယုံ့ယုံ့ကလေးထိုင်လျက် လက်သုံးကြိမ် ဦးနှိမ်၍ ကန်တော့လိုက်သည်တိုင်အောင် ဆရာမတွင် အမူအရာ မပျက်၊ တည်ခန့်သော ဣန္ဒြေဖြင့် ခပ်တွေတွေ စိုက်ကြည့်နေ၏။

'မနေ့က ကျွန်တော်နဲ့ကစားရင်း ကျော်ကျော် ခေါင်းပေါက်သွားတာကို စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါတယ်'

ကာယကံမြောက် ထိုင်၍ ကန်တော့ခဲ့ပြီးပြီ ဖြစ်ပါလျက်လည်း အတာသည် ပြောရင်းကပင် လက်အုပ်ကလေးချီကာ ကန်တော့သလို လုပ်နေပြန်၏။ ဆရာမ ကမူ ကျေနပ်သည့်အမူအရာမပြ၊ စောစောက မျက်နှာပေးအတိုင်းပင် အတာအား စိုက်စိုက် ကြည့်နေ၏။ စကားဆို၍ ပါးစပ်လှုပ်ဖော်ပင် မရသောကြောင့်

'ကျွန်တော် တမင်လုပ်တာမဟုတ်ပါဘူး မမရယ်၊ ဘုရားစူး၏၊ ဆောင် သာ'

'အေး၊ မင့်မတော်တဆက ငါ့မောင်မှာ သေလုနီးပါးခံနေရတယ်ဟဲ့၊

www.burmeseclassic.com



ခဲ့သည့် နေ့မှစ၍ ဆရာမသည် သူ့အား မော်နီတာအဖြစ် အသိအမှတ်မပြုတော့သကဲ့သို့ ကျောက်သင်ပုန်း ဖျက်ခိုင်းသည့် အလုပ်မျိုး၌ပင် အတာအား အသုံးမပြုတော့ဘဲ အခြားသော နီးရာ ကလေးတစ်ယောက်ယောက်ကိုသာ အဆင်သင့်သလို ခိုင်းသွားတော့၏။ မုန့်စားလွှတ်လျှင်လည်း အတာ့အကူအညီကို ဆရာမ လက်မခံ၊ တတ်နိုင်သလောက် မဆက်ဆံဘဲ နေတတ်သောကြောင့် ကြာသော် အတာကလေး အနေကျုံ့လာ၏။

ဤသည်မှာလည်း နေ့စဉ်နှင့်အမျှ ဆရာမနှင့် ရင်ဆိုင်ရသည့် ကာလပတ်လုံး ကြုံတွေ့နေရသည့် စိတ်မချမ်းမြေ့ဖွယ်ရာ ပြဿနာတစ်ခု ဖြစ်နေသောကြောင့် အတာတွင် ကျောင်းနေချင်သည့်စိတ်ပင် ကုန်ခန်းစ ပြုလာတော့၏။

သို့သော် ပညာကို မက်မောရာ၌ အရွယ်နှင့်မလိုက်အောင် ဇောသန်သူကလေး ဖြစ်သည့်အတိုင်း နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသော ထိုထိုအခက်အခဲများကို အတာသည် ဇွဲနှင့် ရင်ဆိုင်ခဲ့၏။ သည်းခံခြင်းဖြင့် ပညာကိုသာ အရယူခဲ့၏။

သို့ စိတ်ကလေး မချမ်းမသာနှင့်ပင် အောင့်အည်းသည်းခံ၍ ကျောင်းမှန်မှန်တက်ခဲ့ရင်း ကျောင်းလခ ရက်ချိန်းနေ့သည် ပြည့်မှန်းမသိ ပြည့်ခဲ့ပြန်ပြီဖြစ်ရာ ဆရာမလည်း ဆယ်ရက်နေ့က နည်းတူပင် အတာအား ကျောင်းလခကိစ္စကို ခပ်မာမာကလေး ဖိပြောတော့၏။

ထိုနေ့တိုင်အောင်လည်း အတာတွင် ကျောင်းလခ မပေးနိုင်သေး။ လကုန်မှပင် ၂ လတွက် ပေးပါရစေဟု ချိန်းပြန်၏။ အမှန်အားဖြင့်ဆိုသော် ရှေ့လတွင်မှပေါင်းပေးလျှင် သုံးလတွက်ဖြစ်သော်လည်း အတာ့ဆရာမ မြင့်မြင့်က တစ်လတွက် စိုက်ပေးခဲ့သဖြင့် နှစ်လတွက်သာ ကျန်တော့ခြင်းဖြစ်၏။ ဤသည်ကို တွေးမိသော အတာလည်း သူ့မမကို ပို၍လွမ်းလာ၏။

အကယ်တိ ယခုအချိန်၌ ယခင် ဆရာမဟောင်းသာရှိပါက ဤမျှလောက်စိတ်ညစ်ရမည် မဟုတ်။ ယခု ဆရာမလိုလည်း ကျောင်းလခကို နားပူနားဆာနှင့် မာမာထန်ထန် တောင်းလိမ့်မည်မဟုတ်သည်ကို အတာ ကောင်းကောင်းသိ၏။

'ဒီမှာအတာ၊ မင့်ကျောင်းလခနဲ့ ပတ်သက်လို့ အိမ်မှာတော့ ရအောင် တောင်းပေါ့ကွယ်နော်၊ ဒါပေမဲ့ မရရင်လဲ ကျောင်းတော့ မလာဘဲမနေနဲ့၊ အတန်း ထဲမှာ မင်းဘယ်လောက်တော်တယ်၊ လိမ္မာတယ်၊ အကူအညီရတယ်ဆိုတဲ့ အကြောင်းရော၊ မင်းဆင်းရဲတဲ့ အကြောင်းတွေပါ တီချာကြီးကို မမပြောထားတယ်၊ သိလား၊ ကျောင်းလခကို သုံးလခလောက်အထိတော့ မပေးနိုင်လဲ ကိစ္စမရှိဘူး၊ မမလဲ ဝိုင်းပြောပေးမပေါ့ကွယ်၊ နော်'

ယခင် ဆရာမမြင့်မြင့်က အားပေးခဲ့ဖူးသော စကားနှင့် ယခုဆရာမ၏ 'ကျောင်းလခမပေးနိုင်ရင် ကျောင်းမလာနဲ့' ဆိုသော စကားမှာ ပညာကို အလွန် လိုလားနေသော အတာကလေးအဖို့၌ ရွှေရင်ဆို့နှင့် ရွှေရင်အေးပမာ



အတော်ကလေး ဆန့်ကျင် ကွာခြားနေတော့၏။

ထိုကိစ္စလောက်ဖြင့်သာဆိုလျှင် အတာ ခံနိုင်ရည်ရှိသေး၏။ ယခုမူ ကျောင်းလခ ပြဿနာတွင်သာ အတာ စိတ်ညစ်ရသည်မဟုတ်ဘဲ ဆရာမသည် အဘယ်မျှလောက် အသဲအမဲကြီးနေသည် မသိ။ စာသင်ရာ၌ပင် ကျမကောက် ပျောက်မရှာဓါးဆေးတံပမာကဲ့သို့ ပေယျာလကန် အတာအား ဝကွက်၍ ချန်ထားတတ်၏။

အချို့သော စကားလုံးဝါကျများကို အဓိပ္ပာယ်မရှင်း၍ အတာက ထမေးလျှင် ဆရာမသည် မကြားဟန်ဆောင်နေသော်လည်း ဆောင်နေတတ်၏။

'ခုနပြောတုန်းက မင်း ဘာလုပ်နေသလဲ၊ သေသေချာချာ နားထောင်နေပါလား၊ ငါ နှစ်ခါထပ်ပြီး မပြောနိုင်ဘူး'

အတာက မရအရ မေးလျှင်လည်း လိုရင်းအဓိပ္ပာယ်ကို ရှင်းမပြဘဲ ယင်းသို့သာလျှင် ကြုပ်ဆတ်ဆတ် ဖြေလေ့ရှိတတ်၏။ သို့တိုင်အောင် အတာသည်းခံ၏။ စိတ်အဆင်းရဲ လူအဆင်းရဲခံကာ ပညာကိုသာ မရအရယူခဲ့၏။ ဆရာမအားမေး၍ မရသည့်အဆုံး၌ ကျောင်းလွှတ်လျှင် လွှတ်ခြင်း အတန်းသားများကို မေး၏။ ၎င်းတို့ကပါ သူ့နည်းတူ မသိကြလျှင် အတာသည် သူ့အား မကြာခဏခေါ်၍ ခိုင်းလေ့ရှိသော အေအတန်းမှ ဆရာမကို သွား၍မေးလေ့ရှိ၏။

'မင်းဆရာမ သင်နေတုန်းကတော့ မင်းဆော့နေသလား အတာ'

'မဟုတ်ပါဘူး၊ တစ်ခါတလေ မကြားလို့ပါ'

'မကြားတော့ ထမေးပါလားကွဲ့'

'မေးတယ်မမ၊ သူ မပြောဘူး'

'ဘာပြုလို့'

ထိုမေးခွန်းကိုမူ အတာက မဖြေ။ ငိုင်တွေတွေလေး ငုံ့ချလိုက်၏။

လူသတင်း လူချင်းဆောင် ဟူသကဲ့သို့ အတာတို့၏ ဘီတန်းဆရာမ သတင်းကိုလည်း အခြားသော ဆရာမများက ကြားသိနေ၍လော၊ သို့တည်း မဟုတ် ကျော်ကျော် နဖူးကွဲရသည့်ကိစ္စနှင့်ပင် ဆက်စပ်တွေးတောမိ၍လောမသိ။

'အင်း ခက်တာပဲ၊ ဆရာမရယ်လို့ ဖြစ်လာတဲ့အခါမှာ ဒီလိုစိတ်မျိုးထားလို့ ဘယ်ကောင်းပါ့မလဲ၊ အေးလေ'

ထိုမျှသာ ရေရွတ်လျက် အတာ သိလိုသည့် အဓိပ္ပာယ်ကို ကျယ်ကျယ်ဝန်းဝန်းကလေး ရှင်းပြပေးလိုက်၏။

ဤလို အတာ့ဆရာမက အတာကလေး မေးသော်လည်းအရေးတယူရှင်းပြလေ့မရှိသောကြောင့် အခြားသော ဆရာမတို့ထံ အသနားခံ၍ပညာကိုယူရသည်လည်း အတာတွင် အပြစ်မလွတ်။ ဆိုခဲ့သည့်နည်းမျိုးနှင့်ပင် လူသတင်း လူချင်းဆောင်ခဲ့၍လောမသိ။ ဆရာမနှားသို့အတာနှင့်ပတ်သက်သည့်သတင်းစကားရောက်လာပြန်ကာ

'မင်းက ဟိုအတန်းကဆရာမကို စာသွားမေးတယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ မေးပါတယ်'

'ဘာလဲ၊ ငါက မင့်ကို မသင်လို့လား'

ထိုအမေးကို အတာ မည်သို့ ဖြေရပါမည်နည်း။ အမှန်ကို ရှင်းပြသည့်တိုင်အောင် ဆရာမသည် ကျေကျေနပ်နပ် လက်ခံပါမည်လော။ သို့သော် အတာက ဘာမျှမပြောဝံ့ဘဲ ခေါင်းကလေး အငုံ့သားနှင့်ပင် ငြိမ်နေရရှာ၏။

'အေး ဒါပဲ၊ နောက်နောင်ကို ဒါမျိုး ငါမကြားချင်ဘူး၊ မင်းမြဲမြဲမှတ်ထားလိုက်'

နောက်ဆုံး၌ အပြစ်ဟူသမျှသည် အတာ့အပေါ်တွင်သာ ပုံကျလာတော့၏။ မည်သို့ဖြစ်စေ ဤအခြေထိကား အတာတင်းခံနိုင်နေသေး၏။

ဤလိုနှင့်ပင် အတာ၌ ကျောင်းလခသည် နှစ်လထပ်ခဲ့ပြန်ပြီ ဖြစ်၏။ မသိန်းမေမှာလည်း လေးကျပ်တည်းဟူသော နှစ်လတွက် ကျောင်းလခကို မဆိုထားဘိ၊ မုန့်ဖိုးပင် မှန်မှန်မပေးနိုင်အောင် ရှိနေတော့၏။ မြင်းပွဲရုံး၊ ၃၆ကောင်ရုံးဖြင့် လူလုံးမလှရှိရသည်တွင် ထိုမြင်းနှင့် ၃၆ ကောင်တွင်သာ နေ့စဉ်နှင့်အမျှ စိတ်ဝင်စားနေရသောကြောင့် အရောင်းအဝယ်ဟူ၍လည်း မည်မည်ရရ မလုပ်နိုင်။

ကစားသမားတို့၏ ဘဝကား ဤအတိုင်းပင်လျှင် ကျပ်တည်းကျဉ်းမြောင်းစွာ ချာချာလည်နေလိမ့်မည်သာဖြစ်သည်ကို မသိန်းမေကိုယ်တိုင် တွေ့ကြုံနေရပါလျက်လည်း သူ သတိမမူနိုင်သေး။

သို့ မသိန်းမေတွင် အခြေမလှသည်နှင့်အမျှ ဝတ်တစ်လှည့် ပြတ်တစ်လှည့်ဒဏ်ကို အတာပါ ဝင်၍ခံနေရရှာ၏။ မုန့်ဖိုးမမှန်၊ ထမင်းမမှန်နှင့်ပင် ဖွဲ့သန်သန်ကျောင်းတက်ခဲ့ပါသော်လည်း အတာ ခါတိုင်းကဲ့သို့ မပျော်။ အခြားသောအတန်းသားများနှင့် ရယ်ကာမောကာ စကားပြောနေသော ဆရာမသည် အတာ့ကိုမြင်လိုက်လျှင် ရုတ်ခြည်း မျက်နှာထား တင်းသွားတတ်၏။

အတာသည် သူတထူးအား ချစ်တတ်၏။ ကြင်နာတတ်၊ သနားတတ်၏။ ထို့အတူ သူ့ကိုလည်း ချစ်စေလို၏။ ချစ်အောင်လည်း အမျိုးမျိုးကြိုးစားခဲ့ပါလျက် သူ့ဆရာမသည် ယနေ့ထိ စိတ်ထားမပြောင်း၊ အကောင်းကိုမမြင်။ အတာလုပ်သမျှ ဆိုးသည်ချည်း ထင်နေတတ်၏။

တစ်ခါကလည်း စာသင်ချိန်တစ်ချိန်တွင် ဆရာမသည် အားလုံးသောကလေးများကို သူ့စားပွဲတွင်ဝိုင်း၍ မတ်တတ်ရပ်စေပြီး အင်္ဂလိပ်ဖတ်စာထဲမှ ဝါကျများကို အမေးအဖြေ သဘောမျိုးဖြင့်

'သိုးတစ်ကောင်ကို ဘယ်လိုခေါ်သလဲ၊ သိုး ငါးကောင်ကို ဘယ်လိုခေါ်သလဲ၊ သိုးငယ်လေးကို ဘယ်လိုခေါ်သလဲ၊ သိုးကျောင်းသားလက်ထဲမှာ ဘာရှိသလဲ'

အင်္ဂလိပ်ဘာသာဖြင့် ဤလိုမေးခွန်းများ ထုတ်ကာ ထုတ်ကာဖြင့် တစ်



ယောက်စီ မေးမြန်းရင်း သင်ကြားနေ၏။ သို့သော် သို့အမေးခံရသည့်အထဲ၌ အတာကလေး မပါ။ အတာကို မမေး။ အတာရှိရာဘက်သို့ အရေးလုပ်၍ပင် ကြည့်ဖော်မရ။

အတာသည် စာအလွန်တော်၏။ သူ့ဝမ်းထဲတွင် သူတော်၍ သိနေသည်ဘက် ဤလို စစ်မေးရာ၌ ရင်ကလေးကော့ကာ ခပ်ကြော့ကြော့ ဖြေလိုက်ရသည်ကိုသာ အတာ အရသာ ခံလို၏။ ထို့ကြောင့်လည်း ဆရာမ မေးခွန်းထုတ်လိုက်တိုင်း အတာသည် လက်ညှိုးကလေး တယမ်းယမ်းထောင်ကာ ဆရာမမြင်လောက်သည်အထိ ရှေ့သို့ပင် တစ်လှမ်းလောက်ထွက်၍ သွက်သွက်လက်လက် ရပ်နေသော်လည်း သူ့ကြိုးပမ်းမှုသည် အချည်းနှီးသာလျှင် ဖြစ်ခဲ့၏။

တစ်ကြိမ်တွင်လည်း အတာနှင့် ကပ်လျက်ရှိ ချစ်အောင်အား

'ကဲ မင်း' ဟု ကြိမ်ဖြင့်ညွှန်ပြရင်း မေးလိုက်သည်ကို အတာက သူ့ကိုမေးသည်အထင်နှင့် ဝမ်းသာအားရ ဖြေလိုက်သည်ကို

'မင်းမေးတာမဟုတ်ဘူး' ဟူ၍ပင် အတာကလေး အငေါက်ခံလိုက်ရ၏။

တစ်ကြိမ်ကလည်း ထိုနည်းပင် ဝိုင်း၍ မတ်တတ်ရပ်စေပြီး ဂဏန်းသင်္ချာကို စိတ်တွက်မေးခွန်းထုတ်ရင်း သင်ကြားနေရာမှ ဆရာမသည် အတော်ကလေးခက်သော ပုစ္ဆာတစ်ခုကို မေးလိုက်မိ၏။ မည်သူမျှမဖြေနိုင်၊ အတာတစ်ယောက်တည်းသာလျှင် လက်ကလေးထောက်၍ ယမ်းပြနေ၏။ သို့သော် သူ့အားမမေး။ အခြားပုစ္ဆာတစ်ခုကို ပြောင်းပစ်လိုက်၏။

တစ်ခါတွင်မူ ရာဇဝင်နှင့်ပတ်သက်၍ အချက်အလက်အတိုချုပ်များကို တစ်ယောက် တစ်မျိုးစီ မေးလျက်ရှိ၏။ မေးခွန်းတစ်ခုမှာ အတော်ကလေး ခက်သဖြင့် ဆရာမက မေးလိုက်သူတိုင်း မဖြေနိုင်ရှိနေကြ၏။ အတန်းထဲတွင် စာအတော်ဆုံးသော ကလေးခြောက်ယောက်အနက် အတာကိုချန်၍ ကျန်ငါးယောက်ကို မေး၏။ သူတို့လည်း မဖြေနိုင်။ ဤတစ်ကြိမ်တွင်မူ အတာကလည်း လက်မထောင်နိုင်၊ အဖြေကိုရှာရင်း ငိုင်နေစဉ်။

'ကဲ အတာ မင်း ဖြေစမ်း' ဟု လှမ်း၍ ပြောလိုက်သည်ကို

'အဲဒါ ကျွန်တော်လဲမဖြေတတ်ဘူး မမ'

'ဒါဖြင့် ဒူးထောက်နေ'

အတာ ရုတ်တရက် ကြောင်သွား၏။ ယောင်ချာချာနှင့်ပင် ဆရာမအား မေးကြည့်နေမိစဉ်မှာပင်

'ဟေ့ ပြောတာမကြားဘူးလား' ဟု ထပ်၍ မေးလိုက်မှ အတာသည် ခပ်လေးလေးပင် ဒူးထောက်လိုက်ရတော့၏။

ချက်ချင်းဆိုသလို မျက်ရည်ကလေး ယိုစီးကျလာသည်ကို ထောက်၍ အတာ အဘယ်မျှလောက် ဝမ်းနည်းသွားသည်ကို ခန့်မှန်းနိုင်၏။ အားလုံးသော

www.burmeseclassic.com

www.burmeseclassic.com



အတန်းသား အတန်းသူတို့သည်လည်း အတာ၏ ဖြစ်အင်ကို မမြင်ရက်နိုင်သည့်အလား ကြင်နာမှုကိုယ်စီဖြင့် မကြည်မရှင် ငေးကြည့်နေမိ၏။

'မဝေကင်း၊ ခင်ခင်၊ မစွမ်ကြည်၊ အောင်ကျော်၊ ချစ်အောင် မင်းတို့ပါ ဒူးထောက်နေ'

မကောင်းတတ်လွန်း၍လော မသိ၊ ယခုမှပင် စောစောက မဖြေနိုင်သူများကိုပါ ဆရာမက ဒူးအထောက်ခိုင်းလိုက်၏။ ထို့နောက် ဆက်လက်၍ မေးခွန်းများကို တစ်ခုပြီးတစ်ခု ထုတ်နေပြန်၏။ မဖြေနိုင်သူကို ဒူးထောက်ခိုင်းလျက်၊ ဒူးထောက်ဒဏ်ခံနေရသူအများထဲမှ ဖြေနိုင်သူကိုမူ ဒူးထောက်ဒဏ်မှလွတ်၏။ သို့သော် အတာတွင်ကား ထိုအချိန်ကုန်သွားသည်အထိ မချိအောင် ဒူးထောက်နေခဲ့ရ၏။ နောက်ထပ်မေးသော မေးခွန်းများခက်၍ကား မဟုတ်။ ဆရာမက သူ့ကို လုံးလုံးမမေးသောကြောင့် အတာ မဖြေခဲ့ရ။ မဖြေရသဖြင့်လည်း ဒူးထောက်နေရသည့်ဒဏ်မှ လွတ်ငြိမ်းခွင့်မရရှာခဲ့။ သို့ဖြစ်လျှင် အတာသည် အဘယ်သို့သော စိတ်ထားဖြင့် စာဆက်၍ သင်ကြားရမည်နည်း။

'ဟဲ့ အတာ၊ ဘာလဲ မင်းအခု ကျောင်းသွားမလို့လား ဟင်'

တစ်ညက အတာကလေး အပြင်းဖျားခဲ့သည်ကို ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရသော သူ့မမသက်က လှမ်းမေးလိုက်သည်ကို

'ဟုတ်ကဲ့'

'မတော်တာဟယ်၊ မင်း ညက ဖျားတာ နည်းနည်းလေးမဟုတ်ဘူးဟဲ့ သိရဲ့လား၊ တစ်နေ့တလေ နေလိုက်ပါဦးလား အတာရယ်'

'ဟင့်အင်း ကျောင်းရောက်လို့ ကစားလိုက်ရင် ပျောက်သွားမှာပါမမရဲ့၊ တစ်နေ့ကျောင်းမလာရင် ကျွန်တော်တစ်နေ့စာနောက်ကျမယ်တဲ့၊ ဆရာမကပြောတယ်'

မည်သို့အကြောင်းပြ၍ တားသော်လည်း မရ။ ဖွတ်အတင်းပင် လွယ်အိတ်ကလေးကို လွယ်၍ ဆင်းသွားတတ်၏။ သို့ကလောက် ပညာကိုမင်၍ ကျောင်းကို ခင်သော အတာသည် ကျောင်းဘက်သို့ပင် ခြေဦးမလှည့်ချင်သလို ဖြစ်လာ၏။ ယခင်က ကျောင်းပိတ်သည်ကို မလိုလားသော အတာသည် ယခု ကျောင်းဖွင့်မည်ကို ကြောက်နေ၏။

ယခင်က ကျောင်းသွားရမည်ဆိုလျှင် ဖောင်းမလွှတ်လိုက်သော မြင်းပေါက်ကလေးပမာ ဖျတ်လတ်ကြွရွနေသလောက် ယခုသော် ကျောင်းဘက်သို့ နီးလာလေ သူ့ခြေလှမ်းနှေးလေဖြင့် စိတ်ရောကိုယ်ပါ လေးလာတတ်၏။ ဆရာမနှင့် ရင်ဆိုင်ရမည်ကိုလည်း ကြောက်နေ၏။

ငယ်ရွယ်သော ကျောင်းသူကျောင်းသားတို့မည်သည် ဆရာ ဆရာမဖြစ်သူ တို့က အဘယ်မျှလောက် ရိုက်သည်ဖြစ်စေ၊ မည်သည့်နည်းမျိုးဖြင့် ဒဏ်ပေးသည်



ဖြစ်စေ ထိုအခိုက်အတွင်းသာ စိတ်ဆိုးသော် ဆိုးမည်၊ ရန်ငြိုးဟူ၍ ရက်ရှည်လများ ထားတတ်သော စိတ်မျိုးမရှိ။ အတာတွင်ကား တတ်သိလိမ္မာသူတစ်ယောက် ဖြစ်သည်နှင့်အညီ ဆရာမအပေါ်တွင် အငြိုးထားရန်မဆိုထားဘိ၊ သူ့ကို ချစ်ခင်အောင် ပင် အဆပေါင်းများစွာတိုး၍ ကြိုးစားခဲ့ချေသေး၏။ သို့သော် မအောင်မြင်။

ကလေးတစ်ယောက် ကျောင်းမသွားချင် သွားချင်အောင် စွမ်းဆောင်ရန်မှာ မိဘတာဝန်ဖြစ်သကဲ့သို့ ထိုကလေး ကျောင်းမပျော် ပျော်အောင် ဖန်တီးရန်မှာ ဆရာ ဆရာမတို့၏ ဝတ္တရားဟူ၍ အတာ့ ဆရာမသည် သိတန်ကောင်း၏။ သို့သော် အတာကလေးကိုကား ကျောင်းမနေချင်အောင်တမင်မောင်းထုတ်သလိုပြုမူနေခဲ့၏။

\+ \+ \+

ယနေ့သည် သုံးလတိတိ ထပ်သွားပြီဖြစ်သော ကျောင်းလခများပေးရမည့် ရက်ချိန်း ဖြစ်သည့်အတိုင်း အတာသည် အိမ်မှထွက်ရသည်ပင် ခပ်ဆိုင်းဆိုင်း ဖြစ်နေ၏။ ကိုးနာရီလောက်တွင်မှ ထွက်လာခဲ့သောအတာသည် ထုံးစံအတိုင်း သူ့မေမေထံ မုန့်ဖိုးတောင်းရန် စောင့်နေရသည်နှင့် ၁၅ မိနစ်ခန့် အချိန်ကုန်သွား၏။ ၉ နာရီခွဲတွင် ကျောင်းတက်သောကြောင့် ၉ နာရီနှင့် ၁၅ မိနစ်အထိ မသိန်းမေကို စောင့်၏။ ရောက်မလာနိုင်သည်နှင့် အတာလည်း မုန့်ဖိုးမပါဘဲနှင့်ပင် ကျောင်းသို့ ထွက်လာခဲ့၏။

ခါတိုင်းကဲ့သို့ အတာ ခြေလှမ်းမသွက်နိုင်။ တဒိုင်ဒိုင်ဆေးက ကျောင်းလခ ပြဿနာကိုတွေးရင်း ခြေလေးကလေးဖြင့် လှမ်းလာခဲ့ရသောကြောင့် ကျောင်းတက်ပြီးမှ သူရောက်လာ၏။ အချိန်မှာ ဘုရားရှိခိုးချိန်ဖြစ်၍ အတန်းထဲဝင်ထိုင်နေလိုက်လျှင်လည်း ကိစ္စပြီးနိုင်၏။ သို့သော် အတာသည် ကျောင်းဝင်းထဲသို့ပင် မဝင်သေးဘဲ ခပ်လှမ်းလှမ်းမှ သူ့အတန်းရှိရာသို့ စောင်းငဲ့ကြည့်လိုက်၏။ ကျောက်သင်ပုန်းကြီးတွင် တစ်စုံတစ်ရာ ရေးခြစ်နေသော ဆရာမကို မြင်လိုက်ရသည်နှင့် အတာလည်း ကျောင်းဝင်းဘေးရှိ မြောင်းနှုတ်ခမ်းတွင် အငုံ့သားထိုင်ချလိုက်၏။

ဆရာမတစ်ယောက်တည်းရှိသောအခန်းထဲသို့ အတာမဝင်လိုသေး။ ဆရာမနှင့် ရင်ဆိုင်ရမည်ကို အတာမဝံ့။ ရှံ့သလိုလိုလန့်သလိုလို ဖြစ်နေ၏။ ဘုရားရှိခိုးချိန်ပြီး၍ အတန်းသားများ ဆင်းလာမှပင် ၎င်းတို့နှင့်အတူ ရော၍ ဝင်တော့မည်ဟု ဆုံးဖြတ်ကာ မြောင်းဘေးတွင်ပင် ထိုင်ရင်း ကျောင်းလခပြဿနာကို အဘယ်သို့ ရှင်းရလျှင် ကောင်းလေမည်နည်းဟူသော အတွေးကြောတွင် မျောနေမိ၏။

ထို့နောက် ၃ မိနစ်ခန့်ကြာလျှင် ဘုရားရှိခိုးချိန်စေသော ခေါင်းလောင်းသံ ပေါ်လာ၏။ အတာကြားလိုက်ဟန်မတူ၊ ငေးမြဲ တွေးဆဲပင် ရှိနေသေး၏။ ဆ

www.burmeseclassic.com

www.burmeseclassic.com



၂၀ ကွာလောက်မှ တီးခေါက်လိုက်သော ခေါင်းလောင်းသံကိုပင် မကြားနိုင်လောက်အောင် အတာသည် သူ့ကျောင်းလခ ပြဿနာတွင် စိတ်ဝင်စားနေ၏။

အတန်ကလေးကြာမှ သတိရ၍လှည့်ကြည့်လိုက်သော အချိန်တွင်မှအတန်းထဲသို့ အားလုံးရောက်နေကြပြီကို တွေ့ရသဖြင့် အတာတွင် ယခုမှပို၍ စိတ်ရှုပ်သွားတော့၏။ ကျောင်းလခကိစ္စသာမဟုတ်။ ကျောင်းနောက်ကျသည့် အပြစ်ပါဆင့်လာတော့မည်ကို တွေးမိသည်နှင့် ကျောင်းမတက်တော့ဘဲ ထိုင်နေရာမှပင် လှည့်ပြန်ရန် ကြံမိသေး၏။

သို့သော် ထိုအကြံ အထမမြောက်။ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် အတန်းထဲသို့ မရဲတရဲ လှမ်းဝင်သွားကာ

'ကျွန်တော် နည်းနည်းနောက်ကျသွားပါတယ်၊ ခွင့်လွှတ်ပါ မမ' ဟု မျက်နှာငယ်ကလေးဖြင့် တောင်းပန်လိုက်သည်ကို

'ဘာပြုလို့ နောက်ကျသလဲ'

'ကျွန်တော် ကျွန်တော် မုန့်ဖိုးစောင့်ပြီးတောင်း'

'မင်း ငါ့ကိုမလိမ်နဲ့၊ ခုန ဟိုမြောင်းဘေးမှာ ဘာထိုင်လုပ်နေသလဲ'

အတာ ဘာမျှပြန်မဖြေနိုင်။ လက်ဆုပ်လက်ကိုင်နှင့် မိသွားပြီဖြစ်သောကြောင့် ခေါင်းကလေးငုံ့ကာ မလှုပ်ဝံ့အောင် ကြောက်နေရှာတော့၏။

'သွား ခုံပေါ်တက်ပြီး မတ်တတ်ရပ်နေ'

အတာလည်း မျက်ရည်ကလေးတလည်လည်နှင့်ပင် သူ့နေရာသို့ ထွက်သွားကာ ခုံပေါ်တက်၍ လက်ပိုက်ရပ်နေရတော့၏။

'ကျောင်းလခ ပါသလား ဒီနေ့'

သို့လျှင် ဆရာမက လှမ်းမေးလိုက်သည်ကို အလွန်အမင်း ဝမ်းနည်းနေ၍လား မသိ။ အတာသည် ပါးစပ်မှပင် မပြောနိုင်ဘဲ ခေါင်းကလေးသာ ခါပြလိုက်သောကြောင့်

'ပါးစပ်က ပြောပါကွဲ့'

'ဟုတ် ဟုတ်ကဲ့၊ မပါဘူးမမ'

တုန်တုန်ရီရီနှင့်ပင် အတာက ဖြေလိုက်သဖြင့် ဆရာမလည်း ချက်ချင်းဆိုသလို ထိုင်ရာမှထ၍ အပေါ်ထပ်သို့ တက်သွား၏။ မကြာမီပင် ဆရာမပြန်ဆင်းလာလျက် အတာအား ကျောင်းအုပ်ကြီးက တွေ့လိုကြောင်းပြောလိုက်သဖြင့် အတာတွင် မျက်လုံးတွေ ပြာသွားတော့၏။

'ကျောင်းလခတွေ မပေးနိုင်လို့ ငါ့ကို ကျောင်းများ ထုတ်ပစ်မလို့လား'ဟု သောစိုးရိမ်မှုကလေးဖြင့် အတာသည်ကျောင်းအုပ်ကြီးအခန်းထဲသို့ မရဲတရဲဝင်လာ၏။

ကျောင်းအုပ်ကြီးလည်း အတာကလေးကို မြင်လိုက်ရသည်နှင့် ပြုံးပြုံး



ရွှင်ရွှင် ခေါင်းညိတ်ခေါ်ကာ အတာကလေး သူ့အနီးသို့ရောက်လာသည်နှင့် စာတရက် မျက်နှာထားပြောင်းသွားပြီးမှ တပ်ထားသော မျက်မှန်ကို မတော အတာအား သေချာစွာ ကြည့်လိုက်ပြီးမှ

'မင့်ဆရာမက မင့်ကို ဘာပြောလိုက်သလဲ'

'တီချာကြီးခေါ်တယ်လို့ ပြောပါတယ်'

'ခု မင်းငိုလာတာကကော ဘာဖြစ်လို့လဲ'

အတာ မဖြေ။ ဤသို့မေးလိုက်မှပင် အတာ၌ ပို၍ ဝမ်းနည်းသွားသည့်အာ မသိမသာကလေး ရှိုက်လာ၏။

'ပြော၊ တီချာကြီးကို မကြောက်နဲ့၊ မင်း ခု ဘာဖြစ်လို့ ငိုတာလဲ ပြောစမ်း ကလေး'

သို့တိုင်အောင် အတာ ဘာမျှမပြောသေး။ ရှိုက်သံသည်သာ ပို၍ကျယ်လာ၏။ သုံးလေးကြိမ်မျှ ထပ်၍ မေးသော်လည်း အတာဖြေဖော်မရသည်နှင့် ကျောင်းအုပ်ကြီးလည်း ဒရဝမ်ကိုခေါ်၍ စာတစ်စောင် ရေးပေးလိုက်၏။ မကြာမီပင် လက်ထောက်ကျောင်းအုပ် ရောက်လာသဖြင့်

'ဒီကလေးဟာ ကျောင်းလခမပေးတာ သုံးလရှိပြီ၊ အဲဒါ ဘယ်လိုအရေးယူလဲဆိုတဲ့အကြောင်း သူ့ဆရာမကလာမေးတယ်၊ ဒါနဲ့ ဒီကလေးကို လွှတ်လိုက်ပါဆိုလို့ ခု သူတက်လာတော့ ငိုလာတယ်၊ ဘာကြောင့်ငိုတယ် ဆိုတာလဲ မေးလို့မဖြေဘူး၊ အဲဒါ ကြည့်ပြီးမေးစမ်းပါဦး၊ အကြောင်းတော့ ရှိလိမ့်မယ် ထင်တာပဲ'

ကျောင်းအုပ်ကြီးက သူ့လက်ထောက်အား အင်္ဂလိပ်စကားဖြင့် သို့လျှင် ပြောလိုက်သောကြောင့် လက်ထောက်ကျောင်းအုပ်လည်း အတာ့မေးကလေးကို အသာအယာပင့်ခါ ပါးကလေးဆွဲကာဖြင့် အမျိုးမျိုးချော့၍မေးလိုက်မှပင် ယနေ့ မနက် သူ ကျောင်းနောက်ကျ၍ ဒဏ်ခံရသောကြောင့် ဝမ်းနည်း၍ ငိုခြင်းဖြစ်သည်ကို မြောင်းဘေးတွင် ထိုင်နေခဲ့သည်ပါမကျန် အတာသည် အမှန်အတိုင်း ပြောပြလိုက်၏။

'အဲဒီလို ဘုရားရှိခိုးချိန်မှာ မင်းရောက်သားနဲ့ ဘာဖြစ်လို့ အတန်းထဲဝင်ထိုင်မနေဘဲ မြောင်းဘေးမှာ ဆော့နေရသလဲ'

'မဟုတ်ဘူး တီချာကြီး၊ ကျွန်တော် ဆော့နေတာ မဟုတ်ပါဘူး၊ အတန်းထဲမှာ ဆရာမ ရှိလို့ ကျွန်တော် မဝင်တာပါ'

'ဘာဖြစ်သလဲ၊ ကျွန်တော် နောက်ကျသွားပါတယ်လို့တောင်းပန်လိုက်ပေါ့'

'မရဘူး တီချာကြီး၊ အရင် ဆရာမဆိုရင်ရတယ်၊ ခုဆရာမဟာ ကျွန်တော့်ကို မချစ်ဘူး၊ ကျွန်တော် အများကြီးကောင်းတာလုပ်တယ်၊ ဒါပေမဲ့ ဒါပေမဲ့'

အတာသည် စကားကို ရှေ့မဆက်နိုင်။ အသံကလေး တုန်နေရာမှ ဘဖြည်းဖြည်း ရှိုက်လာ၏။ ကျောင်းအုပ်နှစ်ယောက်လည်း တစ်ယောက်မျက်နှာ

www.burmeseclassic.com



နားလည်လား'

အသံပြတ်နှင့် ခပ်ဆတ်ဆတ်ပြောလိုက်သောကြောင့် အတာမှာ တွန့်ခနဲပင် ရှုံ့ဆုတ်ကလေး ဆုတ်သွားမိရှာ၏။

'ပြီသွားတာ နည်းနည်းလေးမဟုတ်ဘူးကွဲ့၊ တစ်လက်မလောက်ရှိတယ် နောက်ပြီး နဖူးမှာ နဖူးအလယ်တည့်တည့်မှာ၊ ဟောဒီလိုနေရာမှ ပြီသွားတာ သိလား၊ မင်း ဟင်'

ဆရာမသည် သူ့လက်နှင့် သူ့နဖူးအလယ်ကို ထောက်ပြရင်း ဒေါက်ဆတ်ဆတ်ကလေး ပြောလိုက်ပြန်သောကြောင့် နောက်သို့တဖန် အတာ ကြောက်ဆုတ်ကလေး ဆုတ်သွားမိပြန်၏။

'လူမှာ မျက်နှာဟာ အရေးအကြီးဆုံးပဲကွဲ့၊ ခု မင်းကြောင့် ငါ့မောင်လေး အရုပ်ဆိုးသွားရှာပြီ'

'ကျွန်တော် ကျွန်တော် ဒါကြောင့် တောင်းပန်'

'မင်းတောင်းပန်လို့ကော ငါ့မောင်မျက်နှာ ပြန်ကောင်းလာဦးမှာလားကွဲ့၊ ဟော့ ဒီအကြောင်းနဲ့ပတ်သက်ပြီး နောက်ကို ဘာမှ လာမပြောနဲ့၊ ငါမကြားချင်ဘူး၊ ဒါပဲ၊ မင်းသွားတော့'

ဤသို့သော မာကျောလှသည့် စကားကို ကြားရသည်နှင့် အတာ့နှုတ်ခမ်းကလေးများသည် တရှူရှူ လှုပ်လာ၏။ ကိုယ်ကလေးလည်း တဆတ်ဆတ်တုန်လာ၏။ သူ့ရင်ညွန့်ကလေးပါ တဒိတ်ဒိတ် ခုန်လာ၏။ သို့သော် ဝမ်းနည်းလှိုက်မှုနှင့် မျက်ရည်ကလေးအိုင်လာရုံမှအပ အတာ ဘာမျှမတတ်နိုင်။ သို့တိုင်အောင် အတာသည် စိတ်ကို မလျှော့။ ခပ်တင်းတင်းပင် ထိန်းထားရင်း မော့တဲ့ကာ

'မမ စားဖို့ ကျွန်တော် ဘာ ဘာ မှာပေးရမလဲ ဟင်' ဟု နောက်ဆုံးကြိုးပမ်းမှုဖြင့်ပင် မေးနေသေး၏။

'မလိုဘူး၊ မင်းမှာပေးဖို့ မလိုတော့ဘူး၊ ကိုင်း မင်း မြန်မြန်ထွက်သွားရင် ကောင်းမယ်'

ဤတွင်မှ အတာ ချာခနဲ လှည့်ထွက်သွား၏။ သို့ထွက်သွားသည်မှာလည်း ဆရာမအား စိတ်ခုသွားသည့်သဘောမျိုးဖြင့် မလေးမခန့် လှည့်ထွက်သွားသည် မဟုတ်။ ဆရာမရှေ့၌ ဝမ်းနည်းလှိုက်ဖိုနှင့် ရှိုက်ကြီးတငင် မငိုမိစေရန် ခပ်သုတ်သုတ် လှည့်ထွက်သွားခြင်းသာ ဖြစ်၏။

ဆရာမရှေ့မှောက်၌ စိတ်ရှိသလောက် ငိုမိမည်စိုး၍ အမြန်ဆုံးလှည့်ထွက်လာခဲ့သော အတာသည် ယခု အိမ်သာထဲတွင်ထိုင်လျက် လက်ဝါးနှစ်ဖက်တွင် မျက်နှာမြှုပ်ကာ တရှုံ့ရှုံ့ဖြစ်နေရှာ၏။ ဝင်ထွက်သွားလာနေကြသော ခြေသံများကြောင့် အတာတွင် အသံထွက်အောင်လည်း မငိုဝံ့။ အသံကို ထိန်းညှပ်၍ အစ်အစ်သံမျှဖြင့် ချုပ်ချုပ်တည်းတည်း ငိုနေရရှာ၏။



အကယ်၍သာ စိတ်ထိခိုက်ခြင်းကို တိုင်းထွာ၍ရနိုင်မည်ဆိုလျှင် (တစ်နည်းအားဖြင့်) ကိုယ်တွင်း ချွတ်ယွင်းမှုဖြစ်သော ဝေဒနာတစ်ခုခုကြောင့် နှာခေါင်းသွေးလျှံသည့် သဘာဝကဲ့သို့သာ စိတ်နည်းနည်းထိခိုက်က သွေးနည်းနည်းလျှံ၍ များများထိခိုက်က များများပင် သွေးလျှံမည်ဆိုက အတာ့ကိုယ်ကလေး၌ သွေးဆို၍ တစ်စက်တလေပင် ကျန်တော့မည်မဟုတ်ပေ။ ဤမျှလောက် အတာကလေး စိတ်ထိခိုက်သွားရှာ၏။

\+ + +

အချိန်နာရီနှင့် နေ့ရက်တွေသာ ပြောင်းလာခဲ့သည်။ ဆရာမတွင်မူ လုံးဝစိတ်မပြောင်းသေး။ ကျော်ကျော့်နဖူးမှ အမာရွတ်ကိုမြင်တိုင်း အတာကလေးအား မျက်စောင်းခဲ၍ ကြည့်လေ့ရှိနေသေး၏။ ဤလို ပျော့ညံ့သော စိတ်မျိုးရှိသူတို့အား ကျောင်းဆရာ ဆရာမ လုပ်လိုသည့် စိတ်မျိုးဝင်စားခြင်း မရှိအောင် သဘာဝက ဖန်တီး ဖယ်ရှားပေးခဲ့လျှင် အဘယ်မျှလောက် ကောင်းလေမည်နည်း။

ယနေ့သည် အတာ ကျောင်းလခပေးမည်ဟု ချိန်းဆိုခဲ့သည့် ၁၀ ရက်နေ့ ဖြစ်၏။

'ဟေ့ အတာ ဘယ့်နှယ့်လဲ၊ မင်းကျောင်းလခ ပါသလား'

ဆရာမသည် အတာအား အနီးသို့ပင်မခေါ်၊ ထိုင်ရာမှ အော်၍ မေးလိုက်သဖြင့်

'မပါဘူး မမ၊ ၁၅ ရက်နေ့မှ ပေးပရစေတဲ့'

'ဘယ်ဖြစ်မလဲ၊ ဒီနေ့ဟာ နောက်ဆုံးနေ့လို့ မင်းကို ဘယ်နှစ်ခါပြောရမလဲ'

အတာ ဘာမျှမပြောနိုင်။ ခေါင်းအငုံ့သား မှိုင်ကျသွားရှာ၏။

'အေး ဒီတစ်ခါ နောက်ဆုံးပဲ၊ ၁၅ ရက်နေ့ကျလို့မှ ကျောင်းလခမပါရင် မင်း ကျောင်းမလာနဲ့တော့'

တော် မတော် မချင့်၊ သီးသီးရင့်ရင့်ပင် အနင့်သားပြောချလိုက်ပြန်သောကြောင့် အတာကလေးတွင် ဝမ်းလည်းနည်း၊ ရှက်လည်းရှက်ဖြင့် မျက်နှာ ခထားတတ်အောင် ရှိနေရှာတော့၏။

ကျော်ကျော် ကံဆိုး၍ နဖူးပေါက်ခဲ့ရသည့်နည်းတူ၊ အတာတွင်လည်း ထိုနေ့မှစ၍ ကုသိုလ်ကံမှောက်ခဲ့ပြီဟု ဆိုရမလိုရှိနေတော့၏။ ကြီးငယ်မဟူ သူတစ်ထူး၏ ချစ်ခြင်းကို အမြဲခံယူလိုသော အတာမှာ ယခု ကျော်ကျော့်ဒဏ်ရာရခဲ့သည့်နေ့မှ အစပြု၍ ဆရာမ၏ အငြိုးအငြင်ကို ခံနေရ၏။ ယခုကဲ့သို့ ကျောင်းလခပေးနိုင်သည့် နေ့မျိုးတွင်သာ ဤလို အပြောအဆိုခံရသော်လည်း တစ်လတွင်ငါးရက်လောက်ကြိမ်မျှသာ ကြုံရမည်ဖြစ်၍ မထောင်းတာ။ ယခုသော်မူ နေ့စဉ်နှင့်အမျှဟုဆိုလို တစ်နည်းမဟုတ်လျှင် တစ်နည်းအားဖြင့် အတာကလေး ငြိုငွေ့စိတ်ညစ်နေရရှာ၏။

အတာသည် အတန်း၏ မော်နီတာပင်ဖြစ်သော်လည်း ထိုထိုအကြောင်းကြောင့်ပြောင်းသွား

www.burmeseclassic.com



တစ်ယောက်ကြည့်ကာ အတာဆိုလိုသည့် အဓိပ္ပာယ်ကို နှစ်ဦးစလုံးကား ရည်ရည်လည်လည် သိလိုက်သကဲ့သို့ ခေါင်းတညိတ်ညိတ်ရှိနေကြ၏။

ဤတွင်တစ်ဖန် လက်ထောက်ဆရာမကြီးက အတာကလေးအား ချော့ချော့မော့မော့ဖြင့် အမျိုးမျိုး မေးခွန်းများ တစ်ခုပြီးတစ်ခု ထုတ်တော့၏။ တစ်နည်းနှင့် မေးမရလျှင် တခြားတစ်နည်းဖြင့် လှည့်၍မေးလိုက်သောကြောင့် လုံးစေ့ပတ်စေ့ မဟုတ်သည့်တိုင်အောင် တစ်စွန်းတစ်စဖြစ်သော ဆရာမ၏ ဆရာမ မပီသမှုများကို ကျောင်းအုပ်ကြီးနှစ်ယောက် သိခွင့်ရသွားတော့၏။

ဤတွင် ကျောင်းအုပ်ဆရာမကြီးများလည်း အတာကို ခေါ်ယူရသည့် မူလကိစ္စကို ပြောသင့် မပြောသင့် တိုင်ပင်နေကြရပြန်လျက်

'ကျွန်မကတော့ သူ့ကျောင်းလခကိစ္စကို မပြောသင့်သေးဘူးထင်တာပဲ ခုအတိုင်းဆိုရင် ဒီကလေးဟာ သူ့ဆရာမရဲ့ အပြုအမူကြောင့် အတော်ဝမ်းနည်းအားငယ်နေပုံရတယ်'

'ဟုတ်တယ်လေ ကျုပ်လဲ သူ့ကို ကျောင်းလခကိစ္စ ထပ်ပြောလိုက်ရင် ဒီကလေး ပိုပြီးစိတ်ညစ်သွားမလားဆိုတာ စဉ်းစားနေရတာပဲ'

'ဒါဖြင့်လဲ ကျောင်းလခကိစ္စကို နောက်မှပြောကြရင် ကောင်းမယ်ထင်တယ်' ဟု အင်္ဂလိပ်စကားဖြင့် ဆွေးနွေးတိုင်ပင်ကြပြီးနောက် အတာကလေးအား ချော့ကလက်တစ်ခုပေး၍ စာကြိုးစားရန် စိတ်မညစ်ရန် မှာကြား ပြန်လွှတ်လိုက်တော့၏။

အတာ အတန်းထဲရောက်၍ တအောင့်လောက်အကြာမှာပင် ဒရဝမ် စာလာပေးသဖြင့် ဆရာမ ထ၍ လိုက်သွားပြန်၏။ ဤတစ်ကြိမ်တွင်မူ အတော်ကလေးကြာလျက် ဂဏန်းသင်ချိန် ကုန်သလောက်ရှိမှ ဆရာမပြန်ရောက်လာ၏။ မျက်နှာထားအမူအရာလည်း သိသိသာသာ ပြောင်းလဲလာသည်ကို တွေ့ရသောကြောင့် အတာတွင် သို့လော သို့လောနှင့် တွေးတောရင်း ရင်ကလေး တဒိတ်ဒိတ်ခုန်နေရှာတော့၏။

အလစ်အလစ်တွင် လှမ်းကြည့်လိုက်တိုင်း ဆရာမသည် ရှေ့ကိုင်းမျက်မှန်ကို မ၍ လက်ကိုင်ပဝါစကလေးဖြင့် မျက်လုံးများကို တို့ကာထိကာ သုတ်နေသည်ကို တွေ့ရပြီး မကြာခဏဆိုသလိုလည်း အတာလေးအား လှမ်း၍ လှမ်း၍ကြည့်၏။ ယင်းသည့်အဖြစ်ကို အတာကလည်း အကဲခတ်မိလျက် ဤကိစ္စသည် ဤမျှနှင့်ပင် ပြီးပါမည်လောဟု သူသည် စိုးရိမ်မှုကလေးဖြင့် မောနေရှာ၏။

ပထမက ဆရာမငိုနေလေသလောဟု စိတ်မကောင်းကြီးစွာဖြင့် သံသယဖြစ်နေမိသော အတာသည် ယခုမူ တဖြည်းဖြည်း နီရဲလာသော ဆရာမ၏ မျက်လုံးများကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ ကျောင်းလွှတ်ချိန်နီးလာသည်အထိ ဘာစာမျှမသင်နိုင် ရှိနေသည်ကို ထောက်ခြင်းအားဖြင့်လည်းကောင်း



သူ ငိုကြွက်ကိန်း မှန်နေပြီကို အတာ သိလိုက်၏။

နှုတ်ခမ်းကလေးကိုက်လိုက် အံကြိတ်လိုက် လက်ကိုင်ပဝါဖြင့် မျက်စိကို ဖိလိုက် အတာအား လှမ်းကြည့်လိုက်ဖြင့် အသွင်အမျိုးမျိုးပြောင်းကာ စိတ်မကောင်းသလို ဝမ်းနည်းနေဟန် ဆရာမ အမူအရာကို မြင်ရသည်၌ အတာလည်း မကြည်လင်နိုင်။

'မမ ဘာလို့ ငိုနေပါလိမ့်' ဟူသော တွေးပူမှုဖြင့် ယူကျုံးမရဖြစ်နေရှာ၏။ စိတ်သည်လည်း ပို၍ ညစ်လာ၏။

မရှေးမနှောင်းမှာပင် မုန့်စားလွှတ် ခေါင်းလောင်းသံ ပေါ်လာ၏။ အခြားသော ကလေးများသည် ဆရာမက 'သွားနိုင်ပြီ' ဟူသော အထိမ်းအမှတ်ဖြင့် ခေါင်းကလေး ဆတ်ပြလိုက်သည်ဆိုလျှင်ပင် ကြက်ပျောက် ငှက်ပျောက် ဆိုတန်းလုံး ပျောက်သွားလျက် အတာတစ်ယောက်သာလျှင် အဝိုင်းသား ကျန်ခဲ့၏။

မိနစ်ပိုင်းလောက်အတွင်းမှာပင် အတာကလေး အဘယ်ပုံစိတ်ကူးပေါက်သွားသည် မသိ၊ ဆရာမရှိရာသို့ မဝံ့တဝံ့ လှမ်းလာကာ

'မမ ဘာစားမလဲ ဟင်၊ ကျွန်တော် မှာပေးမယ်လေ'

မျက်စိမျက်နှာ မကောင်းဖြစ်နေသော ဆရာမအား သူကပင် ပြန်ချော့သလို အမူအရာမျိုးဖြင့် ခိုင်းလိုခိုင်းငြား မေးလိုက်သည်ကို

'ဟင်' ဟူသော ရေရွတ်သံနှင့်အတူ အတာအား ဆတ်ခနဲ မော်ကြည့်လိုက်ပြီးမှ

'မင်း မင်း တီချာကြီးကို ဘာတွေသွားပြောသလဲ' ဟု ကောက်ကာငင်ကာ ဆရာမကလေးမေးလိုက်သောကြောင့် အတာတွင် ပါးစပ်အဟောင်းသားနှင့် ဆွံ့သွားတော့၏။

'အင်း လူကလေးငယ်သလောက် မင်း အတော်လည်တဲ့ကောင်ပဲ၊ တီချာကြီးကို ငါ့အကြောင်းတွေ သွားတိုင်တယ်ပေါ့လေ'

'မ မဟုတ်ပါဘူး မမ၊ ကျွန်တော် သွားမတိုင်ပါဘူး၊ တီချာကြီးခေါ်တယ်ဆိုလို့ ကျွန်တော်သွားတာ၊ တီချာကြီးက ဘာလို့ငိုသလဲဆိုပြီး မေးတာနဲ့၊ ကျွန်'

'ကဲ သွားတော့ကွယ် မင်း'

အတာ ကြာကြာရပ်မနေဝံ့တော့ပေ။ ခပ်သုတ်သုတ်ကလေးပင် လှည့်ထွက်သွားတော့၏။

ယနေ့ မုန့်ဖိုးပင်မရခဲ့သော်လည်း လိုရမယ်ရဟု သူစုထားသည့်အထဲမှ ထုတ်ယူလာသော ပိုက်ဆံနှစ်ပြား ပါသော်လည်း အတာတွင် ဘာမျှစားချင်စိတ်မရှိတော့ဘဲ သူထိုင်နေကျ ဆောင်တော်ကူးပင်အောက်သို့ ခေါင်းငိုက်စိုက်နှင့် ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျော်ကျော်နှင့် ရာမာလည်း ဘယာကြော် တစ်ထုပ်စီဖြင့် ရောက်လာလျက်

'ဟေ့အတာ မင်းဘာဖြစ်ပြန်ပလဲကွ၊ နေ့တိုင်း နေ့တိုင်းပဲ မင်းငိုနေ တာပဲ' ဟု ရာမာက အတာ့ဘေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သောကြောင့်

'မင်း မသိဘူးလားကွ၊ သူငိုနေတာ တီချာကြီး ခေါ်ရိုက်လို့ဖြစ်မှာပေါ့ မနက်က မမ ဘာသွားတိုင်သလဲမှ မသိဘဲ' ဟု ကျော်ကျော်က တစ်ခေါ် ထင်ကြေး ပေးလိုက်ပြန်သဖြင့်

'မဟုတ်ပါဘူးကွာ၊ တီချာကြီး ငါ့ကို မရိုက်ပါဘူး၊ ချောကလက်တစ်ချောင်း ပေးလိုက်သေးတယ်'

'ဒါဖြင့် ဘာလို့ငိုတာလဲကွာ ဟင်'

'စိတ်ညစ်လို့ပေါ့ ရာမာရ၊ မင်းတို့ သိသားပဲ မဟုတ်လား၊ ငါကျောင်း နောက်ကျလို့ ဒဏ်ခံရတာလေ အဲဒါ'

သို့လျှင် အစချီတဲ့ပြီးမှ အစအဆုံးပြောပြလိုက်ကာ

'အဲဒါ မမက ငါ သွားတိုင်တာဆိုပြီး'

'ကဲ ငါ မပြောဘူးလား၊ တို့မမဟာ ဒီလိုပဲအားကြီးဆိုးတွာယ်ကွ၊ ဟိုတစ်နေ့ ကတောင် တို့ညီမကလေးက စာနည်းနည်းပြပေးပါဆိုတာကို နင်မှ ငါ့ကို မချစ်ဘဲ ဆိုပြီး ပြမပေးလို့ တို့ဖေဖေက ဆေးတံဘူးနဲ့ပေါက်လိုက်တာ ကံကောင်းလို့ ပေါ့ကွာ'

'ဟေ့ ကျော်ကျော် မမကို မုန့်မှာပေးပြီးပလား'

ကိုယ့်ပြဿနာနှင့်ကိုယ် ဤသို့ စိတ်ရှုပ်နေရသည့်အထဲကပင် အတာ သည် ဆရာမ၏ စားသောက်ရေးအတွက် တစ်ဖက်က ပူလိုက်ချေသေး၏။

'ဒီနေ့ သူ မုန့်မစားတော့ဘူးတဲ့ကွ'

ဤတွင် အတာလည်း 'ငါစိတ်ညစ်လို့ မုန့်မစားချင်သလို မမလဲ စိတ် ညစ်နေတယ်ထင်ပါရဲ့' ဟူ၍လည်း ဝမ်းနည်းစွာ တွေးလိုက်မိရှာသေး၏။

အခြေအနေကား အတာ့အဖို့ပြေလည်သွားသည်ဟူ၍ မရှိဘဲတစ်နေ့တခြား ဆိုးဝါးလာတော့၏။ သို့နှင့်အမျှလည်း ကျောင်းနေချင်သောစိတ်သည် ယခုသိသိ သာသာ ခန်းခြောက်လာကာ နောက်တစ်နေ့ မိုးလင်းသည်နှင့် အတာသည် ကျောင်း သွားသင့် မသွားသင့်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရန် စဉ်းစားလာရတော့၏။

အတာ့အရွယ်သည်မိဘနှင့်ဆရာသမားတို့ကရှေ့ဆောင်လမ်းပြ၍ ညွှန် ကြား ထိန်းသိမ်းသွားရမည့်အရွယ်ပင် ဖြစ်သော်လည်း ယခုမူ အတာသည် သူ၏ ရှေ့ရေးကိုမြော်မြင်ဉာဏ်နနယ်လှသေးသော သူ့ဦးနှောက်ဖြင့်သူစဉ်းစားဆုံးဖြတ် ကာ သူ့ကြမ္မာကို မှားမှားမှန်မှန် သူသာလျှင် ဖန်တီးရမည်ကဲ့သို့ဖြစ်နေ တော့၏။



'ဘာထူးဦးမှာလဲ၊ မုန့်ဖိုးလဲ မှန်မှန်မရဘူး၊ ကျောင်းလခလဲ သုံးလရှိပြီ မပေးနိုင်ဘူး၊ ပြီးတော့ ဆရာမကလဲ'

ကြုံတွေ့ခဲ့ရသော ဆရာမ၏အပြုအမူ မတော်မလျော်သည့် အရေးများကို တစ်မျှော်တစ်ခေါ်တွေးကာ အတာလည်း တိကျသော အဆုံးအဖြတ်ဖြင့် ဆတ်ခနဲ ထလာခဲ့၏။

ယခင်ရက်များက ကျောင်းမုန့်ဖိုးတောင်းရန် ထွက်လာတိုင်း အနည်းနှင့် အများ စောင့်ရရှာသော သူ့မေမေကို ယခုမူ အဆင်သင့်ပင်တွေ့ရ၏။ ခါတိုင်း မုန့်ဖိုးတောင်းရန် လာစဉ်က ရဲရဲကင်းတင်း မကပ်ဝံ့သော်လည်း ယနေ့ အတာ သည် ဝံ့ဝံ့စားစားပင် သူ့မေမေအနီးတွင် ထိုင်ချလိုက်၏။

'ဟဲ့ကောင် လွယ်အိတ်ကော'

'မပါဘူးမေမေ၊ ကျွန်တော် ကျောင်းမသွားချင်တော့ဘူး၊ အဲဒါ မေမေ့ကို ကျွန်တော် လာပြောတာ'

ကျောင်းလခနှင့်ပတ်သက်၍ စကားစပ်မိတိုင်း မသိန်းမေသည် 'ရှုပ်ပါ တယ်၊ နင် ကျောင်းထွက်လိုက်တော့ အပိုပဲ' ဟု ပြောခဲ့ဖူးသောကြောင့် အတာ လည်း ထိုစကားကို ရဲရဲတင်းတင်းပင် ပြောချလိုက်၏။

'ဘာ ကျောင်းမသွားချင်တော့ဘူး၊ ဟုတ်လား'

'ဟုတ်ကဲ့၊ ဆရာမက ကျောင်းလခပဲ နေ့တိုင်း တောင်းတောင်းနေတယ် မေမေရဲ့'

'အေး ဒါဖြင့်ပြီးရော၊ မသွားနဲ့တော့'

မသိန်းမေလည်း ထမင်းစားပြီး၍ ရေသောက်သလို ခပ်လွယ်လွယ်ပင် ပေါ့ပေါ့ကလေး ပြောလိုက်၏။ မသိန်းမေမှာ သူ့ကိုယ်၌က ပညာတတ်သူမဟုတ် သောကြောင့် ပညာ၏ တန်ဖိုးကို မသိ။ သားသမီး၏ ပညာရေးကိုလည်း မစဉ်း စား၊ သူ့အဖို့၌ ကျောင်းလခငွေ အပေးသက်သာသွားသည်ကိုပင် စိတ်ထဲ၌ ပျော်သလိုလို ရှိသွားချေသေး၏။

အတာကလေး ကျောင်းမလာတော့သည်မှာ တစ်ပတ်မျှ ရှိသွားပြီကို ဆရာမ၏ အကြောင်းကြားချက်အရ ကျောင်းအုပ်ကြီးများ သိသွားသည်နှင့် ချက်ချင်းပင် အရေးတယူ ဆွေးနွေးကြကာ စာပေး၍ စုံစမ်း၏။

စာထဲ၌ အတာ အဘယ်ကြောင့် ကျောင်းမတက်သည်ကို သိလိုကြောင်း၊ နေထိုင်မကောင်း၍ မလွှတ်ခြင်းဖြစ်လျှင် ခွင့်ပေးမည်ဖြစ်လျက် အကြောင်းကြား စေလိုကြောင်း၊ သို့သော် ကျန်းကျန်းမာမာရှိပါလျက်နှင့် ကျောင်းမတက်ခြင်း ဖြစ်ပါမူ ကျောင်းအုပ်ကြီးက ဝမ်းနည်းမည်ဖြစ်လျက် ချက်ချင်းပင် ကျောင်းတက် စေချင်ကြောင်း စသည်ဖြင့် ပါလာသော်လည်း မသိန်းမေသည် 'အတာအား ယနေ့မှစ၍ ကျောင်းထုတ်လိုက်ပြီဖြစ်ကြောင်း' ဖြင့်သာ ဈေးထဲမှ စာရေးတစ်

www.burmeseclassic.com



ယောက်အား အရေးနိုင်းလျက် ထိုအတိုင်းပင် စာပြန်လိုက်တော့၏။

\+ + +

'လာ လာ လာ အဆင်ကလေးကောင်းသည်၊ လာ လျှော့ဈေးရောင်းမည်၊ ကောင်းပေမည်၊ ဒီအသွေးကလေးကို ပျိုကြိုက်သည်၊ လိုချင်သည်၊ ကိုကိုရယ် ဝတ်ချင်လှပြီ၊ မောင်မောင်ရယ် ဝတ်ချင်လှပြီ၊ ဝယ်ပါအတည် ကောင်းသည် ရောင်းမည်၊ တစ်ထည်ခြောက်မူးစီ'

သို့လျှင် အသံနေအသံထားဖြင့် စူးစူးဝါးဝါးကလေး အော်ဆိုလိုက်သော အတာ၏ သီချင်းသံသည် အနီးအနားတစ်ဝိုက်တွင် ပဲ့တင်ရိုက်လျက်ရှိတော့၏။ တနင်္ဂနွေနေ့ဖြစ်သည့်အတိုင်းလည်း အားလပ်ခွင့်ရသော အစိုးရအမှုထမ်းများသည် ယနေ့မှပင် အေးအေးလူလူ သွားလာဝယ်ခြမ်းလျက်ရှိသောကြောင့် ဈေးတန်း တစ်လျှောက်မှာ ခါတိုင်းထက် စိုစိုပြည်ပြည် စည်ကားလျက်ရှိ၏။

အသားချင်းတူ ဈေးနှုန်းနှင့် အဆင်ချင်းတူလျှင် အတာ့ထံတွင်သာ ဝယ်ကြ၏။ အချို့သော လူချမ်းသာနှင့် တူသူများကမူ အတာဆိုနေသော သီချင်းကို သဘောကျ၍လည်းကောင်း၊ မေးကိုင်ပါးဆွဲနှင့် ဝင်ဝယ်သွားကြသည်လည်းရှိ၏။

ဝယ်သူပါးသွားသည်ဆိုလျှင် အငိုင်သားစဉ်းစားနေတတ်၏။ ယခုသူရောင်းပေးနေရသည်မှာ ကြီးကြီးမေဆိုသူ၏ အထည်ပစ္စည်းများဖြစ်လျက် နစ်နာရီသာ သာလောက် ရောင်းလိုက်ရုံမျှဖြင့် ငွေလေးကျပ်ခန့် အမြတ်ပေါ်နေပြီကို အတာ တွက်မိ၏။ တစ်ထည်လျှင် ခြောက်မူးဖြင့်ရောင်းနေသော လင်မနစ် လုံချည်များမှာ ဆယ်ထည်ဝယ်လျှင် ငါးကျပ်သာပေးရကြောင်း ကြီးကြီးမေက သူ့အား အဝယ်နိုင်းဖူးသဖြင့် တစ်ထည်ငါးမူးသာ အရင်းကျသည်ကို အတာ သိ၏။

'ငါ့ပိုက်ဆံနဲ့ငါ ဝယ်ရောင်းနိုင်ရင် ဒီလေးကျပ်ဟာ ငါ့မြတ်တဲ့ပိုက်ဆံ ဖြစ်မှာပဲ'

ဤသို့လည်း စိတ်ထဲမှရေရွတ်ရင်း လောဘကလေး ညွတ်နေမိ၏။ သို့သော် တစ်ရာကျော်မျှသော အထည်များ၏ တန်ဖိုးကို တွေးမိ တွက်မိလာသော အခါ၌မူ အတာ မျက်လုံးပြူးသွား၏။

ထိုနေ့က ညနေဆိုင်သိမ်း၍ ကြီးကြီးမေအပြန်တွင် အတာအား မုန့်ဖိုး ငါးမူးအပြင် 'အဲဒါ မင်းချုပ်ဝတ်' ဟု လုံချည်တစ်ထည်ပါ ပေးသည်ကို အတာ လည်း ပိုက်ဆံသာလက်ခံလျက် လုံချည်ကိုမူ ပြန်ပေးလိုက်၏။

ကြီးကြီးမေ ပြန်သွားသည်နှင့် အတာအား မသိန်းမေကခေါ်ကာ

'လုံချည်ကို ဘာပြုလို့ ပြန်ပေးလိုက်ရသလဲ ဟင်'

'ကျွန်တော်မှ မဝတ်ချင်ဘဲ မေမေရဲ့၊ မိန်းမတွေဝတ်တဲ့ အဆင်ကြီး'

'ဘာဖြစ်ဖြစ်ပေါ့၊ ပေးတာကို ယူမထားဘူး၊ ဒီလောက်ပဲ အရသလား။



နင် မဝတ်ချင် ငါ့ကိုပေးပေါ့၊ ရောင်းစားရင် အနည်းဆုံး ငါးမူးတော့ရမှာသိရဲ့ သား' ဟူသော ဝေါက်သံနှင့်အတူ ခေါက်ခနဲ ခေါက်လိုက်သေး၏။

ယခုမှ အတာ တွေးမိ၏။ ကြီးကြီးမေပေးသည့် လုံချည်မှာ မိန်းမဆင်ပင် ဖြစ်သော်လည်း အပွင့်အခက်များမဟုတ်ဘဲ အကွက်ကလေးဖြစ်သောကြောင့် သူလို ယောက်ျားသူတစ်ယောက် ဝတ်မည်ဆိုက ဝတ်နိုင်၏။

'ဟုတ်ပါရဲ့ ငါမိုက်သွားတယ်၊ ယူထားလိုက်ရ အကောင်းသား၊ ကိစ္စ မရှိဘူးလေ၊ နောက်တနင်္ဂနွေကျမှ ငါပြန်တောင်းမယ်'

\+ + +

တနင်္ဂနွေနေ့များတွင် အတာသည် ကြီးကြီးမေနှင့် ပိုင်းရောင်းခွင့်ရ၍ ပျော်သလိုလို ရှိခဲ့သော်လည်း အခြားသောနေ့များတွင်မူ သူ့တွင် ဘာအလုပ်မျှ မည်မည်ရရ မရှိ။ မသိန်းမေမှာလည်း ဆိုင်ဆို၍ အတည်တကျ ရောင်းချလေ့မရှိဘဲ တစ်ခါ တစ်ရံတွင် တောဈေးသည်များထံမှ ဈေးပေါပေါနှင့်ရတတ်သော သနပ်ခါးတုံး များကို ရောင်း၍ တစ်ခါတစ်ရံတွင်မူ

'ဘာရှာကြသလဲ ဟင်၊ ဘာအလိုရှိလို့လဲ၊ ဝယ်ချင်တာပြောပါ ဈေးပေါ ပေါနဲ့ ရအောင် လိုက်ဝယ်ပေးမယ်လေ'

ပစ္စည်းတစ်ခုခုပင် ဝယ်လိုသော်လည်း မည်သည့်ဈေးရုံတွင် မည်သည့်ကုန် ရောင်းသည်ကို မသိ၍ ယောင်လည်လည် ဖြစ်နေတတ်သော ဈေးဝယ်များကို မသိန်းမေသည် သို့လျှင် ဆီးကြိုလျက် ၎င်းတို့အလိုရှိရာကို မေးမြန်းစုံစမ်းကာ လိုက်လံဝယ်ခြမ်းပေးလေ့ရှိ၏။ အရောင်းအဝယ်ဖြစ်သွားလျှင် ဆိုင်ရှင်က မသိန်းမေ အား ပွဲခပေး၏။ ရောင်းနေကျ ဈေးမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်မည် ဆိုက ငွေတစ်ဆယ်လျှင် ငါးမူးမျှသာ မသိန်းမေ ပွဲခရ၏။

တစ်ခါတစ်ရံတွင်မူ ကိုထွန်းအောင် ပြောဖူးသကဲ့သို့ မသိနားမလည်သော တောနယ်မှ ခရီးသည်များအား ကုလားဘန်ကောက်အတုကို အစစ်ဟုလိမ်လည် ၍လည်းကောင်း၊ သက္ကလတ် အညံ့စားများကို အကောင်းဆုံးအသားဟူ၍လည်း ကောင်း မတန်တဆဈေးဖြင့် ရောင်းလိုက်သော အခါများတွင်မူကား မှန်တန် ရောင်းဈေးထက် ပိုသမျှငွေကို သူပင် အကုန်ရ၏။ ဤနည်းမျိုးဖြင့် မသိန်းမေသည် တစ်ခါတစ်ရံ တစ်ထိုင်တည်း ဆယ့်လေးငါးကျပ်အထိ အမြတ် ပေါ်သွားတတ်၏။

ဤလို မတရားသဖြင့် လိမ်လည်ရောင်း၍ အမြတ်ယူခြင်းကို ကိုထွန်း အောင် အလွန်စက်ဆုပ်၏။ မလုပ်ပါရန် အတန်တန် ပြောသော်လည်း ရ၊ အရောင်းအဝယ်နှင့်ပတ်သက်လာလျှင် နှစ်ကျပ်တန်ပင်ဖြစ်စေ ရှစ်ကျပ် တစ် ဆယ် ရအောင်လည်း လိမ်ရောင်းတတ်၏။ မတရား အမြတ်ကြီးစားတတ်၏။ ထိုငွေမှာ တရားသဖြင့် ရသောငွေ မဟုတ်သောကြောင့်လည်း သူ၏ ဝတ်ရေး

www.burmeseclassic.com

www.burmeseclassic.com



စားရေးတွင် မသုံးလိုက်ရဘဲ မြင်းပွဲနှင့် ၃၆ ကောင်တွင် ရှုံးသွားရသည်ကများ၏။

သို့ မသိနားမလည်သူ တောခရီးသည် ဈေးဝယ်များအား အရောင်းအဝယ်လုပ်ရာ၌ မတရားအမြတ်ယူ ပစ္စည်းအတု လိမ်ရောင်းဖြင့် အလွန်မကောင်းစွာပြုမူတတ်သော်လည်း မသိန်းမေတွင် နှစ်လိုဖွယ်ရာသော စိတ်ကောင်းကလေးများလည်း ရှိလေသေး၏။

ကုန်သည်ပွဲစား ဝယ်သူများတည်းဟူသော ငွေကြေးရှင်သူတို့ စည်ကားရာရပ်ကွက်ဖြစ်သည့်အတိုင်း သိမ်ကြီးဈေးတစ်ဝိုက်သည် သူခိုးနှင့် ခါးပိုက်နှိုက်အလွန်ပေါ၏။ တစ်လလျှင် အနည်းဆုံး လေးငါးကြိမ်လောက် တောခရီးသည်များ ခါးပိုက်နှိုက်ခံရတတ်၏။ ခားထောက်၍သော်လည်း အလုခံရတတ်၏။

ဤသည်ကို မသိန်းမေ ကြားလိုက် သိလိုက်ရသည်နှင့် ချက်ချင်းရောက်လာကာ အတတ်နိုင်ဆုံးသော အကူအညီပေးလေ့ရှိ၏။ ဂတ်တိုင်လိုသည်ဆိုကအရောက်ပို့ပေးလျက်

'ကျုပ်တို့က တောသားတွေပဲဗျား၊ ဂတ်လဲ မတိုင်ချင်တော့ပါဘူး။ ရုံးတွေ ဘာတွေ တက်ဖို့လဲ အချိန်မရပါဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ရန်ကုန်က ခါးပိုက်နှိုက်တွေ တယ်ဆိုးသဗျာ၊ လမ်းစရိတ်တောင် မကျန်တော့ဘူး၊ အကုန်နှိုက်သွားတာပဲ'

ခါးပိုက်နှိုက်သူများက လမ်းစရိတ်ချန်၍ပင် နှိုက်သင့်သကဲ့သို့ အချို့သော တောခရီးသည်များက ဤလို ရိုးရိုးအအကြီး ပြောတတ်ကြသေး၏။

'ကဲ လာ လမ်းစရိတ်လောက်တော့ ကျွန်မ ရအောင် ဆောင်ရွက်ပေးမယ်'

ဤကဲ့သို့သော ဒုက္ခမျိုးနှင့် ကြုံနေရသူများကိုတွေ့က မသိန်းမေ မနေတတ်၊ နီးရာဆိုင်မှ ထမင်းချိုင့်အလွတ်တစ်ခုဆွဲကာ ခါးပိုက်နှိုက်ခံရသူနှင့်အတူလမ်းစရိတ်အဖြစ် ဆိုင်တိုင်းဈေ အလှူခံ၍ပေးလိုက်တတ်၏။ သို့ကြောင့်ပင် မသိန်းမေ၏ စိတ်ဓာတ်ကို အကဲခတ်မရဟု ကိုထွန်းအောင် ပြောလေ့ရှိခြင်းဖြစ်ဟန်တူ၏။

ဆိုခဲ့သည့်အတိုင်းပင် မသိန်းမေသည် ဆိုင်တစ်ဆိုင်အဖြစ် အတည်တကျထိုင်ရောင်းရသည်ထက် ပါးစပ်ပွဲစားလုပ်ရခြင်းက ငွေရင်းလည်းမလို၊ အမြဲတစေလည်း ထိုင်ရောင်းနေရသည် မဟုတ်သောကြောင့် ပို၍ သဘောကျ၏။ သူ့အချိန်နှင့်သူ သွက်သွက်ကလေး ရောင်းရတတ်သော ဒူးရင်းယို၊ သနပ်ခါးစင်ပန်း၊ ဖဲထီး အစရှိသော ပစ္စည်းများကိုသာလျှင် ရာသီလိုက်၍ ဆိုင်ထိုင်ရောင်းလေ့ရှိ၏။

သို့အလျောက်လည်း အလွန်ဈေးရောင်းချင်နေသော အတာမှာ နေ့ရှိသလောက် ဟိုယောင်ယောင် သည်ယောင်ယောင်ဖြင့်သာ အချိန်ကုန်နေတော့၏။ တနင်္ဂနွေနေ့တွင်မှ သူ့ကြီးကြီးမေနှင့်အတူ လုံချည်ရောင်းခွင့်ရတော့၏။ တစ်ခါတစ်ရံ ရွယ်တူ ကုလားကလေးများကဲ့သို့ ပရုတ်လုံးလည်ရောင်းရန်



ကြံစည်မိသေး၏။ သို့သော် သူ့တွင် အရင်းအနှီးမရှိ။ ယခု သူကျောင်းထွက်ခဲ့ပြီးမှ ထမင်းဖိုးအဖြစ် ပိုက်ဆံဟူ၍ ရသည်ကနည်းပြီး တစ်ဆိုင်ဆိုင်သို့ လက်ညှိုးထွန်၍ အစားခိုင်းခြင်း သို့မဟုတ် သူ့မေမေနှင့်ပင် အတူစားလိုက်ရခြင်းကများသောကြောင့် သူ့တွင် ပိုက်ဆံစုရန် အခွင့်အလမ်း မရရှိဘဲ နေခဲ့၏။

တစ်ဖန် တနင်္ဂနွေနေ့တိုင်း ကြီးကြီးမေ ပေးလေ့ရှိသော ငါးမူးမှာလည်း ရရအောင်းရသည်ဟူ၍ မရှိဘဲ

'ဒေါ်မေပေးသွားတဲ့ ပိုက်ဆံရှိသေးတယ် မဟုတ်လား၊ အဲဒီပိုက်ဆံနဲ့ ထမင်းသွားစားချည်၊ နောက်တော့ ငါပြန်ပေးမယ်' ဟူ၍ တစ်နည်း

'နှင့် ပိုက်ဆံ ဘယ်လောက်ကျန်သေးသလဲ၊ တစ်မူး ခဏပေးစမ်း'ဟူ၍ အစ်ဖုံ ဤလိုဖြင့် အတာ့ ငါးမူးစေ့သည် ကုန်သွားလေ့ရှိ၏။ တစ်ခါတစ်ရံတွင်မှ သူ့ကြီးကြီးမေ ပေးသွားတတ်သော ပိုက်ဆံငါးမူးကို ပူအောင်ပင် မကိုင်လိုက်ရဘဲ အားလုံးပင်ယူ၍ ၃၆ ကောင် ထိုးပစ်လိုက်တတ်သေး၏။

အတာ့အနေနှင့်ဆိုသော် ကျောင်းထွက်လိုက်ခါမှ အခြေအနေ ပို၍ဆိုးနေတော့၏။ ကျောင်းနေစဉ်ကဆိုလျှင် မုန့်ဖိုးမမှန်ဟု ဆိုသည့်တိုင်အောင် နက်ခြားလောက်ကား ရတတ်သေးသည်ဖြစ်၍ တစ်ပတ်လျှင် တစ်မတ်အနည်းဆုံး ရမိ၏။ ယခုမူ မုန့်ဖိုးဟူ၍လည်း သီးသန့်မရ။ ထမင်းကိုလည်း ဆိုင်တွင်သာ စားရသည့်အကြိမ်က များသောကြောင့် ပိုက်ဆံစုရန်ဆိုသည်မှာ အတာ့အဖို့ လေဖမ်း၍ တန်းချိုင်းသလို ဖြစ်နေတော့၏။

\+ \+ \+

တစ်ပတ်လျှင် တစ်ကြိမ်ကျ ကိုထွန်းအောင်က စာရေးလေ့ရှိသည့်အတိုင်း သနေ့လည်း မသိန်းမေထံသို့ စာတစ်စောင် ရောက်လာ၏။ အတာကလေးအဝတ်လျှော်နေစဉ် စာရောက်လာသဖြင့် ပျာပျာသလဲ ဖောက်၍ဖတ်လိုက်သည်၌

သား အတာ

ငါ မင်းဆီ စာရေးတိုင်း ထည့်ရေးဖို့ မေ့မေ့သွားတယ်၊ အဲဒါ တခြားတော့ မဟုတ်ဘူး၊ မင့်အတန်းမှာ မင်းဟာ မော်နီတာဖြစ်သလို ငါလဲ လူလေးဆယ်ရှိတဲ့ ငါတို့ ကျောက်ထိုးသင်တန်းမှာ ငါ မော်နီတာအဖြစ်နဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတယ်၊ မင်းနဲ့ငါ စိတ်ကောင်းရှိတာချင်း တူလို့ပေါ့ကွာ၊ ဒါနဲ့ မင့်အမေ ကျောင်းလခ မှန်မှန်ပေးရဲ့လား၊ မုန့်ဖိုးကော နေ့တိုင်းရရဲ့လား၊ ငါတော့ ဒီကိစ္စကို အမြဲ ပူနေတာပဲ၊ ဒါပေမဲ့ မင်းစာထဲမှာ အားလုံး မှန်မှန်ပေးတယ်ဆိုတာပါလို့ ငါဝမ်းသာမိတယ်၊ တကယ်ကော ပေးရဲ့လားကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အတာ၊ မင်း ဝမ်းမနည်းနဲ့နော်၊ မင်းတို့အတွက်ပဲ ငါတော့ စွန့်စားလိုက်ပြီ၊ အဲဒါ တခြားမဟုတ်ဘူး၊ ဒီနေ့ပဲ ငါ ယိုးဒယားကို လိုက်သွားတော့မယ်၊ လခကောင်းလို့ ငါလိုက်သွားတာပဲ ပြန်လာရင် ငွေသုံးလေးရာလောက် စုမိမယ်၊ ဒါမှ အရောင်းအဝယ် လုပ်ဖို့ အရင်းအနှီးရမယ်၊ မင်း လိမ္မာပါ၊ စာကြိုးစားပါ။

အမေထွန်း

စာ မပြန်နဲ့၊ ငါ မိတ္ထီလာမှာ မရှိတော့ဘူး။

ထိုစာမှာ အတာ့အတွက် သီးခြားတစ်စောင်ဖြစ်ပြီး မသိန်းမေအတွက် ပေးစာတွင်မူ အတော်ကလေး စုံအောင် ရေးထား၏။ ကျောက်ထိုးသင်တန်း သုံးလပြီး၍ စာမေးပွဲစစ်ရာတွင် သူသည် ချီးကျူးလောက်သော ဂုဏ်ထူးဖြင့် အောင်ခဲ့သောကြောင့် ယိုးဒယားပြည်မှ တောင်းဆိုထားရမ်းထားသော ကျောက်ထိုး ဆရာ နှစ်ယောက်အနက် အပါအဝင်အဖြစ် ကိုထွန်းအောင်အား ရွေးချယ်လိုက် ကြောင်း၊ သို့သော် မလိုက်လိုကလည်း နေနိုင်စေကာမူ တစ်လလျှင် ၁၀၀ကျပ်တိတိ ရမည်ဖြစ်၍ လိုက်မည်ဟု သဘောတူလိုက်ကြောင်း၊ သို့မဟုတ်ဘဲ မြန်မာပြည်မှာပင် အလုပ်လုပ်လိုသော် လစာငွေ ၄၀–၄၅ ကျပ်ခန့်သာ ရမည်ဖြစ်ပြီး အလုပ်ရရန် မှာလည်း မလွယ်ကူလှ။ အတော်ကြာကြာ စောင့်ရမည်ဖြစ်၍ သေချာပြီး ငွေ များများရမည့် အလုပ်ကို လက်ခံလိုက်ခြင်းတို့ကို အကျယ်တဝင့် ရေးလိုက်၏။

ထိုစာကို အတာက ဖတ်ပြစဉ် ရှိုက်သံကလေးဖြင့် မျက်ရည်တစမ်းစမ်း ဖြစ်နေသော်လည်း မသိန်းမေတွင်မူ သူ့အား မတိုင်ပင်ဘဲ ဆုံးဖြတ်ရကောင်းလားဟု အလွန်အမင်း ဒေါသဖြစ်လျက်ရှိ၏။ ချက်ချင်းပင် မိတ္ထီလာသို့ လိုက်သွားမည် တကဲကဲလုပ်နေသောကြောင့် မခင်သက်တို့က သံကြိုးရိုက်၍မေးရန် ဝိုင်းဝန်း အကြံပေးကြ၏။ ကိုထွန်းအောင် မိတ္ထီလာ၌ မရှိတော့ပြီဟူသော သံကြိုးပြန်လာ မှပင် မသိန်းမေလည်း ထိုအကြံကို လက်လျှော့လိုက်တော့၏။

ကိုထွန်းအောင်ထံမှ စာရောက်လာလျှင် များသောအားဖြင့် အတာသာ ဖတ်ပြရသကဲ့သို့ ပြန်စာကိုလည်း အတာပင် ရေးပေးရ၏။ မသိန်းမေ ပြန်စာ ရေးပို့တိုင်းလည်း အတာသည် သူ့အနေဖြင့် စာတစ်စောင်သတ်သတ် ရေးထည့် လေ့ရှိ၏။ ကိုထွန်းအောင်၌ စိတ်မချမ်းသာ ဖြစ်နေမည်လားဟူသော စိုးရိမ်မှု ကလေးဖြင့် ကျောင်းလခကိစ္စကို ဘယ်သောအခါကမှ အမှန်ကို မသိစေဘဲ ရပါသည်၊ ပေးပါသည် ဟူ၍သာ လိမ်ခဲ့၏။

အတာသည် ကိုထွန်းအောင်အား ရင်းရင်းနှီးနှီးနှင့် ရဲရဲတင်းတင်းချစ်၏။ မသိန်းမေကိုမူ ဖော်ဖော်ရွေရွေ မချစ်ဝံ့။ မိခင်ကို ချစ်မြတ်နိုးရာ၌ပင် အတာသည် ကြောက်ကြောက်လန့်လန့် ချစ်နေရ၏။ ကိုထွန်းအောင်မှာ ပထွေးပင် ဖြစ်စေကာမူ



အတာကလေးအပေါ်၌ သားအရင်းတစ်ယောက်နှင့်မခြား ချစ်မြတ်နိုး၏။ ဂရု စိုက်၏။ အတာ့ ရှေ့ရေးအတွက်လည်း လေးလေး နက်နက် စိတ်ဝင်စားခဲ့ သလောက် မအေရင်းဖြစ်သော မသိန်းမေမှာမူကား ဆိုခဲ့သည့်အတိုင်း အတာ ကျောင်းထွက်သည်ကိုပင် ကျောင်းလခတည်းဟူသော တာဝန်တစ်ခု ပေါ့သွားပြီ ဟူ၍ပင် သဘောကျခဲ့သူ ဖြစ်၏။

\+ \+ \+

အတာသည် ကျောင်းနှင့် ကင်းဝေးခဲ့သလောက် ဆုံးမဩဝါဒနှင့်လည်း ကင်းဝေး ခဲ့ပြီဖြစ်၏။ မသိန်းမေကလည်း ရေမှန်မှန်ချိုးနိုင်းသည့် ကိစ္စလောက်ပင် သွန်သင်ခြင်းမရှိ၊ လုံးဝ လျစ်လျူရှုထားခဲ့သောကြောင့် လူလိမ္မာလေး အတာသည် ယခု တဖြည်းဖြည်း တေပေစ ပြုလာပြီဖြစ်၏။

ကျောင်းသားဘဝက အားလပ်ခွင့်ရသော ကျောင်းပိတ်ရက်များတွင်ပင် ကျောင်းစာကိုသာ ဖတ်ရင်း ရေးရင်းဖြင့် အချိန်ကုန်ခဲ့တတ်သော အတာသည် ယခုသော် ကျောင်းဟူသည်ကို စိတ်ပျက်ခဲ့သည်အမျှ စာတွင်လည်း စိတ်မဝင်စား တော့ဘဲ လတ်လျားလတ်လျားနှင့် လမ်းသလားနေပြီဖြစ်၏။

အကယ်၍ မသိန်းမေသာ ဆိုင်အတည်တကျနှင့် မှန်မှန်ရောင်းနေခဲ့သော် အတာကိုပါ ထိုင်ခိုင်းခြင်းအားဖြင့် စိတ်ကလေး မလေမလွင့်ဘဲရှိမည်ဖြစ်၏။ ယခုသော် မသိန်းမေတွင် ပါးစပ်ပွဲစားအဖြစ်သာ စခန်းသွားနေသောကြောင့် အတာ တွင် တနင်္ဂနွေနေ့မှတစ်ပါး နေ့စဉ် အားလပ်ခွင့် ရနေသည်ဖြစ်ရာ ကလေးတို့ ဆိုသည် အားလျှင် အကစားနှင့်သာ အချိန်ဖြုန်းတတ်သည့်အတိုင်း ပတ်ဝန်းကျင်ရှိ ကလေးများနှင့်ပေါင်းကာ ကောင်းကောင်းကြီး ဆော့ခွင့်ရတော့၏။

ဘခွေး အပါအဝင်ဖြစ်သော သူ့ကစားဖက်များမှာလည်း အတာကဲ့သို့ပင် ကျောင်းမထားနိုင်သော မိဘများမှ ပေါက်ဖွားလာခဲ့သူ ကလေးများဖြစ်လျက် အထူးသဖြင့် စာဆို၍ အတာလောက်ပင် မသင်ဖူးသေးသော လူပေလူတေကလေး များဖြစ်သည်နှင့်အညီ တံငါနားနီး တံငါ ဟူသကဲ့သို့ အတာသည်လည်း သူတို့ နှင့်ပေါင်းကာ အကြောင်းမလှအောင် တေစ ပေစ ပြုလာတော့၏။

နံနက်စာ ထမင်းစားပြီးသည်နှင့် အတာကလေး မည်သည့်အရပ်ရောက်နေ သည်ဟု မည်သူမျှ အတပ်မပြောနိုင်။ အရှိန်နှင့်သွားနေသော ဓာတ်ရထားပေါ်သို့ ခုန်တက်လိုက် ပြေးဆင်းလိုက်ဖြင့် ဆော့နေသည်ကိုလည်း တွေ့ရတတ်၏။ မြင်းလှည်းနောက်မြီး ခိုစီးရင်း ရောက်ချင်ရာ ရောက်နေသည်ကိုလည်း တွေ့ရ တတ်၏။ ယခု တီရစ္ဆာန်ရုံ၌ ကျားကို သစ်ကိုင်းခြောက်ဖြင့် ထိုးနေသော အတာကို နောက်တစ်နာရီခန့်အကြာတွင် ကန်တော်ကြီး၌ ရေကူးပြိုင် ကူးနေမည် ဖြစ်၏။ နေ့လယ်ပိုင်းက သဘောဆိပ်၌ ဟိုပြေးသည်လူ ကစားနေသော

www.burmeseclassic.com

www.burmeseclassic.com



အတာ အပါအဝင် လူပေလူတေကလေးတစ်စုကို ညနေဘက်၌ ရွှေတိဂုံဘုရားဆေါင်တွင် ခိုကလေးများကို လောက်လေးနှင့် ပစ်ခတ်မှုကြောင့် ဘုရားပုလိပ်လိုက်၍ ထွက်ပြေးနေရသည်ကိုလည်း တွေ့ရတတ်၏။

မကြာခဏ ဆိုသလိုလည်း အတာတို့လူသိုက်သည် တစ်ယောက်က လန်ခြားကုလားခေါင်းပေါင်းကို ဆွဲချွတ်၍ တောင်ဘက်သို့ထွက်ပြေးလျှင် အခြားတစ်ယောက်က လန်ခြားမီးခွက်ကိုဖြုတ်ပြီး မြောက်ဘက်သို့ ယူပြေးသောနည်းဖြင့် ဆော့ကြရာ၌ လန်ခြားကုလားမှာ တောင်ဘက်လိုက်ရမလို မြောက်ဘက်လိုက်ရမယောင်ဖြင့် ဟိုပြေးဒီပြေး ဖြစ်နေသည်ကို အတာတို့ကြည့်ကာ အလွန်ပျော်နေတတ်ကြ၏။ သို့လျှင် အဆော့မျိုးစုံ ကမြင်းစရာကုန်သွားလျှင် ဖဲရိုက်ကစားကြ၏။ မျောက်ပန်းလှန်၏။

ယခုသော် အတာအား အလွန်လိမ္မာ၍ ဣန္ဒြေသိက္ခာရှိသော အတာအဖြစ်မမြင်ရတော့ဘဲ အခြားသော လူပေလူတေ ကလေးများနည်းတူ အလွန် အော့နှလုံးနာစရာ ကောင်းသော အတာအဖြစ်သာ တွေ့ရတော့၏။

တရုတ်ဟိုတယ်များတွင် သွားရောင်းက ခိုတစ်ကောင်လျှင် တစ်မူးရသောကြောင့် အတာတို့လူသိုက်သည် ပိုက်ဆံလိုလာလျှင် ခိုလိုက်ပစ်ကြ၏။ သူတို့တစ်တွေ အများဆုံးသွားတတ်သော နေရာမှာ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ရှိ ခိုအလွန်ပေါသော ကုလားဗလီတစ်ပိုက် ဖြစ်၏။

သက်မဲ့ဖြစ်သော ပန်းပင်ကလေးများကိုသော်မှ ညှိုးနွမ်းသွားမည်ကို မကြည့်ရက်နိုင်ခဲ့သော အတာ၊ ပိုးဟပ်ကလေးများ မြောင်းထဲတွင် ရေနစ်နေသည်ကိုတွေ့က မရအရ ဆင်းဆယ်၍ အသက်ကယ်ခဲ့ဖူးသော အတာသည် ယခု လူမိုက်လူပေကလေးများနှင့် ပေါင်းကာ စာကလေး၊ ခို၊ ဆက်ရက် စသည်တို့ကို ရက်ရက်စက်စက် လောက်လေးနှင့် ပစ်သတ်နေပြီဖြစ်၏။

ည အိပ်ခါနီးတွင် ထိုနေ့အဖို့ သူဆော့ခဲ့သည်များကို ပြန်လှန်သတိရရင်း သူ့လောက်လေးဒဏ်ကြောင့် မချိမဆန့်နှင့်တဖျတ်ဖျတ်လူးကာ သေပွဲဝင်သွားရရှာသော ခိုကလေးများကို မျက်စိထဲတွင် မြင်ယောင်လာ၏။

‘ဒီဘဝမှာ မင်းတို့ကပိုးကောင်ကလေးတွေ့ ဘာလေးတွေကို သတ်ရင်နောင်ဘဝကျတော့ မင်းတို့က ပိုးကောင်တွေဖြစ်ပြီး သူတို့ကလူပြန်ဖြစ်ရော၊ အဲဒီအခါမှာ မင်းတို့ကို ပြန်သတ်လိမ့်မယ်၊ တချို့ ကလေးတွေဟာ ပိုးကောင်တွေ ဘာတွေလဲတွေ့တိုင်းသတ်မယ်၊ ငှက်ကိုလဲ လောက်လေးနဲ့ပစ်မယ်၊ အဲသလို သူများအသက်များများသတ်တဲ့လူကျတော့ နောက်ဘဝအထိ မနေတော့ဘူး၊ ခုဘဝမှာပဲ ငှက်ကလေးကို လေဘက်လေးနဲ့ပစ်လို့ ခြေကျိုးသွားရင် ပစ်တဲ့လူကလဲ လှေကားပေါ်ကကျလို့ဖြစ်စေ၊ ကားတိုက်လို့ဖြစ်စေတစ်နည်းနည်းနဲ့ခြေကျိုးလက်ကျိုးဖြစ်တတ်တယ်’

ချက်ချင်းပင် ကျောင်းနေစဉ်က နားထောင်ခဲ့ရသော ဆရာမတို့၏ဩဝါဒ



စကားကို ကြားယောင်လာ၏။ ကြောက်လည်း ကြောက်လာ၏။ သွေးအေးအေးနှင့် တွေးမိမှ သူ့လက်ချက်ဖြင့် သေသွားရရှာသော ခိုကလေးများကို သနားလာ၏။ ဆရာမ ပြောဖူးသကဲ့သို့ ယခုဘဝမှာပင် ဝဋ်လည်မည်ကိုလည်း အတာ တွေး၍ သန့်လာ၏။

‘တော်ပြီ တော်ပြီ၊ နောက်ကို ငါ မပစ်တော့ဘူး၊ ဘခွေးတို့ ညွန့်မောင်တို့ အပိန်တို့နဲ့လဲ ငါ ခိုပစ်မလိုက်တော့ဘူး’ ဟု ထိုင်ရာမထ ဆုံးဖြတ်ချက်ချလိုက်တော့၏။

နောက်တစ်နေ့ မိုးလင်း၍ အိမ်ပေါ်မှ ဆင်းလာသည်နှင့် အတာသည် သူ့ အပေါင်းအသင်းဖြစ်သော ဘခွေးတို့လူသိုက်ကို ရှာ၏။ တစ်ယောက်မျှ တွေ့သည်နှင့် ထုံးစံအတိုင်း မသိန်းမေရှိရာ ဈေးသို့ထွက်သွားကာ ၁၁ နာရီ အာသာလောက်တွင်မှ ထမင်းစားပြီး ပြန်လာခဲ့၏။ ၂၄ လမ်းထိပ် ရောက်သော် ကုလားတစ်ယောက် မြွေအလမ္ပာယ်ပြနေသည်ကို တွေ့သည်နှင့် ရှေ့ဆုံးမှ ဝင်ထိုင်ကာ ဒူးတနန့်နန့်နှင့် ကြည့်နေ၏။

အလမ္ပာယ်ကုလားလည်း အစအဆုံးပြပြီးသည်နှင့် ကြေးဖလားတစ်လုံး ကိုင်ကာ ပိုက်ဆံလိုက်ခံတော့၏။ ဝိုင်းကြည့်နေသော ပရိသတ်များ အကုန်လောက်နီးနီး ရှင်းသွားသည်တိုင်အောင် အတာသည် အငိုင်သားနှင့် မြွေပခြုပ်ကိုကြည့်ကာ တစ်စုံတစ်ရာ စဉ်းစားနေ၏။ နောက် အတာသည် အတော်အလှမ်းဝေးသို့ ရောက်နေသော အလမ္ပာယ်ကုလားကို တစ်ချက်လှမ်းကြည့်တဲ့ပြီးမှ ရုတ်တရက် ထိုင်ရာမှ ထလိုက်၏။

ချက်ချင်းပင် မကြောက်မရွံ့ မြွေပခြုပ်အနီးတွင် ဆတ်ခနဲ ထိုင်ချလိုက်ပြီး အလမ္ပာယ်ပြကုလား မြွေ(ပလွေ)ကို ပခြုပ်ပေါ်မှ ကောက်တဲ့ကာ တပီပီနှင့် မှုတ်လေတော့၏။

နေရာမှာ ယဉ်အသွားအလာ အလွန်ရှုပ်သော ရပ်ကွက်ဖြစ်သည့်အတိုင်း ဓာတ်ရထားသံ မော်တော်ကားဟွန်းသံ လှည်းရထားသံများဖြင့် ဆူညံနေသည်ဖြစ်ရာ ပေသုံးလေးဆယ်လောက်အကွာသို့ ရောက်နေသော ကုလားသည်လည်း ပြွေသံကို ကြားဟန်မတူ။ ပိုက်ဆံကိုသာ ဆလံပေးရင်း လျှောက်ခံနေ၏။

ဆောင့်ကြောင့်ကလေးထိုင်ကာ မြွေအလမ္ပာယ်ကုလားစတိုင်ဖြင့် ပြွေကြီးကိုကိုင်ပြီး ဘယ်ယိမ်းညာယိုင် အရမ်းကာရော မှုတ်နေသည့်အတာကိုလည်း အနီးအနားရှိ လူစုသည် ရယ်စရာကောင်းသော ရှုခင်းကလေးအဖြစ် ခပ်ပြုံးပြုံး ရပ်ကြည့်နေကြ၏။

သို့နှင့် တစ်မိနစ်ခန့်ပင် မကြာမီ ပြွေသံကြောင့် ပခြုပ်ထဲမှ ထိုးထွက်လာသော မြွေဟောက်နှစ်ကောင်သည် အတာ့ရှေ့တွင် ပါးပျဉ်းတထောင်ထောင်ဖြင့် ပြွေတိမ်းရာသို့ ညီညီညာညာ ယိမ်းနေတော့၏။ ထိုအခြင်းအရာကို အတာ

www.burmeseclassic.com

www.burmeseclassic.com



မမြင်သေး။ သူ့အား သဘောကျနေသည့် လူများကိုသာ ကြည့်ရင်း နောက်ပြောင်သော အမူအရာဖြင့် မှုတ်နေ၏။

သို့လျှင် မြွေများထွက်လာသည်ကို မြင်ရသည်နှင့် ရပ်ကြည့်နေသူများရှဲ့ နောက်ဆုတ်၍ လှုပ်ရှားသွားသည်ကိုပင် အတာက သူ့အား ပြောင်သည်အထင်ဖြင့် ပို၍ပင် ကျယ်လောင်စွာမှုတ်ရင်း အလမ္ပာယ်ကုလား၏အမူအရာအတိုင်းပခြုပ်ဆိုသို့ ငုံ့ကြည့်လိုက်မှ ပါးပျဉ်းထနေသော မြွေဟောက်နှစ်ကောင်ကို မြင်ရတော့၏။

ချက်ချင်းပင် အတာလည်း မျက်လုံးအပြူးသားနှင့် တွန့်ခနဲ နောက်ဆုတ်လိုက်မိသဖြင့် ဆောင့်ကြောင့်မှ ပင်ထိုင်ရက်ကျသွား၏။ မြွေများကလည်း အတာဆုတ်ရာသို့ တိုးလိုက်လာ၏။ ပါးပျဉ်းလည်း ပို၍ ထောင်လာ၏။ အတာတွင် ဘာလုပ်ရမည် မသိတော့ဘဲ မြွေများကိုသာလျှင် ကြောက်ကြောက်လန့်လန့်နှင့် ကြည့်နေမိလျက် ပြေးကိုလည်း လက်ကမချဲ့။ ပါးစပ်မှလည်း မဖြုတ်ရဲ၊ ကြောက်လေ မှုတ်လေ၊ မှုတ်လေ မြွေများကလည်း ပါးပျဉ်းပို၍ ထောင်လာလေဖြင့် အတာမှာ မျက်လုံးများ ကျွတ်ကျမတတ် ပြူးနေတော့၏။

သတိကောင်း၍ ဖျတ်လတ်သော တရုတ်တစ်ယောက်က အလမ္ပာယ်ကုလားကို ပြေးခေါ်လာမှပင် အတာကလေး သက်သာရာ ရသွားတော့၏။ ကုလားမှာလည်း အလွန်အမင်း ဒေါသဖြစ်သွားသည့်တိုင်အောင် ကလေးဖြစ်နေ၍ ဘာမျှမတတ်သာ။ သူ့မြွေများကိုသာ ချော့မော့ သိမ်းဆည်းလိုက်ရတော့၏။ အတာတွင်မူကား အတန်ကြာသည်အထိ ထိုင်ရာမှမထနိုင်သေးဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ ပတ်ဝန်းကျင်ရှိ လူများသည်လည်း သူ့ကိုသာကြည့်၍ ဝိုင်းရယ်နေကြ၏။ မနေတတ်သူ တစ်ဦးကသာ အတာအား ရုတ်တရက်ဆွဲထူလျက် ရှာလပတ်ရည်တစ်ခွက် ဝယ်တိုက်ပြီး

'သွား မင်းအိမ်ပြန်တော့၊ နောက် ဒီလိုမဆော့နဲ့၊ သေတတ်တယ်ကွ' ဟု ဆုံးမ၍ လွှတ်လိုက်၏။

ထို့နောက် တစ်နာရီခန့်ကြာသော် အတာသည် သူ့အပေါင်းအဖော်ဖြစ်သော ဘချွေးတို့အား စောစောက သူကြုံခဲ့ရသည့်အဖြစ်ကို တစ်ခစ်ခစ်ရယ်ရင်း ပြောပြနေ၏။ သူ့အမူအရာတွင်လည်း ကြောက်ရွံ့စိတ် လုံးလုံးမရှိတော့ပေ။

'ဟေ့ အတာ လာလေကွာ သွားမယ်၊ ခိုသွားပစ်ရအောင်'

မငြင်းမပယ် အလွယ်နှင့်ပင် လိုက်သွားတော့၏။ သူတို့သွားရောက်ပင်နေကျ နေရာဖြစ်သည့် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ဗလီ၏ နောက်ဖေးလမ်းကြားသို့ ရောက်သည်နှင့်

'ဟေ့ ဟိုမှာ ကုလားတွေလာပြီ၊ ပြေး ပြေး' ဟူသော အသံကြောင့် အတာလည်း ပြေးမိပြေးရာ စွတ်ပြေးခဲ့ရာ၌ ထွက်ပေါက်မရှိသော လမ်းကြားဘက်သို့ ပြေးမိလျက်သားရှိနေသည်နှင့် ဗလီထဲမှ ထွက်လိုက်လာသော ကုလားတစ်



ယောက်လည်း အတာ့ဇက်ပိုးကို ခပ်ကြမ်းကြမ်းဆုပ်ဖမ်း၍ ဗလီထဲသို့ ဆွဲခေါ်သွားတော့၏။

'နောက်ကို ဒီမှာလာပြီး ခိုတွေပစ်ဦးမလား' ဟူသော မေးခွန်းနှင့်အတူ ကုလားဗလီဆရာက အတာ့နားရွက်ကို ခပ်နာနာကလေး ဆွဲလိမ်လိုက်တော့၏။ အတာတွင် နာလွန်းသဖြင့် မျက်ရည်ကလေးလည်လာရာမှ ခိုပစ်သည့်သူမဟုတ်ကြောင်း၊ သူ့တွင် လောက်လေးလည်း မပါကြောင်းဖြင့် အမျိုးမျိုး ငြင်းချက်ထုတ်သော်လည်း ကုလားကမူ 'မင်းတို့ အတူတူလာတာပဲ' ဟူသော စွပ်စွဲချက်ဖြင့် အတာ့ ဇက်ကို ခပ်စပ်စပ်ကလေး ရိုက်လိုက်၊ နားရွက်ဆွဲလိုက်၊ လက်ကိုလိမ်လိုက်ဖြင့် မှတ်လောက်အောင် ဆုံးမပြီးမှ ပြန်လွှတ်လိုက်၏။

အဆွဲအရိုက်ခံခဲ့ရသော နားရွက်နှင့် ဇက်ကို တစ်လှည့်စီပွတ်ရင်း မျက်ရည်လည်ရွဲနှင့် ပြန်လာခဲ့သော အတာလည်း ယခုမှတစ်ဖန် ဆရာမ ဆုံးမနေသည့် သြဝါဒသံများကို ကြားယောင်လာပြန်၏။

'မင်းတို့အသားကို အပ်ကလေးနဲ့ ဖြည်းဖြည်းလေးပဲ ထိုးကြည့်စမ်း၊ နာမှာပဲ မဟုတ်လား၊ အေး ပိုကောင်ကလေးတွေ ငှက်ကလေးတွေလဲ ဒီလိုပေါ့ကွဲ့၊ လောက်လေးနဲ့ ပစ်တာမပြောနဲ့၊ အပ်ကလေးနဲ့ထိုးလဲ သူတို့နာတာပဲ၊ အဲဒါ မြဲမြဲမှတ်ထားကြ၊ မလုပ်ကြနဲ့၊ ဝဋ်လည်တတ်တယ်'

သို့လျှင် ကြားယောင်နေသည်နှင့်အမျှ နောင်တလည်း ရလာဟန်တူ၏။

'ဝဋ်လည်တယ်ဆိုတာ ဒါပဲထင်ပါရဲ့'

အတာလည်း ဤသို့ရေရွတ်ရင်းပင် ထူပူသွားအောင် အဆွဲအလိမ် အရိုက်အနှက်ခံခဲ့ရသော နားရွက်နှင့် ဇက်ကိုစမ်းကာ ဤသည်ကို ဝဋ်လည်ခြင်းဟု အသိအမှတ်ပြုလိုက်၏။ သို့တွေးရင်း ငေးရင်း လျှောက်လာခဲ့ပြီး လမ်းတစ်လမ်းကို ဖြတ်အကူးလိုက်တွင် ကျွီ ခနဲ ဆူသွားသော အသံကြီးနှင့်အတူ မော်တော်ကားတစ်စီး သူ့အနီးတွင် တုံ့ခနဲ ရပ်သွားသည်ကို မြင်လိုက်ရကာ

'ဟဲ့ကောင်လေး ဘာလို့ ဒီလောက်ငေးရသလဲ၊ သေသွားလိမ့်မယ်သိလား' ဟူ၍ပင် ကားဒရိုင်ဘာက ကြိမ်းသွားသေး၏။

ဤအဖြစ်သည် အတာကလေးအား ပို၍ပင် ချောက်ချားသွားစေတော့၏။

ထိုနေ့မှအစပြု၍ အတာသည် လောက်လေးကိုပင် မကိုင်တော့ပေ။ သို့သော် ဤမည်သော လူတေလူပေ ကလေးများနှင့် ပေါင်းသင်းသွားလာလျက်ပင် ရှိနေသေး၏။ ဘချွေးဆိုသူမှာ ဆုံးမ၍ မရနိုင်အောင် တေလွန်းပေလွန်းသဖြင့် သူ့အား မွေးစားထားသည့် တရုတ်ဆိုင်မှပင် မောင်းထုတ်လိုက်ပြီဖြစ်သောကြောင့် အခြေမဲ့ အနေမဲ့ဘဝဖြင့် ညအခါတွင် လမ်းဘေး၌ အိပ်ပြီး နေ့အခါများတွင် ခိုးစစ်၍ ရောင်းရသော ပိုက်ဆံဖြင့် ထမင်းစားရ၏။

www.burmeseclassic.com

www.burmeseclassic.com



နှိုပ်စက်၍ မရသောနေ့များ၌ ဘခွေးသည် သိမ်ကြီးဈေးဘက်သို့ သွားကာ ထီး၊ ဖိနပ်၊ ခွပ်ကျယ်သေတ္တာ လုံချည် အစရှိသော ပေါ့ပေါ့ပါးပါးပစ္စည်းများကို ဆိုင်ရှင်အလစ်တွင် ဆွဲပြေးလေ့ရှိ၏။ တစ်ခါတစ်ရံလည်း အထည်ပစ္စည်းဝယ်သူများက ကူလီငှား၍ တောင်းနှင့် ထည့်လာသည်ကို ကူလီကုလား မသိအောင် နောက်မှ အလစ်နှိုက်ပြေးတတ်၏၊ ဤလိုဖြင့် သူ၏ စားရေးဝတ်ရေးပြဿနာကို ဖြေရှင်းနေသည်ဖြစ်ရာ ကြာသော် ဘခွေးနှင့်သာ အမြဲပေါင်းသင်း သွားလာနေတတ်သည့် အတာကလေးပါ ဘခွေးကဲ့သို့ အလစ်သမားကလေးတစ်ယောက် ဖြစ်သွားမည်ကို စိုးရိမ်နေရသော အခြေသို့ ဆိုက်လာရပြီဖြစ်၏။

'ဟေ့ အတာ လာကွာ၊ သိမ်ကြီးဈေးသွားရအောင်'

'ဘာလုပ်ဖို့လဲကွ၊ ဈေးတော့ ငါမလိုက်ချင်ဘူးကွာ၊ တို့အမေရှိတယ်'

'လာပါကွ၊ မင်းတို့အမေ မမြင်အောင် သွားမှာပေါ့၊ ငါ လုံချည်သွားဝယ်မလို့ပါ' ဟု မရမကဆွဲခေါ်နေသဖြင့်အတာတွင် မလိုက်ဘဲနေက ဖြစ်သော်လည်း တစ်ယောက်တည်း ပျင်းကျန်ရစ်မည်စိုးသောကြောင့် ဘခွေးခေါ်ရာသို့ လိုက်ပါသွားတော့၏။

'မင်း ဒီနားမှာ စောင့်နေနော်'

အတာတွင်လည်း ဘုမသိ ဘမသိနှင့် ဘခွေးက စောင့်ခိုင်းထားသည့် အထည်တန်း ထောင့်ချိုးတစ်နေရာတွင် ရပ်စောင့်နေမိ၏။ လေးငါးရှစ်မိနစ်ခန့် အကြာတွင် အနက်ရောင်စက္ကူချောဖြင့် ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကို ရင်တွင်ပိုက်၍ ကတိုက်ကရိုက် ရောက်လာသော ဘခွေးကို တွေ့ရပြီး

'ဟေ့ အတာ ရော့ အဲဒါယူပြီး မင်းလစ်ပေတော့၊ သွားကွ မြန်မြန်ပြေးလေကွာ' ဟု ပြောရင်း ပေးထားခဲ့ပြီးမှ ဘခွေးလည်း အတာနှင့် လမ်းခွဲ၍ အခြားဘက်သို့ သုတ်ခြေတင်လေတော့၏။ ရုတ်တရက် အဓိပ္ပာယ်မရှင်း၍ အကြောင်သားပင် အထုပ်ကြီးပိုက်၍ ရပ်နေမိသော အတာလည်း ဆူဆူညံညံ အသံ ပေါ်လာမှပင် သူ့လက်ထဲမှ အထည်ထုပ်သည် ဘခွေးအလစ်သုတ်လာသော ပစ္စည်းဖြစ်ကြောင်း သဘောပေါက်သွားကာ ဤနေရာတွင် ရပ်နေ၍ မဖြစ်တော့သည်ကို တွေးမိပြီး ခြေဦးတည့်ရာသို့ ခပ်သုတ်သုတ် ထွက်သွားရတော့၏။

နောက်မှ လိုက်လာသော လူအုပ်ကြီးလည်း အတာ သွားရာဘက်သို့ လှည့်ကြည့်လိုက်ရာ၌ အတာသည် သုတ်ခြေတင်၍ ပြေးနေသည်မဟုတ်ဘဲ လမ်းလျှောက်လာသည်ထက် မြန်ရုံသာ လှမ်းနေသည်ကို တွေ့ရသောကြောင့် လူအုပ်သည် အတာ့ဆီသို့ မလိုက်တော့ဘဲ အားကုန်ပြေးနေသူ ဘခွေးနောက်သို့သာ မဲ၍ လိုက်တော့၏။

ပြေးလည်းမပြေး၊ မောလည်း မမောပါဘဲလျက် အတာသည် ချွေးများပြန်လျက်ရှိ၏။ ကြောက်လန့်တုန်လှုပ်မှုဖြင့် သူ့ရင်ကလေးလည်း တဒိတ်ဒိတ်



ခုန်နေရှာ၏။ ဟိုကွေ့ သည်ကောက်ဖြင့် ကြောက်ကြောက်နှင့် လျှောက်လာခဲ့၍ ၂၄ လမ်းထဲသို့ သုတ်သုတ်ကလေး ဆွဲခေါ်သွားတော့၏။

'ဟေ့ကောင် ဘခွေး၊ မင်းဘာလုပ်တာလဲကွ၊ ဟင်'

တုန်တုန်လှုပ်လှုပ်ကြီး အတာက မေးလိုက်သည်ကို ဘခွေးက ရယ်ကာ မောကာဖြင့်

'ငါလဲ အစတုန်းကတော့ မင်းလိုပဲ သိပ်ကြောက်တာပေါ့၊ ဒါပေမဲ့ နှစ်ခါသုံးခါလောက်ဆို မကြောက်တော့ဘူး၊ ဒါက နှိုပ်စက်တာထက် ဟန်ကျတယ်ကွ၊ မင်းကြည့် တော်ကြာ သိလိမ့်မယ်'

'မင်း ဘာတွေပြောနေတာလဲကွ၊ ငါမေးတာက'

'မင်း မသိဘူး၊ အလစ်သုတ်တယ်ဆိုတာ ဒါပေါ့ကွ၊ လာ ဟိုမှာရောက်ပြီ'

ပြောပြောဆိုဆိုပင် ဘခွေးလည်း ဘိန်းခန်းနှင့်တူသော တရုတ်အိမ်တစ်အိမ်ထဲ လှမ်းဝင်တော့မည်အပြု အတာလည်း လက်ထဲမှအထုပ်ကို ပစ်ချကာ ဘခွေး၏ အင်္ကျီရင်ဘတ်ကို စုဆွဲပြီး သဲသဲမဲမဲထိုးတော့မည်ကဲ့သို့ လက်သီးဖြင့် ချိန်လိုက်သည်နှင့် တရုတ်တစ်ယောက်ထွက်လာကာ

'ဟေး ကောင်လေး၊ ရန်မဖြစ်နဲ့လေ လာ လာ' ဟု အထုပ်ကိုပါကောက်၍ နှစ်ယောက်စလုံးကို ဆွဲခေါ်သွား၏။

လေးငါးမိနစ်ခန့်ကြာ၍ အတာတို့နှစ်ယောက် ထွက်လာသောအခါတွင်မူ စောစောက အထည်ထုပ် ပါမလာတော့ဘဲ

'ဟေ့ အတာ၊ ဘယ့်နှယ်လဲ ကဲ ခု ခဏလေးနဲ့ မင်းခြောက်ကျပ် ငါခြောက်ကျပ် ရတယ်၊ မနိုပ်ဘူးလား'

အတာကမူ ဘာတစ်ခွန်းမျှ ပြန်မပြောသေးဘဲ သူ့လက်ထဲတွင်ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ငွေဒင်္ဂါး ခြောက်ကျပ်ကို အသာအယာဖြေ၍ ကြည့်လိုက်၏။ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့ကြောင့် အတာ့လက်ဝါးထဲရှိ ငွေဒင်္ဂါးများမှာ ချွေးများဖြင့် နစ်ရွှဲနေ၏။ ထိုပိုက်ဆံကိုင်ထားသော လက်သည်လည်း ဆတ်ဆတ်ခါအောင် တုန်နေ၏။

'ဟေ့ကောင် မင်းကြောက်နေသလား၊ ဒါ အစမို့ နောက်ဆိုရင် မင်း'...

'တော်တော့ကွာ ဘခွေး၊ မင်း ဘာမှ မပြောနဲ့ ငါ စိတ်ညစ်နေတယ် အထိုးမိလိမ့်မယ် သိလား'

အတာက မျက်လုံးအပြူးသားနှင့် မာန်လိုက်မှပင် ဘခွေး ငြိမ်သွားတော့၏။ သို့နှင့် မောင်ခိုင်လမ်း (ယခု ဗိုလ်ရွဲလမ်း) ထိပ် ရောက်လာသည်တွင်

'ဟေ့ ဘခွေး ငါ ပြန်တော့မယ်၊ မင်းကော'

'ငါတော့ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) မှာ ဒန်ပေါက်ထမင်း သွား

www.burmeseclassic.com

www.burmeseclassic.com



စားမယ်ဆရာ၊ ဒီနေ့ ငါ ပွတယ်မဟုတ်လား၊ ကောင်းကောင်းသွားစားမယ် လိုက်ခဲ့ပါလား၊ အတာ၊ မင်းကို ငါ့ပိုက်ဆံနဲ့ပဲ ကျွေးပါ့မယ်ကွ'

အတာက ခေါင်းကို သွက်သွက်ကလေး ခါလိုက်၏။ ယခု တွေ့ရသော အတာ့အမူအရာမှာ စောစောကလောက် တုန်တုန်လှုပ်လှုပ် မရှိတော့သည်နှင့်

'ဟို တစ်နေ့တုံးကဆို ငါ ခဏလေးနဲ့ ငွေသုံးဆယ်လောက်ရလိုက်တယ် ဆရာ'

ငွေသုံးဆယ်ဆိုသော စကားကို ကြားလိုက်ရသည်နှင့် အတာလည်း ဆတ်ခနဲ လှည့်ကြည့်မိ၏။

'ဘယ်ကရတာလဲ'

'သိမ်ကြီးဈေးကပေါ့ကွ၊ မိန်းမကြီးတစ်ယောက် ဈေးဝယ်နေတုန်း သူ့သားရေအိတ်ကို ဘေးမှာချထားတာ ငါ အသာကလေး သုတ်ယူခဲ့ပြီး ဖွင့်ကြည့်တော့ တစ်ဆယ်တန်ရော အကြွေတွေပါ အားလုံး သုံးဆယ်လောက် ရတယ်ကွ၊ နောက်ပြီး ရွှေစကလေး တစ်ခုလဲပါတယ်၊ ရွှေဆိုင်မှာ သွားရောင်းတာ လေးကျပ်ရတယ်'

ထိုစကားကြားလိုက်ရသည်နှင့် အတာတွင် စိတ်ညစ်သွားသလို မျက်နှာကလေး ရှုံ့နေမိပြီး

'ဒါဖြင့် အဲဒီပိုက်ဆံတွေကော'

'မရှိတော့ဘူးကွ၊ ဖဲရိုက်လို့ ရှုံးသွားပြီ'

'ဟင်၊ ဒါဖြင့် မင်းဟာ ဘာထူးသေးလဲကွ'

'အောင်မာ၊ အလကားရတဲ့ပိုက်ဆံပဲ ရှုံးတော့ ဘာဖြစ်လဲ၊ ဟော ဒီနေ့ ခြောက်ကျပ်ရပြီ မဟုတ်လား၊ တော်ကြာ လေးကောင်ဂျင် သွားကစားမယ်၊ တစ်ဆယ်နှစ်ဆယ် နိုင်ချင် နိုင်မှာကွ'

'ကဲ ဘခွေး၊ မင်းသွားတော့ကွာ၊ ငါစိတ်ရှုပ်လာပြီ၊ သွားတော့ ငါပြန်မယ်'

တပေပေလေလွင့်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေခဲ့သော အတာသည် သုံးလေးရက်မျှဆက်၍ ရေချိုးပျက်ခဲ့ပြီး ယခုမူ မကြုံဘူးလောက်အောင် ထိတ်လန့်ခဲ့ရသည်နှင့်အမျှ သူ့ တစ်ကိုယ်လုံးမှာ ချွေးစေးများနှင့် နင့်နေခဲ့သည့်အတိုင်း ရေချိုးချင်စိတ် ပေါက်လာဟန်တူ၏။

ရေချိုးပြီး၍ စိတ်ကလေး ကြည်ကြည်လင်လင်ရှိလာသည်နှင့် သူ့မေမေ ရှိရာ သိမ်ကြီးဈေး သွားဦးမည်ဟု ထလိုက်ပြီးမှ

'ငါ ခုန အထည်ထုပ်ယူသွားတာကို မှတ်မိတဲ့လူက မတော်လို့ တွေ့သွားရင်'

သို့ အထိတ်တလန့် တွေးလိုက်မိသည်နှင့် အတာ ပျာပျာသလဲထိုင်ချလိုက်၏။ ကြည်လင်နေသော စိတ်ကလေးမှာလည်း အတွေးပေါင်းချုပ်ဖြင့်



ရှုပ်စပြုလာတော့၏။ မတော်တဆရော် လုပ်ခဲ့မိသည့် အထည်ထုပ်ကိစ္စကို တွေးရင်း အတာသည် အတော်ကလေး ချောက်ချားသွားရာမှ

'ဒါ ငါခိုးတာလား၊ မဟုတ်ဘူး၊ ခိုးမယ်ဆိုတာလဲ ငါ မသိဘူး၊ ဘခွေး လုပ်တာ၊ ဘခွေး ခိုးတာ'

ဤသို့လည်း အကြောက်တလန့် ရေရွတ်နေမိ၏။ ချက်ချင်းပင် သူ့ဖာဘလေးကိုဖွင့်လျက် အဝတ်အစားများကိုထုတ်ကာ အောက်ဆုံး သတင်းစာစက္ကူကိုလှန်ပြီး အစီအရီ ဝှက်ထားသော တစ်ကျပ်တန် ဒင်္ဂါးခြောက်ခုကို ဘဆတ်ဆတ်တုန်နေသော လက်ကလေးများဖြင့် ကိုင်ကြည့်နေမိပြန်၏။

ရှက်ခြင်း၊ ကြောက်ခြင်း၊ သူတစ်ထူး၏ပစ္စည်းကို ခိုးမိလေခြင်းဟူသော နောင်တဖြင့် အတာ့ မျက်နှာကလေးမှာ ချွေးသီးများဖြင့် ဖုံးနေတော့၏။ ခြောက်ကျပ်ဆိုသော ငွေသည် သူ့အဖို့ သွားရည်ယိုစရာပင်ဖြစ်၏။ ကျောင်းနေစဉ်က နေ့စဉ် အငတ်ခံ၍ စုခဲ့သည်တိုင်အောင် တစ်လလုံးနေ၍မှ တစ်ကျပ် ရရန်ပင် အနိုင်နိုင်ဖြစ်ခဲ့ရာ ယခု နာရီဝက်လောက်အတွင်း ခြောက်ကျပ်မျှ ရလိုက်သောကြောင့် စောစောက နောင်တ တရားပင် ပျောက်ပျယ်သွားတော့မည့်ပမာ ဤငွေအရလွယ်သော မကောင်းမှုဘက်သို့ စိတ်ကလေးမသိမသာ လှည့်လာပြန်၏။

'တောက် တစ်ခါတည်းနဲ့ ငွေ လေးငါးဆယ်လောက် ရမယ်ဆိုရင် အကောင်းသား၊ ကြီးကြီးမေလို အထည်ဆိုင်ကလေးဖွင့်ဖို့ အရင်းရမှာပဲ' ဟူ၍ပင် လောဘရိပ်ကလေးဖြင့် စိတ်ထဲမှ ရေရွတ်နေချေသေး၏။

တစ်ဖန် သိမ်ကြီးဈေးတစ်ဝိုက်၌ သူခိုး ခါးပိုက်နှိုက်မိလျှင် မချိမဆံ့ ဝိုင်းရိုက်တတ်သည်ကို လည်းကောင်း၊ သွေးသံရဲရဲနှင့် တစ်မျက်နှာလုံး ပေါက်ကွဲ စုတ်ပြတ်သွားသည့် ခါးပိုက်နှိုက် အလစ်သမားများကိုလည်းကောင်း သူကိုယ်တိုင် မကြာခဏ မြင်ခဲ့ဖူး၏။ ဤသည်ကို စဉ်းစားမိပြန်သောအခါ၌လည်း သူ စောစောက တွေးခဲ့သော တစ်ချီတည်းနှင့် အရင်းအနှီးရမည်ဆိုက တစ်ကြိမ်လောက် နောက်ထပ် စွန့်စားလိုက်ချင်သည့် စိတ်ကူးကို အတာသည် မျက်လုံးအပြူးသားနှင့် စွန့်လွှတ်လိုက်မိပြန်၏။

သို့လျှင် အမျိုးမျိုး အမည်မည်ကို အပြန်အလှန်တွေးရင်း စိတ်မောရင်းနှင့်ပင် ထိုနေ့အဖို့ ညစာထမင်းပင် မစားနိုင်တော့ဘဲ အတာကလေးအိပ်ပျော် သွားရာတော့၏။

\+ \+ \+

'ဟေ့ အတာ ဘယ်လဲကွ'

နောက်တစ်နေ့ မိုးလင်းသည်နှင့် လမ်းထိပ်တွင် ဆုံမိကြရာမှ ဘခွေးက

www.burmeseclassic.com

www.burmeseclassic.com



စတင် မေးမြန်းလိုက်သည်ကို

'တို့အမေဆီ သွားမလို့ပေါ့'

'ဘယ်နဲ့လဲ၊ ဒီနေ့ လုပ်ဦးမလား'

'ဘာကိုလဲကွ' ဟု အတာက ဘခွေး ဘာကိုဆိုလိုသည်ကို နားမလည်သည့် အမူအရာမျိုးဖြင့် မျက်မှောင်ကလေး ကြုတ်၍ မေးလိုက်သည်ကို

'မနေ့ကလိုလေကွာ၊ အလုပ်သစ်ပေါ့ကွ'

'ဘာလဲ အလုပ်သစ်'

'အလုပ်သစ်ဆိုတာ အလစ်သုတ်ပေါ့ကွ၊ ဟဲ ဟဲ' ဟု ဘခွေးက တဟဲဟဲရယ်ရင်း ပြောလိုက်သည်နှင့် အတာတွင် ရုတ်တရက် ငိုင်သွား၏။ ကြည့်ရသည်မှာ အတာ့စိတ်ထဲ၌ ချိတုံချတုံ ဖြစ်နေဟန်တူလျက်

'ဟာကွာ မလုပ်ချင်ဘူး၊ မင့်ဟာမင်း သွားတော့၊ ငါမလိုက်ဘူး'

ပြောပြောဆိုဆိုပင် အတာလည်း ခေါင်းတယမ်းယမ်းနှင့် ချာခနဲလှည့် ထွက်သွားတော့၏။ ခေါင်းငိုက်စိုက်နှင့် တစ်စုံတစ်ရာ စဉ်းစားရင်း လျှောက်လာခဲ့သော အတာလည်း သိမ်ကြီးဈေးဘက်သို့ ဖြတ်ကူးတော့မည်ပြုပြီးမှ တစ်ခုခုကို တွေးမိသကဲ့သို့ တုံ့ခနဲ ရပ်သွားကာ ယမန်နေ့က ဘခွေးနှင့် အလစ်သုတ်ခဲ့သည့်အဖြစ်ကို သတိရလာပြီး ဈေးဘက်သို့ပင် ဖြတ်မကူးဝံ့အောင် သူ့စိတ်သူ မလုံ ဖြစ်နေပြန်တော့၏။ သူလုပ်ခဲ့သည့် ယမန်နေ့က ကိစ္စအတွက်လည်း မှတ်မိသူ တစ်စုံတစ်ယောက်တွေ့သွားလျှင် အမှန်မုချ စွပ်စွဲပေတော့မည်ဟု တစိမ့်စိမ့်တွေးကာ ကျောတချမ်းချမ်း လန့်နေစဉ်

'ဟဲ့ ကောင်လေး၊ မပြေးနဲ့ မိပြီ၊ မင်း'

ထိုအသံနှင့်အတူ တစ်စုံတစ်ယောက်သည် နောက်မှနေ၍ အတာ့ဂုတ်ကလေးကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်နှင့် အတာတွင် အသည်းရော အူပါ သွက်သွက်ခါမျှ တုန်သွားပြီး

'ကျွန် ကျွန်တော် မဟုတ်ပါဘူး၊ ဘခွေး'

သို့ အထစ်ထစ် အငေါ့ငေါ့ပြောရင်း သမင်လည်ပြန် မော့ကြည့်လိုက်သည်နှင့် သူ့စပ်ဆိုခဲ့သော သီချင်းကို ကာရန်ညီသွားအောင် ပြင်ပေးခဲ့ဖူးသည့် ဈေးထဲမှ စာရေး ဖြစ်နေသည်ကို တွေ့ရမှ အလန့်ကလေး ပြေသွားတော့၏။

'ဟေ့အတာ သိပ်လန့်သွားသလားကွ၊ ဟင်'

'အင်း၊ ဦးလေးကလဲ လန့်သွားတာပေါ့'

အတာ ဘာဖြေရမည် မသိအောင် ရုတ်တရက် ကြောင်နေပြီးမှ

'ဟုတ်ပါဘူး ဟီး ဟီး၊ ကျွန်တော်က ဦးလေးကို ဘခွေးဆိုတဲ့ ကျွန်တော့် သူငယ်ချင်း အောက်မေ့လို့ပါ'

'မင်း ခုတလော ကျောင်းပြေးနေတယ်ဆို၊ လာခဲ့ မိပြီ၊ မင့်အမေဆီ



ခေါ်သွားမယ်'

'ဟာ၊ ကျွန်တော် ကျောင်းပြေးတာ မဟုတ်ပါဘူး၊ ကျောင်းထွက်လိုက်တာပါ ဦးလေးရဲ့၊ နှစ်လကျော်ပြီ'

'ဟေ ကျောင်းက ဘာလို့ထွက်လိုက်တာလဲ အတာ၊ ဒီလိုဆို မင်းတော့ အလေကလေး ဖြစ်သွားတော့မှာပဲ'

'ကျောင်းလခမှ မပေးနိုင်ဘဲ ဦးလေးရဲ့'

ထိုစာရေးလည်း စိတ်မောသွားသလို အတာအား တွေကြည့်နေပြီးမှ

'အေး မင့်အမေကတော့ ခက်တာပါပဲကွာ၊ ၃၆ ကောင်တော့ နေ့တိုင်း ထိုးနိုင်တယ်၊ ကျောင်းလခတော့ မပေးနိုင်ဘူးတဲ့လား'

အတာ ဘာမျှမဖြေ၊ ခေါင်းကလေးငုံ့ကာ လက်သည်းချင်းကုတ်နေ၏။

'အေးကွာ၊ မင်း ကျောင်းမနေရပေမဲ့ စာအုပ်တွေရှိတယ် မဟုတ်လား၊ အိမ်မှာပဲဖတ်ပေါ့ကွာ၊ ဂျပိုးကလေးတွေနဲ့ မပေါင်းနဲ့ ကြားလား၊ မင်းပါ ဂျပိုး ဖြစ်သွားမယ်၊ အေး တော်ကြာ ဂျပိုးလေးကနေပြီး သူခိုးလေးဖြစ်သွားရင် ကောင်းတော့ဘူးကွ၊ ကဲ ခု မင်းဘာလုပ်နေတာလဲ ဒီမှာ'

'မေမေ့ဆီ သွားမလို့ပါ'

'ကဲ လာ'

ထိုစာရေးဖြစ်သူ ယုယုယယ ဖက်ခေါ်သွားမှ အတာလည်း ထိတ်ထိတ် လန့်လန့်နှင့်ပင် ယောင်ချာချာ ပါသွားတော့၏။

မသိန်းမေကလည်း အတာ့ကို မြင်လိုက်သည်နှင့်ပင်

'အတော်ပဲ လာဦးအတာ၊ ကိုစိန့်ဆီသွားစမ်း၊ လိပ်ကလေးနဲ့ လိပ်ကြီး တစ်ဒိုင်တစ်မူးဖိုးစီ ထိုးခဲ့၊ ရော့'

မသိန်းမေလည်း သို့ပြောရင်းပင် အိတ်ထဲမှ ရှိသမျှပိုက်ဆံ အကုန် တစ်ပြားမကျန် နှိုက်ထုတ်ပြီး အတာအား ပိုက်ဆံသုံးမတ် ပေးလိုက်၏။ ဤတွင် မသိန်းမေလက်ထဲ၌ ပိုက်ဆံအကြွေ နှစ်ပြားသာ ကျန်တော့လျက် ထိုနှစ်ပြားကို အိတ်ထဲပြန်ထည့်ရာမှ

'ဟဲ့ကောင် မှတ်မိရဲ့လား၊ လိပ်ကြီးနဲ့ လိပ်ကလေးနော်'

'ဟုတ်ကဲ့'

ကိုစိန်ဆိုသူမှာ ၃၆ ကောင် စာရေးဖြစ်လျက် မသိန်းမေက ထိုကိုစိန် ဆိုသူထံ၌ ၃၆ ကောင် အမြဲထိုးခိုင်းလေ့ရှိခဲ့သည့်အတိုင်း အတာသည် ဤကိစ္စ၌ အတော်ကလေး ကျင်လည်နေပြီဖြစ်၏။ ဆယ်မိနစ်မျှပင်မကြာမီ အတာ ပြန်ရောက်လာပြီး ဖြတ်ပိုင်းကလေးတစ်ခုကို မသိန်းမေအား လှမ်းပေးလိုက်သည်နှင့်

'နင် နေဦးနော်၊ ဒေါ်ဒေါ်ရင်တို့ ထမင်းစားပြီးပလား မသိဘူး၊ ငါ သွားကြည့်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောထထ မသိန်းမေ ထ၍သွားပြီးနောက် ချက်ချင်းလောက်ဆိုသည်ပင် မသိန်းမေလက်ထဲ၌ ထမင်းချိုင့်ကြီးတစ်ခုပါလာပြီး ရှေ့ဆိုင်ဘောဒ်တွင်ချကာ မသိန်းမေသည် ထမင်းချိုင့်များကို တစ်ခုပြီးတစ်ခု ဖွင့်နေ၏။

ပုစွန်ခေါင်းနှစ်ခုပါသော ထမင်းချိုင့်တစ်ခုနှင့် အခြားသော ချိုင့်ဆင့်တစ်ခု ထဲရှိ ပန်းကန်ကလေးတစ်ချပ်ထဲ၌မူ ကြက်အတောင်ပံ သုံးခု၊ ခြေထောက်ရိုးတစ်ခု ကို တွေ့ရလျက် ငါးပိရေနှင့် သခွားသီးတို့စရာအပြင် ချိုင့်တစ်ခု၌လည်း ချဉ်ပေါင် ဟင်းချို အနည်းငယ်ပါသေးသည်ကို တွေ့ရ၏။ ထမင်းကား လုံးလုံးမပါ။

'ကဲ အတာ ထမင်းသွားဝယ်ချည်၊ နှစ်ပြားဖိုးစီ နှစ်ထုပ်ပေးပါလို့ ပြော'

မသိန်းမေသည် စောစောကကျန်သော ရှီစုမဲ့ခု ပိုက်ဆံနှစ်ပြားကို ထုတ် ပေးရင်း

'နှစ်ပြားကျန်တာ ညနေမှယူပါလို့ပြော'

အတာလည်း ရုတ်တရက်သော် တစ်စုံတစ်ရာ ပြောတော့မည် ဟန်ပြင် လိုက်သေး၏။ သို့သော် သူ ဘာမျှ မပြောတော့ဘဲ ချက်ချင်းပင် ထထွက်လာပြီး မသိန်းမေ မမြင်နိုင်လောက်သည့်နေရာရောက်သည်နှင့် ခြေကုန်သုတ်၍ အိမ်ပြန် ကာ သူ့ငွေခြောက်ကျပ်ထဲမှ ဒင်္ဂါးတစ်ခု ယူဆင်းလာပြီး ထမင်းကို သူ့မမေ အတွက် တစ်ပဲဖိုးတစ်ထုပ်နှင့် သူ့အတွက် နှစ်ပြားဖိုး ပေါင်း ခြောက်ပြားဖိုးကို သူ့ဒင်္ဂါးတစ်ကျပ်နှင့်ပင် စိုက်ဝယ်ခဲ့၏။

'ဒီမှာမေမေ ဒါက နှစ်ပြားဖိုး၊ ဒီ ထမင်းထုပ်ကတော့ မေမေ မဝမှာ စိုးလို့ တစ်ပဲဖိုးဝယ်လာခဲ့တယ်၊ ပိုက်ဆံလဲအားလုံးပေးပြီးပြီ၊ ကျွန်တော်စုထားတဲ့ ပိုက်ဆံနဲ့ စိုက်ဝယ်ခဲ့တယ်'

'အေး ဒါဖြင့်ပြီးရော'

'ဘယ်ကရတဲ့ပိုက်ဆံနဲ့ စုထားတာလဲ' ဟူ၍ မမေးတော့သည်ကိုပင် အတာ ကျေးဇူးတင်မိသေး၏။

'ကဲ စား'

မသိန်းမေကား ဤမျှလောက်ပင် အဆာင်းအစားနှင့် အကစားမက်သူ တစ်ယောက်ပါပေ။

၃၆ ကောင်ကို သုံးမတ်ဖိုး တစ်ထိုင်တည်းလောင်းလိုက်၏။ ဝါသနာကြောင့် လောင်းကစားကိုကား ထားဦးတော့။ ယခုသော် ထမင်းဖိုးပင်မချန်ဘဲ ရှိသမျှအကုန် ကစားပစ်ပြီး ဝမ်းရေးအတွက်မူ အရှက်ကိုသော်မှ မငဲ့တော့ဘဲ သူတစ်ပါးစားပြီး သည့် ဟင်းကျန်တောင်းကာ ထမင်းမျှသာ ဝယ်လျက် လွယ်သလို ကိစ္စပြီးလိုက်၏။

ထို့နောက် တဲအောင့်မျှအကြာတွင်ပင် အတာ ထပြန်ခဲ့၏။ လမ်းထိပ်သို့ ရောက်သည်နှင့် ဘခွေးအပြင် အပိန်းဆိုသော ဆယ့်လေးငါးနှစ်သားအရွယ်



တရုတ်ကလေးတစ်ယောက်ကိုပါ ရင်ဆိုင်တွေ့လိုက်ရပြီး

'ဟေ့ အတာ၊ မင်းမနေ့က ငွေခြောက်ကျပ်တောင် ရတယ်ဆို၊ ဘခွေး ပြောတယ်'

ထိုသို့ အမေးခံလိုက်ရသည်နှင့် အတာ့တစ်မျက်နှာလုံး ဖြန်းခနဲ နီရဲ သွား၏။ ဒေါသကြောင့်မဟုတ်၊ အလွန့်အလွန် ရှက်သွားသောကြောင့်သာ ဖြစ်လျက်

'ငါ မသိဘူးကွ၊ ငါ ဘာမှ သိတာမဟုတ်ဘူး၊ ဘခွေးက ငါ့ကို လိမ် ခေါ်သွားပြီး'

'ဟေ့ကောင်၊ အစကတော့ မင်းမသိဘူး၊ နောက်တော့သိတာပဲ မဟုတ် ဘူးကွ'

'အေးလေ နောက်မှသိတာကိုး၊ ငါ ဘာတတ်နိုင်မှာလဲ'

'ဘာလဲကွ အတာ၊ မင်းက သူတော်ကောင်းကလေး ကျနေတာပဲ'

'ဟုတ်တယ်၊ ငါ သူတော်ကောင်းကွ၊ သူခိုး မဟုတ်ဘူး'

အတာက မာမာကလေးပင် ပြောလိုက်၏။

'ဟား ဟား ဟား၊ သူတော်ကောင်းကလေး၊ ဒါကြောင့် ခိုးလို့ရတဲ့ ပိုက်ဆံခြောက်ကျပ် မင်း ယူသွားတာပေါ့ ဟုတ်လား၊ သူတော်ကောင်းကလေး'

အပိန်းဆိုသူ တရုတ်ကလေးလည်း သို့ပြောရင်းကပင် အတာ့မေးကလေး ကို ဆွဲကိုင် လှုပ်ခါလိုက်သည်တိုင်အောင် အတာတွင် ဘာမျှမပြောနိုင်၊ အငိုသား ပင်ကျသွားတော့၏။

'အလကား မင်းကို ပြောင်တာပါကွ၊ လာ သွားရအောင်' ဟု အပိန်းက အတာ့ လက်မောင်းကလေးကိုဆွဲရင်း ခေါ်နေသည်နှင့်

'ဘယ်ကိုလဲကွ'

'အလုပ်သစ်လေကွာ' ဟု ဘခွေးက ဝင်ထောက်လိုက်၏။ အပိန်းကလည်း

'ဟေ့ကောင်၊ ဒီနေ့ ငါ ပွဲပေါက်တစ်ခု တွေ့ထားတယ်ကွ သိလား၊ ဒါနဲ့ကျရင် တို့သုံးယောက် အနည်းဆုံး တစ်ယောက်ကို နှစ်ဆယ် အစိတ်စီလောက် ရမှာကွ' ဟု ထပ်၍ ဆွယ်နေသည်ကို အတာက အပိန်း၏လက်ကို ပုတ်ချလိုက်ရင်း

'မလိုက်ဘူး၊ ငါ ဘယ်တော့မှ မလုပ်ဘူးကွ သိလား၊ မင်းတို့ဟာ မင်းတို့ သွား၊ ငါ မလိုက်ဘူး' ဟု မျက်နှာထားတင်းတင်းနှင့် ငြင်းလိုက်သည်တွင်

'တကယ်ပြောတာလား မင်း ဟင်'

'ဟေ့ အပိန်း သွားကွာ၊ ငါ မလိုက်ဘူးဆို မလိုက်ဘူး'

'အေး ဒါဖြင့်ပြီးရော၊ နောက်တော့ မင်း ငါ့ကို စိတ်မဆိုးနဲ့၊ ဒါပဲ'

အတာသည် ထိုစကားကြောင့် ပါးစပ်အဟောင်းသားကလေး ကြောင်သွား ရာမှ

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ အပိန်း'

'မင်း ဒီနေ့ တို့နဲ့မလိုက်ရင်တော့ မနေ့က အထည်ထုပ်လစ်ပြေးတာရော ငွေခြောက်ကျပ်ရတာပါ မင်းအမေကို သွားတိုင်မယ်'

အတာလည်း ထိတ်လန့်တကြား မျက်လုံးပြူးသွားတော့၏။

'နောက်ပြီး ဒီလမ်းထဲမှာလဲ ငါ လျှောက်ပြောမယ်'

ထိုစကားသည် အတာအား ပို၍ပင် ချောက်ချား သွားစေတော့၏။ အကယ်၍သာ ဤစကားမျိုးကို ဘခွေးက ပြောခဲ့လျှင် နားရင်းပါးရင်း ပူအောင် ပိတ်ထိုးမိမည်ဖြစ်၏။ ယခုသော် သူ့ထက် သုံးလေးနှစ်ကြီးနေသူဖြစ်နေသော ကြောင့် မကြောက်ရသည်တိုင်အောင် ယှဉ်ပြိုင်က သူ အနိုင်ရရန် ခဲယဉ်းသည်ကို အတာ သိ၏။ နိုင် မနိုင် အပထား၍ ထိုးလားကြိတ်လား ဖြစ်ပြီးသည်၏ အဆုံး၌ အပိန်းသည် ပို၍ စိတ်ဆိုးကာ သူ့စကားအတိုင်း အတာ၏ ငွေ ခြောက်ကျပ် ကိစ္စကို လူတကာအား လျှောက်ပြောခဲ့သော်

အတာကလေး ရှေ့ဆက်၍ မတွေးဝံ့။ မည်သို့ ကြံရမည်ကိုလည်း စဉ်းစားမရနိုင် ရှိနေစဉ်

'အေး၊ မင့်အကြောင်း ဘယ်သူမှ မပြောစေချင်ရင် တို့နဲ့လိုက်ခဲ့ ဟုတ်လား'

'ဟာကွာ'

အတာ့လေသံသည် သိသိသာသာ ပျော့လာပြီဖြစ်၏။

'လာပါကွ၊ မင်း ဘာမှ မလုပ်ရဘူး၊ မင်းက ဒရဝမ်ကုလားတွေကို စောင့်ကြည့်ရုံပဲ ကြည့်နေ၊ ငါတို့လုပ်မယ်'

'ဘာလုပ်မှာတုံးကွ'

'ဒီနေ့ သောကြာနေ့ မဟုတ်လားကွ၊ သိမ်ကြီးဈေးပေါ်က ကုလား အထည်တိုက်တွေ နေ့တစ်ဝက် ပိတ်ထားလိမ့်မယ်၊ အဲဒါ လာပါကွာ၊ ဟိုရောက် တော့ မင်းသိမှာပေါ့၊ မင်းက အပြင်က စောင့်ရုံ စောင့်ရမှာပါကွ၊ လာပါ'

အပိန်းရော ဘခွေးကပါ မရမကဆွဲခေါ်နေ၏။ အတာကမူ လုံးဝလိုက်လို စိတ်မရှိ။ သို့သော် အပိန်း၏ ခြိမ်းခြောက်ထားမှုကိုလည်း တစ်ဖက်ကကြောက် သေးသည်တစ်ကြောင်း၊ ဘခွေးတို့စကားအရ သူကိုယ်တိုင်ကမူ ဘာမျှ စွန့်စွန့် စားစား မလုပ်ရဘဲ စောင့်ရုံသာ စောင့်ရမည်ဟု ဆိုထားသည် တစ်ကြောင်းတို့ ကြောင့် အတာတွင် မလိုက်ချင် လိုက်ချင်နှင့် အပိန်းတို့ခေါ်ရာ ပါခဲ့ရရှာတော့၏။

သို့သော်

'တကယ်လို့သာ အပိန်းပြောသလို ငွေနှစ်ဆယ်လောက် ရမယ်ဆိုရင်တော့ ငါ့ဆီရှိတဲ့ ငါးကျပ်နဲ့ဆိုရင် ငွေအစိတ်ဖြစ်ရော၊ လင်မနစ်လုံချည် ဆယ်ထည်ကို ငါးကျပ်၊ အစိတ်ဖိုးဝယ်ရင် ငါး ငါးလီ နှစ်ဆယ့်ငါး၊ အင်း နှစ်ဆယ့်ငါးထည်



မယ်၊ ဒီလိုဆို ကြီးကြီးမေလို ဆိုင်တစ်ဆိုင် ဖွင့်နိုင်တာပဲ'

ဤသို့လည်း စိတ်ကူးယဉ်ကာ စိတ်ထဲတွင် ရှင်သွားမိသေး၏။

အတာသည် ဈေးရောင်းဝါသနာပါ၏။ အထူးသဖြင့် သူ့မွေးစည်း သူ့အပိုင် သူ့ဆိုင်အဖြစ်ကို မျှော်မှန်းခဲ့သည်နှင့်အမျှ သူသည် ငွေအရင်းအနှီးကို တောင့်တ၏။ အစောက အပိန်းတို့အကြံကို ကြောက်လန့်တကြား ငြင်းပယ်ခဲ့သလောက်ယခုကဲ့ သို့အရင်းအနှီးအဖြစ်တွေးမိသောအခါတွင်မူ အတာသည် မသိမသာစိတ်ပါလာ၏။

မကောင်းမှု ဒုစရိုက်ဟူသည် ပထမသာလျှင် ခက်ယောင်ရှိသော်လည်း ခဏပြီဆိုက အရှက်ရော အကြောက်ပါ မသိမသာ ပျောက်သွားတတ်၏။ ခါးပိုက် နှိုက်စားသူတစ်ယောက်အဖို့၌ ထို့ထက်တစ်ဆင့်တက်၍ ဓားပြတိုက်ရန် အလုပ် မှာ ခဲယဉ်းတော့သည်မဟုတ်။ ထိုအတူ သူခိုးကိုအစောင့်အဖြစ် အကူ အညီပေးရမည့် အတာသည် ကြာသော် သူပါ ဝင်ခိုးရန် ဝန်လေးတော့မည် မဟုတ်။ လုပ်စ ရှိလျှင် တဖြည်းဖြည်း ရဲတင်းလာတော့မည်ဖြစ်ရာ ဤအတိုင်းသာဆိုပါက အတာကလေး၏ ရှေ့ရေးကား ရင်လေးစရာပင်။

'ဟဲ့ကောင်လေး အတာ ဘယ်လဲ'

အတာတို့သုံးယောက် ဈေးအပေါ်ထပ်သို့ တက်လာခဲ့ကြ၍ မှန်ဗီရို ထော်လည်ရုံထားသည့် ခုံထည်လှသော အဖိုးတန်အထည်ဆိုင်အနီးသို့ ရောက် လာသည်နှင့် သို့ ခေါ်လိုက်သော အသံသည် အတာတို့ နောက်နားဆီမှ ပေါ်လာသောကြောင့် အတာရော ဘခွေးတို့ပါ ချာခနဲ လှည့်ကြည့်မိကြလျက်

'ဘယ်သွားမလို့လဲ ဦးလေး'

နောက်မှ လှမ်းခေါ်လိုက်သူမှာ နံနက်ကပင် သူ့အား အထိတ်တလန့် ဖြစ်စေခဲ့သော သီချင်းပြင်ပေးသည့် စာရေးဖြစ်နေသည်ကို တွေ့ရသည်နှင့် အတာက ရပ်စောင့်ရင်း မေးလိုက်သည်ကို

'ငါ မင့်ကို လိုက်ရှာနေတာပေါ့၊ မင်းအမေက ရှာခိုင်းလို့'

'ဟင်'

'ဟင် လုပ်မနေနဲ့၊ လာ လိုက်ခဲ့'

ပြောပြောဆိုဆိုပင် စာရေးလည်း အတာ့လက်မောင်းကလေးကို ဆုပ်ကိုင် ဆွဲခေါ်သွားသောကြောင့် အပိန်းတို့နှစ်ယောက်သာ ထိုနေရာတွင် ကျန်ခဲ့တော့၏။ ထိုစာရေးလည်း အတာအား ဆွဲခေါ်ခဲ့၍ ဈေးအောက်ထပ်သို့ ရောက်သည်နှင့်

'မင်း တော်တော်မိုက်တဲ့ ကောင်လေးပါလား အတာ ဟင်၊ မနက်ကပဲ ငါပြောသေးတယ်၊ ဂျပိုးကလေးတွေနဲ့ မပေါင်းနဲ့လို့၊ မင်း ဒီကောင်လေးတွေနဲ့ ဘယ်သွားမလို့လဲ'

အတာတွင် ရုတ်တရက် အဖြေရကြပ်သွား၏။

'အဲဒါ အလစ်သမားကလေးတွေကွ သိရဲ့လား၊ မနေ့က အထည်ထုပ်

www.burmeseclassic.com

www.burmeseclassic.com



လစ်ပြေးတာ မင်းနဲ့ပါလာတဲ့ ပုပုကောင်ကလေးပေါ့'

ထိုစကားကို ကြားလိုက်လျှင် ကြားလိုက်ချင်း အတာ့ကိုယ်ကလေးမှာ ဖြန်းခနဲ ကြက်သီးထသွားတော့၏။

'ဟုတ်လား ဦးလေး ဟင်၊ ဦးလေး ဘယ်လိုသိတာလဲ'

အတာလည်း အသံမတုန်အောင် မနည်းကြီးသတိထား၍ မေးလိုက်ရ၏။

'သိတာပေါ့ကွ၊ ငါတို့ဆိုင်ဘေးကပဲ ဒီကောင်လေး ဖြတ်ပြေးတာ ငါတောင် ထလိုက်သေးတယ်၊ အတော်မြန်တဲ့ကောင်၊ ချက်ချင်း ဘယ်ရောက်သွားမှန်း မသိလိုက်ဘူး'

အတာလည်း အတန်ကြာ တွေနေပြီးမှ

'ဒါဖြင့် ခုနတွေ့တော့ ဘာဖြစ်လို့ မဖမ်းလိုက်သလဲ ဦးလေးက'

'ဘယ် ဒီလိုဖမ်းလို့ရမလဲကွ၊ သူ့လက်ထဲမှာ ခိုးသွားတဲ့ အထည်ထုပ်ပါ တစ်ခါတည်းမိမှ ဖမ်းလို့ရတယ်၊ ခုဆို သူရောင်းစားပြီးရောပေါ့'

'အထုပ်ပါ တစ်ခါတည်းမိမှ' ဆိုသော စကားသည် အတာ့အား စောစောကထက်ပင် အသည်းရော အူပါ တုန်သွားစေတော့၏။

'မနေ့ကသာ မိလိုက်ရင်တော့ ဘယ်သက်သာမလဲကွာ၊ ဒီကောင်လေးတော့ ဖနောင့်နဲ့ချည်း ဆောင့်ဆောင့် ပေါက်လိုက်မှာပဲ'

အတာတွင် တစ်ကျောလုံး စိမ့်သွားပြန်၏။

'အဲဒီကောင်လေး လစ်ပြေးတဲ့အထုပ်ဟာ တောကလာတဲ့ အဘွားကြီး တစ်ယောက်ရဲ့ အထုပ်ပေါ့ကွ၊ ဘေးနားချပြီး ဆေးလိပ်ညှိနေတုန်း ဒီကောင်လေး သုတ်ပြေးတာတဲ့ကွ၊ အဘွားကြီးလဲ ရှိတာကလေး ကုန်ပါပြီဆိုပြီး ငိုလိုက်တာကွာ၊ သိပ်ကို သနားဖို့ကောင်းတာပဲ'

ထိုစကားကို အဆုံးသတ်လိုက်သည်နှင့် တစ်ပြိုင်တည်းလိုလိုပင် အတာလည်း ဝမ်းနည်းပန်းနည်းနှင့် မျက်ရည်ကလေး ရွဲလာတော့၏။ စိတ်ထဲတွင်လည်း အတော်ကလေး ထိခိုက်သွားသည် ထင်ရ၏။

'မင်း အခု ဘယ်သွားမလဲ အတာ' ဟု စာရေးဖြစ်သူက သူ့ဆိုင်အရောက်တွင် အတာအား မေးလိုက်သည်ကို

'ဟင် ဦးလေးကပဲ မေမေခေါ်ခိုင်းလို့ဆို'

'ငါ အလကားပြောတာ၊ မင်း ဟိုကောင်လေးတွေနဲ့ လိုက်သွားမှာစိုးလို့ ညာပြီးခေါ်လာတာကွ၊ ကဲ သွား၊ မင့်အမေဆီ သွားချင်သွား၊ ဒါမှမဟုတ် အိမ်ပြန် စာဖတ်နေပေါ့ကွာ၊ ခုန ကောင်လေးတွေနဲ့ မပေါင်းနဲ့နော် ကြားလား'

'ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် သွားတော့မယ်နော်'

အတာလည်း ထိုနေရာမှထွက်လာခဲ့ကာ သူ့မေမေရှိတတ်သော ဈေးအပြင်တန်းရှိ ဆိုင်များတွင် မယောင်မလည် လိုက်ရှာနေမိ၏။ သို့သော် ဘာအတွက်



ရှာသည်ဟူ၍ ရည်ရွယ်ချက်မရှိ။ သူ့စိတ်ထဲတွင် အသည်းတဖိုဖိုဖြင့် ထတိုက်ဆဲဒနာတစ်မျိုးကို မရေမရာ ဆိုးဗွာ ခံစားနေရသကဲ့သို့ တရင်လုံး လေးနေ၏။

'အဘွားကြီးလဲ ရှိတာကလေး ကုန်ပါပြီဆိုပြီး ငိုလိုက်တာကွာ၊ သိပ်သနားစရာကောင်းတာပဲ' ဟူသော အသံသည် သူ့နားထဲမှ ယခုတိုင် မထွက်သေး။ မျက်စိထဲတွင်ပင် သို့ ရှိုက်ကြီးတငင်နှင့် ငိုနေသော အဘွားကြီးတစ်ယောက်၏ သဏ္ဌာန်ကို မှန်းဆ မြင်ယောင်နေမိ၏။

'ဟဲ့ အတာ လာဦး'

ဆိုင်တစ်ဆိုင်ရှေ့တွင် စောစောကအတွေးဖြင့် ငိုင်၍ ငေးနေရှာသော အတာအား ဖိနပ်ဆိုင်တစ်ဆိုင်မှ လှမ်းခေါ်လိုက်၏။

'လာ ကြီးကြီးကို ခြေသလုံးတစ်ချက်နှစ်ချက် နင်းပေးစမ်း' ဟု ပြောရင်း ခြေနှစ်ဖက်ဆင်းပေးလိုက်သည်ကို အတာကလည်း အဒေါ်ကြီး၏ ပခုံးကိုကိုင်ကာ စိတ်မပါတပါနှင့် နင်းပေးနေခိုက်မှာပင် ဆူဆူညံညံအသံများနှင့်အတူ လူတစ်အုပ်သည် ခပ်လှမ်းလှမ်းဆီမှ လျှောက်လာကြသည်ကို တွေ့ရ၏။

'ဟဲ့ ဘာဖြစ်တာပါလိမ့်၊ အတာ ခဏဆင်းစမ်း'

အဒေါ်ကြီးလည်း ဆိုင်ပေါ်မှ ထရပ်ကာ ထိုလူစုစုဆီသို့ လှမ်းကြည့်နေ၏။ အတာသည်လည်း ကလေးတို့ ဝါသနာအတိုင်းပင် ထိုလူအုပ်ဆီသို့ ပြေးသွားပြီး တိုးဝှေ့ကြည့်လိုက်သည်၌ ဘန်ကောက်နှင့်တူသော ပိုးလုံချည် အထပ်လိုက်ကိုင်လာသည့် ဒရဝမ်ကုလားတစ်ယောက်ကို ရှေ့ဦးစွာမြင်ရပြီး နောက်နားခြမ်းမှ အခြားသော ဒရဝမ်သုံးလေးယောက်လက်ထဲ၌ မလှုံးသာမလွန့်သာနှင့် ရှုံ့ရှုံ့မဲ့မဲ့ပါလာသော အပိန်းနှင့် ဘခွေးတို့ကို တွေ့လိုက်ရသောကြောင့် အတာ့ရင်ကလေးမှာ မာကျောသော အရာတစ်ခုခုနှင့် ထုလိုက်သလို ဒုခနဲ မြည်သွားသည် ထင်လိုက်ရ၏။

အပိန်း၏ ပါးစပ်တွင် သွေးများပေနေသည်ကိုလည်းကောင်း၊ ဘခွေး၏ မျက်နှာ၌လည်း ဖူးရောင်နေသည်ကိုလည်းကောင်း၊ မြင်မကောင်းအောင်တွေ့လိုက်ရပြန်သောကြောင့် အတာတွင် ပို၍ ထိတ်လန့်သွား၏။ မျက်လုံးတွေလည်း ပြာဝေသွားကာ ဘာတွေမျှ မမြင်ရတော့ဘဲ လူအုပ်နှင့်အတူ ရောညပ်၍ ဆယ့်လေးငါးပေလောက် ပါသွားပြီးမှ တစ်စုံတစ်ရာကို သတိရသလိုဖြင့် အတာတွင် မျက်လုံးကလေး ဝိုင်းသွား၏။

'ဘခွေးတို့က ငါ့ကို မြင်သွားရင်တော့ ငါပါ ပါတယ်ဆိုပြီး'

ချက်ချင်းပင် အတာလည်း လူအုပ်ထဲမှ တိုးဖယ်ထွက်ကာ အိမ်ရောက်သည်အထိ ဒုန်းပေါက်၍ ပြေးတော့လေ၏။

'ဟင်း ငါကံကောင်းလို့၊ ဦးလေးသန်းမောင် ငါ့ကိုလာခေါ်သွားလို့ပဲ၊ နို့မို့ရင်တော့ အပိန်းတို့လိုပဲ ငါ အရိုက်လံခံရမယ်၊ ဂတ်တဲလဲ အပို့ခံရမယ်၊ ပြီးတော့ ထောင်ထဲမှာလဲ ငါသွားနေရမှာ'

www.burmeseclassic.com

www.burmeseclassic.com



အတာသည် အထပ်ခိုးပေါ်ရှိ သူ့မေမေ၏ မွေ့ရာလိပ်တွင် မှီထိုင်ရင်း သို့လျှင် အသည်းတယားယားဖြင့် စဉ်းစားနေမိ၏။

'ထောင်ဆိုတာဟာတဲ့ အဖေထွန်းပြောဖူးတယ်၊ ကူလီလိုပဲ အလုပ်လုပ်ရ တယ်တဲ့၊ ဘယ်သူနဲ့မှလဲ မတွေ့ရဘူး၊ အပြင်ကိုလဲ မထွက်ရဘူးတဲ့၊ ဒီလိုဆို ငါ မေမေတို့နဲ့ တွေ့ရတော့မှာ မဟုတ်ဘူး၊ ငါ့ညီမလေးနဲ့လဲ'

အတာသည် သို့တွေးရင်းပင် ကြက်သီးတဖြန်းဖြန်း ထနေတော့၏။ အပိန်းနှင့် ဘခွေးတို့အား ဖမ်းသွားစဉ် ဟိုလူက ဝင်ကန်လိုက် သည်လူကဝင်ထိုး လိုက်ဖြင့် နှစ်ယောက်စလုံးအရိုက်အနှက်ခံသွားရသည်ကိုလည်း မြင်ယောင်လာကာ လက်ကလေးများပင် တဆတ်ဆတ် ခါနေသည်အထိ ထိတ်လန့်နေ၏။

တစ်ဖန် ယမန်နေ့က အထည်ထုပ်၊ နောက် တောမှအဘွားကြီး စသည် ဖြင့် အစီအရီ တွေးနေမိပြန်၏။

'မယူဘူး၊ ငါ မယူတော့ဘူး၊ ဒီပိုက်ဆံတွေ ပြန်ပေးလိုက်မယ်၊ အဲဒီ အဘွားကြီးကို ငါပြန်ပေးမယ်' ဟု အသံထွက်အောင်ပင် ကယောင်ကတမ်း ရေရွတ်နေမိရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

'အဲဒီ အဘွားကြီးကို ငါလဲ မမြင်ဖူးဘူး၊ သူ ဘယ်သူလဲ ဘယ်မှာနေ တာလဲ ငါမသိဘူး'

သို့လျှင် ဝမ်းထဲမှ ရေရွတ်ရင်း တွေးမိလိုက်သောကြောင့် အတာလည်း စိတ်ပျက်လက်ပျက်နှင့် ငိုင်သွားပြန်တော့၏။ ရည်ရွယ်ချက် မရှိပါဘဲလျက်ပင် ထိုပိုက်ဆံများ ထည့်ထားသည့် သူ့ဖာကလေးဆီသို့ ငေးသွားကာ ချက်ချင်း ဆိုသလို စင်းနေသော အတာ့မျက်လုံးကလေးများသည် ရုတ်တရက် ဝိုင်းလာ၏။

သူ့ဖာကလေးသည် သူပိတ်ဖုံးထားခဲ့သည့်အတိုင်း သပ်သပ်ရပ်ရပ် မရှိ တော့ဘဲ အဖုံးအံသည် တစ်မိုက်သာသာလောက် တစ်ဖက်သို့ စောင်းနေ၏။ ခွပ်ကျယ် အင်္ကျီ၏ လက်တစ်ဖက်သည်လည်း ဖရိုဖရဲနှင့် အပြင်သို့ လွဲထွက်နေ၏။

ရုတ်ချည်းပင် အတာသည် ဖာကလေးအနီးတွင် ထိုင်ကာ သူထည့် ထားသော ဒင်္ဂါးများကို မသက်ာစိတ်ကလေးဖြင့် ရေးကြီးသုတ်ပျာ ခပ်လောလော လှန်ရှာလိုက်၏။ ဒင်္ဂါးနှင့်တူ၍ အဝိုင်းဖြူဖြူပင် မတွေ့ရတော့ပေ။

ပထမသော် တစ်ဖက်ခန်းမှ တရုတ်လင်မယားပင် ခိုးလေသလောဟု သံသယဖြစ်မိကာ ထိုအခန်းဆီသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ သော့ခတ် ထားသည်မှာ ရှစ်ရက်ခန့်ရှိခဲ့ပြီဖြစ်ပြီး ၎င်းတရုတ်လင်မယားသည် ထုံးစံအတိုင်း အရောင်းအဝယ်အတွက် တောနယ်သို့ သွားနေကြသည်ကို တွေးမိမှ သူ့သံသယ ကလေး ပျောက်သွားကာ ပျာပျာသလဲ အောက်ထပ်သို့ဆင်းလာခဲ့၏။

'ဒီနေ့ အိမ်ပေါ်ကို ဘယ်သူတက်တာတွေ့သလဲ မမ ဟင်'

အတာက ပွဲကတော်ကြီး၏ ထမင်းချက်ဖြစ်သူ မိန်းမရွယ်တစ်ယောက်ကို



ဘုန်တုန်လှုပ်လှုပ် မေးလိုက်မိ၏။

'အေး စောစောကတော့ မင်းတို့အမေ တက်သွားတာပဲ၊ ဘာပြုလို့လဲအတာ'

'ဘာမှမဖြစ်ပါဘူး၊ ဘယ်သူတက်သလဲ သိချင်လို့ပါ'

ချက်ချင်းပင် မီးဖိုထဲမှ လှည့်ထွက်လာပြီး အိမ်ပေါ် ပြန်တက်ခဲ့၏။ စိတ်ကလေးညစ်သွား၍လော မသိ၊ မွေ့ရာပေါ် ကိုယ်လုံး ပစ်ထိုင်ချလိုက်ရင်း

'ငါ့ ငွေငါးကျပ်တော့ ကုန်ပါပြီ' ဟူသော ရေရွတ်သံကလေးနှင့်အတူ အတာသည် တရှိုက်ငင်ငင် ဝမ်းနည်းနေ၏။

သို့လျှင် ညည်းညည်းညူညူ မြည်တမ်း၍ ငိုနေမိရာမှ တစ်စုံတစ်ရာကို သတိရသွားသလိုဖြင့် ရှိုက်သံကလေးရပ်ကာ ကိုယ်ကလေးပါ ရုတ်တရက် တော်လာ၏။

'ရှိတာကလေးတော့ ကုန်ပါပြီဆိုပြီး အဘွားကြီးလဲ ငိုလိုက်တာကွာ၊ သိပ် သနားဖို့ကောင်းတာပဲ'

ခပ်စောစောက သူ့ဦးလေးသန်းမောင် ပြောခဲ့သည့်စကားကို အတာ ချက်ချင်း သတိရလာ၏။ မျက်စိထဲတွင်လည်း အဘွားကြီး ငိုနေဟန်ကို မြင် ယောင်လာကာ

'ခု မေမေယူသွားတဲ့ ပိုက်ဆံငါးကျပ်ဟာ အမှန်ကတော့ ငါ့ပိုက်ဆံအစစ် မဟုတ်ဘူး၊ ဟိုအဘွားကြီးရဲ့ အထည်ကို ခိုးရောင်းလို့ ရတဲ့ပိုက်ဆံပဲ၊ ဒါတောင် ငါ ဒီလောက်နမြောမိသေးရင် ဥစ္စာရှင်အဘွားကြီးဆို ဘယ်လောက် နမြောလိုက်မလဲ'

အတာလည်း တဖြည်းဖြည်းနှင့် အမှန်တရားကို မြင်လာပြီဖြစ်၏။ အပိန်း နှင့်ဘခွေးတို့ ဒလဝမ်ကုလားများ လက်တွင် အရိုက်အနှက်ခံရင်း ပါသွားရသည်မှာ သူတစ်ထူးကို မတရားကြံ၍ လက်ငင်းဝဋ်ခံရသွားရခြင်း ဖြစ်သည်ဟူ၍လည်း ကောင်း၊ မသုံးရက် မစားရက်ဘဲ ကျစ်ကျစ်ပါအောင် ဝှက်ထားခဲ့သော သူ့ငွေ ငါးကျပ်မှာလည်း မတရားရသော ပိုက်ဆံဖြစ်၍ သူ့မေမေကပင် မတရားယူသွား ခြင်း ဖြစ်သည် ဟူ၍လည်းကောင်း ဆရာမများ ပြောကြားဖူးသည့် ဩဝါဒနှင့် ယှဉ်ကာ သို့လျှင် အတာ တွေးနေမိ၏။

'ငါ မတရားသဖြင့်ရတဲ့ ပိုက်ဆံကို မေမေက မတရားသဖြင့်ဘဲ ယူသွားပြီ၊ ကြည့်၊ ဒီပိုက်ဆံဟာ မြင်းလောင်းတာနဲ့ ကုန်သွားဦးမှာပဲ'

ယခုမူ သူဝှက်ထားသော ငွေငါးကျပ် မရှိတော့သည်ကို စောစောက လောက် စိတ်ထိခိုက်ခြင်းမရှိတော့ဘဲ အမှန်ကို မြင်လာကာ ဘုရားစင်ရှေ့သို့ ရုတ်တရက် ရွှေ့ထိုင်လိုက်ပြီး

'ဘုရားတပည့်တော် ဒီနေ့ကစပြီး မတရားတာ မမှန်တာကို ဘယ်တော့မှ မလုပ်တော့ပါဘူး ဘုရား' ဟု ဦးသုံးကြိမ်ချလိုက်ပြီး ဘုရားစင်မှ မဟာမြတ်မုနိ ရုပ်ပွားတော်ကို အတွေသား စိုက်ငေးနေမိ၏။ သူ့စိတ်ထဲတွင်လည်း မဟာ

www.burmeseclassic.com

www.burmeseclassic.com



ခြတ်မုနိ ကိုယ်တော်သည် သူ့အား စိန်းစိန်းကြီး ကြည့်နေရာမှ တဖြည်းဖြည်း ပြုံးဆော်မှုလာသယောင်ယောင် ထင်လိုက်မိသည်နှင့်အမျှ အတော့မျက်နှာကလေး သည်လည်း သိသိသာသာ ကြည်လင်လာတော့၏။

\+ \+ \+

ဤလို နောင်တ တရားလေးရပြီးခဲ့သည့် နောက်တစ်နေ့မှစ၍ အတောသည် ယခင် ကျောင်းသားဘဝနည်းတူ အမူအရာကလေး တည်ငြိမ်လာ၏။ အတော ဆိုလျှင် အော့ကြော်လန်အောင် မျက်စိနောက်ခဲ့သော အရုပ်ထဲမှ လူကြီးများပင် အပြောင်းမြန်လှသည့် အတော့အမူအရာကို လက်ဖျားတခါခါ ဖြစ်နေကြလျက် 'ဒီကောင်လေး ငြိမ်သွားမှာပေါ့၊ ဟို မျောက်ကောင်တွေမှ မရှိတော့ဘဲ' ဟူ၍လည်း အချို့က မှတ်ချက်ချလိုက်၏။

အမှန်စင်စစ်သော် အတောကိုယ်၌က သူ့ကိုယ်သူ ဆုံးမ၍ သူ့စိတ်ကို သူပြင်ခဲ့၍ ယခုလို တည်ငြိမ်သွားသည်ပင်ထားဦး၊ အထက်ပါ စကားသည်လည်း မှန်သင့်သလောက် မှန်၏။ အကယ်၍ ယမန်နေ့ကသာ အပိန်းတို့ အဖမ်းမခံရလျှင် တစ်နေ့ တစ်ချိန်ချိန်၌ အတောနှင့်တွေ့ကြမည်ဖြစ်၏။ တွေ့လျှင် ခိုးသွားပစ်ရန်သော်လည်းကောင်း၊ အလစ်သုတ်ရန်၊ တစ်နေရာရာ သွားခိုးကြရန်သော်လည်းကောင်း ချော့၍ ဆွယ်လျှင် ဆွယ်မည်၊ ယမန်နေ့ကကဲ့သို့ နိုင်ပေါက်နှင့် ခြောက်၍လည်း မရမက ခေါ်ချင်ခေါ်မည်။ အတောသည်လည်း ကြောက်ကြောက်နှင့် လိုက်မိပေမည်။ တစ်ခေါက်က နှစ်ခေါက်ဆိုသော် ကြောက်၍ လိုက်ရခြင်း မဟုတ်တော့ဘဲ ငွေရပေါက် ချောင်၍ လိုက်သည့်သဘောမျိုး ဖြစ်လာမည်မှာ သေချာ၏။

ယင်းသည်အဖြစ်မျိုးကို ရည်ညွှန်းတွေးဆကာပင် တံငါနားနီး တံငါဟူ စာထုံးတစ်ခု ပြုခဲ့ဟန်တူ၏။

အတောကလေးတွင်ကား သူထားခဲ့ဖူးသော စိတ်ကောင်းကလေးတစ်ခု ကြောင့် ကုသိုလ်ကံပင် ထောက်မလာ၍လော မပြောတတ်။ လတ်တလော ချင်းပင် အခြေအနေသည် ပြောင်းလဲသွားရတော့၏။ အပိန်းတို့ အဖမ်းအဆီး ခံရမည့်နေ့က ကြုံကြုံဖန်ဖန် ကံအားလျော်စွာ စာရေးဖြစ်သူ ဆွဲခေါ်သွားသဖြင့် အတော သက်သာခွင့်ရသွား၏။ ငွေခြောက်ကျပ် ဆေစုရသဖြင့် ပထမအကြိမ် နှင့်ပင် အတောကလေး စိတ်ပါသလိုရှိခဲ့ပြီး နှစ်ကြိမ်အထိသာ အောင်မြင်ခဲ့မှု သူသည် အမှန်မှုချ မကောင်းမှုဘက်တွင် ဆက်လက်၍ ပျော်မွေ့သွားစရာရှိသော် လည်း အတော့ကုသိုလ်ကြောင့် ထိုကိစ္စ ပျက်ပြားသွားရုံသာမက အပိန်းတို့လည်း အဖမ်းခံသွားရသဖြင့် အတော့တွင်ပါ အမှားနှင့် အမှန်ကို အချိန်မီ သိခွင့်ရလိုက်၏။

ထိုမျှသာ အတော ကံကောင်းသည်မဟုတ်။ ရုတ်တရက်ဆိုသလို ကိုထွန်း



အောင် မမျှော်လင့်ဘဲ ရောက်လာသောကြောင့် အတောတွင် မျက်ရည်အပေါက် ပေါက် ကျမိသည်အထိ ဝမ်းသာအားရ ရှိသွားတော့၏။

'ကိုင်း၊ ပြီးခဲ့တာတွေကို ပြောမနေပါနဲ့တော့ မသိန်းမေရယ်'

သူ့အား မတိုင်ပင်ဘဲ သွားရကောင်းလားဟု ရန်တွေ့နေသော မသိန်းမေ သည်း ထ၍ပင် ထုတော့မလောက် သူ့အတွင် အဘယ်မျှ စိတ်ဒုက္ခရောက်ခဲ့ သည်တို့ကို စီကာပတ်ကုံး ပြောနေသည်နှင့် ကိုထွန်းအောင်က သို့ကလို အရှကာသံဖြင့်တားမြစ်ရင်း

'တကယ်တော့လဲ ကျုပ် ဘယ်ခွဲသွားချင်ပါ့မလဲ ဗျာ၊ ခုဟာက ခင်ဗျား တို့အတွက်ပဲ မဟုတ်လား၊ မသိန်းမေ ပြောပြောနေတဲ့ အရင်းအနှီးအတွက်ကြောင့် ကျုပ် ဖွတ်ထွက်သွားတာပဲ၊ ကျုပ် ဝင်ပြီး နှုတ်ဆက်မယ်တောင် ကြံမိသေး တယ်၊ ဒါပေမဲ့'

'ကျွန်မ တားမှာစိုးလို့ မဝင်တာ မဟုတ်လား၊ စိတ်ချ ဖွတ်ဖျက်မှာပဲ'

'ကဲ ဒါတွေထားပါတော့လေ၊ ကျုပ်လဲ အမှန်ဆိုရင် ခြောက်လအနည်းဆုံး လုပ်ရမဲ့ စည်းကမ်းနဲ့ လိုက်သွားတာ ကျုပ် မပျော်ဘူး၊ ဒီကိုပဲ စိတ်ကရောက်နေ တယ်၊ ဒါနဲ့ အတော်တော်င်းပန်ပြီး ထွက်ခဲ့ရသပေါ့၊ ခု ကျုပ်မှာ ငွေနှစ်ရာ လောက် ပါလာတယ်၊ အဲဒါ အရောင်းအဝယ်တစ်ခုခုလုပ်ဖို့ စဉ်းစားကြရအောင် ဟုတ်လား'

'အေးလေ၊ ရှင်က ဘာရောင်းရင် ကောင်းမယ်လို့ ထင်သလဲ'

'ခင်ဗျားပဲ စဉ်းစားပေါ့ မသိန်းမေ၊ ရောင်းမှာက ခင်ဗျားရောင်းရမှာပဲ၊ ကျုပ်က အိမ်ကနေ ဝိုင်းကူလုပ်ပေးရုံသာ တတ်နိုင်တာဆိုတော့'

'ကဲ ထမင်းရောင်းရရင် မကောင်းဘူးလား ကိုထွန်းအောင်၊ ရှင့်သဘော အကော'

'ဟာ သိပ်ကောင်းပေါ့၊ ဒါပေမဲ့ ထမင်းရောင်းတဲ့အလုပ်က ဗာဟီရ သိပ်များတော့'...

'အလုပ်လုပ်တာပဲရှင် ကြောက်နေလို့ ဖြစ်မလား'

'ဒါဖြင့်လဲ လုပ်လေ၊ ကောင်းတော့ဖြင့် သိပ်ကောင်းတဲ့ အလုပ်ပဲ၊ မြန်မြန်လဲ ပိုက်ဆံဖြစ်လွယ်တယ်၊ ကိုယ့်ဝမ်းရေးလဲ လုံးလုံးမပူရတော့ဘူးပေါ့'

သို့ မိဘနှစ်ပါး အားရဝမ်းသာနှင့် ကြည်ကြည်ရွှင်ရွှင် ဤလိုတိုင်ပင်နေ ကြသည်ကို အတောသည် လည်တိုင်ကလေး အကော့သားနှင့် ခပ်ငေးငေး နားစွင့်နေရင်းကပင် ထမင်းဆိုင်တည်းဟူသော ပေါ်မလာသေးသည့်အကောင် အထည်ကို မယောင်မလည်တွေးကာ ဟင်းကောင်းကောင်းနှင့် ထွေးရတော့မည့် အခင်းကို အာသာတငင်းငင်း စိတ်ကူးယဉ်နေတော့၏။

'ကဲ ဒီလိုဆိုရင် ဒီအထပ်ခိုးကလေးနဲ့ ဖြစ်မှာမဟုတ်ဘူး ကိုထွန်းအောင်၊

www.burmeseclassic.com



ချက်ဖို့ပြုတ်ဖို့က နေရာကျယ်ကျယ်ဝန်းဝန်းနဲ့မှ ဖြစ်လိမ့်မယ်'

'လာ မသိန်းမေ၊ ပြောနေကြာတယ်၊ အိမ်တစ်ခန်းလောက် လျှောက်ရှာကြည့်ရအောင်'

ပြောပြောဆိုဆို ဖြိုင်တူထကာ အိမ်အခန်းရှာရန်အတွက် ခပ်သွက်သွက်ဆင်းသွားကြတော့၏။ အတာလည်း ကိုထွန်းအောင် ပစ်ပေးခဲ့သော မုန့်ဖော့ကလေးကို အသာချကာ ထ၍ပင် ကျွမ်းထိုးလိုက်မိတော့၏။

\+ \+ \+

ကိုထွန်းအောင်၏ အစီအစဉ်တွင် ပထမ အရေးအကြီးဆုံးသည် အတာ အားကျောင်းပြန်အပ်ရန် ဖြစ်သည့်အတိုင်း နောက်တစ်နေ့နံနက်တွင် ရှစ်နာရီခွဲသည်နှင့် အတာအား ကျောင်းသို့ခေါ်သွားတော့၏။

'မင်းလဲ မကောင်းဘူး အတာ၊ တကယ်လို့သာ ကျောင်းလခမပေးတဲ့အကြောင်း ငါ့ဆီကို ရေးလိုက်ရင် ငါ ကြံဖန်ပြီး ပို့ပေးမှာပေါ့'

'ဟုတ်ကဲ့၊ အစတော့ ကျွန်တော် ရေးမလို့ပဲ၊ ဒါပေမဲ့'

အတာက စကားကို ရှေ့မဆက်သေးဘဲ တွေတွေကလေး မော့ကြည့်နေသောကြောင့်

'ငါသိပါတယ်ကွာ၊ ငါ့မှာ ပိုက်ဆံမရှိဘူးဆိုတာ မင်းသိလို့ မရေးတာဟုတ်လား'

အတာက မျက်နှာသေကလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်တွင်

'အေး၊ မင်း အဲ့သလို လိမ္မာလေ ငါအသည်းကွဲလေ'

'ဗျာ'

အသည်းကွဲဆိုသော စကားကြောင့် သို့ရေရွတ်ရင်း စိတ်မကောင်းဖြစ်သွားသလို မော်ကြည့်လိုက်သည်နှင့် ကိုထွန်းအောင်လည်း အတာကလေး အဓိပ္ပာယ်ကောက် လွဲသွားပြီကို ချက်ချင်း သိလိုက်၏။

'ဒီလိုပါကွ၊ စိတ်ညစ်လို့ အသည်းကွဲတာမျိုး မဟုတ်ဘူး၊ ဥပမာ ဆိုပါတော့ကွာ၊ မင်း စိတ်ညစ်ရင် ဝမ်းနည်းရင် မျက်ရည်ကျတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'နို့ ငါပြန်လာတာ မြင်တော့ကော ဘာလို့ မျက်ရည်ကျသလဲ'

အတာလည်း အတန်ကြာတွေနေပြီးမှ

'ဟာ ဟုတ်တယ်နော်၊ သိပ်ဝမ်းသာရင်လဲ မျက်ရည်ကျတယ်၊ တစ်မျိုးပဲ'

'အေး အဲ့သလိုပဲပေါ့ကွာ၊ မင်း လိမ္မာတာဟာ အသည်းကွဲမတတ်ဘဲလို့ ခုနပြောတာ အဲ့ဒီ အဓိပ္ပာယ်ကွ'



အကြောင်းတစ်ခုခုကြောင့်ပင် ဖြစ်ဟန်တူ၏။ အတာသည် ကြည်ကြည်သင်လင် ရွှင်နေရာမှ ရုတ်တရက် မျက်နှာကလေးညှိုးသွားကာ

'ဟိုတလောတုန်းကလေ ကျွန်တော် ကျွန်တော် သိပ်မိုက်ခဲ့တာပဲသိလား၊ ကျွန်တော် အများကြီး ငရဲကြီးသွားပြီ'

အတာ့စကားကြောင့် ကိုထွန်းအောင်တွင် အံ့အားတသင့် ငုံ့ကြည့်မိရာမှ

'ဘာလဲ အတာ၊ မင်း ဘာတွေမိုက်ခဲ့လို့လဲ' ဟု မေးလိုက်သည်နှင့်

'ဟော့ လန်ခြား ဟိုး၊ ကျောင်းရောက်နေပြီ၊ ကျွန်တော် အိမ်ကျမှပဲ ပြောတော့မယ်နော်'

ကိုထွန်းအောင်တို့ ကျောင်းထဲဝင်လာသည်နှင့် အတာ့ကို မြင်လိုက်သော သူငယ်ချင်းများလည်း အားရဝမ်းသာ ပြေးလာနှုတ်ဆက်နေကြသောကြောင့် အတာတွင်လည်း မျက်ရည်တလည်လည်ဖြင့် ပြန်လှန်ဖြေကြားရင်း ဖက်လဲတကင်း ပွမိနေတော့၏။

'ဟော့ ကျော်ကျော်၊ မင်းတို့မကောာ' ဟု အတာက အမှတ်တရ အော်လိုက်သည်ကို

'အပေါ်ထပ်မှာကွ၊ တီချာကြီးအခန်းမှာ ခုပဲ တက်သွားတယ်'

အကယ်၍ အတာ့သဘောအတိုင်းသာ ခွင့်ပြုထားမည်ဆိုက တော်ရုံဖြင့် သူတို့ချင်း စကားပြတ်မည်မဟုတ်ဟု တွေးမိ၍လား မသိ၊ ကိုထွန်းအောင်သည်း ထိုအခိုက်မှာပင် အတာအား ဆွဲခေါ်ကာ အပေါ်ထပ်သို့ တက်လာခဲ့ရတော့၏။

အဆင်သင့်ပင် စာရေးစားပွဲအလယ်၌ ဇာချည်လုံး သိုးမွေးချည်ခင်များကို ကိုင်၍ တစ်စုံတစ်ရာ တိုင်ပင်နေကြဟန်တူသော ကျောင်းအုပ်ဆရာမကြီးနှစ်ယောက်အပြင် ကျော်ကျော်တို့ မမကိုပါ တွေ့ရသောကြောင့် ကိုထွန်းအောင်လည်း တံခါးဝမှပင်ရပ်၍ အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်လိုက်၏။

ဆရာမကြီးကလည်း ပြန်လှန်နှုတ်ဆက်လိုက်ရင်း ဝင်လာရန် ဖိတ်ခေါ်လိုက်ပြီး စောစောက ကိုထွန်းအောင်ဆီတွင်သာ အာရုံစိုက်နေမိကြသောကြောင့် အတာကလေးကို မမြင်ဘဲ ယခု အနီးသို့ရောက်မှ သိလိုက်ရသည်နှင့်

'ဟာလို ဟာလို' ဟူသော အသံများသည် ဆရာမကြီး နှစ်ဦးစလုံးထံမှ အံ့အားတသင့် ထွက်ပေါ်လာပြီး အနီးသို့ ခေါ်ယူကာ ဖက်သူက ဖက်၊ နမ်းသူက နမ်းဖြင့် အတော်ကလေး ဝမ်းမြောက်သွားသလို ပြုမူနေကြတော့၏။

ဆရာမမှာမူ အတာ့အပေါ်၌ ခင်ခင်တွယ်တွယ်နှင့် တောင့်တောင့်တတ ရှိခဲ့ဖူးသည်မဟုတ်၍လော မပြောတတ်၊ ပထမသော် ယောင်ချာချာ ငေးကြည့်နေမိသေး၏။

တစ်ကြိမ်သောအခါက အတာ့အပေါ်တွင် မည်မျှလောက် စိတ်ထား

www.burmeseclassic.com



ကလေး ကောက်ခဲ့သည်ဖြစ်စေ၊ ယခုလို ရက်ရှည်လများ ကွဲသွားရပြီးမှ ရုတ်တရက် ပြန်တွေ့လိုက်ရသည်၌ ဆရာမသည် သီးခြား ကိန်းအောင်းနေသော ဆရာမတည်းဟူသည့် စိတ်ဓာတ်ဖြင့် အတာအား နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးပြလိုက်၏။ ဤသည့်အမူအရာကို ဆရာမကြီးတို့ကလည်း ကြည်နူးဝမ်းသာ အကဲခတ်လိုက်မိ၏။

ချက်ချင်းလောက်နီးနီးပင် ကိုထွန်းအောင်က အတာ ဤသို့ဖြစ်ရသည့် အကြောင်းရင်းကို သူ ကျောက်ထိုးကျောင်း တက်သည်ကအစ ယိုးဒယားရောက်သည်အထိ ရှင်းပြလိုက်၏။

'မနေ့က တစ်ချက်တီးလောက်မှ ကျွန်တော် ရန်ကုန်ရောက်ပါတယ်၊ ရောက်ရောက်ချင်းပဲ ဒီကလေးကိုစွသိလိုက်ရတော့ အတော်ပဲ ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်'

သူပြောလိုက်သော စကားနှင့် လျော်ညီစွာပင် ကိုထွန်းအောင်၍ မျက်ရည်မလည်အောင် အနိုင်နိုင်ထိန်းနေရသည့်အသွင် ပေါ်နေ၏။

'အင်းပေါ့လေ၊ စိတ်မကောင်းစရာပဲပေါ့၊ အတာ့မှာ မိဘမှာ ငွေကြေး ကြပ်တည်းလို့သာ ကျောင်းလခ မမှန်တာပဲလို့ ဆရာမကြီးနဲ့ ကျွန်မတို့တောင် တိုင်ပင်ဆွေးနွေးပြီး ချက်ချင်း စာရေး မေးမြန်းပါသေးတယ်၊ အဲဒီတုန်းကသာ အကျိုးအကြောင်းလာပြောခဲ့ရင် ဆရာမကြီးကလဲ ဖွတ်တောင်းမှာ မဟုတ်ပါဘူး တစ်နည်းနည်းနဲ့ ဖြစ်လာအောင် စီစဉ်ပေးမှာပါပဲ'

'ဟုတ်ပါတယ်၊ မနေ့ကပဲ သူ့အမေ ပြောပြပါသေးတယ်၊ သူ့အမေဟာ စာမတတ်ဘူးဆရာမကြီး၊ ဒီတော့ စာရဲ့တန်ဖိုးကိုလဲ မသိသလို ဖြစ်နေတာ ပေါ့'

'မှန်ပါတယ်ဆရာမကြီး၊ ဒါကြောင့် ကျွန်တော် ချက်ချင်းပဲ ခေါ်လာခဲ့တာပါ၊ ကျွန်တော်ရှိနေသမျှတော့ နောက်နောင်ကို ဒီလိုမဖြစ်စေရပါဘူး'

'ဝမ်းသာတယ်၊ ကျွန်မ အများကြီးဝမ်းသာပါတယ်၊ ဒီလို အစစအရာရာ တော်တဲ့ ကလေးတစ်ယောက်ကို အင်မတန် ဂရုစိုက်ပြီး မွေးပါနော်၊ စောင့်ရှောက်ပါ၊ ကောင်းကောင်းစောင့်ရှောက်ပါ၊ ကျွန်မတို့ အင်္ဂလိပ်လူမျိုးမှာ ကလေးကို သိပ်ဂရုစိုက်ပါတယ်၊ ဘာပြုလို့လဲဆိုရင် မိဘတိုင်း အုပ်ထိန်းသူတိုင်း ဆရာ ဆရာမတိုင်း ကလေးများကို အများကြီး ဂရုစိုက်ပြီး စောင့်ရှောက်မှ တိုင်းပြည်ကို အုပ်ချုပ်ဖို့ လူကောင်းကောင်းရနိုင်ပါတယ်'

ပညာသင်ကြားရေး၌ စရိုက်ကြီးလေးလှသော ခေတ်ဖြစ်သည့်အတိုင်း အတာကလေးအား ရှေ့နေတစ်ယောက်ဖြစ်လာရေးအထိပင် ရဲရဲဝံ့ဝံ့ မမှန်းနိုင်သော ကိုထွန်းအောင်မှာ သို့လျှင် ဆရာမကြီး ပြောလိုက်သည့် 'တိုင်းပြည်အုပ်ချုပ်ဖို့ လူကောင်းကောင်းရနိုင်ပါတယ်' ဆိုသည့် စကားကြောင့် ကြက်သီးမွေးညင်း



ထပင် ထသွားလျက်

'ဒီလိုစိတ်ထားမျိုးကြောင့်လဲ ခင်းတို့အင်္ဂလိပ်တွေ ကမ္ဘာမှာ အကြီးဆုံး အင်ပါယာကြီးကို ချဲ့ထွင်အုပ်စိုးနေနိုင်တာပဲ' ဟူ၍ပင် စိတ်ထဲမှ ရေရွတ်နေမိ၏။

'အဲဒီတော့ ဦးထွန်းအောင် အတာလို စိတ်ကောင်းရှိတဲ့ ကလေး တစ်ယောက်ဟာ နောက် ၂၅ နှစ်လောက်ကြာလို့ ဝန်ကြီးတစ်ယောက် ဖြစ်လာမယ် ဆိုရင် တိုင်းပြည်အများကြီး ကောင်းမှာပဲ၊ ပညာကို အများကြီးပေးပါ၊ အတတ်နိုင်ဆလောက် များများပေးပါ'

ထိုစကားကြောင့် ကိုထွန်းအောင်တွင် ပို၍ပင် ခေါင်းကြီးသွားတော့၏။ ရင်ထဲတွင်လည်း စိမ့်ခနဲ ချမ်းသွား၏။

'ဟုတ်ကဲ့၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်'

'ခုလိုဆိုရင် အများကြီး ဝမ်းသာစရာပဲ၊ ဆရာမကြီးတို့ လူမျိုးဟာ ဒီလို အားလုံးဘက်က တော်တဲ့ကလေးကို အင်မတန် ဂရုစိုက်ပါတယ်၊ ကောင်းကောင်း ထူးပါတယ်၊ ဒါကြောင့် ဒီကလေးကို အားပေးတဲ့အနေနဲ့ နောက်ပြီးတော့ကာ ဦးထွန်းအောင်တို့မှာ ငွေသိပ်မလွယ်ဘူးဆိုတဲ့အတွက် အရင်က ကျောင်းလခ ဆွေကို မယူပါဘူး'

'ဗျာ၊ ကျေးဇူးတင်လိုက်တာ ဆရာမကြီးရယ်၊ သိပ်ကျေးဇူးတင်တာပဲ'

'ခု ကျွန်မတို့ ကျောင်းဖွင့်ထားတာဟာ ကလေး ချစ်တတ်လို့ပါ၊ ကလေးတွေနဲ့နေရတာ ပျော်လို့ပါ၊ ပိုက်ဆံကြောင့် မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်မက မြန်မာကိုချစ်တဲ့ အင်္ဂလိပ်မကြီးပါ ဦးထွန်းအောင်'

ပြောပြောဆိုဆို ဆရာမကြီးက အညွှတ်အနူးနှင့် မြူးရွှင်သွားသလို အသံထွက်အောင် ရယ်လိုက်သောကြောင့် အားလုံးပင် တပြုံးပြုံး ဖြစ်သွားကြတော့၏။

အကယ်၍သာ ကျောင်းသားသစ်တစ်ယောက် လာအပ်သည့်ကိစ္စမျိုး ဖြစ်ခဲ့လျှင် (ဤလိုအချိန်၌ လက်ခံသည်ပင် ထားဘိဦး) ဤမျှလောက်အချိန် အကုန်ခံကာ ဤလိုလည်း ရင်းရင်းနှီးနှီးနှင့် ရယ်ကာမောကာ ရှိနေလိမ့်မည် မဟုတ်။ ယခုသော် စာတော်သည်၊ လိမ္မာသည်၊ စိတ်ကောင်းရှိသည်ဟူသော အတာ၏ ဂုဏ်သတင်းကလေးများကြောင့် အတန်ကြာသည့်တိုင် အရေးတယူ ဆွေးနွေးနေမိကြ၏။

မြန်မာစကား မပီတပီနှင့်ပင် ပြောဆိုနေရာမှ ဆရာမကြီးသည် ရုတ်တရက်အားဖြင့် အင်္ဂလိပ်စကားသုံးကာ ခပ်ပြုံးပြုံးအမူအရာဖြင့်

'ခု ဒီကလေး ကျောင်းမလာဘဲနေတာဟာ ကျောင်းလခအတွက်ကလွဲပြီး ဒီပြင် ဘာတွေများ ပြောပါသေးသလဲ၊ ပွင့်ပွင့်လင်းလင်း သိပါရစေ'

ဆရာမကြီးသည် အနီးတွင်ထိုင်နေသော ကျော်ကျော့်မမအား မသိမသာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြလိုက်ပြီးမှ သို့ မေးလိုက်သည်ကို

'ဘာမှ မပြောပါလား ဆရာမကြီးရဲ့'

'ဒီလိုလေ၊ ဆရာမကြီး ဆိုလိုတာက ဒီက ကျောင်းသူကျောင်းသား ဆရာမ အစရှိတာတွေနဲ့ ပတ်သက်ပြီး သူ သဘောမကျတာ တစ်ခုခုမှာ ပြောဖူးသလားဆိုတာ'

'ဟာ မပြောဖူးပါဘူး၊ ကျွန်တော် သိသလောက်ဆိုရင် သူကျောင်းနေတဲ့ နေ့ကစပြီး ခုထိ ကျောင်းနဲ့ပတ်သက်လို့ ဘာတစ်ခုမှ သဘောမကျတာရယ်လို့ မရှိခဲ့ပါဘူး၊ ပြောလဲ မပြောဖူးပါဘူး၊ ဘာဖြစ်လို့ပါလိမ့်'

'မဖြစ်ပါဘူး၊ ရှိခဲ့ရင် ဘာကို မကျေနပ်ဘူးဆိုတာ ကျွန်မတို့ သိထားချင် လို့ပါပဲ' ဟု လက်ထောက် ဆရာမကြီး ဝင်ဖြေလိုက်ပြီးမှ အတာ့ဘက်သို့ လှည့်ကာ

'ကဲ အတာ၊ ခု မင်းကျောင်းပြန်ရောက်လာပြီနော်၊ ကောင်းပြီ၊ မင်း ဘယ်အတန်းမှာ နေချင်သလဲ'

'အရင်အတန်းမှာပဲ နေမယ် တီချာလတ်၊ ဒီမမ အတန်းမှာပဲ နေချင် ပါတယ်'

အတာသည် ယောင်၍မျှပင် စဉ်းစားခြင်းမပြုဘဲ သူ့ဆရာမအား လက်ညှိုး ကလေးညွှန်ကာ ပျာပျာသလဲ ပြောလိုက်၏။

သူ့အား စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုမူခဲ့သော်လည်း အတာသည် ဆရာမအပေါ်၌ အငြိုးမထား၊ အချစ်မပျက်၊ နှစ်သက်ခင်မင်လျက်ပင်ရှိသည်ကို ထိုအပြော ထိုအမူအရာဖြင့် ပြလိုက်၏။ ဤသည်ကို သူ့ဆရာမကလည်း အရှက်ကလေးဖြင့်နှောကာ သဘောပေါက်သွား၏။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသကဲ့သို့ပင် မပျက်သော အတာ့မေတ္တာက ဆရာမသို့ ကူးစက်သွားသည် အတိုင်း ချက်ချင်းပင် အတာကလေးအား လှမ်း၍ ဆွဲတဲ့ပြီး အတာ့ပါးကလေး နှစ်ဖက်ကို သူ့လက်နုနုဖြင့် စုအုပ်ခါယမ်းရင်း အငမ်းမရ ကြည်နူးနေမိသလောက် ဆရာမကြီးနှစ်ယောက်တွင်ကား ပြောစရာပင်မရှိ။ သိသိသာသာပင် ရွှင်လန်းအား ရှိနေကြတော့၏။

\+ + +

နေ့လယ် ကျောင်းလွှတ်သည်ဆိုလျှင်ပင် အတာသည် သူ့ဝတ္ထုရားကို မစော ဆရာမအနီးသို့ ဇွေ့ခနဲရောက်လာကာ

'မမ ဘာစားမလဲဟင်၊ ကျွန်တော် မှာပေးမယ်လေ'

သို့အတာ မေးနေခိုက်မှာပင် ချစ်အောင် ရောက်လာပြန်သောကြောင့်



'ကဲ မောင်ချစ်အောင်၊ ဒီနေ့တော့ အရင်ရောက်တဲ့လူကို ခိုင်းရမှာပဲ၊ မင်း သွားတော့၊ အတာက အရင်ရောက်တယ်' ဟု ချစ်အောင်ကို ကျေနပ်အောင် ပြောလိုက်ပြီးမှ အတာအား ဝမ်းသာဝမ်းနည်း ခွဲခြား၍ မရသော အမူအရာဖြင့် ကြည့်နေပြီးမှ

'အတာ မင်း မမကို မမုန်းဘူးလားကွယ် ဟင်' ဟု မေးလိုက်သော ကြောင့် အတာတွင် မျက်တောင်ကလေး တဖျတ်ဖျတ် ခတ်နေမိရာမှ

'ဟင် ကျွန်တော် ဘာလို့ မုန်းရမှာလဲ၊ မမကို ကျွန်တော် ချစ်ပါတယ် မရဲ့၊ ကျွန်တော် မမုန်းတတ်ပါဘူး'

ဤစကားကြောင့် ဆရာမတွင် တစ်ဖန် မသိမသာ ရှက်သွားရပြန်၏။

'ကဲ မင်းက မမကိုချစ်တယ်၊ နို့ မမကကော မင့်ကို ချစ်သလား မုန်း သလား၊ မင်း ဘယ်လိုထင်သလဲ အတာ'

အတာလည်း အတန်ကြာ တွေနေမိပြီးမှ

'ဟို အရင်မမက ပြောတယ်၊ ဆရာမဆိုတာ ဘယ်ကလေးကိုမှ မမုန်း ဘူးတဲ့၊ ဒါပေမဲ့ ပြောစကား နားမထောင်ရင် စာမကြိုးစားရင်တော့ စိတ်ဆိုး တယ်တဲ့၊ ဒီလိုဆို မမလဲ ကျွန်တော့်ကို ချစ်တယ်လို့ထင်တယ်၊ ဒါပေမဲ့'

အတာလည်း စကားကို ရှေ့မဆက်ဘဲ ဆရာမအား မသိမသာ မော့ ကြည့်လိုက်သောကြောင့်

'အင်း၊ ဒါပေမဲ့ ဘာဖြစ်သလဲ အတာ၊ ပြော မမကို မကြောက်နဲ့' ဟု အပြုံးနှင့် ခွင့်ပြုလိုက်မှ

'ကျွန်တော့်ကို မမ ချစ်သားပဲ၊ ဒါပေမဲ့ ကျွန်တော့်ကြောင့် ကျော်ကျော် ဖူးပေါက်သွားလို့ မမ ကျွန်တော့်ကို စိတ်ဆိုးနေတယ် ဟုတ်ဖူးလားဟင်'

ဆရာမအဖို့၌ ထိုစကားကြောင့် အဟောင်းသည် အသစ်ကဲ့သို့ ဖြစ်လာဟန် တူ၏။ မျက်နှာထား အမူအရာလည်း ပြောင်းသွားကာ

'ဒီမှာ အတာ၊ မမ မင့်ကို မမုန်းတော့ဘူး ဟုတ်လား၊ ကဲ မမဖို့ ဟို ဆရာမသည် ဘာစားရကောင်းမည်ကို စဉ်းစားနေသလို တွေနေသည်နှင့်

'ကော်ပြန့်လိပ်စားပါလား မမ ဟင်၊ ကျွန်တော် သွားဝယ်ပေးမယ်'

'ဟော့ ဒီမှာ ရလို့လား'

'၁၆ လမ်းထိပ်မှာ ရတယ်လေ'

ယခင်ဆရာမအား ဝယ်ပေးခဲ့သည့်နည်းတူ အတာလည်း အပြေးအလွှား သွားဝယ်ခဲ့၏။ တစ်မြန်နေ့က ထမင်းဝယ်ရင်း ဖျက်ခဲ့သော ငွေတစ်ကျပ်မှ ကျန်သည့် အကြွေကို သူ့မေမေရန်ကြောင့် အိမ်တွင် မထားဝံ့တော့ဘဲ သူ့အိတ်ထဲတွင် ပါလာခဲ့သည့်အတိုင်း ထိုပိုက်ဆံနှင့် အပေါင်ထား ယူလာခဲ့သည်နှင့် ယခင်က ကဲ့သို့ အကျိုးချွတ်၍ မပေးခဲ့ရဘဲ ကိစ္စပြီးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အတာသည် ယနေ့အဖို့၌ ရက်တရက် ဘဝသစ် ရောက်ခဲ့ရသည့်ပမာ သာသာယာယာကြီး ပျော်နေတော့၏။ အထူးသဖြင့် သူ့အား မကြည်မဖြူနှင့် ဖြူစုကဲ့သော ဆရာမက ရယ်ကာမောကာနှင့် စကားလက်ခံပြောလာသည့် အဖြစ်ကို အတာသည် နှစ်နှစ်ကာကာ ဝမ်းအသာဆုံးဖြစ်၏။

ညနေ ကျောင်းလွှတ်ရန် မိနစ်ပိုင်းမျှသာ လိုတော့သည့်အချိန်တွင် အတာသည် ခါတိုင်းနှင့်မတူ တလှုပ်ရှုရှုဖြင့် ဟိုထသည်ထ လုပ်နေသောကြောင့်

'အတာ၊ လာဦး ဒီကို'

အလွန် ကျိုးနွံသော အမူအရာဖြင့် အတာရောက်လျှင်ပင်

'မင်း ဘာထလုပ်နေတာလဲ၊ ဟိုသွားဒီသွားနဲ့ ဟင်၊ အရင်လို မင်းစည်းကမ်း မသေဝပ်ချင်တော့ဘူးလား'

'မ မဟုတ်ပါဘူး၊ ကျွန်တော် ဆော့နေတာ မဟုတ်ပါဘူး၊ ကျောင်း ပျက်ခဲ့တုန်းက စာတွေပြန်ကူးချင်လို့ မစွမ်ကြည်တို့ဆီမှာ စာအုပ်ငှားတာပါ မမ'

အဖြစ်တင်စောသွားမိသော ဆရာမသည် ယခုမှပင် ချစ်ချင်ဖွယ်ရာသော အတာ့လုံ့လ ဝီရိယကို စိတ်ထဲမှ ချီးကျူးမိကာ

'အေး အေး၊ ဒါဖြင့် သွား' ဟု အတာအား ခပ်ပြုံးပြုံး ခွင့်လွှတ်လိုက်၏။

\+ \+ \+

အိမ်သို့ ပြန်ရောက်သည်ဆိုလျှင်ပင် အတာသည် ရေသော်မှ ဝအောင် မချိုးနိုင်၊ သူ့စိတ်ထဲတွင် ပြန်ကူးရမည့် ကျောင်းစာများကိုသာ စွဲလမ်းနေသည်နှင့် ရေ သုတ်သုတ်ချိုးကာ စာကိုသာ အပြင်းကူးရေးနေတော့၏။

သူနှင့် ရှေ့ဆင့်နောက်ဆင့်လောက် ရောက်လာသော ကိုထွန်းအောင်ကိုပင် ဟက်ဟက်ပက်ပက် စကားမပြောနိုင်ဘဲ တကုတ်ကုတ်နှင့် ရေးနေသည်မှာ ၄ နာရီမှသည် ည ၇ နာရီခွဲအထိ အတာ မထသေး၊ ရေးမြဲပင် ရှိနေသေးသောကြောင့်

'ဟော့ အတာ၊ တော်ပါတော့လားကွ၊ တော်တော့ နက်ဖြန်မှဆက်ရေး' ဟု ခပ်ပြင်းပြင်းကလေး ငေါက်လိုက်မှ အတာလည်း အရေးရပ်တော့၏။

အတာကလေး ထမင်းစားပြီး ပြန်လာသောအချိန်မှာ ရှစ်နာရီသာသာခန့် ရှိနေပြီဖြစ်၍ သူ့အိပ်ရာ သူ့အသာခင်း၍ အစင်းသား လှဲချလိုက်၏။ ရက်တရက် မပျော်၊ အတော်ကြာသည့်တိုင်အောင် အတွေးကြောတွင် မျောနေသေး၏။

အထူးသဖြင့် သူ၏ တောလေဘဝနှင့် ကျောင်းသားဘဝကို အမျိုးမျိုး နှိုင်းယှဉ်၍ တွေးနေမိ၏။

အပိန်းတို့နှင့်အတူ တိရစ္ဆာန်ရုံ၊ ကန်တော်ကြီး၊ ဗိုလ်တထောင်သင်္ဘောဆိပ် စသည်တို့သို့ သွားလာလည်ပတ်ရာ၌ တစ်ခါတစ်ရံ ဓာတ်ရထား၊ ဘတ်စ်ကား



သည် စီးသွားရာတွင် မည်သူကမျှ သူတို့တစ်သိုက်ကို အရေးမလုပ်၊ မျက်နှာ သာလည်းမပေး။ သူမိုး ခါးပိုက်နှိုက်ကလေးများကဲ့သို့ သဘောထားပြီး သူတို့ ထိုင်သည့် ခုံတန်းမှ ခရီးသည်များလည်း ကိုယ့်အိတ်ကို ဖုံးသူဖုံး၊ ပါလာသော ချည်းကို ပေါင်ပေါ် ယူတင်လိုတင်ဖြင့် မသင်္ကာသလို ကြည့်တတ်ကြ၏။ ခုံတန်းထဲသို့ ရိုးရိုးတန်းတန်း လျှောက်သွားကြသည်ကိုပင် ဆိုင်ရှင်အပေါင်း တို့၏ မောင်းထုတ် အော်ငေါက်ခြင်းကို ခံရတတ်၏။ ဤကား တောလေဘဝ၏ အတာ့ကိုယ်တွေ့များဖြစ်လျက်

ကျောင်းသားဘဝကမူ တစ်ခါတစ်ရံ ကျောင်းနောက်ကျမည်စိုး၍ ဘတ်စ်ကား စီးသွားသောအချိန်နှင့် ကားထဲ၌ လူပြည့်နေသောအခိုက် ကြုံကြိုက်နေ သည့်တိုင်အောင်

'ဟဲ့ ကလေး၊ လာ ဦးလေးပေါင်ပေါ်ထိုင်' ဟူ၍လည်းကောင်း

'ဟော့ ဟော့၊ ဟိုကလေးကို ဒီပို့လိုက်ပါကွယ်၊ အပေါက်ဝမှာ မတော်လို့ ထိမ့်ကျသွားမှဖြင့် လာ လာ၊ ဒေါ်ဒေါ့ပေါင်ပေါ်ထိုင်' ဟူ၍ တစ်ဖုံ

'ငါ့မောင်ကလေးက ဘယ်ကျောင်းမှာနေသလဲ ဟင်၊ ဘယ်နှစ်တန်း ရောက်ပလဲ' ဟူ၍ တစ်နည်း

သို့လျှင် ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေနှင့် အရေးတယူ ပြုစုကြသည်၊ ချစ်ကြသည်ကို အတာ တွေးမိလာ၏။ မည်သည့်နေရာပင်သွားသွား၊ ကျောင်းသားဆိုလျှင် တွေ့မြင်သူတိုင်းက ချစ်ခင်ကြသည်ကိုလည်း အတာသည် အကြိမ်ပေါင်းများစွာ ကိုယ်တွေ့ကြုံခဲ့ဖူးပြီ ဖြစ်သည့်အတိုင်း

ထိုမည်သော တောလေဘဝနှင့် ကျောင်းသားဘဝ၏ ခြားနားချက်ကို ယခုမှပင် အကွက်လည်အောင် တွေးမိတော့၏။

စိတ်နေသဘောထားအားဖြင့် တွက်စစ်မိပြန်သည်၌လည်း အတာသည် တောလေဘဝကဆိုလျှင် ဆော့နည်းမျိုးစုံဖြင့် ကမ်းကုန်အောင် ဆော့ခဲ့၏။

'ဟဲ့ ကောင်လေးတွေ သိပ်မဆော့ကြနဲ့ကွယ်' ဟု မျက်စိနောက်သူ လူကြီးသူမများက ဆုံးမကြသည်ကိုပင် အတာသည် ရှိသေတတ်သည့်စိတ် မျောက်ကာ ပြောင်နောက်၍ ပြေးလေ့ရှိခဲ့ဖူး၏။ မိုက်သောသူနှင့် ပေါင်းခဲ့သော ကြောင့်လည်း မိုက်သောအလုပ်ဖြစ်သည့် ခိုပစ်၊ ငါးဖမ်းဖြင့် သူတစ်ထူးအသက်ကို ရေမ်းပတာ သတ်ခဲ့၏။

သို့လျှင် လူလိမ္မာ ကျောင်းသားနှင့် လူဆိုးလူတေ လူပေဘဝတို့၏ စိတ်ထား၊ ကိုယ်နှုတ်အမူအရာနှင့်တကွ ပတ်ဝန်းကျင်၏ အရေးပေး ခံစားမှု ခြင်းပါ အဘယ်မျှ ခြားနားသည်ကို အတာလည်း ယခုမှပင် အယနဏနှင့် ကွဲကွဲပြားပြား သဘောပေါက်တော့၏။

သို့လျှင် အမှားနှင့်အမှန်ကို သိ၍ တိတိကျကျ တွေးမိသည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



လူလိမ္မာ ကျောင်းသားဘဝဖြင့်သာ တွေးတောဆင်ခြင်မိခြင်းဖြစ်ရာ လူလိမ္မာသည် ပို၍ လိမ္မာရေးကိုသာ ရှေ့ရှုစဉ်းစား၍ လူမိုက်တို့သည်မူ အဘယ်ပုံ တေရမိုက်မည်ဟူသည့်၌သာ ပို၍ စိတ်ဝင်စားတတ်၏။ ဤသည်မှာ မမွှတာဟု ငယ်ရွယ်သော အတာသည် ယခု သဘောမပေါက်နိုင်သေးသော်လည်း အသက်အရွယ် အလျောက် တစ်နေ့နေ့တွင်ကား ဤသဘောကို သူအမှန် ခေါက်မိမည်သာ ဖြစ်၏။

\+ \+ \+

အတာကလေးအား ကျောင်းပြန်အပ်ခဲ့ပြီးသည့်နောက် ၄ ရက်မြောက်သော နေ့မှာပင် ခင်စိုးလှတို့နေထိုင်ရာလမ်းထဲသို့ ပြောင်းသွားကြတော့လျက် ထိုလမ်းထဲသို့ ရောက်ခွင့်ကြုံရသည်ကို အတာစိတ်ထဲ၌လည်း အတော်ကလေး ကြည်နူးသွားမိ၏။

ယခင် အတာတို့နေထိုင်ခဲ့သော မော်ဂိုင်လမ်း (ယခု ဗိုလ်ရွှေလမ်း)မှာ လမ်းအနေအားဖြင့် လူရည်သန့်များသာ နေထိုင်ကြသည်မှန်သော်လည်း ထိုလမ်း၏ ဝဲယာဘက်ရှိ ၂၁၊ ၂၂၊ ၂၃၊ ၂၄ အစရှိသည့် လမ်းတို့မှာ များသောအားဖြင့် ဆင်းရဲသား တရုတ်များဖြင့်သာ ပြည့်ကျပ်နေခဲ့သည့်အတိုင်း ဘိန်း၊ အရက် အနီထော်၊ လေးကောင်ဂျင်၊ ကော်ကင်း အစရှိသည့် လုပ်ငန်းဖြင့်သာ အသက်မွေးကြသောအရပ် ဖြစ်၏။

ဒုစရိုက် ပစ္စည်းထွန်းကားရာအရပ်ဖြစ်သည့်အလျောက်လည်း ထို ရပ်ကွက်တစ်ဝိုက်သည် ဒုစရိုက်သမားဖြင့်သာ အမြဲပြည့်နှက်နေ၏။ သူခိုး ခါးပိုက်နှိုက်၊ တေလေ၊ ဘိန်းစား၊ အလစ်သမားတို့ ပေါက်ဖွားရာဒေသလည်း ဖြစ်ရာ လူနေအဆင့်အတန်း ညံ့သလောက် ရပ်ကွက်လည်းမသန့်။ အလွန့်အလွန် ညစ်ပတ် ရှုပ်ပွေလှ၏။ (ဤသည်မှာ လွန်ခဲ့သော အနှစ်သုံးဆယ်လောက်က အခြေအနေကို ဆိုလိုရင်းဖြစ်၏။)

နံနက်မိုးလင်း၍ အိမ်မှထွက်လိုက်သည်နှင့် ပြတင်းပေါက်များတွင် ဝါးလုံးများထိုးတ်၍ ရှုပ်ယှက်ခတ်အောင် လှန်းထားသည့် တရုတ်မဘောင်းဘီတန် များဖြင့်သာ ပြည့်နှက်နေသည့် ရှုခင်းကိုတွေ့ရပြီး ဆူသံဆဲသံ၊ ရန်ဖြစ်သံ ပုလိပ်လိုက်သံတို့ဖြင့်သာ အမြဲတစေ ညံနေသည်ကိုသာ ကြားရတတ်သည်။ ယခင်ရပ်ကွက်မှ ပြောင်းလာခဲ့သော အတာသည် ယနေ့နံနက် လက်ဖက်ရည် ဝယ်ရန် ဆင်းလာခဲ့ရာ၌ လမ်းပေါ်ခြေချမိသည်နှင့် အတာတွင် ယောင်ချာချာ ကလေး ငေးနေမိ၏။

ဆူသံပူသံဆို၍ ကလေးငိုသံပင် သဲ့သဲ့မျှ မကြားရ။ မည်သည့်ဘက်သို့ လှည့်၍ ကြည့်လိုက်သည်ဖြစ်စေ ကျက်သရေအတိပြီးနေသော ကုန်တိုက်၊ ဈေးဆိုင် တို့ဖြင့်သာ မြိုင်နေသည်ကိုတွေ့ရ၏။ လူကုံထံ လူရည်သန့်တို့ နေထိုင်ရာ



အချက်အချာ ကုန်သည်ရပ်ကွက်ဖြစ်သည့်အတိုင်း သွားလာ ဝင်ထွက်နေကြ သူများသည်လည်း လူခန့်လူသန့်များသာ ဖြစ်သည်ကို တွေ့ရ၏။

အတာလည်း အံ့ဩသာယာသွားသော အမူအရာကလေးဖြင့် အထူး အဆန်းသဖွယ် ပတ်ချာလည်အနှံ့ ကျေနပ်အောင်ကြည့်နေပြီးမှ ကြည်ကြည်နူးနူး လမ်းတစ်ဖက်သို့ လက်ဖက်ရည်ဝယ်ရန် ကူးသွားတော့၏။ ဝယ်ပြီး၍ ပြန်အလာ လမ်းလယ်သို့ မရောက်တရောက်တွင် ရုတ်တရက် ဘောလုံးကလေးတစ်လုံး ကျလာသည်ကို တွေ့ရသည်နှင့် အတာသည် ချာခနဲ မော့ကြည့်လိုက်၏။

နှစ်ထပ်တိုက်တစ်လုံး၏ တစ်ခန်းသော ဝရန်တာတွင် သုံးနှစ်ခန့်အရွယ် ကလေးငယ်တစ်ယောက်သည် ကျသွားသော ထိုဘော်လုံးကို လက်ညှိုးထိုးပြရင်း ငိုနေသည်ကို တွေ့ရသောကြောင့် အတာလည်း ပျာပျာသလဲပင် ဘောလုံးကို ကုန်းကောက်လိုက်၏။

'ဟဲ့ကောင်လေး ဘာလို့ယူတာလဲ၊ ဒါတို့ဘော်လုံး' ဟူသော အသံတစ်ခုပေါ် လာပြန်သည်နှင့် အတာသည် ဘော်လုံးကလေးကိုင်လျက်ပင် မော့ကြည့်လိုက်၏။ စောစောကငိုနေသော ကလေးငယ်၏ ဘေးတွင်ပင် ဂါဝန်ပြာကလေးနှင့်ရပ်နေ သော အတာနှင့် ရွယ်တူလောက် မိန်းကလေးဖြူဖြူတစ်ယောက်ကို တွေ့ရလျက်

'ထားခဲ့လေ၊ ဘော်လုံးကို ဘာလို့ယူတာလဲ'

အဆိုပါ မိန်းကလေးသည် အတာ မော့ကြည့်လိုက်မှပင် မျက်နှာထား ကလေး မောက်မောက်ဖြင့် သို့လျှင် ငေါက်ဆတ်ဆတ် ပြောလိုက်ပြန်သောကြောင့်

'နင် သေသေချာချာကြည့်ပြော၊ ငါက အကောင်းကောက်ပြီး အပေါ်ကို ပစ်တင်ပေးမလို့ နားလည်လား'

အတာကလည်း မခံ။ ခပ်ထန်ထန်ကလေးပင် ပြန်ပြောလိုက်သည်၌ မိန်းကလေးတွင် ပို၍ စိတ်ဆိုးသွားဟန်ဖြင့်

'အမယ် နင်ကလား ငါ့ကို ဒီလိုပြောတာ ဟင်' ဟု မိန်းကလေးကလည်း ကက်ကက်လန် ပြန်မေးလိုက်၏။

'ပြောတော့ ဘာဖြစ်သလဲ၊ နင် အစက ကောင်းကောင်းပြောပါလား၊ ငါလဲ ကောင်းကောင်းပြောမှာပေါ့'

'ဘာလဲနင်ကလူဝါးဝလို့ ဟင်၊ မနေ့တစ်နေ့ကရောက်တဲ့ကောင်လေးက'

'နင်ကကော ဘာလူဝါးဝတာလဲ၊ အကြာကြီးက ရောက်နေတဲ့ ကောင်မ လေးက၊ ဟင်'

ဤတွင် မိန်းကလေးလည်း နောက်ထပ် ဘာပြောရမည်မသိတော့သကဲ့သို့ အောက်နှုတ်ခမ်း ပါးပါးကို အပေါ်သွားကလေးဖြင့် ဖိကိုက်၍ မျက်စောင်းအပြူးသား ကြည့်နေပြီးမှ

'ထားခဲ့၊ ငါတို့ ဘော်လုံး'

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လှမ်းအော်လိုက်သည်နှင့် အတာလည်း မိန်းကလေးအား မှဲပြုံးနှင့်မျက်နှာ မေးခနဲ့ကြည့်ရင်းကပင် ကိုင်ထားသော ဘော်လုံးကို အတော်ဝေးဝေးသို့ လွှင့်ပစ် လှည့်ထွက်သွားသောကြောင့် မိန်းကလေးတွင် အံတခဲခဲနှင့် မချင့်မရဲ ကြည့်ရင်း ကျန်ရစ်တော့၏။

အတာသည် ထိုမိန်းကလေး၏ အပြောအဆိုကို မုန်းသွားသောကြောင့်သာ ဘော်လုံးကို လွှင့်ပစ်မိသော်လည်း အခြားတစ်စုံတစ်ဦးက ကောက်သွားမည်ကိုမူ သူ စိုးရိမ်မိဟန်တူ၏။ သို့နှင့်ပင် အပေါ်မတက်သေးဘဲ ဘော်လုံးလိမ့်သွားရာ ဆီသို့ မသိမသာကြည့်နေမိလျှက် ထိုအထပ်မှ မိန်းကလေးငယ်ငယ်တစ်ယောက် ဆင်းကောက်ယူသွားမှပင် အတာလည်း အပေါ်ထပ်သို့ တက်ခဲ့တော့၏။

ထိုနေ့ညနေ ကျောင်းမှပြန်လာ၍ လမ်းထဲသို့ဝင်လိုက်သည်နှင့် အတာ့ မျက်လုံးများသည် နံနက်က ဘုကျခဲ့သည့် အပေါ်ထပ်ကို မသိမသာ လှမ်းကြည့် မိ၏။ သို့သော် မည်သူ့ကိုမျှ မတွေ့ရသောကြောင့် မျက်နှာကို လွှဲလိုက်တော့မည် အပြုတွင် ရုတ်တရက်ထိုတိုက်လှေကားရင်းသို့ မော်တော်ကားတစ်စီး ဆိုက်လာ၏။

နံနက်ပိုင်းက ဘော်လုံးကိစ္စကြောင့် ကတောက်ကဆ ဖြစ်ခဲ့ရသော ဂါဝန်ပြာနှင့် မိန်းကလေးသည် လှေကားရှိရာ ပလက်ဖောင်းဘက်မှ မဆင်းဘဲ ကတ္တရာလမ်းဘက်ရှိ တံခါးကိုဖွင့်၍ ဆင်းခဲ့သောကြောင့် အခြားတစ်ဖက်မှ လျှောက်လာသူ အတာနှင့် မျက်နှာချင်းဆိုင် မိသွားကြ၏။

မိန်းကလေးလည်း အတာ့ကို မြင်လိုက်သည်နှင့် မျက်မှောင်ကလေးကျုံ့ တွဲကာ ဖြုတ်ခနဲ ကိုယ်ကိုလှည့်လိုက်၏။ အတာကမူ မည်သို့သော လက္ခဏာမျှ မပြဘဲ ဣန္ဒြေရရပင် လျှောက်လာပြီး သူ့အိမ်ပေါ် သူတက်ခဲ့၏။

ရေမိုးချိုး၍ ရေးစရာရှိသော ကျောင်းစာများပြီးသည်နှင့် အတာသည် ဝရန်တာတွင်ရပ်ကာ ထိုထိုဤဤကြည့်ရင်း ရပ်ကွက်၏သာယာခြင်းကို တငေး တမော အရသာခံလျက်ရှိ၏။ သို့ တောင်ငေးမြောက်ကြည့်နှင့် ပီတိကလေးဖြစ်နေ စဉ်မှာပင် မျက်နှာချင်းဆိုင် ခပ်စောင်းစောင်းရှိ တိုက်ဝရန်တာသို့ ဂါဝန်ပြာမလေး ထွက်လာသည်ကိုတွေ့ရသည်၌ ဤတစ်ကြိမ်တွင်မူ အတာကပင် ဦးဦးဖျားဖျား မျက်နှာကို ချာခနဲ လှည့်ပစ်လိုက်၏။

သို့ မျက်နှာကို လှည့်ပစ်လိုက်သည်နှင့်ပင် အတာ၏ မျက်လုံးများသည် အတော်လှမ်းလှမ်း၌ ဘော်လုံးကစားနေကြသော ယောကျ်ားကလေးတစ်သိုက်ဆီသို့ အာရုံစိုက်သွားကာ ကြာကြာပင် ကြည့်မနေတော့ဘဲ ချက်ချင်းဆိုသလို အိမ်ပေါ် မှ ဆင်းထွက်သွားတော့၏။

ဘော်လုံးကန်နေကြသည့် ရှစ်ယောက်မျှသော ကလေးတစ်စုတွင် အတာ့ ထက် အနည်းငယ်ကြီးသူဟူ၍ နှစ်ယောက်လောက်သာပါပြီး ကျန်လူငယ်များ မှာမူ အတာနှင့် ရွယ်တူဖြစ်၏။ ၎င်းတို့ ကစားနေကြသည့် ပလက်ဖောင်းဘေး



တွင် အတာရပ်၍ ကြည့်နေသည်မှာ ဆယ်မိနစ်သာသာပင် ရှိပြီဖြစ်သော်လည်း မည်သူကမျှ အတာ့အား ကစားရန်မခေါ်။ သို့သော် အားလုံးလိုလိုပင် ဣန္ဒြေရရှင်း ခါးထောက်ကြည့်နေသော အတာအား မသိမသာ အကဲခတ်နေမိကြ၏။

နောက်လေးငါးမိနစ်အကြာတွင် တစ်ယောက်သော ကလေးကို ထမင်းစား အခေါ်သွားသဖြင့် တစ်ဖက်သုံးယောက်နှင့် လေးယောက် ကစားရတော့မည်ကဲ့သို့ သိမ်မျှဖြစ်ကာ ရုတ်တရက် အကစားရပ်သွားသည်နှင့်

'ငါ ဒီဘက်က မပါရဘူးလားကွ'

အတာလည်း ၎င်းတို့အနီးတွင် သွားရပ်ကာ ခပ်ပြုံးပြုံး မေးလိုက်၏။ မည်သူမျှပင် ခေါင်းခါ ခေါင်းညိတ် မလုပ်ဘဲ အတာအား တစ်ချက်သာလှည့် ကြည့်လျက် သူတို့ချင်းသာ ဆက်၍ ဆွေးနွေးနေကြသောကြောင့် အတာက ဘာမျှ ထပ်မပြောတော့ဘဲ ပလက်ဖောင်းပေါ် ပြန်တက်၍ စောစောက နေရာတွင်ပင် ရပ်နေလိုက်တော့၏။ နောက် ထိုလူငယ်များလည်း အခြားသော ကလေးငယ်တစ်ယောက်ကို ထည့်၍ ကစားရန် သဘောတူသွားကာ ဆက်လက် ကစားနေကြ၍ လေးငါးမိနစ်ပင် မရှိသေးမီ တောင်ဘက်ဆီမှ လူငယ်တစ်သိုက် သည် ဘော်လုံးကလေးတစ်လုံးပိုက်၍ လျှောက်လာကြကာ လောလောဆယ် ကစားနေကြသည့် လူငယ်တစ်စုအနီးသို့ ရောက်သည်နှင့် ခပ်ကြီးကြီး လူငယ် တစ်ယောက်က

'ဟေ့ကောင်တွေ ဖယ်ကြ၊ ဒါ တို့ကစားတဲ့နေရာ' ဟု ခပ်မာမာပင် ပြောလိုက်သောကြောင့် ပထမ ကစားနေသည့်အစုလည်း သူ့ငါကြည့် ငါ့သူကြည့် ဖြင့် ကစားရပ်သွားကြတော့၏။

'သွားကြလေကွာ၊ မင်းတို့အပိုင်းမှာ မင်းတို့သွားကစားပါလားကွ၊ ဒီမှာ ဘာလို့ လာကစားရသလဲ' ဟု ဒုတိယအစု၏ ခေါင်းဆောင်က သို့လျှင် ထပ်၍ နှင်နေရုံသာမက တွန်းလား ဖယ်လားပင် နိုင်လိုမင်းထက် လုပ်လာ သောကြောင့် ထိုဒုတိယအစုကို ကြောက်ရဟန်တူသော ပထမအစုမှ လူငယ် များလည်း ထိုနေရာမှ ထွက်ခွာသွားကြတော့မည်ကဲ့သို့ ဖိနပ်ကလေးများချွတ်၍ စုပုံထားသည့် နေရာသို့ အသီးသီး ခြေလှမ်းပြင်လိုက်ကြစဉ်

'ဟေ့ကောင်တွေ လာကြ၊ မသွားနဲ့ ကစားသာ ကစား' ဟု ထိုလူငယ် နှစ်စု၏ အလယ်တွင် ခပ်တည်တည်ရပ်ရင်း အတာက ပြောလိုက်သောကြောင့် နှစ်ဖက်စလုံးပင် အတာ့ဆီသို့ မျက်လုံးရောက်သွားကြတော့၏။

'ကစားသာ ကစားကွ၊ ဒီနေရာကို မင်းတို့အရင်ရောက်တာ မဟုတ်လား၊ မင်းတို့ပဲ ကစားပေါ့ကွ၊ ဘာလို့ ဖယ်ပေးရမှာလဲ မဖယ်နဲ့'

ဣန္ဒြေရရပင် အတာက ပြောလိုက်ပြန်သောကြောင့် ဒုတိယအစုမှ ခေါင်းဆောင်လည်း အတာ့အနီးသို့ ကပ်လာကာ အတာ့ အင်္ကျီရင်ဘတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ဆုပ်ကိုင်ရင်း

'မင်းက ဘာလဲ'

'မင်းကကော ဘာလဲ'

အတာကလည်း သို့ပြန်မေးရင်း ထိုလူငယ်၏လက်ကို ဖတ်ခနဲ ပုတ်ချလိုက်သဖြင့် ၎င်းလူငယ်တွင် ရုတ်တရက် ကြောင်သွား၏။ မျက်နှာကို ခပ်စောင်းစောင်းထားကာ မျက်နက်ကလေးများကို ထောင့်ကပ်လျက် မျက်တောင်မခတ် ကြည့်နေသော အတာ့အမူအရာ၌ ကြောက်စိတ်ဆို၍ အရိပ်မျှပင် မမြင်ရသည်တွင်။

'မင်း ဘယ်ကလဲ၊ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲကွ' ဟု မေးလိုက်သော ထိုလူငယ်၏ အသံသည် ယခု သိသိသာသာ ပျော့လာပြီ ဖြစ်၏။

'ငါလား၊ မနေ့က ဒီလမ်းထဲကို ပြောင်းလာတဲ့အကောင်ပဲ သိလား၊ ငါ ဝင်ရှုပ်တာ မဟုတ်ဘူးကွ၊ သူတို့က အရင်ရောက်လို့ ကစားနေတာ ဘာဖြစ်လို့ မင်းက မတရားဖယ်နိုင်းရတာလဲ'

ထိုလူငယ်တွင် ရုတ်တရက် အဖြေမပေးနိုင်ဘဲ သူ့ဘက်သားများကို စစ်ကူခေါ်သည့် အမူအရာမျိုးဖြင့် လှည့်ကြည့်လိုက်၏။ မည်သူမျှ လှုပ်ဖော်မရ ဝင်ပြောမည့်သူလည်း မရှိ။ အတာ့သတ္တိကို မလေးမစား လုပ်ဝံ့ကြဟန်မတူ။

'ဒါ တို့အမြဲကစားနေတဲ့ နေရာကွ'

ယခုမှပင် ထိုလူငယ်က ထပ်ပြောပြန်သဖြင့်

'ဘာလဲကွ၊ ဒီနေရာမှာ မင်းတို့ချည်းပဲ အမြဲကစားဖို့ ပိုက်ဆံပေးပြီး ဝယ်ထားတာလား'

အတာ မေးလိုက်ပုံ အချက်ပိုင်သလောက် ထိုလူငယ်ငိုင်သွား၏။ ထိုအခိုက်တွင် ဒုတိယအစုထဲမှ စူရတီ ကုလားကလေးတစ်ယောက်သည် ရုတ်တရက် အတာ့အနီးသို့ ကပ်လာသဖြင့် အတာက ဆတ်ခနဲ ဆောင့်တွန်းရင်း လက်သီးကလေး ပြင်လိုက်သည်နှင့်

'ဟေး မင့်ကိုဘာမှမလုပ်ဘူးလေ၊ ဟိုဟာကောက်မလို့လေ' ဟု ထိုကုလားကလေးက ကြောက်ကြောက်ရွံ့ရွံ့ပြန်ပြောရင်း အတာ့ခြေထောက်အနီးရှိ စီးကရက်ဘူးခွံကလေးကို လက်ညှိုးထိုးပြလိုက်မှ အတာကပင် ကုန်းကောက်ပစ်ပေးလိုက်ပြီး

'ဒီနေရာကို မင်းတို့က အရင်ရောက်လို့ရှိရင် မင်းတို့ ကစား၊ သူတို့က ဖယ်နိုင်းရင်လဲ ငါ မခံဘူး၊ သူတို့ကို ဆော်မှာပဲ၊ မတရားတာတော့ မလုပ်နဲ့'

ပထမအစုမှ လူငယ်များလည်း ထူးခြားသော အတာ့သတ္တိကိုလည်းကောင်း၊ တရားမျှတသော သူ့စကားကိုလည်းကောင်း အတော်ကလေး သဘောကျနေသော်လည်း ဒုတိယအစုကမူ အတာ၏ သတ္တိကောင်းပုံကိုသာ နှစ်သက်၍ သူတို့ကစားရန် နေရာမရတော့သည့်အတွက်မူ မကျေနပ်နိုင် ရှိနေကြသေး၏။

သို့နှင့် တစ်ယောက်နှင့်တစ်ယောက် အတန်ကြာ စောင်နေကြပြီးမှပင်



'မင်းတို့ ဘယ်ကလဲ၊ ဒီလမ်းထဲကလား'

မနေ့ကမှ ရောက်လာသော အတာက ဤသို့မေးလိုက်သဖြင့် လူငယ်အားလုံးပင် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးနေမိကြ၏။

'တို့ ဒီလမ်းထဲကပေါ့ကွ' ဟု ဒုတိယအစုခေါင်းဆောင်က ဖြေလိုက်သဖြင့် အတာလည်း ပထမအစုဘက်မှ ခေါင်းဆောင်နှင့်တူသူကိုပါ ထိုအတိုင်းမေးလိုက်ပြန်၏။ အဖြေမှာ အတူတူပင်ဖြစ်နေသောကြောင့်

'ဒီလိုဆိုလဲ ကိုယ့်ထစ်လမ်းတဲသားချင်းပဲကွာ၊ အတူတူ ကစားကြပါလား' ဟု ယခု ပြောလိုက်သော အတာ့အမူအရာမှာ စောစောကကဲ့သို့ တင်းတင်းမာမာ မဟုတ်တော့ဘဲ လိုက်လျောဖော်ရွေသည့် အသွင်မျိုး ဆောင်နေ၏။

အကယ်၍သာ ဤကိစ္စ၌ ထိုလူငယ်နှင့်အတာတို့ တစ်ယောက်နှင့် တစ်ယောက် အရှုံးအနိုင် ဆုံးဖြတ်ကြသည်အထိ တင်းနေကြမည်ဆိုလျှင် ရှေ့အဖို့၌လည်း သင့်မြတ်ကြတော့မည် မဟုတ်ပေ။ ယခု အတာ ဤသို့ပြောလိုက်ရာ၌ ယင်းသည့်ရှေ့ရေးကို တွေးမိ၍ပင် ဟုတ်ဟန်မတူသော်လည်း သူ့တွင် စုစုစည်းစည်းနှင့် ရင်းရင်းနှီးနှီး ညီညွတ်စေလိုသော သန္တေပါ စေတနာကောင်းကလေး ရှိ၏။ သို့အလျောက်လည်း ဤသို့ ညီညွတ်ရေးစကားမျိုးကို ပြောလိုက်ပြီးမှ

'ကဲ ဟေ့ကောင်တွေ လာကြကွာ သူငယ်ချင်း၊ မင်းတို့ကောင်တွေလဲ ခေါ်ကွာ နော်၊ အားလုံး အတူတူရောပြီး ကစားကြရအောင်'

အတာလည်း သူနှင့်ရင်ဆိုင်ရသူ တစ်ဖက်မှခေါင်းဆောင်ကိုပါ လည်ပင်းဖက်ရင်း ပြုံးပြုံးရယ်ရယ် ပြောလိုက်သောကြောင့် ထိုသူငယ်တွင်းည်း အတာအား အရှုံးပေးရမည့်ဆဲဆဲတွင် ယခုကဲ့သို့ သိက္ခာမပျက်သော သင့်မြတ်မှုကို ရလိုက်သောကြောင့်လားမသိ။ အတာ့အကြံကို ခြွင်းချက်မရှိလက်ခံကာ

'ဒါဖြင့် ကပ္ပတိန်နှစ်ယောက် အရင်ရွေး ဟုတ်လား'

'အေးလေကွာ၊ ထုံးစံအတိုင်းလုပ်ပေါ့၊ မင်းတို့ချင်း ရွေးကြ၊ ဟုတ်လား၊ ငါနဲ့သူနဲ့ နာမည်သွားမှည့်မယ်'

အတာလည်း ပြောပြောဆိုဆိုပင် လက်လှမ်းမှီရာ တရုတ်ကပြားကလေးတစ်ယောက်ကို ဖက်၍ ငယ်သားသဖွယ် နာမည်မှည့်ရန် ထွက်သွားမည်ပြုသည်နှင့် ပထမအစုမှ လူငယ်များက အတာအား ဝိုင်းဆွဲကာ

'ဟေ့ မင်းက တို့ကပ္ပတိန်လုပ်ကွာ' ဟု တိုက်တိုက်တွန်းတွန်း ပြောကြသည်ကိုပင်

'ဟင့်အင်းကွာ၊ မင်းတို့ထဲက တစ်ယောက်ယောက်ကိုရွေးပေါ့၊ ငါက လူသစ်ပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



သို့ငြင်းပယ်သည့်တိုင်အောင် မည်သူကမျှ လက်မခံဘဲ ဖွတ်အတင်းပင် တပွတ်နိမ့်ခန့်လိုက်သောကြောင့် မနေ့ကမှ လမ်းထဲရောက်လာသော အတာမှာသူ၏ မဟုတ်မခံစိတ်၊ ထက်မြက်သောသတ္တိ၊ လိုက်လျောဖော်ရွေတတ်သည့် စိတ်ကောင်းကလေးများကြောင့်မိနစ်ပိုင်းလောက်အတွင်းမှာပင်ခေါင်းဆောင်အဖြစ်တင်မြှောက်ခြင်း ခံလိုက်ရတော့၏။

ဤလိုဖြင့် တစ်ဖက်နှင့်တစ်ဖက် အညီအမျှ လူခွဲလိုက်ရာတွင် တစ်ယောက် ပိုနေ၏။ ပိုသောတစ်ယောက်မှာလည်း မရှိဆင်းရဲသားဟန်တူသော အင်္ကျီပင် မဝတ်နိုင်ရှာသည့် တရုတ်ကလေးဖြစ်၏။

'မင်းမပါနဲ့တော့ တစ်ယောက်ပိုနေတယ်၊ ဘေးကပဲထိုင်ကြည့်'ဟု သူတို့ချင်း ပြောလိုက်သောကြောင့် ထိုတရုတ်ကလေးမှာ မျက်နှာငယ်ကလေးဖြင့် ပလက်ဖောင်းပေါ် တက်သွားစဉ်

'ဟေ့ ပါ ပါစေကွာ၊ သနားပါတယ်၊ သူလဲ ကစားချင်မှာပေါ့' ဟု အထာက ထောက်ခံချက်သွင်းလိုက်သည်ကို

'လူမှမညီဘဲကွ'

'မညီ ဘာပြုလဲကွာ၊ အလကားကြေး ကစားတာပဲ၊ ကဲ မင်းတို့ဘက်က ထည့်ကစားကွာ၊ တို့ဘက်က ခြောက်ယောက်နဲ့ပဲ ကစားမယ်'

အတာလည်း လူတစ်ဖက်သားအတွက် သူ့ဘက်မှပင် အနာခံ၍ ခွင့်ပြု လိုက်သောကြောင့် ထိုတရုတ်ကလေးမှာလည်း အတာအား အသည်းစွဲဖြစ်သွား လေတော့၏။

ထိုအစီအစဉ်အတိုင်း စတင်ကစားခဲ့ကြ၍ ဆယ်မိနစ်ခန့်အကြာတွင် အတာက ဘောလုံးယူအပြေး လူငယ်တစ်ဦးက နောက်မှနေ၍ ခြေဖမ်းချိတ်လိုက် သောကြောင့် ပြေးနေသော အရှိန်ပြင်းသည်နှင့်အမျှ အတာတွင် ဒလိမ့်ခေါက်ကွေး လဲကျသွားတော့၏။

စောစောကပြခဲ့သော အတာ့သတ္တိအရှိန်အဝါကို လန့်၍လောမသိ၊ ခြေချိတ်သူ ကုလားကလေးလည်း အတာလဲကျသွားသည်ကို မြင်သည်နှင့် သူ့ဖိနပ်ကလေး သူကောက်၍ရုတ်တရက်ထွက်ပြေးတော့မည်အပြုတွင် လူပိုသည်ဟုအပယ်ခံရသော တရုတ်ကလေးကနောက်မှနေ၍ဖမ်းဖက်ကာ အတာလဲကျရာဆီသို့ ဆွဲခေါ်လာခဲ့၏။

'ဟေ့ အတာ ဒီကောင်ကွ၊ မင့်ကို ခြေထိုးတာ ဒီကုလားကွ၊ သူထွက် ပြေးမလို့' ဟု တရုတ်ကလေးက ပြောလိုက်သဖြင့် အတာလည်း ထိုကုလား ကလေးကို ဆတ်ခနဲ မော့ကြည့်တဲ့ကာ

'မင်းမကောင်းဘူးကွာ၊ ဒီမှာကြည့်စမ်း'



အတာက သို့ပြောရင်း လက်ဝါးနှင့်ဖိအုပ်ထားသော ဒူးထိပ်တစ်နေရာကို ပြလိုက်၏။ ဤတွင်မှ ကုလားကလေးတွင် ပို၍ ကြောက်လန့်သွား၏။ ငါးမူး စေ့ဝိုင်းခန့် အတာ့ဒူးတွင် အသားနီလန်၍ ရဲနေသည်ကိုတွေ့ရလျှင် တွေ့ရချင်းဝင် ကုလားကလေး၌ တုန်တုန်ခါခါဖြစ်သွားပြီး

'အတာ စိတ်မဆိုးပါနဲ့နော်၊ ငါလေ ငါ တမင်လုပ်တာမဟုတ်ဘူးကွ' ဟု မပီကလာ ပီကလာနှင့် အတာ ထထိုးမည်ကို ကြောက်နေသည့်အလား ပြူးတူးပြဲတဲ တောင်းပန်နေ၏။

'ငါသိပါတယ်ကွာ၊ မင်း အသလွတ် ခြေချိတ်တာပါ'

'အား မဟုတ်ပါဘူးလေ'

ပို၍ပင် တုန်တုန်လန့်လန့် ပြောလိုက်သည်နှင့်

'ဘာမဟုတ်ဘူးလဲ၊ မင်း ဘောလုံးကန်ရင် အမြဲ ဒီလိုပဲ ခြေချိတ်တယ် တွန်း တယ်၊ ဟေ့ အတာ ချကွာ'ဟု အခြားတစ်ယောက်က ဝင်ပြောလိုက်ပြန်သည်နှင့်

'မချပါဘူးကွာ ကစားရင်းဖြစ်တာပဲ၊ အေးကွ၊ မင်းနောက်ကိုတော့ ဒီလို လုပ်နဲ့ကွာ၊ ဘောလုံးကန်ရင် ဘောလုံးကိုလုပ်ပေါ့၊ လူကိုလုပ်တာ ယောကျ်ား မဟုတ်ဘူး၊ သိလား'

'အေး ငါ နောက်မလုပ်ဘူးနော'

အတာ့ဒဏ်ရာမှာ ဒူးတွင်သာမက တံတောင်ဆစ်တွင်လည်း ပွန်းသွား သေး၏။ သူဆက်၍ မကစားနိုင်တော့သဖြင့် ဘေးမှပင် ထိုင်ကြည့်တော့မည် ဖြစ်ကြောင်း ပြောရာတွင် အားလုံးက သဘောမတူ သူတို့လဲ မကစားတော့ပြီဟု ဆုံးဖြတ်ကာ အတာ့အနာအတွက် တင်ချာ၊ အဝတ်စုတ်၊ ဖွမ်း စသည်တို့ကိုတာဝန် ခံ၍ ယူလာကြပြီး အတာ့ဒဏ်ရာကို ရယ်ကာမောကာ သူနာပြုနေကြတော့၏။

ထိုလမ်းထဲရှိ လူငယ်အားလုံးပင် ပထမအနေဖြင့် အတာ့သတ္တိကို လေးစားခဲ့ကြ၏။ နောက် ဆက်တိုက်ဆိုသလိုပင် မတရားလျှင် မကြိုက်သော မဟုတ်မခံစိတ်ကို ပြခဲ့၏။ နေရာလုရသည့် အနောင့်အယှက်ကို စည်းလုံးညီညွတ် မှုဖြင့် ပြေလည်သွားစေခဲ့၏။ ဘောလုံးကပွတိန် ရွေးရာ၌လည်း ခေါင်းဆောင် မှုကို အနိုင်အထက်မယူ၊ သူတို့က ဖွတ်အတင်း တင်မြှောက်မှသာ သဘောတူ လက်ခံခြင်းအားဖြင့် အနိုင်ကျင့်မှုကင်းကြောင်း သက်သေပြခဲ့သည်။ သူမပါရ ငါမပါရဟူသော ပြဿနာကိုလည်း ကိုယ်ချင်းစာစိတ်ကလေးဖြင့် ဖြေရှင်းပေး ခဲ့သည်။

ယင်းသို့သော စံပြလောက်သည့် စိတ်ကောင်းကလေးတို့ကြောင့်ပင် လူငယ်အားလုံးလိုလို အတာကလေးအား ထိုင်ရာမထ လေးစားချစ်ခင်သွားကြ၏။ ဒူးမှအနာကို ပျာပျာသလဲ ဆေးထည့်စည်းနှောင်၍ ကိစ္စအဝဝပြီးသည့်တိုင်အောင် လည်း လူငယ်တို့သည် အတာ့အနီးမှမခွာ၊ အတာကို ဗဟိုပြု၍ချက် ဝိုင်းဖွဲ့စုထိုင်

www.burmeseclassic.com

www.burmeseclassic.com



တာ အတာ၏ နောက်ကြောင်းရာဇဝင်ကို ခင်ခင်မင်မင်မေးခွန်းထုတ်လျက် ရှိကြ၏။

အတာကလည်း သူ လှုမှန်းသူမှန်း သိသည့်အရွယ်ကစ၍ ယနေ့အထိ ကြုံခဲ့တွေ့ခဲ့ရသော သူ့ဘဝဇာတ်ကြောင်းကို မှတ်မိသလောက် ဖောက်သည်ချလျက် ရှိသည်ကို သူတို့ထိုင်နေရာအနီးမှ ဓာတ်တိုင်မီးပွင့်လာသည်အထိပင် အားလုံးငြီး မပျင်းမရှိ နားထောင်နေကြ၏။

'ကဲကွာ ငါသွားတော့မယ်၊ ဒီမှာထိုင်ပြီး လေပန်းနေတာနဲ့ အိမ်မှာ မီးခွက်ထွန်းဖို့တောင် ငါမေ့သွားပြီ' ဟု ပြောပြောဆိုဆို ထလိုက်သည်နှင့်

'ဟေ့ အတာ၊ ညကျရင် လာပါဦးလားကွ၊ မင်းနဲ့ စကားပြောရတာ တို့ပျော်တယ်' မြန်မာသာမက တရုတ် ကုလားလေးများကပါ အတာအား ပွဲတောင်းလိုက်ကြပြန်၏။

'အေးကွာ၊ လာနိုင်လဲ လာခဲ့မယ်၊ ဒါပေမဲ့ ငါက ကျောင်းစာတွေ သိပ် နောက်ကျနေတယ်ကွ၊ ကျက်ရ ရေးရဦးမယ်'

\+ \+ \+

နောက်တစ်နေ့ညနေ အတာကျောင်းမှပြန်လာသည်နှင့် လေကားရင်းတွင် စုပြုံ၍ နေသော အရပ်ထဲမှ သူငယ်ချင်းများကို တွေ့ရပြီး

'ဟေ့ အတာ၊ လွယ်အိတ်ထားပြီး လာခဲ့ကွာ နော်၊ ဘောလုံးကန်ရအောင်' ဟု ကြိုတင်စောင့်ခေါ်နေကြတော့၏။

ထိုလူငယ်များသည်လည်း အားလုံးလိုလိုပင် ကျောင်းသားများဖြစ်ကြပြီး ကိုယ်ပိုင်ကား၊ ကျောင်းကားစသည်တို့ဖြင့် ပြန်ကြသောကြောင့် ခြေကျင်လျှောက် ပြန်ရသော အတာထက် အနည်းဆုံး နာရီဝက်ခန့်စော၍ ရောက်ကြ၏။ သို့ အလျောက်လည်း နေ့စဉ်နေ့တိုင်း အတာပြန်မရောက်မီကပင် လေကားရင်းတွင် ထိုင်သူထိုင်၊ ရပ်သူရပ်ဖြင့် အတာအား လည်တဆန့်ဆန့်မျှော်ကာ အတာရောက် လာသည်နှင့် မရအရဆွဲတတ်ပြန်သောကြောင့် အတာတွင် ကျောင်းမှပြန်ရောက် ရောက်ချင်း ကျောင်းစာများကို ပြီးစီးအောင် ရေးလေ့ဖတ်လေ့ရှိသော သူ့မူကလေး တစ်ခုသည်ပင် ပျက်မှန်းမသိ ပျက်သွားရတော့၏။ သို့ ညနေတိုင်း တပျော်တပါး ကစားခဲ့ရသည်မှာ အတာကလေးအဖို့ ခြောက်ရက်မျှသာ အသက်ရှည်၏။ ယင်းသည့် နောက်ပိုင်းရက်များတွင်မူ သူ့မေမေ ထမင်းစ၍ ရောင်းပြီဖြစ်သော ကြောင့် အတာတွင်ပါ အားလပ်ခွင့်မရနိုင် ရှိလာတော့၏။ ထမင်းချက်ရောင်းသော လုပ်ငန်းမှာ သာမန်အားဖြင့် မသိသာသော်လည်း လက်တွေ့တွင်မူ အလွန့်အလွန် ကျယ်ဝန်းရှုပ်ထွေးသော လုပ်ငန်းတစ်ရပ် ဖြစ်၏။



ငါးမြင်းရင်းဆီပြန် ဟင်းတစ်ခွက်သည် အမြင်အားဖြင့် ဘာမျှမဟုတ်။ ချက်သူကမူလည်း များသောအားဖြင့် ခဲရာခဲဆစ်ဟု သဘောထား၍ စားသောက် သူမရှိ။ သို့သော် ထိုငါးမြင်းရင်းဆီပြန် တစ်အိုးဖြစ်လာရန်မှာ ဆီ၊ နနွင်း၊ ရှတ်၊ ကြက်သွန်နီ၊ ဖြူ၊ ဆား၊ ငါးပိ၊ ချင်းစိမ်း၊ စပါးလင်၊ ကြက်သွန်မြိတ် အစရှိသည့် အမယ်မယ်သော ဟင်းခတ်များသာမက အဆီအငေါ်တဲ့အောင် အချိန်အဆ တတ်ရန်ကလည်း လိုသေး၏။ ဟင်းခတ် အမယ်တစ်မည်ဖြစ်သော ကြက်သွန်တစ်ခုတည်းက အဘယ်မျှလောက် ဇာပဂီရများသည်ကိုကြည့်လျှင်

ထိုကြက်သွန်ကို အလုံးအတိုင်း ထည့်လိုက်ရုံဖြင့် ကိစ္စပြီးသည်မဟုတ်။ ရှေးဦးစွာ အခွံကို နွှာရသေး၏။ ထောင်းရသေး၏။ မညက်တညက်ထောင်းရသည် လည်းရှိညက်ညက်ထောင်းရသည်လည်းရှိ၏။ ကြက်သွန်သာမဟုတ်ငါးခုတ်ရာ၌ပင် အတုံးလှအောင်နှင့် မလေအောင် ခုတ်တတ်ရသေး၏။ အခြားသော ငရုတ်၊ နံနံ သည်တို့မှာလည်း ထိုနည်းနှင်နှင် အနုစိတ်ရသေးသည်ဖြစ်ရာ ဟင်းတစ်အိုးမျှ အတွက် ဤမျှလောက် ဇာပဂီရများနေမူ ဆယ်မျိုးဆယ်မည်ထက်မနည်း ချက် ပြုတ်ရသော ထမင်းဆိုင်လုပ်ငန်း၌ အဘယ်မျှအလုပ်ရှုပ်မည်ကို မှန်းဆကြည့်ရုံနှင့်သာ မျှတော့၏။

သို့ အလုပ်ရှုပ်သလောက်လည်း သုံးယောက်မျှသာရှိသော အတာတို့ မိသားတစ်စုမှာ သူ့တာဝန် သူထမ်း၍ နေ့စဉ်နှင့်အမျှ အားရသည်မရှိအောင် ပန်းနေကြရတော့၏။

ကိုထွန်းအောင်မှာလည်း သူတတ်မြောက်အောင်မြင်လာသော ကျောက် ဆိုးပညာဖြင့် တစ်ဖက်တစ်လမ်း ဝင်ငွေရှာရန်မှာလည်း ပညာတတ် အလုပ်လက်မဲ့ အသင်းဟူ၍ပင် ဖွဲ့စည်းနေရသော ခေတ်ဖြစ်သည်နှင့်အညီ အလုပ်သည် လွယ် လွယ်ကူကူ မရ။ ရသောအလုပ်မှာလည်း ရန်ကုန်တွင် မဟုတ်။ တောင်တန်း ဒေသ အစရှိသည့် အစွန်အဖျား တောမြို့များတွင် သွားရောက် လုပ်ကိုင်ရမည် ဖြစ်၍ အံမကိုက်ရှိနေသည်နှင့် ထမင်းဆိုင်ကိစ္စတွင်ပင် ဝိုင်းဝန်းလုံးပမ်းနေ တော့၏။

ကိုထွန်းအောင်၏ တာဝန်သည်လည်း မသေးလှ။ အားသွန်ခွန်စိုက် လုပ်ရ သည့် လေးလေးပင်ပင် ချိမချက်ပြုတ်ရသော အလုပ်ဟူသမျှသည်သူ့တာဝန်ဖြစ်၏။ သို့တိုင်အောင် လေးပြည်ဝင် ကြေးအိုးကြီး နှစ်လုံးကို ကိုယ်တိုင်မ ကိုယ်တိုင်ချ၍ ချက်ပြုတ် ငှဲ့နှပ်ပြီးလျှင် 'ငါ့တာဝန် အေးပြီ'ဟု ထိုင်နေ၍မရ။ ကြက်သော်လည်း ဝင်ခုတ်ပေးတန်ပေးရ၏။ ဒန့်ဒလွန်သီးသော်လည်း ကူခြစ်တန် ခြစ်ပေးရ၏။

အတာ့တာဝန်သည်လည်း မငယ်။ အရွယ်နှင့် မလိုက်အောင် လုပ်ကိုင် ပေးရရှာ၏။ ညနေကျောင်းမှ ပြန်လာသည်နှင့် မသိန်းမေ အသင့်ရစိမ်ထားသော ငရုတ်သီးတပုံတခေါင်းကို လက်အဲသေမတတ် ထောင်းရ၏။ ပြီးလျှင် သုံးပိဿာ

www.burmeseclassic.com

www.burmeseclassic.com



နီးပါးမျှသော ကြက်သွန်ဖြူ နီများကို တစ်ယောက်တည်း ဒိုင်ခံ၍ နွာရ၏။ ဤ
ကိစ္စပြီးလျှင် တစ်ဖန်အရံသင့် ပြုတ်ထားသော အမဲအူများကို ဓားတစ်စင်းကိုင်၍
အရှိုအရွဲများ ထိုင်ခြစ်ရသေး၏။ အတာ စိတ်အညစ်ဆုံးကား ဖော့ရိုက်ပုစွန်
အခွံနွာရသော အလုပ်ဖြစ်၏။ တစ်ခါတစ်ခါ ပုစွန်အခွံနွာရလျှင် နှစ်ပိဿာခွဲသည်
အနည်းဆုံးဖြစ်သောကြောင့် တညောင်းကြီးထိုင်၍ နွာရ၏။ စိတ်ရောကိုယ်ပါ
မအားရရှုံမက အလွန်လည်းလက်ဝင် ပျင်းလဲ ပျင်းစရာကောင်းသောကြောင့်
သူ့မေမေ ပုစွန်ဝယ်လာပြီဆိုလျှင် အတာ နှာခေါင်းရှုံ့တော့၏။

'ဟဲ့ကောင် အတာ ထလေ၊ လက်ဖက်ရည်သွားဝယ်ချည်'

ညင်ညင်သာသာမဟုတ်။ မထမချင်း ခြေနှင့်ကန်နှိုးတတ်သော မသိန်းအေး
၏ အသံသည် နံနက် ၄ နာရီ ၄ နာရီခွဲလောက်ဆိုလျှင် ကြားရပြီဖြစ်၏။ အတာ
တွင်လည်း အိပ်ရေးမဝတဝနှင့်ပင် ထရတော့ကာ ရှေးဦးစွာ လက်ဖက်ရည်
ဝယ်ရ၏။ ပြီးလျှင် ဟင်းလျာအတွက်လိုအပ်သော ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီး
နံနံပင် စသည်များကို ဝယ်ထားသည်နှင့် မလောက်လျှင် အတာပြေးဝယ်ရ၏။
တစ်ခါတစ်ရံ ချင်းစိမ်း၊ နနွင်း၊ ငံပြာရည် စသည်တို့မှာလည်း ရုတ်တရက်ကုန်
သွားတတ်သောကြောင့် အတာပင် ပြေးရ၏။

ဤလိုဖြင့်မပြီးသေး။ ကြိုတင်လုပ်ထား၍ မဖြစ်သော ချဉ်ပေါင်ရွက်ခြွေ
အာလူးနွာ၊ ဘဲဥအခွံချွတ် စသည်ဖြင့်လည်း ဝိုင်းဝန်းကူညီရရှာသေး၏။ သူတို့
မိသားစု သုံးယောက်စလုံးပင် ၈ နာရီလောက်တွင်မှ အသက်ရှူပေါက်ကလေး
ရကြတော့လျက် မသိန်းမေတွင်မူ အချက်အပြုတ်ကိစ္စသာ ပြီးသွားသည်။ သူ့
တာဝန်ကား မကုန်သေး။ ဈေးသွား၍ ရောင်းရဦးမည်ဖြစ်၏။

ခါတိုင်း ရှစ်နာရီလောက်တွင် ကျောင်းရောက်နေတတ်သောအတာသည်
ယခု သူအစောဆုံး ကျောင်းရောက်ချိန်မှာ ၉ နာရီဖြစ်လျက် တစ်ခါတစ်ရံ
ကျောင်းတက်ပြီးမှ အတာ ရောက်သွားတတ်၏။

'မမ ကျွန်တော် နောက်ကျသွားလို့ ခွင့်လွှတ်ပါနော်'

ကျောင်းရောက် နောက်ကျတိုင်း အာတာသည် ဆရာမအား ဤလိုခွင့်ပန်
လေ့ရှိ၏။ ဆရာမလည်း ဒုတိယအကြိမ် အတာ ကျောင်းပြန်ရောက်ပြီး အတာ့
အပေါ်တွင် အတော်ကလေး စိတ်ထားပြောင်းနေပြီဖြစ်၏။ သို့သော် အတာကလေး
လိမ္မာသည်နှင့် ထေမိလောက်အောင်ကား နှစ်နှစ်ကာမရှိလှသေး။

ဂဏန်းသင်္ချာတွက်ပြီး၍ဖြစ်စေ ကူးခိုင်းသောစာများ ရေးပြီး၍ဖြစ်စေဆရာမ
ထံသို့လာပြရာ၌ ကျော်ကျော့နှင့်အတာ ပြိုင်တူလိုရောက်လာတိုင်း ဆရာမသည်
ကျော်ကျော့နဖူးမှ အမာရွတ်ကိုမြင်လိုက်သည်နှင့် အတာအား မျက်မှောင်တကြုတ်
ကြုတ်နှင့်ကြည့်ကာ မသိမသာအားဖြင့် ငြိုငြင်သည့်အသွင်သို့ ပြောင်းသွားတတ်၏။

သို့တိုင်အောင်လည်း အတာ့အပေါ်၌ ဤလိုတငြိုငြိုတငြင်ငြင်ဖြစ်မိတတ်



သည့် စိတ်ကို ဆရာမသည် တတ်နိုင်သလောက် ဖျောက်ဖျက်ပစ်သည့်လက္ခဏာကို
သူ့အမြဲပြလေ့ရှိ၏။

ယနေ့လည်း ကျောင်းတက်၍ ဘုရားရှိခိုးပြီးချိန်လောက်မှ ရောက်လာသော
အတာသည် ဝင်လျှင် ဝင်လာခြင်း ထုံးစံအတိုင်း သူနောက်ကျရသည့်အကြောင်း
ဆရာမကို ခွင့်ပန်လိုက်၏။ ယခင်က အတာကလေး ဤလိုခွင့်ပန်တိုင်း 'အေး
အေး' ပြုံးပြုံးရယ်ရယ်နှင့် ခွင့်လွှတ်တတ်သော ဆရာမသည် ယနေ့မူ အတာဝင်
လာချိန်၌ သူ့အနီးတွင်ရပ်နေသော ကျော်ကျော့နဖူးမှ အမာရွတ်ကို တစ်စုံတစ်ရာ
သော ဆေးဖြင့် ပွတ်လူးနေသည်ကို တွေ့ရ၏။

ထိုအခိုက်တွင် အတာရောက်လာပြီး ခါတိုင်းနည်းတူ ခွင့်ပန်လိုက်သည်ကို
ဆရာမလည်း ဘာတစ်ခွန်းမှ ပြန်မပြောဘဲ မျက်စောင်းခဲ၍ပင် ကြည့်လိုက်သော
ကြောင့် အတာတွင်လည်း ယောင်အမ်းအမ်းကလေးနှင့်ပင် လှမ်းထွက်သွားရရှာ
တော့၏။

ဤလို မျက်နှာငယ်ကလေးဖြင့် လှည့်ထွက်သွားသော အတာ့အမူအရာကို
သတိထားမိပြန်သောအခါ၌လည်း ဆရာမတွင် စိတ်မကောင်းဖြစ်နေ၏။ ချက်ချင်း
ပင် မျက်နှာကလေး အညှိုးသားနှင့် ထိုင်နေသော အတာအား ဆရာမသည်
အပြုံးကလေးဖြင့် လှမ်းခေါ်လိုက်၏။

'ခုတလော မင်း ခဏခဏ ကျောင်းနောက်ကျတယ်ပါလား၊ အတာ
ဘာဖြစ်လို့လဲ'

ချိုချိုရွှင်ရွှင် မျက်နှာထားဖြင့် ဆရာမက မေးလိုက်သည်ကို အတာလည်း
သူ့မေမေ ထမင်းရောင်းနေသည်ဖြစ်၍ ဝိုင်းကူညီလုပ်ကိုင်ပေးနေရသောကြောင့်
တစ်ခါတစ်ရံ နောက်ကျရသည်ကို အတာက ရှင်းပြ၏။

'နို့ မမရောက်တိုင်း ကျောက်သင်ပုန်းကတော့ အမြဲပြောင်နေပါလား
အတာ၊ ဘယ်သူသုတ်သလဲ ဒါဖြင့်'

'ကျွန်တော်ပဲ သုတ်ပါတယ်မမ၊ ညနေ ကျောင်းလွှတ်ပြီးရင် ကျောက်
သင်ပုန်းကို ကျွန်တော် တစ်ခါထဲသုတ်ထားခဲ့ပါတယ်၊ မနက်ကျရင် နောက်ကျမှာ
စိုးလို့'

ဆရာမလည်း အတာ၏ လာဘ်မြင်ပုံ၊ ဝတ္တရား သိတတ်ကျေပွန်ပုံကို
ချီးကျူးသောအားဖြင့် အတာ့လက်မောင်းကလေးကို အသာအယာ ဆွဲလှုပ်လိုက်
ရင်းက

'မင်း သိပ်တော်တဲ့ ကလေးပဲကိုးကွယ် ဟင်၊ အေး သွား သွား'

အတာ လှည့်ထွက်သွားသည်နှင့်ပင် ဆရာမလည်း ဟင်းခနဲ သက်ပြင်း
ချကာ သူ့ကိုယ်သူ တစ်စုံတစ်ရာ မကျေနပ်သလိုဖြင့် ဆရာမသည် သူ့ပေါင်
သူထုရင်း တစ်ခုခုကိုတွေးမိသလို ငေးနေမိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'မကောင်းဘူး မကောင်းဘူး၊ နည်းနည်းမှကို မကောင်းဘူး၊ ဒီစိတ်[illegible] ငါ ဘယ်လိုလုပ်ပြီး ပျောက်ရမလဲ၊ တောက်'

ဆရာမသည် တက်တခေါက်ခေါက်နှင့် စိတ်ထဲမှ ရေရွတ်ရင်း အား[illegible] အားမရသက်ပြင်းတချချဖြစ်နေတော့၏။ ဆရာမသည်သူ့မောင်ကလေးကျော်ကျော်[illegible] အား အတော်ကလေး ချစ်မြတ်နိုးပုံရ၏။ သို့အလျောက်လည်း ကျော်ကျော်တွင် ရရှိခဲ့သော နဖူးမှဒဏ်ရာအတွက် ရင်မသက်သာရှိခဲ့သည်မှာ ယခုအထိ ဖြစ်၏။

ဆရာမအား ကြည့်ရသည်မှာ အလုအပကို အတော်ကလေး မြတ်နိုးဟ[illegible] တူ၏။ ထို့ကြောင့်ပင် 'ငါ့မောင်လေး မင်းကြောင့် အရုပ်ဆိုးသွားပြီ' ဟု အတ[illegible] အား ရွယ်တူချင်း ရန်တွေ့သလို အခင်းဖြစ်ပွားစဉ်က ပြောခဲ့ဖူးသည်ဖြစ်[illegible] ယခုအထိလည်း ဆရာမသည် ကျော်ကျော့် အမာရွတ်အတွက် စိတ်မသက်မသာ ရှိနေသေးဟန်တူကာ ပျောက်နေပြီဖြစ်သော ထိုဒဏ်ရာကိုပင် အဘယ်သဘော ဟူ၍ မသိ။ နေ့ရှိသလောက် သတိရတိုင်း ကျော်ကျော်အား ခေါ်၍ ဆေးလိမ်း ပေးဆဲ ရှိနေသေး၏။ သို့ ကျော်ကျော့် အမာရွတ်ကို ဆေးလိမ်းပေးတိုင်းလည်း အတာကလေးအား တစ်မျိုးမျက်နှာထားဖြင့် လှမ်း၍ စောင်း၍ ကြည့်နေတတ် သေး၏။ 'ခင်းကြောင့် ငါ့မောင်လေး ဒီလိုဖြစ်ရတယ်' ဟူသော အကျိတ်အခဲ သည် ဆရာမ၌ အစွဲအလမ်း ကြီးနေသေးဟန်လည်း တူ၏။

သို့သော်လည်း ဤစိတ်သည် မကောင်းမှန်း သူသိ၏။ သိ၍လည်း ပျောက်၏။ အတော်ကြိုးစား၍ပင် ထိုအငြိုးကို ပျောက်၏။ မပျောက်၊ ပျောက်၍ လည်း မရ။ မရတိုင်းလည်း သူ့ပေါင်သူထုကာ သူ့ကိုယ်သူပင် မကျေမနပ်ဖြစ်နေ တတ်၏။

\+ \+ \+

အိပ်ချိန်သည်သာလျှင် အတာ၏ အားလပ်ခွင့်ဟု ဆိုရမလောက်ပင် နေ့စာသင်၍ ညနေပြန်လာသည်နှင့် သူ့တာဝန် သူထမ်းနေရပြီး ညဘက်တွင် စာကျက် နံနက် ၄ နာရီထ၊ မီဘကို ဝိုင်းကူဖြင့် အတာတွင် နေ့ရက်ကိုပင် မမှတ်မိနိုင်အောင် ရှိခဲ့သည့်အတိုင်း ဆရာမတောင်းမှပင် ကျောင်းလခကို သတိရတော့၏။

နောက်တစ်ကြိမ် ကျောင်းအပ်ပြီးစ ပထမလကမှ မသိန်းမေသည် ကျောင်းလခကို စိတ်လိုလက်ရ ကြည်ကြည်ဖြူဖြူပင် ပေးလိုက်၏။

မသိန်းမေတွင်လည်း ထမင်း စရောင်းလျှင် ရောင်းခြင်းပင် အခြေအနေ သိသိသာသာ တိုးတက်လာ၏။ လက်မလည်နိုင်အောင် ရောင်းကောင်းခဲ့သည်နှင့် အမျှလည်း ၈ နာရီတွင် ဆိုင်ထွက်သော မသိန်းမေ၏ ထမင်းဟင်းများသည် ၁၀ နာရီခွဲသည်နှင့် တက်တက်စင် ပြောင်သွားတတ်၏။

'ကဲ မသိန်းမေ၊ ထမင်းတစ်ပွဲထည့်ဗျာ'



'ကုန်ပြီလေ'

'ဟင် ခုမှ ၁၀ နာရီတောင် မရှိသေးဘူး၊ ကုန်နေပြီလား'

'ဒါကြောင့် ရှင်တို့ကိုအပြောသားပဲ၊ ၉ နာရီကကျော်ရင် အာမ မခံဘူးလို့'

မသိန်းမေ၏ ထမင်းဆိုင်သည် သို့ထိအောင်ပင် အရောင်းအဝယ်သွက်ခဲ့ ၏။ ဤသည်မှာလည်း ထိုဈေးတစ်ဝိုက်တွင် ထမင်းဆိုင်ရှားပါး၍ မသိန်းရောင်း ကောင်းနေခြင်းမဟုတ်။ အချက်အပြုတ်ကောင်း၍အစပ်အဟပ်တည့်ပြီး လတ်လတ် ဆတ်ဆတ်လည်း ရှိသောကြောင့်သာ ထမင်းဆိုင်ပေါင်း များစွာရှိသည့်အနက်မှ သိန်းမေတစ်ဦးသာ သွက်သွက်လက်လက် ရောင်းနေရခြင်းဖြစ်၏။

'မသိန်းမေရဲ့စိတ်ကို ကျုပ်တော့ဖြင့် ဘယ်လိုမှ အကဲခတ်လို့မရဘူး'

သို့လျှင် ကိုထွန်းအောင် ပြောခဲ့ဖူးသည့်အတိုင်း အမှန်ပင် သူ့စိတ်ကို အားမလည်နိုင်အောင် ရှိရတော့၏။

မသိန်းမေသည် အဝတ်အထည် အစရှိသည်တို့ကို ရောင်းချခဲ့ရာ၌ ပိုး သက္ကလတ်အတုများကို အစစ်ဟု လိမ်ရောင်းခဲ့၏။ မတန်တဆ အမြတ်ယူခဲ့ သည်လည်း ရှိ၏။ သို့သော် အစားအသောက်နှင့် ပတ်သက်လာမှ သူ့တွင် စိတ်ကောင်းရှိ၏။ ယခင် ပါးစပ်ပွဲစားအဖြစ် စီးပွားရှာခဲ့စဉ်ကပင် ငွေကလေး ရွှင်လာပြီဆိုက အမျိုးမျိုး ချက်ပြုတ်၍ မိတ်သင်္ဂဟတို့အား တဝကြီးကျွေးတတ် ခဲ့၏။ သူလည်း ကောင်းမှစားသကဲ့သို့ သူတစ်ထူးကိုလည်း (အတာမှလွဲရင်) အကောင်းချည့် ကျွေးတတ်၏။

ယခု ထမင်းသည်ဘဝရောက်သည်၌လည်း မသိန်းမေသည် ဟင်းချက် ရာတွင် အထည်ရောင်းစဉ်ကကဲ့သို့ အမြတ်ကို များများစားလိုစိတ်မရှိ၊ သူကောင်း ကောင်းစားတတ်သကဲ့သို့ပင် သူတစ်ထူးကိုလည်း ကောင်းကောင်းစားစေလိုသော စေတနာဖြင့် ဝေဝေဆာဆာ ချက်လေ့ရှိ၏။

ဆီပြန်ဟင်းဆိုလျှင် မျက်နှာပြင်ထက်သို့ ဆီ လက်နှစ်လုံးလောက်တက် နေမှ မသိန်းမေ သဘောကျ၏။ မသိန်းမေဆိုင်မှ ချဉ်ပေါင်ကြော်သည် အခြား သော ထမင်းဆိုင်များမှာကဲ့သို့ ကုလားပုစွန်ခြောက်နှင့် ဆီပါရုံကြော်ထားသော ချဉ်ပေါင်ကြော်မျိုး မဟုတ်။ အစိုပုစွန်ခြောက်ကို နုပ်နုပ်စင်းကာ ဆီနိုင်းချင်းနှင့် ကြော်လေ့ရှိ၏။

အခြားသော ထမင်းဆိုင်များက တို့စရာအဖြစ် အပေါစားငပြာရည်ဖျော် နှင့် သခွားသီးကိုသာ ပေးလေ့ရှိသော်လည်း မသိန်းမေကမူ ငါးပိရည်ကျို ကောင်း ကောင်းကို အိမ်ထောင်း ငရုတ်သီးမှုန့်ဖြူးလျက် ပုစွန်ခြောက်မှုန့် ကောင်းကောင်းပါ ဖွက်ကာ အရသာမြက်သွားအောင် ပေးလေ့ရှိ၏။ တို့စရာ အဖြစ်မှ သခွားသီးကို

www.burmeseclassic.com

www.burmeseclassic.com



သူလည်းမကြိုက်၊ တို့ရသည်လည်း မြိုးမြိုးမြက်မြက်မရှိသောကြောင့် သခွားသီးနှင့်စာလျှင် ဈေးသာပိုဝယ်ရသော ဟင်းရွက်စုံချဉ်ဖတ်ကို ကြိုက်သလောက်နှိုက်စားပါဟု ဖုံးပေါ်လအော စေတနာဒလဟောဖြင့် အခမဲ့ပေးတတ်၏။

ဤသို့သော သူတစ်ထူးအား ကောင်းကောင်းစားစေချင်သည့် စေတနာဖြင့် ချက်ပြုတ်ရောင်းချခဲ့သောကြောင့်လည်း မသိန်းမေတွင် ယခုလို နာမည်ကောင်း၍ အရောင်းတွင်ကျယ်ခဲ့ခြင်း ဖြစ်၏။

သို့ လက်မလည်နိုင်အောင် အရောင်းတွင်ကျယ်ခဲ့သည်နှင့်အမျှ ဘေးလူအမြင်တွင် အားရဖွယ်ရာကြီး ဖြစ်သော်လည်း ကိုထွန်းအောင်၌မူ လှိုက်လှိုက်လှဲလှဲ ဝမ်းမသာနိုင်ရှိနေရှာ၏။ မသိန်းမေသည် ယခင်က ပိုက်ဆံရှိ ရှိသလို တစ်ကျပ်မှ နှစ်ကျပ်ဖိုးအထိ ၃၆ ကောင်ထိုးပြီး ငါးကျပ်မှ ဆယ့်ငါးကျပ်ဖိုးအထိ အပတ်စဉ် မြင်းလောင်းလျက် ယခုမူ အရောင်းအဝယ် ဖြောင့်၍ ငွေကလေးတောင့်လာသည်နှင့်အမျှ လောင်းကစားမှုရေချိန်သည်လည်း သိသိသာသာ တက်လာတော့၏။ တစ်ခါတစ်ရံ လေးငါးကျပ်ဖိုးအထိ ၃၆ ကောင်ထိုး၍ အစိတ် သုံးဆယ်ဝင် အကုန်ခံ မြင်းလောင်းနေပြီဖြစ်၏။

ရှေးနည်းအတိုင်းပင် မသိန်းမေ၌ စီးပွားကျပ်လျှင် အတာပါရော၍ အငတ်ခံရသော်လည်း မသိန်းမေ၌ ငွေကြေးချောင်လည်လာမှု အတာတွင် ဘာမျှ အကျိုးခံစားခွင့်မရ။ ရှိသမျှသော အဝတ်အစားဟောင်းကလေးများနှင့်ပင် ကျောင်းတက်နေရရှာ၏။

\+ \+ \+

ကျောင်းလခပေးရမည့်ရက်သို့ ရောက်လာပြန်ပြီဖြစ်၏။ ယနေ့သည် ၁၀ ရက်နေ့လည်းဖြစ်၊ ဆရာမကလည်း ယမန်နေ့က သတိပေးလိုက်သည်ဖြစ်သောကြောင့် ကျောင်းလခတောင်းရန် သတိပင်ရသော်လည်း သူ့မေမေ ပန်းဖျား ဖျားနေသောကြောင့် အတာတွင် အတောင်းရခက်နေ၏။

နေ့စဉ်ရက်ဆက် ပင်ပန်းမှုဒဏ်ကြောင့် မသိန်းမေ ပန်းဖျား ဖျားခဲ့သည့် နှစ်ရက်အတွင်း၌ အတာသည် ရှစ်နာရီဆိုလျှင် ကျောင်းရောက်နေပြီဖြစ်၏။ ယနေ့လည်း မသိန်းမေ မသက်သာသေး၍ ဈေးမထွက်နိုင် ရှိနေသည့်အတိုင်း အတာတွင်လည်း အားလပ်ခွင့်ရနေကာ စောစောပင် ကျောင်းသို့ထွက်လာခဲ့၏။

အတာ ကျောင်းသို့ရောက်သည်မှာ စောလွန်းအားကြီးနေသည်ဖြစ်သောကြောင့် ကျောင်းသားဆို၍ သူနှင့် ငါးတန်းမှ မိန်းကလေးတစ်ယောက်သာ ရှိသေး၏။ ရောက်ရောက်ချင်းပင် ဆရာမ၏ စားပွဲ ကုလားထိုင်များကို



သုတ်သင် ရှင်းလင်းကာ ဖျင်းဖျင်းရှိသည်နှင့် အတန်းထဲမှ ထွက်လာ၏။

အခန်းပြင်သို့ သုံးလေးလှမ်းမျှ လှမ်းမိလျှင်ပင် ခေါင်းပေါ်သို့ လွှစာမှုန့်များ ကျလာသည်နှင့် အတာလည်း လွတ်ရာသို့ ခပ်သုတ်သုတ် ပြေးထွက်လာကာ အပေါ်ထပ်သို့ မော့ကြည့်လိုက်သည်၌ ပြတင်းပေါက်မှ ပျက်နေဟန်တူသော ဘီခါးရွက်များကို ပြင်နေသည့် တရုတ်လက်သမားတစ်ယောက်ကို တွေ့ရသဖြင့် အတာလည်း အမှတ်မထင် ငေးကြည့်မိတော့၏။

'အမယ် ဒီနေ့တော့ တယ်စောပါလား အတာ'

ဖျင်းပျင်းနှင့် ရပ်ကြည့်နေမိသည်မှာ အဘယ်မျှ ကြာသွားသည်မသိ။ ဆိုအသံကြားမှပင် ရုတ်တရက်လှည့်ကာ

'ဟုတ်ကဲ့ မမ၊ ကျွန်တော်တို့မေမေ နေမကောင်းလို့ ဆိုင်မထွက်နိုင်ဘူး၊ သုံးရက်ရှိပြီ'

'သြ သြ'

ထိုမျှသာ ရေရွတ်ရင်း ဆရာမလည်း အတန်းဘက် လှမ်းထွက်သွား၏။ ကျော်ကျော်မှာမူ အတာနှင့်အတူ ကျန်ရစ်ခဲ့သဖြင့်

'ဟေ့ ကျော်ကျော်၊ မင်းတို့ကော ဒီနေ့ ဘာကြောင့် အစောကြီးလာတာလဲကွ'

'သိပါဘူးကွာ၊ မမကတော့ စာမေးပွဲအတွက် လုပ်စရာတွေရှိလို့လို့ ပြောတာပဲ'

ဤတွင်ပင် စကားပြတ်သွားကြကာ အတာ မော့ကြည့်နေမိသကဲ့သို့ပင် တရုတ်လက်သမားရှိရာသို့ ကျော်ကျော်ပါ ရောယောင် ငေးမောလျက်ရှိ၏။

'ဒါနဲ့ကွာ၊ ငါ မင်းကို မေးမလို့ဟာ မေ့မေ့နေတယ်၊ မင်းတို့မမက မင့်နဖူးက အမာရွတ်ကို ဘာတွေလိမ်းလိမ်းပေးတာလဲကွ၊ ဟင် အနာလဲပျောက်နေပြီ မဟုတ်လား'

'အလကားပါကွာ၊ ဒီအမာရွတ်ထင်နေတာ ပျောက်အောင်လို့တဲ့၊ ဘာတွေမှန်းလဲ မသိဘူးကွ၊ ငါ သိပ်စိတ်ညစ်တာပဲ၊ ပျောက်လဲ ပျောက်တာမဟုတ်ဘဲနဲ့'

'တစ်နေ့နေ့တော့ ပျောက်ချင် ပျောက်မှာပေါ့ကွာ၊ လိမ်းပစေပေါ့၊ သူက အကောင်းလုပ်ပေးတာပဲကွာ' ဟု အတာက ပြောရင်း ကျော်ကျော့်နဖူးမှ အမာရွတ်ကို စမ်းကိုင်ကြည့်ရှုနေမိ၏။ ဤသည့်အပြုအမူကို အတန်းထဲတွင် ထိုင်နေသော ဆရာမက လှမ်း၍ မြင်လိုက်သည်နှင့် ရုတ်တရက် မျက်နှာပျက်သွားကာ ပျာပျာသလဲ ထလာပြီး တံခါးဝတွင် ရပ်လိုက်ရာမှ

'ကျော်ကျော် လာခဲ့ဒီကို၊ ဒီမှာလာထိုင်နေ နင့်ကို ငါ ဘာမှာထားသလဲ' ဟု မျက်နှာထားတင်းတင်းဖြင့် သို့ပြောရင်း လှမ်းခေါ်လိုက်သောကြောင့် ကျော်ကျော်လည်း အတာအား တစ်ချက်မျှသာ လှည့်ကြည့်ကာ ချာခနဲပြေးထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလည်း ကျော်ကျော်အနီးသို့ ရောက်လာသည်နှင့်

'နင့်ကို ငါ ဘယ်နှစ်ခါပြောရမလဲ ကျော်ကျော်၊ နင့်နမူးကို နင်ပြန်ခေါ်ကြည့်စမ်း၊ တစ်ပြိုက နှစ်ပြိုဖြစ်ချင်လို့လား၊ အတာနဲ့ သွားကစားတာ မင်း'

'မကစားပါဘူး မမရဲ့၊ ရပ်နေတာပါ'

'ဘာဖြစ်ဖြစ် သွား ထိုင်နေချည်'

ထိုစကားများကိုမူ အတာ လုံးဝ မကြား။ မည်သို့သော အဓိပ္ပာယ်ဖြင့် ဆရာမက ကျော်ကျော်အား လှမ်းခေါ်လိုက်သည်ဟူ၍လည်း အတာ မသိ။ တရုတ်လက်သမား တံခါးပြင်တပ်နေသည်ကိုသာ တွေေးတမော ကြည့်နေ၏။ တရုတ်လက်သမားလည်း တံခါးရွက်ကို လက်တစ်ဖက်ဖြင့်ထိန်းကာ အခြားလက်က ပတ္တာတွင် ဝက်အူထည့်၍ လှည့်နေရာမှ ရုတ်တရက်ဆိုသလို ဝက်အူလှဲ့ ချော်သွား၏။ ဤတွင် တံခါးရွက်ပါ ပေါင်ပေါ်မှ လျှောသွားပြီး တစ်ဖက်သောလက်ထဲတွင် မနိုင်မနင်းဖြစ်ကာ ကြိုးနှင့်ချည်ယမ်းသလို တံခါးရွက်သည် ဘယ်ပြန်ညာပြန် ယိမ်းနေ၏။

'ဟာ ဟာ ကျတော့မယ် ကျတော့မယ်'

အတာလည်း အသည်းတထိတ်ထိတ်နှင့် ကြည့်ရင်း သို့လျှင် ယောင်ယမ်းရေရွတ်နေမိ၏။ တရုတ်ကလည်း လုံ့လမလျှော့၊ စွမ်းအားရှိသလောက် ထိန်းရင်း အခြားလက်တစ်ဖက်ဖြင့်လည်း လှမ်း၍ ဆွဲနေ၏။ ရဲရဲလည်းမကုန်းဝံ့၊ လူရောတံခါးရွက်ပါ အားလွန်ကျသွားမည်ကိုလည်း စိုးရိမ်ရသေးသောကြောင့် သတိနှင့်ပြုမူနေရ၏။ တံခါးရွက်မှာ အတော်ကလေး ထုထည်ကောင်းပြီး အနံ အလျားပါကြီးသောကြောင့် ဖွေးနေသောတရုတ်မှာ တစ်ကိုယ်လုံးနီနေသည်ကို ကြည့်ခြင်းအားဖြင့် အဘယ်မျှ အပင်ပန်းနှင့် အားစိုက်ခွန်စိုက် ထိန်းနေရသည်ကို ခန့်မှန်း နိုင်၏။

'ဟာ ကျပြီ ကျပြီ'

အတာတွင်လည်း သို့ရေရွတ်ရင်း ရင်တလှပ်လှပ် ကြည့်နေရာမှပင် ရုတ်တရက် ဖြုဖြုသဏ္ဌာန်ကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် အတာ့မျက်လုံးများသည် သူ့အတန်းဆီသို့ ရောက်သွားကာ တံခါးပေါက်မှ ထွက်လာသော သူ့ဆရာမကို တွေ့လိုက်ရသည်နှင့်

'မမ မမ အပေါ်မှာ'

အတာလည်း အော်အော်ပြေးပြေးနှင့် ဆရာမဆီသို့ ဦးတည်ပြေးသွားကာ ဆရာမ၏ ဝမ်းဗိုက်ကို အားစိုက်၍ ဆောင့်တွန်းလိုက်တော့၏။

ထိုအဖြစ်သည် လျှပ်ပြက်သလို လျင်မြန်လှတော့၏။ သို့နှင့် ဆရာမအား အတာ တွန်းလိုက်သောအားမှာသာမန်မျှသာဖြစ်သော်လည်း ပြေးလာသည့်အရှိန်ကကောင်းလွန်းသောကြောင့် ဆရာမတွင် ကိုယ်ကိုမထိန်းနိုင်တော့ဘဲ နောက်ဘက်သို့ ယိမ်းယိုင်ကာလက်ထောက်လျက်သား ဖင်ထိုင်ကျလုလုအချိန်မှာပင်ဝုန်းခနဲမြည်ဟီး





ညံသောအသံကြီးနှင့်အတူ အတာသည်လည်း မြေလျက်သား ပုံကျသွားတော့၏။

ချက်ချင်းပင် ကျောင်းသူကျောင်းသားအချို့ရော ဈေးသည်များပါ ထိုနေရာသို့ ရောက်လာကြ၏။ ဆရာမတွင်လည်း ဘာလုပ်ရမည်မသိ။ အငေးသားကြောင်၍ ကြည့်နေမိလျက် ပါတာနီသည် ကုလားကမူ အတာ့ကိုယ်ပေါ်တွင် တစ်ဖက်စောင်းပိတင်နေသော တံခါးရွက်ကြီးကို မနိုင့်တနိုင်နှင့် မ၍ဖယ်နေစဉ် ရုတ်ချည်းရော လက်သမားပါ ရောက်လာပြီး အတာကလေးကိုယ်ပေါ်တွင် ပြန့်ကြဲနေသော မှန်ကွဲအစအနများကို ဖယ်ရှားကာ အသာအယာမွေ့ချီလိုက်သည်နှင့် မြင်မကောင်းအောင် ရဲနေသော အတာ့ပါးမှ သွေးများသည် သမံတလင်းပေါ်သို့ တတောက်တောက် ကျလျက်ရှိ၏။

ယင်းသည့်အဖြစ်ကို တွေ့လိုက်ရသည်နှင့် ဆရာမလည်း မကြည့်ဝံ့မမြင်ရက်သလို လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ ချာခနဲ လှည့်ပစ်လိုက်မိရှာ၏။

ထိုအခိုက်မှာပင် ဆရာမကြီးနှစ်ယောက်စလုံး အထိတ်တလန့်ရောက်လာကာ သွေးထွက်သံယိုကိစ္စဆိုလျှင် သူသာတာဝန်ယူ၍ လုပ်လေ့ရှိသော ဘီချာလတ်သည်း အတာ့အနီးသို့ အပြေးကလေးကပ်လာကာ ဒဏ်ရာကြီးသည်ငယ်သည်ကို သိလို၍လောမသိ၊ သွေးအတိဖုံးနေသော အတာ့ပါးကလေးကို လက်ညှိုးဖြင့် အသာ သပ်ကြည့်လိုက်သည်၌

'အိုး' ဟုပင် အထိတ်တလန့် ရေရွတ်မိလျက် သူ့လက်ညှိုးကိုပါ ချုပြန်၍ ပွတ်သပ်ကြည့်လိုက်ရာတွင် လက်မဝက်ခန့် ပြဲသွားသည်ကို တွေ့ရပြီး

'ဒီမှာ ဆေးထည့်လို့ မဖြစ်ဘူး၊ ဒဏ်ရာကြီးပုံရတယ်၊ ပြီးတော့ အသားထဲမှာလဲ မှန်စိုက်နေတယ်' ဟု တီချာလတ်က အင်္ဂလိပ်ဘာသာဖြင့် လှမ်းပြောလိုက်သည်ကို ဆရာမကြီးကလည်း

'ကဲ ဒါဖြင့် ဆေးရုံပို့မှပေါ့၊ ဟုတ်တယ်၊ မတော်လို့ အသားထဲ မှန်စကျန်နေရင် ဒုက္ခဖြစ်မယ်'

သို့နှင့် ၂ မိနစ်လောက်အတွင်းမှာပင် ဆရာမကြီး၏ မော်တော်ကား ရောက်လာကာ တီချာလတ်နှင့်အတူ မွေ့တင်ခေါ်ဆောင်သွားသည်အထိ အတာကလေးတွင် သတိမရရှာသေး။

မော်တော်ကားထွက်သွားသည်နှင့် ဆရာမကြီးလည်း တရုတ်လက်သမားကို ခေါ်တင်သွားကာ ဖြစ်ပျက်ပုံကို စစ်မေးလျက်ရှိ၏။

ကျောင်းသား ကျောင်းသူများလည်း (အတာတို့ အတန်းသာမက အားလုံးသော အတန်းသားတိုင်းပင်) ဟိုနေရာတစ်စု သည်နေရာတစ်စု ဝိုင်း၍ကာ သူတို့ချစ်သော အတာကလေးအကြောင်းသာလျှင်တဖျစ်တောက်တောက်ပြောဆိုနေကြ၏။

တစ်ခါက စိန်ရင်ထိုး ကျပျောက်သည်ကို အတာကောက်ရ၍ လာပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျေးစူးတင် ချစ်ခင်နေသော ၇ တန်းမှ မိန်းမပျိုတစ်ယောက်မှာ အတာ့သတင်းကို ကြားရသည်နှင့် ချက်ချင်းပင် အတန်းပိုင်ဆရာမကို ခွင့်ပန်လျက် သူ့ကားနှင့် ဆေးရုံလိုက်သွား၏။

မုန့်စားတန်းတွင်လည်း ဈေးသည်အားလုံးပင် အတာ့ဖြစ်အင်ကိုသာ ထင်မြင်ချက်အမျိုးမျိုးပေးရင်း ရင်ထုမနာဖြစ်နေကြတော့၏။

ကျောင်းတက် ဘုရားရှိခိုးချိန်ရောက်၍ ငါးပါးသီလ ပြီးလုလုတွင် ကျောင်းအောက်ဆီမှ မော်တော်ကားဟွန်းသံ ပေါ်လာသည်နှင့် ရုတ်တရက်ဆိုသည့် ဘုရားရှိခိုးသံများ တိတ်သွား၏။ ကျောင်းသူကျောင်းသား အားလုံးလိုလိုပင် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

ထိုဟွန်းသံမှာ ဆရာမကြီး၏ကားဟွန်းသံဟူ၍ တစ်ကျောင်းလုံးပင် ကျက်မိနေပြီဖြစ်သည့်အတိုင်း ထိုကားပြန်လာလျှင် အတာပါလာမည်ဟူ၍လည်း အလိုလို သိထားကြသည့်အတိုင်း အဆိုပါ ဟွန်းသံပေါ်လာသည်နှင့်ပင် သူတို့ စိတ်ဝင်စားနေသော အတာအတွက် ရုတ်တရက် အာရုံပြောင်းကာ ဤလို တိတ်ဆိတ်သွားခြင်း ဖြစ်ဟန်တူ၏။ ကျောင်းသူကျောင်းသားများသာမက တာဝန်ကျသော ဆရာမသည် ပင် ထိုဟွန်းသံကြောင့် ပြတင်းပေါက်မှ ငုံ့ကြည့်မိပြီး ဘုရားရှိခိုးရပ်သွားသော ကလေးများကို သတိပေးရန် မေ့သွားတော့၏။

ချက်ချင်းဆိုသလို အတန်းကြီးသမားများက ရှေ့ဦးစွာထ၍ ဆရာမ နည်းတူ ပြတင်းပေါက် အသီးသီးမှ အလုအယက် ငုံ့ကြည့်ကြ၏။ နောက်အငယ် တန်းများပါ ထလာကြလျက် ခန်းမကြီးတစ်ခုလုံး တရုန်းရုန်းဖြစ်သွားသောကြောင့် ယခုမှ ဆရာမတွင် သတိရလာပြီး

'ဟေး ထိုင်ကြ၊ အားလုံး ကိုယ့်နေရာကိုယ်ထိုင်ကြ' ဟု ကြိမ်လုံးကိုဆတ်၍ တဖျတ်ဖျတ်ရိုက်ရင်း သတိပေးလိုက်ရတော့၏။ သို့တိုင်အောင် မငြိမ် ကြသေး။ ကြည့်ပြီးသူက ထိုင်သော်လည်း မမြင်ရသေးသူက ထကြည့်ပြန်၏။ ဆရာမကြီး လည်း ထိုထိုရှုည်သံများကြောင့် ဘုရားရှိခိုးခန်းသို့ ကူးလာရာ၌ ယင်းအဖြစ်ကို မြင်လိုက်ရသည်တွင် တစ်ကျောင်းလုံးက အတာ့အပေါ်တွင် အဘယ်မျှ စိတ်ဝင်စား ၍ ကြင်မှုပွားနေသည်ကို ယခင်ကထက်ပို၍ အကဲခတ်မိသွား၏။

ထိုနောက် အားလုံးသော ကျောင်းသူကျောင်းသားများသည် ဆရာမကြီးကို မြင်လိုက်ရသည်နှင့် ကိုယ့်နေရာကိုယ်ပြန်ကာ မကြာမီ ငြိမ်ကျသွား၏။ သို့သော် ဆရာမကြီး၏ အမူအရာတွင် သဘောမကျသည့် လက္ခဏာမပြ။ ပြုံးပြုံး ရယ်ရယ် ပင် အားလုံးကို ကြည့်၍ ပြန်ဝင်သွားသည်၌ ဒရဝမ်၏လက်တွင် ပွေ့ချီလျက်သား ခွေခွေကလေးပါလာသော အတာကို တွေ့ရသည်နှင့် ဆရာမကြီးလည်း သုတ် သုတ်ကပ်သွားကာ အတာ့၏ တစ်ဖက်ပါးကလေးကို တယုတယကိုင်ရင်း

'ဘယ့်နဲ့လဲ ကလေး၊ မင်းနေကောင်းတယ်နော်'



'ကောင်းပါတယ် တီချာကြီး'

အတာကလည်း အပြုံးကလေးနှင့်ပင် ပြန်ဖြေ၏။

'ခေါင်းကော မူးသလား ကလေး'

'ဟင့်အင်း မမူးပါဘူး တီချာကြီး၊ ကျောက နည်းနည်းနာတယ်'

ဤတွင် အတာနှင့်အတူပါသွားသော တီချာလတ်က အကယ်၍ တံခါး ရွက်သည် အတာ့ပေါ်သို့သာ တည့်တည့်မတ်မတ် ကျမည်ဆိုက အသက်ကိုပင် ထိခိုက်သွားဖွယ်ရာရှိကြောင်း၊ ယခုမူ တံခါးသည် ကျောပေါ်သို့ ရှပ်၍ကျသွား သောကြောင့်သာ ပွန်းပဲ့ရုံ အရေပြားလန်သွားကြောင်း၊ သို့သော် အကျနာသဖြင့် အတွင်းကြေကြေပြီး ညိုမဲဖူးရောင်နေသည်ကိုမူ ဂရုစိုက်ရန်လိုကြောင်း၊ တံခါး ရွက်မှ မှန်စ စင်ပြီး စူးဝင်သွားသည့် ပါးမှ ဒဏ်ရာမှာလည်း အလျားတစ်လက်မ ခန့်ရှိ၍ အတွင်းသို့ လက်မဝက်ခန့်နက်ကြောင်း စုံစုံစေ့စေ့ပင် ရှင်းပြလိုက်၏။

သို့ တီချာလတ် ရှင်းပြနေသည်ကို ဂရုတစိုက် နားစွင့်နေသော အတာ့ ဆရာမလည်း တီချာလတ် စကားဆုံးသည်နှင့် အတာ့အနီးသို့ ကပ်လာကာ တစ်စုံတစ်ရာ ပြောလိုဟန်ပြနေသော်လည်း အသံနှင့် စကားဟူ၍ တစ်လုံးမျှ ထွက်မလာဘဲ နှုတ်ခမ်းသာလျှင် တရွရွလှုပ်နေ၏။

ထိုအခိုက်တွင် ဆရာမကြီးလည်း အတာ့အား ပွေ့ချီထားသော ဒရဝမ်၏ လက်မောင်းတစ်ဖက်ကိုဆွဲကာ ဘုရားရှိခိုးခန်းထဲသို့ ခေါ်လာသဖြင့် ဤတွင်မှ တစ်ကျောင်းလုံး ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။

'ဒီမှာကြည့်ကြ၊ အားလုံးထိုင်ပြီး ငြိမ်ငြိမ်ကြည့်ကြ၊ ဟောဒီမှာ မင်းတို့ ချစ်တဲ့အတာ ပြန်ရောက်လာပြီနော်၊ သူ ဘာမှ မဖြစ်ဘူးကွဲ့၊ နည်းနည်းပါးပါးပဲ ထိသွားတယ်၊ ကဲ ကလေးတွေ မင်းတို့ အားလုံးကျေနပ်ပြီ မဟုတ်လား'

'ကျေနပ်ပါပြီ တီချာကြီး'

'အေး အေး ကောင်းပြီ၊ အခု ဒီကလေး ဘာကြောင့် ဒီလိုဖြစ်ရသလဲ ဆိုတာကို နက်ဖြန် ဘုရားရှိခိုးပြီးတဲ့ အချိန်မှာ တီချာကြီး ပြောပြမယ်' ဟူ၍ စကားကို အဆုံးသတ်ပြီးသည်နှင့် ဆရာမကြီးအခန်းထဲ ပြန်ဝင်သွားတော့၏။

ကျောင်းအုပ်ဆရာမကြီးလည်း အသင့်ပြင်ထားသော စားပွဲလွတ်တစ်ခုတွင် အတာအား လှဲတင်စေလိုက်ပြီးမှ တီချာလတ်ဘက်သို့လှည့်ကာ အတာအား ဆေးရုံခေါ်သွားသည်နှင့် တရုတ်လက်သမားအား မေးကြည့်ရာတွင် မတော်တဆ လက်မှ လွတ်ကျသွားသည်ဟူသော အဖြေကလွဲ၍ အခြားဘာမျှ မသိဟု တရုတ်က ပြောကြောင်း၊ သို့ မေးနေစဉ်မှာပင် အတာ့ဆရာမ တက်လာပြီး ယခုကဲ့သို့ ဖြစ်ရသည်မှာ တရုတ်အပြစ် လုံးလုံးမဟုတ်ကြောင်းနှင့် အမှုဖြစ်ပုံကို အတာ့ဆရာမက ရှင်းပြခဲ့သည်တို့ကိုပါ ဆရာမကြီးက ပြန်လှည့်ပြောပြရင်း စကားကို ခေတ္တရပ်၍ အတာ့ဆရာမဘက်သို့ လှည့်ကြည့်သည်၌ မပ်စောစောကပင်

www.burmeseclassic.com

www.burmeseclassic.com



ငိုထားသောကြောင့်လား မသိ၊ မျက်စိနှစ်ကွင်းစလုံးပင် ရဲရဲနီလျက်ရှိသည်ကို တွေ့ရ၏။ ယခုလည်း မျက်ရည်လည်ရွဲနှင့် ဝမ်းနည်းသလို တွေနေရာမှ

'ဟုတ်တယ် တီချာလတ်၊ အမှန်ကတော့ တရုတ်အပြစ်မဟုတ်ပါဘူး'

အတာ့ဆရာမလည်း သို့လျှင် တုန်နေသောအသံဖြင့် စကားစလိုက်ပြီးမှ

'တရုတ်အပေါ်မှာ ဘာလုပ်နေတယ်တော့ကျွန်မလဲမသိဘူး၊ အတာ မော့ကြည့်နေတာကိုတော့ကျွန်မသတိထားမိတယ်၊တအောင့်လောက်ကြာတော့ကျွန်မထဲ အပေါ်ထပ်ရုံးခန်းကို တက်ဦးမယ်ဆိုပြီးထွက်အလာမှာအတာက မမမမဆိုပြီး တစ်ခါထဲပြေးလာရာက ကျွန်မကိုတွန်းပစ်လိုက်တာ ကျွန်မတစ်ခါထဲဖင်ထိုင်ရက်လဲသွားပြီး'

'မမ မမ'

ရုတ်တရက်ခေါ်လိုက်သော အတာ့အသံကြောင့် အားလုံးပင် အတာရှိရာ စားပွဲကလေးဆီသို့ လှည့်ကြည့်မိ၏။

ပက်လက်ကလေးအိပ်နေရာမှ တံတောင်နှစ်ဖက်ထောက်ကာ အားယူ၍ ထနေသော အတာကလေး၏ လှုပ်ရှားမှုကို မြင်လိုက်ရသည်နှင့် အတာ့ဆရာမလည်း အပြေးအလွှားထသွားကာ အတာ့ကိုယ်ကလေးကို ပျာပျာသလဲ ဖေးကိုင်ရင်း

'ဘာလုပ်မလို့လဲ အတာ၊ မထနဲ့လေ၊ ပြော၊ မင်းဘာလိုချင်လို့လဲ ရေသောက်မလား၊ မမ ခတ်ပေးမယ်လေ'

အတာကမူ ခေါင်းကလေးတယမ်းယမ်း ခါပြပြီးမှ သူ့ဆရာမအား မော့ကြည့်လိုက်၏။ မျက်လုံးထဲတွင်လည်း မျက်ရည်အပြည့် ဝေနေသောကြောင့်

'ဘာဖြစ်သလဲ အတာ၊ မင်း မင်း ဘာဖြစ်လို့လဲ၊ အနာက နာလို့လား'

အတာက မဖြေ၊ ခေါင်းသာလျှင် တွင်တွင်ခါနေ၏။ ဆရာမကြီး နှစ်ယောက်တွင်လည်း ထိတ်ထိတ်ပျာပျာဖြစ်သွားကာ အတာ့အနီးသို့ ထလာပြီး တစ်စုံတစ်ရာ မေးတော့မည်အပြုတွင်မှ

'ကျွန်တော် ကျွန် ကျွန်တော့်ကြောင့် မမ ငိုရတာ နှစ်ခါ နှစ်ခါရှိပြီ'

သို့လျှင် အတာသည် တုန်နေသော အသံကလေးဖြင့် စကားစလိုက်၏။ သို့သော် ဘာအဓိပ္ပာယ်ဟု မသိကြသေးသည်နှင့် အားလုံးပင် ရှေ့ဆက်လာမည့် စကားကို နားစွင့်နေမိကြစဉ်

'ဟို ဟိုတစ်ခါတုန်းကလဲ ကျွန်တော့်ကြောင့် ကျွန်တော့်ကြောင့် ကျော်ကျော် နဖူးပေါက်သွားလို့ မမ မမ ငိုတယ်၊ ခုလဲ'

အတာ့အသံသည် ရုတ်တရက် တိမ်သွားပြန်၏။ ဤတွင် ဆရာမက တစ်စုံတစ်ရာ ပြောတော့မည်ဟန် ပြင်လိုက်သောကြောင့် တီချာလတ်က လက်ကုတ်၍

'သူ့စကားဆုံးအောင် စောင့်လိုက်ပါဦး၊ ဆက်ပြောပါစေ' ဟု ဆရာမအား



အင်္ဂလိပ်စကားဖြင့် တားလိုက်ပြီးမှ

'နောက်ကောကွယ်၊ ကဲ ဆက်ပြောပါဦး' ဟု နဖူးကလေးကို သပ်၍ အားပေးလိုက်သည်နှင့်

'ခုလဲ ခုလဲ မမ ကျွန်တော့်ကြောင့်ငိုရပြန်ရပြီ၊ ကျွန်တော် ကျွန်တော်တွန်းပစ်လိုက်လို့ မမ လဲကျသွားတယ်၊ မမ ရှက်သွားမှာပေါ့၊ အဲဒါ ကျွန်တော်'

စကားစ ဤတွင်ပြတ်သွား၏။ မသိမသာ အတာ့စကားတွင် ရှိုက်သံကလေးပါ နှောလာ၏။

'ပြောလေ ကလေး'

'အဲဒါလေ ကျော်ကျော်ဖြစ်တုန်းကလိုပဲ ကျွန်တော် မမကိုမမကို တမင်တွန်းပစ်တာ မဟုတ်ပါဘူးမမရယ်၊ ဘုရားစူးပါ၊ မိုးကြိုးပစ်၊ မတော်လို့ မတော်တဆတွန်းမိလို့ မမ လဲကျသွားတာပါနော်၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ မမရယ်၊ အရင်တစ်ခါလို စိတ်မဆိုးပါနဲ့၊ ကျွန်တော် ကျွန်တော် ရှိခိုးပြီးတောင်းပန်ပါတယ်'

ပြောပြောဆိုဆို လက်အုပ်ကလေးချီလိုက်သောကြောင့် ဆရာမတွင် တစ်ခါတည်း အသည်းခိုက်သွားတော့၏။ ချီထားသော အတာ့လက်အုပ်ကို တစ်ဖက်က စုကိုင်၍ အခြားလက်တစ်ဖက်က ကျောကလေးကိုပွေ့ကာ အတာ့ပါးကလေးကို သူ့နှာခေါင်းနှင့် မွှေ့နေပြီးမှ

'မမ ခွင့်လွှတ်ပါတယ် အတာရယ်၊ စိတ်လဲမဆိုးပါဘူး၊ ကျော်ကျော်ဖြစ်တုန်းကလဲ မတော်တဆဆိုတာ မမ ခုဖြေလို့ရပါပြီ'

ဆရာမတွင်လည်း မျက်ရည်တရွှဲရွှဲနှင့် ဝမ်းနည်းပန်းနည်း ပြောနေမိ၏။

'ခုတစ်ခါတော့ မင်း တမင်တွန်းတာပါ အတာရယ်၊ မမ သိပါတယ်၊ ဒါကြောင့်လဲ မမ ကံကောင်းသွားတာပေါ့' ဟု ဆရာမက ပွေ့ပွေ့ဖက်ဖက် ပြောလိုက်သည်ကို

'ဟင့်အင်း၊ ကျွန်တော် တမင်တွန်းတာမဟုတ်ရပါဘူး မမရယ်၊ ဘုရားစူးပါ' ဟု အတာက အသနားခံသလို မျက်ရည်ကလေးတယိုယို ပြောနေပြန်သောကြောင့် ဆရာမလည်း အတာ အဓိပ္ပာယ် မရှင်းမလင်းဖြစ်သွားပြီကို သတိရသည်နှင့်

'အေးပါ ငါ့မောင်ရယ်၊ ကျော်ကျော်ဖြစ်တုန်းက နဖူးပေါက်အောင်ဆိုပြီး တမင်လုပ်တာ မဟုတ်ဘူးနော်'

'မဟုတ်ပါဘူး'

'အေး ခုတစ်ခါတော့ မမခေါင်းပေါ်ကို တံခါးကြီးကျလာမှာစိုးလို့၊ အတာက မမကို တွန်းပြီး ဖယ်လိုက်တာမဟုတ်လား'

'ဟုတ်ကဲ့' ဟု ဝန်ခံလိုက်ပြီးမှ ပျာပျာသလဲ လက်ကာရင်း

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ကျွန်တော် တမင်တွန်းတာ မဟုတ် မဟုတ်'

'အေးပါ မဟုတ်ပါဘူး၊ မမကို ထိမိမှာစိုးလို့ မင်းက တွန်းလိုက်တာ မမ မတော်တဆ လဲကျသွားတာ ဆိုပါတော့ကွယ် နော်'

ယခုမှပင် အတာကလေး ရေလည် ကျေနပ်သွားတော့၏။

'ဒီလို အဖက်ဖက်က ထူးခြားတဲ့ ကလေးမျိုးကို ဆရာမကြီးဖြင့် ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်'

'ဟာ အပြောအဆိုရော အပြုအမူရော အင်မတန် ချစ်ရာကောင်းတဲ့ကလေး'

သို့လျှင် ဆရာမကြီးနှင့် တီချာလတ်တို့က အမြတ်တနိုး အင်္ဂလိပ်စကားဖြင့် ချီးကျူးလိုက်သည်ကို ဆရာမကလည်း အားကျမခံ

'ရှက်တော့ ရှက်စရာပါပဲ၊ ဒါပေမဲ့ မှန်တဲ့အတိုင်းဝန်ခံရရင် ကျွန်မ မောင်ကလေး နဖူးကွဲပြီးကတည်းက သူ့ကြောင့်ဖြစ်ရတယ်ဆိုတဲ့ စိတ်ဟာ လုံးလုံး ပျောက်လို့မရခဲ့ဘူး၊ မတော်တဆဆိုတဲ့ စကားကိုလဲ ကျွန်မ လက်မခံနိုင်ခဲ့ဘူး၊ ခုတော့ ဒီကလေးကြောင့်ပဲ ကျွန်မ ကောင်းကောင်းကြီး သင်ခန်းစာ ရသွားပါပြီ၊ မတော်တဆ ဖြစ်တတ်တဲ့ သဘောကိုလဲ ကျွန်မ ခြွင်းချက်မရှိ သဘောပေါက် လက်ခံနိုင်ပါပြီ၊ အဲဒါ ဒီကလေးရဲ့ ကျေးဇူးပါပဲ ဆရာမကြီး'

ဆရာမလည်း ဝမ်းသာအယ်လဲ မျက်ရည်ကလေးတစ်ရွဲရွဲနှင့် ဝန်ခံရင်း အတာ့ခေါင်းကလေးကိုပင် အနူးအညွတ် ပွတ်နေမိတော့၏။

\+ \+ \+

သို့ဖြစ်ပျက်ခဲ့ပြီးနောက် လေးရက်မြောက်သောနေ့မှပင် အတာ ကျောင်းတက်နိုင်တော့၏။ သူ့ဆရာမလည်း အတာ့ကို မြင်လျှင်မြင်ချင်း ဖက်လဲတကင်းနှင့်ဆီးကြိုကာ ညင်ညင်သာသာမေးကလေးကိုကိုင်ပင့်ရင်း အနှင့်သား စိတ်ထိခိုက်သလို ကြည့်နေပြီးမှ

'ဒဏ်ရာကမနည်းပါပဲလားအတာရယ်ဟင်၊ မင်းမျက်နှာလေးလဲအရုပ်ဆိုး သွားပြီ၊ အဲဒါမမကြောင့် ငါ့မောင်လေးဒီလိုဖြစ်ရတာဟုရင်ထုမနာပြောလိုက်သည်။

'ဟုတ်ပါဘူး မမရယ်၊ မမကြောင့် ဘယ်ဟုတ်လို့လဲ၊ ဒါ မတော်တဆ ဖြစ်သွားတာပါ မမရဲ့၊ မမကြောင့် ဟုတ်ပါဘူး'

'အင်း မတော်တဆ၊ မင့် မတော်တဆဟာ မမအသည်းထဲစွဲသွားပြီ အတာ သိလား'

ဤတွင်လည်း အတာ အဓိပ္ပာယ်ကောက် ချော်သွား၍လော မသိ၊ မျက်နှာကလေး အငယ်သားနှင့် မော့ကြည့်နေသောကြောင့် ဆရာမကလည်း ရိပ်မိလိုက်သည့်အလား

'အဲဒီ မတော်တဆကို မမ ဘယ်တော့မှ မမေ့ဘူးအတာ၊ မင့်မတော်တဆ



ကြောင့် မမ အသက်ချမ်းသာရာရသွားတာ သိလား၊ အတာ့ကိုလေ ဟောဒီ ငါ့မောင်လေးကို မမ သိပ်ကျေးဇူးတင်တာပဲ'

အတာ့ပါးကလေးနှနှကို တယုတယ ဆွဲခါရင်း ပြုံးပြုံးရယ်ရယ် ပြောလိုက်မှ အတာ့တွင်လည်း သဘောကျသွားသလို ချစ်စရာကလေး ရှင်လာလေတော့၏။

ထိုနေ့မှအစပြုလျက် ဆရာမလည်း အတာကိုအသည်းစွဲသွားကာ အတာ အတာနှင့် တစ်တာတည်း တာနေတော့၏။ အတာကလည်း နဂိုရှိရင်းစွဲအလိုက်သိ တတ်မှုတွင် သူ့ဆရာမက သူ့ကို ချစ်လာပြီဟူသော ဝမ်းမြောက်မှုကလေးပါလျက် သွက်သွက်လက်လက် အကင်းပါးဖျတ်လတ်နေ၏။ ဘာသာရပ်တစ်ခုသင်၍ပြီးပြီ ဆိုလျှင် အာခြောက်နေသော ဆရာမထံ ရေတစ်ဖန်ခွက်ဖြင့် အတာရောက်လာ တတ်၏။ ဆရာမကလည်း ထို့အတူ အချိန်ရလျှင်ရသလောက် အတာအားသူ့အနီး သို့ခေါ်ကာ နောက်ကျနေခဲ့သောစာများကို စိတ်ရှည်လက်ရှည် သင်ပြပေးတတ်၏။

အတာကလေး ဒဏ်ရာကြောင့် နေမကောင်း၍ ကျောင်းသုံးရက်ပျက်ခဲ့ သော်က ကျော်ကျော်တစ်လှည့် ချစ်အောင်တစ်ခါဆိုသလို မုန့်မှာခိုင်းရာတွင် ဘယ်သောအခါမျှ တစ်ကြိမ်တည်းဖြင့်မပြီးဘဲ သံပရာသီး ပါမလာ၍သော်လည်း ကောင်း၊ ငရုတ်သီးမှုန့်မေ့လာ၍သော်လည်းကောင်း တစ်ခုခုကို အမြဲ ထပ်ယူခိုင်း ရ၏။ တစ်ခါတစ်ရံ မုန့်ဟင်းခါးမှာခိုင်းရာတွင်ပင် ဇွန်းမေ့လာတတ်ကြသေး၏။

'အလကားပဲ ကျော်ကျော် အသုံးမကျဘူး၊ ငါ့မောင်လေး အတာသာဆို ဘာခိုင်းခိုင်း နှစ်ခါ ပြန်မသွားရဘူး' ဟူ၍ သူ့အလွန်ချစ်သော ကျော်ကျော်ကိုပင် အတာနှင့် နှိုင်းယှဉ်၍ အပြစ်ဆိုတတ်ချေသေး၏။

ယနေ့သည် နောက်ဆုံးအဖြစ် သတ်မှတ်ထားသော ကျောင်းလခပေးရမည့် နေ့ထက်ပင် ကျော်လွန်လာသော်လည်း ဆရာမသည် ယောင်၍မျှ သတိမပေး။ အတာကလေး စိတ်ညစ်သွားမည် စိုးဟန်တူ၏။

၅ ရက်နေ့တစ်ကြိမ် အတာ ကျောင်းလခတောင်းရာ၌

'သောက်ကျောင်းလခက ဒီလောက်ပဲ အရေးကြီးနေသလား ဟင်၊ အာစောစီးစီး ဈေးဦးတောင် မပေါက်သေးဘူး' ဟု မသိန်းမေက မျက်နှာထားဖြင့် ငေါက်လိုက်သောကြောင့် အတာတွင် နောက်ထပ် ဘာမျှပြောဝံ့ဘဲ အသာ လှည့် ထွက်လာခဲ့ရ၏။ ထိုနေ့က မုန့်ဖိုးပင်မရခဲ့။ ကျောင်းလခ တောင်း၍ ဆူထားသော အချိန်ကြောင့် မုန့်ဖိုးကို ထပ်ပြောလျှင် သူ့ကျောသည် မြောတီးသလို အတီးခံရမည် သိသောကြောင့် စကားပင် မဟရဲခဲ့။

'တောက် ငါ မေ့သွားတယ်၊ မုန့်ဖိုး အရင်တောင်းပြီးမှ ကျောင်းလခကို ပြောရအကောင်းသား' ဟူ၍ လမ်းတစ်လျှောက်လုံး တဖျစ်တောက်တောက် ရေရွတ်နေခဲ့မိ၏။

၁၀ ရက်နေ့က နောက်တစ်ကြိမ်တောင်းရာ၌မှ ၅ ရက်နေ့ကထက်ပို၍

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးသောအဖြစ်ကို အတာ ကြုံလိုက်ရရှာ၏။ အတာလည်း မုန့်ဖိုးပိုက်ဆံ ရပြီးသည်နှင့်

'မေမေ ဒီနေ့ ကျောင်းလခ နောက်ဆုံး' ဟူသော စကားမှ မဆုံးသေးမီပင် ဒေါသတကြီးနှင့် မသိန်းမေ ကောက်ပေါက်လိုက်သော ဇလုံ ပန်းကန်ကို အတာငှ၍ မရှောင်မိပါက နဖူးနှင့် ပါးစပ်တစ်နေရာရာကို 'ခွပ်'ခနဲ ထိမှန် စုတ်ပြဲသွားမည်မှာ သေချာ၏။

'နက်ဖြန် ဘာနေ့လဲ နင်မသိဘူးလား ဟင်' ဟု မသိန်းမေ မျက်လုံး အပြူးသားနှင့် မေးလိုက်မှ

'ကျွန်တော် မေ့သွားလို့ပါ မေမေ' ဟူသော တောင်းပန်သံနှင့် လှည့် ရပြန်၏။

မသိန်းမေက မေးလိုက်သော'နက်ဖြန် ဘာနေ့လဲ' ဆိုသည်မှာ စနေနေ့ဖြစ်၏။ စနေနေ့တွင် သူမြင်းပွဲသွားလေ့ရှိသောကြောင့် ပိုက်ဆံတောင်းလျှင် မကြိုက်။ သို့ စနေနေ့ ပိုက်ဆံတောင်းလျှင် အကြွေးစကားလာပြောလျှင် မသိန်းမေ မကြိုက် သည်မှာ အခြားသူများအဖို့သာဖြစ်လျက် အတာမူ သောကြာနေ့ကိုပါ မြင်းပွဲအကြို နေ့အဖြစ် ပိုက်ဆံတောင်း ဆင်ခြင်ရ၏။ ထိုသည်ကိုမေ့လျှင် ထိပ်ပေါက်ခေါင်းကွဲ မတတ်သောအဖြစ်ဒဏ်ခံရမည်ကဲ့သို့ အတာတွင် သတိနှင့်အသိအမှတ်ပြုထားရ၏။

'အတာ့ ကျောင်းလခပေးပြီးပလားမသိန်းမေ' ဟုကိုထွန်းအောင်ကမေးလျှင်

'ပေးပြီးပါရောလား၊ ၅ ရက်နေ့က'

အတာကို ရှေ့တွင်ထား၍ မသိန်းမေ ဖြောင်လိမ်တတ်၏။ အတာကမူ ဘာမျှ မပြောဝံ့။

'၅ ရက်နေ့အထိ ဆိုင်းမနေပါနဲ့ဗျာ၊ ပေးရမဲ့ အတူတူပဲ၊ တစ်ရက်နေ့ မှန်မှန်ပေးလိုက်ပါ၊ ကလေး မျက်နှာရှိတာပေါ့၊ ကျောင်းလခကို ဆရာမတော ခဏခဏ တောင်းနေရတယ်ဆိုရင် မကောင်းတော့ဘူး'

'စကားကို တိုတိုပြောစမ်းပါ ကိုထွန်းအောင်၊ လဆန်း ၁ ရက်နေ့တိုင် ပေးလိုက်ပါဆို ပြီးတာပဲ မဟုတ်လား၊ ကဲ တော်တော်'

သူကြီးပမ်းရှာဖွေခဲ့သော အရင်းအနှီးကြောင့်သာ ဤလို စီးပွားလမ်း ဖြောင့်ခဲ့ရခြင်းပါတကား ဟူ၍ မသိန်းမေသည် ကိုထွန်းအောင်၏ အစီအမံကို လုံးဝ နာခံလိမ့်မည်မဟုတ်။ မိန်းမတို့ သဘာဝအတိုင်း ရပြီးဖြစ်သော အခွင့် အရေးကို သူလက်မလွှတ်လို။ ယခင် ကိုထွန်းအောင်အား အပေါ်စီးမှကိုင်၍ အနိုင်ယူထားသကဲ့သို့ ယခုလည်း လင်သားအပေါ် အနိုင်ရသည့် မယား တစ်ယောက် အဖြစ်သာ အမြဲ ဩဇာလွှမ်းမိုးနေချေ၏။

အတာလည်း ကုန်ဆုံးခဲ့ပြီဖြစ်သောနေ့ရက်များနှင့်အမျှ အသိဉာဏ်ကလေး သည်လည်း တိုး၍တိုး၍တက်လာပြီဖြစ်ရာ မသိန်းမေ၏အပြုအမူအတွက်ကြောင့်



သူ ရှက်လာ၏။ လူရှေ့မရှောင် သူရှေ့မရှောင် ဈေးလယ်ခေါင်သော ဘာသော သိန်းမေ မတွေး။ မုန့်ဖိုးပိုက်ဆံကိုပင် တစ်ခါတစ်ရံလွှင့်ပစ်ရင်းပေးတတ်ခဲ့သောအခါ

'ဈေးဦးပေါက်ပေါက် မပေါက်ပေါက် ဒီမုန့်ဖိုးကတော့ ပေးရတာပဲ၊ အချိန်တန်တော့သာ နင်တို့သားမယားကို လုပ်ကျွေး ဟုတ်လား၊ ရော့'

ဤသို့လည်း လူတောထဲတွင် အဆဲအငေါက်နှင့် ပေါက်ဆတ်ဆတ် ပြောပြီးမှလည်း ပေးတတ်သေး၏။

ဆိုခဲ့သည့်အတိုင်း အတာတွင် ကြာကြာအရှက်မခံနိုင်။ ကျောင်းလခနှင့် မုန့်ဖိုးကိစ္စ ရင်ဆိုင်ရတိုင်း ရင်တထိတ်ထိတ် တုန်ခဲ့ရသည်ကိုလည်းကောင်း၊ စိတ် ဆင်းရဲခြင်းဖြစ်ရသည်ကို လည်းကောင်း ထိုထိုဒုက္ခအပေါင်းကို ရှောင်ရန် ယင်းသည့် စိတ်၏ ဆင်းရဲခြင်းမှလွတ်ရန် ဖြစ်နိုင်သည့် နည်းလမ်းကို အတာ ရှာရတော့၏။ သူ့အဖို့ လွယ်လွယ်တွေ့သောနည်းမှာ ကျောင်းထွက်လိုက်ရန်မှအပ အခြားဘာမျှ မမြင်။ သို့သော် တစ်ခါက ကျောင်းထွက်ခဲ့သည့်အမှားကို သူကိုယ်တွေ့ကြုံခဲ့ရဖူးပြီ ဖြစ်၍ ထိုအကြံကို ဆက်မတွေးဝံ့လောက်အောင်ပင် အတာ ကြောက်သွား၏။

မသိန်းမေ၌ အဘယ်မျှ စီးပွားလမ်းဖြောင့်နေစေ၊ အတာတွင်ကား မုန့်ဖိုးမမှန်၊ တစ်ခါတစ်ရံတွင်

'သွား မုန့်ဖိုးကို နင့်ရှိတဲ့ ပိုက်ဆံနဲ့ဝယ်စား၊ ပြန်လာမှ ငါပေးမယ်'

ဆူဆူဆောင့်ဆောင့်နှင့် ငေါက်ငေါက်ငမ်းငမ်း ပြောခြင်းမဟုတ်၍ နား ခံသာဖွယ်ပင် ဖြစ်သော်လည်း အတာ၌ကား အကြောင်းမထူး။ အတာပိုက်ဆံ စုတတ်သည်ကိုသိ၍ ထိုပိုက်ဆံနှင့် စိုက်၍ ဝယ်စားရန် အေးအေးလူလူ ပြောလိုက်စေကာမူလည်း ထိုပိုက်ဆံအတွက် ပြန်ပေးသည်ဟူ၍ မသိန်းမေတွင် သုံးစံမရှိ။ အတာ ပိုက်ဆံစုတတ်ခြင်းသည်ပင် သူ့အလိမ္မာက သူ့ကိုပင် ပြန်၍ နှိပ်စက်သလို စိတ်ပျက်ဖွယ်ဖြစ်နေပြန်၏။

တစ်နေ့သော် အတာသည် အလွန်ကောင်းသော အကြံတစ်ခုကို ရလာ၏။ ထိုအကြံမှာ သူ့အတန်းထဲတွင်ပင် သူ့အတန်းသားများအား မုန့်ရောင်းခြင်း အားဖြင့် ဝင်ငွေရှာရန် ဖြစ်၏။

ထိုအကြံမှာ နံနက်ပိုင်းက ဆားငံသီးတစ်ထုပ် ဝယ်စားရာမှ ရလာသော အကြံဖြစ်၏။ အတာသည် ဆားငံသီးဆိုလျှင် အသေအလဲကြိုက်၏။ အတာ့ လွယ်အိတ်ထဲတွင် ဆားငံသီးမပါသော နေ့ဟူ၍ မရှိသလောက်ပင် ဖြစ်သော ကြောင့် ရာမာ၊ ချစ်အောင် အစရှိသော သူငယ်ချင်းများက အတာ့အား ဆားငံသီး သရဲဟူ၍ပင် နောက်ပြောင်ခေါ်လေ့ ရှိကြ၏။

မှန်၏။ ဆားငံသီးသရဲဟု ခေါ်ရလောက်အောင်ပင် အတာ ဆားငံသီး ကို စုံမက်၏။ သို့သော် ကျောင်းမှဆိုင်တွင် အတာဝယ်စားလေ့ရှိ။ မောင်ခိုင် လမ်း (ယခု ဗိုလ်ရွှေလမ်း) တွင်နေစဉ်ကတည်းက ထိုလမ်းထိပ်ရှိ တရုတ်ဆိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များတွင်သာ ဝယ်စားလေ့ရှိ၏။ နှစ်ပြားဖိုးဝယ်လျှင် အလုံးနှစ်ဆယ်ခန့်ရ၏။ ပိုးစာသီး၊ ချင်းခြောက်၊ ကြခုသီး၊ တွန်တိ အစရှိသော တရုတ်သီးနံ့ယိုဟူသမျှ ထိုဆိုင်ကြီး များတွင်ဝယ်က ပေါပေါရ၏။

ယနေ့ အတာကျောင်းရောက်၍ ဆားငံသီးစားရန် လွယ်အိတ်နှိုက်လိုက်သည်တွင်မှ ဆားငံသီးထုပ် မေ့လာသည်ကို သတိရတော့၏။ သတိရ၍ စားမည်ကြံသော အတာသည် ယခုမရှိမှ ပို၍ စားချင်လာ၏။ သို့နှင့် ကျောင်းရှိ ဈေးဆိုင်မှပင် တစ်ပြားပေး၍ တစ်ထုပ်ဝယ်မိခဲ့ပြီးမှ အတာသည် ထို ပိုက်ဆံတစ်ပြားကို အတော်ကလေး နှမြောသွားမိ၏။ သူနှစ်ပြားဖိုးဝယ်က အလုံးနှစ်ဆယ်မျှရသော ဆားငံသီးမျိုးအတိုင်းပင် ယခု တစ်ပြားဖိုး လေးလုံးသာရ၏။

'တောက် ငါမေ့လို့ ဝယ်မိတယ်၊ ဟိုဆိုင်မှာ နှစ်ပြားဖိုးကို တစ်ခါတလေ အလုံးနှစ်ဆယ်တောင် ကျော်သေးတယ်၊ ဒီမှာ တစ်ပြားလေးလုံးဆိုတော့'

အရောင်းအဝယ် ဝါသနာအိုးလေးပီပီ ထိုပြဿနာကို အလီနှင့်တွက်ချက်နေမိ၏။

'ဟာ ဒီလိုဆို၊ နှစ်ပြားဖိုးရင်းရင် သုံးပြားတောင် မြတ်တာပေါ့၊ တစ်ပဲဖိုးဆို ခြောက်ပြား၊ တစ်မူးဖိုးဆို သုံးပဲမြတ်'

ဤလို တွေးမိတွက်မိရာမှ အတာ မုန့်ရောင်းရန် အကြံရလာ၏။ သို့နှင့် နေ့လယ် မုန့်စားလွှတ်လျှင် လွှတ်ခြင်း ဆရာမကိစ္စ ဆောင်ရွက်ပေးပြီးသည်နှင့် အတာသည် ဆရာမအနီးသို့ ပြုံးစေ့စေ့ အမူအရာကလေးဖြင့် ကပ်လာသည်ကို

'ဘာလဲ မောင်လေး၊ ခုန စားချင်တာစား မမပေးမယ်ဆိုတော့ မစားဘူး၊ ခုတော့ မုန့်ဆာလာပြီထင်တယ်၊ ဟုတ်လား အတာ'

တစ်ခါက ကျောက်တံကျိုးသွားသဖြင့် ဤအမူအရာမျိုးပင်ပြ၍ ဆရာမထံ ပိုက်ဆံတစ်ပြား တောင်းခဲ့ဖူးသည်ကို အမှတ်ရသည့်အတိုင်း ဆရာမက သို့မေးလိုက်သည်ကို

'ဟုတ်ပါဘူး မမ၊ ကျွန်တော် မုန့်စားပြီးပါပြီ'

'ဒါဖြင့် ဘာပြောမလို့လဲ မင်း'

'ဟို မမ ဗီရိုထဲမှာ ညနေညနေကျရင် ကျွန်တော့်ပစ္စည်း နည်းနည်းထားသွားပါရစေလို့၊ အဲဒါ

'နေပါဦးကွဲ့၊ ဘာပစ္စည်းလဲ၊ စာအုပ်တို့ဘာတို့လား၊ ဒီလိုဆိုမင်း အိမ်ပြန်တော့ ဘာနဲ့စာကျက်မှာလဲ၊ ဘာနဲ့ရေးမလဲ'

အတာတွင် ကြံရာမရ အမှန်ဖွင့်ပြောမှပင် ပြီးတော့မည်ဖြစ်သည့်အတိုင်း

'ဟုတ်ပါဘူး၊ ကျွန်တော်လေ ကျောင်းမှာ မုန့်ရောင်းမလို့၊ အဲဒါ'

အတာလည်း သူ့အကြံအစည်ကို တစ်လုံးမကျန် ပြောပြလိုက်သည်တွင်မှ ဆရာမ သဘောပေါက်သွားကာ



'အေး အဲသလို အတန်းထဲမှာ မုန့်ရောင်းတာကို တီချာကြီးသိရင် ဆူလိမ့်မယ်၊ ဒါပေမဲ့ မမ မပြောပါဘူး၊ မင်းကလဲ စာသင်ချိန်မှာ မရောင်းရဘူးနော်'

'ဟုတ်ကဲ့၊ မုန့်စားလွှတ်မှပဲ ရောင်းပါ့မယ်'

'အေး အေး'

အတာလည်း သူ့နေရာသူ သွားထိုင်၍ သူ့အကြံအတွက် ခွင့်ပြုချက်ရခဲ့သည်ကို ဝမ်းသာအားရရှိနေသလောက် ဆရာမတွင်မူ

'ခုလို ကျွန်တော် မုန့်တွေဘာတွေရောင်းရင် ကျောင်းလခကို ကျွန်တော့်ဟာကျွန်တော် ပေးနိုင်မှာပဲ၊ မေမေ့ဆီတောင်းရတာ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ မမရဲ့'

ကျောင်းလခပြဿနာကို မတတ်သာတော့သည့်အဆုံး၌ အတာလည်း တစ်လုံးမကျန် ထုတ်ပြောခဲ့ရ၏။ ဆရာမတွင်လည်း ထိုစကားများကို ယနေ့တိုင် ကြားယောင်နေရာ၌ အတာကလေးအား လှမ်းကြည့်ရင်း စိတ်မကောင်းဖြစ်နေတော့၏။

ထိုနေ့ညနေ အိမ်ပြန်ရောက်သည်နှင့် အတာသည် လွယ်အိတ်ကလေးကို အရုံတွင် ချိတ်လိုက်ကာ နောက်ဖေးဘက် လှမ်းဝင်သွားသည်နှင့်

'ဟေ့ အတာ' ဟု ကိုထွန်းအောင်က လှမ်းခေါ်လိုက်သောကြောင့် အတာလည်း ဝရန်တာသို့ထွက်လာကာ ကိုထွန်းအောင်ကုလားထိုင်ဘေးတွင် ရပ်မိသည်နှင့်

'ခုန မင့်သူငယ်ချင်းတွေ လာခေါ်တယ်၊ မင်း သွားကစားချည်တော့၊ သွား သွား' ဟု ကိုထွန်းအောင်က ပြောလိုက်သည်ကို

'ဟင် ကျွန်တော် လုပ်စရာတွေရှိသေးတယ်လေ၊ ပြီးမှပဲ သွားကစားမယ်'

'သွားပါကွာ၊ မင်းလုပ်ရမဲ့အလုပ်တွေ ငါအကုန်လုပ်ထားလိုက်ပါပြီကွ၊ ကဲ သွားကစားချည်၊ မီးထွန်းချိန်တော့ ပြန်လာခဲ့'

ကိုထွန်းအောင်လည်း အတာ၏ ပင်ပန်းမှုကို မရှုစိမ့်နိုင်သည့်အတိုင်း တတ်နိုင်သလောက် အတာ့ တာဝန်ကို ကူ၍ထမ်းပေးခဲ့၏။ သို့သော် နေ့စဉ်ကား သူ မလုပ်နိုင်။ နံနက်လေးနာရီထ၍ ချက်ပြုတ်လုပ်ကိုင်ပေးရပြီး ၈ နာရီလောက် မသိန်းမေ ဈေးထွက်သွားသည်နှင့် ညကပျက်ခဲ့သော အိပ်ရေးအတွက် တအောင့်တနား မှိန်းရသေး၏။ ၁၀ နာရီသာသာလောက် မသိန်းမေ ဆိုင်သိမ်း၍ ပြန်ရောက်လာပြီဆိုလျှင်လည်း ဟင်းအိုးဟူသမျှ သူပင် တိုက်ချွတ်ဆေးကြောရသေး၏။ ပြီးလျှင် နောက်တစ်နေ့အတွက် ဝယ်လာသော အမဲအူ၊ ဆိတ်အသားစား၊ အသည်း အဆုတ်များကို ပြုတ်ရသေး၏။ အလုပ်နှင့်လက်နှင့်မပြတ် ဆိုသလို သူ့တာဝန်နှင့် သူပင် မနိုင် နိုင်အောင် ရှိနေရသည့်အထဲမှ အတာ့အတွက် ကြက်သွန်နွှာ၊ ငရုတ်သီးထောင်း စသည်တို့ကိုမူ သူ ရံဖန်ရံခါသာ တတ်နိုင်၏။

www.burmeseclassic.com



ယနေ့မှ အတာ့အလုပ်ကို သူကူလုပ်ထားပြီး သို့လျှင် အကစားလွှတ်လိုက်သည်နှင့် အတာလည်း အမြူးခုနစ်ပေါက်နှင့် အောက်သို့ ဆင်းခဲ့ရာ၌ ရုတ်တရက်ဆိုသလို ဂါဝန်ကလေးတကားကားနှင့် အပြေးအလွှား တက်လာသော (ဘော်လုံးကိစ္စနှင့် စကားများခဲ့ဖူးသည့်) မိန်းကလေးနှင့် လှေကားတစ်ဝက်လောက်တွင် မမျှော်လင့်ဘဲ ဆုံမိသွားတော့၏။

'ဖယ်လေ၊ ငါ အပေါ်တက်မလို့'

အတာက သူတက်လာသည်ကို မြင်လိုက်ကတည်းက ဘေးဖယ်၍ ရပ်နေပါလျက်နှင့် မိန်းကလေးက ထပ်၍ ဖယ်ခိုင်းနေပြန်သောကြောင့်

'တက်ပါလား၊ နင့်ဟာနင်၊ ငါဘေးဖယ်နေတာပဲ ဥစ္စာ'

'ဖယ်ဦးနည်းနည်း၊ နင့်ကိုယ်နဲ့ ငါ့ဂါဝန်နဲ့မလွတ်ဘူး' ဟု မိန်းကလေးက နှုတ်ခမ်းကလေးတစူစူ ပြောနေပြန်သည်နှင့် အတာတွင် ပို၍ အခံရခက်သွားကာ

'ဒါဖြင့် နင့်ဂါဝန်ကားကားကြီးကို သွားပြန်ချွတ်ပြီး မြန်မာအဝတ်အစား လဲဝတ်ခဲ့ပေါ့၊ ဒါမှမဟုတ်ရင် နင်ပြန်ဆင်း၊ ငါအောက်ကိုရောက်မှ နင်တစ်ယောက်ထဲ ပြန်တက်'

သို့လျှင် အတာက ခေါင်းကလေးငုံ့ကာ အရွဲ့တိုက်၍ ပြောလိုက်မှ မိန်းကလေးလည်း 'ဟင်း' ဟူသော ရှေ့တွတ်သံနှင့်အတူ ဖိုးဖိုးဖောင်ဖောင်နှင့် ဆောင့်ဆောင့်အောင့်အောင့်ကလေး လှမ်းတက်ပြီး အတာတို့နှင့်ဘေးချင်းကပ် တစ်ဖက်ခန်းသို့ လှမ်းဝင်သွားမှအတာလည်းသဘောကျသလိုပြုံးရင်းသုတ်သုတ်ကလေးဆင်းလာခဲ့၏။

ကစားနေကျနေရာတွင် ဘော်လုံးကန်နေသူ လူငယ်တစ်သိုက်လည်း အတာ့ကို မြင်လိုက်သည်နှင့် ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြ၏။ တစ်နာရီနီးပါးလောက် အားရပါးရ ကစားပြီးကြသည်နှင့် ထုံးစံအတိုင်း ပလက်ဖောင်းဘေးတွင် အတာကို ဝိုင်းဖွဲ့ကာ စုရုံးထိုင်လိုက်ကြပြီး

'ကဲကွာ၊ ဟိုတစ်နေ့ကလို ရယ်စရာပြောပါဦးကွ' ဟု တစ်ယောက်သော သူငယ်ချင်းက ပွဲတောင်းလိုက်သည်ကို

'အေး ပြောပါ့မယ်မောင်မောင်ရာ၊ ဒါနဲ့ ဟိုတို့အိမ်ရှေ့က တရုတ်အကျီဆိုင် အပေါ်ထပ်မှာနေတဲ့ဂါဝန်ပြာမကလေးဟာ ဘယ်သူလဲကွ' ဟု အတာက မေးလိုက်သည်နှင့်

'ဟာ မင်းတို့နဲ့လဲ မျက်နှာချင်းဆိုင်မှာနေတယ်၊ မင်းရောက်တာလဲ နှစ်လသုံးလရှိနေပြီ၊ ဒါနဲ့တောင် သူ ဘယ်သူလဲဆိုတာ မသိသေးဘူးလားကွ အတာ ဟင်'

ယခင် ဘော်လုံးကန်ရန် နေရာလုသည့်ကိစ္စနှင့်ပတ်သက်၍ အတာနှင့် ရင်ဆိုင်ခဲ့သူက ပြန်မေးလိုက်သဖြင့်

'ဘဆွေကလဲကွာ ငါမသိလို့ မေးတာပေါ့'



'အမယ်လေး၊ မင်းသာမသိတာ၊ ဒီလမ်းထဲမယ် ပေါ်ပြူလာအဖြစ်ဆုံးပေါ့ကွ၊ နာမည်က ခင်စိုးလှတဲ့၊ သူ့အဖေက'

'အေး သူ့အဖေတော့ ငါသိသားပဲ၊ ဟိုသိုးမွေးချည်တိုက်ရှင် မဟုတ်လား' ဟု အတာက လက်ညှိုးကလေးညွှန်ကာ ခပ်လှမ်းလှမ်းရှိ ငွေနှင်းတောင် သိုးမွေးတိုက်ကိုပြရင်း ပြောလိုက်သောကြောင့်

'အေးပေါ့၊ အဲဒီတိုက်ရှင် ဦးလှဆောင် ဒေါ်ဒေါ်အေးရဲ့ သမီးပေါ့ကွ၊ ဆတ်ဆတ်ကြဲကလေးဆရာ၊ ယီးတီးယားတားတော့ သွားမလုပ်နဲ့၊ အားကြီးနှုတ်သီးကောင်းတယ်' ဟု ဘဆွေက သတိပေးသလို ပြောလိုက်သည်တွင်

'မင်း တော်တော်လျှာရှည်တဲ့အကောင်ပဲကွာ၊ သူ့နာမည် ခင်စိုးလှဆိုပြီးရောပေါ့ကွ၊ ဦးလှဆောင် ဒေါ်ဒေါ်အေးရဲ့သမီးဘာညာနဲ့ မင်္ဂလာဆောင်ဖိတ်စာရိုက်တာကျနေတာပဲ၊ တစ်ဦးတည်းသော ချစ်သမီးကလေးလို့ ဆက်လိုက်ပါဦးလားကွ' ဟု တစ်ယောက်က ဝင်၍ လှောင်လိုက်သောကြောင့် ဝါးခနဲ ပွဲကျသွားသေး၏။

'ပြောပါစေ မိုးမြင့်ရာ၊ ငါမသိလို့ သူက စုံစုံစိစိ ပြောတာပဲ၊ အေး အဲဒီခင်စိုးလှ နှုတ်သီးကောင်းတာတော့ ငါသိပြီးပြီကွ'

အတာလည်း သို့လျှင် ပဏာမခံလိုက်ပြီးမှ ဘော်လုံးကျစဉ်က ကိစ္စရော ယခု လှေကားတွင် အခင်းများခဲ့ရသည့် အဖြစ်များကိုပါ အတာကပြောပြလိုက်၏။

'နောက်ပြီး ငါ့ကိုမတွေ့နဲ့ တွေ့တာနဲ့ ရန်လုပ်တာပဲကွ၊ နှုတ်ခမ်းစူပြတာနဲ့ ဘဲခါးကို ကျိမ်းခနဲ ဆွဲပိတ်ရတာနဲ့၊ သိပ်လူဝါးဝတာပဲ'

သို့ အတာပြောနေခိုက်မှာပင် ရုတ်တရက်ဆိုသလို ထိုနေရာနှင့် မလှမ်းမကမ်း၌ ဆိပ်ပုံများတင်လာသော လက်တွန်းလှည်းတစ်စီး ဦးစိုက်မှောက်ကျသွားသည်ကို မြင်လိုက်ရသောကြောင့် အတာနှင့်တကွ ဆယ်ယောက်မျှသောလူငယ်တစ်သိုက်လည်း ထိုလှည်းမှောက်ရာသို့ ကတိုက်ကရိုက် ရောက်သွားကြတော့၏။ ရှေ့သို့စိုက်၍ မှောက်သွားခြင်းဖြစ်သောကြောင့် လှည်းရှေ့တည့်တည့်လက်ကိုင်နှစ်ခုကြားမှ ဆွဲရသော ကုလားသည် မည်သို့မျှ မရုန်းသာ၊ တုတ်တစ်ချောင်းဖြင့် ညှပ်ထားသလို လှည်းအောက်တွင် ပိနေ၏။

ဤတွင် အခြားသော လှည်းကုလားနှစ်ယောက်နှင့်အတူ အတာတို့ရော လမ်းသွားလမ်းလာများပါ ကုလားအပေါ်ပိနေသည့် ဆိပ်ပုံများကိုဖယ်ပြီး ဦးစိုက်နေသော လှည်းကို လူအားဖြင့် ဝိုင်းဝန်းချီမ၍ ထိုပိနေသော ကုလားကိုဆွဲထုတ်လိုက်ရ၏။ ဖြစ်ပျက်သွားသည်မှာ သုံးမိနစ်မျှပင် မကြာသော်လည်း လှည်းအပိခံရသော ကုလားတွင်ကား မသက်သာလှ။ လှည်းအောက်မှဆွဲထုတ် ပြီးသည့်တိုင်အောင် နာရီဝက်သာသာလောက် သတိလစ်နေရှာ၏။ သို့နှင့် ကွမ်းရှာသယ်သူသူများ၊ သွားဆေးတောင်းသူတောင်းနှင့် ဝိုင်းဝန်းနာနှပ်ပေးကြသည်တွင်မှ အနည်းငယ် လူးလွန့်ဖော်ရလာ၏။ သို့တိုင် ကုလားမှာ လှည်းဆက်၍မဆွဲနိုင်။ လန်ခြား

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးဖြင့် သူ့လူများက တင်ခေါ်သွားရ၏။

ဤတွင် အကြောင်းရင်းကိုသိလိုသော အတာက လှည်းဆောင့်ကျန်ရစ်သူ ကုလားအား မေးကြည့်သည်တွင် ထိုကုလားက လှည်းဘီးအနီးရှိ အုတ်နီခဲတစ်လုံး ကို လက်ညှိုးထိုးပြရင်း သူတို့ လှည်းကိုတွန်းလာရာမှ မော်တော်ကားတစ်စီးကို ဘေးဖယ်အရှောင်လိုက်တွင် ထိုအုတ်နီခဲကို အလယ်မှ ဆွဲသူ ကုလားက တက်နင်း မိသဖြင့် ခြေခေါက်ပြီး ဤသို့ လှည်းမှောက်သွားရကြောင်း၊ အဆိုပါကုလားက မြန်မာစကားဖြင့် ပီပီသသ ရှင်းပြ၏။

အဘယ်ကြောင့်ဟူ၍ မသိ။ ထိုကုလား စကားအဆုံးသတ်လိုက်သည်နှင့် အတာတွင် မျက်နှာကလေး သိသိသာသာ ညှိုးကျသွားတော့၏။

'လာကြကွာ'

အတာလည်း မျက်နှာထား မကြည်မသာနှင့်ပင် သူ့ကစားဖော်များအား မှုလနေရာသို့ ခေါ်သွားလျက် အသီးသီး ထိုင်မိကြသည်နှင့်

'အဲဒီကုလား လှည်းအပိခံရတာ ဘယ်သူ့အပြစ်လဲ သိလား'ဟု အတာက ဝမ်းနည်းသံကလေးဖြင့် ရုတ်တရက် မေးလိုက်သောကြောင့် အားလုံးပင် အံ့အား တသင့် ငေးကြည့်နေမိကြ၏။

'အဲဒါ တို့အပြစ်ကွ၊ တို့အားလုံးရဲ့ အပြစ်ပဲကွ၊ ငါလဲပါတယ်'

သို့ပြောလိုက်မှ သူငယ်ချင်းအားလုံးတွင် ပို၍ ဦးနှောက်ရှုပ်သွားကြတော့ ၏။

'ခုန တို့တစ်တွေ ဘောလုံးကန်တော့ ဟို တိုက်ဆောက်နေတဲ့အုတ်ပုံက အုတ်နီခဲတွေယူပြီး ဂိုးတိုင်လို တစ်ဖက်နှစ်လုံးစီ ချကစားကြတယ် မဟုတ်လား'

'အေးလေ၊ အဲဒါနဲ့ တို့အပြစ်နဲ့ ဘာဆိုင်လို့လဲ အတာရ' ဟု ဘဆွေက မေးလိုက်သည်နှင့်

'ဆိုင်တယ်လေကွာ၊ အဲသလို အုတ်နီခဲတွေယူပြီး ဂိုးတိုင်လုပ်ရော၊ ကစား ကြရော၊ ကစားပြီးတော့ တို့ ဒီအတိုင်းထားခဲ့တယ် မဟုတ်လား၊ ဒါကြောင့် အဲဒီ အုတ်နီခဲကို ကုလားတက်နင်းမိပြီး ခြေခေါက်သွားလို့ လှည်းလဲမှောက်သွား တာပေါ့ကွ၊ တကယ်လို့သာ ကစားပြီးပြီးချင်း အုတ်နီခဲတွေကို လမ်းလယ်ခေါင်မှာ မထားခဲ့ဘဲ နေရာတကျ ပြန်သိမ်းခဲ့ရင်၊ ဒါမှမဟုတ် လမ်းဘေးလွတ်လွတ်မှာ ဖယ်ထားခဲ့ရင် ဒီကုလားနင်းမိမှာမဟုတ်ဘူး၊ လှည်းလဲ မမှောက်ဘူး၊ ဒီကုလားလဲ ခုလိုဖြစ်မှာ မဟုတ်ဘူး'

အတာ ဤသို့ရှင်းပြလိုက်မှ အားလုံးလိုလို မျက်နှာအိုကလေးတွေဖြင့် ငိုင်နေကြတော့၏။

'ခုဆိုကြည့်စမ်း၊ မင်းတို့မြင်တဲ့အတိုင်းပဲ လှည်းကုလား ဘယ်လောက် သနားဖို့ ကောင်းသလဲကွာ နော်၊ နဲတဲ့အလေးကြီး မဟုတ်ဘူးကွ၊ သူ့ကို ပီနေ



ဘာ ဆီပုံးတွေရော၊ လှည်းရော'

'အေးကွ၊ ကုလားမေ့နေတာ ကြည့်ပါလား' ဟု တရုတ်ကလေးတစ် ယောက်က ထောက်ခံလိုက်၏။

'ဒီကုလားတော့ နောက် လေးငါးဆယ်ရက်နဲ့ အလုပ်ပြန်လုပ်နိုင်ရင် တောင်းပဲကွ၊ သိပ်သနားဖို့ကောင်းတာပဲ'

အလွန် စိတ်ထိခိုက်သွားသော အမူအရာကလေးဖြင့် ပြောရင်း သို့ အဆုံးသတ်လိုက်သည်နှင့်

'ဟုတ်တယ်ကွ အတာ၊ ခု မင်းပြောမှ ငါသတိရတယ်၊ ဟိုတစ်နေ့ကလဲ လမ်းလျှောက်လာတဲ့ အဘိုးကြီးတစ်ယောက် ဒီလိုပဲ တို့ပစ်ထားခဲ့တဲ့ အုတ်နီခဲကို လေုတ်တိုက်မိလို့ ခြေသည်းကြီး လန်သွားတယ်ကွ၊ အတော်များတယ်' ဟု နီးမြင့်က ဝင်ထောက်လိုက်၏။

'အရင် စနေနေ့ကကောကွ၊ တို့ဘောလုံးကန်နေတုန်း မဟုတ်လား၊ စက်ဘီးစီးလာတဲ့ လူတစ်ယောက်လေ'

'အေးဆရာ၊ တို့ ဂိုးတိုင်လုပ်ထားတဲ့ အုတ်ခဲကို တက်ကြိတ်မိတာ တစ်ခါတည်း ကျွမ်းကိုပစ်ပြီး လဲသွားတာပဲ' ဟူ၍လည်း အလုအယက် ဖောက် ကြောင်း ပြန်နေကြ၏။

'ကဲကွာ၊ တို့ကြောင့် သူများတွေ ဒုက္ခဖြစ်ရတာ မကောင်းဘူးမဟုတ် လား၊ တို့မှာလဲ အပြစ်ရှိတယ်၊ ဒီတော့ နောက်ကစားရင် အုတ်ခဲနဲ့ ဂိုးတိုင် မလုပ်ကြနဲ့တော့ကွာ၊ တို့ချွတ်ထားတဲ့ ဖိနပ်တွေကိုပဲ ဂိုးတိုင် လုပ်ကြရအောင် နော်'

'ဟာကွာ၊ ဒီလိုဆို မော်တော်ကားကြိတ်၊ လှည်းကြိတ်နဲ့ တို့ဖိနပ်တွေ ပျက်စီးကုန်မှာပေါ့ကွ' ဟု မောင်မောင်က ဝင်၍ ကန့်ကွက်လိုက်သည်နှင့်

'အေး ဒါလဲ ဟုတ်တာပဲကွ၊ အဲဒီတော့ ဒီလိုလုပ်ကွာ၊ အကောင်းဆုံး ကတော့ ပန်းခြံထဲသွားကစားတာ အအေးဆုံးပဲ၊ ကားတိုက်မှာလဲ မကြောက်ရ တော့ဘူးပေါ့၊ တကယ်လို့ လမ်းထဲမှာပဲ ကစားရင်လဲ အုတ်နီခဲနဲ့ ဂိုးတိုင်မလုပ် ကြနဲ့တော့ကွာ၊ စက္ကူစုတ်ဖြစ်ဖြစ် အမှိုက်တွေဖြစ်ဖြစ် စုပုံပြီး ဂိုးလုပ်လဲ ပြီးတာ ပါပဲကွာ၊ နော်'

'ဟုတ်တယ်ကွ၊ အဲ့ဒါ ကောင်းတယ်ကွ' ဟု ကျုလယာကုလားကလေး တစ်ယောက်က လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်သကဲ့သို့ အားလုံးပင် ဤအဆိုင်း သဘောတူလိုက်ကြ၏။

ထို့နောက် အတာလည်း ဘဆွေတို့၏ တိုက်တွန်းချက်အရ ရယ်စရာ အဖြစ်ဖြင့် သူကိုယ်တိုင် ကြုံခဲ့ရသော မြွေအလမ္ပာယ်ကိစ္စကို ဟန်နှင့် ပန်နှင့် ပြောပြနေသောကြောင့် အားလုံးပင် တဝါးဝါး ပွဲကျနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ကောင် အတာ'

သို့ စကားပြောကောင်းနေခိုက် လန်ခြားတစ်စီးဖြင့် ဈေးဝယ်မှ ပြန်လာသော မသိန်းမေက လှမ်းခေါ်သွားသဖြင့် အတာလည်း ခေါင်းတကုတ်ကုတ်နှင့် ထပြန်လာခဲ့ရတော့၏။

\+ \+ \+

ကျောင်းသားအရွယ် ကလေးများအဖို့ တစ်နေ့လျှင် အနည်းဆုံး ဆယ်နာရီခန့် အိပ်ချိန်ရှိရမည်။ အိမ်ပြင်၌ တစ်နေ့ သုံးနာရီ ကစားပေးရမည်။ နွားနို့တစ်ဖန်ခွက် နေ့စဉ်မှန်မှန်သောက်ရမည်။ ပန်းသီး၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ ခရမ်းချဉ်သီးစသော လတ်ဆတ်သည့် သစ်သီးများ၊ ဆလတ်ရွက်၊ ဂေါ်ဖီထုပ်၊ မုံညင်း အစရှိသော ဟင်းသီးဟင်းရွက်များကို နေ့စဉ်စားပေးရမည်.. အစရှိသဖြင့် ကျန်းမာရေးဘက်ဆိုင်ရာမှ ကျောင်းသူကျောင်းသားများ လိုက်နာကျင့်သုံးရန် အကြံပေးထား၏။

အတာသည် ကျောင်းသားတစ်ယောက်အနေဖြင့် ထိုအချက်အလက်များကို လိုက်နာနိုင်ခဲ့ပါသလော။ လုံးဝမလိုက်နာနိုင်။ နွားနို့၊ သစ်သီးဝေး၍ မုန့်ဖိုးပင်မှန်မှန်မရ။ ပိုက်ဆံမကုန်ဘဲ ပြီးနိုင်သည့်အချက်နှစ်ချက်ဖြစ်သော တစ်နေ့ဆယ်နာရီအိပ်ရန်နှင့် အိမ်ပြင်တွင် သုံးနာရီကစားရန် ဆိုသည်တို့ကိုပင် အတာလိုက်နာရန် အကျပ်ကျနေ၏။

ကျောင်းမှပြန်ရောက်သည်နှင့် တာဝန်ရှိသမျှ လုပ်နေရပြီး ည ၁၀ နာရီလောက်အထိ ကျောင်းစာကိစ္စဖြင့် အချိန်ကုန်ကာ နံနက်တွင် ၄ နာရီ ထရပြန်၏။ သူ့အိပ်ချိန်မှာ ၆ နာရီသာရှိပြီး ကစားချိန်မှာမူ ကိုထွန်းအောင် ကူညီပါမှ နှစ်ရက်ခြား တစ်ကြိမ်လောက်မျှသာ ကစားရရှာ၏။

အတာမှာလည်း ကလေးတစ်ယောက်မျှသာ ဖြစ်သည့်အတိုင်း အိပ်ရေးမဝတဝနှင့် ထရသည်လောက် သူစိတ်ညစ်သည့်မှာ အခြားမရှိ။ သို့သော် နံနက်လေးနာရီဆိုလျှင် ထရတော့၏။ မထလျှင်လည်း တံမြက်စည်းနှင့် ခြေထောက်တစ်ခုခုဖြင့် အရိုက်အကျောက် ခံရမည်မှာ သေချာ၏။

ယနေ့လည်း မသိန်းမေ နှိုးလိုက်သဖြင့် ကတိုက်ကရိုက် ထလာသော အတာ အိမ်သာထဲဝင်သွားသည်မှာ ဆယ်မိနစ်သာသာခန့် ကြာပြီဖြစ်လျက် ရုတ်တရက် ထွက်မလာနိုင်သည်နှင့်

'ဟဲ့ကောင် ဘာလုပ်နေတာလဲ အိမ်သာထဲမှာ၊ ခုထက်ထိ မပြီးသေးဘူးလား' ဟု မသိန်းမေ လှမ်းအော်လိုက်မှ အတာတွင် အလန့်တကြား ထထွက်လာတော့၏။



အတာကမူ 'အီးအီးပါနေလို့ပါ' ဟု အကြောင်းပြသော်လည်း အမှန်မှာ အိမ်သာထဲဝင်၍ အုတ်နံရံကို လက်နှစ်ဖက်ဖြင့်မှီကာ ထိုလက်ပေါ် နဖူးတင်ထားတစ်မှေးလောက် အိပ်လိုက်ရရင်လည်း မနည်းဟူသော အကြံဖြင့် တစ်ရေးတစ်မော မှိန်းနေခြင်းသာ ဖြစ်၏။

ယနေ့ ကျောင်းပိတ်၏။ သို့သော် အတာတွင် အားလပ်ခွင့်မရ။ သိန်းမေနှင့်အတူ ဈေးသို့လိုက်သွားပြီး ပန်းကန်ကူဆေးရ၏။ ရေခပ်ပေးရ၏။ ဈေးထဲမှ ထမင်းလာမှာလျှင် လိုက်ပို့ပေးရ၏။ နေ့လယ် ဆိုင်သိမ်းပြန်ချိန်မှပင် အတာ သက်သာရာရတော့၏။

ကျောင်းပိတ်ရက်ဖြစ်သော ထိုစနေ တနင်္ဂနွေနှစ်ရက်တွင် ဆိုင်သိမ်းပြန်မှ အားလပ်ခွင့်ကလေးရသည်နှင့် အတာလည်း သူစုထားသော ပိုက်ဆံကလေး ငါးမူးတစ်ပဲနှင့် တရုတ် ကုန်စုံဆိုင်သို့ပြေးကာ ဆားငံသီး၊ ပိုးစာသီး အစရှိသော ချိုချဉ်သီး လေးငါးမျိုးကို တစ်မူးဖိုး တစ်ပဲဖိုး စသဖြင့် ဝယ်လာ၏။ သတင်းစာစက္ကူများဖြင့် တစ်ပြားတန် အထုပ်ကလေးများ ထုပ်ရာ၌လည်း သူ့ထဲမှ ဝယ်ချင်အောင် ဟူသော ရည်ရွယ်ချက်ဖြင့် ကုလားထံမှ တစ်ပြားဖိုး ဆယ်လုံးသာရသော ဆားငံသီးကို အတာက ငါးလုံး ထုပ်၏။ ချင်းခြောက်ကိုလည်း ကုလားထက် ပိုပိုသာသာကလေး ထုပ်၏။

အားလုံး ပြီးစီးသောအခါတွင် မုန့်သေတ္တာပုံးအကြီးထဲသို့ တစ်ထုပ်စီ ရေတွက်၍ထည့်လိုက်ရာ၌ ငါးမူးတစ်ပဲမျှသာ အရင်းအနှီးပြုလိုက်သော အတာ့ ချိုချဉ်ထုပ်ကလေးမှာ စုစုပေါင်း တစ်ကျပ် သုံးမူးဖိုးအထိ ဖြစ်လာသည်ကို တွေ့ရသောကြောင့်

'ဟာ ပွတာပဲ၊ ဒါ အားလုံးကုန်ရင် သုံးမတ်နဲ့ တစ်ပဲတောင် မြတ်မှာ'

အတာလည်း ထ၍ပင် ကမိတော့မလောက် ဝမ်းသာလုံးဆို့နေရသည်နှင့် ထိုအထုပ်များထဲမှ သူစားမည့် အလျော့တွက်ကိုပင် ထည့်တွက်ရန် သတိမရနိုင် ဖြစ်နေတော့၏။

ယနေ့သည် ကျောင်းသွားရမည်ဖြစ်သော တနင်္လာနေ့ (ဝါ) မုန့်စ၍ရောင်းရတော့မည့်နေ့ ဖြစ်သည့်အတိုင်း အတာတွင် အတိုင်းထက်အလွန် ပျော်နေ၏။ သူ့ကြီးကြီးမေနှင့် လုံချည်ပိုင်းရောင်းရစဉ်က ပျော်ပုံမျိုးနှင့်ကား လုံးလုံးတွေ့၊ အရေအတွက် အရင်းအနှီးအားဖြင့် များသည် နည်းသည်ကို အရေးမထားနိုင်။ သူ့ပစ္စည်း သူ့ဆိုင်အဖြစ် ရောင်းရတော့မည်ကို တွေးမိသည်နှင့်အမျှ ယခင်ကထက် အဆပေါင်းများစွာ ပျော်နေ၏။

နာရီကိုသာ မကြာမကြာ ကြည့်နေမိ၏။ ၇ နာရီပင် ခွဲနေပြီ။ သူ့အိမ်မှ သူ့တာဝန်ကား မပြီးပြတ်သေး။ သူ့စိတ်တွင် စောစောကျောင်းသွား၍ စောစောရောင်းလိုက်ရက သူ့ချိုချဉ်ပုံးကလေး ပြုတ်ပြုတ်ပြွန်းသွားလိမ့်မည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ကာ စိတ်ကူးကလေးတယဉ်ယဉ်ရှိနေ၏။ သို့သော် သူ ၈ နာရီခွဲလော တွင်မှ သွားခွင့်ရမည်ဖြစ်၏။

လူသည် လိုလျှင် ကြံတတ်၏။ အသက်အရွယ်အလျောက် ငယ်လျှင် ငယ်သလို ကြံ၍ ကြီးလျှင် ကြီးသလို ကြံတတ်၏။ အချို့ အခါလည်း ကလေးများပင် စားပွဲပေါ်မှ မုန့်ပုံးကို တံမြက်စည်းဖြင့် ထိုးချတတ်သေးသ ဖြစ်ရာ အတာသည်လည်း ကျောင်းသို့ စောစောသွားချင်နေသော လိုလားချ ကလေးအတွက် အကြံဉာဏ်ထုတ်လျက်ရှိ၏။ မကြာမီပင် အတာလည် ထမင်းအိုးငှဲ့ပြီးစ ချွေးတလုံးလုံးဖြင့် ထိုင်၍ အပန်းဖြေနေသော ကိုထွန်းအော အနီးသို့ကပ်ကာ

'ဒီနေ့လေ ကျောင်းမှာ ကျွန်တော်တို့အတန်းကို ပညာအုပ်လာလိမ့်မယ် တဲ့၊ အဲဒါ ဆရာမ မှာလိုက်တယ်၊ စောစောလာခဲ့ရမယ်တဲ့ မေမေ့ကို ပြောပေ ပါလားဟင်'

သို့လျှင် အတာက မျက်နှာငယ်ကလေးဖြင့် တောင်းတောင်းပန်ပ ပြောလိုက်သောကြောင့် ကိုထွန်းအောင်လည်း ချက်ချင်းပင် မသိန်းမေအာ အရေးဆို၍ လိုလားချက်ကို တောင်းပေးလိုက်၏။ သို့သော် လွယ်လွယ်ကူကူ

'ကဲ ကောင်လေးကို ခိုင်းစရာရှိတာမှန်သမျှ ကျုပ်ကိုပြော၊ ကျုပ်အားလုံ လုပ်ပေးမယ် ကျေနပ်ပလား' ဟု မရမက ကိုထွန်းအောင် ဝန်ခံချက်ပေးလို မှပင် အတာ သွားခွင့်ရတော့၏။

အတာ ကျောင်းရောက်၍ သူ့အတန်းထဲဝင်လိုက်လျှင်ပင် မမျှော်လင့် ရောက်နေသော သူ့ဆရာမကို တွေ့ရသည်နှင့် အံ့သြသွားသလို ကြည့်နေမိ

'ဘာလဲအတာ မမ အစောကြီးရောက်နေလို့ မင်း အံ့အားသင့်နေသလာ အေး အဲဒါ မင်းအတွက် တမင်ပဲ မမ စောစောလာတာ' ဟု ပြောလိုက်ပြီး ထိပ်ဆုံး ခုံတန်းရှေ့ရှိ ထောင့်တစ်နေရာကို လက်ညှိုးညွှန်ပြရင်း

'ဟိုမှာတွေ့လား အတာ၊ အဲဒီ စာပွဲနဲ့ ကုလားထိုင်ကို ငါးတန်းဆရာ ဆီက မမ တောင်းထားတယ်၊ မင်းဖို့'

ဆရာမ ညွှန်ပြသော စားပွဲနှင့် ကုလားထိုင်မှာ အတန်းကြီးသမားမျာ အတွက်သာ ထားလေ့ရှိသော တစ်ယောက်ထိုင်စားပွဲကလေးမျိုးဖြစ်လျှ ထိုစားပွဲကို အတာထိုင်ချင်နေသည်မှာလည်း ကြာပြီဖြစ်သောကြောင့် ဣန္ဒြေ မဆယ်နိုင်တော့ဘဲ စားပွဲကလေးဆီသို့ အပြေးလှမ်းသွားကာ ပတ္တာအံဖုံးကို လှန်ကြည့်ရင်း အတော်ကလေး ပီတိဖြစ်နေတော့၏။

'သိပ်ကောင်းတာပဲ မမနော်၊ သော့ခတ်စရာလဲပါတယ် ဇိမ်ပဲ'

ဝမ်းသာအားရပြောနေရင်းကပင် အတာလည်း ဆရာမအနီးသို့ ကပ်လာ ကာ တစ်စုံတစ်ရာ ပြောလိုဟန်ဖြင့် ပါးစပ်တပြင်ပြင် ဖြစ်နေ၏။ သူပြောချင်



သည်မှာ ဤစားပွဲကလေးရသည့်အတွက် ဆရာမအား အဘယ်မျှကျေးဇူးတင် သည် ဟူ၍ပင်ဖြစ်သော်လည်း သူ့တွင် စကားလုံးရှာမရသလို မချင့်မရဲ ဖြစ်နေ တော့၏။

နောက်ဆုံး၌ အတာ ဘာမျှ မပြောတော့ဘဲ ဆတ်ခနဲထိုင်ကာ ဆရာမအား ဦးသုံးကြိမ်ချလိုက်တော့၏။ ဆရာမတွင်လည်း သူတစ်ထူး၏ ကောင်းကျိုးကို ဆောင်ရွက်လိုက်ရသဖြင့် တစ်ဖက်သား၌ အူမြူးသွားသလို သူသည်လည်း ကြည်ကြည်နူးနူး ဝမ်းမြောက်သွားကာ ထိုထိုအရသာကို မျက်ရည်တလည်လည် ဖြင့် ခံစားနေမိတော့၏။

ထိုနေ့မှစ၍ အတာလည်း သူ့ချိုချဉ်ဆိုင်ကလေးကိုသူ အတန်းထဲတွင်ပင် သူဖွင့်၍ ရောင်းခဲ့ရာ၌ ကောင်းကောင်းကြီး ဝင်ငွေဖြောင့်ခဲ့၏။ အကယ်၍သာ နံနက်ပိုင်း၌ ၈ နာရီခွဲလောက်မှစ၍ ရောင်းနိုင်ခဲ့လျှင် ယခုထက်ပို တွက်သားကိုက် ရာရှိ၏။ ယခုပင် တစ်နေ့တစ်နေ့ အတာရောင်းရသည်မှာ ငါးမူးဖိုးထက် လျော့သောကြောင့် အသားတင်အမြတ်သည် တစ်မတ်ခန့်ဖြစ်၏။

နေ့လယ် ကျောင်းလွှတ်လိုက်သည်နှင့် သူ့တွင် ချိုချဉ်ထုပ်ကလေးများ ရောင်းရန်တာဝန်ရှိနေသော်လည်း အတာသည်သူ့ဆရာမအတွက်ဆောင်ရွက်ရမည့် တွေများကို အပျက်မခံ။ ချိုချဉ်ပုံးကို ရာမာ၊ ချစ်အောင်တို့နှင့် အပ်နှံထားခဲ့ပြီး

'မမ ဒီနေ့ ဘာစားမလဲ' ဟူသော မေးခွန်းကလေးနှင့်အတူ သူ့ဆရာမထံ အမြဲ ရောက်လာလေ့ရှိ၏။

'သွားပါ အတာရယ်၊ မင့်မုန့်ပဲ မင်းသွားရောင်းပါ၊ မမ ဒီပြင်လူကို ခိုင်းပါ့မယ်'

သို့သော် အတာက မလှုပ်။ ငုတ်တုတ်ပင် ရပ်နေရာမှ

'ကိစ္စမရှိပါဘူး မမရဲ့၊ ဟိုမှာ ရာမာတို့ ရောင်းပေးနေပါတယ် မမ၊ ဘာစားမလဲ ဟင် ပြောပါ၊ ကျွန်တော် မှာပေးပါ့မယ်' ဟု မရမကပြောနေမှပင် ဆရာမတွင် မနေသာတော့ဘဲ အတာကိုသာ မုန့်မှာခိုင်းလိုက်ရတော့၏။

'ဟော့ အတာ၊ မင်းက မနက်ကို စောစောလာပါလားကွ၊ ဒီထက်ပိုပို ရောင်းရမှာဆရာ၊ မနက်မနက်ကျရင် လာလာဝယ်ကြတယ်ကွ၊ မင်းကလဲ မင့်စားပွဲကို သော့ခတ်ခတ်ထားတော့'

'အေး ငါဉာဏ်ရပြီ ရာမာ၊ ငါ့ဆီမှာ သော့တစ်ချောင်း အပိုရှိတယ်ကွ၊ အဲဒါ မင်းယူထား၊ မနက် မင်းစောစောရောက်တဲ့အခါ မင်းပဲ ထုတ်ရောင်းထား ပေါ့ကွာ နော်၊ နောက်ပြီး မင်းလဲ စားချင်တာ ယူစား'

'မစားချင်ပါဘူးကွာ၊ မင်းက ဆင်းရဲတယ်မဟုတ်လား'

ထိုစကားသည် သဘော်ကြီး ကူလီလုပ်နေသော ဂေါ်ဂျီကုလား၏ သားက တစ်နေ့ဝင်ငွေ ဆယ့်ငါးကျပ်မျှရှိသော မြန်မာထမင်းသည်၏သားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သောစကား ဖြစ်၏။

'မင့်ဟာတွေ ငါတို့ပိုင်းရောင်းပေးတဲ့အခါလဲ တစ်ထုပ်ယူစားရင် တစ်ပြား မင့်ဘူးထဲ ထည့်လိုက်တာပဲ'

'အေးကွ၊ ဒါဖြင့် ရော့ ဒီသော့တစ်ချောင်း မင်းယူထားရမာ၊ နော်'

ဤနည်းဖြင့် စီမံလိုက်မှ အတာ့ အရောင်းအဝယ်လည်း တစ်နေ့တစ်တော လောက် ပို၍ရောင်းခဲ့ရသည်ဖြစ်ရာ အမြတ်ကလေးကလည်းတစ်နေ့တစ်မူးလော ပို၍ဝင်လာ၏။သို့ဖြင့် နေ့စဉ်ရောင်းရငွေအနက်တစ်ဝက်မျှကိုသာလိုအပ်သော ပစ္စည်း များ ပြန်ဝယ်လျက် ကျန်တစ်ဝက်ကိုမူ သူစု၏။ ထိုစုငွေကို အိမ်သို့ယူမသွား သူ့မေမေရန် ကြောက်ရသေးသည့်အတိုင်း သူ့ဆရာမထံတွင် နေ့စဉ် မှန်မှန်အပ်၏။

သို့နှင့် ၇ ရက်ခန့်ကြာသော နေ့တစ်နေ့၏ ကျောင်းလွှတ်ချိန်တွင် အတာလည်း မုံ့ဈေးကလေး သုံးဈေးကိုကိုင်၍ ဆရာမထံကပ်သွားပြီး

'ကျွန်တော် မမကိုပေးထားတာ တစ်ကျပ်နဲ့ခြောက်မူးရှိပြီနော်၊ ဈေး မမ ၃ သုံးမူး၊ အဲဒီတော့ နှစ်ကျပ်ပြည့်ရော'

အတာလည်း စကားကို ဤသို့တွင်ဖြတ်လျက် သူတွက်ပုံ ဟုတ် မဟုတ် စဉ်းစားသလို တွေနေ၏။ ဆရာမတွင်လည်း အတာ ဤသို့ ပိုက်ဆံအပ်သည်မှာ ဘာအတွက်ဟူ၍ ရိပ်မိနေပြီဖြစ်သည့်အလား အလွန့်အလွန် စိတ်မကောင်းဖြစ် သွားသော အမူအရာဖြင့် တွေကြည့်နေစဉ်မှာပင်

'အဲဒီနှစ်ကျပ်ကို ကျွန်တော်ပေးစရာရှိတဲ့ ကျောင်းလခ'

'အတာ မင်းလိမ္မာလှချည်လား အတာရယ်၊ ဟင်၊ မင်း မင်း ငါ့မောင်လေးပဲ ဖြစ်လိုက်ပါတော့'

ဆရာမလည်း အတာ့စကားမဆုံးမီပင် သို့လျှင် ဖြတ်ပြောရင်း အတာ့ ပါးကလေးနှစ်ဖက်ကို လက်ညှိုး လက်မနှစ်စုံဖြင့် ကိုင်ဆွဲလှုပ်ခါနေပြီး

'အေး အေး၊ ဒီနှစ်ကျပ်ကို ကျောင်းလခဆိုပြီး တီချာကြီးကို မမ ပေးလိုက်မယ်နော်၊ မနက်ဖြန်မှ လက်မှတ်ယူ ဟုတ်လား'

'ဟုတ်ကဲ့ မမ'

နှစ်ပြားနှင့် ဝနိုင်သော ခေါက်ဆွဲကြော်သည်ရှိပါလျက်နှင့် စားချင်ချင်ရှိ၍ လက်သုပ်တစ်ပဲဖိုးစားမိပြီးမှ ထိုနှစ်ပြားနှင့် တစ်ပဲ၏ ခြားနားချက်ကို တွေးမိလျှင် အတာသည် ခွေ့ခွေ့ခုန်မတတ် နမြောသွားဖူးသလောက် ယခု ထိုခြားနားချက် နှစ်ပြားထက် အဆပေါင်းများစွာပိုနေသော (ဝါ) သူ့အဖို့၌ တရင်းတနှီးဖြစ်သော ငွေနှစ်ကျပ်ကို ကျောင်းလခအဖြစ် ပေးလိုက်ရ၌မူ အတာတွင် နမြောတွန့်တိုစိတ် လုံးဝမရှိ။ ကျေကျေနပ်နပ်သာမက သို့ပေးလိုက်နိုင်သည့်အဖြစ်ကိုပင် အတာသည် ဝမ်းသာအားရ ဖြစ်သွားချေသေးတော့၏။

အရပ်ထဲရှိ ဘဆွေ၊ မောင်မောင်၊ စိုးမြင့် အစရှိသော သူငယ်ချင်းများနှင့်



ဘစားခွင့်ကြုံခဲ့သည့် တစ်နေ့၌ အတာသည် သူ၏ အောင်မြင်ခြင်းကို ဂုဏ်ယူသော အားဖြင့် သူ့သူငယ်ချင်းများအား ချိုချဉ်ရောင်းသည့် ကိစ္စကို ပြောပြရာတွင်

'ဟာ မိန်းကလေးတွေကိုလဲ ရောင်းတာပဲလားကွ၊ ဟင်'

'အို ဈေးရောင်းတာပဲကွာ၊ ဘယ်သူဝယ်ဝယ် ရောင်းတာပေါ့'

'ဟင် မင်း မရှက်ဘူးလား' ဟု ဘဆွေက တအံ့တဩ မေးလိုက်သည်ကို အတာက ပြုံးပြရင်း

'သူများပစ္စည်းခိုးတာမှ မဟုတ်ဘဲကွာ'

တိုတိုတုတ်တုတ်ပင် အတာက အဖြေပေးလိုက်၏။

\+ \+ \+

နောက်တစ်ကြိမ် ပေးရတော့မည်ဖြစ်သော ကျောင်းလခရက်သည်လည်း မဆေး တော့သည့်အတိုင်း အတာလည်း ရောင်းရငွေထဲမှ နှစ်ကျပ်ပြည့်သည်အထိ ဆရာမအား ပေးအပ် စုဆောင်းထားလိုက်၏။

ထို့နောက်ပိုင်း ရက်များတွင်မူ သူစုစရာ မလိုတော့သည့်အတိုင်း ရောင်းရသမျှ ပိုက်ဆံကလေးများဖြင့် ရောင်းနေကျ ချိုချဉ်သာမက တော့ဘဲ ချောကလက်၊ တော်ဖီ၊ သကြားလုံး စသည့် ကျောင်းသားကြိုက် စားစရာကလေး များပါ ဝယ်၍ ရောင်းခဲ့၏။ ကုသိုလ်ကံကလေးလိုက်နေ၍လော မသိ။ အတာ ဘာလုပ်လုပ် ဟန်ကျနေ၏။ သူကလည်း လောဘမကြီး၊ လိမ္မော်မှာ သကြားလုံးကို ကုလားက တစ်ပြားသုံးမှာပေးက အတာ လေးမှာပေး၏။

ပစ္စည်းလည်းပို၍ အတာကလေးကိုလည်း သနားကြသောကြောင့် အတန်း ကြီးမှ ကျောင်းသူကျောင်းသားကြီးများပင် အတာ့ထံမှ မှန်မှန်ဝယ်စားလေ့ရှိ ကြ၏။ အထူးသဖြင့် အတန်းကြီး ကျောင်းသူများသည် အတာရောင်းသော ချင်းခြောက်ကို အကြိုက်ဆုံးဖြစ်၏။ အတာကလေး မောင်ခိုင်လမ်း (ယခု ဗိုလ်ရွှေလမ်း) တွင်နေခဲ့စဉ်က သူ့မမသက်တို့ စားလေ့ရှိသည့်အတိုင်း ချင်းခြောက်ကို လက်သန်းများလောက် ခပ်ပါးပါးလှီးကာ လျက်ဆားဖြင့်နယ်ကာ အတာက တစ်နည်းတစ်မယ် ထွင်ရောင်းခဲ့သောကြောင့်လည်း ဆရာမများကပင် မနေနိုင်။ ကျောင်းသူကြီးများ၏ သတင်း ပေးချက်အရ မကြာခဏ ဝယ်စားကြရသည်အထိ အတာ့ ချင်းခြောက်သည် ကျောင်းတွင် နာမည်ကြီးနေ၏။

ဤလိုနှင့်တစ်လခန့်ကြာသော် အတာ့ကံဇာတာသည် စိတ်ပျက်စရာနှင့်မြင်း လာတော့၏။ သူ အရောင်းအဝယ် ကောင်းသလောက် ဝင်ငွေကလေးဖြင့်ခဲ့သည် နှင့်အမျှ ကျောင်းနှစ်လခပေး၍ အဝတ်အစားကလေးပါ ငါးကျပ်လောက်ဝယ်နိုင် ခဲ့သည်ပြင် ချိုချဉ်မျိုးစုံနှင့် ချောကလက် အစရှိသော ချောင်းကုန်ကလေးများ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း လေးငါး ရှစ်ကျပ်ဖိုးလောက် သူ့စားပွဲနှင့် အတောင့် ရှိနေပြီဖြစ်၏။

တစ်နံနက်သော တနင်းလာနေ့တွင် စောစောရောက်လာသော ရာမာလည်း မုန့်များ ကူရောင်းပေးရန် အတာ့စားပွဲကို ဖွင့်မည်ဟု ကြည့်လိုက်သည်နှင့် ခတ်ထားသော သော့ခလောက် မရှိတော့ဘဲ သော့ခတ်ပတ္တာပါ ပျက်နေသည်ကို တွေ့ရသောကြောင့် ရာမာလည်း ထိတ်ထိတ်ပျာပျာနှင့်ပင် အဖုံးကို မကြည့်လိုက်၏။

ချော့ကလက်၊ တော်ဖီ၊ ပုလင်းများနှင့်တကွ ချိုချဉ်ထုပ်ထည့်သော ဖုံးများပါ ဘာတစ်ခုမျှမရှိတော့ဘဲ တက်တက်စင် ပြောင်နေသည်ကို တွေ့ရသည်နှင့် ရာမာတွင် ဘာလုပ်ရမည်မသိအောင် အကြောင်သား ငေးနေမိ၏။

'ဟော့ကောင် ရာမာ၊ ဘာငိုင်နေတာလဲကွ'

ထိုအသံကြားမှပင် ရာမာ လှူပ်ရှားလာပြီး ဝင်လာသော် အတန်းသားနှစ်ယောက်အား အရေးတကြီးလှမ်းခေါ်ပြီး ဖြစ်ပုံပြောပြလိုက်ရင်း

'အဲဒါ မင်းတို့သက်သေရှိတယ် ချစ်အောင်၊ ငါလဲ ခုပဲရောက်လို့ ကြည့်လိုက်တော့ အဲသလိုပဲ တွေ့ရတယ်ကွ၊ အတာလာရင် ဘယ်လိုပြောမလဲ စံဝင်း၊ ဟင်' ဟု ရာမာတွင်လည်း မျက်စိပျက် မျက်နှာပျက်နှင့် ချစ်အောင်နှင့် စံဝင်းကို တစ်လှည့်စီကြည့်ရင်း ပြောနေ၏။

'ဒီအတိုင်းပဲ ပြောပေါ့ကွာ၊ ငါတို့လဲ သက်သေရှိသားပဲ၊ ဒါ ဘာမှမဟုတ်ဘူးကွ၊ တံမြက်စီးလှဲတဲ့ ကုလားတွေ ခိုးတာဖြစ်မှာပဲ' ဟု စံဝင်းက ထင်မြင်ချက်ပေး၏။

'အေးကွ ဒီကုလား မဟုတ်ရင် ဒရဝမ်ကလေးတွေယူမှာပဲ' ဟူ၍လည်း ချစ်အောင်က မှတ်ချက်ချပြန်၏။

\+ + +

အတာတို့ စာမေးပွဲကြီးလည်း ပြီးစီးခဲ့လေပြီ။ နွေရာသီအတွက်လည်း ကျောင်းပိတ်လိုက်ပြီဖြစ်သောကြောင့် ထိုအားလပ်ရက်များတွင် အခြားသော ကလေးများကဲ့သို့ ပျော်ပျော်ကြီးကစားရန် စိတ်မကူးနိုင်။ ထိုရက်များအတွင်း၌ မည်သို့မည်ပုံ ဝင်ငွေရအောင် ရှာရမည်ကိုသာ တွေးနေခဲ့၏။

မသိန်းမေမှာမူကား စီးပွားလမ်းဖြောင့်သလောက် ကောက်ရသလို ဝင်နေသော ငွေများကို ခုဖြ ကောင်နှင့် မြင်းပွဲသို့သာလျှင် မှန်မှန်ကြီးပို့နေတော့၏။ သူ ထမင်းဆိုင် စ၍ ထွက်ခဲ့သည်မှ ယခု လေးငါးလအတွင်း၌ ရရှိမြတ်စွန်းခဲ့သော ငွေများကိုသာ သိုသိုသိပ်သိပ်ဖြင့် စုဆောင်းထားတတ်ခဲ့မူ ထောင့်လေးငါးရာမျှပင် ပိုက်မိစရာရှိ၏။

ယခုသော်မူ ဖုံမိရန်ဝေးစွ၊ အကြွေးများပင်ပတ်လည်ဝိုင်းနေပြီဖြစ်၏။ ရသာမျှ



ဝင်ငွေကို မြင်းလောင်း၊ ခုဖြကောင်ထိုးဖြင့် အမျိုးမျိုးဖြုန်းတီးနေခဲ့ပြီး ဟင်းလျာအတွက် ကြက်၊ ဘဲ၊ သားငါးများကိုမူကား အကြွေးယူချက်ပြုတ်ခဲ့၏။ ဤနည်းဖြင့် ဆန်ကြွေး၊ ဆီကြွေး၊ မဆလာဖိုးကအစ အကြွေးပတ်လည်ဝိုင်းနေခဲ့သည်တိုင်အောင် အလောင်းအစားကိုကား မလျှော့၊ ကစားမြဲ၊ လောင်းမြဲပင် ရှိနေသေး၏။

ကစားသမားတိုင်းလိုလိုပင် ဥာဉ်ဆိုးတစ်ခုရှိ၏။ ပထမအကြိမ် ငွေငါးကျပ်လောင်းလိုက်၍ ရှုံးသွားလျှင် ဒုတိယအကြိမ် ထပ်မံလောင်းသောအခါ၌ ပထမရှုံးသွားသော ငွေငါးကျပ်ကိုပါ ပြန်ရစေရန် တစ်ချီတည်းနှင့် တစ်ဆယ်ဖိုးမျှလောင်းကစားတတ်၏။ ထို့အတူ မသိန်းမေသည်လည်း ယခင်တစ်ပတ်က နှစ်ဆယ်လောက် ရှုံးထားလျှင် ယခုတစ်ပတ်၌ သုံးလေးဆယ်ဖိုး ကစားတတ်၏။ ရှုံးထားသည့်ငွေက များခဲ့သလောက် နောက်ထပ်ငွေများများနှင့်လိုက်၍ လောင်းခဲ့ရာတွင် အနိုင်မထွက် အရှုံးနှင့်သာလျှင် ချာချာလည်လျက်ရှိပြီး နောက်ဆုံး၌ ဆန်၊ ဆီ၊ ဆား သားငါးကြွေးသာလျှင် တဖြည်းဖြည်း ထူလာတော့၏။

ကြာသော် မည်သူကမျှ ကြွေးမပေးတော့ဘဲ ရုတ်တရက် ရပ်မစ်လိုက်ကြသောကြောင့် မသိန်းမေ အကျပ်ကျသွားကာ နောက်ဆုံး ထမင်းဆိုင်ပါ ဖြုတ်ပစ်လိုက်ရသည်အထိ အခြေအနေ ဆုတ်သွားတော့၏။

'အင်း ခုလို ငွေများများနဲ့ အရင်းထောင်ပေးလိုက်တာဟာ နောက်ဆုံးကျတော့ ကြွေးများများ ထူလာအောင် လုပ်ပေးလိုက်သလို ဖြစ်နေပြီကော'

ကိုထွန်းအောင်တွင်လည်း ဤသို့ ရေရွတ်ရင်း စိတ်မောသွားသည်မှအပ အခြား ဘာတစ်ခွန်းမျှ အဆိုအကောင်း မဝေဖန်ဘဲ ခပ်အေးအေးပင် ငြိမ်နေလိုက်တော့၏။ စင်စစ် ကိုထွန်းအောင် မသိ၍မဟုတ်၊ မသိန်းမေ၏ အလောင်းအစားဝါသနာကို ကောင်းကောင်းကြီးသိ၏။ သို့သော် ဆိုင်ပြုတ်လောက်အောင်ကား လုပ်လိမ့်မည်ဟု သူမထင်ခဲ့ဘဲ ပိုသောအမြတ်ငွေမျှဖြင့် ကစားသော် ကစားစေ၊ ယခု အခြေအတိုင်း မှန်မှန်နေသွားရလျှင် ကျေနပ်ဖွယ်ပင်ဟု တစ်စုံတစ်ရာ ဘာမှမပြောဘဲ နေခဲ့ခြင်းဖြစ်၏။ ယခု ဆိုင်ပြုတ်မှ ထိုအရှုပ်ကို သိလိုက်ရသည်၌လည်း နားအေးအေး နေတတ်သူလည်းဖြစ်၊ ပြော၍လည်း အကြောင်းထူးတော့မည် မဟုတ်သည့်အတိုင်း သူကပင်လျှင် ကြွေးရှင်များအား ထိုက်သလောက်ဆိုင်းရန် အစေ့အငှလိုက်၍ တောင်းပန်ခဲ့ချေသေး၏။

အတာ့စိတ်ထဲ၌မူ သူ့မေမေ ထမင်းဆိုင်ပြုတ်သွားသည်နှင့် ပတ်သက်၍ ဝမ်းနည်းသွားသလိုလို သူ့မေမေအား သနားသွားသလိုလိုလည်း ဖြစ်ခဲ့၏။ ထမင်းဆိုင် မရှိတော့သဖြင့် သူ့တွင် အိပ်ချိန်ကစားချိန်ကလေး မှန်မှန်ရတော့မည်ဖြစ်သည့်အတိုင်း ပျော်သလိုလိုလည်း ရှိ၏။

စင်စစ် အဆိုးမဆိုသာ။ မသိန်းမေ ဝင်ငွေအာဘယ်မျှ ကောင်းသည်ဖြစ်စေ အတာ့အဖို့ လုံးဝ အကြောင်းမထူးခဲ့။ ဟင်းမျိုးစုံ အမယ်မယ်နှင့် မြိန်စဖွယ်

www.burmeseclassic.com



ရောင်းခဲ့သည့်တိုင်အောင် အတာတွင်ကား အကြွင်းနှင့်အကျန် ခြေထောက်ရိုးနှင့် အတောင်ပံကလွဲ၍ ကြက်အသည်းဆိုသည်မှာ ချိုသလား ဟူ၍ပင် လျှာဖျားနှင့် မထိခဲ့ရ။ ပြောလျှင်ပင် ယုံနိုင်စရာမရှိ။ အမိအရင်းခေါက်ခါက်ဖြစ်ပါလျက်လည်း

'မေမေ၊ ကျွန်တော့်ကို အမဲသားကြော် တစ်တုံးလောက်ပေးပါနော်။ ကျောင်းမှာ ခေါက်ဆွဲကြော်နဲ့ စားချင်လို့'

'ဘာပြောတယ်၊ ဈေးဦးဈေးဖျားကြီးကို'

တစ်ခါမျှ အတာတောင်းသည်ကို ထိုတစ်ခါပင် ဤလို ငေါက်လိုက်ဖူးသောကြောင့် အတာ နောက်ထပ်၍ မတောင်းဝံ့ခဲ့။

ထိုမျှသာမဟုတ်။ မသိန်းမေ ထမင်းဆိုင်ထွက်စကတည်းက နံနက်ကျောင်းအသွားတွင် ထမင်းကို အိမ်မှာစားသွားစေပြီး၊ မုန့်ဖိုးကိုယူမှု နှစ်ပြားသာ ပေးရန်ဟူသော စီမံကိန်းဖြင့် တစ်ပဲလုံးလုံး ဖြတ်တောက်ပစ်ရန် ကြံစည်ခဲ့သေး၏။

'မလုပ်ပါနဲ့ဗျာ၊ နေ့လယ်ဆာတော့ ဒီနှစ်ပြားနဲ့ ဘာသွားစားမလဲ။ ထမင်းဆိုတာက ထမင်းချိန်မှာစားရမှ အာသာပြေတာဗျ'ဟု ကိုထွန်းအောင်ဝင်၍ အသနားခံမှပင် အတာခမျာ သက်သာရာရခဲ့တော့၏။

သို့ဖြစ်လျှင် မသိန်းမေ ထမင်းရောင်းရာ၌လည်းကောင်း၊ ဝင်ငွေပေါရာ၌လည်းကောင်း အတာတွင် အဘယ်သို့သော အကျိုးကျေးဇူး ရှိပါသေးတော့သနည်း။ မရှိရုံသာမက နေ့မအားရ ညမအားရနှင့် ဝအောင်ပင်မအိပ်ရသော ပင်ပန်းမှုအဖုံဖုံကို စုံနေအောင် ခံခဲ့ရရှာသေး၏။ သို့တိုင်အောင် သူ့မေမေ၌ အရင်းအနှီး ပြုတ်သွားပြီဟု သိလိုက်သည်နှင့် ဝမ်းနည်းလှိုက်ဖိုနှင့် အတာ မျက်ရည်ကလေး ယိုခဲ့သေး၏။

\+ \+ \+

တစ်နေ့သော နေ့လယ် ၂ ချက်တီးလောက်တွင် ကိုထွန်းအောင်လည်း အလုပ်ကလေးတစ်ခုခု ရလိုရငြား လှည့်လည်စုံစမ်း၍ ပြန်အလာ ဝရန်တာတွင်ထိုင်၍ ငိုင်နေသော အတာကလေးကို မြင်ရသည်နှင့်

'ဟော့ အတာ၊ မင်းဘာဖြစ်သလဲ၊ ဟာ မင်း ငိုထားတယ်ထင်တယ်၊ ဟုတ်လား'

ကိုထွန်းအောင်လဲ သို့မေးရင်း ပက်လက်ကုလားထိုင်ကို ခင်း၍ ထိုင်လိုက်ရာမှ

'ဆိုစမ်းပါဦး၊ မင့်အမေက ဘာလုပ်သွားပြန်ပလဲ'

သို့ထပ်မေးလိုက်မှ အတာလည်း မျက်ရည်ကလေး တလည်လည်နှင့်



ဆော့လာကာ

'မနက်ကလဲ မုန့်ဖိုးပေးမသွားဘူး၊ ထမင်းဖိုးလဲမရဘူး၊ ဒါနဲ့ ၁၂ နာရီလောက်က ထမင်းဆာလို့ ဈေးကိုလိုက်သွားတာလဲ မေမေ့ကို မတွေ့ဘူး၊ ဒါနဲ့ မနေ့ညက ကျန်တဲ့ ငါးကြော်တစ်ပိုင်းနဲ့ နံပြားတစ်ပြားဖိုး ဝယ်စားတယ်၊ အဲဒါ ခုန မေမေပြန်လာလို့ ကျွန်တော်က ပြောပြတော့ သူမသိဘဲ ငါးကြော်ယူစားရလေးဆိုပြီး ရိုက်သွားတယ်'

'ဟင်း'

ကိုထွန်းအောင်လည်း သို့လျှင်သာ သက်ပြင်းချနိုင်တော့၏။ အတန်ကြာအောင် မှိုင်တွေနေမိပြီးမှ

'ခက်တယ်ကွာ၊ ခက်သမှ နည်းနည်းလေးမဟုတ်ဘူး အတာ၊ မင်းအမေဆော့လား ဟင်း'

ကိုထွန်းအောင်တွင် မသိန်းမေနှင့် ပတ်သက်၍ ဥပမာပေးစရာ နှိုင်းယှဉ်စရာဆို၍ ကုန်သလောက်ပင် ရှိနေပြီဖြစ်၍လော မသိ။ တဟင်းဟင်းနှင့်သာ စိတ်မောနေခိုက်

'ကျွန်တော် မသိလို့ မေးပါရစေ နော်' ဟု ရုတ်တရက် အတာ စကားစလိုက်သောကြောင့်

'မေးပေါ့ကွာ၊ မင်း ဘာသိချင်လို့လဲ'

'အရင် မမသက်တို့နဲ့ ဘုရားလိုက်သွားတိုင်း ကျွန်တော် တရားနာတယ်၊ ဘုန်းကြီးတွေ ဟောတာ နားထောင်ရတယ်၊ ပြီးတော့ မမသက်တို့ကလည်း ပြောတယ်၊ သူများကို မကောင်းကြံရင် ကိုယ်လဲ မကောင်းဖြစ်တတ်တယ်၊ သူများပစ္စည်း မတရားယူရင် ကိုယ့်ပစ္စည်းလဲ သူများက မတရားယူတတ်တယ်တဲ့၊ ဟုတ်လား၊ နောက် သူများကို စိတ်ညစ်အောင်လုပ်ရင် ကိုယ်လဲ စိတ်ညစ်ရတတ်တယ်တဲ့'

'အေးပေါ့ကွ ငါလဲ၊ မင့်ကို ခဏခဏ ပြောဖူးသားပဲ မဟုတ်လား၊ အတာ'

'ဟုတ်ကဲ့၊ ပြီးတော့ သူများအပေါ်မှာ စိတ်ကောင်းထားရင် ကိုယ့်အပေါ်လဲ သူများတွေက စိတ်ကောင်းပြန်ထားလိမ့်မယ်ဆို'

'ဟုတ်တယ်လေကွာ၊ ဥပမာဆိုပါတော့၊ မင်း လမ်းလျှောက်သွားတဲ့အခါမှာ မင်းနဲ့ ရွယ်တူ ကလေးတစ်ယောက်နဲ့ ပခုံးချင်း တိုက်မိတယ်ဆိုပါတော့၊ အဲဒီအခါမှာ မင်းက မျက်စောင်းထိုးပြီး လူမိုက်ကြည့် ကြည့်ရင် ဒါမှမဟုတ် ဟေ့ကောင် မင်းမျက်စိမပါဘူးလားကွ လို့ မေးရင် သူကကော ဘယ်လိုကြည့်ပြီး ဘာပြန်ပြောမလဲ၊ ဟင်'

အတာ ရုတ်တရက် မဖြေနိုင် ရှိနေသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



'အေ သူကလဲ မင့်လိုပဲ လူမိုက်ကြည့် ပြန်ကြည့်ပြီး မင်းကော မျက်ကန်းနေသလားလို့ ပြန်မေးမှာပဲကွ၊ မင်းကို သူက အဲသလိုမေးရင်လဲ မင်း ဒီလို ပြန်မေးမှာပဲ မဟုတ်လား'

အတာလည်း ယခုမှ သဘောပေါက်သွားသလို ခေါင်းကလေးညိတ်ပြလိုက်၏။

'ကဲ ခုနပြောသလို ပခုံးချင်းတိုက်မိတဲ့အခါမှာ မတော်လို့ပါ သူငယ်ချင်းရယ်နော်၊ စိတ်မဆိုးပါနဲ့လို့ မင်းက ရယ်ပြီး ပြောလိုက်တယ်ဆိုပါတော့၊ အေး သူကလဲ မင်းလို ရယ်ပြီး ကိစ္စမရှိပါဘူး လို့ ပြန်ပြောလိမ့်မယ်၊ အဲဒါကို အပြန်အလှန် ကိုယ်ချင်းစာကြည့်စမ်း၊ ဒီအတိုင်း မှန်သလား၊ မမှန်ဘူးလားဆိုတာ'

'မှန်တာပေါ့၊ ကျွန်တော်ကမှ စိတ်မဆိုးတာ၊ သူကလဲ ဘယ်စိတ်ဆိုးတော့မလဲ'

'အေး အဲဒါပဲ အတာ၊ သူများအပေါ် စိတ်ကောင်းထားရင် ကိုယ့်အပေါ်လဲ သူများက စိတ်ကောင်းထားမယ်ဆိုတာ အဲဒီသဘောပဲ'

ကိုထွန်းအောင်လည်း အတာ သဘောပေါက်မှုကိုသာ ရည်ရွယ်လျက် အလွယ်ဆုံးသော ဥပမာဖြင့်ပြောလိုက်သည်ကို

'ကဲ ဒါဖြင့် ခု ကျွန်တော်ဟာ မေမေ့အပေါ်မှာ အမြဲစိတ်ကောင်းထားတယ်၊ ချစ်တယ်၊ မေမေမျက်နှာမကောင်းရင် ကျွန်တော်လဲ စိတ်မကောင်းဘူး၊ ပြီးတော့ ကျွန်တော်ကြီးလာလို့ အလုပ်လုပ်တဲ့အခါ ပိုက်ဆံရရင် မေမေ့ကို အားလုံးပေးမယ်လို့ စိတ်ထဲမှာထားတယ်၊ ဒါပေမဲ့ မေမေဟာ ကျွန်တော့်အပေါ် ဘာပြုလို့ ပြန်မကောင်းတာလဲ ဟင်၊ သူများတွေကိုတော့ မေမေဟာ သိပ်စေတနာကောင်းတာပဲ၊ ကျွန်တော့်ကျရင် ဆဲလိုက်ဆိုလိုက်နဲ့ အကြွင်းအကျန်ကျွေးတာတောင် မသဒ္ဓါသလိုပဲ၊ အဲဒါကတော့ကော'

သို့လျှင် စိတ်ထဲ၌ မရှင်းမလင်းဖြစ်နေသည်ကို ဘွင်းဘွင်းကြီး မေးချလိုက်သော အတာ့စကားကိုကြားလိုက်ရသည်နှင့် ကိုထွန်းအောင်တွင် အံ့သြဝမ်းသာနှင့် ပြုံးလိုက်မိရာမှ

'အေး ငါ ရှင်းပြမယ်၊ မင်း သေသေချာချာ နားထောင်နော်၊ ဟိုရှေးတုန်းက မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်အခါတုန်းက ဆိုပါတော့ကွာ၊ အင်မတန် ကြွယ်ဝချမ်းသာတဲ့ တံငါရွာ တစ်ရွာရှိသတဲ့ကွ၊ အဲဒီရွာက တံငါသည်တစ်ထောင်လောက်ဟာ ဘယ်တော့ပဲဖြစ်ဖြစ် ငါးမျှားတဲ့အခါ ကွန်ပစ်တဲ့အခါ အမြဲလိုလို ငါးတွေအများကြီးရခဲ့ပေမဲ့ တံငါသည် မိန်းမတစ်ဦးရဲ့ ဝမ်းထဲမှာ ကလေးတစ်ယောက်လဲ ပဋိသန္ဓေတည်ရော အဲဒီနေ့ကစပြီး တစ်ရွာလုံး ဘယ်သူမှ ငါးဖမ်းလို့ မရတော့ဘူးတဲ့၊ သိလား'

'ဘာဖြစ်လို့တဲ့လဲ ဟင်'



'အေးပါကွာ၊ ခု ဆက်ပြောမှာပေါ့၊ အဲသလို တစ်ရက်လဲမဟုတ်၊ နှစ်ရက်လဲ မဟုတ် ရက်ပေါင်းများစွာပဲ ငါးဆိုလို့ တစ်ကောင်လောက်တောင် မျှားလို့ မရနိုင်တာနဲ့ တံငါသည်ခေါင်းဆောင်လူကြီးတွေက ဘယ်လိုပြောသလဲဆိုတော့ ငါတို့ရွာမှာ ခုတလော သိပ်ထူးခြားတယ်၊ ငါးလဲဖမ်းလို့မရဘူး၊ မီးလဲ ခဏခဏလောင်တယ်၊ အဲဒါဟာ ဒီရွာမှာရှိတဲ့ တံငါသည်တွေထဲက သူယုတ်မာတစ်ယောက်ယောက်ကြောင့်ဖြစ်မှာပဲ၊ ဒီသူယုတ်မာကို ရှာကြစို့ဆိုပြီး တံငါသည်တစ်ထောင်ကို ငါးရာစီခွဲပြီး ငါးဖမ်းကြသတဲ့၊ အဲဒီတော့ ကိုယ်ဝန်ရှိနေတဲ့ တံငါသည်မိန်းမပါတဲ့ လူငါးရာဘက်က ငါးတစ်ကောင်မှမရဘဲ ဟိုတစ်ဖက်ကတော့ ငါးတွေ အများကြီးရသတဲ့ကွ၊ မင်း ငါပြောတာ နားလည်ရဲ့လား အတာ'

'ဟုတ်ကဲ့၊ နားလည်ပါတယ်'

'အဲဒါနဲ့ တစ်ခါ ငါးဖမ်းလို့မရတဲ့ဘက်က တံငါသည်တွေက တို့ဘက်မှာ သူယုတ်မာပါတယ်ဆိုပြီး ၂၅၀ စီ တစ်ဝက်ခွဲလိုက်ပြန်ရော၊ ဒီတစ်ခါမှာလဲ ကိုယ်ဝန်ဆောင်တံငါသည် မိန်းမပါတဲ့ဘက်က ငါးမရပြန်ဘူး၊ ဒီလိုနဲ့ တစ်ဝက်စီခွဲရင်းခွဲရင်း နောက်ဆုံးကျတော့ အဲဒီကိုယ်ဝန်ရှိတဲ့ တံငါသည်မိန်းမ လင်မယားသာကျန်ပြီး သူတို့လင်မယားမှာတော့ ဘယ်လိုငါးဖမ်းဖမ်း မရတော့ဘဲ ဒီပြင်တံငါသည်တွေတော့ ခါတိုင်းလိုပဲ ငါးတွေရကြသတဲ့။ နောက်ဆုံးကွာ အဲဒီကလေးကို မွေးပြီးလို့ လေးငါးနှစ်သားအရွယ်ထိ တံငါသည်လင်မယားရော ဒီကလေးပါ အငတ်ပြဿနာနဲ့ ဒုက္ခရောက်ကြရသတဲ့။ ဒါနဲ့ သူ့မိဘတွေက မတတ်နိုင်တော့ဘဲ ကဲ မင်းဟာမင်း တောင်းစားပေတော့ဆိုပြီး တစ်မြို့တစ်ရွာကို ပို့ပြီး ပစ်ထားခဲ့ကြသတဲ့။ ဒီတော့မှပဲ ဒီကလေးရဲ့ မိဘတွေလဲ အရင်ကလို ပြန်ပြီး ငါးတွေဘာတွေ ဖမ်းလို့ရတော့သတဲ့ကွ သိလား'

'ဒါဖြင့် မေမေ ထမင်းဆိုင်ပြုတ်သွားတာ ကျွန်တော့်ကြောင့်လား ဟင်၊ ဒီလိုဆို ကျွန်တော့်ကိုလဲ တစ်မြို့တစ်ရွာ ပို့လိုက်ပါလား၊ ကျွန်တော်'

ကိုထွန်းအောင်လည်း အတာ့ပါးစပ်ကို ဆတ်ခနဲ လှမ်းပိတ်လိုက်ရာမှ

'မင်း ဘာတွေလျှောက်ပြောနေတာလဲ အတာ၊ တယ်ခက်တာပဲ ဟင်း'

အလွန့်အလွန် ထိခိုက်သွားသလို ခေါင်းတရမ်းရမ်းခါရင်း ညည်းနေပြီးမှ

'မင့်အမေ ထမင်းဆိုင်ပြုတ်တာက သူ မြင်းလောင်းလို့ကွ သိလား၊ မင့်ကြောင့် မဟုတ်ဘူး၊ ဟိုတံငါသည်လင်မယားဟာ သူတို့ရဲ့ ကလေးရဲ့ အကုသိုလ်ကြောင့် ငါးကို ဖမ်းလို့မရဘူး၊ မင်းအမေက ဒီလိုမဟုတ်ဘဲ ပိုက်ဆံတွေ အများကြီးရှာလို့ရသားပဲ၊ မြင်းလောင်းပစ်လို့ကုန်တာ အတာရဲ့'

ဤတွင်မှ မျက်ရည်တလည်လည်ဖြစ်နေသော အတာ့တွင် ကျေနပ်ပြုံးပြုံးဖော်ရလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းအောင်တွင်မူ အတန်ကြာသည်တိုင်အောင် စိတ်ထိခိုက်မှုမပြေသေးသလို တွေဝေနေမိပြီးမှ

'ဒါနဲ့ ခုန ကံဆိုးတဲ့ကောင်လေးဟာလဲ ခွက်တစ်လုံးနဲ့ တစ်အိမ်ဝင်တစ်အိမ်ထွက် လျှောက်ပြီးတောင်းရတာပေါ့ကွယ်၊ ဒါပေမဲ့ ဘယ်သူကမှ သူ့ကို ထမင်းတစ်ဆုပ်တောင် မပေးကြဘူးတဲ့၊ ဒါနဲ့ အဲဒီကောင်လေးဟာ သူများတွေ ကျန်လို့လွှင့်ပစ်တဲ့ ထမင်းတို့ ဘုရားဆွမ်းတော်တင်တို့ပဲ ကောက်ပြီးစားရသတဲ့၊ တစ်နေ့တော့ အဲဒီမြို့ထဲကို ရှင်သာရိပုတ္တရာ ဆွမ်းခံဝင်တာနဲ့ကြုံလို့ ဒီကောင်လေးကိုတွေ့တာနဲ့ အကျိုးအကြောင်း မေးကြည့်ပြီး သနားတာနဲ့ ကျောင်းကိုခေါ်သွားသတဲ့၊ နောက် ရှင်ပြုပေးလိုက်တယ်ဆိုပါတော့ကွာ၊ အသက်နှစ်ဆယ်ပြည့်တော့လဲ ပဉ္စင်းခံပေးလိုက်တယ်၊ ဘွဲ့အမည်ကတော့ လောကတိဿမထေရ်တဲ့ မှတ်ထားနော်'

'ဟုတ်ကဲ့'

'အဲဒီလောကတိဿမထေရ်ဟာ ငယ်ငယ်ထဲက ခုနပြောသလို အငတ်ငတ် အပြတ်ပြတ်နဲ့ ကံဆိုးလာတာဟာ ရှင်ပြုပြီးလဲ ကံမကောင်းသေးဘူးကွ၊ ပဉ္စင်းဘဝကနေ ရဟန္တာအဖြစ်ကို ရောက်တော့လဲ သူ့ဆွမ်းခံရင် မရတာကများသတဲ့ကွ၊ ကုန်ကုန်ပြောမယ်ကွာ၊ သူနေတဲ့ကျောင်းက ရဟန်းသံဃာတွေ အကုန်ပင့်ပြီး လှူကြတဲ့အခါမှာတောင် ဒီလောကတိဿမထေရ်ကို လှူရမဲ့အလှည့်ရောက်ရင် သူ့သပိတ်ထဲမှာ ပြည့်နေသလိုလို ထင်ရတာနဲ့ အလှူ့ရှင်တွေက သူ့သပိတ်ထဲ မထည့် မလှူကြဘူးတဲ့၊ အဲသလို ရဟန္တာဘဝရောက်နေတာတောင် သူ့မှာ ဆွမ်းဝဝ မစားရရှာဘူးဆိုတာကို ရှင်သာရိပုတ္တရာက သိတော့ ဆွမ်းခဲဖွယ် ရအောင် ငါနဲ့လိုက်ခဲ့ ဆိုပြီး အတူတူခေါ်သွားတော့လဲ ရှင်သာရိပုတ္တရာဆိုရင် အင်မတန် ကြည်ညိုပြီး သူထက်ငါဦး လှူတတ် လောင်းတတ်ကြတဲ့ မြို့သူမြို့သားတွေဟာ ခုနပြောတဲ့ လောကတိဿမထေရ်ပါတာနဲ့ပဲ လှူချင်စိတ်မရှိသလို ဖြစ်သွားကြသတဲ့'

'ကျွန်တော် ကံဆိုးသလိုပဲ လောကတိဿမထေရ်လဲ ကံဆိုးတယ်နော်'

အတာက မျက်နှာငယ်ကလေးဖြင့် ပြောလိုက်သောကြောင့် ကိုထွန်းအောင်လည်း ခေါင်းတရမ်းရမ်း ခါနေရာမှ

'နေစမ်းပါဦးကွာ၊ မင်းက သူ့လောက် ကံမဆိုးပါဘူးကွ၊ ဆုံးအောင်နားထောင်စမ်းပါဦး၊ အဲဒါနဲ့ ရှင်သာရိပုတ္တရာက ကဲ မင်းငါ့ကျောင်းမှာပဲနေ ငါ ဆွမ်းခံထွက်ပြီး ပို့ခိုင်းလိုက်မယ်လို့ တစ်ယောက်ထဲ ထွက် ဆွမ်းခံတော့ ရလိုက်တဲ့ ဆွမ်းခဲဖွယ်တွေဆိုတာကွာ မနည်းပါဘူးတဲ့၊ ဒါနဲ့ ရှင်သာရိပုတ္တရာက 'ငါ့ကျောင်းမှာရှိတဲ့ လောကတိဿမထေရ်ဆီကို ဒီဆွမ်းခဲဖွယ်တွေ သွားပို့ချေပါ' လို့ လူတချို့ကို ပို့ခိုင်းလိုက်သတဲ့၊ ဒါပေမဲ့ သွားပို့တဲ့လူတွေဟာ လမ်းတစ်ဝက်လဲ



ရောက်ရော ဆွမ်း ဆွမ်းဟင်းနဲ့ ချိုချဉ်ခဲဖွယ်တွေဟာ အနံ့အရသာနဲ့ အင်မတန်ပြည့်စုံနေတာမို့ လောကတိဿ မထေရ်ဆီ မပို့တော့ဘဲ အားလုံး သူတို့စားသောက်ပစ်လိုက်မိကြသတဲ့'

'ဒါနဲ့လဲ သူမစားရသေးဘူးပေါ့နော်'

'ဘယ်စားရမလဲကွ၊ အဲဒါ ရှင်သာရိပုတ္တရာလဲ ကျောင်းပြန်ရောက်လို့ မေးကြည့်တဲ့အခါမှာ ဘယ်သူမှလဲ လာမပို့၊ စားလဲ မစားရသေးပါဘုရားလို့ လျှောက်တော့ ရှင်သာရိပုတ္တရာလဲ သူ့အကုသိုလ် တယ်ကြီးပါလားလို့ စိတ်ထဲက ရေရွတ်ပြီး မွန်းလွဲဖို့ နဲနဲသာလိုတော့တာနဲ့ အဲဒါ မင်းနားလည်ရဲ့လား အတာ'

'ဟုတ်ကဲ့၊ ဘုန်းကြီးတွေဟာ ၁၂ နာရီကကျော်ရင် ဘာမှ မစားရတော့ဘူး'

'အေး၊ အဲသလို အချိန်ကလဲနည်းနည်းသာကျန်တော့တာနဲ့ ရှင်သာရိပုတ္တရာလဲ ကောသလမင်းကြီးထံ ချက်ချင်းဆွမ်းသွားရပ်သတဲ့၊ ဘုရင်ကြီးကလဲ အင်မတန် အရသာရှိတဲ့ စတုမဓုနဲ့ ဆွမ်းကို ကပ်လှူလိုက်တာကို အမြန်ဆုံး ကျောင်းပြန်ပြီး လောကတိဿမထေရ်ကို 'ကဲ စားလော့ ငါ့ရှင်' ဆိုပြီး ကိုယ်တိုင် သပိတ်ကိုကိုင်ပြီး ကျွေးမှပဲ လောကတိဿဟာ ဝဝလင်လင် ဘုဉ်းပေးရှာသတဲ့၊ နောက် ချက်ချင်းပဲ ပရိနိဗ္ဗာန်ပြုသွားသတဲ့'

'အဲဒါ ဟိုဘဝက သူများတွေကို မတရားလုပ်ခဲ့လို့ ဟုတ်လား ဟင်'

'အေး ဒါပေမဲ့ မတရားလုပ်တယ်ဆိုတာက အမျိုးမျိုးရှိတယ် အတာ၊ ခု အဲဒီမထေရ်ကြီးကတော့ ဟိုဘဝက သူများစားတာကို မနာလိုတဲ့စိတ်နဲ့ ဖျက်ဆီးခဲ့လို့ ဒီဘဝမှာ ဒီလို အငတ်ငတ်အပြတ်ပြတ်နဲ့ ဒုက္ခရောက်ရတာကွ'

'ဟင် သူများကို မစားရအောင် နှောင့်ယှက်ခဲ့တဲ့လူက ဘာလို့ကောင်းရာမွန်ရာရောက်ရသလဲ၊ ဒါဖြင့် ငရဲကိုတော့ မရောက်ဘူး'

ထိုအမေးကို ကိုထွန်းအောင် အလွန် သဘောကျသွား၏။

'ဒီလိုလေကွာ၊ အရင် တစ်ဘဝတုန်းက အဲဒီ မထေရ်ကြီးဟာ ရဟန်းတစ်ပါး ဖြစ်ခဲ့ဖူးသတဲ့၊ အဲဒီအခါမှာ ရဟန္တာတစ်ပါး ဒီမထေရ်ကြီးနေတဲ့ ရွာကို ရောက်လာတော့ သူ့ကျောင်းမှာပဲ တည်းခိုပါ၊ ဘယ်ကိုမှ မသွားပါနဲ့၊ သွားသရွေ့ကာလပတ်လုံး သူကပဲ ဆွမ်းလုပ်ကျွေးပါမယ်ဆိုပြီး အဲဒီ ရဟန္တာကို သူ့ရွာကျောင်း ခေါ်လာသတဲ့၊ ပထမတော့ ဒီလောကတိဿကပဲ ဆွမ်းတွေဘာတွေ တာဝန်ယူပြီး ကျွေးခဲ့တာပေါ့ကွာ၊ နောက်တော့ ဧည့်သည်ရဟန်းက ရဟန္တာဖြစ်လို့ လူတွေက သိပ်ကြည်ညိုကြသတဲ့။ သူ့ဒေးသူ့ကြွယ်တွေကလဲ ဘာမှ လိုလေသေးမရှိအောင် လှူကြသတဲ့။ နောက်ပြီး ဆွမ်းစားဖိတ်တဲ့အခါမှာလဲ အဲဒီ ရဟန္တာကိုသာ အရေးထားပြီး ဖိတ်ကြတာနဲ့ လောကတိဿက မနာလိုစိတ်တို ဖြစ်လာပါရော၊ လူတွေက သူ့ထက် ဟိုရဟန္တာကို ပိုပြီး ကြည်ညိုနေကြတာကိုးကွ၊ အဲဒါကို သူမနာလိုဘူးပေါ့၊ ဒါနဲ့ ဒီရဟန္တာကို ကျောင်းမှာမနေနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် စကားမပြောဘဲ ခပ်တန်းတန်းနေလိုက်သတဲ့၊ အရပ်ထဲမှာလဲ ဒီရဟန္တာ ဟာ အပျင်းထူတယ်၊ အအိပ်ကြီးတယ် စသဖြင့်ပေါ့ကွာ၊ လူတွေက ရဟန္တာကို အကြည်ညိုပျက်အောင် မဟုတ်မဟတ်လျှောက်ပြောပြန်ပါရော၊ ဒါကို ရဟန္တာက သိတာနဲ့ အင်း လောကတိဿတော့ ငါဒီမှာရှိနေရင် သူ့မှာ နေ့စဉ်အပြစ်ဖြစ်ချေ တော့မှာပဲ ဆိုပြီး အရပ်တစ်ပါးကို ကြွသွားသတဲ့'

'ဒီလို မနာလိုစိတ်ရှိတာ မကောင်းဘူးနော်'

'ဘယ်ကောင်းမလဲကွ၊ အတိုချုပ်ကတော့ အဲဒီလို သူတစ်ထူးအပေါ် မနာလိုဝန်တိုတဲ့စိတ်ရယ် ဆွမ်းစားပင့်တဲ့အခါမှာ ရဟန္တာကို အသိမပေးဘဲ ချန် ထားတဲ့အတွက် သူများရဲ့ အစားအစာကို ပိတ်ပင်ပျက်ဆီးရာရောက်တယ် မဟုတ်လား၊ အေး၊ အဲသလို အပြစ်တွေကြောင့် ဘဝပေါင်းများစွာမှာ သူဟာ အငတ်ငတ် အပြတ်ပြတ်ဖြစ်ခဲ့ပြီး နောက်ဆုံး ရှင်သာရိပုတ္တရာနဲ့ တွေ့တဲ့ဘဝကျမှ ဝင်ကျွတ်သွားတယ်ကွ၊ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲအတာ၊ ဟင်'

အတာလည်း ခေါင်းကလေးညိတ်ရင်း အတန်ကြာ တွေနေပြီးမှ

'အဲဒီ လောကတိဿဟာ သူတစ်ထူးကို မကောင်းကြံခဲ့ပြီး ဘာကြောင့် နိဗ္ဗာန်ရောက်သွားတာလဲ ဟင်'

'ပထမတော့ သူဟာ ရဟန္တာကို စေတနာနဲ့ပင့်ပြီး ကျောင်းမှာ နေရာ ထိုင်ခင်းပေးတယ်၊ ကျွေးမွေးတယ် မဟုတ်လားကွ၊ နောက်မှ သူ့ထက်သာမှာ စိုးလို့ မနာလိုဖြစ်တာ၊ အဲ့ဒီတော့ မကောင်းတဲ့ စိတ်ထားကြောင့် ဘဝတိုင်းမှာ ဒုက္ခခံရတယ်၊ နောက်ဆုံးကျတော့ ပထမက စေတနာနဲ့ ရဟန္တာကို နေရာ ထိုင်ခင်းပေးပြီး ကျွေးမွေးတဲ့ကောင်းမှုရယ်၊ သူ ကိုယ်တိုင်ကလဲ ရဟန်းအဖြစ်နဲ့ တရားအားထုတ်ခဲ့တဲ့ ကောင်းမှုကြောင့် နောက်ဆုံးမှာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်တာ ပေါ့ကွ၊ ရှင်းရဲ့လား'

'ဟုတ်ကဲ့၊ ဒီလိုဆို ကျွန်တော်လဲ ဟိုဘဝက သူများတွေရဲ့အစားအစာကို မတရားနှောင့်ယှက်ခဲ့လို့ မနာလိုဝန်တိုလို့ ဒီဘဝမှာ မေမေကတောင် ကျွန်တော့်ကို မကျွေးချင်တာပေါ့နော်'

ကိုထွန်းအောင်ကမူ တိုက်ရိုက်အားဖြင့် 'အေး' ဟု မပြောရက်သော ကြောင့်လား မသိ။

'ဒါပေမဲ့လဲကွာ မင်းကတော့ တံငါသည် မိန်းမရဲ့ ကလေးလောက် ကံမဆိုးပါဘူးကွာ နော်၊ တောင်းစားရတဲ့ ဘဝမှ မရောက်ဘဲ ဟုတ်ဘူးလား အေး ဒီဘဝမှာတော့ မင်းလိမ်မာသားပဲ၊ နောက်ကိုလဲ လိမ်မာပေါ့ကွာ၊ သူများ တွေအပေါ်မှာ မနာလိုစိတ် မထားနဲ့၊ ဝန်မတိုနဲ့၊ ဥပမာပေါ့ကွာ အတန်းထဲမှာ ကိုယ့်ထက် စာတော်ရမလား၊ ဆရာမက သူ့ကို ပိုချစ်ရမလားဆိုတဲ့ စိတ်မျိုးနဲ့ မနာလိုမရှိနဲ့၊ ကိုယ်က အကျိုးလုံ့ချည်ကောင်းကောင်း မဝတ်နိုင်လို့ သူများက



အဖိုးတန် အဝတ်အစား ဝတ်နိုင်တာကိုလဲ ဝန်မတိုနဲ့ ဟုတ်လား'

'ဟာ၊ ကျွန်တော် ဒီလို ဘယ်တော့မှ စိတ်မရှိဘူး'

အတာက ခေါင်းတခါခါနှင့် ငြင်းလိုက်၏။

'အေးပါကွာ ငါလဲ သိပါတယ်၊ ခုနပြောတဲ့ လောကတိဿလို မင်း ငင့်ခံရတာ နောက်ဆုံးဘဝပဲလို့ ငါထင်တယ် သိလား၊ မကြာခင် မင်းကောင်းစား တော့မယ်၊ ပညာကိုသာ ကြိုးစားနော်'

'ဟုတ်ကဲ့'

အတာလည်း တစ်စုံတစ်ရာ မေးလိုသည့် အမူအရာဖြင့် ငေးကြည့်နေပြန် သောကြောင့်

'ကဲ နောက်ထပ် မင်း ဘာသိချင်သေးသလဲ အတာ'

'ကျွန်တော် ခုဘဝမှာ ဒုက္ခအမျိုးမျိုးတွေ့ရတာဟာ ဟိုဘဝက သူများတွေ ကိုယ့်ထက်သာသွားတာ မနာလိုလို့ သူများတွေ မစားရအောင် မတရားလုပ်ခဲ့လို့ပဲ ဟုတ်လား'

'အေးပေါ့၊ ဒါကြောင့်မို့ မသိန်းမေဟာ မင့်အမေအရင်းဖြစ်လျက်နဲ့ ခုနပြောသလို မင့်ကို မသဒ္ဓါသလို ဖြစ်ခဲ့တယ်၊ တစ်ခါတလေ ကျွေးချင်တဲ့စိတ် ရှိပေမဲ့ မေ့သွားလို့ဖြစ်စေ၊ မင့်ကို ကျွေးမဲ့အချိန်မှာ ဒီပြင်လူရောက်တဲ့အတွက် ကျွေးလိုက်ရလို့ဖြစ်စေ၊ တစ်နည်းနည်းနဲ့ မင့်ကို မကျွေးဖြစ်ဘဲ ပျက်ပျက်သွားတာလဲ ရှိတယ်ကွ၊ ငါ သေသေချာချာ သိတာပေါ့၊ မင့်အမေဟာ မင့်ကို မချစ်ဘူးလို့များ ဘယ်တော့မှ မထင်နဲ့ သိလား၊ မသိန်းမေဟာ မင့်ကို တကယ်ချစ်တယ်၊ တစ်ခါ တလေ တို့ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) သွားပြီး ဒန်ပေါက်ထမင်းတို့ ဘာ တို့ သွားစားတဲ့အခါမှာ အပြန်ကျတော့ မင့်ဖို့ဆိုပြီး ဒန်ပေါက်ထမင်းတစ်ဝက် ချယ်ပြီး ဖက်နဲ့ထုပ်ယူလာပေမဲ့ မင့်ကုသိုလ်ကမကောင်းတော့ လက်ကလွတ်ပြီး မြောက်ထဲ ကျချင်ကျသွားတတ်တယ်၊ တစ်ခါကလဲ မင့်ဖို့ဆိုပြီး ခေါက်ဆွဲဝယ် လာတာ လန်ခြားထဲမေ့ပါသွားလို့ ချက်ချင်းပဲ ငါကိုယ်တိုင် ဆင်းကြည့်တော့ လန်ခြားကလားလဲ မရှိတော့ဘူး အတာ၊ အဲဒါ ငါကိုယ်တိုင် သိတယ်ကွ၊ ကဲ မင်းသဘောပေါက်ပြီလား'

အတာလည်း ဆိုးလှသော သူ့ကုသိုလ်အတွက် စိတ်လက်မကောင်းသလို တွေနေရာမှပင်

'ဟုတ်ကဲ့ ကျွန်တော်သိပါပြီ၊ ဒါပေမဲ့ ခု ကျွန်တော့်ဟာ ဘယ်သူ့အပေါ် မှာဖြစ်ဖြစ် စိတ်ကောင်းရှိတယ်၊ သူများကို ကူညီတယ်၊ လမ်းပေါ်မှာ ခလုတ်တို့ ဆူးငုတ်တို့ တောင်းစုတ်တို့ ဘာတို့တွေ့ရင် ဘေးဖယ်ပစ်တယ်၊ ပြီး ပုဆိုးကွဲတွေ ဘာတိုသံစတွေ့ရင်လဲ သူများတွေ မစူးမိအောင် အားလုံးကောက်ပြီး အမှိုက်ပုံးထဲ သွားပစ်တယ်၊ အဲသလို လုပ်တာဟာ အင်မတန်ကုသိုလ်ရတယ်လို့ ဆရာမက

www.burmeseclassic.com



ပြောတယ်'

'အေးပေါ့ကွ၊ အဲဒါ ပိုက်ဆံနဲ့ မလှူဘဲနဲ့ အများကြီးရတဲ့ ကုသိုလ်ပေါ့'

'ဒါဖြင့် ဟိုဘဝက မကောင်းမှုကို ခုဘဝမှာ ခံရသလို ခု ကျွန်တော်လုပ်တဲ့ ကုသိုလ်ကကော နောက်ဘဝမှ ရမှာလား၊ ဟင်'

သို့ မေးလိုက်သည်နှင့် ကိုထွန်းအောင်လည်း အားရပါးရကြီး ပြုံးကာ အတာ့ဘိုကေကလေးကို ပွတ်သပ်ရင်း အတန်ကြာ စိုက်ကြည့်နေပြီးမှ

'ဒီလိုမဟုတ်ဘူးကွ၊ မင်း အခုထားတဲ့ စိတ်ကောင်းမျိုးရယ်၊ သူတစ်ပါး ဘေးဥပါဒ်ဖြစ်မှာစိုးလို့ဆိုပြီး ပုလင်းကွဲတို့၊ ခဲတို့ လမ်းပေါ်မှာတွေ့ရင် ဖယ်ရှားပစ်တတ်တဲ့ စေတနာဟာ ချက်ချင်းလက်ငင်းလဲ အကျိုးပေးတတ်တယ်၊ နောက်ဘဝမှာလဲ အကျိုးပေးတာပဲကွ'

'ဒါဖြင့် ကျွန်တော့်ကိုတော့ ခု ဘာလို့ အကျိုးမပေးတာလဲ ဟင်'

ဤတွင် ကိုထွန်းအောင် မျက်လုံးဝိုင်းသွား၏။ အတာ့မေးခွန်းကို မဖြေနိုင်၍ မဟုတ်၊ အတာ မေးလိုက်ပုံကို အံ့သြသွားခြင်းသာဖြစ်လျက်

'အာဂ အကောင်ပဲကိုးကွ၊ မင်း ဟင်၊ အေး ငါပြောပြမယ်၊ ဇော်မိပင် ဆိုတာ မင်းသိသလား အတာ'

'ဟုတ်ကဲ့ ညောင်ရေသွန်းတဲ့ ဇော်မိပင်မျိုး မဟုတ်လား'

'အေး ဇော်မိပင်စိုက်ရင် ပျိုးရင် ဘာဖြစ်မလဲ သိသလား'

'ကုသိုလ်ရတာပေါ့၊ ကျွန်တော်တို့ကျောင်းမှာ ဆရာမက ဘုရားရှိခိုးခိုင်းရင် ခဏခဏပြောတယ်၊ မြတ်စွာဘုရား ဇော်မိပင်နဲ့ ရွှေပလ္လင်ကို အောင်မြင်တဲ့ အကြောင်းလေ'

'အေး၊ ဇော်မိပင်ပျိုးရင် ကုသိုလ်ရတယ် နော်၊ ကဲကွာ၊ အဲ့ဒီ ဇော်မိပင် က အကိုင်းတစ်ခုကို လူတစ်ယောက်က ချိုးပစ်တယ်ဆိုပါတော့၊ ဒီလူ ဘာဖြစ်မယ် ထင်သလဲ၊ မင်းထင်တာပြောစမ်း အတာ'

'ဟင် ငရဲကြီးမှာပေါ့၊ ဇော်မိပင်မဆိုထားနဲ့၊ ဒီပြင် သစ်ကိုင်းတစ်ကိုင်း ချိုးတောင် ငရဲကြီးတတ်တယ်တဲ့ ဆရာမက ပြောတယ်၊ သစ်ပင်ဆိုတာ ငှက် သတ္တဝါတွေရဲ့ အိမ်ပဲတဲ့'

'ကဲ ဒါဖြင့် ဇော်မိပင် အကိုင်းကိုချိုးရင် ပိုပြီး ငရဲကြီးမယ်ဆိုပါတော့ ကွာနော်၊ အေး ဒါပေမဲ့ လူတစ်ယောက်ဟာ ဇော်မိပင်အကိုင်းကို ချိုးမိလို့ ရွှေအိုးကောက်ရဘူးသတဲ့ကွ၊ အဲဒါ မင်း ဘယ့်နှယ့် သဘောရသလဲ အတာ'

'ဗျာ'

အတာလည်း အံ့သြသွားသလို အမူအရာကလေးဖြင့် သို့လျှင် ရေရွတ်ရင်း တွေနေသောကြောင့်

'အေး ဇော်မိကိုင်းချိုးလို့ ရွှေအိုးကောက်ရသတဲ့၊ အဲဒါ ဘာကြောင့်လဲ မင်းသိသလား'



ယခုထိပင် ထူးဆန်းသောစကားကို ကြားရသလို ပါးစပ်အဟောင်းသား နှင့် ကိုထွန်းအောင်အား ငေးကြည့်နေရာမှ

'ဟင့်အင်း ကျွန်တော် မသိဘူး'

'ကဲ မှတ်ထားနော်၊ ငါ ပြောပြမယ်၊ ရှေးတုန်းက လူဆင်းရဲတစ်ယောက် ဟာ ရှင်ဘုရင်ဖြစ်နိုင်တဲ့ ဘုန်းကံ ကြွန်အင်္ဂါနဲ့ ပြည့်စုံပြီး တစ်နေ့နေ့မှာ အမှန်ပဲ ဘုရင်ဖြစ်လိမ့်မယ်ဆိုတာကို သူ့ဟာသူ မသိဘူးတဲ့၊ နောက် ဘုရင် ဖြစ်ခါနီးဆဲဆဲမှာ ဇော်မိကိုင်းကို ချိုးမိတဲ့အပြစ်ကြောင့် ဘုရင်ဖြစ်တော့မဲ့နေ့ကျ တော့ ရွှေအိုးတစ်လုံးပဲ ကောက်ရတော့သတဲ့'

'ဟာ သိပ်မိုက်တဲ့လူပဲနော်၊ ဘုရင်သာဖြစ်ရင် ပွမှာပဲ'

အသိဉာဏ် မသေးလှသော အတာကလေးလည်း ချက်ချင်းသဘောပေါက် သွားရာမှ သို့လျှင် အားမလို အားမရကလေး ပြောလိုက်သောကြောင့်

'ကဲ နောက်ဆုံးတစ်ခု နားထောင်ဦး၊ အခြား တစ်ယောက်ကတော့ ဇော်မိပင်ပျိုးမိလို့ ပေါင်ကျိုးသွားသတဲ့ကွ'

'ဟင် လာပြန်ပြီတစ်မျိုး'

အတာလည်း သူအံ့သြသွားပြန်သလောက် စကားလည်း ကပေါက်ကချော ကလေး ထွက်လာသဖြင့် ကိုထွန်းအောင်က ပြုံး၍

'အဲဒါကတော့ တခြားမဟုတ်ဘူး၊ အဲဒီလူသာ တကယ်လို့ ဇော်မိပင် မပျိုးမိရင် နောက်သုံးရက် ကြာတဲ့အခါမှာ အမှန် သေရတော့မယ်တဲ့၊ ဒါပေမဲ့ ဇော်မိပင်ပျိုးလိုက်မိတဲ့ ကုသိုလ်ကြောင့် သေရမဲ့နေ့မှာ မသေရတော့ဘဲ ပေါင် ကျိုးရုံသာ ကျိုးသွားသတဲ့၊ မင်း သဘောပေါက်ရဲ့လား၊ အတာ'

'ဟုတ်ကဲ့ ပေါက်ပါတယ်'

'နေဦး ငါရှင်းအောင် ထပ်ပြောဦးမယ်၊ ပထမလူဟာ ရှင်ဘုရင်ဖြစ်ထိုက်ရဲ့ သားနဲ့ ဇော်မိကိုင်းချိုးမိတဲ့အပြစ်ကြောင့် ရွှေအိုးတစ်လုံးပဲ ရလိုက်တယ်၊ ရှင်ဘုရင်သာဖြစ်ရင် ရွှေအိုးတစ်လုံးမပြောနဲ့ အလုံးတစ်ထောင်လောက်တောင် သူပေးချင်တဲ့လူကို ပေးပစ်နိုင်မှာ နော်'

'အင်းပေါ့ သူက မိုက်သွားတာကိုး'

'အေး အဲဒါ ဟိုဘဝက သူများကောင်းကျိုးတွေ အများကြီးလုပ်ခဲ့ဘူးလို့ ဒီဘဝမှာ ရှင်ဘုရင်ဖြစ်ထိုက်တဲ့ ကုသိုလ်ကံပါလျက်သား၊ သူမိုက်လို့ ရှင်ဘုရင် မဖြစ်ရတာ နော်၊ အဲ ဒုတိယလူကတော့ ဟိုဘဝက သူများအကျိုးယုတ်အောင် လုပ်၊ မတရားတာကြံပြီး သူများအသက်တွေသတ်နဲ့ မဟုတ်တာတွေ လုပ်ခဲ့လို့ ဒီဘဝမှာ အသက်ရှည်ရှည်နေရဖို့ ကုသိုလ်ကံ မပါပေမဲ့လဲ ဇော်မိပင်ပျိုးလိုက်တဲ့ ကောင်းမှုကြောင့် သူဟာ စောစောမသေရဘဲ ပေါင်ကျိုးရုံ ကျိုးရသတဲ့ကွ၊

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီ မဟုတ်လား၊ ငါပြောတာ'

အတာက ညင်ညင်သာသာ ခေါင်းကလေး ညိတ်ပြလိုက်၏။

'အဲဒါ ဥပမာအဖြစ် ပြောတာကွ၊ ကဲ ခုန မင်းမေးတယ် နော်၊ ကျွန်တော် စိတ်ကောင်းထားရက်နဲ့ ဘာ့ကြောင့် ခုလို ဒုက္ခတွေ့နေရသလဲ မဟုတ်လား၊ ပြီး ဒီဘဝမှာ သူများကောင်းကျိုးဆောင်တဲ့ ကုသိုလ်အတွက် နောက်ဘဝမှ ခံစားရမှာလားလို့ အဲသလို မင်းမေးတယ်၊ အေး ခုန ငါပြောသလိုပေါ့ အတာ၊ တကယ်လို့ ဟိုဘဝက မင်းမှာ ဘာမှအပြစ်မရှိရင် မင့်စေတနာအကျိုးဟာ ဒီဘဝမှာပဲ ခံစားရမှာ အမှန်ပဲကွ၊ ခုတော့ မင့်မှာ ဟိုဘဝက အပြစ်ကလေးတွေ ရှိနေသေးလို့ မင်း ဒီအကျိုးကို မခံစားရသေးတာပေါ့၊ နားလည်ပြီလား'

သွက်သွက်ကလေး ခေါင်းညိတ်လိုက်ပြီးမှ

'တကယ်လို့ ခုဘဝမှာလဲ စိတ်ကောင်းမထားဘဲ မတရားတာတွေလုပ်နေရင် သူများတွေကို မနာလိုဝန်တိုဖြစ်နေရင် ကျွန်တော် ခုထက်ပိုပြီး ဒုက္ခရောက်မှာပေါ့နော်'

ထိုအမေးကို ကိုထွန်းအောင် ရုတ်တရက် မဖြေ။ အတာ့ ပခုံးကလေး နှစ်ဖက်ကို သွက်သွက်ခါအောင် လှုပ်လိုက်ပြီးမှ

'ဟုတ်တယ် အတာ၊ မင်း ဒီဘဝမှာ ဒီထက်ပိုပြီး ဒုက္ခရောက်ဖို့မရှိတော့ဘူး၊ အေး ရှေ့လျှောက်ဆိုရင် မင်းစိတ်ကောင်းထားသလောက် အကျိုးခံစားရမှာချည့်ပဲ၊ သိလား'

'ဟုတ်ကဲ့၊ ကျွန်တော် ဟိုဘဝကအပြစ်တွေ မြန်မြန်ကျေသွားအောင် အရင်ကထက်ပိုပြီး စိတ်ကောင်းထားမယ် နော်'

'အေးကွာ၊ ငါ့သားလေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ မြန်မြန်ကြီး ကောင်းကျိုးခံစားရပါစေ၊ ဒုက္ခအပေါင်းက အမြန်ဆုံး လွတ်ပြီး အမြန်ဆုံး ချမ်းသာပါစေ'

ကိုထွန်းအောင်သည်လည်း သည်းလှိုက်အူလှိုက်ပင် အတာ့ ဘိုကေကလေးကို ပွတ်ရင်း တတွတ်တွတ် ဆုတောင်းနေတော့၏။

\+ + +

နွေရာသီ ကျောင်းရက်ရှည် ပိတ်ခဲ့သည်မှာ ယနေ့နှင့်ဆိုပါက ဆယ်လေးငါးရက်မျှ ရှိခဲ့ပြီဖြစ်၏။ သူ့မေမေမှာလည်း ထမင်းမရောင်းတော့ဘဲ မူလအတိုင်း ပါးစပ်ပွဲစား အဖြစ်သာ စခန်းသွားနေသောကြောင့် အတာတွင် အချိန်ပြည့်အားနေ၏။ အားနေသည့်အလျောက် သူငယ်ချင်းများ ဆွဲရာပါပြီး ရယ်စရာထိုင်ပြောလိုက် ကစားလိုက်ဖြင့် အချိန်သည် ကုန်မှန်းမသိ ကုန်နေခဲ့သော်လည်း ကျန်သေးသည့်



ရက်အားများအတွင်း၌ မည်သည့်အရောင်းအဝယ် တစ်ခုခုလုပ်လျှင် ဝင်ငွေ ဖြောင့်လေမည်နည်း ဟူ၍ကား အတာ အမြဲစဉ်းစားလျက်ရှိ၏။

ယနေ့သော် သူ့ အိပ်ရာမှ နီးနီးချင်း အကြံတစ်မျိုး ရလာ၏။ သို့စိတ်ကူးကလေး ပေါက်လာသည်ဆိုလျှင်ပင် အတာလည်း သူ့ဆရာမကြီးပေးသည့် ငွေတစ်ဆယ်အနက်မှ ကျစ်ကျစ်ကလေးစုထားသဖြင့် ကျန်နေသော ငွေကလေး သုံးကျပ်ခွဲကို သူ ဝှက်ထားသည့် ဝရန်တာ ကြွက်လျှောက်ပေါ်မှ တက်ယူကာ ၂၆ လမ်းထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်သွားတော့၏။

နို့ဆီ၊ ထောပတ်၊ မုန့်သေတ္တာ၊ သကြားလုံး စသော စည်သွပ်ကုန်များ ရောင်းသည့် ၂၆ လမ်းထဲမှ ဆိုင်တစ်ဆိုင်ဝင်ကာ အတာလည်း သကြားလုံး မျိုးစုံနှင့် တော်ဖီ၊ ချောကလက်များကို တပွေ့တပိုက်ဝယ်၍ ထွက်လာခဲ့၏။ တစ်ဖန် မောင်ခိုင်လမ်း (ယခု ဗိုလ်ရှုံသမ်း) ထိပ်ရှိ တရုတ်ကုန်စုံဆိုင်သို့ သွားပြန်ကာ သူဝယ်နေကျဖြစ်သော ချိုချဉ်သီးနှံယိုကလေးများလည်း ထိုက်သလောက် ဝယ်ခဲ့ပြန်၏။

အိမ်ရောက်သည်နှင့် သူကောက်၍ သိမ်းထားခဲ့သော ပဒုမ္မာအုပ်ထည့်သည့် ကတ်ထူသေတ္တာကြီး တစ်ခုကိုထုတ်၍ ဘေးပတ်လည်ရှိ ထောင့်ချိုးကလေးများကို ဆုတ်ပစ်လိုက်၏။ ညီညီစန့်စန့်နှင့် အောက်ခံရောအဖုံးပါ ကတ်ပြားပြန့်ပြန့် ၂ ချပ် ဖြစ်လာသောအခါ အတာသည် ခဲတံတစ်ချောင်းနှင့် မျဉ်းကွက်ချလိုက်၏။ နောက် တစ်၊ နှစ် သုံး လေး စသဖြင့် အင်္ဂလိပ်ဂဏန်းများရေးကာ အမှတ်စဉ် တပ်လိုက်သည်၌ တစ်မှ ဆယ့်နှစ်အထိ အကွက်ကလေးပေါင်း နှစ်ဆယ့်နှစ်ကွက်ဖြစ်လာ၏။

ထိုနောက်တစ်ဖန် ကော်ပီစာအုပ်ထဲမှ စာရွက်လွတ် လေးငါးရွက်ဆုတ်ယူကာ ဂဏန်းခပ်သေးသေးဖြင့် တစ် နှစ် သုံး လေး ရေးရပြန်၏။ ပြီးလျှင် သူ့လုံချည်စုတ် တစ်ထည်ကို ဆွဲထုတ်လာပြန်ကာ အပ်၊ အပ်ချည်၊ ကတ်ကျေးတို့ဖြင့် အတန်ကြာအောင် အလုပ်ကလေး ရှုပ်ထွေးနေပြန်၏။ သို့နှင့် နာရီဝက်သာသာကြာသော် တစ်တောင်ခန့်သာသာ အိပ်ကလေးတစ်လုံး ဖြစ်လာတော့၏။

ထိုကိစ္စအပြီးတွင် ဝယ်လာသော သကြားလုံးမျိုးစုံနှင့် ချိုချဉ်ယိုများကို အထုပ်ဖြေလျက် သံဘူးလွတ်များထဲတွင် ထည့်တန်သည်ကို ထည့်၍၊ စက္ကူငယ်ငယ်နှင့် အထုပ်သေးသေး ထုပ်တန်သည်ကို ထုပ်ကာ၊ နောက်ထပ် တစ်နာရီ သာသာလောက် အလုပ်ရှုပ်နေပြန်၏။

ကျေနပ်လောက်သည်အထိ အစစပြီးစီးသွားမှပင် အတာလည်း သူတကုတ်ကုတ်လုပ်နေသော ပစ္စည်းများနှင့်အတူ စက္ကူကတ်နှစ်ခုကို ချိုင်းတွင်ညှပ်၍ အိမ်တံခါး သော့ပိတ်ပြီး အပေါ်ထပ်မှ ဆင်းလာခဲ့၏။

သူတို့ကစားနေကျ နေရာဖြစ်သော ကုန်ဂိုဒေါင် တစ်ခုရှေ့၌ ခုံရှည်များဖြင့် ဒိုးပစ်ကစားနေကြသော အတာ့သူငယ်ချင်းများလည်း အတာ့ကို မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အပြေးအလွှား ရောက်လာကြတာ၊ အတာကလေး တစ်ပွေ့တစ်ပိုက် သယ်လာသော ပစ္စည်းများကို ဝိုင်းဝန်းကူညီ သယ်ယူသွားကြ၏။

ကြိုတင်မှာကြား အသိပေးထားခဲ့၍လော မသိ။ မြန်မာကလေးများက အတာ့ပစ္စည်းများ ဝိုင်းသယ်သွားချိန်၌ ကုလားနှင့် တရုတ်ကလေးများကလည်း ဂိုဒေါင်ရှေ့တွင် စီတင်ထားသော ထင်းရှူးသေတ္တာပုံထဲမှ အရွယ်တော် သေတ္တာနှစ်လုံးကို ချကာ ပလက်ဖောင်းပေါ်တွင် မျက်နှာချင်းဆိုင် စီထားလိုက်ပြီး အတာတို့ ရောက်အလာကို ဝမ်းမြောက်ဝမ်းသာ မျှော်နေကြ၏။

သို့ အတာ့သူငယ်ချင်းများ၏ ဝိုင်းဝန်းကူညီမှုကြောင့် နာရီဝက်လောက် အတွင်းမှာပင် ပိုက်ဆံတစ်ပြားပေး၍ မဲလိပ်နှိုက်ရသော ကလေးကြိုက် ချိုချဉ်ဆိုင် ကလေးတစ်ဆိုင် ဖြစ်သွားတော့၏။

'အတာ ငါအရင်ဈေးဦးဖောက်မယ်ကွ၊ ရော့' ဟု မောင်မောင်က ပိုက်ဆံ တစ်ပြား လှမ်းပေးလိုက်သည်တွင် ဘဆွေကလည်း အားကျမခံ

'ငါအရင်ကွ၊ ငါ အစထဲက ပြောထားတာ' ဟု သူ့ထက်ငါဦး အလု အယက် ပိုက်ဆံပေးနေပြန်သောကြောင့်

'ကဲပါကွာ၊ မင်းတို့နှစ်ယောက်စလုံး ပြိုင်တူပဲ နှိုက်ပေါ့၊ ဟုတ်လား'

သို့လျှင် အတာက မျှမျှတတ ဖြန်ဖြေလိုက်မှ

'ကဲ ပေးကွာ၊ နှိုက်မယ်' ဟု မောင်မောင်ရော ဘဆွေပါ ကျေကျေနပ်နပ် သဘောတူလိုက်ကြ၏။

အတာလည်း ပိုက်ဆံနှစ်ပြားကို ဈေးဦးပေါက်ခေါက်သလို ဖယားကွက် ချထားသည့် ကတ်ထူပြားတွင် ခေါက်လိုက်ပြီးမှ သူ့လုံချည်စုတ်ဖြင့် ချုပ်ထား သော မဲလိပ်အိတ်ကို တဆတ်ဆတ်နှင့် နှံ့သွားအောင် လှုပ်နေ၏။

'ကဲ ရော့၊ နှိုက်ကြ'

မောင်မောင်နှင့် ဘဆွေလည်း ပြိုင်တူပင်နှိုက်၍ မဲလိပ်တစ်ခုစီ ကောက် ယူကာ အသီးသီး ဖြေကြည့်လိုက်သည်၌

'ခြောက်ကွ'

'နံပါတ်ရှစ်ကွ'

သို့ အော်၍ ရေရွတ်လိုက်သော အသံနှင့်အတူ နှစ်ယောက်စလုံးပင် ၆ နှင့် ၈ ဂဏန်းဆီသို့ အသီးသီး မျက်လုံးရောက်သွားကြ၏။

'ကဲ ယူဟေ့၊ နံပါတ်ခြောက် မောင်မောင်က လိမ္မော်မှာ ၄ ခု၊ နံပါတ် ရှစ် ဘဆွေက ကြဇူသီး ၃လုံး' ဟု ပြောရင်း အတာက ကောက်ယူပေးလိုက် သည်ကို

'ကွာ နံပါတ်တစ်ဆို ပွမှာပဲ၊ တစ်မတ်တန် သကြားလုံး ပုလင်းကြီး' ဟူ၍လည်းကောင်း၊



'အေးကွာ၊ အနည်းဆုံး နံပါတ်သုံး ဆိုတာတောင် နှစ်ပြားတန် ရမှာကွ နော်'

သို့လျှင် ဘဆွေနှင့် မောင်မောင်တို့က တက်တခေါက်ခေါက်နှင့် အားမလို အားမရ ပြောနေကြစဉ် အခြားသော အတာ့သူငယ်ချင်းများလည်း

'နေဦးဟေ့ အတာ၊ ငါလဲ ပိုက်ဆံသွားယူမယ်၊ အေးကွ၊ ငါလဲ တို့ အမေဆီ သွားတောင်းခဲ့မယ်'

သို့ပြောရင်း ပြန်သူက ပြန်သွားကြ၏။ ဘဆွေနှင့် မောင်မောင်ကမူ ခပ်လှမ်းလှမ်းတွင် ကစားနေကြသော သုံးလေးငါးနှစ်အရွယ် မြန်မာ၊ တရုတ်၊ ကုလား လူမျိုးစုံကလေးများကို အပြေးအလွှား သွားရောက် ဆွဲခေါ်လာကြ၏။

'ဟေ့ ဒီမှာကြည့်စမ်း၊ တစ်ပြားနဲ့ နံပါတ်ဝမ်းပေါက်ရင် တစ်မတ်တန် သကြားလုံးပုလင်းကြီး ရမယ်၊ နံပါတ်တူးဆိုရင် ငါးပြားတန် ချောကလက်ရမယ်၊ နံပါတ်သရီးဆိုရင် တော်ဖီ နှစ်ပြားဖိုးတန် ရမယ် ဟုတ်လား၊ သွား အိမ်ပြန် ပိုက်ဆံတောင်းခဲ့'

မောင်မောင်နှင့် ဘဆွေတို့က မြန်မာလိုတစ်မျိုး၊ ကုလားလိုဖြင့် တစ်ဖုံ သို့လျှင် ဝါဒဖြန့်လိုက်သောကြောင့် မကြာမီပင် အတာ့ ချိုချဉ် ထီဆိုင်ကလေးမှာ ကလေးများဖြင့် မြိုင်နေတော့၏။

တစ်၊ နှစ်၊ သုံး စသော ဂဏန်းကွက်များတွင် ဆိုခဲ့သည့်အတိုင်း ကလေးများ မက်လောက်အောင် အဖိုးတန် စားစရာကလေးများ ချထားပြီး နံပါတ် ခုနစ်မှ ဆယ့်နှစ်အထိတွင်မူကား လမ်းထဲ၌ လည်ရောင်းသော သကြား လုံး ချိုချဉ် ကုလားများထံတွင် တစ်ပြားဖိုးဝယ်၍ ရသလောက်ထက်မနည်း လိမ္မော်မှာ သကြားလုံး လေးခု၊ တော်ဖီတစ်ပြားတန်တစ်ခု၊ ဆားငံသီး၊ ချင်းခြောက် အစရှိသော အထုပ်ကလေးများနှင့် အခြားသော သကြားလုံးမျိုးစုံကို တစ်ပြားဖိုးထက် မလျော့အောင် အစီအရီချထား၏။

ထို့ကြောင့်လည်း တစ်လမ်းလုံးရှိ ကလေးများသည် ပလာမရှိ၊ အနည်းဆုံး တစ်ပြားတန်ကိုကား စားရဦးမည်ဖြစ်ပြီး ကံကောင်းပါက တစ်မတ်တန်၊ ငါးပြားတန် စသဖြင့် ရနိုင်သေးသော မျှော်လင့်ချက်ကြောင့် အတာ့ဆိုင်တွင် တဝုန်းဝုန်း ဖြစ်နေတော့၏။

အတာကလေး၏လမ်းထဲသို့ရောက်ခဲ့သည်မှာ လေးငါးလခန့်ရှိပြီဖြစ် သည့်အတိုင်း ကလေးများအပေါ်တွင် စိတ်ဝင်စားတတ်သော အရပ်ထဲမှလူကြီး များသည်လည်းကောင်း၊ အတာ့ သူငယ်ချင်းအပေါင်းတို့၏ မိဘများသည်လည်း ကောင်း အတာကလေး၏ အပြောအဆိုလိမ္မာပုံ၊ အပြုအမူကလေးများ နှစ်လို ဖွယ်ရှိပုံတို့ကို အတော်အတန် ခေါက်မိသိရှိနေကြပြီဖြစ်၏။ ဂုဏ်စိုက် အက ခတ်မိသူများက အတာ့စိတ်ထားကိုပို၍သိကြပြီး အမှတ်တမဲ့ မြင်မိသူတို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း အထိုက်အလျောက် အတာ့သိမ်မွေ့မှုကလေးများကို အနည်းအကျဉ်း သဘောပေါက်နေကြပြီဖြစ်ရာ

ယခုကဲ့သို့ အတာနှင့် ကလေးထု တစုစုတရုံးရုံးဖြစ်နေကြသည်ကို မြင်သည်နှင့် အတာ့အပြုအမူကို ချစ်သော လူကြီးလူရွယ်အချို့ကလည်း အတာ ပတ်ဝန်းကျင်၌ အဘယ်ကြောင့် တရုံးရုံးဖြစ်နေသည်ကို သိလိုဟန်ဖြင့် စိတ်ဝင်တစား ရောက်လာကြတော့၏။

'ထိုးကြနော် တစ်ခါထိုး တစ်ပြားရယ်၊ ကံကောင်းရင် တစ်မတ်တန် သကြားလုံးပုလင်းကြီးရမယ်၊ ငါးပြားတန် ချော့ကလက်လဲ ရနိုင်တယ်' ဟူ၍ လည်းကောင်း၊

'ရပ်ကြည့်လို့ အမြတ်မရှိဘူးဗျနော်၊ ကိုယ်ထိုးမှ ကိုယ်ရမယ်၊ ပိုက်ဆံ တစ်ပြားနဲ့ တစ်မတ်တန် အလကားရမယ်၊ ပလာမရှိဘူး၊ အနည်းဆုံးတစ်ပြားတန် ချိုချဉ် ရနိုင်တယ်ဗျ' ဟူ၍ တစ်မျိုး

အတာသည် တိုးတိုးတစ်ခါ ကျယ်ကျယ်တစ်လှည့်ဖြင့် ဝိုင်းအုံရပ်နေကြသော လူရွယ်ကာလသားနှင့် လူကြီးများကိုကြည့်ရင်း သို့လျှင် ရေရွတ်နေသောကြောင့် အားလုံးပင် အတာ၏ စီးပွားရေး စိတ်ဓာတ်ကို အမြတ်တနိုး သဘောကျနေတော့၏။ အချင်းချင်းလည်း လက်တို့ကာ အတာအား ချီးကျူးနေမိရာ သူတစ်ပြား ငါတစ်ပြားဖြင့် အတာ့မဲလိပ်များကို တစ်လှည့်စီ ဝင်နှိုက်ကြတော့၏။

ထိုထို ကာလသားနှင့် လူကြီးများက သို့လျှင် ဝင်၍ မဲနှိုက်ကြသည်မှာ ကလေးများနည်းတူ တစ်မတ်တန်၊ ငါးပြားတန် စသည်တို့ကို မက်၍မဟုတ်၊ အတာကလေးအား ချစ်သော သနားသောကြောင့်သာ ဖြစ်၏။ ထိုအထဲတွင် အတာကလေးအား အမြဲဂရုတစိုက်ကြည့်၍ အတာ့အပြုအမူကို နှစ်ထောင်းအားရ သဘောကျနေခဲ့သော ပိုးထည်ဆိုင်တစ်ဆိုင်မှ မန်နေဂျာသည် အခြားသော လူကြီးလူရွယ်များကဲ့သို့ တစ်ပြားဖိုးမျှသာ မဟုတ်။

'ကဲ အတာ၊ ဦးလေး နောက်တစ်ပြားဖိုး နှိုက်ဦးမယ်' ဟု ပြောပြော ဆိုဆို ပဲစေ့ကလေးတစ်စေ့ ပစ်ပေးရင်း နှိုက်လိုက်၏။

'နံပါတ်ကိုး' ဟု မန်နေဂျာက ပြောလိုက်သည်နှင့်

'ဆားငံသီးတစ်ထုပ်' ဟု အတာက ပြန်လည်အော်ရင်း နံပါတ်ကိုးမှ ဆားငံသီးထုပ်ကလေးကို ကောက်ပေးလိုက်၏။ မန်နေဂျာလည်း အတာလှမ်းပေးသော ဆားငံသီးထုပ်ကို နီးစပ်ရာ ကလေးတစ်ယောက်အား ပစ်ပေးလိုက်ပြီး

'ကဲ ပိုက်ဆံမအမ်းနဲ့ဦးကွာ၊ ငါ နှိုက်ဦးမယ်' ဟု ပြောရင်း အတာ့ မဲအိတ်ကလေးတွင် လက်လျှိုကာ အတန်ကြာမွှေနှောက်နေပြီးမှ မဲလိပ်တစ်ခု ဆွဲထုတ်လိုက်၏။

'ဉ်ဖွ၊ နံပါတ်တစ်'ဟု ရေရွတ်ရင်း မဲလိပ်ကို ဖြေလိုက်ပြီး



'ဟာကွာ၊ နံပါတ် ဆယ့်တစ်တဲ့'

'ဒါဖြင့် ဦးလေး တော်ဖီတစ်ခုပဲရမယ်၊ ရော့ ခင်ဗျ'ဟု အတာက ကောက်ယူ လှမ်းပေးလိုက်သည်ကို မန်နေဂျာလည်း စောစောကနည်းတူပင် အခြားသော ကလေးတစ်ယောက်ကို ပေးလိုက်၏။

'ကဲ အတာရေ၊ ဦးလေး ဒီတစ်ခါတော့ ကျန်တဲ့ နှစ်ပြားဖိုးစလုံး နှိုက်မယ်နော်၊ မဲလိပ်နှစ်ခု' ဟု ပြောကာ ဤတစ်ကြိမ်တွင်မူ ကြာကြာစမ်းမနေတော့ဘဲ နှစ်ခုသော မဲလိပ်ကို ချက်ချင်းပင် ဆွဲထုတ်လိုက်ပြီးနောက် ရယ်စရာ လုပ်သလို အမူအရာဖြင့် မဲလိပ်တစ်ခုကို ဖြည်းဖြည်းချင်းဖြေလိုက်ပြီးမှ

'ဟာကွာ နံပါတ်ဆယ့်တစ်ပဲ ပြန်ရတယ်' ဟု ပြောလိုက်သဖြင့် အတာသည်း တော်ဖီတစ်ခု ကောက်ပေးလိုက်၏။ နောက်မဲလိပ်တစ်ခုမှာမူ နံပါတ်ခုနစ်ဖြစ်၍ ပက်ပါမစ်သကြားလုံး နှစ်လုံးသာရ၏။ ဤတွင် မန်နေဂျာဦးလေးလည်း သူ့ဟာသူ အလွန်သဘောကျနေသည့်အလား တဟားဟားရယ်နေပြီးမှ

'ဟော့ကောင်လေး အတာရ၊ မင့်မဲလိပ်ထဲမှာ နံပါတ်တစ်မှ ပါရဲ့လား ကွ ဟင်' ဟု မန်နေဂျာဦးလေးက မေးလိုက်သည်ကို

'ပါတယ်လေ၊ ကျွန်တော်တို့ကိုတောင် သူ့အခုန ပြသေးတယ် ဦးလေးချစ်ရဲ့' ဟု တရုတ်ကလေး တစ်ယောက်က ဝင်၍ ထောက်ခံလိုက်၏။

'ကဲ တကယ်ပါရင် ဦးလေးချစ်ကို ပြစမ်း' ဟု ဦးလေးချစ်က အတာ့အား ပြောလိုက်သည်နှင့် အတာလည်း ချက်ချင်းဆိုသလိုပင် သူ့မဲအိတ်ကိုဟ၍ နံပါတ်တစ် ရှာသလို လက်နှင့်မွှေနေပြီးမှ မဲလိပ်တစ်ခု ထုတ်ယူဖြေပြလိုက်ရင်း

'ဒီမှာကြည့်လေ ဦးလေးချစ်၊ ဒါ နံပါတ်တစ် မဟုတ်ဘူးလား၊ ကဲ' ဟု အတာက ကျော့ကျော့မော့မော့ကလေး ပြောလိုက်သောကြောင့် ဦးလေးချစ်လည်း ထိုမဲလိပ်နံပါတ်တစ်ကို အသေအချာ ယူကြည့်လိုက်ပြီးမှ

'သြ အေး အေး၊ နံပါတ်တစ်လဲ ပါသားပဲ'

'ဒါဖြင့် ဦးလေးချစ် ယုံပြီ မဟုတ်လား'

'အေးပါဗျာ၊ ယုံပါပြီ၊ ဦးလေးက ကံမကောင်းလို့ မပေါက်တာကိုး' ဟု ပြောရင်း ရယ်ကာမောကာနှင့် လှည့်ထွက်သွားတော့၏။

သို့ ဦးလေးချစ် လာ၍ မနှိုက်မီကပင် အချို့သော အတာ့သူငယ်ချင်းများနှင့်အတူ အခြားသော ကလေးများကလည်း နံပါတ်တစ် ပါ မပါ ပြခိုင်းကြသေးသည်နှင့် အတာလည်း စောစောကအတိုင်းပင် အားလုံးကျေနပ်အောင် မိတ်ရှည်လက်ရှည် ထုတ်၍ ဖြေ၍ နံပါတ်တစ်ကို ပြခဲ့ရသေး၏။

ဤလိုဖြင့် တစ်နာရီလောက်အတွင်းမှာပင် တစ်ကျပ်နီးပါးဖိုးမျှ ရောင်းနေရပြီဖြစ်၏။ မဲနှိုက်သူများလည်း မပြတ်သေး။ စောလည်း စောသေးသည်ဖြစ်သောကြောင့် အချိန်ကုန်သည်အထိသာ ထိုင်မည်ဆိုက နောက်ထပ် တစ်ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလောက် ရောင်းရဦးမည် အတာ ခန့်မှန်း၏။

တပျော်တပါး မဲနှိုက်စားသောက်နေကြသော ကလေးများမှာ အားလုံး လိုလိုပင် လူချမ်းသာ သားသမီးများ ဖြစ်သည့်အလျောက် တစ်ယောက်လျှင် နှစ်ပြားဖိုး အနည်းဆုံးနှိုက်ကြ၏။ အချို့လည်း မုန့်စေ့ကလေးတစ်စေ့ လှမ်းပေးကာ ရှစ်ကြိမ်ရှစ်ခါ ပြည့်သည်အထိ နှိုက်ကြ၏။ ဤလို တစ်မုန့်ဖိုးကုန်အောင် နှိုက်သော ကလေးကိုမူ အတာသည် အဆစ်သဘောမျိုးဖြင့် အခမဲ့တစ်ကြိမ် နှိုက်ခွင့်ပေးလိုက်၏။

ရှစ်ကြိမ်တိတိ တစ်ပြားတန်ထက်မပိုသော စားစရာသာရသည့် ထိုကလေး လည်း အတာက အခမဲ့အဆစ်အဖြစ် တစ်ကြိမ်နှိုက်ခွင့် ပြုလိုက်မှ နှစ်ပြားဖိုးမျှ သော တော်ဖီများချထားသည့် နံပါတ်သုံး ပေါက်သွားသောကြောင့် ထိုကလေး လည်း ဝမ်းသာအားရ ထခုန်လေတော့၏။

ဤသို့ ကလေးတစ်ယောက် နှစ်ပြားတန် ပေါက်သွားသည်နှင့် အခြား သော ကလေးများပါ လှုပ်ရှားအားကျလာကာ အသီးသီးအိမ်ပြန်ပြေး၍ မိဘ များထံ တငိုငိုတရယ်ရယ်ဖြင့် ပိုက်ဆံတောင်းကြပြန်၏။ သို့နှင့် နာရီဝက်ခန့် ကြာသော် ဦးလေးချစ် ရောက်လာပြန်လျက်

‘ကဲ အတာ၊ ဦးလေးလဲ တစ်ပြားဖိုးလောက် နှိုက်ဦးမယ်’ ဟု ပြောပြော ဆိုဆို ဦးလေးချစ်က ပိုက်ဆံတစ်ပြား ပစ်ပေးလိုက်သဖြင့် အတာလည်း မဲအိတ်ကလေးကို ဦးလေးချစ်ဆီသို့ ထိုးပေးလိုက်၏။

ဦးလေးချစ်လဲ အတာထိုးပေးလိုက်သော မဲအိတ်တွင် လက်နှိုက်၍ အတန်ကြာ စမ်းနေပြီးမှ မဲတစ်လိပ်ကို ထုတ်ဆွဲကာ ဖြည်းဖြည်းချင်း ဖြေနေ၏။ အနီးရှိ ကလေးများလည်း ဦးလေးချစ်၏ အမူအရာကို ရင်တထိတ်ထိတ်နှင့် ကြည့်နေကြသည့်အခိုက်

‘ဟော ပေါက်ပြီကွ၊ နံပါတ်တစ်’

ဦးလေးချစ်လည်း သို့အော်လိုက်ရာမှ မဲလိပ်ကလေးကို အတာအား ဖြန့်ပြပြီးမှ အိတ်ာ့လက်ထဲသို့ ထည့်လိုက်ကာ တစ်မတ်တန် သကြားလုံးပုလင်းကို ကောက်ယူ ထွက်ခွာသွားတော့၏။

ရုတ်တရက်ဖြစ်၍ အနီးရှိကလေးများ ငေးနေမိသကဲ့သို့ပင် အတာလည်း အကြောင်သား ငိုင်၍ ကျန်ရစ်ခဲ့၏။

‘ဟာ့ကွာ၊ ဦးလေးချစ်ကြီး ပွသွားတာပဲ နော်’

‘အေးကွ၊ သကြားလုံးပုလင်းကြီးကို ပေါက်သွားတာပဲ’

သို့လျှင် တစ်ယောက်တစ်မျိုး ရေရွတ်လိုက်သံကြားမှ အတာလည်း ကယောင်ကတမ်းထကာ

‘မောင်မောင်ရေ ခဏကြည့်ထားလိုက် နော်’ ဟု ပြောပြောဆိုဆို



ဦးလေးချစ်ရှိရာ ပိုးထည်တိုက်ထဲသို့ အပြေးကလေးလိုက်ဝင်သွား၏။ ဦးလေး ချစ်လည်း ဆိုင်တွင်းရှိ အရောင်းစာရေးများအား သကြားလုံး ပုလင်းကိုပြရင်း ရယ်ကာမောကာနှင့် တစ်စုံတစ်ရာပြောနေရာမှ အတာ ဝင်လာသည်ကို မြင်လိုက် လျှင် မြင်လိုက်ခြင်း

‘ဘာလဲဟေ့ အတာ၊ ပိုက်ဆံအကြွေအမ်းချင်လို့လား၊ လာ လာ’

ဦးလေးချစ်က မျက်နှာထား တည်တည်နှင့်ပင် လှမ်းမေးလိုက်သည့် တိုင်အောင် အတာသည် တစ်စုံတစ်ရာ ဘာမျှ ပြန်မဖြေသေးဘဲ ဦးလေးချစ် ရှေ့တွင်ရပ်ကာ အရည်လည်နေသော မျက်လုံးကလေးများဖြင့် ဦးလေးချစ် ကိုင်ထားသော သူ့သကြားလုံးပုလင်းကို လှမ်းကြည့်လိုက်၊ ဦးလေးချစ်ဆီ လှည့်လိုက်ဖြင့် နှုတ်ခမ်းကလေး တရှုရှုလှုပ်နေသောကြောင့်

‘ပေးလေကွာ ဘယ်လောက်ဖိုး အမ်းချင်လို့လဲ’ ဟု ဦးလေးချစ်က ထပ်၍ ပြောမေး မေးလိုက်မှပင်

‘ကျွန်တော် ပိုက်ဆံအမ်းမလို့ မဟုတ်ပါဘူး၊ ဟို’

အဘယ်ကြောင့်ဟူ၍ မသိ၊ အတာ့ အသံသည် တုန်တုန်ကလေး ထွက် လာရာမှ စကားစသည် ဤတွင်ပင် တန့်သွားပြီး သကြားလုံးပုလင်းဆီ မျက်လုံးရောက်သွားပြန်သောကြောင့်

‘ဩ ဩ၊ ဦးလေးထိပေါက်တဲ့ သကြားလုံးပုလင်းကို မင်း ပြန်ဝယ်ချင် လို့လား၊ ရောင်းမယ်လေ၊ မင်း ဘယ်လောက်ပေးမလဲ၊ ကဲပါကွာ၊ မင်းက ဒါ တစ်မတ်တန်လို့ ပြောတယ်မဟုတ်လား၊ ကိစ္စမရှိဘူး၊ သုံးပဲပဲ ပေးတော့၊ လျှော့ ဈေးနဲ့ပဲ ရောင်းမယ်၊ နော်’

အတာတွင် ရုတ်တရက် ဘာမျှမပြောနိုင်သေးဘဲ မျက်ရည်သာလျှင် တဝေဝေဝဲနေ၏။ နှုတ်ခမ်းကလေးများသည်လည်း တဆတ်ဆတ်လှုပ်နေ၏။

တိုက်ထဲရှိ အခြားသော စာရေးများမှာမူ အတာအား ရယ်စရာကောင်း သော သတ္တဝါလေးသဖွယ် ပြုံးကာရယ်ကာဖြင့် သဘောကျသလို ကြည့်နေကြ၏။

‘ဘာလဲကွ၊ သုံးပဲ များလို့လား၊ ကဲပါကွာ ဒါဖြင့် တစ်မူးပဲ ပေးတော့ ဟုတ်လား’

‘အမယ် ဦးလေးချစ် တကယ်ပေါက်တာမှ မဟုတ်ဘဲ၊ ဦးလေး ကလိန်ကျ တာ’

အတာလည်း လည်ချောင်းရှင်းသလိုဖြင့် နင်နေသော တံတွေးကို မျိုချရင်း သို့လျှင် ငိုသံပါကလေးနှင့်ပြောလိုက်သောကြောင့် တစ်ဆိုင်လုံး ဝါးခနဲ ရယ်သွား တော့၏။ ဦးလေးချစ်တွင်လည်း မနေနိုင်၊ တစ်ကိုယ်လုံး ယိုင်သွားသည်အထိ ရယ်လိုက်မိပြီးမှ

‘ဘာပြောတယ်ကွ အတာ၊ ဦးလေး ကလိန်ကျတယ် ဟုတ်လား’

www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့၊ ဦးလေးမှ နံပါတ်တစ် မပေါက်ဘဲ ဦးလေး လိမ်တာ'

ဤတွင်လည်းတစ်ဖန် တစ်ဆိုင်လုံး ရယ်သံဖြင့် ညံသွားတော့၏။

'ဟောဗျ၊ မင့်ရှေ့တင်ပဲ ငါနှိုက်ပြီး နံပါတ်တစ် မဲလိပ်ကို မင့်လက်ထဲ ပေးခဲ့တယ် မဟုတ်လားကွ'

'ဟုတ်တယ်လေ၊ ဒါပေမဲ့ ကျွန်တော့်မဲလိပ်အိတ်ထဲမှာ နံပါတ်တစ်မှ ထည့်မထားတာ'

အတာ ဤသို့ပြောလိုက်သည်နှင့် ခွက်ထိုးခွက်လန် ရယ်လိုက်ကြသော အသံများသည် စောစောကထက်ပင် ပို၍ ဆူညံသွားလေတော့၏။ အတန်ကြာ သည်တိုင် တဝါးဝါး တဟားဟား ဖြစ်နေကြပြီးမှ

'နေပါဦးကွ အတာရ၊ ခုန နံပါတ်တစ်ပါရဲ့လားလို့ ငါက မေးတော့ ပါ ပါတယ် ဦးလေးချစ်ရဲ့ဆိုပြီး နံပါတ်တစ် မဲလိပ်ကိုတောင် မင်းထုတ်ပြ သေးတယ် မဟုတ်လား'

'ဟုတ်တယ်လေ၊ ဦးလေးချစ် မယုံမှာစိုးလို့ ထုတ်ပြတာပေါ့'

အတာက မျက်ရည်ကလေးစမ်းစမ်းနှင့် မဲ့မဲ့ရွဲ့ရွဲ့ ဖြေလိုက်သောကြောင့်

'အေးလေကွာ၊ ဒါကြောင့် အဲဒီနံပါတ်တစ် ငါပေါက်တာပေါ့'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီ နံပါတ်တစ်က ကျွန်တော့်လက်ထဲမှာ ဖွက်ထားပါတယ်ဆိုမှပဲ၊ ဒီမှာကြည့်ပါလား၊ ဒါက ကျွန်တော့်နံပါတ်တစ် အစစ်၊ ဒီမဲလိပ်က ဦးလေးဟာ ဦးလေး ရေးယူလာတာ၊ ကဲ ဦးလေးကလိန်ကျတာ မဟုတ်လား'

စာရေးများတွင်လည်း ယခုတိုင် တဝါးဝါး ဖြစ်နေသေး၏။

'ဒါဖြင့် မင်းနံပါတ်တစ်ကို တကယ် ထည့်မထားဘူးပေါ့၊ ဟုတ်လား'

'ဟင့်အင်း၊ ထည့်ချင်ယောင်ဆောင်ပြီး လက်ထဲမှာ ပြန်ဖွက်ထားတာ ဦးလေးရ၊ ကဲ ကြည့်'

အတာလည်း ကိုင်ထားသော မဲလိပ်ကလေးတစ်လိပ်ကို အိတ်ထဲထည့်ဟန် ပြုပြီးမှ လက်မနှင့်ညှပ်၍ အိတ်အဖျားတွင်စုကိုင်လျက် သူ့ဂုဏ်နည်းကိုပါ ပြလိုက်ပြီးမှ

'ဒီလို ဦးလေးရဲ့၊ ဒါကြောင့် ဦးလေးပေါက်တာ မဟုတ်ဘူးပြောတာပေါ့ ရော့ ဦးလေးရေးလာတဲ့ မဲလိပ်အတုကြီး' ဟု ပြောပြောဆိုဆို လှမ်းပေးလိုက်ရင်း

'ဒါက ကျွန်တော့်မဲလိပ် နံပါတ်တစ် အစစ်' ဟု သူ့မဲလိပ်ကို လက်ဝါး ပေါ် ဖြန့်တင်ပြနေသောကြောင့် အားလုံးပင် တပြုံးပြုံးရှိနေကြကာ

'ကဲ ဦးလေးမေးပါရစေဦး၊ နံပါတ်တစ်ကို မင်း ဘာဖြစ်လို့ မထည့်ဘဲ ဖွက်ထားရသလဲ'

'ဟာ တကယ်ထည့်ထားလို့ ခဏခဏပေါက်နေရင် ကျွန်တော် ရှုံးမှာပေါ့ ဦးလေးရ'

ဝါးခနဲ ဆူသွားပြန်၏။

'ဒါပေမဲ့ နှစ်ရယ်၊ သုံးရယ်၊ လေးရယ် အဲဒီ မဲလိပ်တွေတော့ တစ်ခုစီ ထည့်ထားပါတယ် ဘုရားစူး'

'နို့ ဒီပြင်နံပါတ်တွေကော တစ်ခုစီပဲ ထည့်သလား'

'ဟာ ဦးလေးကလဲ ဒီပြင်နံပါတ်တွေကတော့ တစ်မျိုးကို နှစ်ဆယ်စီ လောက် ထည့်ရတယ်၊ ဒါမှ နှစ်တို့ သုံးတို့ အပေါက်နည်းမှာပေါ့'

ဤတွင်လည်း တပြုံးပြုံးဖြစ်နေကြပြန်၏။

'ဒါဖြင့် မင်းကလိန်ကျတာပေါ့'

'ဟင် ဘယ်ဟုတ်ရမှာလဲ၊ ဒါ ဒီလိုပဲလုပ်ရတယ် ဦးလေးရဲ့၊ ထုံးစံ'

ဝါးခနဲ ရယ်လိုက်ကြသောအသံသည် တစ်ဆိုင်လုံး ပွဲတင်ထပ်သွား-တော့၏။

'ဒါ ထုံးစံ ဟုတ်လားကွ၊ ကဲ ထုံးစံပဲ ထားပါတော့ကွာ၊ ခု မင်းဘာလာ လုပ်တာလဲ'

ရယ်ရယ်မောမော ပြောနေရာမှ ရုတ်တရက် မျက်နှာကိုတည်လိုက်ရင်း သို့လျှင် ဦးလေးချစ်က မေးလိုက်သောကြောင့် အတာတွင်လည်း မျက်နှာကလေး ငယ်သွားကာ သကြားလုံးပုလင်းဆီသို့ မျက်လုံးကစားလိုက်ရင်း

'အဲဒီပုလင်း ပြန်ပေးပါဦးလေးရယ် နော်'

သို့ပြောလိုက်ရာမှပင် အလွှန့်အလွှန် နမြောသွားသလို မျက်ရည်ကလေး သိုလာ၏။

'ဘယ်ပေးနိုင်မလဲကွ၊ ငါထိပေါက်တာပဲဥစ္စာ'

'ဟုတ်ပါဘူးဗျာ၊ ဦးလေး ကလိန်ကျတာပါ'

'အေး ဒါဖြင့် မင်းနံပါတ်တစ် ထည့်မထားဘဲ ကလိန်ကျတာကိုလဲ ကလေးတွေလျှောက်ပြောလိုက်မယ်'ဟု ပြောပြောဆိုဆို ဦးလေးချစ်က ခြေလှမ်း ပြင်လိုက်သည်နှင့် အတာလည်း အူယားဖားယား ရှေ့မှဆီး၍တားကာ

'မလုပ်ပါနဲ့ ဦးလေးရာ' ဟု ညိုးညိုးငယ်ငယ် အသနားခံလိုက်ပြီးမှ

'ကဲ ဒါဖြင့် ဦးလေးပြောတဲ့ တစ်မူးပဲယူ၊ ကျွန်တော့်ကို ပုလင်းပြန်ပေး ပါနော်'

သို့ပြောရင်းကပင် အတာလည်း စိတ်ကလေးမပါ့တပါနှင့် မူးစေ့ တစ်စေ့ နှိုက်၍ ပေးနေသောကြောင့်

'အလကား ဦးလေးက ကစားတာပါကွာ၊ ရော့ ရော့ မင်းပုလင်း ပြန်ယူသွား'

ဦးလေးချစ်လည်း ရယ်ရယ်မောမော ပြောဆိုပြန်ပေးရင်း အတာ့ ခေါင်း

www.burmeseclassic.com



လေးကို ပွတ်လိုက်ပြီးမှ

'ဟော့ အတာ၊ မင်း နောက်ကိုကော နံပါတ်တစ်မထည့်တဲ့ ထားဦးမှာလား'

'ထည့်ရင် ကျွန်တော် ရှုံးမှာပေါ့ ဦးလေးရ'

အတာလည်း သကြားလုံးပုလင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြည့်နေရာမှ ဆတ်ခနဲ မော့၍ ပြောလိုက်သောကြောင့်

'ဒါဖြင့် မင်း ညာရောင်းတာပေါ့ကွ ဟုတ်လား'

'ဟင် ဘယ်မှာ ညာတာဟုတ်လို့လဲ၊ တစ်ပြားဖိုးနှိုက်ရင် တစ်ပြားတန်တော့ ရသွားသေးတယ်၊ ဒါ ညာတာလား၊ ကဲ'

'ဒါဖြင့် နံပါတ်တစ်မပါဘဲနဲ့ ဒီတစ်မတ်တန် သကြားလုံးပုလင်းကို ဘာဖြစ်လို့ ထည့်ထားသေးလဲကွ၊ ဒါ ညာတာပေါ့'

ဒါကတော့ သူတို့ မနှိုက်ချင်အောင်လို့ပေါ့ ဦးလေးရ'

'ဟာ မင်းသိပ်လည်တဲ့ကောင်လေးပဲ၊ ငါ ထိပ်တောင်ခေါက်လိုက်ချင်ပြီကဲ သွားတော့'

သို့သော် အတာ ရုတ်တရက် ထွက်မသွားသေး။ တစ်စုံတစ်ရာတွေးသလိုငေးနေပြီးမှ

'ဒီမှာ ဦးလေးချစ်၊ သူတို့မေးရင်လေ ဒီသကြားလုံးပုလင်းကို သုံးပဲနဲ့ပြန်ရောင်းလိုက်တာပါလို့ ပြောပါနော်' ဟု အတာက မျက်နှာထားလေးမချိုမချဉ်နှင့် ပြောလိုက်သောကြောင့်

'ကောင်းပါပြီခင်ဗျာ၊ ပြောပါ့မယ်၊ ကောင်းပါပြီ'

ဦးလေးချစ်ကလည်း သို့ပြောရင်း အတာ့ထိပ်ကလေးကို အသာလှမ်း၍ထုလိုက်မှ အတာလည်း ဇက်ကလေးပုရင်း ဝမ်းသာအားရ ပြေးထွက်သွားလေတော့၏။

\+ \+ \+

အတာ မဲလိပ်ဆိုင်ကလေးမှာ အမြင်အားဖြင့် ဘာမျှမဟုတ်သော်လည်း ဝင်ငွေကားမသေးလှ။ တစ်နေ့လျှင် ငါးမူးမှ သုံးမတ်ဖော်အထိ အသားတင် အမြတ်ပေါ်ခဲ့၏။ သို့သော် ထိုပိုက်ဆံများကို လုံးလုံးလျားလျား စုရသည်ဟူ၍ မရှိဘဲ

'နင့်ရှိတဲ့ပိုက်ဆံနဲ့ ထမင်းဝယ်စားနော်၊ နောက်တော့ ငါပြန်ပေးမယ်'

'ပိုက်ဆံငါးမူးလောက် ခဏပေးစမ်း အတာ၊ ငါ့ အကြွေမရှိလို့'

မသိန်းမေလည်း ထုံးစံအတိုင်း ဤသို့ပြော၍ ဤသို့တောင်းတတ်ရုံသာမက ရံဖန်ရံခါဆိုသလိုပင် အတာ့ပိုက်ဆံနှင့်ပင် စိုက်၍ ဥဖ ကောင် ထိုးခိုင်းတတ်သေး၏။ သို့သော် အတာ မငြိုငြင်။

'သူများတွေကိုတောင် မရှိဆင်းရဲရင် ပေးရ ကျွေးရသေးတာ၊ ကိုယ့်



မိဘကို ပေးတယ်ဆိုတော့ ပိုတောင် ကုသိုလ်ရဦးမှာ'

ဤသို့ စေတနာ အဖူးအထွတ်ဖြင့် အတာသည် မတွန့်မတို။ သူ့အမေအလိုကို တတ်နိုင်သမျှ ဖြည့်စွမ်းခဲ့၏။ သို့အလျောက်လည်း အတာ့ ဝင်ငွေမှာ ရေရေရာရာ ပိုလာသည်ဟူ၍မရှိဘဲ တလုံးတလည်လည်နှင့်ပင် ကျောင်းဖွင့်တော့မည့်ရက်သည် တဖြည်းဖြည်း နီးကပ်လာတော့၏။

ကျောင်းဖွင့်လျှင် တွေ့ရတော့မည့်ပညာရေးပြဿနာကို အတာ ကြိုကြိုတင်တင် မြင်ခဲ့၏။ မြင်ခဲ့သည့်အတိုင်းလည်း ပြင်ဆင်မှုဖြင့် သကြားလုံးထီဆိုင်ဖွင့်ကာ ငွေဝင်လမ်းရှာခဲ့သော်လည်း ထိုအခါမှစ၍ သူ့ထမင်း သူဝယ်စားရရုံသာမက မသိန်းမေကပါ တတိတိပွဲခဲ့သောကြောင့် နောက်ဆုံးအတာတွင်ပါလက်မဲ့ဖြစ်နေတော့၏။

နွေရာသီအတွက် ပိတ်ခဲ့သော ကျောင်းအသီးသီးလည်း ဖွင့်ခဲ့ပြီ။ အရပ်ထဲရှိ လူငယ်အားလုံးသည်လည်း ကျောင်းစ၍ တက်ကြလေပြီ။ အတာတွင်မူ ကျောင်းဖွင့်သည့် ပထမနေ့ကသာ ကျောင်းသို့ရောက်ခဲ့၏။ စာမေးပွဲကိုလည်း တစ်တန်းလုံးတွင် ပထမဆွဲသော စံချိန်ဖြင့် အောင်မြင်ခဲ့သောကြောင့် မကြာမီရက်အတွင်း ဆုပေးမည်ဟု ဆရာမကြီးက ခေါ်ပြောလိုက်သေး၏။ အတန်းတက်ရုံသာမက ဆုပါပေးဦးမည် ဆိုသဖြင့် အတာ ဝမ်းသာနေလိုက်သည်မှာကား ပြောစရာပင်မရှိ။

ထိုမျှသာ မဟုတ်သေး။ အတာ့ကို မောင်ကလေးအရင်းတမျှ ချစ်နေပြီဖြစ်သော ကျော်ကျော်၏ မမသည်ပင် သူအတန်းတက်ခဲ့ရသည့် တတိယတန်း၏ အတန်းပိုင်ဆရာမဖြစ်နေပြန်သောကြောင့် အတာတွင် ရွှင်ချင်တိုင်း ရွှင်နေတော့၏။ သို့သော် ထိုထိုရွှင်လန်းဝမ်းမြောက်မှုကား သူ့တွင် ကြာကြာမခံ။ ကျောင်းတက်ပြီးခဲ့၍ ဆရာမက ကျောက်သင်ပုန်းကြီးတွင် ရေးပေးလိုက်သော အားလုံးဝယ်ရမည့် ကျောင်းစာအုပ် စာရင်းနှင့်တကွ ကျောင်းလခများကိုပါ ကူးယူထွက်ချက်မိသည်နှင့်ပင် အတာ၌ တစ်ခါတည်း မှိုင်ကျသွားတော့၏။

အတန်းတက်ခဲ့သည်နှင့်အမျှ ကျောင်းလခလည်း တစ်ကျပ်တက်သွားပြန်ပြီဖြစ်၏။ နွေရာသီပိတ်ထားခဲ့သော နှစ်လခနှင့် ကျောင်းဖွင့်သော လအတွက်ပါ စုစုပေါင်း သုံးလအတွက် ငွေကိုးကျပ်ဖြစ်၏။ အတန်းကြီးလာသောကြောင့် ဘာသာရပ်ပိုလာကာ သို့ ဘာသာရပ် ပိုလာသည့်အလျောက်လည်း ဖတ်စာအုပ်အမျိုးအမည်ရော ကော်ပီစာအုပ် စသည်တို့ပါ အတော်များများ ပို၍ ဝယ်ရပေတော့မည်။ သင့်ငွေ အားလုံးပေါင်းလိုက်သော် အတာတွင် ခေါင်းကိုက်မတတ်ဦးနှောက်ရှုပ်သွားတော့၏။

ထိုနေ့ညနေ အိမ်ပြန်ရောက်၍ သူ့မေမေအား ကျောင်းလခနှင့် ဝယ်ရမည့် စာအုပ်စာရင်းကို မရဲတရဲ တင်ပြလိုက်သည်နှင့်

'သွား သွား၊ ငါ့လာမပြနဲ့၊ ငါ မသိဘူး သွား' ဟု ရူးရူးဝါးဝါး အော်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်တိုင်အောင် အတာ့အမူအရာတွင် စိတ်ဆိုးသွားသည့် အရိပ်အရောင် မပြ။ သူ့မေမေက နားရင်းမအုပ်လိုက်သည်ကိုပင် ကျေးဇူးတင်မိသွားသေးတော့၏။ ကိုထွန်းအောင်တွင်လည်း ထိုကိစ္စနှင့် ပတ်သက်၍ ဘာမျှ မတတ်နိုင်၊ သူကိုယ်တိုင်ကပင် ယခု မသိန်းမေ ရှာကျွေးသည်ကို စားနေရသောကြောင့် စိတ်အမောသားနှင့်သာ လက်မှိုင်ချနေရရှာ၏။

\+ \+ \+

'ဘာကြည့်နေတာလဲ ဒေါ်ဒေါ်သန်း၊ လက်ဖက်ရည်မှာမလို့လား၊ ကျွန်တော် သွားမှာပေးမယ်လေ'

ပရိက္ခရာဆိုင် တစ်ဆိုင်၏ တံခါးဝတွင်ရပ်ကာ တစ်စုံတစ်ရာ ရှာသလို ကြည့်နေသော ဖြူဖြူဝဝ အမျိုးသမီးကြီးတစ်ယောက်အနီးသို့ အပြေးကလေး ချဉ်းကပ်သွားကာ အတာက ဤသို့ မေးလိုက်သောကြောင့်

'ဩော် အတာ၊ အေး ဒေါ်ဒေါ်က လက်ဖက်ရည်မှာမလို့ မဟုတ်ပါဘူးကွဲ့၊ ဒီဆိုင်က ကော်ဒယား သိတယ်မဟုတ်လား ဟင်'

'ဟုတ်ကဲ့ သိပါတယ်'

'အေး ကော်ဒယားကို သွားရှာပေးစမ်း၊ သက်န်းသေတ္တာတွေ မန္တလေး ရထား သွားပို့ပေးရမယ်၊ မြန်မြန်လာလို့ ပြောနော်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်'

အတာသည် ဤလို အရိပ်အကဲ သိတတ်မကလေးများကြောင့်လည်း တစ်ရပ်လုံးကလိုလို အတာ့ကို ချစ်ကြ၏။

စာတိုက်သို့ခိုင်းမည်လော၊ ရုံးကုမ္ပဏီတွင် ပစ္စည်းတစ်ခုခု အဝယ်လွှတ်မည်လော၊ အငှားမော်တော်ကား ခေါ်ခိုင်းဦးမည်လော၊ အတာကို ခိုင်းက တစ်ခေါက်တည်းနှင့် ကိစ္စပြီးနိုင်၏။ အတာသည် ခိုင်းမှမဟုတ်၊ မခိုင်းဘဲနှင့် လုပ်သင့် လုပ်ထိုက်သည်မှာ အဘယ်အရာများဟူ၍လည်း သူသိ၏။ တစ်အိမ် အိမ်က စည်းမရှိကမ်းမရှိ လမ်းမလယ်ခေါင်သို့ ကြွက်သေကောင်ပစ်ထားလျှင် ထိုကြွက်သေကောင်ပုပ်ကို အတာပင်ယူ၍ ပစ်တတ်၏။ ဖောင်းစုတ်ပလုံးစုတ်များ လမ်းမအလယ်တွင် ရှုပ်နေကလည်း အားလုံးကိုစု၍ ကြိုးနှင့်သီကာ အမှိုက်ပုံရှိရာသို့ အတာကပင် ဆွဲယူသွားတတ်သေး၏။ မတော် တဆ ကားကြိတ်၍ ကြောင်ကလေး ခွေးကလေးများ သေသွားလျှင်လည်း အတာကပင် ကြိုးနှင့်ဆွဲ၍ အမှိုက်ပုံရှိရာသို့ ပို့လိုက်တတ်၏။

ယင်းသို့သော အတာ၏ စိတ်ကောင်းရှိမှု အလိုက်သိတတ်မှု လိမ္မာရေးခြားနှင့် အကင်းပါးမှုတို့ကြောင့်ပင် သူ့အား မချစ်သူဟူ၍ မရှိသလောက် ရှားခဲ့၏။

ယနေ့လည်း အတာသည် မကြည်လင်လှသော မျက်နှာထားကလေးဖြင့်



လျှောက်ရာကမှ ပရိက္ခရာဆိုင်ရှေ့သို့ အရောက်တွင်

'အတာရေ ခဏဟေ့' ဟု ထိုဆိုင်ထဲမှ လှမ်းခေါ်လိုက်သဖြင့် အတာလည်း ခပ်သုတ်သုတ် ပြေးဝင်သွားကာ

'ဒေါ်ဒေါ်သန်း ကျွန်တော့်ကို ခေါ်တယ်မဟုတ်လား၊ ဘာခိုင်းမလို့လဲဟင်'

'မခိုင်းပါဘူးကွဲ့၊ ပြောစရာရှိလို့ ခေါ်တာ၊ ကဲ ထိုင်စမ်း အတာ'

အတာလည်း သူ့ဒေါ်ဒေါ်သန်း ထိုင်နေရာတွင် ကွပ်ပျစ်နှင့် မလှမ်းမကမ်း သမံတလင်းတွင် ဆောင့်ကြောင့်ကလေး ထိုင်လိုက်သည်နှင့်

'ဟဲ့ အပေါ်တက်ထိုင်လေအတာ၊ လာခဲ့ ဒီကွပ်ပျစ်ပေါ် တက်ထိုင်' ဟု ဒေါ်ဒေါ်သန်းက ဇွတ်ခေါ်လိုက်မှပင် အတာလည်း ကျုံ့ကျုံ့ယုံ့ယုံ့ကလေး တက်ထိုင်လိုက်၏။

'မင့်ကို ဒေါ်ဒေါ်သန်း သတိထားကြည့်နေခဲ့တာ လေးငါးရက်ရှိပြီ၊ ဒီပြင်ကလေးတွေ အသီးသီးကျောင်းတက်ကြတယ်၊ မင်းကတော့ ဘာလို့ ကျောင်းမသွားသလဲ အတာ'

ရှက်ကလည်း ရှက်၊ ဝမ်းလည်းနည်းသွား၍လော မသိ။ အတာတွင် ရုတ်တရက် အဖြေမပေးနိုင်ဘဲ မျက်ရည်ကလေးသာ ဝဲနေ၏။

'ဘာလဲ မင်းကျောင်းထွက်လိုက်ပြီလားကွဲ့ ဟေ'

'ဩ ဩ ဒီလိုဆိုလဲ ဒေါ်ဒေါ်သန်းကို လာပြောရောပေါ့ကွယ်'

'အို မမနယ်၊ သူ့ဟာသူတော့ ဘယ်လာပြောဝံ့ပါ့မလဲလို့' ဟု အနီးရှိ မိန်းမပျိုတစ်ဦးက ဝင်ထောက်လိုက်သောကြောင့်

'အေး ဒါလဲ ဟုတ်တာပဲ၊ ကဲ ငိုမနေနဲ့တော့ အတာရယ်၊ မင့်ကို ဒေါ်ဒေါ်သန်း ကျောင်းထားပေးမယ် နေမလား'

အချုပ်အနှောင်ထဲမှ မမျှော်လင့်ဘဲ လွတ်လာသော သေဒဏ်ခံရဆဲ အကျဉ်းသမားသည်ပင် ယခု အတာလောက် မျက်နှာထားရွှင်လာလိမ့်မည် မထင်၊ ဤမျှလောက် အတာကလေး ဝမ်းမြောက်သွား၏။

'တကယ်လား ဟင်'

အတာကလေးတွင်လည်း မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားသည်နှင့်အမျှ ယင်းသို့ပင် လွှတ်ခနဲ မေးခွန်းထုတ်လိုက်မိရှာ၏။

ထိုနေ့ညဘက် သူ့မေမေရော ကိုထွန်းအောင်ပါ အိမ်တွင် ဆုံမိကြသည်နှင့် အတာလည်း သူ့ဒေါ်ဒေါ်သန်းက ကျောင်းထားပေးတော့မည် ဖြစ်ကြောင်းနှင့် ကောင်းသတင်းကို ဝမ်းသာအယ်လဲ ရှင်းပြလိုက်၏။ ကိုထွန်းအောင်တွင် တစ်မျက်နှာလုံး ဝင်းထိန်သွားသလောက် မသိန်းမေတွင်မူကား ဘာမျှထူးခြားသည့် အသွင်လက္ခဏာ မပေါ်မလာ။ အတာ့စကား ဆုံးသည်နှင့်

'သူတို့က ကျောင်းလခနဲ့ စာအုပ်ဖိုးတင်ပဲ ပေးမယ်တဲ့လား၊ မုန့်ဖိုးကော'

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်တွင် တင်လာတော့မည့် မုန့်ဖိုးတာဝန်အတွက် ရတက်မအေးသလိုဖြင့် မေးလိုက်သောကြောင့်

'မုန့်ဖိုးတော့ ဘာမှ မပြောဘူး မေမေ'

'ဟင်း'

လစဉ် ကျောင်းလခရော စာအုပ်ဖိုးများကိုပါ အတာကျောင်းနေ နေသမျှကာလပတ်လုံး ဒေါ်ဒေါ်သန်းတို့က ထောက်ပံ့မည် ဟူသည်ကိုမှ မသိန်းမေ ကျေးဇူးတင်စကား တစ်လုံးမျှမပြော။ စိတ်ဝင်စားသည့် အရိပ်အရောင်လည်းမပြ။ သို့လျှင် ဟင်းရှည်ကြီး ချလိုက်သောကြောင့် တစ်စုံတစ်ရာ စိတ်မချမ်းသာဖွယ် တစ်ခုခု ပြောတော့မည်ဟု ရိပ်မိလိုက်သည့်အတိုင်း ကိုထွန်းအောင်လည်း အတာအား ပရိယာယ်ဖြင့် ဆေးလိပ် အဝယ်ခိုင်းလိုက်တော့၏။

'ကျောင်းလခတွေ စာအုပ်ဖိုးတွေပါ ထောက်တဲ့နောက် မုန့်ဖိုးပါပေးတော့ကော ဘာဖြစ်သတဲ့လဲ'

ကိုထွန်းအောင်ထင်သည့်အတိုင်းပင် မသိန်းမေလည်း မုန့်ဖိုးပါ မထောက်ပံ့ရကောင်းလား ဟူသော သဘောမျိုး ပြောလိုက်သောကြောင့် ကိုထွန်းအောင်တွင် စိတ်ပျက်သွားသလို မျက်လုံးများကိုသာ နာနာမှိတ်ချလိုက်ရာမှ

'ကဲ မသိန်းမေ၊ ကောင်လေးရှေ့မှာတော့ ဘာမှ မပြောပါနဲ့ဗျာ၊ ခင်ဗျားကို ရှိခိုးပါရဲ့'

ကိုထွန်းအောင်တွင် အခြားသော နည်းလမ်းမရှိတော့သည့်အတိုင်း 'ရှိခိုးပါရဲ့' ဟူသော စကားနှင့်ပင် အညှခံ၍ တောင်းပန်လိုက်တော့လျက်

'ကဲ ဒီကောင်လေးမုန့်ဖိုးအတွက် ကျုပ်ပဲ တာဝန်ယူပါ့မယ်ဗျာ၊ ဟုတ်ပလား၊ ဟိုတုန်းကတော့ အင်မတန့်ကို အောက်ကျ နောက်ကျ နိုင်လွန်းလို့ ဝင်မလုပ်တာ၊ ခု ဝင်လုပ်တော့မယ်၊ အကျူစာရေးပဲ ဝင်လုပ်တော့မယ်၊ တစ်နေ့ ငါးမူးလောက်တော့ လက်ဖက်ရည်ဖိုးရမှာပဲ၊ ကိစ္စမရှိဘူး၊ ဒီကောင်လေးအတွက် မုန့်ဖိုးပေးနိုင်ရင် တော်ပြီ'

\+ \+ \+

ပြန်စာကိုလည်းကောင်း၊ လူကိုလည်းကောင်း၊ တောင့်တောင့်တတ မျှော်နေခဲ့သော ကျောင်းအုပ်ကြီးနှင့်တကွ အတာ့ဆရာမအပြင် အခြားသော ကျောင်းသူကျောင်းသားများပါမက မုန့်စားတန်းမှ ဈေးသည်များပါ အတာကလေး ကျောင်းပြန်ရောက်လာပြီကို သိလိုက်ရသည်နှင့် တစ်စုံတစ်ရာ အလိုပြည့်သွားသလို ပျော်မွေ့ကြည်နူးနှင့် အားလုံးပင် မြူးသွားကြတော့၏။

ကျောင်းအုပ်ဆရာကြီး ကိုယ်တိုင်ကလည်း မကြာခဏဆိုသလို ဘုရား



ရှိခိုးအပြီးတွင် အတာ၏ လိမ်မာရေးခြားရှိမှု၊ အလိုက်သိတတ်မှု၊ သွက်လက်ပေါ့ပါးမှု၊ ကိုယ့်ဝင်ငွေ ကိုယ်ရှာ၍ ပညာကို သင်လိုသည့် မွန်မြတ်သောစိတ်ဓာတ်ရှိမှု စသည်တို့ကို နမူနာထား၍ တစ်ကျောင်းလုံးကို ပြောကြား ဆုံးမလေ့ရှိ၏။ သို့ ပြောကြားသည့် အချိန်တိုင်းတွင်လည်း အတာကို အားလုံးမြင်နိုင်စေရန် ဆရာမကြီးက သူ့အနီးရပ်နေစေခဲ့၏။ ဤနည်းဖြင့် အတာမှာ သူ့ကျောင်းတွင် နာမည်ကျော် လူတော်ကလေးတစ်ယောက်အဖြစ် လူသိများခဲ့၏။ ချစ်သူခင်သူတွေလည်း ပေါခဲ့၏။

စာမေးပွဲကြီးတွင် အတန်းတိုင်းမှ ပထမ၊ ဒုတိယ၊ တတိယ ရသူများကို သင့်တော်သည့် ပစ္စည်းများဖြင့် ဆုအသီးသီး ချီးမြှင့်ခဲ့သောနေ့က အတာ ကျောင်းမတက်သောကြောင့် ယနေ့ ဘုရားရှိခိုးချိန်ပြီးမှပင် အတာအား ဆရာမကြီး ကိုယ်တိုင် ပထမဆုချီးမြှင့်ကာ အတာ၏ ပြောပြချက်အရ ပူပူနွေးနွေး သိလိုက်ရသော သူတစ်ထူးက ကျောင်းစရိတ် ထောက်ပံ့ချင်လာအောင် သူ့အဘယ်ပုံ လိမ္မာခဲ့သည်တို့ကိုပါ ထည့်ပြောရင်း အတာအား ချီးကျူးလိုက်ချေသေး၏။

အတာရသော ပထမဆုကား ကုလားမခြင်းတောင်းဆွဲ နှီးဆိတ်ကမှ ဆေးသော ငှင်းကုမ္ပဏီအမှတ်အသားပါသည့် အကောင်းစား ပေတံတစ်ချောင်းနှင့် ကုလားမခြင်းတောင်းဆွဲ နှီးဆိဘူးပုံစံအတိုင်း ပြုလုပ်ထားသော အလွန်လှပသည့် သံမဏိပိုက်ဆံစုဘူးအပြင် ကျောင်းအုပ် ဆရာမကြီးကလည်း ငွေငါးကျပ်ကို အထူးဆုအဖြစ် ချီးမြှင့်လိုက်ပြန်သောကြောင့် တစ်ကျောင်းလုံးပင် သြဘာသံများ လျှံ၍ တဖြောင်းဖြောင်း ညံဆူသွားလေတော့၏။

\+ \+ \+

အဆိုပါ ပရိက္ခရာတိုက်ဆိုင်မှ သူ့ဒေါ်ဒေါ်သန်းသည် လိုသမျှသော စာအုပ်ဖိုးနှင့် ကျောင်းလခများကို မှန်မှန်ကြီး ထောက်ပံ့ခဲ့ရုံသာမက တစ်ခါတစ်ရံ ခဲတံကိုပင် ဒါဇင်လိုက် ဝယ်ပေးတတ်သောကြောင့် အတာတွင် ကျောင်းစရိတ်နှင့် ပတ်သက်၍ စိတ်အေးချမ်းသာ ရှိခဲ့သည်နှင့်အမျှ စာသင်ရသည့်မှာလည်း အတော်ကလေး ကြည်ကြည်လင်လင် ဖြစ်နေခဲ့၏။ ကိုထွန်းအောင် တာဝန်လွှဲယူလိုက်မှ မုန့်ဖိုးသည်လည်း မှန်မှန်ရခဲ့၏။ အစစ အဆင်ပြေနေသလောက် အတာရှေ့ရေးသည်လည်း အားရစရာ ကောင်းလာပြီဖြစ်၏။

အတာတွင်လည်း စိတ်အေးလက်အေးနှင့် သင်ကြားနေရသည်ဖြစ်သောကြောင့် သူ့ဉာဏ်ကလေးမှာလည်း ထက်ချင်တိုင်း ထက်နေတော့၏။

ကျောင်းစရိတ်နှင့် မုန့်ဖိုးအတွက် အတာ၌ အသက်ရှူချောင်နေခဲ့ပြီဖြစ်သော်လည်း သူ့တွင် အဝတ်အစားပြဿနာသည် ရှိနေပြန်သေး၏။ ထိုပြဿနာကား သူ့ဘာသာသူ ဖြေရှင်းရမည်သာ ဟု အတာ နားလည်၏။ သို့

www.burmeseclassic.com

www.burmeseclassic.com



အလျော်ကလည်း မှန်မှန်ရသော ကျောင်းမုန့်ဖိုးအနက် အချို့အဝက်ကို သူစုရ၏။ ဤလိုစုရ၍ ငွေကလေးနှစ်ကျပ်လောက် ဖြစ်လာလျှင် ယခင်ကနည်းတူ သကြားလုံး ထီဆိုင်ကလေး ဖွင့်ပြန်၏။ ညနေ ကျောင်းပြန်ချိန်နှင့် စနေ တနင်္ဂနွေ ကျောင်းပိတ် ရက်အားများကို ထီဆိုင်ဖွင့်ခြင်းဖြင့် အတာ ငွေဝင်လမ်းရှာခဲ့၏။

ထုံးစံအတိုင်း မသိန်းမေကလည်း တစ်မူးတောင်း တစ်မတ်တောင်းဖြင့် အတာ ရောင်းရငွေထဲမှ နှိုက်ယူသုံးနေပြန်သောကြောင့် အတာတွင် သုံးလလုံးလုံး ရောင်းခဲ့သည်တွင်မှ ငွေတစ်ဆယ်မျှသာ ပိုက်မိခဲ့၏။ ရှပ်နှင့် လုံချည်ကလေး တစ်စုံဝယ်၏။ ပေါ်ပလင် တိုက်ပုံကလေးတစ်ထည် ချုပ်၏။

သို့နှင့် သီတင်းကျွတ်ပွဲတော် နီးကပ်လာသည်တွင် ဝင်ငွေ အဘယ်သို့ ရနိုင်မည်ကိုသာ အကွက်ရှာနေခဲ့သော အတာသည် ချက်ချင်းပင် အကြံတစ်ခု ရလာ၏။ ထိုအကြံကား သီတင်းကျွတ်ပွဲတော်အတွင်း၌ ဖြောက်အိုးနှင့် မီးပန်းများ ဝယ်ရောင်းလျှင် မြန်မြန်ငွေဖြစ်၍ တွက်ခြေလည်းကိုက်မည်ဟူသော အကြံ ဖြစ်၏။

ထိုအကြံအတိုင်းပင် အတာလည်း လက်ကျန်ရှိနေသေးသော သကြားလုံးနှင့် ချိုချဉ်များကို ခပ်ပေါပေါပေး၍ ရောင်းချလိုက်ပြီး ချက်ချင်းဆိုသလို ဖြောက်အိုးနှင့် မီးပန်းများ ပြေးဝယ်ကာ ဆိုင်သစ်တစ်ခု အမြန်ဆုံးတည်လိုက်လေတော့၏။

အတာတွက်ကိန်းကား အနည်းငယ်မျှပင် မတိမ်းအောင် မှန်နေခဲ့ပြီ ဖြစ်၏။ ယခင်ကဆိုလျှင် အရပ်ထဲရှိ ကလေးသူငယ်များ ဖြောက်အိုး မီးပန်းဖောက်ကစားလိုက လူကြီးမိဘများကိုယ်တိုင် တရုတ်တန်းသို့ သွားဝယ်ပေးရ၏။ ယခုသော် အတာ၏ကောင်းမှုကြောင့် တစ်ပြားနှစ်ပြား ပေးလိုက်လျှင် သွားဝယ်ရသည့်ဒုက္ခ အေးသွားတော့၏။

ကျောင်းကလည်း ပွဲတော်အတွက် ပိတ်ထားသောကြောင့် အတာမှာ အချိန်ပြည့် ရောင်းခွင့် ရသည်အတိုင်း သုံးရက်လောက်နှင့်ပင် အသားတင်အမြတ် ငွေလေးကျပ်လောက် ပိုက်မိသွားတော့၏။ သီတင်းကျွတ်လပြည့်ရန် နောက်ထပ် ခြောက်ရက်ခန့် လိုသေးသည်တစ်ကြောင်း၊ ပိုက်ဆံကိုမြင်သည်နှင့် အလျင်စလို တောင်းတတ်သော သူ့မေမေ၏ အန္တရာယ်ကို စိုးရိမ်မိသည်တစ်ကြောင်းတို့ကြောင့် အတာလည်း ထိုငွေလေးကျပ်ဖိုးစလုံး ပင် ဖြောက်အိုးအစုံနှင့် မီးပန်း၊ ခြစ်ဖြောက် စသည်တို့ပါ အတော်များများ ဝယ်ထားလိုက်ပြီး

'နောက် ခြောက်ရက်ကြာမှ လပြည့်မယ်ဆိုတော့ အနည်းဆုံး ခုနစ်ရက် ရှစ်ရက်တော့ ရောင်းရဦးမှာပဲ၊ ခု ငါဝယ်ထားတာ အားလုံး ကိုးကျပ်ဖိုးလောက် ရှိနေပြီ၊ ဒါ အကုန်ရောင်းရရင် ဆယ့်ခြောက်ကျပ်လောက် အနည်းဆုံးရမှာပဲ'

သို့လျှင် တွက်ချက်စိတ်ကူးရင်း မြူးနေမိရာမှ



'မန္တလေးလုံချည်တစ်ထည် ကောင်းကောင်းဝယ်မယ်၊ ပြီးတော့ ခု ဆောင်းတွင်းမှာဝတ်ဖို့ ကွတ်အင်္ကျီတစ်ထည် ချုပ်မယ်'

အတာလည်း ဤလိုစိတ်ကူးနှင့် ဆုံးဖြတ်လိုက်မိမှပင် သူ့မေမေ ထမင်းရောင်းစဉ်က နံနက် လေးနာရီထ၍ လက်ဖက်ရည်သွားဝယ်တိုင်း ချမ်းလွန်းသဖြင့် လုံချည်ကလေး ခြုံသွားရသည့်အဖြစ်ကို ချက်ချင်း တွေးမိလိုက်၏။

'ဟုတ်တယ်၊ ဒီတစ်ခါ ကွတ်အင်္ကျီတစ်ထည်တော့ ချုပ်ဖြစ်အောင်ချုပ်မယ် ကြည့်' ဟု သူ့ဆုံးဖြတ်ချက်ကို ပို၍ ခိုင်မာအောင် သန္နိဋ္ဌာန်ချလိုက်သည့်အခိုက်တွင် သူ့ဒေါ်ဒေါ်သန်း ရောက်လာကာ

'ဘယ့်နှယ်လဲဟေ့ အတာ၊ ရောင်းကောင်းရဲ့လား' ဟု မေးလိုက်သံကြား လိုက်ရသည်နှင့် အတာလည်း ထင်းရှူးသေတ္တာကလေးပေါ် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်ကာ ခပ်ယို့ယို့ အမူအရာကလေးဖြင့်

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒီနေ့အထိ ကျွန်တော် လေးကျပ်ခွဲ အမြတ်ပေါ်ပါပြီ'

'အေး အေး၊ ကောင်းတယ် ကောင်းတယ်၊ မင်းကတော့ အဘက်ဘက်က ဆော်တာပဲကိုးကွဲ့ ဟေ၊ ဘယ်အချိန် ဘာရောင်းရမယ်ဆိုတာ တစ်ခါတည်းသိနေတာပဲ၊ ကဲ ထိုင်ပါကွယ်၊ ထိုင် ထိုင်'

သို့သော် အတာက မထိုင်။ မိမိထက် အသက်အရွယ်ကြီးသူတို့အား ရိုသေလေးစားခြင်းတည်းဟူသော မြန်မာ့ယဉ်ကျေးမှု အထိမ်းအမှတ်ဖြင့် မတ်တတ် ရပ်လျက်ကပင် နားစွင့်နေ၏။

'နို့ ဒေါ်ဒေါ်သန်း မေးပါရစေဦး၊ အဲဒီ မြတ်တဲ့ပိုက်ဆံ မင်းဘာလုပ်မလဲ အတာ'

'ကျွန်တော် ကွတ်အင်္ကျီချုပ်မလို့ ဒေါ်ဒေါ်၊ နောက်ပြီး ပိုးလုံချည်လေးလဲ တစ်ထည်ဝယ်မယ်'

'သြ သြ အေးကွယ်၊ မင်းကတော့ လိမ္မာပြီးသားပဲ၊ ဒါနဲ့ အစမ်းစာမေးပွဲ ကောကွဲ့၊ ဟန်ပါ့မလား'

'ကျွန်တော်ပဲ ပထမရလိမ့်မယ် ထင်တာပဲ ဒေါ်ဒေါ်၊ အားလုံး ကျွန်တော် ဖြေနိုင်ပါတယ်'

'ကောင်းပါလေ့ကွယ်၊ အေး မင်းသာ စာကြိုးစား ကြားလား အတာ၊ ခေါင်း ဆယ်တန်းအောင်လို့ ကောလိပ်ရောက်ပြီးတဲ့နောက် ဘီအေတွေ ဘာတွေ အောင်ပြီး ဘီလပ်ကိုပါ ဆက်သွားချင် သွားဦး၊ ဒေါ်ဒေါ်သန်း စရိတ်ခံမယ်ကွဲ့၊ ငွေ့ပညာရေးအတွက်တော့ ဘာမှမပူနဲ့ ဟုတ်လား'

'ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်တော် ကြိုးစားပါ့မယ်' ဟု ပြောလိုက်သော အတာ့အသံမှာ ဝမ်းမြောက်ခြင်း ပြင်းထန်သွားသောကြောင့်လားမသိ၊ တုန်တုန် အက်အက်နှင့် မပီ့တပီ ထွက်လာ၏။ မျက်လုံးကလေးများသည်လည်း ပီတိနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ကာ ကြည်လည်ဝင်းစိုလာ၏။

'ကဲ ကဲ ရောင်းလိုက်ဦးအတာ၊ ဟိုမှာ ဝယ်သူလာနေတယ်' ဟု ပြောပြော ဆိုဆို သူ့ဒေါ်ဒေါ်သန်း ထွက်သွားမှပင် အတာလည်း ဝယ်သူကလေးတစ်ယောက် ကို လက်ပစ်ဖြောက်ထုပ်ကလေး ငါးလုံး လှမ်းပေးလိုက်ပြီး သူ့ဒေါ်ဒေါ်သန်း ပြောသွားသော စကားကြောင့် အတာကလေး အားတက်လာသည်နှင့်အမျှ နောင်ရေးအတွက်လည်း အတွေးသွက်သွက်နှင့် ပျော်နေလေတော့၏။

ညပိုင်းသို့ ရောက်လာခဲ့၍ အရောင်းအဝယ်လည်း သွက်တော့မည်ဖြစ်သည် အတိုင်း အတာသည် ခါတိုင်းကဲ့သို့ နည်းနည်းနှင့်ကျဲကျဲ မခင်းတော့ဘဲ ဝယ်ထား သမျှသော ဖြောက်အိုး၊ မီးပန်း အားလုံးကို ဗန်းခပ်ကြီးကြီးနှင့် ပြင်တာ သူ့ဆိုင်ကလေး မြိုင်သွားအောင် ဖောဖောသီသီ ခင်းထားလိုက်၏။

မီးထွန်းချိန်မှစ၍ တဖျောက်ဖျောက်နှင့် ဖောက်နေကြသော လက်ပစ် ဖြောက်သံ၊ မီးအိုးသံပါ တစ်လမ်းလုံး ဆူညံနေတော့၏။ မီးပန်းရောင်သည် တထိန်ထိန်လင်းကာ တစ်ရပ်ကွက်လုံး ဝင်းနေတော့၏။ ညဘက်၌ ဖြောက်အိုး ရောင်းရသည်မှာ ဝင်ငွေပင်ပိုသော်လည်း အတော်ကလေး အလုပ်ရှုပ်၏။ ဆိုင်ခံ သေတ္တာပေါ်တွင် မီးခွက်တစ်ခုထွန်း၍ ခပ်လှမ်းလှမ်းတွင် တစ်ခွက်ညှိပေးထားရ၏။

ခပ်လှမ်းလှမ်းမှ မီးခွက်မှာ ဝယ်သူကလေးများအတွက် မီးအိုးဖောက်ရန် မီးရှို့ရန်ဖြစ်လျက် အကြောင်းမသိ သဘောနားမလည်သော ကလေးများ၊ မီးပန်း ရှို့၍ ဖြောက်အိုးမီးတို့တိုင်း မီးခွက် ငြိမ်းတတ်သောကြောင့် မီးထ၍ ညှိပေးရသည်မှာ အလုပ်တစ်ခုလိုဖြစ်နေလျက် သို့ မီးထညှိနေခိုက် ကလေးများအလစ်နှိုက်မည် ကိုလည်း အတာ သတိထားရသေး၏။ မောင်မောင်နှင့် စိုးမြင့်တို့ရှိလျှင်မူ သူတို့က ကူညီကြသဖြင့် အတာတွင် သက်သာရသေး၏။

ထမင်းစားချိန်ဖြစ်သောကြောင့် စိုးမြင့်တို့ ဘဆွေတို့ ရောက်မလာကြ သေး။ အတာတစ်ယောက်တည်းသာလျှင် ကလေးများနှင့် ချာချာလည်နေတော့၏။

'ကိုတာကြီး၊ ဟိုမှာ မီးခွက်ငြိမ်းသွားပြီ လုပ်ပါဦး' ဟု ကလေးတစ်ယောက် က ပြောလာသည်နှင့် ထသွားပြီး မီးညှိပေးနေခိုက်တွင် တရှဲရှဲ တဒိုင်းဒိုင်းနှင့် ပြင်းထန်စွာ ပေါက်ကွဲနေသော အသံများသည် ရုတ်တရက်ဆိုသလို အဆက် မပြတ် ပေါ်လာတော့၏။

အတာလည်း ချက်ချင်းပင် ပျာပျာသလဲ ထလာပြီး ကြည့်လိုက်သည်၌ ဖြောက်အိုးဗန်းတစ်ခုလုံးမှာ တထိန်းထိန်း ပေါက်ကွဲနေသော အလင်းရောင်များ နှင့်အတူ မီးရှူးမီးပန်းသံများဖြင့် တရှဲရှဲ ရဲထိန်နေတော့၏။ အတာတွင်လည်း ဘာလုပ်ရမည်မသိ၊ အနီးရှိ လက်ဖက်ရည်ဆိုင်မှ ကုလားတစ်ယောက် ရေတစ်ပုံး နှင့် ပေါက်လာပြီး ဖြောက်အိုးဗန်းကို ပက်ဖျန်း ငြိမ်းသတ်လိုက်သဖြင့် ပေါက်ကွဲသံ ရပ်သွားသည် အထိပင် အတာတွင် အကြောင်းသား ငေးကြည့်နေ



တော့၏။

ထိုပေါက်ကွဲသံကြောင့်ပင် အတာ့သူငယ်ချင်းများလည်း အပြေးအလွှား ရောက်လာကြ၏။ မည်သို့ဖြစ်သည်ကို မေးမြန်းစုံစမ်းကြ၏။

'ငါလဲ မသိဘူးကွ၊ ဒီမှာ မီးလာညှိပေးနေတုန်း ပေါက်ကွဲသံကြားမှ ငါလဲ ထကြည့်မိတယ်' ဟူ၍ ဝမ်းနည်းတုန်လှုပ်နေသောအသံဖြင့်သာ အတာ ဖြေနိုင်တော့၏။

သို့သော် ဖြစ်ပျက်ပုံကို သေသေချာချာ မြင်လိုက်ရသော ကုလားကလေး တစ်ယောက်၏ ပြောပြချက်အရ သိလိုက်ရသည်ကား အတာ မီးညှိပေးရန် ထသွားစဉ် ဖြောက်အိုးနှင့် မီးပန်းတစ်မျိုးစီ ဝယ်သွားသော ကလေးနှစ်ယောက် စလုံးပင် အတာ့ဈေးဗန်းအနီးရှိ မီးခွက်၌ တစ်ယောက်က မီးပန်းကိုညှိ၍ တစ် ယောက်က မီးအိုးကို ပြိုင်တူရှို့ကြသဖြင့် မီးပန်းမှ မီးပွားထွက်လာသည်ကို တစ်ယောက်က ကြောက်လန့်ပြီး ဖြောက်အိုးကို လွှတ်ချလိုက်၏။ တစ်ဖန် ထိုဖျောက်အိုး ပေါက်ကွဲသွားသဖြင့် မီးပန်းရှို့သူ ကလေးက လန့်ပြီး မီးပန်းကို လွှတ်ချလိုက်ပြန်၏။ ဤတွင် မီးပန်းမှ မီးများသည် ဗန်းထဲရှိ ဖြောက်အိုးများ ပေါ်သို့ ကျကာ ဤနည်းဖြင့် ကူးစက်ကာ ပေါက်ကွဲတောက်လောင်သွားခြင်း ဖြစ်သည်ဟူ၍သာ နောက်ဆုံး သိလိုက်ရ၏။

'လာကွာ သူတို့အဖေ သွားတိုင်မယ်၊ အလျော်တောင်းပေါ့ကွ' ဟု စိုးမြင့်တို့က အကြံပေးသော်လည်း

'မတော်တဆ ဖြစ်တာပဲကွာ'

ထိုမျှသာ ပြောလိုက်ရင်း အတာသည် မီးလောင်စာနှင့် ဈေးဗန်းကို စိတ်မချမ်းမသာနှင့် ရှင်းနေ၏။ အကယ်၍ ကိုထွန်းအောင်ကသာ လောကတိသ မထေရ်ကို နမူနာပြ၍ ဆုံးမ သတိပေးခြင်း မရှိခဲ့ပါမူ အတာသည် ဖြောက်အိုး ဗန်းကလေးကဲ့သို့ပင် အပူမီး တောက်လောင်နေဖွယ်ရာရှိ၏။

ယခုသော်ကား အတာတွင် ပြင်းပြင်းထန်ထန် လှုပ်လှုပ်ခိုက်နေသည့် လက္ခဏာမျိုးမတွေ့ရ။ အတော်ကလေးနှမြောသွားသည့်အသွင်သာဆောင်နေ၏။

\+ + +

နောက်တစ်နေ့ မိုးလင်းသည်နှင့် အတာလည်း ယမန်နေ့ညက ရောင်းရထား သော ပိုက်ဆံကလေး ငါးမတ်ဖြင့် နောက်ထပ် ဝယ်ရောင်းရကောင်းလေမည်လား ဟု တစ်ယောက်တည်းထိုင်ကာ အငိုင်သားစဉ်းစားနေမိသေး၏။ သို့သော် သူ မဝံ့ စိတ်လည်းပျက်နေပြီ ဖြစ်သည့်အတိုင်း အရှုံ့သားပင် လက်လျှော့လိုက် တော့၏။

အတာသည် သူ့ကစားဖော် သူငယ်ချင်းများကို ကျွတ်အကျိုကိုယ်စီနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတိုင်း သူ့ဖြောက်အိုးဗန်းကလေးကိုသတိရ၏။ နှမြောမိ၏။ စိတ်လည်း မကြည်မလင် ဖြစ်သွား၏။ သို့နှင့် သုံးရက်မြောက်နေ့တွင် လမ်းထိပ်ရှိ ရုပ်ရှင်သဏ္ဌာလတ်တိုက်မှ ဆိုင်သစ်ဖွင့်ပွဲအဖြစ်အငြိမ့်ခံမည်ဟူသောသတင်းကို ကြားလိုက်ရသည်နှင့် ပွဲကြိုက်သော အတာလည်း စိတ်ညစ်ကလေး မသိမသာ ပြေသွား၏။

ညနေဘက်ရောက်သော် အတာ ပျော်နေပြီဖြစ်သည်။ အငြိမ့်မှာလည်း သူကြိုက်သော ဓာတ်ဆီ၊ ဓာတ်ဆံတို့ပါသည့် ရုပ်ရှင်ကြည် အငြိမ့်ဟူ၍သိလိုက်ရပြန်သောကြောင့် ဝမ်းမြောက်ခြင်းပီတိဖြင့် အတာတွင် နေမထိထိုင်မထိ ဖြစ်နေတော့၏။ သို့လျှင် ဖြိုးကာရယ်ကာဖြင့် ကြည်ကြည်လင်လင် ရှိနေခဲ့ရာရှေ့ ရတ်တရက်ဆိုသလို အတာ့မျက်နှာကလေး ညိုသွားပြန်တော့၏။

ဝရန်တာတွင် ရပ်နေရာမှ ချက်ချင်းပင် အခန်းထဲသို့ ဝင်လာပြီး သူ့ဗီရိုကလေးကိုဖွင့်ကာ တစ်ထည်တည်းသော သူ့ပိုးလုံချည်ကလေးကို ထုတ်၍ဖြန့်လျက် မတ်တတ်ရပ်ရင်း သူ့ခါးတွင် ကပ်ကြည့်လိုက်၏။ လွန်ခဲ့သော ၂ နှစ်လောက်က ဝယ်ထားခဲ့သည့် ထိုပိုးလုံချည်ကလေးမှာ ယခု တစ်ရှိန်ထိုးထွက်လာသော အတာ့အရပ်နှင့်ဆိုလျှင် မဟပ်မိအောင် တိုနေပြီဖြစ်၏။

အတာ့သူငယ်ချင်းများမှာ ပိုးထည်ဆိုင်ရှင်နှင့် ကုန်သည်ပွဲစား သူဌေးသားများသာ ဖြစ်သောကြောင့် ပိုးလုံချည်တရွှမ်းရွှမ်းနှင့် ပွဲဈေးတန်းတွင် လမ်းသလားနေကြမည်ကို အတာ့ မျက်စိတဲတွင် မြင်ယောင်နေမိ၏။ ဝါဆိုလပြည့်နေ့ ဘုရားသွားကြစဉ်ကပင် သူ့ကစားဖော်အားလုံး ဘန်ကောက်ကိုယ်စီနှင့် သန့်သန့်ပြန့်ပြန့် ခန့်ခန့်ညားညားနှင့် သိုက်လည်း သိုက်မြိုက်စွာ တွေ့ခဲ့ရဖူးပြီဖြစ်၏။ ထိုစဉ်က သူ့ သူငယ်ချင်းများသည် အတာ့ကိုပါ မရမက အရဏ်ဆွမ်းကပ်လိုက်ရန် ခေါ်ကြသော်လည်း သူ့မေမေ၏ ထမင်းဆိုင်ကိစ္စအတွက် ဝိုင်းဝန်းကူညီရမည်တစ်ကြောင်း၊ ပိုးလုံချည်ဆို၍လည်း အဟောင်းအနွမ်း တစ်ထည်သာ ရှိသည်တစ်ကြောင်းတို့ကြောင့် လိုက်ချင်ပါလျက်နှင့် အတာ ငြင်းခဲ့ရ၏။

ယနေ့မူ ပွဲမှာ လမ်းထိပ်တွင်ပင် ကမည်ဖြစ်သောကြောင့် သူ့တွင် အကြောင်းပြစရာမရှိ။ 'ငါ့မှာ လုံချည်ကောင်းကောင်းမရှိဘူးကွ' ဟူ၍လည်း သူပြောရမည်ကို ရှက်၏။ သူ့ သူငယ်ချင်းများကလည်း နောက်တစ်နာရီခန့် ဆိုလျှင် ဇွတ်အဓမ္မ လာရောက်ဆွဲခေါ်ကြမည်ဖြစ်ရာ အတာတွင် မကြံတတ်အောင် ဖြစ်နေတော့၏။ ရှိသည့် ပိုးလုံချည်နွမ်းနွမ်းကလေးသည်ပင် သူနှင့် အဆင်မပြေအောင် တိုနေပြီဖြစ်သောကြောင့် မည်သို့မျှ မစဉ်းစားတတ်နိုင် ရှိနေပြီးမှ တစ်စုံတစ်ရာကို သတိရလာတော့၏။

ချက်ချင်းပင် ကိုထွန်းအောင်၏ အဝတ်အစား သေတ္တာကိုဖွင့်၍ လုံချည်များကို ထုတ်ကြည့်၏။ ပိုးလုံချည်ဆို၍ တစ်ထည်တလေမျှပင် မရှိ။ မကြာမီကပင် သူကိုယ်တိုင် သွားပေါင်ပေးခဲ့ရသည်ကို သတိရမှ စိတ်ပျက်လက်ပျက်



ထိုင်ချရင်း အမှိုင်နှင့် ငေးနေမိ၏။ ထိုအခိုက်မှာပင် ကိုထွန်းအောင် ရောက်လာပြီး အတာ့အမူအရာကို မြင်လိုက်ရသည်နှင့်

'ဟေ့ အတာ ဘာလုပ်တာတုံးကွ' ဟု ချိုချိုသာသာပင် မေးလိုက်သည်၌ အတာလည်း သူ့စိတ်ကူးကို တစ်လုံးမကျန် အမှန်အတိုင်း ပြောပြလိုက်၏။

'အေးကွာ၊ ရှိရင်တော့ မင်းကို ပေးဝတ်ဖို့ ငါ ဝန်မလေးပါဘူးကွာ၊ ဒါပေမဲ့'

ထိုမျှသာ ကိုထွန်းအောင် ပြောနိုင်ပြီး စိတ်မကောင်းကြီးစွာနှင့် မှိုင်သွားတော့၏။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို မသိန်းမေ ကပိုကရိုနှင့် ရောက်လာပြီး

'ဒီမှာ ကိုထွန်းအောင်၊ ပွဲစားကြီး ဦးဘအေးမိန်းမ အသည်းအသန်ဖြစ်လို့တဲ့၊ ဆေးရုံတင်ထားရတယ်၊ အဲဒါ ကျွန်မ ဆေးရုံမှာ လိုက်စောင့်ပြီး အိပ်ရလိမ့်မယ် သိလား၊ တစ်ည သုံးကျပ်ပေးမယ်တဲ့'

ပြောပြောဆိုဆိုနှင့် သုတ်သုတ်ပျာပျာ သူ့အဝတ်ဗာကိုဖွင့်၍ ထဘီနှစ်ထည်ယူပြီး အရေးတကြီးဆင်းသွားတော့၏။ အတာလည်း သူ့မေမေဆင်းသွားလိုက်သည်နှင့် ဖရိုဖရဲပြန့်ကြဲထားခဲ့သော မသိန်းမေ၏ အဝတ်ဗာအနီးမှ ဆော်လီနှင့် ထဘီများကို သပ်သပ်ရပ်ရပ် ခေါက်၍ ဗာထဲသို့ ပြန်ထည့်နေရာမှ ကိုင်ထားသော သူ့မေမေ၏ ထဘီတစ်ထည်ကို တွေတွေဝေဝေ ကြည့်နေမိ၏။

ထိုထဘီမှာ ပေါင်၍မရသောကြောင့် မသိန်းမေ၌ ကျန်နေသည့် တစ်ထည်တည်းသော ပါရှင်းလုံချည်ဖြစ်၏။ အဆင်မှာ ပန်းပွင့်ပန်းခက်ပါသည့် မိန်းမဆင်မဟုတ်ဘဲ အဝါနှင့် ချော့ကလက်ရောင် ဖောက်ထားသော ကန့်လန့်စင်းကလေးဖြစ်၏။ ညှိုးငယ်နေသော အတာ့ မျက်နှာကလေးသည် ထိုထဘီကို ကိုင်၍ ငေးနေရာမှ ရုတ်တရက် ရွှင်ကြည်လာကာ ကသိကရိုထ၍ ကိုထွန်းအောင်ရှေ့သို့ အပြေးကလေး သွားရပ်လိုက်၏။

'မေမေ ဒီည ပြန်မလာဘူး၊ ဟုတ်လား ဟင်'

'အေးလေကွာ၊ မင့်ရှေ့တင်ပဲ ပြောသွားတယ် မဟုတ်လား'

'ဒါဖြင့် ကျွန်တော်မေမေ့ ပါရှင်းလုံချည် ခဏယူဝတ်မယ်နော်'

ထိုစကားကြောင့် ကိုထွန်းအောင် ရင်အောင့်သွားဟန်တူ၏။ အတန်ကြာ တွေဝေမိပြီးမှ

'ဖြစ်မလား အတာ၊ အထက်ဆင်ကြီးနဲ့ ဥစ္စာ'

'ဖြစ်ပါတယ်၊ အထက်ဆင့်ကိုခဏဖြုတ်ပြီး ဝတ်သွားမယ်လေ၊ နောက်ညကျ ပြန်လာလာခြင်း ကျွန်တော့်ဟာ ကျွန်တော် ပြန်ချုပ်ပြီး တပ်ထားလိုက်မှာပေါ့၊ မေမေ မသိအောင်လေ'

အတာတွင် အခိုက်အတန့်အားဖြင့် စိတ်မှချမ်းသာပါစေတော့ ဟူသော

www.burmeseclassic.com

www.burmeseclassic.com



သဘောဖြင့် ခေါင်းညိတ် ခွင့်ပြုလိုက်၏၊ သို့သော် ကိုထွန်းအောင်တွင်မူကား ရင်နှင့်အောင် ထိခိုက်သွားသည် ထင်ရ၏။

အတာလည်း ကိုထွန်းအောင်က ခေါင်းညိတ်လိုက်သည်နှင့် သူ့မေမေ၏ ပါရှင်းထဘီမှ အထက်ဆင့်ကို ချိတ်ကလေးတဝင့်ဝင့်နှင့် ဖြုတ်စပြုတော့၏။ တစ်ဝက်လောက်အပြီးတွင် တံခါးခေါက်သံ ပေါ်လာသဖြင့် အတာတွင် ခေါင်းကလေး ကြီးသွား၏။

'အတာရေ ဟေ့ အတာကြီး'

သို့လျှင် ခေါ်လိုက်သော မောင်မောင်တို့အသံကြားမှ စိတ်သက်သာရာရသွားကာ ထိုင်ရာမှထ၍ တံခါးဖွင့်ပေးတော့မည်အလုပ်တွင်မှ တစ်စုံတစ်ရာကို သတိရသွားသလို အထက်ဆင့် ဖြုတ်လက်စဖြစ်သော သူ့မေမေထဘီကို ကမူးကသီ လုံးထွေး၍ ဖာထဲထည့်ပြီးမှ တံခါးကို ဖွင့်ပေးလိုက်၏။

'လာလေကွာ ပွဲမှာ နေရာယူဖို့ လုပ်ကြရအောင်' ဟု မောင်မောင်က ပြောလိုက်သဖြင့်

'အေးပါကွ ငါအခုလာခဲ့ပါ့မယ်၊ အလုပ်နည်းနည်းရှိလို့ပါ'

'အတာကလဲကွာ ဘာအလုပ်များရှိလို့လဲ၊ ကဲ ပြော တို့ပါ ဝိုင်းလုပ်ပေးမယ်၊ မြန်မြန်ပြီးအောင်'

အတာ မျက်လုံးကလေးဝိုင်းသွား၏။ သူ့မေမေထဘီကို အထက်ဆင့် ဖြုတ်၍ ဝတ်ရသည့်အဖြစ်ကို အဘယ်မှာလျှင် သူတို့အား အသိပေး၍ ဖြစ်နိုင်ပါမည်နည်း။ မသိစေလို၍ပင် တံခါးမဖွင့်မီက ထိုထဘီကို ပျာယီးပျာယာ ဝှက်ခဲ့သည် မဟုတ်ပါလော။ သူရှက်ပေမည်သာ။

'သွားပါကွာ၊ မင်းတို့ ကူဖို့မလိုပါဘူး၊ ငါ အခုတင်လာမှာပါကွ၊ မင်းတို့သာ ငါပြောထားသလို ခုံတန်းရှည်တွေ အသင့်လုပ်ထား၊ ငါအခုလာခဲ့မယ်' ဟု ပြောပြောတွန်းတွန်းနှင့် မောင်မောင်ရော ဘဆွေတို့ကိုပါ တံခါးပြင်သို့ အသာ တွန်းပို့လိုက်၏။

သူတို့တစ်တွေ ဆင်းသွားသည်နှင့် အတာလည်း စောစောက ထဘီကို ခပ်သုတ်သုတ်ကလေး အထက်ဆင့်ဖြုတ်လိုက်၏။ ပြီးလျှင်ပြီးခြင်း ရှပ်အကျႌ ဆွဲဝတ်ကာ ထိုလုံချည်ကို ကောက်စွပ်လိုက်၏။ အံမကျနိုင်၊ လုံချည်မှာ အနံကောင်းသောကြောင့် အတာနှင့် ရှည်နေ၏။ ကွင်းသည်လည်း အနည်းငယ်ကျယ်၏။ နောက် ကိုထွန်းအောင် ထလာပြီး အပေါ်ပိုင်းမှ လက်လေးလုံးခန့် ခေါက်၍ ဝတ်ပေးလိုက်သည်တွင်မှ အဆင်ပြေသွားတော့၏။

ပြီးလျှင် ပြီးခြင်း အတာလည်း အောက်သို့ ဆင်းလာခဲ့၏။ စောစောက သူ့သူငယ်ချင်းများ တက်လာစဉ် မောင်မောင်၊ ဘဆွေ၊ စိုးမြင့်၊ နီတွတ် အားလုံး လိုလိုပင် မန္တလေးပိုးလုံချည်များ ဝတ်လာကြသည်ကို အတာ သတိထားမိ၏။



ယခု သူ့ပါရှင်းလုံချည်မှာ ထိုထို မန္တလေးပိုးနှင့် ယှဉ်လိုက်ချေက ရွှေနှင့်ကြေးပမာ သိသိသာသာ ကွာပင် ကွာသော်လည်း သူ့ချည်လုံချည်နှင့်စာသော် ပါရှင်းက အရောင်ထွက်၍ အပြောင်အလက်လည်း သာနေသဖြင့် အတာတွင် အတော်အတန် ကျေနပ်သွား၏။

အတာလည်း သူမှာကြားထားခဲ့သည့်အတိုင်း ခုံတန်းရှည်ရှိသော ဆိုင်များမှ ငှားရမ်းထားသည့် ခုံသုံးခုံနှင့်အတူ တပျော်တပါး စောင့်နေကြသော သူငယ်ချင်းများရှိရာ ဓာတ်မီးတိုင်အောက်သို့ ရောက်သည်နှင့်

'ကဲ လာကြဟေ့ သွားမယ်' ဟု ပြောပြောဆိုဆိုပင် ခုံရှည်တစ်ခု၏ အစွန်းတစ်ဖက်မှ အတာက မလိုက်၏။ အခြားတစ်ဖက်မှလည်း မောင်မောင်က ကိုင်မြှောက်လိုက်၏။ အခြားသော သူငယ်များကလည်း ကိုယ်စီကိုယ်ငှ ချီမနေကြခိုက်

'ဟေ့ ဘဆွေ မလေကွာ၊ အချောင်ခိုဖို့ပဲ မင်းတတ်တယ်၊ ဝိုင်းသယ်ပါကွ' ဟု စိုးမြင့်က ပြောလိုက်သည့်တိုင်အောင် ဘဆွေတွင် ယောင်ချာချာလုပ်နေရာမှ ခုံတစ်နေရာကို ဝတ်ကျေဝတ်ကုန် ဝင်ကိုင်လိုက်၏။ သို့သော် အားစိုက်ခွန်စိုက် ပင့်မနေသည့် အမူအရာမျိုး မဟုတ်ဘဲ သူ့မျက်လုံးများမှာမူ အတာ့လုံချည်ဆီတွင်သာ အာရုံစိုက်နေပြီး

'ဟေ့ အတာ အဲဒါ မင်းတို့အမေလုံချည် မဟုတ်လားကွ ဟင်၊ ထဘီကြီး အထက်ဆင့်ဖြုတ် ဝတ်လာတယ်၊ မင်း မရှက်ဘူးလား'

အသီးသီး ခုံများကို မချီထွက်လာကြ၍ ဆယ့်လေးငါးပေလောက် အရောက်တွင် ဘဆွေက ကောက်ကာငင်ကာ သို့လျှင် ပြောလိုက်သောကြောင့် အတာတွင် ရုတ်တရက် ခြေလှမ်းတန့်သွား၏။ အလွန့်အလွန် ရှက်သွားသောကြောင့်လည်း မျက်စိမျက်နှာပျက်ကာ အသားများပင် တဆတ်ဆတ်တုန်လာ၏။ ခုံကိုပင် အားစိုက်၍ ကိုင်မ မထားနိုင်တော့ဘဲ လက်ထဲမှ လွတ်ကျသွား၏။ နောက် ခေါင်းကလေးငုံ့ထားရာမှ ဘဆွေအား တစ်ချက် မော့ကြည့်လိုက်၏။ သို့သော် ဒေါသရိပ်မပါ။ အတာ့မျက်နှာတွင် ဝမ်းနည်းသောအသွင်သာ ဆောင်နေ၏။ မကြာမီပင် မျက်ရည်သီးများ တပေါက်ပေါက် ကျလာကာ ဘာတစ်ခွန်းမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားတော့၏။

သို့ အတာကလေး လှည့်ပြန်သွားသည်နှင့် အားလုံးပင် လှုပ်လှုပ်ရွရွ ဖြစ်သွားကာ

'မင်း အတော်ရျော်တဲ့ကောင်ပဲကွာ၊ ဘာလို့ သွားပြောရတာလဲကွ' စိုးမြင့်က ရှေးဦးစွာ ငေါက်လိုက်၏။

'အေးကွာ သက်သက် မင်း သူ့အရှက်ကို ခွဲတာပဲ မကောင်းဘူး ဘဆွေ၊ မင်း သိပ်မကောင်းတဲ့ကောင်ပဲ' ဟူ၍လည်း နီတွတ်က အပြစ်တင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။

'သူ အခုဝတ်လာတာ သူ့အမေ အမြဲဝတ်နေတဲ့ ထဘီဆိုတာ တို့လဲသိတာပေါ့ကွ၊ သူ့ခမျာ တို့လို မဝယ်နိုင်လို့ ယူဝတ်လာတာပဲဟာ မသိချင်ယောင်ဆောင်နေပေါ့ကွ၊ မင်း အလကား သွားပြောတယ်၊ သူ့ခမျာ ဘယ်လောက်ရှက်သွားသလဲ' ဟု မောင်မောင်ကပါ ထပ်၍ ပြောလိုက်ပြီးမှ

'ကဲ မင်းလုပ်ပုံ ကောင်းသေးသလား ဘဆွေ၊ ဟင် ခွေးကောင်'

မောင်မောင်လည်း အလွန်စိတ်ဆိုးသည့်အတိုင်း ဒေါနှင့်မောနှင့်ပြောရင်း ဘဆွေဆီသို့ လှမ်းသွားသည်တွင်

'ငါ ဟုတ်တာပြောတာကွ'

အခြားသော ပြစရာအကြောင်း မရှိတော့သည်နှင့် ဘဆွေလည်း သို့ ပြောရင်း တင်းခံနေသောကြောင့်

'ဟုတ်တာပေမဲ့ ပြောသင့်တာလဲရှိတယ်၊ မပြောသင့်တာလဲရှိတယ်ကွ နားလည်လား'ဟု မောင်မောင်က မာန်လိုက်သည်ကို

'ဒါ မပြောသင့်ဘူးလားကွ၊ ဟုတ်လို့ ပြောတာပဲဥစ္စာ'

'ဟုတ်တိုင်း ပြောတမ်းဆိုရင် မင့်ကို ဘာကြောင့်မွေးလာတာလဲလို့ လူတောထဲမှာမေးရင် မင်း ဘယ်လိုဖြေမလဲ၊ ကဲ'

သို့လျှင် မောင်မောင်က အချက်ပိုင်ပိုင်နှင့် မေးလိုက်သောကြောင့် ဘဆွေတွင် ဘာတစ်ခွန်းမျှ မဖြေနိုင်ဘဲ တစ်ခါတည်း ငိုင်ကျသွားတော့၏။

'ဟောကောင် ဖြေလေကွာ၊ မောင်မောင်မေးတာ ဖြေစမ်း၊ ကဲ' ဟု စိုးမြင့်ကလည်းကောင်း၊

'ဟုတ်တာပြောတာ ဆိုတဲ့ကောင်၊ ကဲ ဟုတ်တာကို ဖြေလေ'ဟု နီတွတ်က လည်းကောင်း၊

ဝိုင်းဝန်းဆူပွက်လိုက်မှ ဘဆွေတွင် မျက်နှာကလေး ငယ်သွားကာ

'အေး ငါ မှားသွားတယ်ကွာ၊ ဟုတ်တယ်၊ ငါမေ့လို့ ပြောလိုက်မိတယ်၊ အတာ ငိုတော်င် ငိုသွားတယ်ဆိုတော့ သူ အတော်ဝမ်းနည်းသွားမှာပဲ၊ လာကွာ၊ မင်းတို့ပါလိုက်ခဲ့၊ ငါ သွားတောင်းပန်မယ်'

'အေး အတာက နိုင်လိုမင်းထက် လုပ်တတ်တဲ့အကောင် မဟုတ်လို့ ရှက်ပြီး ငိုသွားတာ၊ ဒီပြင်ကိစ္စမျိုးနဲ့သာ သူ ဒီလိုစိတ်ဆိုးရင် ဟင်း ထထိုးလို့ မင်း တစ်ခါထဲ ဝပ်နေမှာ သိလား'ဟု နီတွတ်က ထပ်ဆက်နေသည်နှင့်

'သူ မှားသွားတယ်လို့ ဝန်ခံနေပြီပဲကွာ၊ တော်ကြ တော့ လာ သွားမယ်'

မောင်မောင်က ဝင်ဖြန်လိုက်၏။ ဘဆွေအပေါ်တွင် အတော်ကလေး စိတ်ဆိုးနေကြသည် မှန်သော်လည်း အမှားကို ဝန်ခံလိုက်သဖြင့် အားလုံး ကျေနပ်သွားကာ အတာတို့ အိမ်ဘက်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြ၏။



အဆင်သင့်ပင် မျက်ရည်စက်လက်နှင့် ငိုင်နေသော အတာအား လှေကားရင်းတွင် တွေ့လိုက်ကြရသောကြောင့်

'အတာ သူငယ်ချင်း၊ ငါ မှားသွားပြီကွာ၊ နော် ငါမေ့လို့ ပြောမိတာကို စိတ်မဆိုးပါနဲ့ကွာ၊ ဟုတ်လား၊ ငါ တောင်းပန်ပါတယ်'ဟု ဘဆွေကပင် ဝမ်းပန်းတနည်း တောင်းပန်လိုက်၏။

'မင်းထွက်သွားသွားခြင်းပဲ သူ့အမှားကိုသူသိလို့ တို့ကိုလဲ ဝန်ခံတယ်ကွ၊ ခုလဲ မင်းကို လာတောင်းပန်ပြီ မဟုတ်လားကွာ၊ ကျေလိုက်ပေါ့ နော်၊ ထပါ အတာရာ လာသွားကြည့်ကြရအောင်' ဟု မောင်မောင်ကပါ သို့ဝင်ပြောရင်း အတာ့လက်ကို ဆွဲထူနေ၏။ သို့သော် အတာက ရုတ်တရက် မထသေးဘဲ

'အေးပါကွာ လိုက်ပါ့မယ်၊ နေပါဦး' ဟု ရှိုက်ရှိုက်သာသာပင် အတာက ငြင်းနေပြီးမှ

'ပထမတော့ ငါ တော်တော် စိတ်ဆိုးသွားတယ်၊ ဒါပေမဲ့ ဘဆွေ ပြောတာ မှန်နေတော့ ငါ ဘာမှ မတတ်နိုင်ဘူး၊ နောက် ငါ သေသေချာချာ တွေးမိတော့လဲ ဘဆွေကိုတောင် ကျေးဇူးတင်မိသေးတယ်'

ထိုစကားကြောင့် အားလုံးပင် အံ့အားသင့်သွားတော့၏။ အကြောင်းမရှိဘဲ အတာ ဤသို့ မပြောတတ်သည်ကိုလည်းကောင်း၊ စကားစမိလျှင်လည်း ကျကျနန ရှင်းပြလေ့ရှိသည်ကို လည်းကောင်း ကောင်းကောင်းကြီး နားလည်နေပြီဖြစ်သော သူငယ်ချင်းများလည်း အတာ့အနီးတွင် အသီးသီး ဝိုင်းထိုင်လိုက်ကြကာ

'ဘယ်လိုလဲကွ ဘဆွေကို ကျေးဇူးတင်မိတယ်ဆိုတာ'ဟု စိုးမြင့်က စကားစလိုက်သည်နှင့်

'ငါတို့ မောင်နိုင်လမ်း (ယခု ဗိုလ်ရွဲလမ်း) မှာ နေတုန်းက တို့အဘိုး အသည်းအသန်ဖြစ်နေတယ်ဆိုပြီး ငါ့ကို လာခေါ်သွားတယ်ကွ၊ မော်လမြိုင် ရောက်တော့ တို့အဘိုးက ငါ့ကို သူ့အနားခေါ်ပြီး ပြောတယ်၊ ငါ့မြေးတဲ့ အဘိုးတို့ဟာ ပညာမတတ်လို့ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားခဲ့ရတယ်၊ ဒါကြောင့် အဘိုးသေရင် ငါ့မြေးတွေကို ဘာအမွေပစ္စည်းမှ မပေးခဲ့နိုင်ဘူးတဲ့'

အတာလည်း ရုတ်တရက် နေရာပြင်ထိုင်လိုက်ပြီးမှ

'နောက်ပြီး အဘိုးက ပြောတယ်ကွ၊ အမွေပစ္စည်းမပေးနိုင်ပေမဲ့ စကားအမွေနှစ်ခုတော့ ပေးခဲ့မယ်တဲ့၊ အဲဒီစကားအမွေကို ငါ့မြေးအမြဲ သတိရနေရင် ငါ့မြေး ဘယ်တော့မှဒုက္ခမရောက်ဘူး၊ စိတ်လဲမဆင်းရဲဘူးတဲ့၊ အဲဒါက ဘာတွေလဲ ဆိုတော့ ဘာပညာဖြစ်ဖြစ် တစ်ခုခုကို တတ်အောင်သင်ရမယ်တဲ့၊ ပြီးတော့ ကိုယ်နဲ့မတန်တာရယ်၊ ကိုယ်နဲ့မဆိုင်တာရယ် ဘယ်တော့မှ မလုပ်နဲ့တဲ့'

'မင်းတို့အဘိုးက မင့်ကို အတော်ချစ်တယ် ထင်ပါရဲ့၊ ဒါလေးပြောချင်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အငေးကြီးက လာခေါ်နိုင်းတယ်နော်'

'ဒီလိုတော့ မဟုတ်ဘူး မောင်မောင်ရ၊ တို့အဘိုးက သူ့ကိုယ်သူ သေလိမ့်မယ်ထင်တာနဲ့ ငါ့ကိုခေါ်ပြီး ရှင်ပြုပေးပါ၊ သူမြင်သွားချင်တယ်လို့ ပြောသတဲ့ကွ၊ အဲဒါ ဟိုရောက်ရောက်ခြင်းပဲ တို့အဘွားနဲ့ ဦးလေးတွေက ငါ့ကို ရှင်ပြုပေးကြတယ်'

'ကဲ ခုနစကား ဆက်ပါဦးကွ၊ ကိုယ်နဲ့မတန်တာ ကိုယ်နဲ့မဆိုင်တာ ဆိုတာက ဘာကိုပြောတာလဲ'

'အေးကွ၊ တို့အဘိုး ငါ့ကို ခေါ်ပြောတုန်းကတော့ ငါ ခပ်ငယ်ငယ်ပဲ ရှိသေးတယ်၊ ဘာပညာဖြစ်ဖြစ် တစ်ခုခုကို တတ်အောင်သင်ရမယ် ဆိုတာကတော့ ငါနားလည်တယ်လေ၊ ကျန်တဲ့ နှစ်ခုကိုတော့ အဘိုးပြောတာ အများကြီးပဲကွ ငါ ကောင်းကောင်းနားမလည်ဘူး၊ ဒါနဲ့ တို့ဦးလေးတစ်ယောက်က အဘိုးပြောတာတွေကို စာနဲ့ရေးမှတ်ပြီး ငါ့ကို ပေးထားတယ်၊ မင်းတို့ ဖတ်ချင်ရင် တစ်နေ့နေ့ ငါပြမယ်ဟုတ်လား'

အတာလည်း စကားကို ဤတွင် ခေတ္တနားလိုက်၏။ အငြိမ့်မှ ဆိုင်းသံလည်း ပေါ်လာစ ပြုပြီဖြစ်၏။ သို့သော် မည်သူမျှ မလှုပ်ကြသေးဘဲ အတာဆက်မည့်စကားကို နားစွင့်နေရာမှ

'မင်းဟာက ဒါနဲ့ ပြီးရောလားကွ၊ ဘဆွေကို ကျေးဇူးတင်တောင် တင်မိသေးတယ်ဆိုတာက ဘာလဲ'

'တို့အဘိုးပြောသွားတဲ့ စကားထဲမှာပါတယ်ကွ၊ သူများအဝတ်အစားကို ဘယ်တော့မှ ငှားမဝတ်နဲ့တဲ့၊ တစ်ယောက်မသိ တစ်ယောက်ကသိမှာပဲတဲ့၊ အဲဒါ ငါ အတိုချုပ်ပြောတာကွ၊ စာထဲမှာတော့ အများကြီးပဲ၊ ကဲ ခု တို့အဘိုးစကား နားမထောင်လို့ ဒီလိုဖြစ်ရပြီ မဟုတ်လား၊ တကယ်လို့ ဘဆွေကသာ ဒီလို မပြောရင် ဒီလိုပဲ မှားမိဦးမှာပဲ၊ ဒါကြောင့် ဘဆွေကို ငါ ကျေးဇူးတင်တယ် ပြောတာပေါ့ကွ'

ဆိုင်းသံသည် စောစောကထက် ပို၍ကျယ်လာ၏။ သို့တိုင်အောင် မောင်မောင်က အတာ့စကားတွင် စိတ်ဝင်စားနေသေးသလိုဖြင့်

'ကိုယ်နဲ့မတန်တာ ဆိုတာကရောကွ'

'အများကြီးပဲ မောင်မောင်၊ တို့ဦးလေး ရေးပေးလိုက်တဲ့ ကော်ပီစာအုပ်ထဲက အတိုင်းဆိုရင် ငါတောင် အကုန် မမှတ်မိဘူး၊ တစ်နေ့မှ ငါပြမယ်လေကွာ'

'ဟုတ်သားပဲကွ၊ တစ်နေ့နေ့မှ တို့ဖတ်ကြည့်ကြတာပေါ့၊ ကဲ လာကွာ အတာ သွားကြရအောင်' ဟု ဘဆွေက ပြောပြောဆိုဆို ထရင်း အတာ့ပခုံးကို ဖက်ထူ ထူလိုက်သည်၌

'နေဦးကွာ၊ ငါ လုံချည် သွားလဲလိုက်ဦးမယ်' ဟု အတာက ပြောရင်း



အထလိုက်တွင်

'လဲမနေပါနဲ့တော့ကွာ၊ ဒီတစ်ခါ မပြောစေရပါဘူးကွ၊ ပြောတဲ့လူကို ငိုင်းထိုးတမ်းကွာ၊ ကဲ'

'မင်းတို့ကိုတော့ ယုံပါတယ်ကွာ၊ ဒါပေမဲ့ တို့လမ်းထဲက ဒီပြင်လူတွေလဲ ဘဆွေသိသလို သိကြမှာပဲ၊ ဒီတော့ တို့အဘိုးပြောတဲ့စကားအတိုင်း ကိုယ်နဲ့တန်တာပဲ ကိုယ်လုပ်တာ ကောင်းပါတယ်ကွာ'

စကားဆုံးသည်နှင့် အတာလည်း ဖြုန်းခနဲထကာ အိမ်ပေါ်သို့ အပြေးကလေး လှမ်းတက်သွားတော့၏။

\+ \+ \+

'ပိုးလုံချည်ဝယ်မယ်၊ ကွတ်အင်္ကျီချုပ်မယ်' ဟူသော ရည်ရွယ်ချက်ဖြင့် ရောင်းခဲ့သော ဗြောက်အိုးဗန်းကလေးမှာ ဘာတစ်ခုမျှ ရှာမရအောင် ပြာကျခဲ့သဖြင့် အတာသည် သူ့ကိုယ်သူ လောကတိသနှင့် နှိုင်းကာ တစ်ဘဝကအကုသိုလ်ဟု ယူဆရင်း စိတ်ကို ဖြေခဲ့၏။

သို့သော် သူ၏ တစ်ဘဝက အကုသိုလ်သည် သူ့အား ဆက်တိုက်ဆိုသလို အနိုင်ခဲ့သည် မဟုတ်။ ဆိုခဲ့ဖူးသည့်အတိုင်း ငိုတစ်ခါ ရယ်တစ်လှည့်ဖြင့် မဲ့လိုက်ပြုံးလိုက် ရှိနေရသည်သာဖြစ်လျက် ဗြောက်အိုးဗန်း ပြာကျသည့်နေ့က အမဲ့နှင့်အဆုံးသတ်ရသော်လည်း ယနေ့မူ အပြုံးနှင့် ကြည်နူးနေရပြန်တော့၏။

ယနေ့သည် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ ဖြစ်၏။ နက်ဖြန်နံနက်ဆေးနာရီလောက်တွင် မောင်မောင်တို့လူသိုက်သည် ရွှေတိဂုံဘုရားသို့ အရဏ်ကပ်သွားကြမည်ဖြစ်၏။ အတာကိုလည်း ခေါ်ကြ၏။ သို့သော် သူ့တွင် ဝတ်စရာမရှိ။ ဘဆွေတို့က အဝတ်အစားငှားသည်ကိုလည်း သူလက်မခံ။ အဘယ်လိုမျှ ကြံတတ်အောင် ရှိနေစဉ်မှာပင် သူ့ကျေးဇူးရှင် ဒေါ်ဒေါ်သန်းက အခေါ်လွှတ်ကာ မျှော်လင့်ဘဲ ပိုးလုံချည်တစ်ထည် ပေးလိုက်၏။ အဘယ်မျှလောက် အတာဝမ်းမြောက်သွားမည်သနည်း။ ဤတွင်တစ်ဖန် အတာသည် ထိုလပြည့်နေ့ကို မောင်မောင်တို့နှင့်အတူ အပြုံးကလေးဖြင့် အဆုံးသတ်ခဲ့ရပြန်၏။

သို့သော် ဤ 'သို့သော်' ကား အတာအား ဒုက္ခပေးဦးမည့် သို့သော်ပင် ဖြစ်၏။ သူ့ဒေါ်ဒေါ်သန်း ဝယ်ပေးခဲ့သော မန္တလေးကျစ်ပိုး ဘန်ကောက်လုံချည်ကလေးကို အတာသည် လပြည့်နေ့က တစ်ခါသာ ဝတ်ရသေး၏။ တရိုတသေခေါက်၍ စက္ကူအိတ်တွင်ထည့်ပြီး သူ့ဖာကလေးထဲ သပ်သပ်ရပ်ရပ်သိမ်းထား၍မှ ၁၀ ရက် မရမီ

'အတာ နင့်လုံချည် ခဏ သွားပေါင်စမ်း၊ ဒီနေ့ သေချာပေါက်နိုင်မဲ့

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်ရှိတယ်၊ ညနေ ပြန်လာလာခြင်း ရွေးပေးမှာပေါ့၊ ဟုတ်လား'

မသိန်းမေလည်း အဘယ်အချိန်ကစ၍ သူတစ်ထူးဝယ်ပေးသော အတာ လုံချည်ကို မျက်စောင်းထိုးနေခဲ့သည် မသိ။ ယနေ့သော် သို့ပြောရင်း တောင် လာ၏။ အတာကလည်း ခေါင်းမခါဝံ့။

'နင့်ကလေးကို နင့်မားနဲ့ နင်ကိုယ်တိုင်သတ်စေ' ဟူသော အာဏာရှင် ဘုရင့်အမိန့်ကဲ့သို့ အတာတွင်လည်း သူမြတ်နိုးသော (ဝါ) တစ်ထည်တည်းသာ ရှိသော သူ့လုံချည်ကလေးကို သူကိုယ်တိုင်ပင် သွားပေါင်ပေးလိုက်ရရှာတော့၏။ ညနေ ပြန်လာလာခြင်း ရွေးပေးမည်ဆိုသော်လည်း တစ်လသာကျော်သွားသည် ရွေးပေးမည့် အရိပ်အရောင်သော်ကား လားလားမျှ မမြင်ရသေး။ တန်ဆောင်တိုင် ပွဲတော်ကလည်း နေမကောင်း၍ဟုအကြောင်းပြကာ အိမ်မှာပင်အောင်းနေခဲ့ရရှာ၏။

ကြာခဲ့ပြီဖြစ်သည့်အတိုင်း အတာတွင် မေ့မေ့ပျောက်ပျောက်ရှိနေတော့ကာ စာတွင်သာ ဖိ၍ သဲသဲမဲမဲ ကြိုးစားနေ၏။ အတာသည် စာကိုလေ့လာသင်ကြား ရာ၌ အလွန် လောဘကြီး၏။ ဆရာမက တစ်မျက်နှာပြီး တစ်မျက်နှာ သို့ မဟုတ် တစ်ပိုဒ်ပြီးတစ်ပိုဒ် သင်စေကာမူလည်း ထိုမျှနှင့် အတာမရပ်။ အချိန် ရတိုင်း ရှေ့ဆက်၍ ဖတ်၏။ သဘောပေါက်လျှင် ပေါက်သလို စာအုပ်ကုန်သည် အထိ ဖတ်ကာ အဓိပ္ပာယ်မရှင်းလျှင် အရပ်ထဲမှ အတန်းကြီးသမားများထံ ချဉ်း ကပ်လျက် အချက်အလက်နှင့် မေးတတ်၏။

ထိုကြောင့်လည်း အသစ်ဖြစ်သော သင်ခန်းစာတစ်ခုခုကို ဆရာမက သင်ရင်း သိလိုသိငြား မေးခွန်းထုတ်လိုက်တိုင်း အတာကသာလျှင် ပထမဆုံး လက်ညှိုးထောင်သူ ဖြစ်နေတတ်၏။ သို့ စာတော်သလောက် ပညာကိုသာ ပျော်ပျော်ရွှင်ရွှင်ကလေး သင်နေနိုင်ခဲ့လျှင် (ဝါ) မသိန်းမေ၏ အနှောင့်အယှက် ကင်းကင်းနှင့် စိတ်ချမ်းချမ်းသာသာ စာကို ကြိုးစားနိုင်ခွင့်ရလျှင် ကျောင်းအုပ် ဆရာမကြီးပြောသကဲ့သို့ နောင်တစ်ခေတ်အတွက် အားထားနိုင်လောက်သော လူတော်လူကောင်း ပညာတတ်ကလေးတစ်ယောက် ဖြစ်လာနိုင်စရာ အလားအလာ သည် များစွာပင် ရှိနေ၏။

ငိုတစ်ခါ ရယ်တစ်လှည့်ဟု ဆိုခဲ့သည့်အတိုင်း အတာမှာ ပညာပင်သင်ခွင့် ရသော်လည်း ပျော်သည့်အခါ ပျော်၍ တစ်ခါတစ်ရံတွင်မူ စာကိုပင် သင်ချင်စိတ် မရှိတော့လောက်အောင် သူ့မေမေသည် အမျိုးမျိုးသော နှောင့်ယှက်ခြင်းဖြင့် စိတ်ဆင်းရဲအောင် ဖန်တီးနေတတ်၏။

ဤလို မရွှင်တစ်နေ့ ရွှင်တစ်နေ့နှင့်ပင် တစ်လမှ တစ်နှစ်သို့ ရွေ့ပြောင်း ကာ ကျောင်းရက်ရှည်သာ ပိတ်လိုက်ပြန်သည်။ အတာတွင်ကား ဆယ်ရက်တိတိ ဆက်တိုက်ပျော်ခဲ့ရသည်ဟူ၍ မရှိခဲ့။ အမဲ့နှင့် အပြုံးသာလျှင် လုံးထွေးကာ ပညာကို မရအရ ယူခဲ့ရရှာ၏။ သို့တိုင်အောင် စာမေးပွဲအောင်စာရင်း၌ အတာ



သည် နံပါတ် ၁ တွင်သာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့၏။ ထိုအောင်စာရင်း ထွက်လာသောနေ့သည် အတာ့အဖို့၌ တစ်နှစ်လုံးတွင် ဝမ်းအမြောက်ဆုံးနေ့ ဖြစ်သကဲ့သို့ သူ့ဒေါ်ဒေါ်သန်းတို့တွင်လည်း တပြုံးပြုံးနှင့် အားရဝမ်းသာရှိနေ ကြတော့၏။

\+ \+ \+

သို့ ဒုတိယဖြစ်သော မစွမ်ကြည်ကို အမှတ်ပေါင်းတစ်ရာကျော်ကွာဖြင့် အပြတ် အသတ် ပထမဆွဲခဲ့သောကြောင့် တစ်ကြောင်း၊ သူ့ကျေးဇူးရှင် ဒေါ်ဒေါ်သန်းနှင့် ညီအစ်မတစ်စု၏ ဝမ်းမြောက်ဝမ်းသာ အားပေးစကား ပြောခဲ့ကြသဖြင့်တစ်ကြောင်း တို့ကြောင့် အတာကလေးတွင် ပျော်တပြုံးပြုံး ရှိနေတော့၏။

သူ့ တပြုံးပြုံး ပျော်ရွှင်မှုသည်လည်း အတာကလေးအား အချိန်ကြာကြာ စိတ်ချမ်းသာမှုမပေး၊ လေး ငါးရက်အကြာတွင် စိတ်ညစ်စရာသည် ကြဲကြဲဖန်ဖန် ကြုံလာရပြန်တော့၏။

'ကဲ အတာရေ၊ သွား ရေမိုးချိုးပြီး အဝတ်အစားလဲကွဲ၊ မေမေက ရွှေမော်ဓောဘုရား သွားဖူးရင် မင့်ကိုပါခေါ်သွားချင်လို့တဲ့၊ ဒေါ်ဒေါ်သန်းဝယ်ပေး တဲ့ ပိုးလုံချည်ကလေးဝတ်ခဲ့နော်၊ ကဲ သွား တော်ကြာမော်တော်ကား လာလိမ့်မယ်'

တစ်နေ့သောနံနက် ခုနစ်နာရီလောက်တွင် အတာ့ကိုခေါ်၍ ဒေါ်ဒေါ်သန်း က ဤလို ပြောလိုက်သည်နှင့် အတာတွင် ခေါင်းကိုက်မတတ် စိတ်ရှုပ်သွား တော့၏။ သူ့ဘွားဘွား (ဒေါ်ဒေါ်သန်း၏ မေမေ) ကလည်း ကျိုက်ထီးရိုး၊ ရွှေစက်တော် စသော ရောက်နိုင်ခဲသည့် ဘုရားများသို့ အဖူးအမြော်သွားတိုင်း အတာအား ခေါ်သွားလေ့ရှိ၏။

'သန်းသန်း အတာကို ငါ ဘုရားဖူးခေါ်သွားချင်တယ်ကွယ်၊ သူတို့ အနေနဲ့ဆိုရင် တော်တော်နဲ့ ဖူးခွင့်ရမှာ မဟုတ်ဘူးကွဲ့'

ရန်ကုန်တစ်ဖက်ကမ်းဖြစ်သော သံလျင် ကျောက်တန်း စသည်တို့ကို ဘုရားဖူးရာ၌ပင် အတာအား ခေါ်သွားလေ့ရှိသည့်အတိုင်း ယခုလည်း ပဲခူး ရွှေမော်ဓောသို့ ခေါ်ပြန်လေပြီ။ အတာတွင် သူ့ဒေါ်ဒေါ်သန်း ဝယ်ပေးခဲ့သော ပိုးလုံချည်ကလေးကား ယခုအချိန်ဆိုလျှင် အပေါင်ဆုံးပစ္စည်းအဖြစ် ရောင်းချ ပြီးလောက်ပြီ ဖြစ်လျက် ဝယ်သွားသူ လက်ထဲ၌ပင် စုတ်ပြဲ ဟောင်းနွမ်းနေပြီ လော မပြောတတ်တော့ပေ။

ချည်လုံချည်ကလေးနှင့်ပင် အတာ ရောက်လာ၏။

'သြော် ငါ့မြေးနှယ်၊ ပိုးလုံချည် ဝတ်ခဲ့ပါ ဆိုမှပဲ' ဟု အတာ့ ဘွားဘွား က ကရုဏာသံဖြင့် ညည်းလိုက်သကဲ့သို့

'အတာ မမသန်းဝယ်ပေးတဲ့ ပိုးလုံချည်ကော၊ အဲဒါ ဝတ်ခဲ့မှပေါ့ ဟဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့မမရင်ကလည်း ရှင်ရှင်ကြည်ကြည်ပင် အပြစ်ဆိုနေပြန်၏။

'ဒီကောင်က အင်မတန် နှမြောတတ်တာကွဲ့၊ သူ့ပိုးလုံချည်ဟောင်းသွားမှာ စိုးလို့ ထင်ပါရဲ့၊ ဟုတ်လား အတာ'

'ဟုတ်ကဲ့' ဟု ဖြေလိုက်လျှင် ဤကိစ္စသည် ဤမျှနှင့်ပင် ပြီးသွားလေမည်လားဟု အတာ စဉ်းစား၏။ သို့သော် သူ့ကျေးဇူးရှင်များကို သူမလိမ်ချင်။ 'ကျေးဇူးရှင်ကို မပြစ်မှားကောင်းဘူး' ဟူသော စကားနှင့် ပတ်သက်၍ လိမ်ပြောခြင်းသည်လည်း ပြစ်မှားရာရောက်သည်ဟု အတာ ယူဆ၏။ သို့နှင့် အမှန်ကိုပင် ဖွင့်ပြောလိုက်ရရှာသည်တွင်

'မသိန်းမေက တယ်မိုက်သကိုးကွယ်၊ ကလေးပစ္စည်းကိုမှ ယူပြီး၊ ငိုမနေနဲ့တော့ အတာရယ်' ဟု သူ့ဘွားဘွားသည် အတာကိုပင် ပြန်လည်ချော့နေမိရာမှ

'ကိုင်း သန်းသန်းရေ လုပ်ပါဦးကွယ်၊ အတာ့ဖို့ ပိုးလုံချည်လေး တစ်ထည်လောက်'

'သွားတောင်ချုပ်နေပါပြီ မေမေ'

ဘွားဘွားမှ စကားမဆုံးသေးမီပင် သူ့ဒေါ်ဒေါ်သန်းက ဤလိုပြောလိုက်၏။ စေတနာချင်းက ကိုက်ညီလှချေ၏။ အတာ့အပေါ် ကြင်နာရာတွင်လည်း မည်သူနှင့်မျှ မတူ။ ဤလို ကျေးဇူးရှင်မျိုးကို အတာသည် အဘယ်မှာရှာ၍ တွေ့နိုင်တော့အံ့နည်း။

\+ \+ \+

ယခု အတာတက်ခဲ့ရသော စတုတ္ထတန်းမှာ သူ့ကိုချစ်သည့် တီချာလတ်ကိုင်သော အတန်းဖြစ်၏။ အတာ့စိတ်သဘောထားနှင့် ပညာအရည်အချင်းကို သိပြီးဖြစ်သည့်အတိုင်းလည်း တီချာလတ်သည် မိန်းကလေးများ အပ်ချုပ်သင်ရသည့် အချိန်များတွင်သာ မဟုတ်၊ နံနက်တိုင်းလိုလို ဂဏန်းသချ်ာကို အတာကပင် ကျောက်သင်ပုန်းကြီး၌ ရေးပေးရလျက် အတာကိုယ်၌ကမူ ရေးစရာ တွက်စရာ မလို။ အချိန်မရွေး ရေးလိုက် တွက်လိုက်တိုင်း ချက်ခနဲ မှန်နေသည်သာများ၏။ သို့သော် အတာကမနေ။ အတန်းသားအားလုံးအဖို့ ရေးပေးပြီးလျှင်လည်း သူပါ ထိုင်၍ တွက်လေ့ရှိ၏။

'အတာ မင်း ဘာဖြစ်လို့ တွက်နေသလဲ၊ သူတို့ကို ကြည့်နေပါဆိုတာ'

'ဟုတ်ကဲ့ ကြည့်လဲ ကြည့်ပါတယ်၊ ဒါပေမဲ့ ဒီတိုင်းထိုင်နေရတာ ပျင်းလို့ပါ တီချာ'

တီချာလတ်မှာ လက်ထောက်ကျောင်းအုပ်ဖြစ်သည့်အတိုင်း ဆရာမကြီး၏ ရုံးကိစ္စများကို ရံဖန်ရံခါ ဝိုင်းကူရ၏။ ဤတွင် အတာလို လူတော်ကလေးတစ်ယောက်ကို ရထားသဖြင့် တီချာလတ်တွင် နံနက်ပိုင်းဖြစ်သည့် ဂဏန်းသချ်ာချိန်တိုင်းလိုလို အတာနှင့်သာ လွှဲထားပြီး ဆရာမကြီးအား အေးအေးလူလူ ကူညီခွင့် ရနေတော့၏။

ဤဒေါ်ဒေါ်သန်းတို့လမ်းထဲသို့ ရောက်စက အတာနှင့် မနှစ်က အတာသည် လုံးဝ မတူ။ မနှစ်ကအတာနှင့် ယခုနှစ်အတာသည်လည်း လုံးလုံးခြားနား၏။ တစ်နှစ်ဆိုလျှင် တစ်နှစ် သိသိသာသာ အတာ တိုးတက်လာ၏။ အသိဉာဏ် ပိုလာ၏။ လူရည်လည်း ပို၍ လည်လာ၏။

ယခင်ကဆိုလျှင် မင်္ဂလာဆောင်၊ ရှင်ပြု စသော မည်သည့်လူမှုတန်းမှုကို လုပ်ကြသည်ဖြစ်စေ ထုံးစံအတိုင်း မိမိတို့ဆိုင်ရာ ဆွေမျိုးတစ်စု အကူအညီဖြင့် ကိစ္စပြီးကြရလျက် အချို့သော အလှူရှင်များတွင်လည်း ဝိုင်းဝန်းလုပ်ကိုင်ပေးမည့် ဆွေမျိုးမိတ်သင်္ဂဟ ရှားပါးသည်နှင့်အညီ ကသီလင်တ မနိုင်မနင်းနှင့်ပင် လှူဖွယ်ကိစ္စကို စိတ်မောလူမော အဆုံးသတ်လိုက်ကြရ၏။

ယခုသော် အရပ်ထဲရှိ မည်သူက အလှူလုပ်လိုသည်ဖြစ်စေ၊ အကူအညီကို ရှားရှားပါးပါး လိုက်စုနေစရာမလို။ အတာကို အကြောင်းကြားလိုက်လျှင် ဆယ့်ငါးယောက်မျှသော လူငယ်များသည် အချိန်မရွေး အချိန်မီ ရောက်လာမည်ဖြစ်၏။ များစွာသော အလှူအိမ်တို့တွင် ပြုမူကျွေးမွေးတတ်ကြသည့်အတိုင်း နောက်ဖေးမှ မုန့်ဟင်းခါးပန်းကန်ကို အိမ်ရှေ့ထိ၊ အိမ်ရှေ့မှ စားပြီးသားများကို နောက်ဖေးထိ တစ်ဦးတစ်ယောက်တည်းက ယူသွားတတ်သည့်နည်းကို အတာ မသုံး။ နောက်ဖေးမှ အိမ်ရှေ့၊ အိမ်ရှေ့မှ နောက်ဖေးသို့ အပြေးအလွှားသွားလာသယ်ပို့နေရသည်ကို ပင်ပန်းသည်၊ လူရှုပ်သည်၊ မျက်စိနောက်သည်၊ အဝင်နှင့် အထွက် တိုက်မိကြလျှင်လည်း ဖိတ်စင်ကျကွဲတတ်သည်၊ ခရီးလည်းမတွင်ဟု အတာ သို့ကလို ယူဆ၏။

ထို့ကြောင့် အတာသည် သူ့နည်းကို သူသုံး၏။ အိမ်ရှေ့ဧည့်ခန်းတွင် စားပွဲများသို့ လိုက်ချပေးရန်အတွက် လေးယောက် ငါးယောက် စသည်ဖြင့် အကျယ်အဝန်းကိုလိုက်၍ သူ့လူများကို နေရာချထားပေးပြီး ကျန် သူ့သူငယ်ချင်းများကိုမူ ဧည့်ခံခန်းဝမှသည် မုန့် ခေါက်ဆွဲ စသည်တို့ ပြင်သည့်နေရာအထိ လူနှစ်တန်းစီကာ မျက်နှာချင်းဆိုင် နေရာချထား၏။ တစ်တန်းမှာ ဧည့်ခန်းမှ စားပြီးသမျှကို နောက်ဖေးသို့လည်းကောင်း၊ အခြားတစ်တန်းမှာ နောက်ဖေးမှ မုန့်ပန်းကန်များကို ဧည့်ခန်းသို့လည်းကောင်း လက်ဆင့်ကမ်း ပေးပို့ခြင်းအားဖြင့် လူလည်း သက်သာ၊ ရှုပ်ရှုပ်ထွေးထွေးလည်း မရှိ။ အကွက်လည်းစေ့သည့်ပြင် မလစ်မဟင်းနှင့် အလုပ်ပါတွင်ကျယ်၏။

အတာကမူ သူတစ်ထူးမလုပ်ချင်သော ပန်းကန်ထိုင်ဆေး၊ ထွေးခံသွန်



www.burmeseclassic.com

www.burmeseclassic.com



စသည်ကိုသာ မရှုံမရှာ လုပ်လေ့ရှိ၏။ အနစ်နာခံစရာရှိလျှင် သူ့သူငယ်ချင်းများကို နောက်တွင်ထား၍ သူသည်ပင် ရှေ့မှခံ၏။ သို့ကြောင့်လည်း သူ့လူငယ်များက အတာ့ကို ချစ်ကြ၏။ ခင်မင်လေးစားကြ၏။ မြန်မာအိမ်တစ်အိမ်မှ ပြုလုပ်သော အလှူပင်ဖြစ်စေ အတာ့နောက်တွင် ကုလားနှင့် တရုတ်ကလေးများလည်း အမြဲပါ၏။ တစ်ခါတစ်ရံ ဝက်သားဟင်းပါသည့် အလှူမျိုးဖြစ်က ထမင်းကျွေး ညွှန်ချိန်တွင် ကုလားကလေးများကို

'မင်း ဒီမှာထိုင်နေကြဦးနော်၊ တစ်လှည့်စီလုပ်ရမယ်၊ သူတို့အရင်လုပ်ပဒေ မင်းတို့အလှည့်ကျမှ ငါလာခေါ်မယ်' စသည်ဖြင့် ပရိယာယ်သုံးကာ အိမ်ပြင်တွင် ထိုင်နိုင်းထားပြီး ဝက်သားပါသည့်ကိစ္စပြီး၍ အချိုပွဲပို့ရန် အချိန်ရောက်မှ ကုလားကလေးများကို ခေါ်၏။ ဤသို့ သိတတ်မှုကလေးများကြောင့်လည်း အတာဆိုလျှင် ကုလားကလေးများကပါ အသည်းစွဲဖြစ်နေကြ၏။

အလှူနှင့်ပတ်သက်၍သော်လည်းကောင်း၊ သာရေးနာရေးကိစ္စများအတွက်သော်လည်းကောင်း အတာတို့အား အကူအညီခေါ်လျှင် လူမျိုး ဘာသာမရွေး အတာတို့ လိုက်လုပ်ပေးကြ၏။ ဤသို့ အစုလိုက် အသင်းလိုက် ကူညီနိုင်ရန်လည်း အတာသည် လူငယ်များအဖွဲ့ဟူ၍ အဖွဲ့ကလေးတစ်ခု ဖွဲ့စည်းတည်ထောင်ကာ မူလက အဖွဲ့ရန်ပုံငွေအဖြစ် တနင်္ဂနွေနေ့တိုင်း တစ်ယောက်တစ်ပြားစီ ထည့်ဝင်စုဆောင်းခဲ့ကြသော်လည်း သူတို့၏ ကူညီတတ်သော စေတနာကို အလုပ်ဖြင့် ပြလာသော အခါ၌ သူတို့အဖွဲ့၏ အကူအညီကိုတောင်းသော အလှူအိမ်တိုင်းက ငါးကျပ်မှ တစ်ဆယ်ထိ ရန်ပုံငွေအဖြစ် ထည့်ဝင်လာကြသောကြောင့် သူတို့ကိုယ်၌က တစ်ပြားစီထည့်ဝင်ရန်ပင် မလိုတော့သော အခြေသို့ ရောက်လာတော့၏။

ဤမျှဘက်တွင်သာ အတာ အသုံးကျသည်မဟုတ်။

'အတာရေ လာပါဦးကွယ်၊ ဒေါ်ဒေါ်အေးကို ဘင်္ဂလားဆီးသီး အစိတ်သားလောက် ဝယ်ပေးစမ်းပါ နော်'

ခင်စိုးလှတို့မေမေကလည်း အတာအား အိမ်ပေါ်သို့ခေါ်ကာ ဝယ်စရာတစ်ခုခုရှိက သူ့အားပင် ခိုင်းလေ့ရှိ၏။ အတာကလည်း မငြင်း၊ သွက်သွက်လက်လက်ပင် အပြေးကလေး သွားဝယ်လာတတ်၏။

'ဩော် ငါ့တူရယ်၊ ခပ်ပျော့ပျော့ကလေးဟာ ဝယ်ခဲ့ရောပေါ့၊ မင့်ခုဟာက မာလိုက်တာ ကိုက်လို့တောင် မရဘူး' ဟု ဒေါ်ဒေါ်အေးက အပြစ်ကလေး တင်လိုက်သည်နှင့်

'ကျွန်တော်ပြောမယ် ဒေါ်ဒေါ်အေး၊ ဩစ်သီးဆိုင်တွေမှာ ရောင်းတဲ့ ဘင်္ဂလားဆီးသီးခြောက်ဟာ သူတို့က နှစ်မျိုးနှစ်စား ပြထားပေမဲ့ အဲဒါ အတူတူပဲ ဒေါ်ဒေါ်အေးရဲ့၊ ခြောက်ပြီး မာနေတဲ့အစားက ရေမဆွတ်ရသေးတာ



ခပ်ပျော့ပျော့က ရေဆွတ်ထားတာ'

'ဟေ ဟုတ်လား'

'ဟုတ်တယ်ခင်ဗျ၊ ကျွန်တော် သေသေချာချာ သိတာပေါ့၊ ခဏခဏ မြင်နေရတာပဲ၊ အဲဒါ ဝယ်တဲ့လူတွေက ခြောက်နေတဲ့အစားကို မာတယ်ဆိုပြီး မဝယ်ကြဘူး၊ ပျော့ပျော့ကိုပဲ ယူကြတယ်၊ အဲဒါ ဝယ်တဲ့လူ နာတာပေါ့'

'ဘာဖြစ်လို့လဲ အတာ'

'အခြောက်ကို ရေဆွတ်ထားတာမို့ အလေးချိန်ပိုစီးတယ် မဟုတ်လား၊ ပြီးတော့ ဒီအပျော့စားကို လူကြိုက်များတယ်ဆိုပြီး တစ်ပိဿာမှာ တစ်မတ်ငါးမူး ဈေးတင်ထားလိုက်သေးတယ်၊ ဝယ်သူ မနာဘူးလား ကဲ၊ ဒါကြောင့် ကျွန်တော် အခြောက်ကို ဝယ်လာတာ၊ ဒေါ်ဒေါ်အေး မယုံရင် ဒီဆီးသီးကို ဖြန့်ပြီး ရေကလေးနည်းနည်းပက်ထားကြည့်၊ နောက် တစ်နာရီလောက်ကြာရင် ပျော့လာလိမ့်မယ်၊ ဆိုင်က ကုလားတွေလဲ ဒီတိုင်းလုပ်တာပဲ'

ဝယ်သူတွင် ဈေးပိုပေးရသည်ရော၊ အလေးချိန်ပိုစီးသည့် အတွက်နာ နှစ်ဖက်နာ နာသည့်အဖြစ်ကို ယခု အတာပြောမှပင် ဒေါ်ဒေါ်အေး သဘောပေါက်တော့၏။

ဤသို့ အဝယ်အခြမ်း ကိစ္စမျိုးတွင်သာ အတာ ပါးနပ်သည်မဟုတ်သေး။

'ဒီမှာ အတာ၊ လမ်းလေးဆယ်ထဲကလေ အိမ်နံပါတ် ၁၀၉ မှာနေတဲ့ ရေဘုံဘိုင်ပြင်တဲ့ ကုလားကို ခေါ်ပေးစမ်းပါကွယ် နော်' ဟု တစ်ဦးတစ်ယောက်က ခေါ်ခိုင်းလျှင်လည်း

'ဘာဖြစ်လို့လဲ ကြီးကြီး'

'ဘုံဘိုင်ခေါင်း ပျက်နေလို့ကွဲ့၊ ခု အဝတ်စုတ်တွေနဲ့ ပတ်ထားရတယ်၊ ရေတွေ ဒလဟော ထွက်နေလို့'

'ကျွန်တော် ဝင်ကြည့်မယ် နော်' ဟု ဝင်ခွင့်တောင်းကာ ဘုံဘိုင်ခေါင်းကို သွားကြည့်၏။

'ကျွန်တော် ခုပြန်လာမယ် ကြီးကြီး'

အတာလည်း ပြောပြောဆိုဆို ထွက်သွားကာ ပြန်လာသောအခါ၌ မော်တော်ကားကျွတ်စ သို့မဟုတ် သားရေစ တစ်ခုခုနှင့်အတူ ဂဏန်းလက်မ တစ်ခု ပါလာသည်ကိုတွေ့ရပြီး သုံးလေးမိနစ် အတွင်းမှာပင် ရေဒရဟောယိုနေသည့် ဘုံဘိုင်ခေါင်းသည် အကောင်းပကတိ ဖြစ်သွားလိမ့်မည်သာ။

'ဟဲ့ မင်း ဒီပညာတွေလဲ တတ်သလား အတာ၊ မင့် ဘယ်သူသင်ပေးသလဲ'

'ကျွန်တော်တို့အိမ်က ဘုံဘိုင်ခေါင်းပျက်တုန်းက ကုလားလာပြင်တာကို ကြည့်နေတာပေါ့၊ အလွယ်လေးပါ ကြီးကြီးရဲ့'

သို့လျှင် အမှတ်မဲ့ မနေတတ်သော အတာသည် ပညာကိုမြင်ရုံနှင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



အရယူလိုက်တတ်သေး၏။

တစ်နေ့သော်

ခင်စိုးလှတို့ အပေါ်ထပ်သို့ အတာသည် ဖျတ်ဖျတ်လတ်လတ် ပြေးတက်သွားပြီး တဒက်ဒက်နှင့် တံခါးကို ခေါက်လိုက်၏။ ချက်ချင်းပင် တံခါးပွင့်လာကာ ဖွင့်ထားသော တံခါးနှစ်ရွက်ကို ကိုင်မှော၍ ခပ်ကျော့ကျော့ ရပ်နေသော ခင်စိုးလှလည်း ရုတ်တရက် အတာ့ကို မြင်လိုက်ရသည်နှင့်

'ဘာလဲ၊ နင် ဘာလာလုပ်တာလဲ၊ မေမေ မရှိဘူး' ဟု ခင်စိုးလှက မျက်နှာထားတင်းတင်းနှင့် တစ်လုံးချင်း မေးလိုက်သောကြောင့်

'ဒေါ်ဒေါ်အေး မရှိဘူးဆိုတာ ငါသိသားပဲ'

'ဟင် ဒါဖြင့် ဘာလို့တက်လာရသလဲ၊ မိန်းမပျိုလေးတစ်ယောက်ထဲရှိတဲ့'

'ဘာ မိန်းမပျိုလေး ဟုတ်လား၊ နင့်အသက် ဘယ်လောက်များရှိနေပြီမို့လဲ၊ ကဲ ဒါက ငါနဲ့ မဆိုင်ပါဘူးလေ၊ နင် လမ်းဖယ်ပေးပါ၊ ငါ အထဲဝင်မလို့' ဟု ပြောပြောဆိုဆို အတာက ခြေလှမ်းပြင်လိုက်သောကြောင့် ခင်စိုးလှတွင် ရှုံ့ခနဲ ဖြစ်သွားရာမှ

'ဘာဖြစ်လို့ ဝင်ရမှာလဲ၊ မေမေ မရှိဘူး၊ အိမ်မှာ ငါတစ်ယောက်ထဲသိရဲ့လား'

'ဘာ၊ နင်တစ်ယောက်ထဲကော နင့်ကို ဘယ်သူက ဘာလုပ်မှာတဲ့လဲ၊ ဒီမှာ ဓာတ်မီး ဖျူစ်ပျက်နေတာ ပြင်ပေးပါဆိုပြီး ဒေါ်ဒေါ်အေးက လွှတ်လိုက်လို့ ငါလာတာ'

ဤတွင်မှ ခင်စိုးလှတွင် အမိပ္ပာယ် ရှင်းသွားတော့၏။ သို့သော် ရုတ်တရက် မဖယ်သေး၊ တစ်စုံတစ်ရာ တွေးနေပြီးမှ

'ဒါဖြင့် နင့်ဟာနင် လုပ်၊ ငါ အောက်ကိုသွားနေမယ်'

ခင်စိုးလှကလည်း သို့ပြောရင်း တံခါးအပြင်ဆီသို့ ခြေလှမ်းတော့မည်ပြုလိုက်သည်နှင့်

'ဒီလိုဆို ငါ မပြင်ဘူး၊ ငါလဲပြန်မယ်' ဟု အတာလည်း ပြောပြောဆိုဆို ခြေလှမ်းပြင်ရုံသာမဟုတ်ဘဲ ဆင်းစပင် ပြုလိုက်သောကြောင့်

'အို ဒါက ဘယ်လဲ၊ ဓာတ်မီး မပြင်တော့ဘူးလား' ဟု ခင်စိုးလှက အထိတ်တလန့်ကလေး မေးလိုက်၏။

အတာကို အဘယ်ကြောင့်ဟူ၍ မသိ၊ မုန်းပင် မုန်းနေသော်လည်း ဓာတ်မီးမပြင်ဘဲ ထွက်သွားမည်ကိုမူ ခင်စိုးလှ စိုးရိမ်ရ၏။ အချိန်မှာလည်း ရေဒီယိုလာရန် ဆယ့်လေးငါးမိနစ်မျှသာ လိုတော့သည်။ အမြန်ဆုံး မီးရမှကိုလိုလားသဖြင့် သူ့မေမေအား ပူဆာခဲ့ရာတွင် ဓာတ်မီးကုမ္ပဏီမှလူကို မခေါ်ဘဲ အတာကို လွှတ်လိုက်ရပါမို့လား ဟူ၍လည်း ခင်စိုးလှ ဒေါပွနေမိ၏။ သို့သော်



ရေဒီယို နားမထောင်ရမည်ကိုလည်း သူ အလွန်ပူနေ၏။ သို့နှင့်ပင် ထူထူအင်းအင်းကလေး မေးလိုက်ရ၍

'အေး၊ နင် ငါ့အနားမှာမရှိရင် ငါလဲ ဓာတ်မီးမပြင်နိုင်ဘူး၊ သွားမယ်' ဟုအတာကလည်းမလျှော့။ သမင်လည်ပြန်မော့ကြည့်ရင်း ပြောလိုက်သောကြောင့်

'ဟုတ်တယ်၊ နင့်အနားမှာ ငါကနေရမယ် အင်း'

'နင် အဆန်းမတွေးနဲ့ သိလား၊ ငါက ရိုးရိုးပြောနေတာ၊ တကယ်လို့ နင်ဆင်းသွားရင် ငါတစ်ယောက်တဲ အပေါ်မှာ ကျန်နေမယ်၊ အဲဒါ မတော်လို့ ပစ္စည်းတစ်ခုခု ပျောက်သွားရင် ဘယ်သူ့ခေါင်းကျမလဲ နင်စဉ်းစားကြည့်စမ်း၊ သာလဲ လုပ်ပေးရသေးရဲ့၊ သူခိုးလို့လဲ အထင်ခံရမယ်ဆိုရင်တော့ မဖြစ်ဘူး၊ အဲဒါက တစ်အချက်'

'အင်း ဟင့်'

ခင်စိုးလှကမူ ထိုမျှသာ မသိမသာမဲ့ရင်း ရေရွတ်လိုက်၏။

'နှစ်အချက်ကတော့ နင်အောက်ကိုဆင်းပြီး ရှောင်နေမယ်ဆိုရင် အရပ်က ငါ့ကို ဘယ်လိုထင်မလဲ၊ ဒီကောင်လေး မရိုးသားလို့သာ'

'ကဲ တော်တော့၊ လာ ငါမဆင်းတော့ဘူး၊ ဟိုနားက ထိုင်ကြည့်နေမယ် နင့်ဟာနင် ပြင်'

ယခုမှပင် ခင်စိုးလှလည်း တံခါးဝမှ လမ်းဖယ်ပေးကာ မကြည်မသာနှင့်ပင် အတာအား ဝင်ခွင့်ပြုလိုက်တော့၏။

အတာလည်း အိမ်ရှေ့ဘုရားစင်အောက်ရှိ ပင်မ သော့ခလုတ်ကို ဖြုတ်ကာ အသင့်ပါလာသော ဓာတ်ကြိုးမျှင်ကလေးများကို ဖြုတ်၍ ပြုတ်သွားသည့်နေရာတွင် အစားထိုးပြုပြင်လျက် ခလုတ်ကို ချက်ခနဲ ဖွင့်လိုက်သည်နှင့် ဓာတ်မီးများလင်းလာ၏။ ခင်စိုးလှ မျက်နှာကလေးလည်း ဝင်းခနဲ ကြည်သွား၏။ သို့သော် အတာက လှည့်ကြည့်လိုက်သည်နှင့် မျက်နှာပိုးကလေးသတ်တဲ့ကာ

'ပြီးရင် သွားတော့' ဟု ခပ်စူစူကလေး ပြောလိုက်သည်ကို

'နင်က ဆွဲထားလဲ ငါမနေဘူး၊ သိလား'

'အင်း ငါကလဲ ဆွဲမထားပါဘူး၊ ဒါကြောင့် ပြီးရင် သွားတော့လို့ ပြောတာပေါ့'

'အေး နင်က ရှိခိုးပြီး ဆွဲထားလဲ မနေဘူး၊ ရှိခိုးပြီးခေါ်လဲ ငါမလာဘူး သိလား၊ ဒေါ်ဒေါ်အေးက ကဲ အတာရယ်၊ ဟော မင့်နှမက ရေဒီယို နားမထောင်ရရင် သေရတော့မလို ဖြစ်နေလို့ ဓာတ်မီးပြတ်နေတာလေး ဆိုပ်ပေးလိုက်စမ်းပါဦးဆိုလို့ ငါလာတာ နားလည်လား'

'အောင်မယ် မင့်နှမကတဲ့ ဟင်း ဒီလိုဟာမျိုး သေတောင် အစ်ကိုမတော်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ငါကလဲ နင့်လို ဗလတ်တတ်တတ် ရုပ်တတ်တတ် မိန်းကလေးမျိုးကို နမတော်ဖို့ ယောင်လို့တောင် အိပ်မက်မမက်ဘူး၊ အဲဒါ မှတ်ထားလိုက်'

ခင်စိုးလှ ဘာမျှထပ်မချေနိုင်။ အငိုင်သားတွေကြည့်ရင်း နှုတ်ခမ်းတရှုရှုနှင့် တဟင်းဟင်း ဒေါပွနေ၏။ အတာကလည်း မျက်နှာထားတင်းတင်းနှင့်ပင် လှည့်ထွက်လာခဲ့၍ တံခါးပေါက်အရောက် ချွတ်ထားသော ဖိနပ်ကို ခြေနှင့်စမ်းရှာနေစဉ် ခင်စိုးလှလည်း တံခါးပိတ်ရန် လှမ်းထွက်လာပြီး အတာ အပြင်သို့ရောက်သည်နှင့် တံခါးကို ဂျုန်းခနဲ ဆောင့်ပိတ်လိုက်၏။ အတာကလည်း အညံ့မခံ။ ပိတ်လိုက်သော တံခါးရွက်ကို ဝုန်းခနဲတစ်ချက် ထုလိုက်ပြီး သူ့ဟာသူ သဘောကျသွားသလို ပြုံးပြုံးရယ်ရယ် ဆင်းလာခဲ့၏။

ခင်စိုးလှနှင့် အတာ မြင်လိုက်သည်နှင့် တစ်ယောက်ကို တစ်ယောက် ကတောက်ကဆ အမူအရာကလေးတွေ ပြလာတတ်၏။ နီးနီးကပ်ကပ်မျက်နှာချင်းဆိုင်မိလျှင် အထက်ပါနည်းတူ သူ့ဘု ငါ့ဘောက်နှင့် တစ်ယောက်ကိုတစ်ယောက် အဘယ်သောအခါမျှ အလျှော့ပေးလေ့ မရှိခဲ့သည့်အတိုင်း ယနေ့အထိသော သူတို့နှစ်ယောက်၏ အခြေမှာ ဆိုခဲ့သည့်အနေတွင်သာ ရှိနေသေး၏။

\+ + +

အရပ်ထဲတွင်လည်း အရပ်နှင့် ဆိုင်ရာကိစ္စကလေးများ၌ အဖက်ဖက်က အတာ ကျွမ်းကျင်သကဲ့သို့ ကျောင်းရောက်လျှင်လည်း ပညာရေးဘက်၌ သူမတူအောင် ဦးနှောက်ကလေး ပြောင်လက်နေချေးသေး၏။

'အောက်ပါ စကားလုံးများကို ဝါကျတစ်ခုစီဖွဲ့ပါ' ဟူ၍ တီချာလတ်က အင်္ဂလိပ်ဘာသာဖြင့် ကျောက်သင်ပုန်းကြီးတွင်

ဥပမာ၊ Taller, Spring, Clever, Fly, Behaved အစရှိသဖြင့် ရေးသား၍ ဝါကျဖွဲ့ခိုင်းလျှင်

(1) He is taller than his brother.

(2) Let us bathe in the spring.

(3) Khin Khin is clever than Ye Ye.

(4) Bees fly in and out.

(5) Mg Mg behaved in a childish way.

များသောအားဖြင့် အထက်ပါအတိုင်း အလွယ်ဆုံးသော နည်းကို သုံး၍ ရေးဖွဲ့တတ်ကြသော်လည်း အတာကမူ

(1) I wish I were taller.

(2) The tiger was shot before getting chance to spring.



(3) Rama is remarkably clever in arithmetic.

(4) Fly is troublesome insect.

(5) San Win behaved as though he was very angry.

ဤသို့သာလျှင် ခက်ခက်ခဲခဲ စကားလုံးရှာ၍ ဝါကျဖွဲ့လေ့ရှိ၏။ မှားသော်မှ မှားစေ၊ သူ့တွင် စွန့်စားတတ်သော ဝါသနာကလေးအပြင် မည်သည့်အရာတွင်ဆို သူတစ်ဦးထက် ထူးထူးခြားခြား အစွမ်းပြလိုက်ရမှ ကျေနပ်တတ်သော စိတ်ကလေးကလည်း ရှိသည့်အတိုင်း အမြဲလိုလိုသူစွန့်စား၏။ ရဲရဲတင်းတင်း ရေး၏။

ဤသည်ကိုပင် သူ့တီချာလတ်က အလွန်သဘောကျ၏။ မှားလျှင်ပြင်ဆ၏။ မရှက်မကြောက် ရေးရန်လည်း အားပေး၏။ သို့သော် စာမေးပွဲများ၌မူ လွယ်လွယ်နှင့် အမှန်ကိုရအောင် ရေးရန် ဖြေရန် အတန်တန် သတိပေးရသေး၏။

အခြားသော အတန်းသားများက တီချာလတ် သင်ထားသည့်အတိုင်း (သို့မဟုတ်) စာအုပ်ထဲတွင် ပါသည့်အတိုင်း အလွတ်ကျက်မှတ်၍ ရေးဖြေတတ်ကြ၏။

ဥပမာ

As we entered the station, the train came on.

ဤလို သင်ထားလျှင် (သို့မဟုတ်) စာအုပ်ထဲတွင် ထိုအတိုင်းပါလျှင် အခြားသော အတန်းသားများက ၎င်းအတိုင်းပင် ရေးကြဖြေကြမည်ဖြစ်သော်လည်း အတာကမူ

As we entered the station, the train came in.

သို့လျှင် သူများထက် ထူးအောင်ထွင်၍ ဖြေတတ်၏။ ဆရာမက စကားတစ်လုံး ဝါကျတစ်ပိုဒ်ကို သင်ပြရင်း မည်သည့် စကားလုံးကို မည်သို့သုံးက အဓိပ္ပာယ်မည်သို့ရမည်၊ အဓိပ္ပာယ်တူဝါကျတစ်ခုတည်းကိုပင် အမျိုးမျိုးအဖုံဖုံ မည်သို့လှည့်ရေးနိုင်သည် စသဖြင့် ရှင်းပြလျှင် အတာ ချက်ချင်းမှတ်ထားလိုက်၏။ ရေး၍ မမှတ်၊ စိတ်ထဲမှသာ စွဲ၍ ကျက်ထားတတ်၏။

သို့ကြောင့်လည်း Spring စကားလုံးနှင့် ပတ်သက်၍ အခြားသော ကလေးများက စမ်းချောင်း စမ်းရေအိုင် ဟူ၍သာ လွယ်ရာမှတ်ထားလိုက်သော်လည်း ထိုစာသင်ချိန်က တီချာလတ် ထည့်ပြောသွားသည့် 'ခုန်လွှားသည်၊ ခုန်၍ အုပ်သည်' စသော အဓိပ္ပာယ်ခြားနားချက်ကိုပါ ကျက်မှတ်ထားလိုက်ပြီး အခွင့်ပေါ်လာသည်နှင့် မှားသွားမည်ကို မရှုံ့။ သူများထက် ထူးခြားအောင် ဝံ့ဝံ့စားစားပင် ရေးချလိုက်တော့၏။

ကျောင်းတွင်သာ အရေးအဖတ် ရဲရင့်သည်မဟုတ်။ ပြင်ပ၌လည်း အဘယ်နေရာသို့ သွားသည်ဖြစ်စေ အင်္ဂလိပ်စကားကို သုံးခွင့်ကြုံလာပြီဆိုလျှင် ရှက်မကြောက်ပင် ပြောလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ဒေါ်ဒေါ်သန်းတို့ ညီအစ်မတစ်စုသည် တစ်စုံတစ်ခု ဝယ်စရာရှိလျှင် စေ့စပ်သေချာ၍ တစ်ခါတည်းနှင့် ကိစ္စပြီးတတ်သော အတာ့ကိုသာ ခိုင်းလေ့ရှိသည့်အတိုင်း တစ်နေ့သော် ဒေါ်ဒေါ်တင်က ဘိလပ်ချိတ်ကလေးများ ဝယ်ပေးရန် အတာအား ရီးတိုက်သို့ လွှတ်လိုက်၏။

ရွှေးဖြင့် ရွှဲပေနေသော စွပ်ကျယ်နှင့် လုံချည်ကလည်း အရောင်အဆင်းမပေါ်၊ ဘော်လုံးကစားနေရာမှပင် ထွက်လာခဲ့ရသောကြောင့် ရီးတိုက်ပေါ်ရောက်သည်နှင့် အရောင်းစာရေးများသည် အလစ်သမားကလေးတစ်ယောက်ကဲ့သို့ သဘောထားကာ အတာအားသာလျှင် ဂရုစိုက် အကဲခတ်နေကြတော့၏။

အတာကလည်း ဝယ်စရာရှိသည့်နေရာကို တိုက်ရိုက်မသွားသေးဘဲ ကြည့်ကောင်းကောင်းရှိသည်နှင့် ကလေးစက်ဘီးများထားရာဌာန တွင်လည်းကောင်း၊ ဆွယ်တာအင်္ကျီများ ချိတ်ထားသည့်နေရာတွင်လည်းကောင်း၊ လက်ပတ်နာရီ မျိုးစုံတည်ခင်းထားသည့် မီဒိုအနီးတွင်လည်းကောင်း တရစ်ဝဲဝဲလျှောက်ကြည့်နေ၏။ ကြာသော် စာရေးတစ်ယောက်လည်း အတာ့အပေါ်တွင် ပို၍မသင်္ကာဖြစ်လာကာ အတာ့လည်ကုပ်ကို ဆတ်ခနဲဆုပ်ကိုင်ရင်း

'ဟေ့ကောင်လေး ဘာလာရှုပ်နေတာလဲ သွား'

ထိုစာရေးလည်း ပြောပြောတွန်းတွန်းပင် အတာအား တိုက်ပြင်အရောက် ခပ်ရမ်းရမ်းကလေး တွန်းထုတ်လိုက်၏။ အကိုင်ကြမ်းကြမ်းဖြင့် လည်ပင်းကို ညှစ်၍ ဖျစ်ထားသောကြောင့် အတာတွင်လည်း လာရသည့်အကြောင်းရင်းကို မပြောနိုင်ဘဲ လည်တအစ်အစ်နှင့်ပင် တိုက်ပြင်သို့ ရောက်လာတော့၏။

အတာတွင် အတော်ကလေး ရှက်သွား၏။ လည်ပင်းအညှစ်ခံလိုက်ရသည်မှာလည်း အတော်ကလေး နာသွားသောကြောင့် ထိုစာရေးအပေါ်တွင်သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်သွားသည်သာမက သူ့အား ဂျပိုးသူခိုးတစ်ယောက်ကဲ့သို့ ပြုမူလိုက်သည်ကိုလည်း မကျေနပ်နိုင်သည်နှင့် ချက်ချင်းဆိုသလိုပင် တိုက်ထဲသို့ အပြေးကလေးဝင်သွားကာ

'Who is manager? Where is manager? I want to see him. Please let me know where manager is.'

'မန်နေဂျာ ဘယ်သူလဲ၊ မန်နေဂျာ ဘယ်မှာလဲ၊ ကျွန်တော် သူ့ကိုတွေ့ချင်တယ်၊ မန်နေဂျာ ဘယ်မှာလဲဆိုတာ ကျေးဇူးပြုပြီး သိပါရစေ'

အတာလည်း တိုက်ထဲသို့ရောက်သည်နှင့် ဘိုကပြား ကုလားစာရေးတစ်ယောက်အား သို့လျှင် တကြော်ကြော်နှင့် အင်္ဂလိပ်လို အော်မေးလေတော့၏။

အတာကို မြန်မာစာရေးက တွန်းထုတ်သွားစဉ် တပြုံးပြုံးနှင့် ကြည့်နေခဲ့သော ထိုဘိုကပြား ကုလားစာရေးလည်း အတာက သို့လျှင် အင်္ဂလိပ်စကားဖြင့် တတ်သလောက် မှတ်သလောက် အော်၍ မေးလိုက်သည်နှင့် ထိုကပြားနှင့်



အတူ စာရေးအားလုံးပင် ရုတ်တရက် အံ့အားသင့်သွားကြတော့၏။ တိုက်ထဲသို့ ရောက်နေကြသော ဝယ်သူလူမျိုးစုံတို့လည်း အတာ့ဆီသို့ အာရုံစိုက်သွားကြ၏။

အတာကလည်း အအော်နှင့် အမေးကို မရပ်။ မျက်ရည်စက်လက်နှင့်ပင် အရပ်လေးမျက်နှာကို လှည့်၍ မန်နေဂျာကို ရှာသလို ကြည့်ရင်း တကြော်ကြော်ဟစ်နေသေး၏။

မကြာမီပင် အခန်းတစ်ခုထဲမှ အသက်ငါးဆယ်ခန့်အရွယ် မျက်နှာဖြူတစ်ယောက် ထွက်လာပြီး

'ဘာဖြစ်တာလဲ' ဟု အင်္ဂလိပ်ဘာသာဖြင့် ထိုကုလားစာရေးကို မေး၏။

'ခင်ဗျား မန်နေဂျာလား'

အတာလည်း ကုလားဖြေသည်ကို မစောင့်ဘဲ သူကပင် ထိုမျက်နှာဖြူအား အင်္ဂလိပ်လို လှမ်းမေးလိုက်၏။ ဤတွင်မှ မျက်နှာဖြူလည်း အတာ့ဘက်သို့ လှည့်လာကာ

'မဟုတ်ဘူး၊ မန်နေဂျာ အပြင်သွားတယ် မင်း ဘာပြောချင်သလဲ၊ ငါ့ကို ပြောနိုင်တယ်' ဟု မှင်သေသေနှင့်ပင် ထိုမျက်နှာဖြူက ခွင့်ပြုလိုက်၏။

ဤတွင် အတာလည်း သူတတ်သလောက်သော အင်္ဂလိပ်စကားများကို သုံးကာ ဝါကျတိုကလေးများဖြင့် ပြတ်တောင်းပြတ်တောင်း တိုင်ကြားလေတော့၏။ သူ နောက်ဆုံးပြောလိုက်သည်မှာကား

'ကျွန်တော် ခိုးဖို့လာတာ မဟုတ်ဘူး၊ ဒီမှာ ပိုက်ဆံပါတယ်၊ ကြည့်၊ ချိတ်ဝယ်မလို့လာတာ၊ ကျွန်တော် အမြဲလာဝယ်နေကျပဲ၊ ကျွန်တော်လာလာဝယ်နေတဲ့ သိုးမွေး၊ ချိတ်၊ ခေါင်းလိမ်းဆီ၊ နှစ်ချောင်းထိုးအပ်၊ မျက်နှာသုတ်ပဝါ၊ အဲဒီဈေးနှုန်းတွေ ကျွန်တော် အကုန်သိတယ်၊ မယုံရင် ကျွန်တော့်ကို မေးပါ၊ အားလုံး ပြောပြမယ်၊ ခု ကျွန်တော် ဘောလုံးကစားနေတုန်း ခိုင်းလို့ ဒီလိုပဲလာတာ၊ ဒါ ကျွန်တော့်ကို လည်ပင်းညှစ်ပြီး တွန်းထုတ်တယ်'

အတာ ဆိုလိုသည်မှာ ဤအတိုင်းပင် ဖြစ်၏။ သူပြောလိုက်သည့် အင်္ဂလိပ်စကားမှာ တိတိကျကျပင် မမှန်သော်လည်း ထိုမျက်နှာဖြူ သဘောပေါက်ပုံရ၏။ မျက်နှာကြီးလည်း နီလာကာ ချက်ချင်းပင် ထိုစာရေးကို ခေါ်၍ ကြိမ်းတော့၏။ နောက် အတာကိုလည်း ပြုံးကာရယ်ကာနှင့် သူ မကြာခဏလာဝယ်သည်ကို သိရ၍ ကျေးဇူးတင်ကြောင်းပြောကာ ပခုံးကလေးကိုင်၍ ထိုမျက်နှာဖြူကိုယ်တိုင် ခေါ်သွားပြီး အတာဝယ်လိုသည့် ချိတ်ကို ထုတ်ယူရောင်းချလိုက်ပြီးမှ ဘောင်းဘီအိတ်ကိုနှိုက်၍ ပိုက်ဆံတစ်မတ်ပင် မုန့်ဖိုးပေးလိုက်သေး၏။ ဤမျှ ရှာဂျယ်နိုင်သော အတာပါပေ။

ဤလို မရှက်မကြောက်နှင့် တတ်သလောက် မှတ်သလောက် ပြောဝံ့၍သည်း အတာသည် အင်္ဂလိပ်စကားကို အခြားသော အတန်းသားများထက် ပို၍

www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်၏။ အချို့သော အရပ်ထဲမှ အတန်းကြီးသမားများပင် ဝမ်းထဲ
တတ်နေသော်လည်း ပါးစပ်မရဲ၍ ပြောလေ့ပြောထလည်း မရှိသောကြောင့် အ
လောက် မသွက်သလို ဖြစ်နေကြကာ ယွန်းထည်ဆိုင်များသို့ နိုင်ငံခြားသား
ဝယ်သူလာတိုင်း အတာသာလျှင် မျက်နှာပွင့်နေခဲ့၏။

'ဟေ့ အတာ၊ မင်း စာလပ်သားကြီးတွေနဲ့ အင်္ဂလိပ်စကားပြောတော
မှားသွားမှာ မရှက်ဘူးလား' ဟု ဘဆွေတို့က မေးသောအခါတွင်

'ဘာလို့ ရှက်ရမှာလဲကွ၊ မင်းတို့ ကုလားစကားကို မတတ်တတ
ပြောတော့ကော ရှက်သလား၊ ဒီလိုပေါ့ကွ၊ အင်္ဂလိပ်စကား အပြောမှားသွား
ဘိလပ်သားတွေက ကဲ့ရဲ့မလား၊ သရော်မလားဆိုပြီး မင်းတို့က ကြောက်နေတာ
ကွ၊ ဒီအင်္ဂလိပ်တွေ မြန်မာစကား ကပေါက်ကချာပြောတာကို မြန်မာတွေ
ခွင့်လွှတ်သလို သူတို့ကလဲ ဒီလိုပဲပေါ့ကွ၊ မတတ်တတတ် ပြောပြော ဓောက်
မိုးမျှော်ပဲပြောပြော သူတို့သဘောပေါက်ရင် ကျေးဇူးတောင်တင်ကြ သေးသတဲ့
တို့တီချာက ပြောတယ်၊ ဒါပေမဲ့ မှန်အောင်ပြောနိုင်ဖို့တော့ ဂရုစိုက်တဲ့'

\+ \+ \+

ဝါတွင်းရက်ဖြစ်သည့်အတိုင်း အတာတို့ကျောင်းသည် တနင်္ဂနွေနှင့် ဥပုသ်
ပိတ်၏။ အတာလည်း သူ့အချစ်တော် ကျော်ကျော်တို့မမက ဘော်လီအ
မှာချုပ်နိုင်းထားသဖြင့် သိမ်ကြီးဈေးတွင် ဝင်ယူရမည်ဖြစ်သောကြော
ခပ်စောစောပင် အိမ်မှ ထွက်လာခဲ့၏။

အတာသည် ဦးနှောက်၊ ခြေလက်နှင့် မျက်စိသာမက နားကိုလည်
အအားထားလေ့မရှိ။ မည်သူတွေ မည်သည့်စကားပြောသည်ဖြစ်စေ သူ့အ
အကျိုးရှိမည်ဆိုလျှင် ဂရုတစိုက် နားစွင့်နေတတ်၏။ ငါးပိ ဘယ်ဆိုင်တွင်
ကောင်းသည်ဟု ပြောသံကြားလျှင်လည်း မှတ်ထားလိုက်၏။ မည်သည့်ပဒ္မ
အသားကောင်းသည် ကြားလျှင်လည်း သူ့ခေါင်းထဲ စွဲထားလိုက်သည်
ဖြစ်၏။ မည်သည့်ဆိုင်တွင် ဘော်လီအချုပ်ကောင်း၍ မည်သည့်တရုတ်သည်
ပဒ္မာပုံကျကျ ချုပ်နိုင်ကြောင်းကိုလည်း အတာကိုမေးလျှင် သိလိမ့်မည်ဖြစ်
ယခု သူ့ကျောင်းမှ မြန်မာဆရာမ အားလုံးလိုလိုပင် ပဒ္မာနှင့် ဘော်လီချု
သည်ကအစ အတာ့ကို အပ်နိုင်းနေကြပြီဖြစ်၏။

သိမ်ကြီးဈေးပေါ်မှ ဘော်လီများရွေး၍ လေးလေးမှန်မှန် ထွက်လာ
သော အတာလည်း ကျောင်းနှင့် ပေတစ်ရာခန့်အကွာ စဥ့်အိုးတန်းထိပ်သို့ ရော
သည်နှင့်

'အတာ'



သို့ ခေါ်လိုက်သော အသံကြောင့် ဆတ်ခနဲ လှည့်အကြည့်လိုက်တွင်
းတစ်လက်ဆောင်း၍ မန်ကျည်းပင်အောက်တွင်ရပ်နေသော မသိန်းမေအား
တွေ့လိုက်ရသဖြင့် အတာ့ရင်ထဲတွင် ဒုခနဲ ထိတ်သွားရှာတော့၏။

သားအမိတို့မည်သည် မိခင်ကိုမြင်လိုက်ရလျှင် ပျော်သွားမည် ရွှင်သွား
ည်၊ သို့မဟုတ် အပြေးကလေး လှမ်းဖက်တတ်သည်သာ ဖြစ်သော်လည်း
အတာတွင်မူ သူ့မေမေကို မြင်လိုက်ရတိုင်း အသည်းထဲ စိမ့်သွား၏။ ကျောလည်း
ချမ်းသွားတတ်၏။ ရင်လည်းတုန်သွားတတ်၏။

'ဘာများ ဒုက္ခပေးဦးမလို့ပါလိမ့်'

တစ်ခါတစ်ရံ ဤလိုလည်း စိတ်ထဲမှ အတာကြိတ်၍ ရေရွတ်မိတတ်၏။
ခင်စစ် မသိန်းမေသည်လည်း မကောင်း။ ယခု ကျောင်းသို့အထိလိုက်လာပြီး
ဘယ်ပုံ နှောင့်ယှက်ဦးမည် မသိ။

'သန်းသန်းတို့က ဒီနေ့ ကျောင်းလခ ပေးလိုက်တယ်မဟုတ်လား'

အနီးသို့ကပ်လာရင်း သူ့မေမေက ဤလိုမေးလိုက်သည်နှင့် အတာ့
င်ထဲတွင် ဒုခနဲ မဟုတ်တော့ဘဲ ဒိန်းခနဲ ခုန်သွားတော့၏။

မှန်သည် ယနေ့သည် လဆန်း ၁ ရက်နေ့ ဖြစ်သည့်အတိုင်း သူ့ခေါ်
ခေါ်သန်းက ကျောင်းလခ ပေးလိုက်၏။ သို့ တစ်ရက်နေ့တိုင်း ကျောင်းလခ
းသည်ကို မသိန်းမေ သိ၏။ သိ၍လည်း ယနေ့လိုက်လာကာ အတာအား
ဤမေးလိုက်ခြင်းဖြစ်သောကြောင့်

'ဟုတ်ကဲ့ မေမေ၊ ပေးလိုက်တယ်'

'ဘယ်မလဲ၊ အဲဒီကျောင်းလခ ငါ့ ခဏပေးစမ်း၊ သန်ဘက်ခါတော့ ငါ
ပြန်ပေးမယ်'

'အင်'

အတာတွင် ထိုမျှသာ ရေရွတ်နိုင်တော့၏။ ကြိုတင်ခန့်မှန်းခဲ့သည့်အတိုင်း
င် မသိန်းမေ ဒုက္ခပေးပြန်လေပြီ။

'ငါ ပြန်ပေးပါမယ်လို့ ဆိုနေ ဘာဖြစ်သွားရတာလဲ၊ မျက်နှာက'

ဤလိုပေါက်ရင်း မျက်လုံးတစ်ချက်သာပြူးပြလိုက်ရသည်။ အတာ့ကျောင်း
အငွေလေးကျပ်လည်း မသိန်းမေလက်သို့ ပုပုနွေးနွေး ပါသွားလေတော့၏။

ဤစနေ့တွင်သာ အတာ ကံဆိုးသည်မဟုတ်။ လွန်ခဲ့သော တစ်ပတ်ကျော်
နေ့နေ့ကလည်း သူ့မေမေသည် အတာ့အား အသိမပေးဘဲ ဒေါ်ခေါ်သန်းတို့နောက်
ဆုံးကြိမ် ဝယ်ပေးသော ပိုးလုံချည်ကိုပါ ယူပေါင်၍ မြင်းလောင်းခဲ့ပြီး ဖြစ်၏။

ဆိုခဲ့ဖူးသည့်အတိုင်း ကစားသမားတို့မည်သည် တစ်ဆယ်ရှိလျှင် နှစ်
ဆယ်ဖိုး ထပ်ကစားချင်ကြ၏။ ကစားရန်အတွက်သာ ငွေရမည်ဆိုက ဘာကိုမျှ
မမြင်၊ ဆိုးသည် ကောင်းသည် မစဥ်းစား၊ မှားသည် မှန်သည်လည်း မတွေး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ရာဇဝတ်ဘေးသော်မှ ကြောက်ရမှန်းမသိ။ မိုက်တိမိုက်ကန်း... တစွတ်ထိုး ငွေရလမ်း ရှာတတ်ကြ၏။

အတာ့မမေသည် ယခင် ဤမျှလောက်မဆိုး။ ယခုသော် ကစားဝါ... လာသည်နှင့်အညီ ကိုယ်ကျင့်တရားသည်ပင် ချို့ယွင်းစပြုလာပြီဖြစ်၏။ အရော... အဝယ်နှင့် ပတ်သက်လျှင် မတန်တဆ အမြတ်ယူလိုက ယူမည်၊ အကြွေးယူ... ဆပ်လိုမှ ဆပ်မည်၊ သို့သော် သူတစ်ထူးက ယုံကြည်၍ ပစ္စည်းတစ်ခုခုဝယ်ခိုင်း... သော ငွေမျိုးကိုမူ သူအလွဲသုံးစားမလုပ်တတ်၊ ယခုသော် အကစားကျူးလာ... ဖြစ်သည့်အတိုင်း ထိုစိတ်ဓာတ်လည်း ပျက်ပြားစ ပြုလာရုံမက သူတစ်ထူး... ထောက်ပံ့သော အတာ့ကျောင်းလခငွေကိုပါ မရေမရာနှင့် တော် မထော်... မချင့်ဘဲ အနိုင်ကျင့် ဆွဲယူသွားပြန်လေပြီ။

ကိုထွန်းအောင် ပြောခဲ့ဖူးသည့် ရလေလိုလေ အိုတစ္ဆေ ဟူသော စကား... ကဲ့သို့ပင် မသိန်းမေသည် တစ်ကြိမ်သာမဟုတ်တော့ဘဲ

'ကဲ နင့်ကျောင်းလခ ငါ့ကို ခဏပေးဦး၊ နောက်လကျတော့ သုံးလ... အတွက် တစ်ခါတည်း ပေါင်းပေးမယ်'

ယခင် နှစ်လအတွက် ကျန်နေသေးသောကြောင့် မျက်နှာပူလှပြီဖြစ်သည့်... အတာလည်း ဤတစ်ကြိမ်တွင်မူ သည်းမခံနိုင်တော့သည့်အတိုင်း

'အရင်ပိုက်ဆံလဲ မေမေ မပေးသေးဘူး၊ ခုလဲ တောင်းပြန်ပြီ'ဟု မ... မရဲနှင့်ပင် အရဲစွန့်ပြောလိုက်သည်နှင့်

'ဟင် ငါ့ကို ဒီလိုပြောသလား၊ ကြီးလာတဲ့အခါ နင်တို့လုပ်စာ စားရ... တော့ ဝေးပါသေးရဲ့ ဟင်း၊ ဒါကြောင့် နင့်ကို ငါ ဘာမှ ဝယ်မပေးတာ၊ ကျောင်း... ထားမပေးတာ သိလား၊ ကြီးလာရင် ကိုယ့်သားမယား ကိုယ်ရှာကျွေးမဲ့အကောင်... ခုကတည်းက ငွေကလေး သုံးလေးကျပ်တောင် မိဘကိုမသဒ္ဓါချင်ဘူး၊ ဒါတောင်... ချေးတာမို့၊ အလကားတောင်းတာဆိုရင်'

'ရော့ပါ မေမေ၊ ယူ ယူ ရော့'

အတာက သွက်သွက်လက်လက်ပင် ထုတ်ပေးလိုက်၏။ 'မိဘကို မသဒ္ဓါ... ချင်ဘူး' ဟူသော စကားမျိုးဖြင့် အတာ အပြောမခံလို။ သူ့မေမေကို အတာ... ချစ်၏။ ပေးချင်ကမ်းချင်၏။ သို့ကြောင့်ပင် သကြားလုံးဆိုင်ဖွင့်ခဲ့စဉ်က တတ်နိုင်... သလောက် ပေးခဲ့သည်မဟုတ်ပါလော။ ယခုမူ သူတစ်ထူးက ထောက်ပံ့သော... ကျောင်းလခလည်း ဖြစ်သည်။ ပေး၍ မလျော်သော ပိုက်ဆံဟုလည်း အတာ... ခွဲခြားနားလည်သောကြောင့် သို့ပြောမိခြင်းဖြစ်၏။ သို့သော် မသိန်းမေက ဤ... သည်ကို မသိ၊ အရေးကြီးသည်မှာ သူ ပိုက်ဆံရဖို့သာလျှင် ဖြစ်၏။

ဤအတိုင်းသာ သွားနေက သူ့ကျောင်းနေရေးကိုပါ ထိခိုက်လာ... ရှိသဖြင့် အတာတွင် တစ်မျိုးတစ်မည်ကြံ၍ ဉာဏ်ကလေးပါ ထုတ်လာရတော့၏။



'ဒေါ်ဒေါ် ကျောင်းလခကို ကျွန်တော့်လက်ထဲ မပေးပါနဲ့တော့နော်၊ ဟိုလတုန်းကလေ ကျွန်တော်တို့ ကျောင်းသားသုံးယောက်တောင် စာပြီး... လုသွားတယ် ဒေါ်ဒေါ်ရဲ့၊ ကျွန်တော်တောင် ကံကောင်းလို့'

သူ့မေမေအတွက်ပါ ကာကွယ်ရင်း သို့ပြောလိုက်သောကြောင့် နောက်ဆုံး... တွင် အတာ အကြံပေးချက်အရ စာတိုက်မှပို့ပေးရန် သဘောတူလိုက်ကြ၏။ သို့သော် တစ်လတစ်ကြိမ် သဘောမဟုတ်တော့ဘဲ နွေရာသီကျောင်းပိတ်ရက် အထိသော ပေးစရာလခများကို တစ်ကြိမ်တည်းတွက်၍ ပေးပို့လိုက်တော့၏။ သို့သော် သူ့မေမေကောင်းမှုကြောင့် အတာ့တွင် သုံးလအတွက် အကြွေးကျန် နေသေးသည့်အတိုင်း တီချာလက်တို့တွင်လည်း တစ်ကြိမ်တည်း ကြိုတင်ပို့လိုက် သော ငွေများအတွက် အံ့အားသင့်မိသလောက် ကျန်သုံးလခအတွက်မူ မစဉ်းစား တတ်အောင် ဖြစ်နေကြတော့၏။

ရစရှိလျှင် လိုချင်ချင်တည့်ဖြစ်နေသော မသိန်းမေလည်း အလွန် စက်ဆုတ် ဖွယ်ရာသော ကိစ္စကို 'တစ်တက်စားလည်း ကြက်သွန်' ဟူ၍ပင် သဘောထားနေ ပြီလော မသိ။ နောက်လတွင်လည်း တောင်းပြန်၏။ သို့သော် မရ။ ဒေါ်ဒေါ်သန်း တို့က ဤသို့ ဤနှယ် စီမံလိုက်ပြီဖြစ်ကြောင်း အတာက ပြောပြသည်ကို

'ဟင်း ဒါ နင့်ဉာဏ်ပဲမဟုတ်လား' ဟူသော အမေးနှင့်အတူ အတာ့ ခေါင်းကလေးကို ပူသွားအောင် ခေါက်လိုက်ချေသေး၏။

ဤမျှနှင့်မပြီးသေး။ တစ်နေ့မဟုတ်လျှင် တစ်နေ့နေ့၌ပေါ် ရစမြဲ ဓမ္မတာ အတိုင်း အပေါင်ဆိုင်တွင် ဆုံးသွားပြန်ပြီဖြစ်သော အတာ့လုံချည်ကိစ္စကို ဒေါ်ဒေါ်သန်းတို့ ဆွမ်းကျွေးသည့်နေ့ကပင် သိသွားကြပြန်ပြီဖြစ်၏။

'ခက်တာပဲ အတာရယ်၊ မင့်အမေကြောင့် ဒေါ်ဒေါ်တို့တောင် စိတ်ပျက် လာပြီ'

ထိုစကားကြောင့် အတာတွင် ဘုရား ဘုရား ဟူ၍ပင် တမိသွားရှာ၏။ 'ကျောင်းများ ထုတ်ပစ်လိုက်လေမလား' ဟူ၍လည်း ရင်ထဲတွင် တုန်လှုပ်သွားမိ၏။

'အေး မင့်ကိုတော့ နောက်ထပ် တစ်ထည်မဟုတ်ဘူးအတာ၊ ဆယ်ထည် တောင် ဝယ်ပေးချင်တယ်၊ ဒါပေမဲ့ မင့်အမေက ဒီလိုပဲ လုပ်လုပ်နေတော့ ခက်ဘူးလား'ဟု ညည်းညည်းညူညူ ပြောလိုက်ပြီးမှ

'ကဲ ကဲ မင့်အမေလုပ်ပုံ မကြိုက်တာနဲ့ မင်းကို ဝယ်မပေးရင် မင်း မဝတ်ရရုံပဲရှိမယ်၊ ဒီလိုတော့လဲ ဒေါ်ဒေါ်တို့က မလုပ်ရက်ဘူးကွယ်၊ မင်းကို ဒေါ်ဒေါ် သနားတယ်'

ပယခုမှ အတာ စိတ်ချလက်ချ အေးသွားတော့၏။

'ကဲ ခု မင်းကို ပိုးလုံချည်ခုံးထည် ဝယ်ပေးမယ်၊ ဒါပေမဲ့ အိမ်ကို ယူမသွားရဘူး၊ ဒီမှာပဲ ထားရမယ်၊ ဘယ်တော့ဖြစ်ဖြစ် အချိန်မရွေး မင်းဝတ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အခါ လာယူဝတ်၊ မင့်အတွက် သေတ္တာကလေး သတ်သတ်ဝယ်ပေးထားမယ်၊ အေး ဝတ်ပြီးရင် ချက်ချင်း ဒီမှာလာသိမ်း၊ ဟုတ်လား'

ဤသည်မှာ အခြားသော ကလေးတစ်ယောက်အဖို့၌ မလွတ်လပ်သလိုရှိနေ၍ ကျေနပ်ချင်မှ ကျေနပ်မည်ဖြစ်သော်လည်း အတာတွင်ကား ထိုအကြံကို ပုဆိန်ပေါက်ရိုးရိုးရင်း ဝမ်းမြောက်ခြင်းကြီးစွာဖြင့် လက်ခံလိုက်တော့၏။ တစ်နည်းဆိုသော်

'ရှုပ်ပါတယ်ကွယ်၊ တို့လဲ မင့်သေတ္တာကို ကြည့်မနေအားပါဘူး၊ လာယူဝတ်လိုက် ပြန်ထားလိုက်နဲ့ မင်းလဲ အားနာချင် နာနေမှာ၊ ကဲ မင့်အိမ်သာ ခင်းယူသွားပါတော့' ဟု သူ့ဒေါ်ဒေါ်သန်းက ပြောမည်ကိုပင် အတာ ကြောက်မိသေး၏။ ယခုစီမံကိန်းမှာ ဘဏ်တွင်အပ်ထားသလောက်ပင် အတာ့အဖို့၌ အန္တရာယ်ကင်းသည် မဟုတ်ပါလော။ သူ သဘောကျပေမည်သာ။

အတာ့ဒေါ်ဒေါ်သန်းတို့က မတတ်သာသည့်အဆုံး၌ သို့လျှင် အလုပ်ရှုပ်ခံ၍ စီမံလိုက်သည်ကိုလည်း မသိန်းမေ မကျေနပ်။ သို့မကျေနပ်သည်မှာလည်း ဒေါ်ဒေါ်သန်းတို့အပေါ်မဟုတ်ဘဲ အတာ့ ဉာဏ်ပင်ဟု ယူဆကာ သူလုပ်ခဲ့ပုံနည်းလမ်းကျ မကျကို မစဉ်းစား၊ ဒေါသတွေသာလျှင် အကြောင်းမဲ့ပွားပြီး

'နင်တော့လား ငါသေတောင် မကျေဘူးမှတ်'

သို့လျှင်ပြောရင်း မိုးမိုးဗတ်ဗတ်နှင့် စိုးစိုးဇတ်ဇတ် ရိုက်လိုက်ချေသေး၏။ ကလေးနှင့်ဖက်၍ ဖြစ်သည်မှာ အကြောင်းခိုင်လုံလျှင် ခွင့်လွှတ်နိုင်စရာရှိသေး၏။ ယခုသော်ကား သူ့အပြုအမူ စိတ်ထားနှင့် ဖြစ်ပျက်ပုံအကြောင်းတရားသဘောသည် သူပြောပုံနှင့် အဘယ်လိုမျှ ဆက်စပ်၍မရ၊ ထို့ထက် ခွကျသောအဖြစ်မျိုးကို ကမ္ဘာမြေခြစ်၍ ရှာသည့်တိုင်အောင် သားအမိအနေဖြင့် တွေ့လိမ့်မည်မထင်။

\+ + +

ထိုနေ့မှအစပြုကာ အတာတွင် အတော်ကလေး အပူအပင်စဲသွားပြီဖြစ်၏။ စာမေးပွဲတွင်လည်း သူသည်ပင် မိုလ်စွဲ၍ ထိပ်ထိပ်ကြဲအောင်ခဲ့ပြန်ပြီဖြစ်၏။

'ကျွန်တော် ပထမပဲရတယ် ဒေါ်ဒေါ်သန်း'

'ဒီမှာ မမရင် စာမေးပွဲ ကျွန်တော် အောင်တယ်၊ အားလုံးထဲမှာလဲ ပထမရတယ်၊ ဒေါ်ဒေါ်တင်တို့ ဒေါ်ဒေါ်ခင်တို့ကိုလဲ ပြောလိုက်ပါနော်၊ ဒေါ်ဒေါ်မအေးကျင် ကိုတော့ ကျွန်တော် ခုပဲ ပြောခဲ့ပြီးပြီ'

အတာ ပျော်လိုက်သည်မှာ တခုန်ဆွဲဆွဲဖြစ်နေ၏။ ဘေးလူများပင် သူ့ကိုကြည့်ရင်း ရောယောင် ဝမ်းသာနေကြလျက် ဒေါ်ဒေါ်သန်းတို့တွင်လည်း တပြုံးပြုံးနှင့်။ ထိုအပြုံးမှာ သိန်းထီဆယ်ကြိမ်ဆက်ပေါက်သည့်တိုင်အောင် ယခုအပြုံးလောက် ပြည့်ပြည့်ဝဝနှင့် ကြည်ကြည်နူးနူးအသွင်မျိုး ပေါ်လွင်လိမ့်မည်မထင်။



'ဟဲ့ မောင်မြ စာမေးပွဲအောင်တယ် ဘာတယ် ဆိုတုန်းကတောင် ငါ ဒီလောက်ဝမ်းမသာမိဘူး၊ ဒီကောင်လေးကျမှ ငါဘယ်လိုဖြစ်ပါလိမ့်၊ ရင်ထဲမှာ တလှပ်လှပ် တလှပ်လှပ်နဲ့' ဟူ၍လည်း ဒေါ်ဒေါ်သန်းမေမေ (ဝါ) အတာကို ချစ်သော ဘွားဘွားက သူ့သားဖြစ်သူ ကိုမြနှင့်ပင်နှိုင်းယှဉ်၍ ဤသို့လျှင် အသည်းထဲမှ စိမ့်ထွက်သော အသံမျိုးဖြင့် ပြောလိုက်သေး၏။

ဤလို အားရစရာကောင်းသလောက် အတာတွင်လည်း ကုသိုလ်ကံကလေး ထောက်လာပြီဖြစ်၏။ အတာ ဤကဲ့သို့ ပညာထူးချွန်လေ ထောက်ပံ့ရသည်အတွက် အားတက်ဝမ်းမြောက်လေ ရှိခဲ့သောကြောင့် ဒေါ်ဒေါ်သန်းတို့လည်း အတာ့အတွက် ကျောင်းစရိတ် အပြည့်အစုံသာမက အဝတ်အစားပြဿနာပါဝင်၍ ဖြေရှင်းလိုက်တော့၏။

ယခင်လို ခြောက်မူးတန်ရှပ်နှင့် သုံးမတ်ပဲတင်းတန် ချည်ကြမ်းလုံချည်မျိုး မဝတ်ရတော့ဘဲ အက်စ်အိုရှပ် ခရုပလေကပ်နှင့် အတော်ကလေး အခြေအနေမတ်နေတော့၏။ ကိုထွန်းအောင်တွင်လည်း အကူစာရေးဘဝမှ အသိအမှတ်ပြုလခစားစာရေး ဖြစ်လာပြန်သောကြောင့် အတာ့ မုန့်ဖိုးသည် ခြောက်ပြားမှ တစ်မူးအထိပင် တိုးတက်သွားပြီဖြစ်၏။

အတာစ၍ နေခဲ့သောကျောင်းမှာ မိန်းကလေးကျောင်းဖြစ်သည့်အလျောက် ယောကျ်ားကလေးများကို ငါးတန်းအထိသာ နေခွင့်ပြု၏။ အကယ်၍ အတာ နေလိုက ငါးတန်းအောင်သည်အထိ တစ်နှစ်တိတိ နေနိုင်သေးသော်လည်း

'မမသန်း၊ အတာ့ကို အစိုးရဟိုက်စကူးကျောင်း ပြောင်းလိုက်ရင် ကောင်းမယ်၊ ဒီကောင်လေး ထူးချွန်ပုံနဲ့ဆိုရင် ပညာတော်သလောက် အဲဒီကျောင်းက အတန်းတင်ပေးတယ်'

သို့လျှင် အရပ်ထဲရှိ ကောလိပ်ကျောင်းသားကြီးများက အကြံဉာဏ်ပေးကြသောကြောင့် အတာလည်း ထိုနှစ်မှာပင် အစိုးရဟိုက်စကူးသို့ ရောက်သွားတော့၏။ အေ ဘီ စီ စသဖြင့် ပဋ္ဌမတန်းချည့် သုံးတန်းရှိသည့်အနက် ဆရာမကိုင်သော အတန်းတွင်ပင် အတာ နေရ၏။ ထိုကျောင်းသို့ ကျောင်းသားသစ်တစ်ယောက်အဖြစ် ရောက်လာရသကဲ့သို့ သူ့အတန်းပိုင် ဆရာမသည်လည်း ထိုနှစ်တွင်မှ အလုပ်ဝင်သော ဆရာမအသစ် ဖြစ်၏။

အချို့သော အမျိုးသမီးများက ဆံထုံးကြီးကြီးထုံးခြင်းကို ခေတ်ဆန်သည်မှာ ယူဆသော အချိန်ကာလ ဖြစ်သည့်အလျောက် ထိုဆရာမသည်လည်း ဆံထုံးကြီးကြီး ထုံးရုံသာမက အင်္ကျီလိပ် ဒေါက်ဖိနပ်ကိုပါ စီးလေ့ရှိသောကြောင့် အခြားသော ဆရာမများနှင့် ယှဉ်လိုက်ပါက အတာတို့ဆရာမသည် ထူးခြားနေ၏။ သို့သော် အတာသဘောမကျ။ အခြားသော အတန်းသားများလည်း မနှစ်သက်။ သို့နှင့် အခြားသော အတန်းသားများရော အတာတို့ အတန်းသား

www.burmeseclassic.com

www.burmeseclassic.com



အချို့ကပါ ဆရာမအား မကြားတကြား သရော်စပြုလာတော့၏။ အချို့က ဆရာမ ကြားသည်အထိပင် ပြောင်၍၊ အချို့ကမူ ကျောက်သင်ပုန်းကြီးများတွင်ပင် ရုပ်ပြောင်နှင့်တစ်မျိုး စာချိုးနှင့်တစ်ဖုံ စုံနေအောင် လျှောင်လာကြ၏။

'လေဒီရှူးနဲ့ မဘီအေ'

ဤသည်မှာ ဆရာမကို မြင်လိုက်သည်နှင့် မကြားတကြား ဆိုလေ့ရှိသော ရုပ်ရှင်သီချင်းဖြစ်၏။ ထိုကဲ့သို့ ပြောင်းသည့်အထဲတွင် အတာ မပါ၊ သူ့စိတ်ထဲက ဆရာမ အပြင်အဆင်ကို သဘောမကျရုံသာရှိလျက် ပျက်ချော်ပြောင်လှောင်သည့်အထိ အတာတွင် မိုက်ရိုင်းတတ်သူမဟုတ်။

အခြားသော သူ့အတန်းသားများက ဤလို ပြောင်လှောင်ပျက်ချော်နှင့် မလျော်သောအမှုကို ပြုလာသောအခါတွင်မူ ထိုအတန်းသားများကို အတာ ဒေါသဖြစ်လာ၏။ သူ့စိတ်တွင်လည်း ဆရာမအား ဖြစ်နိုင်လျှင် ဤလို လေဒီရှူး မစီးရန်နှင့် ဆံထုံးကားကားကြီး မထုံးရန် အကြံပေးလို၏။ အခြားသော ဆရာမများနည်းတူ ရိုးရိုးအသွင်ဖြင့် အတာ မြင်လို၏။ အထူးသဖြင့် ရိုးရိုးအဆင်အပြင်ကို သူက မြင်ချင်သည်ထက် ထိုထိုကျောင်းသားများ၏ အနောက်အပြောင်ခံရမှုမှ ဆရာမ သက်သာရာရမည်ကို အတာ ပို၍ လိုလား၏။

တစ်နေ့သော်

ဆရာမဖြစ်သူ အတန်းထဲဝင်လာပြီး စာအုပ် ဖောင်တိန် စသည်တို့ကို ချလိုက်သည်နှင့် စားပွဲပေါ်တွင် မြေဖြူနှင့် ရေးဆွဲထားသော ဆရာမ၏ ကာတွန်းရုပ်ပြောင်ကို ကိုးရိုးကားရား မြင်လိုက်ရသောကြောင့် ဆရာမတွင် သိသိသာသာ မျက်နှာပျက်သွား၏။ သို့သော် ဒေါသဖြစ်ခြင်း၊ စိတ်ဆိုးခြင်းတည်းဟူသော အမူအရာမျိုးမပြဘဲ ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်သွားသည့် အသွင်သာ ဆောင်နေ၏။

'ဟော့၊ ဒီစားပွဲမှာ ဘယ်သူရေးထားသလဲကွဲ့'

တည်ခန့်သော မျက်နှာထားတွင် ပြုံးယောင်ကလေးသန်း၍ သို့လျှင် ခပ်အေးအေး မေးလိုက်၏။ အဖြေဆို၍ ဘာတစ်ခွန်းမျှပေါ်မလာ။ 'ကျွန်တော်တို့ မသိဘူး ဆရာမ' ဟူ၍ပင် မည်သူတစ်ယောက်မျှ ပြောဖော်မရ။ ဆရာမကလည်း အားလုံးကို တစ်ယောက်စီ အကဲခတ်နေ၏။

ထိုအချိန်၌ အတာသည် အသားများ တဆတ်ဆတ်တုန်နေ၏။ အံကလေးလည်း ကြိတ်ထား၏။ နောက်ဆုံး စိတ်မထိန်းနိုင်၍လား မသိ၊ ထိုင်ရာမှ ဆတ်ခနဲ ထရပ်တဲ့ကာ

'ကျွန်တော်သိတယ် မမ၊ အဲဒါ စိန်တင်ရေးထားတာ' ဟု ပြတ်ပြတ်သားသားပင် ထ၍ ပြောလိုက်သောကြောင့် တစ်တန်းလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားတော့၏။ ဆရာမလည်း စိန်တင်ဆိုသူအား အတန်ကြာ တွေကြည့်နေပြီးမှ



'ကဲ မောင်စိန်တင် မတ်တတ်ရပ်စမ်း'

စိန်တင်လည်း ဆိုးဆိုးဆတ်ဆတ် ထရပ်ရင်း အလွန်ဒေါသဖြစ်နေသော အမူအရာဖြင့် အတာ့အား စွေကြည့်လိုက်၊ ဆရာမဆီ မျက်နှာမူလိုက်ဖြင့် ဘူခွေ့မရဖြစ်နေ၏။

'ကိုယ့်ဆရာမကို ဒီလိုရေးတာ ကောင်းသလား မောင်စိန်တင်၊ မတော်တရော်တွေ'

ဆရာမက ခပ်မှန်မှန်အမူအရာဖြင့် မေးလိုက်၏။ သို့သော် စိန်တင်က ဘာမျှ မဖြေ၊ ခေါင်းကလေးငုံ့၍ တွေသွား၏။ 'မတော်တရော်တွေ' ဟု ဆိုသော်လည်း စင်စစ် ရိုင်းရိုင်းပျပျ မပါ။ ဆရာမ ဆင်ယင်ထားသည့်အတိုင်း လေဒီရှူးနှင့် ဆံထုံးကြီးကိုသာ အဓိကထား၍ ကာတွန်းအဖြစ်ရေးထားပြီး အောက်နားတွင်မူ (လေဒီရှူးနှင့် မဘီအေ) ဟူသော စာတစ်ကြောင်းပါ၏။

'မင်း ဘာဖြစ်လို့ ဒီလိုရေးရသလဲ'

သို့ ထပ်မေးလိုက်သည့်တိုင်အောင် စိန်တင် မလှုပ်သေး။ အခြားသော အတန်းသားများမှာမူ ဆရာမအား အားနာနေသည့်အသွင် ဆောင်နေကြ၏။ ချက်ချင်းဆိုသလို ဆရာမ၏ မျက်နှာလည်း အသွင်ပြောင်းလာ၏။ အဖြစ်တစ်ခုကို အတော်ကလေး ဆိုးဆိုးဝါးဝါး ကျူးလွန်ခဲ့သူတစ်ယောက်အား ဤသို့သော မေးခွန်းများ ထုတ်နေခြင်းအားဖြင့် အကျိုးထင်မည်မဟုတ်။ ခေါ်ရိုက်သည့်တိုင်အောင်လည်း မိမိအား နောက်ပြောင်မှုသည် ရပ်တန့်သွားမည်ဆိုက တာဝန်မကြီး၊ သို့မဟုတ် ရိုက်ရကောင်းလားဟု မုန်းစိတ်ထားကာ ပို၍ ကဲလာချေက အရှည်သဖြင့် စိတ်တွင် အနှောင့်အယှက် ဖြစ်နေပေမည်။ ဤသည်ကို တွေးမိသည်နှင့် ဆရာမလည်း သိသိသာသာ ပြုံးလာ၏။

ထိုအချိန်မှာပင် စိန်တင်လည်း အလွန်လျှင် မကျေမနပ် ဖြစ်နေသော မျက်နှာထားဖြင့် အတာအား လှမ်းကြည့်လိုက်ပြန်၏။ အတာကလည်း သတ္တိနည်းလှသောအသွင်ဖြင့် မှင်သေသေ ပြန်ကြည့်လိုက်သည်တွင် 'မင်းသိမယ်' ဟူသော အမူအရာဖြင့် စိန်တင်က ခေါင်းကလေး ဆတ်ပြလိုက်သည်ကို မှုသော လက္ခဏာဖြင့် မဲ့ပြုံးကလေး ပြုံးပြလိုက်၏။ ဤသည်ကိုပါ ဆရာမက အကဲခတ်မိလိုက်သဖြင့်

'ဆရာမလဲ သိပါတယ်လေ၊ မင်းတို့အားလုံးလိုလိုပဲ ဆရာမ ခုလိုဝတ်တာအားတာကို သဘောမကျကြဘူး မဟုတ်လား' ဟု ဆရာမက ပြုံးပြုံးရယ်ရယ်မေးလိုက်သောကြောင့် အားလုံးပင် အံ့အားသင့်ကြတော့၏။

'မကြားတကြားနဲ့ ဆရာမကိုစောင်းပြီး သီချင်းဆိုကြတာလဲ ဆရာမသိတာပဲ၊ မင်းတို့တင်မဟုတ်ဘူး၊ ဒီပြင် အတန်းသားတွေလဲ ပါသပေါ့၊ အေး ဒီလိုဆိုရင် နက်ဖြန်ကစပြီး ဆရာမ လေဒီရှူးမစီးတော့ဘူး ဟုတ်လား၊ ဆံထုံးလဲ

www.burmeseclassic.com



ကြီးကြီးမထုံးတော့ဘူး၊ ဟို တခြားအတန်းက ဆရာမတွေလို ရိုးရိုးပဲ ဝတ်စား တော့မယ် နော်'

ဆရာမက လိုက်လိုက်လျောလျောနှင့် ပြုံးပြုံးရွှင်ရွှင် ပြောနေသကဲ့သို့ပင် တစ်တန်းသားလုံးလည်း ကြည်ကြည်လင်လင် ဆရာမအပေါ်တွင် ချစ်ခင်လေးစား လာသည့် အရိပ်အရောင်လည်း သန်းနေ၏။ ဆရာမကိုယ်၌ကလည်း သူ၏ ခေတ်ဆန်မှုသည် ဆရာမတစ်ယောက်အနေဖြင့် ဣန္ဒြေမရသည်ကို ရိပ်စားမိလည်း သွားဟန်တူ၏။ သို့တိုင်အောင် သူ့အတန်းသားများအား ဤလို စကားဖြင့် လိုက်လျောသလို ပြောပြီးမှ အဝတ်အစား ဆင်ပြင်ရန်မလို။ မိမိဘာသာ ပြင်လိုက်လျှင်လည်း ပြီးနိုင်၏။ သို့သော် ပါးနပ်သော ဆရာမပီပီ ဤသို့ ဖော်ရွေစွာ ပြောဆိုလိုက်ခြင်းအားဖြင့် သူ့တွင် အရှုံးမရှိ။ အတန်းသားများက ကြည်ကြည်လင်လင်နှင့် ဆရာမအပေါ် ချစ်ခင်လာသည့် အမြတ်ပင် မိနစ်ပိုင်း အတွင်း လက်ငင်းပေါ်လာပြီဖြစ်၏။

'အေး နက်ဖြန်ကစပြီး ဆရာမ ရိုးရိုးပဲ ဝတ်တော့မယ်ပေါ့ကွယ် နော် ကဲ စိန်တင် ထိုင်တော့၊ မင့်ကိုလဲ ဆရာမ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ နောက် နောင်ကို ဘယ်တော့မှ ဒီလိုမလုပ်နဲ့၊ ဆရာမက သည်းခံနိုင်ပေမဲ့ မင်းတို့မှာ အပြစ်ဖြစ်မယ်၊ ကိုယ့်ဆရာသမားကို ဒီလို မလုပ်ကောင်းဘူး၊ ကြားလား'

ရိုရိုသေသေနှင့် ကျေကျေနပ်နပ်ပင် စိန်တင်က ခေါင်းညိတ်လိုက်၏။

'အေး ဆရာမကလဲ ကိုယ့်တပည့်တွေကို မမုန်းတတ်ဘူး၊ မင်းတို့ကလဲ မုန်းစိတ်မထားကြနဲ့၊ မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပေါ့ကွယ်၊ ပြော ပြီးတော့ အတာ့ကိုလဲ အငြိုးမထားနဲ့နော်၊ အတန်းသားချင်း မသင့်မြတ်တာလဲ ဆရာမက မကြိုက်ဘူးကွဲ့၊ ဟုတ်လား စိန်တင်'

'ဟုတ်ကဲ့ ကျွန်တော် အငြိုးမထားပါဘူး ဆရာမ'

'ကဲ ဒါဖြင့် နှစ်ယောက်စလုံးလာ၊ အတာရော မင်းရော'

ပြောပြောဆိုဆို အနီးသို့ခေါ်ယူကာ တစ်ယောက်နှင့် တစ်ယောက် လက်ဆွဲ နှုတ်ဆက်ကာ ဖက်လဲတကင်း ပြုစေလိုက်ပြီးမှ အသီးသီး ပြန်ထိုင်ခိုင်းလိုက်၏။

\+ \+ \+

အတာတွင် ပညာရေးနှင့်ပတ်သက်၍သော်လည်းကောင်း၊ အဝတ်အစားပြဿနာ သည်လည်းကောင်း သူ့တွင် ဘာမျှမရှိ။ ဘာမျှလည်း ပူစရာမလိုတော့သည် တိုင်အောင် တစ်ခါတစ်ခါတွင် စိတ်မချမ်းမသာ ဖြစ်ရသေး၏။ ထိုသည်ကား သူတို့နေသော အိမ်ခန်းလခဖြစ်၏။ အတာ ကြားရသလောက်ဆိုလျှင် အိမ်လခ သည် ခြောက်လမျှ ကြွေးတင်နေပြီဖြစ်သောကြောင့် အိမ်ရှင်ကပင် တရားစွဲထား



သည်ဟု သိရသဖြင့် အတာ စိတ်မကောင်းနိုင်။ အမှုရှုံး၍ အိမ်ပေါ်မှဆင်းပေးရသည် ရှိသော် အဘယ်ရပ်သို့ ရောက်ရမည်မသိ။ အတာမပြောင်းလို၊ ဤလမ်းထဲတွင်သာ သူပျော်၏။ နေထိုင်ကြသူ ရပ်ကွက် လူရည်သန့်သလောက် သူ့သူငယ်ချင်း များမှာလည်း လူကုံထံ သားသမီးများ ဖြစ်သည့်အတိုင်း အစစအရာရာ သိမ်မွေ့သူများဖြစ်၍ သူတို့နှင့်လည်း အတာ မခွဲလို။ သို့သော် သူလည်း ဘာမျှ မတတ်နိုင်၊ ဖြစ်သမျှအကြောင်း ဟူ၍သာ သဘောထားပြီး ထိုအတွေးကို ဖျောက်လိုက်ရတော့၏။

ထိုရပ်ကွက်ကို အတာခင်သကဲ့သို့ အတာ့ကိုလည်း ထိုရပ်ကွက်လူထုက ခင်ကြ၏။ အတာ ရောက်လာပြီးမှလည်း ရပ်ကွက်ရှိ လူငယ်များမှာ တောင်ပိုင်း နှင့် မြောက်ပိုင်းဟူ၍ မသင့်မမြတ် မရှိကြတော့ဘဲ စည်းစည်းလုံးလုံးနှင့် ချစ်ချစ်ခင်ခင် ပေါင်းမိနေကြ၏။ ရပ်ကွက်သည်လည်း အတာရောက်မှ ပို၍ သည်ကားလာ၏။

အထူးသဖြင့် ယခင်ယခင်က နှစ်သစ်ကူး သင်္ကြန်ဆိုလျှင် အခြားသော နည်းမဲ့ ရပ်ကွက်များသော်မှ အကျွေးအမွေးဖြင့် ဖြေဖျော် ဧည့်ခံနိုင်ကြပါလျက် လူချမ်းသာ ကုန်သည်ပေါလှသည့် ဤရပ်ကွက်မှာမူ ခြောက်ကပ်ကပ်နှင့်ပင် အဓိနှစ်ပြီးတစ်နှစ် ကူးသွားခဲ့၏။ ယခု အတာရောက်လာသည်တွင်မူကား အလှူအတန်းနှင့် အကျွေးအမွေး ဝါသနာထုံသော အတာသည် သူရောက်ခဲ့သည့် နောက်နှစ်မှစ၍ သူတို့ လူငယ်အဖွဲ့သားချင်း ငွေစုကာ ဝါး လေးတိုင်ဖြင့် ဖြစ်သလို မဏ္ဍပ်ထိုးလျက် လာသမျှသော ရေပက်ခံကားများကို လမ်းထိပ်မှ ဆီး၍တားပြီး သစ်ခွရည်ဖြင့် ဧည့်ခံတော့၏။

ဤတွင် အရပ်ထဲရှိလူကြီးများပါ လှုပ်လှုပ်ရှရှဖြစ်လာပြီး ငွေအားဖြင့်ဖိကာ အတာတို့အား အနှမြောမရှိ ကူညီလာကြတော့၏။ သို့သော် ကုန်သည်ပွဲစားများ ဖြစ်သည့်အတိုင်း များမြောင်လှသောကိစ္စအထွေထွေကြောင့် ငွေသာလျှင် ဖောဖော သီသီ ပြည့်ဝင်နိုင်ကြ၏။ သို့နှင့် လူအင်အားတောင့်သော အတာကိုသာလျှင် ဆောင်နှင့်ချီ၍ ငွေပုံအပ်ပြီး အခန့်စား မဏ္ဍပ်ထိုးကာ အဖိုးတန် အကျွေးအမွေးဖြင့် ဧည့်ခံစေခဲ့ကြ၏။ ဤနည်းဖြင့် အတာ့ စွမ်းဆောင်မှုကြောင့် ရပ်ကွက်လည်း သည်ကားလာ၏။ သတင်းဂုဏ်လည်း တစ်ဟုန်ထိုး ကျော်ကြားသွားတော့၏။

ဤလိုသင်္ကြန်ရက်ဆိုလျှင် တစ်လမ်းလုံးရှိ မိန်းမပျိုဟူသမျှ အလှူမဏ္ဍပ် သို့ ရောက်လာကြ၏။ အတာတို့ လူငယ်တစ်သိုက်နှင့် အတူကူညီဝိုင်းဝန်းကြ၏။ ချက်သူကချက် ဧည့်ခံသူကဧည့်ခံဖြင့် စီစီညံညံပျော်ကြသော အသံသည် အတာ့နေ့ ညအထိ တစ်မဏ္ဍပ်လုံး လျှံနေလေ့ရှိခဲ့၏။

ဝတ်ကောင်းစားလှနှင့်ဣန္ဒြေရရလည်းရပတ်ရသော ပွဲတော်ပြီးဆက်တော်ရဲ့ ဆင့်ရုံဝတ်ပြီး ရေတစွတ်စွတ်နှင့် စုစုဝေးဝေးပျော်ရသည့် သင်္ကြန်ပွဲကို မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



များဝိုင်း၍နှစ်သက်ကြဟန်တူ၏။ ပြောင်ကြနောက်ကြ ရယ်ကြမောကြနှင့် တသော သော ရှင်ကြ၏။ လွတ်လွတ်လပ်လပ်ရှိသောကြောင့်လည်း သူတို့ပို၍ ပျော်ကြဟန် တူ၏။ ဤသည်မှာ အတာ၏စွမ်းဆောင်မှုကြောင့်ဟူ၍လည်း အသိ အမှတ်ပြုထား သည့်အတိုင်း အတာကို သူတို့တစ်တွေ ကျေးဇူးတင်ကြ၏။ ခင်ခင်မင်မင်ရှိကြ၏။ သို့သော် ထိုထိုမိန်းကလေးများထဲ၌ ခင်စိုးလှမပါ။ မဣာပ်သို့လည်း မလာ

ဤကျောင်း ဤအတန်းတွင်လည်း အတာသည်ပင် မော်နီတာ၊ သူသည်ပင် ဆရာမ၏ အချစ်တော်ကလေး ဖြစ်လာပြန်၏။ သူ့အတန်းပိုင် ဆရာမသာမဟုတ် အခြားသော ဆရာ ဆရာမများပါ အတာနှင့် တစ်ခါဆက်ဆံမိလျှင် မချစ်ဘဲ မနေနိုင်။

အစစ ပြည့်စုံပြီး ဖြစ်နေသည်သာမက ဆရာ ဆရာမတို့၏ ချစ်ခင်ယုယ ခြင်း၊ အရပ်ထဲမှ လူကြီးများ၏အရေးပေးခြင်းကို အရွယ်နှင့်မတန်အောင် ခံစား နေရသော အတာမှာ ကိုထွန်းအောင်ပြောဖူးသည့် လောကတိသမထေရ်ကဲ့သို့ ဝင့်သည် မကျွတ်နိုင်အောင် ရှိနေသေး၍လော မသိ။

ယနေ့နံနက် ၁၁ နာရီလောက်တွင် မသိန်းမေ ကျောင်းသို့ရောက်လာကာ 'အရေးကြီးသော ကိစ္စတစ်ခုရှိ၍' ဟူသည့် အကြောင်းပြချက်ဖြင့် အတာအား ခွင့်တိုင်ခေါ်ထွက်သွား၏။ ဆိုခဲ့ဖူးသည့်အတိုင်း သူ့မေမေကို မြင်လိုက်ကတည်းက ရင်လေးသွားမိသောအတာသည် ယခုလည်း တထိတ်ထိတ်နှင့် လိုက်ပါခဲ့ရ၏။

သူတို့စီးလာသော လန်ချားသည် ဆူးလေဘုရားလမ်းဘက်သို့ ကွေ့ကာ ကမ်းနားဘက်သို့ ဦးတည်လျက်ရှိစဉ် အတာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင်

'ဘယ်သွားမလို့လဲ မေမေ'

'လိုက်မှာသာ လိုက်ခဲ့'

အတာက မရဲတရဲမေးသည်ကို မသိန်းမေက ပြုံးတုံးပြုံတဲနှင့် ထိုမျှသာ ဖြေလိုက်၏။ မကြာမီလန်ချားလည်း ပုလိပ်ရုံးသစ်ကြီးတွင် ရပ်သွားကာ မသိန်းမေတက်သွားရာသို့ အတာလည်း ကောက်ကောက်ပါအောင် ယောင်ချာချာ နှင့် လိုက်သွားရတော့၏။

အပေါ်ထပ် တစ်ထပ်၏ အခန်းတစ်ခန်းအနီးသို့ရောက်သော် တံခါးဝတွင် ထိုင်နေသော မင်းစေကလေးတစ်ဦးအား မသိန်းမေက စာကလေးတစ်စောင် လှမ်း ပေးလိုက်၏။ ချက်ချင်းဆိုသလို ထိုဝင်သွားသော မင်းစေကလေးပြန်ထွက်လာပြီး

'မင်းကြီးက ဝင်ခဲ့ပါတဲ့' ဟု တရိုတသေပြောလိုက်သည်နှင့် မသိန်းမေ ကလည်း အတာ့လက်ကိုဆွဲကာ ခြေလှမ်းကြဲဖြင့် ခပ်သုတ်သုတ် ဝင်သွားတော့၏။

ထိုရုံးခန်းအတွင်းရှိ ခံ့ညားလှသော ကျွန်းစားပွဲကြီးတွင် မျက်နှာဖြူ အရာရှိကြီးနှစ်ဦး ထိုင်နေသည်ကို တွေ့ရပြီး တစ်ယောက်သောသူက မသိန်းမေအား ထိုင်ခွင့်ပြုကာ



'သူပဲလား မသိန်းမေ'

ထိုအရာရှိသည် မြန်မာစကားဖြင့် ပီပီသသကြီးပင် မေးလိုက်သောကြောင့် မသိန်းမေက ခပ်ယို့ယို့ ခေါင်းညိတ်လိုက်၏။

'ဒါ ခင်ဗျားသားပဲနော် သူ'

အရာရှိလည်း သူ့မျက်နှာကို သူ့လက်နှင့် ဝိုင်းပြလိုက်ပြီးမှ

'ခင်ဗျားသား မျက်နှာအမူအရာကြီးကောင်းတာပဲ၊ ကျုပ် သဘောကျပြီ'

အတာ၏ အင်္ဂရုပ်ကို ဆိုလိုဟန်တူ၏။ 'ကျုပ် သဘောကျပြီ' ဟု အတာကို သေသေချာချာကြည့်၍ ပြောလိုက်သော စကားအတွက် အတာပျော်သလိုလိုရှိသွား ၏။ သို့သော် ဘာဟူ၍ မသိရသေးသည်နှင့် စိတ်ထဲတွင်လည်း ထိတ်နေမိ၏။

ဤတွင် အဆိုပါ မျက်နှာဖြူအရာရှိနှစ်ဦးလည်း အတာ့ကိုကြည့်ကာ ကြည့်ကာဖြင့် အချင်းချင်းတီးတိုးပြောဆိုနေကြရာ၌ 'ကြည့်ရတာတော့ အတော် ချွတ်လတ်မဲ့ ငတီလေးပဲ' 'မင်းစေအလုပ်' 'တင်းနစ်ဘောလုံး' စသော စကား လုံးများ ပါလာသည်ကို အတာ နားလည်လိုက်သော်လည်း အဓိပ္ပာယ်အပြည့်အစုံ မခေါက်မိ။ သို့နှင့်ဆက်လက်၍ ဂရုတစိုက် နားထောင်နေမိသည်တွင် 'တစ်လ ဆယ့်ငါးကျပ်' ဟူသော စကားကို ကြားလိုက်ရသည်နှင့် အတာ ဘာကိုသဘော ပေါက်သွားသည်မသိ။ မျက်ရည်များ တတွေတွေ စီးကျလာတော့၏။

'ကောင်းပြီ မသိန်းမေ နက်ဖြန်ကစပြီး အလုပ်ဆင်းဖို့'

အရာရှိလည်း စကားကို ရှေ့မဆက်နိုင်။ မျက်ရည်တပေါက်ပေါက်ကျ နေသော အတာ့အမူအရာကို မြင်လိုက်ရသည်နှင့်

'ဟေး ကလေး၊ မင်း ဘာဖြစ်သလဲ ဟင်၊ ဘာဖြစ်လို့ငိုတယ်' ဟုအတာ့ အား လှမ်းမေးလိုက်မှ မသိန်းမေလည်း အတာ့အဖြစ်ကို လှည့်ကြည့်မိသွားတော့၏။

'ကျွန်တော့်ကို ဘာလုပ်ဖို့ခေါ်လာတာလဲ ဟင်၊ တစ်လဆယ့်ငါးကျပ် ဆိုတာက ဘာလဲ၊ တင်းနစ်ဘောလုံးကောက်တဲ့အလုပ် လုပ်ဖို့လား ဟင်'

သို့လျှင် အတာက ငိုသံပါကြီးနှင့် မြန်မာလိုပင် မေးလိုက်သည်၌ အရာရှိ နှစ်ဦးစလုံး မျက်လုံးပြူးသွားကာ

'မင်း အင်္ဂလိပ်စကားတတ်သလား' ဟု ထိုအရာရှိက အင်္ဂလိပ်လိုပြန်မေး သဖြင့် အတာကလည်း အနည်းအကျဉ်းတတ်ကြောင်း၊ ယခု သူ ဟိုက်စကူးကျောင်း ငါးတန်းတွင် ပညာသင်နေကြောင်းများကိုပါ ဝါကျပြတ်တောင်းကလေးများဖြင့် ဖြည်းဖြည်းချင်း ဖြေလိုက်၏။

'အို'

ထိုမျက်နှာဖြူ နှစ်ယောက်စလုံးပင် အို ခနဲ ရေရွတ်မိကြတော့ကာ

'ကဲ မသိန်းမေ၊ ဒီလိုဆိုရင်တော့ မဖြစ်ဘူးထင်တယ်၊ ... သူကျောင်းမှာ စာသင်နေတယ်ပြောတယ်၊ ဟုတ်သလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်သခင်' ဟု မသိန်းမေက မျက်စိပျက် မျက်နှာပျက်နှင့် သုတ်သုတ်ဖြေလိုက်သည်ကို

'ဒီလိုဆိုရင် သူ့ကိုခိုင်းလို့ ဘယ်ဖြစ်မလဲ၊ သူ ပညာသင်တာကို ကျုပ်တို့မှာ သလိုဖြစ်နေမှာပေါ့၊ ပြန်ခေါ်သွားပါနော်၊ စာပဲသင်ပါစေ၊ သူ ငယ်ငယ်လေးပဲရှိသေး တယ်၊ စာအများကြီးတတ်တာပဲ၊ နောက်ကို အများကြီးတော်ဖို့ရှိတယ်၊ သူ့စာပဲ သင်ပါစေ'ဟု ပြောပြောဆိုဆို ငွေတစ်ဆယ်တန်တစ်ရွက် မသိန်းမေအား လှမ်းပေး လိုက်၏။

ထိုအခန်းထဲမှ ထွက်လာကြသည်နှင့် အတာလည်း မသိန်းမေက အသုံး ဝင်ဖို့ မင်းစေလက်၌ အပ်ထားခဲ့သော ကျောင်းလွယ်အိတ်ကို အတာကပင် တောင်းယူ လွယ်ချိတ်လိုက်ပြီး ရင်တထိတ်ထိတ်နှင့် လိုက်ပါလာခဲ့ရရှာ၏။

အတာတွင် တထိတ်ထိတ်ဖြစ်ခဲ့သည့်အတိုင်းလည်း လမ်းခြားပေါ် ထိုင်မိ ကြသည်နှင့်

'နင် ဘာလို့ သွားပြီးလျှာရှည်ရတာလဲ ဟင်' ဟူသော မေးခွန်းနှင့်အတူ မသိန်းမေလည်းအတာအားပွဲဦးထွက်ဆိုသလို ဖွတ်ခနဲခေါက်၏။ ဤသည်ပင်အတာ ထိတ်ခဲ့ရသော အကြောင်းရင်းဖြစ်လျက် ယခု အကောင်အထည်ပေါ်လာပြီဖြစ်၏။

'ဒီလို မင်းစေအလုပ်တောင် လုပ်ချင်တိုင်း လုပ်လို့ရတယ် ထင်သလား ငါ အကပ်ကောင်းလို့ ချက်ချင်းရတာ နားလည်လား၊ မင်းစေအလုပ်က တစ်လဆယ့်ငါးကျပ်ရမယ်၊ ညနေဘက်မှာ သူတို့ တင်းနှစ်ကစားရင် ဘောလုံး ကောက်ပြီး ရတဲ့အလုပ်က တစ်လတစ်ဆယ်ရမယ်၊ အားလုံး တစ်လအစိတ် နည်းတဲ့ပိုက်ဆံလား ဟင်'

ဖက်ပိုးကို ဖတ်ခနဲ အုပ်လိုက်ပြန်၏။

'နင် ကျောင်းနေလို့ တစ်လခြောက်ပြား ဝင်သလား၊ ပိုက်ဆံတောင် ကုန်သေးတယ်'

မသိန်းမေကား အသိဉာဏ်ခေါင်းပါးရာ၌ ရှာမှရှား စံတင်လောက် နေချေပြီ။

'ခုခေတ်မှာ ဘီအေတွေတောင် အလုပ်မရှိလို့ တောင်လိုပုံနေတယ် နင် ဘာသိသလဲ၊ ခုနဘိုဟာ ပုလိပ်မင်းကြီး၊ သူ့ဆီမှာ မင်းစေလုပ်ရင်းနဲ့ တဖြည်း ဖြည်း သူ့သဘောကျသွားရင် ပုလိပ်ကျောင်းပို့ပေးမှာ၊ ရာဇဝတ်အုပ်လောက်တော့ ခဏလေး ဖြစ်သွားနိုင်တယ်၊ သိလား'

ပေါင်တွင်းကြောကို ဆတ်ခနဲ ဆွဲလိမ်လိုက်ပြန်၏။

'မိဘက ကောင်းမယ်ထင်လို့လုပ်ပေးတာကို ကဖျက်ယဖျက်လုပ်ဦး၊ ဟဲ'

ကျောကုန်းကို အုန်းခနဲ ထုလိုက်ပြန်၏။ တစ်လမ်းလုံးပင် ဤလို အနှိပ် အနက် ခံခဲ့ရသောကြောင့် အတာတွင် အိမ်ရောက်သော် သူ့တစ်ကိုယ်လုံး ဆေး



အနှံ့ အောင့်နေရှာ၏။ ဤအဖြစ်ကိုသာ သူ့ဒေါ်ဒေါ်သန်းတို့ သိပါက အတာ့အဖို့ လောက် မချိတင်ကဲ ရှိကြလေမည်နည်း။

ဤသည်ပင် အတာ၏ နောက်ဆုံးခံရမည့် စိတ်ဒုက္ခဖြစ်၍လော မသိ။ ထိုနေ့ထိုအချိန်မှစ၍ အတာတွင် ဘာမျှ စိတ်ညစ်စရာ မတွေ့ခဲ့ရ။ သူ့အမှန်ပင် ဒုက္ခသမုဒ္ဒရာမှ ကျွတ်လွတ်ခဲ့ရပြီဟု ဆိုရမလောက်ပင် အခြေအနေပြောင်းလဲလာပြီ ဖြစ်၏။

ကိုထွန်းအောင်မှာ အလုပ်တွင် စိတ်ဝင်စား၍ စေတနာကောင်းကောင်းနှင့် ကြိုးကြိုးစားစား အမှုထမ်းခဲ့သောကြောင့် သာမန် စာရေးကလေးဘဝမှ ဌာနခွဲစာရေး ကြီးအဖြစ် တစ်ဟုန်ထိုး တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရ၏။ မသိန်းမေတွင်လည်း ထီမက်အရ ထိုးလိုက်သော မြင်းတွဲပွဲမှ ငွေနှစ်ထောင်ကျော် အလျော်ရလိုက်၏။ ထိုလခနှင့်တကွသော အခြားကြွေးမြီများကို ရှင်းသွားသည်အထိ အတော်များများ ဆပ်လိုက်သည့်တိုင်အောင် သူ့လက်ထဲတွင် ငွေတစ်ထောင်နီးပါးခန့် လက်ကျန် ရှိနေသေး၏။

'ကဲ မသိန်းမေ၊ ခုလောက်ဆိုရင် ခင်ဗျား တရားရဖို့ကောင်းပြီထင်တယ်၊ ရှုံးခဲ့တဲ့ နှစ်နှစ်လုံးလုံး ဒီမြင်းပွဲက ခင်ဗျားကိုဘယ်လောက်နှိပ်စက်သလဲ ဟင်'

'ကဲ တော်တော့ ကိုထွန်း၊ ကျွန်မအဖြစ်ကို ကျွန်မ သိတယ်၊ ဒီမြင်းပွဲ ဘယ်လိုကြိုဟ်မွှေခဲ့လို့ ကျွန်မ ဘယ်အထိ စိတ်ဆင်းရဲခဲ့ရတယ်ဆိုတာ ကျွန်မ သိတာပေါ့၊ ကဲ လာ ဘုရားသွားမယ်၊ ဒီနေ့ကစပြီး အလောင်းအစားဆိုရင် ဘာမှမလုပ်တော့ဘူးဆိုတာ ဘုရားမှာ သစ္စာဆိုလိုက်တော့မယ်၊ ကဲ လာ'

သူ့သစ္စာစကားအတိုင်းပင် မသိန်းမေလည်း မြင်းနှင့် ၃၆ ကောင်ဆိုလျှင် ဆောင်၍ စကားထဲထည့်မပြောတော့ဘဲ ထမင်းဆိုင်ကို မြင်မြင်ခန့်ခန့်ကြီး ဖွင့်လိုက်၏။ ယခင်ကလို ရွှေဆိုင်၊ ထီးဆိုင် စသည်တို့အားတွင် ကပ်ရောင်း သည့် အဖြစ်မျိုးမဟုတ်တော့ဘဲ အတော်ကလေး အခြေအနေဝင့်ကာ ဆိုင်နှင့် အခန်းနှင့် ဖြစ်နေလေပြီ။

အတာ ကံကောင်းသည်မှာ ဆက်တိုက်ဟု ဆိုရလောက်အောင် ယခု သူ့ညီမလေးပါ ပြန်ရောက်နေပြီဖြစ်၍ ဇရတ်သီးထောင်း၊ ကြက်သွန်နွာအလုပ်မှ အတာ လုံးလုံးသက်သာခွင့်ရနေ၏။ သို့သော် နေ့ချင်းညချင်း တိုးတက်နေသော မသိန်းမေ၏ ဝင်ငွေနှင့် ပတ်သက်၍မူ အတာ ခံစားခွင့် မရရှာသေး။

'မသိန်းမေ အတာ့ကို လက်စွပ်ကလေးတစ်ကွင်းလောက် လုပ်ပေးလိုက်ပါလား၊ ဝတ်ပါစေ၊ သူလဲဝတ်ချင်ရှာမှာပေါ့ဗျာ' ဟု ကိုထွန်းအောင်က မသိန်းမေ ထွက်နေအောင်ဝတ်ထားသည့် လက်ကောက်များကိုကြည့်ရင်း ပြောလိုက်သည့်အခါ

'ဘာလို့ လုပ်ပေးရမှာလဲ၊ သူ့အတွက်ဆိုရင် ဘာမှလာမပြောနဲ့၊ ဒီကောင် ကို ကျွန်မ စေတနာမရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် ဗျာ'

'ဘာ ဩော်ဗျာလဲ၊ အချိန်တန်တော့ ဒင်းတို့ သားမယား ဒင်းတို့လုပ်ကျွေးမှာ သိလား'

'ဒီလို ဘယ်ဟုတ်မလဲ မသိန်းမေ၊ မိဘဆိုတာ'

'တော် ကိုထွန်းအောင်၊ မိကျောင်းမင်းကို ရေခင်းလာမပြနဲ့'

ကိုထွန်းအောင် ရှေ့မဆက်နိုင်။ တဟောဟောနှင့် အသက်ရှူမောရင်းငိုင်သွားရတော့၏။

အရပ်ထဲတွင်ပွဲအငြိမ့်ဒုံးသည်ကအစ ငပြာရည်ကောင်းကောင်းရှာဝယ်သေ တတ်သည်အထိ အတာ လှုရည်လည်ခဲ့သလောက် ကျောင်းတွင်လည်း ထို့အတူ ဆရာ ဆရာမတို့၏ ဆေးတောင်ဇွေးပမာ လိုတိုင်းရသတ္တဝါလေး ဖြစ်နေ၏။

ဤလိုနှင့် ၆ လပတ် စာမေးပွဲလည်း ပြီးဆုံးခဲ့ပြန်ပြီ ဖြစ်၏။ အတာ အတွက်တွင်မူ ဘာမှ ရင်လေးစရာမလို။ သူသည်ပင် ပထမရျိတ်ခဲ့ပြန်၏။

'ဒေါ်ဒေါ်သန်း ကျွန်တော် စာမေးပွဲအောင်တယ်၊ ဒီတစ်ခါလဲ ပထမပဲ ဒေါ်ဒေါ်' ဟု အားရဝမ်းသာ ပြောလိုက်စဉ်

'ဟော့ အတာ မင်းစာမေးပွဲအောင်မယ်ဆိုတာတော့ ငါသိပါတယ်၊ နံ့ Position ကောကွ၊ First ပဲလား' ဟု ဒေါ်ဒေါ်သန်း အစ်ကိုက လှမ်းမေးလိုက်ပြန်သဖြင့်

'ဟုတ်ကဲ့ ဦးလေး'

ဤလိုဖြင့် အတာရော သူ့ဒေါ်ဒေါ်သန်းတို့တစ်အိမ်လုံးပါ နှစ်ထောင်အားရဖြင့် ဝမ်းအမြောက်ကြီး မြောက်သွားကြရပြန်တော့၏။

ဤအကြိမ်တွင်မူ ယခင် ကျောင်းမှာကဲ့သို့ ဆုပေးရုံသာမဟုတ်ဘဲ စာအုပ်များအပြင် ချောက်လပတ်နှင့်ပင် အတာနှင့်တကွ ဒုတိယ၊ တတိယရသူ နှစ်ယောက်ကိုပါ ခြောက်တန်းသို့ တင်ပေးလိုက်တော့၏။

ခြောက်လတိတိ စာနောက်ကျခဲ့စေကာမူလည်း အတာ၏ ကြိုးစားမှုကြောင့် စာမေးပွဲကြီးပြီးသော် စတုတ္ထနေရာမှ ချောချောမောမော အောင်မြင်ခဲ့၏။ ဤသည်ပင် ပထမ မရကောင်းလားဟု သူ့ကိုယ်သူ အပြစ်တင်ရင်း ယူကျုံးမရ ဖြစ်နေခဲ့လေသေး၏။

ခုနစ်တန်းတွင်ရောက်လျှင် အတန်းကြီးလာသည်နှင့်အမျှ ဘာသာရပ်လည်း တိုး၏။ အတာကမူ သိပ္ပံပညာကို စိတ်မဝင်စားဟုဆိုကာ အပိုမြန်မာစာ (ဝါ) အထူးမြန်မာစာကို ယူခဲ့၏။ သူငယ်စဉ်က အရွယ်နှင့်မလိုက်အောင် သီချင်းစပ်၍ပင် လုံချည်ရောင်းခဲ့ဖူးသည့်အတိုင်း ယခု သူယူသော အပိုမြန်မာစာတွင် သူဝါသနာပါသော ကဗျာ လင်္ကာတို့လည်း ပါသည်ဖြစ်သောကြောင့် ထိုဘာသာတွင် အတာသည်ပင် ဖော်၊ အတာသည်ပင် အတော်ဆုံး ဖြစ်နေပြန်တော့၏။



တစ်နေ့သော် ထိုအပိုမြန်မာစာသင်သော ဆရာသည် ကဗျာစပ်နည်း လင်္ကာစပ်နည်းနှင့် ပတ်သက်၍ အတော်ကလေး စိတ်ရှည်လက်ရှည် ရှင်းလင်းသင်ပြနေပြီးမှ

'ညိုရွှေနီဖြူ မောင်းသောဟူ ခြောက်မူပြိုးပြိုးပြက်'

ဆရာလည်း သို့လျှင် ထင်ထင်ရှားရှား အပိုဒ်ခြား၍ ရေးသားလိုက်၏။

'ကဲ ဒီနေ့တော့ ဆရာ မင်းတို့ကို ဉာဏ်စမ်းမယ်၊ ခု ဒါဟာ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ခြောက်ပါးကို ဖွဲ့ထားတာနော်၊ မင်းတို့သိမှာပေါ့၊ အား ခု မင်းတို့ဉာဏ်နဲ့မင်းတို့ နောက်တစ်ပိုဒ်ထပ်ပြီး ရေးစပ်ရမယ်၊ မင်းတို့ ရေးစပ်မဲ့ အကြောင်းအရာဟာ ဆရာရေးပြတဲ့ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ခြောက်ပါးကို အခြေခံထားပြီးတော့ ဖွဲ့ရမယ်၊ တစ်ပိုဒ်နဲ့ တစ်ပိုဒ်ဟာ ကာရန်ချိတ်ပြီး အဓိပ္ပာယ်လဲ ဆက်စပ်မှုရှိရမယ်၊ တစ်ပိုဒ်လုံးကို ခြုံပြီး အဓိပ္ပာယ်ဖော်တဲ့အခါမှာလဲ ဒီရောင်ခြည်တော်ခြောက်ပါးကို တိုက်ရိုက်ဖြစ်စေ၊ အနီးစပ်ဆုံးဖြစ်စေ ဆက်သွယ်နေတဲ့ စာမျိုးဖြစ်ရမယ်၊ သဘောပေါက်ကြရဲ့လားကွဲ့၊ ဆရာပြောတာ'

'ပေါက်ပါတယ် ဆရာ'

'ကဲ ဒါဖြင့် ရေးကြစမ်းကွယ်၊ ကြာချင် ကြာပစေ၊ အေးအေးဆေးဆေးသာ ရေးကြ၊အဲအကောင်းဆုံး ရေးစပ်နိုင်တဲ့တပည့်ကိုဆရာခေါက်ဆွဲတစ်ခွက်ကျွေးမယ်'

ဆရာထိုင်သည်ဆိုလျှင်ပင် တစ်တန်းသားလုံး တကုန်းကုန်း ရေးစပ်စပြုကြတော့၏။ ဆရာ့အမူအရာ နှုးညံ့သိမ်မွေ့သလောက် ကြည်ညိုဖွယ်ရာလည်းကောင်းလှတော့၏။ တရုတ်ကပြား ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း ဘာသာတရားကို အလွန်ကိုင်းရှိုင်း၏။ စာသင်ရာ၌ပင် ဘာသာရေးနှင့်ပတ်သက်သည့် အကြောင်းအရာကိုသာ ရွေး၍ဖွဲ့ဆို သင်ပြတတ်သည်ဖြစ်ရာ ဆရာ၏ ဘုရားတရား ကြည်ညိုမှုစိတ်ဓာတ် အနအရင့်သည် ဤသည်ကိုထောက်၍ ချင့်နိုင်ပြီဖြစ်၏။

လေးငါးခြောက်မိနစ်ခန့်ကြာသော် အတန်းသားများသည် တစ်ယောက်ပြီး တစ်ယောက် ဆရာ့ထံမှောက်သို့ လာပြကြ၏။ ဆရာလည်း ခေါင်းတညိတ်ညိတ်ဖြင့် အမှန်ခြစ်ပေးသူကို ပေး၍ ခေါင်းတခါခါဖြင့် ပြင်သင့်သူကို ပြင်ပေးရင်း အတော်ကလေး အလုပ်ရှုပ်နေ၏။ သို့သော် ဆရာ့အမူအရာ၌ နှစ်နှစ်ခြိုက်ခြိုက်သဘောကျသည့် လင်္ကာဟူ၍ မတွေ့ရသေး။

လေးဆယ်မျှသော အတန်းသားများ ကုန်သလောက်နီးနီးပြသပြီးကြသော်လည်း အတာမှာမူ တကုတ်ကုတ်နှင့် အလုပ်ရှုပ်နေဆဲဖြစ်၏။ ဖျက်လိုက်ပြင်လိုက်ဖြင့် အချိန်ကုန်နေပြီး နောက် ၂ မိနစ်ကြာလောက်မှပင် အတာထသွားတော့၏။ ဆရာလည်း အတာတင်ပြလိုက်သော စာအုပ်ကိုကြည့်၍ ဂရုတစိုက်ဖတ်ရှုပြီးသည်နှင့် အတာ့လက်မောင်းနှစ်ခုကို အားရဝမ်းသာ ကိုင်ညှစ်လှုပ်နေပြီးမှ ကျောက်သင်ပုန်းကြီးဆီသို့ ထသွားကာ

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒီပြင် ပြချင်တဲ့လူ ရှိသေးသလားဟေ့' ဟု အတန်းဘက်သို့လှည့်မေးလိုက်၏။ နှစ်ယောက်မျှသာလာပြ၏။ နောက်ထပ် မည်သူမျှမလှုပ်ကြတော့သည်နှင့်

'အားလုံး ဒီမှာ ကြည့်ကြစမ်းဟေ့'

သို့လျှင် တစ်တန်းလုံးကို လှမ်း၍ သတိပေးလိုက်ပြီးမှ လက်ထဲတွင်ကိုင်ထားသော အတာ့စာအုပ်ကိုကြည့်ကာ ကျောက်သင်ပုန်းပေါ်သို့ အတာရေးလာသည့် စာကို တစ်ဆင့်ကူးယူ ရေးချလိုက်သည်၌ ကျောက်သင်ပုန်းကြီးပေါ်တွင်

'ညိုရွှေနီဖြူ မောင်းသောဟူ ခြောက်မူပြိုးပြိုးပြက်'

'ရောင်ခြောက်ထွေရော မြတ်ဗုဒ္ဓေါ နမောရှိခိုးလျက်'

သို့လျှင် အဆင်ပြေလှသော စာပိုဒ်တစ်ခု တိုးလာ၏။

'အဲဒါ အတာရေးစပ်တဲ့စာပဲ၊ ကြည့်စမ်း ဘယ်လောက်ကောင်းသလဲလို့ ဒီလိုစာမျိုး တွေ့ရလိမ့်မယ်လို့ ဆရာဖြင့် လုံးလုံး မမျှော်လင့်မိဘူး'

ဆရာ့အသံသည် ထူးထူးခြားခြား ပြောင်းလဲနေ၏။ ကြည့်ရသည်မှာ အတော်ကလေး ဝမ်းမြောက်သွားပုံရလျက်

'ခု ကြည့်စမ်း၊ ညိုရွှေနီဖြူ မောင်းသောဟူ ခြောက်မူပြိုးပြိုးပြက်၊ ရောင်ခြောက်ထွေရော မြတ်ဗုဒ္ဓေါ နမောရှိခိုးလျက်၊ ကဲ အဓိပ္ပာယ်ရော ကာရန်ရော တစ်ပိုဒ်နဲ့ တစ်ပိုဒ် တိုက်ရိုက်ဆက်သွယ်နေပုံရော ဘာမှ ပြောစရာမရှိဘူး အင်မတန် ကောင်းတဲ့စာ'

သို့လျှင် နှစ်ထောင်းအားရ ပြောဆိုနေပြီးမှ အတာအား ပခုံးကိုဖက်ကာ

'ဆရာလိုချင်တဲ့ စာမျိုးဖြစ်ရုံသာမက ဆရာမျှော်လင့်တာထက်ပိုပြီး အတော့်ကို ပြောင်မြောက်အောင် ရေးစပ်နိုင်တဲ့အတွက် ခေါက်ဆွဲတစ်ခွက်အပြင် နောက်ထပ် ငွေတစ်ကျပ်ပါ အတာ့ကို ဆရာဆုချတယ်' ဟု ပြောပြောဆိုဆို ငွေတစ်ကျပ်နှင့် မုန့်ဖိုးတစ်စေ့ ပေးလိုက်သည်နှင့် တစ်တန်းလုံးပင် သြဘာ လက်ခုပ်သံ တဖျောင်းဖျောင်း ဆူသွားသောကြောင့်

'ရှူး လက်ခုပ်မတီးကြနဲ့ဟေ့၊ ဒီပြင်အတန်းကို အားနာဖို့ကောင်းပါတယ်၊ ကျောင်းလွှတ်မှပဲ အားရပါးရ ချီးကျူးကြပေါ့ကွယ် နော်၊ ကဲ မင်းတို့လဲ ဒီစာနှစ်ပိုဒ်ကို ကူးရေးထားကြ၊ တစ်နေ့ အသုံးကျလိမ့်မယ်'

ဆရာကိုယ်တိုင်ကလည်း အတာ့စာကို လိုလိုချင်ချင် ကူးရေးသွားသေး၏။ ထိုမျှလောက် ပညာရည်ချွန်သော အတာပါပေ။

\+ \+ \+

'မမစိုးက ပြောနေတယ်၊ ဒီလမ်းထဲက လူပျိုတွေဆိုရင် သူ့ကို အားလုံး စာပေးဖူးကြတာချည့်ပဲတဲ့၊ ကိုတာ တစ်ယောက်သာ မပေးတာတဲ့၊ ကိုတာကကော ဘာပြုလို့ မပေးတာလဲ၊ ဟင်'



'ငါ သူ့ကို ဘာပြုလို့ စာပေးရမှာလဲ၊ သူ့ကိုမှ ငါမကြိုက်တာ'

ပထမပိုင်းသော အတာဝတ္ထုတွင် အတော်ကလေး စုံစုံလင်လင် ဖော်ပြခဲ့သည့်အတိုင်း ခုနစ်တန်း စာမေးပွဲပင် နီးကပ်လာပြီဖြစ်သော အချိန်၌ အတာသည် တစ်ဆယ့်ခြောက်နှစ်အရွယ် လူပျိုပေါက်ကလေးတစ်ယောက် ဖြစ်နေလေပြီ။ ခင်စိုးလှမှာလည်း ထို့အတူပင်။

အေးချို့မှတစ်ဆင့် ခင်စိုးလှပြောလိုက်သည့် စကားသည် မှန်၏။ မောင်မောင်၊ ဘဆွေ၊ နီတွတ်၊ စိုးမြင့် အစ ကျင်စွံနှင့် ဂနီတည်း ဟူသော တရုတ်ကုလား လူပျိုပေါက်ကလေးများပါမကျန် ခင်စိုးလှအား မေတ္တာစာ ပေးဖူးကြသည်ချည်း ဖြစ်၏။ ထိုအထဲတွင် အတာမပါ၊ အတာ ဘာကြောင့် မေတ္တာစာ မပေး၍ ချစ်ရေးမဆိုခဲ့သနည်း။ အဖြေမှာ ပထမပိုင်းတွင် ဆိုခဲ့သည့်အတိုင်း ခင်စိုးလှ၏ အနေအထိုင်နှင့် အဆင့်အတန်း ခွဲခြားတတ်သည့် စိတ်နေသဘောထားကို မနှစ်သက်သောကြောင့်ပင် ဖြစ်၏။

အပျိုချော ပေါလှသော ထိုအရပ်ထဲတွင် အတာ နှစ်သက်လောက်သည့် မိန်းမပျို မရှိသလောက်ရှား၏။ အတာ့စိတ်ထဲ၌ ကြိတ်၍ မြတ်နိုးနေသူ နှစ်ယောက်ရှိ၏။ သို့သော် အတာ ချစ်ရေးမဆိုခဲ့၊ စာပေးရန် ဝေးစွ၊ အမူအရာဖြင့်ပင် ချစ်ရိပ်ချစ်ရောင် မပြဖူး။

အကြောင်းကိုရှာသော် အတာသည် ဤအပြုအမူမျိုးကို ပညာသင်ချိန်၌ ရှောင်ကြဉ်သင့်သည်ဟု သူယူဆ၏၊ အထူးသဖြင့် ဤလို အပျို လူပျိုကိစ္စမျိုး၌ ရှုံးသားသည် ဟူသော ဂုဏ်ကို အတာ အလွန်မက်မော၏။ သို့အလျောက်လည်း သူ လုံးလုံးရှောင်၏။ သို့လျှင် အချစ်ကိစ္စ၌ သန့်သန့်ရှင်းရှင်းနှင့် ရိုးသားခဲ့သောကြောင့်လည်း အတာသည် အရပ်ထဲ၌ အတော်ကလေး သတင်းမွှေးခဲ့၏။

'ဟဲ့ ဘယ်သွားကြမလို့လဲ'

အရပ်ထဲတွင် အတာကိုယ်တိုင် တွဲဘက်အတွင်းရေးမှူးအဖြစ် ပါဝင်သော အရာဏ်ဆွမ်းတော်အသင်း ရှိ၏။ ထိုအသင်းသည် တနင်္ဂနွေနေ့ နံနက်တိုင်း ရွှေတိဂုံ စေတီတော်တွင် အရုဏ်ဆွမ်းကပ်၏။ အခါကြီးရက်ကြီးနေ့များ၌မူ ရှင်လူရဟန်းတို့ကိုပါ အကျွေးအမွေး တစ်ခုခုဖြင့် ဧည့်ခံလေ့ရှိသည်ဖြစ်ရာ အရပ်ထဲရှိ အိမ်တိုင်းစေ့လိုလို ပျိုအိုမကျန် ဝိုင်းဝန်းကူညီ ဧည့်ခံ လုပ်ကိုင်ပေးတတ်ကြ၏။

အကျွေးအမွေးကိစ္စ ပြီးသည်နှင့် မိန်းမပျိုများရော လူငယ်တစ်သိုက်ပါ အနီးပတ်ဝန်းကျင်သို့ လျှောက်လည်တတ်ကြ၏။ ဤလို စုစုဝေးဝေးနှင့် သွားကြရမည်ဟန်ပြင်တိုင်း မိန်းမပျိုတို့၏ မိဘများက

'ဟဲ့ ဘယ်သွားကြမလို့လဲ' ဟု သမီးဖြစ်သူများ ချွမပန်မီ ကြိုကြို တင်တင် မေးတတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'လိပ်ကန်ကို မေမေ၊ ငါးတွေ အစာသွားကျွေးကြမလို့ပါ၊ ကိုတာကြီးထဲ ပါ- ပါတယ်'

'အေး အေး သွားကြ' ဟူ၍လည်းကောင်း၊

'မေမေ သမီးတို့ ဘုရားဈေး ခဏသွားမယ်နော်၊ စိတ်ပုတီးဝယ်ချင်လို့'

'သမီးတို့ချည်း သွားလို့ ဘယ်ဖြစ်မလဲ လူကြီးမပါဘဲနဲ့၊ ဒြော် ဒီလို လုပ်၊ အတာကို လိုက်ပို့ခိုင်း၊ သူလိုက်ပို့မယ်ဆိုရင် သွားကြ၊ ဟုတ်လား' ဟူ၍ လည်းကောင်း၊

သမီးပျိုရှင် မိခင် ဖခင်များကိုယ်တိုင်ကပင် အတာပါလျှင် အရာရာ စိတ်ချ၏။ မိန်းမပျိုများကလည်း အတာ့ကို ယုံကြည်ကြ၏။ သူ၏ တည်ကြည် ရိုးသားမှုကို နှစ်သက်ကြ၏။ အတာနှင့်သာဆိုလျှင် အဘယ်လိုဓရီးမျိုးကိုပင် သွားရသည်ဖြစ်စေ မကြောက်မရွံ့ သွားဝံ့၊ လိုက်ဝံ့ကြ၏။ အတာကလည်း သစ္စာစောင့်၏။

တစ်ခါကလည်း အပျိုလူပျိုတစ်သိုက် တစ်စုတစ်ဝေးကြီး တိရစ္ဆာန်ရုံ သွားကြရာ၌ ဘဲဆွေတွင် ကင်မရာတစ်လုံး ပါလာ၏။ တပျော်တပါး ဓာတ်ပုံ ရိုက်ကြတော့မည်ရှိစဉ် အတာလည်း မိန်းမပျိုတစ်ယောက်အား ခပ်လှမ်းလှမ်းသို့ မျက်ရိပ်ပြ၍ ခေါ်သွားကာ

'ဒီမှာ မြင့်မြင့်၊ နင်တို့ မိန်းကလေးတွေ အားလုံးကို ပြောပြ၊ ဓာတ်ပုံ ရိုက်ရင် တစ်ယောက်ထဲ အရိုက်မခံနဲ့လို့ ကြားလား၊ အနည်းဆုံး သုံးယောက်ခို လောက် တွဲပြီး ရိုက်ကြလို့ပြော၊ မိန်းကလေးဟာ ဓာတ်ပုံဆိုင်မှာ မဟုတ်ဘဲနဲ့ တစ်ယောက်တည်း ဓာတ်ပုံအရိုက်ခံတာ မကောင်းဘူး၊ အရှုပ်အရှင်းဖြစ်လာ တတ်တယ်၊ အဲဒါ နင်တို့ချင်း ကြိတ်ပြီး သတိပေးလိုက်၊ ဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်မတော့ အရိုက်မခံပါဘူး၊ ဘဲဆွေကို ကျွန်မ မုန်းတယ်'

'အေးလေ၊ ဒါတော့ နင့်ဟာနင် လိမ္မာသလို ကြည့်ပြီးရှောင်နေပေါ့'

မိန်းမပျိုများလည်း အတာပြောသည့်အတိုင်းပင် အတွဲလိုက် အပြုံလိုက် သာဓာတ်ပုံအရိုက်ခံကြ၏။ ထိုအထဲတွင် မြင့်မြင့်မပါ။ ဘဲဆွေလည်း မြင့်မြင့်ကို အလွန်ဓာတ်ပုံရိုက်ချင်၏။ နည်းအမျိုးမျိုးဖြင့် အခွင့်ကောင်းရှာ၏။ မြင့်မြင့် ကလည်း အကင်းပါးစွာဖြင့် ရှောင်ရှားနေခဲ့သော်လည်း ဘဲဆွေက တဖြည်းဖြည်း အတင့်ရဲလာကာ ခပ်ပြောင်ပြောင်ပင် မရမက လိုက်၍ရိုက်နေသောကြောင့် မြင့်မြင့်တွင် သည်းမခံနိုင်တော့ဘဲ

'ကိုတာ ဘဲဆွေကို ပြောရင် ပြောထားနော်၊ ကျွန်မကိုချည့် ဓာတ်ပုံ လိုက်လိုက်ရိုက်နေတယ်၊ အဲဒါ နောက်တော့သာ ကျွန်မကို အဆိုးမဆိုနဲ့နော်'

ဟု ဒေါသတကြီးနှင့် လာတိုင်သောအခါ၌မူ အတာတွင် မနေသာတော့သည့် အတိုင်း ဘဲဆွေအား တစ်ယောက်ချင်းခေါ်၍ အကျိုးအကြောင်းရှင်းပြရင်း



'သူက မကျေနပ်ဘူးတဲ့ကွာ၊ မလုပ်ပါနဲ့၊ တကယ်ဆိုတော့ ဒီလိုကိစ္စ တွေမှာ ငါလဲ ဝင်မပြောချင်ပါဘူး၊ ဒါပေမဲ့ သူက လာတိုင်တော့လဲ'

'အေးပါ အတာ၊ ဒီလိုဆိုလဲ ငါ မရိုက်တော့ပါဘူး'

'ဒီလိုဆိုရင်တော့ ကျေးဇူးပါပဲ သူငယ်ချင်းရာ'

အတာတွင် ဤသို့လည်း နှစ်ဖက်စလုံးက ကျေနပ်စေရန် သိမ်မွေ့သော နည်းဖြင့် ကိစ္စပြီးအောင် ဆောင်ရွက်ရသေး၏။

'အတာလား၊ ဒီကောင်လေးတော့ မပြောနဲ့၊ မိန်းကလေးတွေနဲ့ပတ်သက် ရင် အရှုပ်အရှင်းတော့ အင်မတန်ကို ကင်းတဲ့ သူငယ်ပဲရှင့်'

'ကိုတာနဲ့သာဆိုရင်လား နနတော့ ဘယ်ကိုဖြစ်ဖြစ် သွားရဲတယ်'

ဤလို ဂုဏ်ပြုသံများကို နာခံရသည်မှာ အတာ့အဖို့၌ ဇရာမ အရသာ ပင် ဖြစ်၏။ တစ်နည်းအားဖြင့် အလွန်မွန်မြတ်သော စောင့်စည်းခြင်းဟူ၍လည်း အတာ ယူဆ၏။ ထို့ကြောင့်လည်း ယခုထိ သူ့သစ္စာရှိမှု သတင်းကလေးသည် အရပ်ထဲ၌ မွှေးဆဲပင် ရှိနေသေး၏။

သို့သော် ခင်စိုးလှ၏ ပေးစာကို ရသည့်နေ့မှစ၍ အတာတွင် နေမထိ ထိုင်မထိ ဖြစ်နေ၏။ အချစ်ဟူသည် ကိုယ်ကစိတ်ထိန်းနိုင်သလောက် တည်ငြိမ် နေမည်ဖြစ်သော်လည်း တစ်ဖက်က စလာလျှင် မရိုးမရွနှင့် လှုပ်ရှားထကြွလာ တတ်၏။

ယခု သူ့အား စလာသူမှာလည်း သာမန်မိန်းကလေးမဟုတ်။ ရုပ်ရည် အားဖြင့်ကြည့်သော် အရပ်ထဲတွင် အလှဆုံး၊ ငွေကြေးဘက်တွင်လည်း ပြောစရာ ရှိအောင် ချမ်းသာသူ မိဘနှစ်ပါး၏ တစ်ဦးတည်းသော သမီးကလေးဖြစ်သည့် ပြင် အကယ်တိ တစ်ယောက်နှင့်တစ်ယောက် ရိုးရိုးခင်ရာမှ ယခုလို စလာသည် ဆိုလျှင် အတာ၌ ထိုမျှ လှုပ်ရှားလိမ့်မည် မဟုတ်။ ယခုသော် သူ့ကို ကြည့်မရ အောင် မုန်းနေပါသည်ဆိုသော မိန်းကလေးက ထိုကဲ့သို့သော စကားအဆန်း ဖြင့် အံ့ဖွယ်ဘနန်း ချစ်စကား ကမ်းလှမ်းလာခြင်းကြောင့် အတာတွင် ပို၍ အငိုးစားရကြပ်သွား၏။ အမျိုးမျိုး အဖုံဖုံ နည်းလမ်းကုန်သလောက် စဉ်းစား လိုက်ပြီးမှ

'သူဟာ ငါလိုအကောင်နဲ့ မတန်ပါဘူးလေ'

ထိုသို့သော ရေရွတ်သံနှင့် အတာ နောက်ဆုံးကြံစည်ခဲ့၏။ ဆုံးဖြတ်ခဲ့၏။ ထို့နောက် မောင်မောင်တို့ရှိရာ မဟာဗန္ဓုလပန်းခြံသို့ လိုက်သွားကာ တပျော်တပါး အဓားပြီး၍ ပြန်လာသောအခါ၌မူ သူ့ခေါင်းထဲသို့ ခင်စိုးလှပြသနာသည် သေခဲသော ဝင်လာပြန်၏။ ချော၍ လှပြီး လှသလောက်လည်း ကြက်သရေရှိရှိ ချစ်စရာကောင်းသော ခင်စိုးလှကို မြင်ယောင်လာ၏။ ရက်တာရက်ဆိုသလို ဆံပင်ကလေး ဖွားလျားချကာ ချစ်စရာမျက်နှာပေးဖြင့် ပြုံးပြုံးကလေး ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာသော ခင်စိုးလှကို အတာသည် ယခု ထင်ထင်ရှားရှား မြင်နေရပြီဖြစ်၏။ စောစောက မြင်ယောင်နေသည်ထက် ခင်စိုးလှသည် ပို၍ ချောနေ၏။

ယခင်ကဆိုလျှင် ခင်စိုးလှ ဤလို ထွက်လာသည့်အခိုက် အတာ့ကိုမြင်လိုက်သည်ဆိုသည်နှင့် မျက်နှာကလေး ရှစ်ခေါက်ချိုးကာ ဆိုးဆိုးဆတ်ဆတ် ပြန်ဝင်သွားတတ်၏။ ဝင်မသွားသည့်တိုင်အောင်လည်း နှုတ်ခမ်းကလေး တစူစူနှင့် အတာ့ဘက် ကျောပေး၍သော်လည်း နေတတ်၏။ ယနေ့သော် ထူးထူးခြားခြား အတာ့ကို မြင်လိုက်သည်နှင့် သွားကလေးပေါ်လာသည်အထိပင် ပြုံးပြလိုက်ချေသေး၏။

အတာ မတုန်လှုပ်ဘဲ ခံနိုင်ပါမည်လော။

ဤလို အပြုံးကလေးဖြင့် အတာ၏ စိတ်ခံတတ်ကို ဆွဲငင်လိုက်ရုံသာမက သေး။ အတာ မျက်စိနောက်သည်ဟု ဆိုခဲ့သော ဂါဝန်ကားကားနှင့် ဖားဖားကြီးသည် ခင်စိုးလှ ကိုယ်ပေါ်တွင် မရှိတော့ဘဲ မြန်မာပီပီ ပဒုမ္မာအင်္ကျီ ခင်းမယ်ထဘီကလေးဖြင့် ထူးထူးခြားခြား အသွင်ပြောင်းနေသည်ကို မြင်လိုက်ရပြန်သောကြောင့် အတာတွင် ပို၍ ချောက်ချားသွား၏။ တစ်ဖန်လည်း ခင်စိုးလှသည်

'ခု ကျွန်မ ကိုတာမကြိုက်တဲ့ ဂါဝန်ကြီးကို မဝတ်တော့ဘူးလေ၊ ကဲ သဘောကျတော်မူပလား' ဟူသော မျက်နှာပေးကလေးဖြင့် ပြုံးကြည့်ပြန်၏။

အတာသည် ဘာမို့ ခံနိုင်လေမည်နည်း။ သူ့စိတ်သည် ယိုင်သွားပြီဖြစ်၏။ ဘယ်သောအခါကမှ မိန်းမပျိုတစ်ယောက်ကို မျက်တောင်တစ်ခတ်ထက်ပို၍ကြာအောင် ကြည့်လေ့မရှိခဲ့သော အတာသည် ယခု ခင်စိုးလှဆီတွင်သာ အာရုံစိုက်နေမိပြန်၏။ သူ့စိတ်တွင် ကြည်နူးသလိုလိုလည်း ရှိနေ၏။

ခင်စိုးလှလည်း ဝရန်တာသို့ထွက်လာသည့်အချိန်မှ ယခုထိသော ရှစ်မိနစ်ခန့်အတွင်း တစ်ကြိမ်လောက်သော်မျှ မျက်နှာလွှဲမသွားသေး။ သူ၏ တောက်ပကြည်လင်သော မျက်လုံးဝိုင်းဝိုင်းကလေးများသည် အတာ့ဆီတွင် တွေနေ၏။ စိုက်နေ၏။ သူသည် ဂါဝန်ဝတ်ကျောင်းထွက်ပီပီ အပြောအဆိုလည်း ရဲတင်း၏။ အပြုအမူလည်း ရဲတင်း၏။ မောင်မောင်၊ ဘဆွေ၊ နီတွတ် စသော ရွယ်တူ ယောကျ်ားကလေးများနှင့် ဆက်ဆံရာတွင်လည်း ခြေတို့လက်တို့ဖြင့် ရဲတင်းလွန်းလှသောကြောင့် အတာကိုယ်တိုင်ပင် အကြိမ်ကြိမ် ကြက်သီးထခဲ့မိဖူး၏။

ယခုသော် အတာ၌ ကြက်သီးထရုံသာမဟုတ်တော့ဘဲ ရင်တွင်းခြင်ဆိပ်စိမ့်နေပြီဖြစ်၏။ ခင်စိုးလှကလည်း ခပ်ရဲရဲပင် ပြုံးနေရာမှ ရယ်ပြလိုက် ခေါင်းကလေးငုံ့၍ ကန့်လန့်ကလျကြည့်လိုက် ဝရန်တာမှနောက်သို့ဆုတ်သွားကာ ဘေးလူမမြင်နိုင်သည့် အတွင်းတံခါးပေါက်နားရောက်သည်နှင့်

'အစိုးမလှဘူးလား ဟင်၊ ကိုတာ မြတ်နိုးတဲ့ မြန်မာပီပီ အဝတ်အစားကလေးနဲ့လေ'



ဤလိုအဓိပ္ပာယ်ရသော အမူအရာကလေးဖြင့် ပဒုမ္မာအင်္ကျီကလေးကိုလည်းကောင်း၊ ခင်းမယ်ထဘီကလေးကိုလည်းကောင်း၊ ကိုယ်ဟန်လေး နွဲ့ကာ လှည့်ကာ ကိုင်၍ ကိုင်၍ ပြနေပြန်၏။ အတာမခံနိုင်။ ခေါင်းတညိတ်ညိတ်ဖြင့် အငိုင်သား ပြုံးနေမိ၏။ ငေးနေမိ၏။

တစ်ဖန် ခေါင်းလျော်ပြီးစဖြစ်၍ ဆံပင်ကလေး ဖားလျားချကာ ဇက်ပိုး ရင်းမှ သိုင်းစု၍ နဖူးနန အထက်ပိုင်းကျကျထိ လှလှကလေး ထိန်းချည်ထားသော ဖဲပြားနီနီကလေးကို ဖြူဖွေးသော လက်ညှိုးညက်ညက်ဖြင့် ခင်စိုးလှက သွက်သွက်ကလေး ထောက်ပြနေပြန်၏။

'ဒါကိုကော သဘောကျရဲ့လား' ဟူသောမျက်နှာပေးဖြင့် မေးကလေး ဆတ်၍ ထင်မြင်ချက် တောင်းနေပြန်၏။ ဤတွင်လည်း အတာက ပြုံးပြလိုက်၏။ သို့သော် ခင်စိုးလှက မဲ့ပြသည်အထင်ဖြင့်

'ကိုတာ မကျေနပ်လဲ ဖြုတ်ပစ်လိုက်မယ်လေ'

ဤလိုအဓိပ္ပာယ်ဆောင်သော မျက်နှာထားကလေးဖြင့် ခင်စိုးလှလည်း သူ့ခေါင်းမှ ဖဲပြားကလေး၏ အပွင့်ဖော်ထားသည့်အစကို ဆတ်ခနဲဆွဲဖြုတ်လိုက်သောကြောင့် အတာတွင် 'အို' ဟူ၍ပင် ရေရွတ်မိကာ မျက်နှာလည်း သိသိသာသာ ပျက်သွား၏။ ခင်စိုးလှက ဘာဆိုလိုသည်ကိုလည်း ရိပ်မိလိုက်သဖြင့်

'ဟုတ်ဖူးလေ အဲဒီ ဖဲပြားကလေးနဲ့က လှတယ်' ဟူသော အရိပ်လက္ခဏာဖြင့် အတာက ခေါင်းကလေးခါပြလိုက်၏။ ဤတွင် ခင်စိုးလှကလည်း 'နေဦး'ဟု လက်ဝါးကလေး ဆန့်ထောင်ပြရင်း အတွင်းခန်းသို့ ပြေးဝင်သွား၏။

ပြန်ထွက်လာသောအခါတွင်မူကား လှလှကလေးစည်းထားသော ဖဲပြားမှာ စောစောက အနီကလေး မဟုတ်တော့ဘဲ သူ့အသားကလေးနှင့် ဟပ်နေသည့် ရွှေညိုရောင် ဖန့်ဖန့်ကလေး ဖြစ်နေသည်ကို တွေ့ရ၏။

'ဒီလိုကပိုမလှဘူးလား ဟင်' ဟူသောအသွင်ဖြင့် ခင်စိုးလှက မေးကလေး ဆတ်ပြနေပြန်၏။ အတာကလည်း သဘောကျသွားသလိုပြုံးကာ မသိမသာ ခေါင်းကလေး ညိတ်လိုက်မိစဉ် ရှိခနဲ လေချွန်၍ ခေါ်လိုက်သော မောင်မောင့်အသံကြောင့် အတာတွင် မဆင်းချင့် ဆင်းချင်နှင့် ဆင်းသွားရတော့၏။

\+ \+ \+

အတာတွင် ဘေးဒုက္ခအပေါင်းတို့မှ ကောင်းကောင်းကြီး လွတ်ကျွတ်ခဲ့ပြီဟု ဆိုရန်ရှိရုံသာမက ကုသိုလ်ကံကလေးလည်း ထလာပြီဟု အတိအကျပင်မဖေခ်ဆောာရဘဲ သိသာနေပြီဖြစ်၏။

ကျောင်းစရိတ် အပြည့်အစုံသာမက အဝတ်အစားကိုပါ သူဌေးသားများဖြစ်သော မောင်မောင်တို့နှင့် ယှဉ်နိုင်အောင် သူ့ဒေါ်ဒေါ်သန်းတို့က လိုလေသေး

www.burmeseclassic.com

www.burmeseclassic.com



မရှိ ဆင်ခဲ့၏။ အိမ်တွင်လည်း ယခင်ကလို ထမင်းကိစ္စတွင် ဝိုင်းမကူရတော့ဘဲ သူ့ညီမလေး အမာသည် အတာလုပ်ရမည့် အလုပ်ဟူသမျှ ဒိုင်ခံ၍ ကူလုပ်ပေး၏။ တစ်ခါတစ်ရံဆိုသလိုသာ တိုတိုထွာထွာဖြစ်သော ငရုတ်သီးစိမ်း နံနံပင် စသည်တို့ကို အတာ သွားဝယ်ပေးရ၏။

သို့သော် မကြာမီပင် ဆိုင်ထွက်ဆိုင်သိမ်းပစ္စည်းသယ်ရန် ဂေါ်ရင်ဂျီကုလားကလေးတစ်ယောက်ကို မသိန်းမေ ငှားလိုက်သဖြင့် အတာဝမ်းသာသွား၏။ သို့သော် ထိုကုလားကလေးမှာ မြန်မာစကား မတတ်သောကြောင့် အတိုအထွာ တစ်ခုခုလိုတိုင်း အတာပင် ဈေးသို့ပြေးနေရပြန်၏။

သို့သော် ကံကလည်း ကောင်းလာပြီ။ ဉာဏ်ကလေးလည်း အခက်နှင့် အညွန့်နှင့် ဆိုသလို ဖြတ်ထိုးဉာဏ်သွက်သူ ဖြစ်သည့်အတိုင်း တစ်နေ့တွင် ထို ကုလားကလေးကိုပါ ဈေးသို့ခေါ်သွားပြီး နံနက်တိုင်းလိုလို သူ သွားဝယ်ရတတ်သော ဟင်းသီးဟင်းရွက်များကိုပြကာ သူတို့ဘာသာ အခေါ်အဝေါ်ကိုမေး၍ ရေးမှတ်ထားလိုက်၏။

ဤနည်းကိုသုံးက သူ့မေမေက မန်ကျည်းသီး ဝယ်ခိုင်းလျှင် ရေးမှတ်ထားသော စာကိုကြည့်လျက် ချင်ဒပန်ဒူးဟု ပြော၍ ကုလားကလေးကိုပင် အဝယ်ခိုင်း၏။ နံနံပင်ဆိုလျှင် ကိုတီးဗီးရားကူး၊ ရုံးပတီသီးဆိုလျှင် ဗန်ဒကိုင်းယား ကြက်သွန်မြိတ်ကို ဝန်လုပန်သု၊ ခရမ်းချဉ်သီးကို ပွန်လွန်းကိုင်းယား စသဖြင့် စာရွက်ကိုကြည့်၍ ဘာသာပြန်ကာ ကုလားကလေးကိုပင် ခိုင်းနိုင်ခဲ့သောကြောင့် သူ့တွင် အစစ သက်သာနေတော့၏။ ဤသည်လည်းတစ်နည်းကံကောင်းခြင်း (ဝါ) သူ ဉာဏ်ထွင်၍ လုပ်တတ်သော အလုပ်၏ ကောင်းခြင်းပင် ဖြစ်၏။

သို့လျှင် အဖက်ဖက်က ကုသိုလ်ကလေးထူးပြီး တစ်ဦးတည်းသော သူဌေးသမီးကလေး ခင်စိုးလှကပါ ချစ်မေတ္တာစကားမျိုး စလာရသည်အထိ သိမ်းသာသာ ဇာတာကလေးအရောင်ထွက်ခဲ့ရာမှ

တစ်နေ့သော်

ထိုနေ့သည် ကိုအောင်ကျော် အပါအဝင် ကျောင်းသူ ကျောင်းသားများ အတွင်းဝန်ရုံးကို ဝိုင်းကြသောနေ့ဖြစ်၏။ နယ်ချဲ့သမားလက်ချက်ဖြင့် ကိုအောင်ကျော် သေဆုံးသွားရ၏။ အများအပြား ဒဏ်ရာ အပြင်းအထန်ဖြင့် နယ်ချဲ့သမားတို့၏ ဖိနှိပ်မှုကို ခံလိုက်ရ၏။ ဤသူကို အကြောင်းပြု၍ တစ်နိုင်ငံလုံးရှိ ကျောင်းသားများ အုံကြွလာ၏။ နယ်ချဲ့သမားတို့၏ အပြုအမူကို ရွံချသောအားဖြင့် ကျောင်းဟူသမျှ သပိတ်မှောက်ကြ၏။

အတာတို့ ကျောင်းလည်းပါ၏။ မည်သည့်ကိစ္စ အရေးအခင်းမျိုးတွင် မဆို သူများထက် ထူးအောင် ဆောင်ရွက်ရမှ အခွင့်အရေးရလျှင် ကိုယ်တိုင် ဝင်၍ ခေါင်းဆောင်ရမှ ကျေနပ်သော အတာသည် သူတို့ကျောင်းသပိတ်ကို



တွင်လည်း တစ်ယောက်သော ခေါင်းဆောင်အဖြစ် ရှုပ်ရှုပ်ရှဲရှဲ ဆောင်ရွက်ခဲ့၏။ သပိတ်တားရာတွင်လည်း မားမားမတ်မတ် ရှေ့ဆုံးမှ ရပ်ခဲ့၏။

ဤလို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဂုဏ်သတင်းကြောင့်လည်း ထို ကျောင်းသားအရေးတော်ပုံ နောက်ပိုင်းမှ အခါတော်ပေးဦးပုညလုပ်နေကြသော သိပ်သီး နိုင်ငံရေးခေါင်းဆောင်များသည် အတာ့အား အထူးအရေးပေးကြ၏။ အတာ၏ ဖွဲ့သတ္တိကို ချီးကျူးကြ၏။ မြှောက်စားကြ၏။

အဖြစ်အပျက် ဥသုံကို အကုန်ခြုံကြည့်သော် နယ်ချဲ့သမားတို့၏ ရက်စက်မှု ဖိနှိပ်မှုကို ကန့်ကွက် ရွံချသောအားဖြင့် သပိတ်မှောက်သည်မှာ မှန်၏။ ကျောင်းသားများ အသိဉာဏ်နုသေး၍ နိုင်ငံရေးသမားတို့က နောက်ပိုင်းမှ အကြံပေး ဉာဏ်ပေးလုပ်သည်မှာလည်း လွတ်လပ်ရေး ကြိုးပမ်းနေကြရသည့် အခိုက်အခါဖြစ်၍ အခြေအနေအရ မှန်၏။

ထိုအရေးတော်ပုံလည်း ပြီးဆုံးသွားလေပြီ။ တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူ အပေါင်းတို့သည်လည်း အခါအားလျော်စွာ ထကြွပြင်းထန်ခဲ့သော နိုင်ငံရေးစိတ်ဓာတ်မှသည် ပညာရေးစိတ်ဓာတ်သို့ ကူးပြောင်းတည်ငြိမ်လာကြပြီ ဖြစ်၏။

အတာကား မငြိမ်သေး။ အကြိမ်ကြိမ်အခါခါ သူ့ဓာတ်ပုံပါလာဖူးသည့် သူသိမ်းဆည်းစုဆောင်းထားသော သတင်းစာများကိုသာ မကြာခဏလှန်ကြည့်ရင်း သွေးကြွနေ၏။ သဘောကျနေ၏။ သို့သော် သူ့ဓာတ်ပုံထက် အကြိမ်ပေါင်း များစွာ နေ့စဉ်လည်း ပါတတ်သော ဗိုလ်အောင်ကျော်၏ ပုံကို မြင်လိုက်ရတိုင်း သူ့စိတ်တွင် တစ်မျိုးတစ်မည် ဖြစ်သွားတတ်၏။

'တောက် ငါသာ ဗိုလ်အောင်ကျော်ဆိုရင်'

ဤလိုလည်း အားမလိုအားမရဖြင့် စိတ်ထဲမှ ရေရွတ်နေတတ်ချေသေး၏။ နောက်တစ်ကြိမ်သာ ဤလိုအရေးတော်ပုံမျိုး ပေါ်လာက သူသည် ဗိုလ်အောင်ကျော်ကဲ့သို့ နိုင်ငံကျော်သွားအောင် အသက်စွန့်လိုက်မည်ဟူ၍လည်း သူ့ရဲကောင်းဆန်သော စိတ်ကလေးဖြင့် ကြိတ်၍ ကြုံးဝါးနေမိသေး၏။ သပိတ်ကိစ္စ အတွင်းက ရင်းနှီးခဲ့ဖူးသော ထိုထိုနိုင်ငံရေးခေါင်းဆောင်တို့ထံသို့လည်း အတာသည် မကြာခဏ သွားလေ့ရှိ၏။ အဆိုပါ နိုင်ငံရေးသမားများကလည်း အတာ ရောက်လာပြီဆိုလျှင် သတင်းစာတိုက်များသို့ ဆုံးဖြတ်ချက် ပို့ခိုင်းတတ်၏။ ကြော်ငြာလည်း ဝေခိုင်းတတ်၏။ ပိုစတာကပ်ရန်လည်း တာဝန်ပေးတတ်၏။

အတာလည်း မငြင်း။ တိုင်းပြည်လွတ်လပ်ရေးအတွက်ဆိုက အသက်ပင် စွန့်ရသေးသည်ဖြစ်ရာ ဤလိုပိုစတာကပ် ကြော်ငြာဝေရသောအလုပ်သည် မျိုးချစ်စိတ် တကယ်ရှိသော လူတစ်ယောက်အဖို့၌ ဘာမျှ ရှက်စရာမလိုဟု အတာ ယူဆခဲ့၏။ သူ့အား ဤလိုခိုင်းကြသည်ကိုပင် အရှင်ထဲမှ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



များအား ဝမ်းသာအားရ ဂုဏ်ယူပြောဆိုတတ်သေး၏။ သို့ ပြောတိုင်းလည်း သူနှင့်ရင်းနှီးသော ထိပ်သီး နိုင်ငံရေးခေါင်းဆောင်များ၏ အမည်ကို ထုတ်ဖော် ပြောဆိုကာ 'ငါ သူတို့နဲ့သိတယ်ကွ' ဟူ၍ တမြမြ အရသာခံတတ်လေသေး၏။

သို့ဖြင့် ကျောင်းတွင်လည်း နိုင်ငံရေးစိတ် အိမ်တွင်လည်း နိုင်ငံရေးစိတ် ဖြင့် စဉ်းစားတွေးတောကာ ဝေးမောစရာအလုပ်တစ်ခုသည် သူ့တွင်ပိုနေရသည့် အထဲ၌ ခင်စိုးလှ ပြဿနာကလည်း တစ်မှောင့်ဆိုသလို ဖြစ်နေပြန်ရာ အတာ သည် စာကိုပင် မေ့မေ့လျော့လျော့ ရှိလာတော့၏။

ခင်စိုးလှနှင့် ပတ်သက်၍ တွေးမိတိုင်း အတာသည် သူ့ဦးလေးက ဈေး ကူးပေးလိုက်သော သူ့ဘိုးဘိုး၏ ဆုံးမစာများပါသည့် ကော်ပီစာအုပ်ကလေးကို ထုတ်၍ ထုတ်၍ ဖတ်မိတတ်သည်။

'ခင်စိုးလှဟာ ငါလို အကောင်နဲ့လဲ မတန်ပါဘူးလေ' ဟူသော စကား ကို အတာသည် မကြာခဏ ပြောခဲ့ဖူး၏။

ဤသည်မှာ အခြားကြောင့်မဟုတ်။ သူ့ဘိုးဘိုး သတိပေး ဆုံးမခဲ့သော စကားများတွင် အိမ်ထောင်ဘက်ရွေးချယ်ရာ၌ 'မမီသည့်ပန်းကို တုံးခုံ၍ မလှမ်း နှင့်' ဟူသော ရှေးလူကြီးပီပီ ရှေးကျကျစကားနှင့်အတူ

'ကိုယ်ထက်ချမ်းသာတဲ့မိန်းမ၊ ကိုယ့်ထက် ပညာတတ်တဲ့မိန်းမကို ငါ့မြေး ဘယ်တော့မှ မလှမ်းလေနဲ့' ဟူ၍ အသေးစိတ် သတိပေးခဲ့၏။

'ဟုတ်တယ်၊ ငါ့ညီမလေးကို ဦးလေးချစ်တို့ ခိုင်းထားတဲ့ကောင်လေးက ရည်းစားစာပေးတာတောင် ငါ ဘယ်လောက်စိတ်ဆိုးသွားလဲ၊ ဒီအတိုင်းပဲ ခင်စိုးလှတို့ မိဘတွေကလဲ ငါ့လိုကောင်နဲ့ သူ့သမီးကို ဘယ်လိုနည်းနဲ့မှ သဘော တူမှာ မဟုတ်ဘူး၊ ဒီတော့ သူရော ငါပါ စိတ်ဆင်းရဲရရုံပဲရှိမယ်'

ဤလိုလည်း သူ့ဘိုးဘိုးပြောသွားသည့် အသေးစိတ် စကားအတိုင်းပင် အတာ သဘောပေါက်လာ၏။ သို့အလျောက်လည်း ခင်စိုးလှနှင့် ပတ်သက်၍ အတာသည် တတ်နိုင်သလောက် စိတ်ကို ချုပ်တည်းခဲ့၏။ ခင်စိုးလှကလေး ဝရန်တာထွက်နေလျှင် မျက်နှာချင်း မဆိုင်မိအောင် အတာ ရှောင်နေလိုက်၏။ မလွှဲသာမရှောင်သာ ဒေါ်ဒေါ်အေးခေါ်၍ အိမ်ပေါ်တက်ရသောအခါများ၌လည်း ခင်စိုးလှ ဘာမျှမပြောသာအောင် လူမြင်ကွင်းဖြစ်သော ဝရန်တာသို့ထွက်ကာ ခပ်တည်တည်ရပ်နေတတ်၏။

သို့နှင့် မကြာမီပင် ခါသကြန်ပွဲဆင်နွဲရန် အချိန်ဆိုက်လာပြန်သောကြောင့် အတာတို့ လူငယ်တစ်စုမှာ သူ့တာဝန်နှင့်သူ အလုပ်ဖြင့် ရှုပ်နေကြရပြန်တော့၏။ နှစ်စဉ်နှစ်တိုင်း သကြန်အခါဆိုလျှင် ဣန္ဒြေရှင်ကလေးလုပ်၍ တိုက်ပေါ်တွင်သာ ကုပ်နေလေ့ရှိခဲ့သော ခင်စိုးလှသည် ယခုသော်ကား မိုးလင်းသည်နှင့် မဏ္ဍပ် တွင်းသို့ ရောက်လာတော့၏။



'ကိုတာ အစိုးဘာလုပ်ပေးရမလဲ ဟင်'

အပြောအဆိုရော အဆက်အဆံပါ ရဲတင်းသူကလေး ဖြစ်သည့်အတိုင်း အတာနှင့် ထိလုနီးပါးကပ်ကာ တစာစာ မေးလေ့ရှိ၏။

'မြင့်မြင့်တို့ အေးအေးတို့တောင် ဘယ်သူမှ မရောက်ကြသေးဘူး၊ အစိုးလဲ အိမ်ခဏပြန်နေပါဦးလား ဟင်၊ စောပါသေးတယ်'

'ဘာလဲ၊ ကိုတာက အစိုးလာတာ မကြိုက်လို့လား ပြောစမ်း၊ အစိုးက ဘွင်းဘွင်းသမား သိလား၊ လာတာမကြိုက်ဘူးဆိုရင် ခုပြော၊ တစ်ခါထဲ ထွက် သွားမယ်၊ နောက်လဲ မလာဘူး'

မျက်ရည်ကလေး တဝေ့ဝေ့ဖြင့် သို့လျှင် မထေ့တထေ့ကလေး ပြောလိုက် သောကြောင့်

'အစိုး ဒီလိုမပြောနဲ့လေ၊ ကိုတာက ဘယ်လိုစေတနာနဲ့ ပြောတယ်ဆိုတာ နားလည်မှပေါ့၊ အရင် အစိုးဂါဝန်တကားကားနဲ့ ခုန်ပေါက်သွားလာပြီး ဣန္ဒြေမရ ဖြစ်နေတာကို ကိုတာ သဘောမကျဘူးဆိုတာ အစိုးသိတော့ ခု ဆင်ခြင်လိုက် တယ် မဟုတ်လား'

'အင်းလေ၊ ဒါကြောင့် ခု မြန်မာပီပီပဲ အစိုးဝတ်တယ်၊ ဣန္ဒြေရရ သွားတယ် လာတယ်'

'ကဲ ဘယ်လောက်ကျက်သရေရှိသလဲ၊ အရပ်ထဲကတောင် ပြောနေကြပြီ၊ ခင်စိုးလှ ဣန္ဒြေရှိမှ ရှိသွားတော့လဲ မိုင်းကောင်းကျောက်ဖိပါလားတဲ့၊ အစိုးလဲ ကြားမှာပေါ့'

'ကြားသားပဲ'

'အဲ ဒါပေမဲ့ အစိုးမှာ တစ်ခုလိုနေသေးတယ် ပြုပြင်စရာ၊ အဲဒါ တခြား မဟုတ်ဘူး၊ အစိုးဟာ အပြောအဆို ရဲတင်းလွန်းအားကြီးတယ်၊ ရွယ်တူယောကျ်ား ကလေးတွေနဲ့ ဆက်ဆံရာမှာလဲ ခြေတို့လက်တို့နဲ့ အဲဒါလဲ ကိုတာမကြိုက်ဘူး၊ မိန်းကလေးတစ်ယောက်အဖို့ ဣန္ဒြေသိက္ခာဟာ အရေးအကြီးဆုံးပဲ၊ အဲဒါ အစိုး နားလည်စမ်းပါကွယ်၊ ကိုတာ အစိုးကိုခင်လို့ ပြောနေတာပါ၊ မိန်းကလေးမပြောနဲ့ ကိုတာကိုကြည့်၊ ယောကျ်ားလေးချင်း မပြောနဲ့ အရပ်ထဲက မိန်းကလေးတွေကပါ'

'အစိုး နားလည်ပါပြီ ကိုတာ၊ မြင့်မြင့်တို့ နုနုတို့ကဆို ကိုတာ ဣန္ဒြေ ကြီးတာကို အမြဲချီးကျူးကြတာပဲ၊ အစိုးလဲ ကြားသပေါ့'

'ဒီလိုဆိုရင် မိန်းကလေးအဖို့ ဣန္ဒြေသိက္ခာဟာ ပိုလို့ အရေးမကြီးဘူးလား၊ ဒါကြောင့် ကိုတာက ပြောတာ၊ နောက် တစ်နာရီလောက်ဆို မြင့်မြင့်တို့ ခင်မြတို့ ရောက်လာကြမှာပဲ၊ အဲဒီတော့မှ အစိုးလဲ ဆင်းလာပေါ့ကွာ၊ ခုတော့ စောလွန်းအားကြီးသေးတယ်၊ ဒီပြင်မိန်းကလေးအဖော်တွေရှိရင်တော့ ကိုတာ မပြောပါဘူး၊ ဒါနဲ့ ခု အစိုးဆင်းလာတာကော ဒေါ်ဒေါ်အေး သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'သိသားပဲ၊ မဏ္ဍာပ်ထဲသွားမယ်လို့ပြောတော့ မေမေက အတာရှိရဲ့လား ကြည့်ဦး၊ အတာရှိမှသွား တဲ့'

'အဲဒါ ကိုတာသိက္ခာရှိလို့ ဒေါ်ဒေါ်အေးက ကိုတာ့ဆိုရင် စိတ်ချတယ် ဆိုတဲ့ သဘောမဟုတ်လား အစိုး ဟင်၊ ကဲ ဒီတစ်ခါလဲ ကိုတာ့စကား နားထောင်လိုက်ဦး နော်၊ ရှစ်နာရီလောက်မှ ဆင်းလာပေါ့ ဟုတ်လား'

'အင်းလေ၊ ဒါဖြင့် အစိုးသွားမယ်နော်'

ဤလို သိမ်မွေ့လှသော အတာ့ကိုယ်ကျင့်တရားကလေးများကြောင့် ခင်စိုးလှတွင် ပို၍ ကြည်ညိုသွား၏။ လေးစားမိ၏။

\+ \+ \+

ယခုနှစ်တွင်လည်း အတာ စာမေးပွဲအောင်၏။ သို့သော် ယခင်အကြိမ်များနည်းတူ ပထမ မရိုတ်တော့တဲ့ အမှတ် ၇ အထိ စံချိန်ကျသွားပြီဖြစ်သောကြောင့် သူမျက်နှာ မမော်နိုင်။ ခေါင်းကလေး အငုံ့သားနှင့် သူ့ဒေါ်ဒေါ်သန်းတို့အား အစီရင်ခံရသည်။

'စာမေးပွဲအောင်တယ်ဆိုပြီးတာပါပဲကွယ်၊ အမြဲတမ်းတော့ ပထမရနိုင်း ဘယ်ရနိုင်ပါ့မလဲ၊ ဝမ်းမနည်းပါနဲ့ကွယ်'

ဤတွင်မှ အတာ စိတ်သက်သာရာရသွားတော့၏။ သို့တိုင်အောင် သူ့ အများကို သူမမြင်သေး။ နိုင်ငံရေးသမားများနှင့်ပေါင်းကာ ဗွာတာတာသတ္တဝါ ကလေးအဖြစ် စခန်းသွားနေဆဲပင် ရှိနေသေး၏။

အမျိုးသားအောင်ပွဲနေ့ လှည့်လည်ရာတွင် အတာ ရှေ့ဆုံးမှပါလာသည်ကို တွေ့ရမည်ဖြစ်၏။ ရိုးရိုးမဟုတ်။ လည်ပင်းမှ အကြောများထအောင် အသံကုန် ဟစ်၍ သံချပ်တိုင်လာတတ်၏။ ရပ်ကွက်အနံ့လည်း၍ တရားဟောရာတွင်လည်း အတာပါသည်ကို တွေ့ရမည်ဖြစ်၏။ သို့ တရားဟောရာတွင်လည်း နိုင်ငံရေး ထိပ်သီးများပင် မသုံးဝံ့ မပြောဝံ့သော စကားလုံးများဖြင့် ပြင်းပြင်းထန်ထန် ဟောလေ့ရှိ၏။ လက်ခုပ်သံတဖြောင်းဖြောင်းနှင့် ဩဘာပေးလိုက်တိုင်း အတာ တွင် ကျောစိမ့်အောင် အရသာရှိသွား၏။

ထို့ထက်ပို၍ သူအလိုအရှိဆုံးအရာမှာ အစိုးရကသူ့ကိုဖမ်းရန် နောက်ရုံးတင် တရားစွဲရန် နောက် ထောင်ချပစ်ရန်ဖြစ်၏။ ဤလို ဖမ်းဆီးတရားစွဲ ထောင်အချခံ ရလျှင် နာမည်ကြီးလာမည်၊ ဖိုလ်အောင်ကျော်၊ ကျောင်းသားအာဏာရှင် ကိုလှရွှေ ကဲ့သို့လည်း နိုင်ငံကျော်သွားမည်။ ဤသည်တို့မှာ အတာအလိုလားဆုံးသော အချက်များဖြစ်၏။ သို့သော် သူအဖမ်းမခံရ၊ သို့အဖမ်းမခံရလေ စိတ်ထဲ၌အားငယ် အားမရ ဖြစ်လေသာရှိနေခဲ့ပြီး နောက်ဆုံးမှ သတင်းစာအချို့တွင် ပါလာသော

'အလွန်တရားအဟောကြမ်းသည့် ကျောင်းသားတစ်ဦး' ဟူသည့် သတင်း ကို ဖတ်ရင်း သူ့စိတ်သူဖြေ၍ ထိုမျှနှင့်ပင် ကျေနပ်လိုက်ရတော့၏။



သို့တရားဟောရသည့် အခွင့်အရေးနှင့် စီတန်းလှည့်လည်ရာတွင် ထိပ်ဆုံးမှ ကြွေးကြော်ရသည့် အခွင့်ကောင်းမျိုးကို တစ်နှစ်တစ်ကြိမ်ကျင်းပရသော အမျိုးသား အောင်ပွဲနေ့ကျမှ ကြုံရဆုံရသည်ဖြစ်၍ အတာ တင်းမတိမ်။ တရားဟောခွင့် သူပုကြွေးကြော်ခွင့်ရမည့် လှုပ်ရှားမှု အုံကြွမှုများကိုသာ အတာတောင့်တ နေမိ၏။

'ဟေ့ အောင်ဒင်၊ မင်းတို့ ဘော်ဒါတွေ ထမင်းဟင်းကိစ္စနဲ့ ပတ်သက်ပြီး မကျေမနပ် ဖြစ်နေကြတယ်ဆို ဟုတ်လားကွ'

'အေး ထမင်းကိစ္စတင် မဟုတ်ဘူးကွ၊ ညဘက်မှာ ရုပ်ရှင်သွားမကြည့် ရဘူးဆိုတဲ့ အမိန့်ကိုလဲ ဘယ်သူမှ မကျေနပ်ကြဘူး'

'ဒီလိုဆို မင်းတို့ သပိတ်မှောက်ပါလား'

'ခုတော့ ဒါကို မစဉ်းစားသေးဘူး၊ တို့ဘော်ဒါ ခေါင်းဆောင်တွေကတော့ ဆရာကြီးနဲ့ တွေ့ပြီး ဆွေးနွေးခွင့်တောင်းဖို့ စီစဉ်နေကြတယ်ကွ'

'အေး ဒီလို ပျော့ပျော့ ပျော့ပျော့ လုပ်နေလို့ ဘယ်တော့မှ ရမှာမဟုတ် ဘူး၊ ထစ်ခနဲရှိရင် သပိတ်မှောက်၊ မကျေနပ်မှုတစ်ခုပေါ်လာရင် သပိတ်မှောက်၊ ဒီလိုမှ ချက်ချင်းအောင်မြင်မှာကွ'

အတာသည် ဤလို မြှောက်ထိုးပင့်ကော် သတ္တဝါကလေးဖြစ်နေလေပြီ။ အဖြစ်အပျက်နှင့် အကြောင်းအရာ အခြေအနေကို သုံးသပ်ရန်မှာ သူ့အလုပ် မဟုတ်။ သပိတ်မှောက်လျှင် (ဝါ) ဆူဆူပူပူဖြစ်လျှင် သူ ခေါင်းဆောင်ခွင့်ရလာ မည်။ တရားဟောခွင့်ရမည်။ သတင်းစာတွေထဲတွင် ပါလာမည်။ နာမည်ကြီး လာမည်။ ဤသည်တို့သာလျှင် သူ၏ တောင့်တချက်များ ဖြစ်၏။

ယင်းသို့သော ဆန္ဒကြောင့်လည်း အတာသည် အောင်ဒင်ကိုသာမဟုတ်ဘဲ အခြားသော ဘော်ဒါခေါင်းဆောင်များနှင့် တွေ့ဆုံကာ အမျိုးမျိုးသောနည်းဖြင့် သပိတ်မှောက်ရန်သာ တိုက်တွန်းတော့၏။ သို့ဖြင့် နောက်တစ်နေ့ ကျောင်း တက်လုလုအချိန်တွင် အတာနှင့်တကွသော ဘော်ဒါကျောင်းသား လေးငါး ယောက်တို့သည် 'သပိတ် သပိတ် မှောက်မှောက်' ဟူသော ကြွေးကြော်သံ များဖြင့် တစ်ကျောင်းလုံးအနှံ့ လျှောက်အော်လေတော့၏။

'ဟေ့ ကျောင်းမတက်ကြနဲ့ အိမ်ပြန်ကြတော့၊ ဒီနေ့ သပိတ်မှောက်တယ်'

အတာတို့လှသိုက်လည်း အသံကုန်ဟစ်၍ လှည့်လည် ကြွေးကြော်ရုံသာ မက ကျောင်းတက်ရန်လာသော ကလေးများကိုလည်း ကျောင်းဝင်းဝမှ ဆီးကြို ကာ ဤလိုလည်း ပြောဆို တားမြစ်ကြပြန်၏။ ထို့ခေတ်က ကျောင်းသား လောကသည် သပိတ်မှောက်ဟူသော ကြွေးကြော်သံကြားလျှင် မှောက်လိုက်ကြ၏။ နောက်မှ ဘာကြောင့် မှောက်ရသည်ကို စုံစမ်းကြ၏။

တစ်နည်းအားဖြင့်လည်း သပိတ်မှောက်ရမည့် အကြောင်းအရင်း ခိုင်လုံ သည်ဖြစ်စေ၊ မခိုင်လုံသည်ဖြစ်စေ သပိတ်မှောက်သူတို့သည် လူနည်းစုပင်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



လူများစုက ကျောင်းမတက်ဝံ့။ အငြိုးထားမည်ကို ကြောက်၏။ ရန်မူမည်လား ဟု စိုးရိမ်ကာ အိမ်သို့ပင် ပြန်သွားတတ်ကြ၏။ ယင်းသည့် အကြောင်းအချက် သည်ပင် အတာတို့ သပိတ်ကိစ္စအတွက် အထောက်အပံ့တစ်ကွက်လို ဖြစ်သွား တော့၏။

သို့သော် ဆိုင်ရာလူကြီးများနှင့် တွေ့တွေ့ဆိုင်ဆိုင် ဆွေးနွေးကြသောအခါ တွင်ကား အတာတို့သပိတ်သည် သပိတ်မှားဖြစ်နေတော့၏။ သပိတ် မှောက်ရ လောက်အောင်လည်း ကြီးကျယ်သော ပြဿနာမဟုတ်။ သို့နှင့် ဘော်ဒါ တစ်ဝက် တစ်ပျက်သာပါသော အတာတို့ သပိတ်မှာလည်း ထိုတစ်ရက်နှင့်ပင် ရုပ်သိမ်းလိုက် ကြရတော့၏။ အတာတွင်လည်း ထိုတစ်နေ့တည်းသာ တရားဟောခွင့် ကြွေးကြော် ခွင့် ရလိုက်သောကြောင့် သူ့တွင် ကြိုးပမ်းရကျိုးမနပ် ဖြစ်သွားရတော့၏။ ထိုမျှသာမဟုတ်။ ကျောင်းအုပ်ကြီး၏ သတိပေးခြင်းကိုလည်း ခံလိုက်ရသေး၏။

နောက်ဆုံး၌ ဤသပိတ်သည် အတာ၏ လှုံ့ဆော်မှုကြောင့်ဟူ၍ သိလာ ကြရသောအခါတွင်လည်း ဘဝတူ ကျောင်းသားများကပါ အတာကို ငြိုငြင် လာကြတော့၏။ သို့သော် အတာကား မဖြုံ။ သတင်းစာတွင်ပါလာသော ဓာတ်ပုံကိုကြည့်ကာ ပီတိပင် ဖြစ်နေသေးတော့၏။

ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်သည် ဗိုလ်အောင်ကျော်အဖြစ် ကျော်ကြားလာစေလိုသော ရည်ရွယ်ချက်ဖြင့် ကျောင်းသားအရေးတွင် ပါဝင်ခဲ့ သည်မဟုတ်။ အလွန်သန့်ရှင်းသော နိုင်ငံချစ်စိတ် အမျိုးသားစိတ်ဖြင့် ဝင်ရောက် ကူညီရင်း နယ်ချဲ့သမားလက်ချက်ဖြင့် ကျဆုံးခဲ့ရသည်ဖြစ်ရာ သူ့စေတနာ အလျောက် တိုင်းပြည်က မြှောက်စား ဂုဏ်ပြုခဲ့ခြင်းသာ ဖြစ်၏။

အတာတွင်ကား ဗိုလ်အောင်ကျော်လို ကျော်ကြားချင်၍ ကျောင်းသား အပေါင်းတို့၏ အလေးပြုခံချင်၍သာ ကျောင်းသားများကို လှုံ့ဆော်နေခြင်း ဖြစ်၏။ သူ နာမည်ကြီးချင်နေ၏။ ကျောင်းသား အာဇာနည် ကိုလှရွှေလို နိုင်ငံကျော်ချင် ထင်ပေါ်ချင်နေ၏။ သို့အလျောက်လည်း သူ့ကျောင်းအရေး တွင်သာ မဟုတ်ဘဲ အခြားသော ကျောင်းများက သပိတ်သံပေးလာလျှင်လည်း သူ အပြေးကလေး ရောက်သွားတတ်၏။ မြှောက်ထိုးပင့်ကော် လုပ်တတ်၏။ ဆူဆူပူပူဖြစ်အောင်လည်း လှုံ့ဆော်၏။

ကျောင်းအားသည့် နေ့များတွင်လည်း အတာသည် နိုင်ငံရေးသမားများထံ ရောက်နေတတ်၏။ ၎င်းတို့စေရာကို သွားပြီး ခိုင်းသည်ကို လုပ်ရင်း အချိန် ကုန်နေတတ်၏။ နိုင်ငံရေးဆရာတို့က နက်ဖြန် အရေးကြီးသော ကိစ္စရှိသည်ဆိုလျှင် အတာ ကျောင်းမတက်တော့ပေ။ ဤလိုဖြင့် ခြောက်လပတ် စာမေးပွဲတွင် သုံးဘာသာတိတိ ကျွမ်းထိုးမှောက်ခုံ ကျခဲ့၏။ အတန်းတင်စာမေးပွဲကြီးတွင်လည်း လုံးလုံးလျားလျား ရှုံးနိမ့်ခဲ့၏။



'အေး ဒီနှစ်မအောင်လဲ နောက်နှစ်ပေါ့ကွယ်၊ ဒါပေမဲ့ ခုလို စာမေးပွဲ ရှုံးတာ တခြားကြောင့်မဟုတ်ဘူး၊ နိုင်ငံရေးသမားတွေနဲ့ ပေါင်းပြီး ဟိုစပ်စပ် ဒီစပ်စပ် လျှောက်လုပ်နေလို့ပဲ၊ ဟုတ်တယ်မဟုတ်လား၊ ဟို လိုက်တရားဟော ဒီလိုက်တရားဟောနဲ့ ကျောင်းနေတုန်းမှာ ဒါတွေ လျှောက်လုပ်နေတာ ခေါ်ခေါ် တို့ မကြိုက်ဘူးကွဲ့၊ ပညာသင်ချိန်မှာ ပညာကို တတ်အောင်သင်၊ ကြိုးစား၊ ပညာကို လုံလောက်အောင် တတ်ပြီဆိုတော့ မင်းလုပ်ချင်တာလုပ်၊ နိုင်ငံရေး မကလို့ ဘာပဲလုပ်လုပ် မင်းသဘောပဲ၊ ခုနေအခါမှာတော့ ပညာကို ဖိကြိုးစား စမ်းပါ အတာ၊ မင့်ဉာဏ်ကလေးက တို့ နမြောလွန်းလို့ပါ'

'ဟုတ်ကဲ့ ဟုတ်ကဲ့' နှင့် ခေါင်းညိတ်ခဲ့သော အတာသည် ကွယ်ရာသို့ ရောက်သည်နှင့်

'အလကား သူတို့ ဘာသိသလဲ၊ ခေတ်နောက်ကျနေတဲ့ ရှေးလူကြီးတွေ၊ နိုင်ငံရေးမလုပ်နဲ့ ဘာညာနဲ့ မျိုးချစ်စိတ်ဆိုတာ သူတို့နားမှလည်ရဲ့လား မသိဘူး'

ဤသို့ထိအောင်ပင် ကျေးဇူးရှင်များကို ရေရွတ်မြည်တမ်းကာ ကျေးဇူး တန်းလာပြီဖြစ်၏။

'အတာ မင်း တို့ဆီကို အဝင်အထွက် နည်းနည်းလျှော့လိုက်ရင် ကောင်း မယ် ထင်တယ်၊ ခဏခဏ မလာနဲ့၊ မင့်နောက်ကို စုံထောက်ဘက်ကလိုက် နေတယ်'

နိုင်ငံရေးသမားများက သူ့အား ဤလိုသတိပေးလိုက်မှ အတာသည် ခါတိုင်းထက် ပို၍သွား၏။ များများသွားလျှင် မြန်မြန်ဖမ်းလိမ့်မည်။ သို့မှ မြန်မြန် နာမည်ကြီးမည်ဟု အတာသည် သူ့အား ဖမ်းမည့်ရက်ကိုသာ မျှော်လင့်နေခဲ့၏။

'ခုဆိုရင် ကိုယ် ပုန်းလျှိုးကွယ်လျှိုး သွားနေရတယ်ဆရာ၊ ကိုယ့်နောက်ကို စုံထောက်လိုက်နေလို့'

ကျောင်းမှ အတန်းသားများကိုလည်း ခပ်တိုးတိုးဤလိုပြောရင်း အတာ အရသာခံတတ်၏။

'ဟေ့ အတာ ဘာဖြစ်လာလဲကွ၊ ဘောင်းဘီနဲ့ မျက်မှန်နဲ့ကိုယ်တောင် လူမှားနေတယ်'

'ရှူး တိုးတိုး၊ ငါ့နာမည် ကျယ်ကျယ်မခေါ်ပါနဲ့ကွ၊ စီအိုင်ဒီဘက်က ငါ့ကိုလိုက်နေလို့ ရုပ်ဖျက်ပြီး သွားနေရတယ်ကွ'

အရပ်ထဲတွင်လည်း ဤလိုစကားမျိုးဖြင့် အတာ အသားယူနေတတ် သေး၏။ သူ့ကိုလည်း အလွန်လျှင် အရေးပါ အရာရောက်နေသူတစ်ယောက်ဟု ထင်နေ၏။ ဘဝင်လည်း မြင့်နေ၏။

ဤသည်တို့ပင် သူနားလည်နေသည့် မျိုးချစ်စိတ်နှင့် နိုင်ငံရေးဖြစ်လေ သလော။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင်သာ မဟုတ်။ အရပ်ထဲတွင်လည်း လှုံ့ဆော်မှုကလေးများဖြင့် စခန်းသွားနေပြန်ပြီ ဖြစ်၏။ လစာငွေ ခွင့်ရက် စသည့်ကိစ္စများနှင့် ပတ်သက်၍ အရပ်ထဲရှိ ကုန်တိုက်အထည်ဆိုင် အလုပ်သမားများနှင့်ဆိုင်ရာ အလုပ်တို့ဆွေးနွေးနေစပ်နေကြသည့် အရေးတွင်လည်း မကြီးမငယ်နှင့် အတာ ဝင်ရှုပ်လာပြန်၏။

'လိုလားချက်တွေ တစ်ခုမှ အလျှော့မပေးနဲ့ဗျ၊ မရရင် သပိတ်မှောက်ပေါ့'

သို့ သူဝင်၍ လှုံ့ဆော်သော်လည်း ထိုထိုအရေးများမှာ သူဆွယ်တိုင်းရနိုင်မည့် ရွယ်တူကျောင်းသားမဟုတ်။ ချင့်ချင့်ချိန်ချိန်နှင့် စဉ်းစားဝေဖန်တတ်သူများသာဖြစ်၍

'ဟေ့ကောင်လေး မင်း လာမရှုပ်စမ်းနဲ့ကွာ' ဟု မောင်းထုတ်သည်ကိုပင်

'ကျွန်တော်က စေတနာနဲ့ပြောတာပါဗျ၊ တကယ်လို့ သပိတ်မှောက်ရင် စခန်းချဖို့ တန်ဆောင်းရော၊ ထမင်းထုပ်တာဝန်ရော ကျွန်တော် အားလုံးဆောင်ရွက်ပေးမယ်၊ ပါတီခေါင်းဆောင်ကြီးတွေဆီက အကူအညီရဖို့အတွက်လဲ ကျွန်တော် တတ်နိုင်ပါတယ်ဗျ၊ ကျွန်တော်နဲ့ သိပ်ရင်းနှီးတာ သိလား' ဟူသော စကားမျိုးဖြင့်ပင် အသားယူလိုက်ချင်သေး၏။

နောက်တစ်နေ့ ထိုထိုစာရေးနှင့် အလုပ်သမားများလည်း သူတို့ချင်းဆွေးနွေးကာ လိုလားချက် ကျေနပ်လောက်အောင် မရကြသဖြင့် သပိတ်မှောက်သင့် မမှောက်သင့် ဆွေးနွေးရန် အရပ်ထဲရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စုရုံးတိုင်ပင်နေကြစဉ် အတာလည်း ဘာညာမပြောနှင့် တရားဝင်၍ ဟောတော့၏။ သပိတ်မှောက်ရန် တိုက်တွန်းတော့၏။ အကြမ်းဆုံးသော စကားများသုံး၍ အရပ်ထဲရှိ ကုန်တိုက် အထည်ဆိုင်ပိုင်ရှင်များကို ပုတ်ခတ်တော့၏။

သို့သော် ရှေ့တရက်ဖြစ်၍ စာရေးနှင့် အလုပ်သမားများ အံ့အားသင့်နေသည့် အချိန်လောက်သာ အတာ တရားဟောခွင့်ရခဲ့ပြီး နှစ်မိနစ်ခန့်ပင်မကြာမီ လက်ဖက်ရည်ဆိုင်ထဲမှဆွဲအထုတ်ခံလိုက်ရတော့၏။ နောက်ဆုံး၌စာရေးများကလည်း ကျေးဇူးမတင်။ လူကြီးများကပါ ချဉ်သွားသည့်ဆိုးကျိုးသာလျှင် သူခံစားလိုက်ရတော့၏။

'မင်း ဘာတွေလျှောက်လုပ်နေပြန်လဲ အတာ၊ ဟိုတလောကပဲ ဒေါ်ဒေါ်သန်း သတိပေးထားသေးတယ်၊ မင်းတယ်ခက်တာကိုကွဲ' ဟူ၍လည်း သူ့ဒေါ်ဒေါ်သန်းက ခေါ်ဆူ၏။

'ဒီကောင်လေး ခုတလော ဘာဖြစ်နေတယ် မသိဘူး၊ ဘယ်ကျောင်းသပိတ်မှောက်မှောက် သူပါတာပဲ၊ နိုင်ငံရေးသမားတွေနဲ့လဲ တရားလျှောက်ဟောလိုဟောနဲ့' ဟူသော ဝေဖန်သံတွေလည်း အရပ်ထဲတွင် ညံနေပြီဖြစ်၏။

အတာသည် သူ၏ ကျေးဇူးရှင်များဖြစ်သော ဒေါ်ဒေါ်သန်းတို့၏ ဆုံးမစကားကိုပင် တော်လှန်၍ သူလုပ်ချင်ရာ လျှောက်လုပ်နေသေးသည်ဖြစ်ရာ



သူသည် မည်သူတို့၏စကားကို မှုစရာလိုသေးတော့သနည်း။

'မင်း လုပ်ချင်ရာတွေ လျှောက်လုပ်နေနော်၊ အေး တစ်နေ့နေ့ ဖမ်းလားဆီးလား ဖြစ်လာရင်တော့ မင့်ဟာမင်းခံ၊ လိုက်ကြည့်မယ်များတော့ မထင်လေနဲ့'

အတာ့မေမေ၏ ဩဝါဒစကားကား ထိုမျှသာဖြစ်၏။ ကိုထွန်းအောင်ကမူ နည်းအမျိုးမျိုးပြ၍ ဆုံးမ၏။ မရ။ အရွယ်ထောက်၍ လူပျိုပေါက်သာသာဖြစ်နေသည်တစ်ကြောင်း၊ စိတ်ဓာတ်ကလည်း တက်တက်ကြွကြွနှင့် မည်သည့်ကိစ္စတွင်မဆို အတိုက်အခံလုပ်ရမှ ကျေနပ်သလိုလိုရှိနေသည်တစ်ကြောင်းတို့ကြောင့် မိဘကိုပင် အာခံချင်သလိုလို ဆောင့်ကြွားကြွားဖြစ်နေတော့၏။ ထုံးစံအတိုင်းပင် သူလုပ်ချင်ရာကိုသာ လျှောက်လုပ်နေတော့၏။

ဤသို့ဖြင့် အတာ ကိုးတန်းစာမေးပွဲကြီး စစ်လုနီးနီးတွင် သပိတ်ကိစ္စတစ်ခု ပေါ်လာပြန်၏။ အတာ ဝမ်းသာလိုက်သည်ကား ပြောစရာမရှိ။ ကိုယ်ဖိရင်ဖိ ဝင်၍ ဆောင်ရွက်၏။ နေ့ရောညပါ တရားဟောခွင့်ရခဲ့သောကြောင့် သူ့အလွန်ပျော်နေ၏။ တက်ကြွနေ၏။ သတင်းစာတွင်ပါသော သူ့တရားသတင်းနှင့် သူ့ဓာတ်ပုံကိုကြည့်ကာ အရသာခံရင်း အလွန်အမင်း ဘဝင်မြင့်နေ၏။ မကြာမီပင် တိုင်းပြည်ခေါင်းဆောင်ကြီး ဖြစ်လာတော့မလောက် တယဉ်ယဉ်နှင့် အထင်ရောက်နေ၏။

လှုပ်ရှားမှုတစ်ခုပေါ်လာတိုင်း နိုင်ငံရေးသမားများ ဝင်လာတတ်သည်ဖြစ်ရာ ယခုသပိတ်တွင်လည်း နိုင်ငံရေးသမားများက အတာမှတစ်ဆင့် ကြိုးကိုင်ညွှန်ကြားခဲ့၏။ အတာတစ်ယောက်သာ ထိုထိုနိုင်ငံရေးသမား ထိပ်သီးများနှင့် အနီးကပ်ဆုံး ရင်းနှီးခဲ့သောကြောင့် ထိုသပိတ်ကိစ္စတွင် အတာသည်သာ ရှေ့တန်းမှ ထမခေါင်းဆောင် ဖြစ်လာတော့၏။

သို့နှင့် အကြီးအကျယ်ဘဝင်မြင့်သွားသော အတာလည်း သပိတ်ကိစ္စပြီးဆုံးသွားသည်နှင့် 'ကျွန်ပညာအလိုမရှိ' ဟူသော နိုင်ငံရေးသမားတို့တွင်ပေးသည့် ကြွေးကြော်သံကို အကြောင်းပြုကာ

'ငါ ကျောင်းထွက်မယ်၊ ဒီပညာကို ဆက်သင်နေမဲ့အစား လူထု ကောင်းစားရေးကိုပဲ ငါလုပ်တော့မယ်' ဟူသော ဆုံးဖြတ်ချက်ဖြင့် သူ့သဘော အတိုင်းပင် ကျောင်းမှ ထွက်ခဲ့တော့၏။ သို့ ကျောင်းထွက်သည်မှာလည်း ထုံးစံအတိုင်းမဟုတ်။ ကျောင်းအုပ်ကြီးအခန်းထဲသို့ ရင်ကော့၍ ဝင်သွားကာ

'ဆရာကြီး ကျွန်တော် ဒီနေ့ကစပြီး ကျောင်းထွက်တယ်၊ ကျွန်ပညာ အလိုမရှိတော့ဘူး၊ ဒါပဲ'

တစ်ခါက အလွန်ယဉ်ကျေးသိမ်မွေ့ခဲ့သော အတာ၊ မိမိထက် ရက်ပိုင်းသောက်ကြီးသူကိုပင် ဝါဝင်ဝါထွက်တိုင်း လက်ယှက်ရိုကျိုးရှိခဲ့သော အတာသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်က သူ၏ပညာရည်ထူးချွန်မှုကြောင့် တယုတယနှင့် ဖက်လဲတကင်း ချီးကျူးခဲ့သော ကျောင်းအုပ်ဆရာကြီးကိုပင် ရိုင်းစိုင်းလှသော အမူအရာဖြင့် အတာစော်ကားခဲ့ချေပြီ။

\+ + +

'ကျွန်တော် ကျောင်းထွက်လိုက်ပြီ ဒေါ်ဒေါ်'

'ဟင်'

ဒေါ်ဒေါ်သန်းတို့ ညီအစ်မတစ်စုတွင် ထိုမျှသာ ရေရွတ်နိုင်တော့လျက် အတန်ကြာအောင် အံ့အားသင့်နေကြပြီးမှ

'ဟဲ့ ဘာပြုလို့တုံး အတာ' ဟု ဒေါ်ဒေါ်သန်းက ဝမ်းနည်းသံကြီးဖြင့် မေးလိုက်သည်ကို

'ကျွန်ပညာ မသင်ချင်လို့ ဒေါ်ဒေါ်'

အတာ့ အမူအရာသည် ယခင်အခါများကလို ကျိုးကျိုးနွံနွံ မဟုတ်တော့ဘဲ သူ့ကျေးဇူးရှင်များက မည်သို့သော အကြံပေးပေး တစ်ရွေးသားမျှ လက်ခံ ပြတ်ပြတ်သားသားပင် အန်တုတော့မည့် အသွင်မျိုးဆောင်နေ၏။

'ဟဲ့ ဘာပြောတယ် အတာ'

'ဟုတ်တယ် ဒေါ်ဒေါ်၊ ဒီ ကျွန်ပညာကို ကျွန်တော် မသင်ချင်တော့ဘူး'

'နေစမ်းပါဦး၊ မင်း နိုင်ငံရေးသမားတွေနဲ့ ပေါင်းပြီး နိုင်ငံရေးစကား တွေနဲ့ ဒေါ်ဒေါ်သန်းကို လာပြောနေသလား အတာ၊ ဒေါ်ဒေါ် နားမလည်ဘူးကွဲ့ ဘာလဲ၊ ကျွန်ပညာ ဟင်၊ ဒေါ်ဒေါ်တို့ကတော့ ကျောင်းနေတယ်၊ စာသင်တယ် ဒါပဲသိတယ် အတာ၊ မင်း ဘာအရူးထတာလဲ'

'မဟုတ်ပါဘူး၊ ကျွန်တော် ဒီပညာကို မသင်ချင်တော့လို့ပါ'

အတာ့ကား ခပ်တင်းတင်းပင် ပြောနေသေး၏။

'မဟုတ်သေးဘူး အတာ၊ မင်း ဘာလို့ မိုက်ချင်ရသလဲ၊ သူများတွေမှာ စာသင်ချင်လို့ သင်နိုင်သလား၊ ကျောင်းနေချင်လို့ နေရရဲ့လား၊ မင်း လိမ္မာ မှပေါ့ကွဲ့၊ ဘာပူစရာရှိသလဲ မင့်မှာ ဟင်၊ အချိန်တန်ရင် အဝတ်အစားဆိုတာ သူဌေးသားတွေနဲ့ တန်းတူဝတ်ရတယ်၊ ကျောင်းစရိတ်ဆိုလဲ မင်းမျက်နှာရှိအောင် တစ်နှစ်တွက် တစ်ခါထဲ ပေးထားခဲ့တယ်၊ ဟင် ဒီလိုအခွင့်အရေးမျိုးကို ဒီပြင် ဘယ်သူပေးမလဲ၊ ဘယ်ကျောင်းသားကော ရနိုင်မလဲ အတာ'

အတာ ဘာမျှမပြော၊ မတုန်မလှုပ်ပင် မှုန်ကုတ်ကုတ် ငြိမ်နေ၏။

'ဟုတ်သားပဲ ငါ့မြေးရယ်၊ မင်း မိုက်ရူးရဲ မလုပ်ချင်စမ်းပါနဲ့၊ ကဲ ကဲ



ပြီးတာပဲ ပြီးပစေပေါ့၊ နက်ဖြန် ကျောင်းပြန်တက်၊ ဟုတ်လား'

ဘွားဘွားကလည်း ဝမ်းနည်းသံကြီးဖြင့် ချော့ချော့မော့မော့ ဝင်ပြော လိုက်သေး၏။ သို့သော် အတာကမူ ဘာတစ်ခွန်းမျှ ကတိမပေးသေး။

'လိမ္မာစမ်းပါအတာရယ်၊ မင့်ဉာဏ်ကလေးကို မမရင်တို့ နှမြောလွန်းလို့ပါ၊ အေး မင်း ခုလို တရားလိုက်ယောချင်ရင် နိုင်ငံရေးတွေဘာတွေလုပ်ချင်ရင် မလုပ် နဲ့လို့ မဆိုဘူး၊ ပညာကိုသင်ဦး၊ အနည်းဆုံး ဘီအေလောက်ဖြစ်ဖြစ် တတ်အောင် သင်ပြီးမှ မင်းလုပ်ချင်ရာလုပ်၊ မမတို့ မပြောဘူး၊ ကဲ ဟုတ်ပလား အတာ'

ခေါင်းညိတ်ခေါင်းခါ အတာ ဘာမျှလှုပ်ဖော်မရသေး။ သူ၏ သံဓိဋ္ဌာန် ဆုံးဖြတ်ချက်ကိုသာ မမိုတ်မသုန် ယုံယုံကြည်ကြည် လက်ခံဆုပ်ကိုင်ထားတော့ သည့်အသွင်ဖြင့် ဘာတစ်ခုမှ နားမဝင်သလို တွေနေ၏။

'ငါ့တူက မြော်မြင် ဆင်ခြင်တတ်တဲ့ အသိဉာဏ်ရှိပြီးသားပဲလေ၊ ဒီလောက် နားဝေးမယ်မဟုတ်ပါဘူး နော်၊ ကဲ ကဲ ဒေါ်ဒေါ်သန်းတို့က တကယ့် စေတနာနဲ့ ချစ်လို့ပြောတာကို မင်း နားထောင်ပါ အတာရယ် ဟုတ်လား၊ ကဲ ကဲ နက်ဖြန် ကျောင်းပြန်တက် ကျောင်းဝင်ကြေးတို့ ဘာတို့ ထပ်ပေးရမယ်ဆိုလဲ ထားပေ့နော်၊ မင့်ဦးနှောက်မျိုးနဲ့ဆိုရင် ဘီအေ အောင်ဖို့ဆိုတာ အလွယ်ကလေးပါ ကွယ်၊ ဒီမှာ အတာ၊ မင်းသာ သင်ချင်တယ်ဆိုရင်လေ ဘီလပ်ကို သွားမလား၊ အမေရိကန် သွားမလား၊ ဂျာမနီသွားမလား၊ မင်းသွားချင်ရာကို ပို့ပေးမယ်၊ သင်ချင်တဲ့ပညာကိုသင် ဒေါ်ဒေါ်သန်းတို့ ထောက်ပံ့မယ်၊ အဲဒါ မင်းဆီက တစ်ပြားသားစားချင်လို့ ပြောနေတာမဟုတ်ဘူး အတာ၊ ကုသိုလ်လဲရ ပညာပါရမီ လဲဖြစ်၊ မင့်ကိုလဲ သနားလို့ ချစ်လို့ကွဲ့ သိလား၊ မင့်ကို ဒေါ်ဒေါ်တို့ပေးတဲ့ ပညာ ဟာ မင့်ဖို့ပဲ၊ ဒါမှ မင့်မိဘနဲ့ မင့်ညီမလေးတို့ကို ချမ်းချမ်းသာသာ ရှာကျွေးနိုင်မှာ'

သို့လျှင် တတွတ်တွတ် တရားပြ၍ နားချနေသော ဒေါ်ဒေါ်သန်းအသံမှာ သိမ်သော တုန်နေ၏။ မျက်နှာထား အသွင်အပြင်မှာလည်း မျက်ရည်မကျရုံ တစ်ခဲသာ ကျန်တော့၏။ ထိုမျှလောက် စေတနာထား၍ ပြောနေသည့်တိုင် အောင် အတာ ခေါင်းမညိတ်သေး။ သူ့ဆုံးဖြတ်ချက် လွတ်မသွားအောင် ချုပ်ထား သကဲ့သို့ လက်သီးနှစ်ဖက်ကိုလည်း အတာသည် ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

'ကဲ ကဲ သွားတော့ အတာ၊ တစ်ကြိမ်တစ်ခါ မှားတာတော့ မှားပစေ ပေါ့၊ ဒေါ်ဒေါ်တို့ ခွင့်လွှတ်ပါတယ်၊ အေး ငါ့တူက အလိမ္မာ အခြေခံကောင်းပြီး သားပဲကွယ်၊ ပြင်လိုက်ရင် ခဏပေါ့၊ ကဲ သွား သွား'

\+ + +

မျက်ရည်မကျရုံတစ်မည် တဖွဖွ တောင်းပန်လိုက်သော ကျေးဇူးရှင်များ၏ စကားကို

www.burmeseclassic.com

www.burmeseclassic.com



အတာ နားမဝင်၊ ထိုနေ့ ညရထားနှင့်ပင် မော်လမြိုင်သို့ ထွက်သွားတော့၏။ ထိုသတင်းကို ကြားလိုက်ရသည်နှင့် သူ့ဒေါ်ဒေါ်သန်းတို့ ညီအစ်မတစ်စုနှင့်တကွ ဘွားဘွားပါမကျန် ဝမ်းနည်းပက်လက်နှင့် မျက်ရည်ဥပြီး ရင်ထုမနာနှင့် မျက်ရည် ဖြာကြရတော့၏။

ဤလိုအချိန်၌ အတာမှာမူ မော်လမြိုင်ရှိ ကျောင်းသားခေါင်းဆောင်များ နှင့် တွေ့ဆုံကာ သူ့ခာတ်ပုံနှင့် သူ့ဟောပြောချက်များပါသည့် သတင်းစာများကို ပြရင်း တဖွဖွ အသားယူနေ၏။ နိုင်ငံရေးထိပ်သီးများဖြစ်သော မည်သူမည်ဝါနှင့် သူ အဘယ်မျှရင်းနှီးကြောင်း၊ နောက်နောင် အရေးအခင်းပေါ်က စာရေးခေါ်လျှင် သူအဘယ်မျှ စွမ်းစွမ်းတမံ လာရောက်ကူညီမည်ဖြစ်ကြောင်းတို့အပြင်

'ခုလဲ ကျွန်တော် ကျောင်းထွက်လိုက်ပြီလေ၊ ဘာလုပ်မလဲ ဒီကျွန်ပညာကို ဆက်သင်နေလို့ အပိုပေါ့ဗျာ၊ ဟုတ်ဖူးလား၊ ကျွန်တော့်အဒေါ်တွေကတောင် ငိုလားယိုလားနဲ့ ကျောင်းမထွက်ဖို့ တားကြသေးတယ်၊ ဘာရမလဲ၊ ခေတ်နောက် ကျပြီး ဆွေးမြည့်နေပြီဖြစ်တဲ့ သူတို့ရဲ့ အယူအဆဟောင်းတွေဟာ ကျွန်တော်ရဲ့ တိုးတက်နေတဲ့ အသိဉာဏ်ကို ဘယ်လွှမ်းမိုးနိုင်မှာလဲ၊ ခု ကျွန်တော်ပြန်ရင် နိုင်ငံရေးထဲ ခြေစုံပစ်ဝင်တော့မယ်လေ'

သူ့ဒေါ်ဒေါ်သန်းတို့တွင် ရင်ကွဲပက်လက်နှင့် သူ၏ ထက်မြက်လှသော ဉာဏ်ကလေးကို နမြောတသနေစဉ် အတာကမူ သို့လျှင် ဝင့်ကြွားရင်း တမြမြနှင့် အရသာခံနေ၏။

\+ \+ \+

တစ်ပတ်ခန့်ကြာ၍ အတာ ပြန်ရောက်လာပြီကိုသိလျှင် သိခြင်း သံယောဇဉ် ဖြစ်၍ ချစ်နေသေးသော အတာအား အမြန်ဆုံး အခေါ်လွှတ်တော့၏။

'မင်း ဘယ်လိုဖြစ်တာလဲ အတာ၊ ဘာလဲ မင်းကျောင်းကို နေချင်စိတ် မရှိတော့ဘူးလား'

'ဟုတ်ကဲ့'

မာဆတ်ဆတ်ကလေးပင် အတာက ဖြေလိုက်၏။

'အေးလေ ဒီလိုဆိုလဲ မင်းသဘောပေါ့၊ ဒါပေမဲ့ အချိန်တော့ ရှိသေးတယ် အတာ၊ မင်း စဉ်းစားဦး၊ ခု အတောအတွင်းဖြစ်ဖြစ် နောင်နှစ်ခါဖြစ်ဖြစ် ဘယ်တော့ ဖြစ်ဖြစ်ပေါ့ကွယ် နော်၊ ကျောင်းပြန်နေချင်တဲ့စိတ် ပေါ်လာရင် ဒေါ်ဒေါ်တို့ကို ချက်ချင်းလာပြော၊ ဒေါ်ဒေါ်တို့ ပြန်ထားမယ် ဟုတ်လား'

ဤလို သဘောထားပြည့်ဝ၍ ဤမျှ စိတ်ရှည်ပြီး ဤကဲ့သို့သော ကြက်သီး ထဖွယ်ရာ စကားမျိုးဖြင့် လိုက်လိုက်လျောလျော စေတနာထားသည့် ကျေးဇူးရှင်



အတာ ဘယ်နေရာတွင် သွားရှာမည်နည်း။ ရှာ၍လည်း ရနိုင်မည်လော။

သို့သော် အတာ လုံးဝနားမဝင်။ သတိတရားလည်း မရသေး။ နိုင်ငံရေး နယ်ထဲသို့သာ တစ်ကိုယ်လုံးပစ်၍ ဝင်လိုက်တော့၏။

အလွန်သွက်လက်သော အတာ၊ အလွန်အကင်းပါသော အတာ၊ အလွန် ဉာဏ်ထက်သော အတာ၊ သူမတူအောင် ဖျတ်လတ်သော အတာသည် ပါတီ တွင် အလွန်နိုင်း၍ ကောင်းသော သဋ္ဌဝါကလေး ဖြစ်နေတော့၏။ သို့သော် သူ့အဆင့်အတန်းကား အဘယ်နည်း။ သာမန် ပါတီဝင်တစ်ယောက်မျှသာဖြစ်၏။

နိုင်ငံရေးဆိုသည်မှာ အတာ ဘာသိသနည်း။ ရှင်းရှင်းဆိုသော် သူဘာမျှ သေး။ 'ကျွန်ပညာ အလိုမရှိ' ဟူသော စကားကိုပင် မည်သို့ အဓိပ္ပာယ်ကောက် မှန်း မသိဘဲ မိုက်ရူးရဲနှင့် ကျောင်းမှထွက်ခဲ့သော အတာသည် ယနေ့ထိ ငါ ဘာကောင်ဟု မသိ။ ယောင်ချာချာပင် ရှိနေသေး၏။

ဤလိုတဝနှင့် ပထမဆုံးကြုံတွေ့ရသော သူ့အခက်အခဲမှာ မုန့်ဖိုးပြဿနာ ပင် ဖြစ်၏။ သူထင်ရာ လျှောက်လုပ်နေသဖြင့် ကိုထွန်းအောင်ကလည်း မုန့်ဖိုး ပေးတော့ပေ။ ပါတီကလည်း မုန့်ဖိုးအဖြစ် သီးသန့်မပေးနိုင်။ ခေါင်းဆောင် ကြီးများပင် အငတ်ခံရသည်ကို အတာ သိ၏။ သူတို့စားလျှင် စားခြင်း၊ သူတို့ ငတ်လျှင် ငတ်ရခြင်း တည်းဟူသော ဒဏ်ကို အတာ လက်တွေ့ခံနေရပြီ ဖြစ် ၏။ သို့သော် သူမဖြူ။ တုန်လည်း မတုန်လှုပ်။ နိုင်ငံရေးဟူသည် အသက်ပင် ရှုံ့ရသေးသည် မဟုတ်ပါတဲ့လော။

ဤလိုနှင့် နှစ်နှစ်မျှသော အချိန်သည် ကုန်မှန်းမသိ ကုန်ခဲ့ပြီ ဖြစ်၏။ အတာတွင်လည်း နံနက်မိုးလင်းသည်နှင့် ပါတီသို့သွားကာ လုပ်စရာရှိသည်တို့ကို လုပ်ကိုင်ပေးလျက် ညနေဘက်တွင်မှ အရပ်ထဲသို့ ပြန်လာကာ ကလေးစိတ် ကျန်သေးသည့်အရွယ် သဘာဝအတိုင်း သူငယ်ချင်းများနှင့် ကစား၏။ စကားစမြည် ပြော၏။

သူ့သူငယ်ချင်းများက ယခင်နည်းတူပင် ချစ်မြဲ ချစ်၍ ခင်ခင်မင်မင် ဆက်ဆံကြသော်လည်း တစ်ခါက သူ့အား အလွန်မြတ်နိုးခဲ့သည့် တစ်ယောက် သောသူကမူ ယခု ခပ်တန်းတန်းအသွင်သို့ ပြောင်းသွား၏။

ထိုတစ်ယောက်သောသူကား ခင်စိုးလှပင် ဖြစ်၏။ ယခင် ဝရန်တာ အသီးသီးတွင် ထွက်ရပ်၍ မျက်နှာချင်းဆိုင်မိတိုင်း ချစ်စဖွယ် ပြုံးပြတတ်သော ခင်စိုးလှသည် ယခုသော်မူကား ပြုံးပြရန် မဆိုထားဘိ၊ ကြာကြာပင် လှည့်၍ ကြည့်တော်မရတော့ပေ။ မတော်တဆ အကြည့်ချင်းဆုံသွားသောအခါများ၌လည်း ဆိတ်သည့်တည် အမူအရာကလေးဖြင့် မလွှဲသာ၍ ပြုံးရသလို မေးကလေးတစ်ချက်မျှ ဆတ်ကာ ဖျတ်ခနဲ လှည့်ဝင်သွားတတ်သေး၏။

ယခင် ခင်စိုးလှ သူ့ကိုလိုက်စဉ်က ထိုအကြောင်း ဤအကြောင်း

www.burmeseclassic.com



ထောက်ထားကာ ရှောင်ဖယ်ဖယ် ပြေးခဲ့သော အတာသည် ယခု ခင်စိုးလှက သိသိသာသာ ပြေးနေသောအခါ၌ အတာသည် ကပျာကသီနှင့် သူ့ အမီလိုက်ချင်နေပြီဖြစ်၏။

'အစိုး ဘယ်လိုဖြစ်သွားတာပါလိမ့်' ဟူ၍လည်း စိတ်ထဲတွင် မရိုးမရွဖြစ်လာ၏။ မခံချင်စိတ်လည်း တရိပ်ရိပ် ဝင်လာ၏။ သို့နှင့် ချက်ချင်း ခင်သလိုပင် စာတစ်စောင် ကောက်ရေးပြီး အေးချိုမှတစ်ဆင့် အပေးခိုင်းလိုက်တော့၏။

အစိုး

ခုတစ်လော အစိုး အမူအရာတွေ သိပ်ပြောင်းလဲနေတယ်။ ဘယ်လိုဖြစ်တာလဲ၊ ကိုတာ သိခွင့်မရှိဘူးလား ဟင်၊ ကိုတာ့အပေါ်မှာ အစိုး ဘာတွေ သဘောမကျဘူးဆိုတာ အမြန်ဆုံးသိပါရစေ။

ခင်မင်သော
အတာ

ထိုစာကလေးရေးပို့လိုက်ပြီးနောက် မိနစ် ခုနစ်ဆယ်လောက်အကြာမှာပင် ခင်စိုးလှထံမှ စာတစ်စောင် ပြန်ရောက်လာ၏။

ကိုတာ

ပေးစာကို ဖတ်ရလို့ ဝမ်းသာပါတယ်၊ တစ်ကြိမ်တုန်းက အစိုး ကိုတာ့စိတ်ထဲမှာ ခံစားနေရသလိုပဲ ကိုတာဟာ ဘာကြောင့် ငါ့အပေါ် မျက်နှာထားတင်းနေပါလိမ့်ဆိုပြီး ရင်ထဲမှာ တစ်မျိုးပဲခံစားခဲ့ရဖူးတဲ့ အစိုး ကိုယ်ချင်းစာမိပါတယ်။

လိုရင်းပြောရမယ်ဆိုရင် ဟိုတုန်းက အစိုး နေတာထိုင်တာ ဝတ်တာ စားတာ ဣန္ဒြေမရလို့ ကိုတာ သဘောမကျခဲ့သလို ခုလဲကိုတာရဲ့ နေပုံထိုင်ပုံ အပြုအမူကို သဘောမကျ ဖြစ်နေပါတယ်။

ဟိုတုန်းက ကိုတာဟာ ယဉ်ကျေးသိမ်မွေ့တယ်၊ လူကြီးသူမတွေကို ရိုသေလေးစားတတ်တယ်၊ ပြီးတော့ ပညာထူးချွန်တယ်၊ မေမေတို့တောင် 'ရှေ့ကို အများကြီး အလားအလာရှိတဲ့သူငယ်'လို့ ချီးကျူးခဲ့တာကို အစိုး နားနဲ့ဆတ်ဆတ် ကြားခဲ့ရတယ်၊ မေမေက ဆိုရင်တော့ ပြီးရော၊ ကိုတာ့အကြောင်း ချီးကျူးရမယ်ဆိုရင် ထမင်းမေ့ ဟင်းမေ့ပဲ။ အဲဒီတုန်းကဆို အစိုးလဲ ကိုတာ့ကို အင်မတန် လေးစားမိသပေါ့၊ အခု ဘယ်လိုစိတ်မျိုးနဲ့ အစိုး လေးစားခဲ့တယ်ဆိုတာ ကိုတာလဲ သိမှာပေါ့။

ခုတော့ ဘွင်းဘွင်းပဲဖွင့်ပြောရရင် အစိုး ကိုတာ့ကို သာမန်စိတ်အားတစ်ယောက် ခင်မင်ရုံ ခင်မင်တာကလွဲလို့ ဒီပြင် ဘယ်လိုစိတ်မျိုးနဲ့မှ



အစိုး မလေးစားချင်တော့ဘူး၊ ကိုတာ့အကြောင်းတွေ ကြားရတာလဲ စိတ်မကောင်းဘူး၊ ခု ကိုတာ ဘယ်အခြေမှာ ရှိနေသလဲ ကိုတာ ပြန်စဉ်းစားကြည့်ပါ၊ တကယ်လို့ ခုနေ ကိုတာ မိန်းမယူမယ်ဆိုပါတော့၊ ကိုတာ ဘာလုပ်ကျွေးမလဲ ဟင်၊ ပညာ ဘယ်လောက်တတ်သလဲ၊ လခ ဘယ်လောက်ရနိုင်မလဲ၊ ဒါလောက်ပြောရင် ကိုတာ ရိပ်မိလောက်ရောပေါ့နော်။

အစိုး မကျေနပ်တာတွေကတော့ ဒါပါပဲ၊ ပညာ ဆက်ပြီးမသင်တာရယ်၊ ကိုတာ့အမူအရာ (စိတ်မဆိုးနဲ့နော်) ဆောင့်ကြွားကြွားဖြစ်နေတာရယ်၊ ပြီးတော့ ဒါလဲ ကိုတာ သိပါတယ်လေ၊ အရင်ကနဲ့ ခု ကိုတာ့ အနေအထိုင် အပြုအမူတွေ ဘယ်လိုကွာခြားနေတယ်ဆိုတာ။

ဒီတော့ အစိုး ကိုတာ့ကို ဘယ်မှာ လေးစားနိုင်တော့မလဲ၊ ဘယ်လို အားကိုးရမလဲ၊ ကဲ ဟင်၊ ဒါပေမဲ့ ကိုတာ မကြိုက်တဲ့အချက်တွေကို အစိုး ပြုပြင်ခဲ့သလို ခု အစိုးမကျေနပ်တာတွေလဲ ရေးလိုက်ပါပြီ၊ ကိုတာက အချိန်မှီ ပြုပြင်နိုင်မယ် ဆိုရင်တော့

ခင်မင်စွာပါပဲ
အစိုး

ထိုစာကို ဖတ်၍ ဆုံးသည်နှင့် အတာသည် ဖြန်းခနဲ ထရပ်လိုက်၏။ ခင်စိုးလှတို့ အိမ်ဘက်သို့လည်း မယောင်မလည် လှည့်ကြည့်လိုက်၏။ အဆင်သင့်သလို အတာ့ဘက်သို့ မျက်နှာမူ၍ ရပ်နေသော ခင်စိုးလှကလေးကို မြင်လိုက်သည်နှင့် အတာသည်း လက်ထဲမှ စာရွက်ပြာကလေးကို ခင်စိုးလှမြင်လောက်အောင် ထောင်တည့်ကာ အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်လုံးထွေးပြီး ခပ်ဆောင့်ဆောင့်ကလေး လွှင့်ပစ်လိုက်တော့၏။ နောက် ချာခနဲ အခန်းထဲသို့ လှည့်ဝင်သွားရင်းက

'လူဝါးဝလို့ ဟင်း၊ အချစ်ကို နိုင်ငံရေးနဲ့ လဲမယ့်အကောင်များ မှတ်နေသလား မသိဘူး၊ ထွီ'

ဤသို့ပင် မာန်နှင့် ဒေါနှင့် ပြောဆိုရေရွတ်ရင်း လက်သီးနှစ်ဖက်ကိုပါ ခပ်တင်းတင်း ဆုပ်လိုက်လေသေး၏။ ချက်ချင်းဆိုသလို အိမ်ပေါ်မှ ဆင်းလာပြီး သူ့ဒေါ်ဒေါ်သန်းထံဝင်ကာ

'ဘာခိုင်းစရာရှိသေးလဲ ဒေါ်ဒေါ်'

သူ နိုင်ငံရေး လှုပ်ရှားလှုပ်နေသည်မှာ တခြား၊ သို့သော် ဤလိုစိတ်ထားကလေးကား သူ့ကျေးဇူးရှင်များအပေါ်တွင် ရှိနေသေး၏။

'အေးကွယ် ခိုင်းစရာမရှိပါဘူး၊ မင့်ကြည့်ရတာ ဘယ်ပိန်သကွယ်၊ အိပ်ရေးပျက် သိပ်မခံနဲ့ကွဲ့'

www.burmeseclassic.com

www.burmeseclassic.com



'မခံပါဘူး ဒေါ်ဒေါ်'

'အေး အေး သွားစရာရှိ သွား'

အတာလည်း ရည်ရွယ်ချက်မရှိဘဲနှင့် ခြေဦးတည့်ရာသို့ လျှောက်လာခဲ့၍ တိုက်သုံးလေးလုံး ကျော်လာသည်နှင့် ငွေနှင်းဆောင် သိုးမွေးတိုက်အတွင်း

'ဟေး အတာ လာစမ်းပါဦးကွ' ဟု ခင်စိုးလှတို့ဖေဖေက လှမ်းခေါ် လိုက်သဖြင့် အတာလည်း ချာခနဲလှည့်ကြည့်ရင်း တိုက်တဲသို့ လှမ်းဝင်သွား တော့၏။

'ဘာလဲကွ၊ လတ်လျားလတ်လျားနဲ့ ဒီလိုပဲ အချိန်ကုန်နေတော့မှာလား ကွဟင်'

မပြောစဖူး ထူးထူးခြားခြား မာန်လိုက်သောကြောင့် အတာတွင် ရုတ်တရက် ဘာပြောရမည်မသိဘဲ ခေါင်းကလေးငုံ့ကာ အငိုင်သား တွေသွား

'မင်း တော်တော်မိုက်တဲ့ သူငယ်ပဲ၊ မသန်းတို့က မင့်အပေါ် ဘယ်လော ကောင်းသလဲ ဟင်၊ မင်း သူတို့စကား နားမထောင်ဘူး၊ ကျောင်းကထွက်ပစ်တယ်'

ထိုစကားမှ ရှေ့ဆက်လျှင် သူ၏ ယုံကြည်ချက်ကို ထိခိုက်လာတော့မည် အတာ တွက်ထား၏။ အကယ်၍ သူ၏ နိုင်ငံရေးစိတ်ဓာတ်ကို ထိခိုက်လာ ကလည်း အဆင်သင့် ချေပရန် အကြံထုတ်ရင်း စကားလုံးရှာနေမိ၏။

'အေးလေ ပြီးတာလဲ ပြီးပြီပဲ၊ ကဲ မင်း အလုပ်လုပ်မလား အတာ ဦးလေး အလုပ်ပေးမယ်၊ ထွေထွေထူးထူးတော့ မလုပ်ရပါဘူး၊ ဝယ်သူလာ ဗိုင်းရောင်းရုံပဲ၊ အေး စာတိုက်လဲ တစ်နေ့တစ်ခေါက် သွားပေးရမယ်၊ အဲ တစ်လကို အစိတ်ပေးမယ် ဟုတ်လား'

အတာ မဖြေသေး။ တွေလျက်ပင် စဉ်းစားနေသေး၏။ သူ့တွင် လော လောဆယ် ဝင်ငွေဆို၍ တစ်ပြားမှမရှိ။ ပါတီသို့ပင် အမြဲလိုလို ခြေကျင်လျှောက်၍ သွားနေခဲ့ရ၏။ တစ်လ အစိတ်ဆိုသောစကားကို ကြားလိုက်ရသည်နှင့် မျက်နှာ ထားကလေး ကြည်လာစဉ်

'မင်း ငြင်းမယ်တော့ မကြံနဲ့နော်၊ ငယ်ထိပ်ကို ပိတ်ထိုးလိုက်မယ် သိလား၊ အမှန်ကတော့ လူလိုလို့ မင့်ကိုခေါ်တာ မဟုတ်ဘူးကွ၊ ခု ဟိုယောင်ယောင် ဒီယောင်ယောင်ဖြစ်နေတာ ဦးလေး မကြည့်ချင်လို့၊ သိလား'

လုပ်ချင်နေပြီဖြစ်သော အတာကလည်း ဆတ်ခနဲ ခေါင်းညိတ်လိုက်၏

'အေး၊ ဒါပေမဲ့ ပြောရဦးမယ်၊ မင်းက အရင် တို့အလုပ်သမားတွေ သပိတ်မှောက်ဖို့ မြှောက်ပေးဖူးတဲ့ သတ္တဝါကလေးမို့ ဟဲ ဟဲ အလကား ဦးလေးက ရယ်စရာပြောတာပါကွာ၊ အေး တနင်္ဂနွေနေ့ကို အလုပ်ပိတ်ပေးမယ် ကြားလား အတာ၊ ကဲ သွား သွား၊ နက်ဖြန်ကစပြီး အလုပ်ဆင်းပေတော့'

ခင်စိုးလှတို့ဖေဖေ ကောင်းမှုကြောင့် အတာ ဣန္ဒြေကလေးရနေပြီ



၏။ သို့တိုင်အောင်လည်း သူ့နိုင်ငံရေးကိုကား သူ မစွန့်သေး။ အားလပ်ခွင့် ရသော တနင်္ဂနွေနေ့တိုင်း ပါတီဌာနချုပ်သို့ သွားမြဲ သွားနေသေး၏။ တစ်ခါ တစ်ရံ အရေးကြီးသော ကိစ္စမျိုး ရှိလာကလည်း ခင်စိုးလှတို့ဖေဖေထံ ခွင့်ဝန်၍ သွားတတ်၏။ ဦးလှဆောင်ကလည်း ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုလေ့ရှိ၏။

\+ \+ \+

အချိန်မှာ ညနေ ငါးနာရီခန့် ဖြစ်၏။ အတာ့မေမေက အမဲအူပြုတ်များ ဆယ် ပေးသည်ကို ကိုထွန်းအောင်နှင့် အမာကလေးတို့က ထိုအမဲအူများကို ဓား ကိုယ်စီဖြင့် တဗျစ်ဗျစ် ခြစ်နေကြ၏။

ထိုအခိုက်တွင် အတာ ရောက်လာပြီး

'ဟောဒီမှာ ညွှေ့သည်တစ်ယောက်က အဖေထွန်းနဲ့ မေမေ့ကို တွေ့ချင် လို့တဲ့'

အတာလည်း လှေကားဝတွင်ရပ်လျက် တံခါးတစ်ဖက်ကို ကိုင်ထားရင်းက သို့ပြောလိုက်သောကြောင့်

'ဘယ်သူများပါလိမ့်'

မသိန်းမေလည်း သို့ ရေရွတ်ရင်း လက်ထဲမှ အမဲအူတို့ကို ချ၍ လက်ဆေးလိုက်၏။ ထိုနည်းတူ ကိုထွန်းအောင်ပါ လက်ဆေးသုတ်သင်ပြီး နှစ်ယောက် ပြိုင်တူ ထွက်လာကြ၍ တံခါးပေါက်အနီးရောက်သည်နှင့်

'အလကားပြောတာပါ မေမေ၊ မေမေတို့ကို ကျွန်တော် ကန်တော့ချင်လို့ ယိမ်ခေါ်တာပါ၊ မလာမှာစိုးလို့'

အတာလည်း ပြောပြောဆိုဆို ဆောင့်ကြောင့်ကလေးထိုင်ကာ အလွန်လျှင် ဆူးခြား တုန်လှုပ်သော အမူအရာကလေးဖြင့် မိဘနှစ်ပါးအား သုံးလီသုံးကြိမ် ဦးနှိမ်ရိုကျိုးနှင့် ရှိခိုးနေသောကြောင့် ကိုထွန်းအောင်ရော မသိန်းမေပါ တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း ယောင်ချာချာ ဖြစ်နေကြတော့၏။

'ဟေ့ကောင် မင်း ဘယ်သွားဦးမလို့လဲ'

ယခင် မော်လမြိုင်သွားစဉ်ကလည်း ဤလိုပင် ဦးချခဲ့ဖူးသောကြောင့် ကိုထွန်းအောင်က ကောက်ကာငင်ကာ မေးလိုက်သည်ကို

'မသွားပါဘူး'

သို့ဖြေရင်း အတာ ထရပ်ကာ လက်ထဲတွင်ကိုင်ထားသော စက္ကူအိတ် ကလေးကို သူ့မေမေအား လှမ်းပေးလိုက်ရင်းက

'အဲဒါ ကျွန်တော် အလုပ်လုပ်လို့ရတဲ့ ပထမဆုံးလခ မေမေ၊ မေမေ သုံးချင်တာ သုံးပေါ့၊ ကျွန်တော် ကန်တော့ပါတယ်'

သို့ အတာပြောနေစဉ်မှာပင် မသိန်းမေက စာအိတ်ကလေးကို ဖွင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်လိုက်သည့်၌ ဆယ်တန်နှစ်ရွက်နှင့် ငါးကျပ်တန်တစ်ရွက် ထွက်လာသည်ကို တွေ့ရ၏။

မိဘနှစ်ပါးစလုံးပင် အတန်ကြာသည်တိုင်အောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း တွေနေကြ၏။ နောက် စက္ကန့်ပိုင်းလောက်အတွင်းမှာပင် ကိုထွန်းအောင် မျက်ရည်ဝေလာ၏။ မသိန်းမေတွင်မူ ဝေရုံသာမက မျက်ရည်တို့သည် တသွင်သွင် စီးကျလာ၏။

'သား အတာ သားလေး'

မသိန်းမေကလည်း သို့လျှင် ရေရွတ်မိရာမှ ရှေ့ဆက်၍ပြောရန် သူကြိုးစား၏။ သို့သော် နှုတ်ခမ်းသာ တရွရွ လှုပ်နေသည်၊ စကားဆို၍ ဘာတစ်ခွန်းမျှ ထွက်မလာတော့ဘဲ နောက်ဆုံး၌ မျက်ရည်ကလေး တလည်လည်နှင့် ငေးနေသော အတာကိုသာလျှင် သိမ်းကျုံးပွေ့ဖက်ကာ ပါးပါးချင်း ပွတ်လျက် မျက်ရည်ချင်း နှောကာ အတောမသတ် ရှိုက်နေလေတော့၏။

ကိုထွန်းအောင်တွင်မူ မျက်ရည်ပင် လည်နေသော်လည်း ပါးစပ်ကမူ ပြုံးပြုံးကြီးကြည့်ရင်းခေါင်းတညိတ်ညိတ် ဖြစ်နေ၏။ အတာ့ ညီမလေး အမာမှာလည်း မျက်ရည်ကလေး အရွဲသားနှင့် ဝမ်းနည်းဝမ်းသာကလေး ငေးနေရှာ၏။

'သားလေး အတာ၊ မင့်အပေါ် မေမေ စိတ်ထားဆိုးခဲ့သမျှ ခုတော့ မေမေ ရင်ကွဲပြီသားရယ်၊ မေမေ အသည်းကွဲပြီ'

သို့ပြောလိုက် အတာကလေးအား ဖက်၍ နမ်းလိုက်ဖြင့် မသိန်းမေတွင် သည်းအူပြတ်မျှ နောင်တကြီးရနေတော့၏။

'မှားခဲ့ပြီ၊ မေမေ မှားခဲ့တာဟာ နည်းနည်းလေး မဟုတ်ဘူး သားရယ် နည်းနည်းလေး မဟုတ်ဘူး၊ သားလေးသာ ဟိုတုန်းက မလိမ္မာရင် ခုနေ သူခိုး ဖြစ်နေမလား၊ ခါးပိုက်နှိုက်ပဲ ဖြစ်နေမလား မသိဘူး၊ အဲသလောက် မေမေဆိုးခဲ့ တယ်၊ ငါ့သားအပေါ်မှာ မေမေ'

အားပါးတရ ဖက်လိုက်ပြန်၏။ ရက်ရက်ရောရော နမ်းနေပြန်၏။ ထိုအခိုက်တွင် လမ်းမဆီမှ ရှိခနဲ မှုတ်လိုက်သော လေကချွန်သံနှင့်အတူ

'အတာကြီး ဟေ ၊ ဟေး အတာ' ဟူသော မောင်မောင်တို့အသံပေါ်လာသောကြောင့်

'ကဲ အတာ၊ သွား သွား၊ ဟိုမှာ မင့်သူငယ်ချင်းတွေ လာခေါ်နေပြီ သွားလေကွာ'

ကိုထွန်းအောင်လည်း အတာအား ဤလိုပြောလိုက်ရာမှပင် မသိန်းမေအား မျက်စိမှိတ်ပြလိုက်၏။ အတာ ဆင်းသွားလျှင် ဆင်းသွားခြင်း ကိုထွန်းအောင်လည်း ခေါင်းတညိတ်ညိတ်နှင့် မသိန်းမေအား ကြည့်နေပြီးမှ



'ကဲ ဘယ့်နှ့ယ်လဲ မသိန်းမေ၊ ကျုပ် အစကမပြောဘူးလား၊ ပြောတော့ ခင်ဗျား စိတ်ဆိုးတယ်၊ ခင်ဗျားဟာ စာလည်းမတတ်ဘူး၊ စာမတတ်တော့ ဗဟုသုတမရှိဘူး၊ ဒီတော့ ဘယ်လိုပြောလို့မှ ခင်ဗျား နားမဝင်ဘူး၊ ဟုတ်တယ် မဟုတ်လား'

သူ့အမှားသူ ဝန်ခံသလို မသိန်းမေကလည်း ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကိုထွန်းအောင်ကိုသာ တွေကြည့်ရင်း နားစွင့်နေ၏။

'သူတို့ကြီးလာလို့ အလုပ်အကိုင်ရရင် သူတို့သားမယား ရှာကျွေးမှာ ဆိုတဲ့ စကားနဲ့ပဲ အကြောင်းပြပြီး ခင်ဗျား ဒီကောင်လေးကို လျစ်လျူရှုထားခဲ့တယ်၊ ရက်စက်ခဲ့တယ်'

သို့လျှင် ပြင်းပြင်းထန်ထန်ကလေး ပြောလိုက်ပြီးမှ တစ်စုံတစ်ရာကို သတိရသလိုဖြင့် ကိုထွန်းအောင် မျက်နှာထားပြောင်းသွားကာ

'အေးလေ အမှန်ကတော့ ခင်ဗျားအပြစ်ချည့်လဲ မဟုတ်ပါဘူး၊ တရားသော်နဲ့ ကြည့်မယ်ဆိုရင် သူ့ အကုသိုလ်ကလဲ တော်တော်ပဲ ကြီးမားပုံရတယ် မသိန်းမေ၊ ခု ကြည့်ပါလား၊ ဒီကောင် အမျိုးမျိုး ဒုက္ခရောက်ရပြီးမှ သူ့ကို သန်းသန်းတို့က ဘယ်လောက်ချစ်သလဲ၊ ဘယ်လောက် အရေးပေးသလဲ၊ နိုင်ငံခြားတောင် ပို့ပြီး ပညာသင်မယ်လို့ ပြောထားရက်နဲ့ ဒီကောင့် အကုသိုလ်က ကျန်သေးတော့ ကြံဖန်ပြီး ဒီကောင် ပျက်စီးရတယ်'

'မဆိုင်ပါဘူးရှင်၊ ဒီကောင် ဒီလိုဖြစ်ရတာက ဟိုနိုင်ငံရေးသမားတွေ မြှောက်ပေးလို့ပါ'

ဤတစ်ချီတွင် မသိန်းမေက စောဒကတက်ပုံ အချက်ပိုင်သွားတော့၏။

'ကဲ ထားပါတော့လေ၊ အရေးကြီးတာက သားသမီးရယ်လို့ဖြစ်လာပြီဆိုရင် သူတို့ကို တတ်နိုင်သလောက် ပညာပေးဖို့က မိဘဝတ္တရား၊ သူတို့က အလုပ်အကိုင်ရလို့ ကျွေးတာမကျွေးတာက သူတို့ဝတ္တရား၊ အေး ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ စားရအောင်းစေ၊ ပေးရကောင်းစေဆိုတဲ့ သဘောမျိုး ဘယ်တော့မှ မထားနဲ့ မသိန်းမေ၊ ကျုပ်ကိုကြည့်၊ ကျုပ်မိဘကို တစ်နှစ်နေလို့ တစ်ဆယ် မထောက်ပံ့နိုင်ခဲ့ဘူး၊ ထောက်နိုင်လောက်အောင်လဲ ဝင်ငွေက မပြည့်စုံဘဲကိုး၊ ဒါဟာ လောကဓမ္မတာပဲ၊ မိဘဖြစ်သူက သားသမီးလုပ်စာကို စားရကောင်းစေ ဆိုတဲ့ စိတ်နဲ့ မျှော်လင့်ပြီး စောရရင် ဘာဖြစ်မလဲ၊ စိတ်ဆင်းရဲမယ်၊ ငါ့ကို မကျွေးလေခြင်း၊ မပေးလေခြင်း ဆိုပြီး အဲသလို စိတ်ထားမျိုး ထားနေသမျှ သားသမီးမှာ ထိခိုက်တတ်တယ်'

ဤတစ်ကြိမ်သာလျှင် ကိုထွန်းအောင်၏ တရားကို မသိန်းမေ နာယော်ချ၏။ သို့အလျောက်လည်း ကိုထွန်းအောင်က ဆက်လက်၍

'ခုနပြောသလို သဘောမထားဘဲ အေးလေ သူတို့ကျွေးလဲ စားရ တာပေါ့၊ မကျွေးလဲ အရေးမကြီးပါဘူးဆိုတဲ့ စိတ်မျိုးသာထား၊ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာတယ်၊ သူတို့မပေးလဲ ကိုယ်ဘာမှ စိတ်မထိခိုက်ဘူးပေါ့၊ ဒါပေမဲ့လဲ ကဲ ကြည့်၊ အတာလို သိတတ်တဲ့ သားသမီးလို ဟာမျိုးကျတော့ ပြောနေစရာ လိုသေးသလား၊ သူ့ဟာသူ သိပြီး သူ့ဟာသူ လာကန်တော့သွားပြီ မဟုတ်လား'

ဤတွင် မသိန်းမေ၌ မျက်ရည်ကလေး တစမ်းစမ်း ဖြစ်လာပြန်၏။

'ဒီကောင် သိပ်လိမ္မာတယ်နော် သိလား၊ ခင်ဗျား ဥပေက္ခာထားပုံနဲ့ဆို တော်ရုံကလေးသာဖြင့် တစ်ခါထဲ အဖတ်ဆယ်လို့တောင် ရမှာမဟုတ်တော့ဘူး။ ခု ကြည့်စမ်း၊ ခင်ဗျား သူ့အပေါ် ဘယ်လောက်ဆိုးခဲ့သလဲ၊ ဒါပေမဲ့ မိဘဆိုတဲ့ မွေးကျေးဇူးကို သူ မမေ့ဘူး၊ သူရတာတစ်လအစိတ်၊ ခု တစ်ပြားမှ မလျော့ဘူး လာကန်တော့သွားတယ်'

မသိန်းမေလည်း ကိုင်ထားသော ငွေအစိတ်ကို ငုံ့တွေတွေကြည့်နေပြီးမှ

'ကျွန်မ မသုံးရက်တော့ပါဘူးရှင်၊ သားလေးကိုပဲ ပြန်ပေးလိုက်မယ်၊ သူပဲ သုံးပါစေတော့'

'ဟား ဒီလိုဆိုရင် ခင်ဗျားမှားသွားလိမ့်မယ်၊ သုံးပါ၊ သူပေးတာကို ခင်ဗျား မသုံးရက်ရင် အလှူတစ်ခုခုလုပ်လိုက်၊ အေး သူ့ကိုပေးချင်သပဆို သတ်သတ် ခင်ဗျားပိုက်ဆံထဲက ပေးပေါ့'

'ဟုတ်ပါတယ် ကိုထွန်းအောင်၊ ရှင်ပြောသလို ကောင်းတယ်၊ ပြီးတော့'

မသိန်းမေလည်း စကားကို ရှေ့မဆက်သေးဘဲ လက်သူကြွယ်တွင်ဝတ်ထားသော နှစ်ပါးသွား စိန်လက်စွပ်ကလေးကိုချွတ်လျက်

'ကိုထွန်းအောင် ရော့၊ အတာ့ကို သွားပေးချည်ပါ၊ ဝတ်ထားလို့နော် ခုပဲ သွားပေးပါရှင်၊ ကျွန်မသားလေး ချက်ချင်းလက်ငင်း ဝမ်းသာသွားစေချင်လို့ပါ'

မသိန်းမေ၏အသံတွင် မိဘမေတ္တာ အပြည့်ပါသကဲ့သို့ ကိုထွန်းအောင် ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်ရသည်မှာလည်း အနှစ်ချည်းသက်သက်ဆိုသလို တစ်မျက်နှာလုံး ချိုသွားလေတော့၏။

\+ + +

အတာ အလုပ်ဝင်ခဲ့ပြီးသည့်နောက် ဆယ့်လေးငါးရက်လောက် အတွင်းမှာပင် ခင်စိုးလှဖေဖေသည် အတာ၏ စိတ်နေသဘောထားကို နည်းအမျိုးမျိုးဖြင့်စမ်းခဲ့၏။ ကျပ်ပြည့် ရိုးသားသော အတာ၏ ကိုယ်ကျင့်တရားကို စိတ်ချလောက်အောင် သိခဲ့သည့်နေ့မှစ၍ ဦးလှဆောင် အပြင်သွားစရာရှိက အတာသာလျှင် ပိုက်ဆံသေတ္တာ ကိုင်ရ၏။

ယနေ့လည်း အခြားအလုပ်သမားများ လက်ဖက်ရည်သောက်သွားနေခိုက်



နှင့် ဦးလှဆောင်ထမင်းပြန်စားခိုက် ကြုံကြိုက်နေသောကြောင့် ဆိုင်တွင် အတာ တစ်ယောက်တည်းသာ ရှိ၏။ ကုလားထိုင်တစ်လုံးတွင် တစ်စုံတစ်ရာသော အတွေးတွင် ငိုင်နေခိုက် ရုတ်တရက် ဖိနပ်သံတစ်ခုပေါ်လာသောကြောင့် အတာလည်း ဖျတ်ခနဲ မော့ကြည့်လိုက်၏။

မမျှော်လင့်ဘဲ ရောက်လာသူမှာ ခင်စိုးလှဖြစ်နေသည်ကို တွေ့ရသည်နှင့် အတာလည်း ပျာပျာသလဲပင် မျက်နှာကို ပြန်ငုံ့ပစ်လိုက်၏။

'ဘာလဲ ကိုတာ၊ အစိုးကို မုန်းသွားပြီလား'

ဤတွင် အတာ ချက်ချင်း ပြန်မော့လာ၏။ မြင်လိုက်ရသော အစိုး၏ မျက်နှာကလေးမှာ ကြည်ကြည်နှင့် သန့်သလောက် တည်တည်နှင့် ခန့်လှတော့၏။ အတာ သဘောကျသည်မှာလည်း ဤလို ဣန္ဒြေမျိုးပင် ဖြစ်၏။

'ဘယ်သူက မုန်းတယ်ပြောလို့လဲ၊ ဒီမှာ အစိုး၊ အဲဒီစကားတွေမပြောကြရင် ကောင်းမယ်ထင်တယ်၊ ခု ကိုတာဟာ အစိုးတို့ဖေဖေရဲ့ အလုပ်သမား ဖြစ်နေပြီ၊ သူ့အရိပ်မိရင် သူ့အခက်ကို'

'နေပါဦး ကိုတာ၊ ဘာလဲ ချစ်တယ် မုန်းတယ်ဆိုတဲ့ စကားနှစ်ခုက ချစ်တယ်ဆိုရင် သမီးရည်းစားစကား၊ မုန်းတယ်ဆိုရင် သမီးရည်းစား ခွာပြီတဲ့ သဘောရယ်လို့ ဒီနှစ်မျိုးပဲ အဓိပ္ပာယ်ထွက်သလား ဟင်'

အတာ ဘာမျှ မပြောနိုင်။ တစ်ခါတည်း မှိုင်ကျသွားတော့၏။

'အစိုးကတော့ ဘွင်းဘွင်းပဲ၊ လူတစ်ယောက်ကို ဘယ်လိုအဓိပ္ပာယ်နဲ့ပဲဖြစ်ဖြစ် ချစ်မိရင်လဲ မုန်းခဲ့တယ်၊ မုန်းမိပြီဆိုလဲ ပြန်ချစ်ခဲ့တယ်၊ ကိုတာ့ကိုတော့ ဟို စာထဲ ပါတဲ့အတိုင်းပဲ ဆိုပါတော့၊ အင်း ဒါပေမဲ့ အစိုးဟာ ကိုတာ့လိုတော့ အချစ်နဲ့ အမုန်းကို အဓိပ္ပာယ်တစ်မျိုးထဲထားပြီး'

'တော်တော့ အစိုး၊ ကိုတာ နားလည်ပြီ၊ ကိုယ်ကလဲ အစိုးကို အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေအနေနဲ့ အခင်အမင် မပျက်ဘူး၊ ပြီးတော့ ဟိုနေ့က စာဆုတ်ပစ်တဲ့ အပြုအမူအတွက်လဲ'

'အစိုး ခွင့်လွှတ်ပြီးသားပါ ကိုတာ'

\+ + +

အလုပ်ဝင်ခဲ့ပြီးသည့် နှစ်လမြောက်သောနေ့သည် တနင်္ဂနွေနေ့နှင့် ဆုံနေသောကြောင့် ဆိုင်ပိတ်၏။ သို့သော် ဒေါ်ဒေါ်အေးက တိုက်ပေါ်သို့ခေါ်၍ အတာ့အတွက် ထည့်ထားသော လခငွေအစိတ်ပါသည့် စာအိတ်ကို လှမ်းပေးရင်း

'အဲဒါ မင့်ဦးလေးက မင့်အတွက် စပေးယ်ရှယ် ပေးသွားတာကွဲ့၊ ဒီပြင် အလုပ်သမားတွေတော့ နက်ဖြန်မှ လခရကြလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်လို့ ပြောပါ ဒေါ်ဒေါ်’

‘အောင်မာလေးကွယ်၊ ကျေးဇူးတင်စရာလိုတဲ့ လူတွေမှ မဟုတ်တာ၊ ညဒါနဲ့ ဒီနှစ်သင်္ကြန်မှာ မင့်နှမက ကားနဲ့ လျှောက်လည်ချင်သတဲ့၊ မင်းတာဝန်ခံပြီး လိုက်ပို့ပေးနိုင်ပါ့မလား အတာ’

အတာလည်း အတန်ကြာ တွေနေပြီးမှ

‘ဒေါ်ဒေါ်အေး သိတဲ့အတိုင်းပါပဲလေ၊ အကျွေးအမွေးကိစ္စက ကျွန်တော်ရှိမှ ပြီးမှာမဟုတ်လား၊ ဒါပေမဲ့ တစ်ရက်လောက်တော့ဖြင့်’

‘အေးပါ တစ်ရက်တည်းပဲ ဒေါ်ဒေါ်အေး ပြောပါတယ်’

‘ဟုတ်ကဲ့ ပို့ပေးပါ့မယ်’

ထိုတိုက်ပေါ်မှ ဆင်းလာခဲ့သော အတာလည်း သူ့အိမ်ပေါ်ရောက်သည်နှင့် သူ့မေမေအား ငွေအစိတ်စလုံး ပေးအပ်ရင်း ကန်တော့လိုက်ပြီးမှ

‘ကျွန်တော်သုံးဖို့ ငါးကျပ်လောက် မေမေ’ ဟု ပြောရာမှ မော်ကြည့်လိုက်သည်၌ မသိန်းမေတွင် မျက်ရည်များဝေနေသည်ကို တွေ့ရပြန်၏။

‘ယူပါ သားရယ်၊ မင်းပဲ အကုန်သုံးပါ၊ မေမေ့မှာ ပိုက်ဆံရှိပါတယ်၊ ခု မေမေ မြင်းမလောင်းတော့ဘဲ စာတိုက်မှာ စုထားတာတောင် ငွေနှစ်ထောင်ကျော်နေပြီ၊ ငါ့သားပဲ ယူသွား၊ သုံး’

သို့သော် အတာက မယူ၊ ငါးကျပ်တန်ကလေးတစ်ရွက်သာ ဆွဲ၍ အခန်းထဲမှ လှည့်ဆင်းသွားတော့၏။

ထိုနေ့သည် တနင်္ဂနွေနေ့ အတာတို့ ပါတီဌာနချုပ်မှ ဖိတ်ထားသောနေ့ဖြစ်၏။ အကြောင်းရင်းကား နာဖျားမကျန်းရှိ၍ ခွင့်ယူသွားသော ဌာနချုပ်အထွေထွေ အတွင်းရေးမှူးနေရာတွင် နောက်ထပ် ရွေးချယ်လိုက်သည့် အတွင်းရေးမှူးသစ်နှင့် မိတ်ဆက်ပေးရန်ဖြစ်သောကြောင့် ထိုထိပ်သီးခေါင်းဆောင်သစ်နှင့် အမြန်ဆုံး ရင်းနှီးမှုရရန်မှာ အတာတွင် အလွန် အရေးကြီး၏။ သို့မှလည်း သူနှင့် အကျွမ်းဝင်သည်ဟူ၍ အခြားလူများအပေါ်တွင် လျှာအရသာခံနိုင်မည်မဟုတ်ပါလော။

ဖိတ်ထားသည့် အချိန်နှင့် တစ်နာရီသာသာလောက် စော၍ ရောက်လာသော အတာသည် ဌာနချုပ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့်

‘ဟေး အတာ၊ ဟာ မင်းကို တွေ့ရတာ ငါ ဝမ်းသာလိုက်တာကွာ၊ ခု မင်း ဘယ်မှာလဲ ဟင်’

သို့လျှင် ရွယ်တူ လူရွယ်တစ်ယောက်က ရုတ်တရက်ဆိုသလို တစ်ဆက်တည်း မေးလိုက်သောကြောင့်

‘ငါလား အရင်လမ်းထဲမှာပေါ့ကွ၊ ဒါနဲ့ ချစ်အောင် မင်း ဘာလာလုပ်တာလဲ၊ ဒီကို’



‘ဌာနချုပ် အထွေထွေအတွင်းရေးမှူးအဖြစ် ငါ့ကို ရွေးကြလို့လေ’

‘ဟာ မင်းလား၊ အေး နာမည်တော့ပါသား၊ ငါ မတွေးမိဘူးကွာ၊ ကြည့်စမ်း ကြားရတာ ငါ သိပ်ဝမ်းသာတာပဲ၊ ငါလဲ ပါတီဝင်ပေါ့’

‘ဟော ငါလဲ မင်းလိုပဲဟေ့၊ တရားဟောတိုင်းပါတာ မင်းကိုး၊ လက်စသတ်တော့ ဟင်၊ မင်းက ငယ်ရုပ်နဲ့ သိပ်မတူဘူး၊ အတော်ပြောင်းသွားတယ်၊ ဒါနဲ့ မင်း ကောလိပ် မရောက်ဘူးနော်၊ ဘယ်အတန်းက ထွက်လိုက်သလဲ’

‘ဟိုက်စကူး ကိုးတန်းကပေါ့’

‘ငါတော့ ဗုဒ္ဓဘာသာကျောင်းကနေပြီး မြို့မကို ကူးတယ်၊ ခြောက်လနဲ့ချည်း မှန်မှန်တက်သွားတာ သုံးနှစ်ခွဲနဲ့ ကောလိပ်ရောက်သွားတာပဲ၊ ခု ငါ ဘီအေ အောင်ခဲ့ပြီလေ’

အတာ ဆက်၍မကြားလိုတော့ပေ။ ဉာဏ်ချင်း ယှဉ်လိုက်လျှင် အမြဲတမ်း ထိပ်ဆုံးက နေခဲ့သော အတာသည် ယခု ကိုးတန်းသမား၊ မကြာခဏ သူကပင် စာပြပေးခဲ့ရသော ချစ်အောင်ကမူ ယခု ဘီအေ၊ အတာ့ စိတ်လေး တွေသွားပြီဖြစ်၏။ ရှက်လည်း ရှက်နေရှာ၏။

သို့နှင့် မိတ်ဆက်ပွဲပြီးသည်ဆိုလျှင် အတာလည်း သုတ်ခြေတင်တော့မည်ဟု ခြေလှမ်းပြင်လိုက်သည်နှင့် ဥက္ကဋ္ဌကြီးက လှမ်းခေါ်ပြီး ချစ်အောင်နှင့် အတာကို ပိုမိုရင်းနှီးအောင် မိတ်ဆက်ပေးသလိုဖြင့်

‘သူကတော့ ဌာနချုပ်မှာ အလုပ် အလုပ်ဆုံးပဲ၊ တနင်္ဂနွေနေ့တိုင်း သူလာလိမ့်မယ်၊ အဲဒါ အတွင်းရေးမှူးက ခိုင်းချင်တာ ခိုင်းပေါ့နော်၊ ပါတီအတွက်ဆို ပိုစတာကပ်ခိုင်းလဲ သူကပ်တာပဲ၊ ဒီလောက် ပါတီကို ချစ်တယ်၊ စိတ်ဓာတ်လဲ’

‘ဘာလဲ ဥက္ကဋ္ဌကြီးက သူ့ကို မသိဘူးထင်လို့လား၊ ကျောင်းနေဘက်လေ’ ဟု ချစ်အောင်က ကြားဖြတ်ပြောလိုက်မှ

‘ဟာ မသိဘူးမှတ်လို့ မိတ်ဆက်ပေးနေတာ’ ဟု ပြောရင်း ဥက္ကဋ္ဌကြီးက အတာအား ပခုံးပုတ်၍ ရယ်လိုက်ပြီးမှ

‘ကဲ ကိုချစ်အောင်၊ ရွှေနေဆီပေးဖို့စာကို တစ်ခါတည်း ပေးလိုက်ပါလား၊ တနင်္ဂနွေနေ့ကျတော့ အတာ သွားပို့ပေးလိမ့်မယ်။ သူသွားနေကျပဲ’ ဟု ဆက်၍ ပြောလိုက်သည်နှင့် ချစ်အောင်လည်း ရုံးသုံးစာအိတ်ရှည်တစ်ခုကို သွားယူလာပြီး အတာ့လက်သို့ လှမ်းပေးလိုက်သဖြင့် အတာလည်း ချက်ချင်းပင် ထိုစာရှိ၍ ဟူသော အကြောင်းပြချက်ပင် သုတ်သုတ်ကလေး လှည့်ထွက်လာတော့၏။

----‘ပါတီအတွက်ဆိုရင် ပိုစတာကပ်ခိုင်းလဲ သူကပ်တာပဲ၊ ဒီလောက် ပါတီကို ချစ်တယ်၊ အဲဒါ သူ့ကို ခိုင်းချင်တာ ခိုင်းပေါ့၊ ဟုတ်လား’....

ယခင်က ဥက္ကဋ္ဌကြီး ဤလိုချီးကျူးလိုက်တိုင်း အတာသည် မှီရသော

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာဖြင့် မျက်နှာကလေးရှင် ဘဝင်ပါ ကြွခဲ့ဖူးသလောက် ယခုတစ်ကြိမ်၌မူ သူ့ အတော်ကလေး ရှက်သွား၏။ ရင်ထဲတွင်လည်း အောင့်နေ၏။

ကျောင်းသားဘဝကဆိုလျှင် ချစ်အောင်ကို အတာက စာပြပေးခဲ့ရ၏။ တစ်နည်းအားဖြင့် ကျောက်သင်ပုန်းသုတ် တံမြက်စည်းလှည်း စသည်တို့ကို အတာက နိုင်းလျှင် လုပ်ပေးရသော တပည့်လည်းဖြစ်၏။ ယခုမူ ချစ်အောင် ခိုင်းရာကို သူ လုပ်ရတော့မည်။ သူ မလုပ်လို။ ချစ်အောင်နှင့်ဆိုလျှင် အနည်းဆုံးတန်းတူ အဆင့်အတန်းတွင်သာ နေချင်၏။

တငိုင်ငိုင် တငေးငေးနှင့် စိတ်ပျက်လက်ပျက်တွေးရင်း လျှောက်လာခဲ့သော အတာလည်း ဤလို ကပြောင်းကပြန် ဖြစ်ရခြင်း၏ အကြောင်းရင်းကို အတွေးနက်နက်ဖြင့် ရှာ၏။

ပါတီကောင်းစားရေးအတွက် သူ ကိုယ်ဖိရင်ဖိ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ကျောင်းသားဘဝမှစ၍ တွက်စစ်သော် လေးနှစ်ကျော် ငါးနှစ်နီးပါး ရှိပြီဖြစ်၏။ ဌာနချုပ်အမှုဆောင်များ အစည်းအဝေးတွင်ပင် သူဝင်၍ နားထောင်ခွင့်မရ၊ အရေးကြီးသော တရားပွဲများတွင်လည်း သူ့ကို တရားဟောခွင့်မပြု၊ သူ ဘာတွေလုပ်ခဲ့ရသနည်း။ သာမန် တော်ရုံလျော်ရုံ ကိစ္စတွင်သာ တရားဟောရ၏။ အများဆုံးလုပ်ရသည်တို့မှာ

အရပ်တကာလည်၍ ပိုစတာကပ်ရသည်။ ကြေညာချက်များကို သတင်းစာတိုက်သို့ လျှောက်ပို့ရသည်။ ကြော်ငြာလိုက်ဝေရသည်။ ပါတီခွဲရှိရာ ရပ်ကွက်များသို့ ညွှန်ကြားလွှာများ လည်ပို့ရသည်။ ခေါင်းဆောင်ကြီးများက ကွမ်းယာဆေးလိပ် ဝယ်ခိုင်းလျှင်လည်း အပြေးအလွှား သွားဝယ်ပေးရသည်။ သို့နှင့် ငါးနှစ်နီးပါး ကိုယ့်ထမင်း ကိုယ်စား၍ ပါတီကိစ္စများတွင် စိတ်ရောကိုယ်ပါ ကူညီလုပ်ကိုင်ပေးသော်လည်း ယခုထိ သူသည် သာမန်ပါတီဝင်အဆင့်အတန်းတွင် ရှိနေသေး၏။

ထို ငါးနှစ်နီးပါးအတွင်း ချစ်အောင်ကို တစ်ကြိမ်မျှ ပါတီတွင် မတွေ့ခဲ့ဖူး၊ ပါတီအတွက်သော်လည်းကောင်း၊ လူထုကိစ္စတွင်သော်လည်းကောင်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ကိုလည်း တစ်ခါမျှ မကြားမိဖူးပါလျက် အဘယ်သို့သော အကြောင်းကြောင့် ပါတီက ချစ်အောင်ကို ရောမရာထူးဖြင့် ချီးမြှင့်ခဲ့ကြသနည်း။ အတာ အကြောင်းရှာ၏။

'ဘီအေ ဘီအေ ဟုတ်တယ်၊ သူတို့ ချစ်အောင်ကို အထွေထွေအတွင်းရေးမှူးချုပ်ခန့်တာဟာ ဘီအေကိုခန့်တာပဲ၊ ဟုတ်တယ်၊ ပါတီအတွက် ငါအနစ်နာခံပြီး ပိုစတာကပ်တာကအစ မရှက်မကြောက် ငါလုပ်ပေးခဲ့တယ်၊ သက်တမ်းအားဖြင့်ဆိုရင်လဲ ငါးနှစ် ပြည့်တော့မယ်၊ ဒါပေမဲ့ ငါ့မှာတော့ အရံ အမှုဆောင်အဖြစ်တောင် အရွေးမခံရသေးဘူး၊ ပါတီကလဲ ငါ့ကို ဒီလိုအဆင့်အတန်းနဲ့



တောင် ထိုက်တန်ပြီလို့ ယူဆကြဟန် မတူသေးဘူး၊ မနေ့တစ်နေ့ကမှ ပါတီဝင်တဲ့ ချစ်အောင်ကျတော့ ဟင်း'

စိတ်ထဲတွင် အတော်ကလေး အခံရခက်နေသည့်အတိုင်း အတာသည် သို့လျှင် ညည်းညူ ရေရွတ်ရင်း တဟင်းဟင်းနှင့် လျှောက်လာခဲ့၏။

'ဒါ ငါ့အမှားပဲ၊ ငါ့အပြစ်၊ ငါမှ ပညာမတတ်ဘဲ၊ ဘီအေအောင်အောင် သေင်ခဲ့ဘဲ။ သူတို့ကြွေးကြော်တဲ့ ကျွန်ပညာ၊ ဒီပညာကိုပဲ ငါဆက်သင်ပြီး ဘီအေ အောင်ခဲ့ရင်'

အတာလည်း တဖြည်းဖြည်းနှင့် အမှန်တရားကို တွေ့လာပြီဖြစ်၏။ မျက်ရည်ကလေးလည်း ဝဲနေ၏။

'တက္ကသိုလ်ကျောင်းထွက် ဘီအေကျတော့ ပါတီအတွက် ဘယ်လောက် အနစ်နာခံတယ်ဆိုတာရော လုပ်သက်ရော၊ ဘာမှ မစဉ်းစားတော့ဘူး၊ နာမည်နောက်က ပါလာတဲ့ (သူတို့အခေါ် အမြီး) ဒီလို ဘီအေဆိုတဲ့ အမြီးကိုပဲ သူတို့ အဖိုးထားပြီး ထိပ်ဆုံးကနေရာကိုပေးတယ်၊ ခေါ်တာတောင် ကိုချစ်အောင်တဲ့၊ တောက်'

ထိုညက အတာ တော်တော်နှင့် အိပ်မပျော်ခဲ့။ ဝမ်းနည်းခြင်း၊ ယူကြုံးမရဖြစ်ရခြင်း၊ မကျေနပ်ခြင်း၊ နောင်တရခြင်း စသော စိတ်ဒုက္ခ ဝေဒနာကိုသာ မျက်ရည်အပြည့်ဖြင့် ခံစားရင်း မိုးလင်းခါနီးမှ အိပ်ပျော်ခဲ့၏။ နံနက် အိပ်ရာမှ နိုးသည်နှင့် ကိုးနာရီလောက်တွင် ရှေ့နေထံပို့ရန် ပါတီက ပေးလိုက်သည့် ဘာဝန်အရ စာအိတ်ကိုင်ကာ တငိုင်ငိုင်ပင် တွေးရင်း လျှောက်လာခဲ့ပြန်၏။

ကြည့်ရသည်မှာ ယခင်ယခင် အခေါက်များကနှင့် မတူ၊ သူ ယခု စိတ်ပေါ့တပါ ဖြစ်နေ၏။ ပို့နေကျအတိုင်း ရှေ့နေထံ စာတက်ပေးရမည်ကိုပင် အတာ ရှက်သလိုလို အသွင်မျိုးဆောင်နေ၏။

ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း) နှင့် ကုန်သည်လမ်းထောင့်ရှိ ရှေ့နေများ အလုပ်တိုက်သို့ တက်၍ စာပေးပြီး ဦးခေါင်းငိုက်စိုက်နှင့် ပြန်ဆင်းအလာ လှေကားကွေ့တစ်ခုကို ချိုးလိုက်သည်နှင့် တက်လာသူတစ်ဦးကို ရုတ်တရက် ဝင်တိုးမိ၏။

'ဟာ ဆောရီးဗျာ၊ စိတ်မရှိပါနဲ့နော်၊ မတော်လို့' သို့ တောင်းပန်ရင်း မော့ကြည့်လိုက်မိသည်နှင့် အတာတွင် ပါးစပ်အဟောင်းသား ငေးသွားတော့၏။

'ဟေး သူငယ်ချင်း မင်း အတာ မဟုတ်လားကွ၊ ဟင်'

'ဟုတ်တယ် ရာမာ၊ ငါ အတာပဲ'

အတာသည် ရာမာအား ခပ်တွေတွေ စိုက်ကြည့်နေရင်းက သို့ပြောလိုက်ပြီးနောက် ချက်ချင်းပင် ခေါင်းကလေးငုံ့သွားပြန်၏။

'မင်း ခု ဘာလုပ်နေလဲ အတာ၊ နေတော့ကော အရင်လမ်းထဲမှာပဲလား'

www.burmeseclassic.com

www.burmeseclassic.com



'အေး အလုပ်ကတော့ အင်း ဘာမှ မလုပ်သေးပါဘူးကွာ'

အတာလည်း အမှန်ကို ထုတ်ပြောရမည်ပင် ရှက်နေ၏။ ရှက်မည်ဆိုကလည်း ရှက်စရာပါပေ။

'တွေ့ရတာ သိပ်ဝမ်းသာတာပဲကွာ၊ မင့်ကျေးဇူးတွေ ငါ့မှာ အများကြီးရှိခဲ့တယ်နော်အတာ၊ ငါလေဘယ်တော့မှမမေ့ဘူး၊ စကားစပ်မိရင်ပြောပြတာပဲဘယ်သူ့ဖြစ်ဖြစ်၊ ကဲ လာကွာ၊ တစ်ခါတလေ တွေ့ရတာ မင့်ကို ငါ တစ်ခုခု ကျွေးပါရစေ'

သို့ပြောရင်း ရာမာက ဆွဲခေါ်၏။ အတာ မလိုက်။ မသိမသာမော်ကြည့်တဲ့ပြီးမှ

'မစားပါရစေနဲ့တော့ ရာမာရာ၊ ငါ ကိစ္စရှိသေးလို့ပါ နောက်မှပဲ'

'အေးလေ၊ သွားစရာရှိလဲ သွားဦးပေါ့၊ ဒါပေမဲ့ အကြောင်းရှိရင်တော့လာခဲ့ပါကွာ နော်၊ ဟို တတိယထပ်မှာကွ ငါ့ရုံးခန်း၊ ငါ ခု ရှေ့နေလိုက်နေတယ်လေ၊ သိပ်တော့ မကြာသေးဘူး'

'အေး'

'ဘာကိစ္စရှိရှိ လမ်းကြုံတဲ့အခါဖြစ်ဖြစ် ငါ့ဆီ ဝင်ပါကွာနော် အတာဟုတ်လား'

'မင်း ငါ့ကို ကျောင်းမှာတုန်းက စာသင်ပေးတဲ့ ကျေးဇူးတင်မဟုတ်ဘူး၊ မင်းရဲ့ စာကြိုးစားပုံကိုပါ ငါ အတုခိုး နည်းယူပြီး မင်းဆုံးမတဲ့အတိုင်း လိုက်နာခဲ့လို့ ငါ ဒီအခြေရောက်တာကို ဘယ်တော့မှ ငါ မမေ့ဘူး၊ တို့ရှေ့နေချင်းတော်ခဏခဏ ပြောပြမိတယ် မင်းအကြောင်း မင်းကျေးဇူး'

'ကဲ ငါသွားမယ် ရာမာ'

အတာလည်း စကားမဆုံးမီပင် ချာခနဲ လှည့်လိုက်၏။ သို့လှည့်၍ ခြေတစ်လှမ်း ဆင်းမိသည်နှင့်ပင် မျက်ရည်တို့သည် အစုလိုက် အပြုံလိုက် ယိုဆင်းလာတော့၏။

ရာမာ ဂဏန်းသင်္ချာမှလွဲ၍ အခြားဘာသာများတွင် ညံ့လွန်းသဖြင့်အချိန်အားရတိုင်း အတာက စာပြပေးခဲ့သော ရာမာ၊ ဂေါ်ရင်ဂျီကုလားကလေးရာမာ၊ သဘော်ကြီးကူလီ ဂေါ်ရင်ဂျီကုလားတစ်ယောက်၏သား ရာမာ၊ မဆလာနှင့် သရက်သီးသနပ်ချောင်းသော ဂေါ်ရင်ဂျီကုလားမကြီး၏သားကလေး ရာမာတပင်ရွှေထီးကိုပင် (တပင်ရွှေထွန်း) ဟု မပီတပီ ခေါ်သဖြင့် အတာတို့ကပါသရော်ခဲ့ဖူးသော အနီ ဂေါ်ရင်ဂျီကုလားကလေး ရာမာကား ယခု အတာ့ထက်စတိုင်ထွားနေပြီဖြစ်၏။

လှေကားရင်းတွင် ချိတ်ဆွဲထားသော ဝတ်လုံ ရှေ့နေတို့၏ ဆိုင်းဘုတ်အသီးသီးကြားတွင် 'မစ္စတာရာမာ အမိန့်တော်ရရှေ့နေ' ဟူသော ရာမာ့ဆိုင်းဘုတ်



ကလေးကို အတာသည် ယခုမှရှာ၍ ငေးကြည့်နေမိ၏။ နောက် ကျလာသော မျက်ရည်များကြောင့် မြင်နေရသော ဆိုင်းဘုတ်ကလေး ဝေသွားမှပင် အတာချာခနဲ လှည့်ထွက်လာခဲ့၏။ ရှက်လိုက်သည်မှာလည်း ပြောစရာမရှိ။

ဝတ်လုံအကျီကို အလွန်သဘောကျပြီး တောင့်တောင့်တတ ဝတ်ချင်ခဲ့သော အတာ၊ သူ ကြီးလျှင် ဝတ်လုံလုပ်မည်ဟု ရင်ကလေးကော့၍ ခပ်ကြောကြော ကြုံးဝါးခဲ့သော အတာသည် ယခု သူလုပ်နေရသော အလုပ်ကိုပင် ထုတ်မပြောဝံ့သော အခြေသို့ ရောက်နေရှာပြီ ဖြစ်၏။

'မင်း ခု ဘာလုပ်နေသလဲ' ဟူသော အမေးမျှကြောင့်သာ အတာသက်သာရာရခဲ့၏။

'မင်း ခု ဘာလုပ်နေသလဲ၊ လခရောကောင်းရဲ့လားကွ' ဟူ၍သာအမေးခံရပါက အတာ ရှုးသွားမည်လားပင် မပြောတတ်။

မျက်ရည်ကို သူထိန်း၏ မရ။ တတွေတွေသာ ကျနေ၏။ သို့နှင့်ပင်မျက်ရည်ကိုသုတ်ရင်း သက်ပြင်းချရင်းဖြင့် ပြန်လာခဲ့သောအတာလည်း လမ်းထဲသို့ရောက်သည်နှင့် အိမ်ပေါ်သို့ ခပ်သုတ်သုတ် ပြေးတက်သွား၏။ သူ့ဘိုးဘိုး၏ဆုံးမစာကော်ပီစာအုပ်ကလေးကိုထုတ်လျက်သွက်သွက်ကလေးလှန်ကြည့်လိုက်၏။

'ငါ့မြေး ကိုယ်နဲ့မတန်တာ ဘယ်တော့မှမလုပ်နဲ့၊ မင့်အခြေအနေဟာတစ်ထည်တစ်ကျပ်တန်လုံချည်သာ ဝတ်နိုင်တဲ့ဘဝဆိုရင် သူများဆီက တစ်ဆယ်တန်ကို ငှားမဝတ်နဲ့၊ မကြွားချင်နဲ့၊ မင့်ကို မသိတဲ့လူတွေက အထင်ကြီးသွားလို့မင့်မှာ ဘာမှ တိုးမလာဘူး၊ မင့်အဖိုးတန်မဝတ်နိုင်တာကို သိပြီးသားလူတွေကအထင်သေးသွားရင် အဲဒါ မင့်အဖို့ ဆုံးရှုံးခြင်းပဲ၊ ကိုယ်နဲ့တန်သလိုနေ၊ ကိုယ်နဲ့တန်သလောက်ဝတ်၊ စား။ မကြွားချင်နဲ့၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ၊ ကိုယ်နဲ့ မတာန်သေးတဲ့ ဘယ်လိုကိစ္စမှာပဲဖြစ်ဖြစ် မထင်ပေါ်ချင်နဲ့၊ ဘဝင်မမြင့်နဲ့'

သူဖတ်နေသောစာများပေါ်တွင် မျက်ရည်သည် တပေါက်ပေါက်ကျနေ၏။ ချက်ချင်းပင် အတာလည်း စာအုပ်ကို တရိုတသေပိတ်၍ အိမ်ပေါ်မှခိုးခနဲ ဆင်းသွား၏။ သူ့ဒေါ်ဒေါ်သန်းတို့ ပရိက္ခရာဆိုင်ထဲသို့ပင် ခပ်သုတ်သုတ်လှမ်းဝင်သွား၏။ မြင်ရ တွေ့ရသမျှသော သူ့ဘွားဘွား၊ သူ့ဒေါ်ဒေါ်သန်းနှင့်အကွ အားလုံးသော ကျေးဇူးရှင်ဟူသမျှတို့ကို နောင်တနှင့် ယှဉ်သောအန်တော့ခြင်းဖြင့် အသီးသီး ဦးချလိုက်ပြီးမှ သူ့အမှားကို ဝမ်းနည်းပက်လက်မျက်ရည်တယိုယို အတာသည် ငိုရင်းနှင့် တောင်းပန်လိုက်၏။

'ကျွန်တော့်ကို ကျောင်းပြန်ထားပေးပါ ဒေါ်ဒေါ်၊ ကျွန်တော် ကျောင်းပြန်နေတော့မယ်၊ စာတတ်အောင်သင်တော့မယ်၊ ပညာရဲ့တန်ဖိုးကို ကျွန်တော်သွန်တော်'

အတာသည် စကားကိုပင် ရှေ့မဆက်နိုင်။ မျက်ရည်အဖြိုင်ဖြိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိက်နေ၏။

'အေး အေး၊ ဒေါ်ဒေါ်သန်း ဝမ်းသာလိုက်တာ အတာရယ်၊ မင်း ခုလို အချိန်မီ နောင်တရလာတာကို ဒေါ်ဒေါ် ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ ကောင်းတယ် ကောင်းတယ်၊ ဆက်သင်ပေါ့ကွယ်၊ ဟိုတုန်းကလဲ အပြောထားသား မဟုတ်လား၊ ဘယ်အချိန်မဆို မင်းသင်ချင်သပဆိုရင် လာပြောလှည့်လို့၊ ကဲ မင်း ဘယ်အထိသင်မလဲ၊ နိုင်ငံခြားပညာတော်သင် သွားဦးမလား သွား၊ ဒေါ်ဒေါ် ပို့ပေးမယ် ဟုတ်လား'

သို့လျှင် ရှာမှရှားသော စေတနာဖြင့် အတာ့ကို ပြောနေသော ဒေါ်ဒေါ်သန်းမှာလည်း မျက်ရည်ဝဲနေ၏။ ဘွားဘွားနှင့်တကွ တစ်အိမ်သားလုံးတွင်လည်း မျက်ရည်ရွှဲနေ၏။ သို့သော် အတာ ကျောင်းထွက်စဉ်က ယိုခဲ့ဖူးသော မျက်ရည်မျိုးမဟုတ်၊ နှစ်နှစ်သိမ့်သိမ့်ဖြင့် စိမ့်ထွက်လာသော အလွန်အေးမြလှသည့် မေတ္တာရေကြည်သာလျှင် ဖြစ်၏။

'ကဲပါကွယ်၊ ငါ့မြေး အတော်စိတ်ထိခိုက်သွားပုံရတယ်၊ ငိုလိုက်ရတာလဲ မောလို့၊ လိမ္မော်ရည်ကလေးတစ်ခွက်လောက် ဖောက်တိုက်လိုက်ကြပါကွယ်'

သူ့ဘွားဘွားကလည်း အင်္ကျီစဖြင့် မျက်ရည်တို့ရင်း သို့လျှင် ကြင်နာလိုက်လေသေး၏။

ကမ္ဘာလှည့်၍ပင်ရှာရှာ အတာသာလျှင် အို၍ သေချိမ့်မည်။ ဤလို ကျေးဇူးရှင်မျိုးကိုကား တွေ့လိမ့်မည်မဟုတ်တော့ပေ။

အတာလည်း ထိုနေ့မှာပင် သူ့အလုပ်ရှင်ဖြစ်သော ဦးလှဆောင်ထံသွား၍ အကြောင်းအကျိုး အမျိုးမျိုးရှင်းပြရင်း အလုပ်မှ ထွက်ခွင့်တောင်း၏။

'ဒီမှာ အတာရ၊ မင့်အသိဉာဏ် မင့်ဦးနှောက်နဲ့ မင့်ပညာအရည်အချင်းကို သူများသိတာထက် ဦးလေးပိုပြီး ရိပ်မိတယ်ကွ၊ ဦးလေးကိုယ်တိုင် ပညာထူးချွန်ခဲ့တဲ့သူမို့ မင့်ကို ဦးလေး အတော်ပဲစိတ်ဝင်စားခဲ့တယ်၊ နောက် မင်း ကျောင်းထွက်လိုက်တယ်လဲ ကြားရော သူများတွေ စိတ်မကောင်းဖြစ်တာထက် ဦးလေးမှာ ပိုပြီး ထိခိုက်သွားတယ် သိလား၊ အေး ခုလို မင်း ပညာဆက်သင်မယ် ဆိုတော့လဲ သူများတွေထက် ရှေ့ဆုံးက ဝမ်းသာမဲ့လူဟာဖြင့် ဦးလေးပဲလို့သာ မင်း မြဲမြဲမှတ်ထားလိုက်ပေတော့ အတာ၊ ဟုတ်လား'

သို့ အစစအရာရာ အဆင်ပြေခဲ့ပြီဖြစ်သော်လည်း အတာတွင် ဝန်ခူ တောင်းပန်ရန် ကိစ္စတစ်ခုသည် ကျန်နေသေး၏။



အစိုး

အစိုးမကျေနပ်ဘူးဆိုတဲ့ အချက်တွေ အပြုအမူတွေကို ဒီနေ့က စပြီး ပြုပြင်သွားတော့မယ်ဆိုတာ ခု ကိုတာ ကတိပေးပါပြီ၊ ပြီးတော့ အစိုး အဓိကထားပြီးပြောနေတဲ့ ပညာကိုလဲ ဆက်သင်ပါတော့မယ်။

အဲဒီတော့ ကိုတာ့အပေါ်မှာ ထိုထို မကျေနပ်မှုတွေကြောင့် ခပ်တန်းတန်း ခပ်တည်တည်လုပ်နေတဲ့အစိုးရဲ့ ခု အမူအရာတွေအစား ကိုတာ့ကို မြင်လိုက်တိုင်း အရင်ကလို ကြည်လင်ရွှင်ပျနေတဲ့ အစိုး မျက်နှာကလေးကို . . .

အစရှိသဖြင့် ဤလို တောင်းပန်စာတစ်စောင်ကိုမူ သူ ရေးရပေဦးမည်။ နေ့လည်း အမှန် ရေးပေလိမ့်မည်သာ။

သာရ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၁၈ ။ပဲခူးမြို့၌ အဖ ဦးမြမောင်၊ အမိ ဒေါ်ဖွားမျှင်တို့မှ ဖွားမြင်သည်။ မွေးချင်း မောင်နှမ နှစ်ယောက် ဖြစ်၍ ဆရာ သာဓုမှာ အငယ် ဖြစ်သည်။ ကြာသပတေးသား ဖြစ်ပြီး အမည်ရင်းမှာ ဖေသန်း ဖြစ်သည်။

၁၉၂၉ ။ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းရှိ ဗုဒ္ဓဘာသာ မိန်းကလေး ကျောင်းတွင် ကျောင်း စတင်နေခဲ့သည်။ စတုတ္ထတန်းအောင်သောအခါ ရန်ကုန် အစိုးရ ဟိုက်စကူးကျောင်းတွင် နဝမတန်းအထိ ပြောင်းရွှေ့ ပညာသင်ကြားခဲ့သည်။

၁၉၃၆ ။ကျောင်းမှထွက်၍ ရန်ကုန် အလယ်ပိုင်း (ကုန်ဈေးတန်း) တို့ဗမာအစည်း အရုံး လှုပ်ရှားမှုကို ထူထောင်ပြီး အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။

၁၉၃၈ ။၁၃၀၀ ပြည့် အရေးတော်ပုံတွင် ပါဝင်လှုပ်ရှားရင်း ရေနံမြေသပိတ်တပ် ကြီး ရန်ကုန်သို့ ချီတက်ရာတွင် အသေခံ တပ်မိုလ်အဖြစ် တာဝန် ဆောင်ရွက်ခဲ့သည်။

၁၉၃၉ ။ရန်ကုန်မြို့၊ ဒေါက်တာမြ ဆေးတိုက်တွင် စာရေးအဖြစ် လုပ်ကိုင်သည်။ နယ်လှည့်ကိုယ်စားလှယ်လည်း လုပ်ခဲ့ သည်။

၁၉၄၄ ။ဂျပန်ခေတ်တွင် 'ပုတူတူး' ပေါင်ဒါလုပ်ငန်း လုပ်ကိုင်သည်။ ကျောင်း ဆရာမ ဒေါ်ခင်ညို (နောင်တွင် မူလတန်းကျောင်းအုပ်) နှင့် အိမ်ထောင် ပြုသည်။

၁၉၄၄-၄၅ ။ဘတ်စ်ကား၊ မြင်းလှည်း တည်ထောင် အသက်မွေးခြင်း လုပ်ငန်းကို လုပ်ကိုင်သည်။

၁၉၄၅-၄၆ ။ပုတူတူး ပုံနှိပ်တိုက် တည်ထောင်သည်။

၁၉၄၆ ။*ဒါတွေပြင် အမည်ရှိ ဝတ္ထုစာအုပ်ကို ပုတူတူး ပုံနှိပ်တိုက်မှ ထုတ်ဝေသည်။*

၁၉၄၇ ။*ဝန်ကြီးတစ်မတ်* ဝတ္ထုရေးရင်း စာပေလောကသို့ ရောက်ရှိခဲ့သည်။

၁၉၄၈ ။ပဒေသာ မဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ အဖြစ် လုပ်ကိုင်သည်။

၁၉၄၉-၅၀ ။စာသဘင် စာအုပ်တိုက် တည်ထောင်သည်။ သစ္စာ မဂ္ဂဇင်းကို ဦးစီး ထုတ်ဝေသည်။

၁၉၄၉ ။ချစ်စံနမူ စာအုပ်ကို စာသဘင်စာအုပ်တိုက်မှ ပထမအကြိမ်အဖြစ် ထုတ်ဝေသည်။
ချစ်စံနမူ ဒုတိယအကြိမ် ထုတ်ဝေခဲ့။

၁၉၅၀ ။မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ ပဒေသာမဂ္ဂဇင်းကို သာဓု တစ်ဦးတည်းပိုင်အဖြစ် ထုတ်ဝေသည်။
ချစ်စံနမူ တတိယအကြိမ် ထုတ်ဝေသည်။
*အရှာသာ စာအုပ် ထုတ်ဝေသည်။*
*အရှာသာ အမှတ် ၂ စာအုပ် ထုတ်ဝေသည်။*
*အာယု စာအုပ် ထုတ်ဝေသည်။*
*အမွေခံ စာအုပ် ထုတ်ဝေသည်။*

၁၉၅၁ ။*တပ်ထဲက မြတ်ကိုကို ထုတ်ဝေသည်။*
(စာပေဗိမာန် ကာလပေါ် ဝတ္ထုဆုအဖြစ် ဆုငွေတစ်ထောင်ရရှိခဲ့သည်။)
*တပ်ထဲက မြတ်ကိုကို ဒုတိယအကြိမ် ထုတ်ဝေသည်။*
*လင်မယား ဘဝ ဒုတိယအကြိမ် ထုတ်ဝေသည်။*
*အသက် စာအုပ် ထုတ်ဝေသည်။*

၁၉၅၂ ။ချစ်စံနမူ စတုတ္ထအကြိမ် ထုတ်ဝေသည်။
*ချစ်တက္ကသိုလ်* (ချစ်စံနမူ အဆက်) ထုတ်ဝေသည်။
*တပ်ထဲက မြတ်ကိုကို တတိယအကြိမ် ထုတ်ဝေသည်။*
*အနှစ် ထုတ်ဝေသည်။*
*အနှစ်၏ အနှစ် ထုတ်ဝေသည်။*

၁၉၅၃ ။*ချစ်တက္ကသိုလ် ဒုတိယအကြိမ် ထုတ်ဝေသည်။*
*တပ်ထဲက မြတ်ကိုကို စတုတ္ထအကြိမ် ထုတ်ဝေသည်။*
*တပ်ထဲက မြတ်ကိုကို ပဉ္စမအကြိမ် ထုတ်ဝေသည်။*
*နောက်လင် စာအုပ်ကို ထုတ်ဝေသည်။*

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၄ ။တပ်ထဲက မြတ်ကိုကို ဆဋ္ဌမအကြိမ် ထုတ်ဝေသည်။
တပ်ထဲက မြတ်ကိုကို သတ္တမအကြိမ် ထုတ်ဝေသည်။
တပ်ထဲက မြတ်ကိုကို အဋ္ဌမအကြိမ် ထုတ်ဝေသည်။
နောက်မယား စာအုပ်ကို ထုတ်ဝေသည်။

၁၉၅၅ ။တပ်ထဲက မြတ်ကိုကို ဝတ္ထုအား ဟိုက်စကူးနှင့် တက္ကသိုလ်ဝင်စာမေး
များအတွက် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းသည်။
ချစ်စံနမူ ပဌမအကြိမ် ထုတ်ဝေသည်။
ချစ်ဓနီး ချစ်လင် စာအုပ် ထုတ်ဝေသည်။
ဓာတ်လမ်းပမာ စာအုပ် ထုတ်ဝေသည်။ (အင်္ဂလိပ်ရုပ်ရှင်ကား A Peace
in the Sun ကို မှီးရေးသည်။)
တဓောက်ကန်း တတိယအကြိမ် ထုတ်ဝေသည်။ (မိုလ်မြဒင်အမည်ဖြင့်
ရုပ်ရှင်ရိုက်သည်။)
အတော စာအုပ် ထုတ်ဝေသည်။
စစ်သား အိပ်ဆောင် ဒုတိယအကြိမ် ထုတ်ဝေသည်။

၁၉၅၆ ။ချစ်စံနမူ စာအုပ် ထုတ်ဝေသည်။
ချစ်တက္ကသိုလ် စာအုပ် ထုတ်ဝေသည်။
အတော စာအုပ် ထုတ်ဝေသည်။
လိုင် နှင့် မေမေလတ် စာအုပ် ထုတ်ဝေသည်။
သာခု ရေးနည်းဝတ္ထုတိုများ ထုတ်ဝေသည်။
အာယု နှင့် အမွေခံ ထုတ်ဝေသည်။

၁၉၅၇ ။ချစ်တက္ကသိုလ် စတုတ္ထအကြိမ် ထုတ်ဝေသည်။

၁၉၅၈ ။ချစ်တက္ကသိုလ် ပဥ္စမအကြိမ် ထုတ်ဝေသည်။

၁၉၅၉ ။ရုပ်ရှင်နယ်သို့ ကူးပြောင်းပြီး ကကြိုးရော အမည်ရှိ ပထမဆုံး
ရုပ်ရှင်ကားကို ရိုက်ကူးသည်။ ဒါရိုက်တာ အကယ်ဒမီဆု ရရှိသည်။
ချစ်ဓနီး ချစ်လင် ဒုတိယအကြိမ် ထုတ်ဝေသည်။
အသက် ဒုတိယအကြိမ် ထုတ်ဝေသည်။

၁၉၆၀ ။အင်္ဂလွယ်သည် အမည်ရှိ ရုပ်ရှင်ဓာတ်ကားဖြင့် ဒုတိယအကြိမ် အကယ်
ဒါရိုက်တာဆု ရရှိသည်။
ဒေါ်တင်တင်အုန်း (ရုပ်ရှင်မင်းသမီး မြတ်မွန်)နှင့် ဒုတိယအိမ်ထောင်
ကျသည်။

၁၉၆၁ ။ဩော် ချစ်တာ ချစ်တာနှင့် အခြားဝတ္ထုတိုများ စာအုပ် ထုတ်ဝေသည်။

၁၉၆၆ ချစ်တက္ကသိုလ် ဆဋ္ဌမအကြိမ် ထုတ်ဝေသည်။

၁၉၆၈ ။တာဝန် အမည်ရှိ ရုပ်ရှင်ဓာတ်ကား ရိုက်ကူးသည်။
ဒုတိယအိမ်ထောင်နှင့် ကွာရှင်းသည်။
နောက်မယား ဒုတိယအကြိမ် ထုတ်ဝေသည်။

၁၉၆၉ ။အသက် တတိယအကြိမ် ထုတ်ဝေသည်။

၁၉၇၀ ။လိုင် စာအုပ် ထုတ်ဝေသည်။
အတော ပထမတွဲ ဒုတိယအကြိမ် ထုတ်ဝေသည်။
အတော ဒုတိယတွဲ စာအုပ် ထုတ်ဝေသည်။

၁၉၇၁ ။သာခု ရေးနည်း ဝတ္ထုတိုများ ဒုတိယအကြိမ် ထုတ်ဝေသည်။
အာယု နှင့် မေမေလတ် ထုတ်ဝေသည်။

၁၉၇၄ ။အနှစ် တတိယအကြိမ် ထုတ်ဝေသည်။

၁၉၇၆ ။သာခု လှပါးဝတယ် စာအုပ် ထုတ်ဝေသည်။

၁၉၇၈ ။သာခု အင် ဆန်း(စ်) စာအုပ် ထုတ်ဝေသည်။

၁၉၇၉-၈၀ ။အကြြင်တို့လင်မယား အမည်ရှိ ရုပ်ရှင်ဓာတ်ကားကို ရိုက်သည်။

၁၉၈၀ ။နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယအဆင့်) ချီးမြှင့်ခံရသည်။
ဆီးရောဂါဖြင့် ဆေးရုံတက်ရောက် ကုသခံခဲ့ရသည်။
သာခု လှပါးဝတယ် စာအုပ် ဒုတိယအကြိမ် ထုတ်ဝေသည်။

၁၉၈၁ ။ရုပ်ရှင်ကောင်စီ အစည်းအရုံးတွင် ကော်မတီဝင်အဖြစ် ဆောင်ရွက်သည်။
ဆေးရုံတက်၍ နားရောဂါ ခွဲစိတ်ကုသခဲ့သည်။
ငါမလို ရီမလို ယောင်ကာမဲ့ မလျှောင်ပါနဲ့ တိမ်မင်းဝဋ္ဋာ (အခြားစာရေးသူ
များနှင့် တွဲ၍ ထုတ်ဝေသည်။)

၁၉၈၅ ။ဆေးရုံတက်၍ မျက်စိခွဲစိတ် ကုသခဲ့သည်။
ဒီမျက်နှာလေးကို ချစ်တာ စာအုပ် ထုတ်ဝေခဲ့သည်။

၁၉၉၀ ။မကျန်းမာ၍ ဆေးရုံတက်ရောက်ခဲ့သည်။

၁၉၉၁ ။ရုပ်ရှင်အစည်းအရုံးတွင် နာယကအဖြစ်ဆောင်ရွက်လျက်ရှိပြီး အမှတ်
၅၇ သံလွင်လမ်း၊ ရန်ကုန်မြို့တွင် စာပေ နှင့် ရုပ်ရှင်လုပ်ငန်းများကို
လုပ်ကိုင်လျက်ရှိရာမှ အစာအိမ်သွေးယိုသည့်ရောဂါကြောင့် ဆေးရုံတက်၍
ကုသမှုခံယူခဲ့သည်။ ဆေးရုံမှ ဆင်းလာသောအခါ မြေအမှတ် ၁၊
လေးဒေါင့်ကန်လမ်း (သာခုမြေ)၊ သဃ်န်းကျွန်းတွင် အနားယူ၍ ဆေးကုသမှု
ခံလျက်ရှိရာမှ ၁၉၉၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် အဆုတ်ကင်ဆာရောဂါ
ဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။
ကွယ်လွန်ချိန်တွင် သားသမီး ခုနစ်ဦး ကျန်ရစ်သည်။
ကြိုး ဓာတ်ကားကို ရိုက်ကူးဆဲ၊ တို့ကိုယ်ကျိုးလုံးလုံးမပါ လုံးချင်း
ဆောင်းပါး တစ်ပုဒ်ကို ရေးသားဆဲတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ■

www.burmeseclassic.com